ဗုဒ္ဓံ ပူဇေမိ။

# ကံပွဲ့ဖုန်းတော်ကြီးသည်

ပိဋကတ်ကျမ်းဂန်တို့မှ

သိမှတ်,ပြုကျင့်ဘွယ်တို့ကို ထုတ်နှုတ်၍၊

အမေး-အဖြေ

ပြုလုပ်ကာ၊ စီရင်ပြုစုသော

# ပညာကထနုကျမ်း။

စာအုပ်ရှင်, ဒေါ်ကျော့။
ရန်ကုန်မြို့ အရှေ့ပိုင်း, ကရိလမ်း, နံပါတ် ၂၅၃၊
တိုး စာပုံနှိပ်တိုက်။

Rs. 1-8 as.

# ပဉ္ဉာကထနကျမ်း-မာတိကာ။


| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| | **ပဉ္ဉာကထနကျမ်း။ပထမတွဲ။** | |
| ၁၊ | ဘုရားအလောင်း၃စား။ | ၃၊ |
| ၂၊ | ပညာဓိကဘုရားအလောင်း ပါရမီ ဖြည့်ရပုံ၊ | ၃၊ |
| ၃၊ | သဒ္ဓါဓိကဘုရားအလောင်း ပါရမီ ဖြည့်ရပုံ၊ | ၄၊ |
| ၄၊ | ဝီရိယာဓိကဘုရားအလောင်း ပါရမီ ဖြည့်ရပုံ၊ | ၄၊ |
| ၅၊ | ဘုရားအလောင်း၃စား၏ ပါရမီဖြည့်ရ ကာလ မတူခြင်း၏ အကြောင်း၊ | ၅၊ |
| ၆၊ | ထိုမှတပါး ဘုရားလောင်းအပြား၃ပါး၊ | ၅၊ |
| ၇၊ | ဥဂ္ဃဋိတညူဘုရားအလောင်း-အဓိပ္ပါယ်။ | ၅၊ |
| ၈၊ | ဝိပဉ္စိတညူဘုရားအလောင်း-အဓိပ္ပါယ်၊ | ၆၊ |
| ၉၊ | နေယျဘုရားအလောင်း-အဓိပ္ပါယ်၊ | ၆၊ |
| ၁၀၊ | ဘုရားအလောင်းတို့၏ ဗျာဒိတ်ခံ-အင်္ဂါရှစ်ပါး၊ | ၇၊ |
| ၁၁၊ | ဘုရား ဖြစ်လိုခြင်း,ဆန္ဒအင်္ဂါ၏ အဓိပ္ပါယ်၊ | ၈၊ |
| ၁၂-၁၃၊ | ဗျာဒိတ်ရပြီး-ဘုရားအလောင်းတို့ မဖြစ်ထိုက်သော အခုပ်၁၈ပါး,သရုပ်၊ | ၉၊ |
| ၁၄၊ | ဗုဒ္ဓဘုမ္မိ၄ပါး၊ | ၁၁၊ |
| ၁၅၊ | ဥဿဟာဘုမ္မိ၊ | ၁၁၊ |
| ၁၆၊ | ဥမ္မင်္ဂဘုမ္မိ၊ | ၁၁၊ |
| ၁၇၊ | အဝတ္ထာနဘုမ္မိ။ | ၁၁၊ |
| ၁၈၊ | ဟိတစရိယာဘုမ္မိ၊ | ၁၁၊ |
| ၁၉၊ | ဘုရားလောင်းတို့၏ အဇ္ဈာသယ ၆ပါး။ | ၁၁၊ |
| ၂၀၊ | ပစ္စေကဗုဒ္ဓါတို့ ပါရမီ ဖြည့်ရပုံ၊ | ၁၂၊ |
| ၂၁-၂၂၊ | ပစ္စေကဗုဒ္ဓါအလောင်းတို့၏ ဗျာဒိတ်ခံအင်္ဂါ၅ပါး၊ | ၁၃၊ |
| ၂၃၊ | လက်ျာရံ,လက်ဝဲရံတို့ ပါရမီ ဖြည့်ရပုံ၊ | ၁၃၊ |
| ၂၄၊ | မဟာသာဝက ဘုရားမယ်တော်,ခမည်းတော်, အလုပ်အကျွေး,သားတော်တို့ ပါရမီ ဖြည့်ရပုံ၊ | ၁၃၊ |

| ဦးရေ၊ | အကြောင်းအရာ။ | စာမျက်နှာ၊ |
|---|---|---|
| ၂၅၊ | ထိုသူတို့၏ ဗျာဒိတ်ခံ-အင်္ဂါ ၂ပါး။ | ၁၄၊ |
| ၂၆၊ | ဖုရားအလောင်းတို့ အဆုံးစွန်ဘဝ၌ ဖြစ်ရသော အမျိုး၊ | ၁၄၊ |
| ၂၇။ | ပစ္စေကဗုဒ္ဓါအလောင်းတို့ ဖြစ်ရသော အမျိုး။ | ၁၄။ |
| ၂၈၊ | အဂ္ဂသာဝက,မဟာသာဝကတို့ ဖြစ်ရသော အမျိုး၊ | ၁၄၊ |
| ၂၉၊ | ပစ္စေကဗုဒ္ဓါတို့ ဖြစ်ရာ,ကာလ။ | ၁၄၊ |
| ၃၀၊ | ဖုရားသခင်တို့ ပွင့်တော်မူရာ,ကာလ။ | ၁၅။ |
| | ပစ္စေကဗုဒ္ဓါတို့ အိပ်မက်မြင်သော သူအနှင့် တူပုံ။ | ၁၅၊ |
| ၃၁၊ | ဖုရားအလောင်းတို့ ပါရမီ ဖြည့်ခြင်းကို သူတပါး မဖြစ်နိုင်၊ | ၁၆၊ |
| ၃၂၊ | ဖုရားအလောင်းမှ တပါးသော သူတို့ ပရိုသဒ္ဓေ နေပုံ။ | ၁၇။ |
| ၃၃။ | ဖုရားလောင်းတို့ အဆုံးဘဝ၌ ပရိုသဒ္ဓေ နေပုံ၊ | ၁၇၊ |
| ၃၄၊ | ဖုရားသခင်တို့ ခြေရာ မထင်ခြင်း,အကြောင်း၃ပါး။ | ၁၈၊ |
| ၃၅။ | ဆင်မျိုး၁၀ပါး သရုပ်။ | ၁၈။ |
| ၃၆၊ | ဖုရားသခင်တို့၏ ကာယဗလ,အားတော်၁၀ပါး။ | ၁၉။ |
| ၃၇—၃၈၊ | ဖုရားသခင်တို့၏ ဉာဏဗလ,အားတော်၁၀ပါး၊ | ၂၀၊ |
| ၃၉၊ | ဖုရားသခင်သည် တပါးစကြဝဠာသို့ ကြွကြောင်း၊ | ၂၂။ |
| ၄၀။ | လူတခွန်းကို ဖုရားက ဘယ်မျှ ရွတ်နိုင်ကြောင်း။ | ၂၄၊ |
| ၄၁၊ | အဘယ့်ကြောင့် ထိုသို့ မြန်မြန် ရွတ်နိုင်ကြောင်း၊ | ၂၄၊ |
| ၄၂၊ | အိပ်ခြင်းအပြား၄ပါး။ | ၂၅။ |
| ၄၃၊ | ကာမဂုဏ် ခံစားသူတို့ အိပ်ပုံ၊ | ၂၅။ |
| ၄၄၊ | ပြိတ္တာ အိပ်ပုံ။ | ၂၅၊ |
| ၄၅။ | ခြင်္သေ့မျိုး၄ပါး၊ | ၂၆၊ |
| ၄၆။ | ကေသရာဇာ,ခြင်္သေ့မင်း၏ အိပ်ပုံ။ | ၂၇၊ |
| ၄၇၊ | ဖုရားသခင်တို့ အိပ်ပုံ၊ | ၃၀။ |
| ၄၈—၄၉၊ | ဖုရားတို့၏ ဓမ္မတာ အပြား၃၀၊ | ၃၀၊ |
| ၅၀—၅၁၊ | ဖုရားတို့အား အန္တရာယ် မပြုနိုင်သော တရား၄ပါး။ | ၃၄၊ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၅၂၊ | ဘုရားတို့ မစွန့်သော အရပ်၄ပါး၊ | ၃၅။ |
| ၅၃—၅၄။ | ဘုရားအပြား၄ပါး၊ | ၃၇။ |
| ၅၅၊ | ဘုရား၏ ပမာဏကို မယှဉ်နိုင်ခြင်း၊အကြောင်း၊ | ၃၇၊ |
| ၅၆။ | ဘုရား၏ အံ့ဘွယ်သရဲ ဖြစ်သော ပမာဏ၊ | ၃၉။ |
| ၅၇။ | လောကဓာတ် တခုတည်း၌ ဘုရား ၂ဆူ ပြိုင်လျက် မဖြစ်၊ | ၄၂။ |
| ၅၈။ | ထိုသို့ မဖြစ်ခြင်း၏ အကြောင်း။ | ၄၃၊ |
| ၅၉၊ | ခေတ်အပြား ၃ပါး၊ | ၄၅။ |
| ၆၀၊ | ဇာတိခေတ်အကြောင်း။ | ၄၆။ |
| ၆၁၊ | အာဏာခေတ်အကြောင်း၊ | ၄၆၊ |
| ၆၂၊ | ဝိသယခေတ်အကြောင်း။ | ၄၆၊ |
| ၆၃၊ | ဇာတိခေတ် မည်ခြင်း၏ အကြောင်း။ | ၄၆၊ |
| ၆၄၊ | အာဏာခေတ် မည်ခြင်း၏ အကြောင်း၊ | ၄၇၊ |
| ၆၅၊ | ဝိသယခေတ် မည်ခြင်း၏ အကြောင်း၊ | ၄၇၊ |
| ၆၆။ | တပါးသော စကြဝဠာ၌ ဘုရား ဖြစ်သလော၊ | ၄၈၊ |
| ၆၇၊ | ကွယ်ခြင်း၅ပါး၊ | ၄၉၊ |
| ၆၈၊ | ပရိယတ္တိ,ပိဋကတ်သုံးပုံ ကွယ်ခြင်း၊ | ၄၉၊ |
| ၆၉၊ | ပဋိပတ္တိ ကွယ်ခြင်း၊ | ၅၀၊ |
| ၇၀၊ | ပဋိဝေဓ ကွယ်ခြင်း၊ | ၅၀၊ |
| ၇၁၊ | ရဟန်းအသွင် ကွယ်ခြင်း၊ | ၅၂၊ |
| ၇၂၊ | ပရိနိဗ္ဗာန်၃ပါး။ | ၅၃၊ |
| ၇၃။ | ကိလေသပရိနိဗ္ဗာန်၊ | ၅၃၊ |
| ၇၄။ | ခန္ဓပရိနိဗ္ဗာန်၊ | ၅၃၊ |
| ၇၅။ | ဓာတုပရိနိဗ္ဗာန်၊ | ၅၄၊ |
| ၇၆၊ | စေတီ၃ပါး၊ | ၅၆၊ |
| ၇၇၊ | ပရိဘောဂစေတီ၊ | ၅၆၊ |
| ၇၈၊ | ဓာတုစေတီ၊ | ၅၆၊ |
| ၇၉၊ | ဓမ္မစေတီ၊ | ၅၆၊ |

| ဦးချေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၈၀။ | တနည်း၊စေတီ၃ပါး။ | ၅၇။ |
| ၈၁။ | အမြဲတည်သော ခြေတော်ရာ၃ဆူ။ | ၅၇။ |
| ၈၂။ | သိဟိုဠ်ကျွန်း ခြေတော်ရာ။ | ၅၇။ |
| ၈၃။ | နမ္မဒါမြစ်နားက ခြေတော်ရာအကြောင်း။ | ၅၈။ |
| ၈၄။ | သစ္စဗန္ဓတောင်က ခြေတော်ရာအကြောင်း။ | ၅၉။ |

ပဉ္စာကထနကျမ်း၊ ဒုတိယတွဲ။

| | | |
|---|---|---|
| ၈၅။ | တမြက်လှည်းခြင်း၌ အကျိုး၅ပါး။ | ၆၀။ |
| ၈၆။ | သေက္ခဂယောက်, အသေက္ခဘယောက်။ | ၆၁။ |
| ၈၇။ | ပြဿနာမေးသူ ခက်သလော၊ဖြေသူ ခက်သလော။ | ၆၁။ |
| ၈၈။ | အချထူးရ-မထရ်ငါးပါး။ | ၆၁။ |
| ၈၉။ | ရှင်သာရိပုတ္တရာ အဘယ်ချထူး ရသလဲ။ | ၆၂။ |
| ၉၀။ | ရှင်မဟာကဿပ အဘယ်ချထူး ရသလဲ။ | ၆၃။ |
| ၉၁။ | ရှင်ပုဏ္ဏ အဘယ်ချထူး ရသလဲ။ | ၆၄။ |
| ၉၂။ | ရှင်ကုမာရကဿပ အဘယ်ချထူး ရသလဲ။ | ၆၅။ |
| ၉၃။ | ရှင်အာနန္ဒာ အဘယ်ချထူး ရသလဲ။ | ၆၇။ |
| ၉၄။ | ကထာဆယ်ပါး။ | ၆၉။ |
| ၉၅–၉၆။ | ပဋိသမ္ဘိဒါ၄ပါး။ | ၇၀။ |
| ၉၇။ | ပုထုဇ္ဇန်ရဟန်း ပဋိသမ္ဘိဒါသို့ ရောက်အံ့လော။ | ၇၀။ |
| ၉၈။ | တရားဥစ္စာဖြင့် ဖုရားအား ပူဇော်ခြင်း။ ဖုရားဥစ္စာဖြင့် တရားအား ပူဇော်ခြင်း၊အပ်,မအပ်။ | ၇၁။ |
| ၉၉။ | သရဏဂုံ၂ပါးအကြောင်း။ | ၇၂။ |
| ၁၀၀။ | လောကုတ္တရာသရဏဂုံ၏ အဓိပ္ပါယ်။ | ၇၂။ |
| ၁၀၁။ | လောကီသရဏဂုံ၏ အဓိပ္ပါယ်။ | ၇၂။ |
| ၁၀၂။ | လောကီသရဏဂုံကို အနက်အားဖြင့် အဘယ်သို့ ဆိုအပ်သနည်း။ | ၇၃။ |
| ၁၀၃။ | လောကီသရဏဂုံ၄ပါး။ | ၇၃။ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၁၀၄၊ | အတ္တသန္နိယျာတန-သရဏဂုံ၊ | ၇၃၊ |
| ၁၀၅၊ | တပ္ပရာယဏတာ-သရဏဂုံ၊ | ၇၄၊ |
| ၁၀၆၊ | သိဿဘာဝုပဂမန-သရဏဂုံ၊ | ၇၄၊ |
| ၁၀၇၊ | ပဏိပါတန-သရဏဂုံ၊ | ၇၄၊ |
| ၁၀၈၊ | ထိုမှ တပါးသော ယူနည်း၊ | ၇၅၊ |
| ၁၀၉၊ | ယင်းမှ တပါးသော ယူနည်း၊ | ၇၅၊ |
| ၁၁၀၊ | ယင်းမှ တပါးလည်း အသို့ ယူအပ်,ဆောင်တည် အပ်သနည်း၊ | ၇၅၊ |
| ၁၁၁၊ | ယင်းမှ တပါးလည်း အသို့ ယူအပ်,ဆောက်တည် အပ်သနည်း၊ | ၇၆၊ |
| ၁၁၂၊ | သရဏဂုံ ယူခြင်း,ဆောက်တည်ခြင်း ၄ပါး၊ | ၇၆၊ |
| ၁၁၃၊ | ဆွေမျိုးအမှတ်ဖြင့် ရှိခိုး,ကိုးကွယ်ခြင်းသည် သရဏဂုံမမည်၊ | ၇၇၊ |
| ၁၁၄၊ | ဘေးကို ကြောက်သဖြင့် ရှိခိုး,ကိုးကွယ်ခြင်းသည် သရဏဂုံ မမည်၊ | ၇၇၊ |
| ၁၁၅၊ | ကျေးဇူးတင်ပေသော ဆရာအမှတ်ဖြင့် ရှိခိုး, ကိုးကွယ်ခြင်းသည် သရဏဂုံ မမည်၊ | ၇၇၊ |
| ၁၁၆၊ | မြတ်သော အလှူကို ခံထိုက်သူ အမှတ်ဖြင့် ရှိခိုး, ကိုးကွယ်ခြင်းသည် သရဏဂုံ မည်ကြောင်း၊ | ၇၈၊ |
| ၁၁၇၊ | လောကီလူတို့၏ သရဏဂုံ မပျက်ခြင်း,အကြောင်း၊ | ၇၈၊ |
| ၁၁၈၊ | ထိုမှတပါး မပျက်ရာသော အကြောင်း၊ | ၇၉၊ |
| ၁၁၉၊ | ထိုမှတပါး မပျက်ရာသော အကြောင်း၊ | ၇၉၊ |
| ၁၂၀၊ | လောကီလူတို့၏ သရဏဂုံ ပျက်ခြင်း,အကြောင်း၊ | ၇၉၊ |
| ၁၂၁၊ | အပြစ်နှင့်တကွ သရဏဂုံ ပျက်ခြင်း၊ | ၈၀၊ |
| ၁၂၂၊ | အပြစ်မဲ့ သရဏဂုံ ပျက်ခြင်း၊ | ၈၀၊ |
| ၁၂၃၊ | သောတာပန်,အရိယာ,သာဝကတို့ သူ့အသက် သတ်ခြင်း၊သေသောက်ခြင်းကို ပြုကြအံ့လော၊ | ၈၀၊ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၁၂၄၊ | သာမဏေတို့ ဆယ်ပါးသီလကို ဆရာ့ထံ မခံပဲ ဆောက်တည်သော်၊ သင့်အံ့လော၊ | ၈၁။ |
| ၁၂၅၊ | ဥပါသကာ,ဥပါသိကာတို့ သီလကို ဆရာ့ထံ မခံပဲ ဆောက်တည်သော်၊ ဆောက်တည်သည် မည်အံ့လော၊ | ၈၁။ |
| ၁၂၆၊ | သီလကို တပေါင်းတည်း ဆောက်တည်ခြင်း၊ အသီးအသီး ဆောက်တည်ခြင်းတို့ ထူးပုံ။ | ၈၂၊ |
| ၁၂၇၊ | ထိုသို့ ဆောက်တည်ခြင်းတို့၌ သာမဏေတို့အား တပါး ပျက်လျှင်၊ အကုန် ပျက်ကြောင်း၊ | ၈၂။ |
| ၁၂၈၊ | ဥပုသ်အပြား ၃ ပါး။ | ၈၂။ |
| ၁၂၉၊ | နိဂဏ္ဌဥပုသ်အကြောင်း။ | ၈၂။ |
| ၁၃၀။ | ဂေါပါလဥပုသ်အကြောင်း၊ | ၈၃။ |
| ၁၃၁။ | အရိယာဥပုသ်အကြောင်း။ | ၈၃။ |
| ၁၃၂၊ | သီလ,သိက္ခာအပြားကို ခေဘန်ပုံ။ | ၈၃။ |
| ၁၃၃။ | သီလ၏ သရုပ်,အဓိပ္ပါယ်၊ | ၈၄။ |
| ၁၃၄၊ | ထို သီလကို ဖျားပွန်မှ၊ ဆောက်တည်ကြသလော၊ မပွင့်မီ၌ မဆောက်တည်ကြသလော။ | ၈၄။ |
| ၁၃၅၊ | အဓိသီလသိက္ခာအကြောင်း။ | ၈၄၊ |
| ၁၃၆၊ | စိတ္တ၏ သရုပ်,အဓိပ္ပါယ်၊ | ၈၅၊ |
| ၁၃၇၊ | အဓိစိတ္တသိက္ခာ၏ သရုပ်,အဓိပ္ပါယ်၊ | ၈၅။ |
| ၁၃၈၊ | ပညာ၏ သရုပ်,အဓိပ္ပါယ်။ | ၈၆။ |
| ၁၃၉၊ | အဓိပညာ၏ သရုပ်,အဓိပ္ပါယ်၊ | ၈၇၊ |
| ၁၄၀။ | အဘိညာဉ် ၅ ပါး။ | ၈၈။ |
| ၁၄၁။ | ဝိပဿနာဉာဏ် ၁၀ ပါး၊ | ၈၉၊ |
| ၁၄၂။ | ဝိမောက္ခအပြား ၃ ပါး၊ | ၉၀။ |
| ၁၄၃။ | ဝိသုဒ္ဓိအပြား ၆ ပါး၊ | ၉၀။ |
| ၁၄၄၊ | သီလဝိသုဒ္ဓိအကြောင်း၊ | ၉၁။ |
| ၁၄၅၊ | စိတ္တဝိသုဒ္ဓိအကြောင်း၊ | ၉၁၊ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၁၄၆၊ | ဒိဋ္ဌိဝိသုဒ္ဓိအကြောင်း။ | ၉၁၊ |
| ၁၄၇၊ | ကင်္ခါဝိတရဏဝိသုဒ္ဓိအကြောင်း။ | ၉၁၊ |
| ၁၄၈၊ | မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိအကြောင်း၊ | ၉၂၊ |
| ၁၄၉၊ | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိအကြောင်း၊ | ၉၃၊ |
| ၁၅၀၊ | အရိယာချင်းယှဉ်၍ အပြား၁၀၈ပါး။ | ၉၄၊ |
| ၁၅၁၊ | သောတာပန်တို့၏ အပြား၃ပါး၊၁၂ပါး၊ ၂၄ပါး။ | ၉၄၊ |
| ၁၅၂၊ | သကဒါဂါမ်အပြား၃ပါး၊၁၂ပါး၊ ၂၄ပါး။ | ၉၅၊ |
| ၁၅၃၊ | အနာဂါမ်အပြား၄၈ပါး။ | ၉၆၊ |
| ၁၅၄၊ | ရဟန္တာအပြား ၄ပါး။ | ၉၇၊ |
| ၁၅၅၊ | မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အပြား၈ပါး။အရိယာပေါင်း၁၀၈၊ | ၉၇၊ |
| ၁၅၆၊ | သတ္တက္ခတ္တုပရမသောတာပန်၊အဓိပ္ပါယ်။ | ၉၇၊ |
| ၁၅၇၊ | ကောလံကောလသောတာပန်၊အဓိပ္ပါယ်၊ | ၉၈၊ |
| ၁၅၈၊ | ဧကဗီဇီသောတာပန်၊အဓိပ္ပါယ်၊ | ၉၈၊ |
| ၁၅၉၊ | သောတာပန်၃ပါး၏ အဓိပ္ပါယ်တနည်း၊ | ၉၉၊ |
| ၁၆၀၊ | ကောလံကောလသောတာပန်၊အဓိပ္ပါယ်တနည်း။ | ၉၉၊ |
| ၁၆၁၊ | သတ္တက္ခတ္တုပရမသောတာပန်၊အဓိပ္ပါယ်တနည်း။ | ၉၉၊ |
| ၁၆၂၊ | သောတာပန်ပုဂ္ဂိုလ် အပါယ်ဘုံသို့ လား၊မလား။ | ၉၉၊ |
| ၁၆၃၊ | သကဒါဂါမ်၏ သရုပ်၊အဓိပ္ပါယ်၊ | ၁၀၀။ |
| ၁၆၄၊ | ပဋိသန္ဓေအားဖြင့် တကြိမ်သာ လူ့ပြည်သို့ လာသည် ဟူသော စကား၏ အဓိပ္ပါယ်၊ | ၁၀၀၊ |
| ၁၆၅၊ | ဧကဗီဇီသောတာပန်နှင့် သကဒါဂါမ်တို့၏ ပဋိသန္ဓေ ကိစ္စ ထူးပုံ၊ | ၁၀၁၊ |
| ၁၆၆၊ | အနာဂါမ်-အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်၃ပါး၊ | ၁၀၁၊ |
| ၁၆၇၊ | ထိုပုဂ္ဂိုလ်တို့ အဝိဟာဘုံ၌ ဖြစ်ပုံ။ | ၁၀၂၊ |
| ၁၆၈၊ | ဥပဟစ္စအနာဂါမ်၏ သရုပ်၊အဓိပ္ပါယ်၊ | ၁၀၃၊ |
| ၁၆၉၊ | သသင်္ခါရ-ပရိနိဗ္ဗာယီ၊ အသင်္ခါရ-ပရိနိဗ္ဗာယီ ပုဂ္ဂိုလ်တို့၏ သရုပ်၊အဓိပ္ပါယ်၊ | ၁၀၃၊ |

| ဦးရေ၊ | အကြောင်းအရေး။ | စာမျက်နှာ၊ |
|---|---|---|
| ၁၇၀၊ | ဥဒ္ဓံသောတ-အကနိဋ္ဌဂါမိ-ပရိနိဗ္ဗာယိ-အနာဂါမ် ပုဂ္ဂိုလ်တို့၏ သရုပ်,အဓိပ္ပါယ်။ | ၁၀၄၊ |
| ၁၇၁၊ | အဘယ်ကြောင့်၊ ဥဒ္ဓံသောတ-အကနိဋ္ဌဂါမိ မည်သနည်း၊ | ၁၀၄၊ |
| ၁၇၂၊ | ဥဒ္ဓံသောတနှင့် အကနိဋ္ဌဂါမိတို့ အထူး၊ | ၁၀၄၊ |
| ၁၇၃၊ | မိဿ ၄ ပါးအကြောင်း၊ | ၁၀၅။ |
| ၁၇၄၊ | အာဟုနေယျဂ္ဂ,မိဿအကြောင်း၊ | ၁၀၆၊ |
| ၁၇၅။ | ဂဟပတဂ္ဂ,မိဿအကြောင်း။ | |
| ၁၇၆၊ | ဒက္ခိဏေယျဂ္ဂ,မိဿအကြောင်း၊ | ၁၀၇၊ |
| ၁၇၇၊ | အကျိုး မရှိသော အလှူမျိုး ၅ ပါး၊ | ၁၀၈၊ |
| ၁၇၈။ | အကျိုး,အပြစ် မသိပဲ မကောင်းမှုပြုသူ၊ အကျိုး,အပြစ် သိလျက် မကောင်းမှုပြုသူ၊ မကောင်းမှုတူမျှသော်၊ မည်သူ အပြစ်ကြီးသနည်း၊ | ၁၀၉၊ |
| ၁၇၉၊ | ရဲရဲ ညီသော သံတွေကို သိလျက် ကိုင်သူ၊ မသိပဲ လျက် ကိုင်သူ၊ မည်သူကို အလောင် အားကြီးသနည်း၊ | ၁၁၀၊ |

## ပညာကထနကျမ်း၊ တတိယတွဲ။

| | | |
|---|---|---|
| ၁၈၀၊ | ပဉ္စာနန္တရိယကံတပါးပါးကို ကျူးလွန်သူ အဝီစိ ငရဲ၌ ခံရသည် ဆို၏၊ အဘယ်မျှ ခံရသနည်း၊ | ၁၁၃၊ |
| ၁၈၁၊ | ထို ကံ ၅ ပါးလုံးကို ကျူးလွန်သူသည် အဘယ်ကံ၏ အပြစ်ကို ခံရသနည်း။ | ၁၁၄၊ |
| ၁၈၂၊ | ထိုကံ ၅ ပါးကို အဘယ့်ကြောင့် အနန္တရိယကံ ခေါ်သနည်း။ | ၁၁၅၊ |
| ၁၈၃။ | ဗောဓိပင်တော် ဖျက်သူ အဘယ်သို့ ခံရအံ့နည်း၊ | ၁၁၅၊ |
| ၁၈၄။ | နိယတ မိစ္ဆာဒိဋ္ဌိတို့သည် အဘယ်မျှ ခံရသနည်း၊ | ၁၁၆၊ |
| ၁၈၅။ | ငရဲပြည်၌ ငရဲသင်္ချိုင်း ရှိသလော၊ | ၁၁၇၊ |
| ၁၈၆၊ | နတ်တို့သည် လူတို့ကဲ့သို့ ကာမစည်းစိမ် ခံစားသလော။ | ၁၁၇၊ |
| ၁၈၇၊ | ငရဲ,နတ်,ဗြဟ္မာပြည်တို့၌ အဘယ် ပဋိသန္ဓေမျိုး တည်နေသနည်း၊ | ၁၁၇၊ |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၁၈၈။ | ဘုမ္မစိုးနတ်တို့ မည်သို့ ပရိသ၌ နေသနည်း။ | ၁၁၈။ |
| ၁၈၉။ | အသညသတ် ဗြဟ္မာတို့ ရတေပုံ။ | ၁၁၈။ |
| ၁၉၀။ | ဖုရား ဖူးပေးသော ဆွမ်း၌ နတ်ဩဇာ ထည့်ပုံ။ | ၁၁၈။ |
| ၁၉၁။ | လာဘသက္ကာရ ဟပ်မက်သူတို့အား ဖုရား ဟောပုံ။ | ၁၁၉။ |
| ၁၉၂။ | တမန်အပြား၊ အင်္ဂါရှစ်ပါး အကြောင်း။ | ၁၁၉။ |
| ၁၉၃။ | ရှင်မောဂ္ဂလာန် ရဟန်းဖြစ်ပြီးနေ့ံ၊ ဘယ်မျှ ကြာမှ၊ ရဟန္တာ ဖြစ်သနည်း။ | ၁၂၀။ |
| ၁၉၄။ | ရှင်သာရိပုတ္တရာ ရဟန်း ဖြစ်ပြီးနောက်၊ ဘယ်မျှ ကြာမှ၊ ရဟန္တာ ဖြစ်သနည်း။ | ၁၂၁။ |
| ၁၉၅။ | ရှင်သာရိပုတ္တရာ ပညာကြီးလျက်၊ ရှင်မောဂ္ဂလာန် နောက်မှ ရဟန္တာ ဖြစ်ရသည့် အကြောင်း။ | ၁၂၁။ |
| ၁၉၆။ | ပရိကံ၏ သဘော၊ အဓိပ္ပါယ်။ | ၁၂၂။ |
| ၁၉၇။ | ဒသပါရမီ၊ ဒသဥပပါရမီ၊ ဒသပရမတ္ထပါရမီတို့ အထူး။ | ၁၂၂။ |
| ၁၉၈။ | ဖုရားလောင်းသို့ ဖွားသော ခဏ၌ မြောက်သို့ ၇ ပွား လှမ်းကြောင်း ဆိုသည်။ အဝတ်တန်ဆာနှင့် မြေမနင်းမဲ့ ကြွတော်မူသလော၊ ထိုသို့ မဟုတ်၊ ကိုအချည်းစည်း မြေကို နင်းလျက် ကြွတော်မူသလော။ | ၁၂၃။ |
| ၁၉၉။ | ဖုရားလောင်း အောင်းပြီးသော မယ်တော့် ဝမ်းသည် တပါးသူတို့ အောင်းခြင်းငှါ ထိုက်သလော။ | ၁၂၃။ |
| ၂၀၀။ | ဖုရားလောင်းကို အဘဲ့ငှေ့ သိဒ္ဓတ်ဟု မှည့်သနည်း။ | ၁၂၄။ |
| ၂၀၁။ | ကောလာဟလ ငါးပါးသချင်၊ | ၁၂၄။ |
| ၂၀၂။ | ကပ္ပကောလာဟလ၏ အကြောင်း။ | ၁၂၄။ |
| ၂၀၃။ | ဗုဒ္ဓကောလာဟလ၏ အကြောင်း။ | ၁၂၅။ |
| ၂၀၄။ | စက္ကဝတ္တိကောလာဟလ၏ အကြောင်း။ | ၁၂၆။ |
| ၂၀၅။ | မင်္ဂလကောလာဟလ၏ အကြောင်း။ | ၁၂၆။ |
| ၂၀၆။ | မောနေယျပဋိပဒါကောလာဟလ အကြောင်း။ | ၁၂၆။ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၂၀၇၊ | မဇ္ဈိမဒေသ၏ အပိုင်းအခြား,နိမိတ်၊ | ၁၂၈၊ |
| ၂၀၈၊ | မဇ္ဈိမဒေသ၏ အလျား,အနံ,အဝန်း၊ | ၁၂၈၊ |
| ၂၀၉၊ | နတ်တို့၏ ဗိမ္မာန်ကျောင်းဖြင့် မြင်ခြင်း၊ | ၁၂၉၊ |
| ၂၁၀၊ | ဖုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့ မြင်ခြင်း၊ | ၁၂၉၊ |
| ၂၁၁၊ | ဖွားသော ခဏ၌ စကား ဆိုသော ဖုရားအလောင်း ၃ဘဝ၊ | ၁၂၉၊ |
| ၂၁၂၊ | ဖွားဘက်တော်၇ပါးသရုပ်၊ | ၁၃၀၊ |
| ၂၁၃၊ | ရွှေအိုးကြီး၄လုံးသရုပ်၊ | ၁၃၀၊ |
| ၂၁၄၊ | ဖုရားလောင်း ဖွားသည်က စ၍၊ အဘယ် အခါ၌ အဘယ် နက္ခတ်နှင့် ယှဉ်သနည်း၊ | ၁၃၀၊ |
| ၂၁၅၊ | နှစ်ကိုင်ငါးဆူသော ဖုရားတို့၏ ဝေမဇ္ဈရှစ်ပါး၊ | ၁၃၁၊ |
| ၂၁၆၊ | မင်္ဂလာသကသစ်ပင်၏ အစောက်,အနံ အကြောင်း၊ | ၁၃၂၊ |
| ၂၁၇၊ | ကမ္ဘာတည်စ၌၊နေ,လ,စကြဝဠာ,မြင်းမိုရ်ဘို့ တပြိုင်နက် တည်သလော။ကာလ ခြားသလော၊ | ၁၃၃၊ |
| ၂၁၈၊ | ဖုရားသခင်တို့ ကြွတော်မူသော အခါ၊မြေမှ မည်မျှ ကွာသနည်း၊ | ၁၃၄၊ |
| ၂၁၉၊ | သုဒ္ဓေါဒနမင်းကြီး ရဟန္တာ ဖြစ်သည့် အရပ်၊ပရိနိဗ္ဗာန် ပြုသည့် အရပ်၊ | ၁၃၄၊ |
| ၂၂၀၊ | စက်၄ပါးသရုပ်၊ | ၁၃၄၊ |
| ၂၂၁၊ | သဒ္ဒါခြင်း အပြား၄ပါး၊ | ၁၃၄၊ |
| ၂၂၂၊ | အာဂမနသဒ္ဒါ အဓိပ္ပါယ်၊ | ၁၃၅၊ |
| ၂၂၃၊ | အဓိဂမနသဒ္ဒါ အဓိပ္ပါယ်၊ | ၁၃၅၊ |
| ၂၂၄၊ | ဩကပ္ပနသဒ္ဒါ အဓိပ္ပါယ်၊ | ၁၃၅၊ |
| ၂၂၅၊ | ပသာဒသဒ္ဒါ၊ | ၁၃၅၊ |
| ၂၂၆၊ | ဒါန အပြား၃ပါး၊ | ၁၃၅၊ |
| ၂၂၇၊ | ဒါန,ဒါသ အဓိပ္ပါယ်၊ | ၁၃၆၊ |
| ၂၂၈၊ | ဒါနသဟာယ အဓိပ္ပါယ်၊ | ၁၃၆၊ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၂၂၉၊ | ဓါနုသာဒ် အဓိပ္ပါယ်၊ | ၁၃၆၊ |
| ၂၃၀၊ | ကိုဝန် ယူရသော အကြောင်း၃၂ါး၊ | ၁၃၇၊ |
| ၂၃၁၊ | ထော်ထဆစ် ကိုဝန် ယူရသော အကြောင်း၇ပါ၊ | ၁၃၇၊ |
| ၂၃၂၊ | ကိုဝန် ပျက်ရသော အကြောင်း၃ပါး၊ | ၁၃၈၊ |
| ၂၃၃၊ | သား အခြား၃ပါး၊ | ၁၃၉၊ |
| ၂၃၄၊ | အတိဇာတသား အဓိပ္ပါယ်၊ | ၁၃၉၊ |
| ၂၃၅၊ | အနုဇာတသား အဓိပ္ပါယ်၊ | ၁၃၉၊ |
| ၂၃၆၊ | အဝဇာတသား အဓိပ္ပါယ်၊ | ၁၃၉၊ |
| ၂၃၇၊ | သေခါနီးကာလ အသုံးပဒိုသာရွေ ယူသဲ့၌ ပြုအပ်သော အာရုံ၃ပါး၊ | ၁၄၀၊ |
| ၂၃၈၊ | ထို၃ပါးတွင် ကံကို အာရုံ ပြုခြင်း အကြောင်း၊ | ၁၄၀၊ |
| ၂၃၉၊ | ကမ္မနိမိတ်ကို အာရုံ ပြုခြင်း အကြောင်း၊ | ၁၄၁၊ |
| ၂၄၀၊ | ဂတိနိမိတ်ကို အာရုံ ပြုခြင်း အကြောင်း၊ | ၁၄၁၊ |
| ၂၄၁၊ | သေခါနီးကာလ၌ အာရုံ ထင်ပုံအကြောင်း၊ | ၁၄၁၊ |
| ၂၄၂၊ | ကွေးသော အခါ၌ အာရုံ ထင်ပုံအကြောင်း၊ | ၁၄၁၊ |
| ၂၄၃၊ | လျင်သော ကာလ၌ အာရုံ ထင်ပုံအကြောင်း၊ | ၁၄၂၊ |
| ၂၄၄၊ | အပါယ်၄ပါး, ဘုမ္မစိုးနတ်,လူဘုံ၏ အသက် အပိုင်းအခြား၊ | ၁၄၃၊ |
| ၂၄၅၊ | ဗုတို့၏ အသက် အပိုင်းအခြား မရှိခြင်းအကြောင်း၊ | ဝ၄၄၊ |
| ၂၄၆၊ | ပဋိသန္ဓေဝိညာဏ် ထည်ဆုအခြား၇ပါး၊ | ၁၄၄၊ |
| ၂၄၇၊ | နာနတ္တကာယ, နာနတ္တသညီအကြောင်း၊ | ၁၄၅၊ |
| ၂၄၈၊ | နာနတ္တကာယ,ဧကတ္တသညီအကြောင်း၊ | ၁၄၆၊ |
| ၂၄၉၊ | ဧကတ္တကာယ,နာနတ္တသညီအကြောင်း၊ | ၁၄၈၊ |
| ၂၅၀၊ | ဧကတ္တကာယ,ဧကတ္တသညီအကြောင်း၊ | ၁၄၉၊ |
| | ထို၅ပါး၌ ဖြစ်ခြင်း၊ | ၁၄၉၊ |
| ၂၅၁၊ | သတ္တာဝါတို့၏ နေရာဘုံ,ကိုးဝ၏ သရုပ်၊ | ၁၅၁၊ |
| ၂၅၂၊ | ယောက်ျားအသွင်,မိန်းမအသွင် ဖြစ်ခြင်းအကြောင်း၊ | ၁၅၃၊ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၂၅၃။ | ယောက်ျား,မိန်းမတို့၏ လိင်,နိမိတ္တ,ကုတ္တ, အာကပ္ပတို့အကြောင်း။ | ၁၅၄၊ |
| ၂၅၄၊ | ယောက်ျားတို့သည် မိန်းမ၊မိန်းမတို့သည် ယောက်ျား, ဖြစ်အံ့သော ကာလ ရှိအံ့လော၊ | ၁၅၄၊ |
| ၂၅၅၊ | ယောက်ျားသည် မိန်းမ၊မိန်းမသည် ယောက်ျား အလွယ်အလျှယ် ဖြစ်ဖူးကြောင်း၊ | ၁၅၅၊ |
| ၂၅၆၊ | ထိုမှတပါး ဟောတော်မူသေးကြောင်း၊ | ၁၅၆၊ |
| ၂၅၇၊ | မိန်းမတို့သည် ယောက်ျားဆုကို ရအောင် တောင်းနည်း။ | ၁၅၆၊ |
| ၂၅၈။ | ယောက်ျားတို့သည် အဆက်ဆက် ယောက်ျား ဖြစ်အောင် တောင်းနည်း။ | ၁၅၇၊ |
| ၂၅၉။ | မိန်းမတို့ အဆက်ဆက် ယောက်ျား ဖြစ်အောင် ကျင့်နည်း၊ | ၁၅၇၊ |
| ၂၆၀။ | မိန်းမတို့၌ လော်လီခြင်း၅ပါး။ | ၁၅၈၊ |
| ၂၆၁၊ | ထို၅ပါးတွင် အာဟာရ၌ လျှပ်ပေါ်ခြင်း အကြောင်း။ | ၁၅၉၊ |
| ၂၆၂။ | တန်ဆာ၌ လော်လည်ခြင်း,အကြောင်း၊ | ၁၅၉၊ |
| ၂၆၃။ | ယောက်ျားတပါး၌ လော်လည်ခြင်း,အကြောင်း၊ | ၁၅၉၊ |
| ၂၆၄။ | ဥစ္စာ၌ လော်လည်ခြင်း,အကြောင်း။ | ၁၆၀၊ |
| ၂၆၅၊ | အသွား,အလာ၌ လော်လည်ခြင်း,အကြောင်း၊ | ၁၆၀၊ |
| ၂၆၆။ | မြွေနဂါးမျိုး၄ပါး။ | ၁၆၀၊ |
| ၂၆၇။ | ကဋ္ဌမုခမြွေ အကြောင်း၊ | ၁၆၁၊ |
| ၂၆၈၊ | ပူတိမုခမြွေ အကြောင်း။ | ၁၆၁၊ |
| ၂၆၉။ | အဂ္ဂိမုခမြွေ အကြောင်း။ | ၁၆၁။ |
| ၂၇၀၊ | သတ္ထမုခမြွေ အကြောင်း။ | ၁၆၁။ |
| ၂၇၁၊ | မဟာဘုတ် အပြား၄ပါး။ | ၁၆၂။ |
| ၂၇၂၊ | အထက်မြွေမျိုး၄ပါးနှင့် မဟာဘုတ်၄ပါးကို နှိုင်းခြင်း။ | ၁၆၂။ |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၂၇၃။ | ကမ္ဗုရက္ခမြေ့နှင့် ပထဝီမဟာဘုတ် တူပုံ၊ | ၁၆၂။ |
| ၂၇၄။ | ပုတိမုက္ခမြေ့နှင့် အာပေါမဟာဘုတ် တူပုံ။ | ၁၆၂။ |
| ၂၇၅။ | အင်္ဂိမုက္ခမြေ့နှင့် တေဇောမဟာဘုတ် တူပုံ။ | ၁၆၃။ |
| ၂၇၆။ | သဏ္ဍုမုက္ခမြေ့နှင့် ဝါယောမဟာဘုတ် တူပုံ။ | ၁၆၃။ |
| | **ပညာကထနက္ခမ်း,စတုတ္ထတွဲ။** | |
| ၂၇၇။ | အပေါက် ၆ ပါး အကြောင်း။ | ၁၆၄။ |
| ၂၇၈။ | ဂဠုန်ပြည့်၏ တည်ရာကို ပြခြင်း။ | ၁၆၄။ |
| ၂၇၉။ | ဂဠုန်မင်း၏ ပမာဏ။ | ၁၆၄။ |
| ၂၈၀။ | ချပ္ပိပါသိကပြိတ္တာ အကြောင်း။ | ၁၆၅။ |
| ၂၈၁။ | နိဇ္ဈာမတဏှိကပြိတ္တာ အကြောင်း။ | ၁၆၅။ |
| ၂၈၂။ | ကာလကဉ္စိကအသူရာ အကြောင်း။ | ၁၆၆။ |
| ၂၈၃။ | ဒေဝဟု ဆိုအပ်သော နတ်သုံးပါး။ | ၁၆၆။ |
| ၂၈၄။ | ထို ၃ ပါးတွင် သမုတိနတ် အကြောင်း။ | ၁၆၆။ |
| ၂၈၅။ | ဥပပတ္တိနတ် အကြောင်း။ | ၁၆၇။ |
| ၂၈၆။ | ဝိသုဒ္ဓိနတ် အကြောင်း။ | ၁၆၇။ |
| ၂၈၇။ | မာရ်နတ်မင်း နေဟန်အကြောင်း။ | ၁၆၇။ |
| ၂၈၈။ | အသညသတ်ဘုံသို အဘယ်အရပ်၌ တည်သနည်း။ | ၁၆၈။ |
| ၂၈၉။ | နတ်တို့၏ အဝတ်တန်ဆာရောင် နှံ့ပုံ။ | ၁၆၈။ |
| ၂၉၀။ | နတ်တို့ ရတေအံ့သော အကြောင်း ၄ ပါး။ | ၁၆၈။ |
| ၂၉၁။ | နတ်တို့ ရတေအံ့သော ပုဗ္ဗနိမိတ် ၅ ပါး။ | ၁၆၉။ |
| ၂၉၂။ | ဖုရားတဆူနှင့် တဆူအကြား မြေကြီးအမြင့်၊ | ၁၆၉။ |
| ၂၉၃။ | ဖုရား ၂ ဆူအကြား မြေသို တယူဇနာနှင့် ၃ ဂါဝုတ် တက်သျက်၊အဘဲ့ကြောင့်၊ နှစ်သိန်းလေးသောင်း အထု ရှိသော မဟာပထဝီဟု ဆိုလေသနည်း။ | ၁၇၀။ |
| ၂၉၄။ | မြေ လှုပ်ခြင်းအကြောင်းရှစ်ပါး။ | ၁၇၀။ |
| ၂၉၅။ | ထိုမှတပါး မြေ လှုပ်ခြင်းအကြောင်းရှစ်ပါး။ | ၁၇၂။ |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၂၉၆။ | မြေလှုပ်ခြင်းအကြောင်းရှစ်ပါးမှ မကပဲ;လျက်၊ အတွဲကြောင့် ရှပ်ပါးဟု ဟောတော်မူသနည်း။ | ၁၇၃။ |
| ၂၉၇။ | သုဇာတာ နို့ဂဏာ ချက်ပုံအကြောင်း။ | ၁၇၃။ |
| ၂၉၈။ | သုဇာတာ၏ ဂဏာဆွမ်းအကျိုး၁၂ပါး။ | ၁၇၄။ |
| ၂၉၉။ | ဝိရိယာ၁ရှ,အားထုတ်ခြင်းရှစ်ပါး။ | ၁၇၅။ |
| ၃၀၀။ | သီတင်း၄ပါးအကြောင်း။ | ၁၇၆။ |
| ၃၀၁။ | စကြာမင်းတို့၏ရတနာ၁၇ပါး။ | ၁၇၇။ |
| ၃၀၂။ | ဖုရားတို့အား ပြည့်စုံမြဲ ဖြစ်သော ဗောဓျှင်၇ပါး၊ | ၁၇၇။ |
| ၃၀၃။ | အမေး၅ထွေသရုပ်။ | ၁၇၈။ |
| ၃၀၄။ | အဖြေ၄ပါးသရုပ်။ | ၁၇၈။ |
| ၃၀၅။ | စကားအရာ,အင်္ဂါ၄ပါး။ | ၁၇၉။ |
| ၃၀၆။ | စကား၆ခွန်းသရုပ်။ | ၁၈၀။ |
| ၃၀၇။ | မေတ္တာ၏ အကျိုး၁၁ပါး။ | ၁၈၂။ |
| ၃၀၈။ | ကကုဓ မည်သော မင်းမြောက်တန်ဆာ၅ပါး။ | ၁၈၃။ |
| ၃၀၉။ | မိုး,လေ,လျှပ်စစ်တို့ ဖြစ်ခြင်း,အကြောင်း။ | ၁၈၄။ |
| ၃၁၀။ | သီတဝလာဟကနတ်အကြောင်း။ | ၁၈၄။ |
| ၃၁၁။ | အဗ္ဘဝလာဟကနတ်အကြောင်း။ | ၁၈၄။ |
| ၃၁၂။ | အချမ်း ဖြစ်ခြင်းအကြောင်း။ | ၁၈၅။ |
| ၃၁၃။ | အပူ ဖြစ်ခြင်းအကြောင်း။ | ၁၈၅။ |
| ၃၁၄။ | တိမ်တိုက် ဖြစ်ခြင်းအကြောင်း။ | ၁၈၅။ |
| ၃၁၅။ | လေ ဖြစ်ခြင်းအကြောင်း။ | ၁၈၆။ |
| ၃၁၆။ | မိုး ရွာခြင်းအကြောင်း၂ပါး။ | ၁၈၆။ |
| ၃၁၇။ | ထိုမှတပါး မိုးရွာခြင်းအကြောင်းရှစ်ပါး။ | ၁၈၇။ |
| ၃၁၈။ | ထိုမှတပါး မိုးရွာခြင်းအကြောင်း။ | ၁၈၇။ |
| ၃၁၉။ | မိုးလေသို့ တယူဇနာမျှသောအရပ်က လာခြင်း။ | ၁၈၈။ |
| ၃၂၀။ | မိုးရိပ်သို့ တယူဇနာမျှသောအရပ်က ထင်ခြင်း။ | ၁၈၈။ |
| ၃၂၁။ | လျှပ်စစ်သို့ ၄ယူဇနာ,၅ယူဇနာအရပ်က ထင်ခြင်း။ | ၁၈၈။ |

ဦးရေ၊ အကြောင်းအရာ၊ စာမျက်နှာ၊

၃၂၂၊ မိုး ကောင်းအံ့သည်ကို သိရသော နည်း။ ၁၈၈၊
၃၂၃၊ မိုး ခေါင်အံ့သည်ကို သိရသော နည်း။ ၁၈၉၊
၃၂၄၊ မိုး မရွာသော အကြောင်း ၅ ပါး။ ၁၈၉၊
၃၂၅၊ ကပ္ပဋ္ဌိ ၄ ပါး၊ ၁၉၀၊
၃၂၆၊ ဇမ္ဗူဒိပါတကျွန်းလုံး ကြားသော အသံကြီး ၄ ပါး၊ ၁၉၁၊
၃၂၇။ ပုဏ္ဏကဘီလူး၏ အသံကြီး။ ၁၉၁၊
၃၂၈၊ ဝိသကြုံနတ်သား၏ အသံကြီး။ ၁၉၂။
၃၂၉၊ ကုသမင်း၏ အသံကြီး၊ ၁၉၂၊
၃၃၀၊ အာဠဝကဘီလူး၏ အသံကြီး။ ၁၉၃၊
၃၃၁၊ လက်နက်ကြီး ၄ ပါး၊ ၁၉၃၊
၃၃၂၊ သိကြားမင်း၏ ဝဇိရ်လက်နက် အကြောင်း။ ၁၉၃။
၃၃၃၊ ဝေဿဝဏ်နတ်မင်း၏ လှံတံလက်နက်၊ ၁၉၄၊
၃၃၄၊ ယမမင်း၏ မျက်စောင်းလက်နက်။ ၁၉၄၊
၃၃၅၊ အာဠဝက၏ ဘွဲ့ဖြူပုဆိုးလက်နက်၊ ၁၉၄၊
၃၃၆၊ သာဂရ အပြား ၄ ပါး။ ၁၉၅၊
၃၃၇၊ သံသာရသာဂရ အကြောင်း၊ ၁၉၅၊
၃၃၈–၃၃၉။ ဇလသာဂရ,နယသာဂရတို့ အကြောင်း၊ ၁၉၅၊
၃၄၀၊ ဉာဏသာဂရ အကြောင်း၊ ၁၉၆၊
၃၄၁၊ မကြောက်အပ်သည်ကို ကြောက်သူ ၄ ယောက်၊ ၁၉၆၊
၃၄၂–၃၄၃၊ တီနှင့် တီတီတွတ်တို့ ကြောက်ပုံ၊ ၁၉၆၊
၃၄၄–၃၄၅၊ ကြိုးကြာနှင့် ပုဏ္ဏားတို့ ကြောက်ပုံ။ ၁၉၇၊
၃၄၆၊ ကဗိအပြား ၄ ပါး။ ၁၉၇၊
၃၄၇–၃၄၈၊ စိန္တာကဗိနှင့် သုတကဗိ၊ ၁၉၇၊
၃၄၉–၃၅၀၊ အတ္ထကဗိနှင့် ပဋိဘာဏကဗိ။ ၁၉၈။
၃၅၁၊ အဓိဋ္ဌေယ ၄ ပါး၊ ၁၉၈၊
၃၅၂–၃၅၃၊ ဗုဒ္ဓဝိသယ,ဈာနဝိသယ,အဓိဋ္ဌေယ၊ ၁၉၉၊
၃၅၄၊ ကမ္မဝိပါကအဓိဋ္ဌေယ၊ ၂၀၀၊

| ဦးရေ၊ | အကြောင်းအရာ။ | စာမျက်နှာ၊ |
|---|---|---|
| ၃၅၅၊ | လောကအစိန္တေယျ၊ | ၂၀၁၊ |
| ၃၅၆၊ | ပီတိအပြား၅ပါး။ | ၂၀၁၊ |
| ၃၅၇—၃၅၉၊ | ခုဒ္ဒကာပီတိ,ခဏိကာပီတိ,ဩက္ကန္တိကာပီတိ၊ | ၂၀၂၊ |
| ၃၆၀—၃၆၁၊ | ဥဗ္ဗေဂါပီတိ,ဖရဏာပီတိ၊ | ၂၀၂၊ |
| ၃၆၂။ | နိယာမအပြား၅ပါး၊ | ၂၀၃၊ |
| ၃၆၃—၃၆၄၊ | ဗီဇနိယာမ,ဥတုနိယာမ။ | ၂၀၃၊ |
| ၃၆၅—၃၆၆၊ | ကမ္မနိယာမသဘောနှင့် သက်သေဝတ္ထု။ | ၂၀၄၊ |
| ၃၆၇—၃၆၈။ | ဓမ္မနိယာမ,စိတ္တနိယာမ၊ | ၂၀၅၊ |
| ၃၆၉။ | ဒန်ပူ မစားခြင်း၌ အပြစ်၅ပါး၊ | ၂၀၆၊ |
| ၃၇၀။ | ဒန်ပူ စားခြင်း၌ အကျိုး၅ပါး၊ | ၂၀၆၊ |
| ၃၇၁။ | မီးလှုံခြင်း၌ အပြစ်ကို ဟောတော်မူပုံ။ | ၂၀၇။ |
| ၃၇၂။ | သည်း မခံခြင်း၌ အပြစ်၅ပါး၊ | ၂၀၈၊ |
| ၃၇၃၊ | သည်း ခံခြင်း၌ အကျိုး၅ပါး၊ | ၂၀၈၊ |
| ၃၇၄၊ | ခင်ပွန်းကောင်း၇ပါး၊ | ၂၀၉၊ |
| ၃၇၅၊ | အသားရှစ်ပါး အကြောင်း၊ | ၂၁၀၊ |
| ၃၇၆၊ | မဂ်,ဖိုလ် စသော တရားတို့ ကွယ်ပုံ၊ | ၂၁၁၊ |
| ၃၇၇၊ | သာသနာတော်၃ပါး သရုပ်။ | ၂၁၁၊ |
| ၃၇၈—၃၈၀။ | ထိုသာသနာတော်၃ပါး အကျယ်၊ | ၂၁၂၊ |
| ၃၈၁၊ | သင်္ဂါယနာ၃တန် အကြောင်း၊ | ၂၁၂၊ |
| ၃၈၂—၃၈၃၊ | ပထမသင်္ဂါယနာ,ဒုတိယသင်္ဂါယနာတင်ပုံ၊ | ၂၁၃။ |
| ၃၈၄၊ | တတိယသင်္ဂါယနာ တင်ပုံ၊ | ၂၁၄။ |
| ၃၈၅။ | ဗုဒ္ဓဝစန,၃ပါး အကြောင်း၊ | ၂၁၆၊ |
| ၃၈၆၊ | မင်းတို့၏ သင်္ဂဟတရား၄ပါး၊ | ၂၁၇၊ |
| ၃၈၇—၃၈၈၊ | သဿမေဓနှင့် ပုရိသမေဓ၊ | ၂၁၈။ |
| ၃၈၉—၃၉၀၊ | သမ္မာပါသနှင့် ဝါစာပေယျ၊ | ၂၁၈၊ |
| ၃၉၁၊ | ဗွတ်တို့တွင် အဘယ်ဗွေ မြတ်သနည်း၊ | ၂၁၉၊ |

ဦးရေ။ အကြောင်းအရာ။ စာမျက်နှာ။

ပဍ္ဍာကာထနကျမ်း၊ပဥ္စမတွဲ။


၃၉၂။ ရတနာ ၇ပါး,သရုပ်။ ၂၂၀။
၃၉၃။ ရတနာ ၁၀ပါး,သရုပ်၊ ၂၂၀၊
၃၉၄—၃၉၅၊ စကြဝဠာ၏ အလျား,အကျယ်,အဝန်း။ ၂၂၁။
၃၉၆၊ မဟာပထဝီ,မြေကြီး၏ အထု၊ ၂၂၁။
၃၉၇၊ မဟာပထဝီအောက် ခံသော ရေအထု။ ၂၂၁။
၃၉၈။ ထိုရေကို ခံသော လေထု။ ၂၂၁၊
၃၉၉။ ကမ္ဘာ၏ ကပ်ကြီး၄ကပ်။ ၂၂၂။
၄၀၀။ ကမ္ဘာ အပြား ၂ပါး။ ၂၂၂။
၄၀၁။ သုညကမ္ဘာ အကြောင်း။ ၂၂၂။
၄၀၂။ အသုညကမ္ဘာ အကြောင်း၊ ၂၂၃။
၄၀၃၊—၄၀၄၊ အသုညကမ္ဘာ,သုညကမ္ဘာတို့
တည်ရာကာလ၊ ၂၂၃။
၄၀၅။ အသုညကမ္ဘာ၏ အပြား။ ၂၂၃။
၄၀၆—၄၀၈။ သာရ,မဏ္ဍ,ဝရကမ္ဘာတို့ အကြောင်း၊ ၂၂၄။
၄၀၉—၄၁၀၊ သာရမဏ္ဍ,ဘဒ္ဒကမ္ဘာတို့ အကြောင်း။ ၂၂၄။
၄၁၁၊ ကမ္ဘာပျက်ခြင်း အကြောင်း။ ၂၂၄။
၄၁၂၊ ရာဂ,ဒေါသ,မောဟ အသီးအသီးငှ် ကမ္ဘာပျက်ပုံ၊ ၂၂၅။
၄၁၃၊ မီး,ရေ,လေတို့ဖြင့် ပျက်ခြင်း အကြိမ်ပေါင်း။ ၂၂၅။
၄၁၄—၄၁၅။ ထို၃ပါးဖြင့် ဘယ်ဘုံတိုင်အောင်
ပျက်သနည်း။ ၂၂၆။
၄၁၆၊ ကမ္ဘာ ပျက်မည့်ကို အနှစ်တသိန်းက သိကြောင်း။ ၂၂၇၊
၄၁၇။ ကမ္ဘာပျက်မိုးကြီး အကြောင်း။ ၂၂၇။
၄၁၈၊ ထိုမိုးကြီးနောက် မိုး ရွာသေးသလော၊ ၂၂၈။
၄၁၉၊ မိုး ပြတ်လေသော်၊သတ္တဝါတို့ မည်သို့
ဖြစ်ကြသနည်း။ ၂၂၈၊
၄၂၀-၄၂၃။ နေ ၂စင်း,၃စင်း,၄စင်း,၅စင်း ထွက်သော်၊ဖြစ်ပုံ။ ၂၂၉။

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၄၄၅၊ | ပဒါသတာနွယ် ကွယ်ပြန်သော်၊အဘယ်ကို စားကြသနည်း။ | ၂၃၇၊ |
| ၄၄၆၊ | သလေးဆန်ကို စားကြရာ၊ကိုရောင်မည်သို့ ဖြစ်သနည်း။ | ၂၃၈။ |
| ၄၄၇၊ | ကိုရောင် ကွယ်သော်၊ဘာ ထွက်ပေါ်သနည်း၊ | ၂၃၉။ |
| ၄၄၈၊ | နေရောင် ကွယ်သော်၊ဘာ ထွက်ပေါ်သနည်း။ | ၂၃၉၊ |
| ၄၄၉၊ | ကမ္ဘာဦးသူတို့ ဘယ်ကာလမှ ယောက်ျား,မိန်းမ ထင်ရှား ဖြစ်ဘိသနည်း၊ | ၂၃၉၊ |
| ၄၅၀၊ | ယောက်ျား,မိန်းမ ဖြစ်ကြပြီးနောက်၊မည်သို့ ဖြစ်ကြသနည်း၊ | ၂၄၀၊ |
| ၄၅၁၊ | ကမ္ဘာဦးသူတို့ အဝတ်ပုဆိုး ဘယ်က ရကြသနည်း။ | ၂၄၀၊ |
| ၄၅၂၊ | သလေးဆန်ကို ကွယ်သော်၊စပါး စိုက်ကြရကြောင်း။ | ၂၄၀၊ |
| | မဟာသမ္မတမင်း မြှောက်ကြရကြောင်း။ | ၂၄၁၊ |
| ၄၅၃–၄၅၄၊ | လဗိမာန် ၏ပမာဏ၊ | ၂၄၁၊ |
| ၄၅၅–၄၅၆။ | နေ့ဗိမာန်၏ ပမာဏ၊ | ၂၄၁၊ |
| ၄၅၇၊ | နေ့,လတို့ သွားသော ခရီး။ | ၂၄၁။ |
| ၄၅၈–၄၆၇။ | အသူရိန်နတ်ကြီး၏ ပမာဏ၊ | ၂၄၂။ |
| ၄၆၈–၄၆၉၊ | နေ့,လတို့ကို အသူရိန် ဖမ်းပုံ။ | ၂၄၃။ |
| ၄၇၀။ | အသူရိန်သည် နေ့,လတို့ အဟုန်ကို မတားနိုင်။ | ၂၄၄။ |
| ၄၇၁။ | မြင်းမိုရ်၏ ရေပေါ်,ရေအောက်ပမာဏ။ | ၂၄၄။ |
| ၄၇၂။ | မြင်းမိုရ်၏ အလိန်ဆင့်၊ | ၂၄၅။ |
| ၄၇၃–၄၇၆၊ | မြင်းမိုရ်တောင်၏ အရောင်၄ပါး။ | ၂၄၅။ |
| ၄၇၇၊ | မြင်းမိုရ်ကို ရံသော တောင်စဉ်၇ထပ်၊ | ၂၄၆၊ |
| ၄၇၈–၄၇၉၊ | တောင်စဉ်၇ထပ်၏ ရေပေါ်,ရေအောက်ပမာဏ၊ | ၂၄၇။ |
| ၄၈၀။ | တောင်စဉ်၇ထပ်၏ တည်နေပုံ၊ | ၂၄၇၊ |
| ၄၈၁၊ | တောင်စဉ်တို့အကြား၊သီတာ၇တန်၊ | ၂၄၈၊ |
| ၄၈၂၊ | မြင်းမိုရ်တောင်၏ ပုံသဏ္ဌာန်။ | ၂၄၈၊ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ။ |
|---|---|---|
| ၄၀၃၊ | မြင်းမိုရ် တည်နေဟန်၊ | ၂၄၀။ |
| ၄၀၄။ | တာဝတိံသာ၏ တည်ရာအရပ်။ | ၂၄၉၊ |
| ၄၀၅၊ | တာဝတိံသာပြည်၌ တံခါး၁၀၀၀ ရှိကြောင်း၊ | ၂၄၉။ |
| ၄၀၆။ | ဝေဇယန္တာပြာသာဒ်အကြောင်း။ | ၂၄၉၊ |
| ၄၀၇။ | ဝေဇယန္တာရထားအကြောင်း၊ | ၂၄၉၊ |
| ၄၀၈-၄၀၉။ | ဧရာဝဏ်ဆင်အကြောင်း။ | ၂၅၀။ |
| ၄၉၀။ | နတ်ပြည်၌ တိရစ္ဆာန် ရှိကောင်းသလော၊ | ၂၅၁၊ |
| ၄၉၁။ | ဧရာဝဏ်ဆင်၏ ပုံသဏ္ဍာန်။ | ၂၅၁၊ |
| ၄၉၂-၄၉၅၊ | သိကြားမင်း၏ မိဖုရား၄ပါး ခစားရပုံ၊ | ၂၅၁၊ |
| ၄၉၆။ | ပင်လယ်ကသစ်ပင်နှင့် ပဏ္ဍုကမ္ဗလာ၊ | ၂၅၂၊ |
| ၄၉၇-၄၉၈၊ | သုခမ္မာရပ်အကြောင်း၊ | ၂၅၃၊ |
| ၄၉၉-၅၀၀။ | နန္ဒဝန်ဥယျာဉ်အကြောင်း။ | ၂၅၃။ |
| ၅၀၁-၅၀၂။ | ဖရုသကဥယျာဉ်အကြောင်း၊ | ၂၅၄၊ |
| ၅၀၃-၅၀၄၊ | စိတ္တလတာဥယျာဉ်အကြောင်း။ | ၂၅၄၊ |
| ၅၀၅၊ | မိဿကဥယျာဉ်အကြောင်း။ | ၂၅၅၊ |
| ၅၀၆။ | မဟာဝန်ဥယျာဉ်အကြောင်း၊ | ၂၅၅၊ |
| ၅၀၇။ | တာဝတိံသာမြို့-တန်ခွန်တိုင်အကြောင်း။ | ၂၅၅၊ |
| ၅၀၈-၅၁၁၊ | ကောင်းမှုပြုသူတို့ကို နတ်ပြည်က ပုရပိုက်နှင့် မှတ်ယူကြောင်း။ | ၂၅၆၊ |
| ၅၁၂-၅၁၄၊ | ထိုပုရပိုက်ကို ပဥ္စသိခအား၊ ပဥ္စသိခက မာတလိအား၊ မာတလိက သိကြားမင်းအား ပေးအပ်ကြောင်း၊ | ၂၅၆၊ |
| ၅၁၅။ | သိကြားမင်းဖတ်သံကို ၁၂ယူဇနာအာ ကြားရကြောင်း။ | ၂၅၇၊ |
| ၅၁၆။ | အထက်ပါအကြောင်းအကျယ်၊ | ၂၅၀၊ |
| ၅၁၇-၅၁၈၊ | အသူရာပြည်နှင့် မင်းအကြောင်း၊ | ၂၆၀။ |
| ၅၁၉၊ | သမုဒ္ဒရာ ၇ဝင်းအမည်၊ | ၂၆၁။ |
| ၅၂၀-၅၂၁။ | ခုရမာလိ,အဂ္ဂိမာလိသမုဒ္ဒြာတို့အကြောင်း။ | ၂၆၁၊ |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၅၂၂-၅၂၃။ | ဒမိမာလိ,ကုသမာလိသမုဒ္ဒရာတို့အကြောင်း။ | ၂၆၂။ |
| ၅၂၄-၅၂၅။ | နဠမာလိ,နမလိသမုဒ္ဒရာတို့အကြောင်း။ | ၂၆၂။ |
| ၅၂၆။ | ဗလဝါမုခသမုဒ္ဒရာအကြောင်း။ | ၂၆၃။ |
| ၅၂၇။ | မဟာသမုဒ္ဒရာ အစဥ္ဆအတိုင်း ချိုင့်ဖွမ်းပုံ။ | ၂၆၃။ |
| ၅၂၈-၅၃၀။ | မဟာသမုဒ္ဒရာ၌ ထမ်းပိုး၃ပါး။ | ၂၆၄။ |
| ၅၃၁။ | ငါးကြီးရှစ်စင်းအမည်။ | ၂၆၄။ |
| ၅၃၂-၅၃၃။ | တိမိ,တိမိင်္ဂလငါးတို့အကြောင်း။ | ၂၆၅။ |
| ၅၃၄-၅၃၅။ | တိမိပိင်္ဂလ,တိမိရပိင်္ဂလတို့အကြောင်း။ | ၂၆၅။ |
| ၅၃၆။ | အာနန္ဒာ, တိမိနန္ဒ, အဇ္ဈာရောဟ, မဟာတိမိတို့ အကြောင်း။ | ၂၆၅။ |
| ၅၃၇။ | သောင်း၄ရပ်အကြောင်း။ | ၂၆၆။ |
| ၅၃၈-၅၄၁။ | ကျွန်းကြီး၄ကျွန်း၏ ပမာဏ။ | ၂၆၇။ |
| ၅၄၂။ | ထို၄ကျွန်းတို့၏ တည်ဟန်နှင့်သဏ္ဌာန်။ | ၂၆၇။ |
| ၅၄၃။ | ထို၄ကျွန်းသားတို့၏ မျက်နှာပုံသဏ္ဌာန်။ | ၂၆၇။ |
| ၅၄၄-၅၄၇။ | ၄ကျွန်းသားတို့၏ အသက်အပိုင်းအခြား။ | ၂၆၈။ |
| ၅၄၈။ | အဘယ့်ကြောင့် မြောက်ကျွန်းသား အသက်၁၀၀၀နေရသနည်း။ | ၂၆၈။ |
| ၅၄၉။ | တောင်ကျွန်းသို့ ဇမ္ဗူဒိပါ တွင်ခြင်းအကြောင်း။ | ၂၆၉။ |
| ၅၅၀။ | ဇမ္ဗူသပြေပင်အကြောင်း။ | ၂၆၉။ |
| ၅၅၁။ | ဇမ္ဗူရာဇ်ရွှေအကြောင်း။ | ၂၆၉။ |
| ၅၅၂-၅၅၃။ | တကမ္ဘာတည်-သစ်ကြီး၇ပင်အကြောင်း။ | ၂၇၀။ |
| ၅၅၄။ | သစ်ကြီး၇ပင်၏ ပမာဏ။ | ၂၇၁။ |
| ၅၅၅-၅၅၇။ | ဇမ္ဗူဒိပါတွင် ရေနေ,တောနေ,လူနေအကြောင်း။ | ၂၇၁။ |
| ၅၅၈-၅၆၀။ | ထိုလူနေ၃၀၀၀တွင် မြို့မခရိုင်,ကျေးလက်, သဘောဆိပ်တို့ အရေအတွက်။ | ၂၇၂။ |
| ၅၆၁။ | ရတနာအပေါင်းဖြစ်ရာ,၅၆ရပ်အကြောင်း။ | ၂၇၂။ |
| ၅၆၂။ | ဟိမဝန္တာတောင် တည်ဟန်အကြောင်း။ | ၂၇၂။ |
| ၅၆၃-၅၆၄။ | ဟိမဝန္တာမှ စီးဆင်းသော မြစ်ငယ်ငါးရာ။ | ၂၇၃။ |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| | ပဉ္စာကဏ္ဍနကျမ်း,ဆဋ္ဌမတွဲ။ | |
| ၅၆၅။ | အိုင်ကြီး၇အိုင်အကြောင်း။ | ၂၇၄။ |
| ၅၆၆-၅၇၁။ | အနဝတတ်အိုင်ကို ရံသော တောင်၅လုံး။ | ၂၇၄။ |
| ၅၇၂။ | ထိုတောင်၅လုံး၏ ပမာဏ။ | ၂၇၆။ |
| ၅၇၃။ | အနဝတတ်အိုင်သို့ နေ့,လတို့ အရောင် ရောက်ပုံ။ | ၂၇၆။ |
| ၅၇၄။ | အနဝတတ်အိုင်၌ မွေ့လျော်ဘွယ်တို့အကြောင်း။ | ၂၇၆။ |
| ၅၇၅။ | အနဝတတ်အိုင်၌ ပွင့်၄ပေါက် ရှိကြောင်း။ | ၂၇၇။ |
| ၅၇၆-၅၇၇။ | အရှေ့,အနောက်,မြောက်ပွင့်တို့က စီးထွက်သော မြစ်တို့ အကြောင်း။ | ၂၇၇။ |
| ၅၇၈-၅၈၅။ | တောင်မျက်နှာပွင့်မှ စီးထွက်သော မြစ်ကြီး၏ အကြောင်း။လူနေသို့ရောက်သော အခါ၊ဂင်္ဂါ,ယမုနာ,အစိရဝတီ,မဟီ,သရဘူ ဟူသော မြစ်ကြီး၅သွယ် ဖြစ်လာရပုံ အကြောင်း။ | ၂၇၈။ |
| ၅၈၆။ | ဆဒ္ဒန်အိုင်၏ မွေ့လျော်ဘွယ် အကြောင်း။ | ၂၈၁။ |
| ၅၈၇-၅၈၈။ | ဆဒ္ဒန်အိုင်က ပညောင်ပင်ကြီး အကြောင်း။ | ၂၈၂။ |
| ၅၈၉။ | ထိုညောင်ပင်ကြီး၌ ဆဒ္ဒန်ဆင်မင်းနေပုံ အကြောင်း။ | ၂၈၃။ |
| ၅၉၀။ | မန္ဒာကိနီအိုင်နှင့် မန္ဒာကိနီရေကန်တို့ အကြောင်း။ | ၂၈၄။ |
| ၅၉၁။ | ကရဝိတ်ငှက်မင်း၏ အသံ အကြောင်း။ | ၂၈၆။ |
| ၅၉၂-၅၉၃။ | မြောက်ကျွန်းသားတို့ နေပုံ အကြောင်း။ | ၂၈၇။ |
| ၅၉၄။ | ထိုကျွန်း၌ လူ မနေသော သစ်ပင်တို့ အကြောင်း။ | ၂၈၇။ |
| ၅၉၅။ | မြောက်ကျွန်းသားတို့၏ အရွယ်,အဆင်း အကြောင်း။ | ၂၈၈။ |
| ၅၉၆။ | ထိုကျွန်းသားတို့ လယ်လုပ်ခြင်း,ကုန်သွယ်ခြင်း မရှိ။ | ၂၈၈။ |
| ၅၉၇။ | ထိုကျွန်းသားတို့အား အချမ်း,အပူ,မွေ့,ကင်း စသော ဘေးရန် မရှိကြောင်း။ | ၂၈၉။ |
| ၅၉၈-၅၉၉။ | ထိုကျွန်းသားတို့ ဆန်ကို အခိုး မရှိသော မီးဖြင့် ချက်စားကြောင်း။ | ၂၈၉။ |

ဦးရေ၊ အကြောင်းအရာ၊ စာမျက်နှာ၊


၆၀၀။ ထိုကျွန်းသားတို့အား မကောင်းသော အနာ, ရောဂါ မရှိကြောင်း၊ ၂၉၀၊

၆၀၁၊ မြောက်ကျွန်းသားတို့ ဝန်မတိုကြောင်း။ ၂၉၁။

၆၀၂။ ထိုကျွန်းသားတို့ ရှုန်းကွ,ဆွံ့အခြင်း,အင်္ဂါချို့တဲ့ခြင်း မရှိကြောင်း၊မိန်းမတို့ ချောလှကြောင်း။ ၂၉၁၊

၆၀၃။ ထိုကျွန်းသားတို့ အရုပ်အဆင်း မဖောက်ပြန်ကြောင်း၊ ၂၉၂။

၆၀၄၊ ထိုကျွန်းသားတို့ အမြဲ အိမ်ရာထောင်ခြင်း မရှိကြောင်း။ ၂၉၂၊

၆၀၅။ ထိုကျွန်းသူတို့ ကလေး ဖွားမြင်ပုံ။ ၂၉၃။

၆၀၆၊ ထိုကျွန်း၌ ဖွားသော ကလေးကို အမိ မမွေး မြူကြောင်း၊ ၂၉၃၊

၆၀၇၊ ထိုကျွန်းသားတို့ အဝတ်တန်ဆာကို ပဒေသာပင်မှ ရကုန်၏။ ၂၉၄၊

၆၀၈၊ ထိုကျွန်း၌ သူသေကို မသင်္ဂြိုဟ်၊ငှက် ချီယူကြောင်း၊ ၂၉၅။

၆၀၉၊ ထိုကျွန်းသားတို့ သေလျှင်၊အပါယ် မလားကြောင်း၊ ၂၉၆။

၆၁၀–၆၁၁၊ မြင်းမိုရ်ကို တိုင်းသော အတိုင်းအတာ၊ ၂၉၆၊

၆၁၂၊ စကြဝဠာတောင်တာ့ဖွဲ့ပုံ၊ ၂၉၇၊

၆၁၃၊ မှုး,ပဲ စသော ချိန်ဝန်ဖွဲ့ပုံ၊ ၂၉၈၊

၆၁၄၊ တလက်ဖက် စသော ချင့်ဝန်ဖွဲ့ပုံ၊ ၂၉၈၊

၆၁၅၊ အချိန်နာရီဖွဲ့ပုံ။ ၂၉၉၊

၆၁၆၊ တခုက စ၍၊အသင်္ချေယျတိုင် အခေါ်များ၊ ၂၉၉၊

၆၁၇–၆၂၂၊ ထိုသင်္ချာတို့ကို ရေတွက်ယူပုံ။ ၃၀၀။

၆၂၃–၆၂၄၊ ကျမ်းဦး၌ နမောတဿ ထားခြင်းအကြောင်း၊ ၃၀၂၊

၆၂၅။ တူရိယာ၅ပါး အကြောင်း၊ ၃၀၃၊

၆၂၆၊ တရား နာခြင်း၏ အကျိုး ၅ပါး၊ ၃၀၄။

၆၂၇၊ ယောက်ျားမြတ်တို့၏ အား၅ပါး။ ၃၀၅၊

၆၂၈၊ သူတော်ကောင်းတို့၏ အား၅ပါး၊ ၃၀၆၊

| ဦးရေ၊ | အကြောင်းအရာ။ | စာမျက်နှာ၊ |
|---|---|---|
| ၆၂၉၊ | ဒိန်းမတ္တိ၏ အားငါးပါး၊ | ၃၀၇။ |
| ၆၃၀၊ | အကျိုးစီးပွား များအံ့သော တရား ၇ ပါး၊ | ၃၀၈။ |
| ၆၃၁၊ | လောကခံ တရားရှစ်ပါး၊ | ၃၀၈၊ |
| ၆၃၂၊ | ပြည်ကြီးအင်္ဂါ ၇ ပါး၊ | ၃၀၈၊ |
| ၆၃၃–၆၃၇၊ | သိဒ္ဓတ်မင်းသား စံသော ပြဿာဒ် ၃ ဆောင် အကြောင်း၊ | ၃၀၉၊ |
| ၆၃၈၊ | သိဒ္ဓတ်မင်းသား ဆံတော် ပယ်ပုံ၊ | ၃၁၀၊ |
| ၆၃၉။ | ဆံတော်ကို မိဋ္ဌာန်၍ ပစ်ပုံ၊ | ၃၁၀၊ |
| ၆၄၀၊ | ပစ်သော ဆံတော် ကောင်းကင်၌ တည်ပုံ၊ | ၃၁၀၊ |
| ၆၄၁၊ | ထိုဆံတော်ကို အဘယ်နတ် ယူသနည်း၊ | ၃၁၁၊ |
| ၆၄၂၊ | ဆံတော်အရှည် မည်မျှ ကျန်သနည်း၊ | ၃၁၁၊ |
| ၆၄၃၊ | ကျန်သော ဆံတော် တိုး၍ မရှည်ကြောင်း၊ | ၃၁၁၊ |
| ၆၄၄၊ | ကဏ္ဍကမြင်း သေသော်၊ အဘယ်၌ ဖြစ်သနည်း၊ | ၃၁၂၊ |
| ၆၄၅၊ | ဃဋိကာရဗြဟ္မာသည် သက်နိုးသာ ကပ်သလော၊ ပရိက္ခရာ ရှစ်ပါးလုံး ကပ်သလော၊ | ၃၁၂၊ |
| ၆၄၆၊ | ထိုဗြဟ္မာသည် ဝတ်လဲတော်တို့ကို အဘယ်၌ ထားသနည်း၊ | ၃၁၂၊ |
| ၆၄၇၊ | သိဒ္ဓတ်မင်းသား သဗ္ဗညုတဉာဏ်ကို ဘယ်အချိန် ရတော်မူသနည်း၊ | ၃၁၃၊ |
| ၆၄၈၊ | ဗုဒ္ဓ ဖြစ်ပြီးနောက်၊ စံတော်မူရာ,သတ္တဋ္ဌာန၊ | ၃၁၃၊ |
| ၆၄၉–၆၅၀၊ | ပထမ,ဒုတိယ ဝါဆိုရာ,ဌာန၊ | ၃၁၄၊ |
| ၆၅၁–၆၅၅၊ | တတိယက အဋ္ဌမထိ ဝါဆိုရာ,ဌာန၊ | ၃၁၅၊ |
| ၆၅၆–၆၆၂၊ | နဝမက ပန္နရသမထိ ဝါဆိုရာ,ဌာန။ | ၃၁၆၊ |
| ၆၆၃–၆၆၇၊ | သောဠသမက ဝိသတိမထိ ဝါဆိုရာ ဌာန။ | ၃၁၇၊ |
| ၆၆၈။ | အကြွင်း ၂၅ ဝါအတွက် ဝါဆိုရာ,ဌာန၊ | ၃၁၈၊ |
| ၆၆၉၊ | ဗုဒ္ဓကိုတိုင် ချုတ်တော်မူသော သတ္တဝါပေါင်း။ | ၃၁၈၊ |
| | ကုဋေ ၉၀၊ ဗိုလ်ခြေတသိန်း ကျွတ်သည် ဆိုသော စကား၊ | ၃၁၉၊ |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၆၇၀။- | ဝိပါက်ကော်ဘ ၂ပါး။ | ၃၁၉။ |
| ၆၇၁။ | ဒုက္ကရစရိယာ ၆နှစ် ကျင့်ရသော ဝိပါက်။ | ၃၂၀။ |
| ၆၇၂။ | ဝိဥ္စမာဏ စွပ်စွဲသော ဝိပါက်။ | ၃၂၀။ |
| ၆၇၃။ | သုန္ဒရီပရိဗိုဇ်မ စွပ်စွဲသော ဝိပါက်။ | ၃၂၁။ |
| ၆၇၄။ | တိတ္ထိတို့ စွပ်စွဲသော ဝိပါက်။ | ၃၂၁။ |
| ၆၇၅။ | ဒေဝဒတ်ဖြင့် ကျောက်ချခြင်း ခံရ သောဝိပါက်။ | ၃၂၁။ |
| ၆၇၆။ | သွေးစိမ်း တည်သော ဝိပါက်။ | ၃၂၂။ |
| ၆၇၇။ | နာဠာဂီရိဆင်ဖြင့် တိုက်သော ဝိပါက်။ | ၃၂၂။ |
| ၆၇၈။ | ခြေမတော် ခါးခွဲခံရခြင်း ဝိပါက်။ | ၃၂၃။ |
| ၆၇၉။ | ခေါင်းတော် ခဲရသော ဝိပါက်။ | ၃၂၃။ |
| ၆၈၀။ | မယောဆွမ်း ဖုဉ်းပေးရသော ဝိပါက်။ | ၃၂၃။ |
| ၆၈၁။ | ခါးတော် ဖေးကျောင်ရသော ဝိပါက်။ | ၃၂၄။ |
| ၆၈၂။ | ဝမ်းတော် လျှောရသော ဝိပါက်။ | ၃၂၄။ |
| ၆၈၃။ | ချပ်ဖြစ်ရှစ်ပါးသရုပ်။ | ၃၂၅။ |
| ၆၈၄။ | ခံပွန်းကြီး ၁၀ပါး။ | ၃၂၅။ |
| ၆၈၅–၆၈၆။ | ဝိဇ္ဇာ ၃ပါး၊ဝိဇ္ဇာရှစ်ပါး သရုပ်။ | ၃၂၆။ |
| ၆၈၇။ | စရဏ ၁၅ပါး သရုပ်။ | ၃၂၆။ |
| ၆၈၈။ | ပုန်းတော် ၆ပါး သရုပ်။ | ၃၂၆။ |
| ၆၈၉။ | ဆအသာဓာရဏဉာဏ်တော် ၆ပါး။ | ၃၂၇။ |
| ၆၉၀–၆၉၁။ | အင်္ဂတိရသေ့အား သိကြားမင်း ပေးသော ဆု ၈ပါး။ | ၃၂၇။ |
| ၆၉၂။ | အရှင်အာနန္ဒာ၏ ဆုရှစ်ပါး။ | ၃၂၉။ |
| ၆၉၃။ | အဘဲ့ကြောင့် ဆု ၄ပါးကို ပယ်သနည်း။ | ၃၃၀။ |
| ၆၉၄။ | အဘဲ့ကြောင့် ဆု ၄ပါးကို ယူသနည်း။ | ၃၃၀။ |
| ၆၉၅။ | သမာပတ်ရှစ်ပါးသရုပ်။ | ၃၃၁။ |
| ၆၉၆။ | ကြိယာသမာပတ်ရှစ်ပါးသရုပ်။ | ၃၃၁။ |
| ၆၉၇။ | ဓမ္မက္ခန္ဓာ ၈၄၀၀၀ကို ပိဋကတ် ၃ပုံနှင့် ဝေပုံ။ | ၃၃၂။ |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| ၆၉၈။ | 'ဥာဏအာကာရာ'ကို ပိဋကတ်သချာ ကောက်နည်း။ | ၃၃၂။ |
| ၆၉၉။ | သာသနာနှစ်၄၅၀တိုင်အောင် ပိဋကတ်၃ပုံကို နှုတ်တက်ဆောင်ကြောင်း။ | ၃၃၂။ |
| ၁၀၀။ | ဝဋ္ဋဂါမဏိမင်းလက်ထက် ပိဋကတ်ကို ပေတက် အက္ခရာ တင်ကြောင်း။ | ၃၃၃။ |
| ၁၀၁။ | ရှင်ဗုဒ္ဓဃောသ ပိဋကတ် ကူးယူကြောင်း။ | ၃၃၃။ |
| ၁၀၂။ | ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် ပြုရာ,အရပ်။ | ၃၃၃။ |
| ၁၀၃။ | ရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် ပြုရာ,အရပ်။ | ၃၃၄။ |
| ၆၀၄။ | ယသောဓရာ ပရိနိဗ္ဗာန် ပြုပုံ။ | ၃၃၄။ |
| ၁၀၅။ | အဘယ့်ကြောင့် ဘုရားသခင် ကုသိနာရုံ၌ ပရိနိဗ္ဗာန် ပြုသနည်း။ | ၃၃၄။ |
| | စွယ်တော်,ဓာတ်တော်တို့ တည်ရာဌာန။ | ၃၃၅။ |
| | ပဋ္ဌာကဘာသနကျမ်း,သတ္တမတွဲ။ | |
| ၁၀၆။ | ဘုရားအသံတော်၏ အင်္ဂါရှစ်ပါး။ | ၃၃၆။ |
| | ဘုရားတရားတော်တို့ကို ဝေဘန်,ရခြားပုံ။ | ၃၃၇။ |
| ၁၀၇။ | 'ဘုရား တရားတော်အလုံးသည် ဝိမုတ္တိရသအားဖြင့် တပါးသာ၊'ဟူသော စကား၏ အဓိပ္ပါယ်။ | ၃၃၇။ |
| ၁၀၈။ | တရားတော်တို့သည် ဓမ္မ,ဝိနယအားဖြင့် ၂ပါး။ | ၃၃၈။ |
| ၁၀၉-၁၁၁။ | ဗုဒ္ဓဝစန၃ပါး။ | ၃၃၈။ |
| ၁၁၂-၁၁၅။ | ပိဋကတ်၃ပုံကို ခွဲးစိတ်ပြခြင်း။ | ၃၄၀။ |
| ၁၁၆။ | ဝိနည်း ခေါ်ခြင်းအကြောင်း။ | ၃၄၂။ |
| ၁၁၇။ | တနည်း-ဝိနည်းခေါ်ခြင်းအကြောင်း။ | ၃၄၂။ |
| ၁၁၈။ | တနည်း-ဝိနည်း မည်ကြောင်း,ဝိဂြုဟ်။ | ၃၄၃။ |
| ၁၁၉။ | သုတ္တန်ပိဋကတ်ခေါ်ခြင်း,အကြောင်း။ | ၃၄၃။ |
| ၁၂၀။ | အဘိဓမ္မာပိဋကတ်ခေါ်ခြင်း,အကြောင်း။ အဘိ-သဒ္ဒါ၏ အနက်၅ပါး။ | ၃၄၅။ |
| ၁၂၁။ | အဘိ-သဒ္ဒါ ပွားခြင်းအနက်,မှတ်ခြင်းအနက် | ၃၄၅။ |

ဦးရေ၊ အကြောင်းအရာ၊ စာမျက်နှာ၊

ဟောပုံကို ကျမ်းတပါးမှ ဆောင်၍ ပြခြင်း၊

၇၂၂၊ အဘိ-သဒ္ဒါ ပူးဇော်ထိုက်ခြင်းအနက်ကို ဟောပုံကို ပြခြင်း၊ ၃၄၆၊

၇၂၃။ အဘိ-သဒ္ဒါ ပိုင်းခြားခြင်းအနက်ကို ဟောပုံ၊ ၃၄၇။

၇၂၄၊ အဘိ-သဒ္ဒါ လွန်ခြင်း အနက်ကို ဟောပုံ။ ၃၄၇၊

အဘိဓမ္မာကျမ်း၌ ပွားခြင်းအနက်ကို ဟောပုံသာဓက၊ ၃၄၈၊

၇၂၅၊ အဘိမ္မာကျမ်း၌ မှတ်ခြင်းအနက်ဟောပုံသာဓက။ ၃၄၈၊

၇၂၆၊ အဘိဓမ္မာကျမ်း၌ ပူဇော်ထိုက်ခြင်းအနက်ကို ဟောပုံ သာဓက၊ ၃၄၉။

၇၂၇၊ အဘိဓမ္မကျမ်း၌ ပိုင်းခြားခြင်းအနက်ဟောပုံသာဓက၊ ၃၅၀၊

၇၂၈၊ အဘိမ္မာကျမ်း၌ လွန်ခြင်းအနက်ဟောပုံသာဓက။ ၃၅၀၊

၇၂၉။ ထိုမှတပါး အဘိဓမ္မာ မည်ကြောင်း,ဝိဂြိုဟ်၊ ၃၅၁။

၇၃၀၊ ပိဋကတ်သဒ္ဒါ၏ အနက်၊ ၃၅၂။

၇၃၁။ ထိုမှတပါး ပိဋကတ်သဒ္ဒါ၏ အနက်၊ ၃၅၂၊

၇၃၂၊ ပိဋကတ်ကို ဒေသနာ,သာသနာ,ကထာအားဖြင့် ၃ပါး ပြားခြင်း၊(ဖြစ်ထိုက်သည်အားလျော်စွာ ပြားပုံတည်း၊) ၃၅၃၊

၇၃၃၊ ထို၃ပါးကို တပါးလျှင် ၃ပါးစီ ပြားပြန်ပုံ၊ ၃၅၃၊

၇၃၄။ အာဏာဒေသနာ,အဓိပ္ပါယ်၊ ၃၅၃၊

၇၃၅။ ဝေါဟာရဒေသနာ,အဓိပ္ပါယ်။ ၃၅၄၊

၇၃၆၊ ပရမတ္ထဒေသနာ,အဓိပ္ပါယ်၊ ၃၅၄၊

၇၃၇။ ယထာပရာဓသာသနာ,အဓိပ္ပါယ်၊ ၃၅၄၊

၇၃၈၊ ယထာနုလောမသာသနာ,အဓိပ္ပါယ်၊ ၃၅၅၊

၇၃၉၊ ယထာဓမ္မသာသနာ,အဓိပ္ပါယ်၊ ၃၅၅၊

၇၄၀၊ သံဝရာ,သံဝရကထာ,အဓိပ္ပါယ်၊ ၃၅၅။

၇၄၁၊ ဒိဋ္ဌိဝိနိဝေဌနကထာ,အဓိပ္ပါယ်၊ ၃၅၆၊

၇၄၂၊ နာမရူပပရိစ္ဆေဒကထာ,အဓိပ္ပါယ်၊ ၃၅၆၊

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ။ |
|---|---|---|
| ၁၄၃၊ | ပိဋကတ်၃ပုံ၌ဂဏ္ဌိ၅ပါး၊ | ၃၅၇။ |
| ၁၄၄။ | ဓမ္မ၏ နက်နဲခြင်း။ | ၃၅၇။ |
| ၁၄၅၊ | အတ္ထ၏ နက်နဲခြင်း၊ | ၃၅၇။ |
| ၁၄၆။ | ဒေသနာ၏ နက်နဲခြင်း၊ | ၃၅၇၊ |
| ၁၄၇၊ | ပဋိဝေဓ၏ နက်နဲခြင်း။ | ၃၅၇၊ |
| ၁၄၈၊ | ထိုနက်နဲခြင်း၄ပါးသို့ အဘယ်အခြင်းအရာဖြင့် နက်နဲလေသနည်း၊ | ၃၅၈၊ |
| ၁၄၉၊ | ပိဋကတ်တပုံ,တပုံ၌ သင်ခြင်းအပြား ၃ပါး၊ | ၃၅၈။ |
| ၁၅၀။ | အလဂဒ္ဒူပမာ သင်ခြင်း,အဓိပ္ပါယ်၊ | ၃၅၈။ |
| ၁၅၁။ | နိဿရဏတ္ထသင်ခြင်း,အဓိပ္ပါယ်။ | ၃၆၂။ |
| ၁၅၂၊ | ဘဏ္ဍာဂါရိကသင်ခြင်း,အဓိပ္ပါယ်။ | ၃၆၃။ |
| ၁၅၃။ | နိကာယ်အားဖြင့် ၅ပါး အကြောင်း၊ | ၃၆၅။ |
| ၁၅၄–၁၅၅၊ | ဒီဃနိကာယ်,မဇ္ဈိမနိကာယ် အကြောင်း၊ | ၃၆၅၊ |
| ၁၅၆–၁၅၇၊ | သံယုတ္တနိကာယ်,အင်္ဂုတ္တရနိကာယ် အကြောင်း၊ | ၃၆၆၊ |
| ၁၅၈၊ | ခုဒ္ဒကနိကာယ် အကြောင်း။ | ၃၆၆၊ |
| ၁၅၉၊ | တရားတော်ကို အင်္ဂါအားဖြင့် ၉ပါးခွဲပုံ။ | ၃၆၇။ |
| ၁၆၀။ | ထို၉ပါးတွင် သုတ္တံ၏ အဓိပ္ပါယ်၊ | ၃၆၇။ |
| ၁၆၁။ | ဂေယျ၏ သရုပ်,အဓိပ္ပါယ်၊ | ၃၆၈၊ |
| ၁၆၂။ | ဝေယျာကရဏ,အဓိပ္ပါယ်။ | ၃၆၈။ |
| ၁၆၃–၁၆၄။ | ဂါထာ,ဥဒါန,အဓိပ္ပါယ်။ | ၃၆၈။ |
| ၁၆၅–၁၆၆၊ | ဣတိဝုတ္တက,ဇာတက,အဓိပ္ပါယ်။ | ၃၆၉။ |
| ၁၆၇။ | အဗ္ဘုတဓမ္မ,အဓိပ္ပါယ်။ | ၃၆၉။ |
| ၁၆၈။ | ဝေဒလ္လဆိုသည်၏ အဓိပ္ပါယ်၊ | ၃၇၀။ |
| ၁၆၉၊ | ဓမ္မက္ခန္ဓာ၈၄၀၀၀၏ သရုပ်,သင်္ချာ,အဓိပ္ပါယ်။ | ၃၇၀။ |
| ၁၇၀။ | မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုရာအရပ်။ | ၃၇၁၊ |
| ၁၇၁။ | ဘုရား ပရိနိဗ္ဗာန် ပြုရာသို့ ရောက်လာသော သင်္ဃာတော်အရေအတွက်၊ | ၃၇၂။ |

| ဦးရေ။ | အကြောင်းအရာ။ | စာမျက်နှာ။ |
|---|---|---|
| | ဗုဒ္ဓဂုဏ်,ဓမ္မဂုဏ်,သံဃာဂုဏ်တို့ အစဉ်အတိုင်း ဖြစ်ပုံ၊ | ၃၇၂။ |
| | ဗုဒ္ဓဂုဏ်တော်၉ပါးအဖွင့်၊ | ၃၇၄။ |
| | ဓမ္မဂုဏ်တော်၆ပါးအဖွင့်၊ | ၃၇၆။ |
| | သံဃာဂုဏ်တော်၉ပါး အဖွင့်၊ | ၃၇၇။ |
| ၇၇၂။ | ဂုဏ်တော်၏ အကျိုးကို ခံစားရသောမဟာ ကပ္ပိနမင်းကြီးတို့ ဝတ္ထု၊ | ၃၇၈။ |
| ၇၇၃။ | ၃၂ပါးသော လက္ခဏာတော်ကြီး အကျယ်၊ | ၃၈၂။ |
| ၇၇၄။ | လက္ခဏာတော်ငယ်၈၀-သရုပ်၊ | ၃၈၈။ |
| ၇၇၅။ | လက္ခဏာဖတ်ပုဏ္ဏားရှစ်ယောက်တို့ အမည်နှင့် ဖတ်ပုံ၊ | ၃၉၅။ |
| ၇၇၆။ | ပဋိစ္စသမုပ္ပါဒ် အဖွင့်။ | ၃၉၆။ |
| | တဏှာ၁၀၈ပါး | ၃၉၉။ |
| | ဘဝ၁၁ပါး။ | ၄၀၁။ |
| ၇၇၇။ | ပဋိစ္စသမုပ္ပါဒ်၌ အစွန်း၃ပါး၊ | ၄၀၃။ |
| ၇၇၈။ | အင်္ဂါ၁၂ပါး အကြောင်း၊ | ၄၀၄။ |
| ၇၇၉။ | အခြင်းအရာ၂၀ အကြောင်း။ | ၄၀၄။ |
| ၇၈၀။ | ဝဋ်၃ပါး အကြောင်း၊ | ၄၀၅။ |
| ၇၈၁။ | မူလ၂ပါး အကြောင်း၊ | ၄၀၅။ |
| ၇၈၂။ | ကမ္မဋ္ဌာန်း၄၀,ပါဠိအနက်။ကသိုဏ်း၁၀ပါး။ | ၄၀၆။ |
| ၇၈၃။ | အသုဘ၁၀ပါး,ပါဠိအနက်၊ | ၄၀၈။ |
| ၇၈၄။ | အနုဿတိ၁၀ပါး,ပါဠိအနက်၊ | ၄၀၉။ |
| | အနုဿတိ၁၀ပါး,အနက်ကျယ်၊ | ၄၁၀။ |
| ၇၈၅။ | အပ္ပမညာပါး,၄ပါး,ပါဠိအနက်။ | ၄၁၁။ |
| ၇၈၆။ | သညာတပါး၊ဝဝတ္ထာန်တပါး၊ | ၄၁၂။ |
| ၇၈၇။ | အာရုပ္ပ၄ပါး။ | ၄၁၂။ |
| ၇၈၈။ | ကမ္မဋ္ဌာန်းဆိုင်ရာ,စရိုက်၆ပါး၊ | ၄၁၂။ |
| ၇၈၉။ | စရိုက်နှင့် ကမ္မဋ္ဌာန်း ပြခြင်း၊ | ၄၁၃။ |
| ၇၉၀။ | ခေါသပြောသူနှင့် လျော်သော ကမ္မဋ္ဌာန်း၊ | ၄၁၃။ |

| ဦးရေ၊ | အကြောင်းအရာ၊ | စာမျက်နှာ၊ |
|---|---|---|
| ၇၉၁၊ | မောဟပြောသူ,ဝိတက်ပြောသူနှင့် လျော်ပတ်သော ကမ္မဋ္ဌာန်း၊ | ၄၁၃၊ |
| ၇၉၂၊ | သဒ္ဓါပြောသူနှင့် လျောက်ပတ်သော ကမ္မဋ္ဌာန်း၊ | ၄၁၄၊ |
| ၇၉၃၊ | ပညာပြောသူနှင့် လျောက်ပတ်သော ကမ္မဋ္ဌာန်း၊ | ၄၁၄၊ |
| ၇၉၄၊ | ကမ္မဋ္ဌာန်းသုံးဆယ်မှ ကြွင်းသော ကမ္မဋ္ဌာန်း၁၀ပါးနှင့် လျောက်ပတ်သော စရိုက်၊ | ၄၁၄၊ |
| ၇၉၅၊ | ကသိုဏ်းဝန်းကြီးငယ်နှင့် စရိုက်၊ | ၄၁၅၊ |
| ၇၉၆၊ | ဘာဝနာ၄ဝဟူသော တော၄ဝ၊ | ၄၁၅၊ |
| ၇၉၇၊ | ခန္ဓာ၅ပါးကိုလက္ခဏာရေးတင်သော သူတို့ ခံစားရသော အကျိုး၊ | ၄၁၈၊ |
| ၇၉၈၊ | ခန္ဓာ၅ပါးကို လက္ခဏာရေး တင်အပ်ကြောင်း ဖုရား ဟောတော်မူပုံ၊ | ၄၁၉ |
| ၇၉၉၊ | အနိစ္စသညာကို ဆင်ခြင်ပုံ၊ | ၄၂၁၊ |
| ၈၀၀၊ | ဒုက္ခသညာကို ဆင်ခြင်ပုံ၊ | ၄၂၂၊ |
| ၈၀၁၊ | အနတ္တသညာကို ဆင်ခြင်ပုံ၊ | ၄၂၂၊ |
| ၈၀၂၊ | သုဘာလုလင်အား ဟောတော်မူသော သဗ္ဗေသတ္တာ ကမ္မသကာတရားတော်၊ | ၄၂၄၊ |
| ၈၀၃၊ | လုလ္လကြောင့် ခံစားရသော အကြောင်း၊ | ၄၂၆၊ |
| ၈၀၄၊ | ဒုဗ္ဗလကံကို မြစ်တားပုံအကြောင်း၊ | ၄၂၈၊ |
| ၈၀၅၊ | ဖုရား ဟောသော ကံတရားအကြောင်း၊ | ၄၂၉၊ |
| ၈၀၆၊ | ထိုမှတပါး ကံတရားအကြောင်း၊ | ၄၃၁၊ |
| ၈၀၇၊ | ဝိရိယအကျိုးတရားအကြောင်း၊ | ၄၃၁၊ |
| ၈၀၈၊ | ကံတရားအကြောင်း,တနည်း၊ | ၄၃၂၊ |
| ၈၀၉၊ | ဝိရိယကြောင့် အကျိုးစီးပွား များကြောင်း၊ | ၄၃၃၊ |
| ၈၁၀၊ | ကံ,ဝိရိယနှင့် ဆိုင်သော ပုဂ္ဂိုလ်၄ပါး၊ | ၄၃၄၊ |
| | ကျမ်းပြီးနိဂုံး၊ | ၄၃၇၊ |


—=o=—

| အကြောင်းအရာ၊ | ဦးရေနံပါတ်၊ |
|---|---|
| ၂ပါးခု။ | |
| အဂ္ဂသာဝက၊အသီတိမဟာသာဝက၊ဖုရားမယ်တော်, ခမည်းတော်,အလုပ်အကျွေး,သားတော်၊၏သူတို့ ဗျာဒိတ်ခံရရာသော အင်္ဂါ၂ပါး၊ | ၂၅၊ |
| သရဏဂုံ အပြား ၂ပါး၊ | ၆၆၊ |
| ရဟန္တာ အပြား ၂ပါး၊ | ၁၅၄၊ |
| ကမ္မဝါ၂ပါး၊ | ၄၀၀၊ |
| ဝိညာဏ် ၂ပါး၊ | ၇၇၆၊ (၃)၊ |
| ဘဝ၂ပါး၊ | ၇၇၆၊ (၁၀)၊ |
| ၃ပါးခု။ | |
| ဖုရားလောင်း အပြား၃ပါး၊ | ၁၊ |
| တနည်း—ဖုရားလောင်း အပြား၃ပါး၊ | ၆၊ |
| ဖုရား ခြေတော်ရာ မထင်သည့် အကြောင်း၃ပါး၊ | ၃၄၊ |
| ဖုရားသခင်တို့၏ ခေတ်၃ပါး၊ | ၅၆၊ |
| ပရိနိဗ္ဗာန် ၃ပါး၊ | ၇၂၊ |
| စေတီအပြား၃ပါး၊ | ၇၆၊ |
| ဖုရားသခင်၏ အမြဲတည်သော ခြေတော်ရာ၃ဆူ၊ | ၈၁၊ |
| ဥပုသ် အပြား၃ပါး၊ | ၁၂၈၊ |
| ဝိမောက္ခ အပြား၃ပါး၊ | ၁၄၂၊ |
| သောတာပန်ပုဂ္ဂိုလ်၃ပါး၊ | ၁၅၁၊ |
| သကဒါဂါမ်ပုဂ္ဂိုလ်၃ပါး၊ | ၁၅၂၊ |
| မီး ၃ပါး၊ (လုတွင်ညီးညီး၊၃ပါးမီး)၊ | ၁၇၃၊ |
| ဖုရားလောင်း ဖွားစဉ် စကားဆိုသော အဖြစ်၃ပါး၊ | ၂၁၁၊ |
| ဒါန၃ပါး၊ | ၂၂၆၊ |
| ကိုဝန် ယူရာသော အင်္ဂါ၃ပါး၊ | ၂၃၀၊ |
| ကိုဝန် ပျက်ရာသော အကြောင်း၃ပါး၊ | ၂၃၂၊ |
| သား အပြား၃ပါး၊ | ၂၃၄၊ |

| အကြောင်းအရာ။ | ဦးရေနံပါတ်။ |
|---|---|
| သေခါနီး ပြုသော အာရုံ ၃ ပါး။ | ၂၃၇။ |
| ဒေဝ ဟူသော နတ်အပြား ၃ ပါး။ | ၂၈၃။ |
| သာသနာတော် ၃ ပါး။ | ၃၇၇။ |
| သင်္ဂါယနာ ၃ တန့်။ | ၃၈၁။ |
| ဗုဒ္ဓဝစန ၃ ပါး။ | ၃၈၅။ |
| ကမ္ဘာ ပျက်အံ့သော အကြောင်း ၃ ပါး။ | ၄၁၁။ |
| သမုဒ္ဒရာ၌ ထမ်းပိုးကြီး ၃ ပါး။ | ၅၂၈။ |
| သိဒ္ဓတ်မင်းသား၏ နန်း ၃ ဆောင်။ | ၆၃၃။ |
| ဝိဇ္ဇာ ၃ ပါး။ | ၆၈၅။ |
| ပိဋကတ် ၃ ပုံ။ | ၇၁၂။ |
| ပိဋကတ်ကို ဒေသနာ,စသည် ၃ ပါးခွဲပုံ။ | ၇၃၂။ |
| ဒေသနာ ၃ ပါး။ သာသနာ ၃ ပါး။ ကထာ ၃ ပါး။ | ၇၃၂။ |
| ပိဋကတ် သင်ခြင်း ၃ ပါး။ | ၇၄၉။ |
| သိက္ခာ ၃ ပါး။ | ၇၇၆။ (၂)။ |
| တဏှာ ၃ ပါး။ | ၇၇၆။ (၈)။ |
| ပဋိစ္စသမုပ္ပါဒ်၌ အဓွန့် ၃ ပါး။ | ၇၇၇။ |
| ပဋိစ္စသမုပ္ပါဒ်၌ အစပ် ၃ ပါး။ | ၇၇၉။ |
| ဝဋ် ၃ ပါး။ | ၇၈၀။ |
| ၄ ပါးစု။ | |
| ဖုရားဖြစ်အံ့သော အကြောင်း,ဗုဒ္ဓဘုမ္မိ ၄ ပါး။ | ၁၄။ |
| အိပ်ခြင်း အပြား ၄ ပါး။ | ၄၂။ |
| ခြင်္သေ့မျိုး ၄ ပါး။ | ၄၅။ |
| ဖုရားသခင်တို့အား အန္တရာယ် မပြုနိုင်သော တရား ၄ ပါး။ | ၅၁။ |
| ဖုရားသခင်တို့ စွန့်တော်မူသော အရပ် ၄ ပါး။ | ၅၂။ |
| ဗုဒ္ဓအပြား ၄ ပါး။ | ၅၄။ |
| ပဋိသမ္ဘိဒါ ၄ ပါး။ | ၆၅။ |
| သရဏဂုံ ယူခြင်း ၄ ပါး။ | ၁၀၃။ |

| အကြောင်းအရာ။ | ဦးရေနံပါတ်။ |
| --- | --- |
| သံရကာဂုံ ယူခြင်း အကြောင်းငပါ။ | ၁၁၂။ |
| ရဟန္တာ အပြားငပါ။(ရူရ၂ပါးနှင့် ဖြောက်သည်။) | ၁၅၄။ |
| မဂ္ဂဠာန် ပုဂ္ဂိုလ်ငပါ။ | ၁၅၅။ |
| စက်ငပါ။ | ၂၂၀။ |
| သဒ္ဒါခြင်းငပါ။ | ၂၂၁။ |
| အဆိပ် ပြင်းသော မြွေမျိုးငပါ။ | ၂၆၆။ |
| မဟာဘုတ်ငပါ။ | ၂၇၁။ |
| နတ်တို့ ရတော့ရသော အကြောင်းငပါ။ | ၂၉၀။ |
| သိတင်းငပါ။ | ၃၀၀။ |
| အမြေငပါ။ | ၃၀၃။ |
| စကားအရာ,အင်္ဂါငပါ။ | ၃၀၅။ |
| တကန္တာလုံးတည်သည်ငပါ။ | ၃၂၅။ |
| ဇမ္ဗူဒိပ် တကျွန်းလုံး ကြားရသော အသံကြီးငပါ။ | ၃၂၆။ |
| လက်နက်ကြီးငပါ။ | ၃၃၁။ |
| သာဂရငပါ။ | ၃၃၆။ |
| မကြောက်အပ်သို့၌ ကြောက်သူငယော်၊(လှုမိုက်ငယော်)။ | ၃၄၁။ |
| ကပိအပြားငပါ။ | ၃၄၈။ |
| အစိန္တေယငပါ။ | ၃၅၁။ |
| မင်းတို့၏ သင်္ဂဟတရားငပါ။ | ၃၇၆။ |
| အသချေယျ ကပ်ကြီးငပါ။ | ၃၉၉။ |
| မြင်းမိုရ်တောင်၏ အရောင်ငပါ။ | ၄၇၃။ |
| သိကြားမင်း၏ မိဖုရားငပါ။ | ၄၉၂။ |
| သောင်းငရပ်။ | ၅၃၇။ |
| အနဝတတ်အိုင်၏ ပွန်ငပေါက်။ | ၅၇၅။ |
| ပိဋကတ်၌ နက်နဲခြင်း,ဂမ္ဘီရငပါ။ | ၇၄၃။ |
| ဥပါဒါန်ငပါ။ | ၇၇၆။ (၉)။ |
| ပဋိသမ္ဘိဒါ၌ အလွှာငခု၊ | ၇၇၉၊ |

| အကြောင်းအရာ၊ | ဦးရေနံပါတ်၊ |
|---|---|
| အပ္ပမညာ၄ပါး၊ (ဗြဟ္မဝိဟာရ၊ဗြဟ္မစရိယလည်း ခေါ်၏၊) | ၇၈၅၊ |
| အာရုပ္ပ၄ပါး၊ | ၇၈၇၊ |
| ကံ့ဝိရိယနှင့် ဆိုင်သော ပုဂ္ဂိုလ်၄ပါး၊ | ၈၁၀၊ |
| ၅ပါးစု။ | |
| ပဉ္စကဗုဒ္ဓါအလောင်းတို့ ဗျာဒိတ် ခံရရာသော အင်္ဂါ၅ပါး။ | ၂၂။ |
| သာသနာတော် ကွယ်ခြင်း အပြား၅ပါး၊ | ၆၇။ |
| တမြက်လှည်းခြင်း၏ အကျိုး၅ပါး၊ | ၈၅၊ |
| ရာထူးရ-မထေရ်၅ပါး၊ | ၈၈၊ |
| အဘိညာဉ်၅ပါး၊(လောကီအဘိညာဉ်)။ | ၁၄၀၊ |
| အကျိုး မရှိသော ဆွမ်း၅ပါး၊ | ၁၇၇၊ |
| ပဓာနင်္ဂ ဝိရိယကံ၅ပါး၊ | ၁၈၀၊ |
| ကောလာဟလ၅ပါး၊ | ၂၀၁၊ |
| ဂတိ၅ပါး၊ | ၂၅၀၊ |
| မိန်းမတို့ လော်လည်ခြင်း၅ပါး၊ | ၂၆၀၊ |
| နတ်တို့ ရှုတ်အုံသော ပုဗ္ဗနိမိတ်၅ပါး၊ | ၂၈၁၊ |
| အမေးငါးထွေ၊ | ၃၀၃၊ |
| မင်းမြှောက်တန်ဆာ၅ပါး၊ (ကကုဓ၅ပါး)၊ | ၃၀၈၊ |
| မိုး မရွာသော အကြောင်း၅ပါး၊ | ၃၂၄၊ |
| ပီတိအပြား၅ပါး၊ | ၃၅၆၊ |
| နိယာမ၅ပါး၊ | ၃၆၂၊ |
| ဒန်ပူ မစားခြင်း၌ အပြစ်၅ပါး၊ | ၃၆၉၊ |
| ဒန်ပူ စားခြင်း၌ အကျိုး၅ပါး၊ | ၃၇၀၊ |
| မီးလှုံခြင်း၌ အပြစ်၅ပါး၊ | ၃၇၁၊ |
| သည်းမခံခြင်း၌ အပြစ်၅ပါး၊ | ၃၇၂၊ |
| သည်းခံခြင်း၌ အကျိုး၅ပါး၊ | ၃၇၃၊ |
| အသုည ကဏ္ဍ၅ပါး၊ | ၄၀၅၊ |
| မြင်းမိုရ်၏ အာလိန်၅ဆင့်၊ | ၄၇၂၊ |

| အကြောင်းအရာ၊ | ဦးရေနံပါတ်။ |
| --- | --- |
| အနဝတတ်အိုင်ကို ရံသော တောင်၅လုံး၊ | ၅၆၆၊ |
| ဇမ္ဗူဒိပ်တွင် မြစ်ကြီး၅စင်း။ | ၅၈၅။ |
| တူရိယာ၅ပါး။ | ၆၂၅၊ |
| တရားနာခြင်း၏ အကျိုး၅ပါး။ | ၆၂၆၊ |
| ယောကျ်ားမြတ်တို့၏ အား၅ပါး။ | ၆၂၇၊ |
| သူတော်ကောင်းတို့၏ အား၅ပါး။ | ၆၂၈၊ |
| မိန်းမတို့၏ အား၅ပါး။ | ၆၂၉၊ |
| နိကာယ်ကျမ်း၅ပါး။ | ၇၅၃၊ |

၆ပါးစု။

| | |
| --- | --- |
| အဇ္ဈာသယ၆ပါး၊ | ၁၉၊ |
| အဘိညာဏ်၆ပါး၊ | ၁၄၀၊ |
| ဝိသုဒ္ဓိ၆ပါး၊ | ၁၄၃၊ |
| အပေါက်၆ပေါ်။(ကမ္မဋ္ဌာန်းနှင့် ဆိုင်သည်)၊ | ၂၇၇။ |
| စကား၆ခွန်း၊ | ၃၀၆၊ |
| ပန်းတော်၆ပါး၊ | ၆၈၈၊ |
| ဆအသာဓာရဏဉာဏ်တော်၆ပါး၊ | ၆၈၉၊ |
| တရားတော့်ဂုဏ်၆ပါး၊ | ၇၇၁၊ |
| အတွင်းအာယတန၆ပါး၊ | ၇၇၆၊(၅)၊ |
| ဖဿ၆ပါး၊ | ၇၇၆၊(၆)၊ |
| ဝေဒနာ၆ပါး၊ | ၇၇၆၊(၇)၊ |
| စရိုက်၆ပါး၊ | ၇၈၈၊ |

၇ပါးစု။

| | |
| --- | --- |
| သေက္ခ၇ယောက်၊ | ၈၆၊ |
| ဖွားဘက်တော်၇ပါး။ | ၂၁၂။ |
| တရံတဆစ် ကိုဝန် ယူရာသည့် အကြောင်း၇ပါး၊ | ၂၃၁၊ |
| ပဋိသန္ဓေဝိညာဏ်တည်ရာ၇ပါး။(ဝိညာဏဋ္ဌိတိ၇ပါး)၊ | ၂၄၆၊ |
| စကြာမင်းတို့၏ ရတနာ၇ပါး၊ | ၃၀၁၊ |

| အကြောင်းအရာ၊ | ဦးခေါင်းပါတ်၊ |
|---|---|
| ဖုရားသခင်တို့၏ ဗောဓိပင်ရပါး၊ | ၃၀၂၊ |
| ခင်ပွန်းကောင်းရပါး၊ | ၃၁၄၊ |
| ရတနာ၁ရပါး၊(ရွှေ,ငွေစသည်)၊ | ၃၉၂၊ |
| မြင်းမိုရ်ကို ရံသော တောင်စဉ်ရထပ်၊ | ၄၁၁၊ |
| သီတာ၁ရတန်။ | ၄၈၁၊ |
| ရတနာ ပြောသော သမုဒ္ဒရာရစင်း၊ | ၅၁၉၊ |
| တကာန္တာပတ်လုံး တည်အံ့သော သစ်ကြီးရပင်၊ | ၅၅၂၊ |
| အိုင်ကြီးရအိုင်၊ | ၅၆၅၊ |
| အကျိုး များအံ့သော အကျင့်တရားရပါး၊ | ၆၃၀၊ |
| ပြည်ကြီးအင်္ဂါရပါး၊ | ၆၃၂။ |
| ဖုရား ဖြစ်စ၊ဝံ့အတော်မူသော သတ္တဋ္ဌာန၊ | ၆၄၈၊ |
| ဂပါးခု | |
| ဖုရားလောင်းတို့ ဗျာဒိတ် ခံရာသော အင်္ဂါဂပါး၊ | ၁၀။ |
| ငွေမှာန်ပုဂ္ဂိုလ်ဂပါး၊(ရှုရ၂ပါးနှင့် မြောက်သည်)၊ | ၁၅၅၊ |
| တမန်အပြား၊အင်ရှစ်ပါး၊ | ၁၉၂၊ |
| ဖုရား၂ကျိပ်၅တို့၏ ဝေမတ္တရှစ်ပါး၊ | ၂၁၅၊ |
| မြေကြီး လှုပ်သော အကြောင်းရှစ်ပါး၊ | ၂၉၄၊ |
| တနည်း–မြေလှုပ်ခြင်းအကြောင်းရှစ်ပါး၊ | ၂၉၅၊ |
| ဝိရိယာရမ္ဘ,လုလ္လအပြားရှစ်ပါး၊ | ၂၆၉။ |
| မိုး ရွာခြင်းအကြောင်းရှစ်ပါး။ | ၃၁၁၊ |
| အာ:ရှစ်ပါး။ | ၃၁၅။ |
| ငါးကြီးရှစ်စင်း၊ | ၅၃၁၊ |
| လောကဓံတရားရှစ်ပါး။ | ၆၃၁။ |
| အရပ်ပြစ်ရှစ်ပါး။ | ၆၈၃၊ |
| ဝိဇ္ဇာရှစ်ပါး၊ | ၆၈၆၊ |
| အင်္ဂတိရသေ့အား သိကြားမင်း ပေးသော ဆုရှစ်ပါး၊ | ၆၉၀။ |
| အရှင်အာနန္ဒာ၏ ဆုရှစ်ပါး။ | ၆၉၂။ |

| အကြောင်းအရာ။ | ဦးရေနံ့ပါတ်။ |
|---|---|
| သမာပတ်ရှစ်ပါး။ | ၆၉၅။ |
| ကြိယာသမာပတ်ရှစ်ပါး။ | ၆၉၆။ |
| မြတ်စွာဘုရား၏ အသုံးတော်ရှစ်ပါး။ | ၇၀၆။ |
| သိဒ္ဓတ်မင်းသားကို ဖတ်သော လက္ခဏာတတ်ပုဏ်ရှစ်ယောက်။ | ၇၇၅။ |
| ၉ ပါးစု။ | |
| သတ္တဝါတို့နေရာ,ဘုံ ၉ိုး၀။(သတ္တဝါသ၊ဘုံးကိုး၀)။ | ၂၅၁။ |
| ဓမ္မက္ခန္ဓာ၏ အင်္ဂါ ၉ ပါး။ | ၇၅၉။ |
| ဖုရားဂုဏ်တော် ၉ ပါး။ | ၇၇၁။ |
| သံဃာတော့် ဂုဏ်တော် ၉ ပါး။ | ၇၇၁။ |
| ဥပပတ္တိဘဝ ၉ ပါး။ | ၇၇၆။(၁၀)။ |
| ၁၀ ပါးစု။ | |
| ဆင်မျိုး ၁၀ ပါး။ | ၃၅။ |
| ဖုရားသခင်၏ ဉာဏဗလ,အား ၁၀ ပါး။ | ၃၈။ |
| ကထာဝတ္ထု ၁၀ ပါး။(စကားပြောရာ ၁၀ ပါး။ | ၉၄။ |
| ဝိပဿနာဉာဏ် ၁၀ ပါး။ | ၁၄၁။ |
| ရတနာ ၁၀ ပါး။(ရွှေ,ငွေ,စသည်)။ | ၃၉၃။ |
| ခင်ပွန်းကြီး ၁၀ ပါး။ | ၆၈၄။ |
| ကသိုဏ်း ၁၀ ပါး။ | ၇၈၂။ |
| အသုဘကမ္မဋ္ဌာန်း ၁၀ ပါး။ | ၇၈၃။ |
| အနုဿတိ ၁၀ ပါး။ | ၇၈၄။ |
| ၁၁ ပါးစု။ | |
| မေတ္တာ၏အကျိုး ၁၁ ပါး။ | ၃၀၇။ |
| ပဋိစ္စသမုပ္ပါဒ်ဘဝ ၁၁ ပါး။(၁၀ ပါးဖြစ်သင့်သို)။ | ၇၇၆။(၁၀)။(၉)။ |
| ၁၂ ပါးစု။ | |
| သောတာပန်ပုဂ္ဂိုလ် ၁၂ ပါး။ | ၁၅၁။ |
| သကဒါဂါမ်ပုဂ္ဂိုလ် ၁၂ ပါး။ | ၁၅၂။ |
| သုတ္တာတာ လှူသော ဂါထာဆွမ်း၏ အကျိုး ၁၂ ပါး။ | ၂၉၈။ |

| အကြောင်းအရာ။ | ဦးရေနံပါတ်။ |
|---|---|
| ဝိပါက်တော်၁၂ပါး။ | ၆၇၀။ |
| ပဋိစ္စသမုပ္ပါဒ်၌ အင်္ဂါ၁၂ပါး။ | ၇၇၀။ |
| **၁၅ပါးစု။** | |
| စရဏ၁၅ပါး။ | ၆၀၇။ |
| **၁၈ပါးစု။** | |
| ဗျာဒိတ်ရပြီး-ဖုရားလောင်းဘို့ မဖြစ်ထိုက်သော အရပ်၁၈ပါး။ | ၁၃။ |
| **အပါး၂၀စု။** | |
| ပဋိစ္စသမုပ္ပါဒ်၌ အခြင်းအရာ၂၀။ | ၇၇၉။ |
| **၂၄ပါးစု။** | |
| အနာဂါမ်ပုဂ္ဂိုလ်၂၄ပါး။ | ၁၅၃။ |
| **အပါး၃၀စု။** | |
| ဖုရားတို့၏ ဓမ္မတာအပြား၃၀။ | ၄၉။ |
| **၃၂ပါးစု။** | |
| ဖုရား၏ လက္ခဏာတော်ကြီး၃၂ပါး။ | ၇၇၃။ |
| **အပါး၄၀စု။** | |
| ကမ္မဋ္ဌာန်း၄၀။ | ၇၈၂။ |
| ဘာဝနာ၄၀။(တော၄၀)။ | ၇၉၆။ |
| **၄၈ပါးစု။** | |
| အနာဂါမ်ပုဂ္ဂိုလ်၄၈ပါး။ | ၁၅၃။ |
| **အပါး၈၀စု။** | |
| လက္ခဏာတော်ငယ်၈၀။ | ၇၇၄။ |
| **၁၀၈ပါးစု။** | |
| အရိယာပုဂ္ဂိုလ် အပြား၁၀၈ပါး။ | ၁၅၅။ |
| တဏှာ၁၀၈ပါး။ | ၇၇၆၊(၈)။ |


—=০=—

## ပုံနှိပ်ပုံအကြောင်း။

မြေထူးမြို့ ရွှေကျောင်း၌ ယာပိုထ်ရွေ့သျှော်တော်မူသော မဟာထေရ်ကျော်, ကပ္ပဲဆရာတော်, အရှင်ဩဘာရက္ခ ပြုစုတော်မူခဲ့သော ပညာကထနကျမ်း ပေစာမူကို လက်ပံဘန်းမြို့- မဟာဇေယျပုန္နာဂ ကျောင်းတိုက်၌ ယာပိုထ်ရွေ့သျှော်တော်မူသော၊ အကျွန်ုပ်၏ ဆရာတော်,အရှင်ဦးပဏ္ဍိက မူပိုင် ပေးသနားတော်မူရာတွင်၊ ထိုမူကို လက်ရင်းထား၍၊ ရန်ကုန်မြို့၊ ကြက်သရေဆောင် ရွှေစလွယ်ရမင်းဘွဲ့,ကေအိုင်အိတ်ချ်ဘွဲ့,ဘွဲ့ ၂ထပ်ရ,အငြိမ်းစားရိက္ခာတော်ရ- ပညာဝန်မင်း, ဦးမုန်းလံက်ရှိ,မန္တလေးနှိပ်-စာအုပ်နှင့် တိုက်ဆိုင်,တည်းဖြတ်၍ ပုံနှိပ်ပါသည်။

ထိုသို့ ပုံနှိပ်ရာ၌၊ စာဖတ်သူတို့ ဗဟုသုတ ဖြစ်၍၊ ရှေးရေး-လေခဝင်ကို သိရစိမ့်ငှါ၊ ပေစာ၌ တွေ့ရသော 'သော့ငွေ့' အစရှိသော အတိုရေးနည်းများမှာ စာမျက်နှာ နည်းစေမည့် ဖြစ်၍၊ သူ့မူအတိုင်းပင် ထားပါသည်။ 'ဆုမ်း,ထုမ်း စသော မ-သတ်အရေးတို့ကို လက်ဦး တွေ့ရာ၌ စံချ ပြုပြီးနောက်၊ စာမျက်နှာ နည်းစိမ့်ငှါ၊ ယခုကာလ ရေးနည်းအတိုင်း သေးသေးတင်နှင့် ဖလှယ်၍၊ ပုံနှိပ်ပါသည်။

ဖိုးစိန်
စာပြု,စာမဆရာ။

# ပညာဒကာထနကျမ်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
စိရံ တိဋ္ဌတု ဇိနသာသနံ။

ဇိနသာသနံ၊ ဘုရားသခင့် သာသနာတော်သည်၊ စိရံကာလံ၊ ကြာမြင့်စွာသော ကာလပတ်လုံး*၊ တိဋ္ဌတု၊ တည်စေသတည်း။

—=:ဝ:=—

၁။ ။ဘုရားလောင်းအပြားကား အဘယ်မျှ ရှိသနည်းဟု သူ မေးဖွယ် ရှိ၏*။ ထိုအမေးကို အဘယ်သို့ ဖြေအံ့နည်း။

ပညာဓိကာ သဒ္ဓါဓိက ဝိရိယာဓိက ဝေသေန ဉာတဗ္ဗာ။ ။ဤသို့ သုတ္တနိပါတ်အဋ္ဌကထာ၌ လာသောကြောင့်*၊ ပညာဓိကဘုရားလောင်း, သဒ္ဓါဓိကဘုရားလောင်း,ဝိရိယာဓိကဘုရားလောင်းအားဖြင့် ၃ပါး အပြား ရှိ၏ဟု ဖြေရမည်။

၂။ ။ဘုရားလောင်းအပြား၃ပါးတို့တွင် ပညာဓိက,ဘုရားလောင်းသည်ကား အဘယ်မျှလောက်သော ကာလပတ်လုံး* ပါရမီဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူလေသနည်း။

ဟေဋ္ဌိမ ပရိစ္ဆေဒေန စတ္တာရိ အသင်္ချေယျာနိ ကပ္ပသတသဟဿဥ္စ။ ။ဤသို့ ထိုကျမ်း၌ လာသောကြောင့်၊ ပညာဓိက,ဘုရား

---

* ပေမူ၌၊ပတ်လုံး,ပါတ်လုမ်း-ဟူ၍၊လုံး-စသော စကားမျိုးကို သေးသေးတင်တုံ, မသတ်တုံ-၂မျိုး ရေးသည်။အတူတူဟု မှတ်။ယခုအခါ အရေးကျဉ်းရာ,သေးသေးတင်ကိုသာ အသုံးပြုကြ၏။ ၍,၏-ဘို့ကို အောက်မြစ်နှင့်ချည်း တွေ့သည့်အတိုင်း ထားသည်။သော့ငှာကို သော့ကြောင့်ဟု ဖတ်ရသည်။ စာချက်နှာနည်းမည် ဖြစ်၍၊ပေမူ အတိုင်း ထားမည်။

လောင်းသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကို ဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူသည်ဟု မှတ်ရမည်။

(ဤ၌ အသင်္ချေ ဟူသည်ကား၊ တစ်တလုံးနှင့် သုညတရာ့လေးဆယ် ရေးရသော အရေအတွက် ဖြစ်သည်။ ။စာတည်းသူ။)

၃၊ ၊သဒ္ဓါဓိကဘုရားလောင်းသည်ကား အဘယ်မျှလောက်သော ကာလပတ်လုံး ပါရမီကို ဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူလေသနည်း။

မဇ္ဈိမပရိစ္ဆေဒေန အဋ္ဌသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ။ ။ဤသို့ ထိုကျမ်း၌ လာသောကြောင့်၊ သဒ္ဓါဓိက,ဘုရားလောင်းသည်ကား ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကို ဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူသည်ဟု မှတ်ရမည်။

၄။ ၊ဝိရိယာဓိက,ဘုရားလောင်းသည်ကား အဘယ်မျှလောက်သော ကာလပတ်လုံး ပါရမီကို ဖြည့်မှ ဘုရားအဖြစ်သို့ ရောက်တော်မူလေသနည်း။

ဥပရိမ ပရိစ္ဆေဒေန သောဠသ အသင်္ချေယျာနိ ကပ္ပသတသဟဿဉ္စ။ ။ဤသို့ ထိုကျမ်း၌ လာသောကြောင့်၊ ဝိရိယာဓိက,ဘုရားလောင်းသည်ကား တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကို ဖြည့်မှ၊ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်ဟု မှတ်ရမည်။

ဤသို့ဝ်* ကျမ်းဂန်လာသည်နှင့်အညီ ပါရမီခန်း၌—

'ရှည်တိုဝ်* ကျင့်ကောင်း၊ဖုရားလောင်းတို့*၊ ဆုတောင်းသော စည်(စဉ်)၊ ညည်(ဉ)ဝိရိယာ၊ သဒ္ဓါဓိက၊ သုံးမည် ရလျက်၊ ကာလသုံးကြိမ် ကျွတ်ထောက်ချိန်၌၊'

ဟူ၍ ရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။ သည်လက်ာ၌ ညည်-ဓိကာဒ်ကား ပညာဓိက,ဘုရားလောင်းကိုဝ် ဆိုသည်။ ဝိရိယ- ဓိကသည့်ကား ဝိရိယာဓိက,ဘုရားလောင်းကိုဝ်* ဆိုဝ်*သည်။

---

* ပေ့ာ်၊ ဘိုဝ်၊ ယိုဝ်၊ ညည်၊ ကိုဝ်၊ ဆိုဝ်၊ ဧည်-စသော စကားမျိုးတို့၊ ယခုကာလ အရေးသို့ ပြောင်း၍ ပုံနှိပ်မည်။

ဖုရား,ဖုန်းတော်-ကို ရှင်သီလဝံသတို့ လက်ထက်၌ ဖဦးထုပ်နှင့် ရေးသည်။

ပညာဓိက,နောက်ကိုဝ် သဒ္ဓါဓိက၊ သဒ္ဓါဓိကနောက်ကို ဝီရိယာဓိက အစည်(ဉ်)*သင့် ဆိုအပ်လျက်၊ ဝီရိယာဓိကကို ရှေ့ သဒ္ဓါဓိကကို နောက် ဆိုလေသည်ကား လင်္ကာအားဖြင့် ကာရန်အစပ် သင့်စေခြင်းငှာသာ ဆိုလေသည်။ ဝီရိယာဓိကသည် အဆုံး ဖြစ်သည်ဟု မှတ်ရမည်။

၅။ ။အဘယ်ငှေ့ ဘုရားလောင်းသုမ္ပါး*တို့အား ကာလ အတို, အရှည်,အလတ်,သုံးထွေ ဖြစ်လေသနည်း၊

ပညာဓိကာနည္တိ သဒ္ဓါမန္ဒာ ဟောတိ ပညာတိက္ခာ။ သဒ္ဓါဓိကာနံ ပညာမဇ္ဈိမာ ဟောတိ သဒ္ဓါတိက္ခာ။ ဝီရိယာဓိကာနံ သဒ္ဓါပညာမန္ဒာ ဟောတိ ဝီရိယာတိက္ခာ။ ။ဤသို့ ကျမ်းဂန် လာသောငှေ့၊ ပညာသို့ လိုက်၍ သုံးထွေ ဖြစ်လေသည်။ ပညာဓိက,ဘုရာလောင်းမှာကား သဒ္ဓါနုန်*၍၊ ပညာ ထက်သောငှေ့ ကာလ တိုလေသည်ဟု မှတ်ရမည်။ သဒ္ဓါဓိက,ဘုရားလောင်းမှာကား သဒ္ဓါထက်၍။ ထက်သော်လည်း ပညာသည် ထက်လည်း မသင်လွန်း၊ နုန်လည်း မနုန်လွန်း။ အလတ်ဖြစ်သောငှေ့၊ ပညာသို့ လိုက်၍ ကာလ မတို,မရှည် ဖြစ်လေသည်ဟု မှတ်ရမည်။ ။ဝီရိယာဓိက,ဘုရားလောင်းမှာကား ဝီရိယသည် ထက်၍။ ထက်သော်လည်း သဒ္ဓါ,ပညာ နုန်သောငှေ့၊ ပညာသို့သာ လိုက်၍ ကာလ ရှည်လေသည်ဟု မှတ်ရမည်။

၆။ ။သို့မှတပါးလည်း ဘုရားလောင်းအပြား အဘယ်မျှ ရှိသနည်း။

ဥဃ္ဃဋိတညူ ဝိပဉ္စိတညူ နေယျောတိ ဗုဒ္ဓတယေ။ ။ဤသို့ ကျမ်းဂန် လာသောငှေ့၊ ဥဃ္ဃဋိတညူ,ဘုရားလောင်း၊ ဝိပဉ္စိတညူ, ဘုရားလောင်း၊နေယျ,ဘုရားလောင်း ဟူ၍လည်း သုမ္ပါး အပြား ရှိ၏ဟု မှတ်ရမည်။

၇။ ။ထိုသုမ္ပါး အပြား ရှိကုန်သော ဘုရားလောင်းတို့တွင် ဥဃ္ဃဋိတညူ ဘုရားလောင်း ဆိုသည်ကား [illegible] အဘယ်သို့ မှတ်ရအံ့နည်း။

---

* ပေမူ၌ "နုန်"၊ စာအုပ်မူတွင် "နု"ရှိ၏။
* ပေမူ၌ "သုမ္ပါး"၊ စာအုပ်မူတွင် "သုံးပါး"ရှိ၏။

တေသု ဥဃဋိတညူ ဗုဒ္ဓဿ သမုခါ စတုပဒိကဂါထံ သုဏန္တော ဂါထာယ တတိယပဒေ အပရိယောသိတေဝေ ဆဟိအဘိညာဟိ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ အဓိဂန္တုံ သမတ္ထုပနိဿယော ဟောတိ။ ။ဤသို့ ကျမ်းဂန် လာသော့ငေ၊ ဘုရားသခင် အထံ တော်၌ ၄ပုဒ် ရှိသော ဂါထာကို နာသည် ရှိသော်၊ ထိုဂါထာ၏ ၃ပုဒ် သည် အပြီးသို့ မရောက် မှီ*၊အဘိညာဏ် ၆ပါး ပဋိသမ္ဘိဒါ ၄ပါးနှင့် အကွ*အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ တတ်နိုင်အံ့သော အကြောင်း ရှိသော ပုဂ္ဂိုလ်သည် ဥဃဋိတညူ,ဘုရားလောင်း မည်၏ဟု မှတ်ရ မည်။

ဂ။ ။ဝိပဉ္စိတညူ,ဘုရားလောင်း ဆိုသည်ကား အဓိပ္ပါယ် အဘယ် သို့ မှတ်ရအံ့နည်း။

သစေ သာဝက ဗောဓိယံ အဓိမုတ္တော သိယာ၊ဒုတိယော ဘဂဝ တော သမုခါ စတုပဒိ ဂါထံ သုဏန္တော၊အပရိယောသိတေဝေ ဂါ ထာယ၊ စတုပဒေ ဆဟိ အဘိညာဟိ သဟ အရဟတ္တံ အဓိဂန္တုံ သမတ္ထုပနိဿယော ဟောတိ။ ။ဤသို့ ကျမ်းဂန် လာသော့ ငေ၊ ဝိပဉ္စိတညူ,ဘုရားလောင်းသည် သာဝက,အဖြစ်ကို အကယ်၍ အလိုရှိသည် ဖြစ်အံ့၊ ဘုရားသခင် မျက်မှောက်တော်၌ လေးပုဒ် ရှိ သော ဂါထာကို နာသည် ရှိသော်၊ထိုဂါထာ၏ လေးပုဒ်သည် အပြီးသို့ မရောက်မှီ၊အဘိညာဏ် ၆ပါး,ပဋိသမ္ဘိဒါ၄ပါးနှင့်အကွ အရဟတ္တ ဖိုလ်သို့ ရောက်ခြင်းငှာ တတ်နိုင်အံ့သော အကြောင်း ရှိသော ပုဂ္ဂိုလ် သည် ဝိပဉ္စိတညူ,ဘုရားလောင်း မည်၏ဟု မှတ်ရမည်။

ဇ။ ။နေယျ,ဘုရားလောင်း ဆိုသည်ကား၊ အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ယဒိ သာဝကဗောဓိယံ အဓိမုတ္တော သိယာ ဗုဒ္ဓတရေပနသတ္ထာ ရာ စတုပဒံ ဝတွာ တဿအတ္ထံ ဝိဘဇိတွာ ပရိယောသိတေ ဆဟိ

* ငါပေမူ၌ ''မှိ''၊စာအုပ်မူတွင် ''မိ''ရှိ၏။
* ပေမူ၌ ''အကွ''၊စာအုပ်မူတွင် ''တကွ''ရှိ၏။

အဘိညာဏ်ပတ်တိ သဟ အရဟတ္တံ ပတ္တုံ သမတ္ထော ပနိဿယော ဟောတိ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နေယျ,ဘုရားလောင်းသည် အကယ်၍ သာဝက*အဖြစ်ကို အလိုရှိသည် ဖြစ်အံ့၊ ဘုရားသခင်သည် လေးပုဒ် ရှိသော ဂါထာကို မိန့်တော်မူ၍၊ ထိုဂါထာ၏ အနက်ကို ခွဲဝေ၍ ပြီးသော အဆုမ်း*၌ အဘိညာဉ် ၆ပါး,ပဋိသမ္ဘိဒါ ၄ပါးနှင့် အတူ အရဟတ္တဖိုလ်သို့ ရောက်အံ့သော၄ာ တတ်နိုင်အံ့သော အကြောင်း ရှိသော ပုဂ္ဂိုလ်သည် နေယျ,ဘုရားလောင်း မည်၏ဟု မှတ်ရမည်။ပညာဓိက,ဘုရားလောင်းသည် ဥဃ္ဃဋိတညူ မည်၏၊ သဒ္ဓါဓိက, ဘုရားလောင်းသည် ဝိပဉ္စိတညူ မည်၏။ ဝိရိယာဓိက, ဘုရားလောင်းသည် နေယျ မည်၏၊ ဤသို့လည်း မှတ်ရမည်။

၁၀။ ။ဘုရားသခင်အလောင်းတော်တို့သည် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံမှ ဗျာဒိတ်ကို ခံရသည်ဟု ဆို၏။ထိုသို့ ဆိုသော အင်္ဂါရှစ်ပါး၏ သရုပ်,အဓိပ္ပါယ်ကား အဘယ်နည်း။

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ ဟေတု သတ္ထာရ ဒဿနံ၊ ပဗ္ဗဇ္ဇာဂုဏ သမ္ပတ္တိ၊ အဓိကာရောစ ဆန္ဒတာ၊ အဋ္ဌဓမ္မာ သမောဓာနာ၊ အဘိနီဟာရော သမိဇ္ဈတိ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ၁။ လူစင်စစ် ဖြစ်စေ။ ၂။ ယောကျ်ားစင်စစ် ဖြစ်စေ။ ၃။ တိဟိတ် ပဋိသန္ဓေနေသည် ဖြစ်စေ။ ၄။ ဘုရားသခင်ကို ကိုယ်တိုင် ကိုယ်ကြပ် ဖူးတွေ့ရသည် ဖြစ်စေ။ ၅။ ရသေ့,ရဟန်း ဖြစ်စေ၊ ၆။ ဈာန်သမာပတ်ကိုရသည် ဖြစ်စေ။ ၇။ ဘုရားဆုကို တောင်းသည် ဖြစ်စေ၊ ၈။ ဘုရားဆုကို လိုချင်ခြင်း ဆန္ဒအားကြီးသည် ဖြစ်စေ။ ဤသည်ကား ဘုရားသခင်အလောင်းတော်တို့ ဗျာဒိတ် ခံရသော အင်္ဂါရှစ်ပါး၏ သရုပ် အဓိပ္ပါယ်တည်းဟု မှတ်ရမည်။

---

*ပုံနှိပ်မူ၌၊ ''သာဝကဗောဓိဆု''ကို အလိုရှိသည် ဖြစ်အံ့ဟု ရှိ၏။ ဤ၌ ''သာဝကဗောဓိ''နှင့် သာဝက အဖြစ်သည်၊ သဒ္ဒါသာ ပြား၏။ အနက်အဓိပ္ပါယ်အရကောက်တူ၏။

* ပေမူ၌၊''အဆုမ်း''ဟု မသတ်ရှိ၏။စာအုပ်တွင် ''အဆုံး''ဟု သေးသေးတင်နှင့်ရှိ၏။မသတ်နှင့် သေးသေးတင် အတူ ဖြစ်၏။နောက်ကို သေးသေးတင်နှင့်ပုံနှိပ်မည်။

ဤသို့ ကျမ်းဂန်လာသည်နှင့် အညီ ပါရမိခန်း၌—

ဗျာဒိတ်ခံ၊ ပဋ္ဌနာကုံ၊— ရှစ်ပါးကြိုလျက်၊ စေ့ရုံသရှင်၊*
မည်ရည်ထုတ်သော်၊ မနုသ တ္တ။ စသည်တို့တွင်၊ အကြင်မှ
လောက်၊ ကြွား လျှောက်ခဲ့ပြီး၊

ဟူ၍ အရှင်သီလဝံသအကျော် စပ်တော်မူလေသည် မှတ်ရမည်။

၁၀။ ။ဤရှစ်ပါးသော အင်္ဂါတို့တွင် ခုနစ်ပါးသော အင်္ဂါတို့၏ သရုပ် အဓိပ္ပါယ်တို့သည်ကား သိသာပြီ။ ဘုရားဆုကို လိုချင်ခြင်း ဆန္ဒအားကြီးသည် မည်းဖြစ်၏။ ဆိုသော အင်္ဂါ၏ သရုပ်,အဓိပ္ပါယ်ကို အဘယ်သို့ သိရပါအံ့နည်းဟု သူမေးဘွယ် ရှိ၏။ ထိုအမေးကို အဘယ်သို့ ဖြေအံ့နည်း။

ဆန္ဒတာတိ ကဏ္ဍကမျှတာ သာ ယဿ ဗလဝတိ ဟောတိ တဿ ဓမ္မတ္တံ။ သစေ ကောစိ ဝဒေယျ၊ စတ္တာရိ အသင်္ချေယျာနိ သတသဟဿဉ္စ ကပ္ပေ နိရယေ ပစ္စိတွာ ဗုဒ္ဓတ္တံ ဓမ္မတ္တံ၊တံသုတွာ ယောအဟန္တိ ဝတ္တုံ ဥဿဟတိ တဿ ဗလဝတိတ် ဝေဒိတဗ္ဗာ။ ။ ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဘုရားဆုကို လိုချင်ခြင်း ဆန္ဒ,အားကြီးသည် ဖြစ်စေဟု ဆိုသော စကား၌ ဘုရားဆုကို တောင်း၍၊ ဘုရားဆုကို လိုချင်ခြင်း အားကြီးသော ဘုရားလောင်းသည် လေး အသင်္ချေနှင့် ကမ္ဘာတသိန်း အဝီစိငရဲ၌ ဒုက္ခဝေဒနာကို ခံပြီးမှ ဘုရား အဖြစ်သို့ ရအံ့။ ထိုအဖြစ်ကို အဘယ်သူသည် အလိုရှိအံ့နည်းဟု အ ကယ်၍၊ ဆိုအံ့။ ဆိုသို့သော စကားကို ကြား၍ ဆံခြည်ကို ဆယ်စိတ် စိတ်၍ တစိတ်မျှ မကြောက်မရွံ့ ငါရှိ၏ ဆိုခြင်းငှါ တတ်နိုင်သော သူအား ဘုရားဆုကို လိုချင်ခြင်း ဆန္ဒအားကြီးသည် မည်၏ဟု မှတ်ရ မည်။

ဤကဲ့သို့ ကျမ်းဂန်လာသည်နှင့် အညီ ပါရမိခန်း၌—

ခက်ခဲရေရာ၊ ပမာပမည်း၊ ဟောထုမ်း*နည်းဖြင့်၊ အသည်း
အသံ၊ မြှုံးခြိစ္စာ*ဆုမ်း၊ နှစ်လုံး,တမည်၊ ခိုင်ကျည်သောဟန်၊

---

၁စာအုပ်မူ၌- ''မည်ရည်ထုတ်သား'' ဟု ရှိ၏။

ပွင့်တန်ရှင်အား၊ ဘုရားပညာ၊ ထဲးမှာဝိစိ၊ အောက်၌ရှိဟု၊
ညွှန်းဘိလတ်သော်၊ မြေပေါ်တူးဆွ၊ အရကျက်ကုတ်၊ ဒသ
ထဲးဇာတ်၍၊ ရတ်ရတ်ပင်ကို၊ လျှလေသမှု၊ ကနုဆံခြည်၊ ဆယ်
စိတ်မည်မှ၊ မခွထိုးထိတ်၊ ရသေ့စိတ်ကို၊ မလိပ်မလည်း၊ မာန်
ချုပ်တည်းလျက်၊—ရှင်နည်းဘုရား၊ ဟောခဲ့ကြားသည်၊ ထွေ
ပြားတို့ကို၊ သိစေလို၍၊ မျိုးမိုလ်ပွဲးလယ်၊ ဂါထာသွယ်လျက်၊
အကျယ်ဤသို့၊ ဟောခဲ့မြို့သည်၊ ၊ငါတို့ သုံးလူ ချစ်ဘတည်း။
ဟူ၍၊ ရှင်မဟာသီလဝံသအကျော် စပ်တောင်မူလေသည်ဟု မှတ်ရ
မည်။

၁၂။ ။ဘုရားသခင် အလောင်းတော်တို့သည် ဗျာဒိတ်ခံတော်မူ
ပြီးသည်နောက်၊ မဖြစ်ထိုက်သော အရပ်ကား အဘယ်မျှ ရှိသနည်း။

ဧဝံ သမိဒ္ဓါဘိနိဟာရေစ ဗောဓိသတ္တော ဇာမိနာ အဋ္ဌာရသ အ
ဘဗ္ဗဋ္ဌာနာနိ နုပေတိ။ ။ဤသို့ ကျမ်းဂန် လာသော့ငြ်၊ ဘုရားသခင်
တို့ ဗျာဒိတ်ခံတော်မူပြီးသည်နောက် မဖြစ်ထိုက်သော အရပ်တို့ကား
တဆဲ့ရှစ်ပါး အပြားရှိ၏ဟု မှတ်ရမည်။

၁၃။ ။ထိုသို့ ဘုရားလောင်းတော်တို့ မဖြစ်ထိုက်သော တဆဲ့ရှစ်
ပါးသော အရပ်တို့၏ သရုပ်သဘောအဓိပ္ပါယ်ကား အဘယ်နည်း။

သောဟိ တဒါ ပဘုတိ၊ န ဇစ္စန္ဓော ဟောတိ။ န ဇစ္စဗဓိရော၊ န
ဥမ္မတ္တကော၊ န ဧဠမူဂေါ၊ န ပီဌသပ္ပီ၊ န မိလက္ခေသု ဥပ္ပဇ္ဇတိ။ န ဒါသိ
ကုစ္ဆိယံ ပဝတ္တတိ။ န နိယတမိစ္ဆာဒိဋ္ဌိကော ဟောတိ။ န လိင်္ဂပရိဝတ္တ
နံ၊ န ပဉ္စာနန္တရိယကမ္မာနိ ကရောတိ၊ န ကုဋ္ဌိကော ဟောတိ။ န တိရစ္ဆာန
ယောနိယံ ဝဋ္ဋကတော ပစ္ဆိမတ္တဘာဝေါ ဟောတိ၊ န ခုပ္ပိပါသိက၊ နိဇ္ဈာ
မတဏှိကပေတေသု ဥပ္ပဇ္ဇတိ။ န ကာလကဥ္ဇိကာသူရေနု အဝီစိနိရ
ယေ၊ န လောကန္တရိကာသု ကာမာဝစရေနုမာရော ရူပါဝစရေသု၊ န
အသညီဘဝေ၊ န သုဒ္ဓါဝါသဘဝေ ဥပ္ပဇ္ဇတိ။ န အရူပဘဝေသု အည
စက္ကဝါဠေ့ သင်္ကမတိ။ ။ဟူ၍၊ သုတ္တနိပါတ်,ခဂ္ဂဝိသာနသုတ်အဋ္ဌကထာ,
မဓုသင်္ဂဟာ်အဋ္ဌကထာတို့၌ လာသည်။ ။ဤသို့ အစရှိသည်ဖြင့် ကျမ်း
ဂန်၌ လာသော့ငြ် ၁၊ အမိဝမ်းတွင်းမှ ကန်းသည် ဖြစ်တော်မမူ။

၂၊ အမိဝမ်းတွင်းမှ နားပင်းသည် ဖြစ်တော်မမူ။ ၃၊ ရှူးသွပ်, ပျံလွင့်သည် ဖြစ်တော်မမူ။ ၄၊ အရိယိုသည် ဖြစ်တော်မမူ။ ၅၊ ဆွံ့သည် ဖြစ်တော် မမူ။ ၆၊ မိလက္ခုတောင်သူအမျိုးတို့၌ ဖြစ်တော်မမူ။ ၇၊ ကျွန်မဝမ်း၌ ဖြစ်တော်မမူ။ ၈၊ နိယတမိစ္ဆာဒိဋ္ဌိအယူ ရှိသည် ဖြစ်တော်မမူ။ ၉၊ လိင် ပြန်သည် ဖြစ်တော်မမူ။ ၁၀၊ အနန္တရိယကံငါးပါးတို့ကို ပြုတော်မမူ။ ၁၁၊ နူသော အနာ ရှိသည် ဖြစ်တော်မမူ။ ၁၂၊ တိရစ္ဆာန်အမျိုး၌ ငယ် စွာအဆုံး ငုံးအောက်မယုတ်၊ ကြီးစွာအဆုံး ဆင်ပြောင်ထက် အလွန် ဖြစ်တော်မမူ။ ၁၃၊ ခုပ္ပိပါသိကပြိတ္တာ၊ နိဇ္ဈာမတဏှိကပြိတ္တာ၊ ကာလ ကဉ္စိကအသုရာတို့၌ ဖြစ်တော်မမူ။ ၁၄၊ အဝီစိငရဲ, လောကန္တရိက် ငရဲ၌ ဖြစ်တော်မမူ။ ၁၅၊ ကာမာဝစရနတ်တို့တွင် မာရ်နတ် ဖြစ်တော် မမူ။ ၁၆၊ ရူပါဝစရဘုံတို့တွင် အသညသတ်ဘုံ,သုဒ္ဓါဝါသဘုံတို့၌ ဖြစ် တော်မမူ။ ၁၇၊ အရူပဘုံတို့၌ ဖြစ်တော်မမူ။ ၁၈၊ တခြားသော စကြာ ဝဠာသို့ ပြောင်း၍ ဖြစ်တော်မမူ။— ဤသည်ကား ဘုရားသခင်အ လောင်းတော်တို့ ဗျာဒိတ်ခံတော်မူပြီးသည်နောက်၊ မဖြစ်ထိုက်သော တဆဲ့ရှစ်ပါးသော အရပ်ဘည်းဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါခုမိခန်း၌—

> သန္ဓေစပ်နေ၊ ဗျာဒိတ်ရေဖြင့်၊ ဖြော်ကာချေ မကပ်၊ ဆယ်ရှစ်ရပ် ၌၊ မအပ်ကျိုးနည်း၊ မြူအထည်းကို၊ သုတ်ဖျည်း ချောင်ဖြူ၊ ရှင် တော်မူကား၊ ရွယ်ချု ဆုကြီး၊ ဦးတင်ဖြိုး၍၊ ခိုင်ဖြိုး မြောက်ဖွာ၊ အလိုင်းမောင်။

ဟု၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်ဟု မှတ် ရမည်။

ယင်းလင်္ကာ။ ။ဗျာဒိတ် ရရှောင်း၊ ဗောဓိလောင်းတို့၊ ဖြစ်ကြောင်း မစပ်၊ ဆဲ့ရှစ်ရပ်ကို၊ ညွှန်းအပ် ကုန်စင်၊ မော်ကွန်း တင်ပိမ့်။ မိခင်ဝမ်းက၊ ကာန်း,အ,ဆွံ့,ပင်း၊ ရူးသွပ်ခြင်း လွတ်၊ တောင်ထွတ်ကရင်၊ ကချင်, တောင်သူ၊ မိလက္ခုများ၊ ကျွန်မသားနှင့်၊ ယူမှား မဖြစ်၊ ပုရိစ်တည့်။ တလစ်ပဏ္ဍာ၊ ကံမှာ မညိုတ်၊ ကုဋ္ဌဆိတ်ပြန်၊ တိရစ္ဆာန်မျိုး၊ ဖြစ်ရိုး နှံ့ရုတ်၊ အောက်မယုတ်တည့်။ ခုပ္ပိပါသ၊ ပြိတ္တာ စသည်၊ နိရယဝိစိ၊

လွတ်ဘိ မှန်စွာ၊ဒေဝါမာရ်နတ်၊သညာသတ်,သုဒ္ဓါ၊ အရူပါသား၊တပါး စကြာဝဠာ၊ မဖြစ်ရာသည်၊ မြတ်စွာလောင်းတို့ တံဘွာတည်း။ ။ဟူ၍ ရှေးဆရာမြတ်တို့ မိန့်ဆိုတော်မူသည်။

၁၄။ ။ဘုရားဖြစ်အံ့သော အကြောင်း ဗုဒ္ဓဘုမ္မိကား အဘယ်မျှ အပြား ရှိသနည်း။

ဥဿာဟောစ ဥမင်္ဂေါစ အဝတ္ထာန ဟိတစရိယာစာတိ စတသော ဗုဒ္ဓဘုမ္မိယော တာဟိ သမန္နာဂတော ဟောတိ။ ။ဤသို့ ကျမ်းဂန်လာသော့ငြှာ၊ ဥဿာဟလည်း တပါး၊ ဥမင်္ဂလည်း တပါး၊ အဝတ္ထာန လည်း တပါး၊ဟိတစရိယလည်း တပါး၊ဤသို့ အားဖြင့် ဘုရားဖြစ်အံ့သော အကြောင်း ဗုဒ္ဓဘုမ္မိကား လေးပါး အပြား ရှိ၏ဟု မှတ်ရမည်။

၁၅။ ။ထိုလေးပါးသော ဗုဒ္ဓဘုမ္မိတို့တွင်၊ဥဿာဟ-ဆိုသည်ကား အဘယ်ကို မှတ်ရအံ့နည်း။

ဥဿာဟောတိ ဝိရိယံ ဝုစ္စတိ။ ။ဤသို့ ကျမ်းဂန် လာသော့ငြှာ၊ ဥဿာဟ-ဆိုသည်ကား ဝိရိယကို ဆိုသည်ဟု မှတ်ရမည်။

၁၆။ ။ဥမင်္ဂ-ဆိုသည်ကား အဘယ်ကို မှတ်ရအံ့နည်း။

ဥမင်္ဂေါတိ ပညာ ဝုစ္စတိ။ ။ဤသို့ ကျမ်းဂန် လာသော့ငြှာ၊ ဥမင်္ဂ ဆိုသည်ကား ပညာကို ဆိုသည် မှတ်ရမည်။

၁၇။ ။အဝတ္ထာန-ဆိုသည်ကား အဘယ်ကို မှတ်ရအံ့နည်း။

အဝတ္ထာနာတိ အဓိဋ္ဌာနံ။ ။ဤသို့ ကျမ်းဂန် လာသော့ငြှာ၊အဓိဋ္ဌာန် ခြင်းကို ဆိုသည် မှတ်ရမည်။

၁၈။ ဟိတစရိယ-ဆိုသည်ကား အဘယ်ကို မှတ်ရအံ့နည်း။

ဟိတစရိယာတိ မေတ္တာဘာဝနာဒီဟိ ဝေဒိတဗ္ဗာ။ ။ဤသို့ ကျမ်းဂန် လာသော့ငြှာ*၊ဟိတစရိယ ဆိုသည်ကား မေတ္တာဘာဝနာကို ဆိုသည် မှတ်ရမည်။ ။ဤသည်ကား ဗုဒ္ဓဘုမ္မိ လေးပါး၏ သရုပ်တည်း။

၁၉။ ။ဘုရားအလောင်း သူတော်ကောင်းတို့၏ ပါရမီသမ္ဘာရ ဉာဏ်ရင့်အံ့သော အကြောင်း အဏ္ဏာသယ အပြားကား အဘယ်မျှ ရှိသနည်း။

*ပေမူ၌၊ကြောင့်-အစား''ငြှ''ရေးသည်ကို သတ်ပြုပါ။အတိုရေးနည်းတည်း။

ယေစာပိ ဆူမေ နိမက္ခမဗ္ဗာသယော၊ ပဝိဝေကဇ္ဈာသယော၊ အလောဘဇ္ဈာသယော၊အဒေါသဇ္ဈာသယော၊ အမောဟဇ္ဈာသယော၊နိ သရဏဇ္ဈာသယော ဟောတိ။သဗ္ဗာဇ္ဈာသယော ဗောဓိပါကားယံ သံဝတ္တန္တိ။ တေဟိ သမန္နာဂတော ဟောတိ၊ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နိမက္ခမဇ္ဈာသယလည်း တပါး၊ ပဝိဝေကဇ္ဈာသယလည်း တပါး။ အလောဘဇ္ဈာသယလည်း တပါး၊ အဒေါသဇ္ဈာသယလည်း တပါး။ အမောဟဇ္ဈာသယလည်း တပါး။ နိသရဏဇ္ဈာသယလည်း တပါး။

ဤသို့ အားဖြင့် ဘုရားအလောင်း သူတော်ကောင်းတို့၏ ပါရမီ သမ္ဘာရ ဉာဏ်ရင့်အံ့သော အကြောင်း အဇ္ဈာသယကား ၆ပါးတည်းဟု မှတ်ရမည်။ ထိုခြောက်ပါးသော အဇ္ဈာသယတို့တွင် နိမက္ခမဇ္ဈာသယ ဆိုသည်ကား ရဟန်း၏ အဖြစ်ကို အလိုရှိသည်ဟု မှတ်ရမည်။ ပဝိဝေကဇ္ဈာသယ ဆိုသည်ကား၊ ဆိတ်ငြိမ်ခြင်းကို အလိုရှိသည်ဟု မှတ်ရမည်၊ အလောဘဇ္ဈာသယ ဆိုသည်ကား၊ ဘင်နှစ်သက်ခြင်း ကင်းသည်ကို အလိုရှိသည်ဟု မှတ်ရ၏။ အဒေါသဇ္ဈာသယ ဆိုသည်ကား၊ ပြစ်မှားခြင်း ကင်းသည်ကို အလိုရှိသည်ဟု မှတ်ရမည်။ အမောဟဇ္ဈာသယ ဆိုသည်ကား၊ မိုက်မဲတွေဝေခြင်း ကင်းသည်ကို အလိုရှိသည်ဟု မှတ်ရမည်။ နိသရဏဇ္ဈာသယ ဆိုသည်ကား၊ ဝဋ်တရားမှ ထွက်မြောက်ခြင်းကို အလိုရှိသည်ဟု မှတ်ရမည်၊ ။ဤသည်ကား အဇ္ဈာသယ ခြောက်ပါး၏ သရုပ်တည်း။

၂၀၊ ။အရှင်ပစ္စေကဗုဒ္ဓါ အလောင်းတော်တို့သည် အဘယ်မျှ လောက်သော ကာလပတ်လုံး ပါရမီကို ဖြည့်မှ အရှင်ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်တော်မူကုန်သနည်း။

ပစ္စေကဗုဒ္ဓါနံ ပန၊ ကပ္ပ ဝ စိရံ ပဏ္ဍနာဝတ္တတိတိ ဒွေ အသင်္ချေယျာနိ ကပ္ပသတသဟဿဥ္စ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အရှင်ပစ္စေကဗုဒ္ဓါ အလောင်းတော် တို့သည် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းဖြည့်မှ အရှင်ပစ္စေကဗုဒ္ဓါ အဖြစ်သို့ ရောက်တော်မူကုန်သည်ဟု မှတ်ရမည်။

၂၁။ ။ရှင်ပစ္စေကဗုဒ္ဓါ အလောင်းတော် တို့သည် ဗျာဒိတ်ခံရရာသော အင်္ဂါကား အဘယ်မျှ ရှိသနည်း။

ပစ္စေကဗုဒ္ဓတ္တံပဗ္ဗယတာ အဘိနီဟာရကာရဏာ ပဥ္စသမ္ပတ္တိယော ဣစ္ဆိတဗ္ဗာ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အရှင်ပစ္စေကဗုဒ္ဓါ အဖြစ်ကို တောင့်တ၍ ဆုတောင်းသော ခဏ၌ ငါးပါးသော အင်္ဂါနှင့် ပြည့်စုံလျှင်၊ ဗျာဒိတ်ကို ခံရလေတော့သည်ဟု မှတ်ရမည်။

၂၂။ ။ငါးပါးသော အင်္ဂါ ဆိုသည်ကား အဘယ်နည်း။

တော့သံဟိ မနုဿတ္တလိင်္ဂသမ္ပတ္တိ ဝိဂတာသဝဒဿနံ အဓိကာရော စ ဆန္ဒတာ ဧတေ အဘိနီဟာရ ကာရဏာ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လူစင်စစ် ဖြစ်စေ၊ ယောကျ်ားစင်စစ် ဖြစ်စေ။ ဘုရားပစ္စေကဗုဒ္ဓါ သာဝက တို့ကို ဖူးတွေ့ရသည်လည်း ဖြစ်စေ။ စွန့်ကြဲခြင်း ရှိသည်လည်း ဖြစ်စေ။ ပစ္စေကဗုဒ္ဓါ ဆုကို အားကြီးသည်လည်း ဖြစ်စေ။ ။ဤသည်ကား၊ အရှင်ပစ္စေကဗုဒ္ဓါတို့ ဗျာဒိတ်ခံရရာသော အင်္ဂါ ငါးပါးတည်းဟု မှတ်ရမည်။

၂၃။ ။လက်ျာရံ,လက်ဝဲရံ ဖြစ်ကုန်သော အဂ္ဂသာဝကတို့အား အဘယ်မျှလောက်သော ကာလပတ်လုံး ပါရမီကို ဖြည့်မှ လက်ျာရံ, လက်ဝဲရံ အဖြစ်သို့ ရောက်လေသနည်း၊

ဒွိန္နံအဂ္ဂသာဝကာနံ ဧကအသင်္ချေယျံ ကပ္ပသတသဟဿဉ္စ။ ။ဤကဲ့သို့ ကျမ်းဂန် လာသောကြောင့်၊ လက်ျာရံ,လက်ဝဲရံ ဖြစ်သော အဂ္ဂသာဝကတို့အား တသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီကိုဖြည့်မှ အဂ္ဂသာဝက အဖြစ်သို့ ရောက်သည်ဟု မှတ်ရမည်။

၂၄။ ။အသီတိ မဟာသာဝက၊ဘုရားသခင့် မယ်တော်,ခမည်းတော်,အလုပ်အကျွေး,သားတော်, ဤသူဖြစ်တို့သည် အဘယ်မျှ ပါရမီကို ဖြည့်ရလေသနည်း။

အသီတိမဟာသာဝကာနံ ကပ္ပသတသဟဿာနံ။ဘာထာ ဗုဒ္ဓဿ မာတာပိတူနံ ဥပဋ္ဌာကဿ ပုတ္တဿာတိ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဤ သူဖြစ်တို့သည် ကမ္ဘာတသိန်း ပါရမီကို ဖြည့်ရသည်ဟု မှတ်ရမည်။

၂၅။ ။လက်ဝါရံ,လက်ဝဲရံ ဖြစ်ကုန်သော အဂ္ဂသာဝက၊ အသီတိမဟာသာဝက၊ဘုရားသခင့် မယ်တော်,ခမည်းတော်,အလုပ်အကျွေး, သားတော် ဤသူမြတ်တို့အား ဗျာဒိတ်ခံရရာသော အင်္ဂါကား အဘယ်မျှ ရှိသနည်း၊

ဆူးပသံပန သဗ္ဗေသမ္ပိ အဓိကာရော ဆန္ဒတာတိ ဒွဂ်သမ္ပန္နော ယေဝ အဘိနီဟာရော ဟောတိ၊ ၊ဤသို့ ကျမ်းဂန် လာသောကြောင့်၊ စွန့်ကြဲခြင်း၊လိုချင်သောဆန္ဒ အားကြီးခြင်း၊ဤနှစ်ပါးနှင့် ပြည့်စုံလျှင်၊ ဗျာဒိတ် ခံရသော့သည်ဟု မှတ်ရမည်။

၂၆။ ။ဖြည့်အပ်ပြီးသော ပါရမီတော် ရှိသော ဘုရားအလောင်းတော်တို့သည် အဆုံးစွန်သော ကိုယ်တော်အဖြစ်၌ အဘယ်,အဘယ်အမျိုးမှာ ဖြစ်လေသနည်း။

ပါရမိယော ပူရေတွာ ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇန္တော ခတ္တိယကုလေဝါ ဗြာဟ္မဏကုလေဝါ ဥပ္ပဇ္ဇန္တိ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မင်းမျိုး, ပုဏ္ဏားမျိုးတို့၌ ဖြစ်တော်မူသည်ဟု မှတ်ရမည်။

၂၇။ ။အရှင်ပစ္စေကဗုဒ္ဓါ အလောင်းတော်တို့သည်ကား၊ အဘယ်အမျိုးတို့၌ ဖြစ်တော်မူကုန်သနည်း။

ပစ္စေကဗုဒ္ဓါ ခတ္တိယ ဗြာဟ္မဏ ဂဟပတိကုလာနံ အညတရသ္မိံ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အရှင်ပစ္စေကဗုဒ္ဓါတို့သည် မင်းမျိုး, ပုဏ္ဏားမျိုး,သူကြွယ်မျိုးတို့တွင် တပါးပါးသော အမျိုးတို့၌ ဖြစ်တော်မူကုန်သည်ဟု မှတ်ရမည်။

၂၈။ ။အဂ္ဂသာဝက,မဟာသာဝက တို့သည်ကား အဘယ်အမျိုးတို့၌ ဖြစ်ကုန်သနည်း။

အဂ္ဂသာဝက, မဟာသာဝကာနံ ပန ခတ္တိယ ဗြာဟ္မဏ ကုလေယေဝ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဘုရားအလောင်းတော်ကဲ့သို့ မင်းမျိုး ပုဏ္ဏားမျိုးတို့၌သာ ဖြစ်တော်မူကုန်သည်ဟု မှတ်ရမည်။

၂၉။ ။အရှင်ပစ္စေကဗုဒ္ဓါတို့သည် အဘယ်ကာလ၌ ဖြစ်တော်မူကုန်သနည်း။

ပစ္စေကဗုဒ္ဓါ ဗုဒ္ဓေ အပ္ပတွာ ဗုဒ္ဓါနံ ဥပ္ပဇ္ဇနကာလေယေဝ ဥပ္ပဇ္ဇန္တိ။ ။

ဤသို့ ကျမ်းဂန် လာသောကြောင့်။ အရှင်ပစ္စေကဗုဒ္ဓါတို့သည် ဘုရားရှင်တို့ ဘုရားအဖြစ်သို့ မရောက်မီ ဘုရားမဖြစ်သော ကာလ၌သာ ဖြစ်ကုန်၏ ဟု မှတ်ရမည်။

၃၀။ ။ဘုရားသခင်တို့သည် အဘယ်ကာလ၌ ဖြစ်တော် မူကုန် သနည်း။

ဝဿသတ သဟဿတော ဟေဋ္ဌိမံ၊ ဝဿသတတော ဥပရိမံ၊ ဗုဒ္ဓါနံ ဥပ္ပတ္တိကာလေ သိယုံ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လူတို့ အသက်အသိန်း နေသည် ကာလအထက် ယုတ်သော ကာလ တို့၌ရင်း၊ လူတို့ အသက်တရာ နေသည် ကာလထက် လွန်သော ကာ လတို့၌ရင်း၊ ဘုရားရှင်တို့သည် ဖြစ်တော်မူကုန်၏။ ထိုသို့ ဖြစ်သော် လည်း တက်ကပ်တို့၌ မဖြစ် ဆုတ်ကပ်တို့၌သာ ဖြစ်တော်မူကုန်သည် ဟု မှတ်ရမည်။

ဗုဒ္ဓါသယဉ္စ ဗုဇ္ဈန္တိ၊ ပရေစ ဗောဓေန္တိ။ ။ဤသို့ ကျမ်းဂန် လာ သည်နှင့် အညီ ဘုရားသခင်တို့သည် ခပ်သိမ်းသော တရားအပေါင်း တို့ကို ကိုယ်တော်တိုင်သော်လည်း သိတော်မူနိုင်၏။ သူတပါးတို့အား လည်း သိစေတော်မူနိုင်၏ဟု မှတ်ရမည်။

ပစ္စေကဗုဒ္ဓါ သယံ ဗောဓေန္တိ၊ နပရေ ဗောဓေန္တိ။ အတ္ထရသမေဝ ပဋိ ဝိဇ္ဈန္တိ၊ နဓမ္မရသံ နဟိ တေ လောကုတ္တရဓမ္မံ ပညတ္တိံ အာရောပေတွာ ဒေသေတုံ သက္ကောန္တိ။ မူဂေန ဒိဋ္ဌသုပိနော ဝိယ ဝနစရကေန နဂရေ သာယိတဗျဉ္ဇနရသော ဝိယစ ဓမ္မာဘိသမယော ဟောတိ။ ။ဤသို့ အစ ရှိသော ပါဠိတော် ကျမ်းဂန် လာသည်နှင့် အညီ အရှင်ပစ္စေကဗုဒ္ဓါ တို့သည် ကိုယ်တိုင်တော် သိနိုင်၏၊ သူတပါးတို့အား မသိစေနိုင်။ ကိုယ်တိုင်တော် သိတော်မူနိုင်သော်လည်း၊ အတ္ထရသ ကိုသာ သိတော် မူနိုင်၏၊ ဓမ္မရသကို သိတော် မမူနိုင်။ ထို အရှင်ပစ္စေကဗုဒ္ဓါ တို့သည် သူအသည် မြင်မက်သော အိပ်မက်ကဲ့သို့ လောကုတ္တရာတရားတို့ကို ပညတ်သို့ တင်၍ ဟောခြင်းငှါ မတတ်နိုင်ကုန်။ တောသွား မုဆိုးသည် ပြည်၌ လျက်အပ်သော ဟင်းမျိုးအရသာကဲ့သို့၊ ထို အရှင်ပစ္စေကဗုဒ္ဓါ တို့အား တရားကို ရတော်မူကုန်၏။ အလုံးစုံသော တန်ခိုးဈာန်ပဋိ၊

ဈာန်၊ အဘိညာဉ်၊ သမာပတ်၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်သော်ကား၊
ပြည့်စုံတော်မူကုန်၏။

ထိုသို့ ပြည့်စုံတော်မူသောကြောင့်၊ အဂ္ဂသာဝက,မဟာသာဝကတို့
ထက် အလွန် ဘုရားသခင်အောက် အယုတ်၊ ဘုန်းတန်းခိုး,အာနုဘော်
တော်နှင့် ပြည့်စုံတော်မူကုန်၏ဟု မှတ်ရမည်။ ယခု ဆိုအပ်ခဲ့ပြီးသော
အရာများကို သုတ္တနိပါတ်၌ ဆိုသည်ဟု မှတ်ရမည်။

၃၁။ ။ဘုရားသခင်အလောင်းတော်တို့သည် ပါရမီကို ဖြည့်တော်
မူသော အခါ၊ သူတပါးတို့ တားမြစ်အံ့သော်လည်း တတ်နိုင်အံ့လော။ ဤ
သို့ သူ မေးဖွယ် ရှိ၏။ထိုအမေးကို အဘယ်သို့ ဖြေအံ့နည်း။

ပုဗ္ဗေကိရ မဟာသတ္တော ကလန္ဒယောနိယံ နိဗ္ဗတ္တိသတိ။ အထ
ဒေဝေ ဝဿေ ဩဃော အာဂန္တွာ ကုသာဝကံ ဂဟေတွာ မဟာသမုဒ္ဒ
မေဝ ပဝေသေသိ။မဟာပုရိသော ပုတ္တကေ နီဟရိဿာမီတိ၊နင်္ဂုဋ္ဌေ တေ
မေတွာ တေမေတွာ မဟာသမုဒ္ဒေ ဥဒကံ ဗဟိ ခိပတိ။ ။ဤသို့ အစ
ရှိသည်ဖြင့် ကျမ်းဂန် လာသည်နှင့်အညီ ဘုရားသခင်,အလောင်းတော်
သည် ငှက်အမျိုး၌ ဖြစ်တော်မူ၏။ ထိုသို့ ဖြစ်တော်မူသော အခါ
မိုးကြီး သည်းထန်စွာ ရွာလတ်သည် ရှိသော်၊ရေအယဉ်၌ သားငယ်
သည် အသိုက်နှင့်တကွ မဟာသမုဒ္ဒရာသို့ ကျလေသည်၊ထို ကျလေ
သော သားငယ်ကို ဘုရားသခင်,အလောင်းတော်သည် ထုတ်ဖော်အံ့
ဟု အမြီးကို မဟာသမုဒ္ဒရာရေမှ ဆွတ်၍,ဆွတ်၍ ကုန်းထက်သို့ တင်
၏။ခုနစ်ရက်ကြာကြာသော နေ့၌ကား သိကြားမင်းသည် လာလတ်၍၊
အကြောင်းအရာကို ပူးစမ်းမေးမြန်းသော်၊မဟာသမုဒ္ဒရာ၌ သားငယ်
ကျသောကြောင့်၊ထုတ်ဖော်အံ့သော အကြောင်းအရာကို ပြောဆိုလျှင်၊ သိ
ကြားမင်းသည် ထုတ်နိုင်ခဲသော အဖြစ်ကို ဆို၏။ ထိုသို့ ဆိုသော
သိကြားမင်းစကားကို ကြားလတ်သော်၊ ဘုရားအလောင်းတော်သည်
ပျင်းသော သဘောရှိသော သင်နှင့်အတူတကွ စကားပြောဟောခြင်း
ငှာ မအပ်။ ဤအရပ်မှ ဖဲလေသော်ဟု ငြင်းမောင်း၏။ သိကြားမင်း
သည်လည်း မယုတ်သော ဝီရိယပါရမီ ရှိသော ယောကျ်ားမြတ်သည်
ယူအပ်ပြီးသော အယူကို စွန့်အံ့သောငှာ မတတ်နိုင်ချေဟု ဘုရား

လောင်း၏ အလိုသို့ လိုက်သဖြင့် သမုဒ္ဒရာထဲ၌ ရှိသော သားငယ်ကို ယူဆောင်၍ ဘုရားလောင်းအား ပေး၏။ ထိုငွေ၊ ဘုရားသခင်,အလောင်းတော်တို့ ပါရမီဖြည့်တော်မူသော အခါ သူတပါးတို့ တားမြစ်အံ့သောငှာ မတတ်နိုင်ဟု ဖြေရမည်။ ။ဤစကားသည် ဒီဃနိကာယ်၌ လာ၏ဟု မှတ်ရမည်။ ။ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါရမီခန်း၌၊—

ထိုးထိတ်မရွံ၊ လက်ငံမြောက်မြဴး၊ သူတပါးကား။ ခွန်အားထုတ်ထုတ်၊ အရကုတ်လျက်၊ သမုဒ္ဒရာဇာ၊ ပင်လယ်မြစ်လည်း၊ ဖက်ထစ်ခန်းတန်၊ နှိုင်းနှန်းတွန်လျက်၊ ဟူ၍ အရှင်မဟာသီလဝံသ အကျော် စပ်တော်မူလေသည် မှတ်ရမည်။

၃၂။ ။ဘုရားလောင်းမှ တပါးကုန်သော သူတို့သည် အမိဝမ်း၌ ပဋိသန္ဓေနေသည်ကာလ အဘယ်သို့သော နေဟန်ဖြင့် နေလေသနည်း။

အညေ အန္တော ကုစ္ဆိဂတာ မာတုပဏ္ဏာသယံ အဇ္ဈောရိတွာ အာမာသယံ ဥက္ကံပိတွာ ဥဒရပဋလံ ပိဋ္ဌိတော ကတွာ။ ပိဋ္ဌိကဏ္ဍကံ နိဿာယ ဥက္ကုဋိကာ သမုပ္ပိဏ္ဍ ဟနုကံ ဌပေတွာ ဒေဝေ ဝဿန္တေ ရုက္ခသုသိရေ မက္ကဋာဝိယ ဥက္ကုဋိကာ နိသီဒန္တိ။

ဤသို့ ကျမ်းဂန် လာသော်ငွေ၊ ဘုရားလောင်းမှ တပါးကုန်သော သူတို့သည် အမိဝမ်း၌ ပဋိသန္ဓေနေသည်ကာလ အမိ၏ အစာဟောင်းကို ခင်း၍ အစာသစ်ကို ရွက်၍၊ အမိဝမ်းရေကို ကျောက်ကုန်းဖြင့် မှီလျက်၊ ၂ချောင်းသော လက်ဆုပ်တို့၌ မေးကို ထား၍ မိုး ရွာလတ်သည် ရှိသော်၊ သစ်ခေါင်း၌ ဆောင့်ကြောင့်နေသော မျောက်ကဲ့သို့ အမိဝမ်း၌ ဘုရားလောင်းမှ တပါးသော သူတို့သည် နေကုန်သည်ဟု မှတ်ရမည်။

၃၃။ ။ဘုရားသခင် အလောင်းတော်တို့သည် အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌ မယ်တော်ဝမ်းမှာ ပဋိသန္ဓေ နေတော်မူသော အခါ အဘယ်သို့သော နေဟန်ဖြင့် နေတော်မူကုန်သနည်း။

တေနပိဋ္ဌိကဏ္ဍကံ ပိဋ္ဌိတော ကတွာ၊ ဓမ္မာသဝနေ ဓမ္မကထိကော ဝိယ ပလ္လင်္ကံ အာဘုဇိတွာ၊ ပုရတ္ထိမာဘိမုခါ နိသီဒန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊မယ်တော်ကျောက်ရိုးကို ကျောက်ဖြင့် မှီ၍၊တရားပလ္လင်၌ ဟောသော ပုဂ္ဂိုလ်ကဲ့သို့ ထက်ဝယ်ဖွဲ့လျက်၊ ရှေ့သို့ မျက်နှာပြု၍ နေတော်မူကုန်သည်ဟု မှတ်ရမည်။ ။ဤစကားကို ဟောပဒါနသုတ်ဖွင့် အဖွင့်၌ ဆိုဖြီ။

၃၄။ ။ဘုရားသခင်တို့ ကြွတော်မူလျှင် ခြေတော်ရာ မထင်ခြင်းသည် အကြောင်းသုံးပါးငွေ့ မထင်ဟူ၍ကား ဆိုပြီ၊ အကြောင်းသုံးပါးဖြင့် သရုပ်,ဇ, ဝိပ္ပါယ်ကား အဘယ်နည်း။

ဂန္ဓတောပန သမ္မာသမ္ဗုဒ္ဓဿ အက္ကန္တံပဒံ နပညာယတိ။ကသ္မာ သုခုမတ္တာ မဟာဗလ မဟာဓနာ နုဂ္ဂဟောနစ။ ။ဤသို့ အစရှိသည်ဖြင့် ကျမ်းဂန် လာသောကြောင့်၊ နူးညံ့သိမ်မွေ့လှစွာသော ဝါဂွမ်းဆိုင်ကို ချသဖြင့်၊ ထို ကျောက်အရပ်၌ အရာမထင်သကဲ့သို့၊ ထိုအတူငှင်း၊ ဘုရားသခင် ကြွတော်မူသည် ရှိသော်၊ အရေတော် ၏ နူးညံ့သိမ်မွေ့လှစွာသောကြောင့်၊ နင်းစကာသာ ခြေတော်ရာ မထင်သည်လည်း တပါး၊ ခွန်အားကြီးသော သိန္ဓောမြင်းသည် ကြာရွက်၌ နင်းသည်ရှိသော်၊ နင်းစကာသာ အရာမထင်သကဲ့သို့၊ထိုအတူငှင်း၊ ဘုရားသခင် ကြွတော်မူသည်ရှိသော်၊ ခွန်အားကြီးတော်မူသောကြောင့်၊ နင်းစကာသာ ခြေတော်ရာ မထင်သည်လည်း တပါး၊ ဘုရားသခင်တို့၏ ခြေတော်ရာသည် အစဉ်ထင်သဖြင့်၊လူအပေါင်းတို့ မြင်ကုန်သည် ရှိသော်၊နင်းအံ့သောဌါ မဲ့သည် ဖြစ်၍ ခရီးသွားခြင်းသည် ဆိတ်လတ္တံ့။ထိုငွေ့၊နင်းစကာသာ ခြေတော်ရာ မထင်သည်လည်း တပါး၊ ဤသည်ကား ဘုရားသခင်တို့ ကြွတော်မူလျှင် ခြေတော်ရာမထင်သော အကြောင်းသုံးပါးဖြင့် သရုပ်, အဓိပ္ပါယ်တည်းဟု မှတ်ရမည်။ ။သည့်အကြောင်းအရာကို အင်္ဂုတ္တရ စတုက္ကနိပါတ်၌ ဆိုသည်ဟု မှတ်ရမည်။

၃၅။ ။ဆင်မျိုးအပြားကား အဘယ်သို့ ရှိသနည်း။

ကာလဝကဉ္စ ဂင်္ဂေယျံ၊ ပဏ္ဍရံ တမ္ဗ ပိင်္ဂလံ။ ဂန္ဓမင်္ဂလ ဟေမဉ္စ၊ ဥပေါသထ ဆဒ္ဒန္တိမေ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကာလာဝကဆင်,ဂင်္ဂေယျဆင်, ပဏ္ဍရဆင်,တမ္ဗဆင်, ပိင်္ဂလဆင်,ဂန္ဓဆင်, မင်္ဂလဆင်, ဟေမဆင်,ဥပေါ

သထဆင်, ဆဒ္ဒန်ဆင်၊ ဤသို့လျှင် ဆင်မျိုးအပြားကားဆယ်ပါး အပြား ရှိ၏ဟု မှတ်ရမည်။

၃၆။ ။ဘုရားသခင်တို့၏ အားတော်သည် ဆယ်ပါး အပြားရှိ၏ ဟူ၍ ကား ဆိုကုန်ပြီ။ ထိုဆယ်ပါးတို့၏ သရုပ်သျှာကား အဘယ်နည်း။

ယံဒသန္တံ ပုရိသာနံ ကာယဗလံ တံ ဧကဿကာလာဝကဿ ဟတ္ထိနော၊ ယံဒသန္နံ ကာလာဝကာနံ ဗလတံ၊ ဧကဿ ဂင်္ဂေယျဿာ တိ၊ ဆုမိနာခုသာရေန သေသဟတ္ထိကုလာနမ္ပိ ဗလံ ဒဋ္ဌဗ္ဗံ။ ယံပန ဒသန္နံ ဆဒ္ဒန္တာနံ ဗလော ပစ္စိ မဘာဝိကော ဗောဓိသတ္တော ပကတိဟတ္ထိ ဂဏနာယ၊ ကောဋိသဟဿဟတ္ထိဗလမရော။ ပုရိသဂဏနာယ ဒသ ကောဋိသဟဿဗလမရော။

ဤသို့ ထိုကျမ်းဂန် လာသော့ငွေ့၊ လူ မိုလ်ခြေတကျိပ်အားကို ကာလာဝကဆင်တစီး ဆောင်၏၊ ကာလာဝကဆင်ဆယ်စီးအားကို ဂင်္ဂေယျဆင်တစီး ဆောင်၏။ ဂင်္ဂေယျဆင်ဆယ်စီးအားကို ပဏ္ဍရဆင် တစီး ဆောင်၏။ ပဏ္ဍရဆင်ဆယ်စီးအားကို တမ္ဗဆင်တစီး ဆောင်၏။ တမ္ဗဆင်ဆယ်စီးအားကို ပိင်္ဂလဆင်တစီး ဆောင်၏။ ပိင်္ဂလဆင် ဆယ်စီးအားကို ဂန္ဓဆင်တစီး ဆောင်၏။ ဂန္ဓဆင်ဆယ်စီးအားကို မင်္ဂလဆင်တစီး ဆောင်၏။ မင်္ဂလဆင်ဆယ်စီးအားကို ဟေမဆင် တစီး ဆောင်၏။ ဟေမဆင်ဆယ်စီးအားကို ဥပေါသထဆင်တစီး ဆောင်၏။ ဥပေါသထဆင်ဆယ်စီးအားကို ဆဒ္ဒန်ဆင်တစီး ဆောင်၏။ ဆဒ္ဒန်ဆင်ဆယ်စီးအားကို မြတ်စွာဘုရား ဆောင်တော်မူ၏။ ပကတိ ဆင်မည်းအားသော်ကား ကုဋေတထောင် ဆောင်တော်မူနိုင်၏။ လူမှ ပေါင်းသည် ရှိသော် ကုဋေတသောင်းပေါင်းမှ တူနိုင်၏။ ။ဤသည် ကား အားတော်ဆယ်ပါး၏ သရုပ်အဓိပ္ပါယ်တည်းဟု မှတ်ရမည်။ ။ ခြင်္သေ့တို့၏ အားသည်လည်း ဤအတူရင်း မှတ်ရမည်။ မဇ္ဈိမနိကာယ်, မဟာသီဟနာဒသုတ်အဖွင့်၌ လာသည် မှတ်ရမည်။ ။ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါရမီခန်း၌—

အသီးအသီး၊ ဖြင်ကြီးခတ်မျှ၊ ယမိုက်ပသား၊ လှိုင်းမဟိုးကျော်၊

ကျေးဇူးတော်ကို၊ ဆိုသော် မလွယ်၊ အဝန်း ကျယ်၏။ ရေဝယ်

ဗိုင်းထွေး၊ အရေးကြောင်းကြောင်း၊ မထင်ကောင်းသို့၊ *ဖုန်းပေါင်း စေ့ဆော်၊ကိုယ်တော် ဝလေ့၊မွေ့သည် စင်စစ်၊ ဖြစ်၍လည်းကောင်း၊ တန်ရောင်း ပြေပြင်၊ ကြာဖက်တွင်၍၊ ဗိုင်းနှင်သိန္ဓော၊ပေါပေါ နှင်းကြွား၊ ထိကာ သွားသို့ ယောက်ျား ဗိုလ်ခြေ ကုဋေတသောင်း၊ ပေါင်းမှ တူနိုင်၊ အားဆုံးတိုင်သား၊ စွမ်းခိုင်ဟုမွမ်း၊ ကိုယ်တော်အနံဖြင့်၊သ ရှိလည်းကောင်း၊လမ်းတကြောင်း၌၊ကြွရောင်းလတ်သော်၊ခြေတော်ဖဝါး၊ရာထင်ရှားက၊နောက်သွား လူသူ၊ နင်းမိမူကား၊ အပူအဆာ၊ဖြစ်ခဲ့ရာဟု၊ ထာ၍လည်းကောင်း၊ အကြောင်းသုမ္ပါး၊ ဤသို့အားဖြင့်၊ ဖဝါးရွှေစက်၊ကြွစဉ်ပက်လျှင်၊မြေထက် နင်းရာ၊မထင်ပါသား၊ တံထွာကိုမျှ၊မြင်က ဘယ်သူ၊ ဘယ်နတ်၊လူသည်၊ ရှေ့ရှုပုံးလာ၊ မအုမ့်ပါချိမ့်။အနိမ့်သာလျက်၊ အံ့ဆ တက်ရှင့်၊ အထက်သော်ကား၊ကာကထားဟု၊သီးခြား လွတ်စေ၊ဆိုချေရာ၊ မရှိစွာခဲ့။အံ့အာ သို့စင်၊ဂုဏ်များရှင်နှင့်၊ခုဘ်အင် ရည်တူ၊ ဖြစ်ငိမ့်ဟူလျက်၊ ရှင်ပြု ကျော့ကျည်း၊ လေးပါးတည်းသော်၊ ၊လျော့လျှည်း မအပ်စွာသေးသတည်း။ ။ဤသို့ ရှင်မဟာသီလဝံသ အကျော် စပ်တော်မူလေသည်။

၃၇။ ။ကာယဗလ၏ အားတော်ဆယ်ပါးကိုကား ဆိုလေပြီ။ ကာယဗလမှ တပါး အားတော်သည် အဘယ်မျှ ရှိသနည်း။

အညံ့ပန ဒသသု ဌာနေသု၊ အာန မွန္နာဏန ဥပယ ဓမ္မနာဏနစ၊ ဒသ ဝိဓံ ဉာဏံ ဗလံနာမ အတ္ထိ။ တဒေဝ ဥ ကြမ ဗလန္တိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကာယဗလမှ တပါးသော အားတော်သည်ကား ဆယ်ပါးသော အရာတို့၌ မတုန်မလှုပ်သော အနက်ကြောင့်၎င်း၊ ထေံ့တက်သော အနက်ကြောင့်၎င်း၊ဆယ်ပါး အပြားရှိသော ဉာဏ်တော်တည်း ဟူသော အားတော်သည် ရှိ၏။ ထိုဆယ်ပါး အပြားရှိသော ဉာဏဗလကိုသာလျှင် ဥက္ကဗလ မည်၍ ဆိုအပ်သတည်း။

* ရှင်သီလဝံသ,ရှင်ရဋ္ဌသာရတို့လက်ထက်၊ ပုညအနက်ကို ဖုန်း-ဟု ရေးသည်။ ယခု ဘုန်း-ဟု အများ ရေးကြ၏။

၃၈။ ။ထိုဆယ်ပါး အပြား ရှိသော ဉာဏဗလ၏ သရုပ်သဘော ကား အဘယ်နည်း။

ဌာနဉ္စ ဌာနတော အဋ္ဌာနဉ္စ အဋ္ဌာနတော။ ကမ္မသမာဒါနာနံ ဝိပါကံ။ သဗ္ဗတ္ထဂါမိနိံ။ နာနာဓာတုယော လောကံ။ သတ္တာနံ နာနာဓိမုတ္တိကတံ။ ပရသတ္တာနံ ဣန္ဒြိယပရောပရိယတ္တံ။ ဈာနာဒိ သံကိလေသာဒိ။ ပုဗ္ဗေနိဝါသံ။ စုတူပပါတံ။ အာသဝက္ခယံ ဉာဏံ ဝိဇ္ဇတ္တယံ တထာ တိ ဒသဓိ။ ။ဤသို့ ကျမ်းဂန် လာသောကြောင့်—

၁၊ အကြောင်း ဟုတ်သည်, မဟုတ်သည်ကို သိတော်မူနိုင်သော ဉာဏ်တော်။

၂၊ ကံအထူး,ဝိပါက်အထူးကို သိတော်မူနိုင်သော ဉာဏ်တော်။

၃၊ ခပ်သိမ်းသော ဘဝသို့ ဖြစ်စေတတ်သော အကြောင်း ဖြစ်သော ကံအပိုင်းအခြားကို သိတော်မူနိုင်သော ဉာဏ်တော်။

၄၊ အထူးထူးသော ဓာတ်အပိုင်း,အခြားကို သိတော်မူနိုင်သော ဉာဏ်တော်။

၅၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ အလိုဆန္ဒ,အာသယကို သိတော်မူနိုင်သော အဓိမုတ္တိဉာဏ်တော်။

၆၊ ခပ်သိမ်းသော ဝေနေယျ သတ္တဝါအပေါင်းတို့အား မုဒု,တိက္ခ စသည်ဖြင့် နုံ့,ထက်,ရင့်ကို သိတော်မူနိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်။

၇၊ ဈာန် အစရှိသည်တို့နှင့် တကွ ဖြစ်သော ကိလေသာ အစရှိသည် ဖြင့် ညစ်ညူးပုပန့်သည်ကို သိတော်မူနိုင်သော ဈာနာဒိသံကိလေသဉာဏ်တော်။

၈၊ လွန်လေပြီးသော ဘဝတို့၌ ခန္ဓာအစဉ်ကို သိတော်မူနိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်။

၉၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ စုတိပဋိသန္ဓေ အပိုင်းအခြားကို သိတော်မူနိုင်သော ဒိဗ္ဗစက္ခုဉာဏ်တော်။

၁၀၊ အာသဝေါတရား၏ ကင်းပြတ်ခြင်းကို သိတော်မူနိုင်သော အာသဝက္ခယဉာဏ်တော်။

ဤဆယ်ပါးသော ဉာဏ်တော်တို့သည်ကား၊ မိမိတို့ဆိုင်ရာအသီးသီးတို့၌

နန္ဒာအား ဟောတော်မူသော်၎င်း၊တပါးသော စကြဝဠာသို့ ကြွ၍ ချွတ်တော်မူကြောင်းကို သိရ၏။ ထိုသို့ ချွတ်တော်မူသော်လည်း ချမ်းခြော၌ အကျွတ်တရားကို မရ၊ ဝါသနာမျှသာ စဲစေသောဟု သဖြုတ်တော်မူသည်ဟု မှတ်ရမည်၊ ။ဤသည်ကား မဟာပရိနိဗ္ဗာနသုတ်အဖွင့်၌ လာသည် မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါရမီခန်း၌–

ကိုယ်ကြွင်းရောက်ပေါက်၊ ငါးသွားလောက်ဟု၊ ဝေးမြောက်
စကြဝဠာ၊ခြားရာမှာလည်း၊ မကြာ မားမား။ကိုယ်ဘိုင်သွား၍၊
တရား ညွှတ်နူး၊ချွတ်ပုံးသည်ချည်း၊သချော်ပြည်း၏၊

ဟူ၍၊ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၄၀။ ။လောကီဖြစ်ကုန်သော လူတို့၏ တခွန်းကို ဘုရားသခင် အဘယ်မျှလောက် မိန့်တော်မူနိုင်လေသနည်း။

သောကိယမဟာဇနာ ကောပဒံ ကထေန္တိ။တာဝတာ အာနန္ဒထေရော အဋ္ဌပဒါနိ ကထေတိ။အာနန္ဒထေရောပန ကောပဒံ ကထေန္တေ ယောဝ ဘဂဝါ သောဠသပဒါနိ ကထေတိ၊ ဉာဏိနာနယေန လောကိယဇနဿ ကောပဒဝတ္ထုံ ကထေန္တော ဘဂဝါ အဋ္ဌဝီသတိ ပဒါနိ ကထေတိ။ ။

ဤသို့ ကျမ်းဂန်လာသော်ငြား၊လောကီ ဖြစ်ကုန်သော လူတို့သည် တပုဒ်ကို ရွတ်ကုန်၍။ထိုမျှလောက်သော ကာလဖြင့် အရှင်အာနန္ဒာမထေရ်သည် ရှစ်ပုဒ် ရွတ်တော်မူနိုင်၏။အရှင်အာနန္ဒာ တပုဒ်ကို ရွတ်စဉ်လျှင် ဘုရားသခင် ၁၆ပုဒ်တို့ကို ရွတ်တော်မူနိုင်၏၊ ဤသို့သော နည်းဖြင့် လောကီ ဖြစ်ကုန်သော လူတို့သည် တပုဒ်ကို ရွတ်သော ခဏ၌ ဘုရားသခင်သည် တချုံ့နှစ်ဆယ်ရှစ်ပုဒ်ကို ရွတ်တော်မူနိုင်၏ဟု မှတ်ရမည်။

၄၁။ ။ဘုရားသခင်သည် ဤမျှလောက်စဉ် အဘယ်ကြောင့် လျင်ထန်စွာ မိန့်တော်မူနိုင်လေသနည်း။

ကဿာ ဘဂဝတော ဇိဝှါ မုဒုဒီဃာ ဝရကာ၊သုဖုသိတံ ဝစနံ အဂ္ဂလိတံ၊ ဘဝင်္ဂပရိဝါသော လဟုကောတိ။

ဤသို့ ကျမ်းဂန် လာသော်ငြား၊ဘုရားသခင့် လျှာတော်သည် နူးညံ့တော်မူသော်ငြားရင်း၊သွားဖုံးတော်သည် ကောင်းစွာ ထိတော်မူသော်

ငွေ့ရင်း။စကားတော်သည် မချွေမယျွော့သော့ငွေ့ရင်း၊ ဘဝင်စိတ်သည် အပြန် လျင်သော့ငွေ့ရင်း၊ဤမှလောက်စဉ် လျင်ထန်စွာ မိန့်တော်မူနိုင်လေသည်ဟု မှတ်ရမည်။ ။မဇ္ဈိမနိကာယ်,မဟာသီဟနာဒသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၄၂။ ။အိပ်ခြင်း အပြားကား အဘယ်မျှ ရှိသနည်း။

စတဿော သေယျာနာမ။ကာမဘောဂိ သေယျာ၊ပေတ သေယျာ၊သီဟ သေယျာ၊ တထာဂတ သေယျာတိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ၊ကာမဂုဏ် ချမ်းသာကို ခံစားသောသူတို့၏ အိပ်ခြင်း၊ပြိတ္တာတို့၏ အိပ်ခြင်း၊ခြင်္သေ့တို့၏ အိပ်ခြင်း၊ ဘုရားသခင်တို့၏ အိပ်ခြင်းဟူ၍ လေးပါး အပြားရှိ၏ဟု မှတ်ရမည်။

၄၃။ ။ထိုလေးပါးတို့တွင် ကာမဂုဏ်ချမ်းသာကို ခံစားသောသူတို့သည် အဘယ်သို့သော အိပ်ခြင်းဖြင့် အိပ်လေသနည်း။

တတ္ထ ယေဘုယျေန ဘိက္ခဝေ ကာမဘောဂိ ဝါမပဿေန သေန္တိတိ အယံ ကာမဘောဂိ သေယျ၊ တေသံဟိ ယေဘုယျေန ဒက္ခိဏပဿေန သယနေ့နာမ နတ္ထိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ၊ ထိုလေးပါးသော အိပ်ခြင်းတို့တွင် ချစ်သား,ရဟန်းများတို့၊ များသောအားဖြင့် ကာမဂုဏ်ချမ်းသာကို ခံစားသော သူတို့သည် လက်ဝဲနံတောင်းဖြင့် အိပ်ကုန်၏။ ဤသို့ လက်ဝဲနံတောင်းဖြင့် အိပ်ခြင်းသည်လျှင် ကာမဂုဏ်ချမ်းသာကို ခံစားသော သူတို့၏ အိပ်ခြင်း မည်၏။ထိုသို့ ကာမဂုဏ်ချမ်းသာကို ခံစားသော သူတို့၏ အိပ်ခြင်းသည် များသော အားဖြင့် လက်ျာနံတောင်းစောင်း၍ အိပ်သော သူမည်သည် မရှိဟု ဘုရားသခင် ဟောတော်မူသည် မှတ်ရမည်။

၄၄။ ။ပြိတ္တာတို့၏ အိပ်ခြင်းသည်ကား အဘယ်သို့သော အိပ်ခြင်းဖြင့် အိပ်လေသနည်း။

ယေဘုယျေန ဘိက္ခဝေ ပေတာဥတ္တာနာ သေန္တိတိ အယံ ပေတသေယျာ ပေတာတိတိ။အပ္ပမံသလောဟိတတ္တာ အဋ္ဌိသံဃာတဇဋိတာဧကေန ပဿေန သယိတုံ နသက္ကာ ဥတ္တာနာဝ သေန္တိ။

ဤသို့ ကျမ်းဂန် လာသော်ငြား၊ ချစ်သား ရဟန်းများတို့၊ များသော အားဖြင့် ပြိတ္တာတို့သည် ပက်လက် အိပ်ကုန်၏၊ ဤသို့ အိပ်ခြင်းသည် ပြိတ္တာတို့၏ အိပ်ခြင်း မည်၏။ ပြိတ္တာတို့သည် နည်းသော အသား,အသွေး ရှိသည် ဖြစ်သောကြောင့်၊ ရိုးရှသော ကိုယ်ရှိကုန်သည် ဖြစ်၍၊နံပါး တဖက်ဖြင့် အိပ်ခြင်းငှာ မတတ်နိုင်ကုန်။ ထိုကြောင့်၊ ပက်လက်သာ အိပ်ကုန်သည်ဟု သုတ်အဋ္ဌကထာ ဟောတော်မူသည် မှတ်ရမည်။

၄၅။ ။ခြေသွင်မျိုးကား အသက်မှ အပြား ရှိသနည်း။

စတ္တာရော သိဟား။ တိဏသိဟော ကာဠသိဟော ပဏ္ဍုသိဟော ကေသရသိဟောစေတိ။

ဤသို့ ကျမ်းဂန် လာသော်ငြား၊ တိဏခြင်္သေ့,ကာဠခြင်္သေ့,ပဏ္ဍုခြင်္သေ့,ကေသရခြင်္သေ့၊ဤသို့အားဖြင့် ၄ပါး အပြား ရှိ၏။ထိုလေးပါးတို့တွင်၊—

တိဏခြင်္သေ့သည်ကား ခတ်ပြာအဆင်းကဲ့သို့သော နွားမနှင့် တူ၏၊ မြက်ကိုသာ စား၏ဟု မှတ်ရမည်။

ကာဠခြင်္သေ့သည်ကား နွားမနက် အဆင်းနှင့် တူ၏။ယင်း့လည်း မြက်ကိုသာ စား၏ဟု မှတ်ရမည်၊

ပဏ္ဍုခြင်္သေ့သည်ကား ဖက်ရွက်ဖျော့ အဆင်း ရှိသော နွားမနှင့် တူ၏။သားဟင်းမျိုးကိုသာ စား၏ဟု မှတ်ရမည်။

ကေသရာဇာခြင်္သေ့သည်ကား ချိတ်ရည်ဖြင့် ဆိုးဘိသကဲ့သို့၊ နီသော လည်ပင်း၊နီသော ခံတွင်း၊နီသော မြီးတူးဖျား၊နီသော အခြေ လေးဘက်ဖျားတို့ဖြင့် တင့်တယ်ဆန်းကြယ်စွာ ရှုချင်ဘွယ် ရှိ၏။ ထိုကေသရာဇာခြင်္သေ့၏ ဦးထိပ်မှ စ၍ ချိတ်ရည်,ဟင်းသပတား (ဟင်းသပဒါး)၊ ရတ်ဖြင့် သားဘိသကဲ့သို့ သုံးကြောင်းသော အရေးတို့သည် ကျော၏ အလယ်ဖြင့် သွားလေ၍၊ ချက်၌ လက်ျာခုစ်ပတ်လျက် တည်၏၊ လည်ပင်း၌ကား *အမိုးတသိန်း ထိုက်သော ကမ္ဗလာဖြင့် ရစ်ထားဘိသကဲ့သို့

---

*ယခုကာလ-"အမိုးတသိန်း"စသောမိုးကို"အဘိုးတသိန်း"စသည်ဖြင့် ဆရာအချို့တို့ရေးကြ၏။ဤသို့ရေးခြင်းသည်၊သူတို့၏ ရေးခြင်းမျှသာ ဖြစ်သည်။

လည့်ဆံမွေးတို့ဖြင့် တင့်တယ်,ဆန်းကြယ်စွာ ရှုချင်ဖွယ် ရှိ၏။ ထိုမှ ကြွင်းသော ကိုယ်သည်ကား ဖြူစင်စွာသော မြတ်လေးဖုံ့ အဆင်း,ခရုသင်းပွတ်သစ်အဆင်းနှင့် တူ၏။ သားဟင်းမျိုးကို သာ စား၏ဟု မှတ်ရမည်။

၄၆။ ။ထိုလေးပါးသော ခြင်္သေ့မျိုးတွင် ကေသရာဇာခြင်္သေ့မင်း ၏ အိပ်ခြင်းကား အဘယ်သို့သော အိပ်ခြင်းဖြင့် အိပ်လေသနည်း။

သီဟော ဘိက္ခဝေ မိဂရာဇာ ဒက္ခိဏေန ပဿေန သေယျံ ကပ္ပေ တိ အတ္တမနော ဟောတီတိ။ အယံ သီဟသေယျာ တေဇသာရသော တိ။ သီဟောမိဂရာဇာ ဒွေပုရိမပါဒေ ဧကသ္မိံ ပစ္ဆိမပါဒေ ဧကသ္မိံ ဌပေတွာ နင်္ဂုဋ္ဌံ အန္တရသတ္ထိမှိ ဌပေတွာ ပုရိမပစ္ဆိမ ပါဒနင်္ဂုဋ္ဌာနံ ဌိ တောကာသံ သလ္လက္ခေတွာ ဒွိန္နံပုရိမပါဒါနံ မတ္ထကေ သီသံ ဌပေတွာ သယတိ။

အစ ရှိသည်ဖြင့် ကျမ်းဂန် လာသောခြင့်၊ ချစ်သား ရဟန်းများတို့၊သား တကာတို့၏ မင်းဖြစ်သော ကေသရာဇာခြင်္သေ့သည်ကား လက်ျာ နံတောင်းဖြင့် အိပ်ခြင်းကို ပြု၏။ ဝမ်းမြောက်,ဝမ်းသာသည် ဖြစ်၏။ ဤသည်ကား ကေသရာဇာခြင်္သေ့မင်း၏ အိပ်ခြင်းတည်း။

အကျယ်အားဖြင့်ကား၊ ကေသရာဇာခြင်္သေ့မင်းသည် တန်ခိုး အာနုဘော် လွန်သောခြင့်၊ ရွှေကူ,မြင်းသီလာကူဘ်ိတွင် တခုခုသော ကူ၌ ရှေ့ခြေနှစ်ချောင်းတို့ကိုရင်း၊ နောက်ခြေနှစ်ချောင်းတို့ကိုရင်း သင့်တင့်လျောက်ပတ်သော၊တခုခုသော အရပ်၌ ထားပြီးလျှင်၊ အမြီး ကို နောက်ခြေနှစ်ချောင်းတို့၏ အကြား၌ ခိုက်ထားသဖြင့်၊ ရှေ့ခြေ, နောက်ခြေ,အမြီးတို့၏ ထားရာအရပ်ကို မှတ်၍၊ ရှေ့ခြေနှစ်ချောင်းတို့ ၏ အထက်၌ ဦးခေါင်း တင်လျက် ခြေထားတိုင်း အရာမပေါက် လက်ျာနံတောင်းဖြင့်သာ စောင်း၍ အိပ်၏။ ထိုကေသရာဇာခြင်္သေ့ မင်းသည် နိုးလတ်သည်ရှိသော်၊ မိမိ နေသော ရွှေကူ,မြင်းသီလာကူ မှ အမိုက်တိုက်၍ မပျက်၍ အလင်းကို အလိုရှိသောကြောင့်ရင်း၊ ကိုယ် လက် သုတ်သင်လိုသောကြောင့်ရင်း၊ အစာ ရှာခြင်းငှါ သွားလိုသောကြောင့် ရင်း၊မြူးတူးလိုသောကြောင့်ရင်း၊ ဤလေးပါးသော အကြောင်းတို့ဖြင့်

ထွက်၏။ထိုသို့သော အခါ ရွှေ,ငွေ,ပတ္တမြား,ဖလ်ဖြင့် ပြီးသော မြေအပြင်၊ဆေးဒန်းမြင်းသီလာအပြင်တို့တွင် တခုခုသော အပြင်၌ နောက်ခြေနှစ်ဖက်ကို အမှုသားပြီးလျှင်၊ ရှေ့လက်ကို ဆန့်လမှ ကိုယ်၏နောက်အဖို့သို့ ငင်သဖြင့်ရင်း၊ ရှေ့အဖို့သို့ ဆောင်သဖြင့်ရင်း၊ ကျောကိုယ်ကို ညွတ်ပြီးသော ကိုယ်ကို ဆန့်လျက် နှာခေါင်းဝကို သုတ်သင်၍ ကိုယ်၌ တင်သော မြူကို ခါတွက်ပြီးမှ စမွာယ်လျက် သုံးကြိမ်ဟောက်၏။ ထိုသို့ ဟောက်သော အသံသည်ကား၊ ထက်ဝန်းကျင်သုံးယူဇနာ ရှိသော အရပ်တို့ကို တခဲနက် ပဲ့တင်ထပ်သော အသံသည် ဖြစ်လေ၍၊ထိုအသံကို ကြားသဖြင့် သုံးယူဇနာအတွင်း၌ နေကုန်သော သတ္တဝါတို့သည် တည်ရပ်အံ့သောငှာ မတတ်နိုင်ကုန်။ သေဘေးကို ကြောက်သောကြောင့်၊ ပြေးပုန်း,ရှောင်လွှဲကုန်သည်။ မကြောက်သော သူတို့သည်ကား အနည်းငယ်မျှသာ။ အဘယ်သူတို့သည် မကြောက်ကုန်သနည်း။ ဆင်အာဇာနည်,မြင်းအာဇာနည်,ဥသဘအာဇာနည်,ပုရိသအာဇာနည်,ရဟန္တာ၊ ဤငါးယောက်သော သူတို့သည်သာ မကြောက်ကုန်သည်။အဘယ်ကြောင့် မကြောက်ကုန်သနည်း။ရဲးရင့်ခြင်း တူသောကြောင့် မကြောက်ကုန်ဟု မှတ်ရမည်။ ။ထိုကေသရာဇာခြင်္သေ့မင်းသည် စမွာယ်၍ မြေမှ ရပ်လျက် လက်ဝဲ,လက်ျာခုန်သည် ရှိသော်၊တဥသဘ ရောက်အောင် ခုန်နိုင်၏။အထက်သို့ ခုန်သည် ရှိသော်၊ရှစ်ဥသဘ ရောက်အောင် ခုန်နိုင်၏။ညီညွတ်သော အရပ်၌ နေ၍ ဖြောင့်ဖြောင့် ခုန်သည် ရှိသော်၊ တဆယ်ရှစ်ဥသဘ ရောက်အောင် ခုန်နိုင်၏။ကြည်းကုန်းမှရင်း၊ တောင်မှရင်း ခုန်သည် ရှိသော်၊ ဥသဘရှစ်ဆယ်ရောက်အောင် ခုန်နိုင်၏။ သတ္တဝါတို့အား ဖမ်းစားအံ့သောငှါ သုံးခွန်းသော အသံကို ဟောက်၍ ခုန်သည် ရှိသော်၊ သုံးယူဇနာရောက်အောင် ခုန်နိုင်၏။ထိုအရပ်၌ သတ္တဝါတို့အား ဖမ်းစား၍ သွေးသံ ထုတ်ပြီးမှ၊ခဏလျင်လျင် ခုန်ခဲ့ပြန်၍ အသံမစဲးမှီ၊ မိမိ နေရာသို့ရောက်ပြန်လေသည်။ ။ဤသည်လျှင် ကေသရာဇာခြင်္သေ့မင်း၏ အိပ်ခြင်းမှ စ၍ အလျင်အထန်,အပေါ့အပါး,ခွန်အားစွမ်းပကား အလုံးစုံမျိုးကို အကျယ် ဟောတော်မူသည်ဟု မှတ်ရမည်။

ဤကဲ့သို့ ကျမ်းဂန်လာသည်နှင့် ပါရမီခန်း၌၊—
လုလ္လ,ကိုယ်စွမ်း၊ထမ်းလတ်သောခါ၊ ပမာသမှု၊ ထုံးတခုတုံ၊ ပဏ္ဍု,ကာလ၊ ကောသရနှင့်၊ တိဏ ဟူသည်၊ လေးဆူအရိုး၊ ခြသေ့်မျိုးတွင်၊ အစိုးရစဉ်၊ တောတခွင်၌၊ ကောင်းကင် ပျံ တတ်၊ သိန္ဓောမြတ်လည်း၊ မလွတ်ရလေ၊ လိုက်နှည်ဖွေ၍၊ ကောသ ရာသီ၊ ခေါ်တွင်ညီလျက်၊ ရှေးဆိ ကားကား၊ မှင်ဖားဖားတိ၊ သားများသနင်း၊ ခြသေ့်မင်းကား၊ တိုက်တွင်း ကူဟာ၊ မြင်း သိလာ၌၊ အိပ်ခါသော်လည်း၊ သိမ်းဆည်း ခြေလက်၊ နောက် မြီး ဝှက်၍၊ ညာလက် နံတောင်း၊ ကိုယ်တစောင်းဖြင့်၊ လျောင်း တုံစိမ့်ချေ၊ အိပ်ပျော်လေလည်း၊ လက်ခြေ ထားလျောက်၊ ရာ မဖောက်သား၊ နိုးမြောက် မွေးမှင်၊ ခါသန့်စင်လျက်၊ ဥမင် ကူ တဲး၊ ရှေလက် ကျုံးပြီး၊ ထွက်ဆဲး သုံးခွန်း၊ ဟောက်သံ မွမ်း လျက်၊ ရပ်ကျမ်းတည့်တည့်၊ မလှည့် ဥကျောင်း၊ နံတောင်း နောက်ဗိ၊ ချန့်မှိစမြီး၊ လျှပ်ခြည်ဝဲးသို့၊ ပျံလှဲ့ တောဖျား၊ ဆန့်ကာ သွား၍၊ ခွန်အားတွင် ကျယ်၊ အလှယ်လှယ်လျှင်၊ ငမွာယ် ကွန့် ကာ၊ မြူးပြီးမှတည့်။ ကူဝ နောက်ထား၊ စာ ရှာစားလည်း၊ ဆိတ်, နွား;ဒရယ်၊ ယုန်ငယ်,သမင်၊ ကြီးပြောင်စင်သား၊ စွယ်ခွင် စွင့်စွင့်၊ တောင့်ရှိမြင့်လည်း၊ ဖြစ်လင့်ကာစား၊ လျင်လျား ချန်စိုင်း၊ ခုတ်မြီးတိုင်းဖြင့်၊ တည်ထိုင်းမရှိ၊ ဖမ်းစိစိလျှင်၊ ပြုမိလကာ၊ မဆုံး ဆတည့်။ လုံ့လ စောင်မာန်၊ အားလုံး သွန်သား၊ တိရစ္ဆာန် တောမင်း၊ ဤဖြစ်ခြင်းကို၊ ပြောင့်စင်း ပမာ၊ အားထုတ်ခါ၌၊ ၊ နည်းနာအမှောင် ကြိုလသေး။

ဝှင်းပါရမီခန်း၌၊— တောင်မြင်း သိလာ၊ နေရာ ကူတဲး၊ ကျိန်းပြီးရဲးမှ၊ ထွက်မြီး ဘာသာ၊ အခါ လေးပါး၊ ကြိမ်လငြားမှု၊ ရွှေဂူ၌၊ သုံးယူဇနာ၊ ရပ်ရာ ကြားလောက်၊ မြည်သံဟောက်လျက်၊ ငြိမ်းခြောက် လန့်ကြား၊ တောဝယ် သားကို၊ ဖမ်းစားမြည် ရုတ်၊ သွေးသံ ထုတ်၍၊ တပြုတ် မခံ၊ ပုံတင်သံတွင်၊ ချန်ပျံကျဲး၊ နေရာ မြီးသို့၊ မစဲးမိခင်၊ ရောက်ပြန်လျင်သား၊ စွမ်းအင် ဆွကြွ၊ တတ်

အားလှသည်၊ သိဟာရာဇာ၊ ကေသရာဟု၊ သင်္ချာသုံးထောင်၊ တောတောင်သနင်း၊ ခြသေ့်မင်းကား၊ ထွန်းဝင်း ပြောင်ပြောင်၊ ရွှေကျူချောင်မှ၊ အန်ထောင်ကြွမ်းပ၊ ထွက်လကာလျှင်၊ နိစ္စ ဟောက်လေ့၊ မှန်စွာမြွေသို့၊ ကြန်စေ့အညီ၊ သွေးဖိယုံခတ်၊ သုံး လူထွတ်တို့၊ မိန့်ရွတ်နှုတ်ရည်၊ သံတော်သည်လည်း၊ ဆံခြည် ဆယ်ခြမ်း၊ကျိုးမဲ့ သွမ်းလျှာ၊ဆိုဆန်းဖြိုးကျူး၊ ချွတ်ဖူးသော ခါ၊မရှိစွာတည်း။ငါ့မှာ ယခု၊ဤသည် ဆုလည်း၊ပြုတ်တု မမြဲ၊ ချွတ်ရာခဲဖို့၊ ၊လက်စွဲနှိုးရင်း သန်ပြီတည်း။
ဤသို့ ရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၄၂။ ။ဘုရားသခင်တို့၏ အိပ်တော်မူခြင်းသည်ကား အဘယ်သို့ သော အိပ်တော်မူခြင်းဖြင့် အိပ်တော်မူလေသနည်း။

စတုဗ္ဗျူဟနသေယျံပန တထာဂတဿ ဟောတိ။ ဘဂဝါပန ပဥ္စဝဂ္ဂါသိသ သံဝဍ္ဎရာနိ ဌတွာ သဗ္ဗဗုဒ္ဓကိစ္စာနိ နိဋ္ဌပေတွာ ကုသိနာရာယံ ဥပဝတ္တနေ မလ္လာနံ မဟာသာလဝနေ ယမကသာ လာနမန္တရေ ဥတ္တရသိသကံ ပညတ္တေ မဉ္စကေ ဝိသာခါ ပုဏ္ဏမဒိဝသေ ဒက္ခိဏေန ပဿေန သတောသမ္ပဇာနော အနုဋ္ဌာနသေယျာယ။

အစရှိသော ပါဠိတော်ကျမ်းဂန် လာသောကြောင့်၊ စတုဗ္ဗျူဟနှင့်ဖြင့် အိပ်ခြင်းသည်ကား၊ ဘုရားသခင်အားသာလျှင် ဖြစ်တော်မူ၏။ ဘုရား သခင်သည်ကား လေးဆယ့်ငါးနှစ်ပတ်လုံး တည်တော်မူ၍၊ခပ်သိမ်း သော ဘုရားတို့ ပြုအပ်သော ကိစ္စတို့ကို ပြီးစေပြီး၍၊ ကုသိနာရုံ ပြည်၏ အနီး အရှေ့ ဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်းတော၌ အရံ ရောက်သော အင်ကြင်းပင်ပျိုတို့၏ အကြား၌ မြောက်သို့ ထားအပ် သော ဥက္ကောင်းတော်ရှိသည် ဖြစ်၍၊ ခင်းအင်သော ညောင်စောင်း ထက်၌ ကဆုန်လပြည့်နေ့အခါ လက်ျာနံတောင်းဖြင့် သတိ,ပညာနှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ မထသော အိပ်ခြင်းဖြင့် လျောင်းတော်မူ သည်ကား ဘုရားသခင်တို့၏ အိပ်တော်မူခြင်း မည်၏ဟု ဟောတော် မူသည်ဟု မှတ်ရမည်။ဤသို့လျှင် ကာမဂုဏ်ချမ်းသာကို ခံစားသော သူတို့၏ အိပ်ခြင်း,ပြိတ္တာတို့၏ အိပ်ခြင်း,ကေသရာဇာခြသေ့်တို့၏ အိပ်

ခြင်း,ဘုရားသခင်တို့၏ အိပ်ခြင်း ဟူ၍၊ သေယျ အပြား လေးပါးကား ပြီးပြီဟု မှတ်ရမည်။ ။ဤအခြင်းအရာများကို မဟာပရိနိဗ္ဗာနသုတ် အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၄၇။ ။ခပ်သိမ်းသော ဘုရားသခင်တို့၏ ဓမ္မတာ အပြားအဘယ်မျှ ရှိသနည်း။

သဗ္ဗဗုဒ္ဓါနံ သမတိံသ ဓမ္မတာ။ ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ခပ်သိမ်းသော ဘုရားသခင်တို့၏ ဓမ္မတာအပြား သုံးဆယ် ရှိ၏ဟု မှတ်ရမည်။

၄၈။ ။ထိုဓမ္မတာအပြား သုံးဆယ်တို့၏ သရုပ်,သင်္ချာကား အဘယ်နည်း။

သေယျထိဒံ။ပစ္ဆိမဘဝိကဿ ဗောဓိသတ္တဿ သမ္ပဇာနဿ မာတုကုစ္ဆိ ဩက္ကမနံ မာတုကုစ္ဆိယံ ပလ္လင်္ကေန နိသီဒိတွာ ဗဟိနုဩလောကာနံ ဌိတာယ ဗောဓိသတ္တဿ မာတုယာ ဝိဇာယနံ၊အရညေယေဝ မာတုကုစ္ဆိတော နိက္ခမနံ၊ ကဉ္စနပဋ္ဋေသုပတိဋ္ဌိတပါဒါနံ ဥတ္တရာဘိမုခါနံ သတ္တပဒ ဝီတိဟာရေန ဂန္တွာ စတုဒ္ဒိသံ ဩလောကေတွာ သီဟနာဒံ နာဒံ၊စတ္တာရိ နိမိတ္တာနိ ဒိသွာ ဇာတပုတ္တာနံ မဟာသတ္တာနံ မဟာဘိနိက္ခမနံ၊အရဟတ္တဓဇံ သမာဒါယ ပဗ္ဗဇိတွာ သဗ္ဗဟေဋ္ဌိမေန ပရိစ္ဆေဒေန သတ္တာဟံ ပဓာနစရိယံ၊သမ္ဗောဓိပါပုနနဒိဝသေန ပါယာသဘောဇနံ၊ တိဏသန္ထရေ နိသီဒိတွာ သဗ္ဗညုတ ဉာဏာဓိဂမော၊ အာနာပါဏကမ္မဋ္ဌာနံ ပရိကမ္မံမာရဗလဝိဒ္ဓံသလဗောဓိပလ္လင်္ကေယေဝ၊ တိဿော ဝိဇ္ဇာ အာဒိံ ကတွာ အသာဓာရဏာဒိ ဂုဏပဋိလာဘော သတ္တသတ္တာဟ ဗောဓိသမီပေ ယေဝ ဝီတိနာမနံ၊ မဟာဗြဟ္မုဏော ဓမ္မဒေသနုဿာယ အာယာစနံ၊ ဣသိပတနေ မိဂဒါယေ ယေဝ ဓမ္မစက္ကပဝတ္တနံ၊မာဃပုဏ္ဏမာသံ စတုရင်္ဂိကသန္နိပါတေ ပါတိမောက္ခုဒ္ဒေသော၊ဇေတဝနဒွါရေ နိဗဒ္ဓဝါသော၊ သာဝတ္ထိနဂရဒွါရေ ယမကပါဋိဟာရိယကရဏံ၊ တာဝတိံသ ဘဝနေ အဘိဓမ္မဒေသနံ၊သင်္ကဿနဂရဒွါရေ ဒေဝလောကတော ဩတရဏံ။ ။သတတံ ဖလသမာပတ္တိသမာပဇ္ဇနံ ဒွိသုယာမေသု ဝေနေယျလောကနံ၊ဝတ္ထုမှိ ဥပ္ပန္နေ သိက္ခာ

ပဒပညာပန်၊ အဏ္ဏုပ္ပတ္တိယာ ဥပ္ပန္နာယ ဇာတကာထန်၊ ဉာတိသမာဂမေ ဗုဒ္ဓဝံသကာထန်၊ အာဂန္တုကေဟိ ဘိက္ခူဟိ ပဋိသန္ဓာရေထာ။ ။ နိမန္တ္ဒွ-နံ ဝုဋ္ဌာပေသာနံ အနာပုစ္ဆာဂမနံ ဒိပသော ဒိဝသော ဝုရေဘတ္တပစ္ဆာဘတ္တ ပဌမ မဇ္ဈိမ ပစ္ဆိမယာမေသု ကိစ္စာကာရထာံ ပရိနိဗ္ဗာန ဒိဝသေ မံသရသဘောဇနံ စတုဝိသတိ ကောဋိသတသဟဿ သမာပတ္တိဒေသာ သမာပတ္တိတွာ ပရိနိဗ္ဗာနန္တိ စ။ ဇူမာသမတိံသ သဗ္ဗဗုဒ္ဓါနံ ဓမ္မတာ။ ။ဗုဒ္ဓဝင်အဋ္ဌကထာ။

ဤသို့ ကျမ်းဂန် လာသောအခွင့်၊ ဘုရားသခင်အလောင်းတော်သည် အဆုံးစွန်သော ကိုယ်တော်အဖြစ်၌ မယ်တော်ဝမ်းဟွင် ပဋိသန္ဓေ နေတော်မူသည်။

၁။ မယ်တော်ဝမ်း၌ ထက်ဝယ်ပလ္လင်ဖြင့် ရှေ့သို့ မျက်နှာပြု၍ နေတော်မူသည်။
၂။ ဘုရားသခင်အလောင်းတော်ကို မယ်တော်ရပ်လျက် ဖွားတော်မူသည်။
၃။ တော၌သာ ဖွားတော်မူသည်။
၄။ ဖွားပြီးသော ဘုရားသခင်အလောင်းတော်သည် အရပ်လေးမျက်နှာကို ကြည့်လျက်၊ မြောက်သို့ ၇-ဖဝါး လှမ်းတော်မူပြီးလျှင် လူတွင် ငါသာလျှင် အကြီးအမြတ်တည်းဟု အကြောက်အ ရွံ့ မရှိ၊ခြင်္သေ့မင်း၏ အသံကဲ့သို့သော အသံတော်ဖြင့် ကြုံးဝါးတော်မူသည်။
၅။ သူအိုး,သူနာ,သူသေ,ရဟန်း ဤနိမိတ်ကြီးလေးပါးကို ထင်၍ သားတော်တယောက် မြင်ပြီးမှ တောထွက်တော်မူသည်။
၆။ အရဟတ္တဓိုလ်၏ တန်ခွန် ဖြစ်သော ရဟန်းအဖြစ်ကို ယူပြီးမှ၊ ဒုက္ကရစရိယာ ကျင့်တော်မူသည်။
၇။ ဘုရား ဖြစ်အံ့သော နေ့၌ နွားနို့ဂဏာဆွမ်းကို ဘုဉ်းပေးတော်မူသည်။
၈။ မြက်အခင်း၌ နေတော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူသည်။

၁၀။ P အာနာပါဏကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူသည်၊
၁၁။ မာရ်စစ်သည်ကို အောင်တော်မူသည်၊
၁၂။ ပုဗ္ဗေနိဝါသဉာဏ်ဖြင့် သတ္တဝါတို့၏ ရှေး၌ ဖြစ်ခဲ့သော အဖြစ်အပျက်တို့ကို မြင်တော်မူသည်။
၁၃။ ဗောဓိပင်၏ အောက်၌ သီတင်းသုံးတော်မူလျက် သတ္တဝါတို့အား ၇ ရက် ၇-ထိအားဖြင့် လေးဆယ့်ကိုးရက် နေ့တော်မူသည်။
၁၄။ တရားဟောတော်မူစေခြင်းငှာ ဗြဟ္မာမင်း တောင်းပန်သည်၊
၁၅။ ဣသိပတနမိဂဒါဝုန်တော၌ ဓမ္မစကြာတရားကို ဟောတော်မူသည်။
၁၆။ တပို့တွဲလပြည့်နေ့၌သာ ပါတိမောက် ပြတော်မူသည်၊
၁၇။ ဇေတဝန်ကျောင်းတော်၌သာ နေမှတ် ပြုတော်မူသည်။
၁၈။ သာဝတ္ထိပြည်၌သာ ယမိုက်ပြာဋိဟာ ပြတော်မူသည်၊
၁၉။ တာဝတိံသာနတ်ပြည်၌သာ အဘိဓမ္မာတရားကို ဟောတော်မူသည်။
၂၀။ သင်္ကဿနဂိုရ်ပြည်သို့သာ တာဝတိံသာ နတ်ပြည်မှ သက်တော်မူသည်။
၂၁။ ဖလသမာပတ်ကို မပြတ် ဝင်စားတော်မူသည်၊
၂၂။ နံနက်အခါ,ညဉ့်အခါတို့၌ ကျွတ်ထိုက်သော ဝေနေယျသတ္တဝါ အပေါင်းတို့ကို ကြည့်တော်မူသည်၊
၂၃။ အကြောင်းရှိလျှင် ဝိနည်းတရားကို ပညတ်တော်မူသည်၊
၂၄။ အကြောင်းဖြစ်ဖြစ်ရှိလျှင် ဇာတ်တရားကို ဟောတော်မူသည်။
၂၅။ ဆွေတော်,မျိုးတော်တို့၏ အစည်းအဝေး၌ ဗုဒ္ဓဝင်တရားတော်ကို ဟောတော်မူသည်။
၂၆။ ဧည့်သည်* ရဟန်းတို့နှင့် တရားစကားကို ပြောဟောတော်မူသည်၊

P စာမျက်နှာ၃၂၌။နံပါတ် ၈ကို ၉။နံပါတ် ၇ကို ၈။ဤသို့ နောက်ဆုတ် ယူပြီးလျှင်၊ ဘုရားသခင်အလောင်းတော်သည် အဆုံးစွန်သော ကိုယ်တော်အဖြစ်၌ မယ်တော်ဝမ်းတွင် ပဋိသန္ဓေ နေတော်မူသည်—ဟူသော စကားကို နံပါတ်-၁ဟု မှတ်ယူပါ။

*ဤနေရာက စ၍၊ရှေ့ကို စာမျက်နှာ နည်းစိမ့်ငှာ၊သည်-အတိုရေးကို သုံးပါမည်၊

၂၇။ ဒါယကာတို့ ဖိတ်၍ ဝါဆိုးတော်မူသော အခါ၊ ဝါကျွတ်ပြီးလျှင် ဒါယကာတို့အား ပန်ကြားပြီးမှ သွားတော်မူသည်။

၂၈။ နေ့တိုင်း,နေ့တိုင်း ဆွမ်းမဘုဉ်းပေးမီအခါ,ဆွမ်း ဘုဉ်းပေးပြီး အခါ,ညဉ့်ဦးယံ အခါ,သန်းခေါင်းယံ အခါ,မိုးသောက်ယံ အခါ ဤ ငါးပါးသော အခါတို့၌ ပြုအပ်သော ဘုရားကိစ္စကို ပြုတော်မူသည်။

၂၉။ ပရိနိဗ္ဗာန် ပြုတော်မူအံ့သော နေ့၌ သားပွဲမ်းဆွမ်းကို ဘုဉ်းပေးတော်မူသည်။

၃၀။ အကုဋေ ၂သန်း ၄သိန်းသော သမာပတ်ကို ဝင်စားတော်မူပြီးမှ ပရိနိဗ္ဗာန် ပြုတော်မူသည်။

ဤသို့ အားဖြင့် ခပ်သိမ်းသော ဘုရားသခင်တို့၏ ဓမ္မတာ အပြားကား အမျှသုံးဆယ် ရှိ၏ဟု မှတ်ရမည်။ ။ဤသို့ ကျမ်းဂန် လာသည်နှင့် အညီ ပါရမီခန်း၌၊—

ဗျာဒိတ်ရစ၊မဆွသော၁ါ၊ မမိန့်မှာလည်း၊ဓမ္မတာ အပြား၊သုံးဆယ် အားဖြင့်၊ ဘုရားဟူက၊ ပြည့်စုံကြွလျက်၊ မမျှ,မရှိ၊ ကုံသောတိဟု၊ ပါဠိဖြင့်အား၊ ဆိုဖွယ်များကို၊ ကြီးကြားသာမျှ၊ မြွက်ကာ ပြအံ့။

ဟူ၍ အရှင်မဟာသီလဝံသ အကျော် စပ်တော်မူသည်ဟု မှတ်ရမည်။

၅၀။ ။ခပ်သိမ်းသော ဘုရားသခင်တို့အား အန္တရာယ် ပြုခြင်းငှါ မတတ်နိုင်သော တရားကား အဘယ်မျှ အပြားရှိသနည်း။

သဗ္ဗဗုဒ္ဓါနံ စတ္တာရော အန္တရာယိကာ ဓမ္မာ။

ဤသို့ ကျမ်းဂန် လာသော့ငြ်၊ ခပ်သိမ်းသော ဘုရားသခင်တို့အား အန္တရာယ် မပြုနိုင်သော တရားအပြား လေးပါးရှိ၏ဟု မှတ်ရမည်။

၅၁။ ။ထိုသို့ အန္တရာယ် မပြုနိုင်သော တရားလေးပါးတို့၏ သရုပ်,သချ်ာကား အဘယ်နည်း။

ကတမေ စတ္တာရော။ဗုဒ္ဓါနံ ဥဒ္ဒိဿ အဘိဟဋာနံ စတုန္နံ ပစ္စယာနံ နသက္ကာ။ကောနစိ အန္တရာယံ ကာတုံ အာယုနော နသက္ကာ။ ကောနစိ အန္တရာယံ ကာတုံ၊ဗုဒ္ဓါနံ ဒွတ္တိံသ မဟာပုရိသလက္ခဏာနံ အသီတိ

ယာ အနုဗျဉ္ဇနာနံ နသက္ကာ။ ကေနစိ အန္တရာယံ ကာတုံ၊ ဗုဒ္ဓရံသိ န သက္ကာ။ ကေနစိ အန္တရာယံ ကာတုန္တိ၊ ဣမာ စတ္တာရော အန္တရာယိကာ ဓမ္မာနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊

၁။ ဘုရားသခင်တို့အား ရည်မှတ်၍ရှေ့ရှုဆောင်ခဲ့သော ပစ္စည်းလေး ပါးတို့၏ အန္တရာယ်ကို ပြုအံ့သောငှာ တစုံတယောက်သော သူ သည်မျှ မတတ်နိုင်။

၂။ အသက်တော်၏ အန္တရာယ်ကို ပြုအံ့သောငှါ တစုံတယောက် သော သူသည်မျှ မတတ်နိုင်။

၃။ ဘုရားသခင်တို့၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ် ဆယ်သော လက္ခဏာတော်ငယ်တို့၏ အန္တရာယ်ကို ပြုအံ့သော ငှါ တစုံတယောက်သော သူသည်မျှ မတတ်နိုင်။

၄။ ဘုရားသခင်တို့၏ အရောင်တော်ကို အန္တရာယ် ပြုအံ့သောငှါ တစုံတယောက်သော သူသည်မျှ မတတ်နိုင်။

ဤသည်ကား ခပ်သိမ်းသော ဘုရားသခင်တို့အား အန္တရာယ်ကို ပြု အံ့သောငှါ မတတ်နိုင်သော တရားလေးပါးတို့၏ သရုပ်သဘောတည်း ဟု မှတ်ရမည်။

၇၂။ ။ခပ်သိမ်းသော ဘုရားသခင်တို့အား စွန့်တော်မမူသော အ ရပ်လေးပါး ဟူသည်ကား အဘယ်နည်း။

သဗ္ဗဗုဒ္ဓါနံ ဟိ ဗောဓိပလ္လင်္ကော အဝိဇဟိတော ဧကသ္မိံယေဝ ဋ္ဌာနေ ဟောတိ။ ဓမ္မစက္ကပဝတ္တနံ ဣသိပတနေ မိဂဒါယေ ဟောတိ။ ဒေဝေါရောဟနကာလေ သင်္ကဿနဂရဒွါရေ ပဌမပါဒ ဋ္ဌာနံ အဝိဇဟိတမေဝ ဟောတိ။ ဇေတဝနေ ဂန္ဓကုဋိယာ စတ္တာရိ မဉ္စ ပါဒဋ္ဌာနာနိ အဝိဇဟိတာနိ ဟောန္တိ။ ဝိဟာရောပန ခုဒ္ဒကောပိ မ ဟန္တောပိ ဟောတိ။ ဝိဟာရောပိ နဝိဇဟိတိယေဝ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ၁။ ခပ်သိမ်းသော ဘုရားသခင်တို့ အား ဗောဓိပင် ရောက်ရာအရပ်ကို စွန့်တော်မမူကုန်။ ဤတခုတည်း သော အရပ်၌သာ ရောက်ကုန်သည်။

၂။ ဓမ္မစကြာတရား ဟောတော်မူရာ ဣသိပတနမိဂဒါဝုန်တောကို စွန့်တော်မမူကုန်။ ဤတခုတည်းသော အရပ်၌သာ ဟောတော်မူကုန်သည်။

၃။ နတ်ပြည်မှ သက်တော်မူသော အခါ သင်္ကဿနဂိုရ်ပြည် တံခါးမြို့ အနီး ဖြစ်သော အပေါ်၌ ရှေးဦးစွာ ခြေတော်ချရာ,အရပ်ကို စွန့်တော်မမူကုန်။ ဤတခုတည်းသော အရပ်၌သာ ချတော်မူကုန်သည်။

၄။ ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိ၌ လေးချောင်းသော ညောင်စောင်းခြေ ထားရာ အရပ်ကို စွန့်တော်မမူကုန်။ ဤ တခုတည်းသော အရပ်၌သာ ထားတော်မူကုန်သည်။

ဤ ၄ ပါးသော အရပ်တို့သည်ကား ခပ်သိမ်းသော ဘုရားတို့သည် စွန့်တော်မမူကုန်သော အရပ်လေးပါးတည်းဟု မှတ်ရမည်။ ။ကျောင်းတော်သည် ငယ်သော်ရင်း၊ ကြီးသော်ရင်း ကျောင်းတော်ရာကိုလည်း မစွန့်အပ်သည်သာတည်းဟု အထူးအားဖြင့်လည်း မှတ်ရမည်။ ။ဤ အကြောင်းအရာများကို ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၅၃။ ဗုဒ္ဓ အပြားကား အဘယ်မျှ ရှိသနည်း။

ဗုဒ္ဓါတိမေ စတ္တာရော၊ သုတဗုဒ္ဓေါ, စတုသစ္စဗုဒ္ဓေါ, ပစ္စေကဗုဒ္ဓေါ, သဗ္ဗညုဗုဒ္ဓေါတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုတဗုဒ္ဓ, စတု သစ္စဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သမ္မာသမ္ဗုဒ္ဓ ဟု၍ လေးပါး အပြား ရှိ၏ဟု မှတ်ရမည်။

၅၄။ ။ထိုလေးပါးသော ဗုဒ္ဓတို့၏ သရုပ်, အဓိပ္ပါယ်ကား အဘယ်နည်း။

တတ္ထ ဗဟုဿုတော ဘိက္ခု သုတဗုဒ္ဓေါ နာမ။ ခီဏာသဝေါ စတုသစ္စဗုဒ္ဓေါ နာမ။ ပစ္စေကဗုဒ္ဓါ အတ္တနော ဧဝ စတုန္နံ သစ္စာနံ ဗုဒ္ဓတ္တာ ပစ္စေကဗုဒ္ဓေါ နာမ။ ယထာ သဒေဝကဿ လောကဿ စတုသစ္စ သမ္ဗောဓော ဟောတိ။ ဧဝံ စတ္တာရိသစ္စာနိ သမ္မာသမ္ဗုဒ္ဓတ္တာ သမ္မာသမ္ဗုဒ္ဓေါ နာမာတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြားအမြင်, အမှတ်အသား တရားကျမ်းဂန်၌ လိမ္မာသော ရဟန်းသည် သုတဗုဒ္ဓ မည်၏။ ကိလေသာ,ရာဂ

ကုန်ပြီးသော ရဟန္တာသို့ စတုသစ္စဗုဒ္ဓ မည်၏။ ဓိဓိအလိုလို ကိုယ်တော်တိုင်သာလျှင် သစ္စာလေးပါးတရားတို့ကို သိတော်မူတတ်သည်၏ အဖြစ်ကြောင့် ပစ္စေကဗုဒ္ဓါ မည်၏။ နှုတ်နှင့် တကွသော လူတို့အား သစ္စာလေးပါးတရားတို့ကို သိတော်မူစေနိုင်သို့၏ အဖြစ်ကြောင့်၎င်း၊ ကောင်းစွာ ကိုယ်တိုင်တော်သာလျှင် သယမ္ဘူဉာဏ်ဖြင့် သိတော်မူနိုင်သို့၏ အဖြစ်ကြောင့်၎င်း၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။ ။ဤသို့ကား ဗုဒ္ဓလေးပါး၏ သရုပ်,အဓိပ္ပါယ်တည်းဟု မှတ်ရမည်။ ။ဤ အခြင်းအရာကို ဆင်္ဂါယနာ့အဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်။

၅၅။ ။ခပ်သိမ်းသော တရားအပေါင်းတို့ကို အကြွင်းမရှိ သိမြင်တော်မူနိုင်သော ဘုရားသခင်တို့၏ ပမာဏ အတိုင်းအရှည်ကို ယူအံ့သော၄ှာ မတတ်နိုင်ဟု ကျမ်းဂန် သိမြင်သော ဆရာတို့သည် မိန့်တော်မူကုန်၏။ ထိုသို့ မိန့်တော်မူကုန်သော စကားကို အဘယ်ပါဠိကို ထောက်၍ သိရအံ့နည်း။

အပရိမာဏဒဿနော၀ကာသောတိ သော တတြိဒံ ဝတ္ထု။ ရာဇဂဟေကိရ အညတရော ဗြာဟ္မဏော သမဏဿကိရ ဂေါတမဿ ကိံ ပမာဏံ ဂဟေတုံ န သက္ကောတိ။ သုတွာ ဘဂဝတော ပိဏ္ဍာယ ပဝိသနကာလေ၊ သဋ္ဌိဟတ္ထံ ဝေဠုံ ဂဟေတွာ နဂရဒွါရဿ ဗဟိ ဌတွာ သမ္ပတ္တေ ဘဂဝတိ ဝေဠုံ ဂဟေတွာ သမီပေ အဋ္ဌာသိ။ ဝေဠု ဘဂဝတော ဇာဏုကမတ္တံ ပါပုဏိ။ ပုန ဒိဝသေ ဒွေ ဝေဠူ ဃဋေတွာ သမီပေ အဋ္ဌာသိ။ ဘဂဝါ ဒွိန္နံ ဝေဠူနံ ဥပရိ ဇာဏုမတ္တမေဝ ပညာယမာနော ဗြာဟ္မဏ ကိံ ကရောသီတိ အာဟ။ တုမှာကံ ပမာဏံ ဂဏှာမိတိ။ ဗြာဟ္မဏ သစေပိ တွံ သကလစက္ကဝါဠဂဗ္ဘံ ပူရေတွာ ဌိတဝေဠုံ ဃဋေတွာ အာဂမိဿသိ။ နေဝမေ ပမာဏံ ဂဟေတုံ သက္ခိဿသိ။

ဤသို့ ကျမ်းဂန် လာသော ဝတ္ထု၊ သိရ၏။ ထိုပါဠိ၏ အနက်ကား။

ဟိဝိတ္ထာရော၊ အကျယ်ကား။ မယာ၊ ငါသည်။ ဝုတ္တ—တ၊ ဆိုအပ်၏၊ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အပရိမာဏဒဿနော၀ကာသော၊ အတိုင်းမသိ မြင်ခြင်း၏ အခွင့် ရှိသည်။ ဟောတိ၊ ဖြစ်၏။ တတြ၊ ထို အတိုင်းမသိသော မြင်ခြင်း၏ အခွင့်၌။ ဣဒံ၊ ဤ ဆိုလတ္တံ့သည်ကား။

ဝဏ္ဏ၊အကြောင်းတည်း။ ရာဇဂဟော၊ရာဇဂြိုဟ်ပြည်၌။ အညတရော၊
တယောက်သော။ ပြဟ္မဏော၊ပုဏ္ဏားသည်။ သမဏဿဂေါတမဿ၊
ရဟန်းဂေါတမ၏။ ပမာဏံ၊ကိုယ်တော်၏ အတိုင်းအရှည်ကို။ ဂဟေ
တုံ၊ယူအံ့သောငှာ။နသက္ကောတိ၊မတတ်နိုင်။ ဣတိ၊ဤသို့။သုတွာ၊ကြား
၍။ပိဏ္ဍာယ၊ဆွမ်းအလို့ငှာ။ဘဂဝတော၊မြတ်စွာဘုရား၏။ ပဝိသနကာ
လေ၊ဝင်တော်မူသော အခါ၌။ သဋ္ဌိဟတ္ထဝေဠုံ၊အတောင်ခြောက်ဆယ်
ရှိသော ဝါးကို။ဂဟေတွာ၊ယူ၍။နဂရဒွါရေ၊မြို့တံခါး၌။ ဗဟိ၊အပ
၌။ဌတွာ၊ထား၍။ဘဂဝတိ၊မြတ်စွာဘုရားသို့၊ သမ္ပတ္တေ၊ရောက်တော်မူ
လသော်။ဝေဠုံ၊ဝါးကို။ဂဟေတွာ၊ယူ၍။သမီပေ၊အနီး၌။အဋ္ဌာသိကိရ၊
ထောင်သတတ်။ဝေဠုံ၊အတောင်ခြောက်ဆယ် ရှိသော ဝါးကို၊ ဘဂ
ဝတော၊မြတ်စွာဘုရား၏။ ဇာဏုကမတ္တံ၊ပုဆစ်မျှသာလျှင်။ ပါပုဏိ၊
ရောက်၏။ပုနဒိဝသေ၊တနေ့သော နေ့၌။ဒွေ၊နှစ်ခုကုန်သော။ ဝေဠုံ၊ဝါး
တို့ကို။ဃဋေတွာ၊ဆက်၍။သမီပေ၊အနီး၌။အဋ္ဌာသိ၊ထောင်၏။ဘဂဝါ၊
မြတ်စွာဘုရားသို့၊ ဒွိန္နံ၊နှစ်ဖင်ကုန်သော။ ဝေဠုန္နံ၊ဝါးတို့၏။ ဥပရိ၊အ
ထက်၌။ဇာဏုကမတ္တမေဝ၊ပုဆစ်မျှသာလျှင်။ ပညာယမာနော၊ထင်စေ
သို့ ဖြစ်၍။ဘဂဝါ၊မြတ်စွာဘုရားသို့။ ဗြာဟ္မဏ၊ပုဏ္ဏား။ တွံ၊ သင်သည်။
ကိံကရောသိ၊ အဘယ်သို့ ပြုသနည်း။ဣတိ၊ဤသို့။ အာဟ၊မိန့်တော်မူ
၏။ဘန္တေ၊အရှင်ဘုရား။ တုမှာကံ၊အရှင်ဘုရားတို့၏။ ပမာဏံ၊အတိုင်း
အရှည်ကို၊ ဂဏှာမိ၊ယူ၏။ ဣတိ၊ဤသို့။ ဝတ္တာ၊နားတော်လျှောက်ပေ
သော်။ဗြာဟ္မဏ၊ပုဏ္ဏား။သစေပိ၊အကယ်၍သည်း။တွံ၊သင်သို့။သကလ
စက္ကဝါဠဂဗ္ဘံ၊အလုံးစုံသော စကြဝဠာတိုက်ကို။ပူရေတွာ၊ပြည့်စေ၍၊
ဌိတဝေဠုံ၊တည်သော ဝါးကို။ဃဋေတွာ၊ဆက်၍။ အာဂမိဿတိ၊လာ
လှည့်လော့။တွံ၊သို။မေ၊ငါ၏။ ပမာဏံ၊ကို။ ဂဏှိတုံ၊ယူအံ့သောငှာ။ နေဝ
သက္ခိဿတိ၊ မတတ်နိုင်ပေအံ့။ ။ဤဒေသနာတော်၏ အဆုံး၌ ရှစ်
သောင်းလေးထောင်သော ပရိသတ်တို့သည် တရားအရသာကို သောက်
ရကုန်သည်။ ။ဤအခြင်းအရာကို ဒီဃနိကာယ်,သောဏဒဏ္ဍသုတ်
အဖွင့်၌ လာသည်ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့် အညီ ပါရမီခန်း၌၊—

စကြာဝဠာ၊ တတိုက်ရာ၌၊ ရှာရှာ ပတ်ညက်၊ အံ့ထက်အထက်၊
ဝါးပွားဆက်၍၊ ဘဝဂ်တိုင်အောင်၊ငြမ်းကြီးထောင်သို့၊ ဘုန်း
ခေါင် ဘုရား၊ ကိုယ်တော်များကို၊ ထောင်ထားတိုင်း၌၊ မခြိ
ရာသား၊မွေ့တာစစ်၊ဖြစ်လခဲ့ကြ၊ကိုယ်ကိုမျှလျှင်၊မရတိုင်ရှည့်၊
ဖြစ်ခဲ့ဖူးရှင့်၊ မည်မှည့် ထို၌၊ ဖြင်ပေါ်သီသား၊ လောကီ,
လောကုတ်၊ဝိမုတ်ငါးတန်၊ဈာန်အဘိညာဉ်၊ရှဉ်လျက် မကွာ၊
အသာဓာရဏ၊ မွေ့ခြောက်ခု၊ စတုဝိသ၊ သမန္တပဟု၊ ကျမ်းမ
နည်းဆန်း၊ ပဌာန်းခပင်း၊ သိမြင်ချင်းသား၊ ကျယ်ဝင်းဂုဏ်
တော်၊ ကျေးဇူးသော်ကား၊ အံ့ကျော်ထဲနက်၊ အံ့ဆတက်၍၊
တိုင်းဘက်အဘယ်၊ ဆိုဖွယ်ချေ၌၊ ရှိလည့်ရာအံ့၊များစွာသို့
စင်၊ကျေးဇူးရှင်ဟု၊ ဖြစ်ချင်ရလို၊ ရှင်မှုကိုယ်သို့၊ ကုသိုလ် မြား
မြောင်၊ ထိုက်တန်အောင်ဟု၊ လက်ဆောင်ဖြီးခိုင်၊ ကံကျွေး
နိုင်မှ၊ တိုင်တိုင်မချွတ်၊ ရောက်အံ့မှတ်ဟု၊ ကျင့်ဝတ်သွေးချို၊
ဤသို့ ဆိုလျက်၊ အံ့လိုသိတည်း၊ ရှာပေါင်းစည်းသော်၊ခမည်း
ဖဘွား၊ ရသေ့ဖျားကား၊ သိုထားယူချေ၊ ‐ တိုက်ဝယ်ဖွေသို့၊
ကျင့်ပေကောင်းစွာ၊ ဘုရားလျာတို့၊ ပညာ့ါရမီ၊ ဤသည်
အကျင့်၊လေးထပ်ဆင့်ကို၊ စွင့်စွင့်ရပုံ၊မြင်လတုံက၊ ကြည့်ယုံ
ကိုယ်ကို၊ဆုံးမဆိုသို၊ ။ကျင့်လို ဤသို့တခန်းတည်း၊
ဟူ၍ အရှင်မဟာသီလဝံသ အကျော် စပ်တော်မူလေသည်။

၅၆။ ။ထိုမှ တပါး အံ့ဘွယ်သရေ ရှိသော ဘုရားသခင် ပမာဏ
ကို အဘယ်ပုဒ်,ပါဠိ,ပါဠ္ဌိဖြင့် ထောက်၍ သိရအံ့နည်း။

ဆပရတ္တို ကိရဝဏ္ဏု။ချာဟုအသူရိန္ဒော အံဟံ ဥဒ္ဓောသို့၊ သဏ္ဌာရံ
ဩနမိတွာ ဩလောကေတုံ နသက္ကောသာမိတိ နာဂစ္ဆတိ။ တဿ
သရိရပမာဏံ ဥပရိလောကာသဏ္ဌိတိဿ ရာဟုဂဟဏော အာဝိ
ဘာဝိဿတိ။ သော ဧကဒိဝသံ ဘဂဝတော ဝဏ္ဏံ သုတွာ၊ ယထာ
ကထဉ္စိ ဩဒ္ဓလာကေဿာမီတိ၊အာဂတော ဘဂဝါ တဿ အဇ္ဈာ
သယံ ဝိဒိတွာ၊စတူသု ဣရိယာပထေသု ကတရေန ဒဿေဿာမီတိ
စိန္တေတွာ၊ ဌိတကောနာမ နိစ္စောပိ ဥဒ္ဓောဝိယ ပညာယတိ။ နိပ္ပန္နော

ယေဝဿ အတ္တာနံ ဒဿေဿာမိတိ။ အာနန္ဒ ဂန္ဓကုဋိပရိဝေဏေ ဓမ္မ ကံ ပဏ္ဏပေဟိတိ ဝတွာ တဏ္ဍ သီဟာသနေ ယံ ကပ္ပေသိ။ ရာဟုဂတွာ စတ္တာရိ ယောဇနသတဟဿာနိ အဋ္ဌယောဇနသဟဿာနိ ဥဗ္ဗေဓာပိ သမာ နော နိပ္ပန္နံ ဘဂဝန္တံ ဥန္နာမေတွာ နဘာမဇ္ဈေ ဖုဏ္ဏာဇန္ဒိဒေယ ဥန္နာ ကေသိ။ ကိမိဒံ အသုရိန္ဒာတိစ ၎တွေ ဘဂဝါ ဩနမိတွာ ဩလော ကေတုံ နသက္ခိဿာမိတိ နာဂစ္ဆတိ။ န မယာ အသုရိန္ဒ အဓောမုခေန ပါရမိယော ပူရိတာ ဥဒ္ဒဂ္ဂမမေဝ ကတွာ ဒါနံ ဒိန္နန္တိ။ တံ ဒိဝသ မေဝ ရာဟု သရဏံ အဂမာသိ။ ဇေံ ဘဂဝါ အတုလာဝကာသော ဒဿနာယ။

အနက်ကား။ ။အပရ္စမ္ပိ၊တပါးသည်း ဖြစ်သော။ ၁ဏ္ဍ၊အကြောင်း ကား။ ရာဟုအသုရိန္ဒော၊ရာဟုအသုရိန္ဒသည်။ အဟံ၊ငါကား။ ဥဗ္ဗေဓာ၊ မြင့်သည်။ယသ္မာ၊အကြင့်ကြောင့်၊ နည်း၊ဖြစ်၍။ တသ္မာ၊ထို့ကြောင့်၊ သတ္ထာ ရံ၊မြတ်စွာဘုရားကို။ဩနမိတွာ၊ကိုင်းညွှတ်၍။ဩလောကေတုံ၊ကြည့် အံ့သောငှာ၊ နသက္ခိဿာမိ၊ မတတ်နိုင်အံ့။ ဣတိမနသိကတွာ၊ ဤသို့ နှလုံးသွင်း၍။ နာဂစ္ဆတိကိရ၊မဆည်းကပ်သတတ်။ တဿ၊ထို အသု ရိန္ဒ၏၊သရိရုပမာဏံ၊ကိုယ်အတိုင်းအရှည်သည်၊ဥပရိ၊အထက်၌။ လော ကသဏ္ဌိတိယာ၊ စကြာဝဠာတည်သ်ကို ဆိုရာ၌။ ရာဟုဂဏော၊ ရာဟု ဗမ်းသ်ကို ဆိုရာ၌။ အာဂါ၊ထင်စွာ။ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော၊ထို ရာဟုအသုရိန္ဒသ်။ကေဒိဝသံ၊တနေ့သ၌။ ဘဂဝတော၊မြတ်စွာဘုရား ဖို့။ ဝဏ္ဏံ၊ကျေးဇူးတော်ကို။ သုတွာ၊ကြား၍။ ယထာကထဉ္စိ၊အမှတ်မဲ့ သော အရပ်၌။ဌတွာ၊ချဉ်၍။ဩလောကေဿာမိ၊ကြည့်အံ့ဟု။ စိတ္တံ၊ ဤသို့။အာဂတော၊လာ၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တဿ၊ထို အသုရိန္ဒ၏၊ အဇ္ဈာသယံ၊အလိုကို။ ဝိဒိတွာ၊သိတော်မူ၍။ စတူသုရိရိ ယာပထေသု၊လေးပါးကုန်သော ဣရိယာပုထ်ဘို့တွင်။ကတရေန၊ အ ဘယ်မည်သော ဣရိယာပုထ်ဖြင့်၊ ဒဿေဿာမိ၊ပြအံ့နည်း။ ဣတိ၊ဤ သို့။စိန္တေတွာ၊ကြံတော်မူ၍။ ဌိဘကောနာမ၊ ချဉ်သော ဣရိယာပုထ်သ် ကား။နိစ္စောပိ၊နိမ့်သော်လည်း။ ဥစ္စောဒိယ၊မြင့်သကဲ့သို့။ပညာယတိ၊ ထင်၏။ အဿ၊ထိုအသုရိန္ဒအား။ နိပ္ပန္နောယေဝ၊ လျောင်းလျက်လျှင်။

အတ္တာနံ၊ကိုယ်တော်ကို၊ဒဿေသာပိ၊ပြအံ့။ ဣတိမနသိကတွာ၊ဤသို့
နှလုံးသွင်းတော်မူ၍၊ အာနန္ဒ၊အာနန္ဒာ၊ ဂန္ဓကုဋိပရိဝေဏေ၊ ဂန္ဓကုဋိ
ပရိဝုဏ်၌၊မဟ္ဓကာံ၊ညောင်စောင်းကို၊ ပညာ ပေဟိ၊ခင်းလေ လော့၊ဣတိ၊
ဤသို့။ဝတွာ၊ဆို၍။ဘတ္တ၊ထိုညောင်စောင်း၌။ သီဟသေယျံ၊ ခြင်္သေ့ကဲ့
သို့ လက်ျာနံပါးဖြင့် လျောင်းခြင်းကို။ ကပ္ပေသိ၊ပြုတော်မူ၏၊ ရာဟု၊
ရာဟုသုံ။အာဂတွာ၊လာလတ်၍။ စတ္တာရိယောဇနသဟဿာနိ၊ ယူဇ
နာလေးထောင်တို့သို့ဂုင်း၊ အဋ္ဌယောဇနသတာနိ၊ ယူဇနာရှစ်ရာတို့သို
ဂုင်း။ဥဗ္ဗေဓာ၊မြင့်သို၊သမာနောပိ၊ဖြစ်သော်လည်း၊ နိပန္နံ၊လျောင်းတော်မူ
သော၊ဘဂဝန္တံ၊မြတ်စွာဘုရားကို။ဂီဝံ၊သည်ကို။ဥန္နာမေတွာ၊အထက်
သို့ ညွတ်စေ၍၊နဘာမဇ္ဈေ၊ကောင်းကင်၏ အလယ်၌။ပုဏ္ဏစန္ဒံ၊လပြည့်
ဝန်းကို၊ ဥလ္လောကေသိဝိယ၊ကြည့်သကဲ့သို့၊ ဥလ္လောကေသိ၊ မော်၍
ကြည့်၏။အသူရိန္ဒ၊အသူရိန်။ ဣဒံ၊ဤသို့ ကြည့်ခြင်းသည်၊ကိံ၊အဘယ်
ကြောင့်နည်း။ဣတိ၊ဤသို့၊ပုစ္ဆိ၊မေးတော်မူ၏၊ ဘဂဝါ၊ဘုန်းတော်ကြီး
သော ရှင်ပင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ သြနမိတွာ၊ အောက်သို့
ညွတ်၍၊ဥလ္လောကေတုံ၊ ကြည့်အံ့သောငှာ။ ယသ္မာ၊ အကြင့်ကြောင့်၊န
သက္ခိဿာမိ၊ မတတ်နိုင်လတ့်။ ဣတိတသ္မာ၊ ထိုသို့ မတတ်နိုင်သော
ငှေ့၊အဟံ၊အကျွန်ုပ်သို၊ နာဂစ္ဆတိ၊မဆည်းကပ်ပေသတည်း။ ဣတိ၊ဤ
သို့၊ဝုတ္တေ၊နားတော်လျှောက်ပေသော်၊ အသူရိန္ဒ၊အသူရိန်၊ မယာ၊ငါ
ဘုရားသို၊ အဓောမုခေန၊အောက်သို့ မျက်နှာ ပြုသဖြင့်၊ ပါရမိယော၊
ပါရမီတို့ကို၊နပူရိတာ၊ဖြည့်တော်မမူ။ဥဒ္ဓဂ္ဂမေဝ၊အထက်သို့ မျက်နှာ
ရှိသည်ကိုသာလျှင်။ ကတွာ၊ပြုတော်မူ၍။ ဒါနံ၊အလှူကို။ ဒိန္နံ၊ပေးတော်
မူ၏။ဣတိ၊ဤသို့။အာဟ၊မိန့်တော်မူ၏။ တံဒိဝသမေဝ၊ထိုနေ့၌ပင်လျှင်။
ရာဟု၊ရာဟုသည်။ သရဏံ၊ရတနာသုံးပါးအား ကိုးကွယ်ခြင်းသို့။ အဂ
မာသိ၊ရောက်၏။ဧဝံ၊ဤသို့၊ဘဂဝါ၊မြတ်စွာဘုရားသည်။ ဒဿနာယ၊
မြင်ခြင်းငှာ။အတုလာဝကာသော၊အတုမရှိသော အရာ ရှိတော်မူ၏၊

ဤသို့ ကျမ်းဂန် လာသောငှေ့၊အံ့ဘွယ်သရဲ အတုမရှိသော ဘုရား
သခင် ပမာဏကို သိရမည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကိုလည်း၊
ဂုင်းဒီယနိကာယ်,သောဏဒဏ္ဍသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၅၇၊ ။တခုသော လောကဓာတ်၌ ဘုရားသခင်တို့သည် မရှေး မနှောင်း နှစ်ဆူတည်း ပြိုင်၍ ဖြစ်တော်မူကုန်သလော။ ထိုသို့ မဟုတ် တဆူသာ ဖြစ်တော်မူသလော။ ဤသို့ သူ မေးဘွယ် ရှိ၍ ထိုအမေး ကို အဘယ်သို့ ဖြေအံ့နည်း၊

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော။ ယံ ဧကိဿာ လောက ဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေ ယျုံ။နေတံဌာနံ ဝိဇ္ဇတိ ဌာနဥ္စခေါ ဧတံ ဝိဇ္ဇတိ။ယံ ဧကိဿာ လောက ဓာတုယာ ဧကောဝ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဥပ္ပဇ္ဇေယျ။ ဌာနမေတံ ဝိဇ္ဇမေတံ ဝိဇ္ဇတီတိ။ ။ဤသို့ ဘုရားသခင် ဟောတော်မူသည်။

အဓိပ္ပါယ်ကား။ ။ချစ်သား,ရဟန်းများတို့၊ တခုသော လောက ဓာတ်၌ မရှေး,မနှောင်း ပွင့်လေးပါးကို ခံတော်မူထိုက်သော နှစ်ဆူ သော ဘုရားသခင်တို့သည် အကြင် အကြောင်းကြောင့် ဖြစ်ကုန်ဖို့။ထိုသို့ ဖြစ်ခြင်းဖို့ အကြောင်းသည် မရှိ။ ထိုသို့ ဖြစ်ခြင်းသည် အကြောင်းအခါ မဟုတ်။ ထိုသို့ နှစ်ဆူ မဖြစ်ခြင်းအကြောင်းသည် ငင်စစ် ရှိသည်သာလျှင် တည်း။တခုသော လောကဓာတ်၌ ပွင့်လေးပါးကို ခံတော်မူထိုက် သော သဗ္ဗညုရှင်တော်ဘုရားသည် အကြင်သို့သော အကြောင်းကြောင့် ဖြစ်ဖို့။ထိုသို့သော အကြောင်းသည် ရှိဖို့။ဤသို့ တပည့်သားတော်အား ဘုရားသခင် ဟောတော်မူသောခြင့်၊တခုသော လောကဓာတ်၌ မရှေး, မနှောင်း ဘုရားနှစ်ဆူ ပြိုင်၍ ဖြစ်တော်မမူ။ တဆူသာ ဖြစ်တော်မူသည် ဟု ကောန်မုက္ခ* မှတ်ရမည်။ ။ဤအခြင်းအရာကို အင်္ဂုတ္တရ ကေ နိပါတ်,အဋ္ဌာနသုတ်၌ ဟောတော်မူသည်ဟု မှတ်ရမည်။

၅၈၊ ။တခုသော လောကဓာတ်၌ အဘယ်ကြောင့် ဘုရားသခင် တို့သည် မရှေး,မနှောင်း ပြိုင်၍ ဖြစ်တော်မမူကုန်သနည်း၊

တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါတိ။ ယဒိစ ဒွေဝါ စတ္တာ ရောဝါ အဋ္ဌဝါ သောဠသဝါ တေတော ဥပ္ပဇ္ဇေယျုံ။ န အစ္ဆရိယာ ဘဝေယျုံ။

---

* ယခုကာလ ''မုချ''ဟု အရေးများ၏။ယခုကာလသို့ လိုက်၍ မုချ-ဟု ပုံနှိပ်မည်။

ဤသို့ အစရှိသော ပါဠိတော်ဖြင့် ဘုရားသခင် ဟောတော်မူသည်။ ထိုသို့ အစရှိသော ပါဠိတော်၏ အဓိပ္ပါယ်ကား၊

ချစ်သား,ရဟန်းများတို့၊ လာခြင်း ကောင်းသော ပစ္စည်းလေးပါးကို ခံတော်မူထိုက်သော နှစ်ဆူသော ဘုရားသခင်တို့သည်၎င်း၊ လေးဆူသော ဘုရားသခင်တို့သည်၎င်း၊ ရှစ်ဆူသော ဘုရားသခင်တို့သည်၎င်း၊ တကျိပ်ခြောက်ဆူသော ဘုရားသခင်တို့သည်၎င်း၊ မရှေး,မနှောင်း အကယ်၍ တပြိုင်နက် တချက်တည်း ဖြစ်ကုန်အံ့၊ အံ့ဘွယ် မရှိသည် ဖြစ်ကုန်၏။ တဆောင်သော ကျောင်း၌ နှစ်ဆူသော စေတီတို့အား လာဘသက္ကာရ, ပူဇော်ခြင်းသည် မြတ်သည် မဖြစ်။ များစွာသော ရဟန်းတို့သည် များစွာသော အကြားအမြင် ရှိခြင်း၌ အံ့ဘွယ် မရှိသည် ဖြစ်၏။ ဤအတူ၎င်း၊ များစွာသော ဘုရားသခင်တို့သည် မရှေး,မနှောင်း တပြိုင်နက် ဖြစ်ကုန်သည် ရှိသော်၊ အံ့ဘွယ်မရှိကုန်သည် ဖြစ်ကုန်၏။ ထိုသို့ အံ့ဘွယ် မရှိကုန်သည်၏ အဖြစ်ကြောင့်၊ နှစ်ဆူ,သုံးဆူ အစရှိကုန်သော ဘုရားသခင်တို့သည် တပြိုင်နက် တချက်တည်း ဖြစ်တော်မမူကုန်။ ဒေသနာတော်၏ အထူး မရှိသောကြောင့်လည်း ပြိုင်၍ ဖြစ်တော်မမူကုန်။ ထိုစကားသည် မှန်၏။ သတိပဋ္ဌာန် အစရှိသော အကြင်တရားကို တဆူသော ဘုရားသခင်သည် ဟောတော်မူ၏။ ထိုသို့ ဟောတော်မူသော ဒေသနာတော်ကိုလည်း ဘုရား တဆူ ဖြစ်ပြန်သည် ရှိသော် ဟောတော်မူပြန်သောကြောင့်၊ ဒေသနာတော်၏ ဝိဝါဒ ငြင်းခုံခြင်းသည် မဖြစ်။ ထိုသို့ မဖြစ်သောကြောင့်၊ တဆူတည်းသာ ဖြစ်ခြင်းသည် အံ့ဘွယ် ရှိ၏။ များစွာသော ဘုရားသခင်တို့သည် မရှေး,မနှောင်း တပြိုင်နက် တချက်တည်း ဖြစ်သည် ရှိသော်၊ များစွာသော ဆရာတို့၏ တပည့်ကဲ့သို့ ငါတို့ ဘုရားသခင်ကား ကြည်ညိုဘွယ် ရှိ၏။ ငါတို့ ဘုရားသခင်ကား သာယာသော အသံ ရှိ၏။ ငါတို့ ဘုရားသခင်ကား ဘုန်းလာဘ် ကြီး၏။ ဤသို့ အစရှိသည်ဖြင့် ဝိဝါဒ,အငြင်းအခုံတို့သည် ဖြစ်ကုန်ရာ၏။ ထိုသို့ ဖြစ်သောကြောင့်၊ များစွာသော ဘုရားသခင်တို့သည် တခုသော လောကဓာတ်၌ မရှေး,မနှောင်း ပြိုင်၍ ဖြစ်တော်မမူကုန်ဟု ဘုရားသခင် ဟောတော်မူသောကြောင့်၊ တဆူတည်းသာ ဖြစ်တော်မူသည်ဟု မှတ်ရမည်။

ဤ အခြင်းအရာကို၊ ၎င်းအင်္ဂုတ္တရဇာတကနိပါတ် အဋ္ဌာနသုတ်၌ ဟောတော်မူသည်ဟု မှတ်ရမည်။

ထိုမှ တပါးလည်း မိလိန္ဒပဉ္ဟာ၌၊ မိလိန္ဒမင်းကြီးသည် ငါ့ရှင်,နာဂသိန်၊တခုသော လောကဓာတ်၌ ဘုရား အဆူဆူပြိုင်၍ ဖြစ်တော်မမူ၊ တဆူသာ ဖြစ်တော်မူကြောင်းကို ဘုရားသခင် ဟောတော်မူသော ငွေ၊ အဋ္ဌာနမေတံ ဘိက္ခဝေ အစရှိသော ပါဠိတော်သည် အထင်အရှား ရှိ၏။ထိုသို့ ရှိသော်လည်း ငါ့ရှင်,နာဂသိန်၊လာခြင်းကောင်းသော ခပ်သိမ်းသော ဘုရားသခင်တို့သည် ၃၇ ပါးသော ဗောဓိပက္ခိယ တရားကို ဟောတော်မူကုန်သည်။လေးပါးသော အရိယာသစ္စာတို့ကို ဟောတော်မူကုန်သည်။ သုံးပါးသော သိက္ခာတို့ကို သင်စေတော်မူကုန်သည်။ အကြင် ဆောက်တည်အပ်သော တရားတို့၌လည်း မမေ့မလျော့ ဆုံးမတော်မူကုန်၏။ လာခြင်း ကောင်းသော ခပ်သိမ်းသော ဘုရားသခင်တို့၏ တူသော ဥဒ္ဒေသ ရှိသည်၊တူသော သိက္ခာပုဒ် ရှိသည်၊တူသော အနုသန္ဓေ ရှိသည်။ အကယ်၍ ဖြစ်ကုန်အံ့။ နှစ်ဆူသော ဘုရားသခင်တို့သည် အဘယ့်ကြောင့် တခုသော လောကဓာတ်၌ ပြိုင်၍ ဖြစ်တော်မမူကုန်သနည်း။ တဆူသာ ဖြစ်တော်မူသဖြင့်လည်း၊ ဤလောကသည် အရောင်အဝါ ထွန်းတောက်ပ၏။ နှစ်ဆူပြိုင်၍ ဖြစ်သည် ရှိသော်ကား၊ ဤလောကသည် အတိုင်းထက် အလွန် အရောင်အဝါ သာ၍ ထွန်းတောက်ပသည် ဖြစ်ရာ၏။ဆုံးမခြင်းတားတော် မူကုန်သော်လည်း ဆုံးမခြင်းတားလွယ်သည် ဖြစ်ရာ၏။ထိုသို့ ဖြစ်သျက်၊အဘယ့်ကြောင့် နှစ်ဆူ ပြိုင်၍ မဖြစ်လေသနည်း။ ငါ့ရှင်,နာဂသိန်၊ ငါ့အား အကြောင်းကို ပြဘိလော။ငါ၏ အယူယုံမှားသက်ကို ပျောက်စိမ့်လော့ဟု လျှောက်ကြားသည် ရှိသော်၊ အရှင်နာဂသိန်သည်လည်း မြတ်သော မင်းကြီး၊ ဤ တခုသော လောကဓာတ်သည် တဆူသော ဘုရားသခင်၏ ဂုဏ်အားတော်ကိုသာ ဆောင်နိုင်၏။ တဆူသော ဘုရားသခင့် ဂုဏ်ကျေးဇူးကိုသာ ဆောင်နိုင်၏။ အကယ်၍ နှစ်ဆူပြိုင်၍ ဖြစ်ငြားအံ့။ ဤ တသောင်းသော လောကဓာတ်သည် မဆောင်နိုင်ရာ၊ တုန်လှုပ်သည် ဖြစ်ရာ၏၊ ညွတ်သည် ဖြစ်ရာ၏။ ထိုမှ,ဤမှ ညွတ်သည် ဖြစ်ရာ၏။ ဖရိုဖရဲ ဖြစ်သည် ဖြစ်ရာ၏။တွင်းသည် ဖြစ်ရာ၏။ ပျက်စီး_

သို့ ဖြစ်ရာ၏၊ ပျောက်ပျက်သို့ ဖြစ်ရာ၏။ မြတ်သော မင်းကြီး၊ တယောက်သောယောကျ်ားကို ဆောင်သော လှေ၌ တယောက်သော ယောကျ်ားသည် စီးသို့ ရှိသော်၊ ထိုလှေ၏ အနားရေးနှင့် တော်မျှသော ရေသို့ ဖြစ်ရာ၏၊ ထိုအခါ ထိုယောကျ်ားနှင့် အသက်အားဖြင့်၎င်း၊ အဆင်းအားဖြင့်၎င်း၊ အရွယ်အားဖြင့်၎င်း၊ အတိုင်းအရှည်အားဖြင့်၎င်း၊ ကြုံသောအားဖြင့်၎င်း၊ ဆူသောအားဖြင့်၎င်း၊ ခပ်သိမ်းသော အင်္ဂါကြီးငယ်အားဖြင့်၎င်း၊ တူသော ယောကျ်ားသည် လာလတ်၍ တယောက်သာနိုင်သော လှေ၌ နှစ်ယောက်စီးသို့ ရှိသော်၊ တယောက်ကိုသာ ဆောင်နိုင်သော ထိုလှေသည် ယောကျ်ားနှစ်ယောက်တို့ကို ဆောင်နိုင်အံ့လော။ ငါ့ရှင်,နာဂသိန်၊ ထိုလှေသည် မဆောင်နိုင်ရာ၊ လှုပ်ရာ၏။ ဝင်နှံ့ဝင်နှံ့ အလွန်လှုပ်ရာ၏၊ ညွတ်သို့ ဖြစ်ရာ၏။ အထူးသဖြင့် ညွတ်သို့ ဖြစ်ရာ၏။ ဖရိုဖရဲ ရှိသို့ ဖြစ်ရာ၏၊ တွင်းသို့ ဖြစ်ရာ၏၊ ပျက်စီးသို့ ဖြစ်ရာ၏။ ပျောက်ပျက်ခြင်းသို့ ရောက်သို့ ဖြစ်ရာ၏၊ ရေ၌သော်လည်း နစ်ရာ၏။ မြတ်သော မင်းကြီး၊ ထို့အတူ၎င်း၊ ဤတသောင်းသော လောကဓာတ်သည် တဆူသောဘုရားသခင့် အားတော်ကိုသာ ဆောင်နိုင်၏။ တဆူသော ဘုရားသခင့် ဂုဏ်ကျေးဇူးကိုသာ ဆောင်နိုင်၏။ အကယ်၍ နှစ်ဆူသော ဘုရားရှင်တို့သည် ပြိုင်၍ ဖြစ်ငြားအံ့။ ဤတသောင်းသော လောကဓာတ်သည် မဆောင်နိုင်ရာ၊ လှုပ်သို့ ဖြစ်ရာ၏၊ တုန်လှုပ်သို့ ဖြစ်ရာ၏။ အောက်သို့ ညွတ်သို့ ဖြစ်ရာ၏။ ထိုမှ,ဤမှ ညွတ်သို့ ဖြစ်ရာ၏။ ဖရိုဖရဲ ရှိသို့ ဖြစ်ရာ၏၊ တွင်းသို့ ဖြစ်ရာ၏။ ပျက်စီးသို့ ဖြစ်ရာ၏၊ ပျောက်ပျက်ခြင်းသို့ ရောက်သို့ ဖြစ်ရာ၏၊ ထိုမှ တပါးလည်း၊ များစွာ ပုံဆောင်၍ ဖြေတော်မူသည်။ ဤသို့လျှင် ရှင်နာဂသိန်သည် မိလိန္ဒမင်းကြီးအား အနည်းနည်း ပုံဆောင်၍ ဖြေတော်မူသည်ကို ထောက်၍လည်း တခုသော လောကဓာတ်၌ ဘုရားအဆူဆူပြိုင်၍ ဖြစ်တော်မမူ။ တဆူသာ ဖြစ်တော်မူသည်ဟု ကျေနပ်စွာ မှတ်ရမည်၊

၅၉။ ၊ခေတ်အပြားကား အဘယ်မျှ ရှိသနည်း၊

တိဏိ ခေတ္တာနိ။ ဇာတိခေတ္တံ,အာဏာခေတ္တံ,ဝိသယခေတ္တန္တိ၊

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ဇာတိခေတ်,အာဏာခေတ်,ဝိသယ ခေတ် ဟူ၍ သုံးပါး အပြား ရှိ၏ဟု မှတ်ရမည်။

၆၀။ ။ဇာတိခေတ်-ဆိုသည်ကား အဘယ်နည်း၊

ဒသသဟဿလောကဓာတု ဇာတိခေတ္တံ နာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊တသောင်းသော လောကဓာတ်သည် ဇာတိခေတ် မည်၏ဟု မှတ်ရမည်။

၆၁။ ။အာဏာခေတ်-ဆိုသည်ကား အဘယ်နည်း။

ကောဋိသတသဟဿစက္ကဝါဠံပန အာဏာခေတ္တံ နာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊စကြဝဠာကုဋေတသိန်းသည် အာဏာခေတ် မည်၏ဟု မှတ်ရမည်။

၆၂။ ။ဝိသယခေတ်-ဆိုသည်ကား အဘယ်နည်း၊

ဝိသယခေတ္တဿပန ပရိမာဏံ နတ္ထိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အတိုင်းအရှည် မရှိသော အနန္တ စကြဝဠာတိုက်သည် ဝိသယခေတ် မည်၏ဟု မှတ်ရမည်။

၆၃။ ။အဘယ်ကြောင့် ဇာတိခေတ် မည်သနည်း။

တထာဂတဿ မာတုကုစ္ဆိံ ဩက္ကမနကာလေ သမ္ဗောဓိကာလေ ဓမ္မစက္ကပဝတ္တနေ အာယုသင်္ခါရဝေါဿဇ္ဇနေ ပရိနိဗ္ဗာနေစ ကမ္ပတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဘုရားသခင်သည် မယ်တော်ဝမ်း၌ ပဋိသန္ဓေ နေတော်မူသော အခါ၌ရင်း၊ သက်တော်မူသော အခါ၌ရင်း၊ မယ်တော်ဝမ်းမှ ဖွားတော်မူသော အခါ၌ရင်း၊ တောထွက်တော်မူသော အခါ၌ရင်း၊ ဘုရား အဖြစ်သို့ ရောက်တော်မူသော အခါ၌ရင်း၊ ဓမ္မစကြာတရား ဟောတော်မူသော အခါ၌ရင်း၊ အာယုသင်္ခါရ လွှတ် တော်မူသော အခါ၌ရင်း၊ ပရိနိဗ္ဗာန် ပြုတော်မူသော အခါ၌ရင်း၊ တသောင်းသော စကြဝဠာတိုက်၌ မြေ တုန်လှုပ်သောကြောင့်၊ ဇာတိခေတ် မည်၏ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါဠိမိခန်း၌၊—

စကြဝဠာ၊ရပ်ရာဇလှစ်၊ဇာတိခေတ်လုံး၊သောင်းပတ်ကုန်းတွင် ဟူ၍၊အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

ဟူ၍ပါလေ၌လည်း၊—

ဇာတိခေတ္တ၊မြတ်ဌာနဟု၊တွင်ထ မည့်မှန်း၊ သောင်းတိုက်ခန်းကို၊
ဖန်ဆန်းလက်ညွှန်၊ဆယ်ချောင်း ဖြန့်က၊

ဟူ၍၊ရှင်ရဋ္ဌသာရအကျော် စပ်တော်မူလေသည်။

၆၄။ ။အဘယ့်ကြောင့် အာဏာခေတ် မည်လေသနည်း။

အာဋာနာဋိယပရိတ္တံ၊မောရပရိတ္တံ၊ဓဇဂ္ဂပရိတ္တံ၊ ရတနပရိတ္တာဒီနံ ဟိ ဧတ္ထ အာဏာယ ပဝတ္တတိ။

ဤသို့ ကျမ်းဂန် လာသော့ငှေ့၊ အာဋာနာဋိယပရိတ်,မောရပရိတ်, ဓဇဂ္ဂပရိတ်,ရတနပရိတ် အစရှိသိုတို့၏ အာဏာနှံ့သော့ငှေ့၊အာဏာ ခေတ် မည်၏ဟု မှတ်ရမည်။ ။ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ တံတားဦးတည်၍၊—

မဟာသဟာသိ၊သိန်းကောဋိလျှင်၊ နှံ့သိ စကြဝဠာ၊ စောမြတ်စွာ၏၊ အာဏာပရိတ်၊ မေတ္တာစိတ်ကို၊ ဘိတ်သိက် အောင် မြင်၊ဦးထိပ် တင်၍၊မြန်ခွင် ပရမေ၊ပွဲ ဖြစ်စေအံ့။

ဟူ၍၊အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

လက်ာဆို သက်သက် တံတားဦးတည်၍လည်း၊—

ခ-ကား ဆယ်နှစ်၊ဧက်-ကား တခု၊ရုံးရ သင်္ချာ၊ခေတ်အာဏာ ဟု၊စကြဝဠာ အများ၊ထိုထို သားလည်း၊ တရားနူဘော်၊တန်း ခိုးတော်ဖြင့်၊ကိုယ်ပေါ်,ကိုယ်တွင်း၊ဘေးဘျမ်း ကင်းရှင်။

ဟူ၍၊အရှင်မဟာရဋ္ဌသာရအကျော် စပ်တော်မူလေသည်။

၆၅။ ။အဘယ့်ကြောင့် ဝိသယခေတ် မည်လေသနည်း။

ဗုဒ္ဓါဟိ ယာဝတကံ ဉာဏံ၊ တာဝတကံ ဉေယျံ၊ ယာဝတကံ ဉေယျံ၊ တာဝတကံ ဉာဏံ၊ ဉာဏပရိယန္တိကံ ဉေယျံ၊ ဉေယျပရိယန္တိကံ ဉာဏန္တိ ဝေနတော အဝိသယော နာမ နတ္ထိ။

ဤသို့ ကျမ်းဂန် လာသော့ငှေ့၊ဘုရားသခင်တို့၏ အကြွင်းမဲ့လောက်သော သဗ္ဗညုတဉာဏ်တော်သည် ဖြစ်၏။ သိအပ်သော တရားသို့ ထို မျှလောက် အတိုင်းအရှည် ရှိသို့ ဖြစ်၏။ သိအပ်သော တရားသည် အ ကြွင်းမဲ့လောက်သော အတိုင်းအရှည် ရှိသည် ဖြစ်၏။ သဗ္ဗညုတဉာဏ်

တော်သည် ထိုမျှလောက် အတိုင်းအရှည် ရှိသည် ဖြစ်ဖို့။ သဗ္ဗညုတဉာဏ်တော်သည် အပိုင်းအခြား ရှိသည်တိုင်အောင် သိအပ်သော တရားသည် ဖြစ်ဖို့။ သိအပ်သော တရား အပိုင်းအခြား ရှိသည်တိုင်အောင် သဗ္ဗညုတဉာဏ်တော်သည် ဖြစ်ဖို့။ ဤသို့ ဟောတော်မူသောကြောင့်၊ အနန္တစကြဝဠာတိုက်၌ အာရုံပြုတော်မမူနိုင်သော တရားမည်သည် မရှိ။ ထိုသို့ မရှိသောကြောင့် အနန္တစကြဝဠာတိုက်သည် ဝိသယခေတ် မည်ဖို့ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ တံဘားဦးတည်၌၊ –

မသိစပ်ကြ၊ ဩကာသဟု၊ လောကတတည်။ အမည်မည်ပင် သို့
နှင်နှင်သည့်။ အသင်္ချေချ၊ သကဲ့ရေလည်း၊ ဆုံးယော မရှိ။ ထိုသို့
ပြိတွင်၊ ဗောဓိမာရ်အောင်၊ ဉာဏ်တန်းဆောင်ကို၊ ညှိထောင်
ထွန်းမြောက်၊ တွင်သာ ဆောက်ဖို့။

ဟူ၍၊ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

လင်္ကာဆို သက်သက် တံတားဦးတည်၌လည်း၊ –

ဤသည် စကြဝဠာ၊ သိုတိုက်သာလျှင်၊ မြတ်စွာရှင်စော၊ ဖြစ်အံ့
ဟောရှင့်။ ဖြင့်ပေါ် သင်္ချေ၊ သည်မျှပေဟု၊ မရေတွက်ကောင်း၊
တိုက်အပေါင်း၌၊ အကြောင်း သင်္ချာ၊ ဖြစ်မြဲရာဟု၊ မလာဆံရှိ၊
မြတ်ခေါင်ထိလျက်၊

ဟူ၍၊ ရှင်မဟာရဋ္ဌသာရအကျော် စပ်တော်မူလေသည်။ ။ ဤခေတ် သုံးပါး အကြောင်းအရာများကို ဝိသုဒ္ဓိမဂ် စသော ကျမ်းတို့၌ လာသည် ဟု မှတ်ရမည်။

၆၆။ ။ ဘပါးသော စကြဝဠာတိုက်တို့၌ ဘုရားသခင်တို့သည် ဖြစ်ကုန်အံ့လော၊ မဖြစ်ကုန်အံ့လော၊ ဤသို့ မေးဖွယ် ရှိဖို့။ ထိုအမေးကို အဘယ်သို့ ဖြေရအံ့နည်း။

ဌပေတွာ ဗုဒ္ဓက္ခေတ္တံ အညသ္မိံ စက္ကဝါဠေ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တီတိ။ သုတ္တံ နတ္ထိ န ဥပ္ပဇ္ဇန္တီတိ အတ္ထိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဤငါတို့ စကြဝဠာကို ထား၍၊ တပါးသော စကြဝဠာ၌ ဘုရားဖြစ်တော်မူကုန်ဖို့ဟု ဆိုသော ပါဠိတော်

သည် မရှိ။ ဖြစ်တော်မမူကုန် ဆိုသော ပါဠိတော်သာ ရှိ၏။ထိုသို့ ရှိသော်လည်း၊ငါတို့ စကြဝဠာမှ တပါးသော စကြဝဠာ၌ ဘုရားဖြစ်တော်မမူကုန်။ငါတို့ စကြဝဠာ၌သာ ဘုရား ဖြစ်တော်မူကုန်သည်ဟု ကောန် မရချ မှတ်ရမည်။

၆၇။ ကွယ်ခြင်း အပြားကား အဘယ်မျှ ရှိသနည်း။

ပဋိဝေဓ အန္တရဓာနံ။ ပရိယတ္တိ အန္တရဓာနံ၊ ပဋိပတ္တိ အန္တရဓာနံ၊ ပဋိဝေဓ အန္တရဓာနံ၊လိင် အန္တရဓာနံ၊ဓာတု အန္တရဓာနန္တိ။

ဤသို့ ကျမ်းဂန် လာသော်၌၊ ပိဋကတ် သုံးပုံတို့၏ ကွယ်ခြင်း၊ အကျင့်တို့၏ ကွယ်ခြင်း၊ မဂ်ဖိုလ်တို့၏ ကွယ်ခြင်း၊ ရဟန်းတို့ အသွင် ကွယ်ခြင်း၊ သရီရ ဓာတ်တော်တို့၏ ကွယ်ခြင်း၊ဤသို့ အားဖြင့် ကွယ်ခြင်းကား ငါးပါး အပြားရှိ၏ဟု မှတ်ရမည်။

၆၈။ ထိုငါးပါးသော ကွယ်ခြင်းတို့တွင်၊ပရိယတ္တိ ပိဋကတ်သုံးပုံတို့၏ ကွယ်ခြင်းကား အဘယ်သို့သော ကွယ်ခြင်းဖြင့် ကွယ်လေသနည်း။

ပရိယတ္တိယာ ဌိတာယ သာသနံ ဌိတံ။သာ ပရိဟာယမာနာ ပေ ပရိဟာယ ဂစ္ဆန္တေ ကလိယုဂ ရာဇာနော အဓမ္မိကာ ဟောန္တိ။ တေသု အဓမ္မိကေသု ရာဇာ အမစ္စာဒယော အဓမ္မိကာ ဟောန္တိ။ တတော ရဋ္ဌဇနပဒဝါသိနော။ တေသံ အဓမ္မိကတာယ၊နဒေဝေါ နသမ္မာဝဿတိ။ တတော သဿာနိ သမ္ပဇ္ဇန္တိ။ တေသု အသမ္ပဇ္ဇန္တေသု ပစ္စယဒါယကာ ဘိက္ခုသံဃဿ ပစ္စယေ ဒါတုံ နသက္ကောန္တိ။ ဘိက္ခူ ပစ္စယေဟိ ကိလမန္တာ အန္တေဝါသိကေ ဂဟေတုံ နသက္ကောန္တိ။ ဂစ္ဆန္တေ ကာလေ ပရိယတ္တိ ပရိဟာယတိ။အတ္ထဝသေန ဓာရေတုံ နသက္ကောန္တိ၊ ပါဠိဝသေန ဓာရေန္တိ။ တတော ကာလေ ဂစ္ဆန္တေ ပါဠိံပိ သကလ ဓာရေ နသက္ကောန္တိ။ ပထမံ အဘိဓမ္မပိဋကံ ပရိဟာယတိ။

ဤသို့ အစရှိသည်ဖြင့် ကျမ်းဂန် လာသော်၌၊ ပရိယတ္တိတည်း ဟူသော ပိဋကတ်သုံးပုံတို့ တည်သည် ရှိသော်၊ သာသနာတော်သည် တည်သည် ဖြစ်၏။ထိုပိဋကတ်သုံးပုံ ယုတ်သည် ရှိသော်၊ဤသို့သော အခြင်းအရာအားဖြင့် သာသနာတော်သည် ယုတ်သည် မည်၏။ထိုကာလ ရောက်

လေသော်၊ကလိယုဂ်မင်းတို့သည် တရားမစောင့်ကုန်။ ထိုသို့မင်းတို့သည် တရားမစောင့်ကုန်သည် ရှိသော်၊ ထိုမင်း၏ အမှုးအမတ် စသော သူတို့ သည်လည်း မစောင့်ကုန်။ ထိုနောက် ဇနပုဒ်၌ နေသော သူတို့သည်လည်း မစောင့်ကုန်။ ထိုမင်း အစရှိသော သူတို့သည် တရားမစောင့်ကုန်သော ကြောင့်၊ မိုးသည် ကောင်းမွန်စွာ မရွာကုန်သည် ဖြစ်၍၊ ကောက်ပဲ,အသီးအနှံ တို့နှင့် မပြည့်စုံသောကြောင့်၊ ပစ္စည်းလေးပါး ဒါယကာတို့သည် ရဟန်း သံဃာတို့အား လှူဒါန်း,ပူဇော်အံ့သောငှါ မတတ်နိုင်ကုန်။ ရဟန်း သံဃာတို့သည်လည်း ပစ္စည်းဖြင့် ပင်ပန်းကုန်သည် ဖြစ်၍၊ အတွင်းတပည့် တို့ကို ထောက်ပံ့ခြင်းငှါ မတတ်နိုင်ကုန်သောကြောင့်၊ ယုတ်သော ကာလ ရောက်သော အခါ၌ ပိဋကတ်သည်လည်း ယုတ်သည် ဖြစ်၍ အနက်အား ဖြင့် ဆောင်ခြင်းငှါ မတတ်နိုင်ကုန်။ ပါဠိတော်ကိုသာ ဆောင်ကုန်၏။ ထိုကာလအခါ ယုတ်လတ်သော အခါ၊ အလုံးစုံသော ပါဠိတော်ကို ဆောင်အံ့သောငှါ မတတ်နိုင်ကုန်သောကြောင့်၊ရှေးဦးစွာ ပဋ္ဌာန်းကျမ်းမှ စ၍ ပဋိလောမအားဖြင့် အစဉ်အတိုင်း အဘိဓမ္မာပိဋကတ်တော်တို့ သည် ယုတ်ကုန်၏။ ထိုနောင် အင်္ဂုတ္တရနိကာယ်မှ စ၍ ပဋိလောမအားဖြင့် အစဉ်အတိုင်း သုတ္တန်ပိဋကတ်တို့သည် ယုတ်ကုန်၏။ ထိုနောင် ဝေသန္တ ရာဇာတ်မှ စ၍ ပဋိလောမအားဖြင့် အစဉ်အတိုင်း ဇာတ်တရားတို့သည် ယုတ်ကုန်၏။ ထိုနောင် ပရိဝါမှ စ၍ ပဋိလောမအားဖြင့် အစဉ်အတိုင်း ဝိနည်းပိဋကတ်တို့သည် ယုတ်ကုန်၏။ ထိုနောင် လေးပုဒ် ရှိသော တဂါထာ သာ ကြွင်းသည် ဖြစ်၏။ ထိုသို့ ဖြစ်သော်လည်း ပိဋကတ်တော် ကွယ်သည် မမည်သေး။ ရတနာသုံးပါး၌ ကြည်ညိုသော မင်းသည် ရတနာပန်း တောင်းကို ဆင်တက် * တင်ပြီးသော်၊ထို ရတနာပန်းတောင်း၌ အသ ပြာထောင်ထုပ်ဥဿာကို တင်၍ ပြည်တွင်း,ပြည်ပ၌ မောင်းကြေးနှင်း ခတ်စေပြီးသော်၊ ဘုရားသခင် ဟောတော်မူသော လေးပုဒ် ရှိသော တဂါထာကို ဟောတတ်သသူ ရှိသော်၊ ငါ့အား ဟောကုန်လော့။ ၏ အသပြာ ထောင်ထုပ်ဥဿာကို ယူကုန်လောဟု သုံးကြိမ် စေ့ အောင် လှည့်လည်၍မရမှ ပိဋကတ်တော် ကွယ်သည် မည်၏ဟု မှတ် ရမည်။

၉။ ။ပဋိပတ္တိ ကွယ်ခြင်းကား အဘယ်သို့သော ကွယ်ခြင်းဖြင့် ကွယ်လေသနည်း။

ပဋိပတ္တိအန္တရဓာနံနာမ ဂစ္ဆန္တေ ကာလေ ဈာနဝိပဿနာနာမ မဂ္ဂဖလာနိ နိဗ္ဗတ္တေတုံ အသက္ကောန္တာ စတုပါရိသုဒ္ဓိသီလမေဝ ရက္ခန္တာ။

ဤသို့ အစရှိသည်ဖြင့် ကျမ်းဂန် လာသော့ငြောင့်၊ ပဋိပတ္တိအကျင့်၏ ကွယ်ခြင်း မည်သည်ကား သာသနာ့တော် ဆုတ်သော ကာလသို့ ရောက်ပြန်လတ်သော်၊ ဈာန်,ဝိပဿနာ,မဂ်,ဖိုလ်တို့ကို ဖြစ်စေခြင်းငှာ မတတ်နိုင်ကုန်သည် ဖြစ်၍၊ လေးပါးသော ပါရိသုဒ္ဓိသီလမျှကိုသာ လျှင် ထိုရွေ့လောက် စောင့်ရှောက်ကုန်၏။ သာသနာတော်သည် ဆုတ်သော ကာလသို့ ရောက်ပြန်လတ်သော်၊ သီလ စောက်တည်ခြင်း, ကမ္မဋ္ဌာန်း စီးဖြန်းခြင်းကိုသာ ပြုကုန်၏။ မဂ်,ဖိုလ်ကို မျက်မှောက် ပြုခြင်းငှာ မတတ်နိုင်ပြီ။ မဂ်,ဖိုလ်ကို သိမြင်ခြင်းသည် မရှိပြီ။ ဤသို့ လုလ္လကို လျော့ကုန်လျက် ပျင်းရိခြင်း ရှိသည် ဖြစ်၍၊ တယောက်သည် တယောက်အား နှိုးဆော်,တိုက်တွန်းခြင်းကို မပြုကုန်ပြီ။ ထိုနေ့မှ စ၍ ငယ်သည်တို့အောက် ငယ်ကုန်သော သိက္ခာပုဒ်တို့ကို နင်းနှိပ်ကုန်သည် ဖြစ်၍၊ ပါစိတ်,ထုလ္လစ္စည်းသို့ ရောက်ကုန်၏။ ထိုနောင် သံဃာဒိသိသ်သို့ ရောက်ကုန်၏။ လေးပါးသော ပါရာဇိကသာ တည်ကုန်၏။ လေးပါးသော ပါရာဇိကကို စောင့်ကုန်သော,တရာသော ရဟန်းတို့သည်၎င်း၊ တထောင်သော ရဟန်းတို့သည်၎င်း တည်ကုန်သည် ရှိသော်၊ ပဋိပတ္တိအကျင့်သည် ကွယ်သည် မမည်သေး။ ထိုနောင် နောက်ဆုံး ဖြစ်သော ရဟန်းသည် သီလပျက်သဖြင့်၎င်း၊ အသက်ကုန်ခြင်းသို့ ရောက်သဖြင့်၎င်း ပဋိပတ္တိ အန္တရဓာနအကျင့် ကွယ်သည် မည်၏ဟု မှတ်ရမည်။

၁၀။ ။ပဋိဝေဓ ကွယ်ခြင်းသည်ကား အဘယ်သို့သော ကွယ်ခြင်းဖြင့် ကွယ်လေသနည်း။

အဓိဂမောတိ။ စတ္တာရော မဂ္ဂါ၊ စတ္တာရိ ဖလာနိ၊ စတသော ပဋိသမ္ဘိဒါ၊ တိဿော ဝိဇ္ဇာ၊ ဆ အဘိညာတိ။ သော ပရိဟာယမာနော ပဋိသမ္ဘိဒါတော ပဋ္ဌာယ ပရိဟာယတိ။ တသ္မိံ ဟိ နာနတ္တံ ဗဟုဝိဓံ ပရ

တော ဒဿယိဿာမ၊ ပစ္ဆိမကာလပန သောတာပန္နဿ ဇီဝိတက္ခ ယေန အဓိဂမော အန္တရာယိကော နာမ ဟောတိ၊ ဣဒံ ပဋိဝေဓ အန္တရာယိကံ နာမ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လေးပါးကုန်သော မဂ်တို့ကိုလည်း၊ လေးပါးကုန်သော ဖိုလ်တို့ကိုလည်း၊ လေးပါးကုန်သော ပဋိသမ္ဘိဒါတို့ကိုလည်း၊ သုံးပါးကုန်သော ဝိဇ္ဇာတို့ကိုလည်း၊ ခြောက်ပါးကုန်သော အဘိညာဏ်တို့ကိုလည်း၊ ဤတရားတို့ကို ပဋိဝေဓဟူ၍ ဆိုအပ်ကုန်၏။ ထိုပဋိဝေဓသည် ယုတ်လိုသည် ရှိသော်၊ ပဋိသမ္ဘိဒါ လေးပါးမှ စ၍ အစဉ်အတိုင်း ယုတ်သဖြင့်၊ သောတာပန် ပုဂ္ဂိုလ်၏ အသက်ကုန်ခြင်းသို့ ရောက်သည်တိုင်အောင်၊ မဂ်လေးပါး,ဖိုလ်လေးပါး,ပဋိသမ္ဘိဒါ လေးပါး,ဝိဇ္ဇာသုံးပါး,အဘိညာဏ်ခြောက်ပါး၊ ဤတရားတို့၏ ကွယ်ခြင်းသည် ပဋိဝေဓအန္တရာယ် မည်၏ဟု မှတ်ရမည်၊

၇၁၊ ။ရဟန်း၏ အသွင် ကွယ်ခြင်းကား အဘယ်သို့သော ကွယ်ခြင်းဖြင့် ကွယ်လေသနည်း၊

လိင်္ဂအန္တရာယ်နာမ ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေ ပတ္တဂဟဏံ စီဝရဂဟဏံ သဒ္ဒြနံ ပသာဒနံ အာလောကိတံ ဝိလောကိတံ နပသာဒိကံ ဟောတိ။ နိဂဏ္ဌသမဏာ ဝိယ အလာဗုပတ္တံ ဘိက္ခူ အင်္ဂ ဗာဟာယ ဌပေတွာ အာဒါယ စီဝရန္တိ၊

ဤသို့ အစရှိသည်ဖြင့် ကျမ်းဂန် လာသောကြောင့်၊ ရဟန်းတို့၏ အသွင် ကွယ်ခြင်း မည်သည်ကား၊ သပိတ်ဆောင်ခြင်းလည်း သင်္ကန်းဝတ်ခြင်းလည်း၊ သွားခြင်း,ဆန့်ခြင်းလည်း၊ တူရူကြည့်ခြင်း,ထိုမှဤမှ ကြည့်ခြင်းလည်း၊ ကြည်ညိုဖွယ် မရှိသည်သာ ဖြစ်ကုန်၏၊ ရဟန်းတို့သည် နိဂဏ္ဌ ရဟန်းယောင်ကဲ့သို့ ဘူးသပိတ်ကို ယူ၍ လက်ရုံး၏ အဖျား၌ ထား၍ သွားကုန်၏။ ထိုနောင် ဆုတ်ပြန်လာတ်သော်၊ ဘူးသပိတ်ကို လက်ရုံး၏ အဖျားမှ ချွတ်၍ လက်ဖြင့်လည်း၊ ဆိုင်းဖြင့်လည်း တွဲလွဲ ဆွဲ၍ သွားကုန်၏။ သင်္ကန်းကိုလည်း အပ်သော ဆိုးရည်ကို မဆိုးမူ၍၊ ကုလားအုပ် ကျောက် အဆင်းနှင့် တူသော သင်္ကန်းကို ဆောင်ကုန်လျက် သွားကုန်၏။ ထိုနောင်၌ကား ဆိုးရည်ဖြင့် ဆိုးခြင်းကို မပြုမူ၍၊ အမြိတ်

ဖြတ်ကာမျှ၊လည်ဆီး ပေါက်မျှ၊တလုပ်ခုပ်ကာမျှ၊ကဇွမ်ဗိန္ဒု ထိုးကာမျှ ကို ပြု၍ ဆောင်ကုန်၏။ထိုနောင်မှကား အဆာ ဖြတ်ကာမျှ ပြု၍ ပရိဗ္ဗာဇကကဲ့သို့ သွားကုန်၏၊ထိုနောင်မှကား ဤပုဆိုးဖြင့် အဘယ် အကျိုး ရှိအံ့နည်းဟု ဖန်ရည်စွန်းသော သင်္ကန်းငယ်ကို လည်၌ ရောက်ခြင်း ကိုဎင်း၊ လက်၌ ချည်ခြင်းကိုဎင်း၊ဆံ၌ စွင်ခြင်းတို့ဎင်း ပြုကုန်လျက်၊ သားမွေးခြင်း,မယားယူခြင်း,လယ်ယာလုပ်ကိုင်ခြင်း,အမှုကို ပြု၍ အသက်မွေးကုန်၏။ ဒါယကာတို့သည်လည်း သဃ်ာတော် အမှတ်ဖြင့် လှူဒါန်းကုန်၏၊ဤသို့နောင် သာသနာတော်သည် အလွန်အားဖြင့် ဆုတ်ပြန်လတ်သော်၊ အထူးထူး,အပြားပြား ရှိကုန်သော အမှုတို့ကို ရွက်ဆောင်လျက်၊ ငါတို့သည် ဤပုဆိုးကို ဆောင်သည် ကာလရှည်လေပြီ၊ ဤပုဆိုးကို ဆောင်သဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု လည်၌ ရောက်သော၊လက်၌ ဖွဲ့သော သင်္ကန်းငယ်ကို မြေ၌* တော၌ ပစ်ကုန်၏။ထိုအခါ လိင်္ဂအန္တရဓာန ရဟန်း၏ အသွင် ကွယ်သည် မှတ်ရမည်။

၇၂။ ။ပရိနိဗ္ဗာန် အပြားကား အဘယ်မျှ ရှိသနည်း။

ကိလေသပရိနိဗ္ဗာနံ ခန္ဓပရိနိဗ္ဗာနံ ဓာတုပရိနိဗ္ဗာနန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကိလေသပရိနိဗ္ဗာန်,ခန္ဓပရိနိဗ္ဗာန်, ဓာတုပရိနိဗ္ဗာန် ဟူ၍ သုံးပါး အပြားရှိ၏ဟု မှတ်ရမည်။

၇၃။ ။ထိုသုံးပါးတို့တွင် ကိလေသပရိနိဗ္ဗာန် ဆိုသည်ကား အဘယ်နည်း။

တတ္ထကိလေသပရိနိဗ္ဗာနံ ဗောဓိပလ္လင်္ကေ အဟောသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဗောဓိပလ္လင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍၊ တထောင့်ငါးရာ,ကိလေသာတို့မှ ငြိမ်းတော်မူခြင်းသည် ကိလေသပရိနိဗ္ဗာန် မည်၏ဟု မှတ်ရမည်။

၇၄။ ။ခန္ဓပရိနိဗ္ဗာန် ဆိုသည်ကား အဘယ်နည်း။

ခန္ဓပရိနိဗ္ဗာနံ ကုသိနာရာယံ အဟောသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကုသိနာရုံပြည်၌ ဝတိတော်မူ၍ နောင်တဖန် မဖြစ်ငြိ၊ ခန္ဓာငါးပါး ငြိမ်းတော်မူခြင်းသည် ခန္ဓပရိနိဗ္ဗာန် မည်၏ဟု မှတ်ရမည်။

၇၅။ ။ဓာတုအန္တရဓာန ဓာတ်တော်ဖြို ကွယ်ခြင်းတည်း ဟူသော ဓာတုပရိနိဗ္ဗာန် ဆိုသည်ကား အဘယ်နည်း။

ဓာတုပရိနိဗ္ဗာနံ အနာဂတေ ဘဝိဿတိ။ ကထံ တဿ သက္ကာရသမ္မာနံ အလဘမာနာ ဓာတုယော ဗုဒ္ဓါနံ အဓိဋ္ဌာနဗလေန သက္ကာရသမ္မာနံ လဘနဋ္ဌာနံ ဂစ္ဆန္တိ။ ဂစ္ဆန္တေ ကာလေ သဗ္ဗဋ္ဌာနေသု သက္ကာရသမ္မာနော နဟောတိ။ သာသနဿပန ဩသက္ကနကာလေ ဣမသ္မိံ တမ္ဗပဏ္ဏိဒီပေ ဓာတုယော သန္နိပတိတွာ မဟာစေတိယံ ဂမိဿန္တိ။ မဟာစေတိယတော နာဂဒီပေ ရာဇာယတနစေတိယံ တတော ဗောဓိပလ္လင်္ကံ ဂမိဿန္တိ။ နာဂဘဝနတောပိ ဒေဝလောကတောပိ ဗြဟ္မလောကတောပိ ဓာတုယော မဟာဗောဓိပလ္လင်္ကမေဝ ဂမိဿန္တိ။ သာသပမတ္တာပိ ဓာတုယော နအန္တရာယိဿန္တိ။ သဗ္ဗာ ဓာတုယော မဟာဗောဓိမဏ္ဍေ သန္နိပတိတွာ ဗုဒ္ဓရူပံ ဂဟေတွာ ဗောဓိမဏ္ဍေ ပလ္လင်္ကေ နိသိန္နတွာ ဗုဒ္ဓသရီရ သိရိံ ဒဿေန္တိ။ ဗတ္တိံသမဟာပုရိသလက္ခဏာနိ အသီတိ အနုဗျဉ္ဇနာနိ ဗျာမပ္ပဘာသီတိ သဗ္ဗပရိပုဏ္ဏမေဝ ဟောတိ။

ဤသို့ အစရှိသည်ဖြင့် ကျမ်းဂန် လာသောကြောင့်၊ ဓာတုအန္တရဓာန၊ ပရိနိဗ္ဗာနဓာတ်တော်ဖြို ကွယ်ခြင်း၊ ပရိနိဗ္ဗာန် ပြုခြင်းသည် နောင်သော အခါ၌ ဖြစ်လတ္တံ့။ အဘယ်သို့ ဖြစ်လတ္တံ့နည်း ဟူမူကား၊ ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မမူမှီ ဓိဋ္ဌာန်တော်မူခဲ့သောကြောင့်၊ ဘုရားသခင် ဓာတ်တော်၊ မွေတော်တို့သည် *လာဘ်ပူဇော်သက္ကာ မရှိလျှင် *လပ်ပူဇော်သက္ကာ ရှိရာအရပ်သို့ ပြောင်း၍ တည်တော်မူသည်၊ သာသနာ ငါးထောင်စေ့သော အခါ၌ကား၊ မွေတော်၊ ဓာတ်တော်တို့သည် သိဟိုဠ်ကျွန်း၊ မဟာစေတီသို့ ရလတ္တံ့။ ထိုနောင် နာဂဒီပကျွန်း၌ ရာဇာယတန၊ လင်လွန်းပင်စေတီသို့ ရလတ္တံ့။ ထိုနောင် မဟာဗောဓိမဏ္ဍိုင်သို့ ရလတ္တံ့။ နဂါးပြည်၊

---

* ယခုကာလ ပါဠိ၊လာဘကို ထောက်၍ "လာဘ်"ဟု အရေးများ၏။ လောကဝတ်ကို ထောက်လျှင် "လပ်"၊ ဓမ္မဝတ်ကို ထောက်လျှင် "လာဘ်"ဟု ရေးရမည်ဟု ပြောရိုးအစဉ် ရှိ၏။

နတ်ပြည်, ဗြဟ္မာပြည်က မွေတော်,ဓာတ်တော်တို့သို့လည်း ဗောဓိမဏ္ဍိုင်သို့ချည်း ရလတ္တံ့။ အကြားတွင် တမှန်ညင်းမျှခန့် ပျောက်သည် ဟူ၍ မရှိ။ အလုံးစုံသော မွေ့တော်,ဓာတ်တော်တို့သည် မဟာဗောဓိမဏ္ဍိုင်၌ ထက်ဝယ်ဖွဲ့ခွေ နေတော်မူလျက်၊ သုံးဆယ့်နှစ်ပါးသော ယောကျ်ား မြတ်တို့၏ လက္ခဏာတော်ကြီး,ရှစ်ဆယ်သော လက္ခဏာတော်ငယ်, တလံမျှလောက်သော အရောင်တော်တို့ဖြင့် ပြိုးပြိုးပြက် လက်လက်ညီး မျှ ဘုရားသခင်၏ အသွင်အပြင်တော်ကို ပြလတ္တံ့။ ထို့နောင်မှ အံ့ဖွယ်သ ရဲ ရှိသော ရေ,မီးအစုံဖြစ်သော ယမိုက်ပြာဋိဟာကို ပြတော်မူလတ္တံ့။ ထို့နောင် ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူလတ္တံ့။ ထိုခြောက်ပါးသော ရောင်ခြည်တော်တို့သည် တသောင်းသော စကြဝဠာတိုင်အောင် နှံ့လတ္တံ့။ ထိုအခါ လူတို့သည် မပူဇော်ရပြီ။ တသောင်းသော စကြဝဠာ၌ နေသော နတ်,ဗြဟ္မာတို့သည် စည်းဝေးကုန်၍ —'ယနေ့ အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်သည် ပရိနိဗ္ဗာန် ပြုတော်မူသည် ဖြစ်ခဲ့၏။ ယနေ့ သာသနာတော်သည် ရွေ့သည် ဖြစ်ခဲ့၏။ ယခု ငါတို့ ဖူးမြင်ခြင်းသည်ကား အဆုံးစွန်သော ဖူးမြင်ခြင်းတည်း။ ဤနေ့မှ စ၍ အမိုက်အတိသာ ဖြစ်လတ္တံ့။' ဤသို့ နှစ်လုံးသွင်းကုန်၏။ သဗ္ဗညုတ ဉာဏ်ရှင် ဘုရား ပရိနိဗ္ဗာန် ပြုတော်မူသော နေ့ထက် လွန်စွာ သနားဖွယ်ကို ပြုကုန်လတ္တံ့။ ထိုအခါ အနာဂါမ်,ရဟန္တာမှ တပါးကုန်သော နတ်, ဗြဟ္မာတို့သည် မိမိတို့၏ ကိုယ်ကို သောက်တည်အံ့သော၌ မတတ်နိုင်။ ကြီးစွာသော ငိုကြွေးခြင်းတို့သည် ဖြစ်ကုန်လတ္တံ့။ ဓာတ်တော် တည်း ဟူသော ကိုယ်တော်မှ မီးလျှံတို့သည် ထွက်လတ်၍၊ အထက် ဗြဟ္မာပြည် တိုင်အောင် တက်ပြီးမှ၊ တမှန်ညင်းမျှ မကျန် ဓာတ်တော် တည်း ဟူသော ကိုယ်တော်ကို အကုန် လောင်၍ ကျွမ်း*လတ်မည်။ ထိုအခါ စည်းဝေးလာကုန်သော နတ်,ဗြဟ္မာအပေါင်းတို့သည် သဗ္ဗညု ဏာက,ဘုရားသခင် ပရိနိဗ္ဗာန် ပြုတော်မူသော နေ့ကဲ့သို့ အတိုင်းမသိ များစွာသော ပူဇော်သကာတို့ဖြင့် ပူဇော်ပြီးသျှင်၊ လက်ျာရစ် သုံးပတ် လှည့်ကုန်၍၊ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား၊ အကျွန်ုပ်တို့သည် နောင် ဖြစ်လတ္တံ့သော ဘုရားသခင်တို့ကို ဖူးတွေ့ရလိုသောဟု ဆုတောင်းပဌ

နာ၊ ပြုဘုန်လတ်မည်၊ ဤသို့ ပွဲတော်,ခဘ်တော်တို့ဖြင့် ကွယ်ခြင်း,ပရိနိဗ္ဗာန် ပြုခြင်းသည် ဓာတုအန္တရဓာန,ဓာတုပရိနိဗ္ဗာန် မည်၏ဟု မှတ်ရမည်။ ။ကွယ်ခြင်းငါးပါး,ပရိနိဗ္ဗာန်သုံးပါး အခြင်းအရာကို အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၇၆။ ။စေတီအပြားကား အဘယ်မျှ ရှိသနည်း။

ဗုဒ္ဓစေတီယံ၊ပရိဘောဂစေတိယံ ဓာတုစေတိယံ ဓမ္မစေတိယန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပရိဘောဂစေတီ,ဓာတုစေတီ,ဓမ္မစေတီ ဟူ၍ သုံးပါး အပြား ရှိ၏ဟု မှတ်ရမည်။

၇၇။ ။ထိုသုံးပါးသော စေတီတို့တွင် ပရိဘောဂစေတီ ဆိုသည်ကား အဘယ်နည်း။

ဘဂ္ဂ ဘာဂဝတော ပရိဘုတ္တပကာရေဟာနိ နိဒ္ဒဟိတွာ ကတံ ပရိဘောဂစေတီနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဘုရားသခင်တို့၏ အသုံးအဆောင် အဆောက်အဦ ဖြစ်ကုန်သော သပိတ်,သင်္ကန်း,ရေသနုပ်ဘော် အစရှိသည်တို့ကို ဌာပနာ၍ တည်သော စေတီသည် ပရိဘောဂစေတီ မည်၏ဟု မှတ်ရမည်။

၇၈။ ။ဓာတုစေတီ ဆိုသည်ကား အဘယ်နည်း။

ဓာတုယော နိဒ္ဒဟိတွာ ကတံ ဓာတုစေတိယံနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊သရီရ ဓာတ်တော်တို့ကို ဌာပနာ၍ ထားသော စေတီသည် ဓာတုစေတီ မည်၏ဟု မှတ်ရမည်။

၇၉။ ။ဓမ္မစေတီ ဆိုသည်ကား အဘယ်နည်း။

ပဋိစ္စသမုပ္ပါဒါဒိ လက္ခဏပေါတ္ထကံ နိဒ္ဒဟိတွာ ကတံ ဓမ္မစေတိယံနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပဋိစ္စသမုပ္ပါဒ် အစရှိသော တရားတော်ကို ရေးပြီးလျှင် ဌာပနာ၍ တည်သော စေတီသည် ဓမ္မစေတီ မည်၏ဟု မှတ်ရမည်။ ။ဤစေတီ အပြားသုံးပါးကို ခုဒ္ဒကပါဌအဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်။

၈၀။ ။ဘနည်းလည်း၊—

သာရီရိကံ ပရိဘောဂိကံ ဥဒ္ဒေသိကန္တိ ဣမေ ဝေဝိဓ စေတိယံ တိပ္ပ ဘေဒံ ဟောတိ။ အယံပဘေဒေါ ပဋိမာ ရူပကာဿာပိ ဥဒ္ဒေသိကစေတိယေနေဝ သင်္ဂဟိဘတ္တာ သင်္ဂြာတာရံ ယုဇ္ဇတိတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သာရီရိကစေတီ, ပရိဘောဂစေတီ, ဥဒ္ဒိဿစေတီ ဟူ၍ သုံးပါး အပြား ရှိ၏။ ထိုသုံးပါးတို့တွင်၊ သာရီရိက စေတီ ဆိုသည် ဓာတုစေတီနှင့် တူ၏။ ပရိဘောဂစေတီ ဆိုသည် ပရိ ဘောဂစေတီနှင့် တူ၏။ ဘုရားသခင်ကို ရည်၍ ပြုသော ရုပ်ထု,* ဆင်းထု*တော်သည် ဥဒ္ဒိဿစေတီ မည်၏ဟု မှတ်ရမည်။ ။ဤစေတီ အပြား သုံးပါးကိုကား သာရတ္ထဒီပနီဋီကာ၌ လာသည် မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပုံတောင်ဖွဲ့၍၊—

ထွန်းပေါ် ခိုမှီ၊ ပူဇော်ညီသား၊ စေတီ ထင်ရှား၊ မြတ်သုံးပါးတွင်၊ ဘုရားမည်ရ၊ ဥဒ္ဒိဿဟု၊ ရှေးက ရှင်တော်၊ ပေါ်လသော်နည်း၊ တောင်မည်းမညွှန်း၍၊

ဟူ၍၊ အရှင်မဟာရဋ္ဌသာရ အကျော် စပ်တော်မူလေသည်။

၈၁။ ။အမြီး တည်သော ဘုရားသခင် ခြေတော်ရာသည် အဆူ ဘယ်မျှ အရေအတွက် ရှိသနည်း။

ခေါပန ဘဂဝတော ပဒစေတိယာနိကံ လက်ာဒီပေ ဧကံ ဇမ္ဗူ ဒီပေ။ ယောနကရဋ္ဌေ ဒွေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အမြီး တည်သော ဘုရားသခင် ခြေတော်ရာ စေတီသည်ကား သီဟိုဠ်ကျွန်း၌ တဆူ။ ယောနကရဋ္ဌ ဖြစ် သော ဇမ္ဗူဒိပါကျွန်း၌ နှစ်ဆူ။ ဤသို့အားဖြင့် ခြေတော်ရာ စေတီသည် ကား သုံးဆူ ရှိသည်သာလျှင် ဖြစ်ကုန်၏ဟု မှတ်ရမည်။

၈၂။ ။ထိုသုံးဆူသော ခြေတော်ရာ စေတီတို့တွင် သီဟိုဠ်ကျွန်း၌ ခြေတော်ရာ စေတီသည်ကား အဘယ်အရပ်တွင် ပြုတော်မူလေသနည်း။

ဗောဓိတော အဋ္ဌမေဝဿေ ကလျာဏိယံ မဏိအက္ခိကာ နာဂရာ ဇေန နိမန္တိတော ဘဂဝါ ပဉ္စဟိ ဘိက္ခုသတေဟိ ပရိဝုတ္တော လက်ာ

* ''ရုပ်တု, ဆင်းတု''ဟု တဝမ်းပူနှင့် သင့်မြတ်၏။ အစစ် မဟုတ်၊ အတုအယောင် ဖြစ်သောကြောင့်တည်း။

ဒိပမာဂမ ကလျာဏိစေတိယဌာနေ ကတေ ရတနမဏ္ဍပေ နိသိန္နော ဘတ္တကိစ္စံ ကတွာ သမန္တကူဋံ ပဒံ ဒဿေတွာ အာဂမာသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သီဟိုဠ်ကျွန်း၌ ခြေတော်ရာ စေတီ သည်ကား ဘုရားသခင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍၊ ရှစ်ဝါ မြောက် ရောက်တော်မူသော အခါ၊ မဏိအက္ခိက အမည် ရှိသော နဂါးမင်းသည် တောင်းပန်သောကြောင့်၊ငါးရာသော ရဟန္တာအပေါင်း ခြံရံ လျက် သီဟိုဠ်ကျွန်းသို့ ကြွတော်မူလေ၍၊ ကလျာဏီ တည်ရာ,ရတ နာမဏ္ဍပ်၌ ဆွမ်းဘုဉ်းပေးတော်မူပြီးလျှင်၊ ညီညွတ်သော အပြင် ရှိ သော သမန္တကူဋတောင်ထိပ်၌ ခြေတော်ရာစေတီဘဆူ ချတော်မူ၍၊ ပြန်ကြွတော်မူသည်ဟု မှတ်ရမည်။ ။ဤ ခြေတော်ရာတဆူကို ပါရာဇိ ကဏ်အဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်။

၈၃။ ။ဇမ္ဗူဒိပါကျွန်း၌ နှစ်ဆူသော ခြေတော်ရာစေတီတို့တွင် နမ္မ ဒါမြစ်နား၌ ခြေတော်ရာစေတီကို အဘယ်သူ တောင်းပန်၍ ချတော်မူ လေသနည်း။

ဝါဏိဇ္ဇဂါမဟိတ ကတံ စန္ဒနမဏ္ဍလမာဠံ ပဋိဂ္ဂဟေတွာ ပုဏ္ဏထေ ရေန နိမန္တိတော ဘဂဝါ သုပ္ပါရကပဒံ ဂန္တွာ သာဝတ္ထိံ ပစ္စာ ဂစ္ဆန္တော နမ္မဒါနာဂရာဇေန ပူဇယံ ယာစိတော နမ္မဒါနဒီတီရေ ပဒ စေတိယံ ဒဿေတိ။ တတ္ထ ဝိစိသု အာဂတာသုပိ ဝရိယတိ၊ ဂတာသု ပိဝရိယတိ။မဟာသက္ကာရသမ္ပတ္တံ အဟောသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝါဏိဇ္ဇဂါမ၌ ပုဏ္ဏပုဏ်အမည် ရှိ သော,တကာသည် တန်ဆောင်းဝန်းသဏ္ဌာန် ဆောက်လုပ်သော စန္ဒကူး သရက္ခန်ကျောင်းတော်ကို ခံပြီးသော်ဌာ ပုဏ္ဏပုဏ် နောင်တော်,မဟာ ပုဏ်မထေရ် ပင့်ဖိတ်၍၊ဘုရားသခင်သည် ငါးရာနှင့် သုပ္ပါရက သဘော်ဆိပ်သို့ ကြွတော်မူပြီးလျှင် ကျောင်းတော်ကို ခံ၍ သာဝတ္ထိ ပြည်သို့ အပြန်တွင် နမ္မဒါနဂါးမင်း တောင်းပန်သောကြောင့်၊နမ္မဒါမြစ်နား ၌ ခြေတော်ရာစေတီဘဆူ ချတော်မူသည်။ သို့ခြေတော်ရာသည် လှိုင်းထံပိုး

---

၁။ စာအုပ်မူ၌၊—နမန္တနဒီတီရေ-ဟု ရှိ၏။အမေး၌၎င်း,အဖြေ၌၎င်း၊ 'နမ္မဒါမြစ်နား၌' ဟု ပါသောကြောင့်၊ ပေမူစာသာ ရေးရင်း ဖြစ်ရာ၏။

လာလျှင် ပိတ်၍ နေသည်၊လှိုင်းထံပိုး သက်လျှင် ပွင့်၍ နေသည်။ ကြီးစွာသော လပ်ပုဇော်သကာကို ခံရသည်ဟု မှတ်ရမည်။

၈၄။ ။ခြေတော်ရာ တဆူကို သစ္စဗန္ဓတောင်ဦး၌ အဘယ်သူ တောင်းပန်သောကြောင့်၊ချတော်မူလေသနည်း။

တတော သစ္စဗန္ဓပဗ္ဗတံ ပတွာ သစ္စဗန္ဓထေရေန ယာစိတော သစ္စဗန္ဓပဗ္ဗတေ ဃနပိဋ္ဌိပါသာဏေ အလ္လမတ္တိကေ ပိဋ္ဌမှိ လဉ္ဆနံပိယ ပဒစေတိယံ ဒဿေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုနမ္မဒါအရပ်မှ သစ္စဗန္ဓတောင် ထိပ်သို့ ကြွတော်မူလေ၍၊ သစ္စဗန္ဓမထေရ် တောင်းပန်သောကြောင့်၊ မြေစိုင်ခဲပေါ်တွင် တံဆိပ် ခပ်ဖိသကဲ့သို့၊ တခဲနက် ကျောက်ဖျာအပြင်တွင် ခြေတော်ရာ စေတီတဆူ ချတော်မူသည် မှတ်ရမည်၊ ။ဤစေတီနှစ်ဆူကိုကား မဇ္ဈိမနိကာယ်,ပုဏ္ဏောဝါဒသုတ် အဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့် အညီ တံတားဦးတည်မော်ကွန်း၌၊—

> ကျယ်ပြောနောင်ခါ၊ ငါ့ရိုက်ရာကား၊ သုနာပရန်၊ ကြွမ်းမာရ်
> အောင်နှိပ်၊တပွဲဒိပ်ဟု၊တံဆိပ်နှစ်ထပ်၊စက်ရှင်ကွပ်၍၊ မြန်ရပ်
> တမူ၊စည်းစိမ်ဟူသို့။

ဟူ၍ တောင်တွင်းလာပုဂ္ဂိုလ်ကျော်မည်တွင် အရှင် မဟာသီလဝံသ အကျော် စပ်တော်မူလေသည်။

လက်ာစကားပြေ တံတားဦးတည်၌လည်း၊—

> ဖွေစက် နင်းနှိပ်၊ရာတံဆိပ်ဖြင့်၊မာရ်နှိပ်ထက်ကြပ်၊စက်ရှင်ကွပ်
> သား၊စရပ်ဆိုင်းဆိုင်း၊မြန်ခန်းတိုင်းဝယ်၊

ဟူ၍ အရှင်ရဋ္ဌသာရအကျော် စပ်တော်မူလေသည်။

ရင်းလက်ာသက်သက် တံတားဦးတည်၌လည်း၊—

> နမ္မဒါဟု၊ မြစ်သာကမ်းနား၊ တောင်ထွတ်ဖျားဝယ်၊ နှစ်ပါးတူ
> ကွ၊ရာတော်ပြလျက်၊လောကသခင်၊မျှလောက်စင်သည်၊စည်
> ပင် သာသနာ၊တည့်ကြာလမည်၊အကြောင်းရည်၍၊ ခန့်တည်

ရှေ့ရှု၊လာတော်မူသည်။ ။ရွှယ်ခြုံနောင်တို့ ရည်စောင်တည်း။ ဟူ၍ စပ်တော်မူလေသည်။

သာသနာတော် စည်ပင်,ပြန့်ပွားများအံ့သော အကြောင်း ကောင်းသိုသာ ဖြစ်သော အမြိုက်နိဗ္ဗာန်,ရွှေပြည်နိဗ္ဗာန်ကို အလိုရှိသောငှါ၊ ခပ်သိမ်းသော သူအပေါင်းတို့အား မှတ်သား,သိလွယ်စိမ့်သောငှာ အထူးထူးသော အနက်အဓိပ္ပါယ်,အသွယ်သွယ်သော ပါဠိ,အဋ္ဌကထာ,ဋီကာ,ဂဏ္ဌိ,အလင်္ကာနည်းနာတို့ဖြင့် တန်ဆာ ဆင်လျက်၊ အစောင်စောင်သော ကျမ်းတို့မှ ကပ်ဆွဲထုတ်ဖြုန်းကြီး ထုတ်နှုတ်စီရင်အပ်သော ပညာကထနကျမ်း၊ပဌမပိုင်း ပြီး၏။ ။သက္ကရာဇ် ၁၂၃၈ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက် နံနက်တချက်တီးခန့် အချိန်တွင် ပြီးသည်။

—=:o:=—

# ပညာကထနကျမ်း၊ ဒုတိယတွဲ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

၀၅။ ။တမြက်လှည်းခြင်း၏ အကျိုးကား အဘယ်မျှသောက်သော အကျိုးကို ခံရအံ့နည်း။

ပဍ္ဍာနိသံသာ သမဇ္ဇနိယာ။သကစိတ္တံ ပသီဒတိ။ပရစိတ္တံ ပသီဒတိ။ ဒေဝတာအတ္တမနာ ဟောန္တိ။ပါသာဒိကသံဝတ္တနိကံ ပုညံ ဥပစိနာတိ။ ကာယဿဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂလောကံ ဥပ္ပဇ္ဇတီတိ၊

ဤသို့ ကျမ်းဂန် လာသောငှါ၊တမြက်လှည်းခြင်း၏ အကျိုးသိုကား မိမိ စိတ်သည် ကြည်လင်၏။ သူတပါး၏ စိတ်ကိုလည်း ကြည်လင်စေတတ်၏၊နတ်တို့သည် နှစ်လို,ဝမ်းမြောက်ကုန်၏။ကြည်ညိုဘွယ်ကို ဖြစ်စေတတ်သောငှါ၊ကောင်းမှုကို ဆည်းဘူးသည် ဖြစ်၏။ ရတိစိတ်ကျသည်၏ အဆုံး၌လည်း ကောင်းသော သုတို့၏ လားရာဖြစ်သော နတ်ပြည်၌ ဖြစ်၏။ဤသို့လျှင် တမြက်လှည်းခြင်း၏ အကျိုးသည် ငါးပါးသော အကျိုး

တို့ကို ခံစားရဖို့ဟု မှတ်ရမည်၊ ။ဤအခြင်းအရာကို ပရိဝါပါဠိတော်၌ လာသည်ဟု မှတ်ရမည်၊

၈၆။ ။သေက္ခ ၇ယောက်, အသေက္ခတယောက် ဆိုသည်ကား၊ အဘယ်နည့်း။

သတ္တလောကုတ္တရာ ဟေဋ္ဌာ ဝုတ္တာ သေက္ခာတိအာဒိနာ အရ ဟတ္တဖလမေကသေက္ခန္တိ ပကာသိတံ။

ဤသို့ မြေကြီးအထုနှင့် တူသော သည်းခံချိသော နှစ်လုံးတော် ရှိသော ဘုရားသခင် ဟောတော်မူသောကြောင့်၊ သောတာပတ္တိမဂ်,သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်,သကဒါဂါမိဖိုလ်၊ အနာဂါမိမဂ်,အနာဂါမိဖိုလ်၊ အရဟတ္တမဂ် ဤခုနစ်ယောက်ကို သေက္ခဆိုသည်ဟု မှတ်ရမည်၊ အရဟတ္တဖိုလ် ဤတယောက်ကို အသေက္ခဆိုသည် မှတ်ရမည်။ ။သေက္ခဆိုသည်ကား၊ကိလေသာကို သင်ဆဲ ဆိုသည်ဟု မှတ်ရမည့်၊အသေက္ခ ဆိုသည်ကား ကိလေသာကို သင်ခြင်းကိစ္စ ပြီးလေပြီ ဆိုသည်ဟု မှတ်ရမည်။

၈၇၊ ။အမေးပုစ္ဆာ ပြဿနာကို မေးသော သူတည်း ခဲသလော။ ဖြေသော သူတည်း ခဲသလော။ အဘယ်သူသည် ခဲသနည်း။

ပဉ္စသဟဿနံ ဘာရိယံ၊ဥဒ္ဒါဟ ဝိသဇ္ဇနန္တိ ဥဂ္ဂဟေတွာ ပုစ္ဆနံ နောဘာရိယံ ဝိသဇ္ဇနံပန ဘာရိယံ။

ဤသို့ ဘုရားသခင် ဟောတော်မူသောကြောင့်၊ လေ့လာ၍ သင်ကြား မှတ်သား၍ ရွက်ဆောင်၍ မေးသော သူသို မခက်ခဲ၊ မေးမြန်းလွယ်ဖို့၊ ဖြေသော သူသ်ကား မလွယ်၊ ခက်ခဲဖို့ဟု မှတ်ရမည်။ ။ဤအခြင်းအရာများကို ရထဝိနိတသုတ်,အဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်၊

၈၈။ ။ဘုရားသခင် သာသနာတော်၌ ပညာကြီးသောကြောင့်၊ ထူးသော အရာကို ရသော မထေရ်တို့ကား အဘယ် မထေရ်တို့နည်း။

ဧတဒဂ္ဂံ ဘိက္ခဝေ သာရိပုတ္တထေရော မဟာကစ္စာယနထေရော ပုဏ္ဏထေရော ကုမာရကဿပထေရော အာနန္ဒထေရောတိ။သမ္ဘူတလာထေရော ဝိသေသဉ္ဉာနံ အဓိဂတာ။

ဤသို့ ဘုရားသခင် ဟောတော်မူသောကြောင့်၊ ဘုရားသခင် သာသနာတော်၌ အရှင်သာရိပုတ္တရာမထေရ်၊အရှင်မဟာကစ္စည်းမထေရ်၊ အရှင်ပုဏ္ဏမထေရ်၊ အရှင်ကုမာရကဿပမထေရ်၊ အရှင်အာနန္ဒာမထေရ်၊ဤမထေရ်ငါးပါးတို့သည် ကြီးသော ပညာ ရှိသောကြောင့်၊ထူးသော အရာကို ရတော်မူကုန်သည်ဟု မှတ်ရမည်။ .

၁၉။ ။အရှင်သာရိပုတ္တရာသည် အဘယ်သို့ အထူးအရာကို ရတော်မူလေသနည်း။

ဧတသု မဟာပညာတာယပန သာရိပုတ္တထေရော တံ ဌာနံ အဓိဂတော ပညာယတိ ထေရေန သဒိသော နတ္ထိ။

ဤသို့ဘုရားသခင် ဟောတော်မူသောကြောင့်၊ ကြီးသော ပညာ ရှိကုန်သော ငါးပါးသော မထေရ်တို့တွင် အရှင်သာရိပုတ္တရာသို့ လွန်မြတ်သော ပညာ ရှိသဖြင့် အဖြစ်ကြောင့် လက်ျာရံ အဖြစ်ကို ရတော်မူ၏။ ပညာဖြင့် အရှင်သာရိပုတ္တရာနှင့် တူသော ပုဂ္ဂိုလ်သည် မရှိဟု ဟောတော်မူသည် မှတ်ရမည်။

ထိုသို့ ပညာအရာ၌ တူသော ပုဂ္ဂိုလ် မရှိသောကြောင့်၊ ဘုရားသခင်သို့ အရှင်သာရိပုတ္တရာမထေရ်ကို၊

ဧတဒဂ္ဂေ ဌပေသိ။ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ မဟာပညာနံ ယဒိဒံ သာရိပုတ္တောတိ။

ဟူ၍ ဟောတော်မူသည်။

ဧတဒဂ္ဂေ၊ဧတဒဂ်အရာ၌၊ဌပေသိ၊ဌား(ထား)တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။မမ၊ငါဘုရား၏။သာဝကာနံ၊တပည့် ဖြစ်ကုန်သော။ မဟာပညာနံ၊ကြီးသော ပညာ ရှိကုန်သော။ ဘိက္ခူနံ၊ရဟန်းတို့တွင်။ ယဒိဒံ, ယံဧသော သာရိပုတ္တော၊အကြင် သာရိပုတ္တရာမထေရ်သို။အတ္ထိ၊ ရှိ၏။ ဧတံ,ဧသော သာရိပုတ္တော၊ ဤသာရိပုတ္တရာမထေရ်သည်။ အဂ္ဂံ,အဂ္ဂေါ၊ မြတ်သည်။ဟောတိ၊ဖြစ်၏။ ။ဤသို့လျှင် အရှင်သာရိပုတ္တရာမထေရ်ကို ပညာအရာ၌ ဧတဒဂ် ထားတော်မူသည် မှတ်ရမည်။

ဤသို့ ဟောတော်မူသည်ကို ထောက်၍ ပါရမီခန်း၌၊—

သမ္ဗာသမ္ဗုဒ္ဓ၊ရကုန် အမည်၊သိတိထေရ်တွင်၊အရှည် မြင်ခြင်း၊

တပနိဗြင်း၍[၁]၊ လက်ရင်း ငါ့အောက်၊ အကြီး မြောက်သည်[၂]၊
လျှံတောက် ပညာ၊ သာရိပုတ္တရာ။

ဟူ၍၊ အရှင်မဟာသိလဝံသအကျော် စပ်တော်မူလေသည်ဟု မှတ်ရမည်။

၆၀။ ။အရှင်မဟာကစ္စည်းမထေရ်သည် အဘယ်အရာကို ရတော်မူလေသနည်း။

ဘဂဝတာ သံခိတ္တေန ဘာသိတဿ သဗ္ဗညုတညာဏေန သံသန္ဒေတွာ သမာနေတွာ ဝိတ္ထာရေန အတ္ထံ ဝိဘဇနတံ မဟာပညေန ပန သင်္ကောတိ။မဟာပညတာယ မဟာကစ္စာယနထေရော တဿ ပဋိဗလော ဇာတော။

ဤသို့ ဟောတော်မူသော ပါဠိတော် လာသောကြောင့်၊ ဘုရားသခင်သည် အကျဉ်းမျှသာ ဟောတော်မူသော တရားတော်ကို သဗ္ဗညုတညာဏ်တော်နှင့် အညီအညွတ် နှိုးနှော၍ အကျယ်အားဖြင့် အနက်ကို ခွဲဝေခြင်းငှာ ပညာ ကြီးတော်မူသည် ဖြစ်၍၊ လျင်စွာ တတ်နိုင်ဖို့၊ ကြီးမြတ်သော ပညာ ရှိသည့်ဖို့ အဖြစ်ကြောင့်၊ အရှင်မဟာကစ္စည်းမထေရ်သည် ဝိတ္ထာရအရာ၌ စွမ်းနိုင်သည် ဖြစ်ဖို့ဟု ဟောတော်မူသည်ဟု မှတ်ရမည်။ ထိုသို့ ဝိတ္ထာရအရာ၌ စွမ်းနိုင်သည်ဖို့ အဖြစ်ကြောင့် ဘုရားသခင်သည် အရှင်မဟာကစ္စည်းမထေရ်ကို၊-

ဧတဒဂ္ဂံ ဥပေသိ။ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ သံခိတ္တေန ဘာသိတဿ ဝိတ္ထာရေန အတ္ထံ ဝိဘဇန္တာနံ ယဒိဒံ မဟာကစ္စာယနထေရောတိ။

ဟူ၍ ဟောတော်မူသည်၊

ဧတဒဂ္ဂေ၊ဧတဒဂ်အရာ၌။ ဥပေသိ၊ဌား(ထား)တော်မူ၏။ဘိက္ခဝေ၊ တို့၊သံခိတ္တေန၊အကျဉ်းအားဖြင့်၊ ဘာသိတဿ၊ဟောတော်မူအပ်သော တရားတော်ကို။ ဝိတ္ထာရေန၊အကျယ်အားဖြင့်။ အတ္ထံ၊အနက်ကို။ ဝိဘဇန္တာနံ၊ခွဲဝေကုန်သော။မမ၊ငါဘုရား၏။ သာဝကာနံ၊တပည့်သား

---

၁။ စာအုပ်မူ၌၊ "မတန်ပြင်း၍" ဟု ရှိ၏။
၂။ "အကြီးမြောက်သည်" ဆိုသော စကား စာအုပ်မူတွင် မပါ။

ဖြစ်ကုန်သော။ ဘိက္ခုနံ၊ရဟန်းတို့တွင်။ ယဒိဒံ,ယံဧသောမဟာကစ္စယနထေရော၊ အကြင်,အရှင်မဟာကစ္စာယနမထေရ်သည်။ အဂ္ဂေါ၊ ရှိ၏။ ဧတံ,ဧသော မဟာကစ္စာယနထေရော၊ဤ မဟာကစ္စာယနမထေရ်သည်။ အဂ္ဂံ,အဂ္ဂေါ၊မြတ်သည်၊ ဟောတိ၊ဖြစ်၏။ ဤသို့လျှင် အရှင်မဟာကစ္စည်း မထေရ်ကို အကျဉ်းမျှသာ ဟောတော်မူသော တရားဘော်ကို အကျယ်ခွဲးခြမ်း၍ ဟောစွမ်းနိုင်သော အရာ၌ ဧတဒဂ် ထားတော်မူသည်ဟု မှတ်ရမည်၊

၆၁။ ။အရှင်ပုဏ္ဏမထေရ်သည် အဘယ်အရာ၌ အထူးအားဖြင့် ရတော်မူလေသနည်း၊

တထာနုသက္ကာယာယဝါ ဘာယဝါ။ အပ္ပမတ္တကော ပညာယ သမန္နာဂတေန ဘိက္ခုနာ ဓမ္မကထံ ကထေန္တေန ဒသကထာဝတ္ထူနိ အာဟရိတွာ သတ္တဝိသုဒ္ဓိယော ဝိဘဇန္တေန ဓမ္မကထံ ကထေတုံ။ မဟာပညေနပန သက္ကာတိ မဟာပညတာယ ပုဏ္ဏတ္ထေရော စတုပရိသမဇ္ဈေ အလင်္ကတဓမ္မာသနေ ဝိတ္တဗီဇနိံ ဂဟေတွာ နိသိန္နော ပုဏ္ဏစန္ဒောဝိယ ဓမ္မကထံ ကထေသိ။

ဤသို့ ဘုရားသခင် ဟောတော်မူသော ပါဠိတော်လာသောကြောင့်၊ ဟုတ်ဟုတ်,ညားညား အနည်းငယ်မျှသာ ပညာနှင့် ပြည့်စုံသော ရဟန်းသည် တရားစကားကို ဟောသဖြင့်၊ ဆယ်ပါးကုန်သော ကထာဝတ္ထုတို့ကို ဆောင်၍ ၇ပါးသော ဝိသုဒ္ဓိတို့ကို ခွဲဝေသဖြင့် တရားစကားကို ဟောခြင်းငှာ မတတ်နိုင်။ကြီးသော ပညာရှိသော ပုဂ္ဂိုလ်သည်သာလျှင် တတ်နိုင်၏။ ကြီးသော ပညာရှိသည်၏ အဖြစ်ကြောင့် ပုဏ္ဏထေရ်သည် ပရိသတ်လေးပါးတို့၏ အလယ်တွင် တန်ဆာဆင်အပ်သော တရားပလ္လင်၌ ခန်းကြယ်စွာသော ယပ်ဝန်းကို ကိုင်လျက် လျှံပတ်စွာ နေ၍ လပြည့်ဝန်းကဲ့သို့ ထင်မြင်စေအောင် တရားစကားကို ချောမွေ့,ပြေပြစ်စွာ ဟော၏။ထိုသို့ ဆယ်ပါးသော ကထာဝတ္ထုကို ဆောင်သဖြင့် ၇ပါးသော ဝိသုဒ္ဓိတို့ကို ခွဲခြမ်း,စိတ်ဖြာ၍ ပရိသတ်လေးပါးတို့၏ အလယ်၌ ပြေပြစ်,ချောမောစွာ တရားစကားကို ဟောစွမ်းနိုင်သော အတွက်ကြောင့်၊ဘုရားသခင်သည် ရှင်ပုဏ္ဏမထေရ်ကို၊—

ဧတဒဂ္ဂ ဥပေသိ။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ဓမ္မကထိကာနံ ယဒိဒံ ပုဏ္ဏထေရောတိ။

ဟူ၍ ဟောတော်မူသည်။

ဧတဒဂ္ဂေ၊ ဧတဒဂ်အရာ၌၊ ဥပေသိ၊ ထားတော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ သာဝက ဖြစ်ကုန်သော။ ဓမ္မကထိကာနံ၊ ဓမ္မကထိက ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံ, သော ပုဏ္ဏထေရော၊ အကြင် ပုဏ္ဏမထေရ်သည်။ အတ္ထိ၊ ရှိတော်မူ၏။ တော်,သော ပုဏ္ဏတ္ထေရော၊ ဤ ပုဏ္ဏမထေရ်သည်။ အဂ္ဂံ,အဂ္ဂေါ၊ သည်။ ဟောတိ၊ ၏။

ဤသို့လျှင် အရှင်ပုဏ္ဏမထေရ်ကို ဆယ်ပါး အပြား ရှိသော ကထာဝတ္ထုတို့ကို ဆောင်သဖြင့်၊ ခုနစ်ပါး အပြား ရှိသော ဝိသုဒ္ဓိတို့ကို ကောင်းကင်ပြင်၌ ထွန်းတောက်ပသော လပြည့်ဝန်းကဲ့သို့ ပေါ်ပြလျက် ခွဲခြမ်းစိတ်ဖြာ၍ ဟောစွမ်းနိုင်သော အရာ၌ ဧတဒဂ် ထားတော်မူသည်ဟု မှတ်ရမည်။

၆၂။ ။အရှင်ကုမာရကဿပမထေရ်သည် အဘယ်အရာ၌ အထူးအားဖြင့် ရလေသနည်း။

တထာ ယာယဝါ တာယဝါ။ အပ္ပမတ္တိကာယ ပညာယ သမန္နာဂတောပန ဘိက္ခု၊ ဓမ္မကထံ ကထေန္တော၊ ဇာတိဝါ ဗြဟ္မဝါ အနောတ္တမိတွာ ဒဏ္ဍကောဋိံ ဂဟေတွာ ဂစ္ဆန္တော အန္ဓောဝိယ၊ ဂေါပဒိကံ ဒဏ္ဍကသေတုံ အာရုဠှော ဂစ္ဆန္တောဝိယ ကထေတိ၊ မဟာပညော စတုပ္ပဒိကမ္ပိ ဂါထံ နိက္ခိပိတွာ ဥပမာ ကာရဏာနိစ။ ဩဒိသာပေတွာ တေပိဋကံ ဗုဒ္ဓဝစနံ။ ဟေဋ္ဌုပရိယံ ကရောန္တော ကထေတိ။ မဟာပညာတာယပန ကုမာရကဿပထေရော စတုပ္ပဒိကံ ဂါထံ နိက္ခိပိတွာ၊ ဥပမာနိစ ကာရဏာနိစ အာဟရိတွာ၊ တေဟိ သဒ္ဓိံ ယောဇေန္တော ဇာဘာသရေ ပဉ္စဝဏ္ဏာနိ ကုသုမာနိ ဖုလ္လာပေန္တောဝိယ သိနေရုမတ္ထကေ ဒိပသဟဿံ ဇာလေန္တောဝိယ တေပိဋကံ ဗုဒ္ဓဝစနံ ဟေဋ္ဌုပရိယံ ကရောန္တော ကထေတိ၊

ဤသို့ ဘုရားသခင် ဟောတော်မူသော ပါဠိတော် လာသောကြောင့်၊

ဟုတ်ဟုတ်ငြားငြား မဟုတ်သော၊ အနည်းငယ်မျှသော ပညာနှင့် ပြည့်စုံသော ရဟန်းသည်ကား တရားစကားကို ဟောသည် ရှိသော်၊ ထိုမှ,ဤမှ မသက်မူ၍၊ တောင်ဝှေးစွန်းကို ကိုင်၍ သွားသော သူကာန်းကဲ့သို့ရင်း၊ တဖဝါးလှမ်းလောက်သော လှန်တံ တံဘားသို့ တက်၍ သွားသော သူကဲ့သို့ရင်း ဟောသည် ဖြစ်၏။ ကြီးမြတ်သော ပညာ ရှိသော ပုဂ္ဂိုလ်သည်ကား လေးပုဒ် ရှိသော ဂါထာကို ထား၍ ဥပမာကိုရင်း၊ အကြောင်းကိုရင်း ပြည့်စေ၍ ပိဋကတ် ဖြစ်သော ဘုရားသခင့် စကားတော်ကို အောက်အထက်,အပြန်အလှန် ပြုသည် ဖြစ်၍ ဟော၏။ ကြီးသော ပညာ ရှိသည်၏ အဖြစ်ကြောင့်၊ ကုမာရကဿပမထေရ်သည်ကား လေးပုဒ် ရှိသော တဂါထာကို ထား၍ ဥပမာတို့ကိုရင်း၊ အကြောင်းတို့ကိုရင်း ဆောင်၍၊ထိုအကြောင်း,ဥပမာတို့နှင့်တကွ ရှည်လျား၊ စာတသခုအိုင်၌ ငါးပါးသော အဆင်း ရှိကုန်သော တောပန်းတို့ကို ပွင့်စေသကဲ့သို့ မြင်းမိုရ်တောင်ထိပ်၌ တထောင်သော ဆီမီးတို့ကို ထွန်းဘိသကဲ့သို့ ပိဋကတ်သုံးပုံ ဖြစ်သော ဘုရားသခင်တရားတော်ကို အောက်,အထက်, ပြန်သည်ကို ပြု၍ ဆန်းကြယ်စွာ ဟော၏။ ထိုသို့ ဟောစွမ်းနိုင်သောကြောင့်၊ ဘုရားသခင်သည် အရှင်ကုမာရကဿပမထေရ်ကို၊—

ဧတဒဂ္ဂေ ဠပေသိ။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူ
နံ စိတ္တကထိကာနံ ယဒိဒံ ကုမာရကဿပထေရောတိ။

ဟူ၍ ဟောတော်မူသည်။

ဧ ဘဒဂ္ဂေ၊၌။ ဌပေသိ၊ ဖွဲ့။ဘိက္ခဝေ၊တို့။ မမ၊ ဖွဲ့၊ သာဝကာနံ၊ကုန်သော။စိတ္တကထိကာနံ၊ဆန်းကြယ်သော တရားစကားကို ဟောတတ်ကုန်သော။ ဘိက္ခူနံ၊ရဟန်းတို့တွင်။ ယဒိဒံ,ယံဣဒံသောကုမာရကဿပထေရော၊အကြင် ကုမာရကဿပမထေရ်သည်။ အတ္ထိ၊ရှိ၏။ဧတံ,ဧသော ကုမာရကဿပထေရော၊ဤ ကုမာရကဿပမထေရ်သည်။အဂ္ဂံ,အဂ္ဂေါ၊ မြတ်သည်၊ဟောတိ၊ဖြစ်၏။

ဤသို့လျှင် ကုမာရကဿပမထေရ်ကို စာတသခုအိုင် အဆင်း ငါးပါးနှင့် ပြည့်စုံသော ပန်းတို့ကို ပွင့်စေဘိသကဲ့သို့ရင်း၊ မြင်းမိုရ်တောင်ထိပ်၌ တထောင်မျှလောက်သော ဆီမီးကို ထွန်း၍ အလင်းကို

ရစေသကဲ့သို့ရင်း၊ ပိဋကတ်သုံးပုံကို အထက်,အောက် ချောက်ချား၍ ဆန်းကြယ်စွာသော တရားစကားကို ဟောစွမ်းနိုင်သော အရာ၌ ဧတဒဂ် ထားတော်မူသည်ဟု မှတ်ရမည်။

၆၃။ ။အရှင်အာနန္ဒာမထေရ်သည်ကား အဘယ်အရာ၌ အထူး အားဖြင့် သာ၍ ရလေသနည်း။

တထာ ယာယဝါ တာယဝါ အပ္ပမတ္တိကာယ ပညာယ သမန္နာဂတော ဘိက္ခု စတုပတိ မာသေယတိ စတုပ္ပဒိကမ္ပိ ဂါထံ ဂဟေတုံ န သက္ကောတိ။ မဟာပညော ပန ဧကပဒေ ဌတွာ ပဒသတမ္ပိ ပဒသဟဿံ ပိ ဂဏှာတိ။ အာနန္ဒထေရော ပန မဟာပညာတာယ ဧကပဒုဒ္ဓါရေ ဌတွာ သကိံ ယေဝ သုတွာ ပန အပုစ္ဆိတွာ သဋ္ဌိပဒသဟဿာနိ ပန္နရသဂါထာ သဟဿာနိ ဝလ္လိယာ သုပုပ္ဖါနိ အာကဍ္ဎိတွာ ဂဏှန္တော ဝိယ ဧကပဟာရေနေဝ ဂဏှာတိ။ ဂဟိတ ဂဟိတဉ္စ ပါသာဏလေ ခါဝိယ သုဝဏ္ဏဃဋေ ပက္ခိတ္တ သီဟဝသာဝိယစ ဂဟိတကာလေ နေဝ တိဋ္ဌတိ။

ဤသို့ ဘုရားသခင် ဟောတော်မူသော ပါဠိတော် လာသော့ငြော်၊ ထို မှတပါး ဟုတ်ဟုတ်ငြားငြား မဟုတ်သော အနည်းငယ်မျှသော ပညာ နှင့် ပြည့်စုံသော ရဟန်းတို့သည် လေးလုံးဖြင့် လေးပုဒ်ရှိသော တဂါ ထာကိုသည်း သင်ကြားခြင်းငှာ မတတ်နိုင်။ ကြီးမြတ်သော ပညာရှိ သော သူသည်ကား တပုဒ်၌ တည်၍ ပုဒ်အရာကိုရင်း၊ပုဒ်အထောင်ကိုရင်း၊ ယူခြင်း,ရွတ်ခြင်းငှာ တတ်နိုင်၏။ အရှင်အာနန္ဒာ မထေရ်သည်ကား၊ ကြီးမြတ်သော ပညာရှိသည့်၏ အဖြစ်ကြောင့်၊တဖဝါးသမ်းချင်း၌ ရပ်လျက် တကြိမ်သာလျှင် နာသဖြင့်၊ဘဖန် မမေးမြန်းပဲ ခြောက်ထောင်သော ပုဒ် တို့ကိုရင်း၊ တသောင်းငါးထောင်သော ဂါထာတို့ကိုရင်း၊ကောင်းစွာ ပွင့်သော နွယ်ပန်းကဲ့သို့ရင်း၊အညီ အညွတ် ကုံးဘိသကဲ့သို့ တပြိုင်နက် တချက်တည်း ယူခြင်း,ရွတ်ခြင်းငှာ တတ်နိုင်သည်သာ ဖြစ်၏၊ ယူဘိုင်း, ယူဘိုင်းလည်း ကျောက်၌ ရေးသော အက္ခရာကဲ့သို့ရင်း၊ ရွှေအိုး၌ ထည့်သော ခြင်္သေ့ဆီကဲ့သို့ရင်း၊ယူသော ကာလ၌ တည်သည်သာ ဖြစ်၏။ ထိုသို့ တည်သော့ငြော်၊ဘုရားသခင်သည် အရှင်အာနန္ဒာ မထေရ်ကို—

ဧတဒဂ္ဂေ ဌပေသိ။ ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ
ဂတိမန္တာနံ။ ယဒိဒံ အာနန္ဒထေရော သတိမန္တာနံ ဓိတိမန္တာနံ
ဗဟုဿုတာနံ ဥပဋ္ဌာကာနံ၊ ယဒိဒံ အာနန္ဒထေရောတိ။

ဟူ၍ ဟောတော်မူသည်။

ဧတဒဂ္ဂေ၊ ၌။ ဌပေသိ၊ ထားပြီ။ ဘိက္ခဝေ၊ တို့။ ဂတိမန္တာနံ၊ အရွတ် လျင်ခြင်း အစ ရှိကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့တွင်။ ယဒိဒံ,ယံဧသော အာနန္ဒ ထေရော၊ အကြင် အရှင်အာနန္ဒာ မထေရ်သည်၊ အတ္ထိ၊ ရှိ၏။ တောံ,ဧသော အာနန္ဒ ထေရော၊ ဤအာနန္ဒာ မထေရ်သည်၊ အဂ္ဂံ,အဂ္ဂေါ၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏၊ သတိမန္တာနံ၊ သတိ ရှိကုန်သော။ ဓိတိမန္တာနံ၊ အမှတ် ရှိကုန်သော။ ဗဟုဿုတာနံ၊ အကြား အမြင် များကုန်သော။ ဥပဋ္ဌာကာနံ၊ အလုပ်အကျွေး ဖြစ်ကုန်သော။ မမ၊ ငါဘုရား၏။ သာဝကာနံ၊ တပည့်ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့ တွင်။ ယဒိဒံ,ယံဧသော အာနန္ဒ ထေရော၊ အတ္ထိ၊ ရှိ၏၊ တောံ,ဧသော အာနန္ဒထေရော၊ အဂ္ဂံ,အဂ္ဂေါ၊ မြတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့လျှင် ဘုရားသခင်သည် အရှင်အာနန္ဒာမထေရ်ကို အရွတ် လျင်သည်။ အမှတ် လျင်သည်။ အမှတ် မြဲသည်။ အကြားအမြင် များသည်။ အလုပ် အကျွေး သိမ်မွေ့သည်။ ဤ ငါးပါးသော အရာတို့၌ ဧတဒဂ် ထားတော်မူ သည်ဟု မှတ်ရမည်။ ဤမထေရ်ငါးပါး၏ အခြင်းအရာကို မဇ္ဈိမနိကာယ် မဟာဂေါသိင်္ဂသုတ် အဖွင့်၌ လာသည်ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့် အညီ ပါဠိမိခန်း၌၊—

နှုတ်မူကျွမ်းငြ်၊ ပိဋကတ်ကို၊ သင်ရွတ်သောခါ၊ ဆန်းလင်္ကာ
ဖြင့်၊ ဂါထာလည်းကောင်း၊ လေးဆယ့်ပေါင်း၍၊ ခြောက်သောင်း
တိုက်တိုက်၊ ခန့်သာပိုဒ်ကို၊ ချပ်ကြိုက် သင်ကူး၊ ပန်းနှယ်ရှူး
လျှက်၊ နွယ်ကြူးရင်းကိုင်၊ စင်လုံးယိုင်သို့၊ ကတ်နှိုင်နှုတ်ဖျား၊
ရွတ်လျင်လျား ဘုရားအရှိသာ၊ မိန့်နှိုင်ချသား၊ အာနန္ဒာဟု၊ ငါး
ခါ ဧတဒဂ်၊ မြှောက်သည် သံတော်၊ ကောင်းချီးခေါ်သည်၊ ရှင်
ကျော် မထေရ်၊ ညီတော်သိသျှင်၊ နေ့ရှည်ရက်များ၊ ဤဘုရား

ကို၊ တည်ကြားကောင်းမွန်၊ လုပ်ကျွေးမှန်အံ့။ ။ဘတ်ပွန် အသိမ်အမွေဘည်း။

ဟူ၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၉၄။ ။ကထာဝတ္ထုအပြားကား အဘယ်မျှ ရှိသနည်း။

ဖြေ ဒသဝတ္ထုကထာနာမ။

ဤသို့ ကျမ်းဂန်လာသောအင်္ဂါ၊ အပ္ပိစ္ဆကထာ၊ သန္တုဋ္ဌိကထာ၊ ပဝိဝေကကထာ၊ အသံသဂ္ဂကထာ၊ ဝီရိယာရမ္ဘကထာ၊ သီလကထာ၊ သမာဓိကထာ၊ ပညာကထာ၊ ဝိမုတ္တိကထာ၊ ဝိမုတ္တိဉာဏဒဿနကထာ ဟူ၍ ဆယ်ပါး အပြား ရှိ၏ဟု မှတ်ရမည်။

ထိုဆယ်ပါးတို့တွင် အလိုနည်းသို့နှင့် စပ်သော စကားကို ပြောဟောခြင်းသို၊ အပ္ပိစ္ဆကထာ မည်၏ဟု မှတ်ရမည်။ ။ရောင့်ရဲးလွယ်သို့နှင့် စပ်သော စကားကို ပြောဟောခြင်းသို၊ သန္တုဋ္ဌိကထာမည်၏ဟု မှတ်ရမည်။ ။ဆိတ်ငြိမ်ခြင်းနှင့် စပ်သော စကားကို ပြောဟောခြင်းသို၊ ပဝိဝေက ကထာ မည်၏ဟု မှတ်ရမည်။ ။ကာယသံသဂ္ဂ အစရှိသို့နှင့် မနှီးမနှော၊ မရောမွှမ်းသော စကားကို ပြောဟောခြင်းသို အသံသဂ္ဂကထာ မည်၏ဟု မှတ်ရမည်။ ။ကောင်းစွာ အားထုတ်ခြင်းနှင့် စပ်သော စကားကို ပြောဟောခြင်းသို၊ ဝီရိယာရမ္ဘကထာ မည်၏ဟု မှတ်ရမည်။ ။ပဉ္စသီလ၊ အဋ္ဌသီလ၊ ဒသသီလနှင့် စပ်သော စကားကို ပြောဟောခြင်းသို၊ သီလကထာ မည်၏ဟု မှတ်ရမည်။ ။ဥပစာရသမာဓိ၊ အပ္ပနာသမာဓိ အစရှိသို့နှင့် စပ်သော စကားကို ပြောဟောခြင်းသို၊ သမာဓိကထာ မည်၏ဟု မှတ်ရမည်။ ။လောကီပညာ၊ လောကုတ္တရာပညာနှင့် စပ်သော စကားကို ပြောဟောခြင်းသို၊ ပညာကထာ မည်၏ဟု မှတ်ရမည်။ ။ဖိုလ်လေးပါးနှင့် စပ်သော စကားကို ပြောဟောခြင်းသို ဝိမုတ္တိကထာ မည်၏ဟု မှတ်ရမည်။ ။ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်သော စကားကို ပြောဟောခြင်းသို၊ ဝိမုတ္တိဉာဏဒဿနကထာ မည်၏ဟု မှတ်ရမည်။ ။ဤသည်ကား ကထာဝတ္ထုဆယ်ပါး၏ သရုပ်အဓိပ္ပါယ်တည်း။ ။ဤစကားကို ရင်းမဇ္ဈိမနိကာယ် ဝေဒလ္လသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့် အညီ ပါရမီခန်း၌၊—

အပိဿတာ၊ ရောင့်ရဲရာသား၊ ကလျာဝတ္တ၊ ကျင့်ဆယ်ချဖြင့်၊ ဆိုမှတ်ပွန်၊ အရိုးမှန်လျက်၊ ဆယ်တန်ပရိယတ်၊ စည်းခတ်ပိုင်းခြား၊ ငါ့တရားကို၊ နှုတ်နားထောင်ထောင်၊ သက်စွန့်ဆောင်သို့၊ ဉာ*ခေါင် ပညာ၊ သာရိပုတ္တရာ။

ဟူ၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၉၅။ ။ပဋိသမ္ဘိဒါ အပြားကား အဘယ်မျှ ရှိသနည်း။
စတသော ပဋိသမ္ဘိဒါ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အတ္ထပဋိသမ္ဘိဒါ, ဓမ္မပဋိသမ္ဘိဒါ, နိရုတ္တိပဋိသမ္ဘိဒါ, ပဋိဘာဏပဋိသမ္ဘိဒါ ဟူ၍ လေးပါး အပြား ရှိ၏ဟု မှတ်ရမည်။

၉၆။ ။ထိုလေးပါးသော ပဋိသမ္ဘိဒါတို့၏ သရုပ်, အဓိပ္ပါယ်ကား အဘယ်နည်း။

ဟေတုဖလေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ၊ ဟေတုမှိ ဉာဏံ ဓမ္မပဋိသမ္ဘိဒါ၊ ဟေတုဖလာနံ ဝေါဟာရေသု ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါ၊ ဉာဏေ ဉာဏံ ဉာဏမတ္တံ ဇောတေတိဘိ ဉာဏိနာ အာကာရေန ဟောန္တာ ဝုတ္တေသု၊ တီသု ဉာဏေသု ပဝတ္တံ ဉာဏံ ပဋိဘာဏပဋိသမ္ဘိဒါနာမာတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြောင်း၏ အကျိုး၌ သိသော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ မည်၏။ အကြောင်း၌ သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ မည်၏။ အကြောင်း, အကျိုးအားလျော်သော ပညတ်ဘာသာ၌ သိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါ မည်၏။ အနက်သဒ္ဒါ, ဘာသာကို သိသောဉာဏ်သည် ပဋိဘာဏပဋိသမ္ဘိဒါ မည်၏ဟု မှတ်ရမည်။

၉၇။ ။ပုထုဇ္ဇန် ဖြစ်ကုန်သော ရဟန်းတို့အား ပဋိသမ္ဘိဒါသို့ ရောက်အံ့သော အကြောင်း ရှိအံ့လော။

* စာအုပ်မူ၌၊— ''ကျော်ခေါင်ပညာ''ဟု ရှိ၏။ ပေမူ— ''ဉာခေါင်''၌ လကျာရံ ပညာထိပ်ခေါင်တင်, သာရိပုတ္တရာ-ဟု ဆိုလိုဟန် ရှိ၏။ ''ကျော်ခေါင်''၌ ထင်ရှားကျော်စောသော ထိပ်ခေါင်တင်, သာရိပုတ္တရာ-ဟု ဆိုလိုဟန် ရှိ၏။ ကြိုက်နှစ်သက်ရာ ယူပါကုန်။

ဗဟုမ္ပိ ဥဂ္ဂဟေတွာ ပုထုဇ္ဇနဿ ပဋိသမ္ဘိဒါ ပတ္တိနာမ နတ္ထိ။ အရိယသာဝကော နောပဋိသမ္ဘိဒါနာမ နတ္ထိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပုထုဇ္ဇန် ဖြစ်ကုန်သော တပည့်သားတော်တို့အား များစွာသော ပရိယတ္တိကို ဆောင်ကုန်သော်လည်း၊ ပဋိသမ္ဘိဒါသို့ ရောက်သော သူမည်သည် မရှိ၊ အရိယာ ဖြစ်ကုန်သော တပည့်သားတော်တို့အား ပဋိသမ္ဘိဒါသို့ မရောက်သော သူမည်သည် မရှိ၊ ရောက်ကုန်သည်သာ ဖြစ်ကုန်၏ဟု မှတ်ရမည်။ ။ပဋိသမ္ဘိဒါ လေးပါးတို့၏ အခြင်းအရာကို ဝိဘင်းအဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာတို့၌ လာသည်ဟု မှတ်ရမည်။

၆၈။ ။တရားဥစ္စာဖြင့် ဘုရားအား ပူဇော်ခြင်းကိုရင်း၊ ဘုရားဥစ္စာဖြင့် တရားအား ပူဇော်ခြင်းကိုရင်း ပြုအံ့သောငှာ အပ်မည်လော၊ မအပ်မည်လောဟု သူ မေးဖွယ် ရှိ၏။ ထိုအမေးကို အဘယ်သို့ ဖြေအံ့နည်း။

တထာဂတဿဝါခေါ ဇေတံဝါသေဋ္ဌ အဓိဝစနံ၊ ဓမ္မကာယော ဣတိပိစ ယောကာလိဓမ္မံ ပဿတိ၊ သောမံ ပဿတီတိ ဝစနတော ဝေတီတိ ဝဒန္တိ။

ဤသို့ ဟောတော်မူသော ပါဠိတော် လာသောကြောင့်၊ လာခြင်းကောင်းသော ဘုရားသခင်အား တရားသာ ကိုယ်တော်တည်း။ ဤဓမ္မကာယတည်း ဟူသော အမည်သည် အလွန် မြတ်သော အမည် ဖြစ်၏။ စင်စစ်သဖြင့် အကြင်သူသည် ငါ ဟောတော်မူသော တရားတော်ကို မြင်၏။ ထိုသူသည် ငါဘုရားကို မြင်သည် မည်၏။ ဤသို့ ဟောတော်မူသောကြောင့်၊ တရားဥစ္စာဖြင့် ဘုရားအား ပူဇော်ခြင်း၊ ဘုရားဥစ္စာဖြင့် တရားအား ပူဇော်ခြင်းသည် အပ်သည်သာ ဖြစ်သည်ဟု မှတ်ရမည်။ ဤစကားကို ဝိနယအဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်။

စေတိယဿဝါ သံဃဿဝါ သန္တကေန စေတိယဿ သန္တကံ ရက္ခာပေတုံ ဝဋ္ဋတိ။ စေတိယဿ သန္တကေန သံဃသန္တကံ ရက္ခာပေတုံ နဝဋ္ဋတိ။ ယံပန စေတိယဿ သန္တကေန သဒ္ဓိံ သံဃသန္တကံ ဌပိတံ ဟောတိ။ စေတိယဿ သန္တကေ ရက္ခိတေ ရက္ခာပိတမေဝ ဟောတိ။

စေတိယသသဝါ၊စေတိ၌ဝင်း။ ဘာဿသပါ၊ဘာသာ၌ဝင်း။ သန္တကေန၊ဥဏ္ဍာဖြင့်။ စေတိယသသ၊စေတီ၏။ သန္တကံ၊ဥဏ္ဍာကို။ ရက္ခာပေတုံ၊စောင့်စိမ့်သောငှာ။ ဝဋ္ဋတိ၊အင်၏။ စေတိယသသ၊စေတီ၏။ သန္တကေန၊ဥဏ္ဍာဖြင့်၊ သင်္ဃသန္တကံ၊သံဃဥဏ္ဍာကို။ ရက္ခာပေတုံ၊စောင့်စိမ့်သောငှာ။ နဝဋ္ဋတိ၊မအင်။ ယံပန သန္တကံ၊ အကြင် သံဃဥဏ္ဍာကို၊ စေတိယသသ၊စေတီ၏။ သန္တကေန၊ဥဏ္ဍာနှင့်။ သဒ္ဓိံ၊တကွ။ ဌပိတံ၊ထားအပ်သည်။ဟောတိ၊ဖြစ်၏။တံသန္တကံ၊ထိုဥဏ္ဍာကို။ စေတိယသသ၊စေတီ၏။ သန္တကေ၊ဥဏ္ဍာ၌။ ရက္ခိတေ၊စောင့်သည် ရှိသော်။ ရက္ခာပိတမေဝ၊စောင့် အပ်သည်သာလျှင်။ဟောတိ၊ဖြစ်၏။ ။ဤသို့လည်း ဝိဝရဓန္တကအဋ္ဌ ကထာ၌ လာသည်ဟု မှတ်ရမည်။

၉၉။ ။သရဏဂုံအပြားကား အဘယ်မျှ ရှိသနည်း။

ဒုဝိဓံဟိ သရဏဂမနံ၊ လောကုတ္တရံ လောကိယဉ္စ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လောကုတ္တရာသရဏဂုံ,လောကီ သရဏဂုံ ဟူ၍ နှစ်ပါး အပြား ရှိ၏ဟု မှတ်ရမည်။

၁၁၀။ ။ထို နှစ်ပါးတို့တွင် လောကုတ္တရာသရဏဂုံ၏ သရုပ်,အဓိပ္ပါယ်ကား အဘယ်နည်း။

တတ္ထ လောကုတ္တရံ ဒိဋ္ဌသစ္စာနံ မဂ္ဂက္ခဏေ သရဏဂမနုပက္ကိလေသ သမုစ္ဆေဒေန အာရမ္မဏတော နိဗ္ဗာနာရမ္မဏံ ဟုတွာ ကိစ္စတော သကလေပိ ရတနတ္တယေ ဣဇ္ဈတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လောကုတ္တရာသရဏဂုံသည်ကား မြင်အပ်ပြီးသော သစ္စာ ရှိကုန်သော အရိယာတို့အား မဂ်၌ ခဏ၌ သရဏဂုံသို့ ချောက်၍ ကိလေသာကို ဖြတ်ပြီးလျှင်၊ အာရုံပြုသောအား ဖြင့် နိဗ္ဗာန် ဟူသော အာရုံသည် ဖြစ်၏။ကိစ္စအားဖြင့် အလုံးစုံသော ရတနာသုံးပါး၌သာ အသိရှိ၏ဟု မှတ်ရမည်။

၁၀၁။ ။လောကီသရဏဂုံ၏ အဓိပ္ပါယ်ကား အဘယ်နည်း။

လောကိယံ သရဏဂမနံ ပုထုဇ္ဇနာနံ သရဏဂမနုပက္ကိလေသ ဝိက္ခမ္ဘနေန အာရမ္မဏတော ဗုဒ္ဓါဒိဂုဏာရမ္မဏံ ဟုတွာ ဣဇ္ဈတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊လောကီသရဏဂုံသည်ကား ပုထုဇ္ဇန်

တို့အား သရဏဂုံသို့ ရောက်၍ ကိလေသာကိုခွါသောအားဖြင့် အာရုံပြုလတ်သော်၊ ဘုရား အစရှိသော ရတနာသုံးပါးဂုဏ် ဟူသော အာရုံသည် ဖြစ်၍၊ အလိုရှိအပ်၏ဟု မှတ်ရမည်။

၁၀၂။ ။ထိုသရဏဂုံကို အနက်အားဖြင့် အဘယ်သို့ ဆိုအပ်သနည်း။

တံအတ္တတော ဗုဒ္ဓါဒိသု ဝတ္ထုသု သဒ္ဓါပဋိလာဘော သဒ္ဓါမူလိကာ စ သမ္မာဒိဋ္ဌိ ဒသပုညကြိယဝတ္ထုသု ဒိဋ္ဌိဇုကမ္မန္တိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောငှာ၊ ထိုလောကီသရဏဂုံကိုကား အနက်အားဖြင့် ဘုရား အစရှိသော ဂုဏ်တော် ဟူသော ရတနာသုံးပါးတို့၌ သဒ္ဓါကို ရခြင်းသဘောလည်း၊ သဒ္ဓါခြင်းလျှင် အရင်းရှိသည် ဖြစ်၍ ကောင်းသော အမြင် ရှိခြင်းသဘောလည်း၊ ဆယ်ပါး အပြား ရှိကုန်သော ပုညကြိယဝတ္ထုတို့၌လည်း၊ အယူ၏ ဖြောင့်စွာ ပြုသော အမှု၌လည်း ဤသို့ ဆိုအပ်၏ဟု မှတ်ရမည်။

၁၀၃။ ။ထိုသရဏဂုံသည်ကား အဘယ်မျှ အပြား ရှိသနည်း။

တဒိဒံ စတုဗ္ဗိဓံ ဝတ္တတိ။ အတ္တသန္နိယျာတနေန၊ တပ္ပရာယဏတာယ သိဿဘာဝူပဂမနေန၊ ပဏိပါတေနာတိ။

ဤသို့ ကျမ်းဂန် လာသောငှာ၊ အတ္တသန္နိယျာတနသရဏဂုံ၊ တပ္ပရာယဏတာ သရဏဂုံ၊ သိဿဘာဝူပဂမန သရဏဂုံ၊ ပဏိပါတနသရဏဂုံ ဟူ၍ လေးပါး အပြား ရှိ၏ဟု မှတ်ရမည်။

၁၀၄။ ။ထို လေးပါးတို့တွင် အတ္တသန္နိယျာတန သရဏဂုံ ဆိုသည်ကား အဘယ်နည်း။

တတ္ထ အတ္တသန္နိယျာတနံ နာမ။ အဇ္ဇအာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ သံဃဿာတိ၊ ဧဝံ ဗုဒ္ဓါဒီနံ အတ္တပရိစ္စဇနံ။

ဤသို့ ကျမ်းဂန် လာသောငှာ၊ အတ္တသန္နိယျာတနသရဏဂုံ မည်သည်ကား၊ ယနေ့ကို အစပြု၍ အကျွန်ုပ်သည် ကိုယ်ကို ဘုရားသခင်အား ဆောင်(ဆောက်)နှင်း၏။ တရားတော်အား ဆောင်(ဆောက်)နှင်း၏။ သံဃာတော်အား ဆောင်(ဆောက်)နှင်း၏။ ဤသို့ ဘုရား အစရှိသော ရတနာသုံးပါးတို့အား ကိုယ်ကို စွန့်ခြင်းသည် အတ္တသန္နိယျာတန သရဏဂုံ မည်၏ဟု မှတ်ရမည်။

၁၀၅။ ။တပ္ပရာယတာ သရဏာဂုံ ဆိုသည်ကား အဘယ်နည်း။

တပ္ပရာယတာနာမ။ အဇ္ဇအာဒိံ ကတွာ အဟံ ဗုဒ္ဓပရာယနော၊ ဓမ္မပရာယနော၊ သံဃပရာယနော၊ ဣတိ မံ ဓာရေထာတိ၊ ဧဝံ တပ္ပရာယတာ ဘာဝေါ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊တပ္ပရာယဘာ သရဏာဂုံမည်သည်ကား၊ ယနေ့ကို အစပြု၍ အကျွန်ုပ်သည် ဘုရားသခင်အားသာ လည်းလျောင်းရာ ဖြစ်သည်၊တရားတော်အားသာ လည်းလျောင်းရာ ဖြစ်သည်၊ သံဃာတော်အားသာ လည်းလျောင်းရာ ဖြစ်သည်။ဤသို့ အကျွန်ုပ်ကို မှတ်တော်မူကုန်လော့ဟု၊လည်းလျောင်းရာ အဖြစ်သည်သျှင် တပ္ပရာယတာသရဏာဂုံမည်၏ဟု မှတ်ရမည်။

၁၀၆။ ။သိဿဘာဝဂမန သရဏာဂုံ ဆိုသည်ကား အဘယ်နည်း။

သိဿဘာဝဂမနံနာမ အဇ္ဇအာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ ဓမ္မဿ သံဃဿာတိ မံ ဓာရေထာတိ၊ ဧဝံ သိဿဘာဝဂမနံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊သိဿဘာဝဂမနသရဏာဂုံ မည်သည်ကား၊ ယနေ့ကို အစပြု၍ အကျွန်ုပ်သည် ဘုရားသခင်၏ တပည့်တည်း၊ တရားတော်၏ တပည့်တည်း။ သံဃာတော်၏ တပည့်တည်း၊ ဤသို့ အကျွန်ုပ်ကို မှတ်ကုန်လော့ဟု၊ တပည့်၏ အဖြစ်ဖြင့် ဆည်းကပ်ခြင်း သည်သာလျှင် သိဿဘာဝဂမနသရဏာဂုံမည်၏ဟု မှတ်ရမည်။

၁၀၇။ ။ပဏိပါတ သရဏာဂုံ ဆိုသည်ကား အဘယ်နည်း။

ပဏိပါတောနာမ။ အဇ္ဇအာဒိံ ကတွာ အဟံ အဘိဝါဒန ပစ္စုပဋ္ဌာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ ဗုဒ္ဓါဒိနံယေဝ တိဏ္ဏံ ဝတ္ထူနံ ကရောတိ။ ဣတိ မံ ဓာရေထာတိ၊ ဧဝံ ဗုဒ္ဓါဒိသု ပရမနိပစ္စကာရော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ပဏိပါတန သရဏာဂုံ မည်သည်ကား၊ ယနေ့ကို အစပြု၍ အကျွန်ုပ်သည် အရိုအသေပြုခြင်း၊ခရီးဦးကြိုဆိုခြင်း ၎င်း၊ လက်အုပ်ချီသော အမှု၎င်း၊ အရိုအသေပြုသော အမှု၎င်း၊ ဘုရား အစရှိသော ရတနာသုံးပါးတို့အားသာလျှင် အလျောက်အပတ် ပြု၏။ ဤသို့ အကျွန်ုပ်ကို အမှတ်ပြုကုန်လော့ဟု၊ဘုရားအစ ရှိကုန်သော ရတနာသုံးပါးတို့၌ အလွန် ရိုသေစွာ ပြုခြင်းသည်သျှင် ပဏိပါတန သရဏာဂုံ

မည်ဖို့ဟု မှတ်ရမည်။ ။ဤလေးပါးကုန်သော အခြင်းအရာတို့တွင် တပါးပါးသော အခြင်းအရာအားဖြင့် သရဏဂုံကို ယူအပ်သည်သာ ဖြစ်ဖို့။ထိုသို့ ယူခြင်းသည်သာလျှင် မြတ်သော ယူခြင်းဟု မှတ်ရမည်။

၁၀၇။ ။ထိုမှ တပါး၊အဘယ်သို့ ယူအပ်သနည်း။

ဘဂဝတော အဇ္ဇာနံ့ ပရိစဇ္ဇာမိ၊ ဓိဝိတံ ပရိစဇ္ဇာမိ၊ ပရိစတ္တော ယေဝ မေ အတ္တာနံ ပရိစတ္တာမေဝ ဓိဝိတပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ဗုဒ္ဓေါ မေသရဏံ တာနံ လေနံ ပရာယန္တိ။ဇေပိ အတ္တသန္နိယျာ တန့် ဝေဒိတဗ္ဗံ။

ဤသို့ ကျမ်းဂန် လာသော့ငှာ့၊ ဘုရားသခင်အား ကိုယ်ကို စွန့်ဖို့။ အသက်ကို စွန့်ဖို့။ အကျွန်ုပ်ဖို့ ကိုယ်ကို စွန့်သည်သာလျှင်တည်း။ အကျွန်ုပ်ဖို့ အသက်ကို စွန့်သည်သာလျှင်တည်း။ အသက်သည်လျှင် အဆုံးရှိသည်သာ ဖြစ်၍၊ဘုရားသခင်ကို ကိုးကွယ်ရခြင်းသို့ ရောက်ပါဖို့။ဘုရားသခင်သည် သာလျှင် အကျွန်ုပ်ဖို့ ကိုးကွယ်ရာ ဖြစ်သည်။ စောင့်ရှောက်ရာ ဖြစ်သည်။ ပုန်းအောင်းရာ ဖြစ်သည်။သွားရာ ဖြစ်သည်။ လည်းလျှောင်းရာ ဖြစ်သည်။ ဤသို့လည်း ကိုကို ဆောင်(ဆောက်)နှင်းရမည်ဟု မှတ်အပ်သည်။

၁၀၈။ ။ထိုမှ တပါးလည်း၊အဘယ်သို့ ယူအပ်သနည်း။

သတ္တာရံ ဝတာ ပဿာမိ၊ ဘဂဝန္တမေဝ ပဿာမိ၊သုဂတဉ္စ ဝတာ ပဿာမိ၊ သမ္မာသမ္ဗုဒ္ဓဉ္စ ဝတာ ပဿာမိတိ၊ ဧဝမ္ပိ မဟာကဿပထေရဿ သရဏာဂမနေ ဝိယ သိဿဘာဝုဂမနံ ဒဋ္ဌဗ္ဗံ။

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ စင်စစ်ကား ဘုရားသခင်ကို အကျွန်ုပ်သည် ရှုပါဖို့။ စင်စစ်ကား ဘုရားသခင်ကိုသာလျှင် ရှုပါဖို့။ စင်စစ်ကား လာခြင်းကောင်းသော ဘုရားသခင်ကိုသာလျှင် အကျွန်ုပ်သည် ရှုပါဖို့။ စင်စစ်ကား အကျွန်ုပ်သည် သစ္စာလေးပါးတရားတို့ကို အကြွင်းမဲ့ သိးတော်မူပြီးသော ဘုရားသခင်ကိုသာလျှင် ရှုပါဖို့။ ဤသို့လည်း မဟာကဿပမထေရ်ဖို့ သရဏဂုံ၌ တည်သကဲ့သို့ တပည့်ဖို့ အဖြစ်ဖြင့် ဆောက်တည်ခြင်းကို သိအပ်,မှတ်အပ်သည်။

၁၁၀။ ။ထိုမှ တပါးလည်း။ အဘယ်သို့ ယူအပ်,ဆောက်တည်အပ်သနည်း။

သောအဟံ ပိဝါရိသ္မာသမိ ဂါမာ ဂါမံ ပူရာ ပူရံ နမဿမာနော သမ္ဗုဒ္ဓဉ္စ သုမ္မေဓတံ။ ဝေဝ္တိ အာဠ္ဝကောဒိနံ သရဏာဂမနံ ဒိယ တဗ္ဗုဒ္ဓါယတာ ဝေဒိတဗ္ဗာ။

ဤသို့ ကျမ်းဂန် လာသော့ငြောင့်၊ ထို့ငါသည် ရွာတရွာမှ တရွာသို့၊ ပြည်တပြည်မှ တပြည်သို့ သွားသော်လည်း၊ သဗ္ဗညုရှင်တော်ဘုရားကို ရှိခိုးသည် ဖြစ်၍၊ တရားတော်အားလည်း မြတ်သော တရား၏ အဖြစ်ကို ရှိသေစွာ ရှိခိုးလျက် ကျင့်ပါအံ့။ ဤသို့လည်း အာဠ္ဝက အစရှိကုန်သော သူတို့၏ သရဏဂုံကဲ့သို့ ရတနာသုံးပါးအား လည်းလျောင်းရာ အဖြစ်ကို သိအပ်,မှတ်အပ်သည်။

၁၁၁။ ။ထိုမှ တပါးလည်း၊ အဘယ်သို့ ယူအပ်,ဆောက်တည်အပ်သနည်း။

အထခေါ ပန ဗြဟ္မာယုဗြဟ္မဏော ဥတ္တရာယ ဘာသနာ ဝုဋ္ဌာယ ဧကံသံ ဥတ္တရာသင်္ဂ ကရိတ္တာ ဘဂဝတော ပါဒေသု သိရသာ နိပတိတွာ ဘဂဝတော ပါဒါနိ မုခေန စ ပရိစုမ္ဗတိ၊ ပါဏိဟိ စ ပရိသမ္ဗာဟတိ၊ နာမဉ္စ သာဝေတိ ဗြဟ္မာယု အဟံ ဘော ဂေါတမ ဗြဟ္မဏော၊ ဗြဟ္မာယု အဟံ ဘော ဂေါတမ ဗြဟ္မဏောတိ။ ဧဝံ ပဏိပါတော ဒဋ္ဌဗ္ဗော။

ဤသို့ ကျမ်းဂန် လာသော့ငြောင့်၊ တရံရောအခါ ဗြဟ္မာယု အမည် ရှိသော ပုဏ္ဏားသည် နေရာမှ ထပြီးသော်၊ ပခုန်းတဖက်၌ ရုလျားတင်သည်ကို ပြု၍၊ ဘုရားသခင် ခြေတော်ရင်း၌ ဦးဖြင့် ဝပ်၍၊ ခြေတော်တို့ကို မျက်နှာဖြင့် အပ်ပြီးလျှင် နမ်းသည်ကို ပြုလျက်၊ လက်တို့ဖြင့် ဆုပ်နယ်၏။ "အရှင်ဂေါတမ၊ အကျွန်ုပ်သည်ကား ဗြဟ္မာယုအမည် ရှိသော ပုဏ္ဏားတည်း"ဟု တကြိမ်,နှစ်ကြိမ် အမည်ကိုလည်း ကြားပေ၏။ ဤသို့ ထုပ်ဝပ်၍ ယူခြင်း,ဆောက်တည် ခြင်းကိုလည်း သိအပ်,မှတ်အပ်၏။

၁၁၂။ ။သရဏဂုံ ယူခြင်း, ဆောက်တည်ခြင်း အကြောင်းကား အဘယ်မျှ အပြား ရှိသနည်း။

ယောပနေသော ဉာတိ, ဘယာ, စရိယာ, ဒက္ခိဏေယျ ဝသေန စတုဗ္ဗိဓော ဟောတိ။

ဤသို့ ကျမ်းဂန် လာသော့ငြောင့်၊ အမျိုးအမှတ်ဖြင့် ရှိခိုးကိုးကွယ်ခြင်း၊

ဘေးကို ကြောက်သော အားဖြင့် ရှိခိုးကိုးကွယ်ခြင်း၊ ကျေးဇူး တင်ပေသော ဆရာအမှတ်ဖြင့် ရှိခိုးကိုးကွယ်ခြင်း၊ မြတ်သော အလှူကို ခံထိုက်သောအားဖြင့် ရှိခိုးကိုးကွယ်ခြင်း၊ ဤသို့အားဖြင့် လေးပါး အပြား ရှိ၏ဟု မှတ်ရမည်၊

၁၁၃၊ ။ထိုလေးပါးတို့တွင် အဆွေအမျိုး အမှတ်ဖြင့် ရှိခိုး,ကိုးကွယ်ခြင်း၏ သရုပ်,အဓိပ္ပါယ်ကား အဘယ်နည်း။

သေဋ္ဌဝသေနေဝဟိ သရဏဂမနံ ဂယှတိ၊ သေဋ္ဌဝသေန ဘိဇ္ဇတိ၊ တသ္မာ သော သာကိယောဝါ ကောဠိယောဝါ ဇုဒ္ဓေါ အမှာကံ ဉာတကောတိ ဝန္ဒတိ၊ အဂဟိတမေဝ သရဏံယေဝ။

ဤသို့ ကျမ်းဂန် လာသော့ငြော်၊—ထိုစကားသည် မှန်၏။ အမျိုးမြတ်သော အားဖြင့်သာလျှင် သရဏဂုံကို ယူ၏၊ အဘယ်သို့ ယူလေသနည်း။ အမျိုးမြတ်သောအားဖြင့်သာလျှင် ပြား၏၊ ထိုသို့ ပြားသော့ငြော်၊ အကြင် သာကီဝင်မင်းမျိုးသည်ရင်း၊ အကြင် ကောဠိယမင်းမျိုးသည်ရင်း၊ ဘုရားသခင်သည် ငါတို့၏ အဆွေအမျိုး ဖြစ်သည်ဟု ရှိခိုးကိုးကွယ်ကုန်၏၊ ထိုသို့ ရှိခိုး,ကိုးကွယ်ခြင်းသည် သရဏဂုံ မမြောက်၊ သရဏဂုံကို မယူသည်သာ ဖြစ်သည်ဟု မှတ်ရမည်။

၁၁၄။ ။ဘေးကို ကြောက်သောအားဖြင့် ရှိခိုး,ကိုးကွယ်ခြင်း၏ သရုပ်,အဓိပ္ပါယ်ကား အဘယ်နည်း။

သမဏော ဂေါတမော ရာဇပူဇိတော မဟာနုဘာဝေါ၊ အဝန္ဒိယမာနော အနတ္ထမ္ပိ ကရေယျာတိ၊ ဝန္ဒတိ အဂဟိတမေဝ သရဏံပိ ဟောတိ။

ဤသို့ ကျမ်းဂန် လာသော့ငြော်၊ အကြင်သူသည်သည်း အရှင်ဂေါတမသည် မင်းတို့သည် ပူဇော် ။ကြီးသော အာနုဘော် ရှိ၏၊ ရှိမခိုးသည် ရှိသော် အကျိုးမရှိသည် ပြုရာ၏။ ဤသို့ နှလုံးသွင်း၍ ဘေးကို ကြောက်သဖြင့် ရှိခိုး,ကိုးကွယ်ခြင်းကို ပြု၏၊ ထိုသို့ ပြုခြင်းသည် သရဏဂုံ မမြော်။ သရဏဂုံကို မယူသည်သာ မှတ်ရမည်၊

၁၁၅၊ ။ကျေးဇူးတင်ပေသော ဆရာအမှတ်ဖြင့် ရှိခိုး,ကိုးကွယ်ခြင်း၏ သရုပ်,အဓိပ္ပါယ်ကား အဘယ်နည်း။

သရဏံယောပိဒါ ဗောဓိသတ္တကာလေ ဘဂဝတော သန္တိကေ ကိဉ္စိဥဂ္ဂဟိတံ၊ သရဏမာနေ ဗုဒ္ဓကာလေဝါ၊ ဧကေန ဘောဂေန ဒွိပတိ ကဉ္စ ပယောဇယျ။ စတုတ္ထဉ္စ နိဓာပေယျ။ အာပဒါသု ဘဝိဿတိ၊ ဧဝ ရူပံ အနုသာသနံ ဥဂ္ဂဟေတွာ အာစရိယေ တိဝတ္ထာ မေ ဒေတိ ဝန္ဒတိ။ အဂဟိတာနမ ဝ ဟောတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင် သူသည် စင်စစ်အားဖြင့် ဘုရား သခင်သည် ဘုရားအလောင်း ဖြစ်သော ကာလ၊ အထံ၌ သင်အပ်သော, တစုံ တခုသော အတတ်ကို အောက်မေ့သည် ဖြစ်၍ငင်း၊ဘုရား အဖြစ်သို့ ရောက်တော်မူပြီးသောကာလ၊ အထံ၌ သင့်အပ်သော,တစုံတခုသော အတတ်ကို အောက်မေ့သည် ဖြစ်၍ငင်း၊တဖို့သော ဥစ္စာကို သုံးစွဲးစေရာ ၏၊ နှစ်ဖို့သော ဥစ္စာတို့ဖြင့် လယ်လုပ်ခြင်း,ကုန်သွယ်ခြင်း အမှုတို့၌ ရှည်းစေရာ၏။ လေးဖို့မြောက်သော ဥစ္စာတို့ကိုကား တစုံတခုသော ဘေးရန် ရောက်လတ့်သော်ကို အကြောင်း ပြု၍ သိုမှီး,မြှုပ်ထားရာ၏ ဟူ၊ ဤသို့ သဘောရှိသော အခြင်းအရာဖြင့် အဆုံးအမကို ခံယူသ ဖြင့် ငါ၏ ဆရာတည်းဟု ဆရာကို ပေး၍ ရှိခိုး,ကိုးကွယ်၏။ ထိုသို့ ရှိခိုး,ကိုးကွယ်ခြင်းသည် သရဏဂုံ မမြောက်။သရဏဂုံကို မယူသည် သာ ဖြစ်သည် မှတ်ရမည်။

၁၁၆။ ။မြတ်သော အသျှင်ကို ခံသိုက်သောအားဖြင့် ရှိခိုး,ကိုးကွယ် ခြင်း၏ သရုပ်,အဓိပ္ပါယ်ကား အဘယ်နည်း။

သရဏံယောပန အယံလောကေ အဂ္ဂဒက္ခိဏေယျာတိ ဝန္ဒတိ၊ တေနေဝ ဂဟိတံ ဟောတိ သရဏံယေဝ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အကြင် သူသည်ကား လောကသုံးပါး၌ အဂ္ဂဒက္ခိဏေယျ ဖြစ်သော အသျှင်ကို ခံထိုက်ပေသော သူ ဟူ၍၊ ဤသို့လျှင် ယောနိသော မနသိကာရအားဖြင့် အသင့် နှလုံးသွင်း၍ ရှိခိုး ကိုးကွယ်,ပူဇော်၏။ ထိုသို့ ရှိခိုး,ကိုးကွယ်,ပူဇော်ခြင်းသည်သာလျှင် သရဏဂုံလည်း မြောက်၏။သရဏဂုံကို ယူသည်သာ ဖြစ်သည် မှတ်ရမည်။

၁၁၇။ ။လောကီ ဖြစ်ကုန်သော သူတို့အား၊ သရဏဂုံ မပျက်ရာ သော အကြောင်းကား အဘယ်နည်း။

သရဏံယေဝ ဂဟိတသရဏဿဝ။ဥပါသကဿဝါ အညတိတ္ထိယေသု ပဗ္ဗဇိတံပိ၊ ဉာတိဉာတကော မေ အယန္တိ၊ဝန္ဒတော သရဏဂမနံ နဘိဇ္ဇတိ၊ပဂေဝ ပဗ္ဗဇိတံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ယူအပ်ပြီးသော သရဏဂုံ ရှိသော ဒါယကာယောကျ်ားအားရင်း၊ ဒါယိကာမိန်းမအားရင်း၊ ဘုရားသခင် အယူတော်မှ တပါးသော အယူရှိကုန်သော တိတ္ထိရဟန်းတို့အား၊ ဤ သူသည် ငါ၏ အဆွေအမျိုးတည်းဟု ရှိခိုးသော သူအား၊ယူအပ်ပြီးသော သရဏဂုံသည် မပျက်။ရဟန်း မဟုတ်သော မိစ္ဆာဒိဋ္ဌိတို့အား ရှိခိုးသော် ကား မပျက်သည်သာ မှတ်ရမည်။

၁၁၈။ ။ထိုမှ တပါး၊ မပျက်ရာသော အကြောင်းကား အဘယ် နည်း။

တထာ ယံကိဉ္စိ သိပ္ပံသိပ္ပါပကံ။တိတ္ထိယံပိ အာစရိယော မေ အ ယန္တိ ဝန္ဒတော နဘိဇ္ဇတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တစုံတခုသော အတတ်ပညာကို သင်ပေးသော တိတ္ထိကိုရင်း၊ ဤသို့သော သူသည် ငါ၏ ဆရာတည်းဟု ရှိခိုးသော သူအား ယူအပ်ပြီးသော သရဏဂုံသည် မပျက်ဟု မှတ်ရမည်။

၁၁၉။ ။ထိုမှ တပါး၊ မပျက်ရာသော အကြောင်းကား အဘယ် နည်း။

တထာ ရာဇာနံ ဘယေန ဝန္ဒတောပိ ရဋ္ဌပူဇိတတ္တာ အဝန္ဒိယမာ နော အနတ္ထကမ္ပိ ကရေယျာတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ပြည်ထဲးသခင် အရှင်ဖြစ်သော မင်း ကို ရှိခိုးသော သူအား ယူအပ်ပြီးသော သရဏဂုံသည် မပျက်။ ထိုစကား သည် မှန်၏။တိုင်းသူအပေါင်းတို့သည် ပူဇော်အပ်သည်၏ အဖြစ်ကြောင့်၊ ရှိမ ခိုးသည် ရှိသော် အကြောင်းမင်းသည် အကျိုးမရှိသည်ကို ပြုရာ၏။ ဤသို့ နှစ်သုံး သွင်း၍ ရှိခိုးသော သူအား ယူအပ်ပြီးသော သရဏဂုံသည် မပျက်ဟု မှတ်ရမည်။

၁၂၀။ ။လောကီ ဖြစ်ကုန်သော သူတို့အား သရဏဂုံ ပျက်ရာ သော အကြောင်းကား အဘယ်မျှ ရှိသနည်း။

သံကိလေသ လောကိယာဿစ သာရုဏာဂမနသာ ဒုဝိဓေါ ဘေဒေါ သာဝဇ္ဇော အနဝဇ္ဇော၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကိလေသာနှင့်တကွ လောကီ ဖြစ်ကုန်သော သူတို့အား ယူအပ်ပြီးသော သရဏဂုံသည်၊ အပြစ်နှင့် တကွ ပျက်ခြင်း၊အပြစ်မရှိပဲ ပျက်ခြင်းဟူ၍ နှစ်ပါးအပြားရှိ၏ဟု မှတ်ရမည်၊

၁၂၁။ ။ထို နှစ်ပါးတို့တွင် အပြစ်နှင့်တကွ ပျက်ခြင်း ဆိုသည်ကား အဘယ်နည်း။

တတ္ထ သာဝဇ္ဇော အညတိတ္ထိ သတ္ထာရာဒိသု အတ္တသန္နိယျာတနာဒိဟိ ဟောတိ သော အနိဋ္ဌဖလော၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊တရားသခင်မှ တပါး ဖြစ်ကုန်သော မိစ္ဆာဒိဋ္ဌိတို့၌ ဤသူတို့သည် မြတ်သော အရှင်ကို ခံထိုက်၏ဟု ယုံကြည်သဖြင့် ရှိခိုးကိုးကွယ်ခြင်း၊မိမိကိုယ်ကို ဆောင်(ဆောက်)နှင်းခြင်းကို ပြု၍၊ ထိုသူတို့အား ယူအပ်,ဆောက်တည်အပ်သော သရဏဂုံသည် ပျက်သည် ဖြစ်၍၊အပါယ်လေးပါး ဟူသော မကောင်းသော အကျိုး ရှိသည်သာ ဖြစ်၍၊ဤသို့ ပျက်ခြင်းသည်ကား အပြစ်နှင့်တကွ ပျက်သည် မှတ်ရမည်။

၁၂၂။ ။အပြစ်မရှိပဲ ပျက်ခြင်း ဆိုသည်ကား အဘယ်နည်း။

အနဝဇ္ဇော ကာလံ ကိရိယာပဏ္ဍာ ဘိန္ဒတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ယူပြီး,ဆောက်တည်ပြီးသော သရဏဂုံရှိသော သူတို့အား တပါးသော အပြစ် မရှိပဲလျက် သေခြင်းသို့ ရောက်သဖြင့် ထိုသရဏဂုံသည် ပျက်လေတော့သည်။ ဤပျက်ခြင်းသည် အပြစ်မရှိသော ပျက်ခြင်းဖြစ်သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာများကို သာမညဖလသုတ် အဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၁၂၃။ ။သောတာပန် အစရှိကုန်သော အရိယာ,သာဝကတို့သည် သူ့အသက်ကို သတ်ခြင်း၊သေရည်သေရက် သောက်ခြင်း အမှုတို့ကို ပြုကုန်အံ့လောဟု သူ မေးဖွယ် ရှိ၍၊ ထိုအမေးကို အဘယ်သို့ ဖြေရအံ့နည်း။

အရိယာသာဝကော ဇိဝိတဟေတုံ ပိနေဝ ပါဏံ ဟနတိ။ နသုရံ ပိဝတိ၊သစေပိဿ သုရဉ္စ ခိရဉ္စ မိဿေတွာ မုခေ ပက္ခိပန္တိ၊ ခိရမေဝ

ပဝိသတိ နသူရာ။ကောဠ သကုဏာနံ ဓိရမိဿကေ ဥဒကေ ဓိရမေဝ ပဝိသတိ။ နစဥဒကန္တိ ဝုတ္တံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သောတာပန်,အစ ရှိကုန်သော အရိယာသာဝကတို့သည် သူ့အသက်ကို သတ်ခြင်း၊ သေသောက်ခြင်း အမှုကို မပြုကုန်။ အကြောင်းယဲ၍ အရိယာသာဝကတို့အား သေကိုရင်း, နို့ရည်ကိုရင်း ရော၍ တိုက်ကုန်သည် ဖြစ်အံ့။နို့ရည်သာ ဝင်၏။ သေရည် သော်ကား မဝင်။ ကြိုးကြာငှက်တို့အား ရေကိုရင်း, နို့ရည်ကိုရင်း ရော၍ တိုက်ကုန်သည် ရှိသော်၊နို့ရည်သာ ဝင်၏၊ ရေ မဝင်သကဲ့သို့၊ သောတာပန်,အစ ရှိကုန်သော အရိယာသာဝကတို့အား သေသည် မဝင်ဟု ဘေန်မှုချ မှတ်ရမည်။ ။ဤအခြင်းအရာကို ကုရုဓန္တသုတ် အဋ္ဌကထာ၌ လာသည်။

၁၂၄။ ။သာမဏေတို့အား ဆယ်ပါးသော သီလသိက္ခာပုဒ်တို့ကို ဆရာသမားအထံ မခံမူ၍၊အလိုလို ဆောက်တည်သော်၊ သင့်အံ့ လော,မသင့်အံ့လောဟု သူ မေးဘွယ် ရှိ၏။ ထိုအမေးကို အဘယ်သို့ ဖြေရအံ့နည်း။

ဒသာပိ သီလာနိ သာမဏေရေန ဘိက္ခုသန္တိကေ သမ္မာဒိန္နမေဝ သမ္မာဒိန္နာနိ ဟောန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဆယ်ပါးသော သီလသိက္ခာပုဒ်တို့ကို သာမဏေသည် ဆရာသမား,ရဟန်းသစ်တို့၏ အထံ၌ ကောင်းစွာ ယူကုန်သော်သာလျှင်၊ ကောင်းစွာ ဆောက်တည်သည် ဖြစ်ကုန်၏။ အလိုအလျောက် ဆောက်တည်၍၊ဆောက်တည်သည် မခည် မှတ်ရမည်။

၁၂၅။ ။ဥပါသကာဒါယကာတို့အား အလိုအလျောက် ဆောက်တည်သော်၊ဆောက်တည်သည် မည်အံ့လော။

ဥပါသကေပန အတ္တနာ သမာဒိ သန္တေနာပိ သမ္မာဒိန္နာနိ ဟောန္တိ။ ပရသန္တိကေ သမ္မာဒိယန္တေနာပိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဒါယကာသည် မိမိ အလိုလို ကောင်းစွာ ဆောက်တည်သဖြင့်ရင်း၊ သူတပါးတို့၏ အထံ၌ ကောင်းစွာ

ဆောက်တည်သဖြင့်ရှင်း၊ ကောင်းစွာ ဆောက်တည်သည် မည်လေ တော့သည် မှတ်ရမည်။

၁၂၆။ ။တပေါင်းတည်း ဆောက်တည်သည်နှင့် အသီးအသီး ဆောက်တည်ခြင်းသည် အဘယ်သို့ ထူးကြသနည်း။

ဧတသု ဧကတော ဂဟိတသ၊ဧကသ္မိံ ဘိန္နေ သဗ္ဗာနိ ဘိန္နာနိ ဟောန္တိ။ ပစ္စေကံ ဂဟိတသ ယံ ဝိတိက္ကမတိ တံဒေဝ ဘိန္နတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုသိက္ခာပုဒ်တို့၌ တပေါင်းတည်း ယူသော သူအား တပါးသော သိက္ခာပုဒ် ပျက်သည် ရှိသော်၊ အလုံးစုံ သော သိက္ခာပုဒ်တို့သည် ပျက်ကုန်၏။ အသီးအသီး ယူသော သူအား အကြင် သိက္ခာပုဒ် ကို လွန်ကျူးမိ၏။ ထို သိက္ခာပုဒ်သာလျှင် ပျက်၏။ ဤသို့လျှင် အထူး ဖြစ်သတည်းဟု မှတ်ရမည်။

၁၂၇။ ။လူတို့အားကား သိရပြီ၊ သာမဏေတို့အား အဘယ်သို့ မှတ်ရအံ့နည်း။

သာမဏေရာနံ ပန ဧကသ္မိံ ဘိန္နေ သဗ္ဗာနိ ဘိန္နာနိ ဟောန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သာမဏေတို့အား တပါးသော သိက္ခာပုဒ် ပျက်ခဲ့သည် ရှိသော်၊ အလုံးစုံသော သိက္ခာပုဒ်တို့သည် ပျက်သည် သာ ဖြစ်ကုန်၏ဟု မှတ်ရမည်၊ ။ဤအခြင်းအရာကို သာမညဖလ သုတ်,အဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်။

၁၂၈။ ။ဥပုသ်အပြားကား အဘယ်မျှ အပြား ရှိသနည်း။

တိဿော ဥပေါသထာ နိဂဏ္ဌုပေါသထော, ဂေါပါလုပေါသထော,အရိယုပေါသထော စေတိ ဘေဒ ဗ္ဗာနိ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ နိဂဏ္ဌဥပုသ်,ဂေါပါလဥပုသ်,အရိ ယာဥပုသ် ဟူ၍ သုံးပါး အပြား ရှိ၏ဟု မှတ်ရမည်။

၁၂၉။ ။ထိုသုံးပါးတို့တွင် နိဂဏ္ဌဥပုသ် ဆိုသည်ကား အဘယ်နည်း။

ယူဇနာတရာမှ အပ ဖြစ်သော သတ္တဝါတို့ကို ငါ မသတ်။ ယူဇနာ တရာ အ ပ္ပြင်၌ ရှိသော သတ္တဝါတို့ကို သာ ငါ သတ်မည် အစရှိသည် ဖြင့် ဆောက်တည်သော ဥပုသ်သည် တိတ္ထိတို့၏ ဥပုသ် ဖြစ်သောကြောင့်၊နိ ဂဏ္ဌဥပုသ် မည်၏ဟု မှတ်ရမည်။

၁၃၀။ ။ဂေါပါလဥပုသ် ဆိုသည်ကား အဘယ်နည်း။

ဥပုသ် ဆောက်တည်သော ကာလ၌ ရတနာသုံးပါးကျေးဇူးကို ကား မဆောင်မရွက်။ နက်ဖြန် ငါ မည်သည့် အစာကို စားအံ့၊ မည်သည့် အဝတ်ကို ဝတ်အံ့၊ ဤသို့ အစရှိသည်ဖြင့် လုပ်မှု,ဆောင်မှု,အိမ်ထောင်ပရိက္ခာကိုသာ ကြံအောက်မေ့၍ ကာလကို လွန်စေသော ဥပုသ် သည် နွားအပေါင်းအား မြက်စားရာ,ရေတိုက်ရာ,အချပ်တို့ကို နွားကျောင်းသားတို့ ကြံအောက်မေ့သည်နှင့် တူသောကြောင့်၊ဂေါပါလ ဥပုသ် မည်သည် မှတ်ရမည်။

၁၃၁။ ။အရိယာဥပုသ် ဆိုသည်ကား အဘယ်နည်း။

ဥပုသ် ဆောက်တည်သောကာလ လုပ်မှု,ဆောင်မှု,အိမ်ထောင်,ပရိက္ခာ,ဝေယျာဝစ္စ အလုံးစုံကို မကြံမအောက်မေ့,မပြောဆိုမူ၍၊ ဣတိပိ သော အစရှိသော ဘုရားဂုဏ်တော်၊ သွာက္ခာတော အစရှိသော တရားတော်ဂုဏ်တော်၊ သုပ္ပဋိပန္နော အစရှိသော သံဃာဂုဏ်တော်၊ ဤ ရတနာသုံးပါး ဂုဏ်တော်ကို စီးဖြန်း, ရွတ်ဖတ်, သရဇ္ဈာယ်ခြင်း၊ တရားစကားကိုသာ ပြောဟောခြင်း အစရှိသည်ဖြင့် ကုသိုလ်တရားကို ပွားများစေလျက်၊ ဆောက်တည်သော ဥပုသ်သည် မြတ်သော သူတော်ကောင်းတို့၏ ဥပုသ် ဖြစ်သောကြောင့်၊ အရိယာဥပုသ် မည်သည် မှတ်ရမည်။ ။

ထိုသုံးပါးတို့တွင် နိဂဏ္ဌဥပုသ်သည် အကျိုးမရှိ။ဂေါပါလဥပုသ်သည် နည်းသော အကျိုးရှိ၏။ အရိယာဥပုသ်ကား အတုမရှိ ကြီးမြတ်သော အကျိုးရှိသည် မှတ်ရမည်။ ။ဤအခြင်းအရာကို အင်္ဂုတ္တရတိက နိပါတ်ကျမ်း၌ ဟောတော်မူသည် မှတ်ရမည်။

၁၃၂။ ။သီလသိက္ခာအပြားကို အဘယ်သို့ ဝေဘန်အပ်သနည်း။

ဒွေစ သီလံ အဓိသီလံ စိတ္တံ အဓိစိတ္တံ ပညာ အဓိပညာတိ၊အယံ ဝိဘာဂေါ ဝေဒိတဗ္ဗော။

ဤသို့ ကျမ်းဂန် လာသောကြောင့် သီလရင်း၊ အဓိသီလရင်း၊ စိတ္တရင်း၊ အဓိစိတ္တရင်း၊ ပညာရင်း၊ အဓိပညာရင်း၊ ဤသို့ ဝေဘန်အပ်သည်ဟု မှတ်ရမည်။

၁၃၃။ ။သီလ၏ သရုပ်အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရအံ့နည်း။
ပဉ္စင်္ဂဒသင်္ဂသီလံ တာဝ သီလမေဝ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ရှေးဦးစွာ ပဉ္စသီလ,ဒသင်္ဂသီလသည် သီလမည်၏ဟူ၍ မှတ်ရမည်။

၁၃၄။ ။ထိုသီလတို့ကို ဘုရား ဖြစ်သော ကာလ၌သာ ဆောက်တည်ကုန်သလော။ဘုရား မဖြစ်သော ကာလ၌ကား မဆောက်တည်ကုန်သလော။ ဤသို့ မေးဖွယ် ရှိ၏။ ထိုအမေးကို အဘယ်သို့ ဖြေအံ့နည်း။

တံဟိ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိတိ။ ဥပ္ပန္နေ ဗုဒ္ဓေ တာဝ သီလေ ဗုဒ္ဓါပိ သာဝကာပိ မဟာဇနံ သမာဒပေန္တိ။အနုပ္ပန္နေ ဗုဒ္ဓေ ပစ္စေကဗုဒ္ဓါစ၊ကမ္မဝါဒိနော ဓမ္မိကာ သမဏဗြာဟ္မဏာစ၊ စက္ကဝတ္တိစ မဟာရာဇာ မဟာဗောဓိသတ္တာစ သမာဒပေန္တိ။ ။သယံပိ ပဏ္ဍိတာ သမဏဗြာဟ္မဏာ သမာဒိယန္တိ။တေသံ ကုသလံဓမ္မံ ပူရေတွာ ဒေဝေသုစ မနုဿေသုစ သမ္ပတ္တိံ အနုဘဝန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ထို ပဉ္စင်္ဂ,ဒသင်္ဂသီလသည် ဘုရား ဖြစ်သော်၎င်း၊ဘုရား မဖြစ်သော်၎င်း၊လောက၌ ဖြစ်၏။ဘုရား ဖြစ်တော်မူသည် ရှိသော်၊ဘုရားသခင်တို့သည်၎င်း၊ဘုရားသခင် တပည့်သားတော်တို့သည်၎င်း၊ များစွာကုန်သော လူတို့ကို ဆောက်တည်စေကုန်၏။ ဘုရား ဖြစ်တော်မမူသည် ရှိသော်၊ အရှင်ပစ္စေကဗုဒ္ဓါတို့သည်၎င်း၊ ကံဟူသော အယူရှိသဖြင့် တရားစောင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည်၎င်း၊မဟာစကြာဝတေးမင်းသည်၎င်း၊မြတ်သော ဘုရားလောင်းတို့သည်၎င်း၊ များစွာသော လူတို့ကို ဆောက်တည်စေကုန်၏။ အလိုလို ပညာရှိကုန်သော ရဟန်းပုဏ္ဏားတို့သည် ဆောက်တည်ကုန်၏။ ထိုသို့ ဆောက်တည်ကုန်သော သူတို့သည် ထိုကုသိုလ်ဓမ္မကို ပြည့်ရံစေ၍၊ လူကောင်း, နတ်ကောင်း အဖြစ်၌ စည်းစိမ်ချမ်းသာကို ခံစားကုန်၏။ ဤသို့လျှင် ဘုရား ဖြစ်သော ကာလတို့၌၎င်း၊ဘုရား မဖြစ်သော ကာလတို့၌၎င်း၊ ပဉ္စင်္ဂ,ဒသင်္ဂသီလတို့ကို ဆောက်တည်ကုန်၏ဟူ၍ မှတ်ရမည်။

၁၃၅။ ။အဓိသီလသိက္ခာ ဆိုသည်ကား အဘယ်နည်း။

ပါဋိမောက္ခသံဝရသီလသမ္ပန္နံ အဓိသီလန္တိ ဝုစ္စတိ၊ တံဟိ သူရိယော ဝိယ ပဇ္ဇောတာနံ သိနေရုဝိယ ပဗ္ဗတာနံ သဗ္ဗလောကိယသီလာနံ အဓိကဉ္စေဝ ဥတ္တမဉ္စ ဗုဒ္ဓုပ္ပါဒေယေဝ ပဝတ္တတိ၊ နဝိနာ ဗုဒ္ဓုပ္ပါဒါ နဟိတံ ပညတ္တိံ အာရောပေတွာ အညော သတ္တော ဌပေတုံ သက္ကောတိ၊ ပါဋိမောက္ခသံဝရတောပိစ မဂ္ဂဖလသမ္ပယုတ္တံ သီလံ အဓိသီလံနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပါဋိမောက္ခသံဝရသီလကို အဓိသီလဟု ဆိုအပ်၏၊ ထို ပါဋိမောက္ခသံဝရသီလသည်သာလျှင် ထွန်းပသော အရောင်တို့တွင် နေရောင်ကဲ့သို့၊တောင်တို့တွင် မြင့်မိုရ်တောင်ကဲ့သို့ အလုံးစုံသော လောကီသီလတို့ထက် လွန်မြတ်သည် ဖြစ်၍ ဘုရားဖြစ်သော ကာလ၌သာလျှင် ဖြစ်၏။ ဘုရားအဖြစ်မှ ကင်း၍ မဖြစ်၊ ထိုစကားသည် မှန်၏။ ထို ပါဋိမောက္ခသံဝရသီလကို ပညတ်သို့ တင်၍ ဘုရားမှ တပါးသော သတ္တဝါသည် ထားခြင်းငှါ မတတ်နိုင်၊ ပါဋိမောက္ခသံဝရသီလထက်လည်း မဂ်ဖိုလ်နှင့် ယှဉ်သော သီလသည် မြတ်ထက်မြတ်သော အဓိသီလ မည်၏၊ ။ဤသည်ကား အဓိသီလသိက္ခာ၏ သရုပ်,အဓိပ္ပါယ်တည်းဟု မှတ်ရမည်၊

၁၃၆။ ။စိတ္တ ဆိုသည်ကား အဘယ်နည်း၊

ကာမာဝစရာနိပန အဋ္ဌကုသလစိတ္တာနိ မဟဂ္ဂတလောကိယအဋ္ဌစိတ္တာနိစ တာနိ ဧကစ္စံ ကတွာ စိတ္တမေဝါတိ ဝေဒိတဗ္ဗာနိ။ ။ ဗုဒ္ဓုပ္ပါဒါနုပ္ပါဒေပန တာသုပဝတ္တိ သမာဒါနံပန သမာဒါနဉ္စ သီလေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကာမာဝစရ ဖြစ်ကုန်သော ရှစ်ပါးသော ကုသိုလ်စိတ်တို့သည်၎င်း၊ ရှစ်ပါးသော,လောကီ ဖြစ်ကုန်သော မဟဂ္ဂုတ်ကုသိုလ်စိတ်တို့သည်၎င်း၊ထိုစိတ်တို့ကို တပေါင်းတည်း ပြု၍ စိတ္တမည်၏ဟု သိအပ်,မှတ်အပ်ကုန်၏။ ။ဘုရား ဖြစ်သည်,မဖြစ်သည်ကို ဆိုရာ၌ကား ထိုစိတ်၏ ဖြစ်ခြင်းကို၎င်း၊ ဆောက်တည်ခြင်း,မဆောက်တည်ခြင်းကို၎င်း သီလ၌ ဆိုသော နည်းဖြင့် သိအပ်၏။ ။ဤသည်ကား စိတ္တ၏ သရုပ်,အဓိပ္ပါယ်တည်းဟု မှတ်ရမည်၊

၁၃၇။ ။အဓိစိတ္တ ဟူသည်ကား အဘယ်နည်း၊

ဝိပဿနာပါဒကာ အဋ္ဌသမာပတ္တိစိတ္တုပ္ပန္န အဘိဝိစ္ဆာနိ ဇုဋ္ဌတိ။ တံ ဟိ ဗုဒ္ဓုပ္ပါဒေယေဝ ဟောတိ နဝိနာ။ ဗုဒ္ဓုပ္ပါဒါ တတောပိစ မဂ္ဂဖလ စိတ္တမေဝ အဘိဝိစ္ဆာနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝိပဿနာ၏ အခြေ ဖြစ်သော ရှစ်ပါးသော သမာပတ်စိတ်ကိုကား အဘိဝိစ္ဆာ ဟူ၍ ဆိုအပ်၏။ ထိုရှစ်ပါးသော သမာပတ်စိတ်သည်ကား ဘုရား ဖြစ်သော ကာလ၌သာလျှင် ဖြစ်၏။ ဘုရား ဖြစ်သည်မှ ကင်း၍ မဖြစ်။ ထိုသို့ ဆိုအပ်ခဲ့ပြီးသော ရှစ်ပါးသော စိတ်ထက်လည်း မဂ်စိတ်,ဖိုလ်စိတ်သည်သာလျှင် မြတ်ထက်မြက်သောကြောင့် အဘိဝိစ္ဆာ မည်၏။ ဤသို့ကား အဘိဝိစ္ဆာ၏ သရုပ်,အဓိပ္ပါယ်တည်းဟု မှတ်ရမည်။

၁၃၈။ ။ပညာ ဆိုသည်ကား အဘယ်နည်း။

အဇ္ဈတ္တိကနှင့် အဇ္ဈတ္တိယ၌ အာဒိယာနပစ္စတ္တုပ္ပန္န ကမ္မဿကတဉာဏံ ပညာသာတိ။ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိ။ တဿာ ပညာယ ဗုဒ္ဓါသာဝကာစ မဟာဇနံ သမာဒပေန္တိ၊ အနုပ္ပန္နေ ဗုဒ္ဓေ ပစ္စေကဗုဒ္ဓါ၊ ကမ္မဝါဒိနောစ ဓမ္မိကာ သမဏ ဗြာဟ္မဏာ စက္ကဝတ္တိစ မဟာရာဇာ မဟာဗောဓိသတ္တာစ သမာဒပေန္တိ။ သမံပိ ပဏ္ဍိတာ သတ္တာ သမာဒိယန္တိ၊ တထာဟိ အင်္ကုရော ဒသဝဿသဟဿာနိ မဟာဒါနံ အဒါသိ။ ဝေလာမော ဝေဿန္တရော အညေစ ဗဟုပဏ္ဍိ တာနံ မနုဿာ မဟာဒါနာနိ အဒံသု။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အဇ္ဈတ္တိကနှင့် အဇ္ဈတ္တိယ၌ အစရှိသော နည်းဖြင့် ဖြစ်သော ကမ္မဿကတဉာဏ်သည် ပညာမည်၏။ ထိုပညာသာလျှင် ဘုရား ဖြစ်သော်၎င်း၊ ဘုရား မဖြစ်သော်၎င်း၊ လူ၌ ဖြစ်၏။ ဘုရား ဖြစ်တော်မူသည် ရှိသော်၊ ဘုရားသခင်တို့သည်၎င်း၊ ဘုရားသခင် တပည့်သားတော်တို့သည်၎င်း၊ များစွာသော လူတို့ကိုလည်း ဆောက်တည်စေကုန်၏။ ဘုရားသခင် ဖြစ်တော်မမူသည် ရှိသော်၊ အရှင်ပစ္စေကဗုဒ္ဓါတို့သည်၎င်း၊ ကံဟု အယူရှိသဖြင့် တရားကို စောင့်ကုန်သော ရဟန်းပုဏ္ဏားတို့သည်၎င်း၊ စကြာဝတေးမင်းတို့သည်၎င်း၊ မြတ်သော ဘုရားလောင်းတို့သည်၎င်း၊ ကောင်းစွာ ဆောက်တည်စေကုန်၏။ ပညာရှိကုန်သော

သတ္တဝါတို့သည် အလိုလိုလည်း ကောင်းစွာ ဆောက်တည်စေကုန်ဖြို့။ ထိုစကားသို့ မှန်ဖြို့။ အင်္ဂရမင်းသားသည် အနှစ်တထောင်ပတ်လုံး သာသနာတော် ပသော ကာလ၌ ကြီးစွာသော အလှူကို ပေးဖြို့။ ဝေလာမပုဏ္ဏားတို့သည်၎င်း၊ ဝေဿန္တရာမင်းကြီးသည်၎င်း၊ ထိုမှ တပါး ပညာရှိကုန်သော များစွာသော လူတို့သည်၎င်း၊ ကြီးစွာသော အလှူတို့ကို ပေးကုန်ဖြို့။ ။ဤသည်ကား ပညာ၏ သရုပ်အဓိပ္ပါယ်တည်းဟု မှတ်ရမည်။

၁၃၉။ ။အဓိပညာ ဆိုသည်ကား အဘယ်နည်း။

တိလက္ခဏာကာရ ပရိစ္ဆေဒပန ဝိပဿနာဉာဏံ အဓိပညာတိ ဝုစ္စတိ။ သာဟိ အဓိသီလ အဓိစိတ္တာနိဝိယ သီလစိတ္တာနံ သဗ္ဗသော ကိယပညာနံ အဓိကာရေစေဝ ဥတ္တမောစ။ ဒိန္နာ ဗုဒ္ဓုပ္ပါဒ လောကေ ပဝတ္တတိ။ တတောဝိစ မဂ္ဂဖလပညာ အဒိပညာနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုံးပါးသော လက္ခဏာ၏ အခြင်းအရာကို ပိုင်းခြားတတ်သော ဝိပဿနာဉာဏ်ကိုကား အဓိပညာ ဟူ၍ ဆိုအပ်ဖြို့။ ထိုပညာသို့သာလျှင် သီလ၊ စိတ္တတို့ထက် အဓိသီလ၊ အဓိစိတ္တတို့သို့ လွန်မြတ်သကဲ့သို့၊ ခပ်သိမ်းသော လောကီပညာတို့ထက် လွန်လည်း လွန်ဖြို့။ မြတ်လည်း မြတ်ဖြို့။ ဘုရားသခင်မှ ကင်း၍ လောက၌လည်း ဖြစ်ဖြို့။ ထိုပညာထက်လည်း မဂ်၊ ဖိုလ်၌ ဖြစ်သော ပညာကို အလွန် မြတ်ထက် မြတ်သောကြောင့် အဓိပညာ မည်ဖြို့။ ဤသည်ကား အဓိပညာ၏ သရုပ်၊ အဓိပ္ပါယ်တည်းဟု မှတ်ရမည်။ ။ဤအခြင်းအရာများကို ပါရာဇိကကဏ်အဋ္ဌကထာ အစရှိသော ကျမ်းတို့၌ လာသည်ဟု မှတ်ရမည်။ ။ထိုမှ တပါးလည်း အင်္ဂုတ္တရအဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာ စသော ကျမ်းတို့၌လည်း လာသည် မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါရမီခန်း၌၊—

ပဋိပဒါ၊ ဆောက်တည်ရာသား၊ သိက္ခာသုံးထင်၊ ဖြည့်ကျင့်နင်ကို၊ ကိုယ်ကြပ်စောင့်ပဲ့၊ ကျင့်တမဲ့ဟု ချိတ်ခွဲ ကျောက်မျိုး၊ လေးမြက် နို့ ၍၊ မပိုးတောင့်တ၊ ငါကြောင့်ရသား၊ ပြည့်မဘုံ ဆက်၊ ရွှေအိမ်ချက်ကို၊ ဖိုလ်၊ မဂ်ပြမ်းပြု၊ သင့်စိုး ရှုလျက်၊ အာ

ဟုနေယျော်၊ သိးသိးကျော်သည်၊ သူတော်ငါသား၊ ထေရ်
ကောင်းများတွင်၊ ညာဖျားလည်းတင်၊ တိုင်မြောက်စင်သည့်၊
သိမြင်ကြောင်းချာ သာရိပုတ္တရာ၊
ဟူ၍၊အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၁၄၀။ ။အဘိညာဏ်အပြားကား အဘယ်မျှ ရှိသနည်း။

ဣဒ္ဓိဝိဓံ၊ ဒိဗ္ဗသောတံ၊ပရစိတ္တဝိဇာနနာ၊ ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခုတိ ပဉ္စဓာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဣဒ္ဓိဝိဓအဘိညာဏ်,ဒိဗ္ဗသောတအဘိညာဏ်,စေတောပရိယအဘိညာဏ်,ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်,ဒိဗ္ဗစက္ခုအဘိညာဏ် ဟူ၍ ငါးပါး အပြား ရှိ၏ဟု မှတ်ရမည်၊ထိုငါးပါးတို့တွင်၊—

(၁)။ လူ,နတ်,နဂါး,သိကြား,ဗြဟ္မာ အစရှိသော ခပ်သိမ်းသော အရုပ်တို့ကို အရော,အထောင် စသည်ဖြင့် ဖန်ဆင်းနိုင်သော ဉာဏ်ကို ဣဒ္ဓိဝိဓအဘိညာဏ် ဆိုသည် မှတ်ရမည်။

(၂)။ အဝေး၌ရင်း၊ အနီး၌ရင်း လူသံ,ဆင်သံ,မြင်းသံ,အစရှိသော ခပ်သိမ်းသော အသံတို့ကို ကြားနိုင်သော ဉာဏ်တို့ကို ဒိဗ္ဗသောတအဘိညာဏ် ဆိုသည် မှတ်ရမည်။

(၃)။ သူတပါးတို့၏ စိတ်ကို ပိုင်းခြား၍ သိနိုင်သော ဉာဏ်ကို စေတောပရိယအဘိညာဏ် ဆိုသည် မှတ်ရမည်။

(၄)။ ရှေး၌ ဖြစ်ဖူးသော ခန္ဓာအစဉ်ကို ပိုင်းခြား၍ သိနိုင်သော ဉာဏ်ကို ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ် ဆိုသည် မှတ်ရမည်။

(၅)။ ရုပ်ပသာဒကို ပိုင်းခြား၍ သိခြင်း၊ အဝေး,အနီးအရပ်၌ အလုံးစုံ မြင်နိုင်ခြင်း,ဉာဏ်ကို ဒိဗ္ဗစက္ခုအဘိညာဏ် ဆိုသည် မှတ်ရမည်။

ဤငါးပါးသည်ကား လောကီအဘိညာဏ်တည်း။ ။သည်ငါးပါးတွင် မဂ်ဉာဏ်,ဖိုလ်ဉာဏ် ထည့်၍ အဘိညာဏ်ခြောက်ပါး ဖြစ်သည် မှတ်ရမည်။

၁၄၁။ ။ဝိပဿနာဉာဏ် အပြားကား အဘယ်မျှ ရှိသနည်း။

ဒသဝိပဿနာ ဉာဏာနိ ဟောန္တိ။

ဤသို့ ကျမ်းဂန် လာသော်ငြား၊ သမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ်, ဘင်ဉာဏ်,ဘယဉာဏ်,အာဒီနဝဉာဏ်,နိဗ္ဗိဒါဉာဏ်, မုဉ္စိတုကမျတာ ဉာဏ်,ပဋိသင်္ခါရဉာဏ်,သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် ဟူ၍ ဆယ်ပါး အပြား ရှိ၏ဟု မှတ်ရမည်။

ထိုဆယ်ပါးသော ဝိပဿနာဉာဏ်တို့တွင်၊

(၁)။ ခန္ဓာ အစ ရှိသည်တို့ကို ပေါင်းစည်းသော အားဖြင့် သုံးသပ်ခြင်း ၏ အစွမ်းဖြင့် ဖြစ်၍ သိနိုင်သော ဉာဏ်ကို သမ္မသနဉာဏ် ဆို သည် မှတ်ရမည်။

(၂)။ ဥပါဒ်,ဌီ,ဘင်ကို အဖန်တလဲလဲ ရှုခြင်း၏ အစွမ်းဖြင့် ဖြစ်၍ သိနိုင်သော ဉာဏ်ကို ဥဒယဗ္ဗယဉာဏ် ဆိုသည် မှတ်ရမည်။

(၃)။ အဖြစ်ကို လွှတ်ဦး၍ အပျက်၌သာ ရှုသောအားဖြင့် သိသော ဉာဏ်ကို ဘင်ဉာဏ် ဆိုသည် မှတ်ရမည်။

(၄)။ သင်္ခါရတရားတို့ကို ဘေး ဟူသော အနက်ဖြင့်အဖန်တလဲလဲ ရှုသည်၏ အစွမ်းဖြင့် သိတတ်သော ဉာဏ်ကို ဘယဉာဏ်ဆိုသည် မှတ်ရမည်။

(၅)။ မြင်အပ်ပြီးသော ဘေးကို အပြစ် ရှိသည်ဟု ရှုသည်၏ အစွမ်းဖြင့် ဖြစ်၍ သိတတ်သော ဉာဏ်ကို အာဒီနဝဉာဏ် ဆိုသည် မှတ်ရမည်။

(၆)။ မြင်အပ်ပြီးသော အပြစ်တို့၌ ငြီးငွေ့သည်၏ အစွမ်းဖြင့် ဖြစ်၍ သိ တတ်သော ဉာဏ်ကို နိဗ္ဗိဒါဉာဏ် ဆိုသည် မှတ်ရမည်။

(၇)။ ငြီးငွေ့ပြီး၍ သင်္ခါရတရားတို့မှ လွတ်ခြင်းငှာ အလိုရှိသည်၏ အစွမ်းဖြစ်၍ သိတတ်သော ဉာဏ်ကို မုဉ္စိတုကမျတာဉာဏ် ဆိုသည် မှတ်ရမည်။

(၈)။ လွတ်နိုင်ခြင်း၏ အကြောင်းကို ပြီးပြည့်စုံစိမ့်သောငှာ တဖန် လျှင် သင်္ခါရတရားတို့ကို သိမ်းဆည်းသည်၏ အစွမ်း ဖြစ်၍ သိ တတ်သော ဉာဏ်ကို ပဋိသင်္ခါရဉာဏ် ဆိုသည် မှတ်ရမည်။

(၉)။ ပြုပြင်အပ်သော တရားတို့မှ ကြောက်ခြင်း,ကြည်ခြင်း၏ အစွမ်း

ဖြင့် ဖြစ်၍ လျစ်လျူ ရှုသောအားဖြင့် သိနိုင်သော ဉာဏ်ကို သင်္ခါရုပေက္ခာဉာဏ် ဆိုသည် မှတ်ရမည်။

(၁၀)။ ရှေး၌ ဖြစ်ကုန်သော ကိုးပါးသော ကိစ္စတို့ဖြင့် ပြီးခြင်း၄ာ အထက်၌လည်း ၃၇ပါးသော ဗောဓိပက္ခိယ တရားတို့အား လျော်သော အားဖြင့် သိတတ်သော ဉာဏ်ကို အနုလောမ ဉာဏ် ဆိုသည် မှတ်ရမည်။

ဤသို့အားဖြင့် ဝိပဿနာဉာဏ် ဆယ်ပါး အပြား ရှိသည်သာ ဖြစ်၏ဟု မှတ်ရမည်။

၁၄၂။ ။ဝိမောက္ခအပြား အဘယ်မျှ ရှိသနည်း။

သုညတော ဝိမောက္ခော၊ အနိမိတ္တော ဝိမောက္ခော၊ အပ္ပဏိဟိတော ဝိမောက္ခောစေတိ တယော ဝိမောက္ခာ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုညတဝိမောက္ခ, အနိမိတ္တ ဝိမောက္ခ,အပ္ပဏိဟိတဝိမောက္ခ ဟူ၍ သုံးပါး အပြား ရှိ၏ဟု မှတ်ရမည်။ ။ထို သုံးပါးတို့တွင်၊

(၁)။ အတ္တဟူသော ဆိတ်ငြိမ်ခြင်းရှိသော၊သံယောဇဉ် အစရှိသ်တို့မှ လွတ်မြောက်နိုင်သော ပညာကို သုညတဝိမောက္ခဆိုသ် မှတ်ရမည်။

(၂)။ မြဲ၏ ဟူသော အကြောင်း အစရှိသည် မရှိသော၊သံယောဇဉ် အစ ရှိသည်တို့မှ လွတ်မြောက်နိုင်သော ပညာကို အနိမိတ္တဝိမောက္ခ ဆိုသ် မှတ်ရမည်။

(၃)။ တဏှာ ဟူသော ဆော်တည်ရာ,မှီရာ မရှိသော၊ သံယောဇဉ် အစရှိသည်မှ လွတ်မြောက်နိုင်သော ပညာကို အပ္ပဏိဟိတဝိမောက္ခ ဆိုသ် မှတ်ရမည်။

ဤသို့အားဖြင့် ဝိမောက္ခ အပြားကား သုံးပါး ရှိသည်သာ ဖြစ်၏ဟု မှတ်ရမည်။

၁၄၃။ ။ဝိသုဒ္ဓိ အပြားကား အဘယ်မျှ ရှိသနည်း။

သီလဝိသုဒ္ဓိ၊စိတ္တဝိသုဒ္ဓိ၊ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစေတိ ဣတာသံ ဆန္နံ ဝိသုဒ္ဓိနံ အနုက္ကမေန ဉာဏဒဿနဝိသုဒ္ဓိ သမ္ပာဒေတဗ္ဗာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝိသုဒ္ဓိသည်ကား သီလဝိသုဒ္ဓိ,စိတ္တဝိသုဒ္ဓိ,ဒိဋ္ဌိဝိသုဒ္ဓိ,ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟူ၍ ခြောက်ပါး အပြား ရှိ၏ဟု မှတ်ရမည်၊ ထိုခြောက်ပါးသော ဝိသုဒ္ဓိတို့၏ အစဉ်အားဖြင့် ဉာဏဒဿနဝိသုဒ္ဓိတို့ကို ပြီးစေအပ်၏ ဟူ၍လည်း မှတ်ရမည်၊

၁၄၄။ ။ထိုခြောက်ပါးသော ဝိသုဒ္ဓိတို့တွင်၊ သီလဝိသုဒ္ဓိ ဆိုသည်ကား အဘယ်နည်း။

ကထံ ပါတိမောက္ခသံဝရသီလံ၊ ဣန္ဒြိယသံဝရသီလံ၊ အာဇီဝပါရိသုဒ္ဓိသီလံ၊ ပစ္စယသန္နိသိတသီလဉ္စေတိ စတုပါရိသုဒ္ဓိသီလံ သီလဝိသုဒ္ဓိနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပါတိမောက္ခသံဝရသီလ,ဣန္ဒြိယသံဝရသီလ,အာဇီဝပါရိသုဒ္ဓိသီလ,ပစ္စယသန္နိသိတသီလ၊ ဤ စတုပါရိသုဒ္ဓိသီလ လေးပါးသည် သီလဝိသုဒ္ဓိမည်၏။

၁၄၅။ ။စိတ္တဝိသုဒ္ဓိဆိုသည်ကား အဘယ်နည်း၊

ဥပစာရသမာဓိ အပ္ပနာသမာဓိစေတိ ဒုဝိဓောပိ သမာဓိ စိတ္တ ဝိသုဒ္ဓိနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဥပစာရသမာဓိသည်၎င်း၊ အပ္ပနာသမာဓိသည်၎င်း၊ ဤသို့ နှစ်ပါး အပြား ရှိသော သမာဓိသည် စိတ္တဝိသုဒ္ဓိ မည်၏ဟု မှတ်ရမည်၊

၁၄၆၊ ။ဒိဋ္ဌိဝိသုဒ္ဓိ ဆိုသည်ကား အဘယ်နည်း။

လက္ခဏ,ရသ,ပစ္စုပဋ္ဌာန,ပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိဝိသုဒ္ဓိနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့၏ အစွမ်းအားဖြင့်၊နာမ်ရုပ်တို့ကို သိမ်းဆည်းခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏ဟု မှတ်ရမည်၊

၁၄၇။ ။ကင်္ခါဝိတရဏဝိသုဒ္ဓိဆိုသည်ကား အဘယ်နည်း။၊

တေသမေဝစ နာမရူပါနံ ပစ္စယပရိဂ္ဂဟော ကင်္ခါဝိတရဏ ဝိသုဒ္ဓိနာမ၊

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ ထိုနာမ်ရုပ်တို့၏သာလျှင် အကြောင်းကို သိမ်းဆည်းခြင်းသည် ကင်္ခါဝိတရဏဝိသုဒ္ဓိ မည်၏ဟု မှတ်ရမည်။

၁၄၈။ ။မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဆိုသည်ကား အဘယ်နည်း။

တတောပရံပန တထာပရိဂ္ဂဟိတေသု သပ္ပစ္စယေသု တေဘူမကသင်္ခါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ ကလာပဝသေန သံခိပိတွာ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနာတိ၊ အဒ္ဓါနဝသေန သန္တတိဝသေန ခဏဝသေန ဝါ သမ္မသနဉာဏေန လက္ခဏတ္တယံ သမ္မသန္တဿ တေသွေဝ ပစ္စယဝသေန ခဏဝသေန စ ဥဒယဗ္ဗယဉာဏေန ဥဒယဗ္ဗယံ သမနုပဿန္တဿ စ၊ ဩဘာသော ပီတိ ပဿဒ္ဓိ အဓိမောက္ခော စ ပဂ္ဂဟော၊ သုခံ ဉာဏမုပဋ္ဌာနမုပေက္ခာ စ နိကန္တိ စေတိ။ ဩဘာသာဒိ ဝိပဿနုပက္ကိလေသ ပရိဗန္ဓ ပရိဂ္ဂဟဝသေန မဂ္ဂါမဂ္ဂလက္ခဏဝဝတ္ထာနံ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ နာမ။

ဤသို့ ကျမ်းဂန် လာသော့ငြော်၊ ထိုအကြောင်းကို သိမ်းဆည်းသည်မှ နောက်၌ကား၊ ထိုထိုသို့သော အပြားအားဖြင့် သိမ်းဆည်းအပ်ကုန်သော အကြောင်းနှင့်တကွ ဖြစ်ကုန်သော အတိတ်အစ ရှိသော အပြားအားဖြင့် ပြားကုန်သော တေဘုမ္မကသင်္ခါရတို့၌ ခန္ဓာလျှင် အဦးအခြား ရှိကုန်သော နည်းကို အာရုံပြု၍၊ ပေါင်းအပ်,စည်းအပ်သော ကလာပ်တို့၏ အစွမ်းဖြင့် ချုံး၍၊ ကုန်တတ်သော သဘောကြောင့် အနိစ္စ မည်၏။ဘေး ဟူသော အကြောင်းကြောင့် ဒုက္ခ မည်၏။ အတ္တ ဟူသော အနှစ်၏ သဘော မရှိသော့ငြော် အနတ္တ မည်၏။ဤသို့လျှင် ကာလ၏ အစွမ်းဖြင့်၎င်း၊ အစဉ်၏ အစွမ်းဖြင့်၎င်း၊ သုံးသပ်သော ပညာဖြင့် အနိစ္စ,အစ ရှိသော လက္ခဏာတို့၏ သုံးပါးတို့၏ အပေါင်းကို သုံးသပ်သော ယောဂီအား ထိုသင်္ခါရတရားတို့၌သာလျှင် အကြောင်းတို့၏ အစွမ်းဖြင့်၎င်း၊ ခဏတို့၏ အစွမ်းဖြင့်၎င်း၊ အဖြစ်,အပျက်ကို သိသော ဉာဏ်ဖြင့်၎င်း၊ အဖြစ်,အပျက်ကို ကောင်းစွာ အဖန်တလဲလဲ မြင်နိုင်သော အာရဒ္ဓဝိပဿက ဖြစ်သော ယောဂီအားသာလျှင် ဝိပဿ

နာစိတ်ကြောင့် ဖြစ်သော ကိုယ်မှ ထွက်သော အလင်းဟု ဆိုအပ်သော အရောင်သို့ငှင်း၊ ဝိပဿနာစိတ်နှင့်တကွ ဖြစ်သော ခုဒ္ဒကပီတိ အစရှိသော နှစ်သက်ခြင်းငါးပါးငှင်း၊ ကိုယ်၏ ပူပန်ခြင်း,စိတ်၏ ပူပန်ခြင်းကို ငြိမ်းစေခြင်း လက္ခဏာ ရှိသော ကာယပဿဒ္ဓိ,စိတ္တပဿဒ္ဓိငှင်း၊ဗသဝ သဒ္ဓိန္ဒြေဟု ဆိုအင်သော အဓိမောက္ခငှင်း၊ သမ္ပယုတ္တနက်ဓမ္မကို ပြီးစေတတ်သော ဝီရိယသမ္ဗောဇ္ဈင်ဟု ဆိုအပ်သော ပဂ္ဂဟငှင်း၊ အလွန် မြတ်သော ချမ်းသာခြင်းငှင်း၊ သိကြားမင်းသို့ လွတ်အပ်သော အလွန် ထက်သော ဝရဇိန်လက်နက်နှင့် တူသော လက္ခဏာရေးသုံးပါးကို အထူးအခြား မြင်နိုင်သော သတိပဋ္ဌာန် ဖြစ်၍၊ကြာမြင့်စွာ ဖြစ်ခြင်း အစရှိသို့၌ အဖန်တလဲလဲ အောက်မေ့ခြင်းငှာ စွမ်းနိုင်သော ဥပဋ္ဌာနဟု ဆိုအပ်သော သတိငှင်း၊အညီအညွတ်အားဖြင့် ဝိပဿနာနှင့် သဟဇာတ် ဖြစ်သော ဥပေက္ခာသမ္ဗောဇ္ဈင်သို့ ခေါ်သော တတြမဇ္ဈတ္တုပေက္ခာ၊မနောဒွါရ၌ အာဝဇ္ဇန်းနှင့် ရှည်သော ဥပေက္ခာဝေဒနာ၊ ဤဥပေက္ခာနှစ်ပါးငှင်း၊ ဩဘာသ အစရှိသော ကိုးပါး၌ တပ်သော သိမ်မွေ့သော တဏှာငှင်း၊ဤသို့လျှင်,ဩဘာသ အစရှိသော ကိုးပါး။ ထို ကိုးပါး၌ တပ်တတ်သော တဏှာအားဖြင့် ဆယ်ပါးကုန်သော ဝိပဿနာဉာဏ်၏ ညစ်ညူးခြင်း ဟူသော အဆီးအတား ဘေးရန်ကို သိမ်းဆည်းသို့၏ အစွမ်းဖြင့် အကြောင်း ဟုတ်သို့,မဟုတ်သို့ကို မှတ်ခြင်း,ဆုံးဖြတ်ခြင်းသို့ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏ဟု မှတ်ရမည်။

၁၄၉။ ။ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဆိုသည်ကား အဘယ်နည်း။

တထာ ပရိဗန္ဓဝိမုတ္တဿပန တဿ ဥဒယဗ္ဗယဉာဏတော ပဋ္ဌာယ ယာဝါနုလောမာ တိလက္ခဏံ ဝိပဿနာ ပရံပရာယ ပဋိပဇ္ဇန္တဿ နဝဝိပဿနာဉာဏာနိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနာမ။

ဤသို့ ကျမ်းဂန်လာသော့ငွေ့၊ ထိုအခြင်းဖြင့် အဆီးအတား,ဘေးရန်မှ လွတ်သော ထိုယောဂီအားသာလျှင် အဖြစ်အပျက်ကို သိသော ဉာဏ်ဖြစ်သို့မှ စ၍၊သစ္စာနုလောမဉာဏ် ဖြစ်သည့်တိုင်အောင် အနိစ္စ ဒုက္ခ,အနတ္တ ဟူသော လက္ခဏာရေးသုံးပါးကို ဝိပဿနာ အဆက်ဆက်အားဖြင့် ကျင့်သော ယောဂီ၏ ကိုးပါးကုန်သော ဥဒယဗ္ဗယ

ဥာဏ်လျှင် အပိုင်းအခြား ရှိကုန်သော ဥာဏ်တို့သည် ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိ မည်၏ဟု မှတ်ရမည်။ ။ဤသည်ကား၊ ဝိသုဒ္ဓိခြောက်ပါး၏ သရုပ်,အဓိပ္ပါယ်တည်း။ ။ဤအခြင်းအရာကို အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း,ဝိသုဒ္ဓိမဂ်ကျမ်းတို့၌ လာသည် မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါရမီခန်း၌၊—

ဥပါဒါန၊ သက္ကာယဟု၊ တဏှာဘေးထူ။ ငါတည်း ဟူသော်၊ မသူတော်စွာ၊ ဤခန္ဓာမှ၊ ပြည်သာ ပြဿဒ်၊ အရိမဒ်ဟု၊ ဘုံထွတ် ညီးညီး၊မြို့ရပ်သီးသို့၊ လင့်စီး ထောက်ထောက်၊ မရောက်သော့ ကြား၊ ခြောက်တန်နား၍၊ ရသားခြောက်ဆူ၊ သုဒ္ဓိ ဟူသား၊ ယာဉ်ဖြူလှည့်သီး၊ဆူသွယ် စီးမှ၊ပြည်ကြီးလိုက်ပင်း၊ သင်ကုန်လျှင်း၍၊ ရှင်မင်းသဃ်ရာဇ၊ငါ့ထံ ဖြစ်လျက်၊ အစစ်နှင်နှင်၊ သူတော်ခွင်၌၊ ညာတင်စကြိုး၊ ပညာပြိုးသည်၊ ကျမ်းမိုးတတ်စွာ၊ သာရိပုတ္တရာ။

ဟု အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

ဤလင်္ကာ၌ ရထားခြောက်ဆူ၊သုဒ္ဓိ ဟူသား၊ယာဉ်ဖြူလှည့်သီး၊ဆူသွယ်စီးမှ၊ဆိုသော စကား၏ အရသို ဝိသုဒ္ဓိခြောက်ပါးကို ယူရမည်။

၁၅၀။ ။သောတာပန် အစရှိသော အရိယာရှစ်ယောက်တို့သည် အပြားအားဖြင့် အဘယ်မျှ အရေအတွက် ရှိလေသနည်း။

ယေပုဂ္ဂလာ အဋ္ဌသတံ ပသဋ္ဌာတိ ဥူမိဿာဂါထာဝဏ္ဏနာယ အဋ္ဌုတ္တရိသတံ အရိယာ ပုဂ္ဂလာ ကတံ၊

ဤသို့ ကျမ်းဂန် လာသော့ငှေ၊အရိယာရှစ်ယောက်တို့သည် အပြားအားဖြင့် တရာ့ရှစ်ပါး ပြားကုန်သည် မှတ်ရမည်။

၁၅၁။ ။ထိုတရာ့ရှစ်ပါး အပြား ရှိကုန်သော အရိယာပုဂ္ဂိုလ်တို့တွင် သောတာပန်ပုဂ္ဂိုလ်၏ အပြားကား အဘယ်မျှ ပြားသနည်း။

ကေဝိဇ ကောလံကောလ သတ္တက္ခတ္တုပရမောတိ တယော သောတာပန္နာ။ ဒုက္ခပဋိပဒါဒိနံ စတုန္နံ ပဋိပဒါနံ ဝသေန ဒွါဒသ သဒ္ဓါဓုရ, ပညာဓုရ ဝသေနစ စတုဝီသတိ ဟောန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သောတာပန်,ပုဂ္ဂိုလ်သည် ဧကဗီဇ သောတာပန်၊ ကောလံကောလသောတာပန်၊ သတ္တက္ခတ္တုပရမသောတာပန် အားဖြင့် သုံးပါးဖြစ်သတည်း။ ထိုသုံးပါးသော သောတာပန်ပုဂ္ဂိုလ်သည် ဒုက္ခပဋိပဒါဒန္ဓာဘိညာ၌ သုံးပါး၊ ဒုက္ခပဋိပဒါခိပ္ပါဘိညာ၌ သုံးပါး၊ သုခပဋိပဒါဒန္ဓာဘိညာ၌ သုံးပါး၊ သုခပဋိပဒါခိပ္ပါဘိညာ၌ သုံးပါး၊ဤ ပဋိပဒါ လေးပါးတို့တွင် တပါးတပါး၌ သုံးပါး,သုံးပါးစီ ရသောကြောင့်၊တကျိပ်နှစ်ပါး အပြား ရှိ၏၊ထို တကျိပ်နှစ်ပါးသော သောတာပန်,ပုဂ္ဂိုလ်သည် သဒ္ဓါဓုရ၌ တကျိပ်နှစ်ပါး၊ ပညာဓုရ၌ တကျိပ်နှစ်ပါး ပြားပြန်သောကြောင့်၊ သောတာပန်,ပုဂ္ဂိုလ်သည် နှစ်ကျိပ်လေးပါး အပြား ရှိသည် မှတ်ရမည်၊

၁၅၂။ ။သကဒါဂါမ်,ပုဂ္ဂိုလ်တို့၏ အပြားကား အဘယ်မျှ အပြား ရှိသနည်း။

ကာမရူပါရူပဘဝေသု အဓိဂတဖလာ တယော သကဒါဂါမိနော၊ ဒုက္ခပဋိပဒါဒိနံ စတုန္နံ ပဋိပဒါနံ ဝသေန ဒွါဒသ၊ သဒ္ဓါဓုရ ပညာဓုရ ဝသေန စ စတုဝီသတိ ဟောန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊သကဒါဂါမ်သည် ကာမသကဒါဂါမ်, ရူပသကဒါဂါမ်,အရူပသကဒါဂါမ် အားဖြင့် သုံးပါး ဖြစ်သတည်း။ ထိုသုံးပါးသော သကဒါဂါမ်,ပုဂ္ဂိုလ်သည် ဒုက္ခပဋိပဒါဒန္ဓာဘိညာ၌ သုံးပါး၊ ဒုက္ခပဋိပဒါခိပ္ပါဘိညာ၌ သုံးပါး၊ သုခပဋိပဒါဒန္ဓာဘိညာ၌ သုံးပါး၊ သုခပဋိပဒါခိပ္ပါဘိညာ၌ သုံးပါး၊ဤ ပဋိပဒါလေးပါးတို့တွင် တပါးတပါး၌ သုံးပါး,သုံးပါးစီ ရသောကြောင့်၊တကျိပ်နှစ်ပါး အပြား ရှိ၏။ထို တကျိပ်နှစ်ပါးသော သကဒါဂါမ်,ပုဂ္ဂိုလ်သည် သဒ္ဓါဓုရ၌ တကျိပ်နှစ်ပါး၊ ပညာဓုရ၌ တကျိပ်နှစ်ပါးစီ ပြားပြန်သောကြောင့်၊ သကဒါဂါမ်, ပုဂ္ဂိုလ်သည် နှစ်ကျိပ်လေးပါး အပြား ရှိသည် မှတ်ရမည်။

၁၅၃။ ။အနာဂါမ်,ပုဂ္ဂိုလ်တို့၏ အပြားကား အဘယ်မျှ ရှိသနည်း။

အန္တရာပရိနိဗ္ဗာယီ၊ ဥပဟစ္စပရိနိဗ္ဗာယီ၊ သသင်္ခါရပရိနိဗ္ဗာယီ၊ အသင်္ခါရပရိနိဗ္ဗာယီ၊ ဥဒ္ဓံသောတ အကနိဋ္ဌဂါမိတိ၊ အဝိဟေသု ပဉ္စ၊ တထာ အတပ္ပေသု သုဒဿာသု သုဒဿီသု အကနိဋ္ဌေသုပန ဥဒ္ဓံသောတ

ဝဏ္ဏာ စတ္တာရောတိ စတုဗ္ဗိဿတိ အနာဂါမိနော သဒ္ဓါဂုရု,ပညာဂုရုဇာနံ ဝသေန ဒွိဂုဏာ ဟုတွာ အဋ္ဌစတ္တာလီသ ဟောန္တိ၊

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ အနာဂါမ်ပုဂ္ဂိုလ်သည် သဒ္ဓါဝါသ ငါးဘုံတို့တွင် တဘုံတဘုံ၌ ဖြစ်၍ ဖြစ်သော ခဏ၌ ရဟန္တာ အဖြစ်သို့ မရောက်ထည့်သေး၊ ကမ္ဘာတခုတိုင်လျှင် ရဟန္တာ အဖြစ်သို့ ရောက်သော အန္တရာပရိနိဗ္ဗာယိတပါး၊ အသက် အပိုင်းအခြား တဝက် မရောက်မီ ရဟန္တာ အဖြစ်သို့ ရောက်သော အန္တရာပရိနိဗ္ဗာယိ တပါး၊ အသက် အပိုင်းအခြား တဝက်ရောက်မှ ရဟန္တာအဖြစ်သို့ ရောက်သော အန္တရာပရိနိဗ္ဗာယိတပါး၊အသက်အပိုင်းအခြား တဝက် လွန်မှ ရဟန္တာ အဖြစ်သို့ ရောက်သော ဥပဟစ္စတပါး၊ ဥဒ္ဓံသောတ အကနိဋ္ဌဂါမိပရိနိဗ္ဗာယိတပါး၊ဤသို့ငါးပါး ဖြစ်သတည်း။ ထိုငါးပါး သည် အသင်္ခါရငါးပါး,သသင်္ခါရငါးပါး အားဖြင့် တကျိပ် ဖြစ်သတည်း၊ ထိုတကျိပ်သည် အဝိဟာ၌ တကျိပ်၊ အတပ္ပါ၌ တကျိပ်၊ သုဒဿာ၌ တကျိပ်၊သုဒဿီ၌ တကျိပ် အားဖြင့် လေးကျိပ် ဖြစ်သတည်း။အကနိဋ္ဌ ဘုံ၌ကား၊ဥဒ္ဓံသောတ မရှိ။ အန္တရာပရိနိဗ္ဗာယိသုံးပါး၊ဥပဟစ္စတပါး အားဖြင့် လေးပါး ဖြစ်သတည်း၊ ထိုလေးပါးသည် အသင်္ခါရ၌ လေးပါး၊ သသင်္ခါရ၌ လေးပါးအားဖြင့် ရှစ်ပါး ဖြစ်သတည်း၊ ဤသို့လျှင် အနာ ဂါမ်သည် အဝိဟာ၌ တကျိပ်၊ အတပ္ပါ၌ တကျိပ်၊ သုဒဿာ၌ တကျိပ်၊ သုဒဿီ၌ တကျိပ်၊ အကနိဋ္ဌ၌ ရှစ်ပါးအားဖြင့် လေးကျိပ်ရှစ်ပါး အပြား ရှိသည် မှတ်ရမည်။ ။အန္တရာပရိနိဗ္ဗာယိ ဆိုသည်ကား၊ အသက် အပိုင်းအခြား မပြည့်မီ အကြား၌ ကိလေသာ ငြိမ်း၍ ရဟန္တာ အဖြစ် သို့ ရောက်သည်ကို ဆိုသည် မှတ်ရမည်။ ။ဥပဟစ္စ ဆိုသည်ကား၊အသက် အပိုင်းအခြား တဝက်ကို လွန်သဖြင့် ကိလေသာ ငြိမ်း၍ ရဟန္တာ အ ဖြစ်သို့ ရောက်သည်ကို ဆိုသည်မှတ်ရမည်။ ။အသင်္ခါရ ဆိုသည်ကား၊ ပင် ပန်းစွာ လုလ္လ မပြုရပဲ ရဟန္တာအဖြစ်သို့ ရောက်သည်ကို ဆိုသည် မှတ်ရ မည်။ ။သသင်္ခါရ ဆိုသည်ကား ပင်ပန်း,ဆင်းရဲစွာ လုလ္လပြုမှ ရဟန္တာ အဖြစ်သို့ ရောက်သည်ကို ဆိုသည် မှတ်ရမည်။ ။ဥဒ္ဓံသောတ ဆိုသည် ကား၊ သဒ္ဓါဝါသ ငါးဘုံတို့တွင် အောက်အောက်သော ဘုံမှ အ

ထက်အထက်သော ဘုံသို့ တက်၍ ရဟန္တာ အဖြစ်သို့ ရောက်သည်ကို ဆိုသည် မှတ်ရမည်။

၁၅၄။ ။ရဟန္တာပုဂ္ဂိုလ်တို့၏ အပြားကား အဘယ်မျှ ပြားလေသနည်း။

သုက္ခဝိပဿကော သမထယာနိကောတိ။ ဒွေ အရဟန္တာ သဒ္ဓါဓုရ, ပညာဓုရာနံ ဝသေန ဒွိဂုဏာ ဟုတွာ စတ္တာရိ အရဟန္တာနိ ဟောန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ရဟန္တာပုဂ္ဂိုလ်သည် သုက္ခဝိပဿက ရဟန္တာ၊ သမထယာနိကရဟန္တာအားဖြင့် နှစ်ပါး ဖြစ်သတည်း။ ထို နှစ်ပါးသော ရဟန္တာပုဂ္ဂိုလ်သည် သဒ္ဓါဓုရ၌ နှစ်ပါး,ပညာဓုရ၌ နှစ်ပါး အားဖြင့် ရဟန္တာပုဂ္ဂိုလ်ကား လေးပါး အပြား ရှိသည် မှတ်ရမည်။

၁၅၅။ ။မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့၏ အပြားကား၊ အဘယ်မျှ ပြားလေသနည်း။

စတ္တာရောမဂ္ဂါ သဒ္ဓါဓုရ ပညာဓုရာနံ ဝသေန ဒွိဂုဏာ ဟုတွာ အဋ္ဌမဂ္ဂါနိ ဟောန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သောတာပတ္တိမဂ္ဂဋ္ဌာန်,သကဒါဂါမိမဂ္ဂဋ္ဌာန်,အနာဂါမိမဂ္ဂဋ္ဌာန်,အရဟတ္တမဂ္ဂဋ္ဌာန်အားဖြင့် လေးပါး ဖြစ်သတည်း။ ထို လေးပါးသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့သည် သဒ္ဓါဓုရ၌ လေးပါး, ပညာဓုရ၌ လေးပါးအားဖြင့် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ရှစ်ပါး အပြား ရှိသည် မှတ်ရမည်၊ ။ဤသို့လျှင် သောတာပန်ပုဂ္ဂိုလ်နှစ်ကျိပ်လေးပါး၊သကဒါဂါမိပုဂ္ဂိုလ်နှစ်ကျိပ်လေးပါး၊ အနာဂါမိပုဂ္ဂိုလ် လေးဆယ့်ရှစ်ပါး၊ ရဟန္တာပုဂ္ဂိုလ် လေးပါး၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ရှစ်ပါးအားဖြင့် အရိယာပုဂ္ဂိုလ်အပြား တရာ့ရှစ်ပါး အပြား ရှိသည်သာ ဖြစ်၏ ဟူလိုသော်။ ရတနသုတ်ပရိတ်၌၊—

ယေပုဂ္ဂလာ အဋ္ဌသတံ ပသတ္ထာ။

ပုဒ်၏ အရသည်ကား တရာ့ရှစ်ပါး အရိယာပုဂ္ဂိုလ်ကို ယူရမည်။

၁၅၆။ ။သတ္တက္ခတ္တုပရမသောတာပန်သည် ဂုဏ်ကြီးသာဖြစ်၍ ရဟန္တာအဖြစ်သို့ ရောက်လတ္တံ့ ဆို၏။ ထိုသို့ဆိုသော စကား၏ အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရအံ့နည်း။

တတ္ထ မနုဿေသု ယာဝ သတ္တက္ခတ္တုံ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ။ ဒေဝေသုယေဝစ သတ္တက္ခတ္တုံ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ၊ဣမေ တယော နဂဟိတာ မိဿက ဘဝ ဝသေနပနေတ္ထ သတ္တက္ခတ္တုံ ပရမော။

ဤသို့ ကျမ်းဂန်လာသော့ငြ်၊ထိုပုဂ္ဂိုလ်တို့တွင် လူ့ပြည်တို့၌ ၇ကြိမ် တိုင်တိုင်ဖြစ်၍၊ ဆင်းရဲ၏ အဆုံးကို ပြု၍၊နတ်ပြည်တို့၌လည်း ၇ကြိမ် ဖြစ်၍၊ဆင်းရဲ၏ အဆုံးကို ပြုဖို့။ ဤပုဂ္ဂိုလ်တို့ကို ဤသတ္တက္ခတ္တုံအရာ၌ မယူအပ်ကုန်။ လူ့ပြည်နတ်ပြည် ရောက်သော အားဖြင့် ဤအရာ၌ သောတာပန်ကို သတ္တက္ခတ္တုံပရမသောတာပန်ဟု ယူအပ်သည် မှတ်ရမည်။

၁၅၇။ ။ကောလံကောလ သောတာပန်ဆိုသည်ကား၊ အဘယ်သို့ မှတ်ရအံ့နည်း။

ကောလံကောလောတိ ကုလံ ဂစ္ဆတော ကုလင်္ဂ မေတ္တာဘဝေါ အဓိပ္ပေတော။သောတာပန္နကာလတော ပဋ္ဌာယ နိယာကုလေ ဥပ္ပတ္တိနာမ မဟာဘောဂကုလေသုယေဝ နိဗ္ဗတ္တတိ။ ဇဝံနိဗ္ဗတ္တမာနော ဥတ္တမ ကောဋိယော ဒေဝမနုဿေသု ယာဝဆဘဝေ သံသရန္တော ကောလံ ကောလော ဟောတိနာမ။

ဤသို့ ကျမ်းဂန်လာသော့ငြ်၊ ကောလံကောလ သောတာပန်သည်ကား တဘဝမှ တဘဝသို့ ရောက်တတ်သော့ငြ် ကောလံကောလ မည်ဖို့။ ဤကောလံကောလဟူသောပုဒ်၌ ကုလဟူသည်ကား၊ ဘဝကို အလိုရှိအပ်ဖို့။ ထို ကောလံကောလသည် သောတာပန်ဖြစ်သော ကာလမှစ၍ ယုတ်သောအမျိုး၌ ပဋိသန္ဓေနေသော သူမည်သည် မရှိ။များမြတ်သော စည်းစိမ်ရှိသော အမျိုးတို့၌ ဖြစ်ဖို့။ထိုသို့ဖြစ်သည် ရှိသော်လည်း အလွန်သော အဆုံးရှိသော လူနတ်တို့၏ အစွမ်းအားဖြင့် ခြောက်ဘဝ တိုင်အောင် ကျင်လည်သော သူသည် ကောလံကောလ သောတာပန် မည်ဖို့၊ဟု မှတ်ရမည်။

၁၅၈။ ။ဧကဗီဇသောတာပန်ဆိုသည်ကား အဘယ်သို့ မှတ်ရအံ့နည်း။

ဩဃ တေသဘာဝသာ ဗိဇ်ကောမသော၀ အတ္တိတိ ကောဇ်ဇံ။

ဤသို့ ကျမ်းဂန် လာသော့ငွေ့ ဤစကား၌ ကောဇ်ဇံသောတာပန်ပုဂ္ဂိုလ်အားကား၊ တကြိမ်သာလျှင် ဖြစ်သော ဘဝဖွဲ့ ပဋိသန္ဓေဟူသော မျိုးစေ့သည် ရှိ၏။ ထိုသို့တကြိမ်သာလျှင် ပဋိသန္ဓေဟူသော မျိုးစေ့ရှိသော့ငွေ့ ကောဇ်ဇံသောတာပန်မည်သည် မှတ်ရမည်။

၁၅၉။ ။ထိုမှတပါး နည်းတခြားဖြင့် သောတာပန် သုံးပါး၏ အကြောင်းကို အဘယ်သို့ မှတ်ရအံ့နည်း။

ကောပန တေသံ ပဘေဒံ နိယမေတိတိ၊ ဥပရိတ္တိံ မဂ္ဂါနံ ဝိပဿနာ သာဟိသာ ဗလဝတိ ဟောတိ။သော ကောဇ်ဇိနာမ ဟောတိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ့၊ထိုသောတာပန်ပုဂ္ဂိုလ်တို့၏ အပြားကိုကား အထက်၌ သုံးပါးသော မဂ်တို့၏ ဝိပဿနာဖြင့် မှတ်အင်၏။ ထိုဝိပဿနာ ထိုပုဂ္ဂိုလ်အား အားကြီးသည် ဖြစ်၍ ထိုသောတာပန်ပုဂ္ဂိုလ်သည် တကြိမ်သာမျိုးစေ့ရှိသော ကောဇ်ဇိသောတာပန် ပုဂ္ဂိုလ်မည်၏ဟု မှတ်ရမည်။

၁၆၀။ ။ကောလံကောလ သောတာပန်ကို အဘယ်သို့ မှတ်ရအံ့နည်း။

ယသာ တတော မန္ဒသော ကောလံကောလော နာမ။

ဤသို့ ကျမ်းဂန် လာသော့ငွေ့၊ သောတာပန်အား ထိုကောဇ်ဇံသောတာပန်အောက် နုံ့သည် ဖြစ်၏။ ထိုသောတာပန်သည် ကောလံကောလသောတာပန် မည်၏ဟု မှတ်ရမည်။

၁၆၁။ ။သတ္တက္ခတ္တုပရမသောတာပန်ကို အဘယ်သို့ မှတ်ရအံ့နည်း။

ယဿတတော မန္ဒတရော သော သတ္တက္ခတ္တုပရမောနာမ၊

ဤသို့ ကျမ်းဂန် လာသော့ငွေ့ အကြင် သောတာပန်အား ကောလံကောလသောတာပန်အောက် နုံ့သည် ဖြစ်၏။ ထို သောတာပန်သည် သတ္တက္ခတ္တုပရမသောတာပန် မည်၏ဟု မှတ်ရမည်။

၁၆၂။ ။သောတာပန်တည်ပြီးသော ပုဂ္ဂိုလ်တို့သည် အပါယ်ဘုံသို့ သွားရအံ့လော၊မသွားရအံ့လော။ အဘယ်သို့နည်း။

စတုသု အပါယေသု အပတာသဘာဝတ္တာ အဝိနိပါတဓမ္မော သော တာပတ္တိဖလဂ္ဂဖလနိယာမေန နိယတမဂ္ဂတ္တာ နိယတော။ ဥပရိမဂ္ဂတ္တယ သမ္ဗောဓိပရာယနတ္တာ သမ္ဗောဓိပရာယနော၊ သောတသင်္ခါတေန မဂ္ဂေန ဖလံ အာသန္နတ္တာ သောတာပန္နောတိ ဝေဒိတဗ္ဗော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုသောတာပန် ပုဂ္ဂိုလ်တို့သည် အ ပါယ်လေးဘုံသို့ မသွား,မကျတတ်သည်၏ အဖြစ်ကြောင့် အဝိနိပါတဓမ္မ မည်၏။ သောတာပတ္တိဖိုလ် ဟူသော အမှတ်ဖြင့် မြဲသည်၏ အဖြစ်ကြောင့်၊ နိယတမဂ်မည်၏၊ အထက်သုံးပါး ဟူသော လည်းလျောင်းရာရှိသော ကြောင့်၊ သမ္ဗောဓိပရာယန မည်၏၊ သောတဟု ဆိုအပ်သော မဂ်ဖြင့် နီးသည် ၏အဖြစ်ကြောင့် သောတာပန်မည်၏။ ဤသို့လျှင် သောဘာပန် တည်လေ ပြီးသော ပုဂ္ဂိုလ်သည် အပါယ်လေးပါး မသွားရကုန်ပြီဟု ကောန်မှချ မှတ်ရမည်။

၁၆၃။ ။သကဒါဂါမ်ဟု ခေါ်သော သရုပ်,အဓိပ္ပါယ်ကို အဘယ် သို့ သိရအံ့နည်း။

ပဋိသန္ဓိဝသေန သကိံ ဣမံလောကံ အာဂန္တွာတိ သကဒါဂါမိ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ပဋိသန္ဓေအားဖြင့် တကြိမ်သာလျှင်၊ ဤလူပြည်သို့ လာသောကြောင့် သကဒါဂါမ် ဆိုသည် မှတ်ရမည်။

၁၆၄။ ။ပဋိသန္ဓေအားဖြင့် တကြိမ်သာလျှင် ဤလူပြည်သို့ လာ သောကြောင့် သကဒါဂါမ်မည်၏ဟု ချီကား ဆိုလေပြီ၊ထိုသို့သော စကား ၏ အဓိပ္ပါယ်ကို အဘယ်သို့ သိရအံ့နည်း။

တတ္ထ ဣမံ သကဒါဂါမိဖလံ ပတွာ ဣဓေဝ ပရိနိဗ္ဗာယန္တော ဧကော၊ ဣဓ ပတွာ ဒေဝလောကေ ပရိနိဗ္ဗာယန္တော ဧကော၊ ဒေဝလောကေ ပတွာ တတ္ထေဝ ပရိနိဗ္ဗာယန္တော ဧကော၊ ဒေဝလောကေ ပတွာ ဣဓ ပရိနိဗ္ဗာ ယန္တော ဧကောတိ ဣမေ စတ္တာရော နဂဟိတွာ ဣဓ ပတွာ ဒေဝလော ကေ ယာဝတာယုကံ ဝသိတွာ ပုန ဣဓ ဥပ္ပဇ္ဇိတွာ ပရိနိဗ္ဗာယန္တော ဧ ကော ဂဟိတောတိ ဝေဒိတဗ္ဗော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုတကြိမ်သာ ဆိုသော စကား၏ အရသည် ဤလူပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍၊ ဤလူပြည်၌ ပင် လျှင် ပရိနိဗ္ဗာန် ပြုသော သကဒါဂါမ်တပါး၊ ဤလူပြည်၌ သကဒါဂါမိ ဖိုလ်သို့ ရောက်၍ နတ်ပြည်၌ ပရိနိဗ္ဗာန် ပြုသော သကဒါဂါမ်တပါး။ နတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက်၍ ထိုနတ်ပြည်၌ပင် ပရိနိဗ္ဗာန် ပြုသော သကဒါဂါမ်တပါး။ နတ်ပြည်၌ သကဒါဂါမိဖိုလ်သို့ ရောက် ၍၊ ဤလူပြည်၌ ပရိနိဗ္ဗာန် ပြုသော သကဒါဂါမ်တပါး။ ဤလေးပါး သော သကဒါဂါမ်ပုဂ္ဂိုလ်တို့ကို မယူအပ်ကုန်၊ ဤလူပြည်၌ သကဒါ ဂါမိဖိုလ်သို့ ရောက်၍ နတ်ပြည်၌ အသက်အတိုင်းနေပြီးမှ တဖန် လူ ပြည်သို့ ဖြစ်၍ ပရိနိဗ္ဗာန် ပြုသော သူကိုသာလျှင် ယူအပ်၏။ ဤသည်ကား ဤလူပြည်သို့ တကြိမ်သာ လာသောကြောင့်၊ သကဒါဂါမ် မည်၏ ဆို သော စကား၏ အဓိပ္ပါယ်တည်းဟု မှတ်ရမည်။

၁၆၅။ ။ဧကဗီဇိသောတာပန်နှင့် သကဒါဂါမ်ပုဂ္ဂိုလ်ကား ပဋိ သန္ဓေ နေခြင်းကိစ္စ အဘယ်သို့ ထူးကြသနည်း။

ဣမဿပန သကဒါဂါမိနော ဧကဗီဇိနော သန္တိကံ နာနာကရ ဏံ၊ ဧကဗီဇိဿ ဧကော ပဋိသန္ဓိ၊ သကဒါဂါမိဿ ဒွေ ပဋိသန္ဓိ ယော. ဣဒံ တေသံ နာနာကရဏံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့် ဧကဗီဇိသောတာပန်နှင့် ဤလူပြည် သို့ တကြိမ်သာ ပြန်လာသော သကဒါဂါမ်ပုဂ္ဂိုလ်အား အဘယ်သို့ ထူးကြသနည်း ဆိုသော စကား၌ ဧကဗီဇိသောတာပန်သည်ကား ပဋိ သန္ဓေအားဖြင့် တကြိမ်သာ နေသည် ဖြစ်၏။ ဤလူပြည်သို့ တကြိမ်သာ ပြန်လာသော သကဒါဂါမ်သည်ကား ပဋိသန္ဓေအားဖြင့် နှစ်ကြိမ် နေ သည် ဖြစ်၏။ ဤသည်ကား အထူးတည်းဟု မှတ်ရမည်။

၁၆၆။ ။အနာဂါမ်ပုဂ္ဂိုလ်ဘို့အား သုဒ္ဓါဝါသဘုံတို့၌ အန္တရာ ပရိနိဗ္ဗာယိပုဂ္ဂိုလ်၏ အပြားကား အဘယ်မျှ အပြား ရှိလသနည်း၊

အနာဂါမိဿ အာယုနော ဝေမဇ္ဈံ အနတိက္ကမိတွာ အန္တရာဝ ကိ လေသပရိနိဗ္ဗာနံ ပတ္တော အန္တရာပရိနိဗ္ဗာယီနာမ၊ ယောဟိ သော တိဝိဓော ဟောတိ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ အနာဂါမ်ပုဂ္ဂိုလ်တို့တွင် အသက်၏ အလယ်ကို မလွန်မူ၍ အကြား၌သာလျှင် ကိလေသာ၏ ငြိမ်းခြင်းသို့ ရောက်သောအနာဂါမ်ပုဂ္ဂိုလ်သည် အန္တရာပရိနိဗ္ဗာယီ မည်၏။ ထိုအနာဂါမ်အန္တရာပရိနိဗ္ဗာယီပုဂ္ဂိုလ်သည် သုံးပါး အပြား ရှိ၏ဟု မှတ်ရမည်။

၁၆၇။ ။ထိုသုံးပါး အပြား ရှိသော အနာဂါမ်အန္တရာပရိနိဗ္ဗာယီ ပုဂ္ဂိုလ်တို့သည် သုဒ္ဓါဝါသငါးဘုံတို့တွင် အဝိဟာဘုံ၌ အဘယ်သို့ ဖြစ်ဟန် ဖြင့် ဖြစ်သနည်း။

ကပ္ပသဟဿာယုကေသု တာဝ အဝိဟေသု နိဗ္ဗတ္တိတွာ ဧကော နိဗ္ဗတ္တဒိဝသေယေဝ အရဟတ္တံ ပါပုဏာတိ။ နော စေ နိဗ္ဗတ္တဒိဝသေ ပါပုဏာတိ။ ပဌမဿပန ကပ္ပသတဿ မတ္ထကေ ပါပုဏာတိ။ အယမေကော အန္တရာပရိနိဗ္ဗာယီ၊ အပရော ဧဝံ အသက္ကောန္တော ဒွိန္နံ ကပ္ပသတာနံ မတ္ထကေ ပါပုဏာတိ။ အယံ ဒုတိယော။ အပရော ဧဝံပိ အသက္ကောန္တော စတုန္နံ ကပ္ပသတာနံ မတ္ထကေ ပါပုဏာတိ။ အယံ ဒုတိယော။ အပရော ဧဝံပိ အသက္ကောန္တော စတုန္နံ ကပ္ပသတာနံ မတ္ထကေ ပါပုဏာတိ။ အယံ တတိယော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုဒ္ဓါဝါသငါးဘုံတို့တွင် ကမ္ဘာ တထောင် အသက်ရှည်ကုန်သော အဝိဟာဘုံတို့၌ တပါးသော အနာဂါမ်ပုဂ္ဂိုလ်တို့သည် ရှေးဦးစွာ ဖြစ်၍၊ ထိုဖြစ်သော နေ့၌ပင်လျှင် ရဟန္တာ အဖြစ်သို့ ရောက်၏၊ အကယ်၍ ဖြစ်သော နေ့၌ ရဟန္တာ အဖြစ်သို့ မရောက်အံ့။ ထိုသို့ မရောက်သော ရှေးဦးစွာ ဖြစ်သော အနာဂါမ် ပုဂ္ဂိုလ်အားကား ကမ္ဘာတရာ တိုင်လျှင် ကိလေသာ ငြိမ်း၍ ရဟန္တာ အဖြစ်သို့ ရောက်၏။ ဤပုဂ္ဂိုလ်သည် ရှေးဦးစွာ အန္တရာပရိနိဗ္ဗာယီ အနာဂါမ်ပုဂ္ဂိုလ် မည်၏။ တပါးသော အနာဂါမ်ပုဂ္ဂိုလ်သည် ကမ္ဘာတရာတွင် ရဟန္တာ အဖြစ်သို့ မရောက်နိုင်သည် ဖြစ်၍၊ ကမ္ဘာနှစ်ရာ တိုင်လျှင် ကိလေသာ ငြိမ်းသဖြင့် ရဟန္တာ အဖြစ်သို့ ရောက်သော အနာဂါမ် ပုဂ္ဂိုလ်သည် နှစ်ကြိမ်မြောက်သော အန္တရာပရိနိဗ္ဗာယီအနာဂါမ်ပုဂ္ဂိုလ် မည်၏။ တပါးသော အနာဂါမ်ပုဂ္ဂိုလ်သည် ကမ္ဘာနှစ်ရာတွင် ရဟန္တာ အဖြစ်သို့ မရောက်နိုင်သည် ဖြစ်၍ ကမ္ဘာလေးရာ တိုင်လျှင် ကိလေသာ

ငြိမ်းသဖြင့် ရဟန္တာ အဖြစ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်သည် သုံးကြိမ်မြောက်သော အန္တရာပရိနိဗ္ဗာယိအနာဂါမ်ပုဂ္ဂိုလ် မည်၏။ဤသို့ကား အဝိဟာဘုံ၌ အန္တရာပရိနိဗ္ဗာယိအနာဂါမ်ပုဂ္ဂိုလ်သုံးပါးတို့၏ သရုပ်,အဓိပ္ပါယ်တည်းဟု မှတ်ရမည်။

၁၆၈။ ။ဥပဟစ္စအနာဂါမ်ပုဂ္ဂိုလ်တို့၏ သရုပ်,အဓိပ္ပါယ်ကား အဘယ်မျှနည်း။

အာယုနော ဟိ ဝေမဇ္ဈံ ပဋ္ဌမံ ကပ္ပသတံ ဥပဟစ္စ အတိက္ကမိတွာ အရဟတ္တံ ပတ္တော ဥပဟစ္စပရိနိဗ္ဗာယိနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ကမ္ဘာတထောင် အသက် ရှိသော အဝိဟာဘုံ၌ အသက်၏ အလယ် ထက်ဝက် ဖြစ်သော ကမ္ဘာငါးရာ လွန်သဖြင့် ကိလေသာ ငြိမ်း၍၊ ရဟန္တာ အဖြစ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်သည် ဥပဟစ္စပရိနိဗ္ဗာယိအနာဂါမ်ပုဂ္ဂိုလ် မည်၏ဟု မှတ်ရမည်။ ။အတပ္ပါ,သုဒဿာ,သုဒဿီ,အကနိဋ္ဌဘုံတို့၌လည်း နည်းတူ မှတ်ရမည်။

၁၆၉။ ။သသင်္ခါရပရိနိဗ္ဗာယိ၊ အသင်္ခါရပရိနိဗ္ဗာယိ ပုဂ္ဂိုလ်တို့၏ သရုပ်အဓိပ္ပါယ်ကား အဘယ်နည်း။

ယတ္ထ ကတ္ထစိ ဥပ္ပန္နောပန သသင်္ခါရေန သပ္ပယောဂေန ကိလမန္တော ဒုက္ခေနပတ္တော သသင်္ခါရပရိနိဗ္ဗာယိနာမ။ သသင်္ခါရေန အသပ္ပယောဂေန ကိလမန္တော သုခေနစ ပတ္တော အသင်္ခါရပရိနိဗ္ဗာယိနာမ။ဣမေစတ္တာရော ပဉ္စသုပိ သုဒ္ဓါဝါသေသု လဗ္ဘန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊သုဒ္ဓါဝါသငါးဘုံတို့တွင် တဘုံဘုံ၌ ဖြစ်သော အနာဂါမ်ပုဂ္ဂိုလ်သည် တိုက်တွန်းခြင်းနှင့် တကွ ယှဉ်သဖြင့် ပင်ပန်းဆင်းရဲစွာ လုလ္လပြု၍ ရဟန္တာအဖြစ်သို့ ရောက်ခြင်းသည် သသင်္ခါရပရိနိဗ္ဗာယိ အနာဂါမ်ပုဂ္ဂိုလ် မည်၏။ ။တိုက်တွန်းခြင်းနှင့် တကွ မယှဉ်သဖြင့် ပင်ပန်းဆင်းရဲစွာ လုလ္လမပြုရပဲ၊ရဟန္တာအဖြစ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်သည် အသင်္ခါရပရိနိဗ္ဗာယိ အနာဂါမ်ပုဂ္ဂိုလ် မည်၏။ ။ဤသည်ကား သသင်္ခါရပရိနိဗ္ဗာယိ,အသင်္ခါရပရိနိဗ္ဗာယိပုဂ္ဂိုလ်တို့၏ သရုပ်အဓိပ္ပါယ်တည်းဟု မှတ်ရမည်။ ။ဆို

အပ်ခဲ့ပြီးသော အန္တရာပရိနိဗ္ဗာယိသုံးပါး၊ ဥပဟစ္စတပါး၊ ဤ လေးပါးသော ပုဂ္ဂိုလ်တို့ကို သုဒ္ဓါဝါသငါးဘုံတို့၌ ရအပ်ကုန်၏ဟု မှတ်ရမည်၊

၁၇၀။ ။ဥဒ္ဓံသောတအကနိဋ္ဌဂါမိ ပရိနိဗ္ဗာယိ အနာဂါမ်ပုဂ္ဂိုလ်တို့၏ သရုပ်အဓိပ္ပါယ်ကား အဘယ်နည်း။

ယောဟ္ဂ အနာဂါမိဖလံ ပတွာ အဝိဟာတော ပဋ္ဌာယ စတ္တာရော ဗြဟ္မလောကေ နိဗ္ဗတ္တေတွာ၊ တတ္ထ အရဟတ္တံ ပတ္တုံ အသက္ကောန္တော အကနိဋ္ဌံ ဂန္တွာ အရဟတ္တံ ပါပုဏာတိ။ အယံ ဥဒ္ဓံသောတော အကနိဋ္ဌဂါမိ နာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင်ပုဂ္ဂိုလ်သည် ဤ လူ့ပြည်၌ အနာဂါမိဖိုလ်သို့ ရောက်၍၊ ရသော်ဖြင့် အဝိဟာ၊ အတပ္ပါ၊ သုဒဿာ၊ သုဒဿီ၊ ဤလေးဘုံတို့၌ အစဉ်အတိုင်း ဖြစ်၍၊ ထိုဖြစ်ရာ ဘုံတို့၌ ရဟန္တာအဖြစ်သို့ ရောက်စေခြင်းငှါ မတတ်နိုင်သည် ဖြစ်၍၊ အကနိဋ္ဌဘုံသို့ ရောက်မှ ရဟန္တာအဖြစ်သို့ ရောက်သော အနာဂါမ်ပုဂ္ဂိုလ်သည် ဥဒ္ဓံသောတအကနိဋ္ဌဂါမိပရိနိဗ္ဗာယိ အနာဂါမ်ပုဂ္ဂိုလ် မည်၏ဟု မှတ်ရမည်။

၁၇၁။ ။အဘယ့်ကြောင့် ဥဒ္ဓံသောတ အကနိဋ္ဌဂါမိ မည်လေသနည်း။

ဥဒ္ဓမဿ တဏှာသောတံ ဝဋ္ဋသောတံ ဝါ အဿာတိ ဥဒ္ဓံသောတော၊ အကနိဋ္ဌဂါမီတိ အကနိဋ္ဌဂါမီ။

ဤပါဠိတော်ဝစနတ္ထနှင့် လျော်ညီစွာ အထက်၌ ထိုပုဂ္ဂိုလ်အား တဏှာဟူသော အယဉ်သည်ရင်း ရှိ၏။ တနည်း၊ ဝဋ်တည်း ဟူသော အယဉ်သည်ရင်း ရှိ၏၊ ထိုသို့ ရှိသောကြောင့် ဥဒ္ဓံသောတ မည်၏။ ထိုပုဂ္ဂိုလ်အား အကနိဋ္ဌသို့ သွားတတ်၏၊ ထိုသို့ သွားတတ်သောကြောင့် အကနိဋ္ဌဂါမိ မည်၏၊ ထိုကြောင့်လျှင် ဥဒ္ဓံသောတအကနိဋ္ဌဂါမိ မည်လေသည် မှတ်ရမည်။

၁၇၂။ ။ဥဒ္ဓံသောတနှင့် အကနိဋ္ဌဂါမိ အဘယ်သို့ ထူးကြသနည်း။

ယောပန အဝိဟာဒီသု နိဗ္ဗတ္တော တတ္ထ တတော အပရိနိဗ္ဗာယိတွာ အကနိဋ္ဌံပိ အပတွာ ဥဒ္ဓရိမေ ဥပရိမေ ဗြဟ္မလောကေ ပရိနိဗ္ဗာယတိ၊ အယံ ဥဒ္ဓံသောတော န အကနိဋ္ဌဂါမိ နာမ။ သော ဧတော စဝိတွာ အ

ကနိဋ္ဌေယေဝ နိဗ္ဗတ္တတိ၊ အယံ န ဥဒ္ဒံသောတော အကနိဋ္ဌဂါမိနာမ၊ ယောပန အဝိဟာဒိသု စတူသု အညတရသ္မိံ နိဗ္ဗတ္တော တတ္ထေဝ ပရိနိဗ္ဗာယတိ။ အယံ နဥဒ္ဒံသောတော နအကနိဋ္ဌဂါမိနာမ။

ဤသို့ ကျမ်းဂန် လာသော်ငွေ၊ အကြင်,အနာဂါမ် ပုဂ္ဂိုလ်သည် အဝိဟာအစ ရှိသော ဘုံတို့၌ ဖြစ်သည် ရှိသော်၊ ထိုသို့ ဖြစ်ရာဘုံ၌သာ လျှင် ပရိနိဗ္ဗာန် မပြု၊ အကနိဋ္ဌဘုံသို့လည်း မရောက်။ အဝိဟာဘုံမှသည် အထက် ဖြစ်သော အတပ္ပါ,သုဒဿာ,သုဒဿီ၊ ဤ သုံးဘုံသို့ တက်၍ တဘုံဘုံတွင် ပရိနိဗ္ဗာန် ပြုဖို့။ ဤ အနာဂါမ်ပုဂ္ဂိုလ်သည် ဥဒ္ဒံသောတကား မည်ဖို့။ အကနိဋ္ဌဂါမိ မမည် မှတ်ရမည်။ ။အကြင်,အနာဂါမ် ပုဂ္ဂိုလ်သည် ဤ လူ့ပြည်မှ ရတေလျှင်၊ အကနိဋ္ဌဘုံ၌သာ ဖြစ်၍ ပရိနိဗ္ဗာန် ပြုဖို့။ ထိုပုဂ္ဂိုလ်သည် အကနိဋ္ဌဂါမိကား မည်ဖို့။ ဥဒ္ဒံသောတ မမည် မှတ်ရမည်။ ။အကြင်အနာဂါမ်ပုဂ္ဂိုလ်သည် အဝိဟာ,အတပ္ပါ,သုဒဿာ, သုဒဿီ ဤလေးဘုံတွင် တဘုံဘုံ၌ ဖြစ်၍၊ ထိုဖြစ်ရာဘုံ၌ပင် ပရိနိဗ္ဗာန် ပြုဖို့။ ထိုပုဂ္ဂိုလ်သည် ဥဒ္ဒံသောတလည်း မမည်၊ အကနိဋ္ဌဂါမိလည်း မမည် မှတ်ရမည်။ ။သုက္ခဝိပဿကရဟန္တာကား ကောင်းကင်သွားခြင်း,မြေလျှိုးခြင်း,စသည်ကို မတတ်နိုင်။ ခပ်သိမ်းသော ဘေးဆင်းရဲ အပေါင်းတို့မှ ကင်းငြိမ်းသည် ဖြစ်၍ နိဗ္ဗာန်ချမ်းသာကို ခံစားရဖို့ဟု မှတ်ရမည်။ ။သမထယာနိကရဟန္တာကား ကောင်းကင်သွားခြင်း,မြေလျှိုးခြင်း အစရှိသည်ကိုလည်း တတ်နိုင်ဖို့။ ခပ်သိမ်းသော ဘေးဆင်းရဲ အပေါင်းတို့လည်း ကင်းငြိမ်းသည် ဖြစ်၍ နိဗ္ဗာန်ချမ်းသာကို ခံစားရဖို့ဟု မှတ်ရမည်။ ။မဂ္ဂဋ္ဌာန်ဆိုသည်ကား ဖိုလ်ကို ရအံ့သော အကြောင်းကို ဆိုသည် မှတ်ရမည်။ ။စိတ်,စေတသိက်,စိတ္တဇရုပ်တို့ဖို့ ချုပ်ရာ၊ ရာဂ, အစ ရှိသော ဘေးဆင်းရဲအပေါင်းတို့ဖို့ ကင်းရာ,ငြိမ်းရာသည် နိဗ္ဗာန် မည်ဖို့ဟု မှတ်ရမည်။ ။ဆိုအပ်ခဲ့ပြီးသော အခြင်းအရာများကို အဘိဓမ္မာပုဂ္ဂလပညတ်အဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၁၇၃။ ။မိန်းအပြားကား အဘယ်မျှ အပြားရှိသနည်း။

တယောအဂ္ဂိ။ အာဟုနေယျဂ္ဂိ,ဂဟပတဂ္ဂိ,ဒက္ခိဏေယျဂ္ဂိတိ။

ဤသို့ ကျမ်းဂန် လာသော်ငွေ၊ အာဟုနေယျဂ္ဂိ,ဂဟပတဂ္ဂိ,ဒက္ခိ

ဘောယျဂ္ဂ,ဟူ၍ သုံးပါး အပြားရှိ၏ဟု မှတ်ရမည်။

၁၇၄။ ။သိုသုံးပါးတို့တွင် အာဟာရဘောယျဂ္ဂ မီးဆိုသည်ကား အဘယ်နည်း။

မာတာပိတရောဟိ ပုတ္တာနံ ဗဟုပကာရတာယ အာဟာရနံ အာဟာရန္တိ။ တေသု ပိပ္ပဋိပဇ္ဇမာနေသု ပုတ္တာ နိရိယာဒိသု နိဗ္ဗတ္တန္တိ၊ တသ္မာ ကိဋ္ဌာပိ မာတာပိတရော အနုဒဟန္တိ။ အနုဒဟနဿာပန ပစ္စယာ ဟောန္တိ။ ဣတိ အနုဒဟနဋ္ဌေန အာဟာရဘောယျဂ္ဂိတိ ဝုစ္စန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အမိ,အဖတို့သည်ကား သားသမီးတို့အား များသော ကျေးဇူးရှိသည်ဖြစ်၍ အဖြစ်ကြောင့်၊ သားသမီးတို့၏ ပူဇော်သကာကို ခံထိုက်၏။ ထိုသို့ခံထိုက်ကုန်သော မိဘတို့၌ ပြစ်မှားဆန့်ကျင်ခြင်းအကျင့်တန်သော သားသမီးတို့သည် အပါယ်လေးပါးတို့၌ ဖြစ်ကုန်၏။ ထိုကြောင့်၊အမိအဖတို့သည် အကယ်၍ လောင်ခြင်းကို မပြုတတ်ကုန်။သိုသို့ မပြုတတ်ကုန်သော်လည်း၊လောင်ခြင်း၏ အကြောင်းတို့သည် ဖြစ်ကုန်၏။ ထိုသို့ လောင်ခြင်း၏ အကြောင်း ဖြစ်သော သဘောရှိသောကြောင့်၊မိခင်,ဖခင်တို့သည် အာဟာရဘောယျဂ္ဂ မည်၏ဟု ဆိုအပ်ကုန်၏။ထိုကြောင့်၊ပညာရှိသော သားကောင်း,သမီးကောင်းတို့သည် မိခင်,ဖခင်တို့အား ရှိသေကျိုးနွံ ကောင်းမွန်စွာ လုပ်ကျွေးမွေးမြူအပ်သည် မှတ်ရမည်။

၁၇၅။ ။ဂဟပတဂ္ဂ ဆိုသည်ကား အဘယ်နည်း။

ဂဟပတိတိပန ဂေဟဿာမိကော ဝုစ္စတိ၊သော မာတုဂါမဿ သယနဝတ္ထာလင်္ကာရာဒိအနုပ္ပါဒနေန ဗဟုပကာရော တံ အတိစရန္တော မာတုဂါမော နိရိယာ ဒိသု နိဗ္ဗတ္တတိ။တသ္မာ သောပိ ပုရိမနယေနေဝ အနုဒဟနဋ္ဌေန ဂဟပတဂ္ဂိတိ ဝုစ္စော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဂဟပတဂ္ဂ ဆိုသည်ကား၊ အိမ်၏ အရှင်ယောကျ်ားကို ဆိုအပ်၏။ ထိုအိမ်၏ အရှင်ဖြစ်သော ယောကျ်ားသည် ခင်ပွန်းဖြစ်သော မယား၏ အိပ်ရာ,ဝတ်စား,တန်ဆာ,စသည် ဖြစ်စေတတ်သဖြင့် များသော ကျေးဇူး ရှိ၏၊ထိုသို့ ကျေးဇူး ရှိသော အိမ်ရှင်လင်ကို လွန်ကျူး ပြစ်မှားမိသော မယားသည် အပါယ်လေးပါး,ငရဲ, စသည်တို့၌ ခံရသည် ဖြစ်၏၊ထိုသို့ ခံရသောကြောင့်၊ထိုအိမ်ရှင် ဖြစ်သော လင်

ကိုလည်း ရှေးနည်းဖြင့်လျှင် ယောင်စေတတ်သော သဘောငှါ အိမ်ရှင်လင်ကို မယားတို့သည် ဂဟပတဂ္ဂိဟူ၍ ဆိုအပ်၏။ ထို့ငှါ၊ ခင်ပွန်းဖြစ်သော မယားတို့သည် အိမ်ရှင်ဖြစ်သော လင်ကို မပြစ်မှားအပ်၊ ရှိသေကျိုးနွံရာသည် မှတ်ရမည်။

၁၇၆။ ။ဒက္ခိဏေယျဂ္ဂိဆိုသည်ကား အဘယ်နည်း။

ဒက္ခိဏေယျဂ္ဂိတိဧတ္ထ ဒက္ခိဏာတိ ဧတာယသတ္တာ ယထာဓိပ္ပေတာယ သမ္ပတ္တိယာ ဝဍ္ဎန္တီတိ။ ဒက္ခိဏာ စတ္တာရော ပစ္စယာ အရဟန္တီတိ ဘိက္ခုသံဃော ဒက္ခိဏေယျော ဟောတိ။သော ဂိဟီနံ တိသု သရဏေသု သီလသမာဒါနေ မာတာပိတုသမဏဗြာဟ္မဏ ဥပဋ္ဌာနေတိ၊ ဓမ္မာဒီသု ကလျာဏဓမ္မေသု နိယောဇနေန ဗဟူပကာရော တသ္မိံ မိစ္ဆာပဋိပန္နာ ဂိဟီ ဘိက္ခုသံဃေ အက္ကောသိတွာ ပရိဘာသိတွာ နိရယာဒီသု နိဗ္ဗတ္တန္တိ၊တသ္မာ သော ပုရိမနယေနေဝ အနုဒဟနဋ္ဌေန ဒက္ခိဏေယျဂ္ဂိတိ ဝုတ္တော။

ဤသို့ ကျမ်းဂန်လာသောငှါ၊ ဒက္ခိဏေယျဂ္ဂိ ဆိုသည်ကား ကောင်းမှု၏ ပြည့်ရုံခြင်းဖြင့် သတ္တဝါတို့သည် အကြင်အလိုရှိအပ်သော ပြည့်စုံခြင်းဖြင့် ပွားသည် ဖြစ်ကုန်၏။ ထိုသို့ ပွားသည်၏ အဖြစ်ကြောင့်၊ လေးပါးသော ပစ္စည်းတို့ကို ခံထိုက်ကုန်၏။ ထိုသို့ ခံထိုက်သောငှါလည်း ရဟန်းသံဃာသည် ဒက္ခိဏေယျဂ္ဂိ မည်၏။ ထိုသို့ မည်သော ရဟန်းသံဃာသည် လူတို့အား သုံးပါးသော သရဏဂုံတို့ကို ကောင်းစွာ ဆောက်တည်စေခြင်း၌ရင်း၊ အမိ,အဖ,ရဟန်း,ပုဏ္ဏားတို့ကို လုပ်ကျွေးမွေးမြူစေခြင်း၌ရင်း၊ဤသို့ အစရှိကုန်သော ကောင်းသော အကျင့်တို့၌ ယှဉ်စေသဖြင့်၊ များစွာသော ကျေးဇူးသည် ရှိ၏။ ထိုသို့ များစွာသော ကျေးဇူး ရှိသော သူ၌ မှားသော အယူအကျင့် ရှိကုန်သော လူတို့သည် ရဟန်းသံဃာတို့ကို မထီမဲ့မြင် ဆဲရေး,ရေရွတ်သည် ဖြစ်၍၊ အပါယ်လေးပါး အစရှိကုန်သော ငရဲတို့၌ ဖြစ်ကုန်၏။ ထို့ကြောင့်၊ထိုရဟန်းသံဃာတို့ကို ရှေးနည်းအတူဖြင့်လျှင် လောင်စေတတ်သော အနက်ကြောင့် ဒက္ခိဏေယျဂ္ဂိ ဟူ၍ ဆိုအပ်၏။ ထို့ကြောင့်၊ရဟန်းသံဃာတို့အား လူတို့သည် မရိုမသေ,မထီမဲ့မြင် မပြုအပ်ဟု မှတ်ရမည်။ ။ဤအခြင်း

အရာများကို သုတ်ပါထေယျကျမ်း, အင်္ဂုတ္တရတိကနိပါတ်ကျမ်းတို့၌ ဟောတော်မူသည် မှတ်ရမည်။

ဤသို့ ကျမ်းဂန်လာသည်နှင့်အညီ ပါဠိမိခန်း၌၊—

သီလဝန္တာ၊ ရဟန်းစသား၊ မိဘ အိမ့်ရှင်၊ မိမိ လင်ဟု၊ လူတွင် ညီးညီး၊ သုံးပါးမိးကို၊ ရှောင်သီး ယိုးယား၊ ပညာအားပြင့်၊ ယောက်ျား,မိန်းမ၊ ရိုတုပ်ကွ လျက်၊ နှိမ့်ချ ဝေါင်မာန်၊ မဆန် လွှန်တည့်။

ဟူ၍၊ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၁၇၇။ ။အကျိုး မရှိသော အလှူမျိုးငါးပါးကား အဘယ်နည်း။

ပဉ္စဒါနာနိ အပုညာနိ ပုညသမ္မတာနိ လောကသ္မိံ။ မဇ္ဇဒါနံ သမဇ္ဇဒါနံ ဣတ္ထိဒါနံ ဥသဘဒါနံ စိတ္တကမ္မဒါနန္တိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ၊ လောက၌ ကောင်းမှုဟု သမုတ်အပ်ကုန်သော၊ ငါးပါးကုန်သော အလှူတို့သည် ကောင်းမှု မဟုတ်ကုန်။ ထိုသို့ ကောင်းမှု မဟုတ်၊ လှူ၍ အကျိုးမရသော အလှူသည်ကား၊—

(၁)။ သေရည်သေရက်အလှူရှင်း၊

(၂)။ ကချေသဘင်အလှူရှင်း၊

(၃)။ မိန်းမအလှူရှင်း၊

(၄)။ နွားလားဥသဘတို့ကို နွားမတို့ဖို့ အလယ်၌ ကိုယ်ဝန် ယူစိမ့်သောငှာ လွှတ်သော အလှူရှင်း၊

(၅)။ ဆန်းကြယ်စွာ မိန်းမရုပ်,ယောက်ျားရုပ်ကို ပန်းချီဆေး ရေး၍ လှူသော အလှူရှင်း၊

ဤငါးပါးသော အလှူတို့ကို လှူ၍ အကျိုး မရကုန်။ အကုသိုလ်တရားပွားများစိမ့်သောငှာ အကြောင်းသာ ဖြစ်သည် မှတ်ရမည်။ ။ဤအခြင်းအရာကို ဝိနည်းပရိဝါ၌ ဟောတော်မူသည် မှတ်ရမည်။

ထိုငါးပါးတို့တွင် စိတ္တကမ္မဒါန ဆိုရာ၌ မေထုနသေဝန ဖြစ်ဟန် မိန်းမရုပ်,ယောက်ျားရုပ်ကို ဆန်းကြယ်စွာ ပန်းချီဆေး ရေး၍ လှူခြင်းသည် အပ်လည်း မအပ်။ အကျိုးလည်း မရှိ။ အကျိုးလည်း မရ ဖြစ်သည် မှတ်ရမည်။ ကျောင်းဆောင်,စရပ်,ဘုရား,ပုထိုး စသည်တို့၌ ဇာတ်ရုပ်

အစရှိသော အထူးထူးသော အရှင်တို့ကို ဆန်းကြယ်စွာ ရေး၍ လှူခြင်းသည် အပ်လည်း အပ်၏။ အကျိုးလည်း ရှိသည်သာ ဖြစ်သည် မှတ်ရမည်။ အပ်ကြောင်းကို၊—

စိတ္တကမ္မဒါနံ နာမ အာဝါသံ ကာရေတွာ။ တတ္ထ စိတ္တကမ္မံ ကာရေတုံ ဝဋ္ဋတိ။

စိတ္တကမ္မဒါနံနာမ၊ ပန်းချီဆေးဖြင့် ဆန်းကြယ်စွာ ရေး၍ လှူသော အလှူသည်ကား။ အာဝါသံ၊ ကျောင်းကန် အစရှိသော နေရာကို။ ကာရေတွာ၊ ပြုစေ၍။ တတ္ထ၊ ထိုနေရာ၌။ စိတ္တကမ္မံ၊ ဆန်းကြယ်စွာသော ပန်းချီဆေးအမှုကို၊ ကာရေတုံ၊ ပြုစိမ့်သောငှာ၊ ဝဋ္ဋတိ၊ အပ်၏။

သမ္မဒါန–ကျေးသဘင်အလှူ ဆိုရာ၌လည်း ခပ်သိမ်းသော သူတို့အား ကြည့်စေ၊ နာစေ၊ ရွှင်စေခြင်းငှာ တီးစေ၊ မှုတ်စေ၊ ကစေခြင်းသည်သာ အကျိုး မရသည်။ ရတနာသုံးပါးအား လှူဒါန်း၊ ပူဇော်ခြင်းသည် အကျိုး ရ၏ဟု မှတ်ရမည်။ အကျိုးရကြောင်းကို၊—

ဧတ္ထစ ပူဇနတ္ထာယ ကတသ္သ နစ္စသမ္မဇ္ဇသ္သ အာယတိံ သုခဝိပါကော။

ဧတ္ထစ၊ ဤကျေးသဘင်အလှူ၌လည်း။ ပူဇနတ္ထာယ၊ ပူဇော်ခြင်းငှာ။ ကတသ္သ၊ ပြုသော၊ နစ္စသမ္မဇ္ဇသ္သ၊ ကချေသဘင်၏။ အာယတိံ၊ နောင်အခါ၌။ သုခဝိပါကော၊ ချမ်းသာခြင်း ဖို့ အကျိုးတည်း။ ။ဤထေရ အဋ္ဌကထာ အရှင်သီလဝံသမထေရ်အပဒါန်၌ လာသည် မှတ်ရမည်။

ဤသို့ ကျမ်းဂန်လာသည်နှင့်အညီ ပါရမီခန်း၌၊—

လှူပါရှောင်းလည်း၊ ပျင်းသောင်း ဖတ်သပ်၊ မအင်စွာ ထွာ၊ ဒါန အလှူ၊ ဟူသော စေတနာ၊ မမည်ပါတည့်။ ပေးရာ ရှိုး(သိုး)ယွား*၊ ငါးပါး ပေါ်ပျက်၊ ကျိုး မနက်ကို၊ စွန့်ရက်ခဲ့က၊ မရ နှောင်ဘန်၊ မရှိတန်ဟု၊ မျက်မာန် ရှေးရှေး၊ ပေး၍လည်းကောင်း၊ လှူပါ ရှောင်းလည်း၊ ကောင်နှောင်း မျိုးပဲ၊ ကြွတ်(ကျွတ်) ဝယ် ကြွဲးသို့၊

ဟူ၍၊ အရှင်မဟာသီလဝံသ အကျော် စပ်တော်မူလေသည်။

၁၇၈။ ။အကြင်သူတယောက်သည်ကား ကောင်းကျိုး၊ မကောင်းကျိုးကို သိ၏။ အကြင် သူတယောက်သည်ကား ကောင်းကျိုး၊ မကောင်းကျိုး

ကို မသိ။ထို သူနှစ်ယောက်တို့သို့ မကောင်းမှု အကုသိုလ်ကံကို အတူတူ,အမျှမျှ ပြုကြကုန်ဖြို့။ ထို သူနှစ်ယောက်တို့တွင် အဘယ်သူအား အပြစ်သည် အားကြီးလေသနည်း။

ဧတ္တ အကုသလပကျွေ ဇာနန္တော့န ကတကမ္မတော၊ အဇာနန္တော့န ကတကမ္မဿ မဟန္တာဘာဝေါ ဟောတိ။

ဤသို့ ကျမ်းဂန် လာသော့ငှ်၊ ကောင်းကျိုး,မကောင်းကျိုးကို သိသဖြင့် မကောင်းမှု အကုသိုလ်ကံကို ပြုကျင့်သော သူ့ဖြို့ အပြစ်ထက် ကောင်းကျိုး,မကောင်းကျိုးကို မသိသဖြင့် မကောင်းမှု,အကုသိုလ်ကံကို ပြုကျင့်သော သူ့ဖြို့ အပြစ်သို ကြီးသို မှတ်ရမည်။ ။ဤအခြင်းအရာကို အင်္ဂုတ္တရစတုက္ကနိပါတ်အဋ္ဌကထာ၌ လာသို မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသ်နှင့်အညီ ပါရမီခန်း၌၊—

သံသာကမ်းချပ်၊ မကူးခပ်သား၊ အရပ်သုံးဆူ၊ သုံးပါးလူကို၊
မည်သူ ကူးတို့၊မခံမြို့တည့်။ ပို့ပိမ့် ငါသာ၊ သဘောလျာဟု၊
ဧရာဆုကြီး၊ခင်းရပြီးသည်၊ ရှာမှီး သမ္ဘာ၊သုမေဓာ။ ။ပညာ
မျက်စိ၊အမြင်ရှိနှင့်၊မသိ,မကြား၊သူမိုက်အားလျှင်၊ နှစ်ပါး ငြိန္
ဘွဲ့သ်၊ဆိုရေး ကျယ်ဖြို့၊ထို့ဝယ် တတည်၊ ပညာသည်အား၊
စီးပွား မိုးလယ်၊ကြွယ်လည်း မတန်၊တွင်ကျယ်လွန်ဖြို့။အပဏ္ဍိ
တ၊ဗာလ,သူမိုက်၊လူတို့၌ကား၊ရောင်မြိုက်ပညာ၊မထွန်းပါ၍၊
ယုတ်မာ ကျိုးနည်း၊အပြစ် သည်းဖြို့၊ ပမည်း ညွှန်ဌါ၊ ဤအရာ
ကား၊မသာထစ်ခွ၊ဆူးငြောင့်စသား၊ ခြေမျှ ဆန့်လောက်၊ခရီး
ကောက်၌၊ သူ့နောက် မလိုက်၊ တိမ်းတခိုက် လျှင်၊ ငိုက်သော
အသွင်၊မျက်မမြင်တည့်။လမ်းတွင် တိတိ၊ သာစွာဘိသို့၊ သွားမိ
ကောင်းနိုး၊ထောက်ကြိုး ပြင်းပြင်း၊ကြင်ကြွပ်နင်းမူ၊စောင်းပင်း
တိမ်းမူး၊ လွန်းလွန်းရူး၍၊ဖဋိုးဖမိုး၊ ဆူးခွကျိုးလျက်၊ နင်းတိုးခြေ
မိ၊မသိကောက်ရက်၊အဝင် နက်သို့၊ဖက်လက်တူမြို့၊ သူမိုက်
တို့လည်း၊စားဘို့ သောက်ရန်၊ တန်လတ်သောခါ၊ အာသာ
ငမ်းငမ်း၊ * လျှာရည်ယွမ်းမျှ၊ နှုံကြမ်း မသိ၊ ပြစ် မရှိဟု၊အစိ
အစစ်၊မရ ဖြစ်တည့်။သတ်ညှစ် လုယက်၊ ခိုးဖွက် လျှပ်ပေါက်၊

ကြွင်မျှးလောက်လျှင်၊ ပြီးမြောက်ခဲ့က၊ အားရ,ဝမ်းသာ၊ တခါ
တောင်မိ၊ ရသည့်ရှိမူ၊ နောက်ပြိ သက်ဆုံး၊ -ပြောရာထုံးဖြင့်၊
နှလုံးမူးစောက်၊ တအောက်မေ့မေ့၊ ပွားဘိ၍လျှင်၊ ကျက်လေ့
သမှ၊ သားတရကြောင့်၊ အာယု ဆုံးပါး၊ အပါယ်လားဖို့။ ဆိုး
တား ပိတ်ဆို့၊ပညာချို၍၊ဤသို့ တလွစ်၊ဆင်းရဲ နစ်သည်။ ။
အပြစ်သော်လည်း သည်းဖို့တည်း။

ဟူ၍၊အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၁၇၉။ ။အကြွင်သူတယောက်သို့ကား သိလျက် ရဲရဲညီးသောသံ
တွေကို ကိုင်ဖို့။အကြွင် သူဘယောက်သို့ကား မသိပဲလျက် ကိုင်ဖို့။ထို
နှစ်ယောက်တွင် အဘယ်သူအား အလောင် အားကြီးလေသနည်း။

တတ္ထ အယောဂုဠံ အာဒိတ္တံ။သဥ္စနန္တလိတံ သဇောတိဘူတံ ဧကော
ဇာနန္တော ဂဏှေယျ။ဧကော အဇာနန္တော ဂဏှေယျ။ကတမော ဗလ
ဝတရံ ဒဟေယျာတိ။သော အဇာနန္တော ဂဏှေယျ။သော ဗလဝတရံ
ဒဟေယျာတိ။ဝေမေဝခေါ ယော အဇာနန္တော ပါပကမ္မံ ကရောတိ။
တဿ ဗဟုတရံ အပုညန္တိ။

ဤသို့ ကျမ်းဂန် လာသောင့်ငေ၊ ပူပြင်းစွာ ရဲရဲညီမှု အလျှံတောက်
သော သံတွေခဲကို တယောက်သော သူသည် သိလျက်နှင့် ကိုင်ဖို့။ တ
ယောက်သော သူသည် မသိပဲလျက် ကိုင်ဖို့။ အဘယ်သူသည် ပြင်းစွာ
လောင်လေအံ့နည်း၊အကြွင် သူသည် မသိပဲလျက် ကိုင်ဖို့၊ ထိုသူသည်
ပြင်းစွာ လောင်လေဖို့။ ထို့အတူရင်း၊အကြွင် သူသည် ကောင်းကျိုး,
မကောင်းကျိုးကို မသိပဲလျက် မကောင်းမှုကို ပြုဖို့။ ထိုသူအား မ
ကောင်းမှုကံသို့ အားကြီးဖို့ဟု မှတ်ရမည်။ ။ဤအခြင်းအရာများကို
သံယုတ္တနိကာယ် ဂါမဏိသုတ်အဖွင့်နှင့်ရင်း၊မိလိန္ဒပညာကျမ်းတို့နှင့်ရင်း
လာသည်ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါရမီခန်း၌၊—

ကမ္ဗဇန္တု၊လူဟု ဆောက်တည်၊ပညာသည်အား၊ဉာဏ်တရား
ဖြင့်၊စီးပွားသော်မူ၊အထုံ ထူဖို့။အမှု ညစ်ကျူ၊မကောင်းမှုကို၊
ကုန်၍ ထားယံ၊ ယူးယူး ရွံလျက်၊• လုပ်ကြံသမှု၊ အပြစ် နုဖို့။

တန္တို့ကြောင်းချာ၊ ဥပမာကား၊ ကျက်စွာရဲရဲ၊ သံပုခဲ့ကို၊
လောင်မြိုးကိုင်ခက်၊သိလျက်လျက်လျှင်၊ရက်ရက်သွတ်သွတ်၊
ကောက်၍လွှတ်မူ၊ ခေါ်(ချော)ခတ်ဖြင့်အား၊ ချော်တပါးမျှ၊
သည်းဖျား မဲ့နှမ်း၊သင့်ရုံတန့်သို့၊ထိုဟန်ပမာ၊ဖြစ်ကြီးစွာသား၊
ပဋ္ဌာနန္တရိက်၊ အဟိတ်ရောက်ပြီး၊ ဝိပဿနီးကို၊ သီးစေတခြား၊
ထားဘိတို့မှ၊မျက်မာန်ထ၍၊ ခဏတသက်၊ သိလျက်လျက်
လျှင်၊ နူတ်လက်ဆန့်လွှန်၊ ကျင့်မိထွန်အုံ၊ မတန်မရာ၊ကျက်မိ
မှာလျက်၊ ပညာ့ဂိုဏ်ကျိုး၊ အမျိုးမြတ်ထွတ်၊ အလွတ်ဟောဘန်၊
ရဲစွမ်းအန်နှင့်၊ သန်မြန်သောလျက်၊ ကြီးရွယ်ရောက်သား၊
မြောက်ညာတင်တင်၊ ငါသို့စင်လျက်၊ ဆင်ခြင်မပြည့်ဖြစ်
လှည့်ချေပါ၊မရစွာဟု၊တခါဆိုမို့၊အလိုလိုလျှင်၊ ဤသို့စေ့ရေ၊
မြေ၍လည်းကောင်း၊ မှားတိမ်းစောင်းသား၊ အကြောင်း ယွင်း
ငေါ်ထင်လတ်သော်တုံ၊ မတော်ရှေ့ရှု၊ ဤ၌မှုကား၊ လူသူ,
ကွဲ့နွားထိပါးကာမှု၊ စောင်ရန်းပြုလျက်၊ ဆူးပုစည်းသန်း၊
လွတ်ဗမ့်တန်းသား၊စောင်ရန်းလည်းကောင်း၊ လျှို့လျှို့ချောင်း၍၊
နှာမောင်းသိဖျား၊ထွတ်ချိုးစားသို့၊သူအား ချမ်းသာ၊ဘေးဘား
ရာဟု၊ပညာစောင်ရန်း၊သူ့ကိုမှန်းသား၊ဖြောင့်တန်းစနာ၊ဘတ်
လိမ္မာသုံ၊ငါတလည်လည်၊ကျင့်ချိမ့်သိုကား၊လူပြည်ငါထက်၊
ခက်သူမရှိ။ ဤသို့တိလျှင်၊မိမိ ရမ်းဆ၊ တဘ်အားသှ၍၊ တလွ
မှုညစ်မှားသို့ ဖြစ်လည်း၊ ၊အပြစ်နည်း ခေါင်းပါးဖို့တည်း။
ဟူ၍၊အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

သာသနာတော် စည်ပင်,ပြန့်ပွားအံ့သော အကြောင်းကြောင့်၊ သာသနာတော် ဖြစ်သော အမြိုက်ရွှေပြည်နိဗ္ဗာန်ကို အလိုရှိသောကြောင့်၊ ခပ်သိမ်းသော သူအပေါင်းတို့အား မှတ်သား,သိလွယ်စိမ့်သောငှာ အထူးထူးသော အနက်အဓိပ္ပါယ်၊အသွယ်သွယ်သော နည်းနာနယတို့ဖြင့် တန်ဆာဆင်လျက်၊ အစောင်စောင်သော ကျမ်းတို့မှ ကပည့်(ကပ့်)ဘုန်းကြီး ထုတ်နုတ်,စီရင်အပ်သော ပညာ့ကထန ဒုတိယပိုင်းကား ဤတွင်၍ ပြီး၏။

# ပဍ္ဍာကထနကျမ်း၊ တတိယတွဲ။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

၁၈၀။ ။မာတုဃာတက၊ အမိကို သတ်သောကံ။ ပိတုဃာတက၊ အဖကို သတ်သောကံ။ အရဟန္တဃာတက၊ ရဟန္တာကို သတ်သောကံ။ လောဟိတုပ္ပါဒက၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင် ပြုသောကံ၊ သံဃဘေဒက၊ သံဃာကို သင်းခွဲသောကံ။ ဤကံငါးပါးတို့တွင် တပါးပါးကို ပြုမှားသော သူသည် အဝီစိငရဲ၌ ခံရသည် ဆို၏၊ အဘယ်မျှလောက်သော ကာလပတ်လုံး ခံရလေသနည်း၊

သဏ္ဌဟန္တေ ကပ္ပေ ဝါ ကပ္ပမဇ္ဈေ ဝါ သံဃဘေဒံ ကတွာ ကပ္ပဝိနာသေယေဝ မုစ္စတိ။ သစေ ဟိ သွေ ကပ္ပေါ ဝိနဿိဿတိ၊ အဇ္ဇ သံဃဘေဒံ ကရောတိ သွေဝ မုစ္စတိ၊ ဧကဒိဝသမေဝ နိရယေ ပစ္စတိ။ ဧဝံကာရကာပန နတ္ထိ။ သေသာနိ စတ္တာရိ ကမ္မာနိ။ အနန္တရိယာဝ ဟောန္တိ၊ န ကပ္ပဋ္ဌကာနိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တည်စဉ် ဖြစ်သော မဟာကပ်သည် ရှင်း။ မဟာကပ်၏ အလယ်၌ရှင်း၊ သင်းခွဲသော ကံကို ပြု၍ အဝီစိငရဲ၌ ခံရအံ့ အာယုကပ် ပျက်သည့်အခါ၌သာ အဝီစိမှ လွတ်၏။ ထိုစကားသည် မှန်၏၊ နက်ဖြန် အာယုကပ်သည် ပျက်လတ္တံ့၊ ယနေ့ သင်းခွဲသော ကံကို အကယ်၍ ပြုသည် ဖြစ်အံ့။ နက်ဖြန်သာလျှင် အဝီစိငရဲမှ လွတ်၏။ တနေ့သာလျှင် ခံရ၏၊ ဤအာယုကပ်မှ တပါး ခံရသော အကြောင်းသည် မရှိ။ သံဃဘေဒကကံကို ပြုသောသူတို့သည်သာ အာယုကပ် တကပ်သာ ခံရ၏၊ သံဃဘေဒကကံမှ ကြွင်းသော မာတုဃာတက အစရှိသော လေးပါးသော ကံတို့သည်ကား ပဋိသန္ဓေ၏ အခြားမဲ့၌ အဝီစိသို့ ကျစေတတ်သည်သာ ဖြစ်ကုန်၏၊ ကပ်ပတ်လုံး မခံရကုန်ဟု မှတ်ရမည်၊ ။ကပ္ပဋ္ဌက၏ အနက်ကို ဝိဘင်္ဂဝိနောဒနီ၌ကား –

ကပ္ပဋ္ဌံ မဟာနိရယေ အာယုကပ္ပံ၊

ဟု ဆိုသောကြောင့်၊ ဇာဂမ္ဘာကို မယူမူ၍ အဝီစိငရဲကြီး၏ အသက်ကိုသာ ယူရမည်၊ ။ဤသို့ အကြောင်းအရာကို သမ္မောဟဝိနောဒနီအဋ္ဌကထာ ဋီကာ၌ လာသည် မှတ်ရမည်။

၁၈၁။ ။အကြင်သူသည် မာတုဃာတက အစရှိသော အနန္တရိယကံငါးပါးလုံးကို မှားယွင်း၍ ပြုကျင့်မိ၏။ ထိုသူသည် ငါးပါးသော အနန္တရိယကံ၏ အပြစ်ကိုပင် အသီးအသီး ခံရလေသလော။ ထိုသို့မဟုတ် အဘယ်ကံ၏ အပြစ်သာလျှင် ခံရလေသနည်း။

ယေ ပဉ္စပေတာနိ ကမ္မာနိ ကာဘာနိ ဟောန္တိ။တသ္မာ သဃဘေဒေါ ယေဝ ပဋိသန္ဓိဝသေန ဝိပစ္စတိ။သေသာနိ အဟောသိကမ္မံ နာ ဟောသိ။ကမ္မဝိပါကောဘိ ဧဝမာဒိသု သင်္ဂဟံ ဂစ္ဆန္တိ။သဃဘေဒေါဘာဝေ လောဟိတုပ္ပါဒေါ၊ တဒဘာဝေ အရဟန္တဃာတကော၊တဒဘာဝေ သစေ ပိတာ သီလဝါ ဟောတိ။မာတာ ဒုဿီလာ ဟောတိ။ တထာ သီလဝတီ ပိတုဃာတကော။ ပဋိသန္ဓိဝသေန ဝိပစ္စတိ၊သစေ မာတာပိတုဃာတကော ဒွိသုပိ သီလေနဝါ၊ဒုဿီလေနဝါ သမာနေသု မာတုဃာတကော ပဋိသန္ဓိဝသေန ဝိပစ္စတိ။ မာတာဟိ ဒုက္ကရကာရိနီ။ ဗဟုပကာရာဝ ပုတ္တာနံ။

ဤသို့ ကျမ်းဂန် လာသော့ငြောင့်၊အကြင်သူသည် ငါးပါးသော အနန္တရိယကံကို မှားယွင်းပြုကျင့်သည် ဖြစ်အံ့။ ထိုသူအား သဃဘေဒကကံသည်သာလျှင် ရုတ်စိတ်၏ အခြားမဲ့ အဝိစိငရဲ၌ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဖြစ်၍ ခံရ၏။ကြွင်းသော လေးပါးသော ကံတို့သည်ကား ပဋိသန္ဓေအားဖြင့် အဟောသိကံ အဖြစ်သို့ ရောက်လေသည်။ သဃဘေဒကကံမှ တပါး လောဟိတုပ္ပါဒက အစရှိသော လေးပါးသော ကံကို မှားယွင်းမိအံ့။ လောဟိတုပ္ပါဒကကံ၏ အကျိုးသာလျှင် ပဋိသန္ဓေအားဖြင့် အဝိစိ၌ ဖြစ်စေ၏၊ ကြွင်းသော သုံးပါးသော ကံတို့သည် ပဋိသန္ဓေအားဖြင့် အဟောသိကံ ဖြစ်လေသည်။ သံဃဘေဒက,လောဟိတုပ္ပါဒကကံတို့မှ တပါး အရဟန္တဃာတက,အစ ရှိသော သုံးပါးသော ကံတို့ကို မှားယွင်းမိအံ့၊အရဟန္တဃာတက,ကံ၏ အကျိုးသာလျှင် ပဋိသန္ဓေအားဖြင့် အဝိစိ၌ ဖြစ်စေ၏။ကြွင်းသော နှစ်ပါးသော ကံတို့သည် ပဋိသန္ဓေအားဖြင့် အဟောသိကံ ဖြစ်လေသည်။အမိ အဖ နှစ်ပါးစုံကို သတ်မိအံ့၊အဖသည် သီလရှိ၏။အမိသည်ကား သီလမရှိသည် ဖြစ်အံ့။အဖကို သတ်သော ကံ၏ အကျိုးသာလျှင် ပဋိသန္ဓေအားဖြင့် အဝိစိ၌ ဖြစ်စေ၏။အမိကို သက်

သော ကံ၏အကျိုးသည်ကား ပဋိသန္ဓေအားဖြင့် အဟောသိကံ ဖြစ်လေသည်။အမိ,အဖ နှစ်ပါးတို့သည် သီလရှိလျှင် ရှိချင်း၊ မရှိလျှင် မရှိချင်း အင်တူကြသည် ဖြစ်အံ့။အမိကို သတ်သော ကံ၏ အကျိုးသာလျှင် ပဋိသန္ဓေအားဖြင့် အဝိစိ၌ ဖြစ်စေ၏။ အဖကို သတ်သော ကံ၏ အကျိုးသည် ပဋိသန္ဓေအားဖြင့် အဟောသိကံ ဖြစ်လေသည်။အဘဲ့ငွေ့နည်း။ အမိသည်ကား အဖထက် သာ၍ သားတို့အား ပြုစုခဲ့ဖွဲ့သော အမှုကို ပြုပေသည်။ သာ၍ ကျေးဇူး ရှိပေသည်။ထို့ကြောင့် လျှင်တည်းဟု မှတ်ရမည်။ ။အဖကို သတ်သော ကံထက် အမိကိုသတ်သော ကံသည် ကြီး၏။ ထိုထက်ကား ရဟန္တာကို သတ်သော ကံသည် ကြီး၏၊ ထိုထက်ကား လောဟိတုပ္ပါဒကကံသည် ကြီး၏။ထိုထက်ကား သံဃာဘေဒကကံသည် ကြီး၏ဟု မှတ်ရမည်။ ။ဤအခြင်းအရာကိုလည်း ဂင်းသမောဟဝိနောဒနီအဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၁၀၂။ ။မာတုဃာတက,ကံအစ ရှိသော ဤကံငါးပါးကို အဘယ်ကြောင့် အနန္တရိယကံဟု ဆိုလေသနည်း။

အနန္တရိယကမ္မန္တိ အနန္တရေယောဝ အတ္တဘာဝေ ဝိပစ္စနိကံ ကမ္မ ပထဟဿ အဝိဘာဝတ္တံ၊

ဤသို့ ဟောတော်မူသောကြောင့်၊ ဤကံငါးပါးတို့တွင် တပါးပါးကို မှားယွင်းမိသော သူတို့သည် အခြားမရှိ အဝိစိ၌ ခံရသောကြောင့်၊ ဤငါးပါးသော ကံကို အနန္တရိယကံ ဆိုသည် မှတ်ရမည်။ ။ဤအခြင်းအရာကို အင်္ဂုတ္တရဇကနိပါတ်အဋ္ဌကထာ၌ ဟောတော်မူသည် မှတ်ရမည်။

၁၀၃။ ။ဗောဓိစေတီ ဖျက်ဆီးသော သူတို့အား အဘယ်သို့ ခံရအံ့နည်း။

အထ ဘော ပရိနိဗ္ဗုတေ တထာဂတေ စေတိယံ ဘိန္ဒတိ၊ ဗောဓိ ဘိန္ဒတိ ဓာတုမှိ ဥပက္ကမတိ၊တေသံ အနန္တရ သဒိသံ သဓာတုကံပန ထူပံဝါ ပဋိမံဝါ ဗာဓမာနံ။ဗောဓိယာ သာခံ ဆိန္ဒိတုံ ဝဋ္ဋတိ၊ သစေပိ တတ္ထ နိလီနသကုဏာစေတိယေ ဝစ္စံဝါ ပါတေန္တိ၊ ဆိန္ဒိတုံ ဝဋ္ဋတိယေဝ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင်သူတို့သည် ဘုရားသခင်

ပရိနိဗ္ဗာန် ပြုတော်မူပြီးသော်၊ ကိုယ်စားတော် ဖြစ်သော ရုပ်တုဆင်းတုတော်တို့ကိုရင်း။ ဗောဓိပင်ကိုရင်း ဖျက်ဆီးကုန်၍၊ ခေတ်တော်၌ ဖျက်ဆီးအံ့သော အကြောင်းကိုလည်း လူလှ ပြုကုန်၍။ ထိုသူတို့အား လေးသော အပြစ် ရှိသော့ငြေ၊ အနန္တရိယကံနှင့် အလားတူသည်သာ ဖြစ်၍။ ရုပ်တုဆင်းတုစေတီတော်ကို ဖျက်ဆီးအံ့သော အကြောင်း ရှိသော ဗောဓိကိုသော်ကား ခုတ်အင်၍။ ဗောဓိပင်၌ နားသော ငှက်တို့သည် ရုပ်တုဆင်းတုစေတီတော်ကို မစင်ငှုန်၍ ထိမစင် သန့်ရှင်းစိမ့်သောငှာ ငှက်နားသော ဗောဓိခက်ကိုလည်း ခုတ်ဖြတ်အင်၍။ ထိုမှတပါး မအပ်သည်သာ မှတ်ရမည်။ ။ဤအခြင်းအရာကို မဇ္ဈိမနိကာယ်ဗဟုဓာတုသုတ်အဖွင့် အင်္ဂုတ္တရနိကာယ်အဋ္ဌကထာစသော ကျမ်းတို့၌ လာသည် မှတ်ရမည်။

၁၈၄။ ။လောကသုံးပါးတို့၏ အထွတ်မှုံကူ ဖြစ်တော်မူသော ဘုရားသခင် အယူတော်မှတပါး မြဲမြံစွာ မကောင်းသည်၌သာ အမြင်ရှိသော နိယတမိစ္ဆာဒိဋ္ဌိတို့သည် အဘယ်မျှလောက် ခံရလေသနည်း။

တာယ သမာဂတဿဝေ သဂ္ဂေါ အတ္ထိ မဂ္ဂေါ။ ကပ္ပဝိနာသေ မဟာဇနေ ဖြဟ္မလောကေ နိဗ္ဗတ္တန္တေပိ နိယတမိစ္ဆာဒိဋ္ဌိကော တတ္ထ အနိဗ္ဗတ္တိတွာ ပိဋ္ဌိစက္ကဝါဠေ နိဗ္ဗတ္တတိ၊ ငိဋ္ဌိစက္ကဝါဠေ ဈာယမာနေပိ အာကာသေ ဧကသ္မိံ ဩကာသေ ပစ္စတိယေဝါတိ။

ဤသို့ ကျမ်းဂန် လာသော့ငြောင့်၊ ထိုနိယတမိစ္ဆာဒိဋ္ဌိ အယူကို ယူကုန်သော သူတို့အား အဝီစိငရဲ၌ ခံရကုန်၍။ နတ်ပြည်သို့ ရောက်ခြင်း,မဂ်သို့ ရခြင်းလည်း မရှိ။ ကမ္ဘာ ပျက်သည် ရှိသော် များစွာကုန်သော လူတို့သည် ဗြဟ္မာပြည်သို့ ရောက်ကုန်သော်လည်း နိယတမိစ္ဆာဒိဋ္ဌိ အယူရှိကုန်သော သူတို့သည် ထိုဗြဟ္မာပြည်သို့ မရောက်မူ၍ လောကဓာတ် ပျက်ဖက်မှ တပါးသော စကြဝဠာ၌ ဖြောင်း၍ ခံ၍၊ တပါးသော စကြဝဠာ လောင်ပြီးသည် ရှိသော်၊ ကောင်းကင်ဟင်းလင်း တခုသော အရပ်၌ ခံရ၍။ ခံရခြင်း,ဆင်းရဲခြင်း၏ အဆုံးသည် မရှိသည်သာ ဖြစ်သည် မှတ်ရမည်။ ။ဤအခြင်းအရာကို သာရတ္ထဒီပနီဋီကာ အဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၁၈၅။ ။ငရဲပြည်၌ ငရဲထိန်းတို့သည် ရှိကုန်သလော။ ထိုသို့ မဟုတ် မိမိတို့ကံကြမ္မာသာ စီရင်လေသလော။ အဘယ်သို့ ဖြစ်လေသနည်း။

မနုဿလောကေ ရာဇကုလသု ကာရဏိကာ မနုဿာဝိယ နိရိယပါလာ ဟောန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လူပြည်တွင် မင်းမျိုးတို့၌ အထိန်းအကျောင်း,လက်မရှိ ဖြစ်သော လူကဲ့သို့ပင် ငရဲပြည်၌ ငရဲထိန်းတို့သည် ရှိကုန်သည်သာ ဖြစ်သည် မှတ်ရမည်။ ။ဤအခြင်းအရာကို သုတ်မဟာဝါအဋ္ဌကထာ၌ လာသည် မှတ်ရမည်။

တမေနံ ဘိက္ခဝေ နိရိယပါလာတိ။

ဟူ၍လည်း၊ ဒေဝဒူတသုတ်၌ ငရဲထိန်းရှိကြောင်းကို ဘုရားသခင် ဟောတော်မူသည် မှတ်ရမည်။

၁၈၆။ ။နတ်ပြည်၌ နတ်တို့သည် လူတို့ကဲ့သို့ ကာမစည်းစိမ်ကို ခံစားလေသလော။ ထိုသို့မဟုတ် အာလိင်္ဂ,စုမ္ဗ သမသနမျှသာ ဖြစ်လေသလော။ အဘယ်သို့ ဖြစ်လေသနည်း။

ဆန္နံပိပန ကာမာဝစရဒေဝတာနံ၊ ကာမာ ပါကတိကာယေဝ။ မနုဿာဝိယ တံ တံ ဒွယသမာပတ္တိဝသေနေဝ မေထုနံ ပဋိသေဝန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နတ်ပြည်ခြောက်ထပ် နတ်အရပ်၌ နေကုန်သော နတ်တို့အား ကာမတရားသည် လူကဲ့သို့ပင် နှစ်ယောက်သည် နှစ်ယောက်ချင်း ရောက်သည်ဖြစ်၍ အင်္ဂါချင်းဖြင့် မေထုနသေဝန ဖြစ်ကြကုန်သည် မှတ်ရမည်။ ။ဤအခြင်းအရာကို ဘောဓိသကဏ်ဋီကာ၌ လာသည် မှတ်ရမည်။

၁၈၇။ ။ငရဲပြည်,နတ်ပြည်,ဗြဟ္မာပြည်တို့၌ အဘယ် ပဋိသန္ဓေဖြင့် ပဋိသန္ဓေ နေလေသနည်း။

သဗ္ဗေ နေရယိကာ စတုမဟာရာဇိကာဒယော ပဉ္စာယ ဥပရိဒေဝါစ ဩပပါတိကာယေဝ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ငရဲပြည်,နတ်ပြည်,ဗြဟ္မာပြည်တို့၌ ဥပပါတ်ပဋိသန္ဓေဖြင့်သာ ပဋိသန္ဓေ နေကုန်သည် မှတ်ရမည်။ ။ဤအခြင်းအရာကို သာရတ္ထဒီပနီဋီကာ၌ လာသည် မှတ်ရမည်။

၁၈၈။ ။ဘုမ္မပိုးနတ်တို့အားကား အဘယ်ပရိသချွေဖြင့် ပရိသချွေ နေလေသနည်း။

ဘုမ္မဒေါဝါပန စတုယောနိကာစ ဟောန္တိ။

ဤသို့ ကျမ်းဂန်လာသော့ငြောင့်၊ ဘုမ္မပိုးနတ်တို့အားကား အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဥပပါတ်ပရိသချွေ အားဖြင့် ၄ ပါး အပြားရှိသည် မှတ်ရမည်။ ။ဤအခြင်းအရာကို ဂုင်းသာရတ္ထဒီပနီဋီကာ၌ လာသည် မှတ်ရမည်။

၁၈၉။ ။အသညသတ်ပြဟ္မာတို့အား ရုတောခါနီး၌ အဘယ်သို့ ရုတောဟန် ရုတောလေသနည်း။

တေသံ ပရိယောသာနေ သရူပကာယော အန္တရဓာယတိ။ ကာမာဝစရသညာ ဥပ္ပဇ္ဇတိ၊ တေန ဇုဓ သညုပ္ပါဒေန ဒေဝါ ဘုမ္မကာယာ ရုတာတိ ပညာယန္တိ။

ဤသို့ ကျမ်းဂန် လာသော့ငြောင့်၊ အသညသတ်ပြဟ္မာတို့အား ဘဝ အဆုံး၌ ထိုကိုယ်သည် ကွယ်၍ ကာမာဝစရသညာသည် ဖြစ်ဖြို။ ထို ကာမာဝစရသညာ ဖြစ်သဖြင့်၊ ကာမာဝစရဘုံ၌ အသညသတ်ဘုံမှ ရုတော၍ ထင်စွာ ဖြစ်သည် မှတ်ရမည်။ ။ဤအခြင်းအရာကို သမ္မောဟဝိနောဒနီအဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၁၉၀။ ။ဘုရားသခင် ဆွမ်းဘုဉ်းပေးတော်မူသော အခါ၊ အဘယ် ဆွမ်းသို့ကား ချက်၌သာ နတ်တို့ ဩဇာ ထည့်လေသနည်း။ အဘယ် ဆွမ်းသို့ကား လုပ်တိုင်း,လုပ်တိုင်း ထည့်လေသနည်း။

ဘဂဝတော ဒွိသု ပိဏ္ဍပါတေသု ဘာဇနေ တေသု ယံ ဒေဝတာ ဩဇာ ပက္ခိပိံသု။ ယဉ္စ သုဇာတာ အဒါသိ။ ယဉ္စ ပရိနိဗ္ဗာနကာလေ ရုန္ဒော ကုမာရပုတ္တော အဒေသု ကဗဠေ,ကဗဠေ ပက္ခိပန္တိ။

ဤသို့ ကျမ်းဂန် လာသော့ငြောင့်၊ ဘုရားသခင်သည် ဘုရား ဖြစ်တော်မူ အံ့သော နေ့၌ သုဇာတာ လှူသော ဆွမ်း၊ ပရိနိဗ္ဗာန် ပြုတော်မူအံ့သော နေ့၌ ရုန္ဒပန်းတိမ် လှူသော ဆွမ်း၊ ဤဆွမ်းနှစ်ပါး၌သာ ချက်၌ နတ်တို့ ဩဇာ ထည့်သည်။ ဤဆွမ်းနှစ်ပါးမှ တပါးသော ဆွမ်းတို့၌ကား လုပ်တိုင်း,လုပ်တိုင်း ထည့်သည် မှတ်ရမည်။ ။ဤအခြင်းအရာကို ဝိနည်း မဟာဝါအဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၁၉၁။ ။ဝဋ်တရား၌ ထွက်စေ်ခြင်းငှာ အား‌မသုတ်၊ ဤပဋ္ဌာပြန် လောကကိုသာ ငဲ့၍ လာဘ်သက္ကာရ တပ်မက်မောသော သူတို့အား ဘုရား အဘယ်သို့ ဟောတော်မူသနည်း။

ဖလံ ဝေ ကဒလိံ ဟန္တိ။ ဖလံ ဝေဠုံ ဖလံ နဠံ။ သက္ကာရော ကာပုရိသံ ဟန္တိ။ ဂဗ္ဘော အဿတရိံ ယထာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေ၊ စင်စစ်။ ကဒလိံ၊ ငှက်ပျောပင်ကို။ ဖလံ၊ မိမိ အသီးသည်။ ဟန္တိ ယထာ၊ သတ်သကဲ့သို့ရင်း။ ဝေဠုံ၊ ဝါးပင်ကို၊ ဖလံ၊ မိမိ အသီးသည်။ ဟန္တိ ယထာ၊ သတ်သကဲ့သို့ရင်း။ နဠံ၊ ကျူပင်ကို။ ဖလံ၊ မိမိ အသီးသည်။ ဟန္တိ ယထာ၊ သတ်သကဲ့သို့ရင်း၊ အဿတရိံ၊ အာဇာနည်မြင်းမကို။ ဂဗ္ဘော၊ မိမိ ဝမ်း၌ ရှိသော မြင်းသငယ်သည်။ ဟန္တိ ယထာ၊ သတ်သကဲ့သို့ရင်း။ တထာ၊ ထိုအတူ။ ကာပုရိသံ၊ လာဘ်၌ တပ်မက်မောသဖြင့် အကျင့်မရှိ ယုတ်သော သူကို။ သက္ကာရော၊ မိမိ၌ ပူဇော်သော လာဘ်သတ်ပကာသည်။ ဟန္တိ၊ သတ်တတ်၏။ ။ဟူ၍ ဝါ၌ ဟောတော်မူသည် မှတ်ရမည်။

ထို အဿဇာနည်မြင်းမသည်ကား၊ မိမိ ဝမ်း၌ ကိုယ်ဝန်ယူ၍ ဖွား ချိန်တန်လတ်သော်၊ ဖွားအံ့သောငှာ မတတ်နိုင်သည် ဖြစ်၍ မြေကို ခြေ ဖြင့် ပေါက်သျက် ရပ်၏။ ထိုသို့ ရပ်သော မြင်းမ၏ ခြေလေးဘက်ကို တိုင်ငုတ်လေးခုတို့၌ ဖွဲ့ပြီးလျှင် ဝမ်းကို ဖွင့်၍ အဿဇာနည်မြင်း သငယ်ကို ထုတ်ယူကုန်၏။ မြင်းမလည်း ထိုအရပ်၌ပင် သေခြင်းသို့ ရောက်လေသို့။ ထို့ကြောင့်၊ မိမိကိုယ်ကို သတ်အံ့သောငှာ ကိုယ်ဝန်ကို ယူလေသည်ဟု ရှင်ဝါ၌ ဟောတော်မူသည် မှတ်ရမည်။

၁၉၂။ ။တမန်အပြား အင်္ဂါရှစ်ပါး ဆိုသည်ကား အဘယ်နည်း။

သောတာစ သာဝေတာစ ဥဂ္ဂဟေတာစ ဓာရေတာစ ဝိညာတာစ ဝိညာပေတာစ ကုသလောစ သဟိတာ သဟိတဿ နောစ ကလဟကာရကော။

ဤသို့ ဟောတော်မူသော ပါဠိတော်လာသောသင့်၊ တမန်တို့၏ အင်္ဂါ ရှစ်ပါးကား၊—

၁။ မှာသော သတင်းစကားကို ကြားလွယ်သည် တပါး။
၂။ ကြားသော စကားကို ပြန်နိုင်သည်လည်း တပါး။
၃။ မှာသော သတင်းစကားကို မှတ်မိသည်လည်း တပါး။
၄။ အမှတ် မြဲသည်လည်း တပါး။
၅။ စကား၏ အနက်အဓိပ္ပါယ်ကို သိတတ်သည်လည်း တပါး။
၆။ သူတပါးကို သိစေတတ်သည်လည်း တပါး။
၇။ အကျိုး ရှိသည်,မရှိသည်၌ လိမ္မာသည်လည်း တပါး။
၈။ ငြင်းခုံခြင်းကို မပြုသည်လည်း တပါး။
ဤသည်ကား တမန်တို့၏ အင်္ဂါရှစ်ပါးဘည်းဟု မှတ်ရမည်၊ ။ရှုဒ္ဓဝါဒ၌ ဟောတော်မူသည်၊

ဤသို့ ဟောတော်မူသည်နှင့်အညီ သံဂြဟ်ရှိ၍—
ဆိုသော် ကြားတတ်၊ နားဝင် ကြားလွယ်၊ ကြားဖွယ် လေ့ကျက်၊ အနက် မှတ်မိ၊ သတိ မပြယ် မိပ္ပါယ် သိမှု၊ သိအောင် ပြုလျက်၊ နှစ်ရ ခေခြား၊ စီးပွား ရှိ,ခဲ့၊ ငြင်းပြင်း မြင်နေ၊ လိမ္မာဘွဲ့နှင့်၊ သွား လေရာရာ၊ ရန်ရှာမဲ့ ချုပ်၊ ဘုံသံ,နှုတ် နှိမ့်ကြို၊ ဤသို့ ရှစ်ဦး၊ ကျေးဇူး ချီ တမန်တို့လည်း၊
ဟူ၍ အရှင်မဟာရဋ္ဌသာရ ကျော် စင်တော်မူလေသည်။

၁၉၃။ ။အရှင်မောဂ္ဂလာန်မထေရ်သည် ရဟန်းဖြစ်၍ အဘယ်မျှ လောက်သော ကာလ၌ ရဟန္တာအဖြစ်သို့ ရောက်လေသနည်း။

မဟာမောဂ္ဂလာနော ပဗ္ဗဇိတ္တာ သတ္တမေ ဒိဝသေ မဂဓ ရဋ္ဌေ ကလ္လဝါလဂါမံ ဥပနိဿာယ ဝိဟရန္တော ထိနမိဒ္ဓ ဩက္ကမန္တော သတ္ထာရာ သံဝေဇိတော ထိနမိဒ္ဓံ ဝိနောဒေတွာ တထာဂတေန ဒိန္နံ ဓာတုကမ္မဋ္ဌာနံ သုဏန္တောဝ ဥပရိမဂ္ဂတ္တယကိစ္စံ နိဋ္ဌာပေတွာ သာဝ ကပါရမီ ဉာဏဿ မတ္ထကံ ပတ္တော။

ဤသို့ ကျမ်းဂန်လာသည်ကြောင့်၊ အရှင်မောဂ္ဂလာန်မထေရ်သည် ရဟန်းပြုသော နေ့မှ ခုနစ်ရက်မြောက်သော နေ့၌ မဂဓဇနပုဒ်တိုင်း, ကလ္လဝါလရွာကို အမှီပြု၍ နေတော်မူသော အခါ၊ ဘုရားသခင်သို့ ထိန မိဒ္ဓ သက်လတ်သော်၊ အရှင်မောဂ္ဂလာန်မထေရ်အား ထိတ်လန့်ခြင်း

ကို ဖြစ်စေသဖြင့်၊ ထိုနိမိတ္တကို ဖျောက်၍၊ ဘုရားသခင် ဟောတော်မူသော ဓာတုကမ္မဋ္ဌာန်းကို နာသည် ဖြစ်၍လျှင်၊ အထက်မဂ်သုံးပါးကို ပြီးစေလျက်၊ ရှနစ်ရက်အတွင်းတွင် ရဟန္တာ အဖြစ်သို့ ရောက်သည် မှတ်ရမည်၊ ။ဤအခြင်းအရာကို ဓမ္မပဒကျမ်း၌ ဟောတော်မူသည်မှတ်ရမည်။

၁၉၄။ ။အရှင်သာရိပုတ္တရာသည် ရဟန်းဖြစ်၍၊ အဘယ်မျှလောက်သော ကာလ၌ ရဟန္တာအဖြစ်သို့ ရောက်လေသနည်း၊

သာရိပုတ္တတ္ထေရောပိ ပဗ္ဗဇိတဒိဝသတော ပဋ္ဌာယ အဍ္ဍမာသံ အတိက္ကမိတွာ သတ္ထာရာ သဒ္ဓိံ တမေဝ ရာဇဂဟံ ဥပနိဿာယ သူကရခါတလေဏေ ဝိဟရန္တော၊ ဘာဂိနေယျဿ ဒီဃနခပရိဗ္ဗာဇကဿ ဝေဒနာ ပရိဂ္ဂဟသုတ္တန္တေ ဒေသိယမာနေ၊သုတ္တာနုသာရေန ဉာဏံ ပေသေတွာ သာရိပုတ္တတ္ထေရောပိ ပရဿ ဝဍ္ဎိတံ ဘတ္တံ။ပရိဘုဉ္ဇန္တော၀ိယ သာဝကပါရမိဉာဏဿ မတ္ထကံ ပတ္တော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အရှင်သာရိပုတ္တရာမထေရ်သည် ရဟန်းပြုသော နေ့မှ စ၍၊လခွဲ လွန်သဖြင့်၊ ဘုရားသခင်နှင့်တကွ ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဝက်တူးစားရာလိုဏ်၌ နေတော်မူလျက်၊အရှင်သာရိပုတ္တရာ၏ တူပည့် ဖြစ်သော ဒီဃနခအမည် ရှိသော ပရိဗိုဇ်ရဟန်းအား ဝေဒနာကို သိမ်းဆည်းသော လက္ခဏာ ရှိသော သုတ္တန်ကို ဘုရားသခင် ဟောတော်မူသည် ရှိသော်၊ သုတ်ကို အစဉ်မှီးသဖြင့်၊ ဉာဏ်ကို အပြီးသို့ ရောက်အောင် စေ၍၊အရှင်သာရိပုတ္တရာမထေရ်သည် သူတပါး ခူးအပ်သော ထမင်းကို အလွယ်သာ စားသကဲ့သို့၊ လခွဲတိုင်လျှင် ရဟန္တာ အဖြစ်သို့ ရောက်သည် မှတ်ရမည်၊ ။ဓမ္မပဒ၌ ဟောတော်မူသည် မှတ်ရမည်။

၁၉၅။ ။အရှင် မောဂ္ဂလာန် မထေရ်သည်ကား ရဟန်းပြု၍ ခုနစ်ရက်မျှသာ ကြာသဖြင့်၊ ရဟန္တာအဖြစ်သို့ ရောက်လေသည်။အရှင်သာရိပုတ္တရာ မထေရ်ကား အရှင်မောဂ္ဂလာန် မထေရ်ထက် ပညာ ကြီးပါလျက်၊ အဘယ့်ကြောင့် လခွဲ ကြာမှ ရဟန္တာအဖြစ်သို့ ရောက်လေသနည်း။

ပရိကမ္မ မဟန္တတာယ မဟာမောဂ္ဂလာနတော စိရတရေန သာဝကပါရမိဉာဏံ ပါပုဏိ၊

ဤသို့ ပါဠိတော် လာသောကြောင့်၊အရှင်သာရိပုတ္တရာ မထေရ်သည် ကြီးသော ပညာ ရှိလျက်၊ အရှင်မောဂ္ဂလာန်,မထေရ်နောက် လည်း ကြာမှ ရဟန္တာအဖြစ်သို့ ရောက်လေသည်ကား ပရိကံ များသောကြောင့်၊ကြာလေသည် မှတ်ရမည်၊

၁၉၆။ ။ပရိကံ များသောကြောင့်ကား ဆိုဖို့။ ထိုပရိကံဖို့ သရုပ် အဓိပ္ပါယ်ကား အဘယ်နည်း။

ယထာပိ ဒုဂ္ဂတမနုဿော ကဏ္ဍစိ ဂန္တုကာမော ဝိပ္ပမော နိက္ခမန္တို၊ ရ-မှုန့်ပန ဟတ္ထဝါဟန တပ္ပနာဒီဟိ မဟန္တံ့ ပရိကမ္မံ လဒ္ဓုံ ဝဋ္ဋတိတိ။ ဇော် သမ္ဘမိဒံ ဝေဒိတဗ္ဗံ၊

ဤသို့ ပါဠိတော် လာသောကြောင့်၊ ဥပမာကား ဆင်းရဲသော သူတို့သည် တရံတခုသော အရပ်သို့ သွားအံ့သော်ဥ အလိုရှိ၍ သွားကုန်သည် ရှိသော်၊လျင်စွာလျှင် ထွက်ကုန်ဖို့၊မင်းတို့အားသော်ကား ဆင်,မြင်း, ရထား,ခြေသည် အမှူးအမတ် အစရှိသော များစွာသော အဆောက်အဦ ပရိကံနှင့် ပြည့်စုံမှ၊ ထွက်ခြင်း,သွားခြင်းဥ တတ်နိုင်သကဲ့သို့၊ အရှင်သာရိပုတ္တရာဖို့ ပညာတည်း ဟူသော ပရိကံ များလေသည် မှတ်ရမည်။ ။ဝှင်းဓမ္မပဒ ဋ္ဌ ဟောတော်မူသည် မှတ်ရမည်။

၁၉၇။ ။ဒဿပါရမီ,ဒဿဥပပါရမီ,ဒဿပရမတ္ထပါရမီ ဆိုသည်ကား အထူးအားဖြင့် အဘယ်သို့ မှတ်ရအံ့နည်း။

ဗာဟိရဘဏ္ဍပရိစ္စာဂေ ဒါနဒဿပါရမီယောနာမ။ အင်္ဂပရိစ္စာဂေ ဒါနဥပပါရမီယောနာမ။ဇီဝိတပရိစ္စာဂေ ဒါနပရမတ္ထပါရမီယောနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အပ ဖြစ်သော ရွှေငွေ အစ ရှိသော ဥစ္စာဘဏ္ဍာကို စွန့်ကြီးခြင်းသည် ဒဿပါရမီ မည်ဖို့ဟု မှတ်ရမည်။ ။ခြေလက်,အင်္ဂါ အစရှိသည်ကို စွန့်ကြီးခြင်းသည် ဒဿဥပပါရမီ မည်ဖို့ဟု မှတ်ရမည်၊ ။ကိုယ်အသက်ကို စွန့်ကြီးခြင်းသည် ဒဿပရမတ္ထပါရမီ မည်ဖို့ဟု မှတ်ရမည်၊ ၊ဤအခြင်းအရာကို အငဒါန် အဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၁၉၈။ ။ဘုရားသခင် အလောင်းတော်သည် ဖွားတော်မူသော ခဏ၌ မြောက်သို့ ခုနစ်ဖဝါး လှမ်း၍ သွားတော်မူသည် ဆိုသော စကား၌ အ

ဝတ်တန်ဆာနှင့်တကွ မြေ မနင်းမဲ့၊ကြွတော်မူသည်လော။သို့သို့မဟုတ် အချည်းစည်း ကိုယ်တော်ဖြင့် မြေကို နင်းလျက် ကြွတော်မူသည်လော။ အဘယ်သို့ ကြွတော်မူ လေသနည်း။

ဒသဒိသာ ဩလောကေတွာ အတ္တနာ သဒိသံ အဒိသွာ အဟံ ဥတ္တရောတိ။ ဥတ္တရဒိသာဘိမုခေါ သတ္တပဒဝီတိဟာရေန အဂမာသိ။ ဂစ္ဆန္တောစ ပထဝီယာဝ ဂတော နအာကာသေန။ အစေလကောဝ ဂတော နသစေလကော။ ဒဟရော တတော နသောဠသဝဿုဒ္ဒေသိကော။ မဟာဇနပဒ အာကာသေန ဂစ္ဆန္တော ဝိယ အလင်္ကတပဋိယတ္တော ဝိယစ၊ သောဠသဝဿုဒ္ဒေသိကော ဝိယစ အဟောသိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ့၊ ဘုရားသခင် အလောင်းတော်သည် ဖွားတော်မူသော ခဏ၌ ဆယ်ပါးသော အရပ်မျက်နှာတို့ကို ကြည့်၍၊ မိမိနှင့်တူသော သူကို မမြင်လေမှ၊ ငါသည်ကား လူတွင် အကြီးအမြတ်တည်းဟု မြောက်သို့ ရှေ့ရှု ခုနစ်ဖွား လှမ်း၍ သွားတော်မူ၏။ထိုသို့ သွားသော်လည်း၊မြေ၌သာ သွားတော်မူသည်၊ ကောင်းကင်ပြင်၌ သွားတော်မမူ၊အချည်းစည်းသာ သွားတော်မူ၏။ အဝတ်တန်ဆာနှင့် သွားတော်မမူ၊ သူငယ်အဖြစ်ဖြင့်သာ သွားတော်မူ၏။ တဆဲ့ခြောက်နှစ်အရွယ်ဖြင့် သွားတော်မမူ။ လူများ အပေါင်းအားကား ကောင်းကင်ပြင်၌ သွားသကဲ့သို့ ငင်း၊ အဝတ်ဘန်ဆာဆင်လျက် သွားသကဲ့သို့ငင်း၊ တဆဲ့ခြောက်နှစ်အရွယ်ဖြင့် သွားသကဲ့သို့ငင်း၊ ဘုန်းတော်ကြောင့် ထင်ကုန်သည် မှတ်ရမည်။ ၊ဤအခြင်းအရာကို ဇိနာလင်္ကာရကျမ်း၌ လာသည် မှတ်ရမည်။

၁၉၉။ ။ဘုရားသခင် အလောင်းတော်သည် မယ်တော်ဝမ်း၌ ပဋိသန္ဓေ နေတော်မူ၍ ဖွားတော်မူပြီးသည်နောက်၊တပါးသော သူတို့သည် နေခြင်းငှာ ထိုက်အံ့လော။အဘယ်သို့နည်း။

ယသ္မာစ ဗောဓိသတ္တေန ဝသိတကုစ္ဆိနာမ စေတိယဂဗ္ဘသဒိသာ ဟောတိ၊နသက္ကာ အညေန သတ္တေန အာဝသိတုံဝါ ပရိဘုဉ္ဇိတုံဝါ တသ္မာ ဗောဓိသတ္တမာတာ ဂဗ္ဘဝုဋ္ဌာနတော သတ္တမေ ဒိဝသေ ကာလင်္ကတွာ တုသိတပုရေ ဒေဝပုတ္တော ဟုတွာ နိဗ္ဗတ္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဘုရားသခင်-အလောင်းတော်သည် နေ နေတော်မူသော ဝမ်းတိုက်မည်သည်ကား စေတီသိုက်နှင့်တူသည် ဖြစ်၏။ တပါးသော သူတို့သည် နေအံ့သောငှာရင်း။ သုံးဆောင်အံ့သောငှာရင်း။ မသိုက်သည်သာ ဖြစ်၏။ ထိုသို့ ဖြစ်သောကြောင့်၊ ဘုရားလောင်း မယ်တော်သည် ကိုယ်ဝန် ထမြောက်သည်မှ ခုနစ်ရက် မြောက်သော နေ့၌ စုတေ၍ တုသိတာ၌ နတ်သား ဖြစ်တော်မူသည်။ တပါးသော သူတို့သည် နေခြင်းငှာ မသိုက်သည်သာ ဖြစ်သည် မှတ်ရမည်။ ။ဤအခြင်းအရာကို ဗိနာလင်္ကာရဋီကာ၌ လာသည် မှတ်ရမည်။

၂၀၈။ ။ဝါတို့ ဘုရားသခင်-အလောင်းတော်ကို အဘယ့်ကြောင့် သိဒ္ဓတ်ဟူသော အမည်ကို မှည့်လေသနည်း။

အထသာ နာမံ ဂဏှန္တာ သဗ္ဗတော လောကဿ အတ္ထသိဒ္ဓိကရတ္တာ သိဒ္ဓတ္ထောတိ မကံသု။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုအခါ ဘုရားသခင်-အလောင်း တော်ကို ဖွားသော ကာလ၌ ခပ်သိမ်းသော အကျိုးစီးပွားကို ပြီးစေ တတ်သောကြောင့်၊ သိဒ္ဓတ် ဟူသော အမည်ကို မှည့်ကုန်သည် မှတ်ရမည်။ ဇင်းဗိနာလင်္ကာရဋီကာ၌ လာသည် မှတ်ရမည်။

၂၀၁။ ။ကောလာဟလငါးပါး ဆိုသည်ကား အဘယ်နည်း။

ပဉ္စဝိဓံ ကောလာဟလံ။ ကပ္ပကောလာဟလံ ဗုဒ္ဓကောလာဟလံ စက္ကဝတ္တိကောလာဟလံ မင်္ဂလကောလာဟလံ မောနေယျပဋိပဒါ ကောလာဟလန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊

(၁)။ ကမ္ဘာ ပျက်အံ့သည်ကို ကျော်စောခြင်း။

(၂)။ ဘုရား ဖြစ်အံ့သည်ကို ကျော်စောခြင်း။

(၃)။ စကြဝတေးမင်း ဖြစ်အံ့သည်ကို ကျော်စောခြင်း၊

(၄)။ မင်္ဂလာသုတ်တရား ဟောမည်ကို ကျော်စောခြင်း၊

(၅)။ မောနေယျပဋိပဒါ ဆောက်တည်မည်ကို ကျော်စောခြင်း။

ဤသည်ကား ကောလာဟလ ငါးပါး၏ သရုပ်တည်းဟု မှတ်ရမည်။

၂၀၂။ ။ထိုငါးပါးတို့တွင် ကပ္ပကောလာဟလ၏ သရုပ်၊ အ

ဓိပ္ပါယ်ကား အဘယ်နည်း။

တတ္ထ ကာမာဝစရဒေဝါ မုတ္တသိရာ ဝိတ္ထိဏ္ဏကေသာ ရုဒမ္မုခါ အဿုနိ ဟတ္ထေဟိ၊ ပုဉ္ဆမာနာ ရတ္တနိ ဝတ္ထာ အတိဝိယ ဝိရူပဝေသ ဓာရိနော ဟုတွာ၊ ဝဿသတသဟဿစ္စယေန ကပ္ပုဋ္ဌာနံ ဘဝိဿတိ အယံ လောကော ဝိနဿတိ၊ မဟာသမုဒ္ဒေါ သုဿိဿတိ၊ အယံ မဟာပထဝီ သိနေရုပဗ္ဗတရာဇာစ ဥဍ္ဍယှိဿန္တိ။ ယာဝ ဗြဟ္မလောကာ ဝိနာသော ဘဝိဿတိ၊ မေတ္တံ မာရိသာ ဘာဝေထ၊ ကရုဏံ,မုဒိတံ, ဥပေက္ခံ,မာရိသာ ဘာဝေထ။ မာတရံ ဥပဋ္ဌဟထ၊ ပိတရံ ဥပဋ္ဌဟထ၊ ကုလေ ဇေဋ္ဌာပစာယိနော ဟောထ၊ ဇာဂရထ မာပမာဒတ္ထာတိ မနုဿပထေ ဝိစရိတွာ အာရောစေန္တိ။ ဣဒံ ကပ္ပကောလာဟလံ နာမ။

ဤသို့ ကျမ်းဂန်လာသော်ငှါ၊ ကာမာဝစရနတ်တို့သည် လွတ်သော ဦးကြောင်း ရှိသည် ဖြစ်၍၊ ဖရိုဖရဲသော ဆံ ရှိကုန်သည် ဖြစ်၍၊ ငိုသော မျက်နှာ ရှိကုန်သည် ဖြစ်၍၊ မျက်ရည်တို့ကို လက်ဖြင့် သုတ်ကုန်လျက်၊ နီသော ပုဆိုးတို့ကို ဝတ်ကုန်ပြီးသော်၊ အဆင်း မလှသော အသွင်အပြင်ကို ဆောင်ကုန်သည် ဖြစ်၍၊ ဤနှစ်မှသည် အနှစ်တသိန်း လွန်လျှင်၊ ကမ္ဘာပျက်ခြင်းသည် ဖြစ်လတ္တံ့။ ဤလောကသည် ပျက်လတ္တံ့။ မဟာသမုဒ္ဒရာသည် ခြောက်လတ္တံ့။ ဤမြေကြီးသည်၎င်း,မြင်းမိုရ်တောင်သည်၎င်း လောင်ကုန်လတ္တံ့။ ဗြဟ္မာ့ပြည်တိုင်အောင် ပျက်ခြင်းသည် ဖြစ်လတ္တံ့။ အိုအချင်းလူများတို့၊ မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာတို့ကို ပွားစေကုန်သော၊ အမိအဖတို့ကို လုပ်ကျွေးကုန်လော။ ကြီးသော သူတို့ကို ရိုသေကုန်လော၊ နိုးကြားခြင်းနှင့် ပြည့်စုံကုန်လော။ မမေ့မလျော့လင့်ကုန်၊ ဤသို့လျှင် လူတို့ သွားရာ,လမ်းခရီးတို့၌ ကြွေးကြော်ကုန်၏။ ဤသည်ကား ကပ္ပကောလာဟလသရုပ်,အဓိပ္ပါယ်တည်းဟု မှတ်ရမည်။

၂၀၃။ ။ဗုဒ္ဓကောလာဟလ ဆိုသည်ကား အဘယ်နည်း။

သုဒ္ဓါဝါသာပန ဒေဝါ ဗြဟ္မာဘရဏေန အလင်္ကရိတွာ ဗြဟ္မဝေဋ္ဌနံ သီသေ ကတွာ ပီတိသောမနဿဇာတာ ဗုဒ္ဓဂုဏဝါဒိနော ဝဿသဟဿစ္စယေန ဗုဒ္ဓေါ လောကေ ဥပ္ပဇ္ဇိဿတီတိ။ မနုဿပထေ ဝိစရိတွာ အာရောစေန္တိ။ ဣဒံ ဗုဒ္ဓကောလာဟလံ နာမ။

ဤသို့ ကျမ်းဂန် လာသော့ငြ်ေ၊ သုဒ္ဓါဝါသဗြဟ္မာတို့သည် ဗြဟ္မာတို့၏ တန်ဆာဖြင့် တန်ဆာ ဆင်ကုန်သည် ဖြစ်၍၊ ဗြဟ္မာတို့၏ ဦးချစ်ကို ဦးခေါင်း၌ စံပယ်တင်သည်ကို ပြုလျက်၊ အလွန်တရာ ဝမ်းမြောက် ဝမ်းသာစွာ ဘုရားရှင်ဂုဏ်ကျေးဇူးကို ဖြီးမွမ်းကုန်လျက်၊ဤနှစ်မှသည် အနှစ်တထောင် လွန်လျှင်၊ လောကသုံးပါး၌ အတုမရှိ-ဘုရား ဖြစ်လတ္တံ့ဟု လူတို့ သွားရာခရီး၌ ကြွေးကြော်ကုန်၏။ ဤသည်ကား ဗုဒ္ဓ ကောလာဟလ ဖြစ်သည် မှတ်ရမည်။

၂၀၄။ ။စက္ကဝတ္တိကောလာဟလ ဆိုသည်ကား အဘယ်နည်း။

ကာမာဝစရဒေဝါဝယော ဝဿသတစ္စယေန စက္ကဝတ္တိရာဇာ လောကေ ဥပ္ပဇ္ဇိဿတိတိ။ မနုဿပထေ ဝိစရိတွာ အာရောစေန္တိ။ ဣဒံ စက္ကဝတ္တိ ကောလာဟလံ နာမ။

ဤသို့ကျမ်းဂန်လာသော့ငြ်ေ၊ကာမာဝစရနတ်တို့သည်ပင်လျှင် ဤ နှစ်မှသည် အနှစ်တရာ လွန်လျှင်၊ ဤလောက၌ စကြဝတေးမင်းသည် ဖြစ်လတ္တံ့ဟု လူတို့ သွားရာ,လမ်းခရီး၌ ကြွေးကြော်ကုန်၏။ ဤသည် ကား စက္ကဝတ္တိကောလာဟလ ဖြစ်သည် မှတ်ရမည်။

၂၀၅။ ။မင်္ဂလကောလာဟလ ဆိုသည်ကား အဘယ်နည်း။

သုဒ္ဓါဝါသာဒေဝ ဒေဝမနုဿာနံ စိတ္တံ ဉတွာ ဒွါဒသန္နံ ဝဿာနံ အစ္စယေန သမ္မာသမ္ဗုဒ္ဓေါ မင်္ဂလံ ကထေဿတိတိ။ မနုဿပထေ ဝိစရိတွာ အာရောစေန္တိ။ ဣဒံ မင်္ဂလကောလာဟလံ နာမ။

ဤသို့ ကျမ်းဂန် လာသော့ငြ်ေ၊ သုဒ္ဓါဝါသဗြဟ္မာတို့သည်ပင်လျှင် လူတို့၏ စိတ်ကို သိသည် ဖြစ်၍၊ ဤနှစ်မှသော် တဆယ့်နှစ်နှစ် လွန် လျှင်၊လူသုံးပါးတို့၏ အထွတ် ဖြစ်တော်မူသော ဘုရားသခင်သည် မင်္ဂ လာတရားကို ဟောတော်မူလတ္တံ့ဟု လူတို့ သွားရာ လမ်းခရီးတို့၌ လှည့်ပတ်,သွားလာကုန်လျက် ကြွေးကြော်ကုန်၏။ဤသည်ကား မင်္ဂလ ကောလာဟလ ဖြစ်သည် မှတ်ရမည်။

၂၀၆။ ။မောနေယျပဋိပဒါကောလာဟလ ဆိုသည်ကား အဘယ်နည်း။

သုဒ္ဓါဝါသဒေဝါ သတ္တာနံ ဝဿာနံ အစ္စယေန အညတရော ဘိက္ခု ဘဂဝတာ သဒ္ဓိံ သမ္မာဂမ္မ မောနေယျပဋိပဒံ ပုစ္ဆိဿတိ

တိ။ မနုဿပထေ ဝိစရိတွာ အာရောစေန္တိ၊ ဣဒံ မောနေယျ ကောလာဟလံ နာမ၊

ဤသို့ ကျမ်းဂန် လာသော်ငြား၊ သုဒ္ဓါဝါသဗြဟ္မာတို့သည်ပင်လျှင် ဤနှစ်မှသည် ခုနစ်နှစ် လွန်လျှင်၊ တပါးသော ရဟန်းသည် ဘုရားသခင်နှင့်တကွ အညီအညွတ် ဖြစ်၍၊ မောနေယျပဋိပဒါအကြောင်းကို မေးလတ္တံ့ဟု လူတို့ သွားရာ,လမ်းခရီး၌ လှည့်ပတ်,သွားလာကုန်၍ ကြွေးကြော်ကုန်၏။ ဤသည်ကား မောနေယျပဋိပဒါကောလာဟလ ဖြစ်သည် မှတ်ရမည်။ ။ဤအခြင်းအရာများကို ခုဒ္ဒကပါဌအဋ္ဌကထာ၌ လာသည် မှတ်ရမည်၊

မောနေယျပဋိပဒါ ဆိုသည်ကား ပုထုဇ္ဇန် အဖြစ်မှ စ၍ ကိလေသာနှင့် ရောသော စိတ်ကို မဖြစ်စေသဖြင့်၊ ကျင့်အပ်သော အကျင့် ဖြစ်သော်ငြား၊ မောနေယျပဋိပဒါ မည်သည် မှတ်ရမည်၊ တို့ဘုရားသခင် လက်ထက်တော်၌ အရှင်နာလကမထေရ်သည် ဘုရားသခင်အား လျှောက်ကြား၍ အမိန့်တော်ကို နာခံပြီးလျှင်၊ တောင်ခြေရင်း တောအုပ်သို့ ဝင်လေ၍၊ တောအုပ်တခု၌ တရက်ပြင် နှစ်ရက် နေတော်မမူ၊ သစ်တပင်ရင်း၌လည်း တရက်ပြင် နှစ်ရက် နေတော်မမူ၊ ရွာတရွာ၌လည်း တရက်ပြင် နှစ်ရက် ဆွမ်းခံတော်မမူ။ တောအုပ်တခုမှသည် တောအုပ်တခုသို့ သစ်တပင်မှသည် သစ်တပင်သို့၊ ရွာတရွာမှသည် ရွာတရွာသို့ လှည့်လည်၍ ငြိုးငြီး,ဆင်းရဲစွာ ကျင့်သဖြင့်၊ ခုနစ်လ တိုင်လျှင်၊ ရဟန္တာ အဖြစ်သို့ ရောက်၍ ဟိင်္ဂုလအမည် ရှိသော တောင်ခြေရင်း၌ ရပ်လျက်ပင်၊ ပရိနိဗ္ဗာန် ယူတော်မူလေသည်။ ထိုသို့ ပရိနိဗ္ဗာန် ယူလျှင်၊ ဘုရားသခင်သည် သံဃာတော်အပေါင်းနှင့် ကြွတော်မူ၍၊ သင်္ဂြိုဟ်တော်မူပြီးလျှင်၊ စေတီ တည်၍ ဓာတ်တော်ကို ဌာပနာပြီးမှ ပြန်တော်မူသည်။ မောနေယျအကျင့်ကို ဥက္ကဋ္ဌ ကျင့်သော ပုဂ္ဂိုလ်တို့ကား ခုနစ်လသာ အသက် ရှည်နိုင်သည်၊ မဇ္ဈိမ ကျင့်သော ပုဂ္ဂိုလ်ကား ခုနစ်နှစ်သာ အသက် ရှည်နိုင်သည်၊ မုဒု ကျင့်သော ပုဂ္ဂိုလ်ကား တဆဲ့ခြောက်နှစ်သာ အသက် ရှည်နိုင်သည် မှတ်ရမည်၊ ။၎င်းခုဒ္ဒကပါဌအဋ္ဌကထာ၌ လာသည် မှတ်ရမည်၊

၂၀၇။ ။မဇ္ဈိမဒေသအပိုင်းအခြားကို အဘယ် နိမိတ်ဖြင့် စွဲ၍လမ်း၍ မှတ်ရမည်နည်း။

ပုရတ္ထိမာယဒိသာယ ကဇင်္ဂလံနာမ နိဂမော။တဿ ပရေန မဟာသာလာ။တတော ပရံ ပစ္စန္တိမာ ဇနပဒါ၊ ဩရတော မဇ္ဈေ။ ဒက္ခိဏပုရတ္ထိမာယ ဒိသာယ သလ္လဝတီနာမ နဒီ။တတော ပရံ ပစ္စန္တိမာ ဇနပဒါ ဩရတော မဇ္ဈေ၊ ဒက္ခိဏာယ ဒိသာယ သေတကဏ္ဏိကံနာမ နိဂမော၊ တတော ပရံ ပစ္စန္တိမာ ဇနပဒါ ဩရတော မဇ္ဈေ။ ပစ္ဆိမာယ ဒိသာယ ထုနံနာမ ဗြာဟ္မဏဂါမော။တတော ပရံ ပစ္စန္တိမာ ဇနပဒါ ဩရတော မဇ္ဈေ၊ ဥတ္တရာယ ဒိသာယ ဥသိရဒ္ဓဇော နာမ ပဗ္ဗတော။တတော ပရံ ပစ္စန္တိမာ ဇနပဒါ ဩရတော မဇ္ဈေ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အရှေ့မျက်နှာအရပ်၌ ကဇင်္ဂလ အမည် ရှိသော နိဂုံးရွာ၏ ထိုမှာဘက် အင်ကြင်းပင်ကြီး၏ ပြင်သည် ပစ္စန္တရစ် မည်၏။အတွင်းသည် မဇ္ဈိမတိုက် မည်၏။ အရှေ့တောင်ထောင့်အရပ်မျက်နှာ၌ကား သလ္လဝတီအမည် ရှိသော ချင်းတွင်းမြစ်၏ ပြင်သည် ပစ္စန္တရစ် မည်၏။ အတွင်းသည် မဇ္ဈိမတိုက် မည်၏။ တောင်မျက်နှာအရပ်၌ကား သေတကဏ္ဏိကအမည် ရှိသော နိဂုံးရွာ၏ ပြင်သည် ပစ္စန္တရစ် မည်၏၊အတွင်းသည် မဇ္ဈိမတိုက် မည်၏။ အနောက်မျက်နှာအရပ်၌ကား ထုနအမည် ရှိသော ပုဏ္ဏားရွာ၏ ပြင်သည် ပစ္စန္တရစ် မည်၏။အတွင်းသည် မဇ္ဈိမတိုက် မည်၏။ မြောက်မျက်နှာအရပ်၌ကား ဥသိရဒ္ဓဇအမည် ရှိသော တောင်၏ ပြင်သည် ပစ္စန္တရစ် မည်၏။ အတွင်းသည် မဇ္ဈိမတိုက် မည်၏။ ။ဤသို့ကား မဇ္ဈိမဒေသနိမိတ် အပိုင်းအခြားတည်းဟု မှတ်ရမည်၊

၂၀၈။ ။ထိုမဇ္ဈိမဒေသသည် အလျားအားဖြင့်၎င်း၊ အနံအားဖြင့်၎င်း၊ အဝန်းအားဖြင့်၎င်း၊အဘယ်မျှ အပိုင်းအခြား ရှိလေသနည်း။

အယံ မဇ္ဈိမဒေသော နာမ အာယာမေန တိယောဇနသတာနိ၊ဝိတ္ထာရေန အဍ္ဎတေယျာနိ၊ပရိက္ခေပေန နဝယောဇနသတာနိ ဟောန္တိ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊မဇ္ဈိမဒေသသည် အလျားအားဖြင့် ယူဇနာ သုံးရာ ရှိသည်။အနံအားဖြင့်ကား ယူဇနာနှစ်ရာ့ငါးဆယ် ရှိသည်၊

အဝန်းအားဖြင့်ကား၊တိတိ ခတ်သော်၊ယူဇနာ ခုနစ်ရာ့ငါးဆယ် ရှိသို့၊ အပြင်ခတ်သော်ကား ယူဇနာကိုးရာ ရှိသည် မှတ်ရမည်၊ ။ဧင်း ခုဒ္ဒကပါဌအဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၂၀၉။ ။နတ်တို့သို့ အနီး၌ဧင်း၊အဝေး၌ဧင်း အာရုံပြု၍ ကြည့်သို့ ရှိသော်၊ အလိုအတိုင်း ဒိဗ္ဗစက္ခုနတ်မျက်စိဖြင့် မြင်လေသို့၊ အဘယ့်ကြောင့် မြင်လေသနည်း။

ဒေဝတာနံ ဟိ သုစရိတကမ္မံ နိဗ္ဗတ္တံ။ပိတ္တ သေမှ ရုဟိရာဒိဟိ အပလိဗုဒ္ဓံ ဥပက္ကိလေသဝိမုတ္တတာယ ဒူရေပိ အာရမ္မဏသမ္ပဋိစ္ဆနသမတ္ထံ ဒိဗ္ဗပသာဒစက္ခု ဟောတိ။

ဤသို့ ကျမ်းဂန်လာသော့ငွေ့၊ နတ်တို့အား ကောင်းစွာ ကျင့်အပ်သော ကံကြောင့် ဖြစ်သော သည်းခြေ,သလိပ်,သွေး, အစရှိသည်တို့ဖြင့် မလိမ်းကျံသော ညစ်ညူးခြင်းမှ လွတ်သည်ဖြစ်၍ အဖြစ်ကြောင့်၊ အဝေး၌ ဖြစ်သော အာရုံကိုလည်း ခံခြင်း,မြင်ခြင်းငှာ စွမ်းနိုင်သော ဒိဗ္ဗစက္ခု,ပသာဒစက္ခု ဖြစ်သည် မှတ်ရမည်၊

၂၁၀၊ ။ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာအရှင်မြတ်တို့၏ မြင်ခြင်းကား နတ်တို့၏ မြင်ခြင်းနှင့် တူအံ့လော၊ ထူးအံ့လော အဘယ်သို့နည်း။

ဉာဒဋ္ဌာပိ ဝိဒယဘာဝနာဗလ နိဗ္ဗတ္တံ ဉာဏစက္ခု တာဒိသမေဝ။

ဤသို့ ကျမ်းဂန်လာသော့ငွေ့၊ ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာအရှင်မြတ်တို့၌ ဝိရိယဘာဝနာ၏ စွမ်းကြောင့် ဖြစ်သော အဘိညာဏ်သည်လည်း နတ်ပြည်၌ ဖြစ်သော ဒိဗ္ဗစက္ခုတို့နှင့် အတူ မြင်တော်မူကုန်သည် မှတ်ရမည်။ ။ဒိဗ္ဗသောတ၌လည်း နည်းတူ မှတ်ရမည်၊ နတ်တို့မှာ မံသစက္ခု,မံသသောတဖြင့် မြင်သည်၊ကြားသည်၊ ဘုရား, ပစ္စေကဗုဒ္ဓါ,ရဟန္တာအရှင်မြတ်တို့မှာ အဘိညာဏ်ဖြင့် မြင်တော်မူကုန်သည်။ကြားတော်မူကုန်သည်၊ထိုသို့ မြင်ခြင်း,ကြားခြင်း၌ အထူးတူသည်သာ ဖြစ်သည် မှတ်ရမည်၊ ။ဤအခြင်းအရာများကို ပါရာဇိကဏ်အဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၂၁၁၊ ။ဘုရားသခင်အလောင်းတော်သို့ဖွားတော်မူသော ခဏ၌ စကား ဆိုတော်မူသို့ကား အဘယ်အဖြစ်၌ ဆိုတော်မူလေသနည်း။

ဗောဓိသတ္တော ပဌမံ တိဿ အတ္တဘာဝေသု မာတာ ကုန္တိ၊ တော နိက္ခမန္တပတ္တာ၀ ဝါစံ နိစ္ဆာရေသိ။ မဟောသထဘာဝေ ဝေဿန္တရတ္တဘာဝေ ပစ္ဆိမတ္တဘာဝေ ဇာမသ္မိံ အတ္တဘာဝေတိ။

ဤသို့ ကျမ်းဂန်လာသောခြင့်၊ ဘုရားအလောင်းတော်သည် သုံးပါးသော ကိုယ်တော် အဖြစ်၌ မယ်တော်ဝမ်းမှ ဖွားသော ခဏ၌ချင် စကားဆိုတော်မူသည်ကား မဟောသထ အဖြစ်၌၎င်း၊ ဝေဿန္တရာ အဖြစ်၌၎င်း၊ သိဒ္ဓတ္ထကုမာရ အဖြစ်၌၎င်း ဤသုံးပါးသော ကိုယ်တော် အဖြစ်၌ မယ်တော်ဝမ်းမှ ဖွားတည့်လျှင်ပင် စကား ဆိုတော်မူသည် မှတ်ရမည်။ ။ဤအခြင်းအရာကို ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၂၁၂။ ။ဖွားဘက်တော်ခုနစ်ပါး ဆိုသည်ကား အဘယ်နည်း။

အဓာကံ သဗ္ဗညုဗောဓိသတ္တေန ကိရ သဒ္ဓိံ ရာဟုလမာတာ, အာနန္ဒတ္ထေရော,ဆန္နော, ကဏ္ဍကော, ဆန္ဒကော မဟာနိဓိကုမ္ဘာ,မဟာ ဗောဓိ,ကာလုဒါယိတိ ဣမာနိ သတ္တသဟဇာတာနိ။

ဤသို့ ကျမ်းဂန် လာသောခြင့်၊ ငါတို့ဘုရားသခင်အလောင်းတော် နှင့် ဖွားဖက်တော်ကား ယသောဓရာ,ရှင်အာနန္ဒာမထေရ်,ဆန္နမထေရ်, ကဏ္ဍကမြင်း,ရွှေအိုးကြီးလေးလုံး, ဗောဓိပင်,ကာလုဒါယီမထေရ်, ဤ သည်ကား ဘုရားသခင် ဖွားဘက်တော်ခုနစ်ပါး၌ သရုပ်တည်းဟု မှတ်ရမည်။ ။၎င်း ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၂၁၃။ ။ရွှေအိုးကြီးလေးလုံး ဆိုသည်ကား အဘယ်နည်း။

(၁)။ သင်္ခမည်သော ရွှေအိုးကား တဂါဝုတ် ရှိ၏။

(၂)။ ဧလမည်သော ရွှေအိုးကား နှစ်ဂါဝုတ် ရှိ၏။

(၃)။ ဥပလမည်သော ရွှေအိုးကား သုံးဂါဝုတ် ရှိ၏။

(၄)။ ပုဏ္ဍရိကမည်သော ရွှေအိုးကား တယူဇနာ ရှိ၏။

ဤသည်ကား ရွှေအိုးကြီးလေးလုံးတည်းဟု မှတ်ရမည်။

၎င်း ဗုဒ္ဓဝင်အဋ္ဌကထာ၌ လာသည်။

၂၁၄။ ။ဘုရားသခင်အလောင်းတော်သည် မယ်တော်ဝမ်းသို့ သက်တော်မူသည်မှစ၍ အဘယ်အခါ၌ အဘယ်နက္ခတ်သည် ယှဉ်

လေသနည်း။

မဟာပုရိသောပန ဥတ္တရာသဠ္ဌနက္ခတ္တေနဝ မာတုကုစ္ဆိံ ဩက္ကမိ၊ မဟာဘိနိက္ခမနံ နိက္ခမိ၊ ဓမ္မစက္ကံ ပဝတ္တေတိ။ ယမကပါဋိဟာရိယံ အကာသိ။ ဝိသာခါနက္ခတ္တေနေဝ ဇာတောဝ အဘိသမ္ဗုဒ္ဓေါစ ပရိနိဗ္ဗုတော စ၊ မာဃနက္ခတ္တေန တဿ သာဝကသန္နိပါတောစ အာယုသင်္ခါ ရဝေါဿဇ္ဇနဉ္စ အဟောသိ။ အဿယုဇ္ဇနက္ခတ္တေ ဒေဝေါရောဟနံ၊

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ဘုရားသခင်အလောင်းတော်သည် ဥတ္တရာသံနက္ခတ်နှင့် ယှဉ်လျက်လျှင်၊ မယ်တော်ဝမ်းသို့ သက်တော်မူသည်။ တောထွက်တော်မူသည်။ ဓမ္မစကြာတရား ဟောတော်မူသည်။ ယမိုက်ပြာဋိဟာ ပြတော်မူသည်။ ဝိသာခါနက္ခတ်နှင့် ယှဉ်လျက် ဖွားတော်မူသည်၊ ဘုရား အဖြစ်သို့ ရောက်တော်မူသည်။ ပရိနိဗ္ဗာန် ပြုတော်မူသည်။ မာဃနက္ခတ်နှင့် ယှဉ်လျက် သာဝကတို့နှင့် စည်းဝေးတော်မူသည်။ အာယုသင်္ခါရ ဖွတ်တော်မူသည်။ အဿယုဇ္ဇနက္ခတ်နှင့် ယှဉ်လျက် တာဝတိံသာနတ်ပြည်မှ သက်တော်မူသည်။ ဤသို့လျှင် ဤမည်သော အခါအခါတို့၌ ဤမည်သော နက္ခတ်တို့နှင့် ယှဉ်ကုန်သည် မှတ်ရမည်။ ။ငင်း ဇိနာလင်္ကာရဋီကာ၌ လာသည် မှတ်ရမည်။

၂၁၅၊ ။နှစ်ကျိပ်ငါးဆူသော ဘုရားသခင်တို့၏ ဝေမတ္တရှစ်ပါးတို့၏ သရုပ်ကား အဘယ်နည်း။

ပဉ္စဝီသတိယာ အဋ္ဌဝေမတ္တာနိ ဝေဒိတဗ္ဗာနိ။ ကတမာနိ အဋ္ဌ။ အာယုဝေမတ္တံ၊ ပမာဏဝေမတ္တံ၊ ကုလဝေမတ္တံ၊ ပဓာန ဝေမတ္တံ၊ ရံသိဝေမတ္တံ၊ ယာန ဝေမတ္တံ၊ ဗောဓိရုက္ခ ဝေမတ္တံ၊ ပလ္လင်္က ဝေမတ္တန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊

(၁)။ အသက်တော်လည်း တူနေ မရှိ။ အတိုင်းအရှည်အားဖြင့် ကွဲးလွဲး,ထူးခြားတော်မူကုန်သည်၊

(၂)၊ အရပ်တော်လည်း တူနေ မရှိ။ အနိမ့်,အမြင့်အားဖြင့် ကွဲးလွဲး,ထူးခြားတော်မူကုန်သည်။

(၃)၊ အမျိုးတော်လည်း တူနေ မရှိ။ မင်းမျိုး,ပုဏ္ဏားမျိုးအားဖြင့် ကွဲးလွဲး,ထူးခြားတော်မူကုန်သည်။

(၄)။ ဒုက္ကရင်ဇရိယာအကျင့်လည်း တူနေ မရှိ။ ကာလ အတို,အရှည် အားဖြင့် ကွဲးလွဲး,ထူးခြားတော်မူကုန်သည်။

(၅)။ ရောင်ခြည်တော်လည်း တူနေ မရှိ။ ဒႏ ဝေး,အနီး နှံ့သောအားဖြင့် ကွဲးလွဲး,ထူးခြားတော်မူကုန်သည်။

(၆)။ တောထွက်တော်မူသော အခါ စီးတော်မူသော ယာဉ်သ်လည်း တူနေ မရှိ။ ဆင်,မြင်း,ရထား,ထမ်းစင်,အားဖြင့် ကွဲးလွဲး,ထူးခြားတော်မူကုန်သည်။

(၇)။ ပွင့်တော်မူသော ဗောဓိပင်သ်လည်း တူနေ မရှိ၊ ညောင်ဗုဒ္ဓဟေ, ညောင်ကြွတ် အစရှိသော အားဖြင့် ကွဲးလွဲး, ထူးခြားတော်မူကုန်သည်။

(၈)။ ပလ္လင်တော်လည်း တူနေ မရှိ။ အကျဉ်းအကျယ်အားဖြင့် ကွဲးလွဲး, ထူးခြားကုန်သည်။

ဤသ်ကား နှစ်ကျိပ်ငါးဆူသော ဘုရားတို့၏ အဌဝေမတ္တ,ရှစ်ပါးသော ကွဲးလွဲး,ထူးခြားခြင်းတို့၏ သရုပ်,ဒႏ ဓိပ္ပါယ်တည်းဟု မှတ်ရမည်။ ၊ ၎င်း ဇုဒ္ဓဝင်အဌကထာ၌ လာသ် မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့် ညီ ပါရမီခန်း၌၊—

ထိုမှတုံပြီး၊ဗောဓိသစ်ပင်၊မည်လွဲး တွင်လျက်၊ပလ္လင် နိမ့်,မြင့်၊ အကျင့် တို,ရှည်၊ဆိုစသ်တုံ၊ တရည်တည်းပင်၊ တူကျင်မဲ့ပဲး၊ ကွဲးလွဲး,ထူးခြား၊ရှစ်ပါးလောက်စင်၊ ဟောရေးဖြင်လည်း၊ သိမြင်လေကောင်း၊ နည်းတကြောင်းဖြင့်၊ သံညောင်း သာချို၊ရိပ်ကာ ဆိုဗိမ့်၊

ဟူ၍၊အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်၊

၂၁၆။ ။ဂန္ဓမာဒနတောင်၌ ရောက်သော မဉ္ဇူသကသစ်ပင်သ် အစောက်အားဖြင့်၎င်း အနံ့အားဖြင့်၎င်း၊အဘယ်မျှ ရှိသနည်း။

ဂန္ဓမာဒနပဗ္ဗတေ နန္ဒမူလံနာမ ပဗ္ဘာရံ ပစ္စေကဗုဒ္ဓါနံ ဝသနောကာသော တံသော မဟာဂူဟာ။ သုဝဏ္ဏဂူဟာ မဏိဂူဟာ ရဇတဂူဟာတိ။ တတ္ထ မဏိဂူဟာဒွါရေ မဉ္ဇူသကောနာမ ရုက္ခော ယောဇနံ ဥဗ္ဗေဓေန ယောဇနံ ဝိတ္ထာရေန သော ယတ္ထကာနိ ဥဒကေဝါ ထလေဝါ ပုပ္ဖါနိ သဗ္ဗာနိ ပုပ္ဖတိ

ဝိသေသေနပန ပဌေကဗုဒ္ဓါနံ. အာဂမနဒိဘသေ တဿ ပရိတော၊ သဗ္ဗရတနမာလော အဟောသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဂန္ဓမာဒနတောင်၌ နန္ဒမူလအမည် ရှိသော လိုဏ်၌ အရှင်ပစ္စေကဗုဒ္ဓါတို့ဖို့ နေတော်မူရာအရပ်လျှင် ဖြစ်သတည်း။ရွှေဖြင့် ပြီးသော လိုဏ်၊ပတ္တမြားဖြင့် ပြီးသော လိုဏ်၊ငွေဖြင့် ပြီးသော လိုဏ်၊မြတ်သော သုံးပါးသော လိုဏ်တို့သည် ရှိကုန်၏၊ထိုသုံးပါးသော လိုဏ်တို့တွင် ပတ္တမြားဖြင့် ပြီးသော လိုဏ်တံခါး၌ မဉ္ဇူသက အမည်ရှိသော သစ်ပင်သည် အစောက်အားဖြင့် တယူဇနာ ရှိ၏။ အနံအားဖြင့်လည်း တယူဇနာရှိ၏ ထိုမဉ္ဇူသက သစ်ပင်သည် အကြင်မျှလောက်ကုန်သော ရေ၌ရှင်း၊ကြည်း၌ ရှင်း၊ ခပ်သိမ်းသော ပန်းတို့သည် ပွင့်ကုန်၏။ထိုမျှလောက်ကုန်သော ပန်းတို့သည် အထူးအားဖြင့်ကား အရှင်ပစ္စေကဗုဒ္ဓါတို့သည် လာတော်မူကုန်သော နေ့၌ ထိုမဉ္ဇူသကသစ်ပင်၏ ထက်ဝန်းကျင်မှ ခပ်သိမ်းသော ရတနာတို့နှင့် ယှဉ်သော၊ တင့်တယ် ဆန်းကြယ်စွာသော၊ တန်ဆာသည် ဖြစ်၍ အရှင်ပစ္စေကဗုဒ္ဓါတို့ မွေ့လျော်,ပျော်တော်မူသော၊ မြတ်သော သူတို့၏ နေရာဖြစ်သည် မှတ်ရမည်။ ။ဤအခြင်းအရာကိုလည်း အနဂ္ဂတဂုဏာသာရကျမ်း၌ လာသည် မှတ်ရမည်။

၂၁၇။ ။ကမ္ဘာတည်စကာလ၌ လ,နေ,စကြဝဠာ,မြင့်မိုရ်တောင်, ဟိမဝန္တာတောင်တို့သည် ကာလအခြားအခြားစိ တည်လေသလော။ ထိုသို့မဟုတ် မရှေးမနှောင်း တပြိုင်နက်,တချက်တည်း တည်လေသလော။အဘယ်သို့ တည်ဟန် တည်လေသနည်း။

စန္ဒိမ သူရိယာနံ ပန ပါတုဘူတ ဒိဝသေယေဝ သိနေရု စက္ကဝါဠ ဟိမဝန္တပဗ္ဗတာ စ ပါတုဘဝန္တိ။တေစခေါ အပုဗ္ဗံ အစရိမံ ဖဂ္ဂုဏပုဏ္ဏမ ဒိဝသေယေဝ ပါတုဘဝန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လ,နေတို့သည် ထင်ရှားဖြစ်သော နေ့၌ မြင့်မိုရ်, စကြဝဠာ, ဟိမဝန္တာတောင်တို့သည်ရှင်း၊ ကျွန်းကြီးလေးကျွန်းတို့သည်ရှင်း၊ ထင်ရှားဖြစ်ကုန်၏။ ထိုလ,နေ,မြင့်မိုရ်, စကြဝဠာ, ဟိမဝန္တာ, ဇမ္ဗူဒိပ်ကျွန်းကြီး, ကျွန်းငယ်တို့သည် မရှေးမနှောင်း

တပေါင်းလပြည့်နေ့၌သာလျှင် ထင်ရှား ဖြစ်ကုန်သည် မှတ်ရမည်။ ။ ၎င်း အနန္တဂုဏသာရကျမ်း၌ လာသည် မှတ်ရမည်။

၂၁၁။ ။ခပ်သိမ်းသော ဘုရားသခင် တို့သည် ဖွားတော်မူသော အခါ မြေမှ အဘယ်မျှလောက် ကွာလေသနည်း။

သဗ္ဗဒါ သဗ္ဗဗုဒ္ဓါနံ စတုရင်္ဂုလေယော ဂမနံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မြေမှ လက်လေးသစ်ကွာ၍ ဖွားတော်မူသည် မှတ်ရမည်။ ။၎င်း အနန္တဂုဏသာရ ကျမ်း၌ လာသည် မှတ်ရမည်။

၂၁၉။ ။ခမည်းတော်, သုဒ္ဓေါဒနမင်းကြီးသည် အဘယ်အရပ်၌ ရဟန္တာအဖြစ်သို့ ရောက်၍ အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုလေသနည်း။

သုဒ္ဓေါဒနော မဟာရာဇာ သေတဆတ္တဿ ဟေဋ္ဌာ သိရိသယနေ နိပ္ပန္နော အရဟတ္တံ ပတွာ ပရိနိဗ္ဗာယိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုဒ္ဓေါဒန အမည်ရှိသော မင်းမြတ်သည် ထီးဖြူအောက် အသရေရှိသော အိပ်ရာ၌ လျောင်းတော်မူလျက် ရဟန္တာအဖြစ်သို့ ရောက်၍ ပရိနိဗ္ဗာန် ပြုတော်မူလေသည် မှတ်ရမည်။ ။၎င်း အနန္တဂုဏသာရကျမ်း၌ လာသည် မှတ်ရမည်၊

၂၂၀။ ။စက်လေးပါးဆိုသည်ကား အဘယ်နည်း။

ပတိရူပဒေသဝါသော၊ ပုဗ္ဗေစ ကတပုညတာ၊ အတ္တသမ္မာပဏိဓိစ၊ သပ္ပုရိသုပနိဿယော၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊

(၁)။ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်း၊
(၂)။ ရှေးက ပြုခဲ့ဘူးသော ကောင်းမှု ရှိခြင်း၊
(၃)။ မိမိ ကိုယ်စိတ်ကို ကောင်းစွာ ဆောက်တည်ရခြင်း၊
(၄)။ ပညာရှိ-သူတော်ကောင်းကို အမှီ ပြုရခြင်း။

ဤသည်ကား စက်လေးပါးတို့ သရုပ်,အင်္ဂါယ်တည်းဟု မှတ်ရမည်။ ။၎င်း အနန္တဂုဏသာရ ကျမ်း၌ လာသည် မှတ်ရမည်၊

၂၂၁။ ။သင်္ခါရ်ခြင်း အပြားကား အဘယ်မျှ ပြားသနည်း။

သာ စတုဗ္ဗိဓာ ဟောတိ။

ဤသို့ အစရှိသည်ဖြင့် ကျမ်းဂန်လာသောငှ့်၊ အာဂမနသဒ္ဓါ,အဓိဂမနသဒ္ဓါ, ဩကပ္ပနသဒ္ဓါ, ပသာဒသဒ္ဓါဟူ၍ လေးပါးအပြားရှိသည် မှတ်ရမည်။

၂၂၂။ ။ထိုလေးပါးတို့တွင် အာဂမနသဒ္ဓါဆိုသ်ကား အဘယ်နည်း။

တတ္ထ သဗ္ဗညုဗောဓိသတ္တာနံ သဒ္ဓါ အဘိနီဟာရတော ပဋ္ဌာယ အာဂတတ္တာ အာဂမနသဒ္ဓါနာမ၊

ဤသို့ ကျမ်းဂန် လာသောငှ့်၊ သဗ္ဗညုဘုရား အလောင်းတော်တို့၏ သဒ္ဓါခြင်းသည် ဘုရားဆုကို တောင်းသည်မှ စ၍၊ လာသောငှ့် အာဂမနသဒ္ဓါ မည်၏ဟု မှတ်ရမည်။

၂၂၃။ ။အဓိဂမနသဒ္ဓါ ဆိုသည်ကား အဘယ်နည်း။

အရိယသာဝကာနံ သဒ္ဓါပဋိဝေဓေန အာဂတတ္တာ အဓိဂမနသဒ္ဓါနာမ။

ဤသို့ ကျမ်းဂန် လာသောငှ့်၊ အရိယာသာဝကတို့၏ သဒ္ဓါခြင်းသ် ထိုးထွင်းသဖြင့် လာသောငှ့်၊အဓိဂမနသဒ္ဓါ မည်သ် မှတ်ရမည်၊

၂၂၄။ ။ဩကပ္ပနသဒ္ဓါ ဆိုသည်ကား အဘယ်နည်း၊

ဗုဒ္ဓေါ, ဓမ္မော, သံဃောတိ ဝုတ္တေ၊အစလဘာဝေန ဩကပ္ပနံ ဩကပ္ပနသဒ္ဓါနာမ။

ဤသို့ ကျမ်းဂန် လာသောငှ့်၊ ဘုရား,တရား,သံဃာဟူ၍ ဆိုသ် ရှိသော်၊မတုန်လှုပ်သော အဖြစ်ဖြင့် မချွေသော မြဲသော သဒ္ဓါခြင်းသည် ဩကပ္ပနသဒ္ဓါ မည်သည် မှတ်ရမည်။

၂၂၅။ ။ပသာဒသဒ္ဓါ ဆိုသည်ကား အဘယ်နည်း၊ ·

ပသာဒုပ္ပတ္တိ ပသာဒသဒ္ဓါနာမ၊

ဤသို့ ကျမ်းဂန် လာသောငှ့်၊ ကြည်လင်သော စိတ်ဖြင့် ကြည်ညိုဖွယ် ဖြစ်ခြင်းသည် ပသာဒသဒ္ဓါ မည်သည် မှတ်ရမည်။ ။ဤအခြင်းအရာကို အင်္ဂုတ္တရပဥ္စကသုတ် အဖွင့်၌ လာသည် မှတ်ရမည်၊

၂၂၆။ ။သုတပါးတို့အား လှူသော အလှူ၏ အပြားကား အဘယ်မျှပြားသနည်း။

ပရဒေယျဓမ္မသာ ဝသေန တိဝိဓာ ဟောန္တိ၊ ဒါနဒါသ,ဒါနသဟာယ, ဒါနသာမိတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သူတပါးတို့အား ပေးလှူသော အလှူ၏ အစွမ်းအားဖြင့်ကား ဒါနဒါသ, ဒါနသဟာယ, ဒါနသာမိ ဟူ၍ သုံးပါး အပြား ရှိသည် မှတ်ရမည်။

၂၂၇။ ။ထိုသုံးပါးတို့တွင် ဒါနဒါသ ဆိုသည်ကား အဘယ်နည်း။

တတ္ထ ယော အတ္တနာ မဓုရံ ဘုဉ္ဇတိ။ ပရေသံ အမဓုရံ ဒေတိ၊ သော ဒါနသင်္ခါတဿ ဒေယျဓမ္မဿ ဒါသော ဟုတွာ ဒေတိ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ထိုသုံးပါးတို့တွင် အကြင်သူသည် မိမိကား ကောင်းရာ,မြတ်နိုးရာကို စား၍ အလှူခံ ဖြစ်သော သူတပါးတို့အားကား မကောင်းသည်ကို ပေး၏၊ ထိုအလှူသည် ကျေးကျွန်တို့အား ပေးသည်နှင့် တူသောကြောင့်၊ဒါနဒါသ မည်သည် မှတ်ရမည်။

၂၂၈။ ။ဒါနသဟာယ ဆိုသည်ကား အဘယ်နည်း။

ယော ယံယံ အတ္တနာ ဘုဉ္ဇတိ၊တဒေဝ ဒေတိ၊သော သဟာယော ဟုတွာ ဒေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင်သူသည် အကြင်အကြင် ဝတ္ထုကို မိမိသည် သုံးဆောင်,စားသောက်၏၊ထို သုံးဆောင်စားသော် သော ဝတ္ထုကိုသာလျှင် ပေးလှူ၏။ ထိုအလှူသည် အဆွေခင်ပွန်းအား ပေးသည်နှင့်၊ တူသောကြောင့်၊ ဒါနသဟာယ မည်သည် မှတ်ရမည်။

၂၂၉။ ။ဒါနသာမိ ဆိုသည်ကား အဘယ်နည်း။

ယော ပန အတ္တနာ ယေနကေနစိ ယာပေတိ။ ပရေသံ မဓုရံ ဒေတိ၊ သော သာမိ ဟုတွာ ဒေတီတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင်သူသည် မိမိကား အမှတ်မရှိ ရတတ်သမျှ သုံးဆောင်,စားသောက်၍၊သူတပါးတို့အား ကောင်းမွန်,မြတ်နိုးသည်ကိုသာ ပေးလှူ၏။ ထိုအလှူသည် အရှင်ကို ပေးသည်နှင့် တူသောကြောင့်၊ဒါနသာမိ မည်သည် မှတ်ရမည်။

ဤအခြင်းအရာကို အင်္ဂုတ္တရပဉ္စကသုတ် အဖွင့်၌ လာသည် မှတ်ရည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါရမီခန်း၌—

ဒါနဒါသ၊ကျွန်စာဌသို့၊လှူရတတ်ဆန်း၊သဗ္ဗါပန်းသည်း၊ လန်း
လန်း မပွင့်။အချို့ ကျင့်တုံ၊ကိုယ်နှင့် ထပ်တူ၊ဆွေလူတော်ကြ၊
သဟာယသို့၊ ငွေဌာရော၊ လှူကမ်းဌာနှင့်၊ဝမ်းစားမထူး၊ နှစ်လုံး
နူးဖြိုး၊တဦးတုံမူ၊ကယ်ကယ်သုအား၊အလှူဖြင့်(ဖြင်)ချည်း၊ဝမ်း
ဝယ်သည်း၍၊ ပစ္စည်းဆောက်ဦ၊ ဟူဟူသမျှ၊ပေးဘုံဌသ်၊ဒါန
သမိ၊ ကျောက်ကိတ္တိသျှင်၊ ဆိဋ္ဌိသင်ထင်၊သူ သိမြင်ဖြိုး၊ လူတွင်
ဖြစ်မြဲ၊ သုံးကွဲမည်ရည်၊ အလှူသည်ကို၊ ဖွေနှည်စိစစ်။ ဤသို့
ဖြစ်သည်း ရှင်ချစ်မြတ်စွာ၊ မိန့်မှာ ဗျာဒိတ်၊ နှုတ်တံဆိပ်စင်၊ရ
သော ရှင်သည်၊သိမြင်မူယူ၊ငင်ကြယ်ဖြူသျက်၊အလှူပေးဟန်၊
သူ မဘန်အောင်၊ ၊ထိပ်ခေါင်အဖျား တိုင်စေလသေး။

ဟူ၍ အရှင်မဟာသီလဝံသ အကျော်,စပ်တော်မူလေသည်။

၂၂၀။ ကိုယ်ဝန် ယူရာသော အကြောင်းအင်္ဂါသုံးပါး ဆိုသည်ကား အဘယ်နည်း။

တယော အင်္ဂသမ္ဘာနာ ဂဗ္ဘဂဟဏံ။ မာတာပိတု သန္နိပတိတဝါ ရေန၊ ဥတုံ အာဂမဝါရေန၊ သမ္ဘာ ရတိယာဝါရေနဝါ ဟောတီတိ။

ဤသို့ ကျမ်းဂန် လာသေ ာနှင့်၊မေထုနသံဝါသအားဖြင့် မိဖ,ဖခင်, နှစ်ပါးတို့ စည်းဝေးခိုက် ကြုံသည်လည်း ဖြစ်စေ၊ဥတုလာခိုက် ကြုံသည်လည်း ဖြစ်စေ၊ သဏ္ဍဝါတို့ ရတိဆဲ ကြုံသည်လည်း ဖြစ်စေ၊ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသည် ရှိသော်၊သားရရာသော အကြောင်း ရှိသည် မှတ်ရမည်။ ၊ဤအခြင်းအရာကို အင်္ဂုတ္တရတိက နိပါတ်၌ လာ သည် မှတ်ရမည်၊

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါရမီခန်း၌၊—

အသေ တဘန်၊ကိုယ်ဝန်လည်း စွဲ၊ဆင်းရဲတိုင်ထိ၊သားသည်
မိဘ်၊အမှီ ရောက်ခါ၊သား ရရာသို၊ အင်္ဂါသုံးပါး၊ အကြောင်း
အားဖြင့်၊ယူပြား ကိုယ်ဝန်၊ပဋိသန်ကား။

ဟူ၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၂၃၁။ ။ထိုမှတပါးသည်း တရံတဆစ် ကိုယ်ဝန် ယူရာသိုကား

ရှနှစ်ပါးသည်။ရှနှစ်ပါး* ဟူသော်ကား အဘယ်နည်း။

၁။ ။တပ်သော စိတ်နှင့်တကွ ကိုယ်လက်ကို သုံးသပ်သဖြင့်လည်း ယူရသည်။

၂။ တပ်သော စိတ်နှင့်တကွ အဝတ်ပုဆိုးကို ကိုင်သဖြင့်လည်း ယူရသည်။

၃။ တပ်သော စိတ်နှင့်တကွ မစင်*ကို ရပ်သဖြင့်လည်း ယူရသည်။

၄။ တပ်သော စိတ်နှင့်တကွ ချက်ကို သုံးသပ်သဖြင့်လည်း ယူရသည်။

၅။ တပ်သော စိတ်နှင့်တကွ စိန်းစိန်း ကြည့်သဖြင့်လည်း ယူရသည်။

၆။ တပ်သော စိတ်နှင့်တကွ နမ်းသဖြင့်လည်း ယူရသည်။

၇။ အသံကို ကြားသဖြင့်လည်း ယူရသည်။

ဤသည်ကား တရံတဆစ် ကိုယ်ဝန် ယူရသော အကြောင်း ၇ ပါးတည်း။ ။ဤအခြင်းအရာကို ဝိနည်းအဌကထာကျမ်း၌ လာသည် မှတ်ရမည်။

၂၃၂။ ။ကိုယ်ဝန် ပျက်ရသော အကြောင်း သုံးပါးကား အဘယ်နည်း။

အကုသလဝိပါကေန ဝိနဿန္တိ၊ အဘိနဝ ငရိသန္တိယံ ယေဝ ဟိ ကမ္မာနုဘာဝေန ခွိဟာကာရေဟိ ဂဗ္ဘော နဿတ္တြာတိ၊ ဝါတေဟိဝါ ပါဏကေဟိဝါ ဝါတော သောသေတွာ အန္တရဓာပေတိ။ပါဏကာ ခါဒိတွာ။

ဤသို့ အစရှိသဖြင့် ကျမ်းဂန် လာသောငှာ၊

၁။ လေမှုတ်၍ ပျက်သည်။

၂။ ပိုးခဲ၍ ပျက်သည်။

၃။ ကံကြောင့် ပျက်သည်။

ဤသုံးပါးတို့တွင် လေ မှုတ်၍ ပျက်ရာ၌၊လေကို နိုင်သော ဆေးကို

* တပ်သော စိတ်နှင့်တကွ မစင်ကို စုပ်သဖြင့်-ဟူရာ၌၊ မစင်ဆိုသည်ကား၊ကျင်ကြီးမှ ထွက်သော မစင်မဟုတ်၊ကျင်ငယ်မှ ထွက်သော၊ 'သုက္က' ခေါ်သော၊အသုစိမျိုး ဖြစ်သော မစင်မျိုးကို ဆိုသည်။ (တည်းဖြတ်သူ့ မှတ်ချက်။)

ပေးလျှင်၊ ကိုယ်ဝန် တည်အံ့သည်။ ပိုး ခဲ၍ ပျက်ရာ၌လည်း ပိုးကို နိုင်သော ဆေးကို ပေးလျှင်၊ ကိုယ်ဝန်တည်အံ့သည်။ မကောင်းမှုကံ အားကြီး၍ ပျက်ရာ၌ကား၊ ဘုရားသခင်ပင်သော်လည်း ဆေးကုခြင်းဖြင့် မတတ်နိုင်ပြီ။ ၁လာကန် ကိုယ်ဝန် မယူသော မိန်းမည်သို့ မရှိ၊ အမြိတ်အစွန် မရှိ၊ မိန်းမဖြူ တို့မှာ ကိုယ်ဝန် ယူလျှင်၊ မကောင်းမှုကံ အားကြီးသော့ကြောင့်၊ ကိုယ်ဝန် စွဲးသျှက်ပင်၊ လေမှုက်၍ ၎င်း၊ ပိုးခဲ၍ ၎င်း၊ တခဏေ ခြင်း လျှောကျသော့ငွေ၊ သားသွီး မမြင်သည်ကိုသာ မိန်းမဖြူ ဆိုလေသည် မှတ်ရမည်။ ။ဤအခြင်းအရာကို သုဘ်သီလကျွန်အဌကထာ စသော ကျမ်းတို့၌ လာသည် မှတ်ရမည်။

၂၃၃။ ။သားအပြား သုံးပါးကား အဘယ်နည်း။

အတိဇာတော အနုဇာတော အဝဇာတောတိ ပုတ္တော။

ဤသို့ ကျမ်းဂန် လာသော့ငွေ၊ အတိဇာတသား, အနုဇာတသား, အဝဇာတသား၊ ဤသည်ကား သားအပြား သုံးပါးတည်းဟု မှတ်ရမည်။

၂၃၄။ ။ထိုသုံးပါးသော သားတို့တွင် အတိဇာတသား ဆိုသည်ကား အဘယ်နည်း၊

တတ္ထ အတ္တနော ဂုဏေဟိ မာတာပိတရော အတိက္ကမိတွာ ဇာတော အတိဇာတော နာမ။ မာတာပိတူဟိ အဓိကဂုဏောတိ အတ္ထော။

ဤသို့ ကျမ်းဂန် လာသော့ငွေ၊ မိမိတို့၏ ဂုဏ်ကျေးဇူးတို့ဖြင့် မိဘတို့ကို လွန်၍ မိဘတို့ထက် ဂုဏ်ကျေးဇူး ရှိသော သားသည် အတိဇာတသား မည်သည် မှတ်ရမည်။

၂၃၅။ ။အနုဇာတသား ဆိုသည်ကား အဘယ်နည်း။

ဂုဏေဟိ မာတာပိတူနံ အနုရူပေါ ဟုတွာ ဇာတော အနုဇာတော နာမ။ မာတာပိတူနံ သမဂုဏောတိ၊

ဤသို့ ကျမ်းဂန် လာသော့ငွေ၊ မိမိတို့၏ ကျေးဇူးဖြင့် မိဘတို့အား လျှောက်ပတ်စွာ ဖြစ်၍ မိဘတို့နှင့် ကူသော, မျှသော, ဂုဏ်ကျေးဇူး ရှိသော သားသည် အနုဇာတသား မည်သည် မှတ်ရမည်။

၂၃၆။ ။အဝဇာတသား ဆိုသည်ကား အဘယ်နည်း။

ဂုဏေဟိ မာတာပိတူနံ အသမော ဟုတွာ ဇာတော အဝဇာတော နာမ။ တေဟိ နိဟီန ဂုဏောတိ အတ္ထော။

ဤသို့ ကျမ်းဂန် လာသော့ငြေ၊ မိမိတို့၏ ကျေးဇူးတို့ဖြင့် အမိအဖ တို့အား မတူသည် ဖြစ်၍၊ ထို အမိအဖတို့အောက် ယုတ်သော ဂုဏ် ကျေးဇူးရှိသော သားသည် အဝဇာတသား မည်၏ဟု မှတ်ရမည်။ ။ ဤအခြင်းအရာကို အင်္ဂုတ္တရနိကာယ် ဒုကနိပါတ်၌ လာသည် မှတ်ရ မည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ စတုဓမ္မသာရ၌၊—

ထိုမှ ထူးခြား၊ ငါ့သားများကား၊တရား သိသိ၊ ဉာဏ်မျက်စိ ဖြင့်၊အတိဇာတ၊အဝအနု၊သားသုံးရတွင်၊ ရှေးဖျားတင်လျက်၊ ကောင်းအင် ညီညွတ်(လတ်)၊ တို့ထက် မြတ်၍။ချစ်ညွတ်နွှယ် တန်း၊မပြီးပွန်းသည်၊ ။ရဟန်းဖြစ်ကြီး ဖြစ်ခဲ့ပြီ။

ဟူ၍ အရှင်မဟာရဋ္ဌသာရအကျော် စပ်တော်မူလသည်။

၂၃၇။ ။သေခါနီးကာလအဆုံး ပဋိသန္ဓေနေဆဲးကာလ၌ ပြု အပ် သော အာရုံသည်ကား အဘယ်မျှ အပြား ရှိသနည်း။

ဇဝံ ဥပဋ္ဌမာနာနံ ပဋိသန္ဓိယာ သင်္ခေပတော တိဏိ အာရမ္မဏာနိ ဟောန္တိ။ ကမ္မ,ကမ္မနိမိတ္တံ,ဂတိနိမိတ္တန္တိ၊

ဤသို့ ကျမ်းဂန် လာသော့ငြေ၊သေအံ့သော အဆုံး၊ပဋိသန္ဓေနေဆဲး သော ကာလ၌ ပြုအပ်သော အာရုံသည်ကား၊ ကံ,ကမ္မနိမိတ်,ဂတိနိ မိတ်အားဖြင့် သုံးပါး အပြားရှိသည် မှတ်ရမည်၊

၂၃၈။ ။ထိုသုံးပါးတို့တွင် ကံကို အာရုံ ပြုခြင်းကား အဘယ် နည်း၊

ကမ္မံနာမ အာယူဟိတာ ကုသလာ ကုသလကမ္မစေတနာ၊

ဤသို့ ကျမ်းဂန် လာသော့ငြေ၊ ကံမည်သည်ကား မသေမီကာလ ၌ အားထုတ်အပ်သော ကုသိုလ်စေတနာ, အကုသိုလ်စေတနာကို ကံ မည်သည် မှတ်ရမည်။

၂၃၉။ ။ကမ္မနိမိတ်ကို အာရုံ ပြုခြင်းကား အဘယ်နည်း၊

ကမ္မနိမိတ္တံနာမ ယံဝတ္ထုံ အာရမ္မဏံ ကတွာ ကမ္မံ အာယူဟတိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ၊အကြင် ဆွမ်းသင်္ကန်း အစ ရှိသော ဒါနဝတ္ထုကို အာရုံ ပြု၍၊ကံကို အား;ထုတ်ခြင်းသည် ကမ္မနိမိတ်မည်၏ ဟု မှတ်ရမည်။

၂၄၀။ ။ဂတိနိမိတ်ကို အာရုံ ပြုခြင်းကား အဘယ်နည်း။

ဂတိနိမိတ္တံနာမ နိဗ္ဗတ္တနိယ ဩကာသေ ဥပလဒ္ဓေဗ္ဗော ဝဏ္ဏော ဥပဋ္ဌာတိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ၊ ဖြစ်အပ်သော အရပ်၌ တခုခုသော အဆင်း ထင်ခြင်းသည် ဂတိနိမိတ် မည်၏ဟု မှတ်ရမည်။

၂၄၁။ ။အခုခုသော အာရုံသို့ ထင်၏ဟု ဆိုရာ၌ အဘယ်သို့ ထင်ပါန် ထင်လေသနည်း။

တတ္ထ နိရယေ ဥပဋ္ဌဟန္တေ၊ လောဟကုမ္ဘိသဒိသော ဟုတွာ ဥပဋ္ဌာတိ။မနုဿလောကေ ဥပဋ္ဌဟန္တေ မာတုကုစ္ဆိကမ္ဗလသာနသဒိသံ ဟုတွာ ဥပဋ္ဌါတိ။ဒေဝလောကေ ဥပဋ္ဌဟန္တေ ကပ္ပရုက္ခဝိမာနသယနာဒိနိ ဥပဋ္ဌဟန္တိ။ဇာမေယံ တီသု အာရမ္မဏေသု သံမုဋ္ဌကာလကိရိယာယ ကာသေပိ ဧကံ ဥပဋ္ဌာတိ။သင။

ဤသို့ ကျမ်းဂန် လာသော့ငွေ၊ ထိုသို့ ထင်ရာ၊မကောင်းသော အလား ရှိသော ငရဲသည် ထင်လတ်သော်၊လောဟကုမ္ဘီ ငရဲ:နှင့်တူသည် ဖြစ်၍ ထင်၏။လူ့ပြည်၌ ထင်သည် ရှိသော်၊အမိဝမ်းဝေ့သည့် ကမ္ဗလာ နီအဆင်းနှင့် တူသည် ဖြစ်၍ ထင်၏။နတ်ပြည်၌ ထင်သို ရှိသော်၊ပဒေသာပင်,အိပ်ရာ, နေရာတို့သည် ထင်ကုန်၏၊ ဤသို့ သဘော ရှိသော သုံးပါးသော အာရုံတို့၌ တွေဝေသော အခြင်းအရာ ရှိသော အခါ၌လည်း တပါးသော အာရုံသင်သည်သာ ဖြစ်သည်ဟု မှတ်ရမည်။

၂၄၂။ ။တွေဝေသော အခါ၌ ထင်ခြင်းကား အဘယ်သို့ ထင်လေသနည်း။

တတ္ထ သံမုဋ္ဌကာလကိရိယာနာမ ပရံ မုခံ ဂစ္ဆန္တသာ ဂစ္ဆတော တိခိဏာနအသိနာ သီသံ ဆိန္ဒတိ။နိဒ္ဒုဖ္ဖိတွာ နိဒ္ဒါယန္တဿာပိ တိခိဏာန အသိနာ သီသံ ဆိန္ဒတိ၊ဥဒကေနပိ ဩသီဒါပေတွာ မာရေန္တိ။ဧဝရူပေပိ ကာလေ အညတရံ ကမ္မဝါ, ကမ္မနိမိတ္တံဝါ, ဂတိနိမိတ္တံဝါ ဥပဋ္ဌာတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုစကားနှင့် တွေဝေသော ကာလ မည်သည်ကား၊ ခရီးသွားသော သူအား မသိမမြင်ရအောင် နောက်မှ လိုက်၍ ထက်လှစွာသော ဓားသံလျက်ဖြင့် ဦးခေါင်းကို ဖြတ်ကုန်၏။ အိပ်၍ နေသော သူအားလည်း ထက်လှစွာသော သံလျက်ဓားဖြင့် ဦးခေါင်းကို ဖြတ်ကုန်၏။ ရေနှင့်သည်း နှစ်စေ၍ သတ်ကုန်၏။ ဤသို့ သဘောရှိသော တွေဝေသော ကာလ၌လည်း တပါးပါးသော ကံ သည် ၎င်း၊ ကမ္မနိမိတ်သည် ၎င်း၊ ဂတိနိမိတ်သည် ၎င်း ထင်၏ဟု မှတ်ရမည်။

၂၄၃။ ။သိုမှတပါး လျင်သော ကာလ၌ အဘယ်သို့ ထင်သ နည်း။

အညံ့ လဟုကမရဏံနာမ၊(နဣိ နိခါဒနဒလ္လာကမဏ္ဍကာသွိဟိ နိဟိနံ)[1] မဏ္ဍကံ မုဂ္ဂရေန ပဟရိတွာပိ မခနန္တိ။ ဧဝရူပေပိ ကာလေ ကမ္မံဝါ, ကမ္မနိမိတ္တံဝါ,ဂတိနိမိတ္တံဝါ ဥပဋ္ဌာတိ။ ဧဝံပသိယမာနာယပန မဏ္ဍ ကာယ ပဌမံ ကာယဒွါရာဝဇ္ဇနံဘဝင်္ဂံ နာဝဋ္ဋေတိ။မနောဒွါရာဝဇ္ဇနံ မေဝ အာဝဋ္ဋေတိ။အထ ဇဝနံ စဝိတွာ ဘဝင်္ဂံ ဩတရတိ။ဒုတိယေ ဝါရေ ကာယဒွါရာဝဇ္ဇနံဘဝင်္ဂံ အာဝဋ္ဋေတိ။ဘတော ကာယဝိညာ ဏံ သမ္ပဋိစ္ဆနံ သန္တီရဏံ ဝေါဋ္ဌဗ္ဗနံ ဝိထိစိတ္တာနိ ပဝတ္တန္တိ။ ဇဝနံ စဝိတွာ ဘဝင်္ဂံ ဩတရတိ။ ။တတိယဝါရေ မနောဒွါရာဝဇ္ဇနံ ဘဝင်္ဂံ အာဝဋ္ဋေတိ။ အထ ဇဝနံ စဝိတွာ ဘဝင်္ဂံ ဩတရတိ။ ဧတသ္မိံ ဌာနေ ကာလံ နကိရိယံ ကရောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊လျင်သော သေခြင်းမည်သည်ကား (ဆောက်ပုတ် လှန်တန်တို့ဖြင့် အထက်ကို ကိုယ်မှ နားသော)[2] ယင်ကို ဆောက်ပုတ်ဖြင့် ခတ်၍ သေစေ၏။ ဤသို့ သဘောရှိသော ကာလ၌ လည်း ကံသည် ၎င်း၊ ကမ္မနိမိတ်သည် ၎င်း၊ဂတိနိမိတ်သည် ၎င်း ထင်၏။

ဤသို့ ကြိတ်အပ်သော ယင်ကား ရှေးဦးစွာ ကံ,ကမ္မနိမိတ်, ဂတိ

---

၁။ ပါဠိကူး ချွတ်သည်။မဏ္ဍကာ-နိခါဒန-ဒဏ္ဍကာ-မဏ္ဍကာသွိဟိ နိဟိနံ-ဟု ဖြစ်ရာ၏။
၂။ ဤလည်း စာကူး ချွတ်လှသည်။-မြေ၌ မြှုပ်အပ်သော လှန်တန်ထိပ်၌ နားသော- ဟု ပြင်ဖတ်။ အထက်ပါဌ်၏ အနက်။

နိမိတ်အားဖြင့် သုံးပါးတို့တွင်၊ တပါးပါးကို အာရုံပြု၍၊မနောဒွါရေ ဝဇ္ဇန်း၊ထိုနောင် ဇော၊ထိုနောင် ဘဝင် ကျ၏။ထိုနောင် အတိတဘဝင်၊ ဘဝင်စလန,ဘဝင်ုပစ္ဆေဒ,ပဉ္စဒွါရာဝဇ္ဇန်း,ကာယဝိညာဏ်,သမ္ပဋိစ္ဆိုင်း, သန္တီရဏ,ဝုဋ္ဌော၊ ထိုနောင် ဇော၊ ထိုနောင် ဘဝင် ကျ၏။ ထိုနောင် သုံးကြိမ်မြောက်၌ ဘဝင်စလန, ဘဝင်ုပစ္ဆေဒ, မနောဒွါရာဝဇ္ဇန်း၊ ထိုနောင် မရဏာသန္နဇော၊ထိုနောင် ဘဝင်၊ထိုနောင် စုတိစိတ် ကျ၍၊ဖြစ်ထိုက်သည်အား လျော်စွာ ပဋိသန္ဓေစိတ်သည် ဖြစ်၏။ ဤသို့လျှင် သေခြင်းသဘော၌ ဇော,ဘဝင်,ဝိထိစိတ်သည် လျင်သော အဖြစ်ကို သိအပ်, မှတ်အပ်၏၊ဟူလိုသော်။ ။ဤ အခြင်းအရာကို ပဋ္ဌာနသမုပ္ပါဒ ဝိဘင်္ဂ အဖွင့်၌ လာသည် မှတ်ရမည်။

၂၄၄။ ။အပါယ်လေးပါးတို့၌ရင်း, ဘုမ္မစိုးနတ်တို့၌ရင်း, လူတို့၌ရင်း အသက်၏ အပိုင်းအခြားကို ဘုရားသခင်သည် အဘယ့်ကြောင့် ဟောတော်မမူလေသနည်း။

သမ္မာသမ္ဗုဒ္ဓေန စတုသု အပါယေသု ဘုမ္မဒေဝေသုစ အာယုပရိစ္ဆိန္နံ တံ ကသ္မာတိ။ နိရိယေ တာဝ ကမ္မမေဝ ပမာဏံ။ယာဝ ကမ္မံ နခိယတိ။ တာဝ ပစ္စန္တိ။ တထာ သေသအပါယေသု ဘုမ္မဒေဝါနမ္ပိ ကမ္မမေဝ ပမာဏံ။ဘတ္တ နိဗ္ဗတ္တာပတိ ကေစိ သတ္တာဟမတ္တံ တိဋ္ဌန္တိ။ ကေစိ အဆုခါသံ ကပ္ပတိဋ္ဌမာနာပိ အတ္ထိယေဝါတိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ၊ဘုရားသခင်သည် အပါယ်လေးဘုံတို့၌ ရင်း၊ဘုမ္မစိုးနတ်တို့၌ရင်း၊အသက်ကို ပိုင်းခြား၍ ဟောတော်မမူ။ထိုသို့ ပိုင်းခြား၍ ဟောတော်မမူခြင်းသည် အဘယ့်ငြောင့်နည်း။ဤသို့ ဆိုသည်ရှိသော်၊ ရှေ့ဦးစွာ ငရဲ၌ ဆိုအံ့။ထိုငရဲ၌ ကံသာလျှင် ပမာဏ ဖြစ်သည်။ အကြင်မျှလောက်သော အကုသိုလ်ကံသည် မကုန်သေး၊ထိုမျှလော့ခံရ၏။ထိုအတူ အပါယ်လေးဘုံမှ ကြွင်းသော ဘုမ္မစိုးနတ်တို့အားလည်း၊ ကံသည်သာလျှင် ပမာဏ ဖြစ်သည်။ ထိုစကားသည် မှန်၏။ဘုမ္မစိုးနတ်တို့၌ ဖြစ်ကုန်သော အချို့သော နတ်တို့သည် ခုနစ်ရက်မျှသာ တည်ကုန်၏။အချို့သော နတ်တို့သည် လခွဲမျှ၊အချို့သော နတ်တို့သည် တလမျှသာ တည့်ကုန်၏။ ကမ္ဘာပတ်လုံးတည်သော နတ်တို့သည်လည်း

ရှိသည်သာ ဖြစ်ကုန်၏။ သို့ငွေ့၊ ပိုင်းခြားတော်မမူသည် မှတ်ရမည်။ ။ ဤအခြင်းအရာကို ဓမ္မဟဒယဝိဘင်း အဖွင့်၌ လာသည် မှတ်ရမည်၊

၂၄၅။ ။လူတို့အား မပိုင်းခြားသော အကြောင်းကား အဘယ် နည်း။

မနုဿေသုပန ကောစိ တာဝ ဒီဃာယုကာ ဟောန္တိ။ တထာဟိ ဝိသာခါ ဥပါသိကာ ဝီသဝဿသတံ ဇီဝတိ။ တထာ ပေါက္ခရသာတိ ဗြာဟ္မဏော, ဗြဟ္မာယုဗြာဟ္မဏော, သေလောဗြာဟ္မဏော, ပါဝါရိက ဗြာဟ္မဏော,အာနန္ဒတ္ထေရော,မဟာကဿပတ္ထေရောတိ။ အနုရုဒ္ဓတ္ထေရော ပန ဝဿသတဉ္စေဝ ပဏ္ဏာသဉ္စ ဝဿာနိ ဗာကုလတ္ထေရော ဝဿသ တဉ္စေဝ သဋ္ဌိဉ္စ ဝဿာနိ။ အယံ သဗ္ဗဒီဃာယုကော သောပိ ဒွေဝဿ သတာနိ နဇီဝတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လူတို့၌ကား၊ အချို့သော သူတို့သည် ရှေးဦးစွာ ရှည်သော အသက် ရှိသည် ဖြစ်ကုန်၏၊ ထိုစကားသည် မှန်၏။ ဝိသာခါ၊ ဒါယကာမသည် အသက်တရာနှစ်ဆယ် ရှည်၏။ ထိုမှတပါးလည်း ပေါက္ခရသာတိအမည် ရှိသော ပုဏ္ဏားသည်၎င်း၊ ဗြဟ္မာယုအမည် ရှိသော ပုဏ္ဏားသည်၎င်း၊ သေလအမည် ရှိသော ပုဏ္ဏားသည်၎င်း၊ ပါဝါရိက အမည် ရှိသော ပုဏ္ဏားသည်၎င်း၊ အရှင်အာနန္ဒာမထေရ်သည်၎င်း၊ အရှင်မဟာကဿပမထေရ်သည်၎င်း၊ အသက်တရာနှစ်ဆယ် ရှိ၏။ အရှင် အနုရုဒ္ဓါမထေရ်သည်ကား အသက် တရာ့ငါးဆယ် ရှည်၏။ အရှင်ဗာကုလ မထေရ်သည်ကား အသက်တရာ့ခြောက်ဆယ် ရှည်၏။ ဤသည်ကား အလုံးစုံသော သူတို့ထက် အသက် ရှည်၏၊ ထိုထက် အလွန် အသက် ရှည်သော သူ မရှိပြီ၊ ဤသို့ အသက် တို့ရှည် ရှိသော ကြောင့်၊ ပိုင်းခြားတော်မမူသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို အင်္ဂုတ္တရအဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်။

၂၄၆။ ။ပဋိသန္ဓေဝိညာဏ် တည်ရာအပြားကား အဘယ်မျှ ရှိ သနည်း။

ပဋိသန္ဓိ ဝိညာဏဿ ဌာနံ ဝိညာဏဋ္ဌိတိ နာမ။ သာ သတ္တဝိဓာ ဟောတိ။ နာနတ္တကာယ နာနတ္တသညီ၊ နာနတ္တကာယ ဧကတ္တသညီ၊

ကေတ္တကာယ နာနတ္တသညီ၊ ကေတ္တကာယ ကေတ္တသညီ၊ ဟေဋ္ဌာ တိသော အာရုပ္ပတုဋ္ဌိယောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပဋိသန္ဓေဝိညာဏ် တည်ခြင်းသို့ ဝိညာဏဋ္ဌိတိ မည်၏။ ထိုဝိညာဏဋ္ဌိတိသည် နာနတ္တကာယ နာနတ္တသညီ၊ နာနတ္တကာယ ကေတ္တသညီ၊ ကေတ္တကာယ နာနတ္တသညီ၊ ကေတ္တကာယ ကေတ္တသညီ၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန အားဖြင့် ခုနစ်ပါး အပြားရှိကုန်၏ဟု မှတ်ရမည်။

၄၇။ အဘယ့်ကြောင့် နာနတ္တကာယ,နာနတ္တသညီ မည်လေသနည်း။

အပရိမာဏေသု ဟိ စက္ကဝါဠေသု အပရိမာဏာနံ မနုဿာနံ ဝဏ္ဏသဏ္ဌာနာဒိဝသေန ဒွေပိ ဧကသဒိသာနာမ နတ္ထိ။ ယေပိ ကတ္ထစိ ယမကဘာတရော ဝဏ္ဏေန သဏ္ဌာနေန ဝါ သဒိသာ ဟောန္တိ။ တေသမ္ပိ အာလောကိတ,ဝိလောကိတ,ကထိတ,ဟသိတ,ဂမန,ဌာနာဒီဟိ ဝိသေသော ဟောတိ။ ဧဝံ တသ္မာ နာနတ္တကာယာနာမ။ ပဋိသန္ဓိသညာပိ နေသံ တိဟေတုကာပိ,ဒွိဟေတုကာပိ, အဟေတုကာပိ ဟောတိ။ တသ္မာ နာနတ္တသညိနော။ တထာ ဆကာမာဝစရဒေဝတာ တေသု တေ ကေသဉ္စိ ကာယော နီလော ဟောတိ၊ ကေသဉ္စိ ပိတကာဒိဝဏ္ဏော သညာပန တိဟေတုကာပိ,ဒွိဟေတုကာပိ ဟောတိ။ အဟေတုကာ နတ္ထိ။ ဘထော စတုအပါယ ဝိနိမုတ္တာ ဥတ္တရမာတုယက္ခိနီအာဒယော စ အညေ စ ဝေမာနိကပေတာ ဧတေသံပိ ဩဒါတ,ကာဠ,မင်္ဂုရ,ဆာယာဒိ သာမဝဏ္ဏာဒိဝသေန ကိသ,ထူလ,ရဿာဒိဝသေန စ ကာယော နာနာ ဟောတိ။ မနုဿာနံဝိယ ဒွိဟေတုက, တိဟေတုက, အဟေတုက သညာပိ ဆုတိ မနုဿာဝေ တုမ္ဘဒေဝေ စ ဥပါဒါယ ဆကာမာဝစရ ဒေဝါ နာနတ္တကာယ နာနတ္တသညီနောတိ ဝေဒိတဗ္ဗော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုစကားသို့ မှန်၏။ အတိုင်းအရှည် မရှိကုန်သော စကြဝဠာတိုက်တို့၌ အတိုင်းအရှည် မရှိကုန်သော လူတို့၏ အဆင်းသဏ္ဌာန် အစရှိသည်တို့၏ အစွမ်းဖြင့် နှစ်ယောက်သော

သူတို့သည်လည်း တူသော မည်သည် မရှိ။ အကြင် သူတို့သည်လည်း အချို့ကုန်သော အရာ၌ အမှုံသော ညီအစ်ကိုတို့သို့ အဆင်းအားဖြင့်ရင်း၊ သဏ္ဌာန်အားဖြင့်ရင်း တူကုန်သော်လည်း ထိုညီအစ်ကိုတို့အား တူရူ ကြည့်ခြင်း,တစောင်း ကြည့်ခြင်း,ထိုင်ခြင်း,သွားခြင်း,ရပ်ခြင်း,ရယ်ခြင်း,အစရှိသည်တို့ဖြင့် ထူးသည်သာ သျှင် ဖြစ်ကုန်၏။ ထို့ကြောင့်၊ နာနတ္တကာယ မည်၏။ ပဋိသန္ဓေသညာသည်လည်း ထိုသူတို့အား တိဟိတ်သည်ရင်း၊ဒွိဟိတ်သည်ရင်း၊အဟိတ်သည်ရင်း ဖြစ်၏။ ထို့ကြောင့်၊ အထူးထူးသော ပဋိသန္ဓေစိတ် ရှိသည် ဖြစ်၏၊ ထိုအတူ နတ်ပြည်ခြောက်ထပ်နတ်တို့သည်လည်း ရှိကုန်၏။ထိုနတ်တို့တွင် အချို့သော နတ်တို့ ကိုယ်သည်ကား ညိုသော အဆင်း ရှိကုန်၏။အချို့သော နတ်တို့၏ ကိုယ်သည်ကား၊ရွှေသော အဆင်း ရှိကုန်၏။ပဋိသန္ဓေစိတ်သည်ကား တိဟိတ်သည်ရင်း၊ဒွိဟိတ်သည်ရင်း၊သုဂတိအဟိတ်သည်ရင်း ရှိသည် ဖြစ်၏။ အဟိတ်သော်ကား မရှိ။ထိုအတူ အပါယ်လေးဘုံမှ လွတ်ကုန်သော ဥတ္တရအမိဖြစ်သော ဘီလူးမ အစရှိသည်တို့သည်ရင်း၊ထိုမှ တပါး ဝေမာနိကပြိတ္တာတို့သည်ရင်း၊ ထိုသူတို့၏သည်း ဖြူသော အဆင်း,မည်းသော အဆင်း,ကြမ်းပိုးကဲ့သို့သော အဆင်း၊ရွှေသော အဆင်း အစ ရှိသည်တို့၏ အစွမ်းအားဖြင့်ရင်း၊ ကျုံ့ခြင်း,ဆူခြင်း,နိမ့်ခြင်း,မြင့်ခြင်း, အစ ရှိသောအားဖြင့်ရင်း၊ အထူးထူးသော ကိုယ် ရှိသည် ဖြစ်၏။လူတို့ကဲ့သို့ပင် ပဋိသန္ဓေအားဖြင့် တိဟိတ်,ဒွိဟိတ်,အဟိတ် ဟူသော သညာသည် ရှိသည် ဖြစ်၏၊ ထို့ကြောင့်၊လူတို့ကိုရင်း၊ဘုမ္မစိုးနတ်တို့ကိုရင်း စွဲ၍၊ နတ်ပြည်ခြောက်ထပ်နတ်တို့ကိုရင်း၊ နာနတ္တကာယ,နာနတ္တသညီ မည်သည်ဟု မှတ်ရမည်။

၂၄၇။ ။အဘာယ်ခွင့် နာနတ္တကာယ,ဧကတ္တသညီ မည်လေသနည်း။

ပဌမဈာန် ပရိတ္တ,မဇ္ဈိမ,ပဏီတ ဝသေန ဘာဝေတွာ ယထာက္ကမံ ဗြဟ္မာပါရိသဇ္ဇ, ဗြဟ္မာပရောဟိတ*, မဟာဗြဟ္မေသု ဥပ္ပဇ္ဇန္တိ။တတ္ထ ဗြဟ္မာပါရိသဇ္ဇာနံ ကာယတော၊ ဗြဟ္မာပရောဟိတာနံ ကာယော ဝိပ္ဖါ

* ၂မူစလုံး၌ ပရောဟိတ-ရှိသည်။ သဂြိုဟ်၌လည်း နည်းတူရှိသည်။မဟာဗြဟ္မာ၏ ပုရောဟိတ်သဖွယ် ဖြစ်သော ဗြဟ္မာဟု အဓိပ္ပါယ် ဆိုကြ၏။ သို့ဆိုလျှင်၊ ဗြဟ္မာပုရောဟိတ-ရှိသင့်၏။

ရိတော ဟောတိ။ ဘာတော မဟာဗြဟ္မာနံ အတိဝိပ္ပုလရိဟော ဖုတိတော ကာယဿ နာနတ္တာ နာနတ္တကာယာ။ ပဌမဇ္ဈာနဝသေန ပဋိသန္ဓိသညာယ ဧကတ္တာ ဧကတ္တသညိနောနာမ။ ယထာစ တေ ဧဝံ စတူသု အပါယေသု သတ္တာ။ နိရယေသု ဟိ ကေသဥ္စိ ဂါဝုတံ ကေသဥ္စိ အဍ္ဎယောဇနံ ကေသဥ္စိ ယောဇနံ အတ္တဘာဝေါ ဟောတိ။ ဒေဝဒတ္တဿ ပန ယောဇနသတိကော။ ဇာတော တိရစ္ဆာနေသု ဟိ ကေစိ ခုဒ္ဒကာ ကေစိ မဟန္တာ ပေတ္တိဝိသယေပိ ကေစိ သဋ္ဌိဟတ္ထာ ကေစိ အသီတိဟတ္ထာ ကေစိ သုဝဏ္ဏာ ကေစိ ဒုဗ္ဗဏ္ဏာ။ တထာ ကာလကဥ္ဇိကာ အသုရာ။ အပိစေတ္ထ ဒီဃပိဋ္ဌိကအသုရာ နာမ။ သဋ္ဌိယောဇနိကာပိ ဟောန္တိ။ သညာ ပန သဗ္ဗေသမ္ပိ အကုသလဝိပါကာ ဟေတုကာဝ ဟောတိ။ ဧဝံ အပါယိကာပိ နာနတ္တကာယာ ဧကတ္တသညိနော နာမ။ ဣတိ ပဌမဇ္ဈာနဘူမိကာ စတုပါယိကာစ နာနတ္တကာယာ ဧကတ္တသညိနောတိ ဝေဒိတဗ္ဗာ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ပဌမဈာန်ကို အယုတ်၊အလတ်၊အမြတ်အားဖြင့် ပွားစေ၍၊အစဉ်အတိုင်း ဗြဟ္မာပါရိသဇ္ဇ၊ဗြဟ္မာပုရောဟိတ၊မဟာဗြဟ္မာဘုံတို့၌ ဖြစ်ကုန်၏။ ထိုပဌမဈာနဘုံတို့၌ ဗြဟ္မာပါရိသဇ္ဇဗြဟ္မာတို့၏ ကိုယ်ထက် ဗြဟ္မာပုရောဟိတဗြဟ္မာတို့၏ ကိုယ်သည် ကြီးသည် ဖြစ်၏။ ထိုဗြဟ္မာပုရောဟိတဗြဟ္မာတို့၏ ကိုယ်ထက် မဟာဗြဟ္မာတို့၏ ကိုယ်သည် အလွန် ကြီးသည် ဖြစ်၏။ ထိုဗြဟ္မာတို့၏ ကိုယ်သည် အထူးထူး၊အပြားပြား ရှိသောကြောင့်၊နာနတ္တကာယ မည်၏။ ပဌမဈာန်၏ အစွမ်းအားဖြင့် ပဋိသန္ဓေသညာသည်ကား တူသည်၏ အဖြစ်ကြောင့် ဧကတ္တသညီ မည်၏။ ထိုဗြဟ္မာတို့သည် ဖြစ်သကဲ့သို့ အပါယ်လေးဘုံတို့၌ သတ္တဝါတို့သည် ဖြစ်ကုန်၏။ ထိုစကားသည် မှန်၏။ ငရဲ၌ အချို့သော ငရဲသူတို့သည် တဂါဝုတ်မျှ၊အချို့သော ငရဲသူတို့သည် ယူဇနာခွဲမျှ၊အချို့သော ငရဲသူတို့သည် တယူဇနာမျှ ကိုယ် ရှိသည် ဖြစ်၏။ ဒေဝဒတ်သည်ကား ယူဇနာတရာသော ကိုယ် ရှိသည် ဖြစ်၏။ တိရစ္ဆာန်တို့၌လည်း အချို့သော တိရစ္ဆာန်တို့သည် ငယ်သော ကိုယ် ရှိကုန်၏။ အချို့သော တိရစ္ဆာန်တို့သည် ကြီးသော ကိုယ် ရှိကုန်၏။ ပြိတ္တာဘုံ၌လည်း

အချို့သော ပြဿာတို့သည် အတောင်ခြောက်ဆယ် ရှိကုန်၏၊ အချို့ကား အတောင်ရှစ်ဆယ် ရှိကုန်၏။ အချို့သော ပြဿာတို့သည်လည်း ကောင်းသော အဆင်း ရှိကုန်၏။ အချို့သော ပြဿာတို့သည်လည်း မကောင်းသော အဆင်း ရှိကုန်၏၊ ထိုပြဿာတို့နှင့်အတူ ကာလကိဏ္ဏိကအသူရာတို့သည် ဖြစ်ကုန်၏။ ဆိုဖွယ် အလူးအား ဤပြဿာတို့၌ ရှည်သော ကျောက် ရှိသော ဣဿပိဏ္ဍိကအသူရာသည်ကား ယူဇနာခြောက်ဆယ် ရှိကုန်သည် ဖြစ်ကုန်၏။ ပဋိသန္ဓေသညာသည်ကား ခပ်သိမ်းသော ငရဲသူ,ပုဂ္ဂိုလ်တို့အား အကုသိုလ်၏ အကျိုး ဖြစ်သော ပဋိသန္ဓေသည်သာလျှင် ဖြစ်၏၊ အပါယ်လေးဘုံတို့သည် အထူးထူးသော ကိုယ် ရှိကုန်သည် ဖြစ်၍၊ တူသော ပဋိသန္ဓေ ရှိကုန်၏။ ထို့ကြောင့်၊ ပဌမဈာန်သုံးဘုံတို့ကိုရင်း၊ အပါယ်လေးဘုံတို့ကိုရင်း၊ နာနတ္တကာယ,ဧကတ္တသညီ မည်၏ ၂၂ မှတ်ရမည်။

၂၄၉။ ။အဘယ့်ကြောင့် ဧကတ္တကာယ,နာနတ္တသညီ မည်လေသနည်း။

ပဌကနယေ ဒုတိယ,တတိယဈာနဒွယံ ပရိတ္တ,မဇ္ဈိမ,ပဏီတ ဝသေန ဘာဝေတွာ ယထာက္ကမံ ပရိတ္တာဘာ အပ္ပမာဏာဘာ အာဘဿရေသု ဥပ္ပဇ္ဇန္တိ။သဗ္ဗေသံ ဟိ တေသံ ကာယော ဧကဝိပ္ဖါရောဝ ဟောတိ။ပဋိသန္ဓိသညာပန အဝိတက္က ဝိစာရမတ္တာဝါ အဝိတက္က အဝိစာရာဝါတိ နာနာ။ဣတိ ဒုတိယဈာနဘူမိ ကာ ဧကတ္တကာယ နာနတ္တသညိနောတိ ဝေဒိတဗ္ဗာ။

ဤသို့ ကျမ်းဂန် လာသော့ငှာ၊ ပဋ္ဌကနည်း၌ ဒုတိယ,တတိယဈာန်နှစ်ဘုံအပေါင်းကို အယုတ်,အလတ်,အမြတ်အားဖြင့် ပွားစေ၍၊အစဉ်အတိုင်း ပရိတ္တာဘာ,အပ္ပမာဏာဘာ,အာဘဿရာဘုံတို့၌ ဖြစ်ကုန်၏။ထိုစကားသည်သာလျှင် မှန်၏။ ခပ်သိမ်းသော ဒုတိယ,တတိယဈာန်ဘုံသားတို့၏၊ကိုယ်သည် တူသော ကြီးခြင်း ရှိသည်သာလျှင် ဖြစ်၏။ပဋိသန္ဓေသညာသည်ကား ဒုတိယဈာန်ဝိပါက်,တတိယဈာန်ဝိပါက်အားဖြင့် ထူးသည် ဖြစ်ကုန်၏။ ထို့ကြောင့်၊ ဒုတိယဈာန်ပုဂ္ဂိုလ်တို့ကို ဧကတ္တကာယ,နာနတ္တသညီ မည်သည်ဟု မှတ်ရမည်။

၂၅၀။ ။အဘယ်ကြောင့် ကောဋ္ဌကာယ,ကောဋ္ဌသည် မည်လေသနည်း။

ပဉ္စကနယေနပန စတုဗ္ဗျူဟန် ပရိဋ္ဌ,မဏ္ဍိ,ပဏိတ ဝသေန ဘာဝေတွာ ယထာက္ကမံ ပရိဋ္ဌာသုဘာ အပ္ပမာဏာသုဘာ သုဘကိဏ္ဏေသု ဥပ္ပဇ္ဇန္တိ။သဗ္ဗေပိ တေ ကောဋ္ဌကာယောစေဝ စတုဗ္ဗျူဟပဋိသန္ဓိ သညာပ ကောဋ္ဌကာယ ကောဋ္ဌသည်နောဝေါတိ ပေဒိတဗ္ဗေ။ ။ တထာ ဝေဟပ္ဖလသုဒ္ဓါဝါသိကာဥ။

ဤသို့ကျမ်းဂန်လာသောကြောင့်၊ ပဉ္စကနည်း၌ကား စတုဗ္ဗျူဟန်ကို အယုတ်,အလတ်,အမြတ်အားဖြင့် ပွားစေ၍၊ အစဉ်အတိုင်း ပရိဋ္ဌာသုဘာ,အပ္ပမာဏာသုဘာ,သုဘကိဏှာဘုံတို့၌ ဖြစ်ကုန်၏။ ခပ်သိမ်းကုန်သော စတုဗ္ဗျူဟန်ပုဂ္ဂိုလ်တို့သည် တူသော ကိုယ် ရှိကုန်သည် ဖြစ်၍ ၎င်း၊စတုဗ္ဗျူဟန်ပဋိသန္ဓေ တူသည်၏ အဖြစ်ကြောင့်၎င်း ကောဋ္ဌကာယ ကောဋ္ဌသည် မည်၏။ ။သို့အတူ ဝေဟပ္ဖိုလ်,သုဒ္ဓါဝါသငါးဘုံတို့၌ ပုဂ္ဂိုလ်တို့ကိုလည်း ကောဋ္ဌကာယ,ကောဋ္ဌသည် မည်သည်သာ မှတ်ရမည်။

ဂတိယော နိရိယံ ပေတာ၊တိရစ္ဆာနာစ မာဏဝါ။သဗ္ဗေ ဒေဝါတိ ပဉ္စာပဟ။ပဉ္စနိမ္မလ လောစနော။

ဂတိယော၊ဂတိတို့သည် ကား။ နိရိယံ၊ငရဲ၎င်း။ပေတာစ၊ပြိတ္တာ၎င်း။ တိရစ္ဆာနာစ၊တိရစ္ဆာန်၎င်း။ မဏဝါစ၊လူတို့၎င်း။ သဗ္ဗေဒေဝါစ၊ခပ်သိမ်းသော နတ်တို့၎င်း။ ဇူတိ၊ဤသို့။ ပဉ္စနိမ္မလ လောစနော၊ ငါးပါးသော အညစ်,အကြေး ကင်းသော မြတ်စွာဘုရားတို့သည်။ ပဉ္စ၊ ငါးပါးတို့ ဟူ၍။ အာဟ,အဝေါစ၊ မိန့်တော်မူကုန်၏။ ။ဤသို့ ဟောတော်မူသည်နှင့် အညီ၊ဂတိကား၊—

နိရိယဂတိ၊ ပေတဂတိ၊တိရစ္ဆာနဂတိ၊မနုဿဂတိ၊ဒေဝဂတိ၊ ဟူ၍ ငါးပါး အပြား ရှိသည် မှတ်ရမည်၊

တာဝတိံသေသု ဒေဝေသု၊ဝေပစိတ္တိသုရာ ဂတာ။ကာလကဉ္စိကာ သုရာနာမ၊ဂတာ ပေတေသု သမ္ဘဒါ။

တာဝတိံသေသု၊ တာဝတိံသာ၌ ဖြစ်ကုန်သော။ ဒေဝေသု၊ နတ်တို့၌။ ဝေပစိတ္တိသုရာ၊ဝေပစိတ္တိအသူရာသည်။ ဂတာ၊အရေအတွက်သို့ ရောက်ကုန်၏။ ကာလကဉ္စိကာအသူရာနာမ၊ ကာလကဉ္စိကအသူရာမည်သည်ကား။ သဗ္ဗဒါ၊အခါခပ်သိမ်း။ ပေတေသု၊ ပြိတ္တာတို့၌။ ဂတာ၊ အရေအတွက်သို့ ရောက်ကုန်၏။

မြင်းမိုရ်တောင် အောက်၌ ရှိသော ဝေပစိတ္တိအသူရာပြည်ကို တာဝတိံသာနတ်ပြည်၌ သွင်းသ်ဟု မှတ်ရမည်။ ။ကာလကဉ္စိက ဖြစ်သော အသူရကာယ်ကို ပြိတ္တာဘုံ၌ သွင်းသ်ဟု မှတ်ရမည်။

သန္တိသညာယ နာနတ္တာ၊ ကာယဿာပိစ နာနတော။ နာနတ္တကာယသညီတိ၊ကာမသုဂတိယော မတာ။

သန္တိသညာယ၊ ပဋိသန္တိသညာယ၊ ပဋိသန္ဓေသညာဖြင့်။ နာနတ္တာစ၊ထူးသောကြောင့်ရင်း။ကာယဿာပိ၊ကိုယ်၏လည်း။နာနတောပိ၊ထူးသောကြောင့်ရင်း။ ကာမသုဂတိယော၊ ကာမသုဂတိခုနစ်ဘုံတို့ကို။ နာနတ္တကာယသညီတိ၊နာနတ္တကာယသညီ မည်၏ ဟူ၍၊ မတာ၊သိအပ်၏။

လူ့ဘုံ,နတ်ဘုံ,နတ်ပြည်ခြောက်ထပ် အားဖြင့် ကာမသုဂတိ,ခုနစ်ဘုံတို့ကို အထူးထူးသော ကိုယ်၊ အထူးထူးသော ပဋိသန္ဓေ ရှိခြင်း အလားတူသောကြောင့်၊တဘုံတည်း ပေါင်း၍၊ နာနတ္တကာယ,နာနတ္တသညီ ယူသည် မှတ်ရမည်။

ပဌမဈာနဘုမ္မိစ၊ စတုရာပါယဘုမ္မိယော။ နာနတ္တကာယ ဧကတ္တ၊ သညီတိ သမုဒီရိတာ။

ပဌမဈာနဘုမ္မိစ၊ ပဌမဈာန်သုံးဘုံတို့ကိုရင်း။ စတုရာပါယဘုမ္မိစ၊ အပါယ်လေးဘုံတို့ကိုရင်း။ နာနတ္တကာယဧကတ္တသညီတိ၊နာနတ္တကာယ,ဧကတ္တသညီ မည်၏ ဟူ၍၊သမုဒီရိတာ၊ကောင်းစွာ ဟောအပ်၏။

ပဌမဈာန်သုံးဘုံ,အပါယ်လေးဘုံတို့သည် ကိုယ်မှာကား အထူးထူး အပြားပြား ရှိကုန်၏။ ပဋိသန္ဓေသော်ကား အပါယ်လေးဘုံ၌ အကုသိုလ်၏ အကျိုး၊ ဥပေက္ခာသန္တီရဏတခုသာ။ ပဌမဈာန်သုံးဘုံ၌ ပဌမဈာန်ဝိပါက်သာ။ ထို့ကြောင့်၊ ပဌမဈာန်သုံးဘုံ,အပါယ်လေးဘုံကို တဘုံတည်းပေါင်း၍၊နာနတ္တကာယ,ဧကတ္တသညီ ယူသ် မှတ်ရမည်။

ဧကတ္တကာယ နာနတ္တသညီတိ ဒုတိယဈာနဘူမိကာ၊ ဧကတ္တကာယ ဧကတ္တသညီ ဥပရိရူပိနော။

ဒုတိယဈာနဘူမိကာ၊ ဒုတိယဈာန်ဘုံသားတို့သည်။ ဧကတ္တကာယ နာနတ္တသညီ၊ ဧကတ္တကာယ,နာနတ္တသညီ မည်သည်။ ဟောတိ၊ ဖြစ်ကုန်၏။ ဥပရိရူပိနော၊ အထက်,အထက်သော ရူပါဝစရဘုံသားတို့သည်။ ဧကတ္တကာယ,ဧကတ္တသညီ၊ ဧကတ္တကာယ,ဧကတ္တသညီ မည်သည်။ ဟောတိ၊ ဖြစ်ကုန်၏။

ဒုတိယဈာန်သုံးဘုံသားသည် ကိုယ်မှာကား အထူးအခြား မရှိ။ ပဋိသန္ဓေသော်ကား ဒုတိယဈာန်ဝိပါက်, တတိယဈာန်ဝိပါက်, အထူးအခြား မရှိသောကြောင့်၊ ဒုတိယဈာန်သုံးဘုံကို တဘုံတည်း ပေါင်း၍၊ ဧကတ္တကာယ,နာနတ္တသညီ ယူသည်ဟု မှတ်ရမည်။ ။ပဉ္စကနည်းအားဖြင့် တတိယဈာန်သုံးဘုံ,ဝေဟပ္ဖိုလ်,သုဒ္ဓါဝါသငါးဘုံ၊ ဤကိုးဘုံသားတို့သည် ကိုယ်လည်း အထူးအခြား မရှိ။ ပဋိသန္ဓေလည်း အထူး မရှိသောကြောင့်၊ ဤကိုးဘုံကို တပေါင်းတည်း ပေါင်း၍၊ ဧကတ္တကာယ, ဧကတ္တသညီ ယူသည်ဟု မှတ်ရမည်။

၂၅၁။ ။သတ္တဝါတို့၏ နေရာ,ဘုံကိုး၀၏ သရုပ်သျှံကို ခြားနား သိသာအောင် အစဉ်အတိုင်း အဘယ်သို့ ရေတွက်ရအံ့နည်း။

ပဋိသန္ဓိဝိညာဏဿ ဌာနံ ဝိညာဏဋ္ဌိတိနာမ။ သာ သတ္တဝိဓါ ဟောတိ။ နာနတ္တကာယ,နာနတ္တသညီ၊ နာနတ္တကာယ,ဧကတ္တသညီ၊ ဧကတ္တကာယ,နာနတ္တသညီ၊ ဧကတ္တကာယ,ဧကတ္တသညီ၊ ဟေဋ္ဌာ တိဿော အာရုပ္ပါဘူမိယော ဒွိယံပိ ဂဟေတွာ သတ္တဝါသာ နဝါတိ ဝေဒိတဗ္ဗာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊နာနတ္တကာယ နာနတ္တသညီ၊နာနတ္တကာယ ဧကတ္တသညီ၊ ဧကတ္တကာယ နာနတ္တသညီ၊ ဧကတ္တကာယ ဧကတ္တသညီ၊အာကာသာနဉ္စာယတန၊ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊ နေဝသညာနာသညာယတန၊ အသညသတ်ဘုံအားဖြင့် ဘုံသည်ကား ကိုး၀ ဖြစ်သတည်းဟု မှတ်ရမည်။ ။ဤအခြင်းအရာများကို အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့် အညီ ပါရမီခန်း၌၊—

ထောက်ထားပညာ၊မှတ်သားနာလော။ သတ္တဝါသာ၊ဘုံကိုး၌၊
ပဋိစ္စကြမ္မာ၊ဓေဟာနာကြောင့်၊သညာ ဇေတ်၊ နာနတ်ထူးခြား၊
အလားလားလျှင်၊ငါးပါး ဂတိ၊ မှားဘွယ်ရှိသည်။

ဟူ၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

အပါယမှာ ရတာ သတ္တာ၊ ကာမဓာတုမှိ ဇာယရေ၊ သဗ္ဗဋ္ဌာနေသု ဇာယန္တိ၊သေသာ ကာမဘာဝါ ရတာ၊

အပါယမှာ၊အပါယ်ဘုံမှ။ရတာ၊ရတေကုန်သော။သတ္တာ၊သတ္တဝါတို့သည်၊ ကာမဓာတုမှိ၊ ကာမဘုံ၌၊ ဇာယရေ၊ ဖြစ်ကုန်၏။ သေသာ၊ အပါယ်ဘုံမှ ကြွင်းကုန်သော။ ကာမဘာဝါ၊ကာမသုဂတိဘုံမှ၊ ရတာ၊ ရတေကုန်သော သူတို့သည်၊ သဗ္ဗဋ္ဌာနေသု၊ ခပ်သိမ်းသော ဘုံတို့၌၊ ဇာယန္တိ၊ဖြစ်ကုန်၏။

အပါယ်လေးဘုံမှ ရတေသော သူတို့သည်ကား၊ကာမဘုံ၌သာ ဖြစ်သည် မှတ်ရမည်။ ကာမသုဂတိဘုံမှ ရတေကုန်သော သူတို့သည် ခပ်သိမ်းသော ဘုံတို့၌ ဖြစ်သည် မှတ်ရမည်။

သုဒ္ဓါဝါသာ ရတာယဝါ၊သုဒ္ဓါဝါသေသု ဇာယရေ။ အသညိတော ရတာ ကာမ၊သုဂတိ ရူပဇာယရေ။

သုဒ္ဓါဝါသာ၊သုဒ္ဓါဝါသဘုံမှ။ ရတာ၊ ရတေကုန်သော ပုဂ္ဂိုလ်တို့သည်။ သုဒ္ဓါဝါသေသု၊သုဒ္ဓါဝါသဘုံတို့၌။ ဇာယရေ၊ဖြစ်ကုန်၏။ အသညိတော၊အသညသတ်ဘုံမှ၊ ရတာ၊ရတေကုန်သော ပုဂ္ဂိုလ်တို့သည်၊ ကာမသုဂတိ၊ကာမသုဂတိဘုံတို့၌။ ဥပဇာယရေ၊ဖြစ်ကုန်၏။

သေသာရူပါ ရတာ သတ္တာ၊ ဇာယန္တိ ပါယဝဇ္ဇိတေ။ အာရုပ္ပတော ပရံ ကာမ၊သုဂတိမှိစ တမ္ဟိင။

သေသာရူပါ၊အသညသတ်,သုဒ္ဓါဝါသမှ ကြွင်းကုန်သော ရူပဘုံမှ၊ ရတာသတ္တာ၊ရတေကုန်သော သတ္တဝါတို့သည်။ အပါယဝဇ္ဇိတေ၊အပါယ်ဘုံသည် ကြဉ်အပ်ကုန်သော ဘုံတို့၌။ဇာယန္တိ၊ဖြစ်ကုန်၏။အာရုပ္ပတော၊ အာရုပ္ပဘုံမှ။ ပရံ၊ ရတေသောနောက်၌။ ကာမသုဂတိမှိ၊ကာမသုဂတိ ခြောက်ဘုံ၌၎င်း။တမှိစ၊ထိုအရူပဘုံ၌၎င်း၊ဇာယန္တိ၊ဖြစ်ကုန်၏။

ပုသုဏ္ဍနာ၀ ဇာယန္တိ၊ အသညာ ပါယာဘုမ္ဗိသု။ သုဂ္ဂတိ၀ါသေသု ဇာယန္တိ။ အနာဂါမိနော ပုဂ္ဂလာတိ။

အသညာပါယဘုမ္မိသု၊အသညသတ်ဘုံ,အပါယ်ဘုံတို့၌။ပုသုဏ္ဍနာ၀၊ပုသုဏ္ဍန်တို့သည်သာလျှင်။ဇာယန္တိ၊ဖြစ်ကုန်၏။သုဂ္ဂတိ၀ါသေသု၊သုဂ္ဂတိ၀ါသဘုံတို့၌။အနာဂါမိနော၊အနာဂါမ် ဖြစ်ကုန်သော။ပုဂ္ဂလာ၊ပုဂ္ဂိုလ်တို့သည်။ဇာယန္တိ၊ ဖြစ်ကုန်၏။ ။ဤင်း အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ၌လာသည်ဟု မှတ်ရမည်၊

၂၅၂။ ။ပုရိသိန္ဒြေ,ယောကျ်ားဖို့ ရှုံ့ခြင်း ဖြစ်ခြင်းသို့ဝင်း၊ ဣတ္ထိန္ဒြေ, မိန်းမဖို့ ရှုံ့ခြင်း ဖြစ်ခြင်းသည်ဝင်း၊ အဘယ်သို့သော အကြောင်းဖြင့် ဖြစ်ကြလေသနည်း။

ဣမေသုပန ဒွိသု ပုရိသလိင်္ဂတ္တမံ။ဣတ္ထိလိင်္ဂံဟိနံ။ တသ္မာ၀ ပုရိသလိင်္ဂံ ဗလ၀အကုသလေန အန္တရဓာယတိ၊ ဣတ္ထိလိင်္ဂံ ဒုဗ္ဗလကုသလေန ပတိဋ္ဌာတိ၊ ဣတ္ထိလိင်္ဂံ အန္တရဓာယန္တံ ဒုဗ္ဗလအကုသလေန အန္တရဓာယတိ၊ ပုရိသလိင်္ဂံ ဗလ၀ကုသလေန ပတိဋ္ဌာတိ။ ဥဘယမ္ပိ အကုသလေန အန္တရဓာယတိ။ကုသလေန ပတိလဗ္ဘတိတိ၊

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ဤနှစ်ပါးသော လိင်တို့တွင် ယောကျ်ားအသွင်သို့ မြတ်၏။ မိန်းမအသွင်သို့ကား ယုတ်၏။ထိုသို့ အယုတ်, အမြတ်ရှိသောကြောင့်၊ယောကျ်ားအသွင်သည် အကုသိုလ်ကံ အားကြီးသောကြောင့် ကွယ်၏၊ မိန်းမဖို့ အသွင်သို့ ကုသိုလ်ကံ အားနည်းသောကြောင့် တည်၏။ မိန်းမအသွင်သို့ ကွယ်သို့ ရှိသော်၊ အကုသိုလ်ကံ အားနည်းသောကြောင့် ကွယ်၏။ ယောကျ်ားဖို့ အသွင်သို့ ကုသိုလ်ကံ အားကြီးသောကြောင့် တည်၏။ ဤ နှစ်ပါးသော ယောကျ်ား,မိန်းမတို့ဖို့ အဖြစ်ကို ခြင်းသို့ ကုသိုလ်ကံကြောင့်သာ ရသည်။ အကုသိုလ်ကံကြောင့်သာ ကွယ်သို့ မှတ်ရမည်။ ။ဤသို့ကား ကာမသုဂတိဘုံ၌သာ ရည်၍ ဆိုသည်။ ဒုဂ္ဂတိဘုံ၌ကား ဖြစ်ခြင်း,ပျက်ခြင်းသို့ အကုသိုလ်ကံကြောင့်သာ ဖြစ်သည်ဟု မှတ်ရမည်၊ ။ဤအခြင်းအရာကို ဓမ္မသင်္ဂဏီအဋ္ဌကထာ,ပါရာဇိကဏ်အဋ္ဌကထာကျမ်းတို့၌ လာသည်ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန်လာသည်နှင့်အညီ ပါရမီခန်း၌၊—

အကြင်သောခါ၊ ကြမ္မာ ယွင်းယို၊ အကုသိုလ်ဖြင့်၊ ထိုထို ဇာတိ၊
ကြုံကိုက်လာတိသော်၊ ဆုတ္တိဘောဝ်ဟု၊ ခေါ်ဝေါ် စင်စစ်၊ မိန်းမ ဖြစ်
လျက်၊ နှစ်ဆစ်ဘရော၊ ကမ္ဘာ ရှည်လျား၊ ကျင်လည်ပြားလည်း၊
ယောကျ်ား တရံ၊ မခံဘူးလေ၊ မိုးယပ်နေသား၊

ဟူ၍၊ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၂၅၃။ ။ယောကျ်ား, မိန်းမတို့အား လိင်္ဂ, နိမိတ္တ, ကုတ္တ, အာကပ္ပတို့ သည်ကား အဘယ်ကို ဆိုသနည်း။

လိင်္ဂဟတ္ထာဒိသဏ္ဌာနံ၊ နိမိတ္တံ မိဟိတာဒိကံ၊ ကုတ္တံ သုပ္ပနာဒိနာ ကီဠာ၊ အာကပ္ပေါ ဂမနာဒိကံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လိင်္ဂ-ဆိုသည်ကား လက်, ခြေ, စသော သဏ္ဌာန်အသွင်ကို ဆိုသည်ဟု မှတ်ရမည်။ ။နိမိတ္တ-ဆိုသည်ကား ပြုံးရယ် ခြင်းကို ဆိုသည် မှတ်ရမည်။ ။ကုတ္တ-ဆိုသည်ကား၊ ဗန်းငယ်, ယစ်ငယ်, လှည်းငယ် စသည်ဖြင့် ကစားသည်ကို ဆိုသည် မှတ်ရမည်။ ။အာကပ္ပ-ဆို သည်ကား သွားခြင်း, ရပ်ခြင်း, နေခြင်း စသည်ကို ဆိုသည် မှတ်ရမည်။

၂၅၄။ ။ယောကျ်ားတို့သည် မိန်းမ ဖြစ်အံ့သော ကာလ ရှိအံ့လော၊ မိန်းမတို့သည် ယောကျ်ား ဖြစ်အံ့သော ကာလ ရှိအံ့လော။ အဘယ်သို့ နည်း။

ဣမမှာ စက္ကဝါဠာ သတ္တာ ပရစက္ကဝါဠံ ပရစက္ကဝါဠာစ ဣမံ စက္က ဝါဠံ သံသရန္တိ။ တေသု ဣမသ္မိံ စက္ကဝါဠေသု မာတုဂါမကာလေယေ ဝ ဥပေတွာ နာနာ နာမံ ဧကေနာမိကာယ မနုဿမာတုယာ ကုစ္ဆိယံ နိဗ္ဗတ္တကာလေ ဧကေနပိ တထညံ စတုသု မဟာသမုဒ္ဒေသု ဥဒက တော ဗဟုတရန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဤစကြဝဠာမှ သတ္တဝါတို့သည် တပါး သော စကြဝဠာသို့၊ တပါးသော စကြဝဠာမှသည် ဤစကြဝဠာသို့ ကျင် လည်ကုန်၏။ ထို စကြဝဠာတို့တွင်၊ ဤ စကြဝဠာ၌ မိန်းမ ဖြစ်သော အခါ၌လျှင် အထူးထူးသော အမည်ကို ထား၍၊ တခုတည်းသော အ မည်နှင့် လူ ဖြစ်သော်၊ အမိ၏ ဝမ်း၌ ဖြစ်သော အခါ၊ တယောက်သော သူ စို့သော နို့ရည်သည် လေးစင်းသော မဟာသမုဒ္ဒရာ၌ ရှိသော ရေ

ထက် များသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို သံယုတ္တနိကာယ် အနမတဂ္ဂသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၂၅၅။ ။ယောကျ်ားသည် မိန်းမ၊ မိန်းမသည် ယောကျ်ား အလှယ်,အလှယ် ဖြစ်ဖူးကြောင်းကို အဘယ်ပုဒ်,ပါဠိကို ထောက်၍ သိရအံ့နည်း။

ပုရိသာဟိ ဣတ္ထိယောဝါ ပုရိသာဟိပိ အာဂုတပုဗ္ဗာနာမ နတ္ထိ။ ပုရိသာဟိ ပရဿ ဒါရေ အတိစရိတွာ ကာလင်္ကတွာ ဗဟူနိ ဝဿ သတသဟဿာနိ နိရယေ ပစိတွာ မနုဿဇာတိ အာဂစ္ဆန္တော အတ္တဘာဝေ သတေ ဣတ္ထိဘာဝံ အာပဇ္ဇန္တိ။ အာနန္ဒတ္ထေရော ဟိ ကပ္ပ သတသဟဿံ ပူရိတပါရမီ အရိယသာဝကောပိ သံသာရေ သံသာ ရန္တော ဧကသ္မိံ အတ္တဘာဝေ ကမ္မာရကုလေ နိဗ္ဗတ္တော ပရဒါရိ ကကမ္မံ ကတွာ နိရယ ပက္ကာဝသေသေန အကုသလေန စုဒ္ဒသု အတ္တ ဘာဝေသု ပရဿ ပါဒပရိစာရိကာ ဣတ္ထိ အဟောသိ၊ သတ္တသု အတ္တ ဘာဝေသု ဗီဇုဒ္ဓရဏံ ပါပုဏာတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုစကားသည် မှန်၏။ ယောကျ်ားတို့ သည် မိန်းမ ဖြစ်ဖူး၏။ မိန်းမတို့သည် ယောကျ်ား ဖြစ်ဖူး၏။ မဖြစ်ဖူးသော သူ မည်သည် မရှိ။ ထိုစကားသည် စင်စစ် ဧကန် မှန်၏။ အကြင်ယောကျ်ားတို့သည် သူတပါးတို့၏ သားမယားအိမ်ရာကို ကျူးလွန်မိ၍ သေခဲ့သည် ရှိသော်၊ များစွာကုန်သော အနှစ်တသိန်းပတ်လုံး ငရဲ ခံရ၏။ လူ ဖြစ်ကုန်သော် လည်း၊ တချို့သော ကိုယ်၏ အဖြစ်၌ မိန်းမ အဖြစ်သို့ ရောက်ကုန်၏။ ကမ္ဘာတသိန်း ပါရမီဖြည့်၍ မြတ်သော တပည့်သားတော် အဖြစ်သို့ ရောက်သော အရှင်အာနန္ဒာမထေရ်အလောင်းတော်သည်လည်း သံသ ရာ၌ ကျင်လည်လေသော အခါ၊ ရွှေပန်းတိမ်သည်အမျိုး၌ ဖြစ်၍၊ သူတပါး ၏ သားမယားအိမ်ရာကို ပြစ်မှားမိသောကြောင့်၊ ငရဲ၌ အနှစ်တသိန်း ကာလပတ်လုံး ခံရ၏။ ငရဲမှ လွတ်ပြီးသော်၊ ကြွင်းသော အကုသိုလ် ကံ၏ အစွမ်းဖြင့် တဆဲ့လေးဖြစ် တိုင်တိုင် သူတပါးတို့၏ ခြေရင်း အလုပ်အကျွေး မိန်းမ ဖြစ်ခဲ့ချေသည်။ ခုနစ်ဖြစ် တိုင်တိုင်လည်း အသိုး ထုဘ်အမျိုး၌ ဖြစ်၍၊ သူတပါးတို့ ထုဘ်ခြင်း,နှိပ်စက်ခြင်းကို ခံခဲ့ချေသည်။ ဤသည်ကား အကြင်ယောကျ်ားတို့သည် ပရဒါရ အမှုကို ပြုခြင်းကြောင့်

အပါယ်ငရဲ၌ ခံပြီးမှ ယုတ်သော အရာ၌ ဖြစ်ရချေသည်ဟု မှတ်ရမည်။

၂၅၄။ ။ထိုမှတပါး၊ ဘုရားသခင် အဘယ်သို့ ဟောတော်မူသနည်း။

ယဿ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇိဿ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ။ အာမန္တာ။ ။ယဿဝါပန ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿ၊ တဿ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ။ အာမန္တာ။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဃာနိန္ဒြိယံ၊ မိန်းမဘည်း ဟူသော ဃာနိန္ဒြေသည်။ ဥပ္ပဇ္ဇိဿ၊ ဖြစ်ဖူးပြီ၊ တဿ၊ ထိုပုဂ္ဂိုလ်အား။ ပုရိသိန္ဒြိယံ၊ ယောကျ်ားတည်း ဟူသော ပုရိသိန္ဒြေသည်။ ဥပ္ပဇ္ဇိဿ၊ ဖြစ်ဖူးပြီလော။ အာမန္တာ၊ ဖြစ်ဖူး၏။ ။ယဿဝါပန၊ အကြင်ပုဂ္ဂိုလ်အားကား။ ပုရိသိန္ဒြိယံ၊ ယောကျ်ားတည်း ဟူသော ပုရိသိန္ဒြေသည်။ ဥပ္ပဇ္ဇိဿ၊ ဖြစ်ဖူးပြီ၊ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဃာနိန္ဒြိယံ၊ မိန်းမတည်း ဟူသော ဃာနိန္ဒြေသည်။ ဥပ္ပဇ္ဇိဿ၊ ဖြစ်ဖူးပြီလော။ အာမန္တာ၊ ဖြစ်ဖူး၏။

ဤသည်လျှင် မိန်းမသည် ယောကျ်ား ဖြစ်ဖူး၏၊ ယောကျ်ားသည် မိန်းမ ဖြစ်ဖူး၏ဟု အနုလောမ,ပဋိလောမအားဖြင့် အလှန်,အပြန် ဃာန္ဒြိယ ယမိုက်၌ ဘုရားသခင် ဟောတော်မူသည်ကို ထောက်၍လည်း မဖြစ်စဖူးသော မည်သည် မရှိ၊ ဖြစ်ဖူးကြသည်သာ ဧကန်မုချ မှတ်ရမည်။

၂၅၅။ ။မိန်းမတို့သည် ယောကျ်ားဆုကို တောင်းသော်၊ အဘယ်သို့သော အကြောင်းဖြင့် တောင်းရအံ့နည်း။

ဃာနိယောဝါပန ဒါနာဒီနိ ပုညာနိ ကတွာ ဃာနိဘာဝေ ဆန္ဒံ ဝိရာဇေတွာ ဣဒံ နော ပုညံ ပုရိသတ္တဘာဝံ ပဋိလာဘာယ သံဝတ္တတုတိ စိတ္တံ အဓိဋ္ဌဟိတွာ ကာလံ ကတွာ ပုရိသတ္တဘာဝံ ပဋိလဘန္တိ၊ ပတိဗ္ဗတာ ဟုတွာ သာမိကေ သမ္မာပဋိပတ္တိဝသေနပိ ပုရိသတ္တဘာဝံ ပဋိလဘန္တေဝါတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မိန်းမတို့သည် အလှူ,သီတင်း အစရှိသော ကောင်းမှုတို့ကို ပြုသဖြင့်၊ မိန်းမ အဖြစ်၌ အလိုကို စွန့်၍၊ ယခုငါတို့ ပြုသော ကောင်းမှု၏ အကျိုးဆက်အားဖြင့် ယောကျ်ားအဖြစ်ကို

ရစေသတည်း။ဟု ဆုတောင်းခြင်း,ဓိဋ္ဌာန်ခြင်းနှင့်တကွ ရတေလျှင်၊ ယောကျ်ား၏ အဖြစ်ကို ရကုန်၏၊ အိမ်၏ သခင်,လင်၌ ရှိသေ, ကျိုးနွံ ကောင်းမွန်စွာ လုပ်ကျွေး,မွေးမြူ၍ ဤသို့ ရှိသေစွာ လုပ်ကျွေး မွေးမြူရသော အကျိုးအားဖြင့် ယောကျ်ား၏ အဖြစ်ကို ရသည်သာ ဖြစ်သည်ဟု မှတ်ရမည်။

၂၅၈။ ။ယောကျ်ားတို့သည် အဆက်ဆက်သော ယောကျ်ား ဖြစ်လိုမူကား အဘယ်သို့ ကျင့်ရအံ့နည်း။

ယော ဓမ္မေ ပရိသော ပေါတုံ၊ ဇာတိဇာတိ ပုနပ္ပုနံ၊ ပဒေါရံ ဝိဝဇ္ဇေယျ၊ဓောတပါဒေါဝ ကဒ္ဒမံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင် ယောကျ်ားသည် ဖြစ်တိုင်း, ဖြစ်တိုင်း အဖန်တလဲလဲ ယောကျ်ား ဖြစ်စေခြင်းငှာ အလိုရှိသည် ဖြစ်အံ့၊ သူ့သားမယား,အိမ်ရာကို ဖြစ်မှားခြင်းမှ ကြဉ်ရှောင်ရာ၏။အဘယ်ကဲ့သို့နည်း ဟူမူကား၊ ခြေဆေး၍ သုတ်သင်,စင်ကြယ်လေပြီးသော သူသည် ရွှံ့စေးချေညွှန်ကို ကြဉ်ရှောင်သကဲ့သို့ ကြဉ်ရှောင်ရာသည်ဟု မှတ်ရမည်။

၂၅၉။ ။မိန်းမတို့သည် အဆက်ဆက် ယောကျ်ား ဖြစ်လိုမူကား၊အဘယ်သို့ ကျင့်ရအံ့နည်း။

ယော ဓမ္မေ ပရိသော ပေါတုံ၊ ဇာတိဇာတိ ပုနပ္ပုနံ၊သမိကံ အပစာယေယျ၊ဓုဒ္ဒဝ ပရိစာရိကာဝတီ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အကြင် မိန်းမသည် ဖြစ်တိုင်း,ဖြစ်တိုင်း အဖန်တလဲလဲ ယောကျ်ား ဖြစ်စေခြင်းငှာ အလိုရှိသည် ဖြစ်အံ့။ အိမ်၏ အရှင် ဖြစ်သော လင်ကို ရှိသေကျိုးနွံ,ကောင်းမွန်စွာ လုပ်ကျွေးမွေးမြူရာ၏။အဘယ်ကဲ့သို့နည်း ဟူမူကား၊သိကြားမင်းကို ရှိသေ,ကောင်းမွန်စွာ လုပ်ကျွေး,မွေးမြူသကဲ့သို့ ရှိသေစွာ လုပ်ကျွေး,မွေးမြူရာသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာများကို သံယုတ္တနိကာယ် အနမတဂ္ဂ သုတ်အဖွင့်,ဓမ္မပဒသုတ်အဖွင့်တို့၌ လာသည် မှတ်ရမည်။

ဤသို့ ဆိုအပ်ခဲ့ပြီးသော ဓမ္မမှာ စက္ကဝါဠာ အစရှိသည်ဖြင့် ကျမ်းဂန် လာသည်နှင့်အညီ ပါရမီခန်း၌၊—

ယဉ်ထန်စဲးလှိုက်၊ တဖျင့်ဆိုက်သား၊ အမှိုက် ကျုံနင်း၊ ရေမြော
ထင်းသို့၊ ဝေးမင်းခေါင်သိ၊ ထို၍ စကြဝဠာ၊ တိုက်များမှာသို့၊
လွင့်ရှာချော့၊ အကြိုက် ဆုံသော်၊ တမံ ဖွားဖွား၊ ထိုကျသား
လည်း၊ တခြား ဤမှာ၊ ရောက်လှာ ပြန်လစ်၊ ဤသို့ ဖြစ်လျက်၊ လူ
စစ်တော်မိ၊ သုဂတိပင်၊ မရှိဘတ်လေ၊ အတွေထွေသား၊ တန္တေ့
ဖုတ်ပြာ၊ အဟိတ်အဆိုး၊ အရိုင်းမျိုးတွင်၊ ဝင်လေကာကာ၊
မိစ္ဆာခရေ၊ မကောင်းမှုလည်း၊ ညစ်ကျုံအထည်း၊ ထိုင်စွာ
သည်း၍၊ ပည်းလေတုံတုံ၊ ဆူသို့ ပုံဖွဲ့၊ ထည့်လှုံ ဖွဲ့သွေ့၊ မီးသို့
မွှေ့လျက်၊ အငွေ့ မစဲ၊ ဝဋ်ဆင်းရဲ၍၊ ပျပ်စွဲ ဖက်ထစ်၊ ဤသို့
ဖြစ်လျက်၊ ငုတ်နစ်မြော၊ သတ္တဝါတို့၊ ရောက်လှာ ယခေါင်၊
နောင်လည်း မသုံး၊ ခပင်း ကျုံးလျက်၊ အရှုံး တလျဉ်၊ ဆင်းရဲ
ယဉ်၍၊ ပိညာဉ်လှာလှာ၊ တသက်လျာမျှ၊ ချမ်းသာတခါစ်၊ ရည်
ဖြစ်လည်း၊ မူးယစ် စည်းစိမ်၊ မငြိမ်မသက်၊ ကိုယ်ကို ဖျက်၍၊
အပျက်လဗ္ဗိ၊ ဒုသိသဟောင်၊ အခေါက်အငမ်း၊ လက်ကြမ်း၊
နှုတ်မူ၊ ပသူ ဆိုဝံ့၊ ယင်နုံ့ ဖချည်၊ ဆိပ်သို့ စည်လျက်၊ ယင်းသို့
တခါစ်၊ ကျင့်၍ ဖြစ်သား၊ ဆိုးညစ် ပုတ်ရိ၊ အကုသိုလ်ကို၊
အဟိုကန္တာ၊ သချၟ် ကြာလည်း ဆုံး၍ မမြောက်၊ ခံရလောက်
လျက်၊ သံကျောက်မီးစာ၊ ဖေါ်၍ ပါသို့၊ ကြမ္မာ သွေးဆောင်၊
သေပြီးနောင်တုံ၊ ရှောင်လည်း မအား၊ ပါယ်လေးပါးတွင်၊
ခေါက်များ မကြာ၊ အရှင်ရွာနှင့်၊ နှုန်း၍ မငြိမ်၊ သိမ်ဖျင်း
တိုင်လျက်၊ စည်းစိမ်လည်းကောင်း၊ နှစ်ပြန် ရှောင်းသည်၊ ၊
ဆိုးတောင်း တဖါးရေးရေးတည်း။

ဟူ၍၊ အရှင်မဟာသီလဝံသ အကျော်စပ်တော်မူလေသည်။

၂၆၀။ ။မိန်းမတို့၌ လော်လည်ခြင်း ငါးပါး ဆိုသည်ကား အ
ဘယ်နည်း။

မာတုဂါမေပတိ နာမေသ ပဉ္စဟိ လောလတာဟိ လောဠေ့ဘဟော
တိ။ အာဟာရ လောလတာယ၊ အလင်္ကာရလောလတာယ၊ ပရပုရိသ
လောလတာယ၊ နေ့ လောလတာယ၊ ပါဒ လောလတာယာတိ။

ဤသို့ ကျမ်းဂန် လာသောနှင့်၊ မိန်းမတို့မည်သည်ကား၊ အာဟာရ လောလတာယ၊အစာ၌ လျှပ်ပေါ်ခြင်းငင်း။အလင်္ကာရ လောလတာယ၊ တန်ဆာ၌ လျှပ်ပေါ်ခြင်းငင်း။ ပရပုရိသ လောလတာယ၊ယောကျ်ား တပါး၌ လျှပ်ပေါ်ခြင်းငင်း။ ဓန လောလတာယ၊ဥစ္စာ၌ လျှပ်ပေါ်ခြင်း ငင်း။ပါဒ လောလတာယ၊အသွား,အလာ၌ လျှပ်ပေါ်ခြင်းငင်း။ ဤသည် ကား မိန်းမတို့၏ လော်လည်ခြင်း ငါးပါးတို့၏ သရုပ်သကျော်တည်းဟု မှတ်ရမည်။

၂၆၁။ ။ထိုငါးပါးတို့တွင် အာဟာရ၌ လျှပ်ပေါ်ခြင်းဆိုသည်ကား အဘယ်နည်း။

တထာဟိ မာတုဂါမော ဘတ္တ,သူပ,မသူရာဒိဘေဒေ အာဟာရေ လောလတာယ အန္တမာသော ပါရိဝါသိကဘတ္တမ္ပိ ဘုဉ္ဇတိ။ ဟတ္ထောတာဝကမ္ပိ ခါဒတိ၊ဒိဂုဏာခန့် အနုပ္ပဒတွာပိ သူရံ ပိဝတိ။

ဤသို့ ကျမ်းဂန် လာသောနှင့်၊ ထိုစကားသည်လျှင် မှန်၏။ မိန်းမတို့ မည်သည်ကား၊ထမင်း,ဟင်း,သေရေ,သေရက်-စသော အစာ၌ တပ်မက် သည် ဖြစ်၍၊ အယုတ်သဖြင့် သိုးလေပြီးသော ထမင်းကိုသော်လည်း စားတတ်၏။ လက်ချရုံမျှသော်လည်း ခဲတတ်၏။ နှစ်ဆသော ဥစ္စာကို ပေး၍သော်လည်း သေကို သောက်တတ်၏။ ဤသည်ကား အာဟာရ၌ လော်လည်ခြင်းတည်းဟု မှတ်ရမည်။

၂၆၂။ ။တန်ဆာ၌ လော်လည်ခြင်း ဆိုသည်ကား အဘယ်နည်း။

အညံ့ အလင်္ကာရ လောလတာယ၊ အလင်္ကာရံ အလဘမာနော၊ အန္တမာသော ဥဒက တေလေနပိ ကေသေ သြသဏ္ဍေတွာ မုခံ ပမဇ္ဇတိ။

ဤသို့ ကျမ်းဂန် လာသောနှင့်၊ တန်ဆာ၌ တပ်မက်မောသဖြင့်၊ တပါးသော တန်ဆာကို မရသည် ရှိသော်၊ အယုတ်သဖြင့် ရေ,ဆီဖြင့် လည်း ဆံတို့ကို လိမ်းကျံ၍၊ မျက်နှာကို လိမ်း,သုံးသပ်၏။ဤသည် ကား တန်ဆာ၌ လော်လည်ခြင်းတည်းဟု မှတ်ရမည်။

၂၆၃။ ။ယောကျ်ားတပါး၌ လော်လည်ခြင်း ဆိုသည်ကား အ ဘယ်နည်း။

ပရပုရိသ လောလဘာဝယ၊ အန္တမာသော ပုတ္တကေနာပိ တာဒိသေ ပဒေသေ ပဋ္ဌောသိယမာနာ ပဋ္ဌမံ အသဒ္ဓမ္မသေဝနစိတ္တေန စိန္တေသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ယောက်ျားတပါး၌ လျှပ်ပေါ်ခြင်း သို့ကား၊ အယုတ်သဖြင့် သားပင် ဖြစ်သော်လည်း၊ ထိုသို့ သဘောရှိသော ဆိတ်ငြိမ်သော အရပ်၌ ခေါ်ပြ ဖြစ်၍၊ ရှေးဦးစွာ မေထုနသေဝနစိတ်ဖြင့် ကြံ၏။ ဤသို့ကား ယောက်ျားတပါး၌ လော်လည်ခြင်းတည်းဟု မှတ်ရမည်။

၂၆၄။ ။ဥစ္စာ၌ လော်လည်ခြင်း ဆိုသည်ကား အဘယ်နည်း။

ဓနလောလတာယ၊ ဟံသရာဇံ ဂဟေတွာ သုဝဏ္ဏပရိဟာယတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဥစ္စာ၌ တပ်မက်မောသဖြင့် ဟင်္သာမင်းကို ဖမ်း၍ ရွှေမှ ယုတ်စေ၏။ ဤသို့ကား ဥစ္စာ၌ လော်လည်ခြင်း၏ သရုပ်တည်းဟု မှတ်ရမည်။

၂၆၅။ ။အသွား၊အလာ၌ လော်လည်ခြင်း ဆိုသည်ကား အဘယ်နည်း။

ပါဒလောလဘာဝယ၊ အာရာမာဒိဂမနသီလာဟုတွာ သမ္ဘဝခံ ဝိနာသေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အသွား၊အလာ၌ လော်လည်ခြင်းကား၊ ခြေဖြင့် တလံ၊နှစ်လံ၊အရံစသည်သို့ သွားလိုသော အလေ့ရှိသည် ဖြစ်၍၊အသုံးစုံသော ဥစ္စာတို့ကို ဖျက်၏။ ဤသို့ကား အသွား၊အလာ၌ လော်လည်ခြင်း၏ သရုပ်တည်းဟု မှတ်ရမည်၊ ။ဤ အခြင်းအရာကို သုတ္တနိပါတ် ဓနိယသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၂၆၆။ ။လျင်သော အဆိပ် ရှိသော မြွေနဂါးမျိုးကား အဘယ်မျှ အပြား ရှိလေသနည်း။

အာသိဝိသာပန စတုဗ္ဗိဓာ ဟောတိ။ ကဋ္ဌမုခေါ ပူတိမုခေါ အဂ္ဂိမုခေါ သတ္ထမုခေါတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပြင်းသော လျင်သော အဆိပ် ရှိသော မြွေနဂါးတို့သည်ကား ကဋ္ဌမုခမြွေ၊ပူတိမုခမြွေ၊အဂ္ဂိမုခမြွေ၊ သတ္ထမုခမြွေ-ဟူ၍ လေးပါး အပြားရှိသည်ဟု မှတ်ရမည်။

၂၆၇။ ။ထိုလေးပါးသော မြွေတို့တွင် ကဋ္ဌမုက္ခမြွေ ဆိုသိကား အဘာယ်နည်း။

တဿ ကဋ္ဌမုက္ခေန ဒါဋ္ဌဿ သကလသရီရံ သုက္ခကဋ္ဌံဝိယ ထဒ္ဓံ ဟောတိ။ သန္တပုဗ္ဗဿ အဝိနိမန္တံ အဃံ သုသာသမပ္ပိတံ ဝိယ တိဋ္ဌတိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ့၊ ကဋ္ဌမုက္ခမြွေ ဆိုသည် ကိုက်ခဲသော သူတို့အား ကိုယ်အလုံးသည် ခြောက်သော သစ်ကဲ့သို့ ခက်တရော် ရှိသဖြင့်၊ခြေဆစ်လက်ဆစ်တို့၌ မကိုင်းမညွှတ်နိုင်သည် ဖြစ်၍၊ သံတစ်ခု ငြင့် ထိုးသကဲ့သို့ တည်သည် ဖြစ်၏။ ဤသည်ကား ကဋ္ဌမုက္ခ မြွေ၏ သတ္တိသဘောတည်းဟု မှတ်ရမည်။

၂၆၈။ ။ပူတိမုက္ခမြွေ ဆိုသည်ကား အဘာယ်နည်း။

ပူတိမုက္ခေန ဒါဋ္ဌဿ သရီရံ ပက္ကပူတိ ပနသံဝိယ ပုပ္ပကာဘာဝံ အာပဇ္ဇိတွာ ပဿဝတိစ ဂါဝါရေ ပက္ခိတ္တံ ဥဒကံ ဝိယ ဟောတိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ့၊ ပူတိမုက္ခမြွေ ကိုက်သော သူအား ကိုယ်အလုံးသည် မှည့်သော ပိန္နဲသီးကဲ့သို့ ပြည်၏ တည်သော အဖြစ်သို့ ရောက်၍ ယိုဘွက်၏။ခဝါသည်တို့သည် ဆပ်ပြာ စစ်သော ပုဆိုး၏ ရေကဲ့သို့ ဖြစ်၏၊ ဤသည်ကား ပူတိမုက္ခမြွေ၏ သတ္တိသဘော တည်းဟု မှတ်ရမည်။

၂၆၉။ ။အဂ္ဂိမုက္ခမြွေ ဆိုသည်ကား အဘာယ်နည်း။

အဂ္ဂိမုက္ခေန ဒါဋ္ဌဿ သကလသရီရယဋ္ဌာယိ ဘသ္မမုဋ္ဌိဝိယ ဝိပ္ပကိရတိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ့၊ အဂ္ဂိမုက္ခမြွေ ကိုက်သော သူအား ကိုယ်အလုံး လောင်၍၊ပြာဆုပ်ကဲ့သို့ ဖရိုဖရဲ ရှိ၏။ ဤသည်ကား အဂ္ဂိမုက္ခမြွေ၏ သတ္တိသဘောတည်းဟု မှတ်ရမည်။

၂၇၀။ ။သတ္ထမုက္ခမြွေ ဆိုသည်ကား အဘာယ်နည်း။

သတ္ထမုက္ခေန ဒါဋ္ဌဿ သကလသရီရံ ဘိဇ္ဇိတွာ။အသနိဂတဋ္ဌာနံ ဝိယ မဟာနိခါဒနေန ကဘာသန္ဓိမုခံ ဝိယ ဟောတိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ့၊ သတ္ထမုက္ခမြွေ ကိုက်သော သူအား ကိုယ်အလုံးသည် ကွဲ၍ မိုးကြိုး ကျသော အရပ်ကဲ့သို့ ထက်စွာသော

ဆောက်ဖြင့် ခြေဆစ်,လက်ဆစ်ကို ဖြတ်သေးသော မျက်နှာဝကဲ့သို့လည်း ဖြစ်၏။ ဤသည်ကား သဏ္ဍမရက္ခမြွေ၌ သတ္တိသဘောတည်းဟု မှတ်ရမည်၊ ။ဤအခြင်းအရာကို သံယုတ္တနိကာယ်အဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်၊

၂၇၁၊ ။မဟာဘုတ်အပြားကား အဘယ်မျှ ရှိသနည်း။

စတ္တာရိ မဟာဘူတာနိ၊ ပထဝီဓာတု,အာပေါဓာတု,တေဇောဓာတု,ဝါယောဓာတုစေတိ၊

ဤသို့ ကျမ်းဂန်လာသော့ကြောင့်၊ ပထဝီမဟာဘုတ်,အာပေါမဟာဘုတ်,တေဇောမဟာဘုတ်,ဝါယောမဟာဘုတ် ဟူ၍ လေးပါး အပြား ရှိသည်ဟု မှတ်ရမည်။

၂၇၂။ ။အဘယ်မည်သော မြွေနှင့် အဘယ် မည်သော မဟာဘုတ်နှင့် တူကြလေသနည်း၊

ကဋ္ဌမုက္ခမြွေနှင့် ပထဝီမဟာဘုတ်နှင့် တူသည်ဟု မှတ်ရမည်။
ပုတိမုက္ခမြွေနှင့် အာပေါမဟာဘုတ်နှင့် တူသည်ဟု မှတ်ရမည်၊
အဂ္ဂိမုက္ခမြွေနှင့် တေဇောမဟာဘုတ်နှင့် တူသည်ဟု မှတ်ရမည်၊
သတ္တမုက္ခမြွေနှင့် ဝါးယောမဟာဘုတ်နှင့် တူသည်ဟု မှတ်ရမည်။

၂၇၃။ ။ကဋ္ဌမုက္ခမြွေနှင့် ပထဝီမဟာဘုတ်နှင့် အဘယ်သို့ တူကြလေသနည်း။

ကဋ္ဌမုက္ခမြွေ၏ သဘောသည် ကိုက်ခဲအပ်သော သတ္တဝါတို့၏ ကိုယ်ကို ထင်းချောင်းကဲ့သို့ ခက်တရော်,ကြမ်းချော်စေတတ်၏၊ ပထဝီမဟာဘုတ်၏ သဘောသည်လည်း အဋ္ဌကလာပ်,နဝကလာပ်ရုပ် အပေါင်းတို့ကို ခက်တရော်,ကြမ်းချော်စေတတ်၏၊ ဤသို့ ခက်တရော်,ကြမ်းချော်စေတတ်သော လက္ခဏာ တူကြသည် မှတ်ရမည်။

၂၇၄၊ ။ပုတိမုက္ခမြွေနှင့် အာပေါမဟာဘုတ် အဘယ်သို့ တူကြလေသနည်း။

ပုတိမုက္ခမြွေ၏ သဘောသည် ကိုက်ခဲအပ်သော သတ္တဝါတို့၏ ကိုယ်ကို အပုပ်ကဲ့သို့ ဖူးဖူး ရောင်စေတတ်သော လက္ခဏာ ရှိ၏၊ အာပေါမဟာဘုတ်သို့လည်းအဋ္ဌကလာပ်,နဝကလာပ်ရုပ် အပေါင်းတို့ကို

ဖူးဖူး ရောင်စေတတ်သော လက္ခဏာ ရှိ၏။ဤသို့ ဖူးဖူး ရောင်စေတတ်သော သဘောလက္ခဏာ တူကြသည်ဟု မှတ်ရမည်။

၂၇၅။ ။အဂ္ဂိမုက္ခမြွေနှင့် တေဇောမဟာဘုတ်နှင့် အဘယ်သို့ တူကြလေသနည်း။

အဂ္ဂိမုက္ခမြွေ၏ သဘောသည် ကိုက်ခဲသော သတ္တဝါတို့၏ ကိုယ်ကို မီးကဲ့သို့ ပူပန်စေတတ်၏။ တေဇောမဟာဘုတ်သည်လည်း အဇ္ဈတ္တကလာပ်,နဝကလာပ်ရုပ် အပေါင်းတို့ကို မီးကဲ့သို့ ပူပန်စေတတ်၏။ ဤသို့ ပူပန်စေတတ်သော လက္ခဏာ တူကြသည်ဟု မှတ်ရမည်။

၂၇၆။ ။သတ္ထမုက္ခမြွေနှင့် ဝါယောမဟာဘုတ်နှင့် အဘယ်သို့ တူကြလေသနည်း။

သတ္ထမုက္ခမြွေ၏ သဘောသည် ကိုက်ခဲအပ်သော သတ္တဝါတို့၏ ကိုယ်ကို ဓားဖြင့် မွှန်းသကဲ့သို့ ကျင်နာစေတတ်၏။ ဝါယောမဟာဘုတ်သည်လည်း အဇ္ဈတ္တကလာပ်,နဝကလာပ် ရုပ်အပေါင်းတို့ကို ကျင်နာစေတတ်,ကွဲစေတတ်,ပေါက်စေတတ်,ပြတ်စေတတ်သော သဘော ရှိ၏။ ဤသို့ ကျင်နာစေတတ်,ကွဲစေတတ်သော သဘောလက္ခဏာ တူကြသည်ဟု မှတ်ရမည်။ ။၎င်း သံယုတ္တနိကာယ်အဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ဆုံးတောင်းခန်း၌၊—

ကဋ္ဌမုက္ခ၊စသည်အချင်း၊ မြွေလေးစင်းနှင့်၊ နှိုင်းသွင်းချေသော်၊
ပမာလျော်သား၊သပ္ပေါ် မည်ဟုတ်၊ မဟာဘုတ်ဟု။

ဟူ၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

သာသနာတော် စည်ပင်,ပြန့်ပွား,များအံ့သော အကြောင်း ကောင်းသို့သာ ဖြစ်သော အမြိုက်ဆွေပြည်နိဗ္ဗာန်ကို အလိုရှိသော ငွေ၊ခပ်သိမ်းသော သူအပေါင်းတို့အား မှတ်သား,ထိလွယ်စိမ့်သောငှာ၊အထူးထူးသော အနက်အဓိပ္ပါယ်၊အသွယ်သွယ်သော နည်းနာနိသျှတို့ဖြင့် တန်ဆာဆင်လျက် အစောင်စောင်သော ကျမ်းတို့မှ ကံပွဲဘုန်းကြီး ထုတ်နုတ်,စီရင်အပ်သော ပညာကထန တတိယပိုင်း ပြီးပြီ။

သက္ကရာဇ်၁၂၃၉ခု၊တန်ဆောင်မုန်းလပြည့်ကျော်၉ရက်။

# ပဉ္စာကထနကျမ်း၊ စတုတ္ထတွဲ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

၂၇၇။ ။အပေါက်ခြောက်ပါး ဆိုသည်ကား အဘယ်နည်း။
အလသောစ ပမာဒေါစ အနုဋ္ဌာနံစ အသံယမော နိဒ္ဒါတန္ဒီစ တေ ဆိဒ္ဒေ၊ သဗ္ဗသော တံ ဝိဝဇ္ဇယေ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပျင်းခြင်းလည်း တပါး၊ ကုသိုလ် ကောင်းမှု၌ မေ့လျော့ခြင်းလည်း တပါး၊ လုလ္လ မရှိခြင်းလည်း တပါး၊ ယုံမှားခြင်းလည်း တပါး၊ အိပ်ကြူးခြင်းလည်း တပါး၊ တဆန့်ကျောင် ကျောင် ကိုယ်,လက် လေးလံခြင်းလည်း တပါး၊ဤသည်လျှင် ခြောက်ပါး သော အပေါက်တည်းဟု မှတ်ရမည်၊
ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ၊ ဆရာတောင်းခန်း၌၊—
ပျင်းခြင်းက စ၊ ဝင်ဝ ချောက်ချောက်၊ ခြောက်ပါး ပေါက်၊
ဟူ၍ အရှင်သီလဝံသအကျော် စပ်တော်မူလေသည်။
၂၇၈။ ။ဂဠုန်ပြည်သည် အဘယ်အရပ်၌ တည်သေသနည်း။
ယမ္ဟိ သိန္ဓေရု ပရိဘဏ္ဍော သိပ္ပလိရုက္ခေဟိ သဥ္စာဒိတော စ ပဉ္စာ သယောဇန သိပ္ပလိဒဟော တံ ပရိဝါရေတွာ မဟန္တံ သိပ္ပလိဝနံ၊ တတ္ထ သုပဏ္ဏာ ပဋိဝသန္တိ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မြင့်မိုရ်တောင် ဒုတိယအာလိန္ဒ၌ လက်ပံပင်တို့ဖြင့် ကောင်းစွာ ချောက်သော ယူဇနာငါးဆယ် ရှိသော အိုင်သုံ ရှိ၏၊ထိုအိုင်ကို ဝန်းရံ၍ ပေါက်သော ကြီးစွာသော လက်ပံ တော၌ ဂဠုန်တို့နေရာပြည် ဖြစ်သည် မှတ်ရမည်၊
၂၇၉။ ။ဂဠုန်အပေါင်းတို့တွင် ဂဠုန်မင်းသည်ကား အဘယ်မျှ လောက် ကြီးလေသနည်း၊
သုပဏ္ဏရာဇာ ဒိယဍ္ဎယောဇနသတိကော။ဘဿ ဒက္ခိဏပက္ခော ပဉ္စာသယောဇနိကော ဟောတိ။ တထာ ဝါမပက္ခော။ ပိဉ္ဆဝဋ္ဋိ သဋ္ဌိ ယောဇနိကာ၊ဂီဝါ တိံသယောဇနိကာ၊ မုခ နဝယောဇနိကာ။ ပါဒါ

ဒွါဒသယောဇနိကာ။တသ္မိံ သုဗဏ္ဏဝါတံ ကာတုံ အာရဒ္ဓေ သဗ္ဗယော ဇနသတဒ္ဓာနံ နပ္ပဟောတီတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဂဠုန်မင်း၏ ကိုယ်သည်ကား ယူဇနာ တရာ့ငါးဆယ် ရှိ၏၊ လကျာ အတောင်သည်ကား၊ ယူဇနာငါးဆယ် ရှိ၏။ ထိုအတူ လက်ဝဲ အတောင်သည်ကား ယူဇနာငါးဆယ် ရှိ၏။ အမြီးလုံးသည် ယူဇနာခြောက်ဆယ် ရှိ၏။ လည်ပင်းသည်ကား၊ ယူဇနာသုံးဆယ် ရှိ၏၊ နှုတ်သီးကား ကိုးယူဇနာ ရှိ၏၊ ခြေသည်ကား တဆဲ့နှစ်ယူဇနာ ရှိ၏။ ထိုဂဠုန်မင်းသည် ဂဠုန်၏ လေကို လာစေလိုသောငှာ၊ အားထုတ်သည် ရှိသော်၊ယူဇနာခြောက်ရာ ရှိသော ခရီးကို မလောက်သည် ဖြစ်၍ အလွန် လျှင် ခွန်အားကြီးသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို မဇ္ဈိမ နိကာယ်,သံယုတ္တနိကာယ် အဋ္ဌကထာတို့၌ လာသည်ဟု မှတ်ရမည်၊

၂၈၀။ ။ပြိဿာတို့တွင် ချပ္ပါသိကပြိဿာ ဆိုသည်ကား အဘယ် နည်း။

တတ္ထ ချပ္ပါသိကပြိဿာနာမ အနေကဗုဒ္ဓန္တရေ ချပ္ပါသာတိ ဥဿာဟာတပေတာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ချပ္ပါသိကပြိဿာ ဆိုသည်ကား အရာမကသော ဘုရားတို့၏ အကြား,ကာလပတ်လုံး ပွပ်သိပ်ခြင်းတို့ဖြင့် နှိပ်စက်သော ပြိဿာသည် ချပ္ပါသိကပြိဿာ မည်သည်ဟု မှတ်ရမည်။

၂၈၁။ ။နိဗ္ဗာမတဏ္ဍိကပြိဿာ ဆိုသည်ကား အဘယ်နည်း။

နိဗ္ဗာမတဏ္ဍိကာနာမ ရုက္ခသုသိရေ ဇာလမာန နဂ္ဂိက္ခန္ဓောဝိယ အင်္ဂါရဇလမာနဂ္ဂိဇာလာယ် အဗ္ဘာဟတ ပေတာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နိဗ္ဗာမတဏ္ဍိကပြိဿာ ဆိုသည်ကား အခေါင်း ရှိသော သစ်ပင်၌ ပြောင်ပြောင် တောက်သော မီးကျီးကဲ့သို့ ကိုယ်တွင်း၌ ပြောင်ပြောင် တောက်သော မီးလျှံဖြင့် အလွန် နှိပ်စက်သော ပြိဿာသည် နိဗ္ဗာမတဏ္ဍိကပြိဿာ ဆိုသည်ဟု မှတ်ရမည်၊ ။ဤအခြင်းအရာကို ဒီဃနိကာယ် အစရှိသော ကျမ်းတို့၌ လာသည်ဟု မှတ်ရမည်၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝသဝတီမာရ်နတ်မင်းသည်ကား ပရနိမ္မိတဝသဝတ္တီနတ်ပြည်၌ မင်းပြုလျက် နေ၏။ ထိုသို့ နေသော်လည်း တခုသော အရပ်၌ မိမိ၏ ပရိသတ်အား အစိုးရခြင်းကို ဖြစ်စေလျက်၊ ပြည်၏ အပိုင်းအခြား၌ ရွာကို ဖျက်ဆီးသော မင်းကဲ့သို့သာ နေသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို မဇ္ဈိမနိကာယ်,မူလပရိယာယသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၂၀၈။ ။အသညသတ်ဘုံသို့ အဘယ်အရပ်၌ တည်လေသနည်း။

အသညသတ္တာဒေဝါ ဝေဟပ္ဖလေဟိ သဒ္ဓိံ ဧကတလာဝ ဧကသ္မိံ ဩကာသေ ယေန ဣရိယာပထေန နိဗ္ဗတ္တာ တေနေဝ ယာဝတာယုကံ စိတ္တကမ္မရူပသဒိသာ ဟုတွာ တိဋ္ဌန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အသညသတ်နတ်တို့သည် ဝေဟပ္ဖိုလ်ဘုံနှင့်အတူ တပြင်တည်းသာလျှင် ဖြစ်သော တခုသော အရပ်၌ အကြင် ဣရိယာပုထ်ဖြင့် မွေးလျက် ဖြစ်ကုန်၏။ ထိုဣရိယာပုထ်ဖြင့်သာလျှင် အသက်အတိုင်း ပန်းချီဆေးဖြင့် ရေးသော အရုပ်ကဲ့သို့ ဖြစ်၍ တည်ကုန်သည်ဟု မှတ်ရမည်။ ။ဤ အခြင်းအရာကိုလည်း မဇ္ဈိမနိကာယ်,မူလပရိယာယသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၂၀၉။ ။နတ်တို့၏ အဝတ်တန်ဆာ ကိုယ်ရောင်,ကိုယ်ဝါတို့သည် အဘယ်မျှလောက်သော အရပ်တိုင်အောင် ထွန်းလေသနည်း ။

ဒေဝါနံ နိဝတ္ထဝတ္ထဿ ပဘာ၊ ဒွါဒသယောဇနာနိ ဖရတိ၊ တထာ သရီရဿ တထာ အလင်္ကာရဿ တထာ ဝိမာနဿာတိ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ နတ်တို့အား ဝတ်သော အဝတ်၏ အရောင်သည် တဆဲ့နှစ်ယူဇနာ တိုင်အောင် ထွန်း၏။ ကိုယ်၏ အရောင်အဝါသည်လည်း၊ တန်ဆာ၏ အရောင်အဝါသည်လည်း၊ ဗိမာန်၏ အရောင်အဝါသည်လည်း ထိုအတူ ထွန်းသည်သာ ဖြစ်သည် မှတ်ရမည်။ ။ဤအခြင်းအရာကို ဒီဃနိကာယ် မဟာနာဒသုတ်အဖွင့်၌လည်း၊ မဇ္ဈိမနိကာယ် အစ္ဆရိယဗ္ဘူတသုတ်အဖွင့်၌လည်း လာသည်ဟု မှတ်ရမည်။

၂၉၀။ ။နတ်တို့သည် နတ်ပြည်မှ စုတေအံ့သော အကြောင်း လေးပါးကား အဘယ်နည်း။

ဒေဝသောကတော ဒေဝတာ စဝတျှတိ ကာရဏေဟိ စဝန္တိ။ အာယုက္ခယေန ပုညက္ခယေန အာဟာရက္ခယေန ကောပေန ာတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နတ်ပြည်မှ နတ်တို့သည် အသက်ကုန်ခြင်းကြောင့်၎င်း၊ ကံ ကုန်ခြင်းကြောင့်၎င်း၊ အာဟာရ ကုန်ခြင်းကြောင့်၎င်း၊ အမျက် ထွက်ခြင်းကြောင့်၎င်း ဤလေးပါးသော အကြောင်းကြောင့် ရုတေကုန်သည်ဟု မှတ်ရမည်၊

၂၉၁။ ။နတ်တို့သည် နတ်ပြည်ခြောက်ထပ်မှ ရုတေအံ့သော အခါ ထင်သော ပုဗ္ဗနိမိတ်ငါးပါးတို့သည် အဘယ်နည်း။

ဒေဝါနံပန ရုတိ ဘဝိဿတိ။ ပဉ္စပုဗ္ဗနိမိတ္တာနိ ဥပ္ပဇ္ဇန္တိ။ မာလာ မိလာယန္တိ။ ဝတ္ထာနိ ကိလိဿန္တိ။ ကစ္ဆေဟိ သေဒါ မုစ္စန္တိ။ ကာယေ ဒုဗ္ဗဏ္ဏိယံ ဩက္ကမတိ။ ဒေဝါ ဒေဝါသနေ နသဏ္ဍာတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နတ်ပြည်မှ နတ်တို့သည် ရုတေအံ့သော အခါ၊—

(၁)။ မိမိတို့ ပန်သော ပန်းတို့သည် ညှိုးကုန်၏။
(၂)။ အဝတ်တို့သည်လည်း ညစ်နွမ်းကုန်၏။
(၃)။ လက်ကတီးကြားမှ ချွေးတို့သည် ထွက်ကုန်၏။
(၄)။ ကိုယ်သည် အဆင်းမလှသော အဖြစ်သို့ ရောက်၏။
(၅)။ နတ်တို့၏ နေရာ၌ မတည်နိုင်။

ဤငါးပါးသော နိမိတ် ထင်ကုန်သည်ဟု မှတ်ရမည်၊ ။ဤအခြင်းအရာကို ဣတိဝုတ္တက အဋ္ဌကထာ သဂ္ဂပဒ္ဒသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၂၉၂၊ ။ဘုရားတဖြစ်နှင့် တဖြစ် အကြားကာလ မြေကြီးအမြင့်သည် ယူဇနာ ဘယ်မျှ တက်လေသနည်း။

ဗြေဝတာ ဒွိန္နံ ဗုဒ္ဓါနံ အန္တရေ ယောဇနပထဝီ ဥဿာနံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဘုရားတဖြစ်နှင့် တဖြစ် အကြားကာလ မြေ တယူဇနာ တက်သည် မှတ်ရမည်။ ထိုမှတပါးလည်း—

ဇာတကနိဒါနေ အတိသမ္မုန္တိဒိဝသေ မဟာသတ္တေန နဒိယာ တံ ဝါဒိတာယ သုဝဏ္ဏပါတိကာယ ကတကိလိကိလိတိ သဒ္ဒံ သဝနေန အာဂန္တွာ မဟာကာဠော နာဂရာဇာ ဟိယျော ဇကော ဗုဒ္ဓေါ

နိဗ္ဗုတ္တော။ ပုန အဋ္ဌ ကောဋိ ဝတ္တာ အာဂတော တဿကိရ မဟာ ပထဝိယာ ကောယောဇနတိဂါဝုတပ္ပမာဏာ နဘံ ပူရေတွာ အာရောပ ဏကား:လာ အဋ္ဌဝါ ဟိယျော၀ါ သနိသော အဟောသိတိ ဝုတ္တံ။

ဤသို့ ကျမ်းဂန် လာသောဝင်္ဂ၊ ဘုရားသခင် အလောင်းတော်သည် သဗ္ဗညုတဉာဏ်ကို ရတော်မူအံ့သော နေ့ နေရစ္ဆရာမြစ်၌ မျှောအပ် သော ရွှေခွက်ဖြို ချက်ချက်သော အသံကို ပြုလျက် လာလတ်သည် ရှိ သော်၊ မဟာကာလနဂါးမင်းသည် ယမန်နေ့သာ လျှုပြည်၌ ဘုရား တဆူ ဖြစ်သည်။တဖန် ယနေ့ ဘုရားတဆူ ဖြစ်ပြန်သည်တကားဟု ဆို ၏။ထိုသို့ ဆိုသော မဟာကာလနဂါး၏ စကားသည် မဟာပထဝီမြေ ၏ တယူဇနာနှင့် သုံးဂါဝုတ် အတိုင်းအရှည် ရှိသော ကောင်းကင်ကို ပြည့်စေ၍၊ပွားတက်သော အခါကို ယနေ့ ဟူ၍ရင်း၊ ယမန်နေ့ ဟူ၍ ရင်း ဆိုသည် ဟူ၍ မှတ်ရမည်။ ။ဤအခြင်းအရာကို ဇာတ်နိဒါန်း၌ လာသည်ဟု မှတ်ရမည်။

၂၉၃။ ။ဘုရားတပွင့်နှင့် တဖြစ်ငပ်ကြား မြေသည် တယူဇနာနှင့် သုံးဂါဝုတ် တက်လျက် အဘယ်ကြောင့် နှစ်သိန်းလေးသောင်းအထု ရှိသော မဟာပထဝိ ဟူ၍သာ ဆိုလေသနည်း။

တတောပရံပန ပထဝိယာ ဥဿိတဘာဝေန တတော ကတိ ယောဇနတာ သိယာ၊အပ္ပကံပန အဓိကံ၀ါ ဥနံ၀ါ ဂဏန္တုပဂံ နဟော တီတိ တထာ ဝုတ္တန္တိ။

ဤသို့ ကျမ်းဂန် လာသောဝင်္ဂ၊ ထိုနောက် မြေ၏ တက်သော အား ဖြင့်ရင်း၊ထိုအောက် နှစ်ယူဇနာ,သုံးယူဇနာ ယုတ်သော အားဖြင့်ရင်း၊ အနည်းငယ် အယုတ်,အလွန်ကို ရေတွက်အံ့သော၌ မလောက်သော ဝင်္ဂ၊ရှေးအတိုင်းသာ ခေါ်ဝေါ်ကုန်သည်ဟု မှတ်ရမည်။ ။ဤအခြင်းအ ရာကို ဝိသုဒ္ဓိမဂ်ဋီကာ၌ လာသည်ဟု မှတ်ရမည်။

၂၉၄။ ။မြေတုန်လှုပ်အံ့သော အကြောင်းကား အဘယ်မျှ အပြား ရှိလေသနည်း။

ဝါယောဓာတုကောပေ ဓာတ္ထိမတော ဓာတ္ထိဝိကုပ္ပနေ ဗောဓိသတ္တာသ မာတုကုစ္ဆိယံ ဩက္ကမနေ နိက္ခမနေ အဘိသမ္ဗောဓိယံ ဓမ္မစက္က

ပဝတ္တနေ အာယုသင်္ခါရဝေါသဇ္ဇနေ ပရိနိဗ္ဗာနေဝါတိ ဣမေဟိ အဋ္ဌ ကာရဏေဟိ မဟာဘူမိစာလော ဟောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မြေကြီး တုန်လှုပ်ခြင်းသည်ကား ဝါယောဓာတ် ချောက်ချားသောကြောင့်၎င်း၊ တန်ခိုးကြီးသော သူတို့၏ အာနုဘော်ကြောင့်၎င်း၊ ဘုရားသခင် အလောင်းတော်သည် မယ်တော်ဝမ်း၌ ပဋိသန္ဓေ နေတော်မူသော အခါ၌၎င်း၊ ဖွားတော်မူသော အခါ၌၎င်း၊ ဘုရားအဖြစ်သို့ ရောက်တော်မူသော အခါ၌၎င်း၊ ဓမ္မစကြာတရား ဟောတော်မူသော အခါ၌၎င်း၊ အာယုသင်္ခါရ လွှတ်တော်မူသော အခါ၌၎င်း၊ ပရိနိဗ္ဗာန် ပြုတော်မူသော အခါ၌၎င်း။ ဤ ရှစ်ပါးသော အကြောင်းတို့တွင် တပါးပါးသော အကြောင်းကြောင့်၊ မြေလှုပ်သည်ဟု မှတ်ရမည်။

ထို ရှစ်ပါးတို့တွင် ဝါယောဓာတ် ချောက်ချားသောကြောင့် လှုပ်သည် ဆိုရာ၌၊ ယူဇနာ ကိုးသိန်း၊ ခြောက်သောင်း အထုရှိသော ရေကို ခံသော လေသည် ချောက်ချားသောကြောင့် ရေလှုပ်သည်။ ရေလှုပ်သောကြောင့် မြေလှုပ်သည်ဟု မှတ်ရမည်။ ။တန်ခိုးကြီးသောကြောင့် လှုပ်သည် ဆိုရာ၌၊ တန်ခိုးကြီးသော သူတို့၏ အာနုဘော်ကြောင့် လှုပ်သည်ဟု မှတ်ရမည်။ ။ဘုရားသခင် အလောင်းတော်သည် ပဋိသန္ဓေ နေတော်မူသော အခါ၊ ဖွားတော်မူသော အခါ၊ ဤနှစ်ပါးကြောင့် လှုပ်သည် ဆိုရာ၌၊ ပါရမီသမ္ဘာရ ကောင်းမှုအကျိုးကြောင့် လှုပ်သည်ဟု မှတ်ရမည်။ ။ဘုရားဖြစ်တော်မူသော အခါ လှုပ်သည် ဆိုရာ၌၊ သဗ္ဗညုတဉာဏ်တော်၊ အရဟတ္တမဂ်ဉာဏ်တော်၏ တန်ခိုးကြောင့် လှုပ်သည်ဟု မှတ်ရမည်။ ။ဓမ္မစကြာတရား ဟောတော်မူသော အခါ လှုပ်သည် ဆိုရာ၌၊ ကောင်းချီးပေးသဖြင့် လှုပ်သည်ဟု မှတ်ရမည်။ ။အာယုသင်္ခါရ လွှတ်တော်မူသော အခါ လှုပ်သည် ဆိုရာ၌၊ သနားသဖြင့် လှုပ်သည်ဟု မှတ်ရမည်။ ။ပရိနိဗ္ဗာန် ပြုတော်မူသော အခါ လှုပ်သည် ဆိုရာ၌၊ ငိုကြွေးသဖြင့် လှုပ်သည်ဟု မှတ်ရမည်။ ။ဤ အခြင်းအရာကို မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌၎င်း၊ အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ၌၎င်း လာသည်ဟု မှတ်ရမည်။

၂၉၅။ ။ထိုမှ တပါး၊ မြေလှုပ်ခြင်း၏ အကြောင်းရှစ်ပါးကား၊ အဘယ်နည်း။

အယံမဟာပထဝီ အပရေသုပိ အဋ္ဌသု ကာရဏေသု အကမ္ပိတ္ထ။ မဟာနိက္ခမနေ ဗောဓိမဏ္ဍူပသင်္ကမနေ ပံသုကူလဂဟဏေ ပံသုကူလဓောဝနေ ကာဠကာရာမသုတ္တေ ဂေါတမသုတ္တေ ဝေဿန္တရဇာတကေ မဟာဗြဟ္မဇာလေတိ။

ဤသို့ ကျမ်းဂန် လာသော့ငွေ့၊ တောထွက်တော်မူသော အခါ၌၎င်း၊ ဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူသော အခါ၌၎င်း၊ ပံ့သကူသင်္ကန်း ကောက်တော်မူသော အခါ၌၎င်း၊ ပံ့သကူသင်္ကန်း ဖွပ်တော်မူသော အခါ၌၎င်း၊ ကာဠကာရာမသုတ်ကို ဟောတော်မူသော အခါ၌၎င်း၊ ဂေါတမသုတ်ကို ဟောတော်မူသော အခါ၌၎င်း၊ ဝေဿန္တရာဇာတ်ကို ဟောတော်မူသော အခါ၌၎င်း၊ ဗြဟ္မဇာလသုတ်ကို ဟောတော်မူသော အခါ၌၎င်း၊ ဤအကြောင်းရှစ်ပါးတို့တွင် တပါးပါးသော အကြောင်းကြောင့်၊ မဟာပထဝီမြေကြီးသည် လှုပ်၏။ ဤသို့ကား မြေလှုပ်ခြင်း၏ အကြောင်း ရှစ်ပါး တနည်း ပြားသည်ဟု မှတ်ရမည်။

ထိုရှစ်ပါးတို့တွင် တောထွက်တော်မူသော အခါ၊ ဗောဓိမဏ္ဍိုင်သို့ ကပ်တော်မူသော အခါ၊ ဤနှစ်ပါးသော အခါတို့၌ လှုပ်ခြင်းသည်ကား ဝီရိယအစွမ်းကြောင့် လှုပ်သည် မှတ်ရမည်။ ။ပံ့သကူပုဆိုးကို ကောက်တော်မူသော အခါ လှုပ်ခြင်းသည်ကား ဩဇာ-အံ့ဘွယ်သရဲ ပြုခဲစွာသော အမှု၌၊ အမှုကို ပြုပေသည်ဟု ရှေးရှုလျက် လှုပ်သည်ဟု မှတ်ရမည်။ ။ပံ့သကူပုဆိုးကို ဖွပ်သော အခါ၊ ဝေဿန္တရာဇာတ်ကို ဟောတော်မူသော အခါ၊ ဤနှစ်ပါးသော အခါတို့၌ လှုပ်ခြင်းသည်ကား အခါမဟုတ်။ မခံနိုင်၍ လှုပ်သည် မှတ်ရမည်။ ။ကာဠကာရာမသုတ်ကို ဟောတော်မူသော အခါ၌လည်း လှုပ်သည်ကား၊ သက်သေအမှတ်ဖြင့် လှုပ်သည်ဟု မှတ်ရမည်။ ။ဗြဟ္မဇာလသုတ်ကို ဟောတော်မူသော အခါ လှုပ်သည်ကား ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့၏ အငြေးအရှက်,ရန်ဆူး,ရန်ငြောင့်ကို ပယ်ပေသည်ဟု ကောင်းချီးပေးသဖြင့် လှုပ်သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို ဗြဟ္မဇာလသုတ်,အဋ္ဌကထာ၌ လာ

သို့ဟု မှတ်ရမည်၊ ။ဒီဃနိကာယ် သုတ်မဟာဝါအဋ္ဌကထာတို့၌ကား၊ ဤရှစ်ပါးသော အကြောင်းကြောင့် လှုပ်ခြင်းသည် မြေစောင့်နတ်တို့ ပူဇော်သဖြင့် လှုပ်သည်ဟု မှတ်ရမည်။

၂၉၄။ ။ဤရှစ်ပါးသော အကြောင်းကြောင့်သာ မြေလှုပ်သည် မဟုတ်။ရှစ်ပါးမှ တပါး၊များစွာသော မြေလှုပ်ခြင်းတို့သည် ဖြစ်ဖို့။ ထိုသို့ဖြစ်ကုန်လျက် ရှစ်ပါးသော အကြောင်းကြောင့်သာ လှုပ်သည်ဟူ၍ အဘယ့်ကြောင့် ဘုရားသခင် ဟောတော်မူလေသနည်း။

ဘေသံယော၀ နိယတာ။သေသာနံ အနိယတာတိ ဝေဒိတဗ္ဗာနိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ထိုရှစ်ပါးသော အကြောင်းကြောင့် လှုပ်ခြင်းသည်သာ မြဲဖို့။ကြွင်းသော လှုပ်ခြင်းသည်ကား မမြဲသောကြောင့်၊ရှစ်ပါးကိုသာ ဘုရားသခင် ဟောတော်မူသည်ဟု မှတ်ရမည်။ရင်း၌ လာသည်။

၂၉၅၊ ။သုဇာတာသည် နို့ဂဏာကို ချက်ဖို့သောငှာ အဘယ်မျှ အရေအတွက် ရှိသော နွားတို့ကို၊အဘယ်ကား အဘယ်မျှလောက်သော အပြင့် ရလေသနည်း၊ ။အကြိမ်ကား အဘယ်မျှသော အကြိမ်ဖြင့် တိုက်လေသနည်း၊ ။အဘယ်မျှသော နွားမမှ ယူ၍ ချက်လေသနည်း။ဤသို့ မေးဘွယ် ရှိဖို့၊ထိုအမေးကို အဘယ်သို့ ဖြေရအံ့နည်း။

သဟဿဂါဝိနံ လတာ၀နေ စရာပေတွာ တတော ဂဟေတွာ ပဥ္စသတိ ကတွာ တိကျွတ္တုံ ဝိဘင်္ဂတွာ အနေ့အဋ္ဌဂါဝိနံ မရခထည်ဒုဘ်တွာ သုဝဏ္ဏထာလကံ ပူရိပက္ခိဘာ နိပြောခမူလေ ဥပေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊တထောင်သော နွားမတို့ကို နွယ်ချိုတော၌ ကျောင်းစေပြီးသော်၊ ထိုနွယ်ချိုတောမှ ယူခဲ့၍ တထောင်သော နွားမတို့ကို နှစ်ရာစီ ငါးပု ရ၍ ပြီးလျှင်၊ လေးပုသော နွားမတို့ဖို့ နို့ရည်ကို တပုသော၊ နှစ်ရာသော နွားမတို့ကို တိုက်လေသည်။ တဖန် ထိုနှစ်ရာသော နွားမတို့ကို လေးဆယ်စီ ငါးပု ရ၍၊ လေးပုသော နွားမတို့ဖို့ နို့ရည်ကို တပုသော၊လေးဆယ်သော နွားမတို့ကို တိုက်ပြန်လေသည်။တဖန် ထိုလေးဆယ်သော နွားမတို့ကို ရှစ်ခုစီ ငါးပု ရပြန်၍၊ လေးပုသောနွားမတို့ဖို့ နို့ရည်ကို တပုသော ရှစ်ခုသော နွားမတို့ကို တိုက်ပြန်လေ၍၊ထိုရှစ်ခုသော နွားမတို့မှ ရသော၊ကောင်း

ဖြတ်သော နိုရည်ကို စတုလောကပါလနတ်သား,သိကြား,ဗြဟ္မာတို့သည် စိရင်,ကြပ်မလျက်၊ ကောင်းမွန်စွာ ချက်သဖြင့် ကျက်ပြီးလျှင်၊ ရွှေခွက်၌ ထည့်၍ ပဒေါင်ပင်ဖြင့် အနီးသို့ ကပ်လေသည်ဟု မှတ်ရမည်။

၂၉၈။ ။သုဇာတာ လှူသော နွားနို့,ဃနာဆွမ်းသည် အဘယ်မျှလောက်သော အကျိုးကို ပေးသနည်း။

ဘဂဝတော ယဉ္စတံ သုဇာတာ ပါယာသဘောဇနံ အဒါသိ။ ဒွါဒသ အာနိသံသာ ဟောန္တိ။

ဤသို့ အစရှိသဖြင့် ကျမ်းဂန်လာသောကြောင့်၊ သုဇာတာသည် အရသာနှင့် ပြည့်စုံသော အကြင်နွားနို့,ဃနာဆွမ်းကို ဘုရားသခင်အား ကပ်လှူ၏။ ထို အရသာနှင့်ပြည့်စုံသော နွားနို့,ဃနာဆွမ်းသည် တဆဲ့နှစ်ပါးသော အကျိုးကို ပေးကုန်၏။

တဆဲ့နှစ်ပါး ဟူသော်ကား၊-

(၁)။ မွတ်သိတ်ခြင်းပျောက်၍ အင်အား ပြည့်ခြင်း ဖြစ်သည်၊

(၂)။ ချင်ခြင်း ပျောက်၍ ချောင့်ရဲခြင်း ဖြစ်သည်။

(၃)။ မမွေ့လျော်ခြင်းပျောက်၍ မွေ့လျော်ခြင်း ဖြစ်သည်၊

(၄)။ ပျောင်းနွမ်းခြင်း ပျောက်၍ ခန့်ကျန်းခြင်း ဖြစ်သည်။

(၅)။ အမျက်ဒေါသ ပျောက်၍ ငြိမ်းခြင်း ဖြစ်သည်၊

(၆)။ အငြိုးဖွဲ့ခြင်း ပျောက်၍ မေတ္တာသက်ဝင်ခြင်း ဖြစ်သည်။

(၇)။ အငြင်းအခုံ ပျောက်၍ အချင်းချင်း မေတ္တာစေ့စပ်သည်၊

(၈)။ သူနှစ်ယောက်တို့၏ ချောပစ်,ကုန်းတိုက်ခြင်း ကင်း၍ ညီညွတ်ခြင်း ဖြစ်သည်၊

(၉)။ အချမ်းပျောက်၍ လုံခြင်း ဖြစ်သည်၊

(၁၀)။ အပူ ပျောက်၍ ငြိမ်းခြင်း ဖြစ်သည်။

(၁၁)။ တဆန့်ကျင်ကျင် ကိုယ်လက်လေးလံခြင်း ပျောက်၍ ပေါ့ပါးခြင်း ဖြစ်သည်၊

(၁၂)။ အိပ်မွေ့ခြင်း ပျောက်၍ နေစောက်ခြင်း ဖြစ်သည်။

ဤသို့အားဖြင့် တဆဲ့နှစ်ပါးသော အကျိုးကို ပေးသည်ဟု မှတ်ရမည်။ ။

ဤ အခြင်းအရာများကို ဓဇာဝါအဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်၊

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ပါရမီခန်း၌—

နွယ်ချိုတောကောင်း၊ စာဝ ကျောင်း၍၊ နှစ်ထောင်း အင်ကြိုက်၊ ရေ မတိုက်သား။မရှိက် ကိုယ်အား၊ ငါးရာနွားကို၊ ကြံမျှား ပန်ပန်၊ ခေပြန်တိုက်ပြီး၊ မကားကြီးတည့်။ သင်းသီး ရှစ်ချ၊ နို့ နတ်ပြု၍၊ ဧတုမဟာရာဇ်၊ နတ်မင်းစစ်တို့၊ ကာလှစ် ရန်မာန်၊ စောင့်ဘန် အားရမ်း၊ လက်နက် ထမ်းလျက်၊ ကိုယ်အမ်းချချ၊ နတ်မာဃမူ၊ ထင်းစ ပြင်ကျေး၊ လူဘေး နတ်ဘ၊ မိုးမှ ဖြူပွား၊ ထီးစန်း ကာ၍၊ စကြဝဠာနဂိုရ်၊ မြင့်မိုရ်တတောင်၊ တဘိုက် ဘောင်၌၊ နှင်ထောင် ရံဝန်း၊ လေးရပ်ကျွန်းတွင်၊ အတြင် ဩဇာ၊ ရသာ ထဲ့ပ၊ ဟူသမျှကို၊ အုံမ ပျားဖြစ်၊ [1]လပို့ ညွှစ်သို့၊ နတ်စစ် ကုန်အောင်၊ ယူဆောင် ရည်တက်၊ ဩဇာ နှက်၍၊ ကျက်ပြီးစွာ တွန်၊ ဆဲ့နှင်တန်သား၊ ကျိုးမွန် ပေးထိုက်၊ အမြိုက် သုဓါ၊ နတ် စားဌာနှင့်၊ များစွာ လျော့လျား၊ မထူးခြားတည့်။

ဟူ၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၂၉၉။ ။ဝိရိယာရမ္ဘ၊ လုလ္လအားထုတ်ခြင်း ရှစ်ပါးကား အဘယ်နည်း၊

(၁)။ ခရီးသွားအံ့သော ကိစ္စ ရှိလျက်၊ ထိုကိစ္စကို မျှော်၍ လုလ္လ အားထုတ်သည်။

(၂)။ ခရီးရောက်သစ် ဖြစ်၍ ပင်ပန်းလျက်၊ အညောင်းအညာ ပြေ အောင် မနေမူ၍ လုလ္လအားထုတ်သည်။

(၃)။ ပြုအပ်သော အမှုကိစ္စ ရှိလျက်၊ ထိုကိစ္စကို ထား၍ လုလ္လအား ထုတ်သည်။

(၄)။ အမှုကိစ္စ ပြီးဆဲးဆဲးလျက်၊ အပင်အပန်း ပြေအောင် မနေမူ၍ လုလ္လအားထုတ်သည်။

(၅)။ တစိုးတစိ မအီမသာ ရှိလျက်ကို၊ အလေးမမူ မျှော်၍ လုလ္လ အားထုတ်သည်။

---

၁။ မူအများ၌—ပျားဖြစ်-ဟု ရှိသည်။ပျာပျစ်-ဟု ရှိလျှင်၊ပျားသားလက်ကို ရမည် ဖြစ်၍၊အနက် ကောင်းလှသည်။စပ်ရင်းပင် ဖြစ်တန်၏။ဆင်ခြင်လေ။

(၆)။ မကျန်းမမာ ရှိသော အခါ၌ ပကတိ ကျန်းမာအောင် မနေမှု၍ လုလ္လအားထုတ်သည်။
(၇)။ အစား,အသောက် နည်းသဖြင့်၊ ကိုယ်,လက် ပေါ့ပါးသည်ကို အကြောင်း ပြု၍ လုလ္လ အားထုတ်သည်။
(၈)။ အစား,အသောက် များသဖြင့်၊ ကိုယ်,လက် လေးလံသည်ကို အကြောင်း ပြု၍ လုလ္လ အားထုတ်သည်၊
ဤသို့ကား ဝိရိယာရမ္ဘ လုလ္လ အပြားကား ရှစ်ပါးတည်းဟု မှတ်ရမည်။ ။သည်ကို ရည်၍ ပါရမီခန်း၌၊—
ဝိရိယာ ရမ္ဘ၊ လုလ္လသ္မှု၊ ရှစ်ဝတ္ထုဖြင့်၊ အတုအပ၊ ကြိုးစားကြ လျက်၊ သမ္မာဓန်၊ ကိစ္စဖွန်တည့်၊ လေးတန် လှောက်ကဲ၊ ပွင့်တုံ မြဲးလျှင်၊ ငါ့ပွဲး စည်ခါ၊ သာသနာ၌၊ ပညာ အခေါင်၊ မှန်ကင်း ထောင်သို့၊ လှူဘောင်အယ္လံ့၊ ကျော်စောအံ့သို့၊ မြင်နှံ့ ထွေပြား၊ ငါ့ ချစ်သား။
ဟူ၍ ဆရာဥ်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၃၀၀။ ။သီတင်းလေးပါးကား အဘယ်နည်း။

ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ ပစ္စယသန္နိဿိတ သီလ၊အာဇီဝပါရိသုဒ္ဓိသီလ၊ ဤသို့ အားဖြင့် သီတင်းလေးပါး ဖြစ်သည် ဟု မှတ်ရမည်။ ။ထိုလေးပါးတို့တွင်၊—

၁။ ပါတိမောက္ခသံဝရသီလ ဆိုသည်ကား၊ အာပတ်ခုနစ်ဖုံကို မသင့် ရအောင် လုံခြုံစွာ စောင့်ရှောက်,ထိန်းသိမ်းခြင်းကို ဆိုသည် မှတ်ရမည်။
၂။ ဣန္ဒြိယသံဝရသီလ ဆိုသည်ကား၊ရူပါရုံ·စသော အာရုံခြောက် ပါးကို လုံခြုံစွာ စောင့်ရှောက်,ထိန်းသိမ်းခြင်းကို ဆိုသည်ဟု မှတ်ရမည်။
၃။ ပစ္စယသန္နိဿိတသီလ ဆိုသည်ကား၊ ဆွမ်း, သင်္ကန်း, ဆေး, ကျောင်း,ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင် ခြင်းကို ဆိုသည်ဟု မှတ်ရမည်။
၄။ အာဇီဝပါရိသုဒ္ဓိသီလ ဆိုသည်ကား၊ ကုလဒူသက,အနေသနမှ

ကင်း၍ တရားနှင့် လျော်ညီစွာ ရသော ပစ္စည်းဖြင့်သာ သုံး ဆောင်ခြင်းကို ဆိုသည်ဟု မှတ်ရမည်။

သည်ကို ရည်၍ ပါရမီခန်း၌—

ပါတိမောက္ခ၊ သံဝရဟု၊ စသို့ ကျင့်ဖြင်း၊ သီတင်းလေးပါး၊ ဆွ
ထွားထွားလျှင်၊ ရလျှားအစွဲပြု၊ သရဖူနှင့်၊ မြခုံ ပွန်နား၊ မြားလျှား
ချမြိတ်၊ ရောင်လျှံ ဖိတ်သား၊ စာရိတ္တသီ၊ မြက်ချယ်စီလျက်၊
အင်္ဂျီ၊ ဒုရင်၊ သင်တိုင်း၊ ဖျင်ကို၊ သို့ပင် မချွတ်၊ နေ့တိုင်း ဝတ်
လျက်၊ ရှင်မြတ်ဘောင်တွင်၊ ငါ့ သဘင်၌၊ အလင်္ကာရ၊ ဂုဏ်ဝါ
ပလျက်၊ သွယ်ချ၊ နည်းမှတ်၊ ဝိဇ္ဇုကတ်မျိုး၊ ဝန်ကြီး စိုးသို၊ ၊
ထမ်းပိုး ပညာ*၊ သာရိပုတ္တရာ။

ဟူ၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၃၀၁။ ။စကြာမင်းတို့အား ပြည့်စုံစေ ဖြစ်သော ရတနာခုနစ်ပါး ဆိုသည်ကား အဘယ်နည်း။

စကြာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြားရတနာ၊ သူကြွယ် ရတနာ၊ သမီးကညာရတနာ၊ သားကြီးရတနာ၊ ဤသို့အားဖြင့် ခုနစ်ပါး ဖြစ်သတည်းဟု မှတ်ရမည်။

၃၀၂။ ။ဘုရားသခင်တို့အား ပြည့်စုံစေ ဖြစ်သော ဗောဇ္ဈင် ခုနစ် ပါး ဆိုသည်ကား အဘယ်နည်း။

သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိ သမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာ သမ္ဗောဇ္ဈင်။ ဤသို့အားဖြင့် ခုနစ်ပါး ဖြစ်သည်ဟု မှတ်ရမည်။

ယင်းခုနစ်ပါးတို့တွင် သတိသမ္ဗောဇ္ဈင် ဆိုသည်ကား သတိစေတ သိက်ကို ဆိုသည်။ ။ဓမ္မဝိစယသမ္ဗောဇ္ဈင် ဆိုသည်ကား ပညာစေတ သိက်ကို ဆိုသည်။ ။ဝီရိယသမ္ဗောဇ္ဈင် ဆိုသည်ကား ဝီရိယစေတသိက်ကို ဆိုသည်။ ။ပီတိသမ္ဗောဇ္ဈင် ဆိုသည်ကား နှစ်သက်ခြင်းကို ဆိုသည်၊ ။

* ပေမူ၌၊— "မြက်ချဉ်လျက်၊"ဟု နောက်ပစ်နှင့် ရှိ၏။ သို့ရာတွင်၊ ယခု အရေးသို့ လိုက်၍၊ "ချယ်"ဟု ယ-သက်နှင့်ပင် ပြင်ထားသည်၊ နောက်ပစ်၊ ယ-သတ်တို့ အ သံတူ၊ အနက်တူ ဖြစ်၏။

ပဿဒ္ဓိသမ္ဗောဇ္ဈင် ဆိုသည်ကား ငြိမ်သက်ခြင်းကို ဆိုသည်။ ။သမာဓိသမ္ဗောဇ္ဈင် ဆိုသည်ကား တည်ကြည်ခြင်းကို ဆိုသည်။ ။ဥပေက္ခာသမ္ဗောဇ္ဈင် ဆိုသည်ကား လျစ်လျူ ရှုသည်ကို ဆိုသည်ဟု မှတ်ရမည်။

သည်ကို ရည်၍ ပါရမီခန်း၌၊—

သတ္တရတနာ၊စကြာကစ၊ပိုးမိုးချလျက်၊ ခွန်သလေးကျွန်း၊ စေတု
ရန်း၌၊ ရစ်သန်းလေကျော၊ စက်ရာဇာသို့၊ ရတနာ၇စ်၊အစုံ ဖြစ်
သား၊ ခုနစ်ဗောဇ္ဈင်၊ ဗောဓိအင်ဖြင့်၊ စက်ရှင်ခမ္ဗရာ၏၊ ငါသာ
ဖြစ်၍၊ပွင့်လစ် ညီးညီး၊သစ္စာထီးတိ၊ ငြင်းသီးပြူလွှား၊ ထေရ်မြတ်
များတွင်၊လျှင်လျှား ရိပ်ခြည်၊သိန္နားလည်သို့၊ ညာတည်ထိုက်
စွာ၊သာရိပုတ္တရာ။

ဟူ၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၃၀၃။ ။အမေးငါးထွေ ဆိုသည်ကား အဘယ်နည်း။

အဒိဋ္ဌဇောတနာပုစ္ဆာ၊ ဒိဋ္ဌသံသန္ဒနာပုစ္ဆာ၊ ဝိမတိစ္ဆေဒနာပုစ္ဆာ၊ အနုမတိပုစ္ဆာ၊ ကထေတုကမျတာပုစ္ဆာ။ ဤသို့အားဖြင့် အမေးကား ငါးပါး ပြားသည်ဟု မှတ်ရမည်။

ထို ငါးပါးတို့တွင်၊—

၁။ မသိ,မမြင်သေးသော အနက်,အဓိပ္ပါယ်ကို သိမြင်လိုသောငှာ မေးခြင်းသည် အဒိဋ္ဌဇောတနာပုစ္ဆာ မည်သည် မှတ်ရမည်။

၂။ သိမြင်လေပြီးသော အနက်,အဓိပ္ပါယ်ကို နှီးနှောလိုသောငှာ မေးခြင်းသည် ဒိဋ္ဌသံသန္ဒနာပုစ္ဆာ မည်သည်ဟု မှတ်ရမည်။

၃။ သိမြင်လေပြီးသော အနက်,အဓိပ္ပါယ်ကို ယုံမှားသင်္ကာ ရှိသောငှာ မေးခြင်းသည်၊ ဝိမတိစ္ဆေဒနာပုစ္ဆာ မည်သည်ဟု မှတ်ရမည်။

၄။ အလိုသို့ လိုက်၍ မေးခြင်းသည် အနုမတိပုစ္ဆာ မည်သည်ဟု မှတ်ရမည်။

၅။ ဖြေလို၍ မေးခြင်းသည် ကထေတုကမျတာပုစ္ဆာ မည်သည်ဟု မှတ်ရမည်။

၃၀၄။ ။အဖြေလေးပါး ဆိုသည်ကား အဘယ်နည်း။

ဧကံသဗျာကရဏ၊ ဝိဘဇ္ဇဗျာကရဏ၊ ပဋိပုစ္ဆာဗျာကရဏ၊ ဌပနီ

ယဗျာကရဏ။ဤသို့အားဖြင့် အဖြေလေးပါး ဖြစ်သည်ဟု မှတ်ရမည်၊
ထိုလေးပါးတို့တွင်၊

၁၊ မေးသျှင်၊မေးတိုင်းသာ ဖြေသိကား၊ ဧကံသဗျာကရဏ မည်သိဟု မှတ်ရမည်။

၂၊ အကျဉ်းမေးသိကို အကျယ် ဖြေသိကား၊ဝိဘဇ္ဇဗျာကရဏ မည် သိဟု မှတ်ရမည်။

၃။ တဖန် မေးပြန်၍ ဖြေခြင်းသည် ပဋိပုစ္ဆာဗျာကရဏ မည်သိဟု မှတ်ရမည်၊

၄၊ မေးသိကို ထား၍ တခြား ပုံဆောင်၍ ဖြေခြင်းသိ ဌပနီယဗျာက ရဏ မည်သိဟုမှတ်ရမည်၊

သည်ကို ရည်၍ ပါရမီခန်း၌၊—

နည်းနာစီလျဉ်၊ ထုံးပုံ ရှဉ်လျက်၊ပဋိညာဉ်အပြား၊ အင်ငါးပါး နှင့်၊စကားအဖြည့်၊ ရုံပြည့်သွေးသွေး၊ အမေးငါးထွေ၊ အဖြေ လေးပါး၊မှတ်သား ဖွဲ့တိုင်၊ဆိုတုန္နိုင်၍၊ဦးကိုင် ကျင့်တမ်း၊ ဆိုမှု ကျမ်းလျက်၊ နှုတ်အမ်း ချချ၊အစ,အလယ်၊ အကျယ်,အဆုံး၊ သိကုံး ပန်းမှန်၊လက်ရွေးဆန်သို့၊ တတ်ပွန် ထဲးနည်း၊စံစတည် လျက်၊အခြည်,အရိပ်၊အသိပ်,အနယ်၊လှယ်ပယ်လည်းချို၊စဉ်း သိ,ဂါးဝ၊ နှိမ့်ချ,ချေတင်၊

မှာ၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၃၀၅။ ။စကား၏ အချာ၌ အင်္ဂါလေးပါး ဆိုသိကား အဘယ်နည်း။

သုဘာသိတ,ပိယ,ဓမ္မ,သစ္စ၊ ဤသို့အားဖြင့် စကားအချာ၌ အင်္ဂါ လေးပါး ပြားသိဟု မှတ်ရမည်။ ။ထိုလေးပါးတို့တွင်၊—

၁။ ကောင်းသော စကားကို ကောင်းစွာ ဆိုခြင်းသိ သုဘာသိတ ဆိုသည် မှတ်ရမည်၊

၂။ ချစ်နှစ်သိုဘွယ်သော စကားကို ဆိုခြင်းသိ ပိယ မည်သည်ဟု မှတ်ရမည်။

၃။ တရားသဘောနှင့် လျော်ညီစွာ ဆိုခြင်းသည် ဓမ္မ မည်သည်ဟု မှတ်ရမည်၊

၄။ ဟုတ်မှန်စွာ ဆိုခြင်းသည် သစ္စာ မည်သည်ဟု မှတ်ရမည်။
သည်ကို ရည်၍ ပါရမီခန်း၌၊—

အကြောင်း အလိုက်၊ ဆိုမိုက် မိန့်တန်၊ အစွန့်,မရှည်၊ လည်လည် ပတ်ပတ်၊ ညီညွတ် လျော့လျား၊ စကား ဖို,မ၊ စုံအောင် ရလျက်၊ ကုံ၍ သို့စဉ်၊ ပညာရှင်သည်၊ ဖြစ်ချင်ကစား၊ စကားအရေး၊ အင်္ဂါ လေးတန်၊ မပြွန်ချေသော်၊ ရာသူတော်၌၊ မကျော်စေပါ။ နှုတ်လျာ လေဖမ်း၊ မြက်သို့ သွမ်းဖျို။ ရှေးလမ်း,ကျင့်တီး၊ သဘော မှီး၍၊ ရေးကြီး,ခွင့်ကျယ်၊ ဖြောင့်ဘန်း သွယ်လျက်၊ ယိုးမယ် မကွက်၊ ဟုတ်တိုင်း ထွက်သား၊ ရှို့ဒက် မသို၊ သူ့ကိုသော်သာ၊ အညာ လည်း ထား၊ ဘုရားအတူ၊ ဘယ်ပေါ်သူဟု၊ ကြိုက်ဆူ ဟိုးဟိုး၊ ကြိုးသို့ မိုး*သို့၊ အမျိုး စဉ်ဆက်၊ ချမ်းသာလျက်လျှင်၊ အသက် ရာထောင်၊ ကုန်အောင် မနေ့၊ မစော့ ဟင်းလင်း၊ လျှမ်းတွင်းဖြင့်၊ ကျော်တင်း ကျံကျံ၊ ခြိမ့်မှမ်းသံတည့်။ နားထံပျားဟူး။ ဆယ်ရပ် ကျူးဖျို။ အထူး အဆန်း၊ ဤသို့ ထွန်းသား၊ တခွန်း တတ်ပွန်၊ သစ္စာမှန်ဖြင့်၊ မိုး*မှန် နွှာသီး၊ ဆို၍ ပြီးသည်၊ ၊ပွားစီး အတိုင်း မသိတည်း။

ဟူ၍၊ အရှင်မဟာသီလဝံသ အဇကျော်,စပ်တော်မူလေသည်။

၃၀၆။ ။စကားခြောက်ခွန်း ဆိုသည်ကား အဘယ်နည်း။

၁။ ဟုတ်လည်း မဟုတ်၊ သူလည်း မနှစ်လို၊ အကျိုးလည်း မရှိ၊ ဤ စကားလည်း တခွန်း။

၂။ ဟုတ်ကား ဟုတ်၏၊ သူကား မနှစ်လို၊ အကျိုးလည်း မရှိ၊ ဤစကား လည်း တခွန်း။

၃။ ဟုတ်လည်း မဟုတ်၊ အကျိုးလည်း မရှိ၊ သူကား နှစ်လို၏၊ ဤစကား လည်း တခွန်း။

၄။ ဟုတ်လည်း ဟုတ်၏၊ သူသည်း နှစ်လို၏၊ အကျိုးကား မရှိ။ ဤ စကားလည်း တခွန်း။

၅။ ဟုတ်လည်း ဟုတ်၏၊ အကျိုးလည်း ရှိ၏၊ သူကား မနှစ်လို၊ ဤ စကားလည်း တခွန်း။

၆။ ဟုတ်လည်းဟုတ်ဖြို့၊ သူလည်း နာလိုဖြို့၊ အကျိုးသည်း ရှိဖြို့၊ ဤ စကားလည်း တခွန်း။

ဤသို့အားဖြင့် စကားခြောက်ခွန်း ဖြစ်သည်ဟု မှတ်ရမည်။

ဤခြောက်ခွန်းသော စကားတို့တွင်(ဘုရားသခင်သ်[1]) ဟုတ်လည်း ဟုတ်ဖြို့၊ အကျိုးလည်း ရှိဖြို့ သူကား မနာလို၊ ဤစကားလည်း တခွန်း။ ဟုတ်လည်း ဟုတ်ဖြို့၊အကျိုးလည်း ရှိဖြို့၊သူလည်း နာလိုဖြို့၊ ဤစကား လည်း တခွန်း။ ဤနှစ်ခွန်းသော စကားကိုသာ ဘုရားသခင် ဆိုတော်မူသည်။လေးခွန်းသော စကားတို့ကို ပယ်တော်မူသ်ဟု မှတ်ရမည်။

သည်ကို ရည်၍ ပါရမီခန်း၌၊–

ယာဝတ္တကံ၊ဥ ယျမ်နှင့်၊ ဉာဏ် ဟူက၊အနန္တတည့်။ လေးသ အရတ်၊ မသုတ်,မလွန်၊ ဟုတ်လှ မှန်သ်၊ ဗောန် အရိုး၊ သိမြင် ကျိုးကား၊မိုးကြိုး ပုဆိန်၊တချက် ချိန်သို့[2]၊နှိုင်းချိန် ရှေ့နောက်၊ ပေါကြော ထောက်လျက်၊ မသ္ဘောက်ရပြန်၊ခွန်းချင်း မှန်သား၊ သမန္တစက်၊ ကျေးဇူးနက်တည့်။ မိန့်ပွက် ထွေငေါ်၊ စကား တော်ကား၊မလျော်လေပဲ၊ ဆုံချွတ်လွဲလျက်၊ ၊နှစ်ကွဲ မရှိ စွာတွန်ဘည်း။

ဝှင်း၌၊–ထိုမြို့ သူ,ငါ၊မှန်အောင်သာဟု၊ဆိုရာ ဆိုမိ၊ပစိ ပလျံ၊ကျိုးနက် တံကို၊မကြံတတ်အား။ ဆိုပါငြားလည်း၊စကားခြောက်ခွန်း၊လူ ၌ ထွန်းသား၊ကျယ်ဝန်း သိမြင်၊အကျိုး ထင်မှ၊ဟောချင်တတ် ငြား၊ဘုရားတို့မူ၊မယူလေပြစ်၊ လေးခွန်း ဖြစ်၍၊ စင်စစ် ဟုတ် မှန်၊ ကျိုး,ကြောင်းတန်ဘား၊ မလွန်စေမြို့၊ မနှုတ်လိုနှင့်၊ နှစ်သို နှစ်ဦး၊ဟောဘုး ဗောန်၊မှန်တံ့ရကား၊ငါ၏ အားလည်း၊ စီးပွား မ-တည်၊အကျိုး ရည်၍၊ဤသည် သူပွန်၊ ဟောသ် မှန်ဖြို့။နောင်

---

၁။ ဤကတ္တား ပိုနေသည်။ပမာဒလေခတည်း။စာရေးသူတို့ သတိ ရှိစိမ့်ငှာ မပြင် ပဲ ထားလိုက်သည်။

၂။ စာအုပ်မူ၌–တချက်ရှိန်သို့-ဟု ရှိသည်။နောက်ဆရာတို့ စကား မထပ်ကောင်း ဟု အယူ ရှိ၍ ပြင်လိုက်ဟန် တူ၏။မိုးကြိုးအချိန်နှင့် ဉာဏ်အချိန်ကို ဥပမာ ပြုသော စကားတည်း။မပြင်သင့်။

ဘန်သော ခါ၊ရသေ့,ငါလျှင်၊ မြတ်ရာ ဗိုင်ဗိုင်၊ ကယ်ယူနိုင်အံ့
၊ ၊ရောက်တိုင် ဖူးပြိုက်နိုဗ္ဗာန်တည်း။

ဟူ၍၊အရှင်မဟာသီလဝံသအကျော်စပ်တော်မူလေသည်ဟု မှတ်ရမည်၊

၃၀၇။ ။မေတ္တာ၏ အကျိုးသည် တဆဲ့တပါးသော အကျိုးကို ပေး၏။ထိုတဆဲ့တပါးသော အကျိုး ဆိုသကား အဘယ်နည်း။

၁။ ချမ်းသာစွာ အိပ်ရသည်။
၂။ ချမ်းသာစွာ နိုးရသည်၊
၃။ ကောင်းသော အိပ်မက်ကို မြင်မက်သည်၊
၄။ နတ်,လူတို့ ချစ်နှစ်လိုသည်။
၅။ ဘီလူးတို့ ချစ်နှစ်လိုသည်။
၆။ နတ်တို့ ကောင်းမွန်စွာ စောင်မသည်။
၇။ စိတ်နှလုံး တည်ကြည်သည်။
၈။ မျက်နှာအဆင်း ကြည်လင်သည်။
၉။ သေသော ကာလ တွေဝေ,တိုင်းမြည်းခြင်း မရှိ သေရသည်၊
၁၀။ ဗြဟ္မာပြည်သို့ ရောက်စေနိုင်သည်၊
၁၁။ စိတ်ကေဂ္ဂဘာ ကျသည်။

ဤသို့အားဖြင့် မေတ္တာ၏ အကျိုးကား တဆဲ့တပါး အပြားရှိသည် မှတ်ရမည်၊

သည်ကို ရည်၍ ပါရမီခန်း၌၊-

သံသာလမ်းမ၊ခရီး‌ဝဲ၌၊ ဒုက္ခဖြင့်အား၊ ပန်းရိရှားသား၊ အများသတ္တဝါ၊ဖော်သုံးရွာကို၊ ကရုဏာ ရှေးရှု၊ကယ်ဆယ်ယူသို့၊အခင်တူရည်ရှား၊ရသေ့ဖျား။ ။ဘုရားဖြစ်စာ၊ဤ မေတ္တာကား၊ ဧကာဒသ၊ဆဲ့တဆလျှင်၊ခံရကျိုးထင်၊ဤလူ့ခွင်၌၊ နှံသင်စီးပွား၊ ကျေးဇူးများ၍၊ ဘုရားဆုခန့်၊ ရှင်နှင့် တနံ့ဖို့။ရှေးလွန် အကျင့်၊ သျှော်သဖြင့်တုံ၊အသင့် ဟောထိုက်၊အင်လည်းမြိုက်ဖို့။ အမြိုက်သောက်ဦး၊မေတ္တာဟူသား၊မွှေးကြူရည်ကြည်၊နှတ်မြရည်တိ၊ တုမရှိအောင်၊ ပိုညှိ ရွှဲးရွှဲး၊ သွန်မရဲ‌လျှင်၊ မစဲး နေ့ရေ၊ မိုးသို့ ဖွေလျက်၊ ရေစေ ချမ်းသာ၊ ရှင့်မေတ္တာကို၊ သတ္တဝါဗိုလ်

လူ၊ ဦးဖြင့် ယုလျက်၊ မပူ့မလောင်၊ ဖော်ချင်း ရှောင်၍၊ ။လူ
ဘောင် ချစ်ကုန်ကြစေလသေး။

ငင်းတွင်၊ ရှုတ်ချမုန်းဆေး၊ မျက်မာန်ရှေးက၊ ချစ်ရေး ပြောရာ နေကြသာ
ဖို့။ မေတ္တာတုံသော်၊ အကျော် လူဝယ်၊ ဆ တဆယ်လျှင်၊ ဆို
ဖွယ် မရှိ၊ မိမိ စီးပွား၊ သူအားမူလည်း၊ မတူလေကောင်း၊ သို့
ဖြစ်ရှောင်းဟု၊ အလေ့ာင်းတော်များ၊ မေတ္တာ ပွား၍၊ ဖြည့်တား
ဆုမ္ဘ၊ မျက်ဒေါသကို၊ ငနု ပိတ်အုပ်၊ ချုပ်ကုန်သုံချည်း။ ရှင်
လည်း မပြတ်၊ မေတ္တာဝတ်ကို၊ ချေချွတ်အံ့သို့၊ ရည်ပြီးရကား၊
ဤ လူများကို၊ သနားသာညှင်း၊ ကျင့်နာခြင်းဖြင့်၊ ။ချင်းချင်း
ချစ်ကုန်ကြစေလသေး။

ဟူ၍ အရှင်မဟာသီလဝံသအကျော် စပ်တော်မူလေသည်။

၁၀၈။ ။ကကုဓဟု ခေါ်ဝေါ်အပ်သော မင်းမြောက်တန်ဆာငါး
ပါး ဆိုသည်ကား အဘယ်နည်း။

ခဂ္ဂါစ,ဆတ္တ,မုဏှိသံ၊ ပါဒုကာ,ဝါဠ,ဗီဇနီ။ ဣမေ ကကုဓဘဏ္ဍာ
နိ၊ ဘဝန္တိ ပဉ္စရာဇုနံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သံလျက်လည်း တပါး၊ ထီးဖြူလည်း
တပါး၊ သင်းကျပ်*လည်း တပါး၊ ခြေနင်းလည်း တပါး။ ဇာမရီသားမြီး
ယပ်လည်း တပါး။ ။ဤသို့ အားဖြင့်ကား ကကုဓဟု ခေါ်ဝေါ်အပ်
သော မင်းမြောက်တန်ဆာငါးပါး ရှိသည်ဟု မှတ်ရမည်။

သည့်ကို ရည်၍ သံဝခွဲ၍ —

ရွှေယပ်သားမြီး၊ မင်းစီး ခြေနင်း၊ လျှံဝင်းပြိုးဖြက်၊ သံလျက်,ရွှေ
ဓား၊ ပတ္တမြား သင်းကျစ်၊ လျှပ်စစ်သဖွယ်၊ ရောင်သွယ်ညီးညီး၊
ထီး ဘား ဖြူလွှ၊ ကကုဓဟု၊ ဘဏ္ဍာရမည်၊ အရင်းတည်ဟု။

ဟူ၍ အရှင်ချမ္မသာရအကျော် စပ်တော်မူလေသည်။

ဘုရိဒတ်ဇာတ်ပေါင်း၌လည်း၊ —

ရတနာခဂ္ဂ၊ ဥဏှိသနှင့်၊ ဆတ္တ ဖြူဝင်း၊ ခြေနင်း ဘိနပ်၊ သား

---

* "သင်းကျပ်" ဟူ၍ငင်း၊ "သင်းကျစ်" ဟူ၍ငင်း ရှိတတ်၏။ အရတူ ဖြစ်ကြောင်း
ကို သိလေ။

မြီးယင်ဟု၊ထက်ကြပ် ထံပါး၊ အစဉ် ထားသို၊ငါပါးကိရိယာ၊
အစုံပါလျှက်။

ဟူ၍ အရှင်ရွှေသာရအကျော် စပ်တော်မူလေသည်။

၃၀၉။ ။မိုး၊လေ၊လျှပ်စစ်နွယ်တို့သည် အဘယ်သို့သော အကြောင်းကြောင့် ဖြစ်ကုန်သနည်း၊

တေသံပန သီတဝလာဟက ဥဏှဝလာဟက အဗ္ဘဝလာဟက ဝါတဝလာဟက ဝဿဝလာဟက ဒေဝတာနံ စိတ္တဝသေန ဟောန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မိုး၊လေ၊လျှပ်စစ်နွယ်တို့၏ ဖြစ်ခြင်းသည်ကား သီတဝလာဟကနတ်၊ဥဏှဝလာဟကနတ်၊ အဗ္ဘဝလာဟကနတ်၊ဝါတဝလာဟကနတ်၊ဝဿဝလာဟကနတ်တို့၏ စိတ်အစွမ်းအားဖြင့် ဖြစ်ကုန်သည်ဟု မှတ်ရမည်။

၃၁၀။ ။ထိုနတ်တို့တွင် သီတဝလာဟကနတ် ဆိုသည်ကား အဘယ်ကို ဆိုသနည်း။

တတ္ထ သီတဝလာဟကဒေဝါနာမ၊ သီတဥတုနော ပစ္စယဘူတမေဃမာလာ သမုဋ္ဌာပကာ။ ဒေဝပုတ္တော တေသံ ကိရ တဒါ စိတ္တုပ္ပါဒ သမကာလမေဝ၊ ယဒိစ္ဆိတဋ္ဌာနံ သီတံ ဒဒမာနာ သီတဝလာဟကာနာမာတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုနတ်တို့တွင် သီတဝလာဟကနတ်သည်ကား ချမ်းသော ဥတု၏ အကြောင်း ဖြစ်သော လျှပ်စစ်နွယ်တို့ကို ဖြစ်စေတတ်၏။မိုး ရွာလိုသော အခါ၌ ထိုနတ်တို့၏ စိတ် ဖြစ်သည်နှင့် မျှသော ကာလဖြင့်လျှင် လိုရာအရပ်၌ အချမ်းကို ဖြစ်စေ၏။ ထိုသို့ ဖြစ်စေတတ်သောကြောင့် သီတဝလာဟကနတ် မည်သည်ဟု မှတ်ရမည်။

ဥဏှဝလာဟကနတ်မှာလည်း အပူကို၎င်း၊ လျှပ်စစ်နွယ်ကို၎င်း ဖြစ်စေတတ်သောကြောင့်၊ဥဏှဝလာဟက မည်သည်ဟု မှတ်ရမည်၊

ဝဿဝလာဟကနတ်မှာလည်း မိုးကို၎င်း၊ လျှပ်စစ်နွယ်ကို၎င်း ဖြစ်စေတတ်သောကြောင့်၊ဝဿဝလာဟကနတ် မည်သည်ဟု မှတ်ရမည်။

၃၁၁။ ။အဗ္ဘဝလာဟကနတ် ဆိုသည်ကား အဘယ်သို့ မှတ်ရအံ့နည်း။

အဗ္ဘဝလာဟကာပန ဒေဝတာ သီတုဏှဝဿေဟိ ဝိနာ ကေဝလံ။ အဗ္ဘပဋလဿေဝ သမုဋ္ဌာပကာ ဝေဒိတဗ္ဗာ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ အချမ်း,အပူတို့မှ ကင်း၍ သက်သက် အားဖြင့် ကောင်းကင်၌ တိမ်တို့၏ အလွှာကို ဖန်ဆင်းတတ်သော နတ်သည် အဗ္ဘဝလာဟကနတ် မည်သည်ဟု မှတ်ရမည်။

၃၁၂။ ။အချမ်း၏ အကြောင်းသည်ကား အဘယ်သို့သော အကြောင်း ကြောင့် ဖြစ်လေသနည်း။

ဧတ္ထ စ ယံ ဝဿာနေ စ ဟေမန္တေ စ သီတံ ဟောတိ တံ ဥတုသမုဋ္ဌာနမေဝ။ ယမ္ပန သီတေပိ အတိသီတံ။ ဂိမှေ စ ဥဏှေသု သီတံ။ တံ သီတဝလာဟကဒေဝတာ နုဘာဝေန နိဗ္ဗတ္တန္တိ သီတံနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဤ၌ကားသည်ကား မိုးကာလ၌၎င်း၊ ဆောင်းကာလ၌၎င်း၊ အချမ်းသည် ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းသည် ဥတုကြောင့် သာ ဖြစ်၏။ အကြင်အချမ်းသည် ချမ်းသော ကာလ၌ အလွန် ချမ်း၏။ နွေ ကာလ၌ အချမ်း၏ ဖြစ်ခြင်းသည်ကား သီတဝလာဟကနတ်၏ တန်ခိုး, အာနုဘော်ကြောင့် ဖြစ်သော အချမ်း မည်သည်ဟု မှတ်ရမည်။

၃၁၃။ ။အပူဖြစ်ခြင်းသည်ကား အဘယ်သို့သော အကြောင်းကြောင့် ဖြစ်လေသနည်း။

ယံ ဂိမှာနေ ဥဏှံ၊ တံသမုဋ္ဌာနိကံ ပါကတိကမေဝ။ တသ္မာပန ဥဏှေ ပိ အတိဥဏှံ၊ သီတကာလေ ဥဏှန္တံ။ ဥဏှဝလာဟကဒေဝတာ နုဘာဝေန နိဗ္ဗတ္တံ ဥဏှံနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင်အပူသည် နွေအခါ၌ ပူ၏။ ထို အပူသည် ပြကတေ့ ဥတုကြောင့် ဖြစ်သော အပူသည် ဖြစ်၍၊ အလွန်လျှင် ချမ်းသော အခါ၌ ဖြစ်သော အပူသည် ရှိ၏။ ထိုအပူသည် ဥဏှဝလာဟက နတ်၏ တန်ခိုး,အာနုဘော်ကြောင့် ဖြစ်သော အပူမည်သည်ဟု မှတ်ရ မည်။

၃၁၄။ ။ကောင်းကင်၌ တိမ်တိုက်သည်ကား၊ အဘယ်ကြောင့် ဖြစ်လေသနည်း။

ယံ ဝဿာနေ စ သိသိရေ စ။ အဗ္ဘံ ဥပ္ပဇ္ဇတိ ထံ ဥတုသမုဋ္ဌာနိကံ

ပါကတိကမေဝ။ ယံပန အမှေယောဝ အတိအတ္ထံသတ္တာပတ္တိ စန္ဒိမ သူရိယေ ဆာဒေတွာ ကေန္ဒကာရံ ကရောတိ၊ယဋ္ဌမိတြြ,ဝေသာခမာ သေသု အဗ္ဘံ။အဗ္ဘာဝလာဟကဒေဝတာနုဘာဝေန ဥပ္ပန္နံ အဗ္ဘာနာမ။

ဤသို့ ကျမ်းဂန် လာသော်ငြား၊အကြင်တိမ်သည် မိုးအခါ၌ရင်း၊ မိုး ဖွဲး ဆိးနှင်း ကျသော အခါ၌ရင်း၊ တိမ်တိုက်သည် ဖြစ်၏။ထိုတိမ်တိုက်သည် ဥတုကြောင့် ဖြစ်သော ပြကတေ့တိမ်တိုက် ဖြစ်၍၊ ကောင်းကင်၌သာ လျှင် အလွန် တက်သဖြင့် ခုနစ်ရက်ပတ်လုံး နေ့,လတို့ကို ဖုံးလွှမ်း၍ တရသော အမိုက်တိုက်ကို ဖြစ်စေ၏။ တံကူး*,ကဆုန်လတို့၌ အကြင် တိမ်သည် ရှိ၏။ထိုတိမ်သည် အဗ္ဘာဝလာဟကနတ်၏ အာနုဘော်ငြေ ဖြစ်သော တိမ်မည်သိုဟု မှတ်ရမည်။

၃၁၅။ ။လေတို့၏ ဖြစ်ခြင်းသည်ကား အဘယ့်ကြောင့် ဖြစ်လေ သနည်း။

ယော တသ္မိံ တသ္မိံ ဥတုမှိ။ ဥတ္တရဒက္ခိဏာ ပကတိဝါတော ဟောတိ။ သော ဥတုသမုဋ္ဌာနော ဝါတောပန၊ ရုက္ခ,သာခကျွန္တာဒိ ပဒါလိနော အတိဝါတောနာမ အတ္တိ။အယမ္ပေဝ သောစ အဗ္ဘောပိ အကာလဝါတော။ အယံ ဝါတဝလာဟက ဒေဝတာ နုဘာဝေန နိဗ္ဗတ္တောနာမ။

ဤသို့ ကျမ်းဂန် လာသော်ငြား၊ အကြင်,အကြင်လေသည် ထိုထိုသော ဥတု၌ မြောက်အရပ်,တောင်အရပ်မှ လာသော လေသည် ပြကတေ့သော လေ ဖြစ်၏၊ထိုမှ တပါး၊ဥတုကြောင့် ဖြစ်သော လေသည်ကား သစ်ပင်, သစ်ခက်စသည်တို့ကို ချိုးတတ်,လှည်းတတ်၏။ထိုမှ တပါးသော အခါ မဟုတ်သည် ကာလ၌ လာသော လေသည်ကား ဝါတဝလာဟကနတ်မင်း ၏ တန်ခိုး,အာနုဘော်ကြောင့် လာသော လေ ဖြစ်သည်ဟု မှတ်ရမည်။

၃၁၆။ ။မိုးတို့ ရွာခြင်းကား အဘယ်သို့ ရွာလေသနည်း။

ယံဝဿိကေ စတ္တာရော မာသေ ဝဿန္တံ။ဥတုသမုဋ္ဌာနိက ပက တိကမေဝ။ ယံပန ဝဿေယောဝ အတိဝဿံ။ ယဋ္ဌ မိတြြ,ဝိသာခမာ သေသု ဝဿန္တံ။ဝဿဝလာဟကဒေဝနုဘာဝေန နိဗ္ဗတ္တံနာမ။

ဤသို့ ကျမ်းဂန် လာသော်ငြား၊ အကြင်မိုးသည် မိုးကာလ လေးလ

ပတ်လုံး ရွာသော မိုးသည် ဥတုကြောင့် ဖြစ်သော ပြကတေ့သော မိုး မည်၏။ အကြွင်မိုးသည် တံကူး*,ကဆုန်လဘို၌ ရွာ၏။ ထိုမိုးသည် ဝဿဝလာဟကနတ်၏ တန်ခိုး,အာနုဘော်ကြောင့် ရွာသည်ဟု မှတ်ရမည်။

၃၁၇။ ။သိမှ တပါး၊ မိုးရွာရာသော အကြောင်းရှစ်ပါးကား အဘယ်နည်း။

အပိစ ဒေဝေါနာမေသ အဋ္ဌဟိ ကာရဏေဟိ ဝဿတိ။ နာဂါနုဘာဝေန သုပဏ္ဏာနုဘာဝေန ဒေဝတာနုဘာဝေန သစ္စကိရိယာယ ဥတုသမုဋ္ဌာနေန မာရာဝဋ္ဋနေန ဈာနဗ္ဗိဖလေန ဝိနာသ မေဃေနာတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မိုးရွာခြင်းသည်ကား နဂါးတို့ အာနုဘော် အားဖြင့်၎င်း၊ ဂဠုန်တို့၏ အာနုဘော် အားဖြင့်၎င်း၊ နတ်တို့၏ အာနုဘော်အားဖြင့်၎င်း၊ သစ္စာစကား၏ အာနုဘော် အားဖြင့်၎င်း၊ ဥတု၏ အစွမ်းဖြင့်၎င်း၊ မာရ်နတ် ဖန်ဆင်းပတ်သည်ဖြင့်၎င်း၊ တန်ခိုးကြီးသူတို့၏ အာနုဘော်ကြောင့်၎င်း၊ ကမ္ဘာပျက်လိုသော ကာလအားဖြင့်၎င်း၊ ဤ အကြောင်းရှစ်ပါးတို့ကြောင့်၊ မိုးရွာရာသည်ဟု မှတ်ရမည်။ ။ဤအလုံး ရုံးသော အခြင်းအရာကို သံယုတ္တနိကာယ် ဝလာဟကသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၃၁၈။ ။သိမှတပါး၊ မိုးရွာခဲ့သော အကြောင်းကား အဘယ်နည်း။

မစ္ဆဇာတကေပန သဏ္ဍော အာဏတ္တော ဝဿဝလာဟက ဒေဝရာဇာ၊ ဟံ ဝလာဟကံ နိဝါသေတွာ ဧကံ ပါရုပိတွာ မေဃဂီတံ ဂါယန္တော ပါစိန လောကဓာတု ဘိမုခေါ ပက္ခန္တိ၊ ပါစိနဒိသာဘာဂေ ခလမဏ္ဍလမတ္တံ ဧကံမေဃပဋလံ ဥဋ္ဌာယံ၊ သတပဋလ သဟဿပဋလံ ဟုတွာ၊ အဘိတ္ထနန္တော ဝိဇ္ဇုလတာ နိစ္ဆာရေန္တော၊ အဓောမုခံ ဌပိတ ဥဒကကုမ္ဘော ဝိယ ပါဝဿိတိ ဝုတ္တံ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ သိကြားမင်းသည် စေအပ်သော ဝလာဟကနတ်မင်းသည် တခုသော တိမ်လွှာပုဆိုးတို့ကို ဝတ်၍၊ တထည်သော ပုဆိုးကို ရုံလျက် မိုးသီချင်းကို သီသဖြင့်၊ အရှေ့လောကဓာတ်သို့ ရှေးရှု ပြေးသည် ဖြစ်၍၊ အရှေ့မျက်နှာအဖို့ ကောက်နယ်တလင်းမျှ တခုသော တိမ်လွှာ၊ အရာသော တိမ်လွှာ၊ အထောင်သော

တိမ်လွှာသည်ဖြစ်၍၊ အလွန်သော အသံကို ကြိုးလျော့၊ ဖြိုးဖြိုး ပြက်ပြက်သော လျှပ်စစ်နွယ်တို့ဖြင့် ဖွမ်းသော အောက်သို့ မျက်နှာ ပြု၍ ထားသော ရေအိုးမှ ထွက်သော ရေကဲ့သို့ သည်းထန်,ဖြင်းပြစွာ သော မိုးကြီးကို ရွာစေဖို့။ ဤ ရွာခြင်းကား သိကြားမင်း စေသောင့် ဝဿဝလာဟကနတ်မင်း၏ တန်ခိုး,အာနုဘော်ဖြင့် ရွာသိဟု မှတ်ရမည်၊ ။ဤအခြင်းအရာကို မဏ္ဍဇာတ်၌ ဟောဘော်မူသိဟု မှတ်ရမည်။

၁၁၉။ ။မိုး ရွာခြင်းသည်ကား အဘယ်မျှသောက်သော အရပ်က ရွာလေသနည်း၊

ဂုမ္ဗိဝါတော ယောဇနမတ္တံ ဝါယတိ၊

ဤသို့ ကျမ်းဂန်လာသောကြောင့်၊မိုး,လေသို တယူဇနာမျှလောက်သော အရပ်မှ ရွာသည်,လာသည်ဟု မှတ်ရမည်၊

၁၂၀။ ။မိုးရိပ်သို အဘယ်မျှလောက်သော အခုင်က ထင်လေသနည်း။

မေဃာသိသံ ယောဇနမတ္တံ ပညာယတိ။

ဤသို့ ကျမ်းဂန် လာသောင့်၊ မိုးရိပ်သည် တယူဇနာမျှလောက်သော အရပ်က ထင်သည်ဟု မှတ်ရမည်။

၁၂၁။ ။လျှပ်စစ်နွယ်ကို အဘယ်မျှလောက်သော အရပ်က ထင်လေသနည်း၊

ဝိဇ္ဇုလတာ စတုပဉ္စယောဇနမတ္တံ ပညာယတိ။

ဤသို့ ကျမ်းဂန် လာသောင့်၊ လေးယူဇနာ,ငါးယူဇနာမျှလောက်သော အရပ်က ထင်သိဟု မှတ်ရမည်၊ ။ဤအခြင်းအရာကို အပဏ္ဏကဇာတ်၌ လာသည်။

၁၂၂။ ။မိုး ကောင်းအံ့သိကို အဘယ်ကို ထောက်၍ သိရအံ့နည်း။

ယဒါ သကုဏိကာ ကုလဝကာနိ ရုက္ခေ ကရောန္တိ။ ကဏ္ဍူဒုဒကသမီပေ ဥပ္ပါရံ ပိဒဟိတွာ ထလာသမီပေ ဥပ္ပါရေန ဝဋ္ဍန္တိ၊ တဒါ သုဝုဋ္ဌိကာ ဘဝိဿန္တီတိ ဘဏန္တိ။

ဤသို့ ကျမ်းဂန် လာသောင့်၊ ငှက်တို့သို သစ်ပင်များ၌ အသိုက်

တို့ကို လုပ်ကုန်အံ့။ ပုဇွန်တို့သည် ရေ၏ အနီး၌ တွင်းပေါက်ကို ပိတ်၍၊ ကြည်း,ကုန်း,မြင့်ရာသို့ အပေါက်ထား၍ လုပ်သည် ဖြစ်အံ့။ မိုးခေါင်းသို့ဟု မှတ်ရမည်။

၃၂၃။ ။မိုး ခေါင်သိုကို အဘယ်သို့ သိရအံ့နည်း။

ယဒါပန သက္ကဏာ ကုလာဝကာနိ၊ နိစဋ္ဌာနေ ဥဒကပိဋ္ဌေ ကရောန္တိ။ ကက္ကဋာ ထလသမီပေ ဒွါရံ ပိဒဟိတွာ ဥဒကသမီပေ ဒွါရေန ဝဠဉ္ဇန္တိ တိ၊ တဒါ ဒုဗ္ဗုဋ္ဌိကာ ဘဝိဿန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အတြင်အခါ၌ ငှက်တို့သည် နိမ့်သော အရပ်၏ ရေအပြင်၌ အသိုက်တို့ကို လုပ်ကုန်၏။ ပုဇွန်တို့သည် ကြည်း,ကုန်းမြင့်ရာ အရပ်က တွင်း၏ တံခါးကို ပိတ်၍၊ ရေ၏ အနီး၌ တွင်းပေါက်ကို ထား၏။ ထိုအခါ မိုး ခေါင်လတ္တံ့ သိုဟု မှတ်ရမည်။ ။ ဤအခြင်းအရာကို သုတ္တနိပါတ် ဓနိယသုတ်အဖွင့်၌ လာသိုဟု မှတ်ရမည်။

ယဒိဒံ သကုဏိကာပနစ ကုလဝကာနိ ရုက္ခဋ္ဌာနေသု ပိဋ္ဌံ ကရောန္တိ။ ကက္ကဋကာလံ သမီပေ ဒွါရေ ဝဠဉ္ဇန္တိတိ ခတ္တိ မေဃော။

ဤသို့ ဗေဒင်ကျမ်း၌ လာသောကြောင့်၊ ဘုရားပိဋကတ်တော်,သုတ္တနိပါတ် ဓနိယသုတ်အဖွင့်၌ လာသိုနှင့် တူသောကြောင့်၊ ကောန်မရချ မှတ်ရမည်။ ။ဤအခြင်းအရာကို သုဗောဓာလင်္ကာရလက္ခဏာဋီကာတို၊ ဤကျမ်းတို့၌ လာသိုဟု မှတ်ရမည်။

၃၂၄။ ။မိုး မရွာသော အကြောင်းငါးပါးကား အဘယ်နည်း။

ပဉ္စိမေ ဘိက္ခဝေ ဝဿဿ အန္တရာယော။ ကတမေ ပဉ္စ။ ဥပရိ အာကာသေ တေဇောဓာတု ကုပ္ပတိ၊ ဥပရိ အာကာသေ ဝါယောဓာတု ကုပ္ပတိ၊ ရာဟုအသုရိန္ဒော ပါဏိနာ ဥဒကံ သမ္ပဋိစ္ဆိတွာ မဟာသမုဒ္ဒေ ဆဍ္ဍေတိ။ ဝဿဝလာဟကာဒေဝါ ပမတ္တာ ဟောန္တိ။ မနုဿာ အဓမ္မိကာ ဟောန္တိ။ အယံ ဘိက္ခဝေ ပဉ္စဝဿဿ အန္တရာယော။

ဤသို့ ဘုရားသခင် ဟောတော်မူသည်။ ချစ်သားရဟန်းများတို့၊ မိုး၏ အန္တရာယ်သိုကား ငါးပါးတည်း။ ငါးပါး ဟူသည်ကား အဘယ်နည်း။

၁။ ချစ်သား ရဟန်းများတို့၊ အထက် ကောင်းကင်၌ တေဇောဓာတ် ပျက်၍ မရွာရာ။
၂။ အထက် ကောင်းကင်၌ ဝါယောဓာတ်ပျက်၍ မရွာရာ။
၃။ အသုရိန်နတ်သားသည် လက်ချပ်ဖြင့် ခံ၍ သမုဒ္ဒရာ၌ သွန်သောကြောင့် မရွာရာ။
၄။ ဝလာဟကနတ်သားသည် မြူးတူး,ပျော်ရွှင်၍ မေ့လျော့သောကြောင့် မရွာရာ။
၅။ လူတို့ တရား မစောင့်သောကြောင့် မရွာရာ။
ဤသို့ကား မိုးမရွာသည့် အကြောင်းငါးပါးတည်းဟု ဘုရားသခင် ဟောတော်မူသည်ဟု မှတ်ရမည်။

၃၂၅။ ။တကဏ္ဍာပတ်လုံး တည်သည့် လေးပါးဆိုသည်ကား အဘယ်နည်း။

ဣမဿ္မိ ကပ္ပေ စတ္တာရိ ကပ္ပဋ္ဌိတပါဋိဟာရိယာနိနာမ။ ကတမာနိ ကပ္ပဋ္ဌိတိ စတ္တာရိ။ စန္ဒေ သသလက္ခဏံ သကလမ္ပိ ဣမံ ကပ္ပံ ဌဿတိ။ ဝဋ္ဋဇာတကေ အဂ္ဂိနော နိဗ္ဗုတဋ္ဌာနံ သကလမ္ပိ ဣမံ ကပ္ပံ အဂ္ဂိနံ ဈာပေဿတိ၊ ဃဋီကာရဂ် နိဝေသနဋ္ဌာနံ သကလမ္ပိ ဣမံ ကပ္ပံ အနောဝဿကံ ဌဿတိ၊ နဠပါနပေါက္ခရဏိယံ ပဗ္ဗပါရေဝတ္တာ ဠဋ္ဌိတဌာ ဣမံ ကပ္ပံ ဧကတ္တိ ဘဝိဿန္တိတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊—
၁။ လ၌ ယုန်ရုပ်သည် မပျောက်,မပျက် တည်လတ္တံ့။
၂။ ဘုရားသခင် အလောင်းတော်သည် ငုံးမင်းဇာတ် ဖြစ်၍၊ ကျင်လည်တော်မူရာ အရပ်သည် မီး မလောင်နိုင်။ ထိုအရပ်သည် ယခုထက်တိုင်အောင် မီးမလောင်သည် ဖြစ်၍၊ တကဏ္ဍာလုံး တည်လတ္တံ့။
၃။ ကဿပဘုရားသခင်သည် ကလိင်္ဂအမည် ရှိသော နိဂုံးရွာကို အမှီပြု၍ ဝါဆိုတော်မူသော အခါ၊ ကလိင်္ဂအမည် ရှိသော နိဂုံးရွာ၌ အနာဂါမ် တည်ပြီးသော ဃဋီကာရအမည် ရှိသော အိုးထိန်းသားသည်၊ မိဘ မျက်မမြင်ကို လုပ်ကျွေး,မွေးမြူ၏။ ကဿပဘုရားသခင်ကိုလည်း ပစ္စည်းလေးပါးတို့ဖြင့် လုပ်ကျွေး,မွေးမြူ၏။ ထို

အခါ ဘုရားသခင်ကျောင်း မိုးမလွတ်သေသခင့်၊ တပည့်သံဃာတော်တို့ကို ပေးတော်မူ၍၊ ဃဋိကာရ အိုးထိန်း,မျက်မမြင်တို့ နေသော အိမ်၌ သက်ငယ်ကို ဖျက်စေပြီးမှ ဘုရားသခင်ကျောင်းတော်ကို မိုးစေ၍၊ ဃဋိကာရ,မျက်မမြင်တို့ နေရာ အိမ်သို့ အမိုးမရှိ၊ဟင်းလင်းချည်းသာ ဖြစ်သို၊ထိုသို့ ဟင်းလင်းရှိသော်လည်း နေပူခြင်း,မိုးစွတ်ခြင်း မရှိ။ ပကတိအတိုင်းသာ တည်သို။ ထိုသို့ နေပူ,မိုးစွတ်ခြင်း မရှိသို့လည်း ဘုရားသခင်ဘုန်းတော်ကြောင့် မဟုတ်၊ဃဋိကာရ မိခင်,ဖခင်တို့ သဒ္ဓါ အားကြီးသေသခင့် ဖြစ်သို။ ယခုထက် တိုင်အောင် နေမပူ,မိုးမစွတ်ခြင်း ရှိသည် ဖြစ်၍၊ တကမ္ဘာပတ်သုံး တည်လတ္တံ့။

၄။ ဘုရားသခင် အလောင်းတော်သို့ မျောက်မျိုး၌ ကျင်လည်တော်မူ၍၊နဠပါန ရေကန်၌* နေတော်မူသော အခါ၊အဆစ် တွင်းသော* ကျူပင်ဖြင့် ရေကန်၌* ရေကို သောက်တော်မူသိမှ စ၍၊ ယခုထက် တိုင်အောင် ရေကန်ကို* ဝန်းရံ၍ ပေါက်သော ကျူတို့သည် အဆစ် မရှိ။ တပေါက်တည်းသာ ဖြစ်၍ ကမ္ဘာ ပတ်သုံး တည်လတ္တံ့။

ဤသည်ကား ကမ္ဘာပတ်လုံး တည်လတ္တံ့သည် လေးပါးတည်းဟု မှတ်ရမည်။ ။ဤအခြင်းအရာကို ဇာတ်ကျမ်း၌ လာသည်ဟု မှတ်ရမည်။

၃၂၆။ ။ဇမ္ဗူဒီပါထကျွန်းလုံး နှံ့အောင် ကြားသော အသင်္ခြေး လေးပါး ဆိုသည်ကား အဘယ်နည်း။

စတ္တာရော ကိရ သကလ ဇမ္ဗူဒီပေ သုသိသု။

ဤသို့ ကျမ်းဂန် လာသေသခင့်၊ ပုဏ္ဏကာဘိလူး ဟစ်သော အသံ၊ ဝိသကြုံနတ်သား ခွေးနက်ကြီးအဟန် ဖန်ဆင်း၍ ဟစ်သော အသံ၊ ကုသမင်းသား ဟစ်သော အသံ၊အာဠဝကဘီလူး ဟစ်သော အသံ၊ ဟူ၍ လေးပါး အပြား ရှိသည်ဟု မှတ်ရမည်။

၃၂၇။ ။ထိုလေးပါးတွင်၊ပုဏ္ဏကာဘီလူးသည် အဘယ် ကာလ၌ အဘယ်သို့ ဟစ်လေသနည်း။

ဝိရူရဇာတကေ ယဒ္ဓ ပုဏ္ဏကော ယက္ခော။ ယက္ခသေနာပတိ ဓနဥ္စယ,ကောရဗျရာဇာနံ ရူတေန ဇိနိတွာ အပ္ပေါ်ဓေ့တွာ ဇိနန္တိ ဥပ္ပေါသောတိ။

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊စစ်သူကြီး ဖြစ်သော ပုဏ္ဏက ဘီလူးသို့ ဓနဥ္စယ,ကောရဗျနှင့် အံကစားကြသဖြင့်၊ အံတပွဲး နိုင်လျှင် ပင်–'ငါ အောင်ပြီ၊ငါ အောင်ပြီ။'ဟု ဟစ်သော အသံသည် ဇမ္ဗူဒီပါ တကျွန်းလုံး ကြားလေသည်ဟု မှတ်ရမည်၊ ။ဤအခြင်းအရာကို ဝိရူရ ဇာတ်၌ လာသိုဟု မှတ်ရမည်။

၃၂၀၊ ။ဝိသကြိုနတ်သားသို့ အဘယ်ကာလ၌ အဘယ်သို့ ဟစ် လေသနည်း။

ယဒ္ဓ ကဏှဇာတကေ သက္ကော,ဒေဝါနမိန္ဒော ကဿပ ဘဂဝ တော သာသနေ ပရိဟာယမာနေ ဝိသုကမ္မဒေဝပုတ္တံ သုနက္ခံ က ရိတွာ အဟံ ပါပဘိက္ခုစ ပါပဘိက္ခုနိစ ဥပါသကောစ ဥပါသိကာ ယောစ သဗ္ဗေစ အဓမ္မိဝါဒိနော ခါဒါမိတိ ဥပ္ပေါသာပေတိ၊

ဤသို့ ကျမ်းဂန် လာသော့ငှ့်၊ သိကြားမင်းသည် ကဿပဘုရား သခင်,သာသနာတော်သည် ယုတ်လတ်သော်၊ ဝိသုကြိုနတ်သားကို ခွေးနက်ကြီးအယောင် ဖန်ဆင်းစေ၍၊ တရား မစောင့်သော၊ ခပ်သိမ်း သော လူအပေါင်းတို့အား ငါသည် ကိုက်သတ်၍ စားအံ့ဟု ဟောင် သော အသံသည် ဇမ္ဗူဒီပါတကျွန်းလုံး ကြားသည်ဟု မှတ်ရမည်။

၃၂၄။ ။ကုသမင်းသားသည် အဘယ်ကာလ၌ အဘယ်သို့ ဟစ် လေသနည်း။

ယဒ္ဓ ကုသဇာတကေ ပဘာဝတိဟေတု သတ္တဟိ ရာဇူဟိ နဂရေ ဥပရုဒ္ဓေ ပဘာဝတိ သဟ အတ္တနာ ဟတ္ထိခန္ဓံ အာရောပေတွာ နဂ ရာ နိက္ခမ၊ အယံ သီဟသရ,ကုသမဟာရာဇာတိ မဟာပုရိသော ဥပ္ပေါသောတိ၊

ဤသို့ ကျမ်းဂန် လာသော့ငှ့်၊ ကုသဇာတ်၌ ပဘာဝတိကို အ ကြောင်းပြု၍ ခုနစ်ပြည်ထောင်မင်းတို့သည် စစ်အင်္ဂါလေးပါးနှင့်တကွ ပြည်ကို ဝိုင်း၍ စစ်ကပ်လာလတ်သည် ရှိသော်၊ ကုသမင်းသားသည်

ပဘာဝတီကို ဆင်ထက် တင်ပြီးမှ၊ပြည်က ထွက်လေ၍၊"အဟံ ကုသ ရာဇာ"ဟု ကြွေးကြော်သော အသံသည် ဇမ္ဗူဒိပ်ပါတကျွန်းလုံး ကြား သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို ကုသဇာတ်၌ လာသည် ဟု မှတ်ရမည်။

၃၃၀။ ။အာဠဝကဘီလူးမင်းသည် အဘယ် ကာလ၌ အဘယ် သို့ ဟစ်ကြော်လေသနည်း။

ယဠ အာဠဝကော ကေလာသဘမုဒ္ဓနိ ဌတွာ "အဟံ အာဠဝ ကော"တိ ဥဃ္ဃောသေတိ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ အာဠဝကဘီလူးသည် ကေလာသ ဘတောင်ထိပ်၌ ရပ်၍၊"အဟံ အာဠဝကော"ဟု ကြွေးကြော်သော အသံသည် ဇမ္ဗူဒိပ်ပါတကျွန်းလုံး ကြားသည်ဟု မှတ်ရမည်။ ။ဤ အခြင်းအရာကို သုတ္တနိပါတ် အာဠဝကသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၃၃၁။ ။ဤလောက၌ လက်နက်ကြီးလေးပါး ဆိုသည်ကား အ ဘယ်နည်း။

စတ္တာရိ ကိရ အာဝုဓာနိ လောကေ သေဋ္ဌာနိ။ သက္ကဿ ဝဇိရာ ဝုဓံ၊ဝေဿဝဏ္ဏဿ ဂဒါဝုဓံ၊ ယမဿ နယနာဝုဓံ၊ အာဠဝကဿ ဒုဿာဝုဓန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သိကြားမင်း၏ ဝဇိရ်လက်နက်၊ ဝေဿဝဏ္ဏနတ်မင်း၏ ဂုံးတန်လက်နက်၊ ယမမင်း၏ မျက်စောင်း လက်နက်၊ အာဠဝက၏ ဒုဿ ပုဆိုးလက်နက်၊ ဤသို့အားဖြင့် လောက၌ လက်နက်ကြီးလေးပါး ဖြစ်သည်ဟု မှတ်ရမည်။

၃၃၂။ ။ထိုလက်နက်ကြီးလေးပါးတို့တွင်၊ သိကြားမင်း၏ ဝဇိရ်လက်နက်သည်ကား၊အဘယ်သို့ တန်ခိုး,အာနုဘော် ကြီးလေသနည်း။

ယဒိ ဟိ သက္ကော ဒုဋ္ဌော ဝဇိရာဝုဓံ သိနေရုမုဒ္ဓနိ ပဟာရေ ယျ၊ အဋ္ဌသဋ္ဌိ ယောဇနသတသဟဿံ နိဗ္ဗိဇ္ဈိတွာ ဟေဋ္ဌတော ဂစ္ဆေယျ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုစကားသို မှန်၏။သိကြားမင်းသို

အကယ်၌ အမျက် ထွက်သည် ဖြစ်အံ့။ ဝရဇိန်လက်နက်ကို မြင့်မိုရ် တောင်ထိပ်၌ ပတ်ခတ်သည် ရှိသော်၊ ယုဇနာ တသိန်းခြောက်သောင်း ရှစ်ထောင် ရှိသော မြင့်မိုရ်တောင်ကို ထွင်းဖောက်၍၊အောက်သို့ သွား လေရာသည်ဟု မှတ်ရမည်၊

၃၃၃။ ။ဝေဿဝဏ္ဏနတ်မင်း၏ လှံတန် လက်နက်သည်ကား၊ အ ဘယ်သို့ တန်ခိုး,အာနုဘော် ကြီးလေသနည်း။

ဝေဿဝဏ္ဏဿ ပုထုဇနကာလေ ဝိဿဇ္ဇိတွာ ဂဒါ ဗဟူနံ ယက္ခ သဟဿာနံ သီသံ ဆိန္ဒိတွာ ပုန ဟတ္ထပါသံ အာဂစ္ဆာ တိဋ္ဌတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝေဿဝဏ္ဏနတ်မင်း၏ လွှတ်အပ် သော လှံတန် လက်နက်သည် များစွာသော ဘီလူးတထောင်တို့၏ ဦးခေါင်းကို ဖြတ်၍၊ တဖန် မိမိလက်တွင်းသို့ တည်ပြန်လာသည်ဟု မှတ်ရမည်။

၃၃၄။ ။ယမနတ်မင်း၏ မျက်စောင်းလက်နက်သည်ကား၊ အဘယ် သို့ တန်ခိုး,အာနုဘော် ကြီးလေသနည်း။

ယမေန ဒဋ္ဌေန နယနာဝုဓေန၊ ဩလောကိတမတ္တေန အနေကာနိ ဂုမ္ဘဏ္ဍသဟဿာနိ တတ္ထ ကပါလေ တိလာဝိယ ဗရုဇ္ဇာနိ ဝိနဿန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ယမမင်းသည် အမျက် ထွက်၍ မျက် စောင်းလက်နက်ဖြင့် ကြည့်လတ်သည် ရှိသော် များစွာသော တထောင် သော ဂုမ္ဘာဏ်တို့သည် ပူသော အိုးကင်း၌ နှမ်းကဲ့သို့ ဖရိုဖရဲ ရှိကုန်သည် ဖြစ်၍၊ပျက်စီးခြင်းသို့ ရောက်ကုန်သည် မှတ်ရမည်။

၃၃၅။ ။အာဠဝကဘီလူးမင်း၏ ဘွဲ့ဖြူပုဆိုး လက်နက်သည် အ ဘယ်သို့ တန်ခိုး,အာနုဘော် ကြီးလေသနည်း။

အာဠဝကော ဒုဿော သစေ အာကာသေ ဒုဿာဝုဓံ မုဉ္စေယျ ဒွါဒသဝဿာနိ ဒေဝေါ နဝဿေယျ။ သစေ ပထဝိယံ မုဉ္စေယျ သဗ္ဗ ရုက္ခတိဏာဒီနိ သုဿိတွာ ဒွါဒသဝဿန္တရံ ပုန နရုဟေယျုံ။ သစေ သမုဒ္ဒေ မုဉ္စေယျ တတ္ထ ကပါလေ ဥဒကဗိန္ဒုပိယ သဗ္ဗသမုဒ္ဒဥဒကံ သုဿေယျ။ သစေ သိနေရုသဒိသေပိ ပဗ္ဗတေ မုဉ္စေယျ ခဏ္ဍာခဏ္ဍံ ဝိကိရေယျ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အာဋ္ဌာဝကဘီလူးမင်းသည် အကယ်၍ အမျက် ထွက်သဖြင့် ကောင်းကင်၌ ဒုဿပြူပုဆိုးလက်နက်ကို လွှတ်သည် ဖြစ်အံ့၊ဘဆယ့်နှစ်နှစ် ပတ်လုံး မိုး မရွာနိုင်။မြေ၌ အကယ်၍ လွှတ်သည် ဖြစ်အံ့၊မြက်သစ်ပင်တို့သည် ခြောက်တတ်ကုန်သည် ဖြစ်၍၊တဆယ့်နှစ်နှစ် တွင် တဖန် ပြန်ပေါက်အံ့သောငှာ မတတ်နိုင်ကုန်။ အကယ်၍ သမုဒ္ဒရာ၌ ပစ်လွှတ်အံ့။ပူသော ဒွက်၌ ရေပေါက်ကဲ့သို့ အလုံးစုံသော သမုဒ္ဒရာရေသည် ခန်းခြောက်ရာ၏။ အကယ်၍ မြင့်မိုရ်တောင်နှင့် တူသော တောင်၌ ပစ်လွှတ်အံ့။ထိုတောင်သည် အပိုင်း,အပိုင်း ကျိုး၍ ကွယ်ပျောက်သည်ဟု မှတ်ရမည်။ ။ဤလက်နက်ကြီးလေးပါး အခြင်းအရာကို သုတ္တနိပါတ်၌ လာသည်။

၃၃၆။ ။သာဂရအပြားကား အဘယ်မျှ အပြားရှိလေသနည်း။

စတ္တာရော သာဂရာ။သံသာရသာဂရော ဇလသာဂရော နယသာဂရော ဉာဏသာဂရောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သံသာရသာဂရ,ဇလသာဂရ,နယသာဂရ,ဉာဏသာဂရ-ဟူ၍ လေးပါး အပြားရှိသည်ဟု မှတ်ရမည်။

၃၃၇။ ။ထိုလေးပါးတို့တွင် သံသာရသာဂရ ဆိုသည်ကား အဘယ်နည်း။

တတ္ထ သံသာရ သာဂရောနာမ။ခန္ဓာပဋိပါတိ ဓာတုံ၊အာယတနာနံစ အဗောစ္ဆိန္နံ၊ဝတ္တမာနာ သံသာရောတိ ပဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ခန္ဓာတို့၏ အစဉ်ရှင်း၊ဓာတ်,အာယတနတို့၏ အစဉ်ရှင်း၊ လည်၍,လည်၍ မပြတ် ဖြစ်ခြင်းသည် သံသာရသာဂရ မည်သည်ဟု မှတ်ရမည်။

၃၃၈။ ။ဇလသာဂရ ဆိုသည်ကား အဘယ်နည်း။

မဟာသမုဒ္ဒေါ ဇလသာဂရောနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မဟာသမုဒ္ဒရာသည် ဇလသာဂရ မည်သည်ဟု မှတ်ရမည်။

၃၃၉။ ။နယသာဂရ ဆိုသည်ကား အဘယ်နည်း။

တေပိဋကံ ဗုဒ္ဓဝစနံ နယသာဂရော နာမ၊

ဤသို့ ကျမ်းဂန် လာသော့ငြော်၊ ပိဋကတ်သုံးပုံ ဘုရားသခင့် စကားတော်သည် နယသာဂရ မည်သည်ဟု မှတ်ရမည်။

၃၄၀။ ။ဉာဏသာဂရ ဆိုသည်ကား အဘယ်နည်း။

သဗ္ဗညုတဉာဏံ ဉာဏသာဂရောတိ။

ဤသို့ ကျမ်းဂန် လာသော့ငြော်၊သဗ္ဗညုတဉာဏ်တော်သည် ဉာဏသာဂရ မည်သည်ဟု မှတ်ရမည်။ ။ခမ္ဘသင်္ဂဟ်ကအဋ္ဌကထာ၌ လာသည်။

၃၄၁။ ။မကြောက်အပ်သို့၌ ကြောက်သော သူ လေးယောက် ဆိုသည်ကား အဘယ်နည်း၊

စတ္တာရော ကိရ အဘာယိတဗ္ဗံ ဘာယန္တိ၊ကဏ္ဍုပ္ပါဒေါ ကိကိ ကောန္တီ ဖြပ္ပဍကောတိ၊

ဤသို့ ကျမ်းဂန် လာသော့ငြော်၊ တီဂုင်း၊ တီတီတွတ်ငှက်၊ ကြိုးကြာ ငှက်၊အမျိုး စောင့်သော ပုဏ္ဏားငှက်၊ ဤလေးယောက်သော သူတို့သည် မကြောက်အပ်သို့၌ ကြောက်ကုန်သည်ဟု မှတ်ရမည်။

၃၄၂။ ။ထိုလေးယောက်တို့တွင် တီသည် အဘယ်သို့ ကြောက်ဟန် ကြောက်လေသနည်း။

ကဏ္ဍုပ္ပါဒေါ ကိရ မဟာပထဝီ ခိယန ဘယေန မတ္တဘောဇနာ ဟောန္တိ၊န ဗဟုမတ္တိကံ ခါဒန္တိ၊

ဤသို့ ကျမ်းဂန် လာသော့ငြော်၊ တီတို့သည် မြေကြီးကုန်အံ့သည်ကို ကြောက်သော့ငြော်၊များစွာ မစားကုန်၊အနည်းငယ်သာ စားကုန်သည်ဟု မှတ်ရမည်။

၃၄၃။ ။တီတီတွတ်တို့သည်ကား အဘယ်သို့ ကြောက်ဟန် ကြော် လေသနည်း။

ကိကိသကုဏိကာ အာကာသပတန ဘယေန အတ္တာသာ ဥပရိ ဥတ္တာနာ သေန္တိ၊

ဤသို့ ကျမ်းဂန် လာသော့ငြော်၊ တီတီတွတ်ငှက်တို့သည် မိုး ပြိုအံ့သည်ကို ကြောက်သော့ငြော်၊အဥ အထက်၌ မိုးကို ခြေ နှင်လျက် ပက်လက် သာ အိပ်ကုန်သည်ဟု မှတ်ရမည်။

၃၄၄။ ။ကြိုးကြာဌက်တို့သည် အဘယ်သို့ ကြောက်ဟန် ကြောက်လေသနည်း။

ကောဉ္စာနိ သကုဏိကာ ပထဝိကမ္ပန ဘယေန ဒွေ ပါဒေ ဘုမိ ဗုဇ္ဈံ အက္ကမန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့် ကြိုးကြာဌက်တို့သည် မြေကြီးတုန်လှုပ် အံ့သည်ကို ကြောက်သောကြောင့် ပြင်းပြင်း မနင်းကုန်။ အသာသာ နင်းကုန် သည်ဟု မှတ်ရမည်။

၃၄၅။ ။ပုဏ္ဏားတို့သည် အဘယ်သို့ ကြောက်ဟန်,ကြောက်လေသနည်း။

ဗြာဟ္မဏာကုလဝံသ ပစ္ဆေဒန ဘယေန ဒါရံ ပရိယေသန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပုဏ္ဏားတို့သည် အမျိုးအနွယ်မှ ပြတ် အံ့သည်ကို ကြောက်သောကြောင့်၊ အမျိုးအနွယ် မပြတ်စေခြင်းငှာ ခင်ပွန်း လျာကို ရှာကုန်သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို သုတ္တန်ပါဠိ ဗြာဟ္မဓမ္မိကသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်၊

၃၄၆။ ။သန်းအလင်္ကာ,ကဗျာ ဖွဲ့ခြင်း၌ ပညာရှိ,ကဝိ အပြား လေးပါး ဆိုသည်ကား အဘယ်နည်း၊

စတ္တာရော ကဝိ။စိန္တာကဝိ,သုတကဝိ,အတ္ထကဝိ,ပဋိဘာဏကဝိတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ စိန္တာကဝိ,သုတကဝိ,အတ္ထကဝိ,ပဋိ ဘာဏကဝိ,ဟူ၍ လေးပါး အပြား ရှိသည်ဟု မှတ်ရမည်။

၃၄၇။ ။ထို လေးပါးတို့တွင်၊ စိန္တာကဝိ ဆိုသည်ကား အဘယ် နည်း။

တတ္ထ စိန္တေတွာ စိန္တကဝိနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကြံ၍ တတ်သော ပညာသည်သည် စိန္တာကဝိ မည်သည်ဟု မှတ်ရမည်။

၃၄၈။ ။သုတကဝိ ဆိုသည်ကား အဘယ်နည်း၊

သုတွာ ကရောန္တော သုတကဝိနာမ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကြား၍ တတ်သော ပညာသည်သည် သုတကဝိ မည်၏ဟု မှတ်ရမည်။

၃၄၉။ ။အတ္ထကဝိ ဆိုသည်ကား အဘယ်နည်း။
အတ္ထံ နိဿာယ ကရောန္တော အတ္ထကဝိနာမ။
ဤသို့ ကျမ်းဂန် လာသော့ငြောင့်၊အနက်ကို မှီ၍ တတ်သော ပညာ သည်သည် အတ္ထကဝိ မည်၏ဟု မှတ်ရမည်။
၃၅၀။ ။ပဋိဘာဏကဝိ ဆိုသည်ကား အဘယ်နည်း။
ဝင်္ဂီသတ္ထေရဿဝိယ ဉာဏ်ံယဝ အတ္တနော ပဋိဘာဏေ က ရောန္တော ပဋိဘာဏကဝိနာမ။
ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ဝင်္ဂီသမထေရ်ကဲ့သို့ မိမိ ဉာဏ် အစွမ်းအလျောက် တခဏခြင်း ထိုးဘွင်း၍ တတ်သော ပညာသည် သည် ပဋိဘာဏကဝိ မည်၏ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို အင်္ဂုတ္တ ရနိကာယ်အဋ္ဌကထာ၌ လာသည်။
ဤသို့ ကျမ်းဂန် လာသည်နှင့် အညီ ပါဠိမိခန်း၌၊—

ဆန်းအလင်္ကာ၊ ဖွဲ့နည်းနာဖြင့်၊ စိန္တာ,သုတ၊ အတ္ထကဝိ၊ ပဋိ
ဘာဏ၊ဤမျှ လေးကြိမ်၊ဂုဏ်အိမ် နှစ်ဆည်၊ပညာသည်တို့၊

ဟူ၍ အရှင်သီလဝံသ အကျော် စပ်တော်မူလေသည်။
၃၅၁။ ။မကြီးအပ်,မကြီးရာ,မကြီးနိုင်သည့် လေးပါး ဆိုသည်ကား အဘယ်နည်း။
စတ္တာရိ အစိန္တိယာနိ။ ကတမာနိ စတ္တာရိ။ဗုဒ္ဓဝိသယော အစိန္တိ ယော၊ ဈာနဝိသယော အစိန္တိယော၊ ကမ္မဝိပါကော အစိန္တိယော၊ လောကစိန္တာ အစိန္တိယော။ဣမာနိ စတ္တာရိ အစိန္တိယာနိ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီ ဟောတိ၊
ဤသို့ ကျမ်းဂန် လာသော့ငြောင့်၊
၁။ သဗ္ဗညုတဉာဏ်တော်အရာကို အဘယ်ကြောင့်,အဘယ်နှယ်,အ ဘယ်သို့ ဖြစ်လေသနည်းဟု မကြံအပ်,မကြံရာ,မကြံနိုင်။
၂။ ဈာန်ဝင်စားသော အဘိညာဏ်၏ အရာကို အဘယ်ကြောင့်, အ ဘယ်နှယ်,အဘယ်သို့ ဖြစ်လေသနည်းဟု မကြံအပ်,မကြံရာ,မ ကြံနိုင်။
၃။ ကုသိုလ်ကံ,အကုသိုလ်ကံ၏ အကျိုးပေးဟန်ကို အဘယ်ကြောင့်,

အဘယ်နှယ်,အဘယ်သို့ ဖြစ်လေသနည်းဟု မကြံအပ်,မကြံရာ, မကြံနိုင်၊

၄၊ လောကဖို့ ဖြစ်ခြင်း,ပျက်ခြင်းကိုလည်း အဘယ်ငွေ့,အဘယ်နှယ်, အဘယ်သို့ ဖြစ်လေ,ပျက်လေသိဟု မကြံအပ်,မကြံရာ,မကြံနိုင်၊

ဤလေးပါးကို ကြံသော သူတို့သည် စားကြွင်း စားသော သူရူးနှင့်သာ တူကုန်သည်ဟု မှတ်ရမည်၊

၃၅၂၊ ။ထိုလေးပါးတို့တွင် ဗုဒ္ဓဝိသယ ဆိုသည်ကား အဘယ်နည်း၊

ဗုဒ္ဓဝိသယောတိ၊ သဗ္ဗညုတဉာဏာဒိနံ ဗုဒ္ဓဂုဏာံ ပဝတ္တိစ အာနုဘာဝေါစ၊ ဘဂဝါဟိ အဋ္ဌာရသဟတ္ထုဗ္ဗေဓေနေဝ ကာယေန သာသပ္ပဂဏ္ဍံ ပဝိသိ။ န ဘဂဝတော သဏ္ဌာယ သာသပ္ပဂဏ္ဍော မဟာ ဟောတိ၊ န သာသပ္ပဂဏ္ဍံ သဏ္ဌာယ ဘဂဝါ ခုဒ္ဒကော ဟောတိ၊ ဇာနံ သောသဏ္ဌာနံ မတ္တာနံ အဝိသယံ၊ တသ္မာ ဗုဒ္ဓဝိသယော အစိန္တိယော။ စိန္တေန္တော ပန ဥမ္မတ္တကာဒိဘာဝံ ပါပုဏာတိ။

ဤသို့ ကျမ်းဂန် လာသောငွေ့၊ဗုဒ္ဓဝိသယ ဆိုသည်ကား၊သဗ္ဗညုတဉာဏ်တော် အစရှိသော ဘုရားသခင် ဂုဏ်တော်ဖို့ ဖြစ်ခြင်းသည်ငင်း၊အာနုဘော်ဖို့ ဖြစ်ခြင်းသည်ငင်း အဘယ်သို့ ဖြစ်လေသနည်း။ထိုစကားသျှင် စင်စစ်ကြေန် မှန်ဖို့။ဘုရားသခင်သည် တဆယ့်ရှစ်တောင် အယင်တော်သိလျှင် ဖြစ်သော ကိုယ်တော်ဖြင့် မုံညှင်းသီးခွံတွင်းသို့ ဝင်တော်မူနိုင်ဖို့၊ဘုရားသခင်ကို ရည်မှတ်၍ မုံညှင်းသီးသည် ကြီးသိ မဟုတ်။မုံညှင်းသီးကို ရည်မှတ်၍ ဘုရားသခင် ကိုယ်တော် ငယ်သိလည်း မဟုတ်၊ဤသို့ ဖြစ်ခြင်းသည်ကား ဘုရားသခင်မှ တပါး တန်ခိုး ကြီးသော သူတို့ဖို့ အရာ မဟုတ်၊ ထို့ကြောင့်၊ သဗ္ဗညုတဉာဏ်ကို မကြံအပ်,မကြံရာ,မကြံနိုင်၊ကြံသော သူတို့သည် သူရူးနှင့် တူကုန်သိသာ ဖြစ်သည်ဟု မှတ်ရမည်။

၃၅၃။ ၊ဈာနဝိသယ ဆိုသည်ကား အဘယ်နည်း၊

ဈာနဝိသယောတိ၊ အဘိညာဈာနဝိသယော၊ ဣဒ္ဓိမန္တာနံဟိ စန္ဒိမသူရိယာ၊ ပါဒ,ပိဋ္ဌ,သဟနာဒိဘာဝံ ဥပဂစ္ဆန္တိ၊ပကတိဂတိနဋ္ဌ နဝိဇ

ဟန္တိ။နိဒ္ဒိတ စန္ဒိမ,သုရိယာတိစ နနှဟာန္တိ၊ ဧဝံ ဈာနပစ္စယော အစိန္တိယော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဈာနပစ္စယ ဆိုသည်ကား၊ အဘိညာဏ်ဈာန်တို့ အရောသာလျှင်တည်း။ ထိုစကားသည်သာလျှင် စင်စစ်ဘောန် မှန်၏။ ယူဇနာလေးသောင်းနှစ်ထောင် မြင့်သော ယုဂန္ဓိုရ် တောင်ညီညီးနှင့် မျှသော နေ့,လတို့သည် တန်ခိုး ကြီးကုန်သော သူတို့၏ ခြေနင်းရာ,အင်းပျဉ်,အိပ်ရာ,စသော အဖြစ်သို့ ကပ်လှာကုန်၏၊ ပြကတေ့ သွားမြဲကိုလည်း မစွန့်ကုန်။ ဖန်ဆင်းသော နေ့,လသည် မဟုတ်ကုန်။ဤသို့လျှင် တန်ခိုး ကြီးသော သူတို့သည် ဈာန်ဝင်စားသော အဘိညာဏ်၏ အရောကို မကြံအပ်,မကြံရာ,မကြံနိုင်။ ကြံသော သူတို့သည် သူရူးနှင့် တူသည်သာ ဖြစ်သည်ဟု မှတ်ရမည်။

၃၅၄။ ။ကမ္မပစ္စယ ဆိုသည်ကား အဘယ်နည်း။

ကမ္မပစ္စယောတိ၊ဒိဋ္ဌဓမ္မဝေဒနိယာဒိနံ ကမ္မာနံ ပစ္စယော။ တတ္ထ ကုသလာကုသလကမ္မေသု ဧကကမ္မေ သမ္ပြုဟိတ သတ္တေသု ကောစိ မနုဿေသု၊ ကောစိ စာတုမဟာရာဇိကာဒိသု တသ္မိံ တသ္မိံ ဌာနေ ဥပ္ပဇ္ဇန္တိ၊ တတ္ထတတ္ထပိ တေနေဝကမ္မုနာ နိဗ္ဗတ္တသတ္တေသု ဧကေ ဒုဗ္ဗဏ္ဏာ ဟောန္တိ။ဧကေ သုဝဏ္ဏာ၊ဧကေ ဒီဃာ၊ဧကေ ရဿာ၊ ဧကေ အပ္ပေသက္ခာ၊ ဧကေ မဟေသက္ခာ ဟောန္တိ။ ဇာတိတော အနေကာသ ဘာဝ ဘိန္နာ ဟောန္တိ။ အကုသလကမ္မေပိ ဧသေဝနယော ဧဝံ ကမ္မပစ္စယောပိ အစိန္တိယော။

ဤသို့ ကျမ်းဂန် လာသော့ငှေ၊ကမ္မပစ္စယ ဆိုသည်ကား၊ ဒိဋ္ဌဓမ္မဝေဒနိယ,အစ ရှိကုန်သော ကံတို့၏ အကျိုးလျှင်တည်း။ထိုကုသိုလ်ကံ,အကုသိုလ်ကံတို့တွင်၊တခုသော ကံသို့ ကပ်၍ ဖြစ်စေတတ်သော သတ္တဝါတို့၌ အချို့သော သူတို့သည်လည်း လူပြည်တို့၌ ဖြစ်ကုန်၏။ အချို့သော သူတို့သည် စာတုမဟာရာဇ်,အစ ရှိသော ထိုထိုသို့သော အရပ်တို့၌ ဖြစ်ကုန်၏၊ ထိုထိုသို့သော ဖြစ်ရာ၌လည်း ထိုတခုသော ကံသို့လျှင် ဖြစ်စေအပ်သော သတ္တဝါတို့တွင်၊အချို့သော သတ္တဝါတို့သည် အဆင်း မလှကုန်သည် ဖြစ်ကုန်၏၊အချို့သော သတ္တဝါတို့သည် အဆင်း လှကုန်သည်

ဖြစ်ကုန်၏။အချို့သော သတ္တဝါတို့သည် မြင့်သည် ဖြစ်ကုန်၏၊ အချို့သော သတ္တဝါတို့သည် နိမ့်သည် ဖြစ်ကုန်၏။ အချို့သော သတ္တဝါတို့သည် နည်းသော တန်ခိုး ရှိကုန်၏။ အချို့သော သတ္တဝါတို့သည် ကြီးသော တန်ခိုး ရှိကုန်၏၊ ဤသို့လျှင် ထိုကံတို့သည် အရောမကားသော သဘောဖြင့် ပြား ကုန်သည်သာ ဖြစ်ကုန်၏။ အကုသိုလ်ကံတို့၌လည်း ထို့အတူပင် ပြား ကုန်၏။ဤသို့လျှင် ကုသိုလ်,အကုသိုလ်၏ အကျိုးကိုလည်း မကြံအပ်, မကြံရာ,မကြံနိုင်။ကြံသော သူတို့သည် သူရူးနှင့် တူသည်ဟု မှတ်ရမည်။

၃၅၅။ ။လောကစိန္တာ ဆိုသည်ကား အဘယ်နည်း။

လောကစိန္တာတိ၊ကေနခေါ စန္ဒိမ,သူရိယာ ကတာ၊ ကေန မဟာ ပထဝီ၊ကေန မဟာသမုဒ္ဒေါ၊ကေန သတ္တာ ဥပ္ပါဒိတော၊ အမ္ဗ,တာလ, ဝေဠု,နာဠိကေရာဒယောတိ၊ အပိစ ဧကေနေဝ ဥတုဝသေန သမုဒ္ဒိ တော။ဩကာသလောကော န ကောပဟာရေနေဝ သမုဋ္ဌာတိ၊အပရိ ယန္တော၊စ အဟောသိ။တသ္မာ လောကစိန္တာ နစိန္တေတဗ္ဗာနိတိ။

ဤသို့ ကျမ်းဂန် လာသော့ငြာင့်၊လောကစိန္တာ ဆိုသည်ကား အဘယ် မည်သော သူသည် လ,နေတို့ကို ပြုအပ်ကုန်သနည်း၊ အဘယ်မည်သော သူသည် မဟာပထဝီမြေကြီးကို ပြုအပ်ကုန်သနည်း၊ အဘယ်မည်သော သူသည် မဟာသမုဒ္ဒရာကို ပြုအပ်သနည်း။ အဘယ်မည်သော သူသည် သတ္တဝါတို့ကို ဖြစ်စေအပ်ကုန်သနည်း။ အဘယ်မည်သော သူသည် သရက်ပင်,ထန်းပင်,ဝါးပင်,အုန်းပင် စသည်တို့ကို ဖြစ်စေအပ်ကုန်သ နည်း၊ တနည်းကား၊တခုသော ဥတုဖြင့်သာလျှင် ကောင်းစွာ ဖြစ်၏။ ဩကာသလောကသည် တပြိုင်နက်တည်းဖြင့် မဖြစ်။ အပိုင်းအခြား မရှိ သည်သာလျှင် ဖြစ်၏။ထို့ကြောင့်၊လောက၏ ဖြစ်ခြင်းကို မကြံအပ်,မကြံ ရာ,မကြံနိုင်။ကြံသော သူတို့သည် သူရူးနှင့် တူသည်သာ ဖြစ်သည်ဟု မှတ်ရမည်။ ။ဤ အခြင်းအရာကို ဒီဃနိကာယ် ဝိသုဒ္ဓိမဂ် စသော ကျမ်းတို့၌ လာသည်။

၃၅၆။ ။ပီတိအပြားကား အဘယ်မျှ ပြားသနည်း၊

ပီတိ ပဉ္စဝိဓာ ဟောတိ။ ခုဒ္ဒကာပီတိ၊ ခဏိကာပီတိ၊ ဩက္ကန္တိကာပီတိ၊ ဥဗ္ဗေဂါပီတိ၊ဖရဏာပီတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ခုဒ္ဒကာပီတိ၊ခဏိကာပီတိ၊ဩက္ကန္တိကာပီတိ၊ ဥဗ္ဗေဂါပီတိ၊ ဖရဏာပီတိ ဟူ၍ ပီတိငါးပါး အပြားရှိသည်ဟု မှတ်ရမည်။

၃၅၇။ ။ထိုငါးပါးတို့တွင် ခုဒ္ဒကာပီတိ ဆိုသည်ကား အဘယ်နည်း။

တတ္ထ ခုဒ္ဒကာပီတိ၊ သရီရေ လောမဟံသမတ္တမေဝ ကာတုံ သက္ကောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုငါးပါးတို့တွင် ကြက်သီး,မွေးညှင်း ထရုံမျှ နှစ်သက်ခြင်းကို ခုဒ္ဒကာပီတိ ဆိုသည်ဟု မှတ်ရမည်။

၃၅၈။ ။ခဏိကာပီတိ ဆိုသည်ကား အဘယ်နည်း။

ခဏိကာပီတိ၊ခဏေခဏေ ဝိဇ္ဇုပ္ပါဒသဒိသာ ဟောန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုငါးပါးတို့တွင် လျှပ်ပြက်သကဲ့သို့၊တခဏ,တခဏမျှ နှစ်သက်ခြင်းကို ခဏိကာပီတိ ဆိုသည်ဟု မှတ်ရမည်။

၃၅၉။ ။ဩက္ကန္တိကာပီတိ ဆိုသည်ကား အဘယ်နည်း။

ဩက္ကန္တိကာပီတိ၊ သမုဒ္ဒတီရံ ဝီစိ,ဝိယ ကာယံ ဩက္ကမိတွာ ဘိဇ္ဇတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သမုဒ္ဒရာ၌ အလှိုင်း,အလှိုင်း လာသော ထံပိုးသို့ ကမ်းသို့ရောက်လျှင်၊ စဲး၍ ပျောက်သကဲ့သို့၊ ကိုယ်အသုံးကို လွှမ်းလျက် နှစ်သက်၍ အတန်ကြာလျှင်၊ပျောက်သော နှစ်သက်ခြင်းကို ဩက္ကန္တိကာပီတိ ဆိုသည်ဟု မှတ်ရမည်။

၃၆၀။ ။ဥဗ္ဗေဂါပီတိ ဆိုသည်ကား အဘယ်နည်း၊

ဥဗ္ဗေဂါပီတိ၊ဗလဝတီ ဟောတိ။ ကာယံ ဥဒ္ဓံ ကတွာ သဿ ဇနပ္ပမာဏပ္ပတ္တာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကောင်းကင်၌ တက်နိုင်သော နှစ်သက်ခြင်း အားကြီးသည်ကို ဥဗ္ဗေဂါပီတိ ဆိုသည်ဟု မှတ်ရမည်။

၃၆၁။ ။ဖရဏာပီတိ ဆိုသည်ကား အဘယ်နည်း။

ဖရဏာပီတိ,ပန ဥပ္ပန္နာယ သကလသရီရံ ဖရိတွာ ပူရိတဝတ္ထိ

ဝိယ၊ မဟာတာ ဥဒကောဃေန ပက္ခိန္နပဗ္ဗတကုဋ္ဌိ,ဝိယစ အနုပရိ ယုဋ္ဌံ ဟောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လေဖြင့် ပြည့်သော သားရေအိတ်ကဲ့သို့ရင်း၊ အယည်တွေတွေ စီးသော ရေသို ပြေးဝင်သော တောင်ဗှမ်းကမ်းကဲ့သို့ရင်း၊ ကိုယ်အလုံးကို စိမ့်၍,နှံ့၍ တည်သော နှစ်သက်ခြင်းကို ဖရဏာပီတိ ဆိုသ်ဟု မှတ်ချမည်။ ။ဤအခြင်းအရာကို ဓမ္မသင်္ဂဏီ အဋ္ဌကထာ,ဝိသုဒ္ဓိမဂ် စသော ကျမ်းတို့၌ လာသည် မှတ်ရမည်။

၃၆၂။ ။နိယာမကား အဘယ်မျှ အပြား ရှိလေသနည်း။

ပဉ္စဝိဓံ ဟိ နိယာမံ။ဗီဇနိယာမံ,ဥတုနိယာမံ,ကမ္မနိယာမံ,ဓမ္မနိယာမံ,စိတ္တနိယာမန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဗီဇနိယာမ,ဥတုနိယာမ,ကမ္မနိယာမ,ဓမ္မနိယာမ,စိတ္တနိယာမ ဟူ၍ ငါးပါးအပြား ရှိသ်ဟု မှတ်ချမည်။

၃၆၃။ ။ထိုငါးပါးတို့တွင် ဗီဇနိယာမ ဆိုသ်ကား အဘယ်နည်း။

တတ္ထ ကုလတ္ထသ ဂန္ဓသ ဥတ္တရဂ္ဂဘာဝေါ၊ ဒက္ခိဏဝလ္လိယာ ဒက္ခိဏတော၊ ရုက္ခပရိဟရဏံ သူရိယဝတ္တပုပ္ဖါနံ သူရိယာဘိမုခဘာဝေါ၊မာလုဝါ လတာယ ရုက္ခာဘိမုခဂမနံ၊ နာဠိကေရသ မတ္ထကေ ဆိဒ္ဒဘာဝေါ တေသံ တေသံ ဗီဇာနံ ဖလဒါနံ ဗီဇနိယာမောနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကုလတ္ထမည်သော နွယ်ဖျို့ မြောက်သို့ အညွန့် ရှိသော အဖြစ်သ်ရင်း၊ သစ်ပင်၌ လက်ျာရစ် နွယ်လေ့ ရှိသော နွယ်တို့သ်သည်း လက်ျာရစ် နွယ်သော အားဖြင့်ရင်း၊ နေအရှဏ်သို့ လိုက်၍ ပွင့်သော ပန်းတို့သ် နေအရှဏ်သို့ ရှေ့ရှု ပွင့်သော အားဖြင့်ရင်း၊လေသို့ လိုက်သော နွယ်တို့သ် သစ်ပင်သို့ ရှေ့ရှု နွယ်သဖြင့်ရင်း၊အုန်းသီး၏ ထိပ်၌ အပေါက် ရှိသော အဖြစ်သ်ရင်း၊ ထိုထိုသော မျိုးစေ့တို့၏ အသီးကို ဖြစ်စေခြင်းသ် ဗီဇနိယာမအားဖြင့် ဖြစ်သည်ဟု မှတ်ရမည်။

၃၆၄။ ။ဥတုနိယာမ ဆိုသည်ကား အဘယ်နည်း။

တသ္မိံ တသ္မိံ သမယေ တေသံတေသံ ရုက္ခာနံ ဧကပဟာရေနေဝ ပုပ္ဖဖလပတ္တဂ္ဂဟဏံ ဥတုနိယာမော နာမ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုထိုသို့သော အခါ၌၊ ထိုထိုသို့သော ဥတုသို့ လိုက်၍၊ ထိုထိုသို့သော သစ်ပင်တို့၏ အစဉ်အတိုင်း မရှေး,မနှောင်း တပြိုင်နက်ဖြင့်လျှင် အခက်,အညွန့်,အသီး,အပွင့် ဖြစ်ခြင်းသည် ဥတုနိယာမအားဖြင့် ဖြစ်သည်ဟု မှတ်ရမည်၊

၃၆၅။ ။ကမ္မနိယာမ ဆိုသည်ကား အဘယ်နည်း။

တိဟေတုကကမ္မံ တိဟေတုက,ဒွိဟေတုကဝိပါကံ ဒေတိ။ ဒွိဟေတုကကမ္မံ ဒွိဟေတုကာဟေတုကဝိပါကံ ဒေတိ။တိဟေတုကံ နဒေတိ။ ဧဝံ တသ္မိံ တသ္မိံ ကမ္မေ တံတံ ဝိပါကဒါနံ ဧဝ ကမ္မနိယာမော နာမ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တိဟိတ်ကုသိုလ်ကံသည် တိဟိတ်ပဋိသန္ဓေ,ဒွိဟိတ်ပဋိသန္ဓေ ဟူသော အကျိုးကို ပေး၏။ဒွိဟိတ်ကုသိုလ်ကံသည် ဒွိဟိတ်ပဋိသန္ဓေ,အဟိတ်ပဋိသန္ဓေ ဟူသော အကျိုးကို ပေး၏။ တိဟိတ်ပဋိသန္ဓေကို မပေး၊ဤသို့လျှင် ထိုထိုသို့သော ကံ၏ ထိုထိုသို့သော ပဋိသန္ဓေကို မပေးခြင်းသည်လျှင် ကမ္မနိယာမ·ကံကြောင့် ဖြစ်သည်ဟု မှတ်ရမည်။

တနည်းလည်း၊— အပိစ ကုသလဿ ဣဋ္ဌဝိပါကဒါနံ အကုသလဿ အနိဋ္ဌဝိပါက ဒါနဉ္စ၊အယမ္ပိ ကမ္မနိယာမော နာမ။

ဟူ၍ လာသော ပါဠိနှင့်အညီ ကုသိုလ်ကံသည် ကောင်းသော ကုသိုလ်အကျိုးကို ပေး၏။ အကုသိုလ်ကံသည် မကောင်းသော အကုသိုလ်အကျိုးကို ပေး၏။ဤသို့ ပေးခြင်းသည် ကမ္မနိယာမ ကံကြောင့် ဖြစ်သည် မှတ်ရမည်၊

၃၆၆။ ။ကမ္မနိယာမအားဖြင့် ကံကြောင့် ဖြစ်သော အခြင်းအရာကို ထင်ရှားစွာ ဝတ္ထုသက်သေနှင့်တကွ အဘယ် ပုဒ်,ပါဠိ,ပါဋ္ဌိကို ထောက်၍ သိရအံ့နည်း၊

အပိစ ဗာဟိရာဏာသိနဂရေ ဧကော ကိရ သာမဏေရော ဥပ္ပဇ္ဇိ သဒ္ဓိံ ဘိက္ခူဟိတွာ ဥပ္ပန္နိတွာ မရိတုကာမာ၊ ရုက္ခပါသေ ဂိစံ ပဝေသေသိ။ အညတရော ပုရိသော ဝသိ၊ နိသဇ္ဇော တံ ဒိသွာ ရုက္ခံ ဆိန္ဒိတုကာ

မော မာဘာယတီတိ၊ တံ သမဿာသေန္တော ဥပဓာတိ။ ရဇ္ဇုံ အာသိဝိသော ဟုတွာ အဍ္ဍာသိ၊ သော ဘီတော ပလာယိတိ။ ဇုဂုစ္ဆိယာ တတ္ထေဝ မတာ။

ဤသို့ ကျမ်းဂန် လာသော့ငြော် သိရဖွယ်။ ဗာရာဏသီပြည်၌ တယော်သော မိန်းမသည် လင်နှင့် အခြင်းများသဖြင့်၊ စိတ်နှလုံး မချမ်းသာသော့ငြော်၊ သေအံ့သောငှာ လည်၌ ကြိုး ထည့်၍ သစ်ပင်၌ တွဲလျား ရှိစဉ် ခဏ၌၊ ယောကျ်ားတယောက်သည် မြင်လေ၍၊ ကြိုးကို ဓားဖြင့် ဖြတ်အံ့သောငှါ ချဉ်းလေသို့ ရှိသော်၊ လည်၌ တည်သော ကြိုးပင် မြွေ ဖြစ်၍၊ ထိုယောကျ်ားသည် ဖြတ်အံ့သောငှာ မစုံသော့ငြော် ပြေးလေ၏။ ထိုမိန်းမသည်လည်း ထိုအရပ်၌ပင် သေခြင်းသို့ ရောက်လေသည်။ ဤသို့လျှင် ကံနှင့် ငြားသည်ကို တားမြစ်အံ့သောငှာ မတတ်နိုင်။ ဤသို့ ဖြစ်ခြင်းတို့သည် ကမ္မနိယာမ,ကံကြောင့် ဖြစ်သည်ဟု မှတ်ရမည်၊

၃၆၇။ ။ဓမ္မနိယာမ ဆိုသည်ကား အဘာယ်နည်း။

ဗောဓိသတ္တာနံ ပဋိသန္ဓိဂဟဏကာဒိသု ဒသသဟဿစက္ကဝါဠကမ္ပနံ ဓမ္မနိယာမောနာမ။

ဤသို့ ကျမ်းဂန် လာသော့ငြော်၊ ဘုရားသခင်အလောင်းတော်တို့အား ပဋိသန္ဓေ နေတော်မူသော အခါ စသည်တို့၌ တသောင်းသော စကြဝဠာ,လောကဓာတ်အသုံး တုန်လှုပ်ခြင်းသည် ဓမ္မနိယာမ အားဖြင့် ဖြစ်သည်ဟု မှတ်ရမည်။

၃၆၈။ ။စိတ္တနိယာမ ဆိုသည်ကား အဘာယ်နည်း။

အာရမ္မဏေ,ပန ပသာဒေ ဃဋ္ဋိတေ တွံ အာဝဇ္ဇနံနာမ ဟောဟိ။ တွံ စက္ခုဝိညာဏံနာမ ဟောဟိ။ တွံ သမ္ပဋိစ္ဆန္နံနာမ ဟောဟိ။ တွံ သန္တီရဏံနာမ ဟောဟိ။ တွံ ဝုဋ္ဌောနာမ ဟောဟိ။ တွံ ဇဝနံနာမ ဟောဟိတိ။ ကောစိ ကတ္တာ ကာရေတာ ဝါ နတ္ထိ။ အတ္တနော,ပန ဓမ္မတာယ အာရမ္မဏေန ပသာဒဃဋ္ဋိတကာလတော ပဋ္ဌာယ အာဝဇ္ဇနာဒီနံ ဥပ္ပတ္တိ။ အယံ စိတ္တနိယာမော နာမ။

ဤသို့ ကျမ်းဂန်လာသော့ငြော်၊ အာရုံနှင့် ပသာဒရုပ်သို့ ထိကြလတ်သော်၊ သင်သည် အာဝဇ္ဇန်း မည်သို့ ဖြစ်လော။ သင်သို့ ပဉ္စဝိညာဏ်

မည်သည် ဖြစ်လော။ သင်သို သမ္ဗုဒ္ဓိနတ္ထိုင်း မည်သည် ဖြစ်လော။ သင်သည် သန္တိရက မည်သည် ဖြစ်လော။ သင်သို ဝဇ္ဇော မည်သည် ဖြစ်လော၊ သင်သို ဇော မည်သည် ဖြစ်လော။ ဤသို့လျှင် တရံတယောံ ပြုအပ်သော သုသ်ရင်း၊ ပြုစေတတ်သော သုသည်ရင်း မရှိ။ မိမိတို့ သဘောအားဖြင့်သာလျှင် အာရုံနှင့် ပသာဒရုပ် ထိပါးသော အခါမှ စ၍ အာဝဇ္ဇန်း,အစ ရှိကုန်သော စိတ္တုပ္ပါဒ်တို့၏ ဖြစ်ခြင်းသည် စိတ္တနိယာမ အားဖြင့် ဖြစ်သည်ဟု မှတ်ရမည်။ ။ဤ အခြင်းအရာကို ခမ္မသင်္ဂဏီ အဋ္ဌကထာ, ဒွိယနိကာယ် သမ္ဗုဒ္ဓါနုသုတ်အဖွင့် စသော ကျမ်းတို့၌ လာသည်။

၃၆၉။ ။ဒန်ပူ မစားခြင်း၌ အပြစ်ငါ:ပါး ဆိုသည်ကား အဘယ်နည်း။

ပဥ္စိမေ ဘိက္ခဝေ အာဒိနဝါ ဒန္တကဋ္ဌဿ အခါဒနေ။ စက္ခုဿ အဟိတံ၊ မုခံ ဒုဂန္ဓံ ဟောတိ။ ရသဟရဏိယော န ဝိသုဇ္ဈန္တိ။ ပိတ္တံ, သေမှံ,ဘတ္တံ,ပရိယော နဒ္ဓတိ။ ဘတ္တမဿ နစ္ဆာဒေတိ၊ ဣမေခေါ ဘိက္ခဝေ ပဥ္စအာဒိနဝါ ဒန္တကဋ္ဌဿ အခါဒနေ။

ဤသို့ ဘုရားသခင် ဟောတော်မူသည်။ ချစ်သား,ရဟန်းများတို့၊ ဒန်ပူ မစားခြင်း၌အပြစ်တို့သည်ကား ၅ပါးတည်း။ ၅ပါး ဟူသော်ကား၊

၁။ မျက်စိ၏ အစီးအပွား မရှိ။
၂။ ခံတွင်းသည်လည်း မကောင်းသော အနံ့ ရှိသည် ဖြစ်၏။
၃။ အရသာကို ဆောင်ခြင်းတို့သည်လည်း မစင်ကြယ်ကုန်။
၄။ သည်းခြေသည်ရင်း,သလိပ်သည်ရင်း ကိုယ်ကို မွေးရှက်၏။
၅။ စားသော အစာသည် ထို ဒန်ပူ မစားသော သူအား မနှစ်သက်စေနိုင်။

ချစ်သား,ရဟန်းများတို့၊ ဒန်ပူ မစားခြင်း၌ ဤငါ:ပါးသော အပြစ်တို့တည်းဟု တပည့်သင်္ဃာတော်တို့အား ဘုရားသခင် ဟောတော်မူသည်ဟု မှတ်ရမည်။

၃၇၀။ ဒန်ပူ စားခြင်း၌ အကျိုးငါ:ပါးကို အဘယ်သို့ ဟောတော်မူလေသနည်း။

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ဒန္တကဋ္ဌဿ ခါဒနေ စက္ခုဿံ ဟိတံ၊ မုခံ သုဂန္ဓံ ဟောတိ။ ရသာဟရဏိယော ဝိသုဇ္ဈန္တိ။ ပိတ္တံ, သေမှံ,ဂတ္တံ,ပရိယော နဒ္ဓတိ။ဘတ္တမဿ အစ္ဆာဒေတိ။ဣမေခေါ ဘိက္ခဝေ ပဉ္စအာနိသံသာ ဒန္တကဋ္ဌဿ ခါဒနေ။

ဤသို့ ဘုရားသခင် ဟောတော်မူသည်။ ရဟန်းများတို့၊ဒန်ပူ စားခြင်းတို့၌ အကျိုးတို့သည်ကား ငါးပါးတည်း။ငါးပါး ဟူသော်ကား၊—

၁၊ မျက်စိအမြင် သန့်ရှင်း,စင်ကြယ်သည် ဖြစ်၏။

၂။ ခံတွင်းသည်လည်း ကောင်းသော အနံ့ ရှိသည် ဖြစ်၏။

၃။ အရသာတို့ကို ဆောင်ခြင်းတို့သည် စင်ကြယ်ကုန်၏။

၄။ သည်းခြေသည်ရင်း,သလိပ်သည်ရင်း ကိုယ်ကို မဖွေးမရှက်သည် ဖြစ်၏။

၅၊ စားသော အစာသည် ဒန်ပူ စားသော သူအား နှစ်သက်စေ၏။

ချစ်သား,ရဟန်းတို့၊ ဒန်ပူ စားခြင်း၌ အကျိုးတို့သည်ကား ဤငါးပါးတို့တည်းဟု ဒန်ပူ စားခြင်း၏ အကျိုးငါးပါးကို တပည့်သံဃာတော်တို့အား ဘုရားသခင် ဟောတော်မူသည်ဟု မှတ်ရမည်။ ။ဤ အခြင်းအရာကို ဝိနယ၌ ဟောတော်မူသည်။

၃၇၁။ ။မီးလှုံခြင်း၌ အပြစ်ကို ဘုရားသခင် အဘယ်သို့ ဟောတော်မူလေသနည်း။

ပဉ္စိမေ ဘိက္ခဝေ အာဒိနဝါ အဂ္ဂိသ္မိံ။ကတမေ ပဉ္စ။အစက္ခုဿော၊ ဒုဗ္ဗဏ္ဏကရဏော၊ဗလဟာယနော၊သံဂဏိကာ ပဝဍ္ဍနော၊ တိရစ္ဆာနဂတာ ပဝတ္တနိ ဟောတိ။ဣမေခေါ ဘိက္ခဝေ ပဉ္စအာဒိနဝါ အဂ္ဂိသ္မိံ။

ဤသို့ ဟောတော်မူသည်။ချစ်သား,ရဟန်းများတို့၊ မီးလှုံခြင်း၌ အပြစ်တို့သည်ကား ငါးပါးတည်း။ ငါးပါး ဟူသည်ကား၊—မျက်စိ အမြင် နည်းခြင်းရင်း၊ အဆင်း ဖောက်ပြန်ခြင်းရင်း၊ အားနည်းခြင်းကို ပြုခြင်းရင်း၊အပေါင်းအဖော်ကို ပွားစေခြင်းရင်း၊ မဂ်,ဖိုလ်မှ ဖီသော ဖြစ်သော စကားကို ဖြစ်စေခြင်းရင်း၊ချစ်သားရဟန်းများတို့၊မီးလှုံခြင်း၌ အပြစ်တို့သည်ကား ဤငါးပါးတို့ ဟူ၍ တပည့်သံဃာတော်တို့အား ဘုရားသခင် ဟောတော်မူသည်ဟု မှတ်ရမည်။ ။ရင်း၌ ဟောတော်မူသို့။

၃၇၂။ ။သည်းမခံခြင်း၌ အပြစ်ငါးပါးကို ဘုရားသခင် အဘယ်သို့ ဟောတော်မူလေသနည်း။

ပဉ္စိမေဘိက္ခဝေ အာဒီနဝါ အခန္တိယာ။ ကတမေ ပဉ္စ။ ဗဟုဇနဿ အပိယော ဟောတိ အမနာပေါ။ ဝေရဗဟုလော စ ဟောတိ၊ ဝဇ္ဇဗဟုလော စ၊ သမ္မူဠှောကာလံ ကရောတိ။ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိ ဝိနိပါတံ နိရယံ ဥပ္ပဇ္ဇတိ။ ဣမေခေါ ဘိက္ခဝေ ပဉ္စ အာဒီနဝါ အခန္တိယာ။

ဤသို့ ဟောတော်မူသည်။ ချစ်သား,ရဟန်းများတို့၊ သည်းမခံနိုင်သော သူ၌ အပြစ်တို့သည်ကား ငါးပါးတည်း။ ငါးပါး ဟူသည်ကား အဘယ်နည်း၊—

၁။ များစွာသော သူတို့သည် မချစ်,မနှစ်လိုသည်သာ ဖြစ်၏။
၂။ ရန်ပွားများသည်သာ ဖြစ်၏။
၃။ အပြစ် များသည်သာ ဖြစ်၏။
၄။ တွေဝေလျက် သေရသည်သာ ဖြစ်၏။
၅။ ကိုယ်ခန္ဓာ ပျက်သို့မှ ရတ်စိတ်၏ အဆုံး၊ ချမ်းသာကင်းသော မကောင်းသော သူတို့၏ ကျရာ ဖြစ်သော ငရဲ၌ ခံရသည်သာ ဖြစ်၏။

ချစ်သား,ရဟန်းများတို့၊ သည်းမခံခြင်း၌ အပြစ်တို့သည်ကား ငါးပါးတည်းဟု တပည့်သံဃာတော်တို့အား ဟောတော်မူသည်ဟု မှတ်ရမည်။

၃၇၃။ ။သည်းခံခြင်း အကျိုးငါးပါးကို ဘုရားသခင် အဘယ်သို့ ဟောတော်မူသနည်း။

ပဉ္စိမေ ဘိက္ခဝေ အာနိသံသာ ခန္တိယာ။ ကတမေ ပဉ္စ။ ဗဟုဇနဿ ပိယော ဟောတိ မနာပေါ၊ န ဝေရဗဟုလော ဟောတိ။ န ဝဇ္ဇဗဟုလော၊ အသမ္မူဠှောကာလံ ကရောတိ။ ကာယဿ ဘေဒါ ပရမ္မရဏာ သုဂတိ သဂ္ဂံ လောကံ ဥပ္ပဇ္ဇတိ။ ဣမေခေါ ဘိက္ခဝေ ပဉ္စ အာနိသံသာ ခန္တိယာ။

ဤသို့ ဟောတော်မူသည်နှင့် အညီ၊ ချစ်သား,ရဟန်းများတို့၊ သည်းခံခြင်း အကျိုးတို့သည်ကား ငါးပါးတို့တည်း။ ငါးပါး ဟူသည်ကား အဘယ်နည်း။—

၁။ များစွာသော လူတို့သည် ချစ်နှစ်လိုသည်သာ ဖြစ်၍၊
၂၊ ရန်မရှိသည်သာ ဖြစ်၍၊
၃၊ အပြစ်မရှိသည်သာ ဖြစ်၍။
၄။ မတွေဝေသည်သာ ဖြစ်၍၊ချမ်းသာစွာ သေရ၍။
၅၊ ကိုယ်ခန္ဓာ ပျက်သို့မှ ရတိစိတ်၍ အဆုံး၌ ကောင်းသော သုတိ၍ လားရာ ဖြစ်သော လူပြည်,နတ်ပြည်သို့ ချမ်းသာစွာ ဖြစ်၍။

ချစ်သား၊ ရဟန်းများတို့။ သည်းခံခြင်း၌ ဤငါးပါးသော အကျိုးတို့ တည်းဟု တပည့်သံဃာတော်တို့အား ဟောတော်မူသည်ဟု မှတ်ရမည်။

၃၇၄၊ မြဲအပ်သော ခင်ပွန်းကောင်း အပြား ခုနစ်ပါးကို ဘုရားသခင် အဘယ်သို့ ဟောတော်မူသနည်း။

သတ္တဟိ ဘိက္ခဝေ သမန္နာဂတော မိတ္တော သေဝိတဗ္ဗော၊ ကတမေဟိ သတ္တဟိ၊ဒုဒ္ဒဒံ ဒဒါတိ၊ဒုက္ကရံ ကရောတိ။ဒုက္ခမံ ခမတိ။ ဂုယှမဿ အာဝိကရောတိ။ဂုယှမဿ ပရိဂုဟတိ။အာပဒါသု န ဝိဇဟတိ၊ ခီဏေန နာတိမညတိ။ ဣမေဟိ ဘိက္ခဝေ သတ္တဟင်္ဂေဟိ သမန္နာဂတော မိတ္တော သေဝိတဗ္ဗော။

ဤသို့ ဟောတော်မူသည်။ ချစ်သား၊ရဟန်းများတို့၊ ခုနစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော အဆွေခင်ပွန်းကောင်းကို မြဲအပ်၏၊ ခုနစ်ပါး ဟူသည်ကား အဘယ်နည်း။—

၁။ ပေးခဲစွာသော ဝတ္ထုကို ပေး၏၊
၂။ ပြုခဲစွာသော အမှုကို ပြု၏။
၃။ သည်းခံနိုင်ခဲသော အမှုကို သည်းခံ၏။
၄၊ ကွယ်ဝှက်အပ်သော အမှုကို ထိုသူအား ထင်ရှား ပြု၏။
၅။ ကွယ်ဝှက်အပ်သော အမှုကို အလွန် ကွယ်ဝှက်၏၊
၆။ ဘေးခုန်ရှိသော အခါ၌ မစွန့်၊
၇။ ဥစ္စာကုန်သဖြင့် မထီမဲ့မြင် မပြု။

ချစ်သား၊ရဟန်းများတို့၊စင်စစ်လျှင် ဤခုနစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ခင်ပွန်းကောင်းကို မြဲအပ်သည်ဟု တပည့်သံဃာတို့အား ဘုရား

သခင် ဟောတော်မူသည်ဟု မှတ်ရမည်။ ။ဆိုအပ်ခဲ့ပြီးသော အခြင်းအရာကို အင်္ဂုတ္တရသုတ် အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၃၇၅။ ။အားရှစ်ပါးကို ဘုရားသခင် အဘယ်သို့ ဟောတော်မူသနည်း၊

အဋ္ဌိမာနိ ဘိက္ခဝေ ဗလာနိ။ ကတမာနိ ဘိက္ခဝေ အဋ္ဌ။ ရောဒနဗလ ဒါရကာ၊ ကောဓ ဗလာ မာတုဂါမာ၊ အာဝုဓ ဗလာ စောရာ၊ ဣဿရိယ ဗလာ ရာဇာနော။ ဥဇ္ဈတ္တိ ဗလာ ဗာလာ၊ အနိဇ္ဈတ္တိ ဗလာ ပဏ္ဍိတာ၊ ပဋိသင်္ခါန ဗလာ ဗဟုဿုတာ၊ ခန္တိ ဗလာ သမဏဗြာဟ္မဏာ၊ ဣမာနိခေါ ဘိက္ခဝေ အဋ္ဌဗလာနိ။

ဤသို့ ဟောတော်မူသည်။ ။ချစ်သား,ရဟန်းများတို့၊ အားသည်ကား ရှစ်ပါးတည်း။ ရှစ်ပါး ဟူသည်ကား အဘယ်နည်း။—

၁။ သူငယ်တို့ အားကား ငိုခြင်း။

၂။ မိန်းမတို့ အားကား အမျက် ထွက်ခြင်း။

၃။ ခိုးသူတို့ အားကား လက်နက်။

၄။ မင်းတို့၏ အားကား အစိုးရခြင်း။

၅။ သူမိုက်တို့ အားကား ပြစ်မှု,ချုတ်ချယ်ခြင်း။

၆။ ပညာရှိတို့ အားကား အလို နည်းခြင်း၊

၇။ အကြား,အမြင်များသော သူ၏ အားကား ဆင်ခြင်ခြင်း၊

၈။ ရဟန်းပုဏ္ဏားတို့ အားကား သည်းခံခြင်း။

ချစ်သား,ရဟန်းများတို့၊အား အပြားကား ရှစ်ပါးတည်းဟု တပည့်သဃာတော်တို့အား ဟောတောင်မူသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို အင်္ဂုတ္တရနိကာယ်အဋ္ဌကထာ၌ လာသည်။

ဤသို့ ကျမ်းဂန် လာသည်နှင့် အညီ၊ပါရမီခန်း၌၊—

ပရမ်တပြော်၊ခန္တီကျော်သား၊သူတော်အကျင့်၊အားရှစ်ဆင့်ကို၊ ငါနှင့်ကြံမ်မှ၊ကိုယ်စွန့်(စွမ်း)ရ၍၊သံထကြွားကြွား၊ဉာဏ်ဖြင့်ထွားလျက်၊ သုံးပါး ဝဋ်ကမ်း၊ ဤချောက်ခမ်း(ကမ်း)က၊သာချမ်း မြေပိုင်၊ချုံပြီးနိုင်သား၊ ဆွယ်ပြိုင် မရှိ၊ အသီတိစင်၊ ထေရ်

ကြီး၅ှင်တို့၊နား၀င် ရိုးတိ(ထိ)၊ မကြာမီလည်း၊ ခံချို မေးမြန်း၊ငါ့
နှယ် ထွန်းသို့၊ ၊ကျယ်ဝန်း ပညာ၊ သာရိပုတ္တရာ။

ဟူ၍ အရှင်မဟာသီလဝံသ အကျော် စပ်တော်မူလေသည်။

၃၇၆။ ။အလျင် အောက်က ဆိုခဲ့ပြီးသော အန္တရဓာန်,ကွယ်ခြင်း ငါးပါးတို့တွင် မဂ်,ဖိုလ်,အစ ရှိသော တရားတို့၏ ကွယ်ခြင်းကို နည်း တပါးဖြင့် အဘယ်သို့ သိရအံ့နည်း။

ပဋိသမ္ဘိဒါပတ္တေဟိ ဝဿသဟဿံ၊ သုက္ခဝိပဿကေဟိ ဝဿ သဟဿံ၊ အနာဂါမီဟိ ဝဿသဟဿံ၊ သကဒါဂါမီဟိ ဝဿသ ဟဿံ၊သောတာပန္နေဟိ ဝဿသဟဿန္တိ၊ဧဝံ ပဉ္စဝဿ သဟဿာနိ ပဋိဝေဓ သဒ္ဓမ္မော ဌဿတီတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပဋိသမ္ဘိဒါသို့ ရောက်ကုန်သော ရဟန္တာအရှင်မြတ်တို့သည် အနှစ်တထောင်ပတ်သုံး တည်တော်မူကုန် ၏။သုက္ခဝိပဿက ရဟန္တာအရှင်မြတ်တို့သည် အနှစ်တထောင်ပတ်လုံး တည်တော်မူကုန်၏၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည် အနှစ်တထောင်ပတ်သုံး တည်တော်မူကုန်၏။ သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် အနှစ်တထောင်ပတ် လုံး တည်တော်မူကုန်၏။ သောတာပန်ပုဂ္ဂိုလ်တို့သည် အနှစ်တထောင် ပတ်သုံး တည်တော်မူကုန်၏။ဤသို့အားဖြင့် သာသနာတော်ငါးထောင် ပတ်သုံး မဂ်,ဖိုလ်တည်း ဟူသော သူတော်ကောင်းတို့၏ တရား တည် အံ့သော အကြောင်း,ခေတ် ဖြစ်သည်ဟု မှတ်ရမည်။

အဓိပ္ပါယ်ကား။ ပဋိသမ္ဘိဒါနှင့် ပြည့်စုံသော ရဟန္တာခေတ် တ ထောင်၊ သုက္ခဝိပဿကရဟန္တာခေတ် နှစ်ထောင်၊ အနာဂါမ်ခေတ် သုံးထောင်၊ သကဒါဂါမ်ခေတ် လေးထောင်၊ သောတာပန်ခေတ် ငါး ထောင် တည်သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို ဝိနည်းပိဋ ကတ် ဘိက္ခုနီခန္ဓကအဋ္ဌကထာ၌ လာသည်။

၃၇၇။ ။ဘုရားသခင် သာသနာတော်သည် အဘယ်မျှ အပြား ရှိသနည်း။

တိဝိဓော ဟောတိ။ပရိယတ္တိ ဓမ္မော,ပဋိပတ္တိ ဓမ္မော,ပဋိဝေဓ ဓမ္မော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပရိယတ္တိသာသနာတော်၊ ပဋိပတ္တိသာသနာတော်၊ ပဋိဝေဓသာသနာတော် ဟူ၍ သုံးပါး အပြားရှိသည်ဟု မှတ်ရမည်။

၃၁၈။ ။ထို သုံးပါးတို့တွင် ပရိယတ္တိသာသနာတော် ဆိုသည်ကား အဘယ်နည်း။

တေပိဋကံ ဗုဒ္ဓဝစနံ ပရိယတ္တိ သာသနံ နာမ။ သင်္ဂဟိတံ တိပိဋကံ ဗုဒ္ဓဝစနံ ပရိယတ္တိ သာသနံ နာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝိနည်း ငါးကျမ်း၊ သုတ် သုံးကျမ်း၊ အဘိဓမ္မာ ခုနစ်ကျမ်း၊ ဤ ပိဋကတ်သုံးပုံဖြင့် ရေတွက်အပ်သော အလုံးစုံသော ဘုရားသခင့် စကားတော်သည် ပရိယတ္တိသာသနာ မည်သည်ဟု မှတ်ရမည်။

၃၁၉။ ။ပဋိပတ္တိသာသနာတော်ဆိုသည်ကား အဘယ်နည်း။

တေရသဓုတင်္ဂစုဒ္ဒသခန္ဓကဝတ္တဒွေအသီတိမဟာဝတ္တဘေဒံ သီလ, သမာဓိ,ဝိပဿနာတိ။ အယံ ပဋိပတ္တိ သာသနံ နာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဓုတင် ၁၃ပါး၊ ခန္ဓကဝတ် ၁၄ပါး၊ ဝတ်ကြီး ၈၀၊ သီလ,သမာဓိ,ဝိပဿနာ၊ ဤတရားတို့သည် ပဋိပတ္တိသာသနာတော် မည်သည်ဟု မှတ်ရမည်။

၃၂၀။ ။ပဋိဝေဓသာသနာတော်ဆိုသည်ကား အဘယ်နည်း။

မဂ္ဂဖလနိဗ္ဗာနဘေဒေန နဝ လောကုတ္တရဓမ္မော အဓိဂမ သာသနံ နာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်၊ ဤကိုးပါးသော လောကုတ္တရာတရားတော်သည် ပဋိဝေဓသာသနာတော်မည်သည်ဟု မှတ်ရမည်။ ။ဤအကြောင်းအရာကို ဝိနည်းပိဋကတ်ပဒသောဓန္နဆိက္ခာပုဒ်အဖွင့်၌ လာသည်။

၃၂၁။ ။သင်္ဂါယနာသုံးတန် ဆိုသည်ကား အဘယ်နည်း။

သင်္ဂီတိဒွယမာနာရုဠှာ ဧတ္ထ၊ တိဿော ဟိ သင်္ဂီတိယော၊ ပဉ္စသတိကာ သတ္တသတိကာ သဟဿိကာတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပဉ္စသတိကာတည်း ဟူသော ပဌမသင်္ဂါယနာ၊ သတ္တသတိကာတည်း ဟူသော ဒုတိယသင်္ဂါယနာ၊ သ

ဟာသိကတည်း ဟူသော တတိယသင်္ဂါယနာ ဟူ၍၊သုံးပါး အပြား ရှိသည်ဟု မှတ်ရမည်။

၃၀၂။ ။ထိုသုံးပါးတို့တွင် ပဉ္စသတိကတည်း ဟူသော ပဌမ သင်္ဂါယနာ ဆိုသည်ကား အဘယ်နည်း။

တဿ ဘဂဝတော ပရိနိဗ္ဗာနဿ စတုတ္ထ မာသေ ရာဇဂဟေ ဝေဘာရပဗ္ဗတပဿေ သတ္တပဏ္ဏိဂုဟာဒွါရေ ရညာ အဇာတသတ္တုနာ ကာရိတေ ဒေဝဝိမာန-သဒိသေ မဏ္ဍပေ နိသိန္နာ မဟာကဿပ ထေရ-ပမုခါ ပဉ္စသတာ အရဟန္တော သန္နိပတိတွာ စိရဋ္ဌိတိယာ သတ္တဟိ မာသေဟိ ပဌမ မဟာသင်္ဂီတိံ နိဋ္ဌာပေသုံ။ အယံ ပဉ္စသတိကာ နာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဘုရားသခင်သည် သာသနာတော် ရှေးလျှော်အံ့သော အကြောင်း မကောင်းသော အကျင့်အာစာရ,အာ ယုဝါဒ ရှိကုန်သော၊ သုဘဒ္ဒရှင်ကြီး,အစ ရှိကုန်သော၊ များစွာသော တိတ္ထိတဏှာဘွန်းတို့အား နှိပ်နင်း,ဖျက်ဆီးတော်မူသည် ဖြစ်၍၊ ဘုရား သခင် ပရိနိဗ္ဗာန် ပြုတော်မူသည်မှ လေးလမြောက်သော ဝါခေါင်လ ပြည့်အထွက်,၁ ရက်နေ့မှ စ၍၊ တပေါင်းလပြည့်တိုင် ရာဇဂြိုဟ်ပြည်၏ အနီး,ဝေဘာရတောင် နံပါး ဖြစ်သော၊ စရည်းပင် ရောက်သော လိုဏ်ဂူ၏ အဝ၌ အဇာတသတ်မင်းသည် ပြုပြင်,စီရင်အပ်သော၊ နတ်ဗိမာန် ကဲ့သို့ ရတနာဖြင့် ပြီးသော မဏ္ဍာပ်ကြီး၌ မဟာကဿပ,အမှူး ရှိ သော ပဋိသမ္ဘိဒါလေးပါး,အဘိညာဉ်ခြောက်ပါး, သမာပတ်ရှစ်ပါး နှင့် ပြည့်စုံတော်မူကုန်သော၊ ငါးရာသော အရှင်မြတ်တို့သည် စည်းဝေး ကုန်လျက်၊သူတော်ကောင်းတရားတည်း ဟူသော ပိဋကတ်သုံးပုံကို မြင့်ရှည်စွာ တည်ပိမ့်သောငှါ အလိုရှိတော်မူကုန်သည် ဖြစ်၍၊ ခုနစ် လတို့ဖြင့် ရှေးဦးစွာ ပေါင်းရုံး,ညီညွတ်၍ ဖတ်ရွတ်,သရဇ္ဈာယ်ခြင်းကို ပြီးတော်မူစေခြင်းသည် ပဌမသင်္ဂါယနာ မည်သည်ဟု မှတ်ရမည်၊

၃၀၃။ ။သတ္တသတိကတည်း ဟူသော ဒုတိယသင်္ဂါယနာ ဆို သည်ကား အဘယ်နည်း။

အထ ဝဿသတ ပရိနိဗ္ဗုတေ ဘဂဝတိ လောကနာထေ ဝေသာ လိကေဟိ ဒသသဟဿေဟိ ပါပဘိက္ခူဟိ ဥဒ္ဒီပိတံ၊ သဗ္ဗ

သာသနမူလံ ဝိသောဓေတွာ ယသထေရပ္ပမုခါ သတ္တသတာ အရဟန္တော ကာဠာသောကေန နရိန္ဒေန ရက္ခိတာ၊ ဝေသာလိယံ ဝါလိကာရာမေ နိသိန္နာ အဋ္ဌာဟိ မာသေဟိ အာသဠ္ဌအာဒိစ ဘရဂ္ဂုတ္တိကာ သာစ ဒုတိယသံဂိတိ နိဋ္ဌာပေသုံ။အယံ သတ္တသတိကာနာမ။

ဤသို့ ကျမ်းဂန် လာသဖြင့်၊ပဌမသင်္ဂါယနာ တင်ပြီးသည့်နောင်၊ လူသုံးပါးတို့၏ ကိုးကွယ်ရာ ဖြစ်သော ဘုရားသခင်သည် ပရိနိဗ္ဗာန် ပြုတော်မူ၍ အနှစ်တရာ တိုင်လတ်သော်၊ ဝေသာလီပြည်၌ နေကုန်သော၊ တသောင်းမျှလောက်သော အရေအတွက် ရှိကုန်သော ပါပရဟန်းတို့သည် ဖြစ်စေအပ်သော သာသနာတော်၏ အညစ်အကြေး ကို သုတ်သင်ဆေးကြောတော်မူလိုသည် ဖြစ်၍၊ အရှင်မဟာယသ အမှူး ရှိသော ပဋိသမ္ဘိဒါလေးပါး၊အဘိညာဉ်ခြောက်ပါး၊သမာပတ် ရှစ်ပါးနှင့် ပြည့်စုံတော်မူကုန်သော၊ခုနစ်ရာသော ရဟန္တာအရှင်မြတ် တို့သည် ကာဠာသောကမင်းကို အမှီပြု၍၊ ဝေသာလီပြည်၊ဝါလိကာ ရာမကျောင်းကြီး၌ စည်းဝေးတော်မူကုန်လျက်၊ဝါဆိုလပြည့်အဘွက်၊ တရက်နေ့မှ စ၍ တပေါင်းလပြည့်နေ့တိုင် ရှစ်လတွင် အာဂုံသရဇ္ဈာယ် တော်မူကုန်၍၊ရှစ်လတို့ဖြင့် ပြီးစေခြင်းသည် ဒုတိယသင်္ဂါယနာမည် သည်ဟု မှတ်ရမည်။

၃၇၄။ ။သဟဿိကတည်း ဟူသော တတိယသင်္ဂါယနာ ဆိုသည် ကား အဘယ်နည်း။

တတော တထာဂတဿ ပရိနိဗ္ဗာနတော ဒွိန္နံ ဝဿသတာနံ ဥပရိ ဆတ္တိံသတိမေ ဝဿေ သကလဇမ္ဗုဒီပေ ဧကရဇ္ဇာနုဘာဝေန မဟာနုဘာဝေန ဓမ္မာသောကနရပတိနာ ဒိဝသေ ဒိဝသေ ပဋ္ဌသတ သဟဿာ ပရိစ္စာဂေန ဗုဒ္ဓသာသနေ ပဝတ္တိတံ ဥဠာရံ လာဘသက္ကာရံ။လာဘသက္ကာရေ ပတ္ထယမာနေဟိ သမ္ဘိသဟာဿဓဇ္ဇေဟိ တိတ္ထိယေဟိ သာသနေ ပဗ္ဗဇိတွာ။သကာနိ သကာနိ ဒိဋ္ဌိဂတာနိ အယံဓမ္မော၊ အယံ ဝိနယောတိ ဒိပေန္တေဟိ ဥပ္ပါဒိတံ သဗ္ဗသာသနမူလံ ဝိသောဓေတွာ မောဂ္ဂလိပုတ္တတိဿတ္ထေရပ္ပမုခါ သဟဿမတ္တာ အရဟန္တော ပါဋလိပုတ္တနဂရေ အသောကာရာမေ သန္နိသိန္နာ ဓမ္မာသောကနရ

ပတိနာ ရက္ခာဂတာ နဝဟိ မာသေဟိ တတိယသံဂီတိ-နိဋ္ဌာပေသုံ။ အယံ သဟဿိကာနာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဒုတိယသင်္ဂါယနာ တင်ပြီးသည့်နောက်၊ ဘုရားသခင် ပရိနိဗ္ဗာန်စံလွန်သည်မှ အနှစ် နှစ်ရာ့နှစ်ဆယ့်ခြောက်နှစ် မြောက်သော အခါ၊အလုံးစုံသော ဇမ္ဗူဒိပါတကျွန်းလုံးကို အစိုးရသော သိရိဓမ္မာသောကမင်းကြီးသည် နေ့တိုင်း,နေ့တိုင်း ငါးသိန်း, ငါးသိန်းသော ဥစ္စာဘို့ကို စွန့်၍၊ ဘုရားသခင့် သာသနာတော်၌ ပူဇော်အပ်သော လာဘသက္ကာရကို တောင့်တ၍ ရဟန်း ပြုကုန်သော ခြောက်သောင်းသော တိတ္ထိတို့သည် မိမိတို့၏ မှားသော အယူကို ယူကုန်သည်ဖြစ်၍ မဟုတ်,မမှန် ဤသို့ကား သုတ်အဘိဓမ္မာတည်း။ ဤသည်ကား ဝိနည်းတရားတည်းဟု ပြအပ်သော တိတ္ထိတို့၏ အလုံးစုံသော သာသနာတော်၏ အညစ်,အကြေးကို ဆေးကြော,သုတ်သင်စေခြင်းငှာ၊အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်,အမှူး ရှိသော ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ်ခြောက်ပါး,သမာပတ်ရှစ်ပါးနှင့် ပြည့်စုံတော်မူကုန်သော တထောင်သော ရဟန္တာအရှင်မြတ်တို့သည် ပါဋလိပုတ်ပြည်၌ သိရိဓမ္မာသောကမင်းကို အမှီပြု၍၊ အသောကာရာမကျောင်းကြီး၌ အညီအညွတ် စည်းဝေးတော်မူကုန်လျက်၊သိတင်းကျွတ်လပြည့်အထွက် တရက်နေ့မှ စ၍၊ဝါဆိုလပြည့်နေ့တိုင် ကိုးလပတ်လုံး ပိဋကတ်သုံးပုံ တည်း ဟူသော ဘုရားသခင့် အမိန့်တော်ကို နှုတ်တွင် အာဂုံ အညီအညွတ် ရွတ်ဖတ်,သရဇ္ဈာယ်၍၊ကိုးလတ်ဖြင့် ပြီးစေခြင်းသည် တတိယသင်္ဂါယနာတင်သည်ဟု မှတ်ရမည်။

ဤအလုံးစုံသော ဘုရားသခင့် စကားတော်သည် အရဟတ္တဖိုလ်, နိဗ္ဗာန် ဟူ၍ ဝိမုတ္တိရသအားဖြင့် တပါး၊ဓမ္မ,ဝိနယအားဖြင့် ၂ပါး၊ပဌမဗုဒ္ဓဝစန,မဇ္ဈိမဗုဒ္ဓဝစန,ပစ္ဆိမဗုဒ္ဓဝစန အားဖြင့် သုံးပါး၊ ဝိနည်းပိဋကတ်,သုတ္တန်ပိဋကတ်,အဘိဓမ္မာပိဋကတ် အားဖြင့် သုံးပါး၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် အားဖြင့် ငါးပါး၊သုတ္တ,ဂေယျ,ဝေယျာကရဏ,ဂါထာ,ဥဒါန, ဣတိဝုတ္တက,ဇာတက,အဗ္ဘုတဓမ္မ,ဝေဒလ္လ ဟူ၍ အင်္ဂါအားဖြင့် ကိုး

ပါး၊ဝိနည်းပိဋကတ်၌ နှစ်သောင်းတထောင်၊သုတ္တန်ပိဋကတ်၌ နှစ်သောင်းတထောင်၊အဘိဓမ္မာပိဋကတ်၌ လေးသောင်းနှစ်ထောင်။ဤအလုံးပုံကို ပေါင်းသည် ရှိသော်၊ဓမ္မက္ခန္ဓာအပေါင်းကား ရှစ်သောင်းလေးထောင်ရှိသည်ဟု မှတ်ရမည်။

၃၈၅။ ။ဤအလုံးစုံသော ပဌမဗုဒ္ဓဝစနံ,မဇ္ဈိမဗုဒ္ဓဝစနံ,ပစ္ဆိမဗုဒ္ဓဝစန အားဖြင့် သုံးပါးတို့တွင်၊ပဌမဗုဒ္ဓဝစနစကားတော်ဆိုသည်ကား အဘယ်နည်း။

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။ဂဟကာရံ ဂဝေသန္တော၊ဒုက္ခာဇာတိ ပုနပ္ပုနံ။ဂဟကာရက ဒိဋ္ဌောသိ။ပုန ဂေဟံ နကာဟသိ၊သဗ္ဗာတေ ဖါသုကာ ဘဂ္ဂါ။ဂဟကူဋံ ဝိသင်္ခတံ၊ဝိသင်္ခါရဂတံ စိတ္တံ။တဏှာနံ ခယ မဇ္ဈဂါ။

ဤစကားတော်သည် ရှေဦးစွာ ဆင်ခြင်တော်မူသော ဥဒါန်းစကားတော် ဖြစ်သောကြောင့်၊ပဌမဗုဒ္ဓဝစနစကားတော် မည်သည်ဟု မှတ်ရမည်။

ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ၊ ဝေါ ဝယဓမ္မာ သင်္ခါရာ၊အပ္ပမာဒေန သမ္ပါဒေထ။

ဤစကားတော်သည်ကား အဆုံးစွန် ပရိနိဗ္ဗာန်ပြုတော်မူခါနီး,ကာလ၌ မိန့်တော်မူသော စကားတော်ဖြစ်သောကြောင့်၊ပစ္ဆိမဗုဒ္ဓဝစနစကားတော် မည်သည်ဟု မှတ်ရမည်။ ။ဤစကားတော်နှစ်ပါးမှ တပါး၊အလယ်၌ လေးဆယ့်ငါးဝါပတ်လုံး ဟောတော်မူသော ဒေသနာတော်သည်ကား အလယ်စကားတော် ဖြစ်သောကြောင့်၊မဇ္ဈိမဗုဒ္ဓဝစနစကားတော် မည်သည်ဟု မှတ်ရမည်။

ဤသုံးပါးသော စကားတော်တို့တွင် ပဌမဗုဒ္ဓဝစနစကားတော်ဖြစ်သော စကားတော်၏ အနက်ကား။ ။ဘောဂဟကာရက၊ အတ္တဘောတည်း ဟူသော အိမ်ကို ပြုတတ်သော တဏှာ‌ယောကျ်ား,ပဲခွပ်သမား။တံ၊သင့်ကို။ဂဝေသန္တော၊ရှာသော ငါသည်။ယေန ဉာဏေန၊အကြင် သဗ္ဗညုတဉာဏ်တော်ဖြင့်။ ဒဋ္ဌုံ၊မြင်အံ့သောငှာ။သက္ကာ၊တတ်ကောင်း၏။ တံဉာဏံ၊ ထိုသဗ္ဗညုတဉာဏ်တော်ကို။ အနိဗ္ဗိသံ,အဝိန္ဒန္တော၊မရသည် ဖြစ်၍။ အနေကဇာတိ၊များစွာ မရေ,မတွက်နိုင်သော

အဖြစ် ရှိသော။ သံသာရ၊ သံသာရဝဋ်၌။ သန္ဓာဝိဿံ၊ သံသာရိ၊ ငါ ကျင်လည်ရလေပြီ။ ပုနပ္ပုနံ၊ အဖန် တလဲလဲ။ ဇာတိ၊ ဘဝသုံးပါး၌ ပဋိ သန္ဓေနေခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။ ။ဘောဂဟကာရက၊ အို အတ္တ ဘောတည်း ဟူသော အိမ်ကို ပြုတတ်သော တဏှာယောကျ်ား၊ ပဲ့ ခွပ်သမား။ ဒုဒါနိ၊ ယခုကား။ တံ၊ သင့်ကို။ ဒိဋ္ဌော၊ မြင်အပ်သို့။ အသိ၊ ဖြစ် ပြီ။ ပုန၊ ဘဖန်။ ဂေဟံ၊ အတ္တဘောတည်း ဟူသော သင်၏ အိမ်ကို။ နကာဟာသိ၊ သင် မပြုရပြီ၊ တေ၊ သင်၏။ သဗ္ဗာအနုဝသေသာ၊ အလုံးစုံ အကြွင်း မရှိကုန်သော။ ဖါသုကာ၊ ကိလေသာတည်း ဟူသော အခြင် တို့ကိုလည်း။ ဘဂ္ဂါ၊ ငါ ချိုးဖျက်အပ်ကုန်ပြီ။ ဂဟကုဋံ၊ အဝိဇ္ဇာတည်း ဟူသော သင်၏ အိမ်ထွတ်ကိုလည်း။ ဝိသင်္ခတံ၊ ငါ ချတ်ပြီ။ စိတ္တံ၊ ငါ၏ စိတ်သည်လည်း။ ဝိသင်္ခါရဂတံ၊ အာရုံ ပြုသဖြင့် နိဗ္ဗာန်သို့ ရောက်ပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ခြင်း၊ ကုန်ကြောင်းဖြစ်သော အရဟတ္တ ဖိုလ်ကို။ အဇ္ဈဂါ၊ အဓိဂတာ၊ ငါ ရပြီ။ ဣဒံ ဝစနံ၊ ဤစကားသည်ကား။ ပဌမ ဗုဒ္ဓဝစနံ၊ ရှေးဦးစွာသော ဘုရားသခင့် စကားတော်တည်း။ ။ဤသို့ သော ပဌမဗုဒ္ဓဝစန၊ စကားတော်၏ ပါဠိအနက်ကို လေ့ကျက်၍၊ နေ့၊ ည မပြတ် သရဇ္ဈာယ်၊ ကိုးကွယ်၊ ဆောက်တည်ကုန်ရာသည်။

ပစ္ဆိမဗုဒ္ဓဝစန စကားတော်၏ အနက်ကား။ ။ဘိက္ခဝေ၊ သံသ ရာဘေးကို ရှုတတ်ကုန်သော ငါ၏ ချစ်သား၊ ရဟန်းများတို့။ ဟန္ဒဒါနိ၊ ယခု အခါ၌။ ဝေါ၊ တုမှာကံ၊ သင် ချစ်သားတို့အား။ အာမန္တယာမိ၊ ပဋိ ဝေဒယာမိ၊ ငါ သိစေ၏။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ပျက်တတ်သော သဘော ရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်။ သမ္ပာဒေထ၊ ပြည့်စုံစေကုန်သော။ ဣတိ၊ ဤသို့။ အဘာသိ၊ မိန့်တော်မူ၏။ ဣဒံ ဝစနံ၊ ဤ စကားတော်သည်။ ပစ္ဆိမဗုဒ္ဓဝစနံ၊ အဆုံးစွန်သော ဘုရား သခင့် စကားတော်တည်း။ ။ဤအလုံးစုံသော အခြင်းအရာကို ပါရာဇိ ကဏ်အဋ္ဌကထာ နိဒါန်း၌ လာသည်ဟု မှတ်ရမည်။

၃၇၆။ ။ခင်းဘို့၏ သင်္ဂဟတရားလေးပါး ဆိုသည်ကား အဘယ်နည်း။

ပေါရာဏာရာဇကာလေ ကိရ သဿမေဓံ၊ ပုရိသမေဓံ၊ သမ္မာပါသံ၊ ဝါစာပေယျန္တိ စတ္တာရိ သင်္ဂဟဝတ္ထူနိ အဟေသုံ။

ဤသို့ ကျမ်းဂန် လာသော ငွေ၊သဿမေဓ,ပုရိသမေဓ,သမ္မာပါသ, ဝါစာပေယျ ဟူ၍ မင်းတို့၏ သင်္ဂဟဝတ္ထု လေးပါး ပြားသိဟု မှတ်ရမည်။

၃၈၇။ ။ထိုလေးပါးတို့တွင် သဿမေဓ ဆိုသည်ကား အဘယ်နည်း၊

တတ္ထ ဥပ္ပန္နသဿတော ဒသမဘာဂ ဂဟဏံ သဿမေဓံနာမ။

ဤသို့ ကျမ်းဂန် လာသော ငွေ၊ဖြစ်သော ကောက်မှ အခွန်အတုတ်ကို ဆယ်မှို တမှိုသာ ယူရမည်။ ထိုသို့ ယူခြင်း,သင်္ဂြိုဟ်ခြင်းသည် သဿမေဓသင်္ဂဟ မည်သိဟု မှတ်ရမည်။

၃၈၈။ ။ပုရိသမေဓ ဆိုသ်ကား အဘယ်နည်း။

မဟာယောဓာနံ ဆမာသိကံ ဘတ္တဝေတ္တနုပ္ပါဒနေန ပုရိသမေဓံနာမ။

ဤသို့ ကျမ်းဂန် လာသော ငွေ၊ရဲမက်,ဗိုလ်ပါတို့အား ၆ခြောက်လ တကြိမ် မျိုးရိက္ခာ ပေးရမည်။ထိုသို့ ပေးခြင်း,သင်္ဂြိုဟ်ခြင်းသ် ပုရိသမေဓသင်္ဂဟ မည်သိဟု မှတ်ရမည်။

၃၈၉။ ။သမ္မာပါသ ဆိုသ်ကား အဘယ်နည်း။

ဒလိဒ္ဒ-မနုဿာနံ ဟတ္ထတော လေခံ ဂဟေတွာ တိဏ္ဏံ ဝဿာနံ ဝိနာ ဝဍ္ဎိယာ သဟဿ-ဒွိသဟဿမတ္တံ ဓနုပ္ပါဒနံ သမ္မာပါသံနာမ။

ဤသို့ ကျမ်းဂန်လာသော ငွေ၊ဆင်းရဲသူ,ဆင်းရဲသားတို့အား ဥစ္စာ အရင်းအနှီး ပေး၍၊သုံးနှစ် လည်မှ တံပိုး ခံယူရမည်။ ထိုသို့ ခံယူခြင်း, သင်္ဂြိုဟ်ခြင်းသည် သမ္မာပါသသင်္ဂဟ မည်သိဟု မှတ်ရမည်။

၃၉၀။ ။ဝါစာပေယျ ဆိုသည်ကား အဘယ်နည်း။

တာတ,မာတုလာတိ အာဒိနာ နယေန သဏှဝါစာ ဘဏနံ ဝါစာပေယျံနာမ။

ဤသို့ ကျမ်းဂန် လာသော ငွေ၊ ဖခင်,ဖခင်,ဦးရီး,အစ ရှိသော နည်းဖြင့် နူးညံ့,သိမ်မွေ့စွာသော စကားကို ဆိုရမည်။ ။ထိုသို့ ဆိုခြင်း, သင်္ဂြိုဟ်ခြင်းသ် ဝါစာပေယျသင်္ဂဟ ဆိုသည်ဟု မှတ်ရမည်။ မင်းတို့ သင်္ဂဟလေးပါး၊ ။ဤ အခြင်းအရာကို သုတ္တနိပါတ်,ဖြဟ္မဏဓမ္မိယ

သုတ်အဖွင့်၌ရှင်း၊ သံယုတ္တနိကာယ်,ကောသလသုတ်အဖွင့်၌ရှင်း လာသည်။

၃၉၁။ ။သုံးဆောင်အပ်သော ရွှေတို့တွင် အဘယ်ရွှေ မြတ်သနည်း၊

ယထေဝဟိ မနုဿာ ပရိဘောဂသုဝဏ္ဏေသု ယုတ္တကတော ဒသဝိခံ သေဋ္ဌံ၊ ဒသဝိဓဘောဂအာရုပ္ပနံ့ တတော ယံကိဉ္စိ ဒိဗ္ဗံ သေဋ္ဌံ၊ ဧဝံ ဒိဗ္ဗသုဝဏ္ဏေပိ စာမိကရတော သာတဂုမ္ဘံ သာတဂုမ္ဘတော ဇမ္ဗူနဒံ၊ဇမ္ဗူနဒတော သိင်္ဂီသုဝဏ္ဏံ၊တံဟိ သဗ္ဗသေဋ္ဌံ။

ဤသို့ ကျမ်းဂန် လာသော့ငြော်၊ သုံးဆောင်အပ်သော ရွှေတို့တွင်၊ ချောရက်၍ လုပ်သော ရွှေထက်၊ ဆယ်မီးလှော်သော ရွှေသို့ မြတ်၏။ ဆယ်မီးလှော်သော ရွှေထက်၊ ခပ်သိမ်းသော နတ်တို့၌ သုံးဆောင်အပ်သော ရွှေသည် မြတ်၏။နတ်တို့ သုံးဆောင်အပ်သော ရွှေတို့တွင်လည်း စာမိကရရွှေထက်၊သာဘဂုမ္ဘရွှေသို့ မြတ်၏။ သာတဂုမ္ဘရွှေထက်၊ဇမ္ဗူနဒရွှေသို့ မြတ်၏။ ဇမ္ဗူနဒရွှေထက်၊သင်္ဂိနိက်ရွှေသို့ မြတ်၏။ ထိုသင်္ဂိနိက်ရွှေသို့ ခပ်သိမ်းသော ရွှေတို့ထက် အလွန် မြတ်သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို ဝိမာနဝတ္ထုဋ္ဌ လာသို၊

သာသနာတော် စည်ပင်,ပြန့်ပွား,များအံ့သော အကြောင်း၊ကောင်းသိုသာ ဖြစ်သော အမြိုက်ရွှေပြည်နိဗ္ဗာန်ကို အလိုရှိသော့ငြော်၊ခပ်သိမ်းသော သူအပေါင်းတို့အား မှတ်သား,သိလွယ်စိမ့်သောငှာ၊အထူးထူးသော အနက်အဓိပ္ပါယ်၊အသွယ်သွယ်သော နည်းနာနယတို့ဖြင့် တန်ဆာဆင်လျက် အစောင်စောင်သော ကျမ်းတို့မှ ကံပဲ့ဘုန်းကြီး ထုတ်နှုတ်,စီရင်အပ်သော ပညာကထန စတုဆူပိုင်း ပြီးပြည့်စုံ၏။

[ဤစာ ပြုချ၊ မြတ်ပုညကြောင့်၊ ဘဝနောင်ခါ၊သံသရာဝယ်၊ လေးဖြာ အပါယ်၊သုံးသွယ်သော ကပ်၊ ရှစ်ရပ်သော ဘေး၊ဝေးလေ ဆယ်ပါး၊ဒဏ် အများနှင့်၊ ခြောက်ပါး စွန်းကယ်၊ကိုးဆယ် အနာ၊ ရောဂါခပ်သိမ်း၊ ချမ်းငြိမ်း ကင်းကွာ၊ ရတော့ါလည်း၊ ခြောက်ဖြာ နတ်ဘုံ၊ အလုံးစုံကို၊ တသုံ လဲးလဲး၊စံပြီး စဲးမှ၊ မိတ်ႈရှင်တော်၊ ပွင့်ခါသော်၌၊ မျက်မြော် ထံအောက်၊ ကိုယ်တိုင် ရောက်၍၊ မျက်မှောက် ရှေ့တွင်၊ ဂုဏ်အင်ညီစွာ၊ရဟန္တာစစ်၊လျှင်ကြောင်း ဖြစ်၍၊မလစ် သတိ၊မေးမြန်း

ချိသည်၊ သာရိပုတ္တရာ၊ထေရ်မြတ်စွာသို့၊......ပစ္စုပ္ပန္န၊သည်ဘဝလည်း၊ နုက္ခအန္တရာယ်၊ရှင်းရှင်း ပယ်၍၊ ကိုးဆယ်ခြောက်ခါ၊ ဝေဒနာလည်း၊ သုံးဖြာသော ကပ်၊ ဆယ်ရပ်သော ဒဏ်၊ ရှစ်တန်သော ဘေး၊အဝေး ရှောင်သွား၊ နားမှ လေသန့်၊မပြန့်သည်သာ၊ ရတော့ခါလည်း၊ အိုင်ရှာ ယောက်ျား၊ နိုးသော လားသို့၊မမှား အမှု၊ ဖြောင့်စွာ ယူ၍၊ ခြောက် ဆူ နတ်ရပ်၊ကပ်ရစေလို၊တောင်းဆု ဆိုသည်၊ ၊ဆုကို လျင်ဆော၊ပြည့်စေသောဝ်။ ။သက္ကရာဇ် ၁၂၃၉ခု၊ နတ်တော်လဆန်း ၃ရက်တွင် ပြီး၏။ ။စတုတ္ထတွဲ ပြီးပြီ။]

—=:ဝ:=—

# ပညာကထနကျမ်း၊ ပဉ္စမတွဲ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

၃၉၂။ ။ရတနာခုနစ်ပါး ဆိုသံကား အဘယ်နည်း။

သုဝဏ္ဏံ,ရဇတံ,မုတ္တာ၊ မဏိ,ဝေဠုရိယာနိစ၊ ဝဇိရဉ္စ,ပဝါဠဉ္စ။ သတ္တာဟု ရတနာနိမေ၊

ဤသို့ ကျမ်းဂန် လာသောငြောင့်၊ ရွှေရင်း,ငွေရင်း,ပုလဲရင်း,ပတ္တမြား ရင်း,ကြောင်မျက်ရွဲ့ရင်း,ဝရဇိန်ရင်း,သန္တာရင်း ဤခုနစ်ပါးကို ရတနာ ခုနစ်ပါး ဆိုသံဟု မှတ်ရမည်။

၃၉၃။ ။ထိုမှတပါး ရတနာဆယ်ပါး ဆိုသံကား အဘယ်နည်း။

မုတ္တာ,မဏိ,ဝေဠုရိယဉ္စ၊ သင်္ခသိလာ,ပဝါဠဉ္စ,ရဇတံ,သုဝဏ္ဏံ,မသာ ရဂလ္လမ္ပိစ လောဟိတင်္က ဧသပကာရံ ဒေတ္တိ။

ဤသို့ကျမ်းဂန် လာသောကြောင့်၊ ပုလဲရင်း,ပတ္တမြားရင်း,ကြောင် မျက်ရွဲ့ရင်း,ခရုသင်းရင်း,နီလာရင်း, သန္တာရင်း,ငွေရင်း,ရွှေရင်း,ပတ္တ မြားပြောက်ရင်း,ပတ္တမြားနီရင်း ဤဆယ်ပါးကိုလည်း ရတနာဆယ် ပါး ဆိုသံဟု မှတ်ရမည်။ ။ဤ အခြင်းအရာကို သုတ္တနိပါတ်,ဖလ သုတ်အဖွင့်၌ လာသည်။

၁၉၄။ ။တခုသော စကြဝဠာတိုက်သည် အလျားအားဖြင့် အဘယ်မျှလောက် အကျယ် ရှိလေသနည်း။

ဧကံ စက္ကဝါဠံ အာယာမတော ဒွါဒသ,သတသဟဿာနိ၊ တေတိံသသတာနိစ ပညာသဥ္စ ယောဇနာနိ စက္ကဝါဠဿ ယာဓကာ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊တခုသော စကြဝဠာတိုက်သည် အလျားအားဖြင့် ယူဇနာ တသန်း,နှစ်သိန်း,သုံးထောင်,လေးရာ, ငါးဆယ် ရှိသည်ဟု မှတ်ရမည်။

၁၉၅၊ ။အဝန်းအားဖြင့် အဘယ်မျှလောက် ရှိလေသနည်း။

ဆတ္တိံသ,သတသဟဿာနိ၊ ပရိမဏ္ဍလံ ဒသစ္စေဝ သဟဿာနိ အឌ្ឍုဍ္ဎာနိ သတာနိစ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တခုသော စကြဝဠာတိုက်သို အလုံးစုံ အဝန်းအားဖြင့် ယူဇနာ သုံးသန်း,ခြောက်သိန်း,တသောင်း, သုံးရာ့ ငါးဆယ် ရှိသည်ဟု မှတ်ရမည်။

၁၉၆။ ။မဟာပထဝီမြေကြီး၏ အထုကား ယူဇနာ အဘယ်မျှ အတိုင်းအရှည် ရှိလေသနည်း။

ဒွေသတသဟဿာနိ စတ္တာရိ နဟုတာနိစ၊ ဧတ္တ ကဗဟလတ္တေန သင်္ခါတာယံ ဝသုန္ဓရာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အရေအတွက်အားဖြင့် မဟာပထဝီ မြေကြီးသည် နှစ်သိန်း,လေးသောင်း,အထု ရှိသည်ဟု မှတ်ရမည်။

၁၉၇။ ။မြေအောက်ကို ခံသော ရေသည် အဘယ်မျှလောက်သော အထု ရှိလေသနည်း၊

တဿာယေဝ သန္ဓာရကံ၊ စတ္တာရိ သတသဟဿာနိ၊ အဋ္ဌေဝ နဟုတာနိစ ဧတ္တ ကဗဟလတ္တေန ဇလံ ဝါတေ ပတိဋ္ဌိတံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊မြေကို ခံသော ရေသည်ကား ယူဇနာ လေးသိန်း,ရှစ်သောင်း,အထု ရှိသည်ဟု မှတ်ရမည်။

၁၉၈၊ ။ထိုရေကို ခံသော လေသည်ကား အဘယ်မျှလောက် အထု ရှိလေသနည်း၊

တဿာဝိ သန္တာရကော နဝသတသဟဿာနိ ဝါယုတော နဘ မုဂ္ဂတော၊ သဗ္ဗိစေဝ သဟဿာနိ ဧသာ လောကဿ သဏ္ဌိတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထို ရေကို ခံသော လေသည်ကား၊ ယူဇနာ ကိုးသိန်း,ခြောက်သောင်း၊ အထုအားဖြင့်ကား ကောင်းကင်သို့ တက်၏။ ဤသို့ ဖြစ်ခြင်းသည် သတ္တလောက၏ တည်ရာ ဖြစ်သည်ဟု မှတ်ရမည်။

၃၉၉။ ။ထိုသို့ တည်သော ကမ္ဘာတွင် ကပ်သည် အဘယ်မျှ အပြား ရှိသနည်း။

စတ္တာရိ အသင်္ချေယျာနိ ဝေဒိတဗ္ဗာနိ။ သံဝဋ္ဋော, သံဝဋ္ဋဋ္ဌာယီ,ဝိဝဋ္ဋော,ဝိဝဋ္ဋဋ္ဌာယီတိ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ သံဝဋ္ဋ,သံဝဋ္ဋဋ္ဌာယီ,ဝိဝဋ္ဋ,ဝိဝဋ္ဋဋ္ဌာယီ ဟူ၍ လေးကပ် ရှိ၏။ ဤလေးကပ်မှ တကမ္ဘာ ဖြစ်သည်ဟု မှတ်ရမည်။

ကမ္ဘာပျက်မိုး ရွာသည်မှ မီးလျှံ ပြတ်စဲသည်တိုင်အောင်သော ကာလကို သံဝဋ္ဋကပ် ဆိုသည်ဟု မှတ်ရမည်။

မီးလျှံ ပြတ်စဲသည်မှ ကမ္ဘာပြုမိုး ရွာသည်တိုင်အောင်သော ကာလကို သံဝဋ္ဋဋ္ဌာယီကပ် ဆိုသည်ဟု မှတ်ရမည်။

ကမ္ဘာပြုမိုး ရွာသည်မှသည် နေ,လ,နက္ခတ် ပေါ်သည်တိုင်အောင်သော ကာလကို ဝိဝဋ္ဋကပ် ဆိုသည်ဟု မှတ်ရမည်။

နေ,လ ပေါ်သည်မှသည် တဖန် ကမ္ဘာပျက်မိုး ရွာသည်တိုင်အောင်သော ကာလကို ဝိဝဋ္ဋဋ္ဌာယီကပ် ဆိုသည်ဟု မှတ်ရမည်။

၄၀၀။ ။ကမ္ဘာအပြားကား အဘယ်မျှ ရှိသနည်း။

ဧဝံ သဏ္ဌဟိတော,ပန ကပ္ပေါ ဒုဝိဓော ဟောတိ။ သုညကပ္ပေါ,အသုညကပ္ပေါတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုညကမ္ဘာ,အသုညကမ္ဘာ ဟူ၍ နှစ်ပါး အပြား ရှိသည်ဟု မှတ်ရမည်။

၄၀၁။ ။ထိုနှစ်ပါးတို့တွင် သုညကမ္ဘာ ဆိုသည်ကား အဘယ်နည်း။

တတ္ထ သုညကပ္ပေ ဗုဒ္ဓ,ပစ္စေကဗုဒ္ဓ,စက္ကဝတ္တိနော န ဥပ္ပဇ္ဇန္တိ။ တသ္မာ သုညကပ္ပေါတိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင်ကမ္ဘာသည် ဘုရား,ပစ္စေကဗုဒ္ဓါ,စကြဝတေးမင်းတို့သည် မဖြစ်ကုန်။ ထိုသို့ မဖြစ်ကုန်သော ကမ္ဘာသည် သုညကမ္ဘာ ဖြစ်သည်ဟု မှတ်ရမည်။

၄၀၂။ ။အသုညကမ္ဘာ ဆိုသည်ကား အဘယ်နည်း။

အသုညကပ္ပေ ဗုဒ္ဓ,ပစ္စေကဗုဒ္ဓ,စက္ကဝတ္တိနော ဥပ္ပဇ္ဇန္တိ။ တသ္မာ အသုညကပ္ပေါတိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အကြင်ကမ္ဘာ၌ ဘုရား,ပစ္စေကဗုဒ္ဓါ, စကြဝတေးမင်းတို့သည် ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကုန်သောကြောင့် မဆိတ်၊ မဆိတ်သောကြောင့် အသုညကမ္ဘာ မည်သည်ဟု မှတ်ရမည်။

၄၀၃။ ။ထိုသို့ မဆိတ်သော အသုညကမ္ဘာသည် အဘယ်ကာလ၌ တည်လေသနည်း။

တတ္ထ အသုညကပ္ပေါ ဘဒ္ဒဂုဏ္ဏရာသိစ ပုဏ္ဏမိ ပုဏ္ဏာတိထိစ ဟောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အသုညကမ္ဘာသည် တပေါင်းလပြည့်နေ့ ပုဏ္ဏာတိထိနှင့် ရည်၍ တည်လေသည်ဟု မှတ်ရမည်။

၄၀၄။ ။သုညကမ္ဘာ တည်သည်ကာလကား အဘယ်နည်း။

တတ္ထ သုညကပ္ပေ၀ါ ဘဒ္ဒဂုဏ္ဏရာသိစ ပုဏ္ဏာတိထိစ မာသာနံ ဟောတီတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုညကမ္ဘာသည် တပေါင်းလကွယ်နေ့ ပုဏ္ဏာတိထိနှင့် ရည်၍ တည်လေသည်ဟု မှတ်ရမည်။ •

အသုညကပ္ပေ၀ါ ဘဒ္ဒဂုဏ္ဏ ပုဏ္ဏာစ တိထိစ ဟောတီတိ။ သုညကပ္ပ ပုဏ္ဏာတိထိမှာဂိစ ဘဒ္ဒဂုဏ္ဏော ဟောတီတိ။

ဤသို့ ဗေဒင်ကျမ်းကြီးတို့၌ လာသောကြောင့်၊ပိဋကတ်တော်နှင့် ညီ၍၊ ကောန်မရချ မှန်သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို စတုသာရ ဗေဒင်ကျမ်း,ဗောဓိစိန္တာကပ္ပကျမ်း, ဗေဒစိန္တာ၊ ဤဗေဒင်ကျမ်းကြီးတို့၌ လာသည်ဟု မှတ်ရမည်။

၄၀၅။ ။ထိုသို့ မဆိတ်သော အသုညကမ္ဘာသည်ကား အဘယ်မျှ အပြား ရှိသနည်း။

အသုညကပ္ပေါ ပဉ္စဝိဓော။ သာရကပ္ပေါ မဏ္ဍကပ္ပေါ ဝရကပ္ပေါ သာရမဏ္ဍကပ္ပေါ ဘဒ္ဒကပ္ပေါတိ။

ဤသို့ ကျမ်းဂန် လာသော့ငြာ့၊ သာရကမ္ဘာ၊ မဏ္ဍကမ္ဘာ၊ ဝရကမ္ဘာ၊ သာရမဏ္ဍကမ္ဘာ၊ ဘဒ္ဒကမ္ဘာ ဟူ၍ ငါးပါးအပြား ရှိသည်ဟု မှတ်ရမည်။

၄၀၆။ ။ထိုငါးပါးသော ကမ္ဘာတို့တွင် သာရကမ္ဘာ၌ ဘုရား ဘယ်နှစ်ဆူ ဖြစ်တော်မူလေသနည်း။

သာရကပ္ပေ ဧကော ဗုဒ္ဓေါ ဥပ္ပဇ္ဇတိ။

ဤသို့ ကျမ်းဂန် လာသော့ငြာ့၊ သာရကမ္ဘာ၌ ဘုရားတဆူသာ ဖြစ်တော်မူသည်ဟု မှတ်ရမည်။

၄၀၇။ ။မဏ္ဍကမ္ဘာ၌ ဘုရား ဘယ်နှစ်ဆူ ဖြစ်တော်မူလေသနည်း။

မဏ္ဍကပ္ပေ ဒွေ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းဂန် လာသော့ငြာ့၊ မဏ္ဍကမ္ဘာ၌ ဘုရားနှစ်ဆူသာ ဖြစ်တော်မူကုန်သည်ဟု မှတ်ရမည်။

၄၀၈။ ။ဝရကမ္ဘာ၌ ဘုရားဘယ်နှစ်ဆူ ဖြစ်တော်မူလေသနည်း။

ဝရကပ္ပေ တယောဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းဂန် လာသော့ငြာ့၊ ဝရကမ္ဘာ၌ ဘုရားသုံးဆူသာ ဖြစ်တော်မူကုန်သည်ဟု မှတ်ရမည်။

၄၀၉။ ။သာရမဏ္ဍကမ္ဘာ၌ ဘုရားဘယ်နှစ်ဆူ ဖြစ်တော်မူလေသနည်း။

သာရမဏ္ဍကပ္ပေ စတ္တာရော ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းဂန် လာသော့ငြာ့၊ သာရမဏ္ဍကမ္ဘာ၌ ဘုရားလေးဆူ ဖြစ်တော်မူကုန်သည်ဟု မှတ်ရမည်။

၄၁၀။ ။ဘဒ္ဒကပ်ကမ္ဘာ၌ ဘုရား ဘယ်နှစ်ဆူ ဖြစ်တော်မူလေသနည်း။

ဘဒ္ဒကပ္ပေ ပဉ္စ ဗုဒ္ဓါ ဥပ္ပဇ္ဇန္တိ။

ဤသို့ ကျမ်းဂန် လာသော့ငြာ့၊ ဘဒ္ဒကပ်ကမ္ဘာ၌ ဘုရားငါးဆူ ဖြစ်တော်မူကုန်သည်ဟု မှတ်ရမည်။

၄၁၁။ ။ကမ္ဘာပျက်အံ့သော အကြောင်းကား အဘယ်မျှ အပြား ရှိသနည်း။

ကိံကာရဏာ ဧဝံ လောကော ဝိနဿတီတိ။ ယထာဟိ ရာဂ,ဒေါသ,မောဟာနံ အဓိကတ္တဘာဝေန ယထာက္ကမံ ရောဂန္တရကပ္ပေါ, သတ္ထန္တရကပ္ပေါ,ဒုဗ္ဘိက္ခန္တရကပ္ပေါတိ ဣမေ တိဝိဓာ အန္တရကပ္ပါ ဝိဝဋ္ဋဋ္ဌာယိတိ အသင်္ချေယျကပ္ပါ ဇာယန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အဘယ်သို့ ကပ္ပာ ပျက်လေသနည်း ဟု ဆိုအံ့။ ထိုသို့ ဆိုသော စကားသည် မှန်၏။ အကြင် အချင်းဖြင့် ရာဂ, ဒေါသ,မောဟတို့၏ လွန်သော အဖြစ်ကြောင့်၊ အစဉ်အတိုင်း ရောဂန္တရကပ်,သတ္ထန္တရကပ်,ဒုဗ္ဘိက္ခန္တရကပ်၊ ဤ ကပ်သုံးပါးတို့သည် ဖြစ်ကုန်၏။ ထိုသို့ ဖြစ်ကုန်သော်လည်း၊ ဝိဝဋ္ဋဋ္ဌာယီ ဖြစ်သော အသင်္ချေယျကပ်၌သာ ဖြစ်ကုန်သည်ဟု မှတ်ရမည်၊

၄၁၂။ ။ရာဂ,ဒေါသ,မောဟ အားဖြင့် သုံးပါးတို့တွင်၊တပါးပါးသော အကြောင်းကြောင့်၊အဘယ်သို့လျှင် ပျက်လေသနည်း။

တတ္ထ ရာဂေ ဥဿန္နတရေ အဂ္ဂိနာ ဝိနဿတိ။ ဒေါသေ ဥဿန္နတရေ ဥဒကေန ဝိနဿတိ၊ မောဟေ ဥဿန္နတရေ ဝါတေန ဝိနဿတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ရာဂ,ဒေါသ,မောဟ အားဖြင့် သုံးပါးတို့တွင်၊ ရာဂသည် အလွန် ပြောသောကြောင့်၊ တေဇောသံဝဋ္ဋမီးဖြင့် ပျက်သည်၊ ဒေါသ အလွန် ပြောသောကြောင့်၊ အာပေါသံဝဋ္ဋ ရေဖြင့် ပျက်သည်။ မောဟ အလွန် ပြောသောကြောင့်၊ ဝါယောသံဝဋ္ဋ လေဖြင့် ပျက်လေသည်ဟု မှတ်ရမည်။

၄၁၃။ ။ဤသုံးပါးသော အကြောင်းကြောင့် ပျက်ကုန်သည် ရှိသော်၊ မီးဖြင့်ကား အကြိမ် အဘယ်မျှ၊ ရေဖြင့်ကား အကြိမ် ဘယ်မျှ၊ လေဖြင့်ကား အကြိမ် ဘယ်မျှ ပျက်လေသနည်း။

သတ္တ သတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ၊ စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ဧကော ဝါယုဝရော သိယာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မီး ခုနစ်ကြိမ်,ခုနစ်ကြိမ် ပျက်လေသည်။ ရှစ်ကြိမ်မြောက်,ရှစ်ကြိမ်မြောက်၌ ရေတကြိမ်,တကြိမ် ပျက်လေသည်၊ အဆုံး၌ လေတကြိမ် ပျက်လေသည်။ ဤနည်းအတူ ရှစ်ဆဲ့ကြိမ်,ရှစ်ထိ ပျက်သောကြောင့်၊ ခြောက်ဆယ့် လေးကြိမ် တိုင်အောင် ပျက်လေသည်ဟု မှတ်ရမည်၊

၄၁၄။ ။မိုးဖြင့်ကား အာဘယ်ဘုံ တိုင်အောင်၊ ရေဖြင့်ကား အာဘယ်ဘုံတိုင်အောင်၊ လေဖြင့်ကား အာဘယ်ဘုံတိုင်အောင် ပျက်လေသနည်း။

အဂ္ဂိနာဘဿရာ ဟေဋ္ဌာ၊ အာပေန သုဘကိဏှတော။ ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အာဘဿရဘုံမှ အောက် အပြင်၌ မိုးဖြင့် ပျက်သည်။ သုဘကိဏှာဘုံမှ အောက်အပြင်၌ ရေဖြင့် ပျက်သည်။ ဝေဟပ္ဖိုလ်ဘုံမှ အောက် အပြင်၌ လေဖြင့် ပျက်သည်။ ထိုသို့ ပျက်သောကြောင့်၊ လောကသည် ပျက်ခြင်းသို့ ရောက်လေသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာ၌ အာဘဿရဘုံ အောက် မိုးဖြင့် ပျက်လေသည် ဆိုသော်၊ ပဌမဈာန် သုံးဘုံ၊ ဒုတိယဈာန် နှစ်ဘုံ အားဖြင့် ငါးဘုံကိုပင် လောင်လေသကဲ့သို့ မှတ်ဖွယ်ရာ ရှိသည်။ ထိုသို့ မဟုတ်၊ ပဌမဈာန် သုံးဘုံကိုသာ လောင်လေသည်၊ ဒုတိယဈာန် နှစ်ဘုံကို မလောင်။ မလောင်ပဲးလျက် အာဘဿရဘုံမှ အောက်အပြင်ကို မိုးဖြင့် ပျက်လေသည်ဟု ဆိုသော အရာသည် ဒုတိယဈာန် သုံးဘုံသည် တပြင်တည်း ဖြစ်၍၊ အဆုံးဖြစ်သော အာဘဿရဘုံက ချုပ်၍ ဆိုလျှင်၊ ပြီးကောင်းပြီ ဖြစ်သောကြောင့် ဆိုလေသည်ဟု မှတ်ရမည်။ ။ရေ ပျက်ရာ၌လည်း ဤအတူ၊ လေ ပျက်ရာ၌လည်း ဤနည်း အတူ မှတ်ရမည်။

၄၁၅။ ။အာဘယ်ပါဠိကို ထောက်၍ မှတ်ရအံ့နည်း။

ပဌမဈာနတလံ ဥပါဒါယ အဂ္ဂိနာ၊ ဒုတိယဈာနတလံ ဥပါဒါယ ဥဒကေန၊ တတိယဈာနတလံ ဥပါဒါယ ဝါယုနာ။

ဤသို့ ကျမ်းဂန် လာသောကြောင့် သိရ၏။ ပဌမဈာန် သုံးဘုံ အပြင်ကို စွဲ၍ မိုးဖြင့် ပျက်လေသည်။ ဒုတိယဈာန်သုံးဘုံ အပြင်ကို စွဲ၍ ရေဖြင့် ပျက်လေသည်။ တတိယဈာန် သုံးဘုံ အပြင်ကို စွဲ၍ လေဖြင့် ပျက်လေသည်။ ထိုမှ တပါးလည်း၊—

တယောပိ ဖြပ္ဖလောကေ ဈာပေတွာ အာဘဿရေ အာဟစ္စ တိဋ္ဌတိ။ ။ဥပရိပန ဆပိ ဖြပ္ဖလောကေ ဝိလိယာပေတွာ သုဘကိဏှေ

အာပေါ တိဋ္ဌတိ။ ။နဝဖြုပ္ပလောကေ ဝိနာသသတ္တာ ဝေဟပ္ပလေ အာပေါ တိဋ္ဌတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မီးဖြင့်ကား ပဌမဈာန် သုံးဘုံကို လောင်၍၊ အာဘဿရဘုံ၌ ထိလျက် တည်လေသည်ဟု မှတ်ရမည်။ ။ရေဖြင့်ကား ပဌမဈာန်သုံးဘုံ, ဒုတိယဈာန်သုံးဘုံ၊ ဤခြောက်ဘုံတိုင်အောင် ပျက်၍၊ သုဘကိဏှာဘုံ၌ ထိလျက် တည်လေသည် မှတ်ရမည်။ ။လေဖြင့်ကား ပဌမဈာန်သုံးဘုံ, ဒုတိယဈာန်သုံးဘုံ, တတိယဈာန်သုံးဘုံ၊ ဤ ကိုးဘုံတိုင်အောင် ပျက်၍၊ ဝေဟပ္ဖိုလ်၌ ထိလျက် တည်လေသည်ဟု မှတ်ရမည်။ ။ကမ္ဘာ၏ ဖြစ်ခြင်း, ပျက်ခြင်း, တည်ခြင်း၊ သညာကမ္ဘာ, အသညာကမ္ဘာ၊ ဤအခြင်းအရာကို ဒီဃနိကာယ်, ဝိသုဒ္ဓိမဂ်, ဇိနာလင်္ကာရ အဋ္ဌကထာ စသော ကျမ်းတို့၌ လာသည်။

၄၁၆။ ။ကမ္ဘာ၏ ပျက်အံ့သော အကြောင်းကို အနှစ်တသိန်းက အဘယ့်ကြောင့် သိသနည်း။

လောကဗျူဟာနာမ ကာမာဝစရဒေဝတာ မနုဿလောကေ အာဂန္တွာ ဇရဘော ဝဿသတ,သဟဿစ္စယေန ဇပ္ပုဋ္ဌာနံ ဘဝိဿတီတိ ဃောသ္တွာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လောကဗျူဟာ မည်သော ကာမာဝစရနတ်သည် လူ့ပြည်သို့ လာလတ်၍၊ လူတို့ သွားရာ လမ်းခရီး၌ ရပ်နေလျက်၊ အို အချင်း,လူအပေါင်းတို့၊ ဤနှစ်မှသော် အနှစ် တသိန်း လွန်လျှင်၊ ကမ္ဘာ ပျက်တော့မည်။ ဒေသတ္တာ, ပရာဘာ, မုဒိတာ, ဥပေက္ခာ၊ ဤ ဗြဟ္မစိုရ်တရားလေးပါးကို ပွားစေကုန်လော့။ မိခင်,ဖခင်တို့အား လုပ်ကျွေး,မွေးမြူကုန်လော့။ ဆရာသမား၊ အသက်ဖြင့် ကြီးသော သူ၊ ဂုဏ်ဖြင့် ကြီးသော သူတို့အား ရိုသေ,ကျိုးနွံကုန်လော့။ ဤသို့လျှင် လူတို့ သွားရာ လမ်းခရီး၌ ဟစ်ကြွေး၍ ကြွေးကြော်သောကြောင့်၊ အနှစ် တသိန်းကပင် သိရသည်ဟု မှတ်ရမည်။

၄၁၇။ ။ကမ္ဘာ ပျက်အံ့သော အခါ၊ ရွာသော မိုးကြီးသို့ အဘယ် မျှလောက်သော စကြဝဠာ နှံ့အောင် ရွာလေသနည်း။

ကပ္ပဝိနာသေ-မဟာမေဃော ဥဋ္ဌဟိတွာ ကောဋိသတ,သဟဿ စက္ကဝါဠေ ဧကမေဃနံ မဟာဝဿံ ဝဿတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ကမ္ဘာပျက်-မိုးကြီးသည် တက်လတ်၍၊ ကုဋေတသိန်းသော စကြာဝဠာတိုက်တို့ကို တခဲနက် အနှံ့အပြား သည်းထန်,ပြင်းပြစွာ ရွာလေသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို ဒီဃနိကာယ်,ဝိသုဒ္ဓိမဂ်ကျမ်းတို့၌ လာသည်။

၄၁၇။ ။ကမ္ဘာပျက်-မိုးကြီး ရွာပြီးသည့် နောက်၊မိုးတို့သည် ရွာဖို့ လော-မရွာဖို့လော၊အဘယ်သို့နည်း။

ဂဒြဘံ ရဝံ-ရဝန္တော၊ ဧကဗိန္ဒုပိ ဘူမိယံ။ နပါတေတိ တတော ပဘုတိ၊ ပဇ္ဇုန္နဝဿံ ဟောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ကမ္ဘာပျက် မိုးကြီး ရွာပြီးသည့် နောက်၊မိုးတို့သည် မြည်းဖို့ အသံကဲ့သို့သော အသံကိုသာ ပြု၍၊တပေါက်မျှ မြေသို့ မကျပြီ။ ထိုအခါမှ စ၍ မိုးဖို့ ရွာခြင်းသည် ပြတ်သည်သာ ဖြစ်လေတော့သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်။

၄၁၈။ ။ကမ္ဘာပျက်-မိုးကြီး ရွာပြီးသည့်နောက်၊မြေသို့ တပေါက်မျှ မကျ။မိုးရွာခြင်း ပြတ်သည် ရှိသော်၊ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် အဘယ်သို့ ဖြစ်ကြလေသနည်း။

အပရာပရိယ-ဝေဒနိယ-ကမ္မတော မုတ္တသတ္တောနာမ နတ္ထိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် ရှေးရှေးသော ဘဝက ပြုခဲ့ဘူးသော အပရာပရိယ-ဝေဒနိယကံနှင့် ကင်းသော သတ္တဝါမည်သည် မရှိ။ ထို အပရာပရိယ-ဝေဒနိယကံသည် ဥပထမ္ဘကသတ္တိဖြင့် ထောက်၍ ပေးသောကြောင့်၊ ဒွိဟိတ်,တိဟိတ်သားတို့သည် နတ်ပြည်၌ ဖြစ်လေကုန်သည်။နတ်ပြည်မှသည် ဝါယောကသိုဏ်းကို ပွားကုန်သဖြင့်၊မီးလွတ်,ရေလွတ်,လေလွတ်မှာ ဖြစ်လေကုန်သည်။ ငရဲသူ,ဆင်,မြင်း,ကျွဲ,နွား,အစ ရှိသော သတ္တဝါတို့သည်လည်း ၎င်း အပရာပရိယဝေဒနိယကံ ထောက်ပံ့သည် ဖြစ်၍၊ အချို့အချို့သော သူတို့သည် လူပြည်၌ ဖြစ်ကုန်သည်။အချို့အချို့သော သူတို့သည် နတ်ပြည်၌ ဖြစ်ကုန်သည်။လူပြည်၌ ဖြစ်ကုန်သော သူတို့သည် ဒါန,သီလကို ပွားစေသဖြင့်

နတ်ပြည်၌ ဖြစ်ကုန်သည်။ နတ်ပြည်မှသည် ဝါယောကသိုဏ်းကို ပွားစေသဖြင့် မိုးလွတ်,ရေလွတ်,လေလွတ်မှာ ဖြစ်လေကုန်သည်ဟု မှတ်ရမည်။ ၎င်း၌ လာသည်။

၄၂၀။ ။ကမ္ဘာ ပျက်အံ့သော အခါ၊နေနှစ်စင်း ထွက်လတ်သည်ရှိသော် အဘယ်သို့ ဖြစ်လေသနည်း။

ဒုတိယော သူရိယော ပါတုဘဝိဿ ကုန္နဒီသောမ္ပာဒီသု ဥဒကံ သောသေတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နေနှစ်စင်း ထွက်သော အခါ၊ မြစ်ငယ်ငါးရာ,ချောင်း,မြောင်း,အိုင်,အင်း၌ ရှိသော ရေတို့သည် ခန်းခြောက်,ပျောက်လေတော့သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်။

၄၂၁။ ။နေသုံးစင်း ထွက်သော အခါ အဘယ်သို့ ဖြစ်လေသနည်း။

တတိယော သူရိယော ပါတုဘဝိဿ ပဉ္စ မဟာနဒီယော ဥဒကံ သောသေတိ၊

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ နေသုံးစင်း ထွက်သော အခါ၊ မြစ်ကြီးငါးစင်း,အစ ရှိသော ရေတို့သည် ခန်းခြောက်,ပျောက်လေတော့သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်၊

၄၂၂။ ။နေလေးစင်း ထွက်လေသော အခါ၊ အဘယ်သို့ ဖြစ်လေသနည်း။

စတုတ္ထော သူရိယော ပါတုဘဝိဿ သတ္တ မဟာသရေ ဥဒကံ သောသေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နေလေးစင်း ထွက်သော အခါ၊ အိုင်ကြီးခုနစ်အိုင်၌ ရှိသော ရေတို့သည် ခန်းခြောက်,ပျောက်ပျက် လေတော့သည်ဟု မှတ်ရမည်၊ ။၎င်း၌ လာသည်။

၄၂၃။ ။နေငါးစင်း ထွက်သော အခါ၊အဘယ်သို့ ဖြစ်လေသနည်း။

ပဉ္စမော သူရိယော ပါတုဘဝိဿ မဟာသမုဒ္ဒံ သောသေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊နေငါးစင်း ထွက်သော အခါ မဟာသမုဒ္ဒရာရေတို့သည် ခန်းခြောက်,ပျောက်ပျက်လေကုန်သည်ဟု မှတ်ရမည် ။၎င်း၌ လာသည်။

၄၂၄။ ။နေခြောက်စင်း ထွက်သော အခါ အဘယ်သို့ ဖြစ်လေသနည်း။

ဆဋ္ဌော သူရိယော ပါတုဘဝိတွာ သကလစက္ကဝါဠံ ဧကဇာလံ ကရောတိ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ နေခြောက်စင်း ထွက်သော အခါ၊ အလုံးစုံသော စကြဝဠာ၊ ကုဋေတသိန်းတို့၌ တခဲနက် အခိုးအတိသာ ဖြစ်ကုန်သည်ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။

၄၂၅။ ။နေခုနစ်စင်း ထွက်သော အခါ အဘယ်သို့ ဖြစ်လေသနည်း။

သတ္တမော သူရိယော ပါတုဘဝိတွာ ပထဝီယာ ဧကဇာလံ ဟုတွာ ပထဝီ၊ သိနေရု၊ သတ္တ ပရိဘဏ္ဍ၊ ဟိမဝန္တ ပဗ္ဗတာဒိနိ ဈာပေတွာ စတုမဟာဒီပဖ်ကာဒိသု ကနက၊ ရဇတ၊ မဏိ၊ ဝိမာနာဒိနိ ဈာပေတိ။ တတော ပဌာယ ပဌမဈာနတလ္လိ ဈာပေတွာ အာဘဿရေ အာဟစ္စ တိဋ္ဌတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နေခုနစ်စင်း ထွက်သော အခါ၊ နှစ်သိန်း၊ လေးသောင်း၊ အထု ရှိသော မဟာပထဝီမြေကြီးမှ တခဲနက်သော မီးလျှံ ဖြစ်လတ်၍၊ မြေကြီး၊ မြင်းမိုရ်၊ သတ္တရဘန် တောင်ငြို ခုနစ်ထပ်၊ ဟိမဝန္တာ၊ နတ်ပြည်ခြောက်ထပ်တို့မှ စ၍၊ ပဌမဈာန်သုံးဘုံ တိုင်အောင် လောင်စေ၍ အာဘဿရာဘုံ၌ ထိလျက် တည်လေကုန်သည်ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။

၄၂၆။ ။နေခုနစ်စင်း ထွက်၍ ကုဋေတသိန်းသော စကြဝဠာတိုက် တို့ကို မီးလောင်ပြီးသော လောကဓာတ်တို့သည် အဘယ်သို့ ဖြစ်လေကုန်သနည်း။

သင်္ခါရဂတံ ဈာပေတွာ အင်္ဂါရမ္ပိ နိဗ္ဗုတာ ဟောန္တာ ယေန အာကာသေန ဥပရိ အာကာသော ဧကော အန္ဓကာရော ဟောတိ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ခပ်သိမ်းသော သင်္ခါရလောကတို့ကို လောင်ပြီး၍၊ မီး ငြိမ်းလေသော်၊ အောက်ကောင်းကင်နှင့် အထက်ကောင်း ကင်သည် တစပ်တည်း ဖြစ်၍ တခုသော အမိုက်တိုက်သာ ဖြစ်လေ တော့သည်ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။

၄၂၇။ ။ကုဋေတသိန်းသော စကြဝဠာတို့ကို ကမ္ဘာပျက်မီး လောင်၍ တစုံတခုသော ဝတ္ထုမျှ မရှိ။ အောက်,အထက်ကောင်းကင် တစပ်တည်း အမိုက်အတိသာ ရှိပြီးနောက် အဘယ်သို့ ဖြစ်ပြန်လေ သနည်း။

သမ္ပတ္တိ မဟာမေဃော ဥဋ္ဌဟိတွာ ကောဋိသတ,သဟဿ-စက္က ဝါဠေသု သဗ္ဗဒုဗ္ဗဝန္တာနံ ပူရေတွာ အန္တရဓာယတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အောက်,အထက် တစင်တည်း အ မိုက်အတိသာ ရှိပြီးနောက်၊ကမ္ဘာပြုမိုးကြီးသည် တက်လတ်၍၊ ကု ဋေတသိန်းသော စကြဝဠာတိုက်တို့၌ အလုံးစုံသော မီး လောင်ရာ အရပ်,ဌာနတို့ကို ရေဖြင့် ပြည့်စေလျက် တည်းလေကုန်သည်ဟု မှတ် ရမည်။ ။ငင်း၌ လာသည်၊

၄၂၈။ ။ကမ္ဘာပြုမိုး ရွာသည်၌ ကုဋေတသိန်းသော စကြဝဠာ တိုက်တို့မှ ဖြာပြည့် တိုင်အောင် အလုံးစုံ,တခဲနက် တည်ကုန် သော ရေတို့သည် အဘယ်အရပ်သို့ စီးသွားလေကုန်သနည်း၊

ဍူတော,ဗိတော ပဟရိတွာ ဥဒကာသန္ဓာပေန္တော ကမေန ဥဒကံ သသတိ၊

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ကုဋေကသိန်းသော စကြဝဠာတိုက် တို့မှ အထက်ဖြာပြည့် တိုင်အောင် အလုံးစုံ,တခဲနက်သော ကမ္ဘာ ပြုမိုးရေတို့သည် ထိုမှ,ဤမှ အချင်းချင်း ပုတ်ခတ်ကြသဖြင့် ခိုင်ခံ့စွာ သော ရေအလုံးတို့သည် အနည်းသဖြင့် ခန်းခြောက်,ပျောက်ပျက်လေကုန် သည်ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။

၄၂၉။ ။ကုဋေတသိန်းသော စကြဝဠာတိုက်တို့မှ အထက်ဖြာ ပြည့် တိုင်အောင် အလုံးစုံ,တခဲနက် တက်သော ရေတို့သည် ခန်း ခြောက်,ပျောက်ပျက်ကြကုန်သည် ရှိသော်၊လောကဓာတ်တို့သည် အဘယ် သို့ ဖြစ်လေကုန်သနည်း၊

တေ တမ္ဗိပိတံ ဒွါရေ ဓမ္မကရကော ဝိဒ္ဓတံ ဥဒကမိဝ နိရုဿတံ ကတွာ နိရုဇ္ဈန္တိ။မဓုရောဒကံ ပရိက္ခယံ ဂစ္ဆမာနံ။ ဥပရိ ရသပထဝီ သမုဋ္ဌာပေတိ။ဥဒကပိဋ္ဌေ ဥပ္ပလိနိဗ္ဗတ္တံပိယ ပထဝီ သဏ္ဌာတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ရေအထုတို့သည် ခန်းခြောက်,ပျောက် ပျက်၍ သင့်တင့်ရုံ အတန်အရာ ကျန်ကြွင်းသော ထိုရေတို့သည် ပိတ် အပ်သော အစစ် ရှိသော မြွေကရိုဏ်း၌ တည်သော ရေကဲ့သို့ ထွက် ယိုခြင်း ကင်းသည် ဖြစ်၍ ချုပ်ကုန်၏၊ထိုသို့ ချုပ်ကုန်သဖြင့် ရေတို့သည် ကုန်ခြင်းသို့ ရောက်လေသည် ရှိသော်၊ ရေအပြင်၌ ကြာရွက်ကဲ့သို့ ရသ နှင့် ပြည့်စုံသော မြေသည် ရေ၏ အပြင်၌ ရှေးဦးစွာ တည်စပြုသည်ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။

၄၃၀။ ။ထိုသို့ တည်သော မြေသည် အဘယ်သို့သော အဆင်း,အနံ့, အရသာနှင့် ပြည့်စုံလေသနည်း။

သာကဏိကပုပ္ဖံ ဝိယ ဝဏ္ဏသမ္ပန္နာစေဝ ဟောတိ၊ သုရဘိဂန္ဓ သမ္ပန္နာစ ပက္ခိတ္တဒိဗ္ဗမိဉ္စံ ရသသမ္ပန္နာစ၊နိရုဒကပါယာသဿ ဥပရိမ တလံ ဝိယ တိဋ္ဌတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ထိုရေပေါ်၌ တည်သော မြေသည် မဟာလှေခါး,ပန်းပွင့် အဆင်းကဲ့သို့သော အဆင်းနှင့် ပြည့်စုံသည် ဖြစ် ၍၊ကောင်းသော အနံ့နှင့် ပြည့်စုံသည် ဖြစ်၏။သည့်အပ်သော ဘောဇဉ် ရှိသော နတ်သြဇာကဲ့သို့ ရသနှင့် ပြည့်စုံသည် ဖြစ်၏။ရေတင်သော အ ပေါ်၏ အထက်ကဲ့သို့၊ ဤမြေကြီးသည် တည်သည်ဟု မှတ်ရမည်။ ။ ငင်း၌ လာသည်။

၄၃၁။ ။ဤ မြေ,ရေသည် ရှေးဦးစွာ အဘယ်အရပ်၌ တည်လေသနည်း။

ဩေ ပန မဟာဗောဓိပလ္လင်္ကဋ္ဌာနံ ဝိနဿမာနေ လောကေ ပစ္ဆာ ဝိနဿတိ။သဏ္ဍာဟမာနေ ပဌမံ သဏ္ဍာဟတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဤ ရေ,မြေ၏ တည်ခြင်းသည်ကား၊ မဟာဗောဓိရောက်ရာ အရပ်သည် လောကခေတ် ပျက်သည် ရှိသော်၊ နောက်မှသာ ပျက်သည်၊တည်သည် ရှိသော် ရှေးဦးစွာ တည်သည်ဟု မှတ် ရမည်။ ။ငင်း၌ လာသည်။

၄၃၂။ ။ထိုသို့ ရှေးဦးစွာ တည်စ,ကာလ၌ အဘယ်သို့လျှင် ကောင်းသော မင်္ဂလာ၊ကောင်းသော ပုဗ္ဗနိမိတ်ဘို့သည် ဖြစ်လေကုန် သနည်း။

တဿ ပုဗ္ဗနိမိတ္တံ ဟုတွာ ဧကော ပဒုမိနိဂစ္ဆော ဥဋ္ဌဟတိ။ တဿ သစေ တသ္မိံ ကပ္ပေ ဗုဒ္ဓေါ ဥပ္ပဇ္ဇတိ၊ပုပ္ဖံ ဥဋ္ဌဟတိ။ နောစေ နုဋ္ဌဟတိ။ ဥဋ္ဌဟမာနဉ္စ သစေ ဧကော ဗုဒ္ဓေါ နိဗ္ဗတ္တိဿတိ။ဧကံ ဥဋ္ဌဟတိ၊ သစေ ဒွေ,တယော,စတ္တာရော ပဉ္စဗုဒ္ဓါ နိဗ္ဗတ္တိဿန္တိ။ပဉ္စပုပ္ဖါနိ ဥဋ္ဌဟန္တိ။

ဤသို့ ကျမ်းဂန် လာသော့ငြ်၊ ထိုရှေးဦးစွာသော ဖြစ်ရာ အရပ်၌ ကောင်းသော ပုဗ္ဗနိမိတ်သို့ ဖြစ်၍၊တပင်သော ပဒုမ္မာကြာသို့ ရောက်၍၊ အကယ်၍ ထိုကမ္ဘာ၌ ဘုရား ဖြစ်အံ့။ ကြာပွင့်သို့လည်း ဖြစ်၍။ အကယ်၍ ထိုကမ္ဘာ၌ မဖြစ်ကုန်အံ့။ကြာပွင့်တို့သို့လည်း မဖြစ်ကုန်။ အကယ်၍ ဘုရားသခင်တို့သည် ဖြစ်တော်မူကုန်သော်လည်း တဆူ ၁ ဖြစ်တော်မူလျှင်၊ကြာ တပွင့်,သက်နှုံးတစုံ သာ ပါသို့။နှစ်ဆူ ဖြစ်တော်မူလျှင်၊ကြာ နှစ်ပွင့်,သက်နုံး နှစ်စုံသာ ပါသို့။ သုံးဆူ ဖြစ်တော်မူလျှင်၊ ကြာ သုံးပွင့်,သက်နုံးသုံးစုံသာ ပါသို့။လေးဆူ ဖြစ်တော်မူလျှင်၊ ကြာ လေးပွင့်,သက်နုံးလေးစုံသာ ပါသို့။ ငါးဆူ ဖြစ်တော်မူလျှင်၊ကြာ ငါးပွင့်,သက်နုံးငါးစုံသာ ပါသို့ဟု မှတ်ရမည်။ ။ဋ္ဌင်း၌ လာသည်။

၄၃၃။ ။အကယ်၍ ဘုရား ငါးဆူ ဖြစ်တော်မူအံ့။ ကြာပင်သည် ငါးပင် ပေါက်၍၊ ငါးပွင့် ပွင့်သဖြင့်၊ သက်နုံးငါးစုံ ပါလေသလော။ ထိုသို့ မဟုတ်၊ တပင်တည်း၌ ငါးပွင့် ပွင့်၍၊ သက်နုံးငါးစုံ ပါလေသလော။အဘယ်သို့နည်း။

တာနိစခေါ ဧကသ္မိံယေဝ နာဠေ့ ကဏ္ဏိကာနိ ဟုတွာ နိဗ္ဗတ္တာနိဘဝေဓိဘဗ္ဗာနိ။

ဤသို့ ကျမ်းဂန် လာသော့ငြ်၊ စင်စစ်အားဖြင့် ဘုရားငါးဆူ ပွင့်ကုန်သော်လည်း၊ ကြာပင်တို့သည် ငါးပင် ပေါက်၍ သက်နုံးငါးစုံ ပါသည် မဟုတ်။ ထိုကြာပွင့်သည် တပင်တည်း၌ ငါးပွင့် ပွင့်၍ သက်နုံးငါးစုံ ပါသည်ဟု မှတ်ရမည်။ ။ဋ္ဌင်း၌ လာသည်။

၄၃၄။ ။နေ,လ,မြင့်မိုရ်,စကြာဝဠာ,ကျွန်းကြီး,ကျွန်းငယ်,ဟိမဝန္တာ, သမုဒ္ဒရာတို့သည် ရှေ့,နောက် ဖြစ်ကုန်သလော။ထိုသို့ မဟုတ်၊တပြိုင်နက် တချက်တည်း ဖြစ်ကုန်သလော။အဘယ်သို့ ဖြစ်ကြကုန် သနည်း။

စန္ဒိမသူရိယာနံ ပန ပါတုဘာဝတော ပဋ္ဌာယေဝ သိနေရု,စက္ကဝါဠ,

ဟိမဝန္တပဗ္ဗတာ ဒိပါစ ပါတုဘဝန္တိ။ တေစခေါပန အပုဗ္ဗ,အစရိမံ ပဋ္ဋုဏာပုဏ္ဏမဒိဝသေယေဝ ပါတုဘဝန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နေ,လတို့သည် ထင်ရှား ဖြစ်သော နေ့၌လျှင် မြင့်မိုရ်တောင်, စကြဝဠာ, ကျွန်းကြီး,ကျွန်းငယ်, ဟိမဝန္တာ, သမုဒ္ဒရာတို့သည် ထင်ရှား ဖြစ်ကုန်၏။ ထိုသို့ မြင့်မိုရ်,စကြဝဠာ စသည် တို့သည် မရှေး,မနှောင်း တပေါင်းလပြည့်နေ့၌သာလျှင် တပြိုင်နက်,တ ချက်တည်း ထင်ရှား ဖြစ်ကုန်သည်ဟု မှတ်ရမည်။ ။ဝင်း၌ လာသည်၊

၄၃၂။ ။အဘယ်သို့ မရှေး,မနှောင်း တပြိုင်နက်,တချက်တည်း ထင်ရှား ဖြစ်ကုန်သနည်း၊

ယထာနာမ ကက်ဘတ္တေ ပစ္စမာနေ ဧကပဟာရေနေဝ ပုပ္ဖုဠကာ ဥပဋ္ဌဟန္တိ။ဧကပဒေသာ ထူပထူပါ ဟောန္တိ။ဧကေ နိန္နာ,နိန္နာ၊ဧကေ သမ,သမာ၊ ဧဝမေဝ ထူပ,ထူပ ဌာနေ ပဗ္ဗတာ ဟောန္တိ။နိန္န,နိန္န ဌာ နေ သမုဒ္ဒါ၊သမ,သမာ ဌာနေ ဒိပါတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊မြင့်မိုရ်တောင်,သမုဒ္ဒရာ,သီတာ,ပဗ္ဗတ စသည်တို့သည် မရှေးမနှောင်း,ထင်ရှား ဖြစ်ကုန်သည် ဆိုရာ၌၊ ဥပမာကား။— ဆတ်ထမင်းကို ချက်သည် ရှိသော်၊တပြိုင်နက်တည်းသာလျှင် အမြှုပ် တို့သည် တက်ကုန်၏။ ထိုသို့ တက်သော အခါ၊ တစိတ်တဒေသတို့သည် ဖုံ့,ဖုံ့ ရှိကုန်သည်။တစိတ်တဒေသတို့သည် နိမ့်နိမ့် ရှိကုန်သည်။တစိတ်တဒေ သတို့သည် အမျှမျှ ရှိကုန်သည်။ထိုအတူရင်း၊ ဖုံ့ ဖုံ့ ရှိရာ အရပ်၌လည်း မြင့် မိုရ်တောင်,သတ္တရဘန် စသော တောင်တို့သည် ဖြစ်ကုန်သည်၊နိမ့်နိမ့်ရှိရာ အရပ်၌လည်း မဟာသမုဒ္ဒရာတို့သည် ဖြစ်ကုန်သည်။ အမျှအမျှ ရှိရာ အရပ်၌လည်း ကျွန်းကြီး,ကျွန်းငယ်တို့သည် ဖြစ်ကုန်သည်ဟု မှတ်ရ မည်။ ။ဝင်း၌ လာသည်။

ဤသို့ ကျမ်းဂန် လာသည်နှင့် အညီ၊ဘုရိဒတ်,ဇာတ်ပေါင်း၌၊—

ကမ္ဘာဦးသူ၊ မှောင်မိုက်လူတို့၊ ဥဒ္ဒုဥဒ္ဒု သောင်းသောင်း၊ ဆုများ တောင်းသော်၊တပေါင်း,မာသ၊လပြည့်ဝ၌၊စန္ဒသူရိယာ၊ရောင် ဝါပလစ်၊အသစ် စက်စက်၊ထွက်လတ်သနေ့၊အခွေ့ နှီးဆော်၊ ညီစေ ခေါ်သို့၊ပေါ်ဆွဆွ၊ ပုပ္ဖုဠတို့၊ထူပ,ထူပါ၊ဖုံတက်ရာ

ကား၊သေလာပဗ္ဗတ၊ နိန္န,နိန္နာ၊ နိမ့်ရာရာကား၊မဟာ,အဏ္ဏဝ၊ သမ,သမာ၊ ညီရာ,ရာကား၊ လေးဖြာ ဒိပ၊ ဖြစ်ကြတုံရှောင်း၊ အကြောင်း ကြောင်းကို၊

ဟူ၍ အရှင်ရဋ္ဌသာရအကျော် စပ်တော်မူလေသည်၊

၄၃၆။ ။စတုမဟာရဇ်၊ တာဝတိံသာသုံတို့သည် အဘယ်သို့ တည်လေသနည်း။

စတုမဟာရာဇိက, တာဝတိံသာဘဝနာနိပန ပထဝိသမ္ဗန္ဓတာယ တာဝ ပါတုဘဝန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ စတုမဟာရဇ်,တာဝတိံသာ, ဤ နှစ်ဘုံတို့သည်ကား မြေနှင့် စပ်သောကြောင့် ရှေးဦး ထင်ရှား ဖြစ်ကုန်သည် ဟု မှတ်ရမည်။

၄၃၇။ ။အထက်နတ်ပြည်လေးထပ်, ဗြဟ္မာပြည်တို့သည် အဘယ် သို့ တည်လေသနည်း။

ဥပရိ စတုကာမာဝစရ,ဒေဝလောကဋ္ဌာနေ စတုကော ဒေဝလော ကာ ပါတုဘဝန္တိ။ ဗြဟ္မလောကဋ္ဌာနေ ဗြဟ္မလောကာ ပါတုဘဝန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အထက်နတ်ပြည်လေးထပ် တည်ရာ အရပ်၌ နတ်ပြည်တို့သည် ထင်ရှား ဖြစ်ကုန်သည်။ ဗြဟ္မာပြည် တည်ရာ အရပ်၌လည်း ဗြဟ္မာပြည်တို့သည် ထင်ရှား ဖြစ်ကုန်သည်ဟု မှတ်ရ မည်။ ၊ဂုဏ်း၌ လာသည်။

၄၃၈။ ။မဟာပထဝီမြေကြီး တည်ရာ,အရပ်၌ ရသပထဝီ တည် လတ်၍ မနုဿလောကဓာတ် ဖြစ်သည် ရှိသော်၊ ဗြဟ္မာပြည်မှ ဗြဟ္မာတို့ သည် ပကတိကိုယ်ဖြင့် မြေသင်းစား သက်လာကုန်သည် ဆိုကြသော စကားသည် မှန်အံ့လော၊အဘယ်သို့နည်း။

ဧဝံ မနုဿလောကေ သဏ္ဌဟိတေ ဗြဟ္မလောကတော စဝိတွာ မနုဿာ,ဩပပါတိကာ ဟုတွာ ဗြဟ္မုနော,ဝိယ ဥပ္ပဇ္ဇန္တိ၊ သယံ ပဘာ အန္တလိက္ခေစရာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ရသပထဝီ တည်၍၊မနုဿလောက ဓာတ် ဖြစ်လေသော်၊ ဗြဟ္မာတို့သည် ပကတိ ကိုယ်ဖြင့် ဆင်းသက်၍

ဖြေသင်း စားအံ့ဟု မလာ။ ဖြုဖ္ဗာဘုံမှ ရတော့သဖြင့်၊ ဖြုဖ္ဗာကဲ့သို့ လူ ဥပပတ်ပုဂ္ဂိုလ် ဖြစ်၍၊မိမိတို့၏ ကိုယ်ရောင်,ကိုယ်ဝါဖြင့် ထွန်းတောက်ပ ကုန်လျက်၊ကောင်းကင်ခရီးဖြင့် သွားလာကုန်သည်ဟု မှတ်ရမည်။ ။ ၎င်း၌ လာသည်၊

၄၃၉။ ။ကမ္ဘာဦး၌ ဖြစ်ကုန်သော သူတို့သည် ယောက်ျားလော, မိန်းမလော, အဘယ်သို့နည်း။

ဗျဉ္ဇနံ့,ပုရိသလိင်္ဂံ နတ္ထိ။နပုံသကလိင်္ဂံ ကောဋ္ဌာ ဟောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ကမ္ဘာ ဦး၌ ဖြစ်ကုန်သော သူတို့သည် ယောက်ျားလည်း မဟုတ်၊ မိန်းမလည်း မဟုတ်၊နပုံး ဖောက်ပြန်သည် ဟု မှတ်ရမည်။ ။၎င်း၌ လာသည်။

၄၄၀။ ။ကမ္ဘာဦး၌ ဖြစ်ကုန်သော သူတို့သည် ဩဠာရိကအာဟာရ မြိုမဲ့ စားသောက်ကုန်အံ့လော၊အဘယ်သို့နည်း။

အာဟာရသေဝနံ့ နတ္ထိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကမ္ဘာဦး၌ ဖြစ်ကုန်သော သူတို့သည် ဩဠာရိကအာဟာရ မြိုမဲ့,စားသောက်ခြင်း မရှိသည်သာ ဖြစ်သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်။

၄၄၁။ ။ကမ္ဘာဦး၌ ဖြစ်ကုန်သော သူတို့သည် ဩဠာရိကအာဟာရ မမြိုမဲ့,မစားမသောက်သည် ရှိသော်၊ အဘယ်သို့ အသက် ရှည်ကြ လေကုန်သနည်း။

ပီတိဘက္ခာယေဝ အသင်္ချေယျာယုကာ ဟောန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကမ္ဘာဦးသူတို့သည် မိမိတို့၏ ပီတိဟူသော ဩဇာ,အာဟာရ ရှိကုန်သည် ဖြစ်၍ အသင်္ချေယျကပ် ပတ်လုံး အသက် ရှည်ကုန်သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်။

၄၄၂။ ။ကမ္ဘာဦးသူတို့သည် အဘယ်ကာလ၌ ဖိဇ္ဇါပြည်ဘဏ် ဖြစ် လေကုန်သနည်း၊

ရသပထဝီတော ရသံ အင်္ဂုလိယာ ဂဟေတွာ ဇိဝှင်္ဂေ ဌပေသိ။ တသ္မိံ ခဏေ ဖိဇ္ဇါပြည်ဘဏ် ဥပ္ပဇ္ဇတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ရသပထဝီမှ အရသာကို လက်

ချောင်းတို့ဖြင့် ယူ၍၊ လျှာပေါ်၌ တင်ထားကုန်၏။ ထိုအခါ ကမ္ဘာဦး သူတို့အား ဇိဝှါဝိညာဏ် ဖြစ်လေသည်ဟု မှတ်ရမည်။ ။ငင်း၌လာသည်။

၄၄၃။ ။ကမ္ဘာဦးသူတို့သည် ရသပထဝီကို စားသောက်၍ ကာလ ရှည်လျားလတ်သော်၊ တဏှာလောဘဖြစ် အစွမ်းကြောင့် ထို ရသပထဝီသည် ကွယ်ပျောက်၏။ ထိုသို့ ကွယ်ပျောက်သော အခါ၊ အဘယ်အရသာ ပေါ်၍ စားကြလေကုန်သနည်း။

တတော တေသံ ပုညာနုဘာဝေန အဟိဆတ္တကမကုလာနိဝိယ ဘူမိပဗ္ဗတတောနာမ ဥပ္ပဇ္ဇာတိ။တေသံ ဂဟောတွာ ခါဒိံသု။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ရသပထဝီ ကွယ်ပြီးသည်နောက်၊ ထိုသူတို့၏ ဘုန်းကြီးမှာ အစွမ်းကြောင့် မှိုပုံသဏ္ဌာန်ကဲ့သို့ မြေလွှာ အရသာသည် တဖန် ဖြစ်ပြန်၍၊ ထိုမြေလွှာအရသာကို စားကြကုန်သည် ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။

၄၄၄။ ။ကမ္ဘာဦးသူတို့အား ထိုမြေလွှာ၊ အရသာကို စား၍၊ ကာလ ရှည်သဖြင့်၊ တဏှာ၊ ရာဂအစွမ်းကြောင့် ထိုမြေလွှာ၊ အရသာ ကွယ်ပြန်ခဲ့သော်၊ အဘယ် အရသာကို စားကြလေကုန်သနည်း။

တတော တေသံ ပုညာနုဘာဝေန၊ ပုန ပဒါလတာနာမ သရသဝလ္လီယာ ဥပ္ပဇ္ဇိံသု၊ တေသံ ဂဟေတွာ ခါဒိံသု။

ဤသို့ကျမ်းဂန် လာသောကြောင့်၊ ထိုနောက် မြေလွှာအရသာ ကွယ် ခဲ့သော်၊ ထိုသူတို့၏ ဘုန်းအာနုဘော်ကြောင့် ပဒါလတာအမည် ရှိ သော၊ အရသာနှင့်ပြည့်စုံသော နွယ်တို့သည် ဖြစ်လာ၍၊ ထိုနွယ်ချိုကို ယူ၍ စားကြကုန်သည်ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။

၄၄၅။ ။ပဒါလတာနွယ်ချိုကို စားကြကုန်၍ ကာလ ရှည်သ ဖြင့်၊ ထိုနွယ်ချို ကွယ်ပြန်လတ်သော်၊ အဘယ် အစာကို စားကြပြန် လေကုန်သနည်း။

အထ သယံဇာတ သာလိ ဥဋ္ဌဟိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပဒါလတာနွယ်ချို ကွယ်ပြီး သည်နောက်၊ အလိုလို ရောက်သော နမသလေးဆန်ချည်း သီးသော

မြိန်မြတ်သော အရသာကို ယူ၍ စားကြကုန်သည်ဟု မှတ်ရမည်။ ၎င်း၌ လာသည်။

၄၄၉။ ။ကမ္ဘာဦးသူတို့သည် သလေးဆန် ဟူသော ဩဇာ,အာဟာရကို သုံးဆောင်,စားသောက်သော ကာလ၌ ကိုယ်ရောင်,ကိုယ်ဝါတို့သည် ရှိကုန်,တည်ကုန်အံ့လော။ အဘယ်သို့နည်း။

တံ ဩဠာရိကာဟာရံ အနုဘဝန္တာနံ တဏှာယစ ကာမေန ဝဓို တတ္တာ သရီရပ္ပဘာ အန္တရဓာယတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ရုန့်ရင်းသော သလေးဆန်တည်းဟူသော ဩဇာ,အာဟာရကို သုံးဆောင်,စားသောက်သော အားဖြင့်၊တဏှာ,ရာဂတို့သည် အစဉ်အတိုင်း ပွားလေသောကြောင့်၊ ကမ္ဘာဦးသားတို့အား ကိုယ်ရောင်,ကိုယ်ဝါ ကွယ်ပျောက်၍၊ ကောင်းကင် ခရီးဖြင့် ပျံသွားခြင်းငှာ မတတ်နိုင်ပြီ ဖြစ်သည်ဟု မှတ်ရမည်။ ။ ၎င်း၌ လာသည်။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ဘူရိဒတ်ဇာတ်ပေါင်း၌—

ပူဇရ ပူဇဏ္ဍ၊ကာ ကဿ ဘရိယား၊ ဓိပ္ပါယ် ကြားပိမ့်။ ရှေး
ဖျား ကမ္ဘာ၊ ပေါ်ခါလည်းကောင်း၊ အပေါင်း ရူပ၊ သောဠသ
တွင်၊ နာမ ပညတ်၊ အထူး မှတ်သား၊ အာဘဿရာ၊ နတ်
ဗြဟ္မာတို့၊ ခန္ဓာ လျှောပြတ်၊ ကာမဓာတ်သို့၊ ဥပတ် တင်ပြ၊
ဖြစ်ကုန်ကြသော်၊ ကမ္ဘဖိန္တို့၊တန်ခိုး ရှိ၍၊ မိမိ ကိုယ်ချောင်၊ တ
ပြောင်ပြောင်တည့်။ မိုက်မှောင် ပျောက်ပယ်၊ ကောင်းကင်
လယ်၌၊ငှက်နှယ် ဝဲပျံ၊ကွန့်မြူး စံဖျို့။ တရံရောခါ၊ မြေဩဇာ
နှင့်၊ ပတာလတာ၊ ရသာနွယ်ချို၊ အလို စားပြီး၊ ဆန်ချည့်
သီးသား၊ လုံးကြီး မကျိုး၊ ရိုးရရိုးတိ၊ စားဘွယ် ရှိသား၊
သာလိဘတ္တ၊ လွှရက္ခတိ။ စားကြသောအား၊ ရမ္မက် ပွား၍၊
ယောက်ျား,မိန်းမ၊ ဖြစ်စ ထိုရော်၊ မွေ့လျော် မပျက်၊ အိမ်
ထောင် ရှက်၍၊ စဉ်ဆက် သား,မြေး၊ မွေးလတ်ရာတွင်၊
ပုညာပုည၊သက်ဦးကြောင့်၊ဂေါတ္တလေးပါး၊နောက်မှ ပွားရှင့်။

ဟူ၍၊ အရှင်ရဋ္ဌသာရအကျော် စပ်တော်မူလေသည်။

၄၄၇။ ။ကမ္ဘာဦးသူတို့အား ရှန့်ရင်းသော အစာကို စားသဖြင့် တဏှာ,ရာဂ၏ အစွမ်းကြောင့်၊ မိမိတို့၏ တန်ခိုး,အရောင်အဝါကွယ် ပျောက်၍၊ ကြောက်ရွံ့ခြင်း ဖြစ်သော အခါ၊ အဘယ် အရာကို ရပြန် လေသနည်း။

တေသံ စိန္တယန္တာနံ ပုညဗလေန ဘဂ္ဂုဏာ,ပုဏ္ဏမိယံ သူရိယမဏ္ဍ လံ ဥပ္ပဇ္ဇတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကမ္ဘာဦးသားတို့သည် ကိုယ်ရောင်, ကိုယ်ဝါ ကွယ်ပျောက်၍ ကြောက်ရွံ့ခြင်း ဖြစ်လေသော်၊ အဘယ် သို့သော အလင်းကို ရပါလတ္တံ့နည်းဟု ကြံကုန်,တောင့်တကုန် ဦ၊ မိမိတို့၏ တန်ခိုး,အာနုဘော်အစွမ်းကြောင့်၊ တပေါင်းလပြည့်နေ့အခါ အဝန်း ယူဇနာငါးဆယ် ရှိသော နေမိမာန်သည် ပေါ်လတ်၍၊ အလင်းဟူသော အရောင်အဝါကို ရသဖြင့် ရဲရင့်ခြင်း ဖြစ်လေသော ကြောင့်၊ သူရဲ ဆိုလိုလျက်၊ သူရိယ ဟူသော အမည် တွင်လေသည်ဟု မှတ်ရမည်။

၄၄၈။ ။ထို နေမိမာန်သည် တဖန် ဝင်ပြန်ခဲ့သော်၊ အဘယ် အလင်း ကို ရပြန်လေသနည်း။

တေသံ စိန္တယန္တာနံ ပုညဗလေန ဘဂ္ဂုဏာ,ပုဏ္ဏမိယံ စန္ဒမဏ္ဍလံ ဥပ္ပဇ္ဇတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နေသည် ဝင်ပြန်ခဲ့သော်၊ အဘယ် အလင်းကို ရပြန်လတ္တံ့နည်းဟု ကြံကုန်,တောင့်တကုန်သော ခဏ၌ လေးဆယ့်ခုနစ်ယူဇနာအဝန်း* ရှိသော လမိမာန်သည် ပေါ်လာ တည့်၍၊ ငြိမ်းချမ်း,သာယာသဖြင့် အလိုအတိုင်း ပြည့်စုံသောကြောင့်၊ ဆန္ဒ ဆိုလိုလျက်၊ စန္ဒ ဟူသော အမည် တွင်သည်ဟု မှတ်ရမည်။

၄၄၉။ ။ကမ္ဘာဦး၌ ဖြစ်ကုန်သော လူအပေါင်းတို့သည် အဘယ် ကာလသို့ ရောက်မှ ယောကျ်ား,မိန်းမဟု ထင်ရှား ဖြစ်လေကုန်သ နည်း။

သာလိဩဒနံ ပရိဘုဉ္ဇန္တာနံ ရသံ ဝ ,န္တော ပိ ဝဏ္ဏနော ဩဠာရိက ဘာဝေန ပသာဝံ ကရိသဗ္ဗ ဥပ္ပါဒေတိ၊ အထ နေသံ နိက္ခမနဋ္ဌာယ

နဝမခါနိ ပရိဘိဉ္ဇန္တိ။ ပုရိသသာ ပုရိသဘာဝေါ၊ ဣတ္ထိယာ ဣတ္ထိဘာဝေါစ ပါတုဘဝန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကမ္ဘာဦး၌ ဖြစ်ကုန်သော လူအပေါင်းတို့သည် ရုန့်ရင်းသော သလေးဆန် ဟူသော ဩဠာရိကအာဟာရကို စားကုန်သောကြောင့်၊ ညစ်ညူးသော အစာဟောင်းတို့ ဖြစ်၍၊ ထွက်သွန်ရာ ဖြစ်သော ပဿာဝမဂ်,ဝစ္စမဂ်,မှ၍ ကိုးပါးသော ဒွါရတို့သည် ဖြစ်ကုန်သဖြင့်၊ ရှေးကမ္ဘာ၌ ဖြစ်မြဲတိုင်းသော ယောကျ်ား,မိန်းမတို့သည် ထင်ရှား ဖြစ်ကုန်သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်။

၄၅၀။ ။ထိုသို့ ယောကျ်ား,မိန်းမ ဖြစ်ပြီးသည်နောက်၊ အဘယ်သို့ ဖြစ်လေသနည်း။

တေ အညမညံ မေထုန ဓမ္မံ စရိံသု။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ထိုယောကျ်ား,မိန်းမတို့သည် အချင်းချင်း ကြည့်လတ်သော်၊ ရှေး၌ ပါသော ဝါသနာ၏ အစွမ်းဖြင့် အချင်းချင်း မေထုန,သေဝန ဖြစ်ကြကုန်သောကြောင့်၊ လူတို့သည် ပွားများလေကုန်သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်။

၄၅၁။ ။ကမ္ဘာဦး၌ ဖြစ်ကုန်သော သူတို့သည် အဝတ်ပုဆိုး အဘယ်မှာ ရ၍ ဝတ်ရလေကုန်သနည်း။

တေ မနုဿာ ကပ္ပရုက္ခတော ဝတ္ထာနိ ဂဟေတွာ အစ္ဆာဒယိံသု။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကမ္ဘာဦး၌ ဖြစ်ကုန်သော လူအပေါင်းတို့သည် မိမိတို့၏ ဘုန်းကြောင့် ဖြစ်သော ပဒေသာပင်မှ အဝတ်ပုဆိုးတို့ကို ယူ၍၊ ဖုံးလွှမ်းကုန်သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်။

၄၅၂။ ။ထိုကမ္ဘာဦးသူတို့သည် သလေးဆန်ကို ကာလ ရှည်ကြာစွာ စားကြကုန်၍၊ တဏှာ,ရာဂ ပွားများသဖြင့်၊ နေ့ဘို့,ညဘို့ သိုမှီးထားကြကုန်သည်။ ထိုသို့ သိုမှီးထားကြကုန်သောကြောင့်၊ သလေးဆန်တို့သည် ကွယ်ကုန်သည် ဖြစ်၍၊ စပါးသီးတို့သည် ဖြစ်ပြန်လေကုန်သည်။ ထိုက စ၍ စပါးမျိုးစေ့တို့ကို စိုက်ပျိုး,လုပ်ဆောင်မှ၊ စားသောက်ရကုန်သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်။

သလေးဆန် ကွယ်၍ စပါးသီးသော ကာလ၌၊ လယ်ယာ၌ သန် သီမ်းဆည်း,မှတ်သားကြ၍၊ အငြင်း,အခုံ ဝိဝါဒ ဖြစ်ကြလေသောကြောင့်၊ ငါတို့ ဘုရားသခင် အလောင်းတော်ကို ဒသဘာဂဟု ဆိုအပ်သော ဆယ်ဘို့,တဘို့ ပေး၍၊ မဟာသမတဟု သမုတ်ပြီးလျှင်၊ မင်းမြှောက်ကြကုန်သည်ဟု မှတ်ရမည်။ ။ရင်း၌ လာသည်။

၄၅၃။ ။လဝိမာန်ပမာဏ အဘယ်မျှ ရှိသနည်း။

ပမာဏတော စန္ဒသ ဥဇုကံ ဧကူနပညာသယောဇနံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လဝိမာန်ပမာဏအဖြောင့် လေးဆယ့်ကိုးယူဇနာ ရှိ၏ဟု မှတ်ရမည်၊

၄၅၄။ ။လဝိမာန်အဝန်းကား ယူဇနာ အဘယ်မျှ ရှိသနည်း။

ပရိမဏ္ဍလတောပန သတ္တဟိ ယောဇနေဟိ ဥနာနိ ဒိယာဍယောဇနသတာနိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လဝိမာန်အဝန်းကား တရာ့လေးဆယ့်ခုနစ်ယူဇနာ ရှိသည်ဟု မှတ်ရမည်။

၄၅၅။ ။နေဝိမာန်အဖြောင့်ကား ယူဇနာအဘယ်မျှ ရှိသနည်း။

သူရိယဿ ဥဇုကံ ပညာသယောဇနံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နေဝိမာန်အဖြောင့်ကား ယူဇနာ ငါးဆယ် ရှိ၏ဟု မှတ်ရမည်။

၄၅၆။ ။နေဝိမာန်အဝန်းကား ယူဇနာ အဘယ်မျှ ရှိသနည်း။

ပရိမဏ္ဍလတော ဒိယာဍယောဇနသတာနိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နေဝိမာန် အဝန်းကား ယူဇနာ တရာ့ငါးဆယ် ရှိသည်ဟု မှတ်ရမည်၊

၄၅၇။ ။နေနှင့် လ အောက်,အထက် သွားသော ခရီးသည် အဘယ်မျှ ရှိသနည်း၊

စန္ဒော ဟေဋ္ဌာ သူရိယော ဥပရိ အန္တရာ တေသံ ယောဇနံ ဟောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နေနှင့် လ အထက်,အောက် သွားသော ခရီးသို တယူဇနာ ခြားသိဟု မှတ်ရမည်၊ ။ဤအခြင်းအရာ

ကို သံယုတ္တနိကာယ်၌ လာသည် မှတ်ရမည်။
၄၅၇။ ။ရာဟုအသူရိန်အရပ်ကား အဘယ်မျှလောက် မြင့်လေသနည်း။
ရာဟုဿတိ အတ္တဘာဝေါ မဟာဥက္ကဋ္ဌေန အဋ္ဌယောဇနသတာဓိကာနိ စတ္တာရိမေဝ ယောဇနသဟဿာနိ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အသူရိန်ကား ဖဝါးကသည် ဆံရင်းတိုင်အောင်၊ယူဇနာ လေးထောင့်,ရှစ်ရာ ရှိသည်ဟု မှတ်ရမည်။
၄၅၈။ ။လက်ရုံးအဆစ်တို့၏ အကြားကား အဘယ်မျှ ရှိသနည်း။
ဗာဟန္တရမဿ ဒွါဒသယောဇနသတာနိ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လက်ရုံးအဆစ်တို့၏ အကြားကား တဆယ့်နှစ်ယူဇနာ နှံ့ကျန်သည်ဟု မှတ်ရမည်။
၄၆၀။ ။အထုအားဖြင့်ကား ယူဇနာအဘယ်မျှ ရှိသနည်း။
ဗာဟလတ္တေန ဆယောဇနသတာနိ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အထုအားဖြင့် ယူဇနာခြောက်ရာ ရှိသည်ဟု မှတ်ရမည်။
၄၆၁။ ။ဦးခေါင်းကား အဘယ်မျှ ရှိသနည်း။
သီသံ နဝယောဇနသတံ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဦးခေါင်းကား ယူဇနာကိုးရာ ရှိသည်ဟု မှတ်ရမည်။
၄၆၂။ ။နဖူးပြင်ကား အဘယ်မျှ ရှိသနည်း။
နလာဋံ တိယောဇနသတံ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နဖူးအပြင်သည်ကား ယူဇနာ သုံးရာ ရှိသည်ဟု မှတ်ရမည်။
၄၆၃။ ။မျက်မှောင်တန်းအကြားသိကား အဘယ်မျှ ရှိသနည်း။
ဘမုကန္တရံ ပဉ္စာသယောဇနံ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မျက်မှောင်တန်းအကြား ယူဇနာ ငါးဆယ် ရှိသည်ဟု မှတ်ရမည်။
၄၆၄။ ။နှာခေါင်းကား အဘယ်မျှ ရှိသနည်း။
ဃာနံ တိယောဇနသတံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊နှာခေါင်းကား ယူဇနာသုံးရာ ရှိသည်ဟု မှတ်ရမည်။

၄၆၅။ ။ခံတွင်းအနက်ကား ယူဇနာအဘယ်မျှ ရှိသနည်း။

မုခံ တိယောဇနသတဂမ္ဘီရံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ခံတွင်းကား ယူဇနာသုံးရာ ရှိသည်ဟု မှတ်ရမည်။

၄၆၆။ ။လက်ဖဝါး,ခြေဖဝါး အထုကား အဘယ်မျှလောက် ရှိသနည်း။

ဟတ္ထတလ,ပါဒတလာနံ ဗဟလတော ဒွိယောဇနသတာနိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊လက်ဖဝါး,ခြေဖဝါး အထုသည်ကား ယူဇနာနှစ်ရာ ရှိသည်ဟု မှတ်ရမည်။

၄၆၇။ ။လက်ဆစ် တဆစ်,တဆစ် အကြားသည် အဘယ်မျှ သနည်း။

အင်္ဂုလိပဗ္ဗာနိ ပဉ္စာသယောဇနာနိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လက်ဆစ် တဆစ်,တဆစ်၏ အကြားသည် ယူဇနာငါးဆယ်စီ ခြားသည်ဟု မှတ်ရမည်။

၄၆၈။ ။လ,နေတို့ကို အသူရိန် ဖမ်းမိသည် ဆိုသော်၊လက်ဖြင့် ဖမ်းသလော၊ထိုသို့ မဟုတ် ခံတွင်းဖြင့် ငုံလေသလော။အဘယ်သို့နည်း။

သော စန္ဒိမသူရိယေ ဝိရောစမာနေ ဒိသွာ ဣဿာပကတော တေသံ ဂမနဝိထိံ ဩတရိတွာ တိဋ္ဌတိ။ စန္ဒဝိမာနံဝါ သူရိယဝိမာနံဝါ တိယောဇနသတိကေ မဟာနိရယေ ပက္ခိတ္တံဝိယ ဟောတိ။ ဝိမာနေ အဓိဝတ္ထာ ဒေဝတာ မရဏဘယတဇ္ဇိတော ဧကပဟာရေနေဝ ဝိရဝန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုရာဟုအသူရိန်သည် ထွန်းလင်းကုန်သော လ,နေတို့ကို မြင်လတ်သည် ရှိသော်၊ ငြူစူခြင်းဖြင့် နှိပ်စက်သည် ဖြစ်၍၊ထို နေ,လတို့ သွားသော ခရီးသို့ ဆင်းသက်သဖြင့်၊ ခံတွင်းကို ဖွင့်လျက် နေ၏၊ထိုသို့ နေသော အခါ၊လဗိမာန်သည်၎င်း၊ နေဗိမာန်သည်၎င်း၊ယူဇနာသုံးရာ ရှိသော မိမိခံတွင်းသို့ ရောက်လတ်သော်၊ ငရဲ

ကြီး၌ ကျအံ့သကဲ့သို့ ထင်၍၊ ဗိမာန်ကို စောင့်သော နတ်တို့သည် သေဘေးကို ကြောက်သောကြောင့်၊ မြည်တမ်းကုန်သည်ဟု မှတ်ရမည်။

၄၆၉။ ။ထို၌ တပါး၊အဘယ်အရပ်၌ ဖမ်း၍ ထားလေသနည်း။

သောပန ဝိမာနံ ကဒါစိ ဟဋ္ဌေန ဆာဒေတိ။ကဒါစိ ဟနုကဿ ဟေဋ္ဌာ ပက္ခိပတိ။ ကဒါစိ ဓိဌါယ ပရိမဇ္ဇတိ။ကဒါစိ အဝကဇ္ဈကာရကံ ဘုဇ္ဇန္တော၀ိယ ကပေါလန္တရေ ဌပေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ရာဟုအသူရိန်သည် လဗိမာန်,နေဗိမာန်တို့ကို တရံတခါ လက်ဖြင့် ဖုံးလွှမ်းသည်။ တရံတခါ မေးအောက်၌ ထားသည်။တရံတခါ လျှာဖြင့် သုံးသပ်သည်။ တရံတခါ ပါးစောင်၌ ထားသကဲ့သို့၊ပလုပ်ကြား၌ ထားသည်ဟု မှတ်ရမည်။

၄၇၀။ ။ထိုရာဟုအသူရိန်သည့် သွားခြင်းအဟုန်ကို တားမြစ်အံ့သောငှာ တတ်နိုင်အံ့လော။အဘယ်သို့နည်း။

ဝေဂံပန ဝါရေတုံ နသက္ကောတိ။သစေပိ ဝါရေဿာမိတိ ကဉ္စေ ကတွာ တိဋ္ဌေယျ။ မတ္ထကံ တဿ ဘိန္ဒိတွာ နိက္ခမေယျ။ တံ အာကဍ္ဎိတွာ နိသီဒေယျ။တသ္မာ ဝိမာနေန သဟေဝ ဂစ္ဆတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ရာဟုအသူရိန်သည် နေ,လတို့၏ သွားခြင်း,လျှင်ခြင်း,အဟုန်ကိုကား တားမြစ်အံ့သောငှာ မတတ်နိုင်။ အကယ်၍ တားမြစ်အံ့ဟု ပါးစောင်၌ ထား၍ တည်ငြားအံ့။ ထိုရာဟုအသူရိန်၏ ဦးခေါင်းသည် ကွဲ၍ ထွက်ရာ၏။ထို နေ,လတို့ကို ငင်၍ ညွတ်စေခြင်းငှာ မတတ်နိုင်။ ထို့ကြောင့်၊ဗိမာန်နှင့်တကွလျှင် သွားသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို သံယုတ္တနိကာယ် ဒေဝတာသံယုတ် အဖွင့်၌ လာသည် မှတ်ရမည်။

၄၇၁။ ။မြင်းမိုရ်တောင်သည် ရေပေါ်မှ ပေါ်သည်ကား အဘယ်မျှ၊ရေ၌ နစ်သည်ကား အဘယ်မျှ ရှိသနည်း။

သော စတုရာသီတိယောဇန-သဟဿာနိ မဟာသမုဒ္ဒံ ဩဂါဟိတွာ အနုပုဗ္ဗိသိတွာ ဌိတော။တတ္တကမေဝ ဥဂ္ဂတော နကေဝလံ စေတ္တ ဥဗ္ဗေဓေန။ အထခေါ အာယာမ,ဝိတ္ထာရတောပိဿ တတ္တကာယေဝ ဝတ္တုံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မြင်းမိုရ်တောင်မင်းသည် ရေ၌ နစ်သည်ကား ရှစ်သောင်းလေးထောင်၊ ရေမှလည်း ပေါ်သည်ကား ရှစ်သောင်းလေးထောင်။ အလျားအားဖြင့်လည်း ရှစ်သောင်းလေးထောင်၊ အနံအားဖြင့်လည်း ရှစ်သောင်းလေးထောင် ရှိသည်ဟု မှတ်ရမည်။

၄၇၂။ ။မြင်းမိုရ်တောင်၌ အာလိန်ကား အဘယ်မျှ အဆင့် ရှိသနည်း။

သိနေ့ရုပဗ္ဗတဿ သမန္တတော ပဉ္စ အာလိန္ဒါနိ ဟောန္တိ၊ယေသု ဋ္ဌိတာ နာဂါ,ဂရုဠာ,ကုမ္ဘဏ္ဍာ,ယက္ခာစ ဂန္ဓဗ္ဗာ,တာဝတိံသဘာဝနဿ အာရက္ခံ ကရောန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သိကြားမင်း နေရာ တာဝတိံသာနတ်ပြည်၏ အစောင့်အရှောက် ဖြစ်သော မြင်းမိုရ်တောင်၏ ထက်ဝန်းကျင်မှ အာလိန်သည်ကား နဂါး,ဂဠုန်,ဂုမ္ဘန်,ယက္ခ,ဂန္ဓဗ္ဗ ဟူ၍ ငါးဆင့် ရှိသည်ဟု မှတ်ရမည်။

၄၇၃။ ။မြင်းမိုရ်တောင်၏ အရှေ့မျက်နှာမှ ဘယ်အရောင် ထွက်လေသနည်း။

တဿပန သိနေ့ရုနော ပါစိနပဿံ ရဇတ,မယံ။ တသ္မာ တဿ ပဘာယ အဇ္ဈောတ္ထဋံ၊တသ္မိံ ဒိသာယံ သမုဒ္ဒေါဒကံ ခီရံဝိယ ပညာယတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊မြင်းမိုရ်တောင်၏ အရှေ့မျက်နှာသည်ကား ငွေရောင်ဖြင့် ပြီး၏၊ ထိုကြောင့်၊ငွေ၏ အရောင်ဖြင့် ဖုံးလွှမ်းသည် ဖြစ်၍၊ထို အရှေ့အရပ်၌ သမုဒ္ဒရာရေသည် နို့ရည်ကဲ့သို့ ထင်သည်ဟု မှတ်ရမည်။

၄၇၄။ ။မြင်းမိုရ်တောင်၏ တောင်မျက်နှာအရပ်မှ အဘယ် အရောင် ထွက်လေသနည်း။

ဒက္ခိဏပဿံပန ဣန္ဒနီလ,မဏိမယံ၊ တသ္မာ ဒက္ခိဏဒိသာယ သမုဒ္ဒေါဒကံ ယေဘုယျေန နီလဝဏ္ဏံ ဟုတွာ ပညာယတိ။ တသ္မာ အာကာသံ။

ဤသို့ ကျမ်းဂန် လာသော့ငြာ်၊ မြင်းမိုရ်တောင်၏ တောင်မျက်နှာ ကား ဣန္ဒနီလာပတ္တမြားအရောင်ဖြင့် ပြီး၏၊ ထိုကြောင့်၊ တောင်မျက်နှာ အရပ်၌ သမုဒ္ဒရာရေသည် များသောအားဖြင့် ညိုသော အဆင်း ထင်သည်၊ ထိုအတူရင်း၊ ကောင်းကင်လည်း ထင်သည်ဟု မှတ်ရမည်။

၄၇၅။ ။မြင်းမိုရ်တောင်၏ အနောက်မျက်နှာ အရပ်မှကား အ ဘယ် အရောင် ထွက်လေသနည်း၊

ပစ္ဆိမဿ ဖလိကမယံ၊ တသ္မာ ပစ္ဆိမ,ဒိသာယ သမုဒ္ဒေါဒကံ ဖလိကံ,ဝိယ ပညာယတိ၊

ဤသို့ ကျမ်းဂန် လာသော့ငြာ်၊ မြင်းမိုရ်တောင်၏ အနောက်မျက်နှာ အရပ်ကား ဖလ်ဖြင့် ပြီးသော အရောင် ရှိ၏၊ ထိုကြောင့်၊ အနောက် မျက်နှာအရပ်၌ သမုဒ္ဒရာရေသည် ဖလ်ရောင်ကဲ့သို့ ထင်လေသည်ဟု မှတ်ရမည်၊

၄၇၆။ ။မြင်းမိုရ်တောင်၏ မြောက်မျက်နှာအရပ်မှကား အဘယ် အရောင် ထွက်လေသနည်း၊

ဥတ္တရဿ သုဝဏ္ဏမယံ၊ တသ္မာ ဥတ္တရ,ဒိသာယ သမုဒ္ဒေါဒကံ သုဝဏ္ဏံ,ဝိယ ပညာယတိ၊

ဤသို့ ကျမ်းဂန် လာသော့ငြာ်၊ မြင်းမိုရ်တောင်၏ မြောက်မျက်နှာ အရပ်ကား၊ ရွှေဖြင့် ပြီးသော အရောင် ရှိ၏၊ ထိုကြောင့်၊ မြောက်မျက်နှာ အရပ်၌ သမုဒ္ဒရာရေသည် ရွှေရောင်ကဲ့သို့ ထင်သည်ဟု မှတ်ရမည်၊

၄၇၇။ ။မြင်းမိုရ်တောင်ကို ဝန်းရံလျက် တည်သော တောင်စဉ် ခုနစ်ထပ် ဆိုသည်ကား အဘယ်နည်း။

ဒိဗ္ဗာနာနာ ရတနစိတ္တကာ ယုဂန္ဓရော, ဣသိန္ဓရော, ကရဝိကော, သုဒဿနော,နေမိန္ဓရော,ဝိနတကော,အဿကဏ္ဏော,သတ္တဂိရိ,သိနေ္နရုံ ပရိက္ခိပိတွာ ဌိတာ ဟောန္တိ။

ဤသို့ ကျမ်းဂန် လာသော့ငြာ်၊ နတ်တို့၏ နေရာ ဖြစ်သော အထူး ထူးသော ရတနာတို့ဖြင့် ဆန်းကြယ်စွာ မြင်းမိုရ်တောင်ကို ရံ၍ တည် သော တောင်စဉ်ခုနစ်ထပ်သည်ကား၊ ယုဂန္ဓိုရ်တောင်,ဣသိန္ဓရတောင်, ကရဝိကတောင်, သုဒဿနတောင်, နေမိန္ဓရတောင်, ဝိနတကတောင်,

အဿကဏ္ဏတောင်၊ ဤသို့ကား မြင်းမိုရ်တောင်ကို ရံ၍ တည်သော တောင်စဉ်ခုနစ်ထပ်ဟု မှတ်ရမည်။

၄၇၈။ ။ထိုခုနစ်ထပ်သော တောင်တို့တွင် ယုဂန္ဓိုရ်တောင်သို့ ရေမှ နှစ်သို့ကား အဘယ်မျှ၊ ပေါ်သို့ကား အဘယ်မျှနည်း။

တေသု ယုဂန္ဓရော ဒွါစတ္တာလီသ-ယောဇန-သဟဿာနိ သမုဒ္ဒေ ဩဂါဠှော၊ တတ္တက မေဝ ဥပရိ ဥဂ္ဂတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုတောင်စဉ်ခုနစ်ထပ်တို့တွင် ယုဂန္ဓိုရ်တောင်သည် သမုဒ္ဒရာ၌ နှစ်သို့ကား၊ ယူဇနာ,လေးသောင်း နှစ်ထောင်၊ ရေမှ ပေါ်သို့ကား ယူဇနာ,လေးသောင်းနှစ်ထောင် ရှိသည်ဟု မှတ်ရမည်။

၄၇၉။ ။ဣသိန္ဓရတောင်သို့ ရေမှ နှစ်သို့ကား အဘယ်မျှ၊ ပေါ်သို့ကား အဘယ်မျှနည်း။

ဣသိန္ဓရောပိ ဧကဝီသ-ယောဇန-သဟဿာနိ သမုဒ္ဒေ ဩဂါဠှော၊ တတ္တကမေဝ ဥပရိ ဥဂ္ဂတော တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဣသိန္ဓရတောင်သို့ ရေ၌ နှစ်သို့ကား ယူဇနာ,နှစ်သောင်းတထောင်၊ ပေါ်သို့လည်း ယူဇနာနှစ်သောင်း တထောင် ပေါ်သည်ဟု မှတ်ရမည်။

ကြွင်းကုန်သော ကရဝိကတောင်,သုဒဿနတောင်,နေမိန္ဓရတောင်, ဝိနတကတောင်,အဿကဏ္ဏတောင်တို့၌လည်း၊—

ဧတမိနာ နယေန သေသေသုပိ ဥပဍ္ဎု-ဥပဍ္ဎုပမာဏတာ ဝေဒိတဗ္ဗာ။ ဟူသော ပါဠိနှင့်အညီ၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် အစဉ်သင့် ထက်ဝက်,ထက်ဝက်စီ လျော့သော အားဖြင့် အတိုင်းအရှည် ရှိကုန်သည်ဟု မှတ်ရမည်။

၄၈၀။ ။ထိုတောင်စဉ်ခုနစ်ထပ်တို့သည် အဘယ်သို့သော သဏ္ဌာန်ဖြင့် တည်လေသနည်း။

သတ္တ ပဗ္ဗတာ အနုပုဗ္ဗေန သမုဂ္ဂတာ သောပါဏသဒိသာ ဟုတွာ ဋ္ဌိတာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တောင်စဉ်ခုနစ်ထပ်တို့သည် အစဉ်အ

တိုင်း ကောင်းစွာ တက်ကုန်သို့ ဖြစ်၍၊ စောင်းတန်းကဲ့သို့ တည်ကုန် သိုဟု မှတ်ရမည်။

၄၈၁။ ။တောင်စဉ်ခုနစ်ထပ်တို့၏ အကြား,အကြား၌ သီတာခုနစ်တန်တို့သည် အဘယ်မျှ အတိုင်းအရှည် ရှိကုန်သနည်း။

တေပန ပိဏ္ဍာရတော ယထာက္ကမံ သိနေ္နရု အာဒိနံ အဍ္ဍုဂ္ဂမနဿ ဟာပရိမာနာတိ ဘာဝန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တောင်စဉ်ခုနစ်ထပ်တို့၏ အကြား, အကြား၌ သီတာခုနစ်တန်တို့သည်ကား အကျယ်,အနက်အားဖြင့် အစဉ်အတိုင်း မြင်းမိုရ်,အစ ရှိသော တောင်စဉ်ခုနစ်ထပ်တို့၏ နစ်သော, တက်သော အတိုင်းအရှည် ရှိကုန်သိုဟု မှတ်ရမည်။ ။ဤအခြင်းအရာများကို ဒီဃနိကာယ်,ပိသုဒ္ဓ,စသော ကျမ်းတို့၌ လာသို မှတ်ရမည်။

၄၈၂။ ။မြင်းမိုရ်တောင်သည် အဝန်းလော၊ လေးထောင့်လော၊ အဘယ်သို့နည်း။

သိနေ္နရုပဗ္ဗတော ဝဋ္ဋော နစတုရသော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မြင့်မိုရ်တောင်သည် လေးထောင့် မဟုတ်၊ အဝန်းလုံး ဖြစ်သည်ဟု မှတ်ရမည်။

၄၈၃။ ။မြင်းမိုရ်တောင်သည် အဘယ်သို့ တည်ဟန် တည်လေသနည်း။

တိကူဋာနံ မဇ္ဈေ သိနေ္နရုပဗ္ဗတော စတုယောဇနသဟဿ ပမာဏော ပဝိသိတ္ဝာ ဌိတော။ တသ္မာ သေဋ္ဌာသေန ဂဟိတောဝိယ အစလော တိဋ္ဌတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊မြင်းမိုရ်တောင်သို အထွတ်သုံးခုတို့၏ အလယ်၌ ယူဇနာလေးထောင် ဝင်လေ၍၊ ထိုအထွတ် သုံးခုတို့၏ အောက်ခံသော ခနောက်သုံးလုံးတို့၏ အပေါ်၌ တည်၏။ ထို့ကြောင့်၊ အထွတ်သုံးခုတို့သို မွေးညှပ်ကဲ့သို့၊ ညှပ်သော အားဖြင့် မတုန်,မလှုပ် သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာများကို ဇိနာလင်္ကာရကျမ်း၌ လာသည် မှတ်ရမည်။

၄၇၄။ ။တာဝတိံသာနတ်ပြည်ကား ဘယ်အရပ်၌ တည်လေသနည်း။
တာဝတိံသဘာဝနံနာမ မေရုမတ္တကေ ဒသသဟဿယောဇနပ္ပမာဏံ။
ဤသို့ ကျမ်းဂန်လာသောကြောင့်၊တာဝတိံသာ နတ်ပြည်သည် မြင်းမိုရ်တောင်ထိပ်အပြင် ယူဇနာတသောင်းအရပ်၌ တည်သည်ဟု မှတ်ရမည်။ ဤအခြင်းအရာကို ဒီဃနိကာယ်,ဝိသုဒ္ဓိမဂ် စသော ကျမ်းတို့၌ လာသည်မှတ်ရမည်။
၄၇၅။ ။တာဝတိံသာနတ်ပြည်ကား တံခါးအဘယ်မျှ ရှိသနည်း။
တံခါပနေတံ နဂရံ ဒွါရံ သဟဿယုတ္တံ အဟောသိ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တာဝတိံသာနတ်ပြည်ကား တံခါးတထောင် ရှိသည်ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။
အရှေ့တံခါးနှင့် အနောက်တံခါး အကြား ယူဇနာတသောင်း ခြားသည်။ တောင်ပြင်တံခါးနှင့် မြောက်တံခါး အကြားလည်း ယူဇနာတသောင်း ခြားသည်ဟု မှတ်ရမည်။ ။တာဝတိံသာမြို့ ကျုံးအနံကား နှစ်ယူဇနာ ရှိသည်။အစောက်ကား ယူဇနတရာ ရှိသည်။ မြို့နှင့်ကျုံးအကြားကား ယူဇနာခွဲ ရှိသည်။ကျုံး၏ အပြင်၌ကား ကျောက်စာတိုင် ရှိသည်။ထိုကျောက်စာတိုင်ပြင်ကား ထန်းပင် ရှိသည်။ ကျုံးနှင့်ကျောက်တိုင်သည် ယူဇနာခွဲ ခြားသည်။ ကျောက်တိုင်နှင့် ထန်းပင်အကြားသည် ယူဇနာခွဲ ခြားသည်။ထန်းပင်ကား သပြေပင်ပတ်လည် ရောက်သည်ဟု မှတ်ရမည်။
၄၇၆။ ။သိကြားနေသော ဝေဇယန္တာပြသာဒ်ကား၊ အမြင့် အဘယ်မျှ ရှိသနည်း။
သဗ္ဗရတနမယော သတ္တယောဇနသတုဗ္ဗေဓော သက္ကဿ ဝေဇယန္တော နာမ ပါသာဒေါ ဟောတိ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သိကြားမင်း နေသော၊ ခပ်သိမ်းသော ရတနာတို့ဖြင့် ပြီးသော ဝေဇယန္တာပြသာဒ်သည်ကား၊ အမြင့်ယူဇနာ ခုနစ်ရာရှိသည်ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။
၄၇၇။ ။သိကြားမင်း၏ ဝေဇယန္တာရထားသည်ကား အဘယ်မျှ ယူဇနာ ရှိသနည်း။

ဒိယဍ္ဎယောဇနသတာ ယာမော ဝေဇယန္တရထော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝေဇယန္တာရထားသည်ကား အလျား ယူဇနာ တရာ့ငါးဆယ် ရှိ၏။ နောက်အစွန်းကား ယူဇနာ ငါးဆယ်ရှိ၏။ ရထားအိမ်လည်း ယူဇနာငါးဆယ် ရှိ၏။ ရထားဦးလည်း ယူဇနာ ငါးဆယ် ရှိ၏။ ပေါင်း အလျား ယူဇနာ ၁၅၀ ရှိ၏။ ထိုရထား၌ ခင်းအပ်သော ရတနာပလ္လင်သည်ကား တယူဇနာ ရှိ၏။ ထိုပလ္လင်ပေါ်၌ ဆောက်အပ်သော ထီးဖြူသည်ကား သုံးယူဇနာ ရှိ၏၊ရထားဦး၌ ဆောက်အပ်သော တံခွန်သည်ကား အမြင့်အားဖြင့် ယူဇနာနှစ်ရာ့ငါးဆယ် ရှိသည်။ ထိုဝေဇယန္တာရထား၌ တထောင်သော သိန္ဓောမြင်းတို့ကို က၍ မွေ့လျော်ပါးအံ့ဟု ထွက်သော အခါ၌ကား မြင်းသံ,ရထားသံ,တံခွန်သံတို့သည် ပဉ္စင်္ဂတူရိယာငါးပါးတို့ကို တီးမှုတ်သကဲ့သို့ ငြိမ့်ငြိမ့်တွားမျှ အလွန်လျှင် သာယာစွာ ရှိ၏။ အသုရာနှင့် စစ်ထိုးအံ့ဟု ထွက်သော အခါကား မြင်းသံ,ရထားသံ,တံခွန်သံတို့သည် တပြိုင်နက်,ကချက်တည်း မြင်းမိုရ်တောင် စကြဝဠာတောင်တို့ကို ထွင်းဖောက်၍ မိုးကြိုးသံကဲ့သို့ ပွဲတင်ထပ်မျှ ကြောက်မက်ဖွယ်သော အသံဖြစ်ကုန်သည်ဟု မှတ်ရမည်။ ။ဝှင်း၌ လာသည်။

၄၈၈။ ။သိကြားမင်း စီးသော ဧရာဝဏ်ဆင်သည်ကား၊ ယူဇနာ အဘယ်မျှ ရှိသနည်း။

သဋ္ဌိသဟဿယောဇနော ဧရာဝဏော ဟတ္ထိ ဒိယဍ္ဎယောဇနသတိကောဟောတိ။

ဤသို့ ကျမ်းဂန် လာသောငြောင့်၊ ဧရာဝဏ်ဆင်ကား ယူဇနာ တရာ့ငါးဆယ် ရှိသည်ဟု မှတ်ရမည်။

၄၈၉။ ။ထိုဧရာဝဏ်ဆင်သည်ကား တိရစ္ဆာန်လော၊ နတ်သားလော၊အဘယ်နည်း။

သောပိ ဧရာဝဏ္ဏော ဒေဝပုတ္တောယေဝ။

ဤသို့ ကျမ်းဂန် လာသောငြောင့်၊ ထိုဧရာဝဏ်ဆင်ကား တိရစ္ဆာန် မဟုတ်၊နတ်သား ဖြစ်သည်ဟု မှတ်ရမည်။

၄၉၀။ ။နတ်ပြည်၌ တိရစ္ဆာန် ရှိကောင်းအံ့လော၊ မရှိကောင်းအံ့လော။အဘယ်သို့နည်း။

နဟိ ဒေဝလောကသ္မိံ တိရစ္ဆာနဂတာ ဟောန္တိ၊

ဤသို့ ကျမ်းဂန် လာသော့ငြွေ၊နတ်ပြည်၌ တိရစ္ဆာန် မရှိကောင်းဟု မှတ်ရမည်၊

၄၈၁။ ။ထိုရောဝဏ်ဆင်သည် တိရစ္ဆာန် မဟုတ်ပဲးလျက်၊ အဘယ့်ကြောင့် ရောဝဏ်ဆင်မင်းဟူ၍ ဆိုလေသနည်း။

ဥယျာနကီဠာယ နိက္ခမနကာလေ အတ္တဘာဝံ ဝိဇဟိတွာ ဧရာဝဏော နာမ ဟောတိ။

ဤသို့ ကျမ်းဂန် လာသော့ငြွေ၊ သိကြားမင်းသည် ဥယျာဉ်ကစားအံ့ သောငှါ ထွက်သွားသော အခါ၊ ရောဝဏ်နတ်သားသည် မိမိကိုယ် အဖြစ်ကို စွန့်၍၊ ယူဇနာတရာ့ငါးဆယ် ရှိသော ရောဝဏ်ဆင်မင်း အဖြစ် ဖန်ဆင်းလေသည်ဟု မှတ်ရမည်။

ထိုရောဝဏ်ဆင်မင်းသည်ကား၊ ဦးကင်း သုံးဆယ့်သုံးလုံး ရှိ၏။ ဦးကင်း တလုံး,တလုံး၌ အစွယ် ခုနစ်ချောင်း ရှိ၏။ အစွယ် တချောင်း, တချောင်း၌ ရေကန် ခုနစ်ကန်,ခုနစ်ကန် ရှိ၏။ရေကန် တကန်,တကန်၌ ကြာ ခုနစ်ရုံ,ခုနစ်ရုံ ရှိ၏။ ကြာ တရုံ,တရုံ၌ ကြာပွင့် ခုနစ်ပွင့်,ခုနစ်ပွင့် ရှိ၏။ကြာ တပွင့်,တပွင့်၌ ကြာချပ် ခုနစ်ချပ်,ခုနစ်ချပ် ရှိ၏။ ကြာ တချပ်, တချပ်၌ ပြသာဒ် ခုနစ်ဆောင်,ခုနစ်ဆောင် ရှိ၏၊ ပြသာဒ် တဆောင်, တဆောင်၌ နတ်သ္မီး ခုနစ်ယောက်,ခုနစ်ယောက် ရှိ၏။ နတ်သ္မီး တယောက်,တယောက်၌ အခြွေအရံ ငါးရာစီ,ငါးရာစီ ရှိ၏၊ဤအလုံးစုံကို ပေါင်းသော် ရှိသော်၊ သုံးကုဋေ့,ခြောက်သန်းသော နတ်အပေါင်းတို့ ရှိ ကုန်သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို သံယုတ္တနိကာယ်၌ လာသည် မှတ်ရမည်။

၄၈၂။ ။သိကြားမင်း၏ မိဖုရားကား၊ သုဓမ္မာ,သုစိတ္တာ,သုနန္ဒာ, သုဇာတာ,ဟူ၍ လေးယောက် ရှိသည်။ ထိုလေးယောက်တို့တွင်၊ သု ဓမ္မာသည်ကား အဘယ်အရပ်က နေ၍ သိကြားမင်းအား ခစားရလေ သနည်း။

သုဓမ္မာနာမ ဘရိယာ အနေကသဟဿ ဒေဝစ္ဆရာဟိ ပရိဝုတာ မူရတော နိသီဒတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊သုမေဓာနတ်သမီးသည်ကား အထောင် မကသော နတ်သမီးအပေါင်း ခြံရံလျက်၊ သိကြားမင်း၏ ရွှေမျက်နှာ အရပ်က နေ၍ ခစားရသည်ဟု မှတ်ရမည်။

၄၉၃။ ။သုဇာတာသည်ကား အဘယ်အရပ်က နေ၍ ခစားလေ သနည်း။

သုဇာတာနာမ ဘရိယာ အနေကသဟဿ ဒေဝကညာဟိ ပရိဝုတာ ဒက္ခိဏပဿေ နိသီဒတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊သုဇာတာနတ်သမီးသည်ကား အထောင် မကသော နတ်သမီးအပေါင်း ခြံရံလျက်၊ သိကြားမင်း၏ လက်ျာအရပ် က နေ၍ ခစားရသည်ဟု မှတ်ရမည်။

၄၉၄။ ။သုနန္ဒာကား အဘယ်အရပ်က နေ၍ ခစားလေသနည်း။

သုနန္ဒာနာမ ဘရိယာ အနေကသဟဿ ဒေဝကညာဟိ ပရိဝုတာ ပစ္ဆိမပဿေ နိသီဒတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုနန္ဒာနတ်သမီးသည်ကား အထောင် မကသော နတ်သမီးအပေါင်း ခြံရံလျက်၊သိကြားမင်း၏ နောက် အရပ်က နေ၍ ခစားရသည်ဟု မှတ်ရမည်။

၄၉၅။ ။သုစိတ္တာနတ်သမီးသည်ကား အဘယ်အရပ်က နေ၍ ခစားရ လေသနည်း။

သုစိတ္တာနာမ ဘရိယာ အနေကသဟဿ ဒေဝကညာဟိ ပရိဝုတာ ဝါမပဿေ နိသီဒတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊သုစိတ္တာနတ်သမီးသည်ကား အထောင် မကသော နတ်သမီးအပေါင်း ခြံရံလျက်၊ သိကြားမင်း၏ လက်ဝဲက နေ၍ ခစားရသည်ဟု မှတ်ရမည်။ ။ဧဝင်း၌ လာသည်။

၄၃၆။ ။ပင်လယ်ကသစ်ပင်သည်ကား တာဝတိံသာမြို့၏ အ ဘယ်အရပ်၌ ရှိလေသနည်း။

သုဒဿနနဂရေဟိ ဗဟိ ဥတ္တရေ ဝိသတိယောဇနိကာ ပါရိဆတ္တ ကောနာမ၊ကောဝိဠာရော အတ္ထိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊သုဒဿနမြို့၏ အရှေ့မြောက်ထောင့်

အရပ်၌ ယူဇနာ နှစ်ဆယ် ရှိသော အရပ်ဝယ် ပင်လယ်ကသစ်ပင် ရှိသိပ်ဟု မှတ်ရမည်။

ထိုပင်လယ်ကသစ်ပင်ဖို့ အနီး၌ ပဏ္ဍုကမ္ဗလာကျောက်ဖြာသည် ကား အလျားအားဖြင့် ယူဇနာခြောက်ဆယ် ရှိသည်။ အနံအထုအား ဖြင့်ကား ယူဇနာငါးဆယ် ရှိသည်။ထိကြွားမင်း နေသော အခါ ကိုယ် ထက်ဝက် နစ်သိပ်ဟု မှတ်ရမည်၊ ။၎င်း၌ လာသို့။

၄၉၇၊ ။သုဓမ္မာအမည် ရှိသော စရပ်သိကား အဘယ်၌ ရှိလေ သနည်း။

တာဝတိံသ-နဂရဿ ပစ္ဆိမေ ဒွာရေ သုဓမ္မာနာမ သာလံ အတ္ထိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တာဝတိံသာမြို့ဖို့ အနောက်အရပ်၌ သုဓမ္မာအမည် ရှိသော နတ်သဘင်စရပ် ရှိသည်ဟု မှတ်ရမည်။ ၊ ၎င်း၌ လာသည်။

၄၉၈၊ ။ထိုသုဓမ္မာအမည် ရှိသော နတ်သဘင်စရပ်သို ယူဇနာ အဘယ်မျှ ရှိသနည်း။

သုဓမ္မာနာမ ဒေဝသဘာ အာယာမတော စ ဝိတ္ထာရတော စ တိ ယောဇနသတိကာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုဓမ္မာနတ်သဘင်သိကား အလျား အားဖြင့်၎င်း၊အနံအားဖြင့်၎င်း ယူဇနာသုံးရာ ရှိသိပ်ဟု မှတ်ရမည်။ ၊ ၎င်း၌ လာသို့။

၄၉၉၊ ၊နန္ဒဝန်ဥယျာဉ်သိကား အဘယ်အရပ်၌ ရှိလေသနည်း။

တဿပန နဂရဿ ပါစိနဒိသာယံ ပရိက္ခေပတော သဟဿ ယောဇနံ၊သုနန္ဒာနာမ ဥယျာနဝနံ အတ္ထိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊တာဝတိံသာမြို့ဖို့ အရှေ့မျက်နှာအ ရပ်၌ ယူဇနာတထောင် ရှိသော နန္ဒဝန်ဥယျာဉ် ရှိသိပ်ဟု မှတ်ရမည်၊ ၎င်း၌ လာသည်။

၅၀၀၊ ၊အဘယ်ကြောင့် နန္ဒဝန် တွင်လေသနည်း၊

တာဝတိံသာနတ်တို့သို အလွှန်တရာ နှစ်လိုဝမ်းမြောက်ဝမ်းသာ ကစားရွှင်မြူးတူးရာ ဖြစ်သောကြောင့်၊ထိုဥယျာဉ်ကို နန္ဒဝန် တွင်လေသိပ်ဟု

မှတ်ရမည်။ ။ထိုဥယျာဉ်၌ ရေကန်,ကျောက်ဖျာတို့သိုကား တယူ ဇနာ ရှိကုန်သည်ဟု မှတ်ရမည်။

၅၀၁။ ။ဖရုသကဥယျာဉ်သိုကား အဘယ်အရပ်၌ ရှိလေသနည်း။

ဒက္ခိဏာဒိသာယ သတ္တသတယောဇနံ ပရိမာဏံ ဖရုသကံနာမ ဥယျာနဝနံ အတ္ထိ။

ဤသို့ ကျမ်းဂန်သာသောကြောင့်၊ တာဝတိံသာမြို့၏ တောင်မျက်နှာ အရပ်၌ ယူဇနာခုနစ်ရာ ရှိသော ဖရုသကဥယျာဉ် ရှိသည်ဟု မှတ်ရမည်။

၅၀၂။ ။ထိုဥယျာဉ်ကို အဘယ့်ကြောင့် ဖရုသက တွင်လေသနည်း။

အသီး စားကောင်းသော ဖက်သက်ခရော် များသောကြောင့်၎င်း၊ထိုဥယျာဉ်ကို ဝင်ကုန်သော နတ်တို့သည် အသူရာစစ်သည်တို့ကို ထိုးခုတ်အံ့သို၊ညှဉ်းပန်း,နှိပ်စက်အံ့သည်၊ဤသို့ ကြမ်းကြုတ်သော စကားကို ဆိုကုန်သောကြောင့်၎င်း၊ ဖရုသကဥယျာဉ် တွင်လေသည်ဟု မှတ်ရမည်။ ။ထိုဥယျာဉ်၌ ရေကန်ကျောက်ဖျာတို့သည် တယူဇနာ ရှိကုန်သည်ဟု မှတ်ရမည်။

၅၀၃။ ။စိတ္တလတာဥယျာဉ်သည်ကား အဘယ်အရပ်၌ ရှိလေသနည်း။

ပစ္ဆိမဒိသာယံ အာဝဋ္ဋတော ပဉ္စယောဇန-သတပမာဏံ စိတ္တလတာနာမ ဥယျာနံ အတ္ထိ။

ဤသို့ ကျမ်းဂန် သာသောကြောင့်၊တာဝတိံသာမြို့၏ အနောက်မျက်နှာ အရပ်၌ အဝန်းယူဇနာ ငါးရာ ရှိသော စိတ္တလတာဥယျာဉ် ရှိသည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်။

၅၀၄။ ။ထိုဥယျာဉ်ကို အဘယ့်ကြောင့် စိတ္တလတာ တွင်လေသနည်း။

တာဝတိံသာနတ်တို့သည် အထူးထူးသော အဝတ်တန်ဆာတို့ကို ဆင်ကုန်သဖြင့်၊ ဆန်းကြယ်စွာသော ယဉ်ရထားတို့ကို စီးကုန်လျက်၊ထိုဥယျာဉ်သို့ ဝင်ကုန်သောကြောင့်၊ စိတ္တလတာဥယျာဉ် တွင်လေ

သည်ဟု မှတ်ရမည်။ ။တနည်းလည်း၊ ထိုဥယျာဉ်၌ အာသာဝတီ မည်သော နွယ်သည် ရှိ၏။အနှစ်တထောင်မှ သီး၏။ အနှစ်တထောင်က ပင်လျှင် ထိုနွယ်သို့ နတ်တို့သည် ဆည်းကပ်ကုန်သည်။ ထို့ကြောင့်၊ ထို ဥယျာဉ်ကို စိတ္တလတာ တွင်လေသည်ဟူ၍လည်း မှတ်ရမည်။

၅၀၅။ ။မိဿကဥယျာဉ်သည်ကား အဘယ်အရပ်၌ ရှိလေသနည်း။

ဥတ္တရဒိသာယံ အာဝဋ္ဋေဘော ပဉ္စယောဇနသတပမာဏံ မိဿ ကဝနံနာမ ဥယျာနံ အတ္ထိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တာဝတိံသာမြို့၏ မြောက်အရပ်၌ ယူဇနာငါးရာရှိသော မိဿကဥယျာဉ် ရှိသည်ဟု မှတ်ရမည်။ ။ ရင်း၌ လာသည်။

ထိုဥယျာဉ်ကို မိဿကဥယျာဉ် တွင်သည်ကား၊ နတ်သား,နတ် သမီးတို့သည် ရောနှောကုန်လျက်၊ ထိုဥယျာဉ်၌ ရွှင်မြူးခြင်း ရှိကုန်သော ကြောင့်၊မိဿကဥယျာဉ် တွင်လေသည်ဟု မှတ်ရမည်။

၅၀၆။ ။မဟာဝန်ဥယျာဉ်သည်ကား အဘယ်အရပ်၌ ရှိလေသနည်း။

ပါဠိန-ဥတ္တရေနမဇ္ဈေ သတ္တယောဇနသတပမာဏံ မဟာဝနံ နာမ ဥယျာနံ အတ္ထိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တာဝတိံသာမြို့၏ အရှေ့မြောက် ထောင့် အရပ်၌ ယူဇနာခုနစ်ရာ ရှိသော မဟာဝနဥယျာဉ် ရှိသည်ဟု မှတ်ရမည်။ ။ရင်း၌ လာသည်။ ထိုဥယျာဉ်၌ ယူဇနာငါးဆယ် ရှိသော သုနန္ဒာရေကန် ရှိသည်ဟု မှတ်ရမည်။

၅၀၇။ ။တာဝတိံသာမြို့၏ အလယ်၌ ဆောက်ပိုက်သော တံခွန် ကား ယူဇနာ အဘယ်မျှ ရှိသနည်း။

တဿပန နဂရဿ မဇ္ဈေ တိယောဇနသတုဗ္ဗေဓော ဝေဇယ ပနို့မဏ္ဍိတော သတ္တရတနမယော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊တာဝတိံသာမြို့၏ အလယ်၌ ဆော ပိုက်သော ရတနာခုနစ်ပါးဖြင့် ပြီးသော တံခွန်ကား၊ ယူဇနာသုံးရာ အမြင့် ရှိသည်ဟု မှတ်ရမည်။ ။ရင်း၌ လာသည်။

၅၀၈။ ။လူ့ပြည်၌ ကုသိုလ်ကောင်းမှု ပြုကုန်သော သူတို့အား

နတ်ပြည်က ကမ္ဗည်းစာရင်း ရေးမှတ်,တင်ယူထားစေသည် ဆိုသော်၊ လဆန်းရှစ်ရက်,လပြည့်ကျော်ရှစ်ရက်တို့၌ အဘယ်သူ တင်ယူလာသနည်း။

အဋ္ဌမိယံ စတုန္နံ မဟာရာဇူနံ ဒါသာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လဆန်းရှစ်ရက်,လပြည့်ကျော်ရှစ်ရက်,သိတင်းနေ့တို့၌ စတုလောကပါလာနတ်သားလေးယောက်တို့၏ အစေ,အပါး ဖြစ်သော ကျွန်အမတ်တို့ ရေးမှတ်,တင်ယူလာသည်ဟု မှတ်ရမည်။

၅၀၉။ ။စာတုဒ္ဒသီ လကွယ်နေ့၌ အဘယ်သူ တင်ယူလာသနည်း။

စာတုဒ္ဒသိယံ တေသံ မဟာရာဇူနံ ပုတ္တာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊တဆယ့်လေးရက် မြောက်သော စာတုဒ္ဒသီ လကွယ်နေ့၌ကား၊ ထို စတုလောကပါလာနတ်တို့၏ သားဖြစ်ကုန်သော နတ်တို့ ရေးမှတ်,တင်ယူလာကုန်သည်ဟု မှတ်ရမည်။

၅၁၀။ ။ပန္နရသီ တဆယ့်ငါးရက်မြောက်သော နေ့၌ကား အဘယ်သူ တင်ယူလာသနည်း။

ပန္နရသုပေါသထေ စတ္တာရောမဟာရာဇာနော သယမေဝ။

ဤသို့ ကျမ်းဂန် လာသောကြောင့်။ ပန္နရသီ တဆယ့်ငါးရက်မြောက်သော လပြည့်,လကွယ်နေ့၌ကား၊ စတုလောကပါလာနတ်မင်းကြီး ၄ယောက်တို့သည် မိမိတို့ ကိုယ်တိုင် ရေးမှတ်,တင်ယူလာကုန်သည်ဟု မှတ်ရမည်။

၅၁၁။ ။အဘယ်ပုရပိုက်ဖြင့် ရေးမှတ်,တင်ယူလာသနည်း။

ဇာတိဟိင်္ဂုလကေန သုဝဏ္ဏပတ္တေ လိက္ခိတွာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဆေးဒါန်းမြင်းသီလာ,ရွှေပြား,ရွှေပုရပိုက်တို့၌ တင်ယူလာသည်ဟု မှတ်ရမည်။

၅၁၂။ ။ထို စာရင်း,ပုရပိုက်ကို အဘယ်နတ်အား ရှေးဦးစွာ ပေးရလေသနည်း။

အာဟရိတွာ ပဉ္စသိခဿ ဟတ္ထေ ဒေန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ထိုစာရင်း,ပုရပိုက်ကို ဆောင်ယူ၍ ပဉ္စသိခနတ်သားအား ရှေးဦးစွာ ပေးရလေသည်ဟု မှတ်ရမည်။

၅၁၃။ ။ထိုပဉ္စသိခနတ်သားသည် အဘယ်နတ်သားအား ပေးအပ်ပြန်ရလေသနည်း။

ပဉ္စသိခေါတိ မာတလိဿ ဒေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပဉ္စသိခနတ်သားသည် မာတလိနတ်သားအား ပေးအပ်ပြန်ရလေသည်ဟု မှတ်ရမည်။

၅၁၄။ ။မာတလိနတ်သားသည် အဘယ်နတ်သားအား ပေးအပ်ပြန်ရလေသနည်း။

မာတလိ သက္ကဿ ဒေဝရညော ဒေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊မာတလိနတ်သားသည် ထိုပုရပိုက်စာရင်းကို ယူ၍ သိကြားနတ်မင်းကြီးအား ဆက်ရလေသည်ဟု မှတ်ရမည်။

အကြင်အခါ၌ လူတို့သည် ကုသိုလ်ကောင်းမှု ပြုသူ နည်း၍၊ ပုရပိုက်,စာရင်း နည်းအံ့။ အပါယ်လေးပါး၌သာ စည်ပင်,ပြန့်ပွား များလတ္တံ့၊ငါတို့ နတ်ပြည်၌ကား ဆိတ်လတ္တံ့ဟု နှလုံး မသာယာ ရှိကုန်သည်။အကြင်အခါ၌ လူတို့သည် ကုသိုလ်ကောင်းမှုကို များစွာပြု၍၊ ပုရပိုက်စာရင်း များအံ့။ငါတို့ နတ်ပြည်ကား စည်ပင်,ပြန့်ပွား များလတ္တံ့။ အပါယ်လေးပါး၌ကား ဆိတ်လတ္တံ့ဟု အလွန်တရာ ဝမ်းမြောက်,ဝမ်းသာ ရှိကုန်သည်။ ထိုသို့ ဝမ်းမြောက်,ဝမ်းသာ ရှိကုန်သောကြောင့်၊နတ်သဘင် ကြီးစွာ ခံ၍ ထိုစာရင်းကို နတ်သဘင်၌ သိကြားမင်း ဖတ်သည်ဟု မှတ်ရမည်၊

၅၁၅။ ။ထိုသို့ ဖတ်သော အခါ၊ သိကြားမင်း၏ အသံသည် အဘယ်မျှလောက် ကြားလေသနည်း။

တဿတဿဟိ ပကတိသဒ္ဒေန ဝါစေန္တဿ သဒ္ဒေါ ဒွါဒသယောဇနံ သုယျတိ၊မဟာသဒ္ဒေန ဝါစေန္တဿ သဒ္ဒေါ သကလဒသသဟဿယောဇနပမာဏေ တာဝတိံသ နဂရေ ပတ္ထရတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ပကတိသာ ဖတ်သော သိကြားမင်း၏ အသံသည်ကား၊ တဆယ့်နှစ်ယူဇနာ ကြားသည်ဟု မှတ်ရမည်။ ။အားထုတ်၍ ဖတ်သော်ကား၊ တာဝတိံသာနတ်ပြည် ယူဇနာ တ

သောင်းလုံး ကြွားသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို ဇိနာ လင်္ကာရကျမ်း၌ လာသည်ဟု မှတ်ရမည်။

၅၁၆၊ ။ထိုမှ တပါး၊ ဘုရားသခင် အဘယ်သို့ ဟောတော်မူ သနည်း။

အပိစခေါ ဘိက္ခဝေ စာတုဒ္ဒသီယံဝါ ပဉ္စဒသီယံဝါ စတ္တာရော လောကပါလာ သုဝဏ္ဏပဏ္ဏာနိ ဂဟေတွာ တေဒ္ဒိသံ စရန္တိ။

အစ ရှိသော ဒေသနာတသုတ်ကို ဟောတော်မူသည်။ချစ်သား,ရဟန်း များတို့၊စတုလောကပါလာ နတ်သား လေးယောက်တို့သည် စာတုဒ္ဒသီ၊ တဆယ်လေးရက်မြောက်၌ဖြင်း။ ပဉ္စဒသီ၊ တဆယ့်ငါးရက်မြောက် သော နေ့၌ဖြင်း၊ဤလူ့ပြည်သို့ လာကုန်၍၊ ထိုထိုသို့သော မြို့ရွာဂါမ, နိဂုံး,ဇနပုဒ်တို့၌ နေသော ဤမည်သော မင်း၊ ဤမည်သော မိဖုရား၊ ဤမည်သော စစ်သူကြီးယောကျ်ား၊ ဤမည်သော စစ်သူကြီးမိန်းမ၊ ဤမည်သော ရဟန်းယောကျ်ား၊ ဤမည်သော ရဟန်းမိန်းမ၊ ဤမည် သော သင်္ဘေး,သူကြွယ်ယောကျ်ား၊ ဤမည်သော သင်္ဘေး,သူကြွယ် မိန်းမ၊ ဤမည်သော သူဆင်းရဲယောကျ်ား၊ ဤမည်သော သူဆင်းရဲ မိန်းမတို့တွင်၊အကြင်သူတို့သည် ပါဏာတိပါတ၊သူ့ဖို့ အသက်ကို သတ် ခြင်း။အဒိန္နာဒါန၊ အရှင်မပေးသော ဥစ္စာကို ခိုးယူခြင်း။ ကာမေသု မိစ္ဆာစာရ၊သူ့သား အိမ်ရာကို ပြစ်မှားခြင်း။ မုသာဝါဒ၊မဟုတ်,မမှန် သော စကားကို ဆိုခြင်း။ သုရာမေရယ၊ ယစ်မျိုးတို့ကို သောက်စား ခြင်း။ပိသုဏာဝါစာ၊ချောပစ်သော စကားကို ဆိုခြင်း။ ဖရုသဝါစာ၊ ကြမ်းတမ်းသော စကားကို ဆိုခြင်း။ သမ္ဖပ္ပလာပ၊ ပိန်ဖျင်းသော စကားကို ဆိုခြင်း။ အဘိဇ္ဈာ၊လောဘ,ရန်*မက်အားဖြင့် သူ့ဥစ္စာကို လိုချင်,တောင့်တခြင်း။ ဗျာပါဒ၊ စောင်းမြောင်း,ငြိုးဖွဲ့,ချင်ချယ်ခြင်း။ မိစ္ဆာဒိဋ္ဌိ၊ မှားသော အယူကို ယူခြင်းတည်း ဟူသော မကောင်းမှု အကုသိုလ်ကံကို ပြုကျင့်ကုန်၏။ ထိုသူတို့သည် မကောင်းမှုအကုသိုလ် ကံနှင့် လျော်စွာ၊ မြို့ရွာဂါမ,နိဂုံး,ဇနပုဒ် အစည်အရည်နှင့် တကွ၊ ကြေးနီပုရပိုက်တို့၌ ကမ္ပည်း ရေးမှတ်,တင်ယူလေကုန်သည်၊ အကြင်သူ တို့သည် ဒါန၊အလှူ ပေးခြင်း။သီလ၊သီလ ဆောက်တည်ခြင်း။ဘာဝနာ၊

ကမ္မဿနိုး,ဘာဝနာ စီးဖြန်းခြင်း။ အပစာယန၊ သက်ကြီး,မိဘ,ဆရာ,
သမားတို့အား အရိုအသေ,အလေးအမြတ် ပြုခြင်း။ ဝေယျာဝစ္စ၊ သက်
ကြီး,မိဘ,ဆရာသမားတို့၏ အပြစ်မရှိ ကောင်းသော အမှုတို့ကို ညီ
ညာ,ချက်ဆောင်ခြင်း။ ပတ္တိဒါန၊ မိမိ အလှူကောင်းမှု အဖို့ကို သူတပါး
တို့အား ပေးဝေခြင်း။ ပတ္တာနုမောဒန၊ သူတပါးတို့၏ ကုသိုလ်ကောင်း
မှု အဖို့ကို သာဓု အနုမောဒနာ ခေါ်ခြင်း။ ဓမ္မသဝန၊ တရားတော်ကို
နာခြင်း။ ဓမ္မဒေသနာ၊ တရား ဟောခြင်း။ ဒိဋ္ဌိဇုကမ္မ၊ အယူကို ဖြောင့်
မတ်စွာ ယူခြင်းတည်း ဟူသော ကုသိုလ်ကောင်းမှုကို အားထုတ်ကုန်
၏။ ထိုသို့ အားထုတ်ကုန်သော သူတို့၏ ကုသိုလ်ကောင်းမှုနှင့် လျော်
ညီစွာ အမည်အညွှန်း မြို့ရွာ,ဂါမနှင့် တကွ အကြွင်းမဲ့ ကမ္ပည်း
စာရင်း ရေးမှတ်,တင်ယူသေသည်။ ထိုသို့ တင်ယူပြီးလျှင် စတုလော
ကပါလာနတ်သား လေးယောက်တို့သည် မာတလိနတ်သားအား ပေး
အပ်၏၊ မာတလိနတ်သားသည်လည်း သိကြားမင်းအား ပေးအပ်၏။
သိကြားမင်းသည် နတ်အပေါင်းတို့ကို စည်းဝေးပြီးမှ၊ နတ်အပေါင်းတို့
၏ အလယ်၌ မကောင်းမှုအကုသိုလ်ကံကို ပြုကျင့်ကုန်သော သူတို့၏
ကမ္ပည်းစာရင်းကို ဖတ်၍ နတ်အပေါင်းတို့သည် ကြားလတ်သည်ရှိသော်၊
ဩ၊ အံ့ဘွယ်သရဲ၊ လူပြည်၌ လူတို့သည် ကုသိုလ်ကောင်းမှု၌ မေ့လျော့
၍၊ မကောင်းမှု အကုသိုလ်ကံကိုသာ ပြုကြကုန်၏။ အပါယ်,အစ ရှိသော
ငရဲ၌သာ စည်ပင်,ပြည့်ပြား များလတ္တံ့။ ငါတို့ နတ်ပြည်၌ကား ဆိတ်
လတ္တံ့ဟု နတ်အပေါင်းတို့သည် ကြားသိ,မွေ့ညည်း ထခြင်း၊ ကြောက်
ရွံ့,အုန်သှုပ်ခြင်း၊ နှလုံး မသာယာခြင်းတို့သည် ဖြစ်ကုန်၏။ ထို့နောင်တဖန်
သိကြားမင်းသည် ကုသိုလ်ကောင်းမှုကို ပြုကုန်သော သူတို့၏ ကမ္ပည်း
စာရင်းကို ဖတ်၍ ကြားပြန်သော်၊ နတ်အပေါင်းတို့သည် ငါတို့ နတ်ပြည်
၌သာ စည်ပင်,ပြည့်ပြား များလတ္တံ့။ အပါယ်,အစ ရှိသော ငရဲပြည်၌ကား
ဆိတ်လတ္တံ့ဟု အလွန်တရာ ဝမ်းမြောက်,ဝမ်းသာခြင်းနှင့် တကွ
ကောင်းပြီ,ဘိသိက်မင်္ဂလာ သာဓုအနုမောဒနာ ခေါ်သော အသံသည်
ကား၊ အုတ်အုတ်ကျက်ကျက် တပြိုင်နက် ပွဲဘင်ထပ်မျှ၊ အထက်ဗြဟ္မာ
ပြည် တိုင်အောင် နှံ့လေကုန်သည်။ ထိုအခါ၊ သိကြားမင်းသည် ဆင်ယင်

သော ပန်းနုံ့သာ,တန်ဆာတို့ဖြင့် အောက်သို့ ဥဒ္ဒကျောင်း ညွတ်၍ ရှိခိုးဖို့။ ထိုသို့ ရှိခိုးသည်ကို မာတလိနတ်သား မြင်လေ၍ အရှင်သကြားမင်းသည် လူတို့ထက် မြတ်လျက်၊ အဘယ်ကြောင့် လူပြည်သို့ ဥဒ္ဒကျောင်း ညွတ်၍ ရှိခိုးပါဘိသနည်းဟု မေးလျှောက်သည်ကို၊ အချင်း,မာတလိနတ်သား၊ လူပြည်သို့ ဥဒ္ဒကျောင်း ညွတ်၍ ရှိခိုးသည်ကား၊ တပါးကြောင့် မဟုတ်။ လူပြည်၌ ကုသိုလ်ကောင်းမှုကို ပြုကုန်သော သူတို့သည်၊ ငါတို့ထက် မြတ်၍၊ငါတို့ဖို့ ရှိခိုးကို ခံထိုက်သောကြောင့်၊လူပြည်သို့ ဥဒ္ဒကျောင်း ညွတ်၍ ရှိခိုးသဘည်းဟု သိကြားမင်း ပြောဆိုလျှင်၊ မာတလိနတ်သားမှ စ၍ နတ်အပေါင်းတို့သည်၊ သိကြားမင်းကဲ့သို့ချည်း လူပြည်သို့ ဥဒ္ဒကျောင်း ညွတ်၍ ရှိခိုးကုန်သည်ဟု ဒေဝဒူတသုတ်၌ ဘုရားသခင် ဟောတော်မူ သည်ကို သောက်သဖြင့်၊ အပါယ်လေးပါး လားရအံ့သော အကြောင်း၊ မကောင်းမှုမှ ဝေးစွာ,ကြဉ်ရှောင်ကုန်ရာသည် ဖြစ်၍၊ လူချမ်းသာ,နတ် ချမ်းသာ,နိဗ္ဗာန်ချမ်းသာကို ရအံ့သော အကြောင်း၊ ကောင်းမှု၌သာ ရှည်ကုန်ရာသည်ဟု မှတ်ရမည်၊ ။ဒေဝဒူတသုတ်၌ ဟောတော်မူသည် ဟု မှတ်ရမည်။

၅၁၇။ ။အသူရာပြည်သည် အဘယ်အရပ်၌ တည်လေသနည်း။

တိကူဋာနံ မဇ္ဈေ ပံသုပထဝီ အတ္ထိယေဝ ပံသုပထဝိယံ ရတန ဝါလိကာ ဝိဇ္ဇေ အသူရပူရံ အဟောသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အထွတ်သုံးခုတို့ဖို့ အလယ်၌ ပံသု ပထဝီသည် ရှိ၏။ထိုပံသုပထဝီ၌ ရတနာဖြင့် ပြီးသော သဲပြင်၌ အသူရာ ပြည် တည်သည်ဟု မှတ်ရမည်။ထိုမှ တပါးလည်း၊—

သိနေ့ရုပဗ္ဗတဿ ဟေဋ္ဌာ တိကူဋာနံ မဇ္ဈေ ဒသယောဇန,သ ဟဿံ အသူရပူရံ တိဋ္ဌတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မြင်းမိုရ်တောင်အောက် အထွတ် သုံးခုတို့ဖို့ အလယ်၌ ယူဇနာတသောင်း ရှိသော အသူရာပြည် တည် သည်ဟု မှတ်ရမည်။

၅၁၈။ ။ထို အသူရာပြည်၌ အဘယ် မည်သော သူသည် မင်း ပြုလေသနည်း။

တသ္မိံ ဝေပစိတ္တ,အသုရိန္ဒော ရဇ္ဇံ ကာရေတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အသုရာပြည်၌ ဝေပစိတ္တအသုရာမင်းပြုသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကို သံယုတ္တနိကာယ်သက္ကသံယုတ်အဖွင့်၌ လာသည် မှတ်ရမည်။

၅၁၉။ ။မဟာသမုဒ္ဒရာသည် အမည်အားဖြင့် အဘယ်မျှ ပြားလေသနည်း။

စတုန္နံ မဟာသမုဒ္ဒါနံ ခုရမာလိနီ အဂ္ဂိမာလိနီ ဒဓိမာလိနီ ကုသမာလိနီ နဠမာလိနီ ဝလဘာမုခေါတိ ဆ ဥဿန္နံ ရတနာနံ ဝသေနာတိ ဝေဒိတဗ္ဗာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊လေးစင်းကုန်သော သမုဒ္ဒရာတို့တွင် ရတနာတို့ဖြင့် ပြန့်ပြောသော ထိုထိုသို့သော အရပ်၌ ခုရမာလိအမည် ရှိသော သမုဒ္ဒရာ၊ အဂ္ဂိမာလိအမည် ရှိသော သမုဒ္ဒရာ၊ ဒဓိမာလိအမည် ရှိသော သမုဒ္ဒရာ၊ ကုသမာလိအမည် ရှိသော သမုဒ္ဒရာ၊နဠမာလိအမည် ရှိသော သမုဒ္ဒရာ၊ နမာလိအမည် ရှိသော သမုဒ္ဒရာ၊ဗလဝါမုက္ခအမည် ရှိသော သမုဒ္ဒရာ ဟူ၍ ခြောက်ပါးအပြား ရှိသည်ဟု မှတ်ရမည်။

၅၂၀။ ။ထိုခြောက်ပါးတို့တွင် ခုရမာလိသမုဒ္ဒရာ ဆိုသည်ကား အဘယ်နည်း။

ယတ္ထ ဝဇိရံ ဥဿန္နံ ဟောတိ။ မစ္ဆာစ မနုဿသမာနသရီရာ။ ခုရနာသာ ဥဒကေ ဥမ္မုဇ္ဇနိမုဇ္ဇနံ ကရောန္တိ။သော ခုရမာလီတိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင် သမုဒ္ဒရာ၌ ပြန့်ပြောသော,များသော ဝရဇိန်ကျောက် ရှိ၏။ ငါးတို့သည်လည်း လူနှင့် တူသော ကိုယ် ရှိ၏။သက်သော နှာခေါင်းလည်း ရှိကုန်၏။ ရေ၌ ငုတ်ချေ,ပေါ်ချေ ပြုကုန်၏။ထိုသမုဒ္ဒရာကို ခုရမာလိသမုဒ္ဒရာ ဆိုသည်ဟု မှတ်ရမည်။

၅၂၁။ ။အဂ္ဂိမာလိသမုဒ္ဒရာ ဆိုသည်ကား အဘယ်နည်း။

ယောပန သုဝဏ္ဏုဿဒ ဥဿန္နတ္တာ ပဇ္ဇလိတ အဂ္ဂိက္ခန္ဓော,ဝိယ မဇ္ဈန္ဟိက-သူရိယော,ဝိယစ ဩဘာသံ မုဉ္စန္တော တိဋ္ဌတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင် သမုဒ္ဒရာသည် များစွာသော ရွှေဖြင့် ပြန့်ပြောခြင်း ရှိသောကြောင့်၊ပြောင်ပြောင် တောက်သော မီးလျှံကဲ့

သို့ရင်း၊ မွန်းတည့်သော နေကဲ့သို့ရင်း ကြီးစွာသော အရောင် ထွက်၍ တည်၏။ ထိုသမုဒ္ဒရာကို အဂ္ဂိမာလိသမုဒ္ဒရာ ဆိုသည်ဟု မှတ်ရမည်။

၅၂၂။ ။ဒဓိမာလိသမုဒ္ဒရာ ဆိုသည်ကား အဘယ်နည်း။

ယော ရဇတဿ ဥဿန္နတ္တာ ခီရံ,ဝိယ ဒဓိ ဝိ ဿစ ဩဘာသတိ၊ သော ဒဓိမာလီတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင် သမုဒ္ဒရာသည် အရအထု ကြီးသော,များစွာသော ငွေ ရှိသောကြောင့်၊ နို့ရည်ကဲ့သို့ရင်း၊ နို့ဓမ်.ကဲ့သို့ ရင်း အရောင်အဝါ ထွန်းလင်း၏။ ထိုသို့ ထွန်းလင်းသောကြောင့်၊ ထိုသမုဒ္ဒရာကို ဒဓိမာလိသမုဒ္ဒရာ ဆိုသည်ဟု မှတ်ရမည်၊

၅၂၃ ။ကုသမာလိသမုဒ္ဒရာ ဆိုသည်ကား အဘယ်နည်း။

နီလမဏိနံ ဥဿန္နတ္တာ နီလ ကုသတိဏံ,ဝိယ သမ္ပန္နသဿမိဝစ ဩဘာသတိ၊ သော ကုသမာလီတိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင် သမုဒ္ဒရာသည် များသော ပတ္တမြားညို ရှိသောကြောင့်၊ သမန်းမြက်ကဲ့သို့ရင်း၊ ကောင်းသော မြေရှ်၌ ရေခံ သော စပါးကောက်ပင်ကဲ့သို့ရင်း၊ ညိုသော အရောင်ဖြင့် ထွန်းပလျက် တည်၏။ ထိုသမုဒ္ဒရာကို ကုသမာလိသမုဒ္ဒရာ ဆိုသည်ဟု မှတ်ရမည်။

၅၂၄။ ။နဠမာလိသမုဒ္ဒရာ ဆိုသည်ကား အဘယ်နည်း။

ယော ဝံသဝေဠုရိယဿ ဥဿန္နတ္တာ နဠဝနံ,ဝိယ ဝေဠုဝနံ,ဝိယ စ သံခါယတိ။ သော နဠမာလီတိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင် သမုဒ္ဒရာသည် ဝါးတောနှင့် တူသော၊ များသော ကြောင်မြက်ရွဲ ရှိသောကြောင့်၊ ကျူတောကဲ့သို့ရင်း၊ ဝါးတောကဲ့သို့ရင်း ထွက်သော အရောင် ရှိသည် ဖြစ်၍ တည်၏။ ထိုသမုဒ္ဒရာကို နဠမာလိသမုဒ္ဒရာ ဆိုသည်ဟု မှတ်ရမည်။

၅၂၅။ ။နမာလိသမုဒ္ဒရာ ဆိုသည်ကား အဘယ်နည်း။

ယောပန ပဝါဠဿ ဥဿန္နတ္တာ ရတ္တောဘာသော ဟောတိ၊ သောပိ ပဝါဠဿဝ နာမတ္တာ နမာလီတိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကြင် သမုဒ္ဒရာသည်ကား များသော

သဏ္ဍာ ရှိသောဝင့် နီသော အရောင် ရှိ၏။ ထို အရောင်ကို စွဲ၍ ထို သမုဒ္ဒရာကို-နီလာလိသမုဒ္ဒရာ ဆိုသည်ဟု မှတ်ရမည်။

၅၂၆။ ။ဗလဝါမုက္ခသမုဒ္ဒရာ ဆိုသည်ကား အဘယ်နည်း။

တံပန မဟာသမုဒ္ဒေ မဟန္တံ အာဝဋ္ဋမုခံ ဟောတိ။ တတ္ထာဟိ အဝီစိမဟာနိရယေ အဂ္ဂိဇာလာပဋိဘာဂနာနံ သတ္တာနံ ကမ္မဝသေန နိရယဒွါရံ နိစ္စကာလမေဝ ဝိဝရတိစေဝ ပိဒဟာတိစ၊ တတော ဝိဝဋကာလေ မဟာနိရယတော အဂ္ဂိက္ခန္ဓော နိက္ခမိတွာ ဒွါရာဘိမုခံ အနေကယောဇနယာမတ္တာရံ၊ ဟေဋ္ဌာ သမုဒ္ဒပဒေသံ ပရိဒယှတိ။ တဿ ဒဇ္ဈေ ဥပရိ ဥဒကံ အာဝဋ္ဋာ ကာရေန ပရိဘမန္တံ ဘယဇနကေန မဟတာသဒ္ဒေန ဟေဋ္ဌာနိ ပတတိ။ တဿ ဌာနေ ဗလဝါမုက္ခ သမညာတိ ဒိဿတိ။

ဤသို့ ကျမ်းဂန် လာသောဝင့်၊ ထိုဗလဝါမုက္ခသည်ကား မဟာသမုဒ္ဒရာ၌ ကြီးစွာသော ဝဲသည် ဖြစ်၏။ ထိုဗလဝါမုက္ခတို့မှ အဝီစိငရဲကြီး၏ အတွင်း၌ ကျက်ကုန်သော သတ္တဝါတို့၏ ကံ၏ အစွမ်းဖြင့် ငရဲကြီး တံခါးသည် အမြဲသော ကာလ၌ပင်လျှင် ပွင့်လည်း ပွင့်၏။ ပိတ်လည်း ပိတ်၏။ထိုသို့ ပွင့်သော အခါ၌ အဝီစိငရဲမှ ကြီးစွာသော မီးပုံ ထွက်လတ်၍ တံခါးသို့ ရှေ့ရှု များသော ယူဇနာ အလျား,အနံ ရှိသော အောက် သမုဒ္ဒရာအရပ်ကို လောင်၏။ ထိုအရပ်သည် လောင်လတ်သော်၊ အထက်၌ ရေသည် ဝဲ၏ အခြင်းအရာအားဖြင့် လည်သည် ဖြစ်၍၊ ကြောက်မက်ဖွယ်ကို ဖြစ်စေတတ်သော ပြင်းစွာသော အသံဖြင့် အောက် အဝီစိသို့ ကျ၏။ ထိုသမုဒ္ဒရာကို ဗလဝါမုက္ခသမုဒ္ဒရာ ဆိုသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာများသည် အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ,စသော ကျမ်းတို့၌ လာသည် မှတ်ရမည်။

၅၂၇။ ။မဟာသမုဒ္ဒရာသည် အစဉ်အတိုင်း နိမ့်သဖြင့် ချိုင့်ဝှမ်းသည်ဟု ဆို၏။အဘယ်သို့ နိမ့်၍ အဘယ်သို့ ချိုင့်ဝှမ်းလေသနည်း။

သောပန မဟာသမုဒ္ဒေါ တိရဒေသတော ပဋ္ဌာယ ဧကင်္ဂုလ, ဒွင်္ဂုလ,ဝိဒတ္ထိ,ရတန,ယဋ္ဌိ,ဥသဘ,အဍ္ဍဂါဝုတ,ဂါဝုတ,အဍ္ဍယောဇနာဒိဝသေန ဂန္တွာ,ဂန္တွာ သိနေရုပါဒမူလေ စတုရာသီတိ ယောဇနသဟဿဂမ္ဘီရော ဟုတွာ ဋ္ဌိတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ထို မဟာသမုဒ္ဒရာသို ကမ်းအရပ်မှ စ၍၊ လက် တသစ်, နှစ်သစ်, တထွာ, တတောင်, တတာ,-တဥသဘ, ဂါဝုတ်ခွဲ,တဂါဝုတ်,ယူဇနာခွဲ,တယူဇနာ စသော အားဖြင့်၊ အစဉ် အတိုင်း နိမ့်၍,နိမ့်၍ သွားလေသို့ ရှိသော်၊မြင်းမိုရ်တောင်ခြေရင်း၌ ယူဇနာ ရှစ်သောင်း,လေးထောင် နက်၍ တည်သည်ဟု မှတ်ရမည်။ ။ ဤ အခြင်းအရာကို အင်္ဂုတ္တရနိကာယ်,အဋ္ဌကထာ မဟာပဒါနသုတ် အဖွင့်၌ လာသည် မှတ်ရမည်။

၅၂၈။ ။ထိုမဟာသမုဒ္ဒရာ၌ မဟိန္ဒအမည် ရှိသော ထမ်းပိုးသည် ကား ယူဇနာ အဘယ်မျှ တက်သနည်း။

မဟိန္ဒဝိစိနာမ သဋ္ဌိယောဇနာနိ ဥဂ္ဂစ္ဆတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မဟိန္ဒအမည် ရှိသော ထမ်းပိုးသည် ကား ယူဇနာခြောက်ဆယ် အလှိုင်း,အလှိုင်း တက်သည်ဟု မှတ်ရမည်။

၅၂၉။ ။ဂင်္ဂါအမည် ရှိသော ထမ်းပိုးသည်ကား၊ ယူဇနာ အဘယ် မျှ တက်သနည်း။

ဂင်္ဂါဝိစိနာမ ပဏ္ဏာသယောဇနာနိ ဥဂ္ဂစ္ဆတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဂင်္ဂါအမည် ရှိသော ထမ်းပိုးသည် ကား၊ယူဇနာ ငါးဆယ် အလှိုင်း,အလှိုင်း တက်သည်ဟု မှတ်ရမည်။

၅၃၀။ ။ရောဟနအမည် ရှိသော ထမ်းပိုးသည်ကား၊ ယူဇနာ အဘယ်မျှ တက်သနည်း။

ရောဟနဝိစိနာမ စတ္တာလီသယောဇနာနိ ဥဂ္ဂစ္ဆတိ။

ဤသို့ကျမ်းဂန် လာသောကြောင့်၊ ရောဟနအမည် ရှိသော ထမ်းပိုးသည် ယူဇနာ လေးဆယ် အလှိုင်း,အလှိုင်း တက်သည်ဟု မှတ်ရမည်။ ။ ဓမ္မဟဒယဝိဘင်း,အဋ္ဌကထာ၌ လာသည် မှတ်ရမည်။

၅၃၁။ ။မဟာသမုဒ္ဒရာ၌ အထူးအားဖြင့် ထင်ရှားသော ငါးကြီး ရှစ်ခင်း ဆိုသည်ကား အဘယ်နည်း။

တသ္မိံ မဟာသမုဒ္ဒေ တိမိရော,တိပိင်္ဂလော,တိမိပိင်္ဂလော,တိမိရ ပိင်္ဂလော, အာနန္ဒော, တိမိနန္ဒော, အဇ္ဈာရောဟော, မဟာတိမိ အဋ္ဌ မဟာမစ္ဆာ အတ္ထိ,သန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထို မဟာသမုဒ္ဒရာ၌ အထူးအားဖြင့် ထင်ရှားသော ငါးကြီး ရှစ်စင်းတို့သည်ကား တိမိရငါးကြီး၊ တိမိင်္ဂလ ငါးကြီး၊ တိမိတိမိင်္ဂလငါးကြီး၊ တိမိရပိင်္ဂလငါးကြီး၊ အာနန္ဒာငါးကြီး၊ တိမိ နန္ဒာငါးကြီး၊ အဇ္ဈာရောဟငါးကြီး၊ မဟာတိမိငါးကြီး၊ ဤသည်ကား မဟာသမုဒ္ဒရာ၌ အထူးအားဖြင့် ထင်ရှားသော ငါးကြီး ရှစ်စင်းတို့၏ အမည်တည်းဟု မှတ်ရမည်။

၅၃၂။ ။ထို ငါးကြီးရှစ်စင်းတို့တွင် တိမိရငါးကြီးကား၊ ယူဇနာ အဘယ်မျှ ရှိသနည်း။

တိမိရောနာမ[၁] မစ္ဆော ဒွိယောဇနသတိကော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တိမိရငါးကြီးသည်ကား ယူဇနာ နှစ်ရာ ရှိသည်ဟု မှတ်ရမည်။

၅၃၃။ ။တိမိင်္ဂလငါးကြီးသည်ကား ယူဇနာ အဘယ်မျှ ရှိသနည်း။

တိမိင်္ဂလောနာမ[၂] မစ္ဆော တိယောဇနသတိကော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တိမိင်္ဂလငါးကြီးသည်ကား ယူဇနာသုံးရာ ရှိသည်ဟု မှတ်ရမည်။

၅၃၄။ ။တိမိတိမိင်္ဂလငါးကြီးသည်ကား ယူဇနာ အဘယ်မျှ ရှိသနည်း။

တိမိတိမိင်္ဂလောနာမ မစ္ဆော စတုယောဇန-သတိကော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တိမိတိမိင်္ဂလငါးကြီးသည်ကား ယူဇနာလေးရာ ရှိသည်ဟု မှတ်ရမည်။

၅၃၅။ ။တိမိရပိင်္ဂလငါးကြီးသည်ကား ယူဇနာ အဘယ်မျှ ရှိသနည်း။

တိမိရပိင်္ဂလောနာမ မစ္ဆော ပဉ္စယောဇနသတိကော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တိမိရပိင်္ဂလငါးကြီးသည်ကား ယူဇနာငါးရာ ရှိသည်ဟု မှတ်ရမည်။

၅၃၆။ ။အာနန္ဒာ၊ တိမိနန္ဒ၊ အဇ္ဈာရောဟ၊ မဟာတိမိ၊ ဤ ငါးကြီး လေးစင်းတို့သည်ကား ယူဇနာ အဘယ်မျှ ရှိကုန်သနည်း။

---

၁။ သုတ်မဟာဝါအဋ္ဌကထာ မျက်နှာ ၇၀၌—တိမိနာမ မစ္ဆော-ရှိသည်။
၂။ ယင်း၌—တိမိင်္ဂလော-ရှိသည်။

အာနန္ဒော, တိမိနန္ဒော, အဇ္ဈာရောဟော, မဟာတိမိတိ၊ အယမေ စတ္တာရော မစ္ဆာ ယောဇနသဟဿိကာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အာနန္ဒာ, တိမိနန္ဒာ, အဇ္ဈာရောဟ, မဟာတိမိ၊ ဤငါးကြီးလေးစင်းတို့သည်ကား ယူဇနာတထောင်စီ ရှိသည်ဟု မှတ်ရမည်။

ထိုငါးကြီးတို့တွင်၊ တိမိရ-တိမိင်္ဂလငါးကြီးသည် လက်ျာနားကို[၁] လှုပ်သည် ရှိသော်၊ ယူဇနာငါးရာ ရှိသော အရပ်၌ ရေသည် တုန်လှုပ်၍၊ လက်ဝဲနားကို လှုပ်သော်ရင်း၊ အမြီးကို လှုပ်သော်ရင်း၊ ဦးခေါင်းကို လှုပ်သော်ရင်း ထို့အတူ ယူဇနာငါးရာ ရှိသော အရပ်၌ ရေသည် တုန်လှုပ်၍။ နားနှစ်ဖက်ကို လှုပ်၍၊ အမြီးကို ပုတ်ခတ်သျက်၊ ဦးခေါင်းကို ထိမှ, ဤမှ ထား၍ မြူးတူးအံ့သော်ငှာ အားထုတ်သည် ရှိသော်ကား၊ ယူဇနာ ခုနစ်ရာ,ရှစ်ရာ ရှိသော အရပ်၌ ရှိသော ရေသည် ခနောက်ပေါ်တွင် တင်၍ မီးဖြင့် ချက်သော အိုး၌ ရေကဲ့သို့ ကျိုက်ကျိုက် ဆူသည်သာ ဖြစ်သည်ဟု မှတ်ရမည်။ ။ထိုငါး၏ ကျောက်ကုန်းသည် ယူဇနာသုံးရာမျှလောက်သော[၂] ရေသို့ မနစ်၊ ပေါ်၍ နေသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကား မဟာနိဒ္ဒေသနသုတ်အဖွင့်၌ လာသည်ဟု မှတ်ရမည်။

၅၃၇။ ။သောင်းလေးရပ် ဆိုသည်ကား အဘယ်နည်း၊

ဇမ္ဗုဒီပဿ ပမာဏံ ဒသ,သဟဿယောဇနံ၊ တထာ အဝိစိ မဟာနိရိယော၊ တထာ အသူရပုရံ၊ တထာ တာဝတိံသဒေဝလောကေ သက္ကပုရံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဇမ္ဗူဒီပါကျွန်း ယူဇနာတသောင်း၊ အဝိစိငရဲကြီး ယူဇနာတသောင်း၊ အသူရာပြည် ယူဇနာတသောင်း၊ တာဝတိံသာနတ်ပြည် ယူဇနာတသောင်း၊ ဤသည်ကား သောင်းလေးရပ် ဖြစ်သည်ဟု မှတ်ရမည်။

---

၁။ ဤ၌—နား-ကို ဆိုသည်ကား ရေယက်-ဆူးတောင်ကို ဆိုလိုသည်။ မာဂဓခေါ်-ဒက္ခိဏကဏ္ဏ၊ ဝါမကဏ္ဏကို တိုက်ရိုက်ပြန်စကားဟု မှတ်ရာ၏။

၂။ စာမူတို့၌—ယူဇနာသရာ-ဟူ ရှိသည်။ မဟာနိဒ္ဒေသနသုတ်၌—တိယောဇနသတမတ္တေ ရှိ၍၊ ပြင်လိုက်သည်။

၅၃၈။ ။အရှေ့ကျွန်းကား ယူဇနာ အဘယ်မျှ ရှိသနည်း။
ပုဗ္ဗဝိဒေဟော သတ္တယောဇနသဟဿ ပရိမာဏော။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပုဗ္ဗဝိဒေဟ မည်သော အရှေ့ကျွန်းသည်ကား ယူဇနာခုနစ်ထောင် ရှိသိဟု မှတ်ရမည်။
၅၃၉။ ။ဇမ္ဗူဒီပါတောင်ကျွန်းသိုကား ယူဇနာ အဘယ်မျှ ရှိသနည်း။
ဇမ္ဗူဒီပဿ ပမာဏံ ဒသ,သဟဿယောဇနံ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဇမ္ဗူဒီပါတောင်ကျွန်းသိုကား ယူဇနာ တသောင်း ရှိသည်ဟု မှတ်ရမည်။
၅၄၀။ ။အနောက်ကျွန်းသိုကား ယူဇနာ အဘယ်မျှ ရှိသနည်း။
အပရဂေါယာနံ သတ္တယောဇနသဟဿ ပရိမာဏံ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အပရဂေါယာ မည်သော အနောက်ကျွန်းသိုကား ယူဇနာခုနစ်ထောင် ရှိသည်ဟု မှတ်ရမည်။
၅၄၁။ ။ဥတ္တရကုရုကျွန်းသိုကား ယူဇနာ အဘယ်မျှ ရှိသနည်း။
ဥတ္တရကုရု အဋ္ဌ,သဟဿယောဇန ပမာဏော။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဥတ္တရကုရုအမည် ရှိသော မြောက်ကျွန်းသို ယူဇနာ ရှစ်ထောင် ရှိသိဟု မှတ်ရမည်။
၅၄၂။ ။လေးကျွန်း တည်ဟန်,သဏ္ဍာန်ကား အဘယ်သို့သော အခြင်းအရာဖြင့် တည်လေသနည်း။
ဇမ္ဗူဒီပေ သကဋသဏ္ဍာနော၊ ပုဗ္ဗဝိဒေဟော အဍ္ဎစန္ဒသဏ္ဍာနော၊ ဥတ္တရကုရုနံ စတုရဿပီဌသဏ္ဍာနံ၊ အပရဂေါယာနံ ပုဏ္ဏစန္ဒသဏ္ဍာနံ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဇမ္ဗူဒီပါကျွန်းသည်ကား လှည်းဦး သဏ္ဍာန် ရှိသည်ဟု မှတ်ရမည်။ ။အရှေ့ကျွန်းသိုကား လထက်ဝက် သဏ္ဍာန် ရှိသိဟု မှတ်ရမည်။ ။မြောက်ကျွန်းသည်ကား လေးထောင့် အင်းပျဉ်သဏ္ဍာန် ရှိသည်ဟု မှတ်ရမည်။ ။အနောက်ကျွန်းသိုကား လပြည့်ဝန်းသဏ္ဍာန် ရှိသည်ဟု မှတ်ရမည်။
၅၄၃။ ။လေးကျွန်းသူ,လေးကျွန်းသားကျွဲ၏ မျက်နှာ ဥပမာသဏ္ဍာန် အဘယ်သို့ ရှိလေသနည်း။
တံတံ ဒီပဝါသိနံ မုခံ တံတံ ဒီပသဏ္ဍာနန္တိ ဝုတ္တံ။

ဤသို့ ကျမ်းဂန် လာသောခြင့်၊ ထိုထိုသို့သော ကျွန်း၌ နေသော သူ တို့၏ မျက်နှာသည် ထိုထိုသို့သော ကျွန်းနှင့် တူလေကုန်သည် မှတ်ရမည်။

၅၄၄။ ။ဇမ္ဗူဒိပါကျွန်း၌ နေကုန်သော သူတို့၏ အသက်အပိုင်း အခြားကား အဘယ်မျှ ရှိသနည်း။

ဇမ္ဗူဒီပဝါသီနံ အာယုပ္ပမာဏံ နတ္ထိ။

ဤသို့ ကျမ်းဂန် လာသောခြင့်၊ ဇမ္ဗူဒိပါကျွန်း၌ နေသော သူတို့၏ အသက်အပိုင်းအခြားသည် အမြဲ မရှိ။ ဆယ်နှစ် နေသည်၊ ရံခါ အသင်္ချေ နေသည်ဟု မှတ်ရမည်။

၅၄၅။ ။အရှေ့ကျွန်း၌ နေကုန်သော သူတို့၏ အသက် အပိုင်း, အခြားကား၊ အဘယ်မျှ ရှိသနည်း။

ပုဗ္ဗဝိဒေဟာ သတ္တဝဿ,သတာယုကာ။

ဤသို့ ကျမ်းဂန် လာသောခြင့်၊ အရှေ့ကျွန်း၌ နေကုန်သော သူတို့၏ အသက်ကား ၇၀၀-နေသည်ဟု မှတ်ရမည်။

၅၄၆။ ။အနောက်ကျွန်း၌ နေကုန်သော သူတို့၏ အသက် အပိုင်း အခြားကား၊ အဘယ်မျှ ရှိသနည်း။

အပရဂေါယာနာစ ပဉ္စဝဿ,သတာယုကာ။

ဤသို့ ကျမ်းဂန် လာသောခြင့်၊ အနောက်ကျွန်း၌ နေကုန်သော သူ တို့၏ အသက်သည်ကား၊ ၅၀၀-နေရသည်ဟု မှတ်ရမည်။

၅၄၇။ ။မြောက်ကျွန်း၌ နေကုန်သော သူတို့၏ အသက် အပိုင်း, အခြားကား၊ အဘယ်မျှ ရှိသနည်း။

ဥတ္တရကုရုဝါသိနာ ဝဿ,သဟဿာယုကာ။

ဤသို့ ကျမ်းဂန် လာသောခြင့်၊ မြောက်ကျွန်း၌ နေကုန်သော သူတို့၏ အသက်သည် ၁၀၀၀-နေသည်ဟု မှတ်ရမည်။

၅၄၈။ ။အဘယ့်ကြောင့်၊ မြောက်ကျွန်း၌ နေကုန်သော သူတို့၏ အသက်သည်တထောင် အမြဲ နေရလေသနည်း။

တေသံ သဗ္ဗဒါ သုသီလာ နိရန္တရံ ပဉ္စသီလာနိ တေသံ သဘာဝေနေဝ သိဇ္ဈန္တိ၊

ဤသို့ ကျမ်းဂန် လာသောခြင့်၊ မြောက်ကျွန်း၌ နေကုန်သော သူတို့

အား ကောင်းသော သီလရှိကုန်၍။ ပဉ္စသီလတရားကို မပြတ်လျှင် သဘောအားဖြင့် ဆောက်တည်ခြင်း ပြီးကုန်၍၊ ထိုကြောင့်၊ ၊အသက်တထောင် အမြဲ နေရသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကား ဒီဃနိကာယ်၊ ဝိသုဒ္ဓိမဂ် စသော ကျမ်းတို့၌ လာသည် မှတ်ရမည်။

၅၄၉။ ။တောင်ကျွန်းသို့ အဘယ်ကို အစွဲ ပြု၍ ဇမ္ဗူဒီပ တွင်လေသနည်း။

ယဿာနုဘာဝေန အယံဒီပေါ ဇမ္ဗူဒီပေါတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဇမ္ဗူသပြေပင်၏ အာနုဘော်အားဖြင့် ဇမ္ဗူသပြေပင်ကို အကြောင်း ပြု၍၊ ဇမ္ဗူဒီပ တွင်လေသည်ဟု မှတ်ရမည်။

၅၅၀။ ။ထို ဇမ္ဗူသပြေပင်သည် ပင်စည်၊ လုံးပတ်၊ အယပ်၊ ခက်မ အဘယ်မျှ ပမာဏ ရှိလေသနည်း။

တံ မူလတော ယာဝ သာခဂ္ဂါ ယောဇနသတပမာဏံ။ တထာ ပုဗ္ဗ၊ ပစ္ဆိမ၊ ဒက္ခိဏုတ္တရသာခါနံ သမာနပမာဏံ၊ သာခါ-မဇ္ဈာလာဝဋ္ဋ တိဏိယောဇနသတာနိ။ ခန္ဓော ပန္နရသယောဇနဝဋ္ဋော၊ သော ယာဝ မူလတော ဝိဋပါ ပဏ္ဏာသယောဇနာ၊ ဝိဋပတော ယာဝ သာခဂ္ဂါ ပဏ္ဏာသယောဇနာ။ စတဿော သာခါ ပဏ္ဏာသ၊ ပဏ္ဏာသယောဇနာနိ၊

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ထိုဇမ္ဗူသပြေပင်သည် အရင်းမှ အခက်ဖျား တိုင်အောင်၊ ယူဇနာ တရာ ရှိသည်ဟု မှတ်ရမည်။ ။အရှေ့၊ အနောက်၊ တောင်၊ မြောက် ဖြာလေသော အခက်တို့သည်လည်း၊ ထိုအတူ ရှိသည်ဟု မှတ်ရမည်။ ။အခက်၊ အဝန်းတို့သည် ယူဇနာ သုံးရာ ရှိသည်ဟု မှတ်ရမည်။ ။ပင်စည်၊ လုံးပတ်၊ အဝန်း တဆယ့်ငါးယူဇနာ ရှိသည်ဟု မှတ်ရမည်။ ။အရင်းမှ အခွ တိုင်အောင် ယူဇနာ ငါးဆယ် ရှိသည်ဟု မှတ်ရမည်။ ။အခွမှ အခက်ဖျားတိုင်အောင် ယူဇနာငါးဆယ် ရှိသည်ဟု မှတ်ရမည်။ ။ခက်မလေးဖြာ ယူဇနာ ငါးဆယ်စီ ရှိသည်ဟု မှတ်ရမည်။

၅၅၁။ ။ဇမ္ဗူရဇ်ဘွဲ့ဟု ပညတ်အားဖြင့် ခေါ်ဝေါ်ခြင်းသည် အဘယ်ကို အကြောင်း ပြု၍ ခေါ်ဝေါ်လေသနည်း။

တာသုပန မဟန္တာ နဒိယော သန္ဒန္တိ။တာသံ နဒီနံ ဥဘယတိရေ ဇမ္ဗုပက္ကာနံ ပတိတဋ္ဌာနေ သုဝဏ္ဏင်္ကုရာ ဥပဋ္ဌဟန္တိ။ တေ နဒီဇလေ ဝုယှမာနာ အနုပုဗ္ဗေန မဟာသမုဒ္ဒံ ပဝိသန္တိ။ တတောယေဝ ဇမ္ဗူနဒိယံ နိဗ္ဗတ္တတ္တာ ဇမ္ဗူနဒန္တိ။တံ သုဝဏ္ဏံ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသော့ငြေ၊ ထို ဇမ္ဗူသပြေပင်၏ ခက်မတို့၏ အောက်၌ ကြီးကျယ်စွာသော မြစ်တို့သည် စီးကုန်သည် ဖြစ်၍၊ ကမ်းနား နှစ်ဘက်တို့၌ သပြေသီးမှည့်တို့သည် ကျကုန်သဖြင့်၊ ရွှေညှန့်တို့သည် မြစ် ရေ၌ မျောကုန်သဖြင့် အစဉ်အတိုင်း မဟာသမုဒ္ဒရာသို့ ဝင်ကုန်သည် ဖြစ်၍၊ ဇမ္ဗူနဒီမြစ်မှ ဖြစ်သောကြောင့်၊ ထိုရွှေကိုဇမ္ဗူရာဇ် တွင်သည် ဟု မှတ်ရမည်။

၅၅၂။ ။ဘကမ္ဘာပတ်လုံး တည်အံ့သော သစ်ကြီးခုနစ်ပင် ဆိုသည်ကား အဘယ်နည်း။

ပါဋလိ,သိပ္ပလိ,ဇမ္ဗူ၊ဒေဝါနံ ပါရိဆတ္တကော၊ကဒမ္ဗော,ကပ္ပရုက္ခော စ သိရီသောစာတိ သတ္တိမေ။

ဤသို့ ကျမ်းဂန်လာသော့ငြေ၊ကမ္ဘာပတ်လုံး တည်သော သစ်ပင်ကြီး ခုနစ်ပင်တို့သည်ကား၊ သခွတ်ပင်,လက်ပံပင်, ဇမ္ဗူ သပြေပင်,ပင်လယ် ကသစ်ပင်,ထိမ်ပင်,ပဒေသာပင်,ကုက္ကိုပင်၊ ဤသို့အားဖြင့် သစ်ပင် ကြီးခုနစ်ပင် ဖြစ်သည်ဟု မှတ်ရမည်။

၅၅၃။ ။သစ်ကြီးခုနစ်ပင်တို့ကိုကား ရေတွက်၍ သိရပြီ၊ အဘယ် မည်သော ပြည်၌ အဘယ် မည်သော သစ်ပင်တို့သည် ရောက် လေ,ပေါက်လေသနည်း။

ပါဋလိ အသုရာနဉ္စ၊ သုပဏ္ဏာနဉ္စ သိပ္ပလိ၊ ဇမ္ဗူ ဇမ္ဗုဒီပ မနုဿာနံ၊ ဒေဝါနံ ပါရိဆတ္တကော၊ ကဒမ္ဗော အပရဂေါယာနေ၊ ကပ္ပရုက္ခော စ ဥတ္တရေ၊ပုဗ္ဗဝိဒေဟေ သိရီသော စ ကပ္ပဋ္ဌာယီ ဇာယေ မဘာ။

ဤသို့ ကျမ်းဂန်လာသော့ငြေ၊အသူရာပြည်၌ သခွတ်ပင်၊ဂဠုန်ပြည် ၌ လက်ပံပင်၊တောင်ကျွန်း၌ ဇမ္ဗူ သပြေပင်၊တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်၊အနောက်ကျွန်း၌ ထိမ်ပင်၊မြောက်ကျွန်း၌ ပဒေသာ ပင်၊အရှေ့ကျွန်း၌ ကုက္ကိုပင်၊ဤသည်ကား ကမ္ဘာပတ်လုံး တည်လတ္တံ့

သော အသီးအသီး ဆိုင်ရာ ပေါက်ရောက်သော သစ်ပင်ကြီးခုနစ်ပင် ဖြစ်သည်ဟု မှတ်ရမည်၊

၅၅၄။ ။ဤသစ်ပင်ကြီးခုနစ်ပင်တို့သည် အကျဉ်း,အကျယ်,အနိမ့်, အမြင့်,လုံးပတ်,အရပ်,အကိုင်းအခက်,အရွက်တို့မှ စ၍ ပိုင်းခြားအပ်သော သချာသို အယုတ်,အလွန် ရှိသလော။ထိုသို့မဟုတ် အတူတူ အမျှမျှ ရှိသလော။အဘယ်သို့နည်း။

ခန္ဓာ,ပဏ္ဏာ,မဟာသာခါ၊ ဥဗ္ဗေဓ,ပရိမဏ္ဍလာ။ သဗ္ဗေ ဧကပရိစ္ဆေဒါ၊သဗ္ဗေ တိဗ္ဗေ့ ဿသတာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဤသို့ သစ်ပင်ကြီး ခုနစ်ပင်တို့သည် အကျဉ်း,အကျယ်၊ အနိမ့်,အမြင့်၊ ပင်စည်လုံးပတ်,အရပ်၊အကိုင်း,အခက်,အရွက်တို့မှ စ၍၊အချင်း ခပ်သိမ်း အယုတ်,အလွန် မရှိ၊ အတူတူ အမျှမျှ ဖြစ်ကြကုန်သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာများကို ဒီဃနိကာယ်,စသော ကျမ်းတို့၌ လာသည် မှတ်ရမည်။

၅၅၅။ ။ကျွန်းကြီး လေးကျွန်းတို့တွင်၊ ငါတို့ ဇမ္ဗူဒိပ် တောင်ကျွန်းသည် ယူဇနာတသောင်း ရှိ၏ဟု ဆိုပြီ။ ထို တသောင်းသော အနက်တို့တွင်၊ရေနေကား အဘယ်မျှ ရှိလေသနည်း။

ဇမ္ဗူဒီပေပန သဟဿယောဇနပမာဏေ၊ဥဒကေန အဇ္ဈောတ္ထရတ္တာ သမုဒ္ဒေါတိ သင်္ခဂတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊တသောင်းသော အနက်တွင် ရေနေ လေးထောင် ရှိသည်ဟု မှတ်ရမည်၊

၅၅၆၊ ။တောနေကား အဘယ်မျှ ရှိသနည်း၊

တိသဟဿ,ယောဇနပမာဏော ဌာနေ ဟိမဝါ ပတိဋ္ဌိတော။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ လူနေမှ အလွတ်၊ ဟိမဝန္တာတောကား ယူဇနာသုံးထောင် ရှိသည်ဟု မှတ်ရမည်။

၅၅၇၊ ။လူနေကား အဘယ်မျှ ရှိသနည်း၊

တိသဟဿ,ယောဇနပမာဏော မနုဿာ ဝသန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လူနေကား သုံးထောင် ရှိသည်ဟု မှတ်ရမည်၊

၅၅၈။ ။ထိုလူနေ သုံးထောင်တို့တွင်၊ မြို့မခရိုင်ကား အဘယ်မျှ ရှိသနည်း။

တတ္ထ ဇမ္ဗူဒိပေ တိကွတ္တုံ တေသမ္ဗိယာ နဂရဒသ,သဟဿေဟိ သမ္ဗန္ဓာဂတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုဇမ္ဗူဒိပါကျွန်း၌ မြို့မခရိုင်သည် ကား တသိန်းရှစ်သောင်းကိုးထောင် ရှိသည်ဟု မှတ်ရမည်။

၅၅၉။ ။အခွန်ဖြစ်ရာ ကျေးလက်မြို့သိုကား အဘယ်မျှ ရှိသနည်း။

နဝ နဝုတိယာ ဒေါနမုခ,သတသဟဿေဟိ သမ္ဗန္ဓာဂတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အခွန် ဖြစ်ရာ,ကျေးလက်မြို့သိုကား ကိုးသန်းကိုးသိန်း ရှိသည်ဟု မှတ်ရမည်။

၅၆၀။ ။သင်္ဘောဆိပ်ကား အဘယ်မျှ ရှိသနည်း။

ဆနဝုတိယာ ပဋ္ဋန,ကောဋိသတသဟဿေဟိ သမ္ဗန္ဓာဂတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊သင်္ဘောဆိပ်ကား အကုဋေကိုးသန်း ခြောက်သိန်း ရှိသည်ဟု မှတ်ရမည်။

၅၆၁။ ။ရတနာအပေါင်းတို့ဖြစ်ရာ အရပ်သိုကား အဘယ်မျှ ရှိသနည်း။

ဆပဉ္စာသ-နဂရေ ရတနာကာရေဟိ သမ္ဗန္ဓာဂတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ရတနာအပေါင်းတို့ဖြစ်ရာ အရပ် ကား ငါးဆဲ့ခြောက်ရပ် ရှိသည်ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။

၅၆၂။ ။ဟိမဝန္တာတောင်သိုကား အဘယ်သို့ တည်ဟန်,တည် လေသနည်း။

သော ဥဗ္ဗေဓေန ပဉ္စယောဇနသတပမာဏော အာယာမဝိတ္ထာ ရေန တိသဟဿယောဇနပမာဏော။ သုဒဿနကူဋာဒိဟိ စတု ရာသီတိ ကူဋသဟဿေဟိ ပဋိမဏ္ဍိတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ထို ဟိမဝန္တာတောင်မင်းသည်ကား အစောက်အားဖြင့် ယူဇနာငါးရာ ရှိသည်၊ အလျား,အနံအားဖြင့်ကား ယူဇနာသုံးထောင် ရှိသည်။ သုဒဿနတောင်ထွတ်,အစ ရှိသော ရှစ်

သောင်း လေးထောင်သော တောင်ထွတ်တို့ဖြင့် တန်းဆာဆင်ကုန်လျက် တင့်တယ်ဆန်းကြယ်စွာ တည်သည်ဟု မှတ်ရမည်၊

၅၆၃။ ။ထို ဟိမဝန္တာတောင်မင်း၏ ထက်ဝန်းကျင်မှ အဘယ်မျှသော မြစ်တို့သည် စီးကုန်သနည်း။

သော ပန သမန္တတော သန္ဒမာနာဟိ ပဥ္စသတနဒီဟိ ဝိစိတ္တာ၊ ဤသို့ ကျန်းဂန် လာသောကြောင့်၊ ထို ဟိမဝန္တာတောင်မင်း၏ ထက်ဝန်းကျင်မှ ငါးရာသော မြစ်ငယ်တို့သည် ဆန်းကြယ်စွာ စီးကုန်သည်ဟု မှတ်ရမည်။

၅၆၄။ ။ထို ငါးရာသော မြစ်ငယ်တို့သို့ ယူဇနာအချင်း အဘယ်မျှ ရှိသနည်း။

တတ္ထ အာယာမဝိတ္ထာရေနစေဝ ဂမ္ဘီရတာယစ ပဉ္စာသ
ပဉ္စာသယောဇနာ ဒိယဍ္ဎယောဇန-သတ,ပရိမဏ္ဍလော။

ဤသို့ ကျန်းဂန် လာသောကြောင့်၊ ထို ငါးရာ,ငါးရာသော မြစ်ငယ်တို့သို့ အလျား,အနံ့အားဖြင့်၎င်း၊ အစောက်အားဖြင့်၎င်း၊ ယူဇနာ ငါးဆယ်, ငါးဆယ်စီ ရှိကုန်သည်။ အဝန်းအားဖြင့်ကား ယူဇနာ တရာ့ငါးဆယ် ရှိသည်ဟု မှတ်ရမည်၊ ။ဤ အခြင်းအရာကို သံယုတ္တနိကာယ် အဋ္ဌကထာ၌ လာသည်၊

သာသနာတော် စည်ပင်ပြန့်ပွားများအံ့သော အကြောင်း ကောင်းသည်သာ ဖြစ်သော အမြွက် ရွှေပြည်နိဗ္ဗာန်ကို အလိုရှိသော့ငှါ၊ ခပ်သိမ်းသော သူအပေါင်းတို့အား မှတ်သားဆိလွယ်စိမ့်သောငှါ အထူးထူးသော အနက်အဓိပ္ပါယ် အသွယ်သွယ်သော နည်းနာနယတို့ဖြင့် တန်ဆာဆင်လျက် အစောင်စောင်သော ကျမ်းတို့မှ ကပ္ပဲဘုန်းကြီး ထုတ်နှုတ် စီရင်အပ်သော ပညာကထာ ပဥ္စပိုင်းကား ဤတွင်၍ ပြီးပြည့်စုံသို၊ ။သက္ကရာဇ် ၁၂၃၉ ခု၊ နတ်တော်လဆန်း ၁၀ ရက် နံနက်၊

# ပညာကထနကျမ်း၊ ဆဋ္ဌမတွဲ။

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ။

၅၆၅။ ။ထို ဟိမဝန္တာတောင်၌ အိုင်းကြီးကား အဘယ်မျှ ရှိသနည်း။

တတ္ထ အနောတတ္တဒဟော၊ ကဏ္ဏမုဏ္ဍဒဟော၊ ရထကာရဒဟော၊ ဆဒ္ဒန္တဒဟော၊ ကုဏ္ဍာလဒဟော၊ မန္ဒာကိနိဒဟော၊ သီဟပ္ပပါတဒဟောတိ ဣမေ သတ္တ မဟာသရာ ပတိဋ္ဌိတာ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထို ဟိမဝန္တာတောင်၌ အနဝတတ်အိုင်၊ ကဏ္ဏမုဏ္ဍအိုင်၊ ရထကာရအိုင်၊ ဆဒ္ဒန်အိုင်၊ ကုဏ္ဍာလအိုင်၊ မန္ဒာကိနီအိုင်၊ သီဟပ္ပပါတအိုင်၊ ဤသို့အားဖြင့် အိုင်ကြီးကား ခုနစ်အိုင် ရှိသည်ဟု မှတ်ရမည်၊

၅၆၆။ ။ထို အိုင်ကြီး ခုနစ်အိုင်တို့တွင် အနဝတတ်အိုင်ကို ရံသောတောင်တို့သည်ကား အဘယ်တောင်တို့သည် ရံကုန်သနည်း။

တတ္ထ အနောတတ္တဒဟော သုဒဿနကူဋံ၊ စိတ္တကူဋံ၊
ကာလကူဋံ၊ ဂန္ဓမာဒနကူဋံ၊ ကေလာသကူဋန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အိုင်ကြီးခုနစ်အိုင်တို့တွင် အနဝတတ်အိုင်ကို ရံသော တောင်ထွတ်တို့သည်ကား သုဒဿနတောင်ထွတ်၊ စိတ္တကူဋတောင်ထွတ်၊ ကာလကူဋတောင်ထွတ်၊ ဂန္ဓမာဒနတောင်ထွတ်၊ ကေလာသတောင်ထွတ်၊ ဤတောင်ငါးလုံးတို့သည် အနဝတတ်အိုင်ကို ဆန်းကြယ်စွာ ဖုံးလွှမ်းလျက် တည်ကုန်သည်ဟု မှတ်ရမည်၊ ရင်း၌ လာသည်၊

၅၆၇။ ။ထို ငါးလုံးသော တောင်ထွတ်တို့တွင် သုဒဿနတောင်ထွတ်သည်ကား အဘယ်ဖြင့် ပြီးသနည်း။

တတ္ထ သုဒဿနကူဋံ သုဝဏ္ဏမယံ၊ ဒ္ဒိယောဍ္ဍနသတုဗ္ဗေဓံ၊
အန္တော ဝင်္ကံ ကာကမုခ သဏ္ဌာနံ၊ တမေဝသရံ ပဋိစ္ဆာဒေတွာ ဌိတံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုဒဿနတောင်ထွတ်သည်ကား ရွှေဖြင့် ပြီးသည်၊အစောက်အားဖြင့် ယူဇနာ ၃၈ရာရှိသည်၊အတွင်းကား ကောက်သည်၊ ဂျီးနွတ်သီးနှင့် တူသည်၊ထို အနဝတတ်အိုင်ကို ဖုံးလွှမ်း၍ တည်သည်ဟု မှတ်ရမည်၊

၅၆၈၊ ။စိတ္တကူဋတောင်သည်ကား အဘယ်ဖြင့် ပြီးသနည်း။

စိတ္တကူဋံ သဗ္ဗရတနမယံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ စိတ္တကူဋတောင်သည်ကား ခပ်သိမ်းသော ရတနာတို့ဖြင့် ပြီးသည်ဟု မှတ်ရမည်။

၅၆၉၊ ။ကာလကူဋတောင်ထွတ်သည်ကား အဘယ်ဖြင့် ပြီးသနည်း၊

ကာလကူဋံ အဥ္စနမယံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကာလကူဋတောင်သည် မျက်စဉ်းကျောက်ဖြင့် ပြီးသည်ဟု မှတ်ရမည်၊

၅၇၀၊ ။ဂန္ဓမာဒနတောင်သည်ကား အဘယ်ဖြင့် ပြီးသနည်း၊

ဂန္ဓမာဒနကူဋံ သာနုမယံ၊ အဗ္ဘန္တရေ မုဂ္ဂဝဏ္ဏံ၊ကာဠဝဏ္ဏေန သာရိယာဒိမူလဂန္ဓတော၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဂန္ဓမာဒနတောင်သည်ကား ခပ်သိမ်းသော ဆေးမျိုး,နံ့သာမျိုးတို့ဖြင့် ပြီး၏။ အတွင်းကား၊ ပဲနေ့ဝံအဆင်း ရှိသော ကရမက်နံ့သာ စသော အမြစ်၏ အနံ့ရှင်း၊စန္ဒကူးအစ ရှိသော အနှစ်၏ အနံ့ရှင်း၊သစ်ကြပိုး အစ ရှိသော အခေါက်၏ အနံ့ရှင်း၊ လေးညှင်း,ကံ့ကော် အစ ရှိသော အပွင့်၏ အနံ့ရှင်း၊သီး အစ ရှိသော အလွှာ၏ အနံ့ရှင်း၊ သစ်နက် စသော အရည်၏ အနံ့ရှင်း၊ ကွမ်း,လက်ဖက် အစ ရှိသော အရွက်၏ အနံ့ရှင်း၊ဇာဒိပ္ပိုလ် အစ ရှိသော အသီး၏ အနံ့ရှင်း၊အခါခပ်သိမ်းလျှင် ထုံအပ်သောကြောင့်၊ဂန္ဓမာဒန မည်၏၊ ဆိတ်တင်း လပြည့် ဥပုသ်နေ့အခါ၌ ပြောင်ပြောင်တောက်သော မီးလျှံကဲ့သို့ ထွန်းတောက်ပလျက် တည်သည်ဟု မှတ်ရမည်၊

၅၇၁၊ ။ကေလာသဘတောင်ကား အဘယ်ဖြင့် ပြီးသနည်း၊

ကေလာသကူဋံ ပန ရဇတမယံ၊

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ ကေလာသဘာ တောင်သည်ကား ငွေစင်အတိဖြင့် ပြီးသည်ဟု မှတ်ရမည်။

၅၇၂၊ ။ဤ တောင်ငါးလုံးတို့သည် အကျဉ်းအကျယ် အနိမ့်,အမြင့် တူကုန်အံ့လော၊ထူးသည်လော။အဘယ်သို့နည်း။

တာနိ ပဉ္စတာနိပန ပုဘုလတော ပညာသယောဇနာနိ၊

အာယာမတော ပန ဥဗ္ဗေဓေန ဝိယ ဒွိဿယောဇနသတာနေဝ၊

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊အလုံးစုံသော ဤတောင်ငါးလုံးတို့သည်ကား အကျယ်အားဖြင့် ယူဇနာငါးဆယ် ရှိကုန်သည်၊ အလျား,အစောက်ဖြင့်ကား ယူဇနာ၂စ်ရာ ရှိကုန်သည်ဟု မှတ်ရမည်၊

၅၇၃၊ ။ထို အနဝတတ်အိုင်၌ နေလတို့၏ အလင်းအရောင်ကို ရကုန်အံ့သော၊ အဘယ်သို့နည်း၊

စန္ဒိမ,သုရိယာ ဒက္ခိဏေနဝါ ဥတ္တရေနဝါ ဂစ္ဆန္တာ ပဗ္ဗတန္တရေ တတ္ထ ဩဘာသံ ကရောန္တိ၊ ဥဇုဂစ္ဆန္တာ နကရောန္တိ၊

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ လ,နေတို့သည် တောင်ဖြင့်ရင်း၊ မြောက်ဖြင့်ရင်း၊သွားကုန်သည် ရှိသော်၊ တောင်၏ အကြားဖြင့်လျှင် ထို အနဝတတ်အိုင်၌ အလင် ကိုရကုန်သည်။ဖြောင့်ဖြောင့်သွားသည် ရှိသော် အလင်းကို မရကုန်သည်သာ ဖြစ်သည်ဟု မှတ်ရမည်။

၅၇၄၊ ။ထို အနဝတတ်အိုင်၌ မွေလျော် ဖွယ် ရှိ၏ ဟူ၍ ဆို၏၊ အဘယ်သို့သော အခြင်းအရာဖြင့် နှလုံးမွေလျော် ရှိလေသနည်း။

တတ္ထ ရတနမယံ မနုညာ သောပါဏာ ဘိတလာဒိနိ၊

ဤသို့ အစ ရှိသည်ဖြင့် ကျမ်းဂန် လာသော့ငှ်၊ ရတနာဖြင့် ပြီးသော နှလုံးမွေ့လျော်ဖွယ် စောင်းတန်းလှေခါး၊ ဆေးဒါန်းမြင်းသိလာအပြင် အစ ရှိသည်တို့ဖြင့် တင့်တယ်ဆန်းကြယ်စွာ ရှိကုန်၏၊ရွှေအဆင်း,ဖလိအဆင်း,ပတ္တမြား အဆင်းကဲ့သို့သော ငါး,လိပ်,မကာရ်း တို့ဖြင့်လည်း ပြွမ်းကုန်၏၊ အညစ်အကြေး ကင်းသော ချမ်းကြည်,ဧမြဖွာစွာသော ရေတို့သည်လည်း ရှိကုန်၏၊ နှလုံး မွေ့လျော်ဖွယ် တင့်တယ်,ဆန်းကြယ်စွာသော ရေဆိပ်တို့သည်လည်း ရှိကုန်၏၊ ထို အနဝတတ်အိုင်၌ ရေကို

ကား ဘုရား,ပစ္စေကဗုဒ္ဓါ,အစ ရှိသော တန်ခိုးရှိသော တန်ခိုး ကြီးသော ရသေ့, နတ်ဘီလူးတို့သာ သုံးဆောင်,သောက်ချိုးရကုန်သည်ဟု မှတ်ရမည်။

၅၇၅။ ။အနဝတတ်ဒိုင်၏ နံပါးလေးမျက်နှာတို့၌ အဘယ်မည်သော ဖြွန်တို့သည် ရှိကုန်သနည်း။

စတုသု ပဿေသု ပုရတ္ထိမဒိသံ သီဟမုခံ၊ ဒက္ခိဏဒိသံ ဟတ္ထိမုခံ၊ ပစ္ဆိမဒိသံ အဿမုခံ ဥတ္တရဒိသံ ဥသဘမုခဉ္စ၊ စတ္တာရိမုခါနိဟောန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အရှေ့မျက်နှာ ခြင်္သေ့ခံတွင်း၊ တောင်မျက်နှာ ဆင်ခံတွင်း၊ အနောက်မျက်နှာ မြင်းခံတွင်း၊ မြောက်မျက်နှာ နွားခံတွင်း၊ ဤသို့အားဖြင့် လေးပါးသော ဖြွန်တို့သည် ရှိကုန်သိဟု မှတ်ရမည်။

၅၇၆။ အရှေ့မျက်နှာမှ ထွက်သော မြစ်ရေသည် အဘယ်သို့ စီးသွား လေသနည်း။

ပုရတ္ထိမဒိသတော နိက္ခန္တနဒီ အနောတတ္တံ တိက္ခတ္တုံ ပဒက္ခိဏံ ကတွာ၊ ဣတရာ တိဿော အနုပဂ္ဂမ ပါစိနဟိမဝန္တေနေဝ အမနုဿ ပထံ ဂန္တွာ မဟာသမုဒ္ဒံ ပဝိသတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အရှေ့မျက်နှာမှ ထွက်သော မြစ်ရေသည် အနဝတတ်ဒိုင်ကို လက်ျာရစ်သုံးပတ် လှည့်၍၊ တောင်,အနောက်, မြောက်,ဖြွန်တို့မှ ထွက်ကုန်သော မြစ်ရေတို့နှင့် မရောပဲ၊ အရှေ့ ဟိမဝန္တာဖြင့်သာလျှင် နတ်ဘီလူးတို့၏ နေရာခရီးသို့ စီးသွားလေ၍၊ အရှေ့ သမုဒ္ဒရာသို့ ကျသည်ဟု မှတ်ရမည်။

၅၇၇။ ။အနောက်မျက်နှာ, မြောက်မျက်နှာမှ ထွက်သော မြစ်ရေတို့သည်ကား အဘယ်သို့သော အခြင်းအရာဖြင့် စီးသွား လေသနည်း၊

ပစ္ဆိမဒိသတော စ ဥတ္တရဒိသတော စ နိက္ခန္တ နဒိယော တထေဝ ပဒက္ခိဏံ ကတွာ ပစ္ဆိ-မုတ္တရ ဟိမဝန္တေနေဝ အမနုဿပထံ ဂန္တွာ မဟာသမုဒ္ဒံ ပဝိသန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အနောက်မျက်နှာ, မြောက်မျက်နှာမှ ထွက်သော မြေရေသည်လည်း ထိုအတူရင်း အနဝတတ်အိုင်ကို လက်ျာရစ်သုံးပတ် လှည့်၍၊ တပါးသော ပြွန်တို့မှ ထွက်သော မြစ်တို့နှင့် မရောပဲ၊ အနောဒ်ဟိမဝန္တာ, မြောက်ဟိမဝန္တာဆိုင်ရာဖြင့်သာလျှင် နတ်ဘီလူးတို့ နေရာ အရပ်သို့ စီးသွားထေ၍ အနောက်သမုဒ္ဒရာ မြောက်သမုဒ္ဒရာသို့ ဆိုင်ရာ စီးဝင်လေသည်ဟု မှတ်ရမည်။

၅၇၈၊ ။တောင်မျက်နှာမှ ထွက်သော မြစ်ရေသ်ကား အဘယ်သို့သော အခြင်းအရာဖြင့် စီးသွားလေသနည်း၊

ဒက္ခိဏတော နိက္ခန္တနဒီ ပန တိက္ခတ္တုံ ပဒက္ခိဏံ ကတွာ၊ ဒက္ခိဏေန ဥဇုကံဝ ပါသာဏပိဋ္ဌေနေဝ သဋ္ဌိယောဇနာနိ ဂန္တွာ၊ ပဗ္ဗတံ ပဟာရိတွာ၊ ဥဋ္ဌာယ ပရိက္ခေပေန တိဂါဝုတပမာဏာ ဥဒကဓာရာ ဟုတွာ၊ အာကာသေန သဋ္ဌိယောဇနာနိ ဂန္တွာ၊ တိယဂ္ဂဠနာမ ပါသာဏေ ပတိတာ။ ပါသာဏော ဥဒကဓာရဝေဂေန ဘိန္နော၊ တတ္ထ ပညာသယောဇနပမာဏာ တိယဂ္ဂဠနာမ ပေါက္ခရဏီဇာတာ။ ပေါက္ခရဏိယာ ကူလံ ဘိန္ဒိတွာ ပါသာဏံ ပဝိသိတွာ သဋ္ဌိယောဇနာနိ ဂန္တွာ၊ တတော ဃနပထဝီ ဘိန္ဒိတွာ ဥမင်္ဂေန သဋ္ဌိယောဇနာနိ ဂန္တွာ၊ ဝိဉ္ဈံနာမ တိရစ္ဆာနပဗ္ဗတံ ပဟာရိတွာ ဟတ္ထတလေ ပဉ္စင်္ဂုလိသဒိသာ ပဉ္စဓာရာ ဟုတွာ ပဝတ္တတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တောင်မျက်နှာမှ ထွက်သော မြစ်ရေသ်ကား လက်ျာရစ် သုံးကြိမ်လှည့်၍ တောင်မျက်နှာဖြင့် ဖြောင့်ဖြောင့် ကျောက်ပျာအပြင်သို့ ယူဇနာခြောက်ဆယ် စီးသွားသဖြင့်၊ တောင်ကို တိုက်ခပ်မိ၍၊ အဝန်းအားဖြင့် သုံးဂါဝုတ် အတိုင်းအရှည် ရှိသော ရေအယဉ်တို့သ်လည်း ကောင်းကင်ပြင်သို့ ယူဇနာခြောက်ဆယ် တက်ပျံလေပြီးမှ၊ တိယဂ်လအမည် ရှိသော ကျောက်ဖျာ၌ ကျ၍ ကျောက်ဖျာသ် ရေ၏ အဟုံဖြင့် ကွဲသ် ဖြစ်၍ ထိုအရပ်၌ ယူဇနာငါးဆယ် အတိုင်း အရှည် ရှိသော တိယဂ်လရေကန်သည် ဖြစ်၏၊ ထို တိယဂ်လအမည် ရှိသော ရေကန်၏ ကမ်းကို ပေါက်ထွင်းသဖြင့်၊ ကျောက်ဖျာသို့ ယူဇနာခြောက်ဆယ် တိုင်တိုင် ဝင်လေ၍ ထိုအရပ်မှ တဖန် တခဲနက်

သော မြေကို ထွင်းဖေါက်၍၊ မြေထဲဥမင်ဖြင့် ယမုနာခြောက်ဆယ် တိုင်ထိုင် သွားပြန်လေ၍၊ဗိလာ ဆီးသော တိရစ္ဆာနတောင်ကို တိုက် ဖျက်သဖြင့်၊ လက်ဝါးပြင်မှ ငါးရသော လက်ချောင်းနှင့် တူသော ငါးသွယ်သော ရေယဉ်တို့သည် ဖြစ်ကုန်၍၊ တောင်သမုဒ္ဒရာသို့ စီးသွား ကုန်သည်ဟု မှတ်ရမည်၊

၂၇၉။ ။တောင်မျက်နှာမှ ထွက်ပြီးလျှင်၊ အနဝတတ်ဒိုင်ကို လက်ျာရစ်သုံးပတ် လှည့်၍၊စီးသွားရာ အရပ်သည် အဘယ်မြစ် တွင် လေသနည်း။

သာ တိက္ခတ္တုံ အနောဒတ္တံ ပဒက္ခိဏံ ကတွာ ဂတဋ္ဌာနေ အာဝဋ္ဋ ဂင်္ဂါတိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တောင်မျက်နှာမှ ထွက်ပြီးလျှင်၊ အနဝတတ်ဒိုင်ကို လက်ျာရစ်သုံးပတ် လှည့်၍ စီးသွားရာအရပ်သည် အာဝဋ္ဋဂင်္ဂါမြစ် တွင်သည်ဟု မှတ်ရမည်၊

၂၈၀။ ။ထိုနောင်မှကား တောင်မျက်နှာသို့ ကျောက်ဖျာအပေါ် ၌ ယမုနာ ခြောက်ဆယ် စီးသွားသော မြစ်သည် အဘယ်မြစ် တွင်လေ သနည်း။

ဥဇုကံ ပါသာဏပိဋ္ဌေန သဋ္ဌိယောဇနာနိ ဂတဋ္ဌာနေ ဆိန္နဂင်္ဂါတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဖြောင့်ဖြောင့် ကျောက်ဖျာအပြင်သို့ ယမုနာခြောက်ဆယ် စီးသွားသော မြစ်သည် ဆိန္နဂင်္ဂါ တွင်သည်ဟု မှတ် ရမည်၊

၂၈၁၊ ၊ကောင်းကင်သို့ အဝန်းသုံးဂါဝုတ် ယမုနာခြောက်ဆယ်တိုင် တိုင် တက်လေသော ရေအယဉ်သည် အဘယ်မြစ် တွင်လေသနည်း။

အာကာသေန သဋ္ဌိယောဇနာနိ ဂတဋ္ဌာနေ အာကာသ ဂင်္ဂါတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အဝန်းအားဖြင့် သုံးဂါဝုတ် ကောင်း ကင်သို့ ယမုနာ၆ဝ တက်လေသော ရေအယဉ်သည် အာကာသဂင်္ဂါ တွင်သည်ဟု မှတ်ရမည်၊

၅၈၂။ ။ကောင်းကင်မှ ယမုနာဒေါးဆယ် ရှိသော တိယဂ်လကျော်ဖျာ၍ ကျသော ရေအလျဉ်သည် အဘယ်အမည် တွင်လေသနည်း၊

တိယဂ်လပါသာဏော ပညာသယောဇနေ၁ကာသေ
ဋ္ဌိတာ တိယဂ်လပေါက္ခရဏီတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ကောင်းကင်မှ တိယဂ်လအမည် ရှိသော ကျောက်ဖျာ၍ ကျသော ယမုနာဒေါးဆယ် ရှိသော ရေအလျဉ်သည် တိယဂ်လရေကန် တွင်သည်ဟု မှတ်ရမည်၊

၅၈၃၊ ။ဘဖန် တိယဂ်လကျော်ဖျာကမ်းအနားကို ထွင်းဖေါက်၍၊ ကျောက်ဖျာအပြင်သို့ ယမုနာခြောက်ဆယ် ဝင်လေသော ရေအလျဉ်သည် အဘယ်အမည် တွင်လေသနည်း၊

ကုလံ ဘိန္ဒိတွာ ပါသာဏတလေ ပရိသိတွာ သဋ္ဌိယောဇန
ဂတဋ္ဌာနေ မဟာဒေဟဂင်္ဂါတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊တိယဂ်လကျောက်ဖျာကမ်းအနားကို ထွင်းဖေါက်၍ ကျောက်ဖျာအပြင်သို့ ယမုနာခြောက်ဆယ် တိုင်တိုင် စီးဝင်လေသော ရေအလျဉ်သည် မဟာဒေဟဂင်္ဂါ တွင်သည်ဟု မှတ်ရမည်၊

၅၈၄၊ ။ထိုမှသည် တခဲနက်မြေကို ထွင်းဖေါက်၍ မြေထဲ၌ စီးလေသော ရေအယဉ်သည် အဘယ်အမည် တွင်လေသနည်း၊

ဥမင်္ဂန သဋ္ဌိယောဇနာနိ ဥမင်္ဂဂင်္ဂါတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မြေထဲ၌ ယမုနာခြောက်ဆယ် စီးဝင်လေသော ရေအယဉ်သည် ဥမင်္ဂဂင်္ဂါ တွင်သည်ဟု မှတ်ရမည်၊

၅၈၅၊ ။ထိုမှလည်း ဝိဇ္ဈ ဆိုးသော တိရစ္ဆာနတောင်ကို တိုက်ဖေါက်၍ လက်ငါးချောင်းကဲ့သို့ ဖြာလေသော ရေအယဉ်သည် အဘယ်အမည် တွင်လေသနည်း၊

ဝိဇ္ဈံ နာမ တိရစ္ဆာနပဗ္ဗတံ ပဟရိတွာ ပဉ္စဓာရာ ဟုတွာ
ပဝတ္တဋ္ဌာနေ ပန ဂင်္ဂါ, ယမုနာ, အစိရဝတီ, သရဘူ,
မဟီတိပဉ္စဓာ သင်္ခံဂတာ ဝေမေတာ ပဉ္စမဟာနဒီ
ယော ဟိမဝန္တတော ပဘဝန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝိဇ္ဇာအမည်ရှိသော ဖိလာဆီးသော တိရစ္ဆာနတောင်ကို တိုက်ဖေါက်၍ လက်ငါးချောင်းကဲ့သို့ ငါးချောင်း, ငါးသွယ်, စီးသော ရေအယဉ်သည် ဂင်္ဂါ, ယမုနာ, အစိရဝတီ, မဟီ, သရဘူ ဟူသော မြစ်ကြီးငါးစင်းတို့ ဖြစ်ကုန်၍ ဟိမဝန္တာမှ စီးကုန်သည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာများကား သံယုတ္တနိကာယ် အဋ္ဌကထာ၌ လာသည်။

၅၈၆။ ။အနောတတ်အိုင်၌ နှလုံးမွေ့လျော်ဖွယ် ဆန်းကြယ် သာယာကြောင်းကို ကား သိရပြီ၊ ဆဒ္ဒန်အိုင်၌ကား အဘယ်သို့နည်း။

ဆဒ္ဒန္တဒဟသာမန္တာ မဇ္ဈေ ဒွါဒသယောဇနပမာဏော
သေဝါလပဏကာဒိ ဝိရဟိတော သေတဝဏ္ဏော ဥဒကောမ
ဝ သန္တိဋ္ဌတိ၊ တဒနန္တရမေဝ ယောဇနဝိတ္ထတံ၊ သုဒ္ဓ
ကလ္လာရဟာရဝနံ တံဥဒကံ ပရိက္ခိပိတွာ ဌိတံ၊

ဤသို့ အစ ရှိသည်ဖြင့် ကျမ်းဂန် လာသောကြောင့်၊ဆဒ္ဒန်အိုင်၏ အလယ် တဆဲ့နှစ်ယူဇနာ ရှိသော အရပ်၌ ရေညှိ,မှော်တို့သည် မရှိကုန်၊ ပတ္တမြား တုံးအဆင်းနှင့် တူသော ရေသည်သာလျှင် ကောင်းစွာ တည်ကုန်သည်၊ ထို ရေ၏ အခြားမဲ့၌ တယူဇနာ ရှိသော ဟင်းချန့်တော၊ ထို့နောင် ကတောက်တော၊ ထို့နောင် ကြာညိုတော၊ ထို့နောင် ကြာနီတော၊ ထို့နောင် ကြာဖြူတော၊ ထို့နောင် ပဒုမ္မာကြာနီတော၊ထို့နောင် ပဒုမ္မာကြာ ဖြူတော၊ ထို့နောင် ဟင်းချန့်တော၊ အစ ရှိသော အထူးထူးတို့ဖြင့် ပြွမ်း သော တော၊ထို့နောင် နဂါးတို့၏ တည်ရာ အတိုင်းအရှည် ရှိသော ရေ၌ နီးသော နမသလေးတော၊ထို့နောင် ရေအဆုံး,ကုန်းအနီး၌ အညို, အရွှေ,အနီ,အဖြူ အစ ရှိသော ကောင်းသော အဆင်း,အနံ့,အရသာနှင့် ပြည့်စုံသော အထူးထူးသော ပန်းတို့ဖြင့် ပြွမ်းသော တော၊ ဤ ဆယ် ပါးသော တောတို့သည် အနံ တယူဇနာ ရှိကုန်သည် ဖြစ်၍ အဆင့်ဆင့် ဝန်း ရံလျက် တည်ကုန်သည်ဟု မှတ်ရမည်။ ။ထို့နောင် ပဲလွန်းတော၊ပဲကြီး တော၊ပဲနောက်တော၊ ထို့နောင် သခွါးဆစ်တော၊ သခွါးကြီးတော၊ ဘူးတော၊ ဖရုံတော၊ နွယ်တော၊ထို့နောင် ကွမ်းသီးပင်မျှ ပမာဏ ရှိ

သော ကြီတော၊ ထို့နောင် ဆင်စွယ်မျှလောက် အသီး ရှိသော ငှက်ပျောတော၊ ထို့နောင် သလေးတော၊ ထို့နောင် အိုးစရည်းလုံးမျှ အသီးရှိသော ပိန္နဲတော၊ ထို့နောင် ပြည်တောင်း,ခွက်တောင်းလုံးမျှ အသီးရှိသော သရက်တော၊ ထို့နောင် ချိုမြိန်လှစွာသော မန်ကျည်းတော၊ ထို့နောင် အလျားထုးသော သစ်ပင်တို့ဖြင့် ပြွမ်းသော တောကြီး၊ ထို့နောင် ထူထပ်သော ဝါးတော၊ ထို့နောင် ခုနစ်ယူဇနာ အရပ်ရှိသော ယုဂန္ဓိုရ်ကာလတောင်၊ မဟာကာလတောင်၊ စန္ဒပဿတောင်၊ သူရိယပဿတောင်၊ ဥဒကပဿတောင်၊ မဏိပဿတောင်၊ သုဝဏ္ဏပဿတောင်၊ ဤတောင်ခုနစ်လုံးတို့သည် ဆဒ္ဒန်အိုင်ကို ရံ၍ သပိတ်မျက်နှာဝကဲ့သို့ တည်ကုန်၏၊ ထိုတောင်တို့၏ အတွင်းအပကား၊ ရွှေစင်အတိ ပြီးကုန်သည်၊ ထိုနောင် ထိုတောင်မှ ထွက်သော အရောင်တို့ဖြင့် ဆဒ္ဒန်အိုင်သို့ ကောင်းစွာ တက်သော နေလုလင်ကဲ့သို့ အလွန်လျှင် တင့်တယ် ဆန်းကြယ်စွာ၏၊ ထိုတောင်၏ အပဲ့ကား အရပ်ခုနစ်ယူဇနာ ရှိသော တောင်တလုံး၊ ခြောက်ယူဇနာ ရှိသော တောင်တလုံး၊ ငါးယူဇနာ ရှိသော တောင်တလုံး၊ လေးယူဇနာ ရှိသော တောင်တလုံး၊ သုံးယူဇနာ ရှိသော တောင်တလုံး၊ နှစ်ယူဇနာ ရှိသော တောင်တလုံး၊ တယူဇနာ ရှိသော တောင်တလုံး၊ ဤခုနစ်လုံးသော တောင်တို့သည် ဆဒ္ဒန်အိုင်ကို ပြင်ထဝ်ဖြင့် ဝန်းရံလျက် တည်ကုန်သည်ဟု မှတ်ရမည်။

၅၈၇။ ။ထို ဆဒ္ဒန်အိုင်၌ ပညောင်ပင်ကြီးကား ဆဒ္ဒန်အိုင်မှ အရှေ့အရပ်၌ ပေါက်ရောက်လေသနည်း။

တဿ ဆဒ္ဒန္တဒဟဿ ပုဗ္ဗုတ္တရကဏ္ဍေ ဥဒကဝါတ
ပဟရဏဋ္ဌာနေ မဟာနိဂြောဓ ရုက္ခော ဟောတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုဆဒ္ဒန်အိုင်၏ အရှေ့မြောက်ထောင့် လေ,ရေတို့ဖြင့် ခပ်သော အရပ်၌ ပညောင်ပင် ပေါက်ရောက်သည်ဟု မှတ်ရမည်။

၅၈၈။ ။ထို ပညောင်ပင်ကြီး၏ အခုပ်,လုံးပတ်,မြစ်ပျဉ်း,အကိုင်း,အခက်တို့သည် အဘယ်မျှ ရှိကုန်သနည်း။

တသော ခန္ဓော ပရိက္ခေပတော ပဉ္စယောဇနိကော၊ ဥဗ္ဗေဓတော
သတ္တယောဇနိကော၊ စတုသု ဒိသာသု စတသော သာခါ
သယောဇနိကာ။ ဥဒ္ဓံ ဥဂ္ဂတသာခါပိ သယောဇနိကာ၀ နုတိ
သော မူလတော ပဋ္ဌာယ ဥဗ္ဗေဓေန ရုဒ္ဒသယောဇနိကာ သာ
ခါနံ ဩရိမန္တတော ယာဝ ပါရိမန္တာ ဒွါဒသယောဇနိကာ၊
အဌှသိ ပါရောသဟဿေဟိ ပတိမဏ္ဍိတော မုတ္တာမဏိ ပဗ္ဗ
တောဝိယ ဝိလာသမာနော တိဋ္ဌတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ထို ပညောင်ပင်ကြီး၏ ပင်စည်အဝန်းသည်ကား ငါးယူဇနာ ရှိသည်၊ အစောက်သည်ကား ခုနစ်ယူဇနာ ရှိသည်။ အရပ်လေးမျက်နှာတို့၌ လေးခုသော ခက်မတို့သည်ကား ခြောက်ယူဇနာ ရှိကုန်သည်၊ အထက်သို့ တက်သော အခက်တို့သည်လည်း ခြောက်ယူဇနာ ငှင်း ရှိကုန်သည်၊ ထို ပညောင်ပင်ကြီးသည် အရင်းမှစ၍ အစောက်အားဖြင့် တဆဲ့လေးယူဇနာ ရှိကုန်သည်၊အခက်တို့၏ ဤမှာဘက် အစွန်းမှ ထိုမှာဘက် အစွန်းတိုင်အောင် တဆဲ့နှစ်ယူဇနာ ရှိကုန်သည်၊ ရှစ်ထောင်သော မြစ်ပျဉ်းတို့ဖြင့် တန်ဆာဆင်ကုန်လျက် ပတ္တမြားညိုတောင်ကဲ့သို့ တင့်တယ်ဆန်းကြယ်စွာ တည်သည်ဟု မှတ်ရမည်၊

၂၈၉၊ ။ဆဒ္ဒန်ဆင်မင်းသည် အဘယ်မျှ လောက်သော ဆင်အပေါင်းခြံရံလျက် အဘယ်အရပ်၌ ချမ်းသာစွာ ပျော်ပါးနေမှတ် ပြုလသနည်း။

ဆဒ္ဒန္တော ဒဟာသယပန ပစ္ဆိမဒိသာဘာဂေ သုဝဏ္ဏပဗ္ဗတေ
ဒွါဒသယောဇနိကာ ကဥ္စနဂူဟာ ဆဒ္ဒန္တော နာဂရာ
ဇာ ဝဿာရတ္တေ အဋ္ဌသဟဿ နာဂပရိဝုတော ကဥ္စန
ဂူဟာယ ဝသတိ။ ဂိမှကာလေ ဥဒကဝါတံ သမ္ပဋိစ္ဆ
မာနော မဟာနိဂြောဓမူလေ ပါရောဟန္တရေ တိဋ္ဌတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဆဒ္ဒန်အိုင်၏ အနောက်မျက်နှာအရပ်၌ ရွှေဖြင့် ပြီးသော တောင်၌ တဆဲ့နှစ်ယူဇနာ ရှိသော ရွှေလိုဏ်သည် ရှိ၏၊မိုးလ အခါ ရောက်လတ်သော်၊ဆဒ္ဒန်ဆင်မင်းသည် ရှစ်ထောင်သော ဆင်အပေါင်း ခြံရံလျက် ထို ရွှေလိုဏ်၌ ချမ်းသာစွာ နေသည်။ နွေလအခါ

ရောက်လတ်သော်၊ ရေလေဖြင့် ခပ်သော ချင်းသာကို ခံစားသျက် ဂဠောင်ပင်ကြီး၏ အနီး ရှစ်ထောင်သော မြစ်ပုည်းတို့၏ အကြား၌ နေသည်ဟု မှတ်ရမည်။ ။ငင်းသံယုတ္တနိကာယ် အဋ္ဌကထာ၌လာသည်။

၅၉၀။ ။ဆဒ္ဒန်အိုင်၏ နှလုံးမွေ့လျော်ဖွယ် ဆန်းကြယ်,ပြည့်စုံ သာယာခြင်းကိုကား ကျမ်းဂန် လာသည်နှင့်အညီ ဆို၍ သိရငြ်။မန္ဒာကိနီအိုင်၌ကား အဘယ်သို့နည်း၊

> မန္ဒာ ကိနိယာ ပန မဇ္ဈေ ပဥ္စဝီသတိ ယောဇန မတ္တေ
> ဌာနေ (ယောဇနပထေဌာနေ) သေဝါလော ဝါ ပဏ္ဏကံ
> ဝါနတ္ထိ၊ဖလိကမဏိဝဏ္ဏံ ဥဒကမေဝ ဟောတိ၊တတော
> ပရံပန နာဂါနံ ကဋိပ္ပမာနေ ဥဒကေ အဍ္ဎယောဇနဝိတ္ထ
> တံ သေတပဒုမဝနံ ဥဒကံ ပရိက္ခိပိတ္វာ ဌိတံ။

ဤသို့ အစရှိသဖြင့် ကျမ်းဂန် လာသောငြ်၊ မန္ဒာကိနီအိုင်၏ အလယ် နှစ်ဆဲ့ငါးယူဇနာရှိသော ရေအပြင်,ရေပေါ်၌ ရေညှိ,သစ်ရွက်တို့သည် မရှိကုန်သို့ ဖြစ်၍ ဖလ်အဆင်း,မြအဆင်းနှင့် တူသော ရေတို့သည် သာလျှင် ရှိကုန်၏။ထို ရေမှ တပါး ဆင်တို့၏ ခါးမျှ အတိုင်းအရှည် ရှိသော ရေအပြင်၌ ယူဇနာခွဲ ရှိသော ပဒုမ္မာကြာဖြူတောသို့ ထိုရေကို ရံလျက် ကောင်းစွာ ရောက်ကုန်၏၊ထို ကြာရင်း,ကြာခေါင်းတို့သည်ကား ထွန်တုံးခေါင်းမျှ ပမာဏ ရှိကုန်သည်၊ ကြာငွယ်တို့သည်ကား ငြည်ကြီးခေါင်းမျှ ပမာဏ ရှိကုန်သည် ထိုကြာစွယ်တို့၏ တခုခုသော အဆစ်ကြား၌ ပြည်တောင်းလုံး ပမာဏ ရှိကုန်သော နို့ရည်တို့သည် ယိုစီးကုန်သည်။ ကြာပွင့်သော အခါတို့၌လည်း လေသည် ကြာဝတ်ဆံကို လွင့်စေ၍၊ကြာ ရွက်တို့၌ တည်စေ၏၊ထို ကြာရွက်၌ ရေပေါက်တို့သည် ကျကုန်သဖြင့်၊ ထို ကြာရွက်မှာ နေ၏ ကျက်ခြင်းဖြင့် ကျက်ကုန်သည် ဖြစ်၍ ရဲရဲငြိသော သံတွေခဲကဲ့သို့ လွှမ်းမြတ်သော အဆင်းနှင့် ပြည့်စုံသော ကြာ၌ ဖြစ်သော ပျားရည်တို့သို့ တည်ကုန်သည်။ ဤကြာတော၏ အခြားမဲ့၌ ကြီးစွာသော ကြာနီတော, ကြာဖြူတော, ကြာညိုတော၊ကောင်းသော အနံ့ အရသာနှင့် ပြည့်စုံသော နမသလေးတော၊ သခွါးတော၊ဘူးတော၊ ဖရုံ

တော၊ ချိုမြိန်လှစွာသော အရသာနှင့် ပြည့်စုံသော နွယ်သီးတောတို့သို့ တည်ကုန်သို၊ ထို့နောင်မှ ယူဇနာခွဲ ရှိသော အရင်ပြည့်မျှ ကွမ်းသီးပင် ပမာဏ ရှိသော ကြံတောတို့သို့ တည်ကုန်သို၊ ထိုကြံတောတို့ကို ဆင်တို့ သို ယူကုန်ပြီးသော် ကျောက်ဖျာ၌ ထားလျက်၊ ခြေဖြင့် နင်းနယ်၍ ယိုစီးသော အရည်တို့ကို သောက်ကုန်သို။ ကြွင်းသော များစွာသော ကြံ ရည်တို့သည်ကား နေဖြင့် ကျက်ကုန်သို ဖြစ်၍ နို့ဂဏာခဲကဲ့သို့ တည် ကုန်သည်၊ ထိုကြံသကာတို့ကို ဆင်တို့သည် ယူကုန်၍ ဘုရားပစ္စေက ဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့အား ကပ်လှူကုန်သို။ ထို့နောင် ဆင်စွယ်မျှ လောက်သော အသီး ရှိသော ဌက်ပျောတော၌ နှစ်လုံးသော ဌက်ပျော သီးတို့ကို စားအံ့သော်ဌါ မတတ်နိုင်၊ ပင်ပန်းခြင်းသို့သော ရောက်အံ့ သော အကြောင်း ရှိကုန်သည်၊ ထို့နောင် အိုးစရည်းမျှလောက် အသီးရှိ သော ပိန္နဲတော၊ ထို့နောင် ခွက်တောင်းလုံး၊ ပြည့်တောင်းလုံးမျှလောက် သော အသီးရှိသော သရက်တော၊ ထို့နောင် ချိုမြိန်လှစွာသော အရ သာနှင့် ပြည့်စုံသော သပြေတော၊ ဤသို့လျှင် မနောကိနိအိုင်၌ မစား ကောင်းသော သစ်သီးမည်သည် မရှိသည်သာ ဖြစ်သည်ဟု မှတ်ရ မည်၊ ။ရင်းသိမ်ယုတ္တနိကာယ် အဋ္ဌကထာ၌ လာသည်၊

ထိုမှတပါးလည်း ဟိမဝန္တာ၌ သုဝဏ္ဏပဗ္ဗတမည်သော တောင်၏ မြောက်ယံ၌ ရင်း၊ မနောကိနို အမည်ရှိသော ရေကန်သို ရှိ၏၊ ထိုရေကန်သို အလျားအားဖြင့် ယူဇနာငါးဆယ်၊ အနံအားဖြင့် ဆယ်ယူဇနာ ရှိ၏၊ ထိုရေကန်သည်ကား မနောကိနိအိုင်၌ ဆိုသကဲ့သို့ ရေ၏ သန့်ရှင်းစင် ကြယ်ခြင်း၊ သစ်သီးမျိုး၊ ပန်းမျိုးအပေါင်းနှင့် ပြည့်စုံ၏၊ လေးမျက်နှာ ၌ဖြင့် ပြီးသော စောင်ဘန်းလှေခါး ရှိ၏၊ သိကြား အငရှိသော နတ်တို့ သို ပျော်မွေ့ကုန်၏။ ထို ရေကန်၏ အခ ရှုတောင်ထောင့်၌ ကျောက်မျက် ခွဲး အစရှိသော ရတနာတို့ဖြင့် ပြီးသော အလျားယူဇနာငါးဆယ်၊ အနံ ဆယ်ယူဇနာ ရှိသော နန္ဒရဟာ အမည် ရှိသော လိုဏ်သည် ရှိ၏၊ ထို လိုဏ်၏ အဝ၌ လုံးပတ် ငါးယူဇနာ ရှိ၏၊ အရပ်ဆဲ့လေးယူဇနာ ရှိ၏၊ ခက်မငါးဖြာ ခြောက်ယူဇနာ စီ ရှိ၏၊ နှစ်းထောင်သော မြစ်ပုည်းတို့ဖြင့် တန်ဆာဆင်အပ်သော သုဝတ္တိဘာ အမည် ရှိသော ပညောင်ပင်ကြီးသို

တင့်တယ် ဆန်းကြယ်စွာ ပေါက်ရောက်သည်ဟု လောကပညတ္တိ ကျမ်း၌ ဆိုသည်၊ ။သည့်ကိုရည်၍ ဆုတောင်းခန်း၌–

မိုးယံ့စွန် တိမ်ဖျား၊ သိကြားသုံးစွဲ၊ ချိုမြိုး စင်စစ်၊ကောင်းကင် ဖြစ် သည်၊ ။နှစ်မြစ် မနွဲ့ကိုနှိုဘည်း၊

ဟူ၍ အရှင် မဟာသီလဝံသအကျော် စပ်တော်မူလေသ်၊

၅၉၁၊ ။ဟိမဝန္တာတော၌ ကရဝိတ် ငှက်မင်း၏ အသံကို အလွန် သာယာသည်ဟု ဆိုကြကုန်၏၊ အဘယ်သို့သော အခြင်းအရာဖြင့် သာ ယာလေသနည်း။

> ကရဝိကာသကုဏာ မရ ခုရသံ အမ္ဗပက္ကံ မုခတုဏ္ဍကေ
> ပန ပါရိဘ္ကာ ပဉ္စ ရိတဖလရသံ ပိဝိတွာ ပက္ခတာလံ
> ဒတွာ မဏိသံသဃဋ္ဋမာလာဝိယ ဟော္ဒာ သာခါယ နာဒံ
> ကတွာ ဥပရိ သာခါယ နိသိန္နော၊အဗ္ဘ္တနော နာဒသာ
> အနုနဒံ သုဏန္တိ၊

ဤသို့ အဋ္ဌကထာဖြင့် ကျမ်းဂန် လာသောကြောင့်၊ ကရဝိတ် ငှက်မင်းတို့ သည် ချိုမြိန်သော အရသာ ရှိသော သရက်သီးမှည့်ကို နှုတ်သီးဖြင့် ထိုး ဆွတ်ပြီးလျှင် ယိုသော အရည်ကို သောက်၍ အတောင်ခတ်ခြင်းကို ပြု လျက်၊နှိုးပြွန်မှုတ်သံကဲ့သို့ အောက်အကိုင်းမှ သာယာစွာသော အသံ ကို မြည်၍၊အထက်အကိုင်း၌ နေလျက်၊မိမိ ကျူးရင့်သော အသံ၏ အ စဉ်ကို နာ၍ နေ၏။ထိုသို့ ကရဝိတ်ငှက်မင်း ကျူးရင့်သော အခါ အခြ လေးချောင်း ရှိသော သတ္တဝါတို့သည် ယစ်ဝသောက်စား ကုန်သကဲ့သို့ မြူးထူးအံ့သော ငါ အားသုတ်ကုန်သည်။ အစာရှာကုန်သော သတ္တဝါတို့ သည်လည်း ထိုအသံ၌ တပ်ကုန်သည် ဖြစ်၍၊ခံတွင်းသို့ ရောက်လာပြီးသော အစာကို စွန့်၍ ထိုကရဝိတ် ငှက်မင်း၏ အသံကိုသာ နာကုန်သည်။သားရဲ တို့သည် ငယ်သော သားတို့ကို စားအံ့သောငှာ လိုက်ကုန်သည် ရှိသော်၊ လှမ်းသော ခြေကို မလှမ်းတတ်ပဲ တန့်ရပ်လျက်၊ကရဝိတ် ငှက်မင်း အ သံကိုသာ နာကုန်သည်၊သေဘေးကို ကြောက်၍ ပြေးသော သတ္တဝါ တို့သည်လည်း ကြောက်ခြင်းကို စွန့်၍ သာယာသော အသံကို နာလျက် ရပ်ကုန်သည်။ကောင်းကင်၌ ပျံသော ငှက်တို့သည်လည်း အတောင်ကို

တန်း၍၊ လှုပ်မရှား တန့်ရပ်လျက် နေကုန်သည်။ ရေ၌ ရှိသော ငါးတို့သည် လည်း မလှုပ်မရှား တန့်ရပ်လျက် နေကုန်သည်၊ ဤသည်းကား၊ ကရဝိတ် ငှက်တို့၏ အသံ သာယာ နူးညံ့သိမ်မွေ့သော အကြောင်း လက္ခဏာ ရှိသည် ဟု မှတ်ရမည်။ ။သံယုတ္တနိကာယ် အဋ္ဌကထာ၌ လာသည်။

၅၆၂။ ။ငါတို့ တောင်ကျွန်း ဟိမဝန္တာ,အစ ရှိသော အထူးထူး အပြားပြား များသော အခြင်းအရာတို့ကို ကျမ်းဂန်လာသည်နှင့် အညီ ဆို၍ သိရပြီ မြောက်ကျွန်း၌ အခြင်းအရာကို အဘယ်သို့ သိရအံ့နည်း။

ဥတ္တရကုရုကာနံပန ပုညာနုဘာဝသိဒ္ဓါ အယံဝိသေ
သော ဝေဒိတဗ္ဗော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မြောက်ကျွန်း၌ ဖြစ်ကုန်သော သူတို့ အားကား အထူးသဖြင့် ကောင်းမှု၏ အာနုဘော်ကြောင့်သာ ပြီးကုန် ရာသည်ဟု မှတ်ရမည်၊ ။ဤအခြင်းအရာကား အင်္ဂုတ္တိုရ်နိကာယ် သုတ်နိ ကာ၌ လာသည်။

၅၆၃။ ။မြောက်ကျွန်း၌ ဖြစ်ကုန်သော သူတို့အား အိပ်ရာ,နေရာ, အရိပ်အာဝါသ ဆောက်လုပ်၍ နေခြင်းကိစ္စ ရှိအံ့လော။ အဘယ်သို့နည်း။

တတ္ထ ကိရ တေသု ပဒေသေသု ဃန,ဝိတ္ထ,ပတ္တသဉ္ဆန္န,
သာခ,ပသာခ ကူဋာဂါရူပမာ မနောရမ္မာ ရုက္ခာ တေသံ
မနုဿာနံ နိဝေသနံ ကိစ္စံ သာဓေန္တိ၊ ယတ္ထ သုခံ နိဝသန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မြောက်ကျွန်း၌ ဖြစ်ကုန်သော သူတို့အား ထိုထိုသူသော အရပ်တို့၌ တခဲနက် ဆန်းကြယ်စွာ အရွက်ဖြင့် ဖုံးလွှမ်း အင်သော ခက်မငါးဖြာ တို့ဖြင့် အထွတ်ဘဲ့သို့ ဖြစ်၍ နှလုံးမွေ့လျော် ဖွယ် ရှိကုန်သော သစ်ပင်တို့သည် ထိုသူတို့၏ ကောင်းမှု အာနုဘော် ကြောင့် အိပ်ခန်းနေရာ,အာဝါသ,အိမ်ကိစ္စကို ပြီးစေလျက်၊ အကြင်သစ် ပင်၌ ချမ်းသာစွာ နေကုန်သည်ဟု မှတ်ရမည်၊ ။ရင်း၌ လာသည်၊

၅၆၄။ ။ထိုမှတပါး လူမနေ ရေ၌ ကြည်း၌ ရှိကုန်သော သစ်ပင် တို့သည်ကား အဘယ်သို့ ဖြစ်ကုန်သနည်း။

အညေပိ တတ္ထရုက္ခသု ဇာတာ သမ္ပုဒါ ပုပ္ဖိဘဂ္ဂါ
တိဋ္ဌန္တိ၊ ဇလာသယာပိ ဝိကသိတ ပဒုမပုဏ္ဍရိက,

သောဂန္ဓိကာဒိ ပုပ္ဖသဉ္ဆန္နာ၊ သမ္ဗကာလံ ပရေသုဂန္ဓာ
သမန္တတော ပဝါယန္တာ တိဋ္ဌန္တိ၊

ဤသို့ ကျမ်းဂန် လာသော်ငြား၊ ထိုအရပ်၌ လူနေမှ တပါး ကောင်းစွာ ရောက်ကုန်သော သစ်ပင်တို့ သည် အခါခပ်သိမ်း ပွင့်သော အဖျား ရှိကုန်သည် ဖြစ်၍ ဟည်ကုန်၏ ရေတို့ သည်လည်း ကောင်းစွာ ပွင့်အပ် သော ကြာပဒုမ္မာ၊ ကြာပုဏ္ဍရိက်၊ ကြာ တံဆိပ် စသည်တို့ဖြင့် ဖုံးအုပ် ကုန်လျက်၊ မလွှာကောင်းသော ရနံ့ ရှိကုန်သည် ဖြစ်၍၊ ထက်ဝန်းကျင်မှ လှိုင်ကုန်သဖြင့်၊ ၂ လုံးမွှေးလျက်တွယ် ဖြစ်၍ တည်ကုန်သည်ဟု မှတ်ရ မည်၊ ။ငင်း၌ လာသည်၊

၂၉၂။ ။ဥတ္တရကုရုကျွန်း၌ ဖြစ်ကုန်သော သူတို့အား အသက်အ ရွယ်၊ အဆင်းအင်္ဂါ၊ သက္ကာယတို့သို့ ချိုတဲ့ခြင်း ရှိကုန်အံ့လော၊ အဘယ် သို့နည်း၊

သရိရဉ္စ တေသံ အတိဒီဃာဒိ ဒေါသရဟိတံ၊ ယာဝ
တာယုကံ အပရိက္ခိဏံ ဇဝနဗလပရက္ကမံ၊ သောဘာဝေ
ဝ ဟုတွာ တိဋ္ဌတိ၊

ဤသို့ ကျမ်းဂန် လာသော်ငြား၊ ထို ဥတ္တရကုရုကျွန်းသူ၊ ကျွန်းသားတို့၏ ကိုယ်သည် အလွန်မြင့်ခြင်း စသော အပြစ်ကင်းလျက်၊ အသက်အတိုင်း မယုတ်သော လုလ္လ တင့်တယ်ခြင်း ရှိကုန်သည်သာ ဖြစ်၍ တည်ကုန်သည် ဟု မှတ်ရမည်၊ ။ငင်း၌ လာသည်၊

၂၉၃။ ။ဥတ္တရကုရုကျွန်း၌ ဖြစ်ကုန်သော သူတို့အား လယ်လုပ် ခြင်း၊ ကုန်သွယ်ခြင်း၊ အစရှိသည်ဖြင့် ငါ့ဥစ္စာ၊ ငါ့ဘဏ္ဍာ ဟု သိမ်းဆည်း ခြင်း ရှိကုန်အံ့လော၊ အဘယ်သို့နည်း၊

အနုဋ္ဌာန ဖလူပဇီဝိတာ သတ္တာ၊ နစေတေသံ ကသိဝါဏိဇ္ဇာ
ဒိဝသေန အာဟာရပရိယေသနာ ဒိဝသေန ဝါ ဒုက္ခံ
အတ္ထိ၊ တတော တေ နဒါသိ ဒါသကမ္မကရာဒိ ပရိဂ္ဂဟာ
အတ္တိနစ၊

ဤသို့ ကျမ်းဂန် လာသော်ငြား၊ ထို ဥတ္တရကုရုကျွန်း၌ ဖြစ်ကုန်သော သူ တို့အား လုလ္လမပြုပဲ သစ်သီးသာလျှင် အသက်မွေးရာ ရှိသို့၏ အဖြစ်

ကြောင့် လယ်လုပ်ခြင်း,ကုန်သွယ်ခြင်း,အစရှိသည်၏ အစွမ်းဖြင့်၎င်း။ အစာ ရှာမှီးခြင်း,အစရှိသည်၏ အစွမ်းဖြင့်၎င်း၊ဆင်းရဲခြင်း စသည်မရှိ၊ ထိုသို့ မရှိသော့ကြောင့်လျှင် ကျွန်ယောကျ်ား,ကျွန်မိန်းမ စသည်တို့ကို သိမ်းဆည်းခြင်း မရှိသည်သာ ဖြစ်ကုန်သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်၊

၅၉၇။ ။ဥတ္တရကုရုကျွန်းသူ, ကျွန်းသားတို့အား အချမ်း,အပူ,မြွေ, ကျား,ကင်း,သန်း စသော ဘေးရန်တို့သည် ရှိကုန်အံ့လော၊အဘယ်သို့နည်း။

နတတ္ထ သီတဉှံ ခုံ သ,မကသ,ဝါတာ,တပ,သရီသပ,
ဝါဠာဒီ ပရိဿယော အတ္ထိ။ ယထာနာမေတ္ထ ဂိမှာနံ
ပစ္ဆိမေမာသေ ပဇ္ဇုသဝေဠာယ သမသီတုဏှော ဥတု
ဟောတိ။ဧဝမေဝ သဗ္ဗကာလံ တတ္ထ သမသီတုဏှော
ဥတုဟောတိ။နေဝသံ ကောစိ ဥပဃာတော ဝိဟေသာဝ
ဥပ္ပဇ္ဇတိ၊

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ထိုဥတ္တရကုရုကျွန်း၌ အချမ်း,အပူ, မှက်, ခြင်,မြွေ,ကျား,ကင်း,သန်း, သားရဲ စသော ဘေးရန်သည်လည်း မရှိ၊ဤ ဇမ္ဗူဒီပါကျွန်း၌ နွေလတို့၏ အဆုံးလ၌ မိုးသောက်ထ အခါ မှုသော အချမ်း,အပူ ဖြစ်သကဲ့သို့ ထိုအတူ၎င်း၊ အခါခပ်သိမ်း ဥတ္တရ ကုရုကျွန်း၌ မှုသော ဥတု ရှိသည်သာလျှင် ဖြစ်၏၊ထို ဥတ္တရကုရုကျွန်းသူ, ကျွန်းသား တို့အား ဥပဃာတက ကံသည်၎င်း၊ညှဉ်းဆဲခြင်းသည်၎င်း၊ မရှိသည်သာ ဖြစ်သည်ဟု မှတ်ရမည်။ ။၎င်း၌ လာသည်၊

၅၉၈။ ။ဥတ္တရကုရုကျွန်း၌ ဖြစ်ကုန်သော သူတို့အား အဘယ်အ စာကို စားကုန်သနည်း။

အကဋ္ဌပါကိမေဝ သာလိ အကဏံ အထုသံ သုဒ္ဓံ
သုဂန္ဓံ တဏ္ဍုလံ ဖလံ နိရုမဂ်ါရေန အဂ္ဂိနာ ပစိတွာ ပရိ
ဘုဉ္ဇတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုဥတ္တရကုရုကျွန်းသူ,ကျွန်းသား တို့အား ထင်းဖြင့် မချက်သည်သာ ဖြစ်သော၊ဆန်ခွဲ,ဖွဲ မရှိ၊ကောင်းစွာ

စင်ကြယ်ထသော၊ အနံ့လည်း ရှိထသော၊ဆန်ချည်းသာ သီးသော နမသလေးကို အခိုး မရှိသော မီးဖြင့်သာ ချက်၍ စားကုန်သည်ဟု မှတ်ရမည်။ ။ဝင်း၌ လာသည်။

၅၉၉၊ ။ဥတ္တရကုရုကျွန်းသူ,ကျွန်းသားတို့သည် ထင်းဖြင့် မချက်သော၊အခိုး မရှိသော မီးဖြင့် ချက်သော အစာကိုသာ စားသုံဆိုသော်၊ အဘယ်သို့သော အခြင်းအရာဖြင့် ချက်၍ စားကုန်လေသနည်း။

> တတ္ထ ဇောတိပါသာဏာနာမ ဟောန္တိ၊ အထ တေ တယော
> ပါသာဏေ ဌပေတွာ ဥက္ခလိအာရောပေန္တိ၊ ပါသာ
> ဏာဟိ တေဇော သမုဋ္ဌဟိတွာ တံ ပစတိ၊ အညော သု
> ပေါဝါ ဗျဉ္ဇနော ဝါ နဟောတိ။ ဘုဉ္ဇန္တာနံ စိတ္တာနုကူ
> လောယေဝ ရသော ဟောတိ။

ဤသို့ ကျမ်းဂန် လာသောဝင့်၊ ထိုဥတ္တရကုရုကျွန်း၌ ဇောတိပါသာဏ အမည်ရှိသော ကျောက်သည် ရှိ၏။ ထိုကျောက်သုံးလုံးကို ခနောက်ပြု၍* ရွှေဖြင့် ပြီးသော အိုး၌ နမသလေးဆန်ကို ထည့်ပြီးလျှင်၊ဇောတိပါသာဏ အမည်ရှိသော ကျောက်သုံးလုံးတို့၏ အပေါ်၌ တင်ထားသောခဏ၌ ထိုကျောက်တို့မှ မီးသည် ကောင်းစွာ တက်၍ ထိုဆန်ကို ကျက်စေသော အစာကိုသာ စားကုန်သည်။ တပါးသော အမဲဟင်းလျာတို့သည် မရှိကုန်၊ထိုအစာကို စားကုန်သော သူတို့၏ စိတ်အားလျော်စွာသာလျှင် မြိန်မြတ်သော အရသာတို့သည် ဖြစ်ကုန်သည်ဟု မှတ်ရမည်၊ ။ဝင်း၌ လာသည်၊

၆၀၀။ ။ထိုဥတ္တရကုရုကျွန်းသူ,ကျွန်းသားတို့အား မကောင်းသော အနာရောဂါတို့သည် ရှိကုန်အံ့လော၊အဘယ်သို့ နည်း။

> တံပန ဘုဉ္ဇန္တာနံ နေသံ ကုဋ္ဌ, ဂဏ္ဍော, ကိလာသော,
> သောသော,အပမာရော,ကာသော,ဇရောတိ ဧဝမာဒိ
> ကော န ကောစိ ရောဂေါ ဥပ္ပဇ္ဇတိ၊

---

*စာအုပ်မူ၌ ခုံလောက်ရှိ၏။ ခနောက်နှင့် ခုံလောက်အရတူ။ ဥက္ခလိအာရောပေန္တိ ကို ဘာသာပြန်ချက်တည်း။ ဥက္ခလိ—ထမင်းအိုး။ အာရောပေတိ—တင်စေ၏။

ဤသို့ ကျမ်းဂန် လာသော့ငှေ့၊ မြိန်မြတ်သော အစာကို စားကုန်သော ဥတ္တရကုရုကျွန်းသူ, ကျွန်းသားတို့အား နွသော အနာ,အိုင်းထွတ် အနာ ပွေးညှင်းအနာ,ချောင်းဆိုးအနာ,ဝက်ရူးအနာ,ကုတ်ဟီးအနာ, သို့ပြည့် သော အနာ,ဤသို့ အစရှိသော တပုံ တချဲသော အနာတို့သည် မရှိသ် သာ ဖြစ်ကုန်သည်ဟု ဗှတ်ရမည်။ ။ဧင်း၌ လာသည်၊

၆၀၁၊ ။ဥတ္တရကုရု ကျွန်းသူ,ကျွန်းသားတို့သ် မဇ္ဈေရ,ဝန်တိုမိတ် ရှိကုန်သည်လော။မရှိကုန်သည်လော၊အဘယ်သို့နည်း။

တေသံ ဌာနံ သမ္ပတ္တာနံ ဒေဝ္တီယေဝ မစ္ဆရိယစိတ္တံ
နာမ န ဟောတိ၊ ဇုန္ဒိ,ပစ္စေကဗုန္ဒါဒယော မဟိဒ္ဓိကာ
တတ္ထ ဂန္တွာ ပိဏ္ဍပါတံ ဂဏှန္တိ၊

ဤသို့ ကျမ်းဂန် လာသော့ငှေ့၊ ထိုဥတ္တရကုရုကျွန်းသူ, ကျွန်းသားတို့သ် မိမိတို့ အရပ်သို့ ရောက်လာသော သူတို့အား ပေးကမ်း ကုန်သည့်သာ ဖြစ်၏၊ဝန်တိုခြင်း စိတ်သည် မရှိ၊တန်ခိုးကြီးသော ဘုရား ပစ္စေကဗုန္ဒါ အစရှိသော အရှင်မြတ်သို့ ကြွတော်မူ၍ ဆွမ်းရပ်တော်မူကုန်သည်ဟု မှတ်ရမည်၊

၆၀၂၊ ။ဥတ္တရကုရုကျွန်းသူ,ကျွန်းသားတို့သည် ကုန်းခြင်း,ကွခြင်း ဆွံ့ခြင်း,အခြင်း,အစရှိသော အင်္ဂါကြီးငယ်တို့သည် ချို့တဲ့ကုန်သလော၊ မချို့တဲ့ကုန်သလော၊အဘယ်သို့နည်း။

နစတေ ခုဇ္ဇာဝါ, ဝါမနိကာဝါ,ကာဏာဝါ, ကုဏီဝါ,
ခဉ္ဇဝါ, ပက္ခပါဒါဝါ, ဝိကလ္လာဝါ, ဝိကလိန္ဒြိယာဝါ,
ဟောန္တိ။ဆုဏ္ဍိယောပိ တတ္ထ နာတိဒီဃာ၊

ဤသို့ ကျမ်းဂန် လာသော့ငှေ့၊ ဥတ္တရကုရုကျွန်းသူ,ကျွန်းသားတို့သည် ကုန်းခြင်း, ကွခြင်း, ကာန်းခြင်း, ကောက်ခြင်း,စွင်ခြင်း, ခြေဆွံ့ခြင်း ချို့ တဲ့ခြင်း,ဣန္ဒြေချို့ဘဲ့ခြင်းတို့သ် မရှိကုန်။မိန်းမတို့သည်လည်း မမြင့်လွန်း, မနိမ့်လွန်း,မကြုံလွန်း,မဆူလွန်း,မမည်းလွန်း,မဖြူလွန်း၊မြတ်သော တင့် တယ်ခြင်းသို့ ရောက်ကုန်သ်သာ ဖြစ်ကုန်၏၊ ထိုသို့ ရောက်ကုန်သော ကြောင့်လျှင် ရှည်သော လက်ချောင်း ရှိကုန်သ်၊နီသော လက်သည်း ခြေ

ဆည်း ရှိကုန်သည်၊ မရှည်သော သားမြတ် ရှိကုန်သည်၊ ငယ်သော ဝမ်း ရှိကုန်သည်၊လမင်းကဲ့သို့သော မျက်နှာ ရှိကုန်သည်။ ကျယ်သော မျက်ကွင်း ရှိကုန်သည်၊နူးညံ့သိမ်မွေ့သော ကိုယ် ရှိကုန်သည်၊ ညီညွတ်သော ဥရု* ရှိကုန်သည်၊ ပြေစင်သော သွား ရှိကုန်သည်၊ နက်သော ချက် ရှိကုန်သည်။ ငယ်သော မြင်းခေါင်း ရှိကုန်သည်၊ရှည်သော၊နွယ်ညီအဆင်းနှင့် တူသော ဆံ ရှိကုန်သည်။ကျယ်သော ခါး ရှိကုန်သည်၊မထူသော အရေ ရှိကုန်သည်၊ မထူမပါးသော လောမာ* ရှိကုန်သည်၊ အလိုရမွက် နည်းကုန်သည်၊ ဥတုအားလျော်စွာ ကောင်းသော အငွေ့ ရှိကုန်သည်၊သိမ်မွေ့ကုန်သည်။ ပြေပြစ်သော စကား ရှိကုန်သည်၊အထူးထူးသော တန်ဆာတို့ဖြင့် တင့်တယ်ကုန်သည် ဖြစ်၍ သွားလာ ကုန်သည်ဟု မှတ်ရမည်၊ ၊ငင်း၌ လာသည်။

၆၀၃၊ ၊ဥတ္တရကုရု ကျွန်းသူ, ကျွန်းသားတို့အား အရုပ်,အဆင်း ပေါက်ပြန့်ခြင်း သဘော ရှိအံ့လော၊အဘယ်သို့နည်း၊

သဗ္ဗဒါပိ သောဠသ ဝဿုဒ္ဒေသိကာဝိယ ဟောန္တိ၊
ပူရိသာစ ဝီသတိ ဝဿုဒ္ဒေသိကာ ဝိယ၊

ဤသို့ ကျမ်းဂန် လာသောငြောင့်၊ ဥတ္တရကုရု ကျွန်းသူ,ကျွန်းသားတို့အား အခါခပ်သိမ်းလျှင် မိန်းမတို့သည်ကား တဆဲ့ခြောက်နှစ် အရွယ်ကဲ့သို့သာ ဖြစ်ကုန်သည်၊ယောကျ်ားတို့သည်ကား အနှစ် နှစ်ဆယ်ရွယ်ကဲ့သို့သာ ဖြစ်ကုန်သည်ဟု မှတ်ရမည်၊ ၊ငင်း၌ လာသည်။

၆၀၄။ ။ဥတ္တရကုရု ကျွန်းသူ, ကျွန်းသားတို့အား အိမ်ရာထောင်ခြင်း ကိစ္စ ရှိကုန်အံ့လော၊အဘယ်သို့နည်း။

န ပုတ္တဒါရေသု ရဇ္ဇန္တိ အယံ တတ္ထ ဓမ္မတာ၊သတ္တာဟာ
တိက္ကမမေဝ တတ္ထ ဇာတ္တိပုရိသာ ကာမာရတိယာ ဝိဟ
ရန္တိ။ဘတော ဝိတ္တရာဂါ ယထာသုခံ ဂစ္ဆန္တိ။

---

*ညီညွတ်သော ဥရု ရှိကုန်သည်ဆိုရာ၌၊ ညီညွတ်သော ပေါင်ရှိကုန်သည်ဟု ဆိုလိုသည်။ ပါဠိ—ဥရု—မြန်မာ—ပေါင်၊

*ပါဠိ—လောမ—မြန်မာ—အမွေး။

ဤသို့ ကျမ်းဂန် လာသောဉ်င့်၊ ဥတ္တရကုရု ကျွန်းသူ,ကျွန်းသားတို့၏ ဓမ္မတာ သဘောသည်ကား သားမယားတို့၌ တပ်ခြင်း ကင်းကုန်သည် ဖြစ်၍၊ ခုနစ်ရက် ပတ်လုံးသာလျှင် ယောကျ်ား,မိန်းမတို့သည် ကာမဂုဏ်ချမ်းသာတို့ဖြင့် မွေ့လျော်လျက် နေကုန်၏၊ ထိုသို့ နေပြီးသော အခါမှ တပ်ခြင်း,ကင်းကုန်သည် ဖြစ်၍၊ ချမ်းသာစွာ နေထိုင် သွားလာကုန်သည်၊ မှတ်ရမည်၊ ။ငင်း၌ လာသည်၊

၆၀၅။ ။ဥတ္တရကုရုကျွန်း၌ ဇမ္ဗူဒိပါကျွန်း၌ ကဲ့သို့ ပဋိသန္ဓေနေခြင်း အစ ရှိသော ဆင်းရဲတို့သည် ဖြစ်ကုန်လော၊ အဘယ်သို့နည်း၊

နဲ တတ္ထ ဇာမ္ဘိယ ဂဗ္ဘောကန္တိကမူထကံ ဂဗ္ဘပရိဟ
ရဏမူလကံဝါ ဝိဇာယနမူလကံဝါ ဒုက္ခံ ဟောတိ၊
ရတ္တကဥ္ဇုကာတော ကဥ္စနပဋိမာဝိယ ဒါရကာ မာတု
ကုစ္ဆိတော အပေက္ခိတာယော၀ သေမှဒိမှာ သုခေနေ၀
နိက္ခမန္တိ၊ အယံ တတ္ထ ဓမ္မတာ၊

ဤသို့ ကျမ်းဂန် လာသောဉ်င့်၊ ဥတ္တရကုရုကျွန်း၌ ဇမ္ဗူဒိပါ ကျွန်းကဲ့သို့ ပဋိသန္ဓေနေခြင်း, အရင်းရှိသော ဆင်းရဲသည်ငင်း၊ ကိုယ်ဝန်ဆောင်ခြင်း, အရင်းရှိသော ဆင်းရဲသည်ငင်း၊ ဖွားခြင်းလျှင် အရင်းရှိသော ဆင်းရဲသည်ငင်း မရှိ၊ နီသော ဈေသင်တိုင်းတို့ဖြင့် ဖုံးလွှမ်းအပ်သော ရွှေရုပ်ကဲ့သို့ သူငယ်တို့သည် အမိဝမ်းမှ အရိ,အမှေး,စသည်ဖြင့် မလိမ်းကျံသည် ဖြစ်၍ သာလျှင် ချမ်းသာစွာ ဖွားကုန်၏၊ ။ဤသည်လျှင် ထို ဥတ္တရကုရုကျွန်း၌ ဓမ္မတာသဘော ဖြစ်သည်ဟု မှတ်ရမည်၊ ။ငင်း၌ လာသည်၊

၆၀၆၊ ။မြောက်ဥတ္တရကုရုကျွန်း၌ ဖွားပြီးသော သူငယ်တို့အား အမိသည် ဇမ္ဗူဒိပါ ကျွန်း၌ကဲ့သို့ပင် ဆင်းရဲကြိုးခြီစွာ မွေးမြူရသည် လော၊ အဘယ်သို့နည်း၊

မာတာပန ပုတ္တံဝါ ဓိတရံဝါ ဝိဇာယိတွာ တေသံ ဝိစရ
ဏပဒေသေ ဌပေတွာ အနပေက္ခာ ယထာရုစိ ဂစ္ဆန္တိ၊
တေသံ တတ္ထ သယိတာနံ ယေ ပဿန္တိ ပုရိသာဝါ
ဣတ္ထိယာဝါ၊ တေ အင်္ဂုလိယော ဥပနာ
မေန္တိ၊ တေသံ ကမ္မဗလေန တတော ခီရံ ပဝတ္တတိ၊

> တေန တေ ဒါရကာ ယာပေန္တိ၊ဝေဠပနံ ဝဖန္တာ ကတိ
> ပယာဒိဝသေယော ဝ လဒ္ဓံဖလံ ဟုတွာ ဒါရိကာ အုဋ္ဌိ
> ယော ဥပဂစ္ဆန္တိ ဒါရကာ ပူရိသ။

ဤသို့ ကျမ်းဂန် လာသောင့်ေ၊ ဥတ္တရကုရုကျွန်း၌ အမိသို သားကိုဖင်း, သမီးကိုဖင်း ဖွားပြီးလျှင်၊ ထိုသူငယ်တို့ ဖွားရာအရပ်၌ ထားသဖြင့်၊ငဲ့ ကွက်ခြင်း ကင်းသို ဖြစ်၍၊အလိုအလျောက် သွားကုန်၏၊ထိုအရပ်၌ အ ကြင် ယောကျ်ားတို့သိုဖင်း, မိန်းမတို့သိုဖင်း၊ အိပ်သော ထို သူငယ်တို့ ကို မြင်ကုန်လတ်သော်၊ မိမိတို့၏ လက်ချောင်းတို့ကို သူငယ်တို့အား နို့အမှတ် ပြု၍ စို့စေသဖြင့်၊ ထို သူငယ်တို့၏ ကံအစွမ်းကြောင့်၊ လက် ချောင်းမှ နို့ရည်တို့သို ယိုထွက်၍၊ သောက်ရသဖြင့်၊တရက်, ၂ရက် သာလျှင် အားရှိကုန်သည်သာ ဖြစ်၍၊ သူငယ်မတို့သည်လည်း မိန်းမ တို့သို့ ကပ်လေကုန်သို၊ သူငယ်တို့သိုလည်း ယောကျ်ားတို့သို့ ကပ် လေကုန်သည်ဟု မှတ်ရမည်၊ ၊ဇင်း၌ လာသည်။

၆၀၇။ ၊ဥတ္တရကုရုကျွန်း၌ ဖြစ်ကုန်သော သူငယ်တို့ကား၊အဘယ် အဝတ်တန်ဆာတို့ကို ဝတ်ကုန်,ဆင်ယင်ကုန်သနည်း၊

> ကပ္ပရုက္ခတောဝေစ တေသံ တတ္ထ ဝတ္ထာဘရဏာနိ
> ဥပ္ပဇ္ဇန္တိ၊ နာနာဝိရာဂဝိတ္တာနိ ဟိ သုခုမာနိ မုဒုသုခ
> သမ္ဖဿာနိ တတ္ထ တတ္ထ ကပ္ပရုက္ခေသု ဩလမ္ဗာနိ
> တိဋ္ဌန္တိ၊နာနာဝိဓရံသိ,ဇာလ,သမုဇ္ဇလ ဝိဝိဓ ဌောရတ
> န,ဝိနဒ္ဓာနိ၊

ဤသို့ ကျမ်းဂန် လာသောင့်ေ ဥတ္တရကုရု ကျွန်း၌ ဖြစ်ကုန်သော သူတို့ အား ပဒေသာပင်မှသာလျှင် အဝတ်တန်ဆာတို့သည် ဖြစ်ကုန်၏။ ထို စကားသည်လျှင် စင်စစ် ကေန်အမှန် ဖြစ်၏၊အထူးထူး ဆန်းကြယ်စွာ တပ်ဖွယ်,နှစ်သက်ဖွယ် ရှိကုန်ထသော နူးညံ့,သိမ်မွေ့သော အတွေ့ ရှိ ကုန်သော တန်ဆာတို့သည် ထိုသို့သော ပဒေသာပင်တို့၌ တွဲးရ ရွဲး ဆွဲးကုန်သို ဖြစ်၍ တည်ကုန်သို၊ အထူးထူးသော အရောင်,ကွန့်ရက် တို့ဖြင့် ကောင်းစွာ တက်သော အထူးထူးသော၊အဆင်းရှိသော ရတ

နှာတို့ဖြင့် စီမြောင်အပ်သော ခြူးပန်း,ခြူးနွယ်တို့ဖြင့် ဆန်းကြယ်ကုန်ထသော ဦးခေါင်းတန်ဆာ,နားတန်ဆာ,လည်တန်ဆာ, လက်တန်ဆာ, ခါးတန်ဆာ,ဖြစ်ကုန်သော၊ရွှေစသည်တို့ဖြင့် ပြီးကုန်သော တန်ဆာတို့သည်လည်း တွဲရရွဲဆွဲးလျက် တည်ကုန်သည်။ ထို့အတူ စောင်း, မုရိုးစည်, ထက်စည်၊*လက်ချပ်, ခရုသင်း,ပြွေ, ခရာ,တပိုး စသော တီးမှုတ်အပ်သော တူရိယာ တို့သည်လည်း ပဒေသာပင်မှ တွဲရရွဲဆွဲးလျက် တည်ကုန်သည်၊ပဒေသာပင်မှ တပါး များစွာသော သစ်ပင်တို့သည်လည်း မြိန်မြက်သော အရသာနှင့် ပြည့်စုံသော အိုးစရည်းလုံးမျှ ပမာဏ ရှိကုန်သော အသီးတို့သည် သီးကုန်သည် ဖြစ်၍၊ထိုအသီးကို စားရသဖြင့်၊ခုနစ်ရက်ပတ်လုံး မွတ်သိပ်ခြင်းတို့သည် ပျောက်ကုန်သည်။ ထိုမှတပါးလည်း နှလုံးမွေ့လျော်ဖွယ် ဆန်းကြယ် စွာသော ရေပန်း, ကြည်းပန်း တို့ဖြင့် ပြွမ်းသော အထူးထူးသော ကန်,ချောင်း,မြစ်ဆိပ်တို့ဖြင့် ပြည့်စုံကုန်သည် ဖြစ်၍ မွေ့လျော်ကုန်သည်ဟု မှတ်ရမည်။ ။ငင်း၌ လာသည်။

၆၀၇။ ။ထို ဥတ္တရကုရု ကျွန်း၌ သေလွန်သောအခါ သင်္ဂြိုဟ်ခြင်း, ငိုကြွေးခြင်းတို့သည် ရှိကုန်အံ့လော။အဘယ်သို့နည်း။

မတေစ သဗ္ဗေ နရောဒဿ၊ နသောစဿ၊တဥ မည္ဗာယိတွာ
နိက္ခိပန္တိ၊ တာ၀ဒေ၀စ တထာရူပါ သကုဏာ ဥပဂမ္မွာ
မတံ ဒိပန္တရံ နေန္တိ၊ တသ္မာ သုသာနံ၀ါ အသုစိဌာနံ၀ါ
တတ္ထ နတ္ထိ၊ နစ တတော မတာ နိရယံ၀ါ တိရစ္ဆာနံ၀ါ
ပေတ္တိဝိသယံ၀ါ အသုရကာယံ၀ါ ဥပ္ပဇ္ဇန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဥတ္တရကုရုကျွန်း၌ ရတေမနေ သေလွန်ကုန်သော်လည်း၊ စိုးရိမ်ခြင်း,ငိုကြွေးခြင်း,မရှိကုန်၊သေသော အကောင်ကို ကောင်းမွန်စွာ တန်ဆာဆင်၍ ထားကုန်သည်၊ထိုသို့ထားသော ခဏ၌ လျှင် ကြီးစွာသော ငှက်တို့သည် ကပ်လှာကုန်သဖြင့်၊ သေသော သူ၏ အကောင်ကို ချီ၍၊ ကျွန်းတပါးသို့ ပို့ဆောင်ကုန်သည်။ ထို့ကြောင့် ထိုကျွန်း၌ သုသာန်တစ,အရပ်သည်ငင်း၊ မစင်ကြယ်သော အရပ်သည်ငင်း မရှိ၊ ထို ကျွန်းမှ သေကုန်သော သူတို့သည် ငရဲ,ပြိတ္တာ,တိရစ္ဆာန်,

*စာအုပ်မူ၌—''ထက်''ဟု ရှိ၏။

အသုရကာယ်တည်းဟူသော အပါယ်လေးပါးသို့ မလား,မသွားသည့်သာ ဖြစ်ကုန်၏ဟု မှတ်ရမည်။ ။ရင်း၌ လာသည်၊

၄၀၉။ ။မြောက်ကျွန်းမှ ရတော့သော သူတို့သည် အပါယ်လေးပါးသို့ မလား,မသွားရဆိုသော်၊အဘယ်အရပ်သို့ သွားရ လေကုန် သနည်း၊

တတော ရဘာ တဒ္ဓေဝ ဝါ သဂ္ဂေဝ ါ ဥပ္ပဇ္ဇန္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊မြောက်ကျွန်းမှ ရတောကုန်သော သူတို့သည် ထိုကျွန်း၌ရင်း၊နတ်ပြည်၌ရင်း၊ ဖြစ်လေကုန်သတ်ဟု မှတ်ရမည်။ ။ရင်း၌ လာသည်၊ ။ဥတ္တရကုရုကျွန်း၏ အကြောင်း ထက္ခဏာကို အကျဉ်းရုံး၍ ဆိုသော စကားပြီး၏။

၄၁၀၊ ။မြင့်မိုရ်တောင်သို၊ ဤ မြေကြီးမှသို ယူဇနာ ရှစ်သောင်း,လေးထောင် ရှိသည် ဆိုမူ၊အဘယ်တောင်,တာဖြင့် ရှိလေသနည်း၊

သတ္တဟတ္ထော မတော ဒဏ္ဍော၊ဝိသတိဒဏ္ဍော ဥသဘော၊အသီတိ ဥသဘော ဂါဝိ၊စတုဂါဝိ ယောဇနံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ခုနစ်တောင်သော် တတာ ဖြစ်သို၊အတာနှစ်ဆယ်သော် တဥသဘ ဖြစ်သို။ဥသဘ ရှစ်ဆယ်သော် တဂါဝုတ် ဖြစ်သည်၊လေးဂါဝုတ်သော် တယူဇနာ ဖြစ်သို၊တယူဇနာသော် ခြောက်တိုင် လေးရာတွင်း ဖြစ်သည်ဟု မှတ်ရမည်။ ။မြင်းမိုရ်အတောင်ဖွဲ့၊ ။ဤအခြင်းအရာကား ဝိဘင်းအဋ္ဌကထာ သမ္မောဟဝိနောဒနီကျမ်းတို့၌ လာသည်ဟု မှတ်ရမည်၊

၄၁၁၊ ။ထိုမှတပါး အကျယ်အားဖြင့် အဘယ်သို့ ဖွဲ့ရအံ့နည်း။

ဆတ္တိံသ ပရမာဏူနံ အဏုမတ္တန္တိ ဝုစ္စတိ၊ ဆတ္တိံသ အဏုနောမတ္တံ တဇ္ဇာရီတိ ပဝုစ္စတိ။ ဆတ္တိံသမတ္တာ တဇ္ဇာရီ ရထရေဏုပမာဏကံ။ ဆတ္တိံသရထရေဏုစ လိက္ခာတိ ဝုစ္စတိ၊ ။သတ္တလိက္ခာစ ဩကာ၊သတ္တူကာ ဓညမာသကာ၊သတ္တဓညင်္ဂုလိ ဩကာ၊ ငိဒတ္တိ ဒွါဒသင်္ဂုလိ၊ ။ဒွေဝိဒတ္ထိတု ရတနံ၊သတ္တဟတ္ထံ ယဋ္ဌိတံ ဝီသ ယဋ္ဌိတု ဥသဘံ၊အသီတိဥသဘာ ဂါဝုတံ၊ ။ဂါဝုတ္တာ နိစ စတ္တာရိ မေရုယောဇနန္တိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောငှာ၊ ပရမာဏုမြူ ၃၆ လုံးသော် အဏုမြူ တလုံး ဖြစ်သည်၊ အနုမြူ ၃၆ လုံးသော် တဇ္ဇာရီမြူ တလုံး ဖြစ်သည်၊ တဇ္ဇာရီမြူ ၃၆ လုံးသော် ရထရေဏုမြူတလုံး ဖြစ်သည်၊ ရထရေဏုမြူ ၃၆ လုံးသော် လိက္ခာမြူတလုံး ဖြစ်သည်၊ လိက္ခာမြူ ၇ လုံးသော်၊ သန်းဦးခေါင်းတလုံး ဖြစ်သည်၊ သန်းဦးခေါင်း ၇ လုံးသော် နှမ်းတလုံး ဖြစ်သည်၊ နှမ်း ၇ လုံးသော် စပါးတလုံး ဖြစ်သည်၊ စပါး ၇ လုံးသော် လက်တသစ် ဖြစ်သည်၊ ၁၂-သစ်သော် တထွာ ဖြစ်သည်၊ ၂ ထွာသော်၊ တတောင် ဖြစ်သည်၊ ၇ တောင်သော် တတာ ဖြစ်သည်၊ အတာ ၂၀ သော် တဥသဘ ဖြစ်သည်၊ ဥသဘ ရှစ်ဆယ်သော်၊ တဂါဝုတ် ဖြစ်သည်၊ လေးဂါဝုတ်သော်၊ မြင့်မိုရ်တောင်တာ တယူဇနာ ဖြစ်သည်ဟု မှတ်ရမည်၊ ဤဂါထာ၌ မြူဆိုသည်ကား၊ ပကတိ လူတို့၏ မျက်စိဖြင့် မမြင်စကောင်း။ နတ်တို့၏ မျက်စိဖြင့်သာ မြင်စကောင်းသော ကောင်းကင်၌ လွင့်သော မြူကို ပရမာဏုမြူ ဆိုသည်၊ လေသာပေါက် သံခေါက်တွင်း၌ နေခြည်,လရောင် စသည်တို့၌ တဝန်းဝန်း လည်သော မြူကို အဏုမြူ ဆိုသည်၊ လှူ,ကျွဲ,နွား,ဆင်,မြင်း,စသည် သွားသော အခါ လွင့်သော မြူကို တဇ္ဇာရီမြူ ဆိုသည်၊ ဗုည်းရထား သွားသော အခါ လွင့်သော မြူကို ရထရေဏုမြူ ဆိုသည်၊ လူတို့၏ ခြေ,လက် စသည် တို့၌ ကပ်သော မြူကို လိက္ခာမြူ ဆိုသည်ဟု မှတ်ရမည်၊ ၊ငင်း ဝိဘင်း အဋ္ဌကထာ,သမ္မောဟဝိနောဒနီ ကျမ်းတို့၌ လာသည်၊

၆၁၂။ ၊မြင့်မိုရ်တောင်တာ ယူဇနာ အချင်းကို ကျမ်းဂန် လာသည်နှင့် အညီ ဆို၍ သိရပါပြီ၊ စကြာဝဠာ ယူဇနာတောင်တာ အချင်းကိုကား အဘယ်သို့ သိရအံ့နည်း၊

ဓနုပဥ္စသတံ ကောသံ၊ စတုကောသဥ္စ ဂါဝုတံ၊
ဂါဝုတ္တာနိစ စတ္တာရိ၊ ယောဇနန္တိ ပဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောငှာ၊ ကုလလေးအပြန်ငါးရာသော် တကောသ ဖြစ်သည်၊ လေးကောသသော် တဂါဝုတ် ဖြစ်သည်၊ လေးဂါဝုတ်သော် တယူဇနာ ဖြစ်သည်ဟု မှတ်ရမည်၊ ၊ဤ အခြင်းအရာကား ပါရာဇိကဏ် အဋ္ဌကထာ၌ လာသည်ဟု မှတ်ရမည်၊

စကြာဝဠာတာ နှံ့,တနည်းကား၊—

ပဥ္စဟဏ္ဏော မတော ဒွေဏ္ဏော၊ဝီသတိဒွေဏ္ဏော ဥဿဘော၊
အသီတိဥသဘော ဂါဝီ၊ စတုဂါဝီစ ယောဇနံ၊

ဤသို့ ကျမ်းဂန် လာသော့ငွေ၊ငါးတောင်သည် တတာမည်၏၊ အတာ ၂၀သည် တဥဿဘ မည်၏၊ဥဿဘ ၈၀ သည် တဂါဝုတ် မည်၏၊ လေးဂါဝုတ်သည် တယူဇနာ မည်၏ဟု မှတ်ရမည်၊ ။၎င်း ပါရာဇိကဏ် အဋ္ဌကထာ၌ လာသို၊ ။၎င်းစကြဝဠာတာ့ဖွဲ၊–ဓနုပဥ္စသတံ ကောသံနှင့် ပဥ္စဟဏ္ဏော မတော ဂါထာကား တောင်တာ့,အဝေးအနီး အတူတူ အမျှ မှတ်ရမည်၊
"အမော့ဿလူ၊ဥဿဏ်ဖြင့် ကူ၊ ချင်းယူသချာမှတ်"၊ ။၁၂၀၃၄၅၀, စကြဝဠာဗီသာတာချင့်၊
"အမလည့်၊ပဥ္စလံ၊ဝန်းရံ ပတ်လည်မှတ်"။ ။၃၆၁၀၃၅၀,စကြဝဠာ အဝန်းတာချင့်၊

၆၁၃၊ ။လက်သစ်တောင်တာ ယူဇနာကိုကား ကျမ်းဂန် လာသ်နှင့် အညီ ဆို၍၊သိရပြီ။ရွေး,ပဲ,မူးမတ်,ကျပ်,အစရှိသော ချိန်အဝ်သော ဝဏ္ဏ အခြင်းအရာကို အဘယ်သို့ သိရအံ့နည်း။

တိသာသပါတိလာ ဒွေယျာ၊တိလာစတ္တား ရိ တဏ္ဍုလ
လာ၊စတုရော တဏ္ဍုလာ ကုဥ္စာ။အဋ္ဌကုဥ္စာ ဧကမာ
သာ။ပဥ္စမာသကဥ္စ ပါတံ၊စတုပါတံ ကဟာပဏံ၊ ပဥ္စ
ကဟာပဏံ ပလံ၊ပလာဝီသတိ တုလကံ၊

ဤသို့ ကျမ်းဂန် လာသော့ငွေ၊မုံညှင်းသုံးစေ့သော် နှမ်းတလုံး ဖြစ်သို။ နှမ်းလေးလုံးသော် ဆန်တလုံး ဖြစ်သို။ ဆန်လေးလုံးသော် တချင်ရွေး ဖြစ်သည်။ရှစ်ချင်ရွေးသော် တပဲ ဖြစ်သည်၊ ၅ပဲသော် တမတ် ဖြစ်သို၊ လေးမတ်သော် တကျပ် ဖြစ်သည်၊ ငါးကျပ်သော် တပိဿ ဖြစ်သည်၊ ပိဿ ၂၀သော် တချိန် ဖြစ်သည်ဟု မှတ်ရမည်၊ ။ဤအခြင်းအရာကား၊ အဘိဓာန်ဋီကာ၌ လာသည်။

၆၁၄၊ ။ချိန်ဝန်ကိုကား ကျမ်းဂန် လာသည်နှင့် အညီ ဆို၍ သိရပြီ၊ချင့်ဝန်ကို အဘယ်သို့ သိရအံ့နည်း၊

ဒွင်္ဂုလိစတု ပသဋ္ဌော၊ ပသဋ္ဌောစတု မုဋ္ဌိယံ။ စတ္တာရော
မုဋ္ဌိ ကုဍဝေါ၊ စတ္တာရော ကုဍုဝေါ ပတ္ထော၊
ပတ္ထော စတ္တာရိ အဠ္ဌကာ။ အဠ္ဌကာ စတုရော ဒေါဏံ၊
ဒေါဏံ စတ္တာရိ မာဏိကော၊ စတုမာဏိ ဖကော ခါရီ၊
ဝီသတိ ခါရိ ဝါဟကော၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သက်နှစ်ချောင်းဖြင့် လေးခါယူသော မုယောစပါးသည် တလက်ဖက် ဖြစ်သို၊ လေးလက်ဖက်သော် တဆုပ် ဖြစ်သည်၊ လေးဆုပ်သော် ကုဍဝ ဖြစ်သို၊ လေးကုဍုဝသော် တကွမ်း စား ဖြစ်သည်၊ လေးကွမ်းစားသော် တပြေ ဖြစ်သို၊ လေးပြေသော် တစိတ် ဖြစ်သည်၊ လေးစိတ်သော် တတင်း ဖြစ်သည်၊ လေးတင်းသော် တခါရိ ဖြစ်သည်၊ ခါရိ ၂၀-သော် တဖ္ဍည်း ဖြစ်သည်ဟု မှတ်ရမည်၊ ။ ၎င်း အဘိဓာန်ဋီကာ၌ လာသည်၊

၆၁၅။ ။၎င်းချင့်ဝန်ကိုကား သိရပြီ၊ အခရေ,ပြန်,ဇိဇနာ,ပါဒ်,နာရီ စသော အခြင်းအရာကို အဘယ်သို့ သိရအံ့နည်း၊

ဒသကွရာ ဧကောပြန္တာ၊ ဆပြန္တာ ဇိဇနာတိကာ၊ ဇိဇနာ
ပဥ္စဒသ ပါဒ်၊ စဘုပါဒဋ္ဌ နာရိကာ၊ သဋ္ဌိယာ နာရိယာ
ကာလံ အဟောရတ္တိံတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လက်ဆယ်တွက် အခန့်နှင့် ယှဉ် သော ခရာတဆယ်သော် တပြန် ဖြစ်သို၊ ၆ပြန်သော် တဇိဇနာ ဖြစ်သို၊ ၁၅ဇိဇနာသော် တပါဒ် ဖြစ်သည်၊ ၄ပါဒ်သော် တနာရီ ဖြစ်သည်၊ နာရီ ၆၀သော် တနေ့နှင့် တည၌ ဖြစ်သည်ဟု မှတ်ရမည်၊

၆၁၆၊ ။ရေတွက်ခြင်း၌ တခုမှစ၍ အစဉ်အတိုင်း အသင်္ချေယျ တိုင်အောင် အဘယ်သို့ ခေါ်ဝေါ်အပ်သနည်း၊

ခု,ဆယ်,ရာ,ထောင်,သောင်း,သိန်း,သန်း,၊ကုဋေ,ပကောဋိ,ကောဋိ- ပကောဋိ,နဟုတ,နိန္နဟုတ,အခေါဘဏီ, ဗိန္ဒု, အဗ္ဗုဒ, နိရဗ္ဗုဒ, အဟ ဟ,အပပ,အဋဋ,သောဂန္ဓိက,ဥပ္ပလ,ကုမုဒ,ပဒုမ,ပုဏ္ဍရိက, ကထာန, မဟာကထာန,အသင်္ချေယျ၊ ဤသို့ ခေါ်ဝေါ်အပ်သည်ဟု မှတ်ရမည်၊

၆၁၇။ ။ထိုသို့ ခေါ်ဝေါ်အပ်သော သင်္ချာ၌ အဘယ်မှသည် အဘယ်တိုင်အောင် အဘယ်သို့ ရေတွက်အပ်သနည်း။

ဒသာဒိ ယာဝကောဋိဉ္စ၊ သုညေကေကံ ပဌ္ဌပတိ၊
အဝသေသာဟိ သင်္ချာဟိ၊သတ္တသတ္တေဝ ဌပယေ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တဆယ်မှ စ၍ တကုဋေတိုင်အောင် သုည တလုံး,တလုံး စီ ပွါးရမည်၊ထိုမှ ကြွင်းသော ပကောဋိမှ စ၍ အသင်္ချေယျတိုင်အောင် သင်္ချာတို့၌ သုည ၇ လုံး,၇ လုံးစီ တင်အပ်သည်ဟု မှတ်ရမည်၊

၆၁၈။ ။ထိုသို့ ပွါးသော်၊ အဘယ်သို့ ဖြစ်လေသနည်း၊

သတ္တသုည ဘဝေ ကောဋိ၊ဧတ္တာရိ သတ္တဟိ ဂုဏော၊
စတ္တာလီသ,ဉ္စတံ သုညံ၊အသင်္ချေယျန္တိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ *အစ်တလုံး သုည ၇ လုံးသော် တကုဋေ ဖြစ်သည်။ ။ပကောဋိမှ စ၍၊အထက် အသင်္ချေယျတိုင်အောင်သော သင်္ချာတို့၌ကား သုည ၇ လုံး,၇ လုံးစီ ပွါးသောကြောင့်၊အစ်တလုံး သုည ၊တရာ့လေးဆယ် ဖြစ်လေသည်။ထို အစ်တလုံး သုညတရာ့လေးဆယ်ကို အသင်္ချေယျ ဆိုသည်ဟု မှတ်ရမည်၊ ။အဓိပ္ပါယ်ကား၊အစ်မှ စ၍၊တဆယ်,တရာ, တထောင်, တသောင်း,တသိန်း,တသန်း,တကုဋေ တိုင်အောင်၊သုည တလုံး,တလုံးစီ ပွါး၍၊တကုဋေ တိုင်လျှင်၊ သုည ၇ လုံး ဖြစ်လေသည်၊ပကောဋိမှ စ၍ အထက်အသင်္ချေယျတိုင်အောင် သင်္ချာတို့၌ကား၊ အစ်တလုံး,တလုံးတွင် သုည ၇ လုံး,၇ လုံးစီ ရေးရသောကြောင့်၊ အစ်တလုံး,သုညတရာ့လေးဆယ် ဖြစ်လေသည်။ ထို အစ်တလုံး,သုည တရာ့လေးဆယ်ကိုပင် အသင်္ချေယျ ဆိုသည်ဟု မှတ်ရမည်၊

၆၁၉။ ။ထိုသို့ ရေတွက်အပ်သော သင်္ချာတို့တွင်၊ တဆယ်မှ စ၍ တကုဋေတိုင်အောင် အဘယ်သို့ မြှောက်အပ်သနည်း။ ။ပကောဋိမှ စ၍ အထက်အသင်္ချေယျတိုင်အောင် အဘယ်သို့ မြှောက်အပ်သနည်း။

ဒသာဒိ ယာဝကောဋိန္တိ၊ သင်္ချာဒသဂုဏာ ဘဝေ၊
ပကောဋာဒိဝသေသန္တု၊ သတလက္ခဂုဏံ ကရေ၊

ဤသို့ ဆိုသော့ငှာ၊ တဆယ်မှ စ၍ တကုဋေအဆုံး ရှိသဲ့တိုင်အောင် ဆယ်ချဖြင့် မြှောက်အပ်သည်၊ ၊ပကောဋိ အစ ရှိသဲ့မှ ကြွင်းသော အသင်္ချေယျ တိုင်အောင်သော သင်္ချာတို့ကိုကား၊ တသိန်း၏ အရေဖြင့် မြှောက်အပ်သည်ဟု မှတ်ရမည်၊ ၊အဓိပ္ပါယ်သော်ကား၊ ဆယ်ချ၃စ၍ တကုဋေတိုင်အောင် ဆယ်ချဖြင့် မြှောက်အပ်သော့ကြောင့်၊တချဆယ်ထိသော် တဆယ်မည်သည်၊ တဆယ်ဆယ်ထိသော် တရာ မည်သည်၊ တရာဆယ်ထိသော် ထထောင် မည်သည်၊တထောင်ဆယ်ထိသော် တသောင်း မည်သည်၊ တသောင်းဆယ်ထိသော် တသိန်း မည်သည်၊ တသိန်းဆယ်ထိသော် တသန်း မည်သည်၊ တသန်းဆယ်ထိသော် တကုဋေ မည်သည်၊ ဤသို့လျှင် ဆယ်ချမှစ၍ တကုဋေတိုင်အောင် ဆယ်ချဆယ်ထိဖြင့် မြှောက်အပ်သော့ကြောင့်၊ ဒသသင်္ချာ မည်သည်ဟု မှတ်ရမည်၊ ၊ကုဋေသိန်းတရာသော် ပကောဋိမည်သည်၊ ပကောဋိသိန်းတရာသော် ကောဋိ-ပကောဋိ မည်သည်၊ ကောဋိ-ပကောဋိ သိန်းတရာသော် နဟုတ မည်သည်၊ နဟုတသိန်းတရာသော် နိန္နဟုတ မည်သည်၊ နိန္နဟုတ သိန်းတရာသော် အခေါဘဏီ မည်သည်၊ထိုအတူ အသင်္ချေယျတိုင်အောင် တရာဖြင့် မြှောက်အပ်သော့ကြောင့်၊ သတသင်္ချာ မည်သည်ဟု မှတ်ရမည်၊

၆၂၀၊ ၊ဆယ်ချမှစ၍ ကုဋေတိုင်အောင် ဒသသင်္ချာမည်ကြောင်းကို အဘယ်ပုဒ် ပါဠိပါဠ်ကို ထောက်၍ သိရသနည်း၊

ဒသဒသကာနံ သတံ ဟောတိ၊ သတဒသကာနံ သဟဿံ ဟောတိ၊

အစ ရှိသော သဒ္ဒါတဋ္ဌိတ်ကျမ်းနှင့် ဆယ်ချတို့၏ တဆယ်သည် တရာ မည်၏၊တရာတို့၏ တဆယ်သည် တထောင် မည်၏ဟု ဆိုသော့ငှာ သိရ၏၊

၆၂၁၊ ၊ပကောဋိမှ စ၍ အသင်္ချေယျ တိုင်အောင် သတသင်္ချာ မည်ကြောင်းကို အဘယ်ပုဒ်ပါဠိပါဠ်ကို ထောက်၍ သိရသနည်း၊

ကောဋိသတသဟဿာနံ သတံ ပကောဋိ၊ ပကောဋိသတသဟဿာနံ သတံ ကောဋိ-ပကောဋိ၊

အစရှိသော ရှင်းကျမ်း၌ ကုဋေတသိန်းတို့၏ တရာသည် ပကောဋိ မည်၏၊ ပကောဋိတသိန်းတို့၏ တရာသည် ကောဋိ-ပကောဋိ မည်၏ဟု ဆိုသောကြောင့် သိရ၏။ ။အင်္ဂပါယ်သော်ကား၊ ဆယ်ချမှစ၍ ကုဋေတိုင်အောင် သုညတလုံးစီ တိုး၍ ကုဋေတိုင်လျှင်၊ သုည ၇ လုံး ဖြစ်သည်ဟု မှတ်ရမည်။ ။ပကောဋိမှစ၍ အသင်္ချေယျတိုင်အောင် အစိတလုံး,သုည ၇ လုံးစီ ရေးရမည်၊ အသင်္ချေယျတိုင်လျှင် အစိတလုံးသုညတရာ့လေး ဆယ် ဖြစ်လေသည်။ ထိုအစိတလုံး, သုညတရာ့လေးဆယ်ကိုပင် အသင်္ချေယျဆိုသည်ဟု မှတ်ရမည်။

အသင်္ချေယျတိုင်အောင်၊ ခု,ဆယ်,ရာ,ထောင်,သောင်း,သိန်း,သန်း, ကုဋေ,ပကောဋိ,ကောဋိ-ပကောဋိ,နဟုတ,နိန္နဟုတ,အခေါဘဏီတိုင် အောင် ရေတွက်အပ်သော သင်္ချာသည် ဝါးအသုံး ခြောက်ဆယ်ကို တစည်းတစည်းစီ စည်း၍ အစည်းခြောက်ဆယ်သော ဝါးတို့ကို ခရီး လမ်းဆုံး တခါးခံ့ စသည်တို့၌ ထား၍ ထိုဝါးစသည်တို့ကို ဆင်,မြင်း, ရထား,ခြေသည် အစရှိသော စစ်သည် အပေါင်းတို့သည် နင်းသွား ကုန်သည်ရှိသော်၊ မှုန်မှုန် ညက်ညက် ကြေ၍ မြူဖြစ်သည်မှ အခေါဘဏီ အရေအတွက်ပြည့်သည်ဟု မှတ်ရမည်။

၆၂၂။ ။ပကောဋိမှစ၍ အသင်္ချေယျတိုင်အောင် ရေတွက်အပ်သော သင်္ချာသည်ကား အဘယ်မျှလောက် အရေအတွက် ရှိအံ့နည်း၊

သကလာတိဏိဝဿာနိ၊ စက္ကဝါဠ္ဟာဘိပူရိယ၊ ပိဏ္ဍာဝ
ဗိန္ဒုဝဿာနိ၊ အသင်္ချေယျန္တိ ပဝုစ္စတိ။

ဟူ၍သို့ ဆိုသောငြောင့်၊ အလုံးစုံသော နေ့ညဥ့်ပတ်လုံး သုံးနှစ်တိုင်တိုင် စကြာဝဠာတိုက် ပြည့်မျှ ရွာသော မိုးစက်ပေါက်သည်ရှင်း၊ ရေမိုင်သည် ရှင်း အသင်္ချေယျမည်၏ဟု ဆိုအပ်သည်ဟု မှတ်ရမည်။

၆၂၃။ ။ခပ်သိမ်းသော ကျမ်းဂန်တို့၏ အဦးအစ၌၊—

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဟူသော ပုဒ်ကို ရှေးဆရာမြတ်တို့ အဘယ့်ကြောင့်၊ ထားတော်မူလေ ကုန်သနည်း။

နတ်မင်းကြီးတို့ မပြတ်ကိုးကွယ်ဆောက်တည်သော ပဏာမ ဖြစ်၍ ခဝ်သိမ်းသော ကျမ်းဂန်တို့၏ အဦးအစ၌ ရှေးဆရာမြတ်တို့ အစဥ်ထားတော်မူလေသည်ဟု မှတ်ရမည်။

၆၂၄၊ ။နတ်မင်းကြီးတို့ ကိုးကွယ် ဆောက်တည်သော ပဏာမ ဟူ၍ နမောတသာ စသော ပုဒ်တို့ကို ဆို၏။ အဘယ်နတ်မင်းကြီးတို့ အသီးသီး ကိုးကွယ် ဆောက်တည် လေသနည်း။

သာတာဂိရိယက္ခော နမော၊ တဿ အသုရိန္ဒတော၊
ဘဂဝတော ဧတုမဟာရာဇာ၊သက္ကော အရဟတော၊
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာစ၊ ပဥ္စဒေဝါ နမက္ကာ၊

ဤသို့ ဆရာမြတ်တို့သည် မိန့်တော်မူသောကြောင့်၊ သာတာဂိရိ နတ်မင်းကြီးကား နမောဟု ရှိခိုး၏၊အသုရိန် နတ်မင်းကြီးကား တဿဟု ရှိခိုး၏၊စတုမဟာရာဇ် နတ်မင်းကြီးလေးယောက်တို့ကား ဘဂဝတောဟု ရှိခိုး၏၊ သိကြားနတ်မင်းကြီးကား အရဟတောဟု ရှိခိုး၏၊ ဗြဟ္မာမင်းတို့ကား သမ္မာသမ္ဗုဒ္ဓဿဟု ရှိခိုး၏၊ဤသို့လျှင် နတ်မင်းကြီးတို့ အသီးသီး ကိုးကွယ် ဆောက်တည်ကြသည်ဟု မှတ်ရမည်၊

၆၂၅၊ ။ပဥ္စင်္ဂတူရိယာငါးပါး ဆိုသည်ကား၊အဘယ်နည်း။

အာတတံ,ဝိတတံ တဒ္ဓေဝ၊ အာတတ-ဝိတတံ,ဃနံ၊
သုသိရဥ္စေဝ,တူရိယံ၊ပဥ္စင်္ဂိကမုဒိရိတံ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊တဖက်ဝိတ်သော စည်၊နှစ်ဖက်ဝိတ်သော စည်၊ အလုံးစုံသွပ်း၍ ဝိတ်သော စည်၊တခဲနက်သော စည်၊အခေါင်းရှိသော စည်၊ ဤသို့အားဖြင့် ငါးပါးအပြားရှိသည်၊ ထိုငါးပါးတို့တွင်၊—

၁၊ အာတတ—တဖက်ဝိတ်သော စည်ဆိုသည်ကား၊ စည်ပုပ် စသော စည်ကို ဆိုသည်ဟု မှတ်ရမည်။

၂၊ ဝိတတ—နှစ်ဖက်ဝိတ်သော စည်ဆိုသည်ကား၊ မရိုးစည် စသော စည်ကို ဆိုသည်ဟု မှတ်ရမည်၊

၃၊ အာတတ-ဝိတတ-အလုံးစုံသွပ်း၍ ဝိတ်သော စည်ဆိုသည်ကား၊ ထက်စည် စသော စည်ကို ဆိုသည်ဟု မှတ်ရမည်၊

၄၊ ဃန–တခဲနက်သော စည် ဆိုသည်ကား၊ ခွက်ခွင်း,ကြေးနင်း စသော စည်ကို ဆိုသည်ဟု မှတ်ရမည်၊
၅၊ သုသိရ–အခေါင်းရှိသော စည်ဆိုသည်ကား၊ ပြွေ,ခရုသင်း စသော စည်ကို ဆိုသည်ဟု မှတ်ရမည်၊ ။ဤ အခြင်းအရာကား၊သံယုတ္တနိကာယ် စသော ကျမ်းတို့၌ လာသည်၊ ဤသို့ ကျမ်းဂန် လာသည်နှင့် အညီ ပါရမီခန်း၌၊

ပဥ္စင်တူရိယာ၊တီးမှုတ်ရာသား၊အင်္ဂါငါးမည်၊ လူနတ်စည်လည်း။ဧးမြည်သံချို၊အလိုလိုလျှင်၊ထိုထိုရပ်သား၊ ပြိမ့်မျှကြားဖြီး၊

ဟူ၍ အရှင် မဟာသီလဝံသအကျော် စပ်တော်မူလေသည်၊ ။ငင်းဘုရိဒတ် ဇာတ်ပေါင်း၌လည်း–

အာဝိအစ၊တတသုမ်းထွေ၊ နွဲးပြွေဝံသ၊သုသိရနှင့်၊ဃန ထည့်မှ၊ပြည့်သုံငါးပါး၊အပြား ထင်ရှား၊တူရိယာလည်း၊ ထိုအခါ အ္တေ့၊တောလုံးနှံ့ချ၊

ဟူ၍ အရှင် မဟာရဋ္ဌသာရအကျော် စပ်တော်မူလေသည်၊
၆၂၆၊ ။တရားနာခြင်း၏ အကျိုးငါးပါး ဆိုသုံကား၊အဘယ်နည်း၊ ပဉ္စိမေ ဘိက္ခဝေ ဓမ္မသဝနေ အာနိသံသာ၊ ကတမေ ပဉ္စ အသုတံ သုဏာတိ၊သုတံ ပရိယောဒပေတိ၊ ကင်္ခံ ဝိဟနတိ၊ဒိဋ္ဌိဥဇုံ ကရောတိ၊စိတ္တမဿ ပသီဒတိ၊
ဤသို့ ဟောတော်မူသောကြောင့်၊
၁၊ မကြားဘူးသေးသော ထုံးနည်းပုံစံ တရားစကားကောင်းကို ကြားရသည်၊
၂၊ ကြားခဲ့ဘူးသော်ပြီးသော တရားစကားကောင်းကို အဖန်တလဲလဲ မှတ်မိအောင် ကြားရသည်၊
၃၊ ယုံမှားနှစ်ခွ သံသယကို ဖျောက်ရသည်၊
၄၊ အယူဝါဒကို ဖြောင့်မတ်စွာ ယူရသည်၊
၅၊ သဒ္ဓါယုံကြည်သော စိတ်ရှိသည်၊

ဤသို့အားဖြင့် တရားနာခြင်း၏ အကျိုးကား ငါးပါး ဆိုသည်ဟု မှတ်ရမည်၊ ။ဤ အခြင်းအရာကား အင်္ဂုတ္တရပဉ္စကနိပါတ်၌ ဟောတော်မူသည်၊

ဤသို့ ဟောတော်မူသည်နှင့် အညီ စတုဓမ္မသာရ၌—

အနုတ္တရ၊ ဓမ္မကိုးသွယ်၊ မှတ်ရူရွယ်လျက်၊ ရှောင်ဖွယ်ကျင့်ရေး၊ ဆုမွန်ပေးသည်၊ နက်လေးတရား၊ နာသောအားဖြင့်၊ မကြားဘူးတောင်း။ထုံးဟောင်းကြားရ။ကြားစ ကြားဆုမ်း။နှလုံးစင်ခွာ။သက်ာပျောက်ကင်း။ဖြောင့်စင်းအယူ၊ ကြည်ခြင်းဟူသား၊ ငါးဆုနှတ်ချက်၊ ကျိုးစက်မျက်မှောက်၊ချက်ချင်းရောက်၏၊

ဟူ၍ အရှင် မဟာရဋ္ဌသာရ အကျော် စပ်တော်မူလေသည်၊

၆၂၇၊ ။ယောက်ျားမြတ်တို့၏ အားငါးပါး ဆိုသ်ကား အဘယ်နည်း၊

၁၊ ဗလံ ပဉ္စဝိဓံ လောကေ၊ ပုရိသသ္မိံ မဟဂ္ဂတေ၊ တတ္ထ ဗာဟုဗလံ နာမ၊ စရိမံ ဝုစ္စတေ ဗလံ၊
၂။ ဘောဂဗလဉ္စ ဒီဃာဝု ဒုတိယံ ဝုစ္စတေ ဗလံ။
၃။ အမစ္စဗလဉ္စ ဒီဃာဝု၊ တတိယံ ဝုစ္စတေ ဗလံ၊
၄။ အဘိဇာတဗလဉ္စေဝ၊ တံ စတုတ္ထံ အသံသယံ၊
၅၊ ယာနိ စေတာနိ သဗ္ဗာနိ။ အဓိဂဏှာတိ ပဏ္ဍိတော။ တံ ဗလာနံ ဗလံ သေဋ္ဌံ၊ အဂ္ဂံ ပညာဗလံ ဗလံ၊ ပညာဗလေ နုပတ္ထဒ္ဓော၊ အတ္ထံ ဝိန္ဒတိ ပဏ္ဍိတော။

ဤသို့ ဟောတော်မူသောကြောင့်၊—

၁၊ လက်ရုံးအားလည်း တပါး၊
၂၊ စည်းစိမ်ဥစ္စာအားလည်း တပါး။
၃၊ မှူးမတ်အားလည်း တပါး၊
၄၊ အမျိုးအားလည်း တပါး။
၅၊ ပညာအားလည်း တပါး၊

ဤသို့ အားဖြင့် အားအပြား ငါးပါး ရှိသတည်း။ ထိုငါးပါးတို့တွင်၊ လက်ရုံးအားသည် ကြီးမား၏၊ ထိုသို့ ကြီးမားသော်လည်း၊ အားငါးပါးတွင် အယုတ်ဆုံး ဖြစ်သ်။ အဘယ်ကြောင့်နည်း၊ ပညာအဆင်အခြင် နည်းသော ဆင်ပြောင်ကြီးသည် ပညာအဆင်အခြင်နှင့် ပြည့်စုံသော နှိုင်းရှက် ငယ်ကြောင့်၊ ကိုယ်အသက် ဆုံးခြင်းသို့ ရောက်ဖူးလေသော လေဋ္ဋုကိကာဇာတ်ကို ထောက်၍ သိရ၏၊ ငွေ အစရှိသော အသုံးအဆောင်သ် စည်းစိမ်အား မည်၏၊ ထိုစည်းစိမ်အားသည် လက်ရုံးအားထက် ကြီးမြတ်၏၊ မပြတ်နိစ္စ အတိုင်အပင်,စိတ်နှလုံး အလိုတူသော မှူးမတ် အပေါင်းသည် မှူးမတ်အားမည်၏။ ထို မှူးမတ်အားသည် စစ်ထိုးခြင်း၌ ရဲရင့်သောကြောင့်၊ ရှေးအားနှစ်ပါးထက် ကြီးမြတ်သည်၊ အမျိုးသုံးပါးတို့ကို လွန်၍ မင်းမျိုးဖြစ်သော အားဖြင့် အမျိုး၏ ပြည့်စုံခြင်းသည် အမျိုးအား မည်၏။ ထို အမျိုးအားသည် သန့်ရှင်းစင်ကြယ်ခြင်း၏ အကြောင်း ဖြစ်၍၊ ရှေ့အားသုံးပါးတို့ထက် ကြီးမြတ်သည်၊ ပညာအားသ်ကား ဤအား လေးပါးတို့ထက် အထူးအားဖြင့် ကြီးမြတ်သ်၊ အဘယ့်ကြောင့်နည်း။ ပညာအမြော်အမြင်,အဆင်အခြင်နှင့် ပြည့်စုံသော ပညာရှိသည် လောက၌ အတုမဲ့ရှိ ကြီးမား,မြင့်မြတ်သော အဖြစ်သို့ ရောက်သည်။ ထိုသို့လျှင် ယောက်ျားမြတ်တို့၏ အားငါးပါး အကြောင်းကို အင်္ဂုတ္တရနိကာယ်စတ္တာလီသနိပါတ် တေရသ ဂဏဇာတ်၌ ဟောတော်မူသည်ဟု မှတ်ရမည်။

ဤသို့ ဟောတော်မူသည်နှင့် အညီ သံဝရ၌—

မဟာဗာဟု၊ အားငါးချဖြင့်၊ ကမ္ဗုဂီဝါ၊ တေဇောထန်ပြင်း၊
ရာမမင်း၏၊ ခြေနင်း တံဆိပ်။ ရှေးအတိတ်သို့။

ဟူ၍ အရှင်မဟာရဋ္ဌသာရအကျော် စပ်တော် မူလေသည်၊

၄၂၈။ ။ ထိုမှ တပါး သူတော်ကောင်းတို့၏ အားငါးပါး ဆိုသ်ကား အဘယ်နည်း။

ပဉ္စိမာနိ ဘိက္ခဝေ ဗလာနိ၊ ကတမာနိ ပဉ္စ။ သဒ္ဓါဗလံ၊
ဝိရိယဗလံ၊ သတိဗလံ၊ သမ္မာဓိဗလံ၊ ပညာဗလံ။

ဤသို့ ဟောတော်မူသောကြောင့်၊ သဒ္ဓါဗလ၊ ဝိရိယဗလ၊ သတိဗလ၊ သမာဓိ

ဗလ၊ပညာဗလ ဟူ၍ အားငါးပါး ရှိသည်ဟု မှတ်ရမည်၊ ၊ထိုငါးပါးတို့တွင်၊—

၁၊ ရတနာသုံးပါးဂုဏ်၌ မတုန်မလှုပ် နှစ်သက် ကြည်ညိုခြင်းသည် သဒ္ဓါဗလ မည်၏၊

၂၊ အကုသိုလ် တရားကိုကား ခေါင်းပါးစေခြင်း၄ါ ကုသိုလ် တရားကိုကား ပွားများစေခြင်း၄ါ လုလ္လပြုခြင်းသည် ဝိရိယဗလ မည်၏၊

၃၊ ရူပကာယ,နာမကာယကို အနိစ္စ အစရှိသော လက္ခဏာရေးသုံးပါးဖြင့် နှလုံးသွင်းခြင်းသည် သတိဗလ မည်၏၊

၄၊ ဒါန, သီလ, ဘာဝနာ, အစ ရှိသော ကုသိုလ်ကောင်းမှုတို့၌ မတုန်မလှုပ် တည်ကြည်စွာ ရှက်ဆောင်ခြင်းသည် သမာဓိဗလ မည်၏၊

၅၊ ထိတ်လန့်ခြင်း သံဝေဂတရားဖြင့် အဖြစ်အပျက်ကို အဖန်တလဲလဲ ဆင်ခြင်ခြင်းသည် ပညာဗလ မည်၏။

ဤသို့လျှင် သူတော်ကောင်းတို့၏ အားငါးပါးကို အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်၌ ဟောတော်မူသည်၊

၄၂၉၊ ၊ထိုမှတပါးလည်း မိန်းမတို့၏ အားငါးပါးကား အဘယ်နည်း၊

ပဉ္စိမာနိ ဘိက္ခဝေ မာတုဂါမဿ ဗလာနိ၊ ကတမာနိပဉ္စ။
ရူပဗလံ၊ ဘောဂဗလံ၊ ဉာတိဗလံ၊ ပုတ္တဗလံ၊ သီလဗလံ၊

ဤသို့ ဟောတော်မူသောကြောင့်၊—

၁၊ အဆင်းအားလည်း တပါး၊
၂၊ စည်းစိမ်အားလည်း တပါး၊
၃၊ ဆွေမျိုးအားလည်း တပါး၊
၄၊ သားအားလည်း တပါး၊
၅၊ သီတင်းသီလအားလည်း တပါး၊

ဤသို့လျှင် မိန်းမတို့၏ အားငါးပါးကို ဘုရားသခင်သည် သဋ္ဌာယတနဝါရသံယုတ္တနိကာယ် မာတုဂါမသုတ်အဖွင့်၌ ဟောတော်မူသည်၊

၆၃၀။ ။အကျိုးစီးပွါး များအံ့သော အကျင့်တရား ၇ပါး ဆိုသည်ကား အဘယ်နည်း။

ဥဋ္ဌာနတော သတိမတော၊ သုစိကမ္မဿ နိသမ္မကာရိနော၊
သညတဿ ဓမ္မဇီဝိနော၊အပ္ပမတ္တဿ ယသော အဘိဝဍ္ဎတိ။

ဤသို့ ဟောတော်မူသောကြောင့်၊—

၁၊ လုံ့လ,ဝိရိယ ရှိသည်၊
၂၊ အောက်မေ့အပ်သော သတိသမ္ပဇဉ်နှင့် ပြည့်စုံသည်၊
၃၊ သန့်ရှင်းစင်ကြယ်စွာ အမှုကို ပြုလေ့ရှိသည်၊
၄၊ ရှုးစမ်းဆင်ခြင်၍ အမှုကို ပြုလေ့ရှိသည်၊
၅၊ ကိုယ်နှုတ်နှစ်သုံး,သုံးပါးကို စောင့်စည်းလေ့ ရှိသည်၊
၆၊ တရားသဖြင့်သာ အသက်မွေးလေ့ ရှိသည်၊
၇၊ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ ရွက်ဆောင်လေ့ ရှိသည်၊

ဤကား အကျိုးစီးပွါးများအံ့သော အကျင့်တရား ခုနစ်ပါး ဖြစ်သည်ဟု မှတ်ရမည်။ ။ဤတရားခုနစ်ပါးကို ကုမ္ဘဃောသကသေဋ္ဌေးသားကို အကြောင်းပြု၍ ဟောတော်မူသည်၊

၆၃၁၊ ။လောကဓံတရားရှစ်ပါး ဆိုသည်ကား အဘယ်နည်း၊

လာဘော၊ အလာဘော၊ ယသော၊ အယသော၊ နိန္ဒာ၊
ပသံသာ၊ သုခံ၊ဒုက္ခံ။

ဤသို့ ဟောတော်မူသောကြောင့်၊—

| | |
|---|---|
| ၁။ လာဘ် ရှိခြင်း၊ | ၅၊ ကဲ့ရဲ့ခြင်း။ |
| ၂၊ လာဘ် မရှိခြင်း။ | ၆၊ ချီးမွမ်းခြင်း၊ |
| ၃။ အခြံအရံ များခြင်း။ | ၇၊ ချမ်းသာခြင်း၊ |
| ၄၊ အခြံအရံ မရှိခြင်း၊ | ၈၊ ဆင်းရဲခြင်း။ |

ဤသည်ကား လောကဓံတရားရှစ်ပါးတည်း၊ ဤလောကဓံ တရားရှစ်ပါးမှ ကင်းသောသူ မရှိသည်သာ ဖြစ်သည်ဟု မှတ်ရမည်။

၆၃၂။ ။ပြည်ကြီးအင်္ဂါခုနစ်ပါး ဆိုသည်ကား၊အဘယ်နည်း။

သာမျာ,မစ္စော,သခါ,ကောသော၊ ဒုဂ္ဂဥ္စ,ဝိဇိတံ,ဗလံ၊
ရဇ္ဇင်္ဂါနိ တိသတ္တေ တေ၊သိယျုံ ပကတိယောပိစ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊—

၁၊ ပြည့်ရှင်မင်းလည်း တပါး၊

၂။ လက်ရုံးနှလုံးနှင့် ပြည့်စုံသော မင်း၏ အမတ်ပညာရှိလည်း တပါး။

၃၊ အဆွေခင်ပွန်းကောင်းလည်း တပါး၊

၄။ ကျီကြွဘဏ္ဍာလည်း တပါး၊

၅၊ ခဲးခက်သော ကျုံးမြောင်းလည်း တပါး။

၆၊ တိုင်းနိုင်ငံလည်း တပါး၊

၇၊ သေနတ်မီးပေါက်, အမြောက်ရဲးမက်, ဗိုလ်ပါ,ဆင်မြင်း အားလည်းတပါး၊

ဤသည်ကား၊ ပြည့်ကြီး၏ အင်္ဂါ၇ပါး ဖြစ်သည်ဟု မှတ်ရမည်၊ ဤအင်္ဂါခုနစ်ပါးကိုပင်လျှင် မင်းတို့၏ ပြကတေ့ ခုနစ်ပါးဟူ၍လည်း ဆိုအပ်သည့်ဟု မှတ်ရမည်၊

၆၃၃။ ။ငါတို့ ဘုရားသခင် အလောင်းတော်,သိဒ္ဓတ်မင်းသား စံဘော်မူသော နန်းပြာသာဒ်ကား အဘယ်မျှ ရှိသနည်း၊

ရမ္မ,သုဘ, သုရမ္မာတိ တိဝိဓာ ဝေဒိတဗ္ဗာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ရမ္မ,သုဘ,သုရမ္မအားဖြင့် သုံးဆောင်ရှိသည်ဟု မှတ်ရမည်၊

၆၃၄၊ ။ထို သုံးဆောင်တို့တွင် ရမ္မပြာသာဒ်ကား ဘုံအဆင့် အဘယ်မျှ ရှိသနည်း၊

နဝဘုမ္မိကံ ရမ္မံနာမ၊

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ရမ္မပြာသာဒ်ကား ဘုံကိုးဆင့် ရှိသည်ဟု မှတ်ရမည်။

၆၃၅၊ ။သုဘပြာသာဒ်ကား ဘုံ အဆင့် အဘယ်မျှ ရှိသနည်း၊

သတ္တဘုမ္မိကံ သုဘံနာမ။

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ သုဘပြာသာဒ်ကား ဘုံခုနစ်ဆင့် ရှိသည်ဟု မှတ်ရမည်၊

၆၃၆၊ ။သုရမ္မပြာသာဒ်ကား ဘုံအဆင့် အဘယ်မျှ ရှိသနည်း၊

ပဋ္ဌဘုမ္ဘိကံ သုရမ္ဘံနာမ။
ဤသို့ ကျမ်းဂန်လာသောကြောင့်၊သုရမ္ဘပြသာဒ်ကား ဘုံငါးဆင့် ရှိသည်ဟု မှတ်ရမည်၊

၆၃၇။ ။ရမ္ဘ, သုဘ, သုရမ္ဘ၊ ဤ နန်းပြသာဒ်သုံးဆောင်တို့သည် ပမာဏအားဖြင့် အကွဲးအပြား ရှိအံ့လော၊တူသလော၊အဘယ်သို့နည်း။

သဗ္ဗေ အာယာမ,ဝိတ္ထာရေန ဥဗ္ဗေဓေနစ သမပမာဏာ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဤနန်းပြသာဒ်သုံးဆောင်တို့သည် အလျား,အနံ,အမြင့်အားဖြင့် တူမျှသော ပမာဏ ရှိကုန်သည်ဟု မှတ်ရမည်၊

၆၃၈၊ ။သိဒ္ဓတ်မင်းသား တောထွက်သော အခါ၊ အနောမာမြစ်နား၌ ဆံတော်ကို အဘယ်သို့ ဖြတ်တော်မူလေသနည်း၊

ဒက္ခိဏပါဏိနာ ပရမာသိတံ၊ အသိဝရံ ဂဟေတွာ
ဝါမဟတ္ထေန မောလိယာ သဒ္ဓိံ ဂဟေတွာ ဆိန္ဒတိ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ လက်ျာလက်ဖြင့် သုံးသပ်တော်မူပြီးလျှင်၊သံလျက်ကို ယူတော်မူ၍၊ လက်ဝဲလက်ဖြင့် ဆံတော်ကို ကိုင်၍ ဖြတ်တော်မူသည်ဟု မှတ်ရမည်၊

၆၃၉။ ။ထိုသို့ ဖြတ်တော်မူသော ဆံတော်ကို အဘယ်သို့သော ဓိဋ္ဌာန်ခြင်းဖြင့် ဓိဋ္ဌာန်၍ အဘယ်အရပ်သို့ ပြစ်*လေသနည်း။

အဟံ ဗုဒ္ဓေါ ဘဝိဿာမိ၊အာကာသေ တိဋ္ဌတု၊နောစေ
ဘူမိယံ ပတတုတိ အာကာသေ ခိပိ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဆံတော်ကို ပယ်ဖြတ်တော်မူပြီးလျှင်၊ ငါသည် ဘုရား ဖြစ်မူကား၊ဤဆံသည် ကောင်းကင်၌ တည်စေသတည်း၊ ဘုရားတည်း မဖြစ်မူကား၊မြေသို့ ကျစေသတည်းဟု ဓိဋ္ဌာန်၍ ကောင်းကင်သို့ ပြစ်* တော်မူသည်ဟု မှတ်ရမည်။

၆၄၀၊ ။ထိုသို့ ပြစ်*တော်မူသော ဆံတော်သည် အဘယ်မျှလောက်သော ကောင်းကင်အရပ်၌ တည်လေသနည်း၊

ယောဇနပမာဏဋ္ဌာနံ ဂန္တွာ အာကာသေ အဋ္ဌာသိ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊တယူဇနာမျှလောက်သော ကောင်းကင်အရပ်၌ တည်သည်ဟု မှတ်ရမည်၊

၆၄၁။ ။တယုဇနာသော ကောင်းကင်အရပ်၌ တည်လေသော သိဒ္ဓတ်မင်းသား ဆံတော်ကို အဘယ်နတ်သည် ယူ၍ အဘယ်အရပ်၌ ထားလေသနည်း၊

သဂ္ဂေ ဒေဝရာဇာ ဒိသွာ ယောဇနိကေန ရတန
စင်္ကောဋကေန ပဋိဂ္ဂဟေတွာ တာဝတိံသဘဝနေ တိံ
သယောဇနိကံ ရှုဠ္ဍာမဏိစေတိယံနာမ ပတိဋ္ဌာပေသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ကောင်းကင်၌ တည်သော သိဒ္ဓတ်မင်းသား ဆံတော်ကို သိကြားမင်း မြင်လေ၍၊ တယုဇနာ ရှိသော ရတနာပန်းတောင်းဖြင့် ခံယူပြီးလျှင်၊ တာဝတိံသာ နတ်ပြည်၌ ယုဇနာ ၃၀ ရှိသော ရှုဠ္ဍာမဏိစေတီ တည်ထား၍ ဌာပနာ ထည့်လေသည်ဟု မှတ်ရမည်၊

၆၄၂။ ။သိဒ္ဓတ်မင်းသား ပယ်ဖြတ်သောအခါ၊ ဆံတော် အတိုင်းအရှည် အဘယ်မျှလောက် ကျန်လေသနည်း၊

ကေသာ ဒွင်္ဂုလာမတ္တာ ဟုတွာ ဒက္ခိဏာတော အာဝတ္တ
မာနာ သီသေ အလ္လိယိံသု၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဆံတော်သည် လက်နှစ်သစ်မျှသာ ကြွင်းကျန်သည် ဖြစ်၍၊ လက်ျာရစ်လည်လျက် တည်လေသည်ဟု မှတ်ရမည်၊

၆၄၃။ ။လက်နှစ်သစ်မျှ ကြွင်းကျန်သော ဆံတော်သည် ဘုရားအဖြစ်သို့ ရောက်တော်မူ၍ သဗ္ဗဉ္ဉုတဉာဏ်တော်ပတ်လုံးပင် လက်နှစ်သစ်မျှ အတိုင်းအရှည်သာ တည်လေသလော၊ တဖန် ရှည်ပြန်လေသလော၊ အဘယ်သို့နည်း၊

တေသံပန ကေသာနံ ယာဝဇီဝံ တဒေဝ ပမာဏံ
အဟောသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုဆံတော်သည် သဗ္ဗဉ္ဉုတဉာဏ်တော် ပတ်လုံးပင် လက်နှစ်သစ်မျှ အတိုင်းအရှည် တည်သည်။ တဖန် မရှည် ပြန်ပြီ ဖြစ်သည်ဟု မှတ်ရမည်၊

၆၄၄။ ။ဘောထွက်တော်မူသောအခါ ကဏ္ဍကမြင်းသည် ဘုရားအလောင်းတော်နှင့် ကွေ့ကွင်းသော ဆင်းရဲဘေးကို သည်းခံနိုင်ခြင်းငှါ မတတ်နိုင်၍ ရတော့လေသော်၊ အဘယ်အရပ်၌ ဖြစ်လေသနည်း၊

တာဝတိံသ ဘဝနေ ကဏ္ဍကောနာမ ဒေဝပုတ္တော
ဟုတွာ နိဗ္ဗတ္တိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တာဝတိံသာ နတ်ပြည်၌ ကဏ္ဍက နတ်သား ဖြစ်လေသည်ဟု မှတ်ရမည်။

၆၄၅။ ။ဘုရားသခင်အလောင်းတော်, သိဒ္ဓတ်မင်းသားသည် ဘောထွက်တော် မူသောအခါ၊ အနော်မာ မြစ်နား၌ ဃဋိကာရ ဗြဟ္မာသည် သင်္ကန်းကိုသာ ကပ်လှူ လေသလော၊ ထိုသို့ မဟုတ် ပရိက္ခရာ ရှစ်ပါးလုံးပင် ကပ်လှူလေ သလော။ အဘယ်သို့နည်း။

အနောမနဒီတီရေ ဌတွာ ပဗ္ဗဇ္ဇိတုကာမဿ သုဒ္ဓါဝါသ
ဗြဟ္မာလောကေ ဃဋိကာရောနာမ မဟာဗြဟ္မာ အဋ္ဌ
ပရိက္ခရေ ဂဟေတွာ အာဂတော မဟာပုရိသဿ
ဒတွာ တေန စီဝရံ နိဝါသေတွာစ ပါရုပိတွာစ ဆဋ္ဋိ
တ သာဋကံ အဂ္ဂဟေသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုဒ္ဓါဝါသဘုံ၌ ဃဋိကာရအမည်ရှိသော မဟာ ဗြဟ္မာသည် ရဟန်း ပရိက္ခရာရှစ်ပါးကို ယူ၍ လာလတ်မှ၊ အနော်မာမြစ်နား၌ ရပ်တော်မူလျက်၊ ရဟန်းပြုသော မဟာပုရိသ ယောက်ျားမြတ်အား ကပ်လှူလျှင်၊ ထိုသင်္ကန်းဖြင့် ဝတ်ရုံတော် မူ၍ သိဒ္ဓတ်မင်းသား လဲပြီးသော အဝတ်တန်ဆာတို့ကို ဃဋိကာရ ဗြဟ္မာကြီး ယူဆောင်လေသည်ဟု မှတ်ရမည်။

၆၄၆။ ။သိဒ္ဓတ်မင်းသား လဲချွတ်ပြီးသော အဝတ်တန်ဆာတို့ကို ဃဋိကာရဗြဟ္မာကြီး ယူဆောင်၍ အဘယ်အရပ်၌ ထားလေသနည်း။

ဃဋိကာရောနာမ မဟာပုရိသဿ ဆဋ္ဋိတသာဋကံ ဂဟေတွာ
ဗြဟ္မာလောကာ ဒွါဒသယောဇနိကံ ဒုဿထူပမကာသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့် ဃဋိကာရ အမည်ရှိသော ဗြဟ္မာကြီး သည် သိဒ္ဓတ်မင်းသား လဲချွတ်သော အဝတ်တန်ဆာတို့ကို ယူ

ဆောင်ပြီး၍ ပြဟ္မာပြည်၌ ၁၂ယူဇနာ ရှိသော နုသဿစေတီ တည်ပြီး လျှင်၊ ဋ္ဌာပနာ၍ ကိုးကွယ်လေသည်ဟု မှတ်ရမည်၊ ။ဤသို့ ဆိုအပ် ပြီးသော အခြင်းအရာများကား ဇိနဝင်အဋ္ဌကထာ,ဋီကာ စသော ကျမ်းတို့၌ လာသည်၊

၆၄၇၊ ။သိဒ္ဓတ်မင်းသား, ဘုရားအလောင်းတော်သည် ဗေဒ မင်္ဂလာပြိုင်သို့ ကပ်တော်မူသော အခါ၊အဘယ် အချိန်၌ သဗ္ဗညုတ ဉာဏ် တော်ကို ရတော်မူလေသနည်း။

အရုဏုဂ္ဂမနဉ္စ သဗ္ဗညုတံ ပဋိလာဘဉ္စ ဧကက္ခဏေ အဟောသိ။ ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နေအရုဏ် တက်သည်နှင့် တပြိုင်နက် တချက်တည်း သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူသည်ဟု မှတ်ရမည်၊

၆၄၈၊ ။သိဒ္ဓတ်မင်းသား ဘုရားအဖြစ်သို့ ရောက်တော်မူပြီးလျှင်၊ သတ္တသတ္တာဟ, ခုနစ်ရက်-ခုနစ်ထပ်အားဖြင့် လေးဆဲ့ကိုးရက်ပတ်လုံး နေတော်မူသော သတ္တဋ္ဌာန,ခုနစ်ရပ်ဆိုသည်ကား အဘယ်နည်း၊

ပဌမံ ဗောဓိပလ္လင်္ကံ၊ဒုတိယဉ္စ အနိမိသံ၊တတိယံ စင်္ကမံ သေဋ္ဌံ၊
စတုတ္ထံ ရတနဃရံ၊ ပဉ္စမံ အဇပါလဉ္စ၊ မုစလိန္ဒေန ဆဋ္ဌမံ။
သတ္တမံ ရာဇာယတနံ၊ ဇိနမေသတ္တ မဟာဋ္ဌာနံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊—

၁၊ ရှေးဦးစွာ ဗောဓိပလ္လင်၌ ခုနစ်ရက်ပတ်လုံး နေတော်မူသည်။
၂၊ ထို့နောင် ပလ္လင်တော်၏ အရှေ့မြောက်ထောင့်,ဆယ်လံကြား* အရပ်တွင်၊အနိမိသ မမှိတ်သော မျက်စိဖြင့် ပလ္လင်တော်ကို စိန်းစိန်းကြည့်၍ ခုနစ်ရက်ပတ်လုံး နေတော်မူသည်။
၃၊ ထို့နောင် ပလ္လင်တော်၏ မြောက်, ၃၅လံကြား*အရပ်တွင် နတ်တို့သည် ဖန်ဆင်းအပ်သော ရတနာစင်္ကြံ၌ ခုနစ်ရက်ပတ် လုံး စင်္ကြံ ကြွ၍ နေတော်မူသည်။
၄၊ ထို့နောင် ပလ္လင်တော်၏ အနောက်မြောက်ထောင့်, အလံ၄၀ ကြား အရပ်တွင် နတ်တို့သည် ဖန်ဆင်းအပ်သော မဟာရတနာ

ဿရ ရွှေအိမ်၌ ခုနစ်ရက်ပတ်လုံး အဘိဓမ္မာခုနစ်ကျမ်းကို သုံးသပ်ဆင်ခြင်နေတော်မူသည်၊

၅။ ထိုနောင် ပလ္လင်တော်၏ အရှေ့,၃၂လံကြားအရပ်တွင် အဇပါလဆိတ်ကျောင်းညောင်ပင်ရင်း၌ ခုနစ်ရက်ပတ်လုံး နေတော်မူသည်၊

၆။ ထိုနောင် ပလ္လင်တော်၏ အရှေ့တောင်ထောင့်, ၃၅လံကြားအရပ်တွင်၊ မုစ္စလိန္ဒာအိုင်နား-ကျည်းပင်ရင်း၌ ဖိုလ် ဝင်စား၍ နေတော်မူသည်ကို မိုးကြီး သည်းထန်စွာ ရွာလတ်သို့ ရှိသော် နဂါးမင်းသည် ပါးပျဉ်း မိုးလျက်၊ခုနစ်ရက် ပတ်လုံး နေတော်မူသည်။

၇။ ထိုနောင်ပလ္လင်တော်၏တောင်,၁၅လံကြားအရပ်တွင်ရာဇာယတန,လင်းလွန်းပင်ရင်း၌ ခုနစ်ရက်ပတ်လုံး နေတော်မူသည်။

ဤသို့လျှင် သတ္တသတ္တာဟ ခုနစ်ရက် ခုနစ်လီအားဖြင့် လေးဆဲ့ကိုးရက် နေတော်မူသည်ဟု မှတ်ရမည်။

၆၄၉။ ။သုံးဆဲ့တဘုံ၌ ကျင်လည်ကုန်သော၊ခပ်သိမ်းသော လူအပေါင်းတို့၏ မကိုရှိသရမူ၊ မှန်ကူသင်းကျစ်၊မျက်ရစ်စိမ့်၊ ရောင်လျှံသဖွယ် ဖြစ်တော်မူသော ဘုရားသခင်သို့ လေးဆဲ့ငါးဝါပတ်လုံး ကျွတ်ထိုက်သော ဝေနေယျသတ္တဝါအပေါင်းတို့အား အမြိုက်နိဗ္ဗာန်ရွှေပြည်သို့ ပို့သောင်,ကယ်တင်တော်မူသည် ဟူ၍ကား ဆိုလေပြီ ထိုသို့ ဆိုရာ၌ ပဌမဝါ ရှေးဦးစွာ အဘယ်အရပ်၌ ဆိုတော်မူသနည်း။

ပဌမဝဿံ ဗာရာဏသိယံ ဥပနိဿာယ
ဣသိပတနေ မိဂဒါယေ ဝသိ။

ဤသို့ ကျမ်းဂန် လာသည့်အကြောင့်၊ ပဌမရှေးဦးစွာ ဗာရဏသီပြည်ကို အမှီပြု၍၊ဣသိပတန,မိဂဒါဝုန်တော၌ ဝါဆိုတော်မူသည်ဟု မှတ်ရမည်။

၆၅၀။ ။ဒုတိယဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

ဒုတိယဝဿံ ရာဇဂဟံ ဥပနိဿာယ
ဝေဠုဝနေ မဟာဝိဟာရေ ဝသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဒုတိယ နှစ်ကြိမ်မြောက်သော ဝါသည်ကား၊ ရာဇဂြိုဟ်ပြည်ကို အမှီပြု၍ ဝေဠုဝန်ကျောင်းကြီး၌ ဝါဆိုတော်မူသည်ဟု မှတ်ရမည်။

၆၅၁။ ။တတိယဝါ,စတုတ္ထဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

တတိယဉ္စ စတုတ္ထဉ္စ တတ္ထတတ္ထေဝ ဝေဠုဝနေ ယေဝ ဝသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ တတိယ,သုံးကြိမ်မြောက်သော ဝါကို၎င်း၊ စတုတ္ထ,လေးကြိမ်မြောက်သော ဝါကို၎င်း၊ ထို ဝေဠုဝန်ကျောင်းတော်၌ပင်လျှင် ဝါဆိုတော်မူသည်ဟု မှတ်ရမည်။

၆၅၂။ ။ပဉ္စမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

ပဉ္စမံ ဝေသာလိယံ ဥပနိဿာယ မဟာဝနေ
ကူဋာဂါရသာလာယံ ဝသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပဉ္စမ,ငါးကြိမ်မြောက်သော ဝါသို့ကား ဝေသာလီပြည်ကို အမှီပြု၍၊ ရလစ်မွန်ချွန်တို့ဖြင့် တန်ဆာဆင်အပ်သော မဟာဝုန်ကျောင်းကြီး၌ ဆိုတော်မူသည်။

၆၅၃။ ။ဆဋ္ဌမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

ဆဋ္ဌမံ မကုလပဗ္ဗတေ ဝသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဆဋ္ဌမ,ခြောက်ကြိမ်မြောက်သော ဝါသည်ကား၊ မကုလတောင်၌ ဝါဆိုတော်မူသည်ဟု မှတ်ရမည်၊

၆၅၄။ ။သတ္တမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

သတ္တမံ တာဝတိံသဘဝနေ ဝသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သတ္တမ,ခုနစ်ကြိမ်မြောက်သော ဝါသည်ကား၊ တာဝတိံသာနတ်ပြည်၌ ဆိုတော်မူသည်ဟု မှတ်ရမည်၊

၆၅၅။ ။အဋ္ဌမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

အဋ္ဌမံ ဘဂ္ဂေ သံသုမာရဂိရိယံ ဝသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အဋ္ဌမ,ရှစ်ကြိမ်မြောက်သော ဝါသည်ကား၊ ဘဂ္ဂတိုင်း သံသုမာရမြစ်နား၌ ဝါဆိုတော်မူသည်ဟု မှတ်ရမည်၊

၆၅၆။ ။နဝမဝါကို အဘယ်အရပ်၌ ဝါဆိုတော်မူသနည်း၊
နဝမံ ကောသမ္ဗိယံ ဝသိ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နဝမ,ကိုးကြိမ်မြောက်သော ဝါ သည်ကား၊ ကောသမ္ဗီပြည်၌ ဆိုတော်မူသည်ဟု မှတ်ရမည်၊
၆၅၇၊ ။ဒသမဝါကို အဘယ်အရပ်၌ ဝါဆိုတော်မူသနည်း၊
ဒသမံ ပါလိလေယျကဝနသဏ္ဍေ ဝသိ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဒသမ,ဆယ်ကြိမ်မြောက်သော ဝါ သည်ကား၊ ပါလိလေယျတော၌ ဆိုတော်မူသည်ဟု မှတ်ရမည်။
၆၅၈၊ ။ဧကာဒသမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း၊
ဧကာဒသမံ နာလာယံ ဗြာဟ္မဏဂါမေ ဝသိ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဧကာဒသမ,ဆဲ့တကြိမ်မြောက်သော ဝါသည်ကား၊ နာလာအမည် ရှိသော ပုဏ္ဏားရွာ၌ ဆိုတော်မူသည်ဟု မှတ်ရမည်၊
၆၅၉၊ ။ဒွါဒသမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း၊
ဒွါဒသမံ ဝေရဉ္ဇာယံ ဝသိ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဒွါဒသမ,တဆဲ့နှစ်ကြိမ်မြောက်သော ဝါသည်ကား၊ ဝေရဉ္ဇာတိုင်း၌ ဆိုတော်မူသည်၊
၆၆၀၊ ။တေရသမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း၊
တေရသမံ စာလိယပဗ္ဗတေ ဝသိ၊
ဤသို့ ကျမ်းဂန်လာသောကြောင့်၊ တေရသမ,တဆဲ့သုံးကြိမ်မြောက်သော ဝါသည်ကား၊ စာလိယတောင်၌ ဆိုတော်မူသည်ဟု မှတ်ရမည်၊
၆၆၁၊ ။စုဒ္ဒသမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း၊
စုဒ္ဒသမံ ဇေတဝနေ မဟာဝိဟာရေ ဝသိ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ စုဒ္ဒသမ,တဆဲ့လေးကြိမ်မြောက်သော ဝါသည်ကား၊ ဇေတဝန်ကျောင်းတော်၌ ဆိုတော်မူသည်၊
၆၆၂၊ ။ပန္နရသမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း၊
ပန္နရသမံ ကပိလဝတ္ထုသ္မိံ နိဂြောဓါရာမေ ဝသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပဉ္စရသမ,တဆဲ့ငါးကြိမ်မြောက်သော ဝါသည်ကား၊ ကပိလဝတ်ပြည်-နိဂြောဓာရုံကျောင်းကြီး၌ ဆိုတော်မူသည်ဟု မှတ်ရမည်၊

၆၆၃။ ။သောဠသမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

သောဠသမံ အာဠဝကံ ဒမေတွာ စတုရာသီတိ

ပါဏသဟဿာနိ အမတံ ပါယေတွာ အာဠဝိယံ ဝသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သောဠသမ,တဆဲ့ခြောက်ကြိမ်မြောက်သော ဝါသည်ကား၊ အာဠဝကဘီလူးမင်းကို ဆုံးမတော်မူပြီး၍၊ ရှစ်သောင်းလေးထောင်သော ပရိသတ်တို့အား တရားအရသာကို သောက်စေပြီးလျှင် အာဠဝီပြည်၌ ဆိုတော်မူသည်ဟု မှတ်ရမည်။

၆၆၄။ ။သတ္တရသမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း။

သတ္တရသမံ ရာဇဂဟေယေဝ ဝသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊သတ္တရသမ,တဆဲ့ခုနစ်ကြိမ်မြောက်သော ဝါသည်ကား၊ ရာဇဂြိုဟ်၌ပင် ဆိုတော်မူသည်ဟု မှတ်ရမည်၊

၆၆၅။ ။အဋ္ဌာရသမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း၊

အဋ္ဌာရသမံ စာလိယပဗ္ဗတေယေဝ ဝသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အဋ္ဌာရသမ,တဆဲ့ရှစ်ကြိမ်မြောက်သော ဝါသည်ကား၊ စာလိယတောင်၌ပင် ဆိုတော်မူသည်ဟု မှတ်ရမည်၊

၆၆၆။ ။ဧကူနဝီသတိမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း၊

ဧကူနဝီသတိမံပန ရာဇဂဟေယေဝ ဝသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဧကူနဝီသတိမ,တဆဲ့ကိုးကြိမ်မြောက်သော ဝါသည်ကား၊ ရာဇဂြိုဟ်ပြည်၌ပင်လျှင် ဆိုတော်မူသည်ဟု မှတ်ရမည်၊

၆၆၇။ ။ဝီသတိမဝါကို အဘယ်အရပ်၌ ဆိုတော်မူသနည်း၊

ဝီသတိမံပန ရာဇဂဟေယေဝ ဝသိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝီသတိမ,အကြိမ်နှစ်ဆယ်မြောက်သော ဝါသည်လည်း၊ ရာဇဂြိုဟ်ပြည်၌ပင်လျှင် ဆိုတော်မူသည်ဟု မှတ်ရမည်၊

ဝေံ ဘဂဝါ ပဌမဗောဓိယံ ဝိသတိဝဿာနိ အနိဗဒ္ဓဝါသော
ဟုတွာ ယတ္ထယတ္ထ ဖာသုကံ ဟောတိ။ တတ္ထတတ္ထေဝ
စရန္တော ဝသိ။

ဤသို့ ကျမ်းဂန် လာသည်နှင့်အညီ ဘုရားသခင်သည် ပဌမဗောဓိ၌ ဝါတော်နှစ်ဆယ်ပတ်လုံး ထိုမှ,ဤမှ ကြွသွားတော်မူလျက်၊မမြဲသော ဆိုခြင်းဖြင့် ဆိုတော်မူ၍ ချမ်းသာစွာ နေတော်မူသည်ဟု မှတ်ရမည်။

၆၆၈။ ။ရေတွက်အပ်ခဲ့ပြီးသောအဝါနှစ်ဆယ်ကိုကား ကျမ်းဂန် လာသည်နှင့်အညီ ဆို၍ သိရပြီ။ထိုမှကြွင်းသော ၂၅ဝါသည်ကား အဘယ်အရပ်၌ ဆိုတော်မူလေသနည်း။

ပဉ္စဝီသတိဝဿာနိ ပန သာဝတ္ထိယံ ဥပနိဿာယ ဇေတဝနေ
မဟာဝိဟာရေစ ပုဗ္ဗါရာမေစ ဝသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့် ၂၅ဝါသည်ကား သာဝတ္ထိကို အမှီ ပြု၍ ဇေတဝန်ကျောင်းတော်,ပုဗ္ဗါရုံကျောင်းတော်၌ မြဲသော ဆိုခြင်း ဖြင့် ဆိုတော်မူသည်ဟု မှတ်ရမည်။ ။ပေါင်း၄၅ဝါ နေတော်မူသည်ဟု မှတ်ရမည်။

၆၆၉။ ။ဘုရားသခင် ကိုယ်တိုင်တော် ဟောတော်မူ၍ ကျွတ်ကုန်သော ဝေနေယျသတ္တဝါတို့ကား အဘယ်မျှ အရေအတွက် ရှိကုန် အံ့နည်း။

ဝေံ သတ္ထာ သမ္ဗောဓိ ပတွာ ပဉ္စစတ္တာလီသဝဿာနိ
ဇီဝမာနော၊ ဓမ္မစက္ကပဝတ္တနံ့, သုတ္တန္တံ, ဒေသနတော
ပဋ္ဌာယ ယာဝ ပရိနိဗ္ဗာနမဉ္စေ နိပ္ပဇ္ဇိတွာ၊သုဘဒ္ဒပရိဗ္ဗာ
ဇကံ,ဝိနယာဒယော ပိဋကေ ဒေသေန္တော စတုဝီသတိ
အသင်္ချေယျ ပမာဏေ သတ္တေ အမတမဟာနိဗ္ဗာနရသံ
ပါယန္တော ဇရာ, မရဏေ အကာသိ။

ဤသို့ ကျမ်းဂန် လာသောကြောင့် ဘုရားသခင်သည် ၄၅ဝါပတ်လုံး ကိုယ်တော်တိုင် ဓမ္မစက္ကအစရှိသော ပိဋကတ်သုံးပုံကို ဟောတော်မူ၍၊ အမြိုက်,အမြဲငြိမ်နိဗ္ဗာန်ကို ပို့ဆောင်,ကယ်တင်တော်မူသော သတ္တဝါ တို့ကား နှစ်ဆဲ့လေးသင်္ချေ,အရေအတွက် ရှိကုန်သည်ဟု မှတ်ရမည်။

ကုဋေ့ခြောက်ဆယ်, ဗိုလ်ခြေတသိန်း ကျွတ်လေကုန်သော သတ္တဝါ တို့သည်ကား ရဟန္တာအရှင်မြတ်တို့ ချွတ်တော်မူကုန်သည်ဟု မှတ်ရမည်။

နှစ်ပါးကို ပေါင်း၍ ဘုရားဟောမှု တဆူတွင်၊ နှစ်ဆဲ့သုံးသင်္ချေနှင့် ကုဋေ့ခြောက်ဆယ်,ဗိုလ်ခြေတသိန်း ကျွတ်လေကုန်သည်ဟု မှတ်ရမည်။ ဤ အခြင်းအရာများကား ဗုဒ္ဓဝင်အဋ္ဌကထာ,ဋီကာ စသော ကျမ်းတို့၌ လာသည်။

၆၇၀။ ။လေးအသင်္ချေနှင့် ကမ္ဘာတသိန်းပတ်လုံး ဥဒ္ဓာ,ပြည်ရွာ, တိုင်းကား, သား,မယား,ခြေ,လက်,အင်္ဂါ,မျက်စိ,နား,နှာခေါင်း, နှလုံး, သည်းပွတ်,အစ ရှိသော ဖွန့်ခြင်းကြီး ငါးပါး၊ပါရမီသုံးဆယ်ပါး၊အပြား သုံးဆယ် တို့ကို အယုတ်, အလတ်, အမြတ်အားဖြင့် ဖြည့်တော်မူ၍၊ သဗ္ဗညုတ ဉာဏ်ကို ရတော်မူသော အစိန္တေယျ အပ္ပမေယျ အတိုင်း မသိ, မရေမတွက်နိုင်သော ဘုန်းတော်,ဂုဏ်တော်ကျေးဇူးတော်, အ ပေါင်းနှင့် ပြည့်စုံတော်မူသော ဘုရားသခင်,ကိုယ်တော်စင်လျက်၊တ ဆဲ့နှစ်ပါးသော ဝိပါက်ဘောင်နှင့် မကင်း၊ခံတော်မူရသို။ထိုသို့ ခံတော် မူသော တဆဲ့နှစ်ပါးသော ဝိပါက်တော်ကား အဘယ်နည်းဟု သူမေး ဖွယ် ရှိ၏- ထိုအမေးကို အဘယ်သို့ ဖြေအံ့နည်း။

> ဒုက္ကရစရိယဉ္စ ဗိဠ္ဌမာနဝိကာ အဗ္ဘက္ခာနာ ပုနာပရံ
> အဗ္ဘက္ခာနံ၊ သိလာပဋ္ဋော သက္ခလိကာ ဝေဒနံ၊
> နာဠာဂိရိ သတ္ထဘေဒော သီသဒုက္ခံ ယဝခါဒနံ
> ပိဋ္ဌိဒုက္ခံ အတိသာရောစ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊—

၁။ ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်တော်မူရသည်။
၂။ ဝိဠ္ဌမာဏ စွပ်စွဲခြင်းကို ခံတော်မူရသည်၊
၃။ သုန္ဒရီမ စွပ်စွဲခြင်းကို ခံတော်မူရသည်။
၄။ ရင်းတဖန် သုန္ဒရီမ စွပ်စွဲခြင်းကို ခံတော်မူရသည်။
၅။ ဒေဝဒတ် ကျောက်ဖြင့် ချ၍ ထိပါးခြင်းကို ခံတော်မူရသည်။
၆။ ခြေမတော်၌ သွေးစိမ်းတည်ခြင်းကို ခံတော်မူရသည်။

၇။ နာဠာဂိရိဆင်ဖြင့် တိုက်ခြင်းကို ခံတော်မူရသည်၊
၈။ ဖိ၀ာကာ ခေါးဖြင့် ခွဲခြင်းကို ခံတော်မူရသည်၊
၉။ ရဲဘန် ခေါင်းတော် ခဲခြင်းကို ခံတော်မူရသည်။
၁၀။ ဝါတွင်းသုံးလပတ်လုံး မယောဆွမ်းကို ဘုဉ်းပေးတော်မူရသည်။
၁၁။ ရဲဘန် ခါးတော် ဇေးကျောင်နာတော်မူရသည်၊
၁၂။ ပရိနိဗ္ဗာန် ပြုတော်မူခါနီး၌ ဝမ်းတော် လားခြင်းကို ခံတော်မူရသည်၊

ဤသို့အားဖြင့် ဝိပါက်တော်ကား တဆဲ့နှစ်ပါး ဖြစ်သိဟု ဖြေရမည်။

၆၇၁။ ။(၁)။ ထိုတဆဲ့နှစ်ပါးသော ဝိပါက်တော်တို့တွင် ဒုက္ကရစရိယာ,ခြောက်နှစ် ကျင့်တော်မူသော ဝိပါက်တော်ကား အဘယ်မကောင်းမှုကြောင့် ကျင့်တော်မူရလေသနည်း၊

ကဿပဘုရားသခင်ဖြစ်တော်မူသော ကာလ၌ ငါတို့ဘုရားသခင်အလောင်းတော်သည် ဇောတိပါလအမည် ရှိသော ပုဏ္ဏား ဖြစ်၍ ကဿပဘုရားသခင်သို ဒုက္ကရစရိယာ ခြောက်ရက်ဖြင့်သာ ကျင့်တော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူသော အကြောင်းကို ကြားလျှင်၊ ဤရဟန်းဦးပြည်းကား၊ ခြောက်ရက်ဖြင့်သာ ဒုက္ကရစရိယာ ကျင့်၍ အဘယ်မှာလျှင် သဗ္ဗညုတဉာဏ်ကို ရနိုင်အံ့နည်း၊ သဗ္ဗညုတ ဉာဏ်ကိုကား အလွန်ရခဲစွာ၏၊ သဗ္ဗညုတဉာဏ်ကို ရမည် မှန်သော်၊ ခြောက်ရက်ကို မဆိုနှင့်ဦး၊ ခြောက်နှစ်ပင်သော်လည်း ကျင့်နိုင်၏ဟု ပြစ်မှားမိချေသောငြောင့်၊ အပါယ်ငရဲ၌ ခံရ၏။ အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌လည်း ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်ရချေသိဟု မှတ်ရမည်၊

၆၇၂။ ။(၂)။ စိဉ္စမာဏ စွပ်စွဲသော ဝိပါက်ကား၊ အဘယ်မကောင်းမှုကြောင့်နည်း။

ရှေးလွန်လေပြီးသော အခါ ငါတို့ဘုရားသခင်-အလောင်းတော်သည် သေသောက်ကြူး ဖြစ်၍ နန္ဒအမည် ရှိသော ရဟန္တာ အရှင်မြတ်ကို ဤရဟန်းကား ဒုဿီလ ဖြစ်သည်၊ယုတ်မာသော အကျင့်ကို ကျင့်သော ရဟန်းတည်းဟု စွပ်စွဲမိသော မကောင်းမှုငြောင့်၊ အပါယ်ငရဲ၌ ခံရ၏၊

အပါယ်ငရဲမှ လွတ်၍ လူဖြစ်တုံသော်လည်း သုံ့တပါးတို့ ခွပ်စွဲ ဆဲရေးခြင်းကို ခံရချေသည်။ အဆုံးစွန်သော ကိုယ်တော် အဖြစ်၌လည်း ဝိဋူဍဘ ခွပ်စွဲခြင်းကို ခံတော်မူရသည်၊

၈၇၃၊ ။(၃) သုန္ဒရီပရိဗိုဇ်မ ခွပ်စွဲသော ဝိပါက်တော်ကား၊ အဘယ် မကောင်းမှုကြောင့်နည်း။

ရှေး,လွန်လေပြီးသော အခါ၊ ဘုရားသခင်,အလောင်းတော်သည် မုနာလိအမည် ရှိသော သေသောက်ကြူး ဖြစ်၍ သုရဘိအမည် ရှိသော အရှင်ပစ္စေကဗုဒ္ဓါကို မြင်လျှင်၊ ဤ ရဟန်းသည်ကား ဒုဿီလ ဖြစ်သည်။ ယုတ်မာစွာသော အကျင့်ကို ကျင့်သော ရဟန်းတည်း။ ဤသို့ အစရှိသည်ဖြင့် ပြစ်မှားမိချေသော မကောင်းမှုငြောင့်၊ အပါယ်ငရဲ၌ ခံရ၍၊ အဆုံးစွန်သော ကိုယ်တော်အဖြစ်၌လည်း သုန္ဒရီ ပရိဗိုဇ်မကို တိတ္ထိတို့က၊ ခွပ်စွဲစေ၍ တိတ္ထိတို့၏ အဆဲအရေးကို ခံတော်မူရသည်၊

၈၇၄။ ။(၄)၊ ၎င်းတဖန် သုန္ဒရီပရိဗိုဇ်မကို သေအောင် နှိပ်စက်၍ တိတ္ထိတို့ နောက် ဆဲရေးပြန်သော ဝိပါက်ကား၊ အဘယ် မကောင်းမှုကြောင့်နည်း၊

ရှေး,လွန်လေပြီးသောအခါ ဘုရားသခင်,အလောင်းတော်သည် ပုဏ္ဏား အမျိုး၌ ဖြစ်၍၊ ရသေ့ရဟန်းပြုလေသည်။ ထိုအခါ ဈာန်အဘိညာဏ်နှင့် ပြည့်စုံသော၊တပါးသော ရှင်ရသေ့ကို မြင်လျှင်၊ဤရသေ့သည်ကား အကျင့် မရှိ၊ အကျင့် ရှိယောင်ဆောင်သော ကာမဘောဂီရသေ့ တည်းဟု ပြစ်မှားမိချေသော့ကြောင့်၊ အပါယ်ငရဲ၌ ခံရ၍၊ အဆုံးစွန်သော ကိုယ်၏ အဖြစ်၌သည်း တိတ္ထိ တက္ကတွန်းတို့သည် အလျှင်* ခွပ်စွဲသော သုန္ဒရီမကိုပင် ညှဥ်းဆဲသတ်ပုတ်၍၊ ဇေတဝန်ကျောင်းတော် အရံတွင်း၌ ပန်းမှိုက် ဖုံးလွှမ်း၍ ထားပြီးလျှင်၊ ၎င်းတဖန် တိတ္ထိတို့ အဆဲအရေးကို ခံတော်မူရသည်၊

၈၇၅၊ ။(၅)၊ အရှင်ဒေဝဒတ်သည် ကျောက်ဖြင့် ချ၍ ခြေမတော်ကို ထိပါးသော ဝိပါက်တော်ကား အဘယ် မကောင်းမှုကြောင့်နည်း။

ရှေး,လွန်လေပြီးသော အခါ၊ဘုရားသခင်,အလောင်းတော်သည် တဖသားချင်း ဖြစ်သော ညီအငယ်နှင့် စည်းစိမ်,ဥစ္စာငြောင့်၊ ခိုက်ရန် ဖြစ်ကြ

လေလျှင်၊ ညီအငယ်ကို တောင်မြောင်,ချောက်ကြား၌ ကျောက်ဖြင့် ထုသတ်၍ သေသော မကောင်းမှုကံကြောင့် အပါယ်ငရဲ၌ ခံရ၏၊ အဆုံးစွန်သော ကိုယ်တော်အဖြစ်သို့ ရောက်၍ ဝေဘာရတောင်ခြေရင်း၌ ဆီတင်း သုံးနေတော်မူသော အခါ၊ ဒေဝဒတ်သည် တောင်ထိပ်ထက်မှ သေစိမ့်သောငှာ ကြီးစွာသော ကျောက်ဖြင့် လှိမ့်ချလိုက်သည် ရှိသော်၊ ဘုရားရှင် ဘုန်းတော်ကြောင့် တောင်ခွတ်လတ်*တွင် ကျောက်တလုံး ဆီး၍ ခံလင့်သဖြင့်၊ ကျောက်တလုံးကို ထိခိုက်၍ ကျရာတွင်၊ တခုသော ကျောက်လွှာသည် စင်ထွက်လေလျှင်၊ ခြေမတော်ကို ထိ၍ ဆင်းရဲဝေဒနာကို ခံတော်မူရသည်။

၄၇၆။ ။(၆)။ သွေးစိမ်း တည်သော ဝိပါက်ကား အဘယ်မကောင်းမှုကြောင့်နည်း။

လွန်လေပြီးသော အခါ၊ ဘုရားသခင်,အလောင်းတော်သည် မထင်ရှားသော အမျိုး၌ ဖြစ်၍၊ ငယ်သော ကာလ၊ ကစား၍ နေစဉ်၊ အရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းခံဝင်သည်ကို မြင်လျှင်၊ ကျောက်ခဲဖြင့် ပစ်၍ အရှင်ပစ္စေကဗုဒ္ဓါ၏ ခြေမတော်ကို ထိခိုက်၍ သွေးသံ ထွက်၍ အနာအကျင် ရှိလေသည်။ ထိုမကောင်းမှုကံကြောင့် အပါယ်ငရဲ၌ ခံရ၏။ အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌လည်း ခြေမတော်၌ သွေးစိမ်း တည်၍ ဝေဒနာကို ခံတော်မူရသည်။

၄၇၇။ ။(၇)။ နာဠာဂိရိဆင်ဖြင့် တိုက်သော ဝိပါက်ကား အဘယ်မကောင်းမှုကြောင့်နည်း။

ဘုရားသခင်,အလောင်းတော်သည် ဆင်ထိန်းအမျိုး၌ ဖြစ်၍၊ တရံရောအခါ အရှင်ပစ္စေကဗုဒ္ဓါကို တွေ့မြင်လေလျှင်၊ ပြစ်မှားလိုသော စိတ်ဖြင့် ဆင်နှင့်တိုက်အံ့သောငှာ လိုက်လေသည်။ ထိုမကောင်းမှုကံကြောင့်၊ အပါယ်ငရဲ၌ ခံရ၏။ အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌လည်း ဒေဝဒတ်သည် နာဠာဂိရိဆင်ကို လွှတ်၍၊ ဘုရားသခင်ကို တိုက်စေ၏။ နာဠာဂိရိဆင်သည်လည်း တိုက်အံ့သောငှာ အပြင်းသာလတ်သည် ရှိသော်၊ ဘုရားသခင့် မေတ္တာတော်ကြောင့်၊ ခြေတော်ရင်း၌ အလျား ဝပ်

* ယခုအခါ၊-လမ်းခုလတ်,တောင်ခုလတ်-ရေးကြပြီ။

လျက်နေလေသည်၊ ဤသို့လျှင် နာဠာဂီရိဆင်ဖြင့် တိုက်ခြင်းကို ခံတော်မူရသည်၊

၆၇၈။ ။(၈)၊ ခြေမတော်ကို ဓါးငယ်ဖြင့် အခွဲး ခံတော်မူရသော ဝိပါက်ကား၊ အဘယ် မကောင်းမှုကြောင့်နည်း။

ရှေး,လွန်လေပြီးသော အခါ၊ ဘုရားသခင်,အလောင်းတော်သည် ပဒေသရာဇ်မင်း ဖြစ်တော်မူသော အခါ၊ယုတ်မာသော သူနှင့် ပေါင်းပေါ် မိသဖြင့်၊သူရာမေရယ သောက်စားမိ၍ ယစ်ဝလေလျှင်၊ အပြစ်မရှိသော သူကို သတ်မိသော မကောင်းမှုကံကြောင့်၊ အပါယ်ငရဲ၌ ခံရ၍၊ အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်မှာလည်း ခြေမတော်၌ သွေးစိမ်းတည်သည့်ကို ဇီဝကဆေးသမား ဓါးငယ်ဖြင့် အမွှမ်းအသုတ် ခံတော်မူရသည်၊

၆၇၉၊ ။(၉) ခေါင်းတော် ခဲ့ရသော ဝိပါက်တော်ကား အဘယ် မကောင်းမှုကြောင့်နည်း။

ရှေး,လွန်လေပြီးသော အခါ၊ဘုရားသခင်,အလောင်းတော်သည် တငါအမျိုး၌ ဖြစ်၍၊မလိမ္မာသော၊ငယ်သော အခါ၊တ*ငါတို့သည် ငါး၏ ဥက္ကောင်းကို ဒုတ်နှင့် ပုတ်ခတ်ကြသည်ကို ဝမ်းမြောက်,ဝမ်းသာမိသော မကောင်းမှုကံကြောင့်၊အပါယ်ငရဲ၌ ခံရ၍၊အဆုံးစွန်သောကိုယ်တော်၏ အဖြစ်၌လည်း ရိဘန် ခေါင်းတော် ခဲ့ရချေသည်၊

၆၈၀၊ ။(၁၀)၊ ဝေရဉ္စတိုင်း၌ ဝါတွင်းသုံးလပတ်လုံး ကြမ်းတမ်းလှစွာသော မယောဆွမ်းကို ဘုဉ်းပေးတော်မူရသော ဝိပါက်ကား အဘယ် မကောင်းမှုကြောင့်နည်း။

ဖုဿဘုရားသခင့် လက်ထက်တော်၌ ဘုရားသခင်,အလောင်းတော်သည် မသင့်ရာသော အမျိုး၌ ဖြစ်၍၊ တရံရောအခါ အရိယာသာဝကတော်တို့ ကောင်းမွန်စွာသော သလေးဆွမ်းဘုဉ်းပေးသည်ကို မြင်လျှင်၊ ပြစ်မှားလိုသော စိတ်ဖြင့် ရဟန်းဦးပြည်းတို့ ကြမ်းတမ်းသော မယောဆွမ်းကိုသာ စားကုန်လော့။ နူးညံ့သိမ်မွေ့သော သလေးဆွမ်းကို မစားကုန်လင့်ဟု ပြစ်မှားမိသော မကောင်းမှုကံကြောင့်၊ အပါယ်ငရဲ၌ ခံရ၍၊အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်သို့ ရောက်၍၊တဆဲ့နှစ်

ဝါမြောက်သော အခါ၊ဝေရဉ္စတိုင်း၌ ဝါဆိုတော်မူလသော်၊ထိုတိုင်း၌ တဝုံတယောက်သော သူသည်မျှ ဆွမ်းလှူမည့်သူ မရှိ၊ သပိတ်ချည်းသာ ပြန်ရသည်၊မြင်းကုန်သည်ငါးရာတို့သည် မြင်းစာအလို့ငှါ ပါသော မယောဆန်ကို လှူ၍၊ဝါတွင်းသုံးလပတ်လုံး သံဃာတော်ငါးရာနှင့်တကွ မယောဆွမ်းကို ဘုဥ်းပေးတော်မူရသည်၊

၆၁၁၊ (၁၁)။ ရံဘန် ခါးတော် ဖူးကျင်နာရသော ဝိပါက်ကား အဘယ် မကောင်းမှုကြောင့်နည်း။

လွန်လေပြီးသော အခါ၊ ငါတို့ဘုရားသခင်, အလောင်းတော်သည် သူကြွယ်အမျိုး၌ ဖြစ်၍၊ အလွန်လျှင် ခွန်အား,စွမ်းပကားနှင့် ပြည့်စုံ၏။ တရံရောအခါ ပြည်ထဲ၊ရှင်မင်းဝယ် သဘင်ကြီးစွာ ခံလတ်သော်၊လက်ဖွဲ့အရာ၌ကျော်စော ထင်ရှားသော သူရဲကြီးနှင့် တွေ့ကြလေ၍၊သတ်အံ့သောငှါ ဆိုင်ပြိုင်ကြလျှင်၊ ဘုရားအလောင်းတော်သည် ကွလည်းကွသည်၊လှိုလည်း လှိုသ်ကို မင်းမှစ၍ ပြည်သူ,ပြည်သား အပေါင်းတို့ မြင်လေသော်၊ ရယ်သွမ်း သွေးကြကုန်၏၊ ဘုရားသခင်, အလောင်းတော်သိကား သတ်အံ့သောငှါ 'ဟိုးဟာ' ဟစ်ကြော်လျှင်ပင်၊ သူရဲကြီး 'ဟိုးဟာ' ထောင်လျှင်ပင်၊သူရဲကြီး၏ ခြေနှစ်ဖက်ကို ကိုင်၍ ဥက္ကောင်းထက် ချာချာပတ်ပတ် လှည့်ပြီးမှ၊မြေတွင် ချ၍ ခါးကို ချိုး၏။ ထိုအခါ မင်းမှ စ၍ ပြည်သူ,ပြည်သား အပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ကောင်းကြီးပေး၍ များစွာသော ဆုလာဘ်တို့ဖြင့် ပူဇော်ကုန်၏။ဘုရားအလောင်းတော်သည်လည်း ထို သူရဲကြီး၏ ခါးကို တည့်အောင် ပြုပြီးမှ လွှတ်လိုက်၏၊ ထို မကောင်းမှုကံကြောင့် အပါယ်ငရဲ၌ ခံရ၏။အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌လည်း ရံဘန် ခါးတော် ဖူးကျင် နာရချေသည်၊

၆၁၂။ ။(၁၂)၊ ဝမ်းတော်လားရသော ဝိပါက်ကား အဘယ် မကောင်းမှုကြောင့်နည်း။

ရှေး,လွန်လေပြီးသောအခါ၊ဘုရားသခင် အလောင်းတော်သိ ဆေးသမား ဖြစ်၍၊သဋ္ဌေးသား နာသည်ကို ကု၏၊အနာ ပျောက်လျှင်၊ သဋ္ဌေး

သားသည် ဆေးခ မပေးလိုသော့ကြောင့်၊ဝမ်းကျဆေးကို ထပ်၍ ပေးဖြန်လျှင်၊သဌေးသားသည် ဝမ်းကျအနာ နှိပ်စက်ခြင်းကို ခံရလေသို၊ ထို မကောင်းမှုကံကြောင့်၊အပါယ်ငရဲ၌ ခံရ၍၊ အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌လည်း ဝမ်းသွန်သော ဝေဒနာ နှိပ်စက်၍ ဆင်းရဲကြီးစွာ ခံရတော်မူရသည်၊ ။ဤသို့ တဆဲ့နှစ်ပါးသော ဝိပါက်တော် ဖြစ်သည်ဟု မှတ်ရမည်။ ။ဘုရား,ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့ကား ဝါသနာကိုသာ ပယ်တော်မူနိုင်သည်၊ဝိပါက်ကိုကား ပယ်အံ့သောငှါ မတတ်နိုင်သည်ဟု မှတ်ရမည်။ ။အဂ္ဂသာဝက,မဟာသာဝက ရဟန္တာ,အရှင်မြတ်တို့ကား ဝိပါက်,ဝါသနာ နှစ်ပါးလုံးကို ပင်ပယ်အံ့သောငှာ မတတ်နိုင်သည်ဟု မှတ်ရမည်။ ။ဝါသနာကား ကုသိုလ်, အကုသိုလ်၏ အကျိုးဖြစ်သည်ဟု မှတ်ရမည်။ ။ဝိပါက်ကား အကုသိုလ်၏ အကျိုးစက်သာ ဖြစ်သည်ဟု မှတ်ရမည်၊ ။ဤအခြင်းအရာများကား၊ အပဒါန်ကျမ်း၌ လာသည်၊

၆၇၃။ ။အရှင်ပြစ်ရှစ်ပါးဆိုသည်ကား အဘယ်နည်း။

ပစ္စတ္ထဓော,အရူပိနော၊ဝိတလင်္ဂော, အသညဓော၊
မိစ္ဆာဒိဋ္ဌိ,တိရစ္ဆာနော၊ ပေတာ, နိရိယတောပိစ၊
ဧတေ အဋ္ဌက္ခဏာ ဝုတ္တာ၊

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊—

၁။ ပစ္စန္တရစ်ဇနပုဒ်လည်း တပါး၊
၂။ အရူပ လေးဘုံလည်း တပါး၊
၃။ အမိဝမ်းတွင်းမှ ဆွံ့အသည်၊နားပင်းသည်လည်း တပါး။
၄။ အသညသတ်ဘုံလည်း တပါး။
၅။ မိစ္ဆာဘက္ကတွန်းလည်း တပါး၊
၆။ တိရစ္ဆာန်လည်း တပါး၊
၇။ ပြိတ္တာဘုံလည်း တပါး၊
၈။ ငရဲလည်း တပါး၊

ဤသို့အားဖြင့် အရှင်ပြစ်ရှစ်ပါး ဖြစ်သည်ဟု မှတ်ရမည်၊

၆၇၄။ ။ခင်ပွန်း ၁၀ ပါးဆိုသည်ကား အဘယ်နည်း။

ဖုဒ္ဓါ,ပစ္စေကဗုဒ္ဓါစ၊ ရဟန္တာ,အဂ္ဂသာဝကာ၊
မာတာပိတု,ဂုရု,သဏ္ဍာ၊ ပဥ္စယဒါယကာ ဓမ္မဒေသနာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဘုရား၊ပစ္စေကဗုဒ္ဓါ၊ရဟန္တာ၊လက်ျာရံ, လက်ဝဲရံ ဖြစ်သော အဂ္ဂသာဝက၊ အမိ၊ အဖ၊ အရိုအသေ ကိုးကွယ် အပ်သော ဆရာ၊ အတတ်ပညာ သင်ပေးသော သူ၊ ပစ္စည်းလေးပါး ဒါယကာ၊တရား ဟောပေသော ဓမ္မကထိကပုဂ္ဂိုလ်၊ ဤသည်ကား မ ဖြစ်မှားအပ်သော ခင်ပွန်းကြီးဆယ်ပါး ဖြစ်သည်ဟု မှတ်ရမည်၊

၆၇၅။ ၊ဝိဇ္ဇာသုံးပါးဆိုသည်ကား အဘယ်နည်း၊

ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယ၊ ဤသို့အားဖြင့် ဝိဇ္ဇာသုံးပါး ဖြစ်သည်ဟု မှတ်ရမည်၊

၆၇၆၊ ၊ဝိဇ္ဇာရှစ်ပါးကား အဘယ်နည်း၊

ပုဗ္ဗေနိဝါသ၊ဒိဗ္ဗစက္ခု၊ အာသဝက္ခယ၊ ဣဒ္ဓိဝိဓ၊ ဒိဗ္ဗသောတ၊ စေတောပရိယ၊ ဝိပဿနာဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ဤသို့အားဖြင့် ဝိဇ္ဇာ ရှစ်ပါး ဖြစ်သည်ဟု မှတ်ရမည်၊

၆၇၇။ ၊စရဏတဆဲ့ငါးပါးကား အဘယ်နည်း။

သီလကို စောင့်ခြင်းတည်းဟူသော သီလသံဝရ၊ ဣန္ဒြေကို စောင့် ခြင်းတည်း ဟူသော ဣန္ဒြိယဂုတ္တ၊အစာ၌ အတိုင်းအရှည်ကို သိခြင်း တည်း ဟူသော ဘောဇနမတ္တညုတာ၊နိုးကြားခြင်းနှင့် ရှည်သော ဇာဂရိ ယာနုယောဂ၊ဤလေးပါးသည်၎င်း၊ ၊သဒ္ဓါ၊သီလ၊သုတ၊ စာဂ၊ပညာ၊ ဟိရီ၊ဩတ္တပ္ပ၊ ဤ သူတော်ကောင်းတရားခုနစ်ပါးသည်၎င်း၊ ၊စတုက္က နည်းအားဖြင့် ယူအပ်သော ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စ တုတ္ထဈာန်၊ ဤ ရူပါဝစရ ဈာန်လေးပါးသည်၎င်း၊ ၊ဤအလုံးစုံကို ပေါင်း သော်၊ စရဏကား တဆဲ့ငါးပါး ဖြစ်သည်ဟု မှတ်ရမည်၊

၆၇၈။ ၊ဘုန်းတော်ခြောက်ပါးကား အဘယ်နည်း၊

ဣဿရိယ၊ ဓမ္မ၊ယသ၊ သိရီ၊ ကာမ၊ပယတ္တန၊ ဤသို့အားဖြင့် ခြောက် ပါး ဖြစ်သည်ဟု မှတ်ရမည်၊ ၊ထိုခြောက်ပါးတို့တွင်၊—

၁။ ဣဿရိယ-ဆိုသည်ကား အစိုးရသည်ဟု မှတ်ရမည်၊

၂။ ဓမ္မ—ဆိုသည်ကား ပညာတော် ကြီးသည်ကို ဆိုသည်ဟု မှတ်ရမည်၊

၃၊ ယသ-ဆိုသည်ကား အခြံအရံကို ဆိုသည်ဟု မှတ်ရမည်။
၄၊ သိရိ-ဆိုသည်ကား အသရေတော်ကြီးသည်ကို ဆိုသည်ဟု မှတ်ရမည်၊
၅၊ ကာမ-ဆိုသည်ကား အလိုတော်အတိုင်း ပြီးသည်ကို ဆိုသည်ဟု မှတ်ရမည်၊
၆၊ ပယတ္တန-ဆိုသည်ကား အားလုံလ့ အားနှုံးဘော်ကို ဆိုသည်ဟု မှတ်ရမည်၊

၄၀၉၊ ။ဆအသာဓာရဏဉာဏ်တော်ခြောက်ပါး ဆိုသည်ကား၊ အဘယ်နည်း။

၁၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ အလိုကို သိတတ်သော အာသယာနုသယဉာဏ်တော်။
၂။ ခပ်သိမ်းသော သတ္တဝါတို့၏ ဣန္ဒြေနုရင့်ကို ထောက်ချင့်တော်မူနိုင်သော ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်၊
၃၊ ကိုယ်တော်မှ ရေမီးအစုံကို ဖြစ်စေနိုင်သော ယမကပါဋိဟာရိယဉာဏ်တော်။
၄၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ကို ရင်၌ ဖြစ်သော သားတော်ကိုကဲ့သို့ ချစ်ခင်သေးမြတ်ခြင်းတည်း ဟူသော မဟာကရုဏာသမာပတ္တိ ဉာဏ်တော်၊
၅၊ အလုံးစုံသော တရားအပေါင်းတို့ကို အကြွင်းမရှိ သိမြင်တော်မူနိုင်သော သဗ္ဗညုတဉာဏ်တော်၊
၆၊ အလုံးစုံသော အခြင်းအရာတို့၌ ပိတ်ပင်,ဆီးတား,ကွယ်ကာခြင်း မရှိ၊မြင်သိတော်မူနိုင်သော အနာဝရဉာဏ်တော်၊

ဤသို့အားဖြင့် ဆအသာဓာရဏဉာဏ်တော်သည်ကား ခြောက်ပါးအပြား ရှိသည်ဟု မှတ်ရမည်၊

၄၈၀၊ ။ငါတို့ဘုရားသခင် အလောင်းတော်သည် အင်္ဂတိ ရသေ့ဖြစ်တော်မူသော အခါ၊သိကြားမင်း လာ၍၊ဆုရှစ်ပါးကို ပေးရာတွင်၊ လေးပါးသော ဆုကိုသာ ယူ၍၊ လေးပါးသော ဆုကိုကား ပယ်လေသည်၊ ထိုသို့ ပယ်သော ဆုလေးပါးကား အဘယ်နည်း၊

ဗာလံ နပဿေ နသုဏေ၊ နစ ဗာလေန သံဝသေ၊
ဗာလေန အလ္လာပသလ္လာပံ၊နကရေ နစရောစယေ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊—
၁၊ သူမိုက်ကို မြင်ခြင်းငှါ အလိုမရှိသည်၊
၂၊ သူမိုက် ဆိုသော စကားကို ကြားခြင်းငှာ အလိုမရှိသည်၊
၃၊ သူမိုက်နှင့် ပေါင်းဖေါ်၍ နေခြင်းငှါ အလိုမရှိသည်၊
၄၊ သူမိုက်ဆို သော စကားကို နှစ်သက်ခြင်းငှါ အလိုမရှိသည်၊
ဤသည်ကား ပယ်လေးပါး ဖြစ်သည်ဟု မှတ်ရမည်၊
၆၉၁၊ ၊ယူသည် လေးပါး ဆိုသည်ကား အဘယ်နည်း။
ဓိရံ ပဿေ သုဏေ ဓိရံ၊ ဓိရေန သဟ သံဝသေ၊
ဓိရေန သဟ အလ္လာပံ၊တံ ကရေတဉ္စ ရောစယေ၊
ဤသို့ ကျမ်းဂန် လာသောကြောင့်၊
၁၊ ပညာရှိ သူတော်ကောင်းကို မြင်ခြင်းငှါ အလိုရှိသည်၊
၂၊ ပညာရှိသူကောင်း စကားကို ကြားခြင်းငှာ အလိုရှိသည်၊
၃၊ ပညာရှိ သူတော်ကောင်းနှင့် အတူတကွ ပေါင်းဘက်၍ နေခြင်းငှါ အလိုရှိသည်၊
၄၊ ပညာရှိ သူတော်ကောင်းတို့ ဆိုသော စကားကို နှစ်သက်ခြင်းငှါ အလိုရှိသည်၊
ဤသည်ကား ယူသိဆု လေးပါးဟု မှတ်ရမည်၊ ၊သူမိုက်တို့နှင့် ပေါင်းဘော်,ရှဉ့်တွဲ,မှီဝဲ,ဆည်းကပ်ခြင်းသို့ များသော အကျိုးစီးပွား ပျောံ၍၊များသော အပြစ် ရောက်သည်သာ ဖြစ်သည်ဟု မှတ်ရမည်၊
ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းဘော် ရှဉ့်တွဲမှီဝဲ ဆည်းကပ်ခြင်းသို့ များသော အပြစ် ပျောံ၍၊များသော အကျိုးစီးပွါး ရောက်သည်ဟု မှတ်ရမည်၊ ၊ထို့ကြောင့်၊—
သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ၊
သတံ သဒ္ဓမ္မမညာယ၊သေယျော ဟောတိ နပါပိယော၊
ဤသို့ ဘုရားသခင် ဟောတော်မူသည်၊ ၊သဗ္ဘိရေဝ-သူတော်ကောင်းတို့နှင့်သာလျှင်၊ သမာသေထ-ပေါင်းဘော်ကုန်ရာ၏။ သဗ္ဘိ-သူတော်

ကောင်းတို့နှင့်၊ သန္တဝံ၊ ပေါင်းပေါ်ခြင်းကို၊ ကုဋ္ဌေထ၊ ပြုကုန်ရာ၏၊ သတ်၊ သူတော်ကောင်းတို့အား၊ သင်္ဂမွံ၊ သူတော်ကောင်းတရားကို၊ အညာယ၊ သိ၍၊ သေယျော၊ မြတ်သည်၊ ဟောတိ၊ ဖြစ်၏၊ ပါပိယော၊ ယုတ်မာသည်၊ နဟောတိ၊ မဖြစ်၊ ။ဤသို့ ဘုရားသခင် ဟောတော်မူသည်ကို ထောက်၍၊ ပညာရှိ သူတော်ကောင်းတို့နှင့်သာ ပေါင်းဖော်၊ ရည်တွဲ၊ မှီဝဲ၊ ဆည်းကပ်အပ်သည်ဟု မှတ်ရမည်၊

၆၉၂၊ ။အရှင်အာနန္ဒာ၌ ဆု ရှစ်ပါးဆိုသည်ကား အဘယ်နည်း၊ ပယ်သည် လေးပါး၊ ယူသည် လေးပါးအားဖြင့် ရှစ်ပါး ဖြစ်သည်ဟု မှတ်ရမည်၊ ။ပယ်သည် လေးပါးဟူသော်ကား၊—

၁၊ သင်္ကန်းကို ပေးတော်မမူသည် ဖြစ်စေသတည်း၊

၂၊ ဆွမ်းကို ပေးတော်မမူသည် ဖြစ်စေသတည်း၊

၃၊ ဂန္ဓကုဋိတိုက်၌ အတူတကွ နေခြင်းငှါ ပေးတော်မမူသည် ဖြစ်စေသတည်း၊

၄၊ ဒါယကာတို့ ဖိတ်မန်ရာအရပ်သို့ ခေါ်၍ ကြွတော်မမူသည် ဖြစ်စေသတည်း၊

ဤသည်ကား ပယ်သည်လေးပါး ဖြစ်သည်ဟု မှတ်ရမည်၊

ယူသည် လေးပါး ဟူသော်ကား၊—

၁၊ သဒ္ဓါကြည်ညိုသော ဒါယကာတို့သည် ဘုရားသခင်ကို မတွေ့မူ၍ အကျွန်ုပ်ကို ဖိတ်မန်ခဲ့သည် ရှိသော်၊ ဖိတ်မန်ရာအရပ်သို့ ကြွတော်မူရသည် ဖြစ်စေသတည်း၊

၂၊ ဝေးသော အရပ်မှ ဘုရားသခင်ကို ဖူးမြင်အံ့သောငှါ ရောက်သော ပရိသတ်တို့အား ဘုရားသခင်ကို ပြပါရစေသော် ဖြစ်စေသတည်း၊

၃၊ ယုံမှားသံသယရှိသော အခါ အထံတော်သို့ ကပ်၍ လျှောက်ပါရသည် ဖြစ်စေသတည်း၊

၄၊ လူနတ်တို့အား မျက်ကွယ်ရာအရပ်၌ ဟောတော်မူသော တရားကို အကျွန်ုပ်အား ဟောတော်မူသည် ဖြစ်စေသတည်း၊

ဤသည်ကား ယူသည်လေးပါး ဖြစ်သည်ဟု မှတ်ရမည်၊ ။ဤသို့သျှင် ပယ်

သည်လေးပါး,ယူသည်လေးပါးအားဖြင့် အရှင်အာနန္ဒာအား ဆရှစ်ပါး ဖြစ်သည်ဟု မှတ်ရမည်၊

၆၉၃၊ ၊လေးပါးသော ဆုကို အဘယ့်ငှါ အရှင်အာနန္ဒာ ပယ်လေသနည်း၊

အရှင်အာနန္ဒာကား၊ ဘုရားသခင် ပေးတော်မူသော သင်္ကန်းကောင်းကိုသာ ဝတ်ရလေသည်၊ပေးတော်မူသော ဆွမ်းကောင်းကိုသာ စားရလေသို ဂန္ဓကုဋိတိုက်တော်၌ အတူတကွ နေရလေသည်။ဒါယကာတို့ ဖိတ်မန္တရာ အရပ်သို့ အတူတကွ လိုက်ရလေသို၊ဤသို့သော လပ်သပ်ပကာကို ရ၍သာ အရှင်အာနန္ဒာ လုပ်ကျွေးလေသည်၊ထိုသို့ လပ်သပ်ပကာကို မရသည် ရှိသော်၊အဘယ်မှာလျှင် လုပ်ကျွေးနိုင်အံ့နည်းဟု သူတပါးတို့ ကဲ့ရဲ့သဖြင့်ဟ်,ဆိုလတံ့သော အပြစ်ကို မြင်၍ လေးပါးသော ဆုကို ပယ်လေသည်ဟု မှတ်ရမည်၊

၆၉၄၊ ၊လေးပါးသော ဆုကို အဘယ့်ငှါ အရှင်အာနန္ဒာ ယူလေသနည်း၊

ဘုရားသခင်အား ကြည်ညိုကုန်သော သူတို့သည် ဘုရားသခင်အား ဖိတ်မန် ၏သော၌ အခွင့်ကို မရသော့ကြောင့်၊ဘုရားသခင် ကိုယ်တော်နှင့် တကွ အကျွန်ုပ်အား ဖိတ်မန်ခဲ့သည် ဖြစ်အံ့။အကျွန်ုပ် ပင့်ဖိတ်ရာအရပ်သို့ အကယ်၍ ကြွတော်မမူသည် ရှိသော်ငြား၊အဝေးမှ ရောက်လာသော ပရိသတ်တို့အား ပြအံ့သော၌ အခွင့်ကို မရပါသို ရှိသော်ငြား၊ ယုံမှားသက်ာကို ဖျောက်အံ့သော၌ အထံတော်သို့ မကပ်ပါရသည် ရှိသော်ငြား၊ အရှင်အနန္ဒာသိကား ဘုရားသခင်ကို နေ့ညမပြတ် ဝတ်နိပါတ်နှင့် မကွာရှိပါလျက်ပင်၊ဤမျှသော အခွင့်အရေးကိုမျှ မရပါလေဟု သူတပါးတို့ ကဲ့ရဲ့သဖြင့်,ဆိုလတ္တံ့၊ အကယ်၍ လူနတ်တို့အား မျက်ကွယ်ရာအရပ်၌ ဟောတော်မူအပ်သော တရားတော်ကို အကျွန်ုပ်အား တဖန် မဟောပြန်သည် ရှိသော်၊ခပ်သိမ်းသော သူတို့သည်–အရှင်အာနန္ဒာ၊ ဘုရားသခင်သည် ဤမည်သော တရားကို အဘယ်အရပ်၌ အဘယ်သူအား ဟောတော်မူလေသနည်းဟု မေးလတ်သော အခါ၊ မသိဟု ဆိုသည် ဖြစ်အံ့။အရှင်အာနန္ဒာကား၊ဘုရားသခင်နှင့် ဘဝမှကွာ

ပါသော သူ ဖြစ်လျက် ဤမျှလောက်သော အကြောင်းအရာကို မသိပါလေဟု ကဲ့ရဲ့သဖြိုဟ်,ဆိုလတ္တံ့။ထို့ကြောင့် လေးပါးသော ဆုကို ယူသည်ဟု မှတ်ရမည်၊ ။ဤသို့ ဆိုအပ်ပြီးသော ဆုရှစ်ပါးကို ပေးတော်မူသည်၊ ထိုနေ့မှ စ၍ အရှင်အာနန္ဒာသည် ဘုရားသခင်အား နေ့တိုင်းမပြတ် ရေပူ,ရေချမ်း(စသော) ၁၂ ပါးတို့ဖြင့်၎င်း၊ ထူသော ဒန်ပူတို့ဖြင့်၎င်း၊ ပါးသော ဒန်ပူ၊မထူမပါးသော ဒန်ပူတို့ဖြင့်၎င်း၊ ခြေတော်,ကိုယ်တော်ကို ဆုပ်နယ်ခြင်းဖြင့်၎င်း၊ညဉ့်အခါ၌ အိပ်မွေ့,ငိုက်မည်းခြင်း ပျောက်စိမ့်သော၄ှါ ကြီးစွာသော ဆီမီးတိုင်ကို ကိုင်လျက်၊တညဉ့် ကိုးကြိမ် ဂန္ဓကုဋိတိုက်တော်ကို လှည့်လည်သည်၊ဤသို့ အစရှိသော ဝတ်နိပါတ်ကို မပြတ်ရအောင် နေ့ညဉ့်ပတ်လုံး ကြိုးစား,အားထုတ်၊ အလုပ်အကျွေး၌ နှူးညံ့သိမ်မွေ့ခြင်းနှင့် ပြည့်စုံသည်ဟု မှတ်ရမည်၊

၄၉၅။ ။သမာပတ်ရှစ်ပါး ဆိုသည်ကား၊အဘယ်ကို မှတ်ရအံ့နည်း။

ရူပါဝစရကုသိုလ် ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်အားဖြင့် ရူပါဝစရကုသိုလ်ဈာန်၄ပါး၊ အာကာသာနဉ္စာယတနကုသိုလ်ဈာန်၊ ဝိညာဏဉ္စာယတန ကုသိုလ်ဈာန်၊ အာကိဉ္စညာယတနကုသိုလ်ဈာန်၊နေဝသညာနာသညာယတန ကုသိုလ်ဈာန်အားဖြင့် အရူပါဝစရကုသိုလ်လေးပါး၊ ဤရှစ်ပါးသော တရားသည်လျှင် ကုသိုလ်သမာပတ်ရှစ်ပါး မည်သည်ဟု မှတ်ရမည်၊ ။ဤကုသိုလ်သမာပတ်ရှစ်ပါးသည်ကား ပုထုဇန်သေက္ခတို့၌သာ ဖြစ်သည်ဟု မှတ်ရမည်၊

၄၉၆။ ။ကြိယာသမာပတ် ရှစ်ပါးကား အဘယ်နည်း၊

ရူပါဝစရကြိယာ ပဌမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန် အားဖြင့် ရူပါဝစရကြိယာဈာန်လေးပါး၊ အာကာသာနဉ္စာယတန ကြိယာ ဈာန်၊ ဝိညာဏဉ္စာယတန ကြိယာ ဈာန်၊ အာကိဉ္စညာယတန ကြိယာ ဈာန်၊နေဝသညာနာသညာယတန ကြိယာ ဈာန်အားဖြင့် အရူပါဝစရကြိယာ ဈာန်လေးပါး၊ဤရှစ်ပါးသော တရားသည်လျှင် ကြိယာသမာပတ်မည်သည်ဟု မှတ်ရမည်၊ ။ဤကြိယာ သမာပတ်ရှစ်ပါးသည်ကား ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်တို့၌သာ ဖြစ်သည်ဟု မှတ်ရမည်၊

---

နိဝါတဝုတ္တိ—နိဝါတဝုတ်၊ အမြဲးဆွမ်းလှုပ်ကျွေးခြင်း။

၆၉၇။ ။ဘုရားသခင် ဟောတော်မူသော ဒေသနာတော်သိုကား ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် အပြား ရှိသည်ဟု ဆိုသော်၊ဝိနည်းပိဋကတ်၌ အဘယ်မျှ အပြား ရှိသနည်း၊ ။သုတ္တန်ပိဋကတ်၌ အဘယ်မျှ အပြား ရှိသနည်း။ ။အဘိဓမ္မာပိဋကတ်၌ အဘယ်မျှ အပြား ရှိသနည်း။

ဝိနယေ ဉာဏအာကာရေ။သုတ္တန္တေ ဉာဏဣြကာရေ၊
အဘိဓမ္မေ ဉာဏဉရဝါ။စတုရာသီတိ,ဓမ္မခန္ဓသဟဿာနိ။

ဤသို့ ဆရာ မိန့်တော်မူသောကြောင့်၊ ဝိနည်းပိဋကတ်၌ ဓမ္မခန္ဓာ နှစ်သောင်းတထောင်၊ သုတ္တန်ပိဋကတ်၌ ဓမ္မခန္ဓာ နှစ်သောင်းတထောင်၊ အဘိဓမ္မာပိဋကတ်၌ လေးသောင်းနှစ်ထောင်၊ ဤအလုံးစုံကို ပေါင်းသော်၊ဓမ္မခန္ဓာကား ရှစ်သောင်းလေးထောင် ရှိသည်ဟု မှတ်ရမည်။

၆၉၈။ ။ဉာဏ အာကာရေဟူသော အက္ခရာကို နှစ်သောင်း တထောင် ဂဏန်းသင်္ချာချ၍ ယူသော နည်းကား ပရမဂ္ဂဖိန္ဒုသင်္ချာ ယူနည်း ဖြစ်သည်၊အဘယ်ပါဠ်ကို ထောက်၍ သိရအံ့နည်း။

ကာဒိ,ဋာဒိ,ယကာရာဒိ နဝသင်္ချာ ပကာသိတာ၊
ပ ကာရာဒိ ပဉ္စသင်္ချာ၊ သုညနာမ သရဉာနာ*။

ဤ ဂါထာပါဠ်ကို ထောက်၍ သိရ၏။ ။ထိုဂါထာ၏ အဓိပ္ပါယ်သော်ကား၊ကအစ ရှိသော အက္ခရာ၊ ဋ အစ ရှိသော အက္ခရာ၊ယအစ ရှိသော အက္ခရာ၊ ဤအက္ခရာတို့ကို အစဉ်အတိုင်း ချ၍ ၉ခု သင်္ချာတိုင်အောင် ယူအပ်၏။ ပအစ ရှိသော အက္ခရာကို အစဉ်အတိုင်း ချ၍ ငါးခု သင်္ချာတိုင်အောင် ယူအပ်၏။ သရရှစ်လုံး,ည,ဉအက္ခရာ,နအက္ခရာတို့ကို သုည ယူအပ်၏၊ဤသို့ကား ပရမဂ္ဂဖိန္ဒုသင်္ချာချနည်း ဖြစ်သည်ဟု မှတ်ရမည်။

၆၉၉။ ။ဘုရားသခင် ဟောတော်မူအပ်သော ပိဋကတ်သုံးပုံကို ပေတက်* အက္ခရာ မတင်မူ၍၊ရဟန္တာ အရှင်မြတ်တို့သည် နှုတ်တွင်သာ အလွှတ်အကျက် ရွက်ဆောင်တော်မူကုန်သည်ကား၊ ဘုရားသခင်

---

* ဏကြီး,နငယ် ၂ခုစလုံးပင် သုညယူပါ။

ပရိနိဗ္ဗာန် စံတော်မူပြီးသို့နောက်၊ အဘယ်မျှလောက်သော နှစ်သက္ကရာဇ်တိုင်အောင်၊ရွက်ဆောင်တော်မူကုန်လေသနည်း။

ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူပြီးသည့်နောက်သာသနာတော် အနှစ် ၄၅၀ တိုင်အောင်လျှင်၊ ပေထက်* အက္ခရာ မတင်မူ၍ နှုတ်တွင်သာ အလေ့အကျက် ရွက်ဆောင်တော် မူကုန်သည်ဟု မှတ်ရမည်။

၁၀၀။ ။ဘုရားသခင် ဟောတော်မူသော ပိဋကတ် သုံးပုံကို အဘယ်မည်သော ပြည်၌ အဘယ်မည်သော မင်းလက်ထက်တွင် ပေထက်*အက္ခရာ တင်လေကုန်သနည်း။

သီဟိုဠ်ကျွန်း၌ မင်းဆက် တကျိပ်ရှစ်ယောက် စေ့လတ်သော အခါ၊ ဝဋ္ဋဂါမဏိမင်းကြီး လက်ထက်တွင်မှ နောက်နောင်သော အခါ၊ နှုတ်ကျက် မရွက်ဆောင်နိုင်အံ့သည်ကို မြင်၍၊ သာသနာတော် အရှည်တည်စိမ့်သောငှာ ရဟန္တာ အရှင်မြတ်အပေါင်းတို့သည် ပေထက်* အက္ခရာ တင်တော်မူကုန်သည်ဟု မှတ်ရမည်၊

၁၀၁။ ။သီဟိုဠ်ကျွန်းပေထက်အက္ခရာ တင်ထားခဲ့သော ပိဋကတ် သုံးပုံကို အဘယ်မည်သော ပုဂ္ဂိုလ်မြတ်သည် ရေးကူး ယူဆောင်၍ ငါတို့ ဇမ္ဗူဒီပါကျွန်းသို့ ရောက်လေသနည်း၊

သာသနာတော် ၉၃၅*နှစ်လွန်၍ မင်းခြောက်ဆဲ့ခြောက်ယောက်စေ့လတ်သော အခါ၊သီဟိုဠ်ဘာသာဖြင့် ရေးသားထားလေသော ပိဋကတ် သုံးပုံကို မဟာနာမမင်း၏ လက်ထက် အရှင် ဗုဒ္ဓဃောသမထေရ်မြတ်သည် သီဟိုဠ်ဘာသာကို မာဂဓဘာသာ ပြန်၍၊ သီဟိုဠ်ကျွန်းမှသည် ငါတို့ ဇမ္ဗူဒီပါကျွန်းသို့ ရေးကူး,ယူဆောင်တော်မူပေသို၊

၁၀၂။ ။အရှင်သာရိပုတ္တရာ မထေရ်သည်ကား အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုတော်မူလေသနည်း၊

နာလက အမည်ရှိသော ရွာ၌ မယ်တော်အိမ်တွင် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန် ပြုတော်မူသည်ဟု မှတ်ရမည်၊

---

* စာအုပ်မူ၌-''သာသနာတော်,ကိုးရာသုံးဆယ် လွန်၍'' ဟု သာမညသာ ဆိုၡ၊ ပေမူ၌ ၉၃၅-ဟု ဝိသေသဖြင့် ဆိုၡ၊

၁၀၃။ ။အရှင်မောဂ္ဂလာန် မထေရ်သည်ကား၊ အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုတော်မူလေသနည်း။

ဂန္ဓာမာဒနတောင်၌ အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် ပြုတော်မူသည်ဟု မှတ်ရမည်။ ။အရှင်သာရိပုတ္တရာ တန်ဆောင်မုန်း လပြည့်နေ့ ပရိနိဗ္ဗာန် ပြုတော်မူသည်၊ အရှင်မောဂ္ဂလာန်ကား တန်ဆောင်မုန်းလကွယ်နေ့ ပရိနိဗ္ဗာန် ပြုတော်မူသည်၊ ဤ နှစ်ပါးကား ဘုရားသခင် အလျင် ပရိနိဗ္ဗာန် ပြုတော်မူကြသည်ဟု မှတ်ရမည်။

၁၀၄။ ။ယသောဓရာ အဘယ်သို့ တန်ခိုးပန်ဆင်း၍ ပရိနိဗ္ဗာန် ပြုလေသနည်း။

ယသောဓရာကား၊ ဘုရားသခင်ကို ခွင့်တောင်း၍ ကရုဝိဘ်ဌက် မင်းအဟန် ဖန်ဆင်းပြီးလျှင်၊ မြင့်မိုရ်တောင်ထက် ခြေစုံရပ်လျက်၊ အရှေ့ကျွန်းကို ဦးခေါင်း၊ နှုတ်သီး ထား၍၊ ဇမ္ဗူဒီပါကျွန်းကို လက်ျာအတောင် ထား၍ ဥတ္တရကုရုကျွန်းကို လက်ဝဲအတောင် ထား၍၊ အပရဂေါယာကျွန်းကို အမြီး တင်၍၊ ဤသို့ ကြီးစွာသော တန်ခိုးပြာဋိဟာ ပြလျက်၊ ယသောဓရာရဟန္တာ ပရိနိဗ္ဗာန် ပြုတော်မူသည်ဟု မှတ်ရမည်။

၁၀၅။ ။ဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၊ သာဝတ္ထိ အစရှိသော ပြည်ကြီးသည် ရှိပါလျက်၊ အဘယ့်ကြောင့် ကုသိနာရုံပြည်ငယ်၌ ပရိနိဗ္ဗာန် ပြုတော်မူလေသနည်း။

သုဒဿနစကြာဇာတ်ကို ဟောတော်မူလိုသော့ငြောင့်ရင်း၊ သုဘဒ်ရဟန္တာ ဖြစ်လတ္တံ့သည်ကို မြင်တော်မူသောကြောင့်ရင်း၊ မွေတော်၊ ဓာတ်တော်ကြောင့် ရှစ်ပြည်ထောင်သော မင်းတို့သည် စစ်မက် ဖြစ်လတ္တံ့သည်ကို ဆရာ၊ ဒေါနပုဏ္ဏား စစ် မဖြစ်ရအောင် ဖြန်နိုင်ဖို့သည်ကို မြင်တော်မူသောကြောင့်ရင်း၊ ဤအကြောင်းသုံးပါးကြောင့် ကုသိနာရုံ ပြည်၌ ပရိနိဗ္ဗာန် ပြုတော်မူသည်ဟု မှတ်ရမည်။ ။ရှစ်ပြည်ထောင်သော မင်းဟူသည်ကား မလ္လာမင်း၊ အဇာတသတ်မင်း၊ လိစ္ဆဝီမင်း၊ ကပိလဝတ်မင်း၊ အလ္လကပ္ပမင်း* ဒေဝဒဟာမင်း၊ ကောလိယမင်း၊ ပါဝါမင်း၊ ဤရှစ်ပြည်ထောင်သော မင်းတို့ မွေတော်၊ ဓာတ်တော်ကြောင့်၊ စစ်မက်

* ပေမူ၌၊ အလ္လကပ္ပမင်း၊ ဝိဒေဟမင်းဟု ရှိ၏။

ကြီး‌စွာဖြစ်ကြ ဆဲ‌တွင် ဆရာ ဒေါနပုဏ္ဏား တရားသဖြင့် ဖြေဖြန့်ဆုံး၍၊ ဓါတ်တော်တို့ကို ရှင်ခွဲဝေလျှင်၊ စစ်မက် မဖြစ်ကြ၊ ချမ်းသာစွာ ပြေငြိမ်းကြသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကား၊ သုတ်မဟာဝါ၌ လာသည်။

ဓာတ်တော်အပေါင်းတို့တွင် စွယ်တော်လေးချောင်း၊ ညှပ်ရိုးတော်နှစ်ဖက်၊ နဖူးသင်းကျစ်တော်၊ဤ ခုနစ်ပါးသော ဓာတ်တော်တို့သည်ကား၊ ပေထက်၌ ထား၍၊တူနှင့် အားရှိတိုင်း နှက်သော်လည်း မကွဲမပြားသောကြောင့်၊ အသမ္ဘိန္နဓာတ်တော်မည်သည်ဟု မှတ်ရမည်။

ဤခုနစ်ပါးသော ဓာတ်တော်တို့မှ ကြွင်းသော ဓာတ်တော်တို့သည်ကား ဖရိဖရဲ့ကွဲပြားသောကြောင့်၊ သမ္ဘိန္နဓာတ်တော် မည်သည်ဟု မှတ်ရမည်။ ။ထိုသမ္ဘိန္နဓာတ်တော်သည်ကား ရှစ်စရွတ် ရှိ၏။ကွမ်းစားခွက်နှင့် ချင့်သော်၊ တဆဲ့ခြောက်ကွမ်းစား ရှိ၏။မင်းတပါးတပါးကို နှစ်ကွမ်းစားစီ ဝေသည်ဟု မှတ်ရမည်။ ။အထက်လကျာစွယ်တော်နှင့် လကျာညှပ်ရိုးတော်ကား တာဝတိံသာနတ်ပြည်-စူဠာမဏိ၌ တည်လေသည်ဟု မှတ်ရမည်။ ။အောက်လကျာစွယ်တော်ကား နဂါးပြည်၌ တည်လေသည်ဟု မှတ်ရမည်။ ။လက်ဝဲစွယ်တော် တချောင်းကား၊ သီဟိုဠ်ကျွန်း၌ တည်လေသည်ဟု မှတ်ရမည်။ ။ငင်းစွယ်တော် တချောင်းကား သင်းတွဲပြည်၌ တည်လေသည်ဟု မှတ်ရမည်။

တာဝတိံသာ နတ်ပြည်တွင် စူဠာမဏိ၌ ရှိသော လကျာညှပ်ရိုးတော်ကို သိကြားမင်းအား* သုမနသာမဏေ တောင်းယူပြီးလျှင်၊ သီဟိုဠ်ကျွန်း၌ ဒေဝါနံပိယတိဿမင်းကြီးအား ပေးအပ်၏။ ထူပါရုံဘုရား၌ ဌာပနာသည် မှတ်ရမည်။ ။အောက်လက်ဝဲညှပ်ရိုးတော်ကိုကား အရှင်သာရိပုတ္တရာတပည့် သရဘူအမည် ရှိသော မထေရ်သည် ရဟန္တာတသောင်းနှင့် လာလတ်မှ၊ သင်းချိုင်းတော်တွင် မိမိတန်ခိုးဖြင့် ယူ၍၊ သီဟိုဠ်ကျွန်း၌ မဟိယင်္ဂဏစေတီတွင် ဌာပနာသည် မှတ်ရမည်။ ။နဖူးသင်းကျစ်တော်ကား ဖြဟ္မာပြည်၌ တည်လေသည် မှတ်ရမည်။ ။သွားတော်လေးဆယ်ကိုကား၊ စကြဝဠာ၌ နေကုန်သော နတ်တို့သည် တချောင်းတချောင်းစီ ယူဆောင်လေကုန်သည် မှတ်ရမည်။ ။ကြီးသော ဓာတ်တော်တို့သည်ကား၊ပဲနောက်လုံးမျှ ပမာဏ ရှိကုန်သည် မှတ်ရမည်။ ။

အလတ် ဖြစ်သော ခေါက်တော်တို့သည်ကား ဆန်ကျိုးမျှ ပမာဏ ရှိကုန်သည်မှတ်ရမည်။ ။အငယ် ဖြစ်သော ခေါက်တော်တို့သည်ကား၊မုန်ညင်းလုံးမျှ ပမာဏ ရှိကုန်သည် မှတ်ရမည်၊ ။ကြီးသော ခေါက်တော်တို့၏ အဆင်းကား ရွှေ,အဆင်းနှင့် တူသို မှတ်ရမည်၊ ။အလတ် ဖြစ်သော ခေါက်တော်တို့၏ အဆင်းကား ခရုံးစေ့အဆင်းနှင့် တူသို မှတ်ရမည်၊ ။ငယ်သော ခေါက်တော်တို့၏ အဆင်းကား ပုလဲးအဆင်းနှင့် တူသည် မှတ်ရမည်၊ ။ဤအခြင်းအရာကို ခေတုဝင်ကျမ်း၌ လာသို မှတ်ရမည်၊ ။

သာသနာတော်၏ စည်ပင်ပြန့်ပွါး များအံ့သော အကြောင်း ကောင်းသည်သာ ဖြစ်သော အမြိုက်ရွှေပြည်နိဗ္ဗာန်ကို အလိုရှိသော ခပ်သိမ်းသော သူအပေါင်းတို့အား မှတ်သားသိလွယ်စိမ့်သောငှါ၊အထူးထူးသော အဓိပ္ပါယ်,အသွယ်သွယ်သော နည်းနာနယတို့ဖြင့် တန်ဆာဆင်လျက်၊ အစောင်စောင်သော ကျမ်းတို့မှ ကပ္ပဘုန်းတော်ကြီး ထုတ်နှုတ်စီရင်အပ်သော ပဉ္စာကထနဆဋ္ဌမပိုင်းကား ပြီး၏။

ဆဋ္ဌမတွဲး ပြီးပြီ။

——=:၀:=——

# ပဉ္စာကထနကျမ်း။သတ္တမတွဲး။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁၀၆၊ ။ဝိသဋ္ဌောစ သုဝိညေယျော၊မဉ္ဇုသော သဝနီယောစ၊

ဗိန္ဒုပိ အဝိသာရီကာ၊ဂမ္ဘီရဥ နိန္နာဒိတာ၊

ဟူသော ဂါထာပါဌ်နှင့် အညီ သန့်ရှင်း ပြေပြစ်သော အသံတော်၊ ကောင်းစွာ သိသာသော အသံတော်၊ သာယာသော အသံတော်၊နားပျော်ဘွယ် ရှိသော အသံတော်၊တခဲနက်လုံးသော အသံတော်၊ဖရိုဖရဲမရှိသော အသံတော်၊နက်နဲသော အသံတော်၊ပဲ့တင် ထပ်သော အသံတော်၊ဤ ရှစ်ပါးသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်ကို ကြွေးရင့်တော်မူ၍ ဟောတော်မူသော အလုံးစုံသော တရားတော်သည်ကား ခွဲးခြမ်းစိတ်ဖြာ ဝေဘန်သော အားဖြင့် အဘယ်နှယ် အဘယ်သို့ ဝေဘန်၍ အဘယ်မျှလောက် အပုအခြား ပြားလေသနည်း။

> သဗ္ဗံပိ ဗုဒ္ဓဝစနံ ရသဝသေန ဧကဝိဓံ၊ ဓမ္မဝိနယဝသေန ဒုဝိဓံ ဟောတိ။ ပဌမ,မဇ္ဈိမ,ပစ္ဆိမဝသေန တိဝိဓံ၊ တထာ ပိဋကဝသေန၊ နိကာယဝသေန ပဉ္စဝိဓံ၊ အင်္ဂဝသေန နဝဝိဓံ၊ ဓမ္မက္ခန္ဓဝသေန စတုရာသီတိသဟဿဝိဓန္တိ ဝေဒိတဗ္ဗံ၊

ဤသို့ ကျမ်းဂန်လာသောကြောင့်၊ ဘုရားသခင် ဟောတော်မူသော၊ အလုံးစုံသော တရားတော်သည် ဝိမုတ္တိရသအားဖြင့် တပါး၊ ဓမ္မ,ဝိနယအားဖြင့် နှစ်ပါး၊ ပဌမဗုဒ္ဓဝစန,မဇ္ဈိမဗုဒ္ဓဝစန,ပစ္ဆိမဗုဒ္ဓဝစနအားဖြင့် သုံးပါး၊ ထို့အတူ ပိဋကတ်အားဖြင့် သုံးပါး၊ နိကာယ်အားဖြင့် ငါးပါး၊ အင်္ဂါအားဖြင့် ကိုးပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိသည်ဟု မှတ်ရမည်၊

၇၀၇၊ ၊အလုံးစုံသော ဘုရားသခင့် တရားတော်သည် ဝိမုတ္တိရသအားဖြင့် တပါးသာ ဟူ၍ ဆိုရာ၏။ ထိုသို့ ဆိုသော စကား၏ အဓိပ္ပါယ်သည် အကျဉ်းအမြွက်မျှသာ ဖြစ်၍ မသိမမြင်,မထင်နိုင်၊ အဘယ်ပုဒ်ပါဌ်ပါဠိဖြင့် ထောက်ထား၍ ဝိမုတ္တိရသအားဖြင့် တပါးသာ ရှိကြောင်းကို ကောန်မှချ သိရအံ့နည်း၊

> ယံဟိ ဘဂဝတာ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိတွာ ယာဝ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ၊ ဧတ္ထန္တရေ ပဉ္စစတ္တာလီသဝဿာနိ ဒေဝ, မနုဿ, နာဂ, ယက္ခာဒယော အနုသာသန္တေန ပစ္စဝေက္ခန္တေန ဝါ ဝုတ္တံ။ သဗ္ဗံ တံ ဧကရသံ ဝိမုတ္တိရသမေဝ ဟောတိ။ ဧဝံ ရသဝသေန ဧကဝိဓံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အကျယ်အားဖြင့် ဆိုပေအံ့၊ ၊ဘုရားသခင်သည် သဗ္ဗညုတဉာဏ်တော်ကို ရတော်မူ၍၊ အကြွင်းမျှလောက်သော၊ ကမ္မဇ ရုပ်အကြွင်း မရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ထိုမျှလောက်သော အကြား၌ လေးဆဲ့ငါးနှစ်ပတ်လုံး နတ်,လူ,နဂါး ဘီလူး,အစရှိသော သူတို့ကို ဆုမ္မ,ကံမြစ်တော်မူသဖြင့်လည်းကောင်း၊ ဆင်ခြင်းတော်မူသဖြင့်လည်းကောင်း၊ အကြင်တရားကို ဟောတော်မူ

၏၊ ထိုအလုံးစုံသော တရားတော်သည် ကိလေသာမှ ကင်းရာ, ကုန်ရာ ကိစ္စသာ ရှိသည် ဖြစ်၍အာ၊ ရဟာတ္တဖိုလ်, နိဗ္ဗာန် ဟူသော ဝိမုတ္တိရသ တပါး သာ ရှိသည်ဟု မှတ်ရမည်။ ။ဤအခြင်းအရာကား ပါရာဇိကဏ် အဋ္ဌ ကထာ၌ လာသည်။

၇၀၈။ ။ဓမ္မ,ဝိနယအားဖြင့် နှစ်ပါးဆိုသ်ကား အဓိပ္ပါယ် အဘယ် သို့ မှတ်ရအံ့နည်း။

သဗ္ဗမေဝ စေတံ ဓမ္မောစေဝ ဝိနယောစာတိ သင်္ချံ ဂစ္ဆတိ။ တတ္ထ ဝိနယပိဋကံ ဝိနယော၊ အဝသေသံ ဗုဒ္ဓဝစနံ ဓမ္မော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အလုံးစုံ သာလျှင် ဖြစ်သော ဘုရားသခင် တရား စကားတော်သည် ဓမ္မဟူ၍၎င်း၊ ဝိနယ ဟူ၍၎င်း၊ အရေအတွက်သို့ ရောက်၏၊ ထို ဓမ္မ,ဝိနယနှစ်ပါးတို့တွင် ဝိနည်းပိဋကတ်သ်ကား ဝိနယ မည်၏၊ ထိုမှ ကြွင်းသော သုတ္တန်ပိဋကတ်,အဘိဓမ္မာပိဋကတ်သ်ကား ဓမ္မ မည်၏။ ဤသို့လျှင် ဓမ္မ,ဝိနယအားဖြင့် နှစ်ပါးပြားသ်ဟု မှတ်ရမည်၊ ထိုးကြောင့်လျှင်။—

ယောဝေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာတိ၊

ဟူ၍ ပေါဘောင်မူရာ၌၊ အာနန္ဒာ၊ ငါဘုရားသ် သုတ်,အဘိဓမ္မာတရား ကိုလည်း ဟောတော်မူပြီ။ ဝိနည်းတရားကိုလည်း ပညတ်တော်မူပြီ။ ငါ ပရိနိဗ္ဗာန် လွန်တော်မူသော်လည်း၊ ထို ဓမ္မ,ဝိနယ နှစ်ပါးသ် သင်တို့ ၏ ကိုးကွယ်,မှီခိုရာ ငါကဲ့သို့ ဆရာ ဖြစ်လတ္တံ့ဟု ဟောတော်မူသော ကြောင့်လည်း၊ သုတ္တန်ပိဋကတ်,အဘိဓမ္မာပိဋကတ်သ်ကား ဓမ္မမည်၏။ ဝိနည်းပိဋကတ်သ် ဝိနယ မည်သ်ဟု မှတ်ရမည်၊ ။ငင်း၌ လာသည်။

၇၀၉။ ။ပဌမဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစန, သုံးပါး အပြား ရှိသည်ဟု ဆိုသော စကား၏ အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရအံ့ နည်း၊

သဗ္ဗမေဝဟိ တံ ပဌမဗုဒ္ဓဝစနံ၊ မဇ္ဈိမဗုဒ္ဓဝစနံ၊ ပစ္ဆိမ ဗုဒ္ဓဝစနံ တိပ္ပဘေဒံ ဟောတိ။ တတ္ထ၊—

အနေကဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရက ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။ ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ၊
သဗ္ဗာတေ ဖါသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊ ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။
ဣဒံ ပဌမ ဗုဒ္ဓဝစနံ နာမ၊ ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အနေကဇာတိ အစ ရှိသော ဂါထာသည် ရှေးဦးစွာ ဘုရား ဖြစ်စဉ် မိန့်တော်မူသော စကားတော် ဖြစ်သောကြောင့်၊ ပဌမဗုဒ္ဓဝစန စကားတော် မည်သည်ဟု မှတ်ရမည်။ ။တနည်းလည်း၊—

ကေစိ၊ ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာတိ။ ခန္ဓကေ
ဥဒါနဂါထံ အာဟု။ သောပန ပဋိပဒါဒိဝသေ သဗ္ဗညု
တာဝပ္ပတ္တဿ သောမနဿညာဏေန ပစ္စယာကာရံ
ပစ္စဝေက္ခန္တဿ ဥပ္ပန္နာ ဥဒါနဂါထာတိ ဝေဒိတဗ္ဗာ။

ဤသို့ ၎င်း ကျမ်းဂန် လာသောကြောင့်၊ ကေစိဝါဒ၊ အချို့သော ဆရာ တို့၏ အယူသည် မဟာဝါ၌၊ ယဒါ ဟဝေ ပါတုဘဝန္တိ အစ ရှိသော ဂါထာကို ရှေးဦးစွာ ဖြစ်သော ဘုရားစကားတော်ဟု ဆိုကုန်၏။ ။ထို ဂါထာသည် အထွက်တရက်နေ့၌ သောမနဿဉာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူသည် ရှိသော်၊ သဗ္ဗညုတဘုရားအဖြစ်သို့ ရောက်တော်မူသောကြောင့်၊ ထိုဂါထာသည် ပဌမဗုဒ္ဓဝစန မည်၏ဟု ကေစိဝါဒ၊ အချို့သော ဆရာတို့သည် ယူကုန်သည်ဟု မှတ်ရမည်။

၁၀၀။ ။ပစ္ဆိမဗုဒ္ဓဝစန ဆိုသည်ကား။ အဓိပ္ပါယ်အဘယ်သို့ မှတ်ရအံ့နည်း၊

ယံပန ပရိနိဗ္ဗာနကာလေ အဘာသိ။—ဟန္ဒဒါနိ ဘိက္ခဝေ
အာမန္တယာမိ။ ဝေါ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေ
ထာတိ ဣဒံ ပစ္ဆိမဗုဒ္ဓဝစနံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဟန္ဒဒါနိ ဘိက္ခဝေ အစ ရှိသော ဂါထာ တော်သည်ကား၊ ပရိနိဗ္ဗာန် လွန်တော်မူခါနီးကာလ၌ မိန့်တော်မူသော

စကားတော် ဖြစ်သောကြောင့်၊ပဉ္စမဗုဒ္ဓဝစန မည်သည်ဟု မှတ်ရမည်၊ ။အနေကဇာတိ ဂါထာ၊ဟန္ဒဒါနိ ဂါထာ၊ဤ ဂါထာတို့၏ အနက်သည်ကား အထက် စတုတ္ထပိုင်းမှာ ပါလေပြီ။ ။(နံပါတ်၃၇၅ကြည့်)။

၇၁၁။ ။မဇ္ဈိမဗုဒ္ဓဝစန ဆိုသည်ကား၊အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ဥဘိန္နမန္တရေ ယံ ဝုတ္တမေတံ မဇ္ဈိမဗုဒ္ဓဝစနံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အစအဆုံးနှစ်ပါးကို ထား၍၊ အကြား၊ အလယ်၊လေးဆဲ့ငါးဝါပတ်လုံး ဟောတော်မူသော တရားတော်သည် မဇ္ဈိမဗုဒ္ဓဝစန မည်သည်ဟု မှတ်ရမည်။ ။ရှင်း၍ လာသည်၊

၇၁၂။ ။ပိဋကတ်အားဖြင့် သုံးပါးအပြား ရှိ၏၊ ဟူ၍ကား ဆိုလေပြီ။ထို သုံးပါးတို့၏ သရုပ် အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရအံ့နည်း၊

သဗ္ဗံပိ ဟေတံ ဝိနယပိဋကံ,သုတ္တန္တပိဋကံ,အဘိဓမ္မ
ပိဋကန္တိ တိပ္ပဘေဒမေဝ ဟောတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝိနည်းပိဋကတ်, သုတ္တန် ပိဋကတ်, အဘိဓမ္မာပိဋကတ် ဟူ၍ သုံးပါးအပြား ရှိသည်ဟု မှတ်ရမည်၊

၇၁၃။ ။ထို သုံးပါးသော ပိဋကတ်တို့တွင် ဝိနည်းပိဋကတ် ဆိုသည်ကား၊အဘယ်ကို ဆိုသည်ဟု မှတ်ရအံ့နည်း။

တတ္ထ ပဌမသံဂီတာယ ဒုတိယသံဂီတာယ အနုသင်္ဂီတာယ၊
သဗ္ဗံပိ သမော ဝေနေတွာ ဥဘယာနိ ပါတိမောက္ခာနိ
ဒွေဝိဘင်္ဂါနိ ဒွါဝီသတိခန္ဓကာ သောဠသပရိဝါရာတိ၊
ဣဒံ ဝိနယပိဋကံ နာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ထို သုံးပါးသော ပိဋကတ်တို့တွင် ပဌမသင်္ဂါယနာ၊ ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာ၊ ဤ အလုံးစုံကို ပေါင်း၍၊နှစ်ပါးသော ပါတိမောက်၊နှစ်ပါးသော ဝိဘင်း၊နှစ်ဆဲ့နှစ်ပါးသော ခန္ဓက၊ တဆဲ့ခြောက်ပါးသော ပရိဝါ၊ဤ အလုံးစုံသည် ဝိနည်းပိဋကတ် မည်သည်ဟု မှတ်ရမည်၊

၇၁၄။ ။သုတ္တန်ပိဋကတ် ဆိုသည်ကား၊အဘယ်ကို ဆိုသည်ဟု မှတ်ရအံ့နည်း၊

ဗြဟ္မဇာလာဒိ၊ စတုတ္တိံသ သုတ္တသင်္ဂဟော ဒီဃနိကာယော၊ မူလပရိယာယသုတ္တာဒိ ဒိယဍ္ဎသတ ဒွေသုတ္တသင်္ဂဟော မဇ္ဈိမနိကာယော။ ဩဃတရဏသုတ္တာဒိ, သတ္တသုတ္တ သဟဿ, သတ္တသတ, ဒွါသဋ္ဌိသုတ္တသင်္ဂဟော သံယုတ္တနိကာယော၊ စိတ္တပရိယာဒါန,သုတ္တာဒိ နဝသုတ္တသဟဿပဉ္စသတ, သတ္တပညာသသုတ္တသင်္ဂဟော အင်္ဂုတ္တရနိကာယော ခုဒ္ဒကပါဌ,ဓမ္မပဒ,ဥဒါန, ဣတိဝုတ္တက,သုတ္တနိပါတ,ဝိမာနဝတ္ထု,ပေတဝတ္ထု,ထေရဂါထာ,ထေရီဂါထာ, ဇာတက, နိဒ္ဒေသ, ပဋိသမ္ဘိဒါ, အပဒါန,ဗုဒ္ဓဝံသ,စရိယာပိဋကဝသေန ပန္နရသဘေဒေါ ခုဒ္ဒကနိကာယော ဣဒံ သုတ္တန္တပိဋကံ နာမ။

ဤသို့ ကျမ်းဂန် လာသောကြောင့် ဗြဟ္မဇာလသုတ်,အစ ရှိသော သုံးဆဲ့လေးသုတ်တို့ဖြင့် ရေတွက်အပ်သော ဒီဃနိကာယ်သည်၎င်း၊ ၊မူလပရိယာယသုတ်,အစ ရှိသော တရာ့ငါးဆယ်နှစ်သုတ်တို့ဖြင့်လည်း ရေတွက်အပ်သော မဇ္ဈိမနိကာယ်သည်၎င်း၊ ၊ဩဃတရဏသုတ်,အစ ရှိသော ခုနှစ်ထောင်ခုနစ်ရာ,ခြောက်ဆယ်နှစ် သုတ်တို့ဖြင့် ရေတွက်အပ်သော သံယုတ္တနိကာယ်သည်၎င်း၊ ၊စိတ္တပရိယာဒါနသုတ်,အစ ရှိသော ကိုးထောင်ငါးရာ,ငါးဆယ်ခုနှစ်သုတ်တို့ဖြင့် ရေတွက်သော အင်္ဂုတ္တရနိကာယ်သည်၎င်း၊ ၊ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတ်၊ နိဒ္ဒေသ၊ပဋိသမ္ဘိဒါ၊ အပဒါန်၊ ဗုဒ္ဓဝင်၊စရိယာပိဋကတ်အားဖြင့် တဆဲ့ငါးပါးအ ရှိပြားကုန်သော ခုဒ္ဒကနိကာယ်သည်၎င်း၊ ၊ဤအလုံးစုံသို့ သုတ္တန်ပိဋကတ်မည်သည်ဟု မှတ်ရမည်၊

၁၁၅။ ၊အဘိဓမ္မာပိဋကတ် ဆိုသည်ကား အဘယ်ကို ဆိုသနည်းဟု မှတ်ခဲ့နည်း။

ဓမ္မသင်္ဂဏီ,ဝိဘင်္ဂ,ဓာတုကထာ,ပုဂ္ဂလပညတ္တိ,ကထာဝတ္ထု,ယမက,ပဋ္ဌာနန္တိ ဣဒံ အဘိဓမ္မပိဋကံ နာမ၊

ဤသို့ ကျမ်းဂန် လာသောငှါ၊ ဓမ္မသင်္ဂဏီ,ဘင်,ဓာတုကထာ,ပုဂ္ဂလ

ပညတ်,ကထာဝတ္ထု,ယမိုက်,ပဋ္ဌာန်း၊ ဤ အလုံးစုံသည် အဘိဓမ္မာပိဋ ကတ်မည်သည်ဟု မှတ်ရမည်။

၁၁၆။ ။ပိဋကတ် သုံးပုံတို့တွင် ဝိနည်းပိဋကတ်၌ ဝိနည်းဟု ခေါ်ဝေါ်ခြင်းသည့်ကား အသယ်ကြောင့် ခေါ်ဝေါ်လေသနည်း၊ ။ အဘယ့်ကြောင့် ဝိနည်းမည်သည်ကို အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

တတ္ထ ဝိဝိဓဝိသေသနယတ္တာ ဝိနယတောစေဝ ကာယ
ဝါစာနံ ဝိနယတ္ထဝိဒူဟိ အယံ ဝိနယောတိ အက္ခာတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အထူးသဖြင့် ယုအပ်သော များသော နည်းရှိသောကြောင့်၎င်း၊ထူးသော နည်းရှိသောကြောင့်၎င်း၊ကိုယ်နှုတ် တို့ကို ဆုံးမတတ်သောကြောင့်၎င်း၊ ဝိနည်းသဒ္ဒါ၏ အနက်ကို သိကုန်သော ဆရာတို့သည် ဝိနည်း မည်၏ ဟူ၍ ဟောတော်မူသည်ဟု မှတ်ရမည်။

၁၁၇။ ။ထိုမှ တပါး၊ နည်းတခြားဖြင့် ဝိနည်း မည့်ကြောင်းကို အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ဝိဝိဓါဟိ ဧတ္ထ ပဉ္စဝိဓ,ပါတိမောက္ခုဒ္ဒေသ ပါရာဇိကာဒိ
သတ္တအာပတ္တိက္ခန္ဓမာတိကာ ဝိဘင်္ဂါဒိပ္ပဘေဒါနယာ၊
ဝိသေသဘူတာ စ ဒဠှီကမ္မ,သိထိလကရဏပ္ပယောဇနာ
အနုပညတ္တိနယာ ကာယိက ဝါစသိက အဇ္ဈာစာရ
နိသေဓနတော စေသာ ကာယဝါစဥ္စ ဝိနေတိ၊ တသ္မာ
ဝိဝိဓ နယတ္တာ ဝိသေသနယတ္တာ ကာယဝါစာနဥ္စ ဝိန
ယတော ဝိနယောတိ အက္ခာတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဝိနည်းပိဋကတ်၌ အထူးထူး,အပြား များကုန်သည်။ ငါးပါး အပြား ရှိသော ပါတိမုက် ပြခြင်း၊ ပါရာဇိက အစ ရှိသော အာပတ်ခုနစ်ပုံ၊ မာတိကာ,ပဒဘာဇနီ အစရှိသော နည်း တို့ကိုလည်း ဟောတော်မူအပ်ကုန်၏။ ထူးသည် ဖြစ်၍ ဖြစ်ကုန်သော ရှေးပညတ်ကို မြဲမြံစွာ ပြုခြင်း,လျော့လျော့ပြုခြင်း အကျိုး ရှိကုန်သော အနုပညတ်ကိုလည်း ဟောတော်မူအပ်ကုန်၏။ကိုယ်ဖြင့် လွန်ကျူးခြင်း၊ နှုတ်ဖြင့် လွန်ကျူးခြင်းကို မြစ်စေတတ်သောကြောင့်လည်း၊ ကိုယ်,နှုတ်နှစ် ပါးကို ဆုံးမတတ်၏၊ ထိုသို့ အထူးထူး,အပြားပြားနည်း ရှိသောကြောင့်၎င်း၊

ထူးသော နည်း ရှိသော့ကြောင့်ရင်း၊ ကိုယ်,နှုတ်တို့ကို ဆုံးမတတ်သော့ကြောင့်ရင်း၊ ဝိနည်း မည်၏ဟု ဟောလေသည်ဟု မှတ်ရမည်၊

၃၁၇၊ ၊ထိုမှ တပါး ဝိနည်း မည်ကြောင်းကို အဘယ် ဝိဂ္ဂဟ်ဝစနတ်ဖြင့် မှတ်ရအံ့နည်း၊

ဝိဝိဓ နယာ ဝုတ္တာ ဧတ္ထာတိ ဝိနယော၊

ဧတ္ထ၊ ဧတသ္မိံ ဝိနယေ—၌ဝိနည်းပိဋကတ်၌၊ ဝိဝိဓာ—အထူးထူးအပြားပြား များကုန်သော၊နယာ—နည်းတို့ကို၊ဘဂဝတာ—မြတ်စွာဘုရားသည်၊ ဝုတ္တာ—ဟောတော်မူကုန်၏၊ဣတိတသ္မာ—ထိုသို့ အထူးထူးအပြားပြား များသော နည်းတို့ကို ဟောတော်မူအပ်သော သတ္တိကြောင့်၊တံပိဋကံ—ထို ဝိဋကတ်သည်၊ဝိနယော—ဝိနည်း မည်၏၊

ဝိသေသနယာ ဝုတ္တာ ဧတ္ထာတိ ဝိနယော၊

ဧတ္ထပိဋကေ—၌ပိဋကတ်၌၊ဝိသေသာ—ထူးကုန်သော၊နယာ—နည်းတို့ကို၊ ဘဂဝတာ—မြတ်စွာဘုရားသည်။ ယသ္မာ—အကြင့်ကြောင့်၊ ဝုတ္တာ—ဟောတော်မူအပ်ကုန်၏၊ ဣတိတသ္မာ—ထိုသို့ ထူးကုန်သော နည်းတို့ကို ဟောတော်မူအပ်သော သတ္တိကြောင့်၊ တံပိဋကံ—ထို ဝိနည်းပိဋကတ်သည်၊ဝိနယော—ဝိနည်း မည်၏၊

ကာယဉ္စ ဝါစဉ္စ ဝိနေတိ ဒမေတီတိ ဝိနယော၊

ယံပိဋကံ—အကြင်ဝိနည်းပိဋကတ်သည်၊ကာယဉ္စ—ကိုယ်ကိုရင်း။ ဝါစဉ္စ—နှုတ်ကိုရင်း၊ ဝိနေတိ,ဒမေတိ—ဆုံးမတတ်၏၊ဣတိတသ္မာ—ထိုသို့ ကိုယ်ကိုရင်း, နှုတ်ကိုရင်း ဆုံးမတတ်သော သတ္တိကြောင့်၊ တံပိဋကံ—ထိုဝိနည်းပိဋကတ်သည်၊ဝိနယော—ဝိနည်း မည်၏၊ ၊၌သုံးပါးသော ဝစနတ္ထဝိဂ္ဂဟကို သောက်၍လည်း ဝိနည်း မည်ကြောင်းကို သိအပ်, မှတ်အပ်သည်၊

၃၁၈၊ ၊သုတ္တန်ပိဋကတ်ဟု ခေါ်ဝေါ်ခြင်းသည်ကား အဘယ်ကြောင့် ခေါ်ဝေါ်လေသည်၊ အဘယ်ကြောင့်ကား သုတ်မည်သည်ကို အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း၊

သုဝုတ္တာ စေတ္ထ အတ္ထာ ဝေနေယျဇ္ဈာသယာ နုလောမေန

ဝုတ္တတ္တာ သဝတိ စေတံ၊အတ္ထေ သဿမိဝ ဖလံ ပသဝ

တိတိ ဝုတ္တံ ဟောတိ။ သုဒတိ စေတံ၊ စေနေဝိသ ဝိရဲ
ပဿရတိတိ ဝုတ္တံ ဟောတိ၊ သုတ္တာနာ တိသုမ္ဗုံစ နေ
တာယတိ ရက္ခတိတိ ဝုတ္တံ ဟောတိ။ သုတ္တသဘာ
ဂတ္တေတံ၊ယထာဟိ တစ္ဆကာနံ သုတ္တံ ပမာဏံ ဟောတိ။
ဧဝမေတံ ဝိညူနံ ယထာစ သုတ္တေန သင်္ဂဟိတာနိ ပုပ္ဖါနိ
နဝိကိရိယန္တိ၊ န ဝိဓံသိယန္တိ၊ ဧဝမေတေန သင်္ဂဟိတာ
အတ္ထာတေန မေတသာ ဝစနတ္တကောသလ္လတ္တံ ဝုတ္တံ။
ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုတ္တန်ပိဋကတ်၌ ဝေနေယျပုဂ္ဂိုလ်တို့
အား လျောက်ပတ်သဖြင့် ဟောတော်မူအပ်သော အနက်တို့သည် ရှိကုန်
၏။ ဤသုတ္တန်ပိဋကတ်သည် အနက်တို့ကို ပွားစေတတ်၏။ ဥပမာ၊ ကောက်
ပင်သည် စပါးဟူသော အသီးတို့ကို ပွားစေသကဲ့သို့ ပွားစေ၏။ ဤ
သုတ္တန်ပိဋကတ်သည် အနက်တို့ကို ယိုစေတတ်၏။ ဥပမာကား၊ သား
ငယ် ရှိသော နွားမတို့သည် နို့ရေကို ယိုစေသကဲ့သို့ ယိုစေတတ်၏။ ဤ
သုတ္တန်ပိဋကတ်သည် တမျဉ်းကြိုးနှင့် တူ၏။ အဘယ်သို့ တူလေသနည်း၊
တမျဉ်းကြိုးသည် တစည်းသမားတို့အား ဖြောင့်သော ပမာဏ ရှိသကဲ့သို့၊
ထိုအတူရင်း၊ ဤ သုတ္တန်ပိဋကတ်သည် ပညာရှိတို့အား ဖြောင့်သော ပမာ
ဏ ရှိ၏။ ချည်ဖြင့် သီအပ်ကုန်သော ပန်းတို့သည် ဖရိုဖရဲ မရှိသကဲ့ရင်း၊
မပျောက်စီးသကဲ့သို့ရင်း၊ ထို့အတူ သုတ္တန်ပိဋကတ်ဖြင့် သီအပ်ကုန်သော
အနက်တို့သည် ဖရိုဖရဲ မရှိကုန်၊ မပျောက်စီးကုန်၊ ထို့ကြောင့်၊ ဝစနတ္တ၌
လိမ္မာကုန်သော ဆရာတို့သည်

အတ္ထာနံ သူစနတော သုဝုတ္တတော သဝနတော သုဒနတော၊
သုတ္တာနာ သုတ္တသဘာဂတောစ သုတ္တန္တိ၊
ဟူသော ဝစနတ္တနှင့် လျော်ညီစွာ၊ မိမိအစီးအပွားသူတပါးတို့၏ အစီး
အပွားကို ကောင်းစွာ ပြတတ်သောကြောင့်ရင်း၊ ကောင်းစွာ ဟော
တတ်သောကြောင့်ရင်း။ ကောင်းစွာ ပွားစေတတ်သောကြောင့်ရင်း၊ ကောင်း
စွာ ယိုစေတတ်သောကြောင့်ရင်း၊ ကောင်းစွာ ဆောင်တတ်သောကြောင့်ရင်း၊
တမျဉ်းကြိုး၊ ပန်းသီချည်နှင့် တူသောကြောင့်ရင်း၊ သုတ္တန် မည်သည်ဟု
မှတ်ရမည်။

၇၂၀။ ။အဘိဓမ္မာပိဋကတ်ဟု ခေါ်ဝေါ်ခြင်းသည်ကား အဘယ်သို့ ခေါ်ဝေါ်လေသနည်း။ အဘယ်ကြောင့်ကား အဘိဓမ္မာ မည်သည်ကို အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ယံ ဧတ္ထ ဝုဍ္ဎိမန္တော သလက္ခဏာ၊ ပူဇိတာ ပရိစ္ဆိန္နာ
ဝုတ္တာဓိကာစ၊ ဓမ္မာ အဘိဓမ္မော တေန အက္ခာတော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဤအဘိဓမ္မာပိဋကတ်၌ ပွါးသော အနက် ရှိကုန်သော ပရမတ္ထသဘောတို့ကိုလည်း ဟောအပ်ကုန်၏၊ အမှတ်နှင့်တကွ ဖြစ်ကုန်သော ပရမတ္ထသဘောတို့ကိုလည်း ဟောအပ်ကုန်၏၊ ပူဇော်ထိုက်ကုန်သော ပရမတ္ထသဘောတို့ကိုလည်း ဟောအပ်ကုန်၏၊ ပိုင်းခြားအပ်ကုန်သော ပရမတ္ထသဘောတို့ကိုလည်း ဟောအပ်ကုန်၏၊ လွန်သော ပရမတ္ထသဘောကိုလည်း ဟောအပ်ကုန်၏၊ ထိုသို့ ပွါးခြင်း အနက်၊ အမှတ်နှင့်တကွ ဖြစ်သော အနက်၊ ပူဇော်ထိုက်သော အနက်၊ ပိုင်းခြားအပ်သော အနက်၊ လွန်သော အနက်၊ ဤငါးပါးသော အနက်တို့ကို ဟောတတ်သောကြောင့် အဘိဓမ္မာ မည်သည်ဟု မှတ်ရမည်။

၇၂၁။ ငါးပါးသော အနက်တို့ကို ဟောတတ်သောကြောင့်၊ အဘိဓမ္မာ မည်ကြောင်းကိုကား ဆရာတို့ ဆို၍ သိရပြီ၊ အဘိဓမ္မာနည်းသို့ကား ခပ်သိမ်းသော ကျမ်းတို့၌ပင် ဝင်၏၊ အဘိဓမ္မာနည်းနှင့် ကင်းသော ကျမ်းမည်သည် မရှိ၊ ထိုသို့ မရှိသောကြောင့်၊ ငါးပါးသော အနက်တို့တွင် ပွါးခြင်းအနက်ကို ဟောရာ၌ ကျမ်းတပါးမှ လာသော နည်းဖြင့် သာဓက ဆောင်၍၊ ပုဒ်ပါဌ်,ပါဌ်နှင့် ခြားနားသိသာအောင် ဆိုပါလောဟု ဆရာကို သူ မေးဖွယ် ရှိ၏၊ ထိုအမေးကို အဘယ်သို့ ဖြေအံ့နည်း။

တထာဟေ ဗာဠှာမေ အာဝုသော ဒုက္ခာဝေဒနာ အဘိက္က
မန္တိ၊ နော ပဋိက္ကမန္တိ အာဒိသု ဝုဍ္ဎိယံ အာဂတော။

ဤသို့ ကျမ်းဂန် လာသော ပါဌ်၏ အနက်သော်ကား၊ ။တထာ,တိ၀၊ နံ- ထို စကားသို့၊ ဟိသစ္စံ—ကေန်မှန်၏၊ အာဝုသော—ငါ့ရှင်၊ မေ—ငါ့အား၊ ဗာဠှာ—ပြင်းစွာသော၊ ဒုက္ခာ ဝေဒနာ—ဆင်းရဲဝေဒနာသည်၊ အဘိက္က

မန္တိ–ပွားကုန်၏၊နောပနိုက္တမန္တိ–မဆုတ်ကုန်၊ဇာတိအာဒိသု–ဤသို့ အစ ရှိသုံတို့၌၊ဝုဍ္ဍိယံ–ပွားသော အနက်၌၊ အာဂတော–လာ၏၊ ၊ဤအရာ၌ အတိသဒ္ဒါသည် ပွားသော အနက်ကို ဟောရမည်။ ။ပွားသော အနက်ကို ဟောသော အတိသဒ္ဒါ၏ ပါဌ်အနက် အဓိပ္ပါယ်ကိုကား ခြားနား သိသာအောင် ဆရာ ဆို၍ သိရပြီ၊ မှတ်ကြောင်း အနက်ကို ဟောသော အတိသဒ္ဒါ၏ ပါဌ်အနက်,အဓိပ္ပါယ်ကို ဆရာ ဆိုဦးလော့ဟု သူ မေးဖွယ် ရှိ၏၊ ထိုအမေးကို အဘယ်သို့ ဖြေရအံ့နည်း၊

ယာတာ ရတ္တိယော အတိညာတာ အတိလက္ခိတာတိ အာဒိသု သလက္ခဏော၊

ဤသို့ ကျမ်းဂန် လာသည်၊ လာသော ပါဌ်၏ အနက်သော်ကား၊ ၊ ယတာ ရတ္တိယော–အကြင် ညဉ့်တို့သည်၊ အတိညာတ အတိလက္ခိတာ–အမှတ်ဖြင့် သိအပ်ကုန်၏၊ဇာတိအာဒိသု–ဤသို့ အစ ရှိသုံတို့၌၊သလက္ခဏော–အမှတ်နှင့် စာကွ ဖြစ်သော နေ့၌၊ အာဂတော–လာ၏။ ။အဓိပ္ပါယ်ကား၊ညဉ့်ဦးယံ၊သံခေါင်းယံ၊မိုးသောက်ယံ၊ဖြစ်သည်ကို အမှတ်ဖြင့် သိအပ်၏၊ထိုမှတပါးလည်း လဆန်း,လဆုတ်,လပြည့်,လကွယ် ဖြစ်သည်ကို လကို ထောက်၍ မှတ်သဖြင့် သိအပ်၏၊ ဤအရာ၌ အတိသဒ္ဒါသည် မှတ်ခြင်းအနက်ကို ဟောရမည်၊

၇၂၂။ ။မှတ်ခြင်း အနက်ကို ဟောသော အတိသဒ္ဒါ၏ ပါဌ်အနက်ကိုကား ခြားနား သိသာအောင် ဆရာဆို၍ သိရပြီ၊ ပူဇော်ထိုက်သော အနက်ကို ဟောသော အတိသဒ္ဒါ၏ ပါဌ်အနက်,အဓိပ္ပါယ်ကို ဆရာ ဆိုလော့ဟု သူ မေးဖွယ် ရှိ၏၊ထို အမေးကို ဆရာ အဘယ်သို့ ဆိုအံ့ နည်း။

ရာဇာတိရာဇာ မနုဇိန္ဒောတိ အာဒိသု ပူဇိတေ၊

ဤသို့ ကျမ်းဂန် လာသည်၊လာသော ပါဌ်၏ အဓိပ္ပါယ်သော်ကား၊ ၊ မနုဇိန္ဒော–လူတို့ကို အစိုးရသော၊ ရာဇာတိရာဇာ–မင်းတို့သည် ပူဇော်ထိုက်သော မင်းထက်မင်း၊ဇာတိအာဒိသု–ဤသို့ အစ ရှိသည်တို့၌၊ ပူဇိတေ–ပူဇော်ထိုက်သော အနက်၌၊အာဂတော–လာ၏၊ ၊ဤအရာ၌ အတိသဒ္ဒါသည် ပူဇော်ထိုက်သော အနက်ကို ဟောသည်ဟု မှတ်ရမည်၊

၇၂၃။ ။မှုဇောင်ထိုက်သော အနက်ကို ဟောသော အဘိသဒ္ဒါ၏ ပါဠိအနက်, အဓိပ္ပါယ်ကိုကား ၊ဆရာ ဆို၍ သိရပြီ။ပိုင်းခြားခြင်း အနက်ကို ဟောသော အဘိသဒ္ဒါ၏ ပါဠိအနက် အဓိပ္ပါယ်ကို ဆရာ ဆိုဦးလော့ဟု သူ မေးဖွယ် ရှိ၏။ ထိုအမေးကို ဆရာ အဘယ်သို့ ဖြေအံ့နည်း။

ပဋိဗလော ဝိနေတုံ အဘိဓမ္မေ အဘိဝိနယေစာတိ အာဒီသု ပရိစ္ဆိန္နေ အညမညသင်္ကရဝိရဟိတေ ဓမ္မေ ဝိနယေစာတိ ဝုတ္တံ ဟောတိ။

ဤသို့ ကျမ်းဂန် လာသည်၊ လာသော ပါဠိ၏ အနက်သော်ကား၊ ။ အဘိဓမ္မေ—အချင်းချင်း ပိုင်းခြားသော ပရမတ္ထ သဘောတို့၌လည်း၊ အဘိဝိနယေ—အချင်းချင်း ပိုင်းခြားသော ဝိနည်းတို့၌လည်း၊ ဝိနေတုံ—ဆုံးမအံ့သောငှါ၊ပဋိဗလော—စွမ်းနိုင်၏၊အညမည သင်္ကရဝိရဟိတေ—အချင်းအချင်းရောသိမှ ကင်းသော၊ဓမ္မေ—ပရမတ္ထ သဘောတို့၌၊ဝိနယေ—ဝိနည်းတို့၌လည်း၊ ဣတိ—သို့၊ ပရိစ္ဆိန္နေ—ပိုင်းခြားအပ်သော အနက်၌၊ ဝုတ္တံ ဝုတ္တော—ဟောအပ်သည်၊ ဟောတိ—ဖြစ်၏။ ။ပိုင်းခြားခြင်း ဟူသော အဓိပ္ပါယ်ကား၊ ပရမတ္ထ သဘော၌ ဖဿ,ဝေဒနာ အစ ရှိသော တရားတို့၏ လက္ခဏာသို့ မရောရှက်ကုန်၊ အသီးအသီး အခြားအခြား ဖြစ်သို့ ဟု မှတ်ရမည်။ ။ဝိနည်း၌သည်း ပါရာဇိကာ၊သံဃာဒိသိသ်၊ထုလ္လစ္စည်း၊ ပါစိတ်၊ဒုက္ကဋ် အစ ရှိသို့တို့သည် မရောရှက်ကုန်၊ အသီးအသီး,အခြားအခြားဖြစ်သို့ဟု မှတ်ရမည်။ ။ဤအရာ၌ အဘိသဒ္ဒါသို့ ပိုင်းခြားအပ်သော အနက်ကို ဟောသည်ဟု မှတ်ရမည်။

၇၂၄။ ။ပိုင်းခြားခြင်း အနက်ကို ဟောသော အဘိသဒ္ဒါ၏ ပါဠိအနက်, အဓိပ္ပါယ်ကိုကား၊ ဆရာ ဆို၍ သိရပြီ။ လွန်သော အနက်ကို ဟောသော အဘိသဒ္ဒါ၏ ပါဠိအနက်,အဓိပ္ပါယ်ကို ဆရာ ဆိုဦးလော့ဟု သူ မေးဖွယ် ရှိ၏၊ထိုအမေးကို ဆရာ အဘယ်သို့ ဖြေအံ့နည်း။

အဘိက္ကန္တေ ဝဏ္ဏေနာတိ အာဒီသု အဓိကေ။

ဤသို့ ကျမ်းဂန် လာသည်၊လာသော ပါဠိ၏ အနက်သော်ကား။ ။ အဘိက္ကန္တေန—အလွန် နှစ်လိုဖွယ်သော၊ ဝဏ္ဏေန—အဆင်းဖြင့်၊ ဣတိ

အာဒိသု–ဤသို့ အစရှိသည်ဘို့၌၊ အဓိကေ–လွန်သော အနက်၌၊ အာဂတော–လာ၏။ ။ဤအရာ၌ အတိသဒ္ဒါသည် လွန်သော အနက်ကို ဟောသည်ဟု မှတ်ရမည်၊ ။ဤသည်ကား အတိဓမ္မာပိဋကတ်၌ အတိသဒ္ဒါသည် ပွါးခြင်းအနက်၊ မှတ်ခြင်းနှင့် တကွ ဖြစ်သော အနက်၊ ပူဇော်ထိုက်သော အနက်၊ ပိုင်းခြားအပ်သော အနက်၊ လွန်သော အနက်၊ ဤငါးပါးသော အနက်တို့ကို ဟောသောနှင့်၊ အတိဓမ္မာမည်ကြောင်းကို ကျမ်းတပါးမှ ပုဒ်ပါဠိ, ပါဠိနှင့် အသီးအသီး သာဓက ဆောင်၍ ပြသော အဓိပ္ပါယ်ဖြစ်သည်ဟု မှတ်ရမည်။ ။အတိဓမ္မာပိဋကတ်၌ အတိသဒ္ဒါသည် ငါးပါးသော အနက်ကို ဟောသောကြောင့်၊ အတိဓမ္မာမည်ကြောင်းကိုကား ကျမ်းတပါးမှ ပုဒ်ပါဠိ,ပါဠိနှင့် အသီးအသီး သာဓက ဆောင်၍ ဆရာပြသောကြောင့် သိရပြီ။ ဤအတိဓမ္မာကျမ်း၌ ပုဒ်ပါဠိ, ပါဠိနှင့် အသီးအသီး သာဓက ဆောင်၍ ဆရာပြဦးလောဟု သူ့မေး ဖွယ် ရှိ၏။ ထိုအမေးကို ဆရာ အဘယ်သို့ ဖြေအံ့နည်း။

> ဧတ္ထစ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ၊ မေတ္တာ
> သဟဂတေန စေတသာ ဧကေဒိသံ ဖရိတွာ ဝိဟရတိ
> တိအာဒိနာ နယေန ဝုဒ္ဓိမန္တော ဓမ္မာ ဝုတ္တာ။

ဤသို့ ကျမ်းဂန် လာသည်၊ လာသော ပါဠိ၏ အနက်သော်ကား၊ ။ဧတ္ထစ အတိဓမ္မပိဋကေ–ဤ အတိဓမ္မာပိဋကတ်၌လည်း၊ ရူပူပပတ္တိယာ–ရူပဘုံသို့ ဖြစ်ခြင်း၏၊ မဂ္ဂံ–အကြောင်းဖြစ်သော ဈာန်ကို၊ ဘာဝေတိ–ပွါးစေ၏၊ မေတ္တာသဟဂတေန–မေတ္တာနှင့် တကွ ဖြစ်သော၊ စေတသာ–စိတ်ဖြင့်၊ ဧကေဒိသံ–တခုသော အရပ်မျက်နှာကို၊ ဖရိတွာ–နှံ့စေ၍၊ ဝိဟရတိ–နေ၏၊ ဣတိအာဒိနာ နယေန–ဤသို့ အစရှိသော နည်းဖြင့်၊ ဝုဒ္ဓိမန္တော–ပွါးခြင်းရှိသော၊ ဓမ္မာပိ–တရားတို့ကိုလည်း၊ ဝုတ္တာ–ဟောအပ်ကုန်၏၊ ။ဤအရာ၌ အတိသဒ္ဒါသည် ပွါးသော အနက်ကို ဟောသည်ဟု မှတ်ရမည်။

၇၂၅။ ။အတိဓမ္မာနည်း၌ ပွါးသော အနက်ကို ဟောသော အတိသဒ္ဒါ၏ ပါဠိ,အနက်၊ သရုပ်,အဓိပ္ပါယ်ကိုကား သာဓက ဆောင်၍ ဆရာဆိုသောကြောင့် သိရပြီ။ မှတ်ခြင်းအနက်ကို ဟောသော အတိသဒ္ဒါ

၏ ပါဠိ,အနက်၊သံရုပ်,အဓိပ္ပါယ်ကို သာဓက ဆောင်၍ ဆရာ ဆိုဦးလော့ဟု သူ မေးဖွယ် ရှိ၏။ထိုအမေးကို ဆရာ အဘယ်သို့ ဖြေအံ့နည်း။

ရူပါရမ္မဏံဝါ သဒ္ဒါရမ္မဏံဝါတိအာဒိနာ နယေန

အာရမ္မဏာဒိဟိ လက္ခဏီယတ္တာ သလက္ခဏာပိတိ။

ဤသို့ ကျမ်းဂန် လာသည်၊လာသော ပါဠိ၏ အနက်သော်ကား။ ။ရူပါရမ္မဏံဝါ–ရူပါရုံသည်၎င်း၊ သဒ္ဒါရမ္မဏံဝါ–သဒ္ဒါရုံသည်၎င်း၊ ဣတိအာဒိနာနယေန–ဤသို့ အစ ရှိသော နည်းဖြင့်၊ အာရမ္မဏာဒိဟိ–ရူပါရုံ အစ ရှိသော အာရုံတို့ဖြင့်၊လက္ခဏီယတ္တာ–မှတ်အပ်သောကြောင့်၊သလက္ခဏာပိ–မှတ်ခြင်းနှင့်တကွ ဖြစ်သော တရားတို့ကိုလည်း၊ဝုတ္တာ–ဟောအပ်ကုန်၏၊ ။ဤအရာ၌ အဘိသဒ္ဒါသည် မှတ်ခြင်းနှင့် တကွဖြစ်သော အနက်ကို ဟောသည်ဟု မှတ်ရမည်။

၇၂၆၊ ။အဘိဓမ္မာနည်း၌ မှတ်ခြင်းနှင့် တကွဖြစ်သော အနက်ကို ဟောသော အဘိသဒ္ဒါ၏ ပါဠိ,အနက်၊ သံရုပ်,အဓိပ္ပါယ်ကိုကား သာဓက ဆောင်၍ ဆရာဆိုသော့ကြောင့် သိရပြီ၊ ပူဇော်ထိုက်သော အနက်ကို ဟောသော အဘိသဒ္ဒါ၏ ပါဠိ,အနက်၊ သံရုပ်,အဓိပ္ပါယ်ကို သာဓက ဆောင်၍ ဆရာဆိုဦးလော့ဟု သူ မေးဖွယ်ရှိ၏၊ ထိုအမေးကို ဆရာအဘယ်သို့ ဖြေအံ့နည်း။

သေက္ခာဓမ္မာ၊အသေက္ခဓမ္မာ၊လောကုတ္တရာဓမ္မာတိ

အာဒိနာ နယေန ပူဇိတာပိ ပူဇာရဟာတိ အဓိပ္ပါယော။

ဤသို့ ကျမ်းဂန် လာသည်၊ လာသော ပါဠိ၏ အနက်သော်ကား။ ။သေက္ခာ–ကိလေသာတို့ကို သင်ဆဲဖြစ်ကုန်သော၊ ဓမ္မာ–သဘောတရားတို့သည်၊သန္တိ–ရှိကုန်၏၊ အသေက္ခာ–ကိလေသာတို့ကို သင်ခြင်းကိစ္စ ပြီးကုန်သော၊ ဓမ္မာ–သဘောတရားတို့သည်၊ သန္တိ–ရှိကုန်၏၊လောကုတ္တရာ–လောကထက် လွန်မြတ်ကုန်သော၊ဓမ္မာ–သဘောတရားတို့သည်၊ သန္တိ–ရှိကုန်၏၊ ဣတိအာဒိနာနယေန–ဤသို့ အစရှိသော နည်းဖြင့်၊ ပူဇိတာပိ–ပူဇော်အပ်သော တရားကိုလည်း၊ ဝုတ္တာ–ဟောအပ်ကုန်၏၊ ပူဇာရဟာပိ–ပူဇော်ထိုက်သော တရားတို့ကိုလည်း၊ ဝုတ္တာ–ဟောအပ်ကုန်၏၊ ဣတိအယံ–ဤသည်လျှင်၊ အဓိပ္ပါယော–အဓိပ္ပါယ်

တည်း။ ၊ဤအရာ၌ အဘိသဒ္ဒါသည် ပူဇော်ထိုက်သော အနက်ကို ဟောသည်ဟု မှတ်ရမည်၊

၁၂၇။ ၊အဘိဓမ္မာနည်း၌ ပူဇော်ထိုက်သော အနက်ကို ဟောသော သဒ္ဒါ၏ ပါဠိ,အနက်,သရုပ်,အဓိပ္ပါယ်ကိုကား၊သာဓက ဆောင်၍ ဆရာဆိုသော့ကြောင့် သိရပြီ၊ ပိုင်းခြားခြင်း အနက်ကို ဟောသော အဘိသဒ္ဒါ၏ပါဠိအနက်,သရုပ်,အဓိပ္ပါယ်ကို သာဓက ဆောင်၍ ဆရာ ဆိုဦးလော့ဟု သူ မေးဖွယ် ရှိ၏၊ထိုအမေးကို ဆရာ အဘယ်သို့ ဖြေအံ့နည်း၊

ဖဿော ဟောတိ ဝေဒနာ ဟောတီတိအာဒိနာ
နယေန သဘာဝပရိစ္ဆိန္နတ္တာ ပရိစ္ဆိန္နာဝိ။

ဤသို့ ကျမ်းဂန် လာသည်။လာသော ပါဠိ၏ အနက်ကား။ ။ဖဿော—သို။ဟောတိ—၏။ဝေဒနာ—သို၊ ဟောတိ—၏၊ ဣတိအာဒိနာ နယေန—ဤသို့ အစ ရှိသော နည်းဖြင့်၊ သဘာဝပရိစ္ဆိန္နတ္တာ—သဘောဖြင့် ပိုင်းခြားသော့ကြောင့်၊ ပရိစ္ဆိန္နာဝိ—ပိုင်းခြားအပ်သော တရားကိုလည်း၊ ဝုတ္တာ—ဟောအပ်ကုန်၏။ ၊ဤအရာ၌ အဘိသဒ္ဒါသည် ပိုင်းခြားအပ်သော အနက်ကို ဟောသည်ဟု မှတ်ရမည်၊

၁၂၈။ ။အဘိဓမ္မာနည်း၌ ပိုင်းခြားအပ်သော အနက်ကို ဟောသော အဘိသဒ္ဒါ၏ ပါဠိ, အနက်, သရုပ်, အဓိပ္ပါယ်ကိုကား၊ သာဓက ဆောင်၍ ဆရာဆိုသော့ကြောင့်၊ သိရပြီ။လွန်သော အနက် ကို ဟောသော အဘိသဒ္ဒါ၏ ပါဠိ,အနက် သရုပ်, အဓိပ္ပါယ်ကို သာဓက ဆောင်၍ ဆရာ ဆိုဦးလောဟု သူ မေးဖွယ် ရှိ၏၊ထိုအမေးကို အဘယ်သို့ ဖြေအံ့နည်း၊

မဟဂ္ဂတာဓမ္မာ အပ္ပမာဏာဓမ္မာ လောကုတ္တရာဓမ္မာတိ
အာဒိနာနယေန အဓိကာပိ ဓမ္မာ ဝုတ္တာ။

ဤ သို့ ကျမ်းဂန် လာသည်၊ လာသော ပါဠိအနက်ကား၊ ၊မဟဂ္ဂတာ—များသော အာနုဘော်ရှိကုန်သော၊ ဓမ္မာ—သဘောတရားတို့သည်၊သန္တိ—ရှိကုန်၏၊အပ္ပမာဏာ—အတိုင်းမသိများသော အာနုဘော်ရှိကုန်သော၊

ဓမ္မာ–တို့သည်၊ သန္တိ–ရှိကုန်၏၊ လောကုတ္တရာ–လောကထက် လွန်မြတ်ကုန်သော၊ ဓမ္မာ–တရားတို့သည်၊ သန္တိ–ကုန်၏၊ ဣတိအာဒိနာ နယေန–ဤသို့ အစရှိသော နည်းဖြင့်၊ အဓိကာ ပိဓမ္မာ–လွန်သော တရားတို့ကိုလည်း၊ ဝုစ္စာ–ဟောအပ်ကုန်၏၊ ဤအရာ၌ အဘိသဒ္ဒါသည် လွန်သော အနက်ကို ဟောသည်ဟု မှတ်ရမည်။ ။ဤသည်ကား၊ အဘိသဒ္ဒါသည် ငါးပါးသော အနက်ကို ဟောသော့ကြောင့်၊ အဘိဓမ္မာနည်း၌ ပုဒ်ပါဌ်, ပါဠိနှင့် အညီ အသီးအသီး သာဓကေ ဆောင်၍ ပြသော အဓိပ္ပါယ် ဖြစ်သည်ဟု မှတ်ရမည်၊

၇၂၉။ ။ထိုမှတပါး အဘိဓမ္မာမည်ကြောင်းကို အဘာယ်သို့လျှင် ဝိဂြိုဟ်ဝစနတ်ဖြင့် မှတ်ရအံ့နည်း။

ဝုဍ္ဎိမန္တာ ဓမ္မာ ဝုတ္တာ ဧတ္တာတိ အဘိဓမ္မာ။

ဧတ္ထတေသို့ အဘိဓမ္မပိဋကေ–ဤအဘိဓမ္မာပိဋကတ်၌၊ ဝုဍ္ဎိမန္တာ–ပွါးသော အနက်ရှိကုန်သော၊ ဓမ္မာ–တရားတို့ကို၊ ဝုတ္တာ–ဟောအပ်ကုန်၏၊ ဣတိတသ္မာ–ထိုသို့ ပွါးသော အနက်ကို ဟောရာ ဖြစ်သော သတ္တိငှာ၊ တံပိဋကံ–ထို ပိဋကတ်သည်၊ အဘိဓမ္မာ–အဘိဓမ္မာ မည်၏။

သလက္ခဏာ ဓမ္မာ ဝုတ္တာ ဧတ္တာတိ အဘိဓမ္မာ၊

ဧတ္ထတေသို့ အဘိဓမ္မပိဋကေ–ဤအဘိဓမ္မာပိဋကတ်၌၊သလက္ခဏာ–အမှတ်နှင့်တကွ ဖြစ်ကုန်သော၊ဓမ္မာ–တရားတို့ကို၊ ဝုတ္တာ–ဟောအပ်ကုန်၏၊ ဣတိတသ္မာ–ထိုသို့ အမှတ်နှင့်တကွ ဖြစ်သော အနက်ကို ဟောရာဖြစ်သော သတ္တိကြောင့်၊ တံပိဋကံ–ထို ပိဋကတ်သည်၊ အဘိဓမ္မာ–အဘိဓမ္မာ မည်၏။

ပူဇိတာ ဓမ္မာ ဧတ္တာတိ အဘိဓမ္မာ၊

ဧတ္ထတေသို့ အဘိဓမ္မပိဋကေ–ဤအဘိဓမ္မာ ပိဋကတ်၌၊ပူဇိတာ–ပူဇော်ထိုက်ကုန်သော၊ ဓမ္မာ–တရားတို့ကို၊ ဝုတ္တာ–ဟောအပ်ကုန်၏၊ ဣတိတသ္မာ–ထိုသို့ ပူဇော်ထိုက်သော အနက်ကို ဟောရာ ဖြစ်သော သတ္တိကြောင့်၊တံပိဋကံ–ထိုပိဋကတ်သည်၊ အဘိဓမ္မာ–အဘိဓမ္မာ မည်၏၊

ပရိစ္ဆိန္နာ ဓမ္မာ ဝုတ္တာ ဧတ္တာတိ အဘိဓမ္မာ၊

ဧတ္ထတေသို့ အဘိဓမ္မပိဋကေ–၌၊ပရိစ္ဆိန္နာ–ပိုင်းခြားအပ်ကုန်သော၊ဓမ္မာ

တို့ကို၊ ဂုဏ္ဍာ—ကုန်၏၊ ဉာတိတသဒ္ဒာ—ထိုသို့ ပိုင်းခြားအပ်သော တရားတို့ကို ဟောရာ ဖြစ်သော သဒ္ဒါကြောင့်၊တံပိဋကံ—သည်၊အဘိဓမ္မာ—အဘိဓမ္မာ မည်၏။

အဓိကာ မမွာ ဂုဏ္ဍာ ဉာတာတိ အဘိဓမ္မာ၊

ဩတာသို့ အဘိဓမ္မပိဋကေ—၌၊အဓိကာ—လွန်ကုန်သော၊ ဓမ္မာ—တို့ကို၊ဂုဏ္ဍာ—ကုန်၏၊ဉာတိတသဒ္ဒါ—ထိုသို့ လွန်သော အနက်ကို ဟောရာ ဖြစ်သော သဒ္ဒါကြောင့်၊တံပိဋကံ—သည်၊အဘိဓမ္မာ—အဘိဓမ္မာ မည်၏။ ၊ ဤငါးပါးသော ဝစနတ္ထနှင့် လျော်ညီစွာလည်း အဘိဓမ္မာ မည်သည်ဟု မှတ်ရမည်။

၇၃၀။ ၊ဝိနည်းမည်ကြောင်း,သုတ္တန် မည်ကြောင်းကိုကား ကျမ်းဂန် လာသည်နှင့် အညီ ဆို၍ သိရပြီ။ ပိဋကသဒ္ဒါ၏ အနက်ကို အဘယ်ပုဒ်,ပါဠိ,ပါဠိကို ထောက်၍ သိရအံ့နည်း၊

ယံပနေတ္ထ အဝိသိဋ္ဌံ ပိဋကံ ပိဋကတ္တယပဒ္ဓ
ပရိယတ္တိ ဘာဇနတော အာဟု၊

ဤသို့ ကျမ်းဂန် လာသောငှာ၊ ဝိနယသဒ္ဒါ၊ သုတ္တသဒ္ဒါ၊အဘိဓမ္မာသဒ္ဒါ၊ ပိဋကတ်သဒ္ဒါ၊ဤလေးပါးသော သဒ္ဒါတို့တွင် ပိဋကတ်သဒ္ဒါသည် အထူး မရှိ၊ထိုပိဋကတ်သဒ္ဒါကို သင်အပ်သော အနက်၏ တည်ရာ,တည်ကြောင်း ဖြစ်သောငှာ ပိဋကတ်မည်၏ဟူ၍၊ ပိဋကတ်သဒ္ဒါ၏ အနက်ကို သိသော ဆရာတို့ ဆိုကုန်သည်။ ဝိနယသဒ္ဒါနှင့် ယှဉ်လျှင်လည်း ဝိနည်းပိဋကတ် ဖြစ်သည်။ သုတ္တသဒ္ဒါနှင့် ယှဉ်လျှင်လည်း သုတ္တန် ပိဋကတ် ဖြစ်သည်။ အဘိဓမ္မာသဒ္ဒါနှင့် ယှဉ်လျှင်လည်း အဘိဓမ္မာပိဋကတ် မည်သည် ဖြစ်သည်ဟု မှတ်ရမည်။

၇၃၁။ ။ထိုမှတပါး တခြားသော အရာ၌ ပိဋကတ်သဒ္ဒါသည် အဘယ်အနက်ကို ဟောသနည်း၊

အထပုရိသော အာဂစ္ဆေယျ၊ကုဒ္ဒါလပိဋကမာဒါယာ
တိအာဒီသု ယံကိဉ္စိ ဘာဇနမ္ပိ ပိဋကန္တိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ပါဠိ၏ အနက်သော်ကား၊ အထ—ထိုအခါ၌၊ပုရိသော—ယောကျ်ားသည်၊ ကုဒ္ဒါလပိဋကံ—ပေါက်တူး,ချင်း

တောင်းကို၊အာဒါယ–ယူ၍၊အာဂစ္ဆေယျ–လာရာ၏။ဇာတိအာဒိသု–ဤသို့ အစ ရှိသိုတို့၌၊ယံကိဉ္စိဘာဇနံပိ–အမှတ် မရှိသော ချင်းတောင်းကိုလည်း၊ပိဋကန္တိ–ပိဋကတ် ဟူ၍၊ ဝုစ္စတိ–ဆိုအပ်၏။ ။ဤအရာ၌ အမှိုက်,မြေကြီး၏ ထည့်ရာ,ချင်းတောင်းကိုလည်း ပိဋက ဆိုသည်ဟု မှတ်ရမည်။ ။ရင်း၌ လာသည်။

၇၃၂။ ။ပိဋကတ်သုံးပုံ၌ ပြားသော အပြားကား အဘယ်မျှ ပြား ထေသနည်း။

ဒေသနာ,သာသနာ,ကထာဘေဒန္တေသု ယထာရဟံ။

ဤသို့ကျမ်းဂန် လာသောကြောင့်၊ ဖြစ်ထိုက်သည်အား လျော်စွာ ဒေသနာ,သာသနာ,ကထာအားဖြင့် သုံးပါး အပြား ရှိသိုဟု မှတ်ရမည်။

၇၃၃။ ။ထိုသုံးပါးတို့တွင်၊ တပါးပါး၌ အဘယ်မျှ, အဘယ်မျှရှိသော အပြားဖြင့် ပြားပြန်လေသနည်း။

> ဧတာနိ တီဏိပိဋကာနိ ယထာက္ကမံ အာဏာ,
> ဝေါဟာရ,ပရမတ္ထဒေသနာ၊ ယထာပရာဓာနုလောမ
> ယထာ ဓမ္မ သာသနာနိ၊သံဝရာသံဝရ,ဒိဋ္ဌိဝိနိဝေဌန,
> နာမရူပပရိစ္ဆေဒ ကထာစာတိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုသုံးပါးတို့တွင်၊တပါးပါး၌ အာဏာဒေသနာ၊ဝေါဟာရဒေသနာ၊ပရမတ္ထဒေသနာ ဟူ၍ ဒေသနာအားဖြင့် သုံးပါးအပြား ရှိသို။ ယထာပရာဓသာသနာ၊ ယထာနုလောမသာသနာ၊ ယထာဓမ္မသာသနာ ဟူ၍ သာသနာအားဖြင့် သုံးပါး အပြား ရှိသည်။သံဝရာသံဝရ ကထာ၊ ဒိဋ္ဌိဝိနိဝေဌန ကထာ၊ နာမရူပပရိစ္ဆေဒ ကထာအားဖြင့် သုံးပါးအပြား ရှိသည်ဟု မှတ်ရမည်။

၇၃၄။ ။အာဏာဒေသနာ၊ဝေါဟာရဒေသနာ၊ပရမတ္ထဒေသနာအားဖြင့် သုံးပါး ပြားရာတွင်၊အာဏာဒေသနာဆိုသည်ကား အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

> ဝိနယပိဋကံ အာဏာရဟေန ဘဂဝတာ အာဏာဗာ
> ဟုလ္လတော ဒေသိတတ္တာ အာဏာဒေသနာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဝိနည်းပိဋကတ်ကို အာဏာထိုက်သော ဘုရားသခင်သည် အာဏာများသော အားဖြင့် ပညတ်တော်မူသောကြောင့်၊ ဝိနည်းပိဋကတ်သည် အာဏာဒေသနာမည်သည်ဟု မှတ်ရမည်။

၁၃၅၊ ။ဝေါဟာရဒေသနာဆိုသည်ကား အဘိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

သုတ္တန္တပိဋကံ ဝေါဟာရကုသလေန ဘဂဝတာ ဝေါဟာရ
ဗာဟုလ္လတော ဒေသိတတ္တာ ဝေါဟာရဒေသနာ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုတ္တန်ပိဋကတ်ကို ဝေါဟာရ၌ လိမ္မာတော်မူသော ဘုရားသခင်သည် ဝေါဟာရများသော အားဖြင့် ဟောတော်မူသောကြောင့်၊ သုတ္တန်ပိဋကတ်သည် ဝေါဟာရဒေသနာ မည်သည်ဟု မှတ်ရမည်။

၁၃၆၊ ။ပရမတ္ထဒေသနာ ဆိုသည်ကား အဘိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

အဘိဓမ္မပိဋကံ ပရမတ္ထကုသလေန ဘဂဝတာ
ပရမတ္ထဗာဟုလ္လတော ဒေသိတတ္တာ ပရမတ္ထ
ဒေသနာတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အဘိဓမ္မာပိဋကတ်ကို ပရမတ္ထ၌ လိမ္မာတော်မူသော ဘုရားသခင်သည် ပရမတ္ထ များသော အားဖြင့် ဟောတော်မူသောကြောင့်၊ အဘိဓမ္မာပိဋကတ်သည် ပရမတ္ထဒေသနာ မည်သည်ဟု မှတ်ရမည်၊

၁၃၇။ ။ယထာပရာဓသာသနာ၊ယထာနုလောမသာသနာ၊ယထာဓမ္မသာသနာအားဖြင့် သုံးပါး ပြားရာတွင်၊ ယထာပရာဓသာသနာ ဆိုသည်ကား၊ အဘိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း၊

ယထာ ပထမံ ယေတေ ပစုရာ ပရာဓာသတ္တာ တေ
ယထာပရာဓံ ဧတ္ထ သာသိတာတိ ယထာပရာဓသာသနံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ရှေးဦးစွာ ဖြစ်သော ဝိနည်းပိဋကတ်ကို အကြောင်းပြု၍ သတ္တဝါတို့သည် များသော အပြစ် ရှိကုန်၏။ထိုသတ္တဝါတို့ အပြစ်အလျောက် ဤ ဝိနည်းပိဋကတ်၌ ဆုံးမအပ်ကုန်၏၊ထိုသို့ ဆုံးမအပ်

သော့ကြောင့်၊ ဝိနည်းပိဋကတ်သည် ယထာပရာဓသာသနာ မည်သည်ဟု မှတ်ရမည်၊

၃၃၈။ ။ယထာနုလောမသာသနာတော်ဆိုသည်ကား၊ အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း၊

ဒုတိယံ အနေကဇ္ဈာသယာ,နုသယာ,စရိယာ ဝိမုတ္တိကာ သတ္တာ ယထာနုလောမံ ဧတ္ထ သာသိတာတိ ယထာနုလောမသာသနံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ နှစ်ကြိမ်မြောက်သော သုတ္တန်ပိဋကတ်ကို အကြင် သတ္တဝါတို့သည် တပါးမက များသော အဇ္ဈာသယ စရိုက်၌ နှလုံးသွင်းခြင်း ရှိကုန်၏၊ ထိုသတ္တဝါတို့ကို အဇ္ဈာသယစရိုက် နှလုံးသွင်းသည့် အလျောက်၊ ဤ သုတ္တန်ပိဋကတ်၌ ဆုံးမအပ်ကုန်၏၊ ထိုသို့ ဆုံးမအပ်ကုန်သောကြောင့်၊ သုတ္တန်ပိဋကတ်သည် ယထာနုလောမသာသနာ မည်သည်ဟု မှတ်ရမည်။

၃၃၉။ ။ယထာဓမ္မသာသနာ ဆိုသည်ကား၊ အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

တတိယံ ဓမ္မပုဉ္ဇမတ္တေ အဟံမမာတိ သညိနော သတ္တာ ယထာဓမ္မံ ဧတ္ထ သာသိတာတိ ယထာဓမ္မသာသနန္တိ ဝုစ္စတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သုံးကြိမ်မြောက်သော အဘိဓမ္မာ ပိဋကတ်ကိုကား အကြင်သတ္တဝါတို့သည် ပရမတ္ထတရားအစုမျှသာ ဖြစ်သော မိမိတို့၏ ကိုယ်ကို မိမိတို့အလိုလို ငါ ကိုယ်ခန္ဓာ,ငါ ဥစ္စာဟု မှတ်ကုန်သော သတ္တဝါတို့ကို ပရမတ္ထသဘောအလျောက် ဤအဘိဓမ္မာ ပိဋကတ်၌ ဆုံးမအပ်ကုန်၏၊ ထိုသို့ ဆုံးမအပ်ကုန်သောကြောင့်၊ အဘိဓမ္မာ ပိဋကတ်သည် ယထာဓမ္မသာသနာ မည်သည်ဟု မှတ်ရမည်၊

၃၄၀။ ။သံဝရာ,သံဝရကထာ၊ ဒိဋ္ဌိဝိနိဝေဌနကထာ၊ နာမရူပ ပရိစ္ဆေဒကထာ အားဖြင့် သုံးပါးပြားရာတွင်၊ သံဝရာ,သံဝရကထာ ဆိုသည်ကား၊ အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း၊

တထာ ပထမံ အဘိဓမ္မာရပဋိပက္ခဘူတော သံဝရာ,
သံဝရေ ဧတ္ထ ကထိတောတိ သံဝရာသံဝရကထာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ထိုမြို့တုံ ရှေးဦးစွာ ဖြစ်သော ဝိနည်း ပိဋကတ်ကို ကိုယ်နှုတ်တို့ဖြင့် လွန်ကျူးခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော ငယ်သော စောင့်စည်းခြင်း အကျင့်၊ ကြီးသော စောင့်စည်းခြင်း, အကျင့်ကို ဤဝိနည်းပိဋကတ်၌ ဟောတော်မူအပ်၏၊ထိုသို့ ဟောတော်မူသောကြောင့်၊ဝိနည်းပိဋကတ်သည် သံဝရာ,သံဝရကထာ မည်သည်ဟု မှတ်ရမည်၊

၁၄၁၊ ။ဒိဋ္ဌိဝိနိဝေဌနကထာ ဆိုသည်ကား၊အဘိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ဒုတိယံ ဒွါသဋ္ဌိဒိဋ္ဌိပဋိပက္ခဘူတာ ဒိဋ္ဌိဝိနိဝေဌနာ ဧတ္ထ ကထိတာတိ ဒိဋ္ဌိဝိနိဝေဌနကထာ။

ဤသို့ ကျမ်းဂန် လာသောငှါ၊ နှစ်ကြိမ်မြောက်သော သုတ္တန်ပိဋကတ်ကိုကား ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့၏ ဆန့်ကျင်ဘက် ဖြစ်သော အယူတည်း ဟူသော အထုံးအဖွဲ့ကို ဖြေခြင်းငှါ ဤ သုတ္တန်ပိဋကတ်၌ ဟောအပ်ကုန်၏။ ထိုသို့ ဟောအပ်သောကြောင့်၊ သုတ္တန်ပိဋကတ်သည် ဒိဋ္ဌိဝိနိဝေဌနကထာ မည်သည်ဟု မှတ်ရမည်၊

၁၄၂၊ ။နာမရူပပရိစ္ဆေဒကထာ ဆိုသည်ကား၊အဘိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

တတိယံ ရာဂါဒိပဋိပက္ခဘူတော နာမရူပပရိစ္ဆေဒေါ ဧတ္ထ ကထိတောတိ နာမရူပပရိစ္ဆေဒကထာတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသောငှါ၊သုံးကြိမ်မြောက်သော အဘိဓမ္မာပိဋကတ်ကို ရာဂ အစ ရှိသော ကိလေသာတို့နှင့် ဆန့်ကျင်ဘက် ဖြစ်သော နာမ်ရုပ်တို့၏ အပိုင်းအခြားကို ဤ အဘိဓမ္မာပိဋကတ်၌ ဟောတော်မူအပ်ကုန်၏၊ ထိုသို့ ဟောအပ်ကုန်သောငှါ၊ အဘိဓမ္မာပိဋကတ်သည် နာမရူပပရိစ္ဆေဒကထာ မည်သည်ဟု မှတ်ရမည်၊ ။ငင်း၌ လာသည်။

၁၄၃၊ ။ပိဋကတ်သုံးပုံတို့တွင် တပါးတပါးသော ပိဋကတ်၌ နက်နဲခြင်း အပြားကား အဘယ်မျှ အပြား ရှိသနည်း၊

ကေမေကာသဒ္ဒိံ စေတ္ထ စတုဗ္ဗိဓော ဓမ္မတ္ထ,ဒေသနာ,
ပဋိဝေဓ,ဂမ္ဘီရဘာဝေါ ဝေဒိတဗ္ဗော။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဓမ္မ၏ နက်နဲသော အဖြစ်၊ အတ္ထ၏ နက်နဲသော အဖြစ်၊ ဒေသနာ၏ နက်နဲသော အဖြစ်၊ ပဋိဝေဓ၏ နက်နဲသော အဖြစ်အားဖြင့် လေးပါး အပြား ရှိသည်ဟု မှတ်ရမည်၊

၇၄၄။ ။ထို လေးပါးတို့တွင် ဓမ္မ၏ နက်နဲသော အဖြစ် ဆိုသည်ကား အဘိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

တတ္ထ ဓမ္မောတိ ပါဠိ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ထိုလေးပါးတို့တွင် ဓမ္မ၏ နက်နဲခြင်းဆိုသည်ကား၊ ထို ပါဠိတော်၏သာလျှင် နက်နဲခြင်း ဖြစ်သည်ဟု မှတ်ရမည်။

၇၄၅။ ။အတ္ထ၏ နက်နဲသော အဖြစ်ဆိုသည်ကား၊ အဘိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း၊

အတ္ထောတိ တဿာယေဝတ္ထော၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အတ္ထ၏ နက်နဲသော အဖြစ် ဆိုသည်ကား ထို ပါဠိ၏ အနက် သာလျှင် နက်နဲခြင်း ဖြစ်သည်ဟု မှတ်ရမည်။

၇၄၆။ ။ဒေသနာ၏ နက်နဲသော အဖြစ် ဆိုသည်ကား၊ အဘိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ဒေသနာတိ တဿာ မနသာ ဝဝတ္ထာပိတာယ ပါဠိယာ ဒေသနာ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဒေသနာ၏ နက်နဲခြင်းဆိုသည်ကား နှလုံး၌ ပိုက်၍ ဟောသော ဝိဘဒ္ဒသဒ္ဒါ ဖြစ်သည်ဟု မှတ်ရမည်၊

၇၄၇။ ။ပဋိဝေဓ၏ နက်နဲသော အဖြစ်ဆိုသည်ကား အဘိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း၊

ပဋိဝေဓောတိ ပါဠိယာ ပါဠိအတ္ထဿစ ယထာဘူတာဝဗောဓော၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ပဋိဝေဓ၏ နက်နဲသော အဖြစ်ဆိုသည်ကား၊ ပါဠိကို၎င်း၊ အနက်ကို၎င်း၊ အဟုတ်အမှန် သိသော ဉာဏ် ဖြစ်သည်ဟု မှတ်ရမည်၊

၁၄၈။ ။ဤလေးပါးသော တရားတို့သည် အဘယ်သို့သော အခြင်းအရာဖြင့် နက်နဲလေသနည်း။

တီသုပိ စေတေသု ဧတေ ဓမ္မတ္ထ,ဒေသနာ,ပဋိဝေဓာ
ယသ္မာ သသာဒီဟိ ဝိယ မဟာသမုဒ္ဒေါ မန္ဒဗုဒ္ဓီဟိ
ဒုက္ခောဂါဟာ အလဗ္ဘနေယျပတိဋ္ဌာစ။ တသ္မာ ဂမ္ဘီ
ရာဧဝံ ဧကေကသ္မိံ စေတ္ထ စတုဗ္ဗိဓောပိ ဂမ္ဘီရဘာဝေါ
ဝေဒိတဗ္ဗော။ ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ထို သုံးပါးကုန်သော ပိဋကတ်တို့၌ ပါဠိ၊ပါဠိ၏ အနက်၊ဒေသနာ အသိဉာဏ်တို့သည် ဥပမာအားဖြင့် ဆိုသော်ကား၊ယုန်သူငယ်,အစ ရှိသော သတ္တဝါတို့သည် မဟာသမုဒ္ဒရာကို ကူးနိုင်,ထောက်နိုင်ခဲသကဲ့သို့၊ ပညာ နည်းသော အမျိုးသားတို့သည် အကြံဉာဏ်ကြောင့် ကူးနိုင်ခဲ၏။ထိုသို့ ကူးထောက်နိုင်ခဲသောကြောင့်၊အလွန်လျှင် နက်နဲကုန်၏။ ဤပိဋကတ်သုံးပုံတို့တွင် တပါးပါးသော ပိဋကတ်၌ လေးပါး,လေးပါးစီ ရှိသော နက်နဲသော အဖြစ်ကို သိအပ် မှတ်အပ်၏ ဟူလိုသော်။ ။ဗင်း၌ လာသည်၊

၁၄၉။ ။ပိဋကတ်သုံးပုံတို့တွင် တပုံတပုံသော ပိဋကတ်တို့၌ သင်ခြင်း၏ အပြားကား အဘယ်မျှ အပြား ရှိသနည်း။

တိဿောပိ ပရိယတ္တိယော။ အလဂဒ္ဒူပမာ,
နိဿရဏတ္ထာ, ဘဏ္ဍာဂါရိကာယ ပရိယတ္တိတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ မြွေဖမ်းဥပမာ ရှိသော သင်ခြင်း၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းအကျိုးငှါ သင်ခြင်း၊ ဘဏ္ဍာစိုးကဲ့သို့ သင်ခြင်း၊ ဤသို့လျှင် စာသင်ခြင်း,အပြားကား သုံးပါး ရှိသည်ဟု မှတ်ရမည်။

၁၅၀။ ။ထိုသုံးပါးသော သင်ခြင်းတို့တွင်၊ အလဂဒ္ဒူပမာ သင်ခြင်း ဆိုသည်ကား အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း၊ အဘယ်သို့ကား ဘုရား ဟောတော်မူသနည်း။

တတ္ထ ယာ ဒုဂ္ဂဟိတာ ဥပါရမ္ဘာဒိဟေတု ပရိယာပုဏာ
အယံ အလဂဒ္ဒူပမာ ယံ သန္ဓာယ ဝုတ္တံ၊ သေယျထာပိ

ဘိက္ခဝေ ပုရိသော အလင်္ကာရဋ္ဌိကော သော ပသေယျ။ မဟာန္တံ အလင်္ကာရံ တမေနံ ဘောဂေဝါ နှင့်မြေဝါ ဂဏောယျ။ တသ သော အလင်္ကာရော ပရိဝတ္တော တွာ ဟာဋ္ဌေဝါ ပါဒေဝါ ဗာဟာယဝါ အညတြသ္မိံ ဝါ အင် ပစ္စင်္ဂေဝါ ခုံသေယျ။ သော တတော နိဒါနံ မရဏံဝါ နိဂစ္ဆေယျ။ မရဏမတ္တံဝါ ဒုက္ခံ တံ ကိဿဟေတု ဒုဂ္ဂဟိတတ္တာ။ ဘိက္ခဝေ အလင်္ကာရဿ ဝေမေဝ ခေါ ဘိက္ခဝေ ဣဓေကစ္စေ မောဃပုရိသာ ဓမ္မံ ပရိယာ ပုဏန္တိ။ သုတ္တံ,ဂေယျံ, ဝေယျာကရဏံ,ဂါထံ,ဥဒါနံ, ဣတိဝုတ္တကံ, ဇာတကံ, အဗ္ဘုတဓမ္မံ, ဝေဒလ္လန္တိ, တေ တံ ဓမ္မပရိယာပုဏိတွာ တေသံ ဓမ္မာနံ ပညာယ အတ္ထံ နဥပပရိက္ခန္တိ၊တေသံ တေ ဓမ္မာ ပညာယ အတ္ထံ အနုပပရိက္ခတံ နနိဇ္ဈာနက္ခမန္တိ။ တေ ဥပါရမ္ဘာနိသံ သာစေဝ ဓမ္မံ ပရိယာ ပုဏန္တိ။ဣတိ ဝါဒပ္ပမောက္ခာ နိသံသာစ ယဿ စတ္ထာယ ဓမ္မံ ပရိယာ ပုဏန္တိ၊ တံ စဿ အတ္ထံ နာနုဘောန္တိ၊တေသံ တေ ဓမ္မာ ဒုဂ္ဂဟိတာ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ။တံ ကိဿ ဟေတု ဒုဂ္ဂဟိတတ္တာ ဘိက္ခဝေ ဓမ္မာနန္တိ၊

ဤသို့ အစ ရှိသည်ဖြင့် ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသော ပါဠိတော်ပါဌ်၏ အနက်သော်ကား။ ။တတ္ထ—ထိုသုံးပါးတို့တွင်၊ ယာ,ပရိယတ္တိ—အကြင်သို့သော သင်ခြင်းသည်၊ဒုဂ္ဂဟိတာ—မကောင်း သဖြင့် သင်၏၊ ဥပါရမ္ဘာဒိဟေတု—သူ့ကို ချုပ်ချယ်လိုခြင်း,အစ ရှိ သော အကြောင်းကြောင့် (ဖြင့်လည်းဟူ)။ ပရိယာပုဏာ—သင်၏၊ အယံ,ပရိယာပုဏာ—ဤသို့ သင်ခြင်းသည်ကား၊ အလဂ္ဂဒ္ဒူပမာ—မြွေ ဖမ်း ဥပမာ ရှိသော သင်ခြင်း မည်၏၊ ယံ,ဒုဂ္ဂဟဏံ—အကြင်မကောင်း သော သင်ခြင်းကို၊ သန္ဓာယ—ရည်၍၊ သေယျထာပိ ဘိက္ခဝေ၊လ၊ ဒုဂ္ဂဟိတတ္တာ ဘိက္ခဝေ ဓမ္မာနန္တိ၊ သေယျထာပိ၊လ၊ဓမ္မာနံ—ဟူ၍၊ဝုတ္တံ—ဟောတော်မူ၏၊ ဘိက္ခဝေ—ရဟန်းတို့၊ သေယျထာပိ—ဥပမာ မည်သို့

ကား၊ အလင္ကုဒ္ဒတ္တိကော–မြွေကို အလိုရှိသော၊ ပူရိသော–ယောကျ်ား
သည်၊ မဟန္တံ–ကြီးစွာသော၊ အလဂ္ဂဒ္ဒံ–မြွေကို၊ ပဿေယျ–မြင်ငြား
အံ့။ တမေနံ, တံဖြေနံ–အလဂ္ဂဒ္ဒံ–ထို မြွေကို၊ ဘောဂေ ဝါ–အခွေ၌ဖြစ်စေ၊
နင်္ဂုဋ္ဌေ ဝါ–မြီးဖျား၌ဖြစ်စေ၊ ဂဏှေယျ–ကိုင်ငြားအံ့၊ သော အလဂ္ဂဒ္ဒေါ–ထို
မြွေသည်၊ ပဋိဝတ္တိတွာ–ပြန်၍၊ တဿ ပုရိသဿ–ထိုယောကျ်ား၏၊
ဟတ္ထေ ဝါ–လက်၌ဖြစ်စေ၊ ဗာဟာယ ဝါ–လက်ရုံး၌ဖြစ်စေ၊ အညတြသ္မိံ–တ
ပါးပါးသော၊ အင်္ဂပစ္စင်္ဂေ ဝါ–အင်္ဂါကြီးငယ်၌ဖြစ်စေ၊ ဍံသေယျ–ကိုက်ခဲ
ရာ၏၊ တတောနိဒါနံ–ထိုသို့ ကိုက်ခဲခြင်းကြောင့်၊ မရဏံ ဝါ–သေခြင်း
သို့မူလည်း၊ နိဂစ္ဆေယျ–ရောက်ရာ၏၊ မရဏမတ္တံ–သေလောက်ရုံမျှ
သော၊ ဒုက္ခံ ဝါ–ဆင်းရဲသို့မူလည်း၊ နိဂစ္ဆေယျ–ရောက်ရာ၏၊ တံ ဂဏှနံ–
ထိုသို့ ရောက်ခြင်းသည်၊ ကိဿ ဟေတု–အဘယ်ကြောင့်နည်း ဟူမူ
ကား၊ ဘိက္ခဝေ–ရဟန်းတို့၊ အလဂ္ဂဒ္ဒဿ–မြွေကို၊ ဒုဂ္ဂဟိတတ္တာ–
မကောင်းသဖြင့် ဖမ်းသောကြောင့်တည်း။ ဘိက္ခဝေ–ရဟန်းတို့၊ ခေါ–
စင်စစ်သဖြင့်၊ ဧဝမေဝ–ထိုအတူပင်၊ ဣဓ,သာသနေ–ဤဘုရား သာ
သနာတော်၌၊ ဧကစ္စေ–အချို့ကုန်သော၊ မောဃပုရိသာ–မဂ်ဖိုလ်မှ အ
ချည်းနှီးဖြစ်ကုန်သော သူတို့သည်၊ ဓမ္မံ–ပါဠိကို၊ ပရိယာပုဏန္တိ–သင်
ကုန်၏၊ သုတ္တံ–သုတ်ကို၊ ဂေယျံ–ဂေယျကို၊ ဝေယျာကရဏံ–ဗျာက
ရိုဏ်းကို၊ ဂါထံ–ဂါထာကို၊ ဥဒါနံ–ဥဒါန်းကို၊ ဣတိဝုတ္တကံ–ဣတိဝုတ္တ
က ကို၊ ဇာတကံ–ဇာတ်ကို၊ အဗ္ဘုတဓမ္မံ–အဗ္ဘုတဓမ္မကို၊ ဝေဒလ္လံ–
ဝေဒလ္လကို၊ ပရိယာပုဏန္တိ–သင်ကုန်၏။ တေ,မောဃပုရိသာ–ထိုမဂ်
ဖိုလ်မှ အချည်းနှီး ဖြစ်ကုန်သော သူတို့သည်၊ တံ ဓမ္မံ–ထို တရားကို၊
ပရိယာပုဏိတွာ–သင်ကုန်၍၊ တေသံ ဓမ္မာနံ–ထို တရားတို့၏၊ အတ္ထံ–
အနက်ကို၊ ပညာယ–ပညာဖြင့်၊ နဥပပရိက္ခန္တိ,နဝိစာရန္တိ–မဆင်ခြင်
ကုန်။ တေသံ ဓမ္မာနံ–ထိုတရားတို့၏၊ အတ္ထံ–အနက်ကို၊ ပညာယ–ပညာ
ဖြင့်၊ အနုပပရိက္ခတံ, အနုပပရိက္ခန္တာနံ–မဆင်ခြင်သော သူတို့အား၊
တေ ဓမ္မာ–ထိုတရားတို့သည်၊ နနိဇ္ဈာနက္ခမန္တိ–ဆင်းရဲးကို မခံလေကုန်၊
တေ,မောဃပုရိသာ–ထို မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်ကုန်သော သူတို့သည်၊
ဥပါရမ္ဘာနိသံသာစေဝ–သူ့ကို ချုပ်ချယ်ခြင်းငှာ အလိုရှိသည် ဖြစ်၍

ဍင်း၊ ဓာတိဓာမာယ ပရိယတ္တိယာ–ဤသို့ တရားတော်ကို သင်သဖြင့်လည်း၊ ဝါဒပ္ပမောက္ခ နိသံသာစ–သူ၏ ကဲ့ရဲ့ခြင်း နှိပ်စက်ခြင်းမှ လွတ်စေခြင်းအလိုရှိသည် ဖြစ်၍ဍင်း၊ ပရိယာဘုဏာနံ့–သင်ကုန်၏၊ ယဿစ သီလာဒိဂုဏဿ–အကြင်သီလ အစ ရှိသည်ကို ဖြည့်ခြင်း၏ ယဿ မဂ္ဂဖလနိဗ္ဗာနဿ–အကြင်မဂ်ဖိုလ်နိဗ္ဗာန်၏၊ အတ္ထာယ–အလို့ငှာ၊ ဓမ္မံ–တရားကို၊ ကုလပုတ္တာ–အမျိုးသားတို့သည်၊ ပရိယာပုဏန္တိ–သင်ကုန်၏၊ အဿဓမ္မဿ–ထိုတရား၏၊ တဥ္စအတ္တံ–ထိုသို့ ဖြည့်ခြင်း အစ ရှိသော မဂ်ဖိုလ်,နိဗ္ဗာန်,အကျိုးကိုလည်း၊နာနုဘောန္တိ–မခံစားရကုန်၊ဒုဂ္ဂဟိတာ–မကောင်းသဖြင့် သင်အပ်ကုန်သော၊ တေဓမ္မာ–ထိုတရားတို့သည်၊ တေမေဓာပုရိသာနံ–ထိုမဂ်ဖိုလ်မှ အချည်းနှီးဖြစ်ကုန်သော သူတို့အား၊ ဒီဃရတ္တံ–မြင့်ရှည်စွာသော ကာလပတ်လုံး၊အဟိတာယ–အဟိတံကာတုံ–အကျိုးမရှိသည်ကို ပြုခြင်းငှာ၊ ဒုက္ခာယ,ဒုက္ခံကာတုံ–ဆင်းရဲခြင်းကို ပြုခြင်းငှာ၊သံဝတ္တန္တိ–ဖြစ်ကုန်၏၊ တံအနတ္ထသမ္ဘူနဟိတာယသံဝတ္တနံ–ထိုသို့ အကျိုးမဲ့ခံရခြင်း ဆင်းရဲးကို ဖြစ်စေခြင်းသည်၊ ကိံသဟေတု–အဘယ့်ကြောင့်နည်းဟူမူကား၊ ဘိက္ခဝေ–ရဟန်းတို့၊ ဓမ္မာနံ–တရားတို့ကို၊ ဒုဂ္ဂဟိတတ္တာ–မကောင်းသဖြင့် သင်အပ်သည်၏ အဖြစ်ကြောင့်တည်း။ဣတိ–ဤသို့၊ဝုတ္တံ–ဟောတော်မူအပ်၏။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်၌ အလဂ္ဂဒူပမာ သင်ခြင်းဟု ဆိုအပ်သော စကားအဓိပ္ပါယ်ကား။–မြွေကို အလိုရှိ၍ ရှာသော ယောကျ်ားသည် အဆိပ်အတော် ပြင်းထန်စွာသော မြွေကို တွေ့မြင်လေလျှင်၊အရုးအစမ်,အဆင်အခြင် မရှိပဲနှင့်၊ထိုမြွေ၏ အမြီးကိုဍင်း၊အခွေကိုဍင်း၊ကိုင်ငင်,ဖမ်းယူလေသဖြင့်၊ထိုမြွေသည် မလိမ္မာသော ယောကျ်ား၏ လက်ကိုဍင်း၊ခြေကိုဍင်း၊တစုံတခုသော အင်္ဂါကြီးငယ်ကိုဍင်း၊ ပြန်၍ ကိုက်ခဲလေသောကြောင့်၊ မလိမ္မာသော ထိုယောကျ်ားသည် သေခြင်းသို့သော်လည်း ရောက်ရာ၏၊ မသေသော်၊ ကြီးစွာသော ဆင်းရဲးခြင်းသို့သော်လည်း ရောက်ရာ၏၊ ထိုအတူဍင်း၊ သူတပါးတို့အား စောင်းမြောင်း,ချုပ်ချယ် နှိပ်နယ်လိုသောငှါဍင်း၊ သူတပါးသည် ငါ့အား အပြစ်တင်လာမည်။ ထိုတင်သော အပြစ်မှ လွတ်လိုသောငှါဍင်း၊ အ

တတ်ပညာ စာပေကျမ်းဂန်တို့ကို သင်ရာ၏။ သင်၍ တတ်မြောက်ပြီးသျှင်လည်း၊သူတပါးတို့အား စောင်းမြောင်း,ချုပ်ချယ်နှိင်နယ်ရာ၏။ ထိုသူတို့သည်ကား ဤပစ္စုပ္ပန်လောက၌ ခပ်သိမ်းသော သူတို့ကဲ့ရဲ့သဖြင့်ဟ်ဆိုသည်ကို ခံရလေအံ့သို။ သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ် ဖြစ်၍၊ မောဃပုရိသ,မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်လေအံ့သည်။ ထို့ကြောင့်၊ မကောင်းသော အလိုဆန္ဒနှင့် သင်ခြင်းကို မြွေဖမ်းယောက်ျားကဲ့သို့ ဖြစ်၍၊အလဂဒ္ဒူပမာသင်ခြင်း ဆိုသည်ဟု မှတ်ရမည်။

၂၅၁။ ။နိဿရဏတ္ထ သင်ခြင်းဆိုသည်ကား အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း၊

> ယာပန သုဂဟိတာ သိက္ခာနုဒ္ဒါဒိ ပါရိပူရိယေဝ အာ
> ကင်္ခမာနေန ပရိယာပုဏာ၊ နဥပါရမ္ဘာဒိဟေတု အယံ
> နိဿရဏတ္ထာယ သန္တာယ ဝုတ္တံ၊ တေသံ တေမွော
> သုဂဟိတာ ဒီဃရတ္တံ ဟိတာယ,သုခါယ သံဝတ္တန္တိ၊
> တံ ကိဿဟေတု သုဂ္ဂဟိတတ္တာ ဘိက္ခဝေ ဓမ္မာနန္တိ၊

ဤသို့ ဟောတော်မူသည်၊ထိုသို့ ဟောတော်မူသော ပါဠိတော်,ပါဌ်၏ အနက်သော်ကား၊ ၊ယာပနသုဂဟိတာ—အကြင်ကောင်းစွာ သင်အပ်သို၊ အတ္ထိ—ရှိ၏၊ဟိလက္ခန္ဒာဒိပါရိပုရိယေဝ—သီလအစရှိသော ကျေးဖူးတို့၏ ပြည့်စုံခြင်းကိုသာလျှင်၊ အာကင်္ခမာနေန—တောင်းတသဖြင့်၊ ပရိယာပုဏာ—သင်၏၊ ဥပါရမ္ဘာဒိဟေတု—ချုပ်ချယ်ခြင်း အစရှိသော အကြောင်းကြောင့်၊နပရိယာပုဏာ-မသင်၊အယံပရိယတ္တိ-ဤသို့သော သင်ခြင်းသည်ကား၊နိဿရဏတ္ထာ—သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း အကျိုးရှိသော သင်ခြင်းလျှင်တည်း။ ယံသုဂတဥဂ္ဂဟဏံ—အကြင်ကောင်းစွာ သင်ခြင်းကို၊သန္ဓာယ—ရည်၍၊တေသံ တေမွော သုဂဟိတတ္တာ။ လ။ ဘိက္ခဝေဓမ္မာနန္တိ—တေသံ တေမွေ ။လ၊ ဓမ္မာနံ ဟူ၍၊ ဝုတ္တံ— ဟောတော်မူအပ်၏၊ သုဂဟိတာ— ကောင်းစွာ သင်အပ်ကုန်သော၊ တေမွော—ထိုတရားတို့သည်၊ တေသံကုလပုတ္တာနံ—ထိုအမျိုးသားတို့အား၊ ဒီဃရတ္တံ—ရှည်စွာသော နေ့ညဥ့်ပတ်လုံး၊ဟိတာယ—အ

စီးအပွါး၌၊ သုခါယ–ချမ်းသာခြင်း၌၊ သံဝတ္တန္တိ–ဖြစ်ကုန်၏၊ တံဟိတ သံဝတ္တနံ–ထို စီးပွါးချမ်းသာတို့၏ ဖြစ်ခြင်းသည်၊ ကိုံသဟောတု–အ ဘယ့်ကြောင့်နည်းဟူမူကား၊ဘိက္ခဝေ–ရဟန်းတို့၊ဓမ္မာနံ–တရားတို့၏၊ သုဂဟိတတ္တာ– ကောင်းစွာ သင်အပ်သောကြောင့်၊ သံဝတ္တန္တိ–ဖြစ် ကုန်၏၊ ဣတိ–ဤသို့၊ ဝုတ္တံ–ဟောတော်မူအပ်၏။

ဤသို့ ဟောတော်မူသော ပါဠိတော်ပါဌ်၌ နိဿရဏတ္ထ သင်ခြင်း ဆိုသော စကားအဓိပ္ပါယ်သော်ကား။–အတတ်ပညာ စာပေကျမ်းဂန် တို့ သင်၍ တတ်မှလည်း၊ ဤတရားကို ကျင့်သော်ကား၊ အပါယ်ငရဲ ကို ပေးတတ်၏၊ အကုသိုလ်တရား ဖြစ်သည်၊ ဤတရားကို ကျင့်သော် ကား၊ လူချမ်းသာ,နတ်ချမ်းသာ,နိဗ္ဗာန်ချမ်းသာကို ပေးတတ်၏။ ကု သိုလ်တရား ဖြစ်သည်ဟု ကျင့်အပ်,ဆောက်တည်အပ်သော တရား တော်ကို သိရသည်။ မကျင့်အပ်,မဆောက်တည်အပ်သော တရားကို လည်း သိရသည်၊ သူတပါးတို့အားလည်း သိစေရသည်၊ ထိုသို့ သိမှ လည်း၊ အမှန်ကို ကျင့်ရသည်၊ သူတပါးတို့အားလည်း ကျင့်စေရသည်၊ ထိုသို့ ကျင့်မှလည်း အတ္တဟိတ ကိုယ်၏ အစီးအပွါး၊ပရဟိတ သူတ ပါးတို့၏ အစီးအပွါး၊ ပစ္စုပ္ပန်သံသရာ အစီးအပွါး များအံ့သော အ ကြောင်း ဖြစ်သည်။ ထိုသို့ ဖြစ်မှသည်း သံသရာဝဋ်ဆင်းရဲမှ ထွက် မြောက်၍ မဂ်,ဖိုလ်,နိဗ္ဗာန်ကို ရသော အကြောင်း ဖြစ်သည်ဟု မဟာ ကုသိုလ်ဉာဏသမ္ပယုတ်စေတနာစိတ်နှင့်ယှဉ်ပါ၍ ပြဋ္ဌာန်းလျက် သင်ခြင်းသည် သာလျှင် အပါယ်လေးပါးမှ လွတ်၍ ဝဋ်တရားမှ ထွက်မြောက်သဖြင့်၊ မဂ်,ဖိုလ်နိဗ္ဗာန်ကို ရအံ့သော အကြောင်း ကောင်းသော သင်ခြင်းဖြစ်သည် ဖြစ်သောကြောင့်၊ ထိုသို့သော သင်ခြင်းကို နိဿရဏတ္ထ သင်ခြင်း ဆို သည်ဟု မှတ်ရမည်၊

၇၅၂။ ။ဘဏ္ဍာဂါရိက သင်ခြင်းဆိုသည်ကား အဓိပ္ပါယ် အဘယ် သို့ မှတ်ရအံ့နည်း။

ယံပန ပရိညာတက္ခန္ဓော ပဟိနကိလေသော ဘာဝိတ
မဂ္ဂေါ ပဋိဝိဒ္ဓေါ ကုပ္ပေါ သစ္ဆိကတနိရောဓော ခီဏာ
သဝေါ ကေဝလံ ပဝေဏိပါလနတ္ထာယ ဝံသာနု

ရက္ခနဏ္ဍာယ ပရိယာပုဏာတိ။ အယံဘဏ္ဍာဂါရိကော
ပရိယတ္တိတိ၊ ။

ဤသို့ ကျမ်းဂန် လာသို။ ထိုသို့ လာသော ပါဠိ၏ အနက်သဒ္ဒကား၊ ။ ယံပနပရိယတ္တိ-အကြင်သင်ခြင်းကို၊ ပရိညာတက္ခန္ဓာ-ပိုင်းခြား၍ သိအပ်သော ခန္ဓာရှိသော၊ ပဟီနကိလေသော-ပယ်အပ်ပြီးသော ကိလေသာ ရှိသော၊ ဘာဝိတမဂ္ဂေါ-ပွါးစေအပ်သော မဂ်ရှိသော၊ ပဋိဝိဒ္ဓါကုပ္ပေါ-သိပြီးသော အရဟတ္တဖိုလ် ရှိသော၊ သစ္ဆိကတနိရောဓော-မျက်မှောက်ပြုအပ်ပြီးသော နိဗ္ဗာန် ရှိသော၊ ခီဏာသဝေါ-အာသဝေါ ကုန်ပြီးသော ရဟန္တာသည်၊ ကေဝလံ-သက်သက်၊ ပဝေဏိပါလနတ္ထာယ- အစဉ်အဆက်ကို စောင့်အံ့သောငှါ၊ ဝံသာနုရက္ခနတ္ထာယ-အနွယ်ကို စောင့်အံ့သောငှါ၊ ပရိယာပုဏာတိ-သင်၏၊ အယံ-ဤသို့ သင်ခြင်းသည်ကား၊ ဘဏ္ဍာဂါရိကပရိယတ္တိနာမ- ဘဏ္ဍာ စိုးကဲ့သို့ သင်သည် မည်၏၊ ဣတိ-ဤသို့၊ ဝေဒိတဗ္ဗံ-သိအပ်၏၊

ဤပါဠိ၌ ဘဏ္ဍာဂါရိက သင်ခြင်းဆိုသော စကား၏ အဓိပ္ပါယ်သဒ္ဒကား။ ဒုက္ခသစ္စာ၊ ခန္ဓာငါးပါးကို ပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာ၊ တဏှာကို ပယ်ခြင်း၊ နိရောဓသစ္စာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း၊ မဂ္ဂသစ္စာ၊မဂ္ဂင်တရားရှစ်ပါးကို ပွါးစေခြင်း၊ ဤသစ္စာလေးပါးတရားကို တပြိုင်နက် တချက်တည်း ငြီးလျှက် အာသဝေါတရားလေးပါးတို့သည် စင်ကြယ် သန့်ရှင်း ကင်းတော်မူပြီးသော ရဟန္တာအရှင်မြတ်တို့၏ စာသင်ခြင်းတို့သည်ကား၊ နေဲသား,နောင်လာတို့ အနွယ် အစဉ်အဆက်မပျက် စောင့်စိမ့်သောငှါ သင်တော်မူသည်၊ ပန္တိမဘဝိက ဘဝဆုံးလေပြီး ဖြစ်သောကြောင့်၊ ထိုသင်သော အကျိုးစက်ကို မခံစားရပြီ။ ဥပမာကား၊ ရွှေနှင့် ငွေကို အပိုးရသော အရှင်ဧကရာဇ်၏ ရွှေတိုက်,ငွေတိုက်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရသော ဘဏ္ဍာစိုးသို့ မပျောက်မပျက်ရအောင်သာ ထိန်းသိမ်း စောင့်ရှောက်ရလေသည်။ ထိုတိုက်ထဲ,ကျီထဲ၌ ရှိသော ရွှေ,ငွေ,ကျောက်သံ,ပတ္တမြားတို့ကို မသုံးဆောင်ရသော ဘဏ္ဍာစိုးကဲ့သို့ ရဟန္တာအရှင်မြတ်တို့၏ စာသင်ခြင်းသည်လည်း နောင်သောအခါ အကျိုးစက်ကို မသုံးမဆောင်မခံစားရပြီ၊

ထိုသို့ မသုံးရ,မခံစားရခြင်းသည် မင်း၏ ဘဏ္ဍာစိုးနှင့် အလားတူကြသော့ကြောင့်,ရဟန္တာအရှင်မြတ်တို့၏ စာသင်ခြင်းကို ဘဏ္ဍာဂါရိကစာသင်ခြင်းဆိုသည်ဟု မှတ်ရမည်၊ ။ဤကား စာသင်ခြင်းသုံးပါး၏သရုပ်အဓိပ္ပါယ် အကျယ်တည်း။ ။ရင်း၌ လာသည်၊

၇၅၃၊ ။နိကာယ်အားဖြင့် ငါးပါးဆိုသည်ကား သရုပ်,သင်္ချာ,အဓိပ္ပါယ် အဘာယ်သို့ မှတ်ရအံ့နည်း။

ကထံ နိကာယတော ပဉ္စဝိဓံ၊ သဗ္ဗမေဝ ဟိဒံ

ဒီဃနိကာယော,မဇ္ဈိမနိကာယော,သံယုတ္တနိကာယော,

အင်္ဂုတ္တရနိကာယော,ခုဒ္ဒကနိကာယောတိ ပဉ္စဘေဒံ ဟောတိ၊

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ် အားဖြင့် ငါးပါးအပြား ရှိသည်ဟု မှတ်ရမည်၊

၇၅၄၊ ။ထို ငါးပါးသော နိကာယ်တို့တွင် ဒီဃနိကာယ် ဆိုသည်ကား။သရုပ်,သင်္ချာ,အဓိပ္ပါယ် အဘာယ်သို့ မှတ်ရအံ့နည်း၊

တတ္ထ ကတမော ဒီဃနိကာယော၊ တိဝဂ္ဂသင်္ဂဟာနိ,ဗြဟ္မ

ဇာလာဒီနိ,စတုတ္တိံသသုတ္တာနိ ဒီဃနိကာယောတိ ဝုစ္စတိ၊

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ သုံးပါးသော ဝဂ်တို့ဖြင့် ရေတွက်အပ်ကုန်သော၊ ဗြဟ္မဇာလသုတ်အစ ရှိကုန်သော သုံးဆဲ့လေးသုတ်တို့သည် ရှည်သော ပမာဏ ရှိကုန်သော သုတ်တို့၏ အပေါင်း ဖြစ်သော့ကြောင့်၊ဒီဃနိကာယ် မည်သည်ဟု မှတ်ရမည်။

၇၅၅၊ ။မဇ္ဈိမနိကာယ် ဆိုသည်ကား သရုပ်,သင်္ချာ,အဓိပ္ပါယ် အဘာယ်သို့ မှတ်ရအံ့နည်း၊

ကတမော မဇ္ဈိမနိကာယော မဇ္ဈိမပမာဏာနိ ပဉ္စဒသ

ဝဂ္ဂသင်္ဂဟာနိ မူလပရိယာယသုတ္တာဒီနိ ဒိယဍ္ဎသတ

ဒွေစ သုတ္တာနိ၊

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ တဆဲ့ငါးပါးသော ဝဂ်တို့ဖြင့် ရေတွက်အပ်ကုန်သော မူလပရိယာယသုတ် အစ ရှိသော တရာ့ငါးဆယ်နှစ်သုတ်တို့၏ အပေါင်းသည် မတိုမရှည် အလတ်အားဖြင့် ပမာဏရှိ

ကုန်သော သုတ်တို့၏ အပေါင်း ဖြစ်သော့ကြောင့်၊ မဇ္ဈိမနိကာယ် မည်သိဟု မှတ်ရမည်။

၅၇၆။ ။သံယုတ္တနိကာယ် ဆိုသည်ကား သရုပ်,သင်္ချာ,အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ကတမော သံယုတ္တနိကာယော ဒေဝတာသံယုတ္တာဒိ
ဝသေန ဌိတာနိ ဩဃတရဏာဒီနိ သတ္တသုတ္တ
သဟဿာနိ သတ္တစ သုတ္တသတာနိ ဒွါသဋ္ဌိစ သုတ္တာနိ။

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ သဂါထာဝဂ် အစ ရှိသည့်တို့ဖြင့် ရေတွက်အပ်ကုန်သော၊ ဩဃတရဏသုတ် အစ ရှိကုန်သော ခုနစ်ထောင်,ခုနစ်ရာ,ခြောက်ဆယ့်နှစ်သုတ်တို့သည် ဒေဝတာသံယုတ် အစ ရှိသော အားဖြင့် တည်ကုန်သော သုတ်တို့၏ အပေါင်း ဖြစ်သော့ငှ်၊ သံယုတ္တနိကာယ် မည်သည်ဟု မှတ်ရမည်။

၅၇၇။ ။အင်္ဂုတ္တရနိကာယ် ဆိုသည်ကား၊ သရုပ်,သင်္ချာ,အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ကတမော အင်္ဂုတ္တရနိကာယော ဧကကအင်္ဂါဒိရေက
ဝသေန ဌိတာနိ စိတ္တပရိယာဒါဒီနိ နဝသုတ္တသဟဿာ
နိ ပဉ္စသုတ္တသတာနိစ သတ္တပဉ္ဉာသ သုတ္တာနိ။

ဤသို့ ကျမ်းဂန် လာသော့ကြောင့်၊ ဧကနိပါတ်၊ ဒုကနိပါတ်၊ သံယုတ် အစ ရှိသော အားဖြင့် ရေတွက်အပ်ကုန်သော စိတ္တပရိယာဒါန သုတ် အစ ရှိကုန်သော ကိုးထောင်,ငါးရာ,ငါးဆယ်,ခုနစ်သုတ်တို့သည် အင်္ဂါ တပါးတပါး တိုးသောအားဖြင့် ထားအပ်ကုန်သော သုတ်တို့၏ အပေါင်း ဖြစ်သော့ကြောင့် အင်္ဂုတ္တရနိကာယ် မည်သည်ဟု မှတ်ရမည်။

၅၇၈။ ။ခုဒ္ဒနိကာယ် ဆိုသိကား သရုပ်,သင်္ချာ,အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ကတမော ခုဒ္ဒကနိကာယော သကလဝိနယ ပိဋကံ
အဘိဓမ္မာပိဋကံ ခုဒ္ဒကပါဌာဒယောစ ပုဗ္ဗေ နိဒဿိ
တာ။ ပဉ္စဒသဘေဒါ ဌပေတွာ စတ္တာရောနိကာယေ အ
ဝသေသံ ဗုဒ္ဓဝစနန္တိ။

ဤသို့ ကျမ်းဂန် လာသောကြောင့် အလုံးစုံသော ဝိနည်းပိဋကတ်သည် ၎င်း၊ အလုံးစုံသော အဘိဓမ္မာပိဋကတ်သည်၎င်း၊ ရှေ့၌ ဆိုအပ်ခဲ့ပြီးသော ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန၊ ဣတိဝုတ္တက၊ သုတ္တနိပါတ်၊ ဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ ထေရဂါထာ၊ ထေရီဂါထာ၊ ဇာတ်၊ နိဒ္ဒေသ၊ ပဋိသမ္ဘိဒါ၊ အပဒါန်၊ ဗုဒ္ဓဝင်၊ စရိယာပိဋကတ်၊ ဤတဆဲ့ငါးပါးသော ကျမ်းတို့သည်၎င်း၊ ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ဤလေးပါးသော နိကာယ်ကိုထား၍၊ ဤလေးပါးသော နိကာယ်တို့မှ ကြွင်းသော အလုံးစုံသော ဘုရားရှင့် စကားတော်သည် ငယ်သော ပမာဏရှိကုန်သော သုတ်တို့၏ အပေါင်း ဖြစ်သောကြောင့်၊ ခုဒ္ဒကနိကာယ် မည်သိ်ဟု မှတ်ရမည်။ ။ဤသည်ကား နိကာယ်ငါးပါးတို့၏ သရုပ်,သင်္ချာ, အဓိပ္ပါယ်အကျဉ်းတည်း။ ။၎င်း၌ လာသည်။

၇၅၉။ ။အင်္ဂါအားဖြင့် ကိုးပါးဆိုသည်ကား သရုပ်,သင်္ချာ,အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ကထံ အင်္ဂဝသေန နဝဝိဓံ သဗ္ဗမေဝဟိဒံ သုတ္တံ,ဂေယျံ, ဝေယျာကရဏံ, ဂါထံ, ဥဒါနံ, ဣတိဝုတ္တကံ, ဇာတကံ, အဗ္ဘုတဓမ္မံ,ဝေဒလ္လန္တိ နဝပဘေဒံ ဟောတိ။

ဤသို့ ကျမ်းဂန် လာသောငြောင့်၊ အလုံးစုံသော ဘုရားရှင့် စကားတော်သည် သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက အဗ္ဘုတဓမ္မ, ဝေဒလ္လ ဟူ၍ အင်္ဂါအားဖြင့် ကိုးပါး အပြားရှိသည်ဟု မှတ်ရမည်။

၇၆၀။ ။ထို ကိုးပါးတို့တွင် သုတ်ဆိုသည်ကား သရုပ်, သင်္ချာ ,အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

တတ္ထ ဥဘတောဝိဘင်္ဂ, နိဒ္ဒေသ,ခန္ဓက, ပရိဝါရ, သုတ္တနိပါတ,မင်္ဂလသုတ္တ, ရတနသုတ္တ, နာလကသုတ္တ,တုဝဋကသုတ္တာနိ အညံပိစ သုတ္တနာမကံ တထာဂတဝစနံ သုတ္တန္တိ ဝေဒိတဗ္ဗံ။

ဤသို့ ကျမ်းဂန် လာသောငြောင့်၊ ထိုကိုးပါးတို့တွင် ဥဘတောဝိဘင်၊ နိဒ္ဒေသ,ခန္ဓက,မဟာဝါ,စူဠဝါ,ပရိဝါ,သုတ္တနိပါတ်, မင်္ဂလသုတ်,ရတန

သုတ်,နာလကသုတ်,တုဝဋကသုတ်၊ ထိုမှတပါး သုတ်ဟူ၍ အမည် ရှိ ကုန်သော ဘုရားသခင့် တရားတော်သည် သုတ် မည်၏ဟု ခေါ်ဝေါ်သို ဟု မှတ်ရမည်။

၇၆၁။ ။ဂေယျဆိုသည်ကား သရုပ်,သင်္ချာ,အဓိပ္ပါယ် အဘာယ်သို့ မှတ်ရအံ့နည်း။

သဗ္ဗံပိ သဂါထကံ သုတ္တံ ဂေယျာတိ ဝေဒိတဗ္ဗံ၊ ဝိသေ
သေန သံယုတ္တနိကာယေ သကလောပိ သဂါထာဝဂ္ဂေါ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အလုံးစုံသော ဂါထာ ရှိသော သုတ် ကို ဂေယျမည်သည်ဟု မှတ်ရမည်။ ။အထူးအားဖြင့် သံယုတ်၌ အ လုံးစုံသော သဂါထာဝဂ်ကိုလည်း ဂေယျ မည်သည်ဟု မှတ်ရမည်။

၇၆၂။ ။ဝေယျာကရဏ ဆိုသည်ကား သရုပ်, သင်္ချာ, အဓိပ္ပါယ် အဘာယ်သို့ မှတ်ရအံ့နည်း။

သကလံပိ အဘိဓမ္မပိဋကံ နိဂါထကံ သုတ္တံယဉ္စ အညံပိ
အဋ္ဌဟိ အင်္ဂေဟိ အသင်္ဂဟိတံ ဗုဒ္ဓဝစနံ တံဝေယျာ
ကရဏန္တိ ဝေဒိတဗ္ဗံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊အလုံးစုံလည်း ဖြစ်သော အဘိဓမ္မာ ပိဋကတ်သည်၎င်း၊ ဂါထာ မရှိသော သုတ်သည်၎င်း၊ထိုမှတပါးလည်း အင်္ဂါရှစ်ပါးတို့ဖြင့် မရေတွက်အပ်သော အကြင်ဘုရား တရားတော်သည် ရှိ၏၊ ထိုတရားတော်သည်လည်း ဝေယျာကရဏ မည်သည်ဟု မှတ်ရမည်။

၇၆၃။ ။ဂါထာဆိုသည်ကား သရုပ်,သင်္ချာ, အဓိပ္ပါယ် အဘာယ်သို့ မှတ်ရအံ့နည်း။

ဓမ္မပဒ, ထေရဂါထာ, ထေရီဂါထာ၊ သုတ္တနိပါတေ နော
သုတ္တနာမိကာ သုဒ္ဓိက ဂါထာစ ဂါထာတိ ဝေဒိတဗ္ဗာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ဓမ္မပဒ,ထေရဂါထာ,ထေရီဂါထာ သည်၎င်း၊ သုတ္တနိပါတ်၌ လာသော သုတ်ဟူ၍ အမည်ရှိသော သက် သက်သော ဂါထာသည်၎င်း၊ ဂါထာ မည်သည်ဟု မှတ်ရမည်။

၇၆၄။ ။ဥဒါန ဆိုသည်ကား သရုပ်,သင်္ချာ,အဓိပ္ပါယ် အဘာယ်သို့ မှတ်ရအံ့နည်း။

သောမနဿဉာဏ်ယုတ်ကာ ဂါထာ ပဒိုသံသုတ္တာ နွေ
အဘိတိ သုတ္တန္တာ ဥဒါနန္တိ ဝေဒိတဗ္ဗ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ သောမနဿ ဉာဏ်ဖြင့် ရွတ်တော်မူအပ်သော အနုကဇာတိသံသာရံ အစ ရှိသော ရှစ်ဆဲ့နှစ်သုတ်တို့သည် ဥဒါန်း မည်သည်ဟု မှတ်ရမည်။

၇၆၅။ ။ဣတိဝုတ္တက ဆိုသည်ကား သရုပ်, သချ်ာ, အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ဝုတ္တံ ဟေတံ ဘဂဝတာ အာဒိနယပဝတ္တာ အဋ္ဌဒသုတ္တရ
သတသုတ္တန္တာ ဣတိဝုတ္တကန္တိ ဝေဒိတဗ္ဗံ။

ဤသို့ ကျမ်းဂန် လာသောငြော်၊ ဝုတ္တံ ဟေတံ ဘဂဝတာဟု အစ ချီ၍ ထားအပ်သော တရာ့တဆဲ့ရှစ်သုတ်တို့သည် ဣတိဝုတ္တကမည်သည်ဟု မှတ်ရမည်။

၇၆၆။ ။ဇာတက ဆိုသည်ကား သရုပ်,သချ်ာ, အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

အပဏ္ဏကဇာတကာဒီနိ ပဉ္စာသာဓိကာနိ ပဉ္စဇာတက
သတာနိ ဇာတကန္တိ ဝေဒိတဗ္ဗံ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ အပဏ္ဏကဇာတ်,အစ ရှိကုန်သော ငါးရာငါးဆယ်သော ဇာတ်တို့သည် ဇာတက မည်သည်ဟု မှတ်ရမည်၊

၇၆၇။ ။အဗ္ဘုတဓမ္မ ဆိုသည်ကား သရုပ်,သချ်ာ,အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း၊

စတ္တာရောမေ ဘိက္ခဝေ အစ္ဆရိယာ အဗ္ဘုတဓမ္မာ
အာနန္ဒေတိ အာဒိနယပ္ပဝတ္တာ သဗ္ဗေပိ အစ္ဆရိယာ ဗ္ဘုတ
ဓမ္မပဋိသံယုတ္တာ သုတ္တန္တာ အဗ္ဘုတဓမ္မန္တိ ဝေဒိတဗ္ဗံ၊

ဤသို့ ကျမ်းဂန် လာသောကြောင့်၊—

စတ္တာရောမေ ဘိက္ခဝေ အစ္ဆရိယာ အဗ္ဘုတ ဓမ္မာ အာနန္ဒေ၊

ဤသို့ အစ ရှိသော အံ့ဘွယ်နှင့် ယှဉ်သော ခပ်သိမ်းသော သုတ်တို့သည် အဗ္ဘုတဓမ္မ မည်သည်ဟု မှတ်ရမည်၊

၇၆၀၊ ။ဂဝေဒလ္လ ဆိုသည်ကား သရုပ်,သချိုး,အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

ရှုဋ္ဌဝေဒလ္လ မဟာဝေဒလ္လ သမ္မာဒိဋ္ဌိ သက္ကပဉှာ သင်္ခါရ ဘာဇနိယ မဟာပုဏ္ဏမသုတ္တန္တာဒယော သဗ္ဗေပိ ဝေ ဒလ္လဉ္စ တုဋ္ဌိဉ္စ လဒ္ဓါ ပုဋ္ဌိတသုတ္တန္တာ ဝေဒလ္လန္တိ ဝေဒိတဗ္ဗာ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ ရှုဋ္ဌဝေဒလ္လသုတ်၊ မဟာဝေဒလ္လ သုတ်၊သမ္မာဒိဋ္ဌိသုတ်၊သက္ကပဉှာသုတ်၊ သင်္ခါရဘာဇနိယသုတ်၊ မဟာ ပုဏ္ဏမသုတ်,အစ ရှိကုန်သော ဝမ်းမြောက်,ဝမ်းသာခြင်းကို ရ၍ မေး အပ်,ဖြေအပ်ကုန်သော သုတ္တန်တရားတို့သည် ဝေဒလ္လ မည်သည်ဟု မှတ် ရမည်။ ။ဤသည်ကား၊ အင်္ဂါကိုးပါး၏ သရုပ်,သချိုး,အဓိပ္ပါယ်,အ ကျယ်လျှင်တည်း။ ။ငင်း၌ လာသည်။

၇၆၁၊ ။ဓမ္မခန္ဓာ အားဖြင့် ရှစ်သောင်းလေးထောင် ဆိုသည်ကား သရုပ်,သချိုး,အဓိပ္ပါယ် အဘယ်သို့ မှတ်ရအံ့နည်း။

တတ္ထ ကောနုသန္ဓိကံ သုတ္တံ ဧကောဓမ္မက္ခန္ဓော၊ ယံ အနေကာနုသန္ဓိကံ တတ္ထ အနုသန္ဓိဝသေန ဓမ္မခန္ဓ ဂဏနာ ဂါထာဗန္ဓေသု ပဉှာပုစ္ဆနံ ဧ ောဓမ္မခန္ဓော၊ ဝိဿဇ္ဇနံ ဧကော။ အဘိဓမ္မေ ဧကမေကံ တိက္ကဒုက္ကဘာ ဇနံ ဧကမေကဉ္စ စိတ္တဝါရဘာဇနံ ဧကကော ဓမ္မခန္ဓော။ ဝိနယေပန အတ္ထိ ဝတ္ထု၊ အတ္ထိ မာတိကာ၊ အတ္ထိ ပဒ ဘာဇနာနိ၊အတ္ထိ အန္တရာပတ္တိ၊ အတ္ထိ အာပတ္တိ၊ အတ္ထိ အနာပတ္တိ၊အတ္ထိ တိကစ္ဆေဒေါ၊ တတ္ထ ဧကမေကော ကောဋ္ဌာသော ဧကမေကော ဓမ္မခန္ဓောတိ ဝေဒိတဗ္ဗော၊ ဧဝံ ဓမ္မခန္ဓဝသေန စတုရာသီတိသဟဿဝိဓံ ဟောတိ။

ဤသို့ ကျမ်းဂန် လာသောကြောင့်၊ဓမ္မခန္ဓာအပေါင်း ရှစ်သောင်းလေး ထောင်တို့တွင် တခုသော အနုသန္ဓေ ရှိသော သုတ်သည် တခုသော ဓမ္မခန္ဓာ မည်၏။ အနုသန္ဓေ အများ ရှိသော သုတ်သို့ အနုသန္ဓေ အရေ အတွက်အားဖြင့် ဓမ္မခန္ဓာ အရေအတွက်တို့သည် ဖြစ်ကုန်၏။ ဂါထာ

ဗန္ဓတို့၌ မေးခြင်းသည် တခုသော ဓမ္မခန္ဓာ မည်၏။ ဖြေခြင်းသည် တခုသော ဓမ္မခန္ဓာ မည်၏။ အဘိဓမ္မာ၌ တပါးပါးသော တိကံ,ဒုကံကို ခွဲဝေခြင်းသည်၎င်း၊ စိတ်၏ ဝါရကို ခွဲဝေခြင်းသည်၎င်း၊ တပါးပါးသည် ဓမ္မခန္ဓာ မည်၏။ ဝိနည်း၌ကား၊ တပါးပါးသော သိက္ခာပုဒ်၌ ဝတ္ထု ရှိ၏။ မာတိကာ ရှိ၏။ ပဒဘာဇနီ ရှိ၏။ တိကစ္ဆေဒ ရှိ၏။ အာပတ္တိ ရှိ၏။ အနာပတ္တိ ရှိ၏။ အန္တရာ ပတ္တိ ရှိ၏။ ဤသို့ အစ ရှိသော တပါးပါးသော အစုသည် တပါးတပါး သော ဓမ္မခန္ဓာ မည်၏။ ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော အလုံးစုံသော တရားတော်သည် ဓမ္မခန္ဓာအားဖြင့် ရှစ်သောင်းလေးထောင် ရှိသည်ဟု မှတ်ရမည်။ ။ဤသည်ကား ဓမ္မခန္ဓာအပေါင်း ရှစ်သောင်းလေးထောင် တို့၏ သရုပ်,သင်္ချာ,အဓိပ္ပါယ်လျှော်တည်း။ ။၎င်း၌ လာသည်။

၇၇၀။ ။သိဒ္ဓတ္ထကုမာရ မင်းသားသည် နှစ်ဆဲ့ကိုးနှစ်တွင် တောထွက်တော်မူ၍ ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်တော်မူလျှင်၊ သုံးဆဲ့ငါး နှစ်တွင် ဘုရားအဖြစ်သို့ ရောက်တော်မူသဖြင့်၊ လေးဆဲ့ငါးဝါပတ်လုံး ဓမ္မခန္ဓာ အပေါင်း ရှစ်သောင်းလေးထောင်တို့ကို ဟောတော်မူ၍ အသက်တော် ရှစ်ဆယ်ပြည့်တော်မူလျှင်၊ အဘယ်အရပ်၌ ပရိနိဗ္ဗာန် စံတော်မူသနည်း။

ဓမ္မစက္ကပဝတ္တနံ ဟိ အာဒိံ ကတွာ ယာဝသုဘဒ္ဒပရိဗ္ဗာ
ဇကာဝိနယာ ကတဗုဒ္ဓကိစ္စေ ကုသိနာ္ရာယံ ဥပဝတ္တနေ
မလ္လာနံ သာလဝနေ ယမကသာလာနမန္တရေ ဝိသာခါ
ပုဏ္ဏမဒိဝသေ ပစ္စူသသမယေ အနုပါဒိသေသာယ
နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတေ ဘဂဝတိ လောကနာထေ။

ဤသို့ ကျမ်းဂန်လာ သောင့်၊ ဓမ္မစကြာ တရားကို ဟောတော်မူသည်မှ အညာတကောဏ္ဍည အစ, သုဘဒ္ဒအဆုံး၊ နှစ်ဆဲ့လေးသင်္ချေ အရေအတွက် ရှိကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့ကို လေးဆဲ့ငါးဝါ ပတ်သုံး ဓမ္မခန္ဓာ အပေါင်း ရှစ်သောင်းလေးထောင်တို့ကို ဟောတော်မူ၍၊ အမြိုက်ရေပြည် နိဗ္ဗာန်သို့ ပို့ဆောင်တော်မူသဖြင့်၊ ပြီးပြီးသော ဗုဒ္ဓကိစ္စ ရှိသည် ဖြစ်၍၊ အသက်တော် ရှစ်ဆယ်ပြည့်တော်မူလျှင်၊ ကုသိနာရုံ ပြည်၏ အနီးအကျေ ဖြစ်သော မလ္လာမင်းတို့၏ အင်ကြင်းတောဝယ်

အစုံ ရောက်သော အင်ကြင်းပင်ပျိုတို့၏ အကြား၌ ကနေရန်လ ပြည့် မိုး သောက်ထ အခါ၊သလွန်ပေါ် တွင် လျောင်းတော်မူလျက်၊မြောက်သို့ ဦးခေါင်းထားတော်မူ၍၊ ကမ္ဘာဇရှစ်အကြွင်း မရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူသည်ဟု မှတ်ရမည်၊ ။မလ္လာမင်းတို့၏ ဥယျာဉ်ကား ကုသိနာရုံပြည် ၏ အနောက်ဘောင်ထောင့် ဖြစ်သည်၊ အကွေ့ ဆိုသည်ကား အင်ကြင်းပင်ပျိုတို့၏ အပုံတို့သည် ထိုဥယျာဉ်မှ အရှေ့ကျသည်၊ထိုဥယျာဉ် မှ ထွက်လေ၍၊ တောင်တံခါးဖြင့် ဝင်လေသော သူတို့သည် ထိုအကွေ့သို့ ရောက်လေလျှင်၊ မြောက်သို့ လည်၍ သွားလေကုန်လျက်၊ မြို့တွင်းသို့ ဝင်လေကုန်သည်၊ထိုအကွေ့၌ အင်ကြင်းပင်ပျို နှစ်ပင်တို့သည်ကား အခက် အရွက်ချင်း ထိကြလျက် ခေါင်းတော်၌ တပင်၊ခြေရင်းတော်၌ တပင်၊ ရှိကုန်သည်၊ထို့ကြောင့်၊ခရီးဖြည့်၍၊မြောက်သို့ သွားရာ အရင်ကွေ့လျှင် အကွေ့ ဟူ၍ ဆိုသည်ဟု မှတ်ရမည်၊

၇၇၁၊ ။ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူသည် ကာလ စည်းဝေး တော်မူကုန်သော သင်္ဃာတော်တို့သည်ကား အဘယ်မျှလောက်သော၊ အရေအတွက် ရှိအံ့နည်း၊

ဘဂဝတော ပရိနိဗ္ဗာနေ သန္နိပတိတာနံ သတ္တန္နံ
ဘိက္ခုသတသဟဿာနံ သင်္ဃထေရော အာယသ္မာ
မဟာကဿပေါ၊

ဤသို့ ကျမ်းဂန် လာသေ့ာကြောင့်၊ဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူသော ကာလ စည်းဝေးကုန်သော ရဟန်း,သံဃာတို့သည်ကား အရှင် မဟာ ကဿပ အမှူး ရှိသော ခုနစ်သိန်းသော သံဃာထေရ်တို့သည် စည်း ဝေးကုန်သည်၊ ခုနစ်သိန်း ဆိုသည်ကား၊ သံဃာတော်ထေရ်ကိုသာ ဆိုသည်၊ရဟန်းသံဃာတို့ကား အတိုင်းမသိ အလွန် များကုန်၏ဟု ဋီကာ၌ ဆိုသည်ဟု မှတ်ရမည်၊ ။၎င်း၌ လာသည်၊

ဝေဠံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ဝိပါကော ဟောတိ အစိန္တိယော၊

ဧဝံ ယထာဝုတ္တပကာရေန–အကြင်အကြင်သို့သော အပြား အားဖြင့်၊ ဗုဒ္ဓါ–ဘုရားသခင်တို့ကို၊ အစိန္တိယာ–ဤမျှ,ဤရွေ့ဟု မကြံအပ်,မကြံ

နိုင်ကုန်၊ ဗုဒ္ဓဂုဏာ–ဘုရားသခင် ကျေးဇူးတော်တို့ကိုလည်း၊ အစိန္တိယာ–ဤမျှ,ဤရွေ့ဟု မကြံအပ်,မကြံနိုင်ကုန်၊ အစိန္တိယေ–ဤမျှ,ဤရွေ့ဟု မကြံအပ်,မကြံနိုင်ကုန်သော ဘုရားသခင် ဂုဏ်ကျေးဇူးတော်တို့ကို၊ ပသန္နာနံ–ကြည်ညိုကုန်သော သူတို့အား၊ အစိန္တိယော ဤမျှ,ဤရွေ့ မကြံအပ်,မကြံနိုင်သော၊ ဝိပါကော–အကျိုးသည်၊ ဟောတိ၊ ဖြစ်၏။

ဧဝံ အစိန္တိယာ ဓမ္မာ၊ ဓမ္မဂုဏာ အစိန္တိယာ။
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော၊

ဧဝံ ယထာဝုတ္တပကာရေန–အကြင်အကြင်သို့သော အပြားအားဖြင့်၊ ဓမ္မာ–ဘုရားသခင် ဟောတော်မူအပ်သော တရားတော်တို့ကို၊ အစိန္တိယာ–ဤမျှ,ဤရွေ့ မကြံအပ်,မကြံနိုင်ကုန်၊ ဓမ္မဂုဏာ–ဘုရားသခင် ဟောတော်မူအပ်သော တရားတော်၏ ဂုဏ်ကျေးဇူးတော်တို့ကိုလည်း၊ အစိန္တိယာ–ဤမျှ,ဤရွေ့ဟု မကြံအပ်,မကြံနိုင်ကုန်။ အစိန္တိယေ–ဤမျှ,ဤရွေ့ဟု မကြံအပ်,မကြံနိုင်သော ဘုရားသခင် ဟောတော်မူအပ်သော တရားတော်၏ ဂုဏ်ကျေးဇူးတော်တို့ကို၊ ပသန္နာနံ–ကြည်ညိုကုန်သော သူတို့အား၊ အစိန္တိယော–ဤမျှ,ဤရွေ့ဟု မကြံအပ်,မကြံနိုင်ကုန်သော၊ ဝိပါကော–အကျိုးသည်၊ ဟောတိ–ဖြစ်၏၊

ဧဝံ အစိန္တိယာ သံဃာ၊ သံဃဂုဏာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော၊

ဧဝံ ယထာဝုတ္တပကာရေန–အကြင်အကြင်သို့သော အပြားအားဖြင့်၊ သံဃာ–ဘုရားတပည့်သား,အရိယာသံဃာတော်မြတ်တို့ကို၊ အစိန္တိယာ–ဤမျှ,ဤရွေ့ဟု မကြံအပ်,မကြံနိုင်ကုန်။ သံဃဂုဏာ–ဘုရားသခင် တပည့်သား, အရိယာ သံဃာတော်မြတ်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကိုလည်း၊ အစိန္တိယာ–ဤမျှ,ဤရွေ့ဟု မကြံအပ်,မကြံနိုင်ကုန်၊ အစိန္တိယေ–ဤမျှ,ဤရွေ့ဟု မကြံအပ်,မကြံနိုင်သော ဘုရားသခင် တပည့်သား, အရိယာသံဃာတော်မြတ်တို့၏ ဂုဏ်ကျေးဇူးတော်တို့ကို၊ ပသန္နာနံ–ကြည်ညိုကုန်သော သူတို့အား၊ အစိန္တိယော–ဤမျှ,ဤရွေ့ဟု မကြံအပ်,မကြံနိုင်သော၊ ဝိပါကော–အကျိုးသည်၊ ဟောတိ–ဖြစ်၏၊

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော
သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝ
မနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ။

၁။ အရဟံ—ရာဂ အစရှိသော ကိလေသာ အပေါင်းတို့မှ မြေနှင့်ဘင်္ဂ
မက ဝေးတော်မူသည်၏ အဖြစ်ကြောင့်ရင်း။ ဝါ—သံသရာ
ဝဋ် အကွပ်,အကန့်တို့ကို ချိုးပဲ့,ဖျက်ဆီးတော်မူတတ်သည်၏
အဖြစ်ကြောင့်ရင်း။ ဝါ—ခပ်သိမ်းသော လူ,နတ်,ဗြဟ္မာ,သတ္တ
ဝါအပေါင်းတို့၏ ပူဇော်သကာ အထူးကို ခံတော်မူတတ်သည်
၏ အဖြစ်ကြောင့်ရင်း၊ ဝါ—ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှု
ကို ပြုခြင်းငှာ ထိုက်တော်မမူသည်၏ အဖြစ်ကြောင့်ရင်း။
ဣတိပိ ဣမိနာပိ ကာရဏေန—ဤသို့သော အကြောင်းကြောင့်
လည်း၊ သော ဘဂဝါ—ထိုမြတ်စွာ ဘုရားသည်၊ အရဟံ—အရဟာ
မည်တော်မူ၏။

၂။ သမ္မာသမ္ဗုဒ္ဓေါ—သင်္ခါရ၊ ဝိကာရ၊ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ် တည်း
ဟူသော ညေယျဓံ တရားငါးပါးတို့ကို အကြွင်းမရှိ သိတော်
မူ၍ သဗ္ဗညုတဉာဏ်ကို ရတော်မူ၏။ ဣတိ ဣမိနာ ကာရ
ဏေန—ဤသို့သော အကြောင်းငေ့လည်း၊ သော ဘဂဝါ—
ထိုမြတ်စွာဘုရားသည်၊ သမ္မာသမ္ဗုဒ္ဓေါ—သမ္မာသမ္ဗုဒ္ဓ မည်
တော်မူ၏။

၃။ ဝိဇ္ဇာစရဏသမ္ပန္နော—ဝိဇ္ဇာရှစ်ပါး၊ စရဏတဆဲ့ငါးပါးတို့နှင့် ပြည့်
စုံတော်မူ၏။ ဣတိပိ ဣမိနာပိ ကာရဏေန—ဤသို့သော အ
ကြောင်းငေ့လည်း၊ သော ဘဂဝါ—ထို မြတ်စွာဘုရားသခင်သည်၊
ဝိဇ္ဇာစရဏသမ္ပန္နော—ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သုဂတော—လေးပါးသော အရိယာမဂ်တည်းဟူသော လမ်းခရီး
ဖြင့်၊ နိဗ္ဗာန်တည်းဟူသော လွင်သို့ တင့်တယ်စွာ သွားတော်
မူတတ်သည်၏ အဖြစ်ကြောင့်ရင်း၊ ဝါ-သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ
အစ ရှိသော ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့ကို မလားမကပ်၊
ကောင်းမြတ်သော စကားကို ဆိုတော်မူတတ်သည်၏ အ

ဖြစ်ကြောင်းရင်း၊ ဓွာတ်ပိ ဋ္ဌမိနာ၁စကာ၁ရဏေန–ဤသို့သော အကြောင်းကြောင့်လည်း၊ သော၁ဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ သုဂတော–သုဂတ မည်တော်မူ၏။

၅။ လောကဝိဒူ–သင်္ခါရလောက၊ သတ္တလောက၊ ဩကာသလောက တည်းဟူသော လောကသုံးပါးတို့ကို ခပ်သိမ်းသော အပြားအားဖြင့် သိတော်မူနိုင်၏၊ ဓွာတိပိဋ္ဌမိနာ၁စ ကာ၁ရဏေန–ဤသို့သောအကြောင်းကြောင့်လည်း၊ သော၁ဘဂဝါ–ထို မြတ်စွာဘုရားသည်၊ လောကဝိဒူ–လောကဝိဒူ မည်တော်မူ၏။

၆။ အနုတ္တရောပုရိသဒမ္မသာ၁ရထိ–သီလ၊သမာဓိ၊ပညာ၊ဝိမုတ္တိ၊ဝိမုတ္တိဉာဏဒဿန ဟူသော ကျေးဇူးတော်ဖြင့် အတုမရှိသည် ဖြစ်၍ မယဉ်ကျေးသော မြင်း,ရထား‌တို့ကို ယဉ်ကျေးကောင်းမွန်အောင် ဆုံးမတတ်သော ရထားထိန်းသဖွယ်ကဲ့သို့ မကျွတ်သေးသော ဝေနေယျ သတ္တဝါအပေါင်းတို့အား တရားဓမ္မ၊မြှင်ရသဖြင့် ဆုံးမတော်မူနိုင်၏၊ဓွာတိပိဋ္ဌမိနာ၁စ ကာ၁ရဏေန–ဤသို့သော အကြောင်းကြောင့်လည်း၊သော၁ဘဂဝါ–ထိုမြတ်စွာဘုရားသခင်သို့၊ အနုတ္တရောပုရိသဒမ္မသာ၁ရထိ–အနုတ္တရောပုရိသဒမ္မသာ၁ရထိ မည်တော်မူ၏။

၇။ သတ္ထာဒေဝ မနုဿာနံ–ပဋ္ဌပြုန်လောက၊ တမလွန်လောက၌ မဂ်,ဖိုလ် ဟူသော အကျိုးတို့ကို မိမိတို့နှင့် ထိုက်သည့်အားလျော်စွာ လူ,နတ်တို့အား ဆုံးမတော်မူနိုင်၏၊ ဓွာတိပိဋ္ဌမိနာ၁စ ကာ၁ရဏေန–ဤသို့သော အကြောင်းငှ်လည်း၊ သော၁ဘဂဝါ–ထို မြတ်စွာဘုရားသည်၊ သတ္ထာဒေဝမနုဿာနံ–သတ္ထာဒေဝ မနုဿ မည်တော်မူ၏။

၈။ ဗုဒ္ဓေါ–သစ္စာလေးပါးတရားကိုလည်း သူ မဆို၊ အလိုလို အရ ပဋိဝေဓဉာဏ်ဖြင့် ကိုယ်တိုင်တော် သိတော်မူနိုင်၏၊ဝါ–သူတပါးတို့အားလည်း သိစေတော်မူနိုင်၏၊ ဓွာတိပိဋ္ဌမိနာ၁စ ကာ၁ရဏေန–ဤသို့သော အကြောင်းကြောင့်လည်း၊ သော၁ဘဂဝါ–ထိုမြတ်စွာဘုရားသည်၊ဗုဒ္ဓေါ–ဗုဒ္ဓ မည်တော်မူ၏။

၉။ ဘဂဝါ—ဓုသလရိယ၊မွေ၊ယသ၊သိရိ၊ ကာမ၊ ပယတ္တနတည်း ဟူသော ခြောက်ပါးသော ဘုန်းတော်တို့နှင့် ပြည့်စုံတော်မူ၏။ ဓုတိပိဋကနိနာဝစ ကာရဏေန—ဤသို့သော အကြောင်းကြောင့်လည်း၊သောဘဂဝါ—ထိုမြတ်စွာဘုရားသို၊ဘဂဝါ—ဘဂဝါမည်တော်မူ၏။ဓုဘိဓုမေ နဝဂုဏာ—ဤကိုးပါးသော ဂုဏ်တော်တို့သို၊ဗုဒ္ဓဂုဏာနာမ—ဘုရားသခင် ဂုဏ်တော်မည်၏။ ။ ဘုရားသခင် ဂုဏ်တော်ကိုးပါး။

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ၊

၁။ ဘဂဝတော—မြတ်စွာဘုရားသည်၊သွာက္ခာတော—အစ,အလယ်,အဆုံး သုံးပါးလုံးကောင်းခြင်း အနက်,သဒ္ဒါနှင့် တကွ ပြည့်စုံစင်ကြယ်ခြင်းနိဗ္ဗာန်အားလျော်သော အကျင့်၊ အကျင့်အားလျော်သော နိဗ္ဗာန်ကို ကောင်းစွာ ဟောတော်မူအပ်သော၊ ဓမ္မော—ဆယ်ပါးသော တရားတော်ဂုဏ်ရှင်။

၂။ သန္ဒိဋ္ဌိကော—ရာဂ အစ ရှိသည်၏ မရှိခြင်းကို ပြုလျက်၊အလိုလို မြင်အပ်သော ကောင်းသော မြင်ခြင်းဖြင့် ကိလေသာတို့ကို အောင်တတ်သော၊ကောင်းစွာ မျက်မှောက် ပြုခြင်းကို ထိုက်သော၊ ဓမ္မော—ဆယ်ပါးသော တရားတော်ဂုဏ်ရှင်။

၃။ အကာလိကော—ငါးရက်,ခုနစ်ရက် အစရှိသော ကာလကို ကုန်စေ၍ အကျိုးကို မပေးပဲ၊ မိမိ၏ အခြားမဲ့၌ အကျိုးကို ပေးတတ်သော ဓမ္မော—ဆယ်ပါးသော တရားတော်ဂုဏ်ရှင်။

၄။ ဧဟိပဿိကော—အညစ်အကြေးကင်းသော ကောင်းကင်၌ လပြည့်ဝန်းကဲ့သို့ ပဏ္ဍုကမ္ဗလာ၌ ထားအပ်သော မြစစ်ကဲ့သို့ စင်ကြယ်သော အဖြစ်ကြောင့် လာလှည့်,ရှုလှည့်ဟု ဆိုခြင်းငှါ ထိုက်သော၊ဓမ္မော—ဆယ်ပါးသော တရားတော်ဂုဏ်ရှင်။

၅။ ဩပနေယိကော—မိမိစိတ်၌ ဆောင်ခြင်းကို ထိုက်သော နိဗ္ဗာန်သို့ ဆောင်တတ်သို ဖြစ်၍ နိဗ္ဗာန်သို့ မျက်မှော် ပြုခြင်းသို့ဆောင်တတ်သော၊ ဓမ္မော—ဆယ်ပါးသော တရားတော်ဂုဏ်ရှင်။

၆၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ—ဥဃဋိတညူ,ဝိပဉ္စိတညူ, နေယျ ပုဂ္ဂိုလ်တို့သည် မိမိတို့၏ စိတ်၌ သိအပ်,ပွားစေအပ်,မျက်မှောက် ပြုစေအပ်သော၊ ဓမ္မော—ဆယ်ပါးသော တရားတော် ဂုဏ် တော်ရင်း၊ ဣတိဣမေဆဂုဏာ—ဤခြောက်ပါးသော ဂုဏ် တော်တို့သည်၊ဓမ္မဂုဏာနာမ—တရားတော် ဂုဏ်တော်မည်၏။ ။ တရားတော် ဂုဏ်တော်၆ပါး၊

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ဥဇုပဋိပန္နော ဘဂဝ တော သာဝကသံဃော၊ ဉာယပဋိပန္နော ဘဂဝတော သာဝကသံ ဃော၊ သာမီစိပဋိပန္နော ဘဂဝတော သာဝကသံဃော၊ယဒိဒံစတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ၊ဧသဘဂဝတော သာဝကသံဃော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီ ယော၊အနုတ္တရံ ပုညခေတ္တံ လောကဿာတိ။

၁၊ သုပ္ပဋိပန္နော—ကောင်းစွာ ဟောတော်မူအပ်သော သုတ်,အဘိဓမ္မာ, ဝိနည်းတရားတော်၌ ဆုံးမတော်မူအပ်သော အတိုင်း၊အပြစ် မရှိ ကောင်းသော အကျင့်ကို ကျင့်သော ဂုဏ်တော်။

၂၊ ဥဇုပဋိပန္နော—အယုတ် တရားသို့ မကပ်ပဲ၊မကောင်းသော အပြစ် ကို ပယ်၍ ဖြောင့်စွာ ကျင့်သော ဂုဏ်တော်။

၃၊ ဉာယပဋိပန္နော—သိအပ်သော နိဗ္ဗာန်၏ သိခြင်းအကျိုးငှါ ကျင့် သော ဂုဏ်တော်၊

၄၊ သာမီစိပဋိပန္နော—ဂုဏ်၏ ပွားခြင်းကြောင့် သူတပါးတို့သည် ပြု အပ်သော ကြိုဆို,ထကြွခြင်း အစ ရှိသော ရိုသေကြိုးနွံသော အမှုကို ပြုခြင်းငှါ ထိုက်သော အကျင့်ကို ကျင့်သော ဂုဏ် တော်။

၅၊ အာဟုနေယျော—အဝေးအရပ်မှ ဆောင်ခဲ့၍ ပူဇော်အပ်သော ပစ္စည်းလေးပါးတို့ကို ခံခြင်းငှါ ထိုက်သော၊ထိုအလှူ၏ အကျိုး ကြီးခြင်းကို ပြုအပ်သော ဂုဏ်တော်၊

၆၊ ပါဟုဏေယျော–အရပ်လေးမျက်နှာမှ လာကုန်သော ဆွေမျိုးတို့၏ အလို့ငှါ ရှိသေစွာ စီရင်အပ်သော ဧည့်သည်တို့အား ပေးအပ်သော ဝတ္ထုကို ခံခြင်းငှါ ထိုက်သော ဂုဏ်တော်။

၇။ ဒက္ခိဏေယျော–တမလွန်ဘဝ အကျိုးကို ယုံကြည်၍ လှူအပ်သော အလှူဝတ္ထုကို ခံခြင်းငှါ ထိုက်သော ဂုဏ်တော်၊

၈။ အဉ္ဇလိကရဏီယော–လက်နှစ်ဖက်တို့ဖြင့် ဦးခေါင်း၌ တင်ဆော်၍ ခပ်သိမ်းသော သူတို့သည် လက်အုပ်ချီခြင်းကို ခံထိုက်သော ဂုဏ်တော်၊

၉၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ–ခပ်သိမ်းသော သူတို့ အတုမရှိကောင်းမှုကို စိုက်ပျိုးရာ, လယ်တာမြေကောင်းသဖွယ်ကဲ့သို့ ဖြစ်သော ဂုဏ်တော်၊ ဇာတိဇ္ဇာမေနဝဂုဏာ–၍ ကိုးပါးသော ဂုဏ်တော်တို့သို့။သံဃာဂုဏာနဝမ–သံဃာတော် ဂုဏ်တော် မည်ကုန်၏။ ။သံဃာတော်ဂုဏ်တော်ကိုးပါး။

ဤ ရတနာသုံးပါးဂုဏ်တော်ကို စေတနာဉာဏဿဟာ,ဗလဝသတ္တိဖြင့် ဂရုဂါရဝ အရိုအသေ,အလေးအမြတ် ပြု၍ နေ့,ည မပြတ် စီးဖြန်း,ရွတ်ဖတ်,သရဇ္ဈာယ်,ကိုးကွယ်,ဆောက်တည်ရသော သူတို့သိုကား၊ ဖြစ်လေပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော အန္တရာယ်, ရန်မာရ်ခပ်သိမ်း ကင်းငြိမ်း,လွင့်ပျောက်, မရောက်သည်သာ ဖြစ်၍၊ ပစ္စုပ္ပန် စီးပွား,သံသရာ စီးပွား,လောကီ,လောကုတ္တရာ အစီးအပွား များသည်သာ ဖြစ်၍ အရိမေတ္တေယျ အစရှိသော နောင်လာလတ္တံ့သော ဘုရားသခင်တို့ကို ကိုယ်တိုင်,ကိုယ်ကြပ် ဖူးတွေ့ရ၍ တရားဟောတော်မူသော အဆုံး၌ အကျွတ်တရားကို ရအံ့သော အကြောင်း ဖြစ်သည်၊

၇၇၂၊ ။အဘယ်သူတို့သည် ရတနာသုံးပါးဂုဏ်တော်တို့ကို စီးဖြန်း,ရွတ်ဖတ်,သရဇ္ဈာယ်,ကိုးကွယ်ခြင်းကြောင့် ပစ္စုပ္ပန်ထင်ထင် မျက်မြင်လောက၌ရင်း၊တမလွန်လောက၌ရင်း၊အကျိုးစက်ကို ခံရ,စံရ ဘူးလေသနည်း။ ။ကုက္ကုဝတီ အမည်ရှိသော မြို့ကြီးကို အစိုးရသော မဟာကပ္ပိန ဝင်ကြီး၊ အနောဇာဒေဝီမိဖုရား၊ တင့်တောင်သော အမတ်၊တတ်ဆောင်သော အမတ်တို့၏ ခင်ပွန်းတို့သည် သာဝတ္ထိပြည်၌ ဘုရား

သခင် ဖြစ်တော်မူကြောင်းကို ကြား၍ ရတနာသုံးပါးဂုဏ်တော်ကို သိရလျှင်၊ ဝါဂွမ်းပိုင်ကို ဆီဆွတ်၍၊ အစိမ့်ခံ လေတိသကဲ့သို့၊ ဖရဏာပီတိနှင့် တကွ မြင်းကိုယ်စီ,ကိုယ်စီ၊ ရထားကိုယ်စီ,ကိုယ်စီ အသီးအသီး စီး၍၊ ဘုရားသခင် နေတော်မူရာ၊ ယူဇနာတရာ့လေးဆယ် ခြားသော သာဝတ္ထိပြည်သို့ကား ဤအရပ်၌ ရှိ၏ဟု အသိအလျှော့,တော်၍သာ သွားကြကုန်သည် ရှိသော်၊ ရှေးဦးစွာသော အစောက်အနက်အားဖြင့် အသုတရာ၊ အပြောအကျယ်အားဖြင့် တယူဇနာ ရှိသော အာဒိဿပဇ္ဇွာမြစ်ကို တွေ့သော်၍၊ တောအရပ်၌ ကြံမ်ကြိုက်သောကြောင့်၊ လှေ,တက် စီးစရာ ရှာဖွေ မရသဖြင့် ရှိသော်၊—'ငါတို့သည်ကား စင်စစ်အားဖြင့် ဘုရားသခင်ကို ရည်မှတ်၍ သွားကြကုန်သည်။ ဘုရားသခင့် ဘုန်းတော်,ဂုဏ်တော်,ကျေးဇူးတော်အားဖြင့် ဤမြစ်ရေသည် ကျောက်ဖျာကဲ့သို့ ကြံ့ကြံ့ အနေ ခံစေသတည်း,ဟု အဓိဋ္ဌာန်သစ္စာပြု၍ ဣတိပိသော,အစ ရှိသော ဘုရားသခင့် ဂုဏ်တော်ကို စီးဖြန်း, ရွတ်ဖတ်, သရဇ္ဈာယ်, ကိုးကွယ်, သောက်တည်လျက် ကူးကြကုန်သည် ရှိသော်၊ ဣတိပိသော,အစ ရှိသော ဂုဏ်တော်၏ အစွမ်းဖြင့် ထိုမြစ်ရေသည် ကျောက်ဖျာကဲ့သို့ ကြံ့ကြံ့ ခံသည် ဖြစ်၍၊ မြင်းခွါများ,ရထားလှည်းဘီးများမျှသာ စွတ်ကုန်သည်။ ထို့နောင်ရင်း၊ အစောက်,အနက်,အပြော,အကျယ် တူသော နီလဝါဟာမြစ်ကို တွေ့ပြန်လေ၍၊ ရှေးနည်းအတူ သစ္စာမူပြီးလျှင်၊ သွာက္ခာတော,အစ ရှိသော တရားတော်ဂုဏ်တော်ကို စီးဖြန်း,ရွတ်ဖတ်,သရဇ္ဈာယ်,ကိုးကွယ်,သောက်တည်လျက်၊ ကူးကြကုန်သည် ရှိသော်၊ သွာက္ခာတော,အစ ရှိသော ဂုဏ်တော်၏ အစွမ်းဖြင့် ထို မြစ်ရေသည်ရင်း၊ ကျောက်ဖျာကဲ့သို့ ကြံ့ကြံ့ခံသည် ဖြစ်၍ရင်း၊ မြင်းခွါများ,ရထား,လှည်းဘီးများမျှသာ စွတ်ကုန်သည်၊ ထို့နောက်ရင်း၊ အစောက်,အနက်,အပြော,အကျယ် တူသော စန္ဒာဘာမြစ်ကို တွေ့ပြန်လေ၍၊ ရှေးနည်းအတူ သစ္စာမူပြီးလျှင်၊ သုပ္ပဋိပန္နော, အစ ရှိသော သံဃာတော်ဂုဏ်တော်ကို စီးဖြန်း, ရွတ်ဖတ်, သရဇ္ဈာယ်,ကိုးကွယ်,သောက်တည်လျက် ကူးကြကုန်သည် ရှိသော်၊ သုပ္ပဋိပန္နော,အစ ရှိသော ဂုဏ်တော်၏ အစွမ်းအားဖြင့် ထိုမြစ်ရေသည်ရင်း၊ ကျောက်ဖျာကဲ့သို့ ကြံ့ကြံ့ခံသည် ဖြစ်၍ရင်း၊ မြင်းခွါများ,ရထား,

လှည်းဗိုးဖျဉ်းမျှသာ စွတ်ကုန်သည်။ ထိုနေ့ မိုးသောက်သော အခါ၊ ဘုရားသခင်သည် မဟာကရုဏာ သမာပတ်တို ဉာဏ်တော်မှ ထတော်မူ၍၊ အလုံးစုံသော လောကဓာတ်တို့၌ အလုံးစုံသော လူအပေါင်းတို့ကို သဗ္ဗညုတဉာဏ်တော်ဖြင့် ကြည့်တော်မူသည် ရှိသော်၊ မဟာကပ္ပိန္နမင်းကြီး၊ အနောဇာမိဖုရား၊ တထောင်သော အမတ်၊ တထောင်သော အမတ်တို့၏ ခင်ပွန်းတို့သည် ငါဘုရားသခင့် အထံတော်သို့ လာကြကုန်၍၊ ရဟန်းပြုကုန်လတ္တံ့။ ငါ ဟောတော်မူသော တရားတော်ကို နာကြားရသဖြင့်၊ ဇဟိဘိက္ခုရဟန္တာအဖြစ်သို့ ရောက်လတ္တံ့သည်ကို မြင်တော်မူ၍၊ ထိုသို့ မြင်တော်မူပြီးလျှင်၊ လေးကျွန်းလုံးကို အစိုးရသော စကြဝတေး, မန္တာတ်မင်းသည် တကျွန်း, တစိတ် တဒေသကို အစိုးရသော ပဒေသရာဇ်,ကောရာဇ်မင်းအား ခရီးဦး ကြိုဆိုဘိသကဲ့သို့၊ ယူဇနာ တရာ အလွန်ရှိသော ခရီးတိုင်အောင် ကိုယ်တော်တည်းချည်း တပါးတည်းသာ ကောင်းကင်ပြင် ခရီးဖြင့် ကြွတော်မူလေ၍၊ စန္ဒာအမည် ရှိသော မြစ်နား-ပညောင်ပင်ကြီး၌ နီလ, ပီတ, လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘဿရတည်း ဟူသော ညိုသော ရောင်ခြည်တော်၊ ရွှေသော ရောင်ခြည်တော်၊ နီသော ရောင်ခြည်တော်၊ ဖြူသော ရောင်ခြည်တော်၊ မောင်းသော ရောင်ခြည်တော်၊ ပြိုးပြိုးပြက်,ရှိုးရှိုးရဲ,တခဲနက်သော ရောင်ခြည်တော်၊ ဤ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၍ နေတော်မူနှင့်၏။ မဟာကပ္ပိန္နမင်းကြီး၊ အနောဇာမိဖုရား၊ တထောင်သော အမတ်၊ တထောင်သော အမတ်တို့၏ ခင်ပွန်းတို့သည်လည်း မြစ်မှ တက်ကြကုန်သည် ရှိသော်၊ ပညောင်ပင်၌ ထူးမြတ်သော အရောင်ကို မြင်လျှင်၊ ကြိုးကြိုးကြွကြွ ကြက်သီးထလျက်၊ အားရဝမ်းသာ, သဒ္ဓါထပ်ဆင့်,ရှေးထက် မြင့်၍၊ ဤအရောင်သည်ကား နေရောင်လည်း မဟုတ်၊ လရောင်လည်း မဟုတ်၊ တန်ခိုးကြီးသော နတ်,ဗြဟ္မာတို့၏ အရောင်လည်း မဟုတ်၊ စင်စစ်သော်ကား၊ ဘုရားသခင်သည် ငါတို့ လာသော အကြောင်းကို သိတော်မူ၍ ခြောက်သွယ်သော ရောင်ခြည်တို့ကို လွှတ်၍ နေတော်မူနှင့်သည်သာ ဖြစ်အံ့သတည်းဟု အာဝဇ္ဇန်းဖော၍ပွဲ ဖြဒ္ဓာန်းလျက်၊ မြင်းရထားမှ သက်ကုန်ပြီးသော်၊ ရောင်ခြည်တွင်းသို့ ဝင်၍၊ တင့်

အပ်,လျောက်ပတ်သော အရပ်၌ ရိုသေစွာ ရှိခိုးလျက် နေကုန်သည်။ ဘုရားသခင်သည်ကား ထိုသူတို့အား လျောက်ပတ်စွာသော တရားကို ဟောတော်မူလျှင်၊ သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်သည်။ ထို့နောင် ရဟန်းအဖြစ်ကို တောင်းပန်၍၊ ဧဟိဘိက္ခု ခေါ်တော်မူလျှင်၊ မုတ်ဆိတ်, ဆံ,လူဝတ်,လူစားတို့သည် ကွယ်သည်သာ ဖြစ်၍၊ တန်ခိုးဖြင့် ပြီးသော ရဟန်းပရိက္ခရာရှစ်ပါးတို့သည် ကိုယ်နှင့် မကွာ,ထက်ကြပ် ရှိသဖြင့်၊ အဝါ ခြောက်ဆယ်ရပြီးသော မထေရ်ကြီးကဲ့သို့ ဖြစ်၍၊ ပဋိသမ္ဘိဒါ လေးပါး၊ အဘိညာဉ်ခြောက်ပါး၊ သမာပတ် ရှစ်ပါးနှင့် ပြည့်စုံသော ဧဟိဘိက္ခု-ရဟန္တာအထွတ်အမြတ်သို့ ရောက်ကြလေကုန်သည်။ ဤသို့လျှင်၊မဟာကပ္ပိနမင်းကြီး၊ အနောဇာမိဖုရား၊ တထောင်သော အမတ်၊ တထောင်သော အမတ်တို့၏ ခင်ပွန်းတို့သည် ရှေးရှေးသော နေ့င်တော်, ဘုရားသခင်တို့၏ လက်ထက်တော်၌ ရတနာသုံးပါး ဂုဏ်တော်ကို ကိုးကွယ်, ဆော်တည်ခဲ့ဘူးသောကြောင့်ရင်း၊ ဆွမ်း,သင်္ကန်း,သပိတ်, ပရိက္ခရာ အစ ရှိသော ပစ္စည်းလေးပါးတို့ဖြင့် ပူဇော်ခဲ့ဘူးသောကြောင့် ရင်း၊ လူကောင်း,နတ်ကောင်း အဖြစ်၌ သာလျှင် များစွာ ကျင်လည်၍ အတိုင်းမသိ,မရေတွက်နိုင်သော လောကီ စည်းစိမ်,ချမ်းသာကို ခံစားရလေသည်ကိုရင်း၊ ဂေါတမ,မြတ်စွာဘုရားလက်ထက်တော်၌ ကုက္ကုဝတီ,ပြည်ကြီး၌ဖြစ်၍၊ အတိုင်းမသိ,မရေတွက်နိုင်သော စည်းစိမ်,ချမ်းသာတို့ကို ခံစား,စံစားရလေသည်ကိုရင်း၊ ထိုသို့ ခံစား,စံစားပြီးသျှင်၊ ဘုရားရှင် အထံတော်၌ ရဟန်း ပြုအံ့သော်ငါ၊ရတနာသုံးပါး ဂုဏ်တော်ကို စီးဖြန်း,ရွတ်ဖတ်,သရဇ္ဈာယ်,ကိုးကွယ်,ဆောက်တည်လျက်၊ မြစ်သုံးတန်ကို မြင်းရထားနှင့် ကူးသွားလေသော အခါ၊ရတနာသုံးပါးဂုဏ်တော်ကြောင့် ထိုထိုသို့သော မြစ်ရေတို့သည် မရွေ့,မကွာ ကျောက်ဖျာကဲ့သို့ ကြံ့ကြံ့အနေ ခံလေ၍၊ မြင်းခွါဖျား,ရထားလှည့်ဗိုးဖျားမျှသာ စွတ်ထေသ်ကိုရင်း၊ ဘုရားသခင် ဟောတော်မူသော တရားတော်ကို နာရ, ကြားရလျှင်၊ဧဟိဘိက္ခုရဟန္တာချည်း ဖြစ်လေသည်ကိုရင်း၊ဤသို့သော ထုံးနည်း ပုံစံကို အမှတ်ပြု၍၊ ယခုအခါ ပစ္စုပ္ပန် အစီးအပွား,သံသရာအစီးအပွား,လောကီ,လောကုတ္တရာအစီးအပွား များအံ့သော အကြောင်းကို

ငှင်း၊အရိမေတ္တေယျ,အစ ရှိသော နောင် လာလတ္တံ့သော ဘုရားသခင် တို့၏ အထံတော်၌ အကျွတ်ကရား ရအံ့သော အကြောင်းကိုငှင်း၊ အ လိုရှိကုန်သော အကြင် ပညာရှိ,သူတော်ကောင်းတို့သည် ဇာတိပိသော, အစ ရှိသော ဘုရားသခင့် ဂုဏ်တော်၊သွာက္ခာတော,အစ ရှိသော တ ရားတော့် ဂုဏ်တော်၊သုပ္ပဋိပန္နတာ, အစ ရှိသော သံဃာတော့် ဂုဏ် တော်၊၍ ရတနာသုံးပါး ဂုဏ်တော်ကို နေ့ညဉ့်မပြတ် စီးဖြန်း,ရွတ်ဖတ်, သရဏ္ဏာယ်, ကိုးကွယ်, ဆောက်တည်လျက် ဒါန,သီလ,အစ ရှိသော ကုသိုလ်ကောင်းမှုတို့ကို အားထုတ်ကုန်ရာသည်၊ ။ဤသည်ကား၊ မဟာကပ္ပိန္နမင်းကြီး,အနောဇာမိဖုရား စသော သူတို့၏ အခြင်းအရာ အဋ္ဌုပ္ပတ္တိကို သိသာရုံ အကျဉ်း,အဖြွက်မျှသာ ပေါင်းရုံး၍ ဆိုသည်၊ အကျယ်ကို အလိုရှိ၍ သိလိုမူကား၊ဓမ္မပဒကျမ်း-သုခါဝဟာ ဝတ္ထုမှာ ကြည့်၍ သိအပ်၏။

၇၇၃။ ။ဂုဏ်တော် သုံးပါးသည် ပစ္စုပ္ပန်,သံသရာ၊လောကီ,လော ကုတ္တရာအကျိုးစီးပွါးကို ပေး၍၊ခံစား, စံစားရကြောင်း ကိုကား သက် သေ,သာဓကနှင့်တကွ ခွဲခြမ်းစိတ်ဖြာ၍ ဆိုသော့ကြောင့် သိရပြီ၊လက္ခ ဏာတော်ကြီး-၃၂ပါး၏ သရုပ်,သန့်ာကို ဆရာ ဆုဦးလောဟု သူ မေးဖွယ် ရှိ၏၊ ထိုအမေးကို ဆရာ အဘယ်သို့ ဖြေအံ့နည်း၊

ဗတ္တိံသ မဟာပုရိသလက္ခဏာ၊ ဤသို့အစ ရှိသည်ဖြင့် ဟောတော် မူသော့ကြောင့်၊ လက္ခဏာတော်ကြီးသည်ကား ၃၂ပါးအပြား ရှိသ်၊ ထို ၃၂ပါးသော လက္ခဏာတော်ကြီးတို့တွင်၊—

၁။ ညီညွတ်,ပြေပြစ်စွာ လုပ်သော ရွှေခြေနင်းကို ညီညွတ်,ပြေပြစ် စွာသော အင်းပျဉ်၌ တင်ထားသ် ရှိ၏သော်၊ ထို အင်းပျဉ်၌ ရွှေခြေနင်းသ် တပြိုင်နက်,အခြားမရှိ ထိကြသကဲ့သို့၊ဖဝါးတော် ချသော်ငှင်း၊ချီသော် ငှင်း၊ယိမ်းယိုင်,ဖယ်ခြင်း မရှိ၊မြေ၌ ထိသော့ကြောင့် သုပတိဋ္ဌိတ ဟု ဆို အပ်သော လက္ခဏာတော်ကြီးလည်းတပါး၊

ဤလက္ခဏာတော်ကြီးကိုရ တော်မူခြင်းသ်ကား၊တုန် လှုပ်ခြင်း မရှိ၊ သမာဓိဖြင့် မြဲမြံတည်ကြည်စွာ ပေးတော်မူသော အလှူကြောင့်၊ ရတော်မူသည်ဟု မှတ်ရမည်၊

၂။ အလူးလူးသော အခြင်းအရာတို့ဖြင့် ပြည့်သော ဖဝါးတော် အစုံတွင် အလယ်၌ အကွက်အကန့်နှင့်တကွ ကောင်းစွာ ထင်သော လှံမ, အိမ်မှုန့်, စသည်တို့ဖြင့် တင့်တယ်စွာ တန်ဆာ ဆင်အပ်သော စက္ကေနဂိဘ,ပါဒလက္ခဏာတော်ကြီးလည်း တပါး။

ဤလက္ခဏာတော်ကြီးကို ရတော်မူခြင်းသည်ကား၊—

သပရိဝါရဒါနေန ဓာယတေ စက္ကလက္ခဏံ၊

ဟူသော ပါဠိတော်နှင့် လျော်ညီစွာ၊ အခြွေအရံနှင့် တကွ ပေးတော်မူသော အလှူကြောင့် ရသည်ဟု မှတ်ရမည်။

၃။ ဖဝါးတော်ကို လေးစု ရ၍၊ နှစ်စုကား ဖဝါးဦး၊ တစုကား ဖမျက်ရိုး၊ တစုကား ကမ္ဗလာနီဖြင့် ထုပ်အပ်သော ရွှေကျင်ပုကဲ့သို့ ရှည်သော ဖနောင့်တော် ရှိသော အာယတပဏှိ လက္ခဏာတော်ကြီးလည်း တပါး။

၄။ မျောက်၏ လက်ချောင်းကဲ့သို့ အရင်း ကြီး၍၊ အဖျားသို့ သပ်သပ်,မျောမျော ရှည်သော၊ ခွဲးလှစွာသော ကော်ကပ် ဆီနှင့် နယ်၍၊ လုံးသော ဆေးဒန်း, မြင်းသီလာကဲ့သို့ ပြေပြစ်ချောမောသော ခြေချောင်း လက်ချောင်းတော် ရှိသော ဒီဃင်္ဂုလိလက္ခဏာတော်ကြီး လည်း တပါး။

၅။ ဗြဟ္မာမင်းတို့၏ ကိုယ်ကဲ့သို့ရင်း၊ နတ်တံခါး၌ စိုက်ထားအပ်သော တုရိုင်တိုင်ကဲ့သို့ရင်း၊ ဖြောင့်မတ်သော ကိုယ်တော် ရှိသော ဗြဟ္မုဇုဂတ္တလက္ခဏာတော်ကြီးလည်း တပါး။

ဤသုံးပါးသော လက္ခဏာတော်ကြီးကို ရတော်မူခြင်းသည်ကား၊—

အပါဏာတိပါတကမ္မေန ဓာယတေ လက္ခဏတ္တယံ၊

ဟူသောပါဠိတော်နှင့် လျော်ညီစွာ၊ သူတပါးတို့၏ အသက်ကို မသတ်၊ ဖြောင့်မတ်စွာ ကျင့်သော ကောင်းမှုကြောင့်၊ ရတော်မူသည်ဟု မှတ်ရမည်၊

၆။ ခြေဖမိုးတော်နှစ်ဖက်၊ လက်ဖမိုးတော်နှစ်ဖက်၊ ပခုံးတော်နှစ်ဖက်၊ လည်ဂုတ်တော်၊ ဤ၇ပါးသော အရပ်တို့၌ ပြည့်ဖြိုး, သိပ်မွေ့သော အသားတော် ရှိသည် ဖြစ်၍၊ အကြော မထင်၊ ရှုချင်,နှင်လိုဖွယ် ရှိသော ဥဿဒလက္ခဏာတော်ကြီးလည်း တပါး။

၎ လက္ခဏာတော်ကြီးကို ရခြင်းသည်ကား၊ မွန်မြတ်သော ဆွမ်း, အစ ရှိသော ဘောဇဉ်ကို လှူခြင်းကြောင့် ရတော်မူသည်ဟု မှတ်ရမည်။

၇။ ခြင်္သေ့မင်း၏ ရှေ့ထက်ဝက်သော ကိုယ်ကဲ့သို့ ရှေ့ထက်ဝန်းကျင်မှ ပြည့်စုံသော၊ ကိုယ်တော် ရှိသော သီဟပုဗ္ဗဍ္ဍ လက္ခဏာတော်ကြီးလည်း တပါး၊

၈။ ပန်းဝတ်ဆံဖြင့် စီမံအပ်သကဲ့သို့ ဖြိုးသော *ဓိရင်တော် ရှိသော အန္တရသဗ္ဗပီဏတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး၊

၉။ အပြစ်မှ ကင်းဝေးသော ညောင်ပင်ကဲ့သို့ လုံးသော လည် ရှိတော်မူသော သမဝဋ္ဋက္ခန္ဓတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး၊

၎င်းသုံးပါးသော လက္ခဏာတော်ကြီးကို ရတော်မူခြင်းသည်ကား တရားမှ မယုတ်သည် ဖြစ်၍၊ တရားနှင့်လျော်ညီစွာ ကျင့်တော်မူသောကြောင့်၊ ရတော်မူသည်ဟု မှတ်ရမည်။

၁၀။ ခြင်္သေ့မင်း၏ အောက်မေးရိုးကဲ့သို့ သွားဖုံး,မေးရိုးတော် ရှိသော သီဟဟနုတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

၎ လက္ခဏာတော်ကြီးကို ရတော်မူခြင်းသည်ကား၊ သူတပါးတို့အား စဉ်းလဲ့စဉ်းစား,လှည့်ပတ်,ဖြားယောင်းခြင်း,အစ ရှိသည်တို့ကို ကြဉ်၍၊ ကောင်းသော, ဖြောင့်သော သဘောဖြင့် အသက်မွေးသောကြောင့်၊ ရတော်မူသည်ဟု မှတ်ရမည်။

၁၁။ လေးဆယ်စေ့သော, မြတ်သော သွားတော် ရှိသော စတ္တာလီသဒန္တတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး၊

၁၂။ သွားဖြင့် ဖြတ်အပ်သော ခရုသင်းကဲ့သို့ နိမ့်,မြင့်,ထွက်,ဝင် မရှိ၊

*ပေဠ်၊—ဖြိုးသော ဓိရင်တော် ရှိသော အန္တရသဗ္ဗပီဏတည်း ဟူသော— ရှိသည်။ စာအုပ်၌—ဖြိုးသော ဥယဉ်းတော် ရှိသော အန္တရသိပ္ပပီဏတည်း ဟူသော— ရှိသည်။ ။မြန်မာ၌ ဗိရင်-ကား နံဗေးနှင့် ရင်အုပ်ကို ဆိုသည်။ ယခုအခါ၊—နံဘေး၊ နံ့ဘီ၊ဘီရင်နံတော့င်း၊ ဗိရင်နံတောင်း၊အိမ်မအိမ်ဗိ၊ အုံမအုံမဘီဟု ဆိုကြ၊ ရေးကြ၏။

ညီညွတ်သော သွားတော် ရှိသော အဝိရဠဒန္တကသည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး၊

ဤနှစ်ပါးသော လက္ခဏာတော်ကြီးကို ရတော်မူခြင်းသည်ကား၊ သူတပါးတို့၏ အင်္ဂါကြီးငယ်ကို မဖျက်မဆီးသောကြောင့်၊ ရတော်မူသည်ဟု မှတ်ရမည်။

၁၃။ အညှစ်အကြေး ကင်းသည် ဖြစ်၍၊ သောက်ရှူးကြယ်ကဲ့သို့ တောက်ပ,ပြူစင်စွာသော၊ စွယ်တော် ရှိသော၊ သုက္ကဒါဠတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

၁၄။ ရွှေအင်းပျဉ်၌ ဝိုက်၍ ထားအပ်သော ဝရဇိန်ခွါးကဲ့သို့ စိပ်သော သွားတော် ရှိသော သမဒန္တတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

ဤနှစ်ပါးသော လက္ခဏာတော်ကြီးတို့ကို ရတော်မူခြင်းသည်ကား၊ စင်ကြယ်စွာသော ဘီလကို စောင့်ခြင်း၊ စင်ကြယ်သော အခြေအရံ ရှိခြင်းကြောင့် ရတော်မူသည်ဟု မှတ်ရမည်။

၁၅။ ကောင်းစွာ ပြန့်သော,ရှည်သော,နူးညံ့သော လျှာတော်ဖြင့် နှာခေါင်းတွင်း,နားတွင်းသို့ သွင်းနိုင်သော နဖူးပြင်တိုင်အောင် လွှမ်းနိုင်သော ပဟုတဇိဝှါတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

၁၆။ ပြဟ္မာမင်း၏ အသံ၊ ကရဝိတ်ငှက်မင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သရတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

ဤနှစ်ပါးသော လက္ခဏာတော်ကြီးတို့ကို ရခြင်းသည်ကား၊ အဖရုသာဝါယ ဝါစာယ သာဒေယ ဝစသာ ဗွိန္နံ။—ဟူသော ပါဠိတော်နှင့် လျော်ညီစွာ ကြမ်းကြုတ်,ခက်ထန်သော စကားကို ကြဉ်၍၊ နူးညံ့,သိမ်မွေ့သော စကားကိုသာ ဆိုတော်မူတတ်သောကြောင့်၊ ရတော်မူသည်ဟု မှတ်ရမည်။

၁၇။ ခပ်သိမ်းသော သုတ္တိထက် များသော အားဖြင့် ညိုသော မျက်လုံးတော် ရှိသော အတိနိလနေတ္တတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

၁၈၊ မွေးသစ်သော နွားနိုင်ငယ်၏ မျက်စိကဲ့သို့ မပေါ်မရှုပ်၊ထွေးသော မျက်စိတော် ရှိသော ဂေါပခုမနေတ္တနတည်း ဟူသော လက္ခဏာတော်ကြီးသည်း တပါး၊

၌နှစ်ပါးသော လက္ခဏာတော်ကြီးတို့ကို ရတော်မူခြင်းသို့ကား၊ များစွာသော လူအပေါင်းတို့အား အခါခပ်သိမ်း ချစ်ကြည်သော နှလုံးဖြင့် ချစ်ကြည်၍၊လူတို့အား သနားခြင်း ရှိတော်မူသောကြောင့်၊ရတော်မူသည်ဟု မှတ်ရမည်၊

၁၉၊ နှာယောင်တော်နှစ်ဖက်တို့၏ အကြား၌ ရောက်သော နှဖုးပြင်၏ အလယ်သို့ တက်၍ လက်ျာရစ်လည်သဖြင့် တည်သော၊ထောပတ်,ဆီဦး၌ အဖန်တရာ ဖွပ်အပ်သော၊ဝါ မြှင်ကဲ့သို့ ဖြူစင်သော မွေးရှင်တော် ရှိသော ဥဏ္ဏာဘမုကန္တရတည်း ဟူသော လက္ခဏာတော်ကြီးသည်း တပါး၊

၂၀၊ မွေးတွင်းတော် တခုတခု၌လည်း လက်ျာရစ် လည်၍ တချောင်းတချောင်းစီ ရောက်သော မွေးတော် ရှိသော ဧကေက လောမတည်း ဟူသော လက္ခဏာတော်ကြီးသည်း တပါး၊

၌ နှစ်ပါးသော လက္ခဏာတော်ကြီးတို့ကို ရတော်မူခြင်းသို့ကား ဂုံးတိုက်,ချောပစ်သော စကားကို မဆို,မရှည်၊ ကြဉ် တော်မူသောကြောင့်၊ ရတော်မူသည်ဟု မှတ်ရမည်၊

၂၁၊ မျက်နှာတော်၏ တင့်တယ်ခြင်းကို ကြည့်သကဲ့သို့ အထက်သို့ အဖျားညွတ်ညွတ် တက်သော အညစ်,အကြေး ကင်းသော အမွေးတော် ရှိသော ဥဒ္ဓဂ္ဂလောမတည်း ဟူသော လက္ခဏာတော်ကြီးသည်း တပါး၊

၂၂၊ သူ ခပ်သိမ်းတို့၏ ဖမျက်ကဲ့သို့ ဖမိုး၏ အနီး၌ မတည်မူ၍ ထေးသစ်မျှလောက်သော အချပ်သို့ တက်သဖြင့် ရှေ့,နောက် နံပါးမှ ကြည့်၍ မထင်သော ဥဿင်္ခပါဒတည်း ဟူသော လက္ခဏာတော်ကြီးသည်း တပါး၊

၌ နှစ်ပါးသော လက္ခဏာတော်ကြီးတို့ကို ရတော်မူခြင်းသို့ကား သတ္တဝါတို့အား ကောင်းသော တရားစကားဖြင့် ကောင်းသော တရား၌ ရှည်စေတတ်သောကြောင့်၊ရတော်မူသည်ဟု မှတ်ရမည်။

၂၃။ စပါးဖုံးကဲ့သို့ ထက်ဝန်းကျင် အထက်သို့ တရွေရွေ ကြီးသော ဇဏီ မည်သော သား၏ မြင်းခေါင်းကဲ့သို့ မြင်းခေါင်းတော် ရှိသော ဇဏီမိဂဇင်္ဃာတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

ဤ လက္ခဏာတော်ကြီး တပါးကို ရခြင်းသည်ကား၊ အလုံးစုံသော အတတ်ပညာတို့ကို ရိုသေစွာ သင်ခြင်း,နာခြင်း,အစ ရှိသော အကြောင်းကြောင့် ရတော်မူသည်ဟု မှတ်ရမည်။

၂၄။ မကိုင်း,မညွတ်ပဲ၊ ပုဆစ်တော်အစုံကို လက်တော်ဖြင့် သုံးသပ်တော်မူနိုင်သော ဌိတကောဝဇာနုကာနိတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး၊

၂၅။ အရပ်တော်နှင့် ကိုယ်တော်မျှသည် ဖြစ်၍ ပညောင်ပင်ကဲ့သို့ ဝန်းသော ကိုယ် ရှိသော နိဂြောဓပရိမဏ္ဍလတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး၊

ဤ နှစ်ပါးသော လက္ခဏာတော်ကြီးတို့ကို ရတော်မူခြင်းသည်ကား၊ သဒ္ဒါခြင်း,အစ ရှိသော သူတော်ကောင်းတို့၏ တရားမှ မယုတ်သောငှာ ရတော်မူသည်ဟု မှတ်ရမည်၊

၂၆။ ရသကို ဆောင်တတ်သော၊ များမြတ်သော၊ ရေမျှအကြော ရှိသော၊ရသဂ္ဂသဂ္ဂိတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး၊

ဤ လက္ခဏာတော်ကြီးတပါးကို ရတော်မူခြင်းသည်ကား၊ သတ္တဝါတို့အား လှံကန် အစ ရှိသည်တို့ဖြင့် မညှဥ်းဆဲခြင်းကြောင့် ရတော်မူသည်ဟု မှတ်ရမည်။

၂၇။ သင်းကျစ် ဆောင်းသော မင်း၏ ဥဏှီသကဲ့သို့ ဥဏှီသ တော် ရှိသော ဥဏှီသသီသတည်း ဟူသော လက္ခဏာတော်ကြီး လည်း တပါး၊

ဤ လက္ခဏာတော်ကြီး တပါးကို ရခြင်းသည်ကား၊အလုံးစုံသော ကုသိုလ်ဓမ္မတို့၌ ရှေ့ထျော်တော်မူခြင်းကြောင့် ရတော်မူသည်ဟု မှတ်ရမည်။

၂၈။ ထောပတ်ဆီကြည်ဖြင့် စိမ်၍ အဖန်တရာ ဖွပ်ပြီးသော ဝါဂွမ်းများ၏ အပြင်ကဲ့သို့ လက်ဝါးရေ,ဖဝါးရေ ရှိသော မုဒုဟတ္ထပါဒ တည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

၂၉။ ဇမ္ဗူရာဇာရွှေစင်ဖြင့် ပြုအပ်သော ဆင်းတုကဲ့သို့ အဆင်းတော် ရှိသော သုဝဏ္ဏဝဏ္ဏတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

၃၀။ သိမ်မွေ့,ချောမော,ပြေပြစ်သော အရေတော် ရှိသော သုခုမ ဆဝိတည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

ဤသုံးပါးသော လက္ခဏာတော်ကြီးတို့ကို ရခြင်းသည်ကား၊ သိမ်မွေ့,နူးညံ့သော သင်္ကန်းရုံကို လှူခြင်း,အမျက်စောင်မာန်မရှိခြင်း တည်း ဟူသော အကြောင်းကြောင့်၊ရတော်မူသည်ဟု မှတ်ရမည်။

၃၁။ ဆတ္တန်ဆင်မင်း၏ အင်္ဂါကဲ့သို့ အအိမ်ဖြင့် ဖုံးလွှမ်းလျက်ဝင်၍ တည်သော၊ရှုံ့ဝှက်သော အင်္ဂါဇာတ် ရှိသော ကောင်းသော ဟိတဝတ္ထု ဂုယှ တည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

ဤ လက္ခဏာတော်ကြီး တပါးကို ရတော်မူခြင်းသည်ကား၊ မြင့်ရှည်စွာ ကွေကွင်းလေပြီးသော ဆွေမျိုးတို့ကို မကွေ,မကွာရအောင် ပြုခြင်း၊ အစား,အသောက်,အဝတ်တို့ဖြင့် ဖုံးလွှမ်း သင်္ဂြိုဟ်ခြင်းကြောင့်၊ရတော် မူသည်ဟု မှတ်ရမည်။

၃၂။ အရင်းကသည် အဖျားတိုင်အောင် တစပ်တည်း ထိ၍ တည်သော ကွန့်ရက်ကဲ့သို့ လက်ကြား,ခြေကြား ရှိသော သုဇာလဟတ္ထပါဒ တည်း ဟူသော လက္ခဏာတော်ကြီးလည်း တပါး။

ဤ လက္ခဏာတော်ကြီးကို ရတော်မူခြင်း၏ အကြောင်းကား၊ လူ သုံးပါးဘို့အား ကောင်းစွာ သင်္ဂြိုဟ်ခြင်းကြောင့်၊ရတော်မူသည်ဟု မှတ် ရမည်။ ။လက္ခဏာတော်ကြီး ၃၂ ပါးတို့၏ သရုပ်,သင်္ချာ,အဓိပ္ပါယ်, အကျယ်ကား ပြီး၏။

၁၁၄။ ။လက္ခဏာတော်ကြီး ၃၂ ပါးတို့၏ သရုပ်,သင်္ချာ,အဓိပ္ပါယ် ကိုကား ဟောတော်မူသော ပုဒ်,ပါဠိ,ပါဠိနှင့် အညီ ဆ ရာ ဆို၍ သိရပြီ၊ လက္ခဏာတော်ငယ်ရှစ်ဆယ်တို့၏ အဓိပ္ပါယ်,သရုပ်,သင်္ချာကို သိ

သာ,ခြားနား,မှတ်သား,ရအောင် ပုန်ပါဠိဆောင်၍ ဆရာ ဆိုဦးလော့ဟု သူ မေးဖွယ် ရှိ၏၊ထိုအမေးကို ဆရာ အဘယ်သို့ ဖြေဆိုနည်း။

အသီတာနုဗျဉ္ဇနာ အစ ရှိသည်တို့ဖြင့် ဟောတော်မူသောကြောင့်၊ လက္ခဏာတော် ငယ်သိုကား ရှစ်ဆယ် ရှိ၏။ထို ရှစ်ဆယ်သော တက္ခဏာငယ်တို့တွင်၊

၁။ တမ္ဗနခတာ—သင်္ကြာကဲ့သို့ နီသော လက်သည်း,ခြေသည်း ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၂။ တုင်္ဂနခတာ—ချွန်သော လက်သည်း,ခြေသည်းတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၃။ သိနိဒ္ဓနခတာ—ပြေပြစ်သော လက်သည်း, ခြေသည်းတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၄။ ဝဋ္ဋင်္ဂုလိတာ—လုံးသော လက်ချောင်း, ခြေချောင်း ရှိသော လက္ခဏာတော် ငယ်သည်း တပါး။

၅။ စိတင်္ဂုလိတာ—ဖြိုးဖြိုးလုံးသော လက်ချောင်း,ခြေချောင်းတော် ရှိသော လက္ခဏာတော်ငယ်သည်း တပါး၊

၆။ အနုပုဗ္ဗင်္ဂုလိတာ—ရွှေဖယောင်းတိုင်ကဲ့သို့ အစဉ်အတိုင်း အဖျားသို့ ငယ်သဖြင့် သွယ်သော လက်ချောင်း,ခြေချောင်းတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၇။ နိဂူဠ္ဟသိရာတာ—အထွတ်အဖု ကင်းသော ဥကြောင်းတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၈။ နိဂဏ္ဌိသိရတာ—မရှုံက်မက်သော ဥကြောင်းတော် ရှိသော လက္ခဏာတော် ငယ်လည်း တပါး။

၉။ နိဂူဠှဂေါပ္ဖကာ—မရှုံက်မက်သော(မရှိုင်းမနိမ့်သော)ဖ မျက်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၁၀။ မဒပ္ပကတာ—မပေါ်,မထင်သော အသားနှင့် တပြေးတည်း တည်သော ဖမျက်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၁၁။ သမပါဒတာ—သယ်ချောင်းလုံး ညီသော ခြေတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၁၂။ ဂဇသမာနဂ္ဂမတာ—ဆင်ပြောင်မင်း၏ သွားခြင်းနှင့် တူသော လက္ခဏာတော်ငယ်လည်း တပါး။

၁၃။ သီဟသမာနဂ္ဂမတာ—ခြင်္သေ့မင်း၏ သွားခြင်းနှင့် တူသော သွားခြင်း ရှိတော်မူသော လက္ခဏာတော်ငယ်လည်း တပါး။

၁၄။ ဟံသသမာနဂ္ဂမတာ—ဟင်္သာမင်း၏ သွားခြင်းနှင့် တူသော သွားခြင်း ရှိတော်မူသော လက္ခဏာတော်ငယ်လည်း တပါး။

၁၅။ ဥသဘသမာနဂ္ဂမတာ—နွားလားဥသဘ၏ သွားခြင်းနှင့် တူသော သွားခြင်း ရှိတော်မူသော လက္ခဏာတော်ငယ်လည်း တပါး။

၁၆။ ဒက္ခိဏာဝတ္တဂါမိကာ—လက်ျာရစ် လည်၍ သွားခြင်း ရှိတော်မူသော လက္ခဏာတော်ငယ်လည်း တပါး။

၁၇။ သမန္တတောစာရု- ဇာဏုမဏ္ဍလတာ—ထက်ဝန်းကျင်မှ ရှုချင်ဖွယ်သော ရွှေပုဆစ်တော်အဆင်း ရှိတော်မူသော လက္ခဏာတော်ငယ်လည်း တပါး။

၁၈။ ကဒလိသန္နိဘဥရုကတာ—ငှက်ပျောပင်ပျိုကဲ့သို့ ပြည့်ဖြိုးချောမောသော ပေါင်တော် ရှိသော လက္ခဏာတော်ငယ်သည်း တပါး။

၁၉။ ပရိပုဏ္ဏ ပုရိသဗျဉ္ဇနတာ — ပြည့်ရုံသော ယောက်ျားမြတ်၏ အင်္ဂါတော် ရှိတော်မူသော လက္ခဏာတော်ငယ်လည်း တပါး။

၂၀။ သုဝိဘတ္တသဗ္ဗဂတ္တာ—ကောင်းစွာ ပြေပြစ်သော ဝေဘန်အပ်သော အလုံးစုံကိုယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၂၁။ အနုပုဗ္ဗစာရုဂတ္တတာ—အစဉ်အတိုင်း ရှုဘွယ် ရှိသော၊ရွှေသော ကိုယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၂၂။ အနုပုဗ္ဗဝတ္တဂတ္တတာ—အစဉ်အတိုင်း လုံးသော ကိုယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၂၃။ အနုန္နသန္နဂတ္တဏာ—ချွေးစသည်ဖြင့် မထိမ်းကျံသော သန့်ရှင်းသော ကိုယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၂၄။ သုဝိသုဒ္ဓဂတ္တတာ—ကောင်းစွာ စင်ကြယ်သော ကိုယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၂၅။ သိနိဒ္ဓဂတ္တတာ—သိမ်မွေ့,ပြေပြစ်,ချောမောသော ကိုယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၂၆။ မုဒုဂတ္တတာ—နူးညံ့သော ကိုယ်တော် ရှိသော လက္ခဏာတော် ငယ်လည်း တပါး၊

၂၇။ သုခုမာလသဗ္ဗဂတ္တတာ—သိမ်မွေ့သော၊ ခပ်သိမ်းသော၊ ကိုယ် တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၂၈။ အလိနဂတ္တတာ—မတွန့်တိုသော ကိုယ်တော် ရှိသော လက္ခဏာ တော်ငယ်လည်း တပါး၊

၂၉။ တိလကာဒိရဟိတဂတ္တတာ—ထွတ်သမြတ်, အစ ရှိသို့ ကင်း သော ကိုယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၃၀။ မလဝိရဟိတ ဝိသုဒ္ဓဂတ္တတာ—မြူညစ်,စသည် ကင်းသော,စင် ကြယ်သော ကိုယ် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၃၁။ ကောဋိသဟဿ ဟတ္ထိဗလ ဓာရဏတာ—ဆင်ကုဋေတထောင် သော ပကတိဆင်မင်းအားကို ဆောင်စွမ်းနိုင်သော အားတော် ရှိ သော လက္ခဏာတော်ငယ်လည်း တပါး၊

၃၂။ အတိဝိယဥဇ္ဇလိတ-သောဘဂတ္တတာ—အလွန် ထွန်းတောက် ပသော ရွှေတုံးကဲ့သို့ ကိုယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၃၃။ သုဂန္ဓမုခတာ—ကောင်းစွာ မွှေးသော ခံတွင်းတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၃၄။ သုဂန္ဓမုဒ္ဓတာ—ကောင်းသော အနံ့ ရှိသော အာစောက်တော်, ဦးကျောင်းတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၃၅။ သုဂန္ဓမာနုတာ—ကောင်းသော အနံ့ဘျဖြင့် ထုံအပ်သော ကိုယ် တော်၊ ဝန်းသော ကိုယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး၊

၃၆။ သုခုမသာသ,ပသာဒ-ဓာရဏတာ—သိမ်မွေ့သော ထွက် သက်,ဝင်သက်ကို ဆောင်သော ကိုယ်တော် ရှိသော လက္ခဏာတော် ငယ်လည်း တပါး၊

၃၇။ ကုဏ္ဍလာဝဋ္ဋလောမတာ—မြနားချောင်းဝန်းကဲ့သို့ ဝန်းစွာလည်သော မွေးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၃၈။ ဒက္ခိဏာဝဋ္ဋလောမတာ—လက်ျာရစ်လည်သော မွေးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၃၉။ သမလောမတာ—မျှသော မွေးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၄၀။ အဉ္ဇနသဒိသလောမတာ—မျက်စဉ်းကဲ့သို့ ညိုသော မွေးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၄၁။ သုသဏ္ဌာန-လောမတာ—ကောင်းသော သဏ္ဌာန်နှင့် ပြည့်စုံသော မွေးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၄၂။ သိနိဒ္ဓလောမတာ—ပြေပြစ်, သိမ်မွေ့သော မွေးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၄၃။ ဒက္ခိဏာဝဋ္ဋနာဘိတာ—လက်ျာရစ်လည်သော ချက်တော် ရှိသော လက္ခဏာတော်ငယ်လည်း ဘပါး။

၄၄။ အဆိဒ္ဒနာဘိတာ—အပေါက် မထင်သော၊ချက်တော် ရှိသော လက္ခဏာတော် ငယ်သည်း တပါး။

၄၅။ ဂမ္ဘီရနာဘိတာ—နက်သော ချက်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၄၆။ ဂမ္ဘီရပါဏိလေခတာ—နက်သော လက်ဝါး၌ အရေးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၄၇။ ဥဇုလေခတာ—ဖြောင့်သော အရေးတော် ရှိသော လက္ခဏာတော်ငယ်သည်း တပါး။

၄၈။ အာယတလေခတာ—ရှည်သော အရေးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၄၉။ ပရိမဏ္ဍလလေခတာ—ပြည့်စုံသော အရေးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၅၀။ သုသဏ္ဌာနလေခတာ—ကောင်းသော သဏ္ဌာန်နှင့် ပြည့်စုံသော အရေးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၅၁။ အာယတ–ဝဒနတာ–ရှည်သော နှုတ်ခမ်းတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၅၂။ ရတ္တောဋ္ဌတာ–ကျီးအာဖုည့်ကဲ့သို့ ရဲရဲနီသော နှုတ်ခမ်းတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၅၃။ ဗိသုဒ္ဓိန္ဒြိယတာ–ထက်ဝန်းကျင်မှ စင်သော မျက်စိ အစရှိသော ဣန္ဒြေတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၅၄။ သုဝဋ္ဋဒါဌတာ–ကောင်းစွာလုံးသော စွယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၅၅။ တိက္ခဒါဌတာ–ထက်သော စွယ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၅၆။ သုက္ကဒန္တတာ–ဖွတ်သစ်သော ခရုသင်းကဲ့သို့ ဖြူစင်စွာသော သွားတော်ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၅၇။ သိနိဒ္ဓဒန္တတာ–ပြေပြစ်သော သွားတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၅၈။ ရတ္တဒ္ဓိဇမံသတာ–ရဲရဲနီသော အာစပ်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။ (ပုံနှိပ်စာ၌–ရဲရဲနီသော သွားဖုံးတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး–ဟု ရှိသည်။)

၅၉။ မုဒုဟနုဂတာ–နူးညံ့သော မေးတော်ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၆၀။ သုရတ္တဇိဝှတာ–ကောင်းစွာ နီသော လျှာတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၆၁။ အာယတဇိဝှတာ–ရှည်သော လျှာတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၆၂။ မုဒုဇိဝှတာ–နူးညံ့သော လျှာတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၆၃။ သုဝဋ္ဋတုင်္ဂနာသတာ–ရွှေချွန်းတောင်း ကဲ့သို့ ကောင်းစွာ ထက်သော၊ ရှည်သော နှာခေါင်းတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၆၄။ အာယတ,ဝိသာလ,နေတ္တတာ–ကောင်းစွာ ရှည်သော၊ ကျယ်သော မျက်ကွင်းတော်, မျက်စိတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၆၅။ ပဥ္စပသာဒ-ယုဂနေတ္တတာ–ငါးပါးသော၊ပသာဒနှင့် ပြည့်ရုံသော၊မျက်စိတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၆၆။ သုသုက္ခိတနေတ္တတာ–မျက်ဝပ်,မျက်ရည် မရှိသော၊ ကောင်းစွာ ခြောက်သော မျက်စိတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၆၇။ အာကုဋ္ဌိတဂ္ဂပခုမတာ–ကောင်းစွာ မှောက်သကဲ့သို့ အဖျား ညွတ်သော မျက်မှောင်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၆၈။ အာယတမဟန္တဘမုဂတာ–ရှည်သော၊ ကြီးသော မျက်မှောင်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၆၉။ သုခုမ,လောမ,ဘမုဂတာ–သိမ်မွေ့သောမျက်မွေး,မျက်မှောင်တော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၇၀။ အနာဟတ,ရုစိရကဏ္ဏတာ–ကောင်းစွာ မကုတ်မလန်, မနှိမ့်သော ရွှေနားတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၇၁။ အာယတကဏ္ဏတာ–ရှည်သော၊နားတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၇၂။ အာယတ-ပုထုလ-နလာဋတာ–ကောင်းစွာ ရှည်သော ကျယ်သော နဖူးပြင်တည်း ဟူသော၊တင့်တယ်ခြင်း ရှိတော်မူသော လက္ခဏာတော်ငယ်လည်း တပါး။

၇၃။ ဆတ္တသဏ္ဌာ-စာရုသီသတာ–ရွှေထီး၏ အသွင်ကဲ့သို့ အလွန် ရှုဖွယ်သော ဦးခေါင်းတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၇၄။ *သုနီလကေသတာ–ကောင်းစွာ ညိုသော ဆံတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

---

* စာအုပ်မူ၌၊ "သိနိဒ္ဓကေသတာ"၊ပေ၌–သုနီလကေသတာ–ရှိ၏။

၇၅။ သုသဏ္ဍ-ကေသတာ–ကောင်းစွာ ဆိပ်မွှေသော ဆံတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၇၆။ သုသဏ္ဍာနကေသတာ–ကောင်းစွာ ပြေပြစ်သော ဆံတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၇၇။ အဋ္ဌလိတ-ကေသတာ– မရောရှက်သော ဆံတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၇၈။ ကုဏ္ဍလဝဋ္ဋ-ကေသတာ–နားရွှေင်းဝန်းကွဲ့သို့ ညီညွတ်စွာ လည်သော ဆံတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၇၉။ ဓဇက္ခဏာဝဋ္ဋ-ကေသတာ–လက်ျာရစ်လည်သော ဆံတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။

၈၀။ ကေတုမာလာ-ရံသိဘာ – ကေတုမာလာတည်း ဟူသော ရောင်လျှံတော် ရှိသော လက္ခဏာတော်ငယ်လည်း တပါး။ ။လက္ခဏာတော်ငယ် ရှစ်ဆယ်တို့၏ သရုပ်,သင်္ချာ,အဓိပ္ပါယ်,အကျဉ်းကား ပြီး၏။

ဤလက္ခဏာတော်ငယ်ကို ရတော်မူခြင်းသို့ကား ဒါန စသော ပါရမီတော်တို့ကို အယုတ်,အလတ်,အမြတ် အားဖြင့် ဖြည့်တော်မူသော ကြောင့်၊ ရတော်မူသည်ဟု မှတ်ရမည်။

၇၇၅။ ။လက္ခဏာတော်ဖတ်- ပုဏ္ဏားရှစ်ယောက် တို့သည်ကား အဘယ်နည်း၊

၁။ ကဏ္ဍ၊ ၂။ ဓဇ၊ ၃၊ လက္ခဏ၊ ၄။ မန္တိ၊
၅။ ယည၊ ၆။ တော၊ ၇။ သုယာမ၊ ၈၊ သုဒတ္တ၊

ဤသို့အားဖြင့် လက္ခဏာတော်ဖတ်ပုဏ္ဏားရှစ်ယောက် ဖြစ်သတည်း။

ထိုရှစ်ယောက်သော ပုဏ္ဏားတို့တွင် အကြီးခုနစ်ယောက်တို့ကား၊ လူ ဖြစ်လျှင်၊စကြဝတေးမင်း ဖြစ်လမည်၊ရဟန်း ဖြစ်လျှင်၊ဘုရား ဖြစ်လမည်ဟု နှစ်ချောင်းသော လက်တို့ ကို ပြကုန်သို၊အငယ်ဆုံးဖြစ်သော ပုဏ္ဏားသည်ကား၊ဘုရားစင်စစ် ဧကန် ဖြစ်မှဲဟု တချောင်းသော လက် ကိုသာ ပြသို၊ ဤအခြင်းအရာကို သုပ္ပါထေယျ၌ ဆိုသို၊မူလပဏ္ဏာသ၌

ကား အကြီး၃ယောက် ၂ချောင်း ပြသ်၊အငယ် ၅ယောက် တချောင်း သာ ပြသည်ဟု ဆို၏။

၁၁၄။ ။အဝိဇ္ဇာပစ္စယာ,သုံးလူအတွက်,ဘုရားရှင်သည် မဂ်ဖိုလ်,နိဗ္ဗာန်သို့ မတိုင်မီအကြား၊ဘုံသုံးပါး၌ ကျင်လည်ကုန်သော ဝေနေယျသတ္တဝါ အပေါင်းတို့အား အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ပရံပရ,ဘဝ အဆက်ဆက်တို့၌ တပြောင်းပြန်ပြန်,အဖန်တလဲလဲ,မစဲမည့် လည်၍,လည်၍ ဖြစ်တတ်,ပျက်တတ်သော ပဋိစ္စသမုပ္ပါဒ် တရားကို ဤသို့ ဟောတော်မူသည်၊

တတ္ထ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ။ သဠာယတနပစ္စယာ ဖဿော၊ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊တဏှာပစ္စယာ ဥပါဒါနံ၊ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ။ ဇာတိပစ္စယာ ဇရာ,မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတီတိ၊

ဤသို့ ဟောတော်မူသည်။ ။တတ္ထ,တသ္မိံ ပဋိစ္စသမုပ္ပါဒနယေ–ထို ပဋိစ္စသမုပ္ပါဒ်နည်း၌၊ ဧဝံ–ဤသို့၊ ဝိဘာဂေါ–ဝေဘန်ခြင်းကို၊ ဝေဒိတဗ္ဗော–သိအပ်၏။အဝိဇ္ဇာပစ္စယာ–အဝိဇ္ဇာ ဟူသော အကြောင်းငှာ၊ သင်္ခါရာ–သင်္ခါရတရားတို့သည်၊သမ္ဘဝန္တိ–ဖြစ်ကုန်၏။သင်္ခါရပစ္စယာ– သင်္ခါရ ဟူသော အကြောင်းကြောင့်၊ဝိညာဏံ–ဝိညာဏ်သည်၊ သမ္ဘဝတိ–ဖြစ်၏၊ ဝိညာဏပစ္စယာ–ဝိညာဏ်ဟူသော အကြောင်းကြောင့်၊ နာမရူပံ–နာမ်ရုပ်သည်၊သမ္ဘဝတိ–ဖြစ်၏၊ နာမရူပပစ္စယာ–နာမ်ရုပ် ဟူသော အကြောင်းကြောင့်၊သဠာယတနံ–အဇ္ဈတ္တိကာယတန ခြောက်ပါးသည်၊ သမ္ဘဝတိ–ဖြစ်တတ်၏၊ သဠာယတနပစ္စယာ–အဇ္ဈတ္တိကာယတန ခြောက်ပါးဟူသော အကြောင်းကြောင့်၊ဖဿော–ဖဿသည်၊ သမ္ဘဝတိ–ဖြစ်၏၊ ဖဿပစ္စယာ–ဖဿဟူသော အကြောင်းကြောင့်၊ ဝေဒနာ–ဝေဒနာသည်၊ သမ္ဘဝတိ–ဖြစ်၏၊ဝေဒနာပစ္စယာ–ဝေဒနာ ဟူ

သော အကြောင်းကြောင့်၊ တဏှာ–တဏှာသည်၊ သမ္ဘဝတိ–ဖြစ်၏၊ တဏှာပစ္စယာ–တဏှာ ဟူသော အကြောင်းကြောင့်၊ ဥပါဒါနံ–ဥပါဒါန်သည်၊ သမ္ဘဝတိ–ဖြစ်၏၊ ဥပါဒါနပစ္စယာ–ဥပါဒါန် ဟူသော အကြောင်းကြောင့်၊ ဘဝေါ–ကမ္မဘဝ,ဥပပတ္တိဘဝသည်၊ သမ္ဘဝတိ–ဖြစ်၏၊ ဘဝပစ္စယာ–ကမ္မဘဝဟူသော အကြောင်းကြောင့်၊ ဇာတိ–ဇာတိသည်၊ သမ္ဘဝတိ–ဖြစ်၏။ ဇာတိပစ္စယာ–ဇာတိဟူသောအကြောင်းကြောင့်၊ ဇရာမရဏံ–ဇရာမရဏသည်၊ သမ္ဘဝတိ–ဖြစ်၏၊ သောက,ပရိဒေဝ, ဒုက္ခ, ဒေါမနဿုပါယာသာ–စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ဆင်းရဲခြင်း, နှလုံးမသာယာခြင်း,သက်ကြီးရှိုက်တငင်,ပင်ပန်းခြင်းတို့သည်၊ သမ္ဘဝန္တိ–ဖြစ်တတ်ကုန်၏၊ ဧဝံ ယထာဝုတ္တနယေန ပစ္စယပရံပရဝိဓိနာ–အကြောင်းအခြင်းဖြင့် ဆိုအပ်ခဲ့ပြီးသော ပစ္စည်းအဆက်ဆက်ဟု ဆိုအပ်သော အစီအရင်ဖြင့်၊ ကေဝလဿ–ချမ်းသာအစရှိသည်တို့နှင့် မရောထသော၊ ဧတဿ–ထိုသို့ သဘောရှိသော၊ ဒုက္ခက္ခန္ဓဿ–ဆင်းရဲအပေါင်း၏၊ သမုဒယော–ဖြစ်ခြင်းသည်၊ ဟောတိ–ထင်၏၊ ဣတိ–ဤသို့၊ ဝုတ္တံ–ဟောတော်မူ၏၊

အဓိပ္ပါယ်သော်ကား၊ ထို ပဋိစ္စသမုပ္ပါဒ်နည်း၌။–

၁၊ အဝိဇ္ဇာသည် သစ္စာလေးပါးတို့၌၎င်း၊ ပုဗ္ဗန္တ,အပရန္တ စသည်တို့၌၎င်း၊ မသိသော အကုသိုလ် စိတ် ၁၂ ခု၌ ရှိသော မောဟ စေတသိက်သည် အဝိဇ္ဇာ မည်၏၊

၂၊ သင်္ခါရသည်ကား၊ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္ဇာဘိ သင်္ခါရ ဟူ၍ သုံးပါးအပြား ရှိ၏၊ ထို သုံးပါးတို့တွင်၊ ကာမာဝစရ ကုသိုလ်စိတ် ၈ခု၊ ရူပါဝစရ ကုသိုလ်စိတ် ၅ခုအားဖြင့်၊ ကုသိုလ်စေတနာ,၁၃ခုသည် ပုညာဘိ သင်္ခါရ မည်၏၊ အကုသိုလ်,စေတနာ ၁၂ခုသည်ကား၊ အပုညာဘိ သင်္ခါရ မည်၏၊ အရူပါဝစရ ကုသိုလ်,စေတနာ လေးခုသည် အာနဉ္ဇာဘိသင်္ခါရ မည်၏၊

၃၊ ဝိညာဏ်သည် ပဋိသန္ဓေဝိညာဏ်,ပဝတ္တိဝိညာဏ် ဟူ၍ နှစ်ပါး အပြား ရှိ၏။ ထို နှစ်ပါးတို့တွင်၊ ပဋိသန္ဓေစိတ် တခုယုတ် ၂၀သည် ပဋိသန္ဓေဝိညာဏ် မည်၏၊ လောကီဝိပါက်ဇတ္တိံသသည် ပဝတ္တိဝိညာဏ်

မည်၏၊ တနည်းကား၊ စိတ်တရာ့ယုတ်ကိုးဆယ်သည် ပဝတ္တိဝိညာဏ် မည်၏၊

၄၊ နာမ်ရုပ်သည်ကား၊ ပဋိသန္ဓေစိတ်တရာ့ယုတ်၂၀၌ ရှိသော စေတသိက်၃၅ခု၊ ကမ္မဇရုပ်၂၀သည် နာမရူပ မည်၏၊ တနည်းကား၊ ပဝတ္တိဝိညာဏ်၌ ရှိသော စေတသိက်၅၂ခု၊ အဇ္ဈတ္တိကရုပ်၂၈ခုသည် နာမရူပ မည်၏၊

၅၊ သဠာယတနသည်ကား၊ စက္ခာယတန။ သောတာယတန၊ ဃာနာယတန။ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန ဟူ၍ အဇ္ဈတ္တိကာယတန ခြောက်ပါးအပြား ရှိ၏၊ ထို ခြောက်ပါးတို့တွင်၊ စက္ခုပသာဒသည် စက္ခာယတန မည်၏၊ သောတပသာဒသည် သောတာယတန မည်၏၊ ဃာနပသာဒသည် ဃာနာယတန မည်၏။ ဇိဝှါပသာဒသည် ဇိဝှါယတန မည်၏၊ ကာယပသာဒသည် ကာယာယတန မည်၏၊ စိတ်တရာ့ယုတ်ကိုးဆယ်သည် မနာယတန မည်၏။

၆၊ ဖဿသည်ကား၊ စက္ခုသမ္ဖဿ၊ သောတသမ္ဖဿ၊ ဃာနသမ္ဖဿ၊ ဇိဝှါသမ္ဖဿ၊ ကာယသမ္ဖဿ၊ မနောသမ္ဖဿ ဟူ၍ ခြောက်ပါး အပြား ရှိ၏၊ ထို ခြောက်ပါးတို့တွင်၊ စက္ခုဝိညာဏ် နှစ်ခု၌ ရှိသော ဖဿစေတသိက်သည် စက္ခုသမ္ဖဿ မည်၏၊ သောတဝိညာဏ်နှစ်ခု၌ ရှိသော ဖဿစေတသိက်သည် သောတသမ္ဖဿ မည်၏၊ ဃာနဝိညာဏ်နှစ်ခု၌ ရှိသော ဖဿစေတသိက်သည် ဃာနသမ္ဖဿ မည်၏၊ ဇိဝှါဝိညာဏ် နှစ်ခု၌ ရှိသော ဖဿစေတသိက်သည် ဇိဝှါသမ္ဖဿ မည်၏၊ ကာယဝိညာဏ် နှစ်ခု၌ ရှိသော ဖဿစေတသိက်သည် ကာယသမ္ဖဿ မည်၏။ နှစ်ပဉ္စဝိညာဏ်မှ တပါး ၇၈ခုသော စိတ်၌ ဖြစ်သော ဖဿစေတသိက်သည် မနောသမ္ဖဿ မည်၏။

၇၊ ဝေဒနာသည်ကား၊ စက္ခုသမ္ဖဿဇာဝေဒနာ။ သောတသမ္ဖဿဇာဝေဒနာ၊ ဃာနသမ္ဖဿဇာဝေဒနာ၊ ဇိဝှါသမ္ဖဿဇာဝေဒနာ။ ကာယသမ္ဖဿဇာဝေဒနာ၊ မနောသမ္ဖဿဇာဝေဒနာ ဟူ၍ ခြောက်ပါး အပြား ရှိသည်၊ ထို ခြောက်ပါးတို့တွင် စက္ခုဝိညာဏ်နှစ်ခု၌ ရှိသော ဝေဒနာ

စေတသိက်သည် စက္ခုသမ္ဖဿဇာဝေဒနာ မည်၏။လ။ ကာယဝိညာဏ် နှင့်စွာ ရှိသော ဝေဒနာစေတသိက်သည် ကာယသမ္ဖဿဇာဝေဒနာ မည်၏၊ နွေးပဉ္စဝိညာဏ်တဆယ်မှ တပါး ခုနစ်ဆယ်ကိုးခုသော စိတ်၌ ရှိသော ဝေဒနာစေတသိက်သည် မနောသမ္ဖဿဇာဝေဒနာ မည်၏၊ တနည်းကား၊ ဝေဒနာသည် သုခဝေဒနာ,ဒုက္ခဝေဒနာ,ဥပေက္ခာဝေဒနာ ဟူ၍ သုံးပါးအပြား ရှိသည်၊ ထို သုံးပါးတို့တွင်၊ သုခသဟဂုတ်စိတ် ခြောက်ဆယ်သုံးခု၌ ရှိသော ဝေဒနာစေတသိက်သည် သုခဝေဒနာ မည်၏၊ဒုက္ခသဟဂုတ်စိတ်သုံးခု၌ ရှိသော ဝေဒနာစေတသိက်သည် ဒုက္ခဝေဒနာ မည်၏၊ဥပေက္ခာသဟဂုတ်ငါးဆယ်ငါးခု၌ ရှိသော ဝေဒနာစေတသိက်သည် ဥပေက္ခာဝေဒနာ မည်၏၊

၈၊ တဏှာသည်ကား၊ ကာမတဏှာ,ဘဝတဏှာ,ဝိဘဝတဏှာ ဟူ၍ သုံးပါး အပြား ရှိသည်၊ထို သုံးပါးတို့တွင်၊ကာမဘဝကို တပ်တတ်သော လောဘသည်ကား၊ကာမတဏှာ မည်၏၊ရူပဘဝကို တပ်တတ်သော လောဘသည် ဘဝတဏှာ မည်၏၊အရူပဘဝကို တပ်တတ်သော လောဘသည် ဝိဘဝတဏှာ မည်၏၊ ထို သုံးပါးကို အာရုံခြောက်ပါး ဖြင့် မြှောက်၊တဆဲ့ရှစ်ပါး ဖြစ်၏၊ထိုတဆဲ့ရှစ်ပါးကို အတိတ်၊အနာဂတ် ပစ္စုပ္ပန် ဟူသော ကာလသုံးပါးဖြင့် မြှောက်၊ ၅၄ပါး ဖြစ်၏၊ထို ၅၄ပါး ကို အဇ္ဈတ္တ,ဗဟိဒ္ဓ ဟူသော သန္တာန်နှစ်ပါးဖြင့် မြှောက်၊တဏှာကား တရာ့ရှစ် ဖြစ်၏၊တရားကိုယ်အားဖြင့် သော်ကား၊ လောဘစေတသိက် တခုသာလျှင်တည်း၊

၉၊ ဥပါဒါန်သည်ကား၊—ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်,သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန် ဟူ၍ လေးပါးအပြား ရှိသည်၊ တရားကိုယ်အားဖြင့် လောဘ,ဒိဋ္ဌိ,ဟူ၍ နှစ်ပါးအပြား ရှိသည်၊ထို သဘောတရားနှစ်ပါးတို့ တွင် အားနည်းသော လောဘသည် တဏှာ မည်၏၊ အားကြီးသော လောဘသည် ဥပါဒါန် မည်၏၊ ။တနည်းကား၊ အမိုက်တိုက်၌ ခိုးသူ တို့၏ လက်ဖြန့်ခြင်းကဲ့သို့ မရောက်သေးသော အာရုံကို တောင့်တခြင်း သည် တဏှာ မည်၏၊လက်သို့ ရောက်သော ဥစ္စာကို အမြဲယူသကဲ့သို့ ရောက်လေပြီး အာရုံကို အမြဲယူခြင်းသည် ဥပါဒါန်မည်၏၊ တနည်း

ကား၊ တဏှာသည် အလိုနည်းသော သဘော၏ ဆန့်ကျင်ဘက် ဖြစ်၏၊ ဥပါဒါန်သည် ရောင့်ရဲသော သဘော၏ ဆန့်ကျင်ဘက် ဖြစ်၏၊တနည်းကား၊ တဏှာသည် ဆင်းရဲခြင်း၏ မူလကို ရှာမှီးသော သဘော ရှိ၏၊ ဥပါဒါန်သည်ကား ထိုမူလကို စောင့်ရှောက်သော သဘော ရှိ၏။

၁၀။ ဘဝသည် ကမ္မဘဝ,ဥပပတ္တိဘဝ ဟူ၍ နှစ်ပါးအပြားရှိသည်။ထိုနှစ်ပါးတို့တွင် အကုသိုလ်စေတနာ ၁၂ခု၊ လောကီကုသိုလ်စေတနာ ၁၇ခုအားဖြင့် စေတနာတခုယုတ်သုံးဆယ်သည် ကမ္မဘဝ မည်၏၊ ပဋိသန္ဓေစိတ်တဆဲ့ကိုးခု၊ စေတသိက် ၃၅ခု၊ကမ္မဇရုပ်နှစ်ဆယ်၊ပေါင်း ငါးဆယ်ခြောက်ခုသည် ဥပပတ္တိဘဝ မည်၏၊

ထို ဥပပတ္တိဘဝသည်လည်း သညီဘဝ၊ အသညီဘဝ၊ နေဝသညီနာသညီဘဝ၊ပဉ္စဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ဧကဝေါကာရဘဝ၊ကာမဘဝ၊ရူပဘဝ၊အရူပဘဝ ဟူ၍ ကိုးပါး အပြားရှိသည်။ ထိုကိုးပါးတို့တွင်၊—

(၁)၊ ကာမဝိပါက် နှစ်ဆယ်သုံးခု၊ရူပဝိပါက်ငါးခု၊စတုတ္ထ ကြဉ်သော အရူပဝိပါက် သုံးခု၊စေတသိက် ၃၅ခု၊ ကမ္မဇရုပ် နှစ်ဆယ်သည် သညီဘဝ မည်၏၊

(၂)၊ ဇီဝိတနဝကဟု ဆိုအပ်သော အသညသတ် ပဋိသန္ဓေသည် အသညီဘဝ မည်၏၊

(၃)၊ စတုတ္ထ အရူပဝိပါက် တခု၊စေတသိက် ၃၀သည် နေဝသညီနာသညီဘဝ မည်၏၊

(၄)၊ ကာမဝိပါက် ၂၃ခု၊ ရူပဝိပါက် ငါးခု၊ စေတသိက် ၃၅ခု၊ ကမ္မဇရုပ် ၂၀သည် ပဉ္စဝေါကာရဘဝ မည်၏၊

(၅)၊ အရူပဝိပါက် လေးခု၊ စေတသိက် ၃၀-သည် စတုဝေါကာရဘဝ မည်၏၊

(၆)၊ အသညီဘဝသည် ဧကဝေါကာရဘဝ မည်၏၊

(၇)၊ ကာမဝိပါက်နှစ်ဆယ်သုံးခု၊ စေတသိက် ၃၃ခု၊ ကမ္မဇရုပ် နှစ်ဆယ်သည် ကာမဘဝမည်၏၊

(ဂ)။ ရူပဝိပါက်ငါးခု၊စက္ခုဝိညာဏ်နှစ်ခု၊သောတဝိညာဏ်နှစ်ခု၊ သမ္ပဋိစ္ဆိုင်း နှစ်ခု၊သန္တီရဏ သုံးခု၊စေတသိက် သုံးဆယ်ငါးခု၊ ပထဝီ၊ အာပေါ၊တေဇော၊ဝါယော၊ဝဏ္ဏ၊အာကာသဓာတ်၊ဇီဝိတ၊စက္ခု၊သော တ၊ဟဒယဝတ္ထု၊ဥပစယ၊သန္တတိ အားဖြင့် ကမ္မဇရုပ် ၁၂ခုသည် ရူပ ဘဝ မည်၏။

(ဃ)။ အရူပဝိပါက် ၄ခု၊ စေတသိက် ၃၀သို့ အရူပဘဝ မည်၏။ ဤသို့လျှင် ကမ္မဘဝ၊ဥပပတ္တိဘဝ၊သညီဘဝ၊အသညီဘဝ၊နေဝသညီ နာသညီဘဝ၊ပဉ္စဝေါကာရဘဝ၊ စတုဝေါကာရဘဝ၊ ဧကဝေါကာရ ဘဝ၊ ကာမဘဝ၊ ရူပဘဝ၊ အရူပဘဝ၊ ဤသို့အားဖြင့် ဘဝအပေါင်း ကား တဆဲ့တပါး အပြား ရှိသည်။

၁၁။ ရှေးဦးစွာ ဖြစ်၍၊ အတ္တဘောကို ရသော ခန္ဓာငါးပါး၏ သ ဘောသည် ဇာတိ မည်၏၊ထို ဇာတိသည်ကား၊ရုပ်၏ဇာတိ၊နာမ်၏ဇာတိ၊ ဟူ၍ နှစ်ပါး အပြား ရှိသည်၊

၁၂။ ထို အတ္တဘော၏သာလျှင် ရင့်ခြင်း,ဟောင်းခြင်းသဘောသည် ဇရာ မည်၏။ထို ဇရာသည်ကား၊ရုပ်၏ ဇရာ၊နာမ်၏ ဇရာ ဟူ၍ နှစ်ပါး အပြား ရှိသည်။

ထို အတ္တဘော၏သာလျှင် အဆုံး ဖြစ်၍၊ သေခြင်း, ပျက်စီးခြင်း သဘောသည် မရဏ မည်၏၊ထို မရဏသည်ကား ရုပ်၏ မရဏ၊ နာမ်၏ မရဏ ဟူ၍ နှစ်ပါး အပြား ရှိသည်၊

ဉာတကာဝိနာသတိ အစ ရှိသည်ဖြင့် တွေ့သည် ဖြစ်၍ ပူပန်ခြင်း သို့ သောက မည်၏၊တရားကိုယ်အားဖြင့်ကား၊ပဋိစ္စတ်ဒွေး၌ ဖြစ်သော ဒေါမနဿဝေဒနာလျှင်တည်း။

ဉာတကာဝိနာသတိ အစ ရှိသည်ဖြင့် တွေ့သည် ဖြစ်၍ မြည်တမ်း, ငိုကြွေးသော အသံသည် ပရိဒေဝ မည်၏၊ တရားကိုယ်အားဖြင့်ကား၊ ပဋိစ္စတ်ဒွေးသည် ပြုအပ်သော ဝိပ္ပလ္လာသစိတ္တဇသဒ္ဒလျှင်တည်း။

ဓုက္ခသဟဂုတ် ကာယဝိညာဏ်၌ ရှိသော ကာယိကဒုက္ခသည် ဒုက္ခ မည်၏၊

ပဋိစ္စသမုပ္ပါဒ် ရှိသော စေတသိက်ဒုက္ခသည် ဒေါမနဿ မည်၏၊ တရားကိုယ်အားဖြင့်ကား ဝေဒနာလျှင်တည်း။

ညာတကာ ဝိနသတိ အစ ရှိသည်ဖြင့် တွေ့သည် ဖြစ်၍ သက်ကြီး ရှိုက်တငင် ပင်ပန်းခြင်းသည် ဥပါယာသ မည်၏။ တရားကိုယ်အားဖြင့် ဒေါသစေတသိက်လျှင်တည်း။

ဤ ပဋိစ္စသမုပ္ပါဒ် တရားတို့သည်ကား မဂ်,ဖိုလ်,နိဗ္ဗာန်သို့ မတိုင်မီ အကြား ဘုံသုံးပါး၌ ကျင်လည်ကုန်သော သတ္တဝါတို့အား အဝိဇ္ဇာ၊ တဏှာ၊ဥပါဒါန်၊သင်္ခါရ၊ကမ္မဘဝ ဟူ၍ အတိတ်၌ အကြောင်းငါးပါး၊ ဝိညာဏ်၊နာမ်,ရုပ်၊သဠာယတန၊ ဖဿ၊ဝေဒနာ ဟူ၍ ပစ္စုပ္ပန်၌ အကျိုး ငါးပါး။ အဝိဇ္ဇာ၊တဏှာ၊ဥပါဒါန်၊သင်္ခါရ၊ကမ္မဘဝဟူ၍ ပစ္စုပ္ပန်၌ အ ကြောင်းငါးပါး။ ဝိညာဏ်၊နာမ်,ရုပ်၊သဠာယတန၊ဖဿ၊ဝေဒနာ ဟူ၍ အနာဂတ်၌ အကျိုးငါးပါး။ဤသို့လျှင် အစွန့်သုံးပါး၊အင်္ဂါ၁၂ပါး၊အခြင်း အရာ နှစ်ဆယ်၊အစပ် သုံးပါး။အလွှာလေးခု၊ဝဋ်သုံးပါး၊မူလနှစ်ပါး၊ဤ တရားတို့သည် အစဉ်အတိုင်း ဆက်ကာ,ဆက်ကာ အခြား မရှိ။ စုတိ,ပဋိ သန္ဓေအားဖြင့်၊ အဆင့်,အဆင့် အထပ်,အထပ် စက်ရဟတ်ကဲ့သို့ လှ ဖြစ်ချေကာ၊နတ် ဖြစ်ချေကာ၊ပြဟ္မာ ဖြစ်ချေကာ၊ တပြောင်းပြန်ပြန် အ ဖန်,တလဲလဲ,မစဲ မည်၊ ဇာတိ၊ဇရာ၊ဗျာဓိ၊မရဏ၊ ဤ တရားလေးပါး တို့သည် နှိပ်စက်အပ်သည် ဖြစ်၍ ကြီးစွာသော ဆင်းရဲဝေဒနာကို ခံရကုန်၏ ဟု ပဋိစ္စသမုပ္ပါဒ်တရားကို ဘုရားသခင် ခွဲခြမ်း,စိတ်ဖြာ၍ အကျယ် ဟောတော်မူသည်။

ဤသို့ ဟောတော်မူသော ပဋိစ္စသမုပ္ပါဒ် တရားတော်နှင့် လျော်ညီ စွာ သံသရာ ဝဋ်ဆင်းရဲ စဲသြဃ ရေအယဉ်မှ ထွက်မြောက်နိုင်အံ့ သော အကြောင်းကား၊ မဂ်ဖိုလ်,နိဗ္ဗာန်ကို ရမှသာလျှင်၊ ထွက်မြောက် နိုင်အံ့သော အကြောင်း ရှိ၏ဟု အသိပညာ,မဟာကုသိုလ်ညာဏသမ္ပ ယုတ်,စေတနာဖြင့် ပြဋ္ဌာန်းထုံး၊ ယခုအခါ ငါဘုန်း သု,ငါ မှစ၍ အ ကြီး, အငယ်, အရွယ်, အလတ်, အမြတ် ဖြစ်ကုန်သော၊ခပ်သိမ်းသော ရဟန်း,ရှင်လူ,ယောကျ်ား,မိန်းမ အပေါင်းတို့သည် ဌက်ပျော်တုံး,လက် ပွတုံး,ရေမြုပ်,တံ လျှပ်ကဲ့သို့ အနှစ်သာရ မရှိ၊ရူပက္ခန္ဓာ၊ဝေဒနာက္ခန္ဓာ၊

သညာက္ခန္ဓာ၊သင်္ခါရက္ခန္ဓာ၊ဝိညာဏက္ခန္ဓာ တည်းဟူသော ကိုယ်ခန္ဓာ ငါးပါးတို့ကို အနိစ္စ,ဒုက္ခ,အနတ္တတည်း ဟူသော လက္ခဏာရေးသုံးပါး တို့ဖြင့် နေ့,ည မပြတ်, စီးဖြန်း,ရွတ်ဖတ်,သရဇ္ဈာယ်,အောက်မေ့ ဆင် ခြင်လျက်၊အဇ္ဈတ္တ၀ါ, သုတ၀ါ, ပရသုတ၀ါ—ခုနှစ်ရင်း,နက်ပန်ရင်း,ဆံ ဘက်ရင်း၊သည့် လရင်း၊နောင် လရင်း၊သည့် နှစ်ရင်း၊နောင် နှစ်ရင်း၊ ငါ တို့,သူ ငါမှ စ၍ အကြီး,အငယ်,အရွယ်,အလတ် ဖြစ်ကုန်သော ခပ် သိမ်းသော ရဟန်း,ရှင်လူ,ယောကျ်ား,မိန်းမအပေါင်းတို့သည် သေရအံ့ သော အချိန်,ကာလကို မသိကုန်၊မမြင်ရကုန်။မသေမီက ငါတို့ပြုသော ကုသိုလ်ကောင်းမှု၏ အကျိုးသည်သာလျှင် သွားလေရာရာ ကိုယ်နှင့် မကွာ ထက်ကြပ် ပါလေသော အရိပ်ကဲ့သို့ နောင်တမလွန်ဘ၀ အ ဆက်ဆက်တို့၌ အစဉ်တပိုက် လိုက်အံ့သော အကြောင်း ဖြစ်သည်ဟု ယောနိသော မနသိကာရ အသင့်အတင့် နှလုံးသွင်းသဖြင့်၊ ဂန္ထဓုရ, ဝိပဿနာဓုရ,စာရိတ္တ၊ဝါရိတ္တ၊ဒါန၊သီလအစ ရှိသော ကုသိုလ်ကောင်း မှုတို့ကို အားထုတ်၍ အရဟတ္တဖိုလ်,နိဗ္ဗာန်ကို မျက်မှောက် ရလိုသော ဟု ဆုတောင်း ပတ္ထနာ ပြုကုန်ရာသည်။

၇၇၇။ ။ထို ပဋိစ္စသမုပ္ပါဒ်နည်း၌ အစွန့်သုံးပါး၊အင်္ဂါတဆဲ့နှစ်ပါး၊ အခြင်းအရာနှစ်ဆယ်၊အစပ်သုံးပါး၊အလွှာလေးခု၊၀ဋ်သုံးပါး၊ မူလနှစ် ပါးကိုကား၊—

တဏှ တယော အဒ္ဓါ၊ ဒွါဒသင်္ဂါနိ၊ ဝီသတာကာရာ၊
တိသန္ဓိ၊စတုသင်္ခေပါ၊တီဏိ ဝဋ္ဋာနိ၊ ဒွေမူလာနိစ ဝေဒိ
တဗ္ဗာနိ၊

ဟူသော ပါဠိနှင့်အညီ ဆရာ ဆို၍ သိရပြီ၊ အစွန့်သုံးပါး ဆိုသော တရားအရ၏ အဓိပ္ပါယ်, သရုပ်,သချာကို သိသာအောင်၊ ဆရာ ဆိုဦး လောဟု သူ မေးဖွယ်ရှိ၏၊ထို အမေးကို ဆရာ အဘယ်သို့ ဖြေအံ့နည်း၊

ကထံ အဝိဇ္ဇာ,သင်္ခါရာ အတီတော အဒ္ဓါ၊ ဇာတိ,ဇရာ,
မရဏံ အနာဂတော အဒ္ဓါ၊မဇ္ဈေအဋ္ဌ ပစ္စုပ္ပန္နော အဒ္ဓါတိ၊
တယော အဒ္ဓါ။

ဤသို့ ကျမ်းဂန် အရာ၌ လိမ္မာသော သရာတို့ မိန့်သောကြောင့်၊ အဝိဇ္ဇာ သင်္ခါရသည်ကား အတိတ် ဖြစ်သော အင်္ဂ မည်၏။ ဇာတိ,ဇရာ,မရဏ သည်ကား အနာဂတ် ဖြစ်သော အင်္ဂ မည်၏။ အလယ် ဖြစ်ကုန်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ ဤ ရှစ်ပါးသော တရားတို့သည်ကား ပစ္စုပ္ပန် ဖြစ်သော အင်္ဂ မည်ကုန်၏။ ဤသည်ကား အင်္ဂသုံးပါးတို့၏ သရုပ်,သင်္ချာ,အဓိပ္ပါယ် ဖြစ်သည် မှတ်ရမည်။

၁၁၈။ ။အင်္ဂါ တဆဲ့နှစ်ပါး ဆိုသော တရားအရ၏ သရုပ်,သင်္ချာ, အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရအံ့နည်း။

အဝိဇ္ဇာ၊ သင်္ခါရာ၊ ဝိညာဏံ၊ နာမ,ရူပံ၊ သဠာယတနံ၊ ဖဿော
ဝေဒနာ၊ တဏှာ၊ ဥပါဒါနံ၊ ဘဝေါ၊ ဇာတိ၊ ဇရာ,မရဏန္တိ
ဒွါဒသင်္ဂါနိ။

ဤသို့ ဆရာ,အရှင်မြတ်တို့ မိန့်သောကြောင့်၊ အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်,ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ,မရဏ၊ ဤသည်ကား အင်္ဂါ တဆဲ့နှစ်ပါး၏ သရုပ်,သင်္ချာ,အဓိပ္ပါယ် ဖြစ်သည်ဟု မှတ်ရမည်။ ။သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ၊ ဤငါးပါးတို့ကား၊ ဇာတိ၏ အကျိုးစက်မျှသာ ဖြစ်၍၊ ဇရာမရဏနှင့် အနီးလက်ကြား တူသောကြောင့် ဇရာမရဏ၌သာ သွင်းအပ်၏။ အင်္ဂါအသီး မယူအပ်ဟု မှတ်ရမည်။

၁၁၉။ ။အခြင်းအရာနှစ်ဆယ်၊ အစပ်သုံးပါး၊ အလွှာလေးခု ဆိုသော တရားအရ၏ သရုပ်,သင်္ချာ,အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရအံ့နည်း။

အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကန္တိ၊
ဝီသတာ ကာရော၊ တိသန္ဓိ၊ စတုသင်္ခေပါ စ ဘဝန္တိ၊

ဤသို့ ဆရာ,အရှင်မြတ်တို့ မိန့်သောင့်၊ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဟူ၍ အတိတ်၌ အကြောင်းငါးပါး။ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူ၍ ပစ္စုပ္ပန်၌ အကျိုးငါးပါး။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဟူ၍ ပစ္စုပ္ပန်၌ အကြောင်းငါးပါး"

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဟူ၍ အနာဂတ်၌ အကျိုးငါးပါး၊ ဤတရား၌ အတိတ်က အကြောင်းငါးပါးနှင့် ပစ္စုပ္ပါန် အကျိုးငါးပါးတစပ်၊ ၁၊ ပစ္စုပ္ပန် အကျိုးငါးပါးနှင့် ပစ္စုပ္ပန် အကြောင်းငါးပါးတစပ်၊ ၂၊ ပစ္စုပ္ပန်အကြောင်း ငါးပါးနှင့် အနာဂတ် အကျိုးငါးပါး တစပ်၊ ၃၊ ဤသို့လျှင် သုံးစပ် ဖြစ်သောကြောင့်၊ အလွှာကား၊ လေးပါး ဖြစ်သည်၊ တလွှာ,တလွှာ၌ ငါးပါး,ငါးပါးစီ ရသောကြောင့်၊ အခြင်းအရာကား၊ ၂၀ ဖြစ်သည်၊ ဤသည်ကား အခြင်းအရာ ၂၀၊ အစပ်သုံးပါး၊ အလွှာ လေးခုတို့၏ သရုပ်,သင်္ချာ,အဓိပ္ပါယ် ဖြစ်သည်ဟု မှတ်ရမည်၊

၇၁၀၊ ။ဝဋ်သုံးပါး ဆိုသော တရားအစု၏ သရုပ်,သင်္ချာ,အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရအံ့နည်း၊

> အဝိဇ္ဇာ တဏှုပ္ပါဒါနာစ ကိလေသာဝဋ္ဋံ၊ ကမ္မဘဝ
> သင်္ခါတော ဘဝေကဒေသော သင်္ခါရာစ ကမ္မဝဋ္ဋံ၊ ဥပ
> ပတ္တိဘဝသင်္ခါတော ဘဝေကဒေသော အဝသေသာစ
> ဝိပါကဝဋ္ဋန္တိ၊ တီဏိ ဝဋ္ဋာနိ။

ဤသို့ ကျမ်းဆရာ,အရှင်မြတ်တို့ မိန့်သောငှာ၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်တို့သည်လျှင် ကိလေသာဝဋ် မည်၏၊ ကမ္မဘဝဟု ဆိုအပ်သော ဘဝတစိတ် ဖြစ်သော သင်္ခါရသည်လျှင် ကမ္မဘဝ မည်၏၊ ဥပပတ္တိဘဝဟု ဆိုအပ်သော ဘဝတစိတ်သည်၎င်း၊ ဆိုအပ်ပြီးသို့မှ ကြွင်းကုန်သော ဝိညာဏ်,နာမ်ရုပ် အစ ရှိသည်တို့သည်၎င်း၊ ဝိပါကဝဋ် မည်၏၊ ဤသည်ကား ကိလေသာဝဋ်,ကမ္မဝဋ်,ဝိပါကဝဋ်၊ ဤ ဝဋ်သုံးပါးတို့၏ သရုပ်,သင်္ချာ,အဓိပ္ပါယ် ဖြစ်သည်ဟု မှတ်ရမည်၊

၇၁၁၊ ။မူလနှစ်ပါး ဆိုသော တရားအစု၏ သရုပ်,သင်္ချာ,အဓိပ္ပါယ်ကို အဘယ်သို့ မှတ်ရအံ့နည်း၊

> အဝိဇ္ဇာတဏှာဝသေန ဒွေမူလာနိစ ဝေဒိတဗ္ဗာနိ၊

ဤသို့ ကျမ်းဆရာ,အရှင်မြတ်ဘို့ မိန့်သောကြောင့်၊ အဝိဇ္ဇာ,တဏှာ တို့၏ အစွမ်းဖြင့် မူလကား နှစ်ပါးအပြား ရှိသည်၊ ဤသည်ကား မူလနှစ်ပါး တို့၏ သရုပ်,သင်္ချာ,အဓိပ္ပါယ် ဖြစ်သည်ဟု မှတ်ရမည်၊

ပဋိစ္စသမုပ္ပါဒ် ဆိုသည်ကား ပစ္စည်းအဆက်ဆက် ဖြစ်သော အကြောင်းတရား တို့၏ ညီညွတ်ခြင်းကို စွဲ၍၊ အကျိုးတရားတို့သည် အဆင့်ဆင့်,အထပ်ထပ် လည်၍ ဖြစ်ကုန်သော့ကြောင့်၊ ပဋိစ္စသမုပ္ပါဒ် ဆိုသည်ဟု မှတ်ရမည်။ ။ပဋိစ္စသမုပ္ပါဒ်တရားကား ပြီး၏။

၇၈၂။ ။ခပ်သိမ်းသော သူ အပေါင်းတို့အား သင်ကြား,လေ့ကျက်, ရွက်ဆောင် စိမ့်သောငှာ၊ ကမ္မဋ္ဌာန်းလေးဆယ် တို့၏ ပါဠိ,အနက်ကို ဆိုပေအံ့။

ကထံ၊ ပထဝီကသိဏံ, အာပေါကသိဏံ, တေဇောကသိဏံ, ဝါယောကသိဏံ, နီလကသိဏံ, ပီတကသိဏံ, လောဟိတကသိဏံ, ဩဒါတကသိဏံ, အာကာသကသိဏံ, အာလောကကသိဏဉ္စေတိ၊ ဣမာနိ ဒသကသိဏာနိ နာမ။ ။၁၀။

ဥဒ္ဓုမာတကံ, ဝိနီလကံ, ဝိပုဗ္ဗကံ, ဝိစ္ဆိဒ္ဒကံ, ဝိက္ခာယိတကံ, ဝိက္ခိတ္တကံ, ဟတဝိက္ခိတ္တကံ, လောဟိတကံ, ပုဠုဝကံ, အဋ္ဌိကဉ္စေတိ, ဣမေ ဒသအသုဘာ နာမ။ ။၁၀။

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ဥပသမာနုဿတိ, မရဏာနုဿတိ, ကာယဂတာသတိ, အာနာပါနဿတိစေတိ၊ ဣမာ ဒသ အနုဿတိယော နာမ၊ ။၁၀။

မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာစေတိ၊ ဣမာ စတဿော အပ္ပမညာယော နာမ၊ ဗြဟ္မဝိဟာရောတိပိ ပဝုစ္စတိ။ ၄ ။

အာဟာရေပဋိကူလသညာ၊ ဧကာသညာ နာမ။ ၁ ။

စတုဓာတုဝဝတ္ထာနံ၊ ဧကံ ဝဝတ္ထာနံ နာမ။ ၁ ။

အာကာသာနဉ္စာယတနံ, ဝိညာဏဉ္စာယတနံ, အာကိဉ္စညာယတနံ, နေဝသညာ နာသညာယတနဉ္စေတိ၊ စတ္တာရိ အာရုပ္ပါနာမာနိ။ ၄ ။

သဗ္ဗတ္ထာပိ သမထနိဒ္ဒေသေ စတ္တာလီသ ကမ္မဋ္ဌာနာနိဘဝန္တိ။

ပေါင်းလေးဆယ်။

ကမ္မဋ္ဌာန်းလေးဆယ်ပါဠိအနက်သော်ကား။—

ကထံ ဝေဒိတဗ္ဗာနိ—အဘယ်သို့ သိအပ်ကုန်သနည်း ဟူမူကား။—

(၁)။ ပထဝီကသိဏဉ္စ—မြေကြီး ဟူသော ကသိုဏ်းငှင်း။ တနည်းကား၊ ပထဝီကသိဏဉ္စ—တစိတ်၌ မတည်မူ၍၊ အဆုံးမရှိ နှံ့အပ်သော အဖြစ်အားဖြင့် မြေသို့သည်းလျှင် အလုံးစုံဟူသော အနက်ကြောင့်၊ ကသိဏ မည်သော ပထဝီကသိုဏ်းငှင်း၊

(၂)။ အာပေါကသိဏဉ္စ—ရေ ဟူသော ကသိုဏ်းငှင်း၊ တနည်းကား၊ အာပေါကသိဏဉ္စ—တစိတ်၌ မတည်မူ၍၊ အဆုံးမရှိ နှံ့အပ်သော အဖြစ်အားဖြင့် ရေသည်သာလျှင် အလုံးစုံ ဟူသော အနက်ကြောင့်၊ ကသိဏ မည်သော အာပေါကသိုဏ်းငှင်း၊

(၃)။ တေဇောကသိဏဉ္စ—မီး ဟူသော ကသိုဏ်းငှင်း၊ တနည်းကား၊ တေဇောကသိဏဉ္စ—တစိတ်၌ မတည်မူ၍၊ အဆုံးမရှိ နှံ့အပ်သော အဖြစ်အားဖြင့် မီးသိသာလျှင် အလုံးစုံ ဟူသော အနက်ကြောင့်၊ ကသိဏ မည်သော တေဇောကသိုဏ်းငှင်း။

(၄)။ ဝါယောကသိဏဉ္စ—လေဟူသော ကသိုဏ်းငှင်း၊ တနည်းကား၊ တစိတ်၌ မတည်မူ၍၊ အဆုံးမရှိ နှံ့အပ်သော အဖြစ်အားဖြင့် လေသည်သာလျှင် အလုံးစုံ ဟူသော အနက်ငှေ၊ ကသိဏ မည်သော ဝါယောကသိုဏ်းငှင်း၊

(၅)။ နီလကသိဏဉ္စ—ညိုသော အဆင်း ဟူသော ကသိုဏ်းငှင်း၊ တနည်းကား၊ နီလကသိဏဉ္စ—တစိတ်၌ မတည်မူ၍၊ အဆုံးမရှိ နှံ့အပ်သော အဖြစ်အားဖြင့် ညိုသော အဆင်းသည်သာလျှင် အလုံးစုံ ဟူသော အနက်ကြောင့်၊ ကသိဏ မည်သော နီလကသိုဏ်းငှင်း။

(၆)။ ပီတကသိဏဉ္စ—ရွှေသော အဆင်း ဟူသော ကသိုဏ်းငှင်း။ တနည်းကား၊ ပီတကသိဏဉ္စ—တစိတ်၌ မတည်မူ၍၊ အဆုံးမရှိ နှံ့အပ်သော အဖြစ်အားဖြင့် ရွှေသော အဆင်းသည်သာလျှင် အလုံးစုံ ဟူသော အနက်ကြောင့်၊ ကသိဏ မည်သော ပီတကသိုဏ်းငှင်း၊

(၇)၊ လောဟိတကသိဏဥ္စ—နီသော အဆင်း ဟူသော ကသိုဏ်း ဝန်း၊တနည်းကား၊လောဟိတကသိဏဥ္စ—တစိတ်၌ မတည်မူ၍၊ အဆုံးမရှိ,နှံ့အပ်သော အဖြစ်အားဖြင့် နီသော အဆင်းသို့သော လျှင် အလုံးစုံ ဟူသော အနက်ကြောင့်၊ ကသိဏ မည်သော လောဟိတကသိုဏ်းဝန်း။

(၈)။ ဩဒါတကသိဏဥ္စ-ဖြူသော အဆင်း ဟူသော ကသိုဏ်းဝန်း။ တနည်းကား၊ဩဒါတကသိဏဥ္စ—တစိတ်၌ မတည်မူ၍၊အဆုံး မရှိ,နှံ့အပ်သော အားဖြင့် ဖြူသော အဆင်းသည်သာလျှင် အလုံးစုံ ဟူသော အနက်ကြောင့်၊ကသိဏ မည်သော ဩဒါတက သိုဏ်းဝန်း။

(၉)၊ အာကာသကသိဏဥ္စ-ပိုင်းခြားအပ်သော ကောင်းကင် ဟူသော ကသိုဏ်းဝန်း၊ တနည်းကား၊ အာကာသကသိဏဥ္စ—တစိတ်၌ မတည်မူ၍၊ အဆုံးမရှိ,နှံ့အပ်သော အားဖြင့် ပိုင်းခြားအပ်သော ကောင်းကင်သည်သာလျှင် အလုံးစုံ ဟူသော အနက်ကြောင့်၊ ကသိဏ မည်သော အာကာသကသိုဏ်းဝန်း။

(၁၀)၊ အာလောကကသိဏဥ္စ—လ,အစ ရှိသည်တို့၏ အရောင် ဟူသော အာလောက ကသိုဏ်းဝန်း၊ တနည်းကား၊ အာလောက ကသိဏဥ္စ—တစိတ်၌ မတည်မူ၍၊ အဆုံးမရှိ,နှံ့အပ်သော အား ဖြင့် လ,အစ ရှိသည်တို့၏ အရောင်သည်သာလျှင် အလုံးစုံ ဟူ သော အနက်ကြောင့်၊ ကသိဏ မည်သော အာလောက က သိုဏ်းဝန်း။

ဣတိဣမိနာ ပဘေဒေန—ဤသို့သော အပြားအားဖြင့်၊ ဒသ—ဆယ် ပါးအပြား ရှိကုန်သော၊ ဣမာနိကမ္မဋ္ဌာနာနိ—ဤ ကမ္မဋ္ဌာန်းတို့သည်၊ ကသိ ဏာနိ နာမ-ကသိုဏ်း မည်ကုန်၏။ ။ကသိုဏ်းဆယ်ပါး,အနက် ပြီး၏၊

၇၈၃၊ ။(၁)၊ ဥဒ္ဓုမာတကဥ္စ—လေဖြင့် ပြည့်သော သားရေအိတ် ကဲ့သို့ သေသော ကာလမှ အထက် ဖြစ်သော နောက်ကာလ၌ တက်၍,တက်၍ ရောင်သော စက်ဆုပ်ဖွယ် ရှိသော အကောင် ဝန်း။

(၂)၊ ဝိနီလကဥ္စ—အဖြူ,အနီ အစ ရှိသည်နှင့် ရောသည် ဖြစ်၍၊များသော အားဖြင့် ညိုသော အဆင်း ရှိသော စက်ဆုပ်ဖွယ်သော အကောင်ရင်း၊

(၃)၊ ဝိပုဗ္ဗကဥ္စ—ယိုစီးသော ပြည် ရှိသော စက်ဆုပ်ဖွယ် ရှိသော အကောင်ရင်း၊

(၄)၊ ဝိစ္ဆိဒ္ဒကဥ္စ—အလယ်၌ နှစ်ပိုင်း ပြတ်သော စက်ဆုပ်ဖွယ် ရှိသော အကောင်ရင်း၊

(၅)၊ ဝိက္ခာယိတကဥ္စ—ခွေး,မြေခွေး,အစ ရှိကုန်သော သတ္တဝါတို့သို အထူးထူး,အပြားပြား ရှိသော အခြင်းအရာဖြင့် ကိုက်ခဲအပ်သော စက်ဆုပ်ဖွယ် ရှိသော အကောင်ရင်း၊

(၆)၊ ဝိက္ခိတ္တကဥ္စ—ခွေး,မြေခွေး,အစ ရှိကုန်သော သတ္တဝါတို့သည် အထူးထူး, အပြားပြားသော အခြင်းအရာဖြင့် အပိုင်း,အပိုင်း ဖြတ်၍၊ထိုထိုသို့သော အရပ်၌ ပစ်အပ်သော စက်ဆုပ်ဖွယ် ရှိသော အကောင်ရင်း၊

(၇)၊ ဟတဝိက္ခိတ္တကဥ္စ—ဓားလက်နက်ဖြင့် သတ်၍၊အထူးထူး, အပြားပြား ပစ်အပ်သော စက်ဆုပ်ဖွယ် ရှိသော အကောင်ရင်း၊

(၈)၊ လောဟိတကဥ္စ—သွေး ယိုသော စက်ဆုပ်ဖွယ် ရှိသော အကောင်ရင်း၊

(၉)၊ ပုဠုဝကဥ္စ—သွေးယိုသည် ဖြစ်၍ ပြည့်သော ပိုးနှိုး ရှိသော စက်ဆုပ်ဖွယ်သော အကောင်ရင်း၊

(၁၀)၊ အဋ္ဌိကဥ္စ—အရိုးချည်းသာ ဖြစ်၍၊ စက်ဆုပ်ဖွယ် ရှိသော အကောင်ရင်း၊

ဆုတိဆုမိနာပသေဒေနု—၍သို့သော အပြားအားဖြင့်၊ ဒသ—ဆယ်ပါးကုန်သော၊ဆုမေအာကာချ—၍အခြင်းအရာ တို့သို၊အသုဘာနာမ-အသုဘာ မည်ကုန်၏၊ ၊အသုဘာ ဆယ်ပါး အနက်ကား ပြီး၏၊

၇၀၄၊ ၊(၁)၊ ဗုဒ္ဓါနုဿတိစ—ဘုရားသခင်ဂုဏ်တော်ကို အောက်မေ့ခြင်းရင်း၊

(၂)၊ ဓမ္မာနုဿတိစ—တရားတော်ဂုဏ်တော်ကို အောက်မေ့ခြင်းရင်း၊

(၃)။ သံဃာနုဿတိစ-သံဃာတော်ဂုဏ်တော်ကို အောက်မေ့ခြင်း ငှင်း။
(၄)။ သီလာနုဿတိစ-သီလ,ဂုဏ်ကို အောက်မေ့ခြင်းငှင်း။
(၅)။ စာဂါနုဿတိစ-စွန့်ကြဲခြင်းဂုဏ်ကို အောက်မေ့ခြင်းငှင်း။
(၆)။ ဒေဝတာနုဿတိစ-နတ်တို့၏ ဂုဏ်နှင့် တူသော မိမိ ဂုဏ်ကို အောက်မေ့ခြင်းငှင်း၊
(၇)။ ဥပသမ္မာနုဿတိစ-နိဗ္ဗာန်ကို အောက်မေ့ခြင်းငှင်း။
(၈)။ မရဏာနုဿတိစ-သေခြင်းကို အောက်မေ့ခြင်းငှင်း။
(၉)။ ကာယဂတာသတိစ-ကာယ၏ အရဂ္ဂ အောက်မေ့ခြင်းငှင်း၊
(၁၀)။ အာဏာပါနုဿတိစ-ထွက်သက်, ဝင်သက်ကို အောက်မေ့ ခြင်းငှင်း၊

ဆုတိ ဆုမိနာပဘောဒေန-ဤသို့သော အပြားအားဖြင့်၊ ဒသ-ဆယ် ပါးကုန်သော၊ဣမာဓမ္မာတိယော-ဤသဘော တရားတို့သည်။ အနုဿ တိယောနာမ-အနုဿတိ မည်၏။ ၊အနုဿတိဆယ်ပါ။ အနက် အ ကျဉ်းကား ပြီး၏။ အကျယ်ကား၊-

(၁)။ ဗုဒ္ဓါနုဿတိစ-အရဟံ, အစ ရှိသော ဘုရားသခင်ဂုဏ် ဟူ သော အာရုံ၌၊ ဘုရား,ဘုရား ဟူ၍ အဖန်,တလဲလဲ အောက် မေ့ခြင်းငှင်း။
(၂)။ ဓမ္မာနုဿတိစ-သွက္ခာတော,အစ ရှိသော တရားတော် ဂုဏ် တော်တည်း ဟူသော အာရုံ၌၊တရား,တရား ဟူ၍ အဖန်တလဲ လဲ အောက်မေ့ခြင်းငှင်း။
(၃)။ သံဃာနုဿတိစ-သုပ္ပဋိပန္နောတော,အစ ရှိသော သံဃာတော် ဂုဏ်တော် ဟူသော အာရုံ၌၊သံဃာ,သံဃာ ဟူ၍ အဖန်တလဲ လဲ အောက်မေ့ခြင်းငှင်း။
(၄)။ သီလာနုဿတိစ-မိမိ၏ သီလဂုဏ်ကို အဖန်တလဲလဲ အော မေ့ခြင်းငှင်း။
(၅)။ စာဂါနုဿတိစ-မိမိ စွန့်ကြဲခြင်းကို အဖန်တလဲလဲ အောက် မေ့ခြင်းငှင်း။

(၆)၊ ဒေဝတာနုဿတိစ—နတ်တို့၏ ဂုဏ်နှင့် တူသော မိမိ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းငင်း၊

(၇)၊ ဥပသမာနုဿတိစ—ခပ်သိမ်းသော ဆင်းရဲ၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရား၏ ဝိရာဂ အစ ရှိသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းငင်း၊

(၈)။ မရဏာနုဿတိစ—ဇီဝိတိန္ဒြေ၏ ပြတ်ခြင်း ဖြစ်သော သေခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်းငင်း၊

(၉)။ ကာယဂတာသတိစ—ဆံ,အစ ရှိသော ကာယ အစုၓ္ဍ အဖန်တလဲလဲ အောက်မေ့ခြင်းငင်း၊

(၁၀)၊ အာနာပါနဿတိစ—ထွက်သက်,ဝင်သက်သျှင် အာရုံ ရှိသည် ဖြစ်၍ အဖန်တလဲလဲ အောက်မေ့ခြင်းငင်း၊

ဇုတ်ဇုမိနာပဘေဒေန—ဤသို့သော အပြားအားဖြင့်၊ ဇုမာ ဓမ္မဇာတိယော—ဤ သဘောတရားတို့သည်၊ အနုဿတိယော နာမ—အနုဿတိ မည်ကုန်၏၊ ။ငင်းအနုဿတိ ဆယ်ပါး အကျယ်,အနက်ကား ပြီး၏၊

၇၀၅၊ ။(၁)၊ မေတ္တာစ—သတ္တဝါတို့၌ ချစ်ခင်အပ်သော သဘော၊ အဆွေခင်ပွန်းတို့၌ ချစ်အပ်သော သဘော ရှိသော အဒေါသ စေတသိက်ငင်း၊

(၂)၊ ကရုဏာစ—သူတပါးတို့၏ ဆင်းရဲခြင်းကို ပယ်ခြင်း၌ အလို ရှိသော ကရုဏာစေတသိက်ငင်း။

(၃)၊ မုဒိတာစ—သူတပါးတို့၏ စည်းစိမ်,ချမ်းသာ၌ နှစ်သက်, ဝမ်းမြောက်,ဝမ်းသာခြင်းတည်း ဟူသော မုဒိတာစေတသိက်ငင်း၊

(၄)၊ ဥပေက္ခာစ—ဣဋ္ဌာရုံ, အနိဋ္ဌာရုံ၌ လျစ်လျူ ရှုတတ်သော တတြ မဇ္ဈတ္တတာစေတသိက်ငင်း၊

ဇုတိ ဇုမိနပဘေဒေန—ဤသို့သော အပြားအားဖြင့်၊ စတဿော—လေးပါးအပြား ရှိကုန်သော၊ ဇုမာ ဓမ္မဇာတိယော—ဤသဘော တရားတို့သည်၊ အပ္ပမညာယော နာမ—အပ္ပမညာ ဟူသော အမည် ရှိကုန်၏၊ ဗြဟ္မဝိဟာရာစေတိစ—ဗြဟ္မဝိဟာရ ဟူ၍လည်း၊ ဝုစ္စတိ—မိန့်၏၊ ။အပ္ပမညာလေးပါး အနက်ကား ပြီး၏၊

၇၈၆။ ။(၁)။ အာဟာရေ ပဋိကူလသညာ–ကဗဠိကာရအာဟာရ၌ စက်ဆုပ်ဖွယ် ရှိ၏ဟု ဖြစ်သော သညာသည်၊ ကော–တခုသော၊သညာနာမ–သညာ ဟူသော အမည် ရှိ၏။

(၂)။ စတုဓာတုဝဝတ္ထာနံ–ဓာတ်လေးပါးကို ဆုံးဖြတ်ခြင်းသို၊ကော်–တခုသော၊ဝဝတ္ထာနံ နာမ–ဝဝတ္ထာ ဟူသော အမည် ရှိ၏။ ။ ပဋိကူလသညာ,ဝဝတ္ထာန်–၌နှစ်ပါးတို့၏ အနက်ကား ပြီး၏။

၇၈၇။ ။(၁)။ အာကာသာနဉ္စာယတနဉ္စ–အာကာသာနဉ္စာယတနရှင်း။

(၂)။ ဝိညာဏဉ္စာယတနဉ္စ–ဝိညာဏဉ္စာယတနရှင်း။

(၃)။ အာကိဉ္စညာယတနဉ္စ–အာကိဉ္စညာယတနရှင်း။

(၄)။ နေဝသညာ,နာသညာယတနဉ္စ–နေဝသညာ,နာသညာယတနရှင်း၊ စတ္တာရိ–လေးပါးကုန်သော၊ ဓာတိဓာမာနိ ဓမ္မဇာတာနိ–၌ သဘောတရားတို့သို၊ အာရုပ္ပါနာမ–အာရုပ္ပ မည်ကုန်၏။ ။ အာရုပ္ပ လေးပါးတို့၏ အနက်ကား ပြီး၏။

ဓာတိဓာမိနာ ပဘေဒေန–၌သို့သော အခြင်းအရာအားဖြင့်၊သမ္ဗူထာပိ–ခပ်သိမ်းသော အခြင်းအရာ အားဖြင့်လည်း၊သမထနိဒ္ဒေသေ–သမထဘာဝနာ၏ နိဒ္ဒေသ၌၊ စတ္တာလီသ–လေးဆယ် အတိုင်း,အရှည် ရှိကုန်သော၊ ကမ္မဋ္ဌာနာနိ–ကမ္မဋ္ဌာန်းတို့သည်၊ ဘဝန္တိ–ဖြစ်ကုန်၏။ ။ ကသိုဏ်းဆယ်ပါး၊အသုဘဆယ်ပါး၊ အနုဿတိဆယ်ပါး၊ အပ္ပမညာလေးပါး၊ပဋိကူလသညာ တပါး၊ဝဝတ္ထာန် တပါး၊အာရုပ္ပလေးပါး၊ ၌ အလုံးစုံကို ပေါင်းသည် ရှိသော်၊ကမ္မဋ္ဌာန်း အပြားကားလေးဆယ် ရှိသည် မှတ်ရမည်။

• ၇၈၈။ ။ထို ကမ္မဋ္ဌာန်း လေးဆယ်တို့၏ ပါဠိ,အနက်,သရုပ်,သင်္ချာကိုကား၊ ဆရာ ဆို၍ သိရပြီ။ ကမ္မဋ္ဌာန်း လေးဆယ်တို့တွင်၊ စရိုက်အားဖြင့် အဘယ်သို့ အမျှ,အပြား ရှိသနည်း။ ဆရာ ဆိုဦးလော့ဟု သူ မေးဘွယ် ရှိ၏။ ထို အမေးကို ဆရာ အဘယ်သို့ ဖြေအံ့နည်း။

ရာဂစရိတာ,ဒေါသစရိတာ, မောဟစရိတာ,သဒ္ဓါစရိတာ, ဗုဒ္ဓိစရိတာ,ဝိတက္ကစရိတာစေတိ၊ဆဗ္ဗိဓေန စရိတသင်္ဂဟော။

ဤသို့ ကျမ်းဂန်ဆရာ,အရှင်မြတ်တို့ မိန့်သောကြောင့်၊ ရာဂစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်၊ သဒ္ဓါစရိုက်၊ ပညာစရိုက်၊ ဝိတက်စရိုက်၊ ဟူ၍ ခြောက်ပါး အပြား ရှိသည်ဟု မှတ်ရမည်၊

၇၈၉၊ ၊ထို ခြောက်ပါးသော စရိုက်တို့တွင်၊ အဘယ် စရိုက်သည် အဘယ် ကမ္မဋ္ဌာန်းအား သင့်တင့်,လျော်ကပ်လေသနည်း၊

စရိတာသုပန ဒသအသုဘာ ကာယဂတာသတိသင်္ခါတာ
ကောဋ္ဌာသဘာဝနာ ရာဂစရိတဿ သပ္ပါယာ၊

ဤသို့ ကျမ်းဆရာ,အရှင်မြတ်တို့ မိန့်သောကြောင့်၊ အသုဘဆယ်ပါး၊ ကာယဂတာသတိ၊ ဤ တဆဲ့တပါးသော ကမ္မဋ္ဌာန်းတို့သည်ကား၊ ရာဂ ပြောသော သူတို့အား(သည်) စီးဖြန်း,ရှုတ်ပတ်,သရဇ္ဈာယ်ခြင်းသည် ရာဂ ခေါင်းပါး၍၊ ဈာန်,မဂ်,ဖိုလ် ရလွယ်အံ့သော အကြောင်း ရှိသောကြောင့်၊ ဤ စရိုက်နှင့် ဤ ကမ္မဋ္ဌာန်း သင့်တင့်,လျော်ကပ်သည် မှတ်ရမည်၊

၇၉၀၊ ၊ဒေါသပြောသော သူတို့အား(သည်) အဘယ် ကမ္မဋ္ဌာန်းနှင့် သင့်တင့်,လျော်ကပ်အံ့နည်း၊

စတဿော အပ္ပမညာယော နီလာဒီနိစ စတ္တာရိ
ကသိဏာနိ ဒေါသစရိတဿ၊

ဤသို့ ကျမ်းဂန်ဆရာ,အရှင်မြတ်တို့ မိန့်သောငှာ၊ ဒေါသ ပြောသော သူတို့အား မေတ္တာ,ကရုဏာ,မုဒိတာ,ဥပေက္ခာအားဖြင့် အပ္ပမညာလေးပါး၊ နီလ,ပီတ,လောဟိတ,ဩဒါတအားဖြင့် ကသိုဏ်းလေးပါး၊ ဤ ရှစ်ပါးသော ကမ္မဋ္ဌာန်းတို့ကို စီးဖြန်း,ရှုတ်ပတ်,သရဇ္ဈာယ်,ခြင်းသည် ဒေါသ ခေါင်းပါး၍၊ ဈာန်,မဂ်,ဖိုလ် ရလွယ်အံ့သော အကြောင်း ရှိသောကြောင့်၊ ဤ စရိုက်နှင့် ဤ ကမ္မဋ္ဌာန်း သင့်တင့်,လျော်ကပ်သည်ဟု မှတ်ရမည်၊

၇၉၁၊ ၊မောဟ ပြောသော သူအားငင်း၊ ဝိတက်ပြောသော သူအားငင်း၊ အဘယ်ကမ္မဋ္ဌာန်းနှင့် သင့်တင့်,လျော်ကပ်အံ့နည်း၊

အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိတဿစ၊

ဤသို့ ကျမ်းဆရာ,အရှင်မြတ်တို့ မိန့်သောငှာ၊ မောဟပြောသော သူတို့အားငင်း၊ ဝိတက်ပြောသော သူတို့အားငင်း၊ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်း,ရှုတ်ပတ်,သရဇ္ဈာယ်ခြင်းသည် မောဟငင်း, ဝိတက်ငင်

ခေါင်းပါး၍ ဈာန်,မဂ်,ဖိုလ် ရလွယ်အံ့သော အကြောင်း ရှိသောကြောင့်၊ ဤ စရိုက်နှင့် ကမ္မဋ္ဌာန်း သင့်တင့်,လျောက်ပတ်သည်ဟု မှတ်ရမည်၊

၇၉၂။ ။သဒ္ဓါ ပြောသော သူတို့အား အဘယ် ကမ္မဋ္ဌာန်းနှင့် သင့်တင့်,လျောက်ပတ်အံ့နည်း။

ဗုဒ္ဓါနုဿတိအာဒယောသ သဒ္ဓါစရိတဿ၊

ဤသို့ ကျမ်းဆရာ,အရှင်မြတ်တို့ မိန့်သောကြောင့်၊ သဒ္ဓါ ပြောသော သူတို့အား ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊သံဃာနုဿတိ၊သီလာနုဿတိ၊ စာဂါနုဿတိ၊ဒေဝတာနုဿတိ၊ ဤအနုဿတိခြောက်ပါးတို့ကို စီးဖြန်း,ရှုတ်ပတ်,သရဇ္ဈာယ်ခြင်းသည် သဒ္ဓါဗလဝ ဖြစ်၍၊ ဈာန်,မဂ်ဖိုလ်ကို ရလွယ်အံ့သော အကြောင်း ရှိသောကြောင့်၊ဤစရိုက်နှင့် ဤကမ္မဋ္ဌာန်း သင့်တင့်,လျောက်ပတ်သည်ဟု မှတ်ရမည်။

၇၉၃။ ။ပညာ ပြောသော သူတို့အား အဘယ်ကမ္မဋ္ဌာန်းနှင့် သင့်တင့်,လျောက်ပတ်အံ့နည်း။

မရဏာ ဥပသမသညာ ဝဝတ္ထာနိ ဗုဒ္ဓိစရိတဿ၊

ဤသို့ ကျမ်းဂန်ဆရာ,အရှင်မြတ်တို့ မိန့်သောကြောင့်၊ ပညာ ပြောသော သူတို့အား မရဏ, ဥပသမ, သညာ, ဝဝတ္ထာန်၊ ဤ လေးပါးသော ကမ္မဋ္ဌာန်းတို့ကို စီးဖြန်း,ရှုတ်ပတ်,သရဇ္ဈာယ်ခြင်းသည် ပညာဗလဝ ဖြစ်၍ ဈာန်,မဂ်ဖိုလ်ကို ရလွယ်အံ့သော အကြောင်း ရှိသောကြောင့်၊ဤ စရိုက်နှင့် ဤကမ္မဋ္ဌာန်း သင့်တင့်,လျောက်ပတ်သည်ဟု မှတ်ရမည်၊

၇၉၄။ ။ဤသို့ ဆိုအပ်ခဲ့ပြီးသော ကမ္မဋ္ဌာန်းသုံးဆယ်တို့မှ ကြွင်းကုန်သော ဆယ်ပါးသော ကမ္မဋ္ဌာန်း တို့သည်ကား၊ အဘယ်စရိုက် ရှိကုန်သော သူတို့အား လျောက်ပတ်အံ့နည်း။

သေသာနိပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသံပိ သပ္ပါယာနိ၊

ဤသို့ ကျမ်းဆရာ,အရှင်မြတ်တို့ မိန့်သောကြောင့်၊ ဆိုအပ်ခဲ့ပြီးသော ကမ္မဋ္ဌာန်း သုံးဆယ်တို့မှ ကြွင်းသော ပထဝီကသိုဏ်း၊ အာပေါကသိုဏ်း၊တေဇောကသိုဏ်း၊ ဝါယောကသိုဏ်း၊ အာကာသကသိုဏ်း၊ အာလောကကသိုဏ်း၊ အာကာသာနဉ္စာယတန၊ ဝိညာဏဉ္စာယတန၊ အာကိဉ္စညာယတန၊နေဝသညာ,နာသညာယတန၊ဤကမ္မဋ္ဌာန်း ဆယ်

ပါးတို့သည်ကား၊ ခပ်သိမ်းသော စရိုက်ခြောက်ပါး ရှိကုန်သော သူတို့အား သင့်တင့်လျောက်ပတ်သည်ဟု မှတ်ရမည်။

၁၉၅။ ။ထို ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့တွင်လည်း ခြောက်ပါးသော ကသိုဏ်းတို့၌ ကြီးသော ကသိုဏ်းဝန်းသည် အဘယ်စရိုက်ပြောသော သူအား လျောက်ပတ်အံ့နည်း၊ ငယ်သော ကသိုဏ်းဝန်းသည် အဘယ်စရိုက် ပြောသော သူအား လျောက်ပတ်အံ့နည်း။

တတ္ထာပိ ကသိဏေသု ပုထုလံ မောဟစရိတဿ
ခုဒ္ဒကံဝိတက္ကစရိတဿေဝ။

ဤသို့ ကျမ်းဆရာ,အရှင်မြတ်တို့ မိန့်သောကြောင့်၊ ထို ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့တွင်လည်း၊ ကသိုဏ်းခြောက်ပါးတို့၌ ကြီးစွာအဆုံး, ကောက်နယ်တလင်းမျှလောက် ရှိသော ကသိုဏ်းဝန်းသည် မောဟပြောသော သူအား လျောက်ပတ်၏၊ ငယ်စွာအဆုံး ခွက်မျှ,စကောမျှ ရှိသော ကသိုဏ်းဝန်းသို့ရင်း၊ အချင်းတထွာ,လက်လေးသစ်မျှ ရှိသော ကသိုဏ်းဝန်းသို့ရင်း၊ ဝိတက်ပြောသောသူအားသာလျှင် လျော်ပတ်၏။ ဤသို့ သိအပ်,မှတ်အပ်ကုန်၏ ဟူလိုသော်။

ပရိကမ္မဘာဝနာ၊ ဥပစာရဘာဝနာ၊ အပ္ပနာဘာဝနာ၊ ဤသုံးပါးသော ဘာဝနာတို့ကိုရင်း၊ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်၊ ဤသုံးပါးသော နိမိတ်တို့ကိုရင်း သိလိုမူကား၊ သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်းမှာ လေ့ကျက်,ရွက်ဆောင်မှ သိမြင်နိုင်အံ့သော အကြောင်း ရှိသည်။ သိလိုမူကား၊ သင်္ဂြိုဟ်၌ လေ့ကျက် ရွက်ဆောင်၍ သိအပ်၏၊ ။ပဒိုရွှသမုပ္ပါန်မှ စ၍ ကမ္မဋ္ဌာန်းလေးဆယ်၊ ဤ အလုံးစုံသော အခြင်းအရာတို့ကို အဘိဓမ္မာ ခုနစ်ကျမ်းဘို့မှ အသီးထုတ်သော အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၌ ဆိုသည် မှတ်ရမည်။

၁၉၆။ ။ကမ္မဋ္ဌာန်း လေးဆယ်ကို ဆိုသည့် အခြားမဲ့၌ ဘာဝနာ လေးဆယ်ကို ဆိုးပနအံ့၊

(၁)။ ဆနိဋ္ဌတော။ (၄)။ ဂန္ဓတော။
(၂)။ ဒုက္ခတော။ (၅)။ သလ္လတော။
(၃)။ ရောဂတော။ (၆)။ အာဗာဓတော။

(၇)။ ဝယတော၊
(၈)။ ဝယလောကတော၊
(၉)။ ဇုတိတော၊
(၁၀)။ ဥပ္ပဒ္ဒဝတော။
(၁၁)။ ဘယတော၊
(၁၂)။ အတိရှုပိတော၊
(၁၃)။ ဥပသဂ္ဂတော၊
(၁၄)။ စလတော၊
(၁၅)။ ပဘင်္ဂုတော၊
(၁၆)။ အဓုဝတော၊
(၁၇)။ အတာနတော၊
(၁၈)။ အလေနတော၊
(၁၉)။ အသရဏတော၊
(၂၀)။ အာသဝတော၊
(၂၁)။ တုစ္ဆတော၊
(၂၂)။ သုညတော၊
(၂၃)။ အနတ္တတော၊
(၂၄၊) အာဒိနဝတော၊
(၂၅)။ ဝိပရိဏာမဓမ္မတော၊
(၂၆)။ အသာရတော၊
(၂၇)။ အဃမူလကတော၊
(၂၈)။ ဝဓကတော၊
(၂၉)။ ဝိဘဝတော၊
(၃၀)။ သိဝဋ္ဋနတော၊
(၃၁)။ သံခတ္တတော၊
(၃၂)။ အာမိသတော၊
(၃၃)။ ဇာတိဓမ္မတော၊
(၃၄)။ ဇရာဓမ္မတော၊
(၃၅)။ မရဏဓမ္မတော၊
(၃၆)။ သောကဓမ္မတော၊
(၃၇)။ ပရိဒေဝဓမ္မတော၊
(၃၈)။ ဥပါယာသဓမ္မတော၊
(၃၉)။ သံကိလေသိကဓမ္မတော၊
(၄၀)။ နိသရဏဓမ္မတော၊

ပေါင်းလေးဆယ် ဘာဝနာ ပါ၍,အနက်ကား၊—

(၁)။ အနိစ္စတော—မမြဲးတတ်သော့ကြောင့်ရှင်း။
(၂)။ ဒုက္ခတော—ဆင်းရဲးတတ်သော့ကြောင့်ရှင်း။
(၃)။ ရောဂတော—အနာများတတ်သော့ကြောင့်ရှင်း။
(၄)။ ဂဏ္ဍတော—ပုပ်စပ်,နံစော်တတ်သော့ကြောင့်ရှင်း။
(၅)။ သလ္လတော—ကိလေသာ၌ ငြိတတ်သော့ကြောင့်ရှင်း၊
(၆)။ အာဗာဓတော—အနာ၌ပ်စက်တတ်သော့ကြောင့်ရှင်း။
(၇)။ ဝယတော—ပျက်တတ်သော့ကြောင့်ရှင်း။
(၈)။ ဝယလောကတော—လောကသုံးပါးတို့၌ ပျက်တတ်သော့ငြောင့်ရှင်း။
(၉)။ ဇုတိတော—ဤ ခန္ဓာကို စွန့်တတ်သော့ကြောင့်ရှင်း။

(၁၀)။ ဥပ္ပဒ္ဒဝတော-ဥပ္ပဒ္ဒဝေါ နှိပ်စက်တတ်သောကြောင့်ရင်း၊
(၁၁)။ ဘယတော-ဘေးဘယ ဖြစ်တတ်သောကြောင့်ရင်း၊
(၁၂)။ အဘိရူပိတော-အလွန်ကြောက်တတ်သောကြောင့်ရင်း၊
(၁၃)။ ဥပသဂ္ဂတော-ကပ်၍ စီရင်တတ်သောကြောင့်ရင်း။
(၁၄)။ စလတော-တုန်လှုပ်တတ်သောကြောင့်ရင်း၊
(၁၅)။ ပဘင်္ဂုတော-များသောအားဖြင့် ပျောက်ပျက်တတ်သောကြောင့်ရင်း၊
(၁၆)။ အဓုဝတော-မမြဲတတ်သောကြောင့်ရင်း။
(၁၇)။ အတာဏတော-ကိုးကွယ်ရာ မရှိသောကြောင့်ရင်း။
(၁၈)။ အလေဏတော-ပုန်းအောင်းရာ မရှိသောကြောင့်ရင်း။
(၁၉)။ အသရဏတော-ဆည်းကပ်ရာ မရှိသောကြောင့်ရင်း၊
(၂၀)။ အာသဝတော- အာသဝေါတရား၏ အာရုံ ဖြစ်တတ်သောကြောင့်
ရင်း၊
(၂၁)။ ဝဓကတော-အချည်းနှီး ဖြစ်တတ်သောကြောင့်ရင်း။
(၂၂။) သုညတော-ဆိတ်တတ်သောကြောင့်ရင်း။
(၂၃။) အနတ္တတော-ကိုယ်မဟုတ်သောကြောင့်ရင်း။
(၂၄)။ အာဒီနဝတော-အသပ် ဖြစ်တတ်သောကြောင့်ရင်း။
(၂၅)။ ဝိပရိဏာမဓမ္မတော-အသစ်ပေါက်ပြန်တတ်သောကြောင့်ရင်း။
(၂၆)။ အသာရတော-အနှစ် မရှိသောကြောင့်ရင်း။
(၂၇)။ အဃမူလကတော-ပျက်ခြင်း အရင်း ရှိသောကြောင့်ရင်း၊
(၂၈)။ ဝဓကတော-သတ်၍ ဖြတ်တတ်သောကြောင့်ရင်း။
(၂၉)။ ဝိဘဝတော-ဘဝအထူးသို့ အဖန်တလဲလဲ ပြောင်းတတ်သော
ကြောင့်ရင်း၊
(၃၀)။ သာသဝတော-သင်းချိုင်း၌ ဖြစ်တတ်သောကြောင့်ရင်း၊
(၃၁)။ သင်္ခတတော-အခိုက်အတန့်တဒင်္ဂ ဖြစ်တတ်သောကြောင့်ရင်း။
(၃၂)။ အာမိသတော-အစာကို မှီတတ်သောကြောင့်ရင်း၊
(၃၃။) ဇာတိဓမ္မတော-ပဋိသန္ဓေ နေတတ်သောကြောင့်ရင်း။
(၃၄)။ ဇရာဓမ္မတော-အိုတတ်သောကြောင့်ရင်း၊
(၃၅)။ မရဏဓမ္မတော-သေတတ်သောကြောင့်ရင်း၊

(၃၆)။ သောကခမ္မတော–ဗိုးရိမ်တတ်သော့ငွေ့ရင်း၊
(၃၇)။ ပရိဒေဝခမ္မတော–ငိုကြွေးတတ်သော့ငွေ့ရင်း၊
(၃၈)။ ဥပါယာသခမ္မတော–သက်ကြီး ရှိုက်ဘင်, ပင်ပန်းဘတ်သော့ ကြောင့်ရင်း၊
(၃၉)။ သံကိလေသိကခမ္မတော–ညစ်ညူးကတ်သော့ကြောင့်ရင်း၊
(၄၀)။ နိသရဏခမ္မတော–လည်းလျောင်းရာ မရှိသော့ငွေ့ရင်း၊
ဤသို့ အမိနာပတောဒေနာ–ဤသို့သော အပြားအားဖြင့်၊ ရူမ်ကာယံ–ဤ ခန္ဓာကိုယ်ကို၊ ပုနပ္ပုန္နံ–အဖန်,တလဲလဲ၊ ပစ္စဝေက္ခတိ–သုံးသပ်,ဆင်ခြင် ရာ၏။ ၊ဘာဝနာသေးသယ ပါဠိ,အနက်ကား ပြီး၏၊

၁၆၇။ ၊အကြင် သူတို့သည် ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ,သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ၊ ဤ ခန္ဓာကိုယ် ငါးပါးတို့ကို အနိစ္စ,ဒုက္ခ, အနတ္တ ဟူသော လက္ခဏာရေးသုံးပါးတို့ဖြင့် စေတနာ,ဥဿာဟနှင့်တ ကွ စီးဖြန်း,ရွတ်ဖတ်,သရဇ္ဈာယ်,ကိုးကွယ်,အောက်မေ့,ဆင်ခြင်ကုန်၏၊ ထိုသူတို့အား အဘယ်မျှလောက်သော အကျိုးကို ခံရ,စံရလေအံ့နည်း။

အနိစ္စံ အဋ္ဌဝိသတိကပ္ပါနိ။ ဒုက္ခံ သတ္တရသကပ္ပါနိ၊
အနတ္တံ ဝိသတိကပ္ပါနိ။ဘာဝနာယ ဇာနိဖလံ၊

ဤသို့ ဟောတော်မူသော့ကြောင့်၊ စေတနာဗလဝ ဥဿာဟအားထုတ်၍ ကိုယ်ခန္ဓာ ငါးပါးသည်ကားအတည် အမြဲမရှိ၊အနိစ္စသာ ဖြစ်သည်ဟု ကိုယ်ခန္ဓာ အဖြစ်အပျက်ကို အဖန်,တလဲလဲ စီးဖြန်း, ရွတ်ဖတ်, သဇ္ဈာယ်,အောက်မေ့,ဆင်ခြင်သော သူတို့အား နှစ်ဆဲ့ရှစ်ကမ္ဘာ အကျိုး စက်ကို ခံရ,စံရသည်ဟု မှတ်ရမည်၊ ။ငင်း စေတနာဗလဝ,ဥဿာဟ အားထုတ်၍၊ ဤ ကိုယ်ခန္ဓာငါးပါးတို့သည်ကား၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ သဘောဖြင့် နှိပ်စက်အပ်သည် ဖြစ်၍ အလွန်လျှင် ဆင်းရဲ၏ ဟု ကိုယ်ခန္ဓာကို ဒုက္ခ,ဒုက္ခဟု အဖန်,တလဲလဲ, စီးဖြန်း, ရွတ်ဖတ်, သရဇ္ဈာယ်, အောက်မေ့, ဆင်ခြင်သော သူတို့အား တဆဲ့ခုနှစ်ကမ္ဘာ အကျိုးစက်ကို ခံရ,စံရသည် မှတ်ရမည်၊ ၊ငင်း စေတနာဗလဝ,ဥဿာဟ အားထုတ်၍၊ ဤ ကိုယ်ခန္ဓာငါးပါးသည်ကား ဖျက်ပျောတုံး၊ လက် ပံတုံး၊ မြေမြုပ်၊ တံသွင်ကဲ့သို့ အနှစ်သာရ မရှိဟု ကိုယ်ခန္ဓာကို အနတ္တ,

အနတ္တ ဟူ၍ အပန်,တလဲလဲ စီးဖြန်း,ရွတ်ဖတ်,သရဇ္ဈာယ်,အောက်မေ့,ဆင်ခြင်သော သူတို့အား ကမ္မဋ္ဌာန်းစဆယ် အကျိုးစက်ကို ခံရ, စံရသည်ဟု မှတ်ရမည်။

၇၉၈။ ။ထိုမှတပါး ကိုယ်ခန္ဓာငါးပါးကို အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော လက္ခဏာရေး သုံးပါးတို့ဖြင့် ခွဲခြမ်း စိတ်ဖြာ၍ စီးဖြန်း,ရွတ်ဖတ်, သရဇ္ဈာယ်,အောက်မေ့,ဆင်ခြင်အပ်သော အကြောင်းကိုကား ဘုရားအဘယ်သို့ ဟောတော်မူသနည်း။

အယံ ကာယော ပဉ္စက္ခန္ဓသမူဟော။ အယံ ကာယော
ပဉ္စက္ခန္ဓရာသိ။ တေဟိ့ မုတ္တော ကာယောနာမ နတ္ထိ။
ပဉ္စက္ခန္ဓာ အနိစ္စာ ဥပါဒါဝယ ဝတ္တိတော၊ဝိပရိနာမတော
တာဝ,ကာလိကတော၊ နိစ္စပဋိပက္ခပတော စ အနိစ္စာ။
ပဉ္စက္ခန္ဓာ ဒုက္ခာ၊ အဘိဏှံသမ္ပ ဋိဠနတော၊ အဒုက္ခမတော
ဒုက္ခဝတ္ထုတော သုခပဋိက္ခေပတော စ ဒုက္ခာ။
ပဉ္စက္ခန္ဓာ အနတ္တာ သုညဂမနတော၊အသာမိဂမနတော
အဝသဝတ္တိတော၊အတ္တပဋိက္ခေပတော စ အနတ္တာ၊

ဤသို့ ဟောတော်မူသည်၊

အယံကာယော—ဤကိုယ်သည်၊ပဉ္စက္ခန္ဓသမူဟော—ခန္ဓာငါးပါး ရုပ်နာမ်တရား အပေါင်းဖြစ်သတည်း၊အယံကာယော—ဤကိုယ်သည်၊ ပဉ္စက္ခန္ဓရာသိ—ခန္ဓာငါးပါး၊ ရုပ်နာမ်တရား အစုသာတည်း။ တေဟိ မုတ္တော—ခန္ဓာငါးပါးမှ လွတ်သော၊ ကာယောနာမ—ကိုယ်မည်သည်၊ နတ္ထိ—မရှိ။

ပဉ္စက္ခန္ဓာ—ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်၊ အနိစ္စာ—အမြဲ မရှိကုန်၊ ဥပါဒါဝယဝတ္တိတော စ—ဖြစ်တတ်,ပျက်တတ် သော့ကြောင့်၎င်း၊ ဝိပရိနာမတော စ—အိုခြင်း,နာခြင်း,သေခြင်းဖြင့် ဖောက်ပြန်တတ်သော့ကြောင့်၎င်း၊ တာဝကာလိကတော စ—တသက်လျှာမျှသာ တည်တတ်သော့ကြောင့်၎င်း၊ နိစ္စပဋိက္ခေပတော စ—မြဲသည်ကို ပယ်တတ်သော့ကြောင့်၎င်း၊အနိစ္စာ—အမြဲ မရှိကုန်၊

ပဉ္စက္ခန္ဓာ—ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ ဒုက္ခာ—ဆင်းရဲကုန်၏၊အဘိဏှံ့—မပြတ်၊သမံ—အညီအညွတ်၊ပီဠနတောစ—ဖိုခြင်း,နှိပ်ခြင်း,သေခြင်း,အစရှိသော တရားတို့သည် နှိပ်စက်တတ်သောကြောင့်ရင်း။ အနုက္ခမတောစ—သည်းမခံနိုင်သောကြောင့်ရင်း၊ ဒုက္ခဝတ္ထုတောစ—ဖိုခြင်း,နာခြင်း,သေခြင်း,တရားတို့၏ တည်ရာဖြစ်သောကြောင့်ရင်း၊သုခပဋိက္ခေပတောစ—ချမ်းသာကို ပယ်တတ်သောကြောင့်ရင်း၊ ဒုက္ခာ—ဆင်းရဲကုန်၏။

ပဉ္စက္ခန္ဓာ—ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်၊ အနတ္တာ—ကိုယ်မဟုတ်ကုန်၊သုညဂမနတောစ—ကိုယ် ဟူသည်မှ ဆိတ်ခြင်းသို့ ရောက်တတ်သောကြောင့်ရင်း။အသာမိဂမနတောစ—အစိုးမရသော အဖြစ်သို့ ရောက်တတ်သောကြောင့်ရင်း၊ အဝသဝတ္တိတောစ—မိမိ အလိုသို့ မလိုက်တတ်သောကြောင့်ရင်း။ အတ္တပဋိက္ခေပတောစ—ကိုယ် ဟူသည်ကို ပယ်တတ်သောကြောင့်ရင်း၊အနတ္တာ—ကိုယ် မဟုတ်ကုန်၊

အဓိပ္ပါယ်သော်ကား၊ ဤကိုယ်သည် ရူပက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတည်း ဟူသော ခန္ဓာငါးပါး နာမ်ရုပ်တရားအပေါင်း,အစုမျှသာ ဖြစ်သို၊ ခန္ဓာငါးပါးမှ လွတ်သော ကိုယ်မည်သို တချင်ရွေးလေဝံမျှ မရှိ၊ထိုခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့သို ရတိ,ပဋိသန္ဓေအားဖြင့် တပြောင်းပြန်ပြန် ဖြစ်တတ်သောင့် ဥပါဒ်ဋ္ဌီ,ဘင်,ဘဝင်,ဇောစိတ်အားဖြင့် မျက်စိဘမိှတ်၊လျှပ်တပြက်၊လက်ဖျစ်တတွက်အခန့်မျှ အတည်အမြဲ မရှိသောကြောင့်ရင်း၊ ဖိုခြင်း,နာခြင်း,သေခြင်းတို့ဖြင့် ဖောက်ပြန်တတ်သောင့်ရင်း၊ တသက်လျှာမျှသာ တည်တတ်သောကြောင့်ရင်း၊မြဲသည်ကို ပယ်တတ်သောကြောင့်ရင်း၊ အနိစ္စ မည်ကုန်၏။

ထိုခန္ဓာငါးပါး နာမ်ရုပ်တရားတို့သည် ကိုးဆယ်ခြောက်ပါးသော အနာ၊ ၃၂ပါးသော ကံကြမ္မာ၊ ၂၅ပါးသော ဘေး၊တဆဲ့ခြောက်ပါးသော ဥပဒ္ဒဝေါတို့သို မပြတ်လျှင် အညီအညွတ် နှိပ်စက်တတ်သောကြောင့်ရင်း၊ သည်းခံနိုင်ခဲသောကြောင့်ရင်း၊ ဖိုခြင်း,နာခြင်း,သေခြင်း,တရား

တို့၏ တည်ရာ ဖြစ်သောကြောင့်၎င်း၊ ချမ်းသာကို ပယ်တတ်သောကြောင့်၎င်း၊ ဒုက္ခ မည်ကုန်၏။

ထို ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ကိုယ် မဟုတ်ကုန်၊ ကိုယ် ဟူသည်မှ ဆိတ်သောကြောင့်၎င်း၊ အစိုးမရသော အဖြစ်သို့ ရောက်တတ်သောကြောင့်၎င်း၊ ငါသည် မအိုလို, မနာလို, မသေလိုပြီ ဟူ၍ တောင့်တသော်လည်း မိမိ အလိုသို့ မလိုက်တတ်သောကြောင့်၎င်း၊ ကိုယ် ဟူသ်ကို ပယ်တတ်သောကြောင့်၎င်း၊ အနတ္တ မည်ကုန်၏။ ဤသို့လျှင် လက္ခဏာရေး သုံးပါးကို နေ့, ည, မပြတ် အောက်မေ့, ဆင်ခြင်ကုန်ရာသည်၊

၇၉၉။ ထို သုံးပါးတို့တွင် အနိစ္စသညာကို အဘယ်သို့ ဆင်ခြင်အောက်မေ့အပ်သနည်း၊

သုံးဆဲ့တဘုံ၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့တွင်၊ တစုံတယောက်သော သူ သည်မျှ၊ အမြဲတည်သသူဟူ၍ မရှိ။ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ဥဏ္ဏာ, ပြည်ရွာ, တိုင်းကား, သား, မယား, ခြေ, လက်, အင်္ဂါ မျက်စိ, နား, နှာခေါင်း, နှလုံး, သည်းပွတ် အစ ရှိသော စွန့်ခြင်းကြီး ငါးပါး၊ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်တို့ကို အယုတ်, အလတ်, အမြတ် အားဖြင့် ဖြည့်တော်မူ၍၊ သဗ္ဗညုတဉာဏ်ကို ရတော်မူသော ဘုရားသခင်သ်ု ကြည်လင်စွာသော မိုးရေ, မိုးပေါက် ကျသဖြင့် ကြီးလှစွာသော မီးပုံကြီးသည် ငြိမ်းသကဲ့သို့ ဘုံသုံးပါး၌ ကြီးလှစွာသော၊ မီးပုံနှင့် တူသော ဘုရားသခင်ကိုယ်တော်ကို ကြည်လင်စွာသော သော မိုးရေ, မိုးပေါက်နှင့် တူသော သေခြင်းတရားသည် ရောက်သဖြင့် သုံးဆဲ့တဘုံတွင် အတုမရှိ ဘုန်းတန်ခိုး, အာနုဘော် ကြီးခြင်းနှင့် ပြည့်စုံတော်မူသော သဗ္ဗညုရှင်တော်ဘုရားစင်လျက် ပရိနိဗ္ဗာန် ပြုရချေတုံ၏ရှင့်၊ ဘုန်းတန်ခိုး, အာနုဘော် နည်းသော ငါတို့, သူ, ငါမှ စ၍ ခပ်သိမ်းသော သတ္တဝါ အပေါင်းမှာသော်ကား အဘယ် ဆိုဖွယ်ရာ ရှိအံ့နည်း၊ အမြဲလျှင် အိုရမည်, နာခမည်, သေရမည်။ စင်စစ် ဧကန် အမှန် ဖြစ်သ်၊ ယခု မိခင်, ဖခင်, ဆရာသမား, သားသမီး, အဆွေခင်ပွန်း, အဆွေညာတကာ အစ ရှိသော သူ အပေါင်းဘို့တွင်၊ အချို့, အချို့သော သူတို့သည် အနိစ္စ တရားသို့ လိုက်ရလေကုန်ပြီ၊ ငါတို့တုံသည်လည်း ထို သူတို့ကဲ့

သို့ပင် အနိဋ္ဌတရားသို့ လိုက်ရချိမ့်မည်၊ ရှေ့နှင့် နောက်သာ ဖြစ်ချေသည်ဟု မိမိတို့၏ ခန္ဓာကိုယ်ကို မိမိတို့၏ အလိုလို အနိဋ္ဌ,အနိဋ္ဌဟု နေ့,ည မပြတ်၊အဖန်,တလဲလဲ စီးဖြန်း,ရှုတ်ပတ်,သရဇ္ဈာယ်,အောက်မေ့,ဆင်ခြင် ကုန်ရာသည်၊

၁၀၀။ ။ဒုက္ခသညာကို အဘယ်သို့ အောက်မေ့ဆင်ခြင်အပ်သနည်း။

ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့တွင် ငရဲ,ပြိတ္တာ,တိရစ္ဆာန်,အသုရကာယ်တည်း ဟူသော အပါယ်လေးဘုံတို့၌ ဖြစ်ရချေသဖြင့်၊လွန်စွာသော ဆင်းရဲ ဒုက္ခ ဝေဒနာကို ခံရခြင်း။ အမိဝမ်း၌ ပဋိသန္ဓေ နေသော အခါ၊အမိ အပူစားသည် ရှိသော်၊လောဟကုမ္ဘီငရဲ၌ ခံရသကဲ့သို့ ဆင်းရဲခြင်း၊ အမိ အချဉ်စားသည် ရှိသော်၊လောကန္တရိက် ငရဲ၌ ခံရသကဲ့သို့ ဆင်းရဲခြင်း၊အမိသည် ရပ်ခြင်း,သွားခြင်း,ထိုင်ခြင်း,လျောင်းခြင်း,အစ ရှိသည်တို့၌ ကြောက်ထိတ်လန့်သဖြင့် ဆင်းရဲခြင်း၊အမိသည် ထွက်သက်,ဝင်သက်,ရှူသော အခါ၊ ဆောက်တည်မရ၊ ဆင်းရဲခြင်း, အိုခြင်း,နာခြင်း,သေခြင်းတို့ဖြင့် နှိပ်စက်သည် ဖြစ်၍၊ ဆင်းရဲခြင်း၊ မချစ်မနှစ်လိုသော သူတို့နှင့် တတူတကွ နေရသဖြင့် ဆင်းရဲခြင်း၊ ချစ်နှစ်လိုသော သူတို့နှင့် ကွေကွင်းသဖြင့် ဆင်းရဲခြင်း၊လိုအပ်သော အလိုဆန္ဒကို မရသဖြင့် ဆင်းရဲခြင်း၊ စည်းစိမ်,ချမ်းသာ,ဥစ္စာရင်တို့ ရွေ့လျောသဖြင့် ဆင်းရဲခြင်း၊ဤသို့ များလှစွာသော ဆင်းရဲ အင်္ဂဖြင့် နှိပ်စက်အပ်သည် ဖြစ်၍၊သံသရာ ဘဝ၌ ကျင်လည်ရခြင်းသည်ကား အလွန်လျှင် ဆင်းရဲ၏ဟု မိမိတို့၏ ခန္ဓာကိုယ်ကို မိမိတို့၏ အလိုလို ဒုက္ခ,ဒုက္ခဟု နေ့,ည မပြတ် အဖန်,တလဲလဲ စီးဖြန်း,ရှုတ်ပတ်,သရဇ္ဈာယ်,အောက်မေ့,ဆင်ခြင် ကုန်ရာသည်။

၁၀၁။ ။အနတ္တသညာကို အဘယ်သို့ အောက်မေ့ဆင်ခြင်အပ်သနည်း။

ဆံ၊အမွေး၊ခြေသည်း၊လက်သည်း၊သွား၊အရေ၊ အသား၊အကြော၊ အရိုး၊ရိုးတွင်းခြင်ဆီ၊အညှို့၊နှစ်လုံး၊အသည်း၊ အမြှေး၊ အဖျဉ်း၊အဆုတ်၊ ဦးမ၊ဦးသိမ်၊အစာသစ်၊အစာဟောင်း၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊

ချွေး၊အဆီခဲ၊မျက်ရည်၊ဆီကြည်၊တံတွေး၊ နှပ်၊အစေး၊ ကျင်ငယ်၊အရိုး နှောက်၊ ဤ ၃၂ ပါးသော ဒွတ္တိံသကာယ အရုပ်သော ဖြစ်သော ငါ၏ ခန္ဓာကိုယ်သည်ကား အရိုး သုံးရာ ရှိ၏၊ အရိုးဆက် ရှစ်ဆယ် ရှိ၏၊ ကိုးရာ သော အကြောတို့ဖြင့် ဖွဲ့ရက်ကုန်၏၊ ကိုးရာသော သားတစ်တို့ကို၊ အရေဖြင့် ဖုံးလွှမ်း၏၊ငါ၏ ခန္ဓာကိုယ်သည်ကား များစွာသော ပိုးမျိုး အပေါင်းတို့၏ တည်ရာ ဖြစ်၏။များစွာသော အနာ အပေါင်းတို့၏ တည်ရာလည်း ဖြစ်၏၊ကိုးပါးသော အဝတို့မှ စက်ဆုပ်ဖွယ် အတိ ယိုစီးကုန်၏။ငါ၏ ခန္ဓာကိုယ်သည်ကား၊ပွတ်ပြင်ခြင်း၊သုတ်သင်ခြင်း၊အဝတ်,တန်းဆာ,ဖုံးလွှမ်းခြင်းမှ ကင်းသည် ရှိသော်၊အလွန်တရာ ချစ်ခင်လေးမြတ်သော သူပင် ဖြစ်ငြားသော်လည်း၊ ချစ်နှစ်လိုဖွယ် မရှိ။ တစုံတခုကိုမျှ ငါ၏ကိုယ် ဟူ၍ နှလုံးသွင်းစရာ မရှိ၊ အနှစ်သာရနှင့် မပြည့်စုံသော ငှက်ပျောတုံး၊လက်ပံတုံး၊ရေမြှုပ်၊တံလျှပ်ကဲ့သို့သာ ဖြစ်သည်ဟု မိမိတို့၏ ခန္ဓာကိုယ်ကို မိမိတို့၏ အလိုလို အနတ္တ,အနတ္တဟု နေ့ည မပြတ် အဖန်,တလဲလဲ စီးဖြန်း,ရွတ်ဖတ်,သရဇ္ဈာယ်,အောက်မေ့,ဆင်ခြင် ကုန်ရာသည်။

ဤသို့လျှင် လက္ခဏာရေး သုံးပါးကို နေ့,ည မပြတ် စီးဖြန်း, ရွတ်ဖတ်,သရဇ္ဈာယ်,အောက်မေ့,ဆင်ခြင်လေ့ရှိသော သူတို့သည်သာလျှင်၊ သံသရာဝဋ်ဆင်းရဲ,ဝဲဩဃရေအယဉ်မှ ထွက်မြောက်၍ မဂ်ဖိုလ်,နိဗ္ဗာန်ကို ရလွယ်အံ့သော အကြောင်း ရှိ၏ဟု ဘုရားသခင် ဟောတော်မူသည်၊ ဤသို့ ဟောတော်မူသည်နှင့် လျော်ညီစွာ၊ မဂ်ဖိုလ်, နိဗ္ဗာန်ကို အလိုရှိကုန်သော ငါ တို့မှ စ၍ ခပ်သိမ်းသော ရဟန်း, ရှင်လူ,ယောကျ်ား,မိန်းမ အပေါင်းတို့သည် ငှက်ပျောတုံး, လက်ပံတုံး, ရေမြှုပ်, တံလျှပ် ကဲ့သို့ အနှစ်သာရ မရှိ။မိမိတို့၏ ခန္ဓာကိုယ်ကိုရင်း၊ တပါးပါးသော သူ တို့၏ ခန္ဓာကိုယ်ကိုရင်း၊ဖြစ်ဟန်,ပျက်ဟန်,ပေါက်ပြန်ဟန် သဘော လောကဓံနှင့် တကွ အနိစ္စ,ဒုက္ခ,အနတ္တ ဟူသော လက္ခဏာရေး သုံးပါးဖြင့် နေ့,ည မပြတ် စီးဖြန်း,ရွတ်ဖတ်,သရဇ္ဈာယ် အောက်မေ့ ဆင်ခြင်ထိုက်၊ အဇ္ဈတ္တဝါ၊သုဝေဝါ၊ပရသုဝေဝါ၊ခုနေ့ရင်း၊နက်ဖန်ရင်း၊သံဘက်ရင်း၊ သည်လရင်း၊ နောင်လရင်း၊ သည်နှစ်ရင်း၊ နောင်နှစ်ရင်း၊ သေရအံ့သော အချိန်,

ကာလကို မသိမမြင်နိုင်ကုန်။ မသေမီက ငါတို့ပြုသော ကောင်းမှု အကျိုးသည်သာလျှင် သွားလေရာရာ ကိုယ်နှင့် မကွာ ထက်ကြပ်ပါသော အရိပ်ကဲ့သို့ နောင်တမလွန်,ဘဝ အဆက်ဆက် တို့၌ အစဉ်တစိုက် လိုက်အံ့သော အကြောင်း ဖြစ်သည်ဟု ယောနိသော မနသိကာရ အသင့်,အတင့် နှလုံးသွင်းသဖြင့်၊ ဂန္ထဓုရ,ဝိပဿနာဓုရ စာရိတ္တ, ဝါရိတ္တ, ဒါန, သီလ, အစ ရှိသော ကုသိုလ်, ကောင်းမှုတို့ကို အားထုတ်၍ အရဟတ္တဖိုလ်, နိဗ္ဗာန်, ကို မျက်မှောက် ပြုရလိုသောဟု ဆုတောင်း ပဋ္ဌာနာ ပြုကုန်ရာသည်။

၁၀၂။ ။အစိန္တေယျ သုံးလုအတွက်, ရှင်တော်ဘုရားသည် သာဝတ္ထိ ပြည် ဇေတဝန်ကျောင်းတော်၌ နေတော်မူ၏။ထိုသို့ နေတော်မူသောအခါ ဒေါ်တေယျ ပုဏ္ဏားသား,သုဘ လုလင်သည် သဗ္ဗညု ဘုရားရှိရာ အထံ တော်သို့ သွားလေ၍၊ တင့်အပ်,လျော်ပတ်သော အရပ်၌ နေပြီးသော်၊ ငါးပါးသော ရှိခိုးခြင်းတို့ဖြင့် ရိုသေစွာ ရှိခိုး၍၊ဤသို့ နားတော်လျှောက်သည်။ ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ဘုရား၊ ဤ လောက၌ အကြီး,အငယ် ဖြစ်ကုန်သော၊ခပ်သိမ်းသော ယောကျာ်း,မိန်းမ အပေါင်း တို့တွင် အချို့,အချို့သော သူတို့သည်ကား အသက် တိုကုန်သည်၊အချို့, အချို့သော သူတို့သည်ကား အသက်ရှည် ကုန်သည်၊ အချို့,အချို့သော သူတို့သည်ကား အနာရောဂါ များကုန်သည်၊ အချို့,အချို့သော သူတို့ သည်ကား အနာရောဂါ နည်းကုန်သည်၊ အချို့,အချို့သော သူတို့သည် ကား အဆင်းမလှကုန်၊ အချို့,အချို့သော သူတို့သည်ကား အဆင်း လှကုန်၏။ အချို့,အချို့သော သူတို့သည်ကား စည်းစိမ်,ဥစ္စာ နည်းကုန် သည်၊ အချို့,အချို့သော သူတို့သည်ကား စည်းစိမ်,ဥစ္စာ များကုန် သည်၊အချို့,အချို့သော သူတို့သည်ကား အခြွေ,အရံ နည်းကုန်သည်၊ အချို့,အချို့သော သူတို့သည်ကား အခြွေအရံ များကုန်သည်၊အချို့,အချို့သော သူတို့သည်ကား အမျိုး ယုတ်ကုန်သည်၊ အချို့,အချို့သော သူတို့သည်ကား အမျိုး မြတ်ကုန်သည်၊ အချို့,အချို့သော သူတို့သည်ကား ပညာ နည်းကုန်သည်၊ အချို့,အချို့သော သူတို့သည်ကား ပညာ များကုန် သည်၊အဘယ့်ကြောင့် အထူးထူး,အထွေထွေ များပြားလေသနည်းဟု

နား တော်လျှောက်သို၊ ထိုသို့ လျှောက်တောင်းပန်သော အခါ၊ အစိန္တေယျ သုံးလူ့အထွတ်,ရှင်တော်ဘုရားသည် ဤသို့သော ဓမ္မဒေသနာကို ဟော တော်မူသည်။

ကမ္မသကာ မာနဝက သတ္တာ၊ ကမ္မဒါယာဒါ,ကမ္မယောနီ,

ကမ္မဗန္ဓူ,ကမ္မပဋိသရဏာ၊ကမ္မံ သတ္တေ ဝိဘဇ္ဇတိ။

အစ ရှိသည်ဖြင့် ဟောတော်မူသည်၊ ။ဤ ဒေသနာပါဠိ၏ အဓိပ္ပါယ် သော်ကား။အချင်းသုဘလုလင်၊ သတ္တဝါတို့သည် ကံသာလျှင် ဥစ္စာ မည် ကုန်၏၊ ကံသာလျှင် အမွေခံ မည်ကုန်၏။ ကံသာလျှင် အမျိုး မည်ကုန် ၏။ကံသာလျှင် အဆွေ မည်ကုန်၏။ကံသာလျှင် ကိုးကွယ်ရာ,မှီခိုရာ ဖြစ် ကုန်၏၊ ကံသာလျှင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ကို အယုတ်, အလတ်,အမြတ်အားဖြင့် ခွဲခြမ်းစိတ်ဖြာ ဝေဘန်ကုန်သို့။ အဘယ်သို့ ခွဲခြမ်းစိတ်ဖြာ ဝေဘန်ကုန်သနည်း။အကြင်သူတို့သည် ပါဏာတိပါတ– သူ့အသက်ကို သတ်ခြင်း၊ အဒိန္နာဒါန–သူ့ဥစ္စာကို ခိုးခြင်း၊ ကာမေသု မိစ္ဆာစာရ–သူ့သား အိမ်ရာကို ပြစ်မှားခြင်း၊ မုသာဝါဒ–မဟုတ်မမှန် သော စကားကို ဆိုခြင်း၊ ပိသုဏာဝါစာ–ချောပစ်သော စကားကို ဆို ခြင်း၊ဖရုသဝါစာ–ကြမ်းတမ်းသော စကားကို ဆိုခြင်း၊သမ္ဖပ္ပလာပ– အကျိုးမရှိ၊အပြိန်,အဖျင်းသော စကားကို ဆိုခြင်း၊ အဘိဇ္ဈာ–လောဘ ရမ္မက်အားဖြင့် သူ့ဥစ္စာကို လိုချင်ခြင်း၊ ဗျာပါဒ–စောင်းမြောင်း,ဖြိုဖျက် ချင်ချယ်ခြင်း၊မိစ္ဆာဒိဋ္ဌိ–မှားသော အယူကို ယူခြင်း၊ ဤ အကုသလ ကမ္မပထ ဆယ်ပါးကို ပြုကျင့်ကုန်၏။ ထိုသူတို့သည်ကား ပတေ့မနေ သေလွန်လျှင်၊အပါယ်ငရဲ၌ ကြီးစွာသော ဆင်းရဲ,ဒုက္ခ,ဝေဒနာကို ခံရ ကုန်၏၊ အပါယ်ငရဲမှ လွတ်၍ လူဖြစ်တုံသော်သည်း၊အသက် တိုကုန် သည်။ အနာရောဂါ များကုန်သည်။ အဆင်း မလှကုန်၊ စည်းစိမ်,ဥစ္စာ နည်း ကုန်သည်။အခြွေအရံ နည်းကုန်သည်၊အမျိုး ယုတ်ကုန်သည်၊ပညာ နည်းကုန် သည်၊ဤသို့ ဖြစ်ရခြင်းသည်ကား၊ တစိတ်တဒေသ အကုသိုလ်ကံနှင့် ဖြစ်သည် ဟု သုဘလုလင် မှတ်လေလော့။အကြင်သူတို့သည် ဒါန–အလှူပေးခြင်း၊ သီလ-သီတင်းသီလ ဆောက်တည်ခြင်း၊ဘာဝနာ–ကမ္မဋ္ဌာန်းဘာဝနာ စီး ဖြန်းခြင်း၊ ပစာယန–သက်ကြီး,မိဘ,ဆရာ,သမားတို့အား အရိုအသေ

အလေးအမြတ် ပြုခြင်း၊ ဝေယျာဝစ္စ–သက်ကြီး,မိဘ,ဆရာ,သမားတို့၏ ကောင်းသော အမှုကို ရွက်ဆောင်ခြင်း၊ ပတ္တိဒါန–မိမိ အလှူကောင်းမှု အဖို့ကို သူတပါးတို့အား ပေးဝေခြင်း၊ ပတ္တာနုမောဒန–သူတပါးတို့ အလှူ,ကောင်းမှုအဖို့ကို သာဓုအနုမောဒနာ ခေါ်ခြင်း၊ဓမ္မသဝန–တရား နာခြင်း၊ဓမ္မဒေသနာ–တရားဟောခြင်း၊ဒိဋ္ဌိဇုကမ္မ–အယူကို ဖြောင့်မတ်စွာ ယူခြင်း၊ ဤ ကုသလကမ္မပထ တရားဆယ်ပါးတို့ကို ကျင့်ဆောင်ကုန်၏၊ထိုသူတို့ကား စုတေမနေ သေလွန်လျှင်၊နတ်ပြည်၌ ကြီးစွာသော နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစား,စံစားရကုန်၏၊ နတ်ပြည်မှ စုတေ၍ လူ ဖြစ်တုံသော်လည်း၊ထိုသူတို့သည် အသက်ရှည်ကုန်သည်၊ အနာရောဂါ နည်းကုန်သည်၊ အဆင်း လှကုန်သည်၊စည်းစိမ်,ဥစ္စာ များကုန်သည်၊ အခြွေအရံ များကုန်သည်၊ အမျိုး မြတ်ကုန်သည်၊ ပညာ များကုန်သည်၊ ဤသို့ ဖြစ်ရခြင်းသည်ကား၊ ကုသိုလ်ကံကြောင့်သာ ဖြစ်သည်တည်းဟု သုဘ,လုလင်မှတ် လေလောဟု၊ သုဘ,လုလင်အား ဘုရားသခင်သည် ကံကိုသာ ပဓာန ပြု၍၊အလုံးအခဲ ဟောတော်မူလေသည်ကား၊ ဝီရိယ အကျိုးပင် မရှိပြီ၊ ကံအကျိုးသာ ဖြစ်လေတော့သည်ဟု ပညာ နည်းသော သူတို့သည် မှတ်ဖွယ်,ယူဖွယ်ရာ ရှိ၏၊မယူသင့်။ဤအရာ၌ ကံတို့ကိုသာ ပဓာန ပြု၍၊အလုံးအခဲ ဟောတော်မူလေခြင်းသည်ကား၊အကုသိုလ်ကံ စေတနာသည် မကောင်းသော ဒုဂ္ဂတိအဟိတ် အပါယ်ပဋိသန္ဓေ ဝိပါက်ကဋတ္တာရုပ်တို့ကို ဇနကသတ္တိဖြင့် ဖြစ်စေတတ်၏၊ ကုသိုလ်ကံ စေတနာသည် ကောင်းသော ဒွိဟိတ်, တိဟိတ်, ပဋိသန္ဓေဝိပါက် ကဋတ္တာရုပ်တို့ကိုသာ ယထာရဟဇနကသတ္တိဖြင့် ဖြစ်စေတတ်၏ဟု သိစေခြင်းငှာရင်း၊ဝေနေယျတို့၏အာသယသို့ လိုက်၍ရင်း၊ ဟောတော်မူလေသည်သာ ဖြစ်သည်၊ဝီရိယ,လုလ္လ၏ အကျိုးသည် မရှိသောကြောင့် ဟောတော်မူသည် မဟုတ်။ ဝီရိယ,လုလ္လ၏ အကျိုးကိုလည်း ခံစား ရ၏ဟု ယူရမည်၊မှတ်ရမည်၊

၁၀၃၊ ၊ဝီရိယ,လုလ္လ အကျိုးကို ခံစားရ၏ ဟူ၍ကား ဆရာ ဆိုလေပြီ၊ထိုသို့ ဆိုသော ဆရာ စကား၌ ဝီရိယ, လုလ္လကြောင့် ခံစားရသော အကြောင်း တရားကို ဘုရား အဘယ်သို့ ဟောတော်မူသနည်း၊

ဝါးတေန, ပိတ္တေန,သေမှေန, သန္နိပါတေနဥတုနိစ၊
ဝိသမော ပက္ကကမ္မုဟိ၊အကာလေ တတ္ထ မိရတိ၊

ဤသို့လျှင် သေခြင်းရှစ်ပါးအပြားကို ဘုရားသခင် ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသော ဂါထာပါဌ်၏,အနက်သော်ကား၊—

တတ္ထ—ထိုအခါ ရောက်၍ သေခြင်း၊အခါ မရောက်ပဲ သေခြင်းနှစ်ပါးတို့တွင်၊ အကာလေ—အခါ မရောက်ပဲ သေခြင်း၌၊ ဝါတေန—လေပျက်သဖြင့်လည်း၊ မိရတိ—သေ၏။ ပိတ္တေန—သည်းခြေ ပျက်သဖြင့်လည်း၊မိရတိ—သေ၏၊ သေမှေန—သလိပ် ပျက်သဖြင့်လည်း၊ မိရတိ—သေ၏။သန္နိပါတေန-လေ,သည်းခြေ,သလိပ် ပျက်သဖြင့်လည်း၊မိရတိ—သေ၏၊ ဥတုနိစ—အပူ, အချမ်း ဟူသော ဥတု ပျက်သဖြင့်လည်း၊ မိရတိ—သေ၏၊ ဝိသမော—အစာ မကြေသောကြောင့်လည်း၊ မိရတိ—သေ၏၊ ဥပက္ကမ္မေဟိ—သူတပါးတို့၏ လုံ့လ၊ဈေး၌ ဖြစ်ခဲ့ဘူးသော ကံတို့ကြောင့်လည်း၊မိရတိ—သေ၏။ ဣတိ—ဤသို့၊မရဏံ—သေခြင်းသည်ကား၊ အဋ္ဌ—ရှစ်ပါးတို့တည်း။

အဓိပ္ပါယ်သော်ကား၊—သေခြင်းအပြားတို့သည် လေ ပျက်သဖြင့် သေခြင်း၊သည်းခြေ ပျက်သဖြင့် သေခြင်း၊သလိပ်ပျက်သဖြင့် သေခြင်း၊ လေ,သည်းခြေ,သလိပ် ပျက်သဖြင့် သေခြင်း၊ အပူ,အချမ်း မညီ ဥတု ပျက်သဖြင့် သေခြင်း၊ အစား,အသောက် ဖောက်ပြန်၍ အစာဟောင်း မကြေသောကြောင့် သေခြင်း။ ပြုစား,သတ်စား,အစ ရှိသော သူတို့၏ လုံ့လကြောင့် သေခြင်း ကံကြောင့် သေခြင်း ဟူ၍ ရှစ်ပါးအပြား ရှိသည်၊ ထို ရှစ်ပါးသော သေခြင်းအကြောင်းတို့တွင်၊ အလျှော် ခုနစ်ပါးသော အကြောင်းဖြင့် သေခြင်းသည်ကား၊ကံကြောင့် မဟုတ်၊သေ ချိန်ကာလ မရောက်ပဲပင် သေရလေတော့သည်၊ ဤ ခုနစ်ပါးသော အကြောင်းတို့တွင်၊ တပါးပါးသော အကြောင်းကြောင့် မကျန်းမမာ နာဖျားကုန်သော သူတို့အား ဆေးဝါး,ပရိတ်,မေတ္တာ,သာဝနာ,ရတနာသုံးပါးဂုဏ်တော်တို့ဖြင့် ဝိရိယ,လုလ္လ,ဥဿဟ အားထုတ်၍ ကုမလျှင်၊ကုမသည် အလျော်၊ ထို ရောဂါ,အနာတို့သည် ပျောက်၍ အချိန် အထော် ကာလ ရောက်အောင်

နေရလေတော့သည်၊ဝိရိယ,လုလ္လ မပြု၊ မကု,မမသျှင်လည်း ကံကြောင့် မဟုတ်ပဲ:လျက်၊ခုနစ်ပါးသော အကြောင်းတို့တွင် တပါးပါးသော အကြောင်းကြောင့် ရတေမနေ သေရလေတော့သို၊ကံကြောင့် သေရခြင်းကိုကား၊ကံအား ကြီးက၊ဘုရားသခင်ပင်သော်လည်း ဖိတား ဖြစ်တားအံ့သော၄ါ မတတ်နိုင်။ထိုကြောင့်၊ကံ၏ အကျိုးလည်း ရှိ၏၊ ဝိရိယ အကျိုးလည်း ရှိ၏၊ ကံ,ဝိရိယလုလ္လ, နှစ်ပါးကိုပင် အထင်အရှား ဘုရား ဟောတော်မူသည်၊ဝင်စစ်ကောန် အမှန်မှတ်ရမည်၊

၈၀၄၊ ။ကံတို့သိုလည်း ဗလဝ—အားကြီးသော ကံ၊ဒုဗ္ဗလ—အားနည်းသော ကံ ဟူ၍၊နှစ်ပါး အပြား ရှိသည်၊ထိုနှစ်ပါးတို့တွင် ဗလဝ—အားကြီးသော ကံကိုကား၊ဘုရားသခင်မှသော်လည်း၊ဖိတား,ဖြစ်တား, ဆီးကာအံ့သော၄ါ မတတ်နိုင်ဟု ဆရာ ဆိုဘန့်,ဆိုသင့်သော့ကြောင့်၊ ဆိုပေသည် မှန်စေတော့၊ ဒုဗ္ဗလ—အားနည်းသော ကံကိုကား၊ ဘုရား, တရား,သံဃာ,ရတနာသုံးပါးဂုဏ်တော်,ပရိတ်,မေတ္တာ, ဘာဝနာဖြင့် ဝိရိယ,လုလ္လ,ဥဿဟ အားထုတ်၍ ရွက်ဆောင်သော်၊ ဖိတား,ဖြစ်တား,ဆီးကာအံ့သော၄ါ တတ်နိုင်အံ့သော အကြောင်းကား၊အသို့နည်းဟု ဆရာကို သူ မေးဘွယ် ရှိ၏၊ထို အမေးကို ဆရာ အဘယ်သို့ ဖြေရအံ့နည်း၊

အဘိဝါဒန,သီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု,ဝဏ္ဏော,သုခံ,ဗလံ။

ဤသို့ ဟောတော်မူသည်၊ ထိုသို့ ဟောတော်မူသော ပါဠိတော်ပါဠ်၏ အနက်သော်ကား၊—

ဘိက္ခဝေ—ငါ၏ ချစ်သား ရဟန်းများတို့၊ နိစ္စံ—အမြဲလျှင်၊ အဘိဝါဒန,သီလိဿ—အလွန် ရှိခိုးခြင်း အလေ့ ရှိထသော၊ ဝုဍ္ဎာ—အသက်ဖြင့် ကြီးသော သူ၊ဂုဏ်ဖြင့် ကြီးသော သူတို့ကို၊ပစာယိနော—ရိုသေသော အလေ့ ရှိသော သူအား၊အာယု—အသက်ရှည်ခြင်းသည်၎င်း၊ဝဏ္ဏော—အဆင်းလှခြင်းသည်၎င်း၊သုခံ—ချမ်းသာကြီးခြင်းသည်၎င်း၊ဗလံ—ခွန်အားကြီးခြင်းသည်၎င်း၊ စတ္တာရော—လေးပါးကုန်သော၊ ဓမ္မာ—တရားတို့သည်၊ ဝဍ္ဎန္တိ—ပွါးများကုန်၏၊

ဤသို့ တရားကို ဘုရားသခင်သည် အာယုဝဍ္ဎန သတို့သားငယ်ကို အကြောင်းပြု၍ တပည့်သံဃာ၊ များစွာသော တရားနာပရိသတ်တို့အား ဟောတော်မူသည်။ ထို အာယုဝဍ္ဎနသတို့သားငယ်သည်ကား၊ ခုနစ်ရက် အတွင်းတွင်၊ ဘီလူးစား၍ သေရအံ့သော အကြောင်း စင်စစ်ဧကန် ဖြစ်လျက်ပင်၊ မိခင်,ဖခင် တို့သည် ဝိရိယ,လုလ္လ,ဥဿာဟ အားထုတ်၍ ဘုရား, တရား, သံဃာ, ရတနာသုံးပါးဂုဏ်တော်, ပရိတ်, မေတ္တာ,ဘာဝနာကို ဆီးကာ,ရှောင်ဆောင်စေလျက်၊ ထို သူငယ်အား စားချင်သော ဘီလူးသည် စားအံ့သော်ငှါ အခါအခွင့် အသင့်မကျ၊ မစားရ၍၊ ထို အာယုဝဍ္ဎနသတို့သားငယ်သည် ဘီလူးစားဘေးမှ လွတ်သဖြင့်၊ အသက်မသေ တရာ့နှစ်ဆယ်နေ၍၊ ငါးရာသော သီတင်းသည်တို့၏ အကြီး,အာယုဝဍ္ဎနသီတင်းသည် အမည် တွင်လေသည်။ ရတနာသုံးပါးဂုဏ်တော်,ပရိတ်,မေတ္တာ, ဘာဝနာကို အဆီးအကာ အရံ,အတား ဖြစ်စေခြင်းငှါ မိခင်,ဖခင်တို့သည် လုလ္လမပြု၊ အမှု မဆောင် နေတပြီကား၊ ဘီလူး စား၍၊ စင်စစ်ဧကန် အမှန် သေရမည်။ မိခင်,ဖခင်တို့၏ ဝိရိယ,လုလ္လကို အမှီပြု၍၊ ဘုရား, တရား,သံဃာဂုဏ်တော်ကို ပရိတ်,မေတ္တာ,ဘာဝနာကြောင့်၊ ထို အာယုဝဍ္ဎနသတို့သားငယ်သည် ဘီလူးစားအံ့သော ဘေးမှ လွတ်၍၊ အသက်မသေ၊ တရာ့နှစ်ဆယ် နေရသည်ဟု နှလုံးမခွ မချဧကန် အမှန် ဖြစ်သည် မှတ်ရမည်။ ။အာယုဝဍ္ဎနသတို့သား၏ အခြင်းအရာ,အဋ္ဌုပ္ပတ္တိကိုကား၊ အကျဉ်း လိုရင်းအဖြစ်မျှသာ ပြသည်၊ အကျယ်ကို အလိုရှိ၍ သိလိုမူကား၊ သုခါဝဟာဝတ္ထု,ဓမ္မပဒကျမ်းမှာ ကြည့်၍ သိအပ်၏။

၁၀၅။ ။ထိုမှတပါး ကံတရားကို ဘုရား အဘယ်သို့ ဟောတော် မူသနည်း။

ကမ္မေန ကိတ္တိ လဘ္ဘတိ၊ ပသံသံ ကမ္မေန ဇာနိဉ္စ ဝဓဉ္စ ဗန္ဓံ။
တံတံ နာနာကာရဏံ ဝိဒိတွာ၊ ကသ္မာ ဝဒေန နတ္ထိ ကမ္မန္တိ
လောကေ။

ဤသို့ ဟောတော်မူသည်၊ ထိုသို့ ဟောတော်မူသော ပါဠိတော်၏ အနက်သော်ကား။—

ကမ္မေန—ကံငှေ့၊ ကိတ္တိ—ကျော်စောခြင်းကို၊လဗ္ဘတိ—ရ၏၊ကမ္မေန—ကံကြောင့်၊ပသံသံ—ချီးမွမ်းခြင်းကို၊လဗ္ဘတိ—ရ၏၊ကမ္မေန—ကံကြောင့်၊ဇာနိဉ္စ—ပျက်စီးခြင်းကိုလည်း၊ဝဓဉ္စ—သတ်ခြင်းကိုလည်း၊ ဗန္ဓနဉ္စ—နှောင်ဖွဲ့ခြင်းကိုလည်း၊လဗ္ဘတိ—ရ၏၊တံတံ နာနာကရဏံ—ထိုထိုသို့သော အထူးထူးသော ပြုခြင်းကို၊ဝိဒိတွာ—သိပြီး၍၊ လောကေ—လောက၌၊ကမ္မံ—ကံသည်၊နတ္ထိတိ—မရှိ ဟူ၍၊ ကသ္မာ—အဘယ့်ကြောင့်၊ ဝဒေ—ဆိုရာအံ့နည်း၊ နဝဒေ—မဆိုရာသည့် သာလျှင်တည်း၊

ဤသို့ ဘုရားသခင်သည် ကံကိုသာ ပဓာန ပြု၍ ဟောတော်မူသို၊ ထိုသို့ ဟောတော်မူခြင်းသည်ကား၊ ဝီရိယ အကျိုးမရှိသောကြောင့် မဟုတ်၊အကုသိုလ်ကံ စေတနာတို့သည် ယှိုသန္ဓေ အခါ၊ ယထာရဟာ ဇနကသတ္တိဖြင့် အကျိုးပေးဟန် မြဲသည်ကို ရည်၍သာ ဟောတော်မူသို။ ပဝတ္တိကာလ၌ ကုသိုလ်ကံ, အကုသိုလ်ကံ တို့သည် ဝီရိယလုလ္လ ပြုသဖြင့် အခွင့်အရာသာလျှင် ယထာရဟာ အထိုက်အလိုက် ပေးလေတော့သည်၊ဝီရိယနှင့် ကင်း၍ မဖြစ်၊ ထိုသို့ မဖြစ်သောကြောင့် မဟာဇနကဇာတ်၌—

ဝါယာမေထေဝ ပုရိသော၊ နနိဗ္ဗိန္ဒေယျ ပဏ္ဍိတော၊
ပဿာမိ ဝေါဟံ အတ္တာနံ၊ယထာဣစ္ဆိ တထာ အာဟု၊

ဤသို့ အစ ရှိသော ဂါထာကို ဟောတော်မူသည်၊ထိုသို့ ဟောတော်မူသော ဂါထာပါဠိ၏ အနက်သော်ကား၊—

ဘောန္တော အမစ္စာယော-အို အမတ်တို့၊ပဏ္ဍိတော-ပညာ ရှိသော၊ ပုရိသော—ယောကျ်ားသည်၊ ဝါယာမေထေဝ—လုလ္လကိုသျှင် ပြုအင်၏၊ နနိဗ္ဗိန္ဒေယျ—မပျင်းရာ၊ ဝေါအဟံ—ထို ငါသည်၊အတ္တာနံ—မိမိကိုယ်ကို၊ ပဿာမိ—မြင်ရာ၏၊ ယထာ—အကြင် မင်းအဖြစ်ကို၊ ဣစ္ဆိ—အလိုရှိ၏၊တထာ—ထို မင်းအဖြစ်ကို၊အာဟု—ဆို၏။

ဤသို့လျှင် ဇနကမင်းသားသည် မဟာသမုဒ္ဒရာထဲ၌ နစ်၍ သေကောင်းလျက်၊ ဝီရိယ,လုလ္လ,အာနုဘော်ကြောင့်၊ မသေပဲ ကြည်းကုန်းအရပ်သို့ ရောက်သဖြင့်၊မင်း အဖြစ်ကို ရလေသည်ဟု ဟောတော်မူသိုကို ထောက်၍ရင်း၊ဘုရားသခင် အလောင်းတော်သည်၊ဂုဏ်အမျိုး၌ ဖြစ်

တော်မူသော အခါ၊ အသိုက်နှင့် တကွ မဟာသမုဒ္ဒရာထဲ၌ ကျလေသော သားငယ်ကို အကြောင်း ပြု၍ မဟာသမုဒ္ဒရာ ရေကို အမြီးဖြင့် ဆွတ်၍ ကုန်းတက်သို့ တင်သော ဝိရိယ လုလ္လကြောင့်၊ သိကြားမင်း မနေသာ၍ ထုတ်ဖော်ပေးရသိုကို ထောက်၍ဌင်း၊ ဝိရိယ အကျိုးသို များစွာ ရှိသိုသာ ဖြစ်သည်ဟု မှတ်ရမည်။

၁၀၆။ ။ထို့မှတပါး ကံတရားကို ဘုရား အဘယ်သို့ ဟောတော်မူသနည်း။

ကမ္မုနာ ဝတ္တတိ လောကော၊ကမ္မုနာ ဝတ္တတိ ပဇာ။
ကမ္မနိဗန္ဓနာ သတ္တာ၊ရထဿာနိဝ ယာယတော။

ဤသို့ ဟောတော်မူသို၊ ထိုသို့ ဟောတော်မူသော ဂါထာပါဌ်၌ အနက် သော်ကား၊—

ကမ္မုနာ—ကံကြောင့်၊ လောကော—လောကသည်၊ဝတ္တတိ—ဖြစ်၏။ ကမ္မုနာ—ကံကြောင့်၊ ပဇာ—သတ္တဝါသည်၊ ဝတ္တတိ—ဖြစ်၏။သတ္တာ—သတ္တဝါတို့သည်၊ကမ္မနိဗန္ဓနာ—ကံသာလျှင် အမြဲ ဖွဲ့ကုန်၏။ကိမိဝ—အဘယ်ကဲ့သို့နည်းဟူမူကား၊ ရထဿ—ရထား၏၊ အာနိ—ဝင်ရိုးသည်၊ နိဗန္ဓနာ ဣဝ—အမြဲ ဖွဲ့သကဲ့သို့၊ကမ္မနိဗန္ဓနံ—ကံသာလျှင် အမြဲ ဖွဲ့ကုန်၏။ဤသို့လျှင် ဘုရားသခင်သို ကံကိုသာ ပဓာန ပြု၍ ဟောတော်မူသို။ ထိုသို့ ဟောတော်မူလသော်လည်း ရှေးနည်းအတူ သင့်ရာ ယူရမည်။

၁၀၇။ ။ကံ၏ အကျိုးတရားကိုကား၊ဘုရား ဟော၍ သိရပြီ၊ဝိရိယ၏ အကျိုးတရားကိုကား၊ဘုရား အဘယ်သို့ ဟောတော်မူသနည်း။

နာဟံ ဘိက္ခဝေ အညံ ဧကဓမ္မံပိ သမနုပဿာမိ ယော ဧဝံ
မဟတော အနတ္ထာယ သံဝတ္တတိ။ယထယိဒံ ဘိက္ခဝေ
ကောသဇ္ဇံ၊ကောသဇ္ဇံ ဘိက္ခဝေ မဟတော သံဝတ္တတိ၊

ဤသို့ ဟောတော်မူသို၊ ထိုသို့ ဟောတော်မူသော ပါဠိတော်၏ အနက် သော်ကား၊—

ဘိက္ခဝေ—ရဟန်းတို့၊ယဒိဒံ ကောသဇ္ဇံ—ဤသို့ ပျင်းသော သူ၏ အဖြစ်သည်၊မဟတော—များစွာသော အားဖြင့်၊ အနတ္ထာယ—အကျိုးမရှိခြင်း

ဌာ၊သံဝတ္တတိ ယထာ–ဖြစ်သကဲ့သို့၊ ဧဝံဘထာ–ထိုအတူရင်း၊ ဘိက္ခ ဝေ–ရဟန်းတို့၊ ကေမ္မပိ–တရုသော သဘောကိုမူလည်း၊ အယံ–ငါ ဘုရားသည်၊နသမနုပဿာမိ–မမြင်။ ဘိက္ခဝေ–ရဟန်းတို့၊ကောသဇ္ဇ–ပျင်းသော သူ၏ အဖြစ်သို၊ မဟာတော–များစွာသောအားဖြင့်၊ အနတ္ထာ ယ–အကျိုးမရှိခြင်းဌာ၊သံဝတ္တတိ–ဖြစ်၏။

ဤသို့ ဝီရိယ၏ အကျိုးကို ဟောတော်မူသည်၊ထိုသို့ ဟောတော်မူ ရာ၌ ရှေးက ပြုခဲ့ဘူးသော ပုဗ္ဗကမ္မ,ကံရင်းပင် ရှိပါသော်လည်း၊ပျင်း၍၊ ဝီရိယလုလ္လ ချိတဲ့သော သူတို့အား ထိုကံ၏ အကျိုးကို မခံစားရ၊ဝိရိ ယလုလ္လဉဿဟ အားထုတ်မှ သာလျှင် ထိုကံ၏ အကျိုးကို ခံစားရသည်။ ဥပမာအားဖြင့် ပြာဖြင့် ဖုံးလွှမ်းသော မီးခဲသည်၊လေတည်း ဟူသော သဟဲးကို မရသဖြင့် အရောင်အဝါ မထွန်းတောက်ပနိုင်။လေတည်းဟူ သော သဟဲးကို ရမှသာလျှင် အရောင်အဝါ ထွန်းတောက်ပနိုင်သကဲ့ သို့၊ထို့အတူရင်း၊ ကံနှင့် ဝီရိယ ညီမှ ထိုကံ၏ အကျိုးကို ခံစားရသည်။ဝိရိ ယသည်ကား လေနှင့် တူသည်။ ကံသည်ကား မီးခဲနှင့် တူသည် မှတ် ရမည်။ ။ဤအခြင်းအရာကို ဇာနိပါတ်၌ ဟောတော်မူသည်၊

၀၀၈။ ။သို့မှတပါး ကံတရားကို ဘုရား အဆယ်သို့ ဟောတော် မူသနည်း။

ကမ္မနာနာကရဏံ ပဋိစ္စ သတ္တာနံ လောကေမ္မေ နာနာကရဏံ ပညာယတိ။လာဘာ,လာဘော၊ယသာ,ယသော၊နိန္ဒာ,ပသံသာယံ သုခံ,ဒုက္ခ၊

ဤသို့ အစ ရှိသည်ဖြင့် ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသော ပါဠိတော် ပါဌ်၏ အနက်သော်ကား၊–

ကမ္မနာနာကရဏံ–ကံထူးသော အကြောင်းကို၊ပဋိစ္စ–စွဲ၍၊သတ္တာ နံ–သတ္တဝါတို့အား၊ လောကေမ္မေ–လောကဓံ တရားရှစ်ပါး၌၊ နာနာ ကရဏံ -ထူးသော အကြောင်းသည်၊ ပညာယတိ–ထင်၏။ လာဘာ, လာဘော–လင်(လာဘ်)ရှိသ်,မရှိသည်၌ရင်း၊ယသာ,ယသော–အခြံအရံ ရှိသ်,မရှိသ်၌ရင်း။ နိန္ဒာ,ပသံသာယံ–ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်း၌ရင်း။ သုခံ,

နုဝတ္တ—ချမ်းသာခြင်း,ဆင်းရဲခြင်းနှင့်ဒုင်း။ ဘုတိ—ဤသို့၊ လောကဓမ္မ—လောကဓံတရား ရှစ်ပါး၌၊နာနာကရဏံ—ထူးသော အကြောင်းသည်၊ ပညာယတိ—ထင်၏။ ဤသို့လျှင် ကံကိုသာ ခွဲခြမ်း,ဝေဘန်၍၊ကံ ထူးသော့ကြောင့်၊ လောကဓံတရားရှစ်ပါး ထူးကြောင်းကို ဟောတော်မူသည်။ ။အဓိပ္ပါယ်ကား၊အသုတ်,အလတ်,အမြတ်အားဖြင့် ရသင့်ရာ ရှေးနည်းအတူ ယူရမည်၊

၁၀၉။ ။ကံ ထူးသော့ငှေ၊ လောကဓံတရားရှစ်ပါး ထူးကြောင်းကိုကား ဘုရား ဟောတော်မူ၍ သိရပြီ၊ ပိယ အားထုတ်ခြင်းကြောင့် အကျိုးစီးပွား များကြောင်းကိုကား၊ ဘုရား အဘယ်သို့ ဟောတော်မူသနည်း၊

နဟံ ဘိက္ခဝေ အညံ ဧကဓမ္မံပိ သမနုပဿာမိ၊ ဧဝံ
မဟတော အတ္ထာယ သံဝတ္တတိ။ ယထယိဒံ ဘိက္ခဝေ၊
ပိရိယာရမ္ဘော ဘိက္ခဝေ မဟတော အတ္ထာယ သံဝတ္တတိ၊

ဤသို့ ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသော ပါဠိတော်ပါဠ်၏, အနက်သော်ကား၊—

ဘိက္ခဝေ—ရဟန်းတို့၊ အာရဒ္ဓသော ပိရိယာရမ္ဘော— ဤ လုံ့လအား ထုတ်ခြင်းသည်၊မဟတော—များစွာသောအားဖြင့်၊ အတ္ထာယ—အကျိုး စီးပွား ဖြစ်ခြင်း၌၊ သံဝတ္တတိယထာ—ဖြစ်လေသကဲ့သို့၊ ဧဝံတထာ—ထိုတတ္၊ ဘိက္ခဝေ—ရဟန်းတို့၊ အညံ—တပါးသော၊ ဧကဓမ္မံပိ—တခုသော သဘောမျှကိုလည်း၊အဟံ—ငါ ဘုရားသည်၊ နသမနုပဿာမိ—မမြင်၊ဘိက္ခဝေ—ရဟန်းတို့၊ပိရိယာရမ္ဘော—လုံ့လအားထုတ်ခြင်းသည်၊ မဟတော—များစွာသော အားဖြင့်၊အတ္ထာယ—အကျိုးစီးပွားဖြစ်ခြင်း၌၊ သံဝတ္တတိ—ဖြစ်၏၊ဤသို့လျှင် ပိရိယ,လုံ့လအားထုတ်ခြင်းငှေ၊ များစွာသော အကျိုးစီးပွား ဖြစ်ကြောင်းကို အားကြီးပင် ဟောတော်မူသည်၊ထို့ကြောင့်၊ကံနှင့် ပိရိယသည် အမျှပင် ယူရမည်၊ကံပင် ရှိသော်လည်း၊ပိရိယလုံ့လ ချို့က၊ထိုကံ၏ အကျိုးကို မခံစားရ၊ပိရိယ,ဥဿာဟ အားထုတ်မှပင် ထိုကံ၏ အကျိုးကို ခံစားရသည်၊ ။ဇောတိက သဌေး ကြီးသည် ပုဗ္ဗကမ္မအတိဗလဝ ရှေးက ပြုခဲ့ဘူးသော ကုသိုလ်ကံသည်

အလွန် အားကြီးလှသောင့်၊ ဝိရိယ,လုလ္လ,ဥဿဟ အားမထုတ်ပဲ ဝင် စည်မျက်နှာကဲ့သို့ ညီညွတ်သော တဆယ့်ခြောက်မင်းပယ်စာ လောက်သော မြေအရပ်တွင်၊ သုံးဆောင်ပေးကမ်း၍ မကုန်နိုင်သော ရတနာ၇နစ်ပါးအတိ ပြီးသော ဘုံနန်းပြဿဒ်, တံဘိုင်းရှနစ်ထပ်, ရွှေအိုး,ပဒေသာပင်တို့သည် မြေက အလိုလို ပေါက်လှာကုန်သည်။ထိုသို့ ပေါက်လှာခြင်းသ်ကား ဝိရိယ,လုလ္လ မပြုပဲပင်၊ ကုသိုလ်ကံ အားကြီးလှသောကြောင့် ပေါက်လှာသည် မှန်၏၊ထိုသို့ မှန်သော်လည်း ဇောတိက သခြေးကြီး ၏ ကုသိုလ်ကံကဲ့သို့ အတိဗလဝ ကုသိုလ်ကံ အလွန်အားကြီးမည့် သူသ်ကား၊သိန်း,သန်း,ကုဋေ,သင်္ချ,သင်္ချာမှသော်လည်း တယောက်မရှိ ဖြစ်သည်၊ အားနည်းသော ကုသိုလ်ကံ ရှိသောသူ၊ အလတ်သော ကုသိုလ်ကံ ရှိသော သူတို့သည်သာလျှင် အတိုင်းမသိ အလွန် များကုန်၏၊ထိုသို့ အတိုင်းမသိ အလွန် များကုန်သော အားနည်းကုန်သော ကုသိုလ်ကံ၊အလတ်သော ကုသိုလ်ကံ ရှိကုန်သော သူတို့သ်ကား၊ ဝိရိယ,လုလ္လ,ဥဿဟ အားထုတ်ခြင်းနှင့် ကင်း၍ မဖြစ်နိုင်၊ ဝိရိယ,လုလ္လ,ဥဿဟ အားထုတ်မှသာလျှင်၊ထိုကံ၏ အကျိုးသ် ပေးနိုင်လေသည်။ထို့ကြောင့်၊ဘုရားသခင်သည် ကံကို အားကြီး၍ ဟောတော်မူသော အရာ၌လည်း ဟောတော်မူသည်၊ဝိရိယကို အားကြီး၍ ဟောတော်မူသော အရာ၌လည်း ဟောတော်မူသည်၊ကံနှင့် ဝိရိယကို မျှ၍ ဟောတော်မူသော အရာ၌လည်း ဟောတော်မူသ်။ ထိုသို့ ဟောတော်မူရာတွင်၊ကံနှင့် ဝိရိယသည် မျှ၏ပင် ယူရမည်။

ထိုသို့ ယူရာတွင်လည်း ကံသ်ကား၊မူလပစ္စည်း,အကြောင်းရင်း ဖြစ်သ်၊ဝိရိယသည်ကား၊မြဲစေတတ်၊ခိုင်စေတတ်၊ထောက်ပံ့ ပွားများစေတတ်သည် မှတ်ရမည်။

၈၁၀။ ၊ထိုမှတပါး ကံနှင့် ဝိရိယ,နှစ်ပါးအရော, သဘောတရားကို ဘုရား အဘယ်သို့ ဟောတော်မူသနည်း။

(၁)။ ဥပဓိသမ္ပန္နဗလူပတ္ထိ-နကမ္မဗလူပတ္ထိ၊
(၂)။ နဥပဓိသမ္ပန္နဗလူပတ္ထိ-ကမ္မဗလူပတ္ထိ၊

(၃)။ ဥပဋ္ဌာနပလ္လပဇိဗိစေဝ–ကမ္မဖလူပဇီဝိစ၊

(၄)။ နေဝဥပဋ္ဌာနဖလူပဇီဝိ–နကမ္မဖလူပဇီဝိစ၊

ဤသို့ ဟောတော်မူသည်။ထိုသို့ ဟောတော်မူသော ပါဠိတော်၌ အဓိပ္ပါယ် သော်ကား၊–

(၁)၊ ဝိရိယ အကျိုးကိုသာ မှီ၍ အသက်မွေးဖို့။ကုသိုလ်ကံ၏ အကျိုး ကို မှီ၍ အသက်မမွေးသော ပုဂ္ဂိုလ်။

(၂)၊ ဝိရိယ အကျိုးကို မှီ၍ အသက်မမွေး၊ ကုသိုလ်ကံဖို့ အကျိုး ကိုသာ မှီ၍ အသက်မွေးသော ပုဂ္ဂိုလ်၊

(၃)၊ ဝိရိယ အကျိုးကို မှီ၍ရင်း၊ ကုသိုလ်ကံဖို့ အကျိုးကို မှီ၍ ရင်း၊ နှစ်ပါးသော အကျိုးကိုပင် မှီ၍ အသက်မွေးသော ပုဂ္ဂိုလ်၊

(၄)၊ ဝိရိယ အကျိုးကို မှီ၍ရင်း၊ ကုသိုလ်ကံ၏ အကျိုးကို မှီ၍ရင်း၊ နှစ်ပါးသော အကျိုးကိုပင် မှီ၍ အသက်မမွေးသော ပုဂ္ဂိုလ်။

ဤသို့လျှင် ဘုရားသခင်သည် ကုသိုလ်ကံနှင့် ဝိရိယကို ရော၍၊ပုဂ္ဂိုလ် လေးပါးအပြားကို ဟောတော်မူသည်၊

ထိုသို့ ဟောတော်မူရာဝယ် လူ့ပြည်၌ လူတို့သည်ကား၊ကံနှင့် ဝိရိယ နှစ်ပါးကိုပင် မှီ၍ အသက်မွေးကြကုန်သည်၊ ထိုသို့ မွေးကြရာတွင်၊ပင် ပန်း ကြိုးကြိုးစွာ လုပ်ဆောင်ရသော ဆင်းရဲသားတို့မှာမူကား၊ ဝိရိယကို အားကြီးစွာ မှီ၍ အသက်မွေးသည် မှတ်ရမည်၊ သဌေး,သူကြွယ်,မင်း, မိဖုရားတို့မှာသော်တမူကား၊ကုသိုလ်ကံကို အားကြီးစွာ မှီ၍ အသက် မွေးသည် မှတ်ရမည်၊ အထီးကျန်ကပ္ပနာ မစွမ်းမမာ,သူဖုန်းစားတို့မှာ ကား၊ကုသိုလ်ကံ၏ အကျိုးကို အမှီ မရ၊ဝိရိယဖြင့်သာ ယောဘူယျအား ဖြင့် အသက်မွေးသသူ ဟူ၍ မှတ်ရမည်၊ နတ်ပြည်ခြောက်ထပ် နတ်ရပ် သားတို့မှာကား ကုသိုလ်ကံ အကျိုးကိုသာ မှီ၍ အသက်မွေးကြ ကုန်သည်၊ထိုသို့ အသက်မွေးကြရာတွင်မူကား၊ စတုမဟာရာဇ်,တာ ဝတိံသာသည် ရံခါ အသူရာနှင့် စစ်ဖြစ်ကြသောကြောင့်၊အတန်အရာ, ရံခါ ဝိရိယကို မှီသည် မှတ်ရမည်၊ ငရဲသူ,သတ္တဝါတို့မှာသော်ကား၊ ကုသိုလ်ကံ,ဝိရိယ၂ပါးလုံးကိုပင် အမှီ မရ၊ကြီးစွာသော ဆင်းရဲ,ဒုက္ခ, ဝေဒနာကိုသာ ခံရလေတော့သည် မှတ်ရမည်၊ အကုသိုလ်ကံဖို့ အကျိုး

မှာသော်လည်း၊ ယထာရဟ ဖြစ်သင့်သည်အား ထျော်စွာ ဆီရာ,ဆိုင်ရာ ပညာဖြင့် ဆင်ခြင်၍ ယူရမည်၊

၅သိကား၊ ကံ,ဝိရိယ နှစ်ပါးကို အကျဉ်း သိသာရုံမျှသာ ခွဲခြမ်း စိတ်ဖြာ ဝေဘန်သည်၊ အကျယ်ကို သိလိုသော သူတို့သည်ကား၊ အင်္ဂုတ္တိုရ်, စတုက္ကနိပါတ်, ပါဠိတော်နှင့်ရင်း၊ ထို ပါဠိ၏ အဋ္ဌကထာနှင့်ရင်း၊ ကြည့်၍ သိအပ်၏၊

အယုတ်,အလတ်,အမြတ်အားဖြင့် အထူးထူး,အထွေထွေ ဖြစ်လေ ခြင်းသည်ကား၊ ကံကြောင့်သာ ဖြစ်လေသည်ဟု ကံကိုသာ အလုံး,အခဲ အမြဲ ယူကုန်သော သူတို့အား မသင့်,မလျောက်ပတ်၊ မှားသော အယူ ရှိသည်သာ ဖြစ်၍၊ ဘုရားသခင် ဟောတော်မူသော တရားတော်ကိုပင် ပယ်သည် မည်လေတော့သည်၊ ဘုရားသခင်သည် ကံ၏ အကျိုးကို လည်း အထင်အရှား အများပင် ဟောတော်မူ၍၊ ထို ဝိရိယ အကျိုးကို လည်း အထင်အရှား အများပင် ဟောတော်မူ၏၊ ထိုသို့ ဟောတော်မူ သောကြောင့်၊ ကံ၏ အကျိုးလည်း ရှိ၏၊ ဝိရိယ အကျိုးလည်း ရှိ၏ဟု၊ အသိပညာ, မဟာကုသလ, ဉာဏသမ္ပယုတ်, စေတနာပွါးများ ပြန့်ပွါး လျက်၊ ကံ,ဝိရိယနှစ်ပါးလုံးကြောင့်ပင် ယထာရဟ ဖြစ်သင့်သည်အား လျော်စွာ ဖြစ်သည်ဟု ဧကန်မုချ မခွဲသော နှစ်လုံးဖြင့် အသင့်,အတင့် မှတ်ယူ၍ သံသရာ,ဝဋ်ဆင်းရဲ,ဝဲဩဃ,ရေအယဉ်မှ ထွက်မြောက် ရာ,ထွက်မြောက်ကြောင်း ဖြစ်သော အရဟတ္တ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုစေခြင်းအကျိုး၌၊ ဒါန,သီလ,ဘာဝနာ,အစ ရှိသော ကုသိုလ်ကောင်း မှုတို့ကို ဝိရိယ,လုလ္လ,ဉဿာဟ အားထုတ်၍၊ အရဟတ္တ,မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် ပြုရလိုသောဟု ဆုတောင်း,ပဏ္ဍနာ ပြုကုန်ရာသည်၊

ပညာကထနကျမ်း၊ သဏ္ဍမတွဲး ပြီး၏၊

## ကျမ်းပြီး နိဂုံးနှင့် ဆုတောင်း။

၁။ ဟိန္နုမဏ္ဍိမုက္ကဋ္ဌာနံ၊ သဗ္ဗေသံ ဟိတမဗ္ဘာယ၊
နာနာသတ္တသမုဋ္ဌိတံ၊ မဟာကုသလညာဏေန။

၂။ ပုဗ္ဗသကဏ္ဍေန သဟ၊ ပညာကထနဂန္ထံ၊
သဏ္ဍမံ ကဏ္ဍံ နိဋ္ဌိတံ၊ ဩဘာသရန္တနာမယေနာဟံ၊

ဩဘာသရန္တနာမယေန—ဩဘာသရန္တ,အမည် ရှိသော၊ အဟံ—ငါသည်၊ မဟာကုသလညာဏေန— မဟာကုသလဉာဏသမ္ပယုတ် စေတနာ့ပါဒ်ဖြင့်၊ ဟိန္နုမဏ္ဍိမုက္ကဋ္ဌာနံ—အယုတ်,အလတ်,အမြတ် ဖြစ်ကုန်သော၊ သဗ္ဗေသံ—ခပ်သိမ်းကုန်သော သူတို့အား၊ ဟိတမဗ္ဘာယ—အစီး အပွား များစေခြင်း အကျိုးငှါ၊ နာနာသတ္တသမုဋ္ဌိတံ—အထူးထူးသော ကျမ်းဂန်တို့မှ ထုတ်နုတ်, စီရင်အပ်သော၊ ပုဗ္ဗသကဏ္ဍေန—ရှေ့ခြောက်ပိုင်းနှင့်၊ သဟ—တကွ၊ သဏ္ဍမကဏ္ဍံ—ခုနစ်ပိုင်းမြောက်သော၊ ပညာကထနဂန္ထံ—ပညာကထန အမည်ရှိသော ကျမ်းသည်၊ နိဋ္ဌိတံဇာတံ—ပြီးပြည့်စုံပြီ ဟူ၍၊ ဝေဒိတဗ္ဗံ—သိအပ်၏။

ဇာမိနာ ပုညကမ္မေန၊ ပညာဓိကံ ဘဝါမဟံ၊
ဗုဒ္ဓတ္တံ ပါရမိတိံသ၊ ပူရေတွာန အနာဂတေ၊

အဟံ—ငါသို၊ ဇာမိနာပုညကမ္မေန—ဤ ပညာကထနကျမ်းကို ထုတ်နုတ် စီရင်ရသော ကောင်းမှုကြောင့်၊ အနာဂတေ—နောင်သော အခါ၌၊ ပါရမိတိံသ-အမျှသုံးဆယ်သော ပါရမီတို့ကို၊ ပူရေတွာန-ပြည့်စုံစေ ဦး၍၊ ပညာဓိကံ—ပညာဖြင့် လွန်မြတ်သော၊ ဗုဒ္ဓတ္တံ—ဘုရား အဖြစ်သို့၊ ဘဝါမိ—ဖြစ်ပါလို၏။

ဗုဒ္ဓတ္တံ ပါပုဏိတွာန၊ တိဘဝေ ဇနတံ ဗဟုံ၊
ဓမ္မနာဝါယ တာရေမိ၊ ဩဃံ သေတွာန သုခံ ပဒံ၊

အဟံ—ငါသည်၊ ဗုဒ္ဓတ္တံ—ဘုရားအဖြစ်သို့၊ ပါပုဏိတွာန—ရောက်ပြီး၍၊ တိဘဝေ—သုံးပါးသော ဘဝ၌၊ ဗဟုံ— များစွာကုန်သော၊ ဇနတံ—လူ အပေါင်းကို၊ ဓမ္မနာဝါယ—မဂ္ဂင်ရှစ်ပါး တရားတည်းဟူသော ဘဝော်

လှေကြီးဖြင့်၊ ဩဃံ-ဘံသရာတည်း မှူသော အယဉ်ကို၊ သေတွာန-ဖြတ်ပြီး၍၊ သုခံ-ချမ်းသာစွာသော၊ ပဒံ-အမြိုက်နိဗ္ဗာန်သို့၊ တာရေမိ-ကယ်တင်ရလို၏။

ပုညေနာနေန ပပ္ပေါမိ၊ ဇိနတ္တံ ယာဝတာဝယံ၊
ဥပ္ပဇ္ဇေယျံ ကုလေ သုဒ္ဓေ၊ သဒ္ဓေ အဍ္ဍေ မဟဒ္ဓနေ။

အဟံ-ငါသည်၊ အနေန-ဤသို့ သဘော ရှိသော၊ ပုညေန-ပညာကထနကျမ်းကို ထုတ်နုတ်စီရင်ရသော ကောင်းမှုကြောင့်၊ ယာဝ-အကြင်မျှလောက်၊ ဇိနတ္တံ-ဘုရားအဖြစ်သို့၊ နပပ္ပေါမိ-မရောက်သေး၊ တာဝ-ထိုမျှလောက်၊ သုဒ္ဓေ-စင်ကြယ်သော၊ သဒ္ဓေ-ရတနာသုံးပါး၌ ကြည်ညိုခြင်း သဒ္ဓါနှင့် ပြည့်စုံသော၊ အဍ္ဍေ-ကြွယ်ဝသော၊ မဟဒ္ဓနေ-ဥစ္စာများသော၊ ကုလေ-အမျိုး၌၊ ဥပ္ပဇ္ဇေယျံ-ဖြစ်ပါလိုကုန်၏။

ကဝိတာဂမကောဝါဒေါ၊ ဝါဒေါ ပရဝါဒမဒ္ဒနော၊
ဧကေသုတိဓရောနေက၊ သဟာဿာနုဗ္ဗိ ဂန္ထတော။

အဟံ-ငါသည်၊ ကဝိတ-ကဗျာဗန္ဓသီချင်း စသော ကျမ်းတို့ကို ပြုတတ်သည်ရင်း၊ အာဂမကောဝါဒေါစ-ပါဠိတော်နှင့် ညီသော အယူရှိခြင်းသည်ရင်း၊ ပရဝါဒမဒ္ဒနောစ-သူတပါးတို့၏ မှားသော အယူကို ပယ်နိုင်ခြင်းသိုရင်း၊ ဂန္ထတော-သဘောအားဖြင့်၊ နေကသဟာဿာနုဗ္ဗိ-တထောင်မကသော ပါဠိတော်ကိုလည်း၊ ဧကေသုတိဓရော-တကြိမ်ကြားကာမျှဖြင့် ဆောင်စွမ်းနိုင်သည်၊ ဥပ္ပဇ္ဇေယျံ-ဖြစ်ပါလိုကုန်၏။

ဂါထာသတသဟဿာပိ၊ သုတမတ္တေန ဓာရေယျံ၊
အတ္ထ,ဗျဉ္ဇနတောစာပိ၊ သဟာဿနယတောပိစ။

အဟံ-ငါသည်၊ ဂါထာသတသဟဿာပိ-ဂါထာတသိန်းကိုမျှလျှင်မူလည်း၊ အတ္ထတောစ-အနက်အားဖြင့်ရင်း၊ ဗျဉ္ဇနတောစာပိ-သဒ္ဒါအားဖြင့်ရင်း၊ သဟာဿနယတောပိစ-တထောင်သော နည်းအားဖြင့်ရင်း၊ သုတမတ္တေန-တကြိမ်ကြားကာမျှဖြင့်လျှင်၊ ဓာရေယျံ-ဆောင်စွမ်းနိုင်သည်၊ ဥပ္ပဇ္ဇေယျံ-ဖြစ်ပါလိုကုန်၏။

ဇဝန,တိက္ခ,ဂမ္ဘီရ၊ ပဗ္ဗောတ,ဟာသ,ပညဝါ၊
ပိဋကာနိစဗေဒါနိ၊ ဘဂ္ဂုဏော ခမ္မတော ဘဝေ။

အဟံ–ငါသို၊ ဇဝန,တိက္ခ,ဂမ္ဘီရ,ပဋ္ဌောတ,ဟာသ,ပညဝါ–လျင်သော ပညာ၊ ထက်သော ပညာ၊နက်နဲသော ပညာ၊ ထွန်းတောက်ပသော ပညာ၊ ရွှင်သော ပညာတို့နှင့် ပြည့်စုံသည် ဖြစ်၍၊ ပိဋကာနိစ–ပိဋကတ်သုံးပုံတို့ကိုရင်း၊ဗေဒါနိစ–ဗေဒင်လေးပုံတို့ကိုရင်း၊ ဓမ္မတော–သဘော အားဖြင့်၊ဘဂ္ဂုနော–လေ့လာသည်၊ဘဝေ–ဖြစ်ပါလို၏၊

ဝသာသီဟာသပက္ခိတ္တော၊ယထာ ကဥ္စန ပါတိယာ၊
သီလာလေခေဝ မေနိစ္စံ၊ သဗ္ဗံ သုတံ နနာသယေ။

အဟံ–ငါသည်၊ကဥ္စနပါတိယာ–ရွှေခွက်၌၊ပက္ခိတ္တော–ထည့်သော၊သီဟသ–ခြင်္သေ့၏၊ဝသာယထာ–ဆီကြည်ကဲ့သို့၊ သီလာလေခေဝ–ကျောက်၌ ရေးသော အက္ခရာကဲ့သို့၊နိစ္စံ–အမြဲလျှင်၊မေ–ငါ၏၊ သဗ္ဗံ–ခပ်သိမ်းသော၊သုတံ–အကြားအမြင်သည်၊နနာသယေ–မပျောက်မပျက်စေသတည်း၊

သာသနာတော် စည်ပင်ပျံ့ပွား များအံ့သော အကြောင်း၊ကောင်းသည်သာ ဖြစ်သော အမြိုက်ရွှေပြည်နိဗ္ဗာန်ကို အလိုရှိသော ခပ်သိမ်းသောသူ အပေါင်းတို့အား မှတ်သား, သိလွယ်စိမ့်သောငှါ အထူးထူးသော အနက်,အဓိပ္ပါယ်၊အသွယ်သွယ်သော နည်းနာနယတို့ဖြင့် တန်ဆာ ဆင်လျက်၊အစောင်စောင်သော ကျမ်းတို့မှ၊ကျုမြင့်ဘုရားကြီးအနောက်၊မြေတူးမြို့တောင်–ရွှေကျောင်းတိုက်အရပ်၌ သီတင်းသုံးနေသော ကပ္ပဲဘုန်းကြီး ထုတ်နှုတ်,စီရင်အပ်သော ရှေးခြောက်ပုင်းနှင့်တကွ ပညာကထနသဏ္ဌာမပိုင်းကား ပြီး၏၊

သက္ကရာဇ် ၁၂၃၉ ခု၊ ပြာသိုလ်ဆွန်း ၁၂ရက်နံနက် နေတက်,တချက် မတီးမီ၊ နှစ်နာရီ,တပါဒ်ခန့် အချိန်တွင် ပညာကထနသဏ္ဌာမပိုင်းကား ပြီးခြင်းသို့ ရောက်လေ၏၊

ပညာကထနကျမ်း၊ ပြီးပြီ၊

တဖက်မှာ ဖတ်ပါဦး၊

# အိမ်တိုင်း ရှိသင့်သော စာအုပ်များ။

၁။ အဘိဓမ္မာဝတ္ထု။ ဒ– ၈ပဲ။
အဘိဓမ္မာ ၇ကျမ်း၏ သဘောကို တကျမ်းလျှင် ဝတ္ထုသက်သေ
များနှင့် မိန်းမတို့ နားလည်အောင် ဖော်ပြသည်။

၂။ ဗျာသဝတ္ထုနှင့် မင်္ဂလာသာရဒီပနီ။ ၁၂ပဲ။
ဗျာသဝတ္ထုမှာ ဂိုးတိုက်ပုံအမျိုးမျိုးကို ပြသည်။ မင်္ဂလာသာရ
ဒီပနီမှာ မင်္ဂလာတရားသဘောကို ဝတ္ထုသက်သေနှင့်ပြသည်။

၃။ သင်္ခါရဘာဇနီ။ ၈ပဲ။
သင်္ခါရသဘောကို ဝတ္ထုသက်သေများနှင့် ပြသည်။

၄။ နန်းသုံးနိဗ္ဗာန်ကမ္မဋ္ဌာန်း။ ၈ပဲ။
သရစိမ်းမိဖုရား တောင်းပန်၍၊ပုဂံဝန်ထောက်,ဦးတင် ရေးသည်။
ကောင်းလှ၏။

၅။ မေတ္တာပုတီးစိတ်နည်း(အရှင်ဥတ္တမဗုဒ္ဓိ။) ဒ– ၈ပဲ။

၆။ မင်္ဂလသုတ်ပျို့ဋီကာ(အရှင်ဥတ္တမဗုဒ္ဓိ။) ၂–

၇။ မင်္ဂလာအလင်းကျမ်း ၁၀ပဲ။
မင်္ဂလသုတ်ကို ဖွင့်ပြပြီးနောက် အိမ်သူ,အိမ်သား,ကျန်းမာ,ချမ်း
သာခြင်း သစ္စာတိုင်နှင့်တကွ ပရိတ်ရွတ်ရန် အမှန်းပါ၊ ဦးဖိုးစိန်
ရေးသည်။

၈။ ဝေါဟာရတ္ထပကာသနီကျမ်း ပထမအုပ်,ဒုတိယအုပ်။ ဒ–၈ပဲစီ။

၉။ မြန်မာသဒ္ဒါနည်း,အနက်နည်းကျမ်း(ဦးဖိုးစိန်။) ဒ–၄ပဲ။

၁၀။ ရာမဥမျိုး–နန်းတွင်းရာမဇာတ်တော်ကြီးပထမအုပ် ဒ–၄ပဲ။
ထီးမှုနန်းရာနှင့် အစီအကုံးကို အတုယူဘို့ ကောင်း၏။

၁၁။ အိမ်နောင်နန်းတွင်းဇာတ်ပထမအုပ်။ ဒ–

ကလေးဖတ်ဘို့။

၁၂။ မလှဘင်ဝတ္ထု(ဦးဖိုးစိန်ရေး။) ၃ပဲ။

၁၃။ ဖြစ်သမျှအကြောင်း အကောင်းချည်း။ ၃ပဲ။

၁၄။ ကျေးဖုးရှင်ဝတ္ထု။ ၂ပြား။